NYI SAY
MYANMAR EBOOK CREATOR

သခင်သန်းထွန်း၏
နောက်ဆုံးနေ့များ

ဒုတိယတွဲ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မြရာပင်စာပေ စာစဉ်-၂

သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ

ဒုတိယတွဲ

ပြုစုသူများ -

၁။ ရဲဘော်မြ
၂။ ရဲဘော်ဘခက်
၃။ ဗိုလ်ပင်းဒင်
၄။ ရဲဘော်စောလှ
၅။ ဗိုလ်တင်ရှိန်

မြရာပင်စာပေ

[၄ ရက်၊ စက်တင်ဘာလ၊ ၁၉၆၉]



သခင်သန်းထွန်း

(၁၉၁၁-၁၉၆၈)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပထမအကြိမ် ပုံနှိပ်ခြင်း
အုပ်ရေ (၂၀၀၀၀)
၁၉၆၉-ခု၊ စက်တင်ဘာလ (၂၄) ရက်

✲

ထုတ်ဝေသူ
ဦးပေါဦး
ထုတ်ဝေသူ ယာယီမှတ်ပုံတင်အမှတ် (၀၁၂၀၃)
မြရာပင် စာပေတိုက်
အမှတ်-၂၄၈၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၁၇၅၉၉

✲

ပုံနှိပ်သူ
ဦးအုန်းစိန်
ပုံနှိပ်သူ မှတ်ပုံတင်အမှတ် (၀၇၀၀)
အောင်မိတ်ဆက်စာပုံနှိပ်တိုက်
အမှတ်-၅၀၊ ဗိုလ်ချုပ်လမ်း
ရန်ကုန်မြို့။

✲

နိုင်ငံရေးဆိုင်ရာစာပေ ခွင့်ပြုချက်အမှတ် (၄၃၁)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စာရေးသူများ
၏
ပန်ကြားချက်

၁။ **သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ-စာအုပ်နှင့်ပတ်သက်၍ အကြံပေး ချက်များ ဝေဖန်ချက်များကို ရရှိခဲ့ပါသည်။**

ကျွန်တော်တို့သည် ယင်းအကြံပေးချက်များ၊ ဝေဖန်ချက်များကို အနူးအညွတ်ခံယူ၍ အစွမ်းကုန် ကြိုးစား စွမ်းဆောင်ခဲ့ကြပါသည်။

သို့သော်လည်း ကျွန်တော်တို့၏အားနည်းချတ်ယွင်းမှုများ၊ အထူးသဖြင့် အရေးအသား၌ မချောမွေ့မှု၊မပြေပြစ်မှုများသည်လည်းအမြောက် အများ ပါရှိဦးမည်မှာ မုချပင်ဖြစ်ပါသည်။

၂။ ကျွန်တော်တို့သည် စာရေးကောင်း၍ စာရေးကြခြင်းမဟုတ်ပါ။ ကျွန်တော်တို့သည် ကျွန်တော်တို့၏ဘဝအတွေ့အကြုံများမှ ပြည်ထောင်စုအကျိုးနှင့် ပြည်သူလူထုအကျိုးတို့ကိုဦးထိပ်ထားလျက်၊ ကျွန်တော်တို့ အနေနှင့်တတ်အားသမျှကိုကြိုးစား၍ တင်ပြထားခြင်းသာဖြစ်ပါသည်။

သို့ပါ၍“သခင်သန်းထွန်း၏နောက်ဆုံးနေ့များ”၏ “ဒုတိယတွဲ”တွင်လည်း အရေးအသား၌လည်းကောင်း၊ အခြားသော အရာများ၌လည်းကောင်း၊ ချတ်ယွင်းမှုများ၊မပြေပြစ်မှုများကို တွေ့ရှိပါက ဆက်လက်၍ ခွင့်လွှတ်ကြပါရန် အနူးအညွတ်ပင် ထပ်မံ၍ ပန်ကြားအပ်ပါသည်။

၃ အထူးသဖြင့်“သခင်သန်းထွန်း၏နောက်ဆုံးနေ့များ” စာအုပ်၏“ ပထမတွဲ”နှင့် “ဒုတိယတွဲ”ကိုပြုစုရာ၌ အဖက်ဖက်မှ ဝိုင်းဝန်း၍ အကူအညီပေးကြသော ပုဂ္ဂိုလ်အားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်းကို အလေးအနက် ဖော်ပြအပ်ပါသည်။

စာရေးသူများ။

ရက်စွဲ။ ၁၉၆၉-ခု၊ စက်တင်ဘာလ (၁၉) ရက်။
၁၃၃၁-ခု၊ တော်သလင်းလဆန်း (၈) ရက်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမှာ

၁၉၆၁-ခု၊ စက်တင်ဘာလ (၂၄)ရက် နေ့၊ ညနေ(၅)နာရီ မိနစ်(၂၀) အချိန်၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ် အနောက်ခြမ်း၊ မြရာပင် ကျေးရွာ၏ အရှေ့ဖက်စောင်း၊ ကျောက်ချောင်းကမ်းပါးရှိ တောင်ကျေးကလေးပေါ်တွင် ကြုံတိုက်၊ (ခ)လုံတိုက် (ခ) ရဲဘော်မြကြီးက ရိုင်ဖယ်သေနတ်ဖြင့် အနီးကပ် ပစ်ခတ် လုပ်ကြံခြင်းကိုခံရသဖြင့် သခင်သန်းထွန်းမှာ ပွဲချင်းပြီး ကျဆုံးခဲ့ရပေသည်။

ထို့အတူ ဗမာပြည် ကွန်မြူနစ်ပါတီသည်လည်း အတောမသတ် ကျဆုံးပျက်စီးနေပေသည်။

အဖြစ်အပျက် များကား ဆန်းကျယ် လွန်းသည်။ မြန်ဆန် လွန်းလှသည်။ အချို့သော ပုဂ္ဂိုလ်များက မယုံကြည် နိုင်လောက်အောင်ပင် ဆန်းကျယ်မြန်ဆန်လှသည်။ ထို့ကြောင့်ပင် "ဟုတ်မှ ဟုတ်ကြရဲ့လား-ဘာ့ကြောင့် ဒီလိုဖြစ်ရတာလဲ"စသည်ဖြင့် အမေးပုစ္ဆာများ တသီတတန်းကြီး ထွက်ပေါ်လာခဲ့သည်။

ယင်း အမေးပုစ္ဆာများကို ဖြေကြားရန် ကျွန်တော်တို့တွင် တာဝန်ကျရောက်လာပြီဟု ယူဆသည်။ ထို့ကြောင့်ပင် "**သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ**" အမည်ဖြင့် စာအုပ်ကိုရေးသား ပြုစုပြီး ပြည်သူလူထုထံသို့ တင်ပြခဲ့ကြပါသည်။

"**သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ**" စာအုပ်ကို တတွဲတည်း တအုပ်တည်းဖြင့် ရေးသား တင်ပြလျှင် မပြည့်စုံ မလုံလောက်နိုင်။ ထို့ကြောင့် အတွဲနှစ်တွဲခွဲ၍ ထုတ်ဝေရန်စီစဉ်ခဲ့ရသည်။ ပထမတွဲကို၁၉၆၉-ခုနှစ်၊မေလ (၁)ရက်နေ့က စတင်၍ တိုင်းပြည်သို့တင်ပြခဲ့ပါသည်။

ယင်းပထမတွဲတွင် ၁၉၆၃-ခုနှစ် ပြည်တွင်းငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲကာလမှ အစပြုပြီး ဗိုလ်ရန်အောင်အား ဖြုတ်-ထုတ်-သတ် ပစ်သည့် အဖြစ်အပျက်များအထိ အခဏ်းကဏ္ဍ (၁၁) ခဏ်းခွဲ၍တင်ပြခဲ့သည်။

ပထမဆုံး အခဏ်းတွင် ၁၉၆၃-ခုနှစ် ငြိမ်းချမ်းရေး စေ့စပ် ဆွေးနွေးပွဲကာလက ဖြစ်ရပ်များကို တင်ပြခဲ့သည်။ ၁၉၆၃-ခုနှစ်၊ဇွန်လ (၁၁) ရက်နေ့၊

တော်လှန်ရေးကောင်စီ အစိုးရက ငြိမ်းချမ်းရေး ကမ်းလှမ်းပုံ၊ ငြိမ်းချမ်းချင်ပါသည်ဆိုသော သခင်သန်းထွန်းတို့၊ တကယ် ငြိမ်းချမ်းရန် ဖြစ်လာသော အခါ "နဂါးကို ချစ်လှပါသည်ဆိုသောတရုပ်ဘုရင်ကြီး တကယ့်နဂါးနှင့် ကြုံတွေ့ရသောအခါတွင် နဂါးကိုမချစ်ဝန့်သလိုဖြစ်ရပုံ၊ အဝေးရောက် ကွန်မြူနစ်များ၏ အခြေအနေနှင့် ယင်းရဲဘော်အချို့ပြည်တော်ပြန်ရောက်လာကြပုံနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားမှု အခြေအနေများကို" တင်ပြခဲ့သည်။

အခန်း(၂)တွင်၁၉၆၄-ခုနှစ်ဗဟိုကော်မီတီနိုင်ငံရေးလမ်းစဉ်မည်သို့ဖြစ်ပေါ်လာပုံတင်ပြထားသည်။ယင်းအခန်းတွင်ငြိမ်းချမ်းရေးစေ့စပ်ပွဲပျက်ပြားရခြင်းအပေါ် ပီကင်းက မည်သို့ သဘော ထားပုံ။ ယင်း ဗဟို ကော်မီတီ အစည်းအဝေးကိုပီကင်းကမည်သို့ညွှန်ကြားအကြံပေးပုံ အချက်အလက်စုံများကိုဖော်ပြပြီး၊၆၄-ခုနှစ်၊ဗဟိုကော်မီတီအစည်းအဝေးကိုတင်ပြထားသည်။ထို့ပြင် ၁၉၆၄ ခုနှစ်၊ဗဟိုကော်မီတီ နိုင်ငံရေးလမ်းစဉ်၏အဓိပ္ပါယ်မှန်ကို ၆၄-လမ်းစဉ်ပါအတိုင်း ရှင်းလင်းတင်ပြထားသည်။

အခန်း(၃)တွင် ဗဟိုကော်မီတီတွင်း တာဝန်ခွဲဝေပုံနှင့် ပီကင်းပြန်များက အချက်အခြာကျသော ဌာနများ၊ ဒေသများကို ခွဲဝေယူပြီး အုပ်စီးထားပုံတို့ကို ရှင်းလင်းဖော်ပြခဲ့သည်။

အခန်း(၄)တွင် ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းကိုဖွင့်ပြီးပီကင်းပြန်များနှင့်သခင်သန်းထွန်းတို့က ပါတီတွင်းမှ အချက်အခြာကျသော ကေဒါများကို မည်သို့အတွေးအခေါ် ပုံသစ် သွန်းလောင်းပုံတို့ကို တင်ပြထားသည်။

အခန်း(၅)တွင်အတွေးအခေါ် အရ ပုံသစ် သွန်းလောင်းမှုကို ၎င်းတို့ အလိုကျ ပြုလုပ်ပြီးသည်နှင့် ပီကင်းပြန်များနှင့် သခင်သန်းထွန်းတို့က မည်သို့ (နိုင်ငံရေးအရ၊ စတင်အာဏာသိမ်းလိုက်ပုံ)ကိုတင်ပြခဲ့ပါသည်။

အခန်း(၆)တွင်၁၉၆၅-ခုနှစ်အတွင်းပီကင်းပြန်များနှင့် သခင်သန်းထွန်းတို့က နိုင်ငံရေးအရအာဏာသိမ်းပြီးသည်နှင့် ပဲခူးရိုးမတိုင်းကို သူတို့ကိုယ်တိုင် တိုက်ရိုက်ချုပ်ကိုင်ပြီးမည်သို့အပိုင်စီးလိုက်ပုံတို့ကို ဖော်ပြခဲ့သည်။

အခန်း(၇)တွင်ပါတီဝင်ထု၊ တော်လှန်ရေးတပ်သားထုတို့ကို အပိုင်စီးရာတွင် ပီကင်းပြန်တို့ရှေးဦးစွာ အလေးထားစည်းရုံးသည့်လှုပ်ရှားမှုမှာ "ဘဝဟစ်တိုင်လှုပ်ရှားမှု"ပင်ဖြစ်သည်။ ဘဝဟစ်တိုင်လှုပ်ရှားမှုမှာ မြန်မာပြည်သူများအဖို့မူ အသစ်အဆန်းပင်ဖြစ်သည်။ ယင်းလှုပ်ရှားမှု၏ ပေါ်လစီများ၊ လုပ်ပုံ

လုပ်နည်းများကို ပြည်သူလူထုကို အရင်းအတိုင်း သိရှိနိုင်ရန် တင်ဆက်ခဲ့ပါသည်။

အခန်း(၈)တွင်ပီကင်းပြန်များနှင့် သခင်သန်းထွန်းတို့ဆင်နွှဲသည့် မြန်မာ့မဟာယဉ်ကျေးမှုတော်လှန်ရေး (ပါတီတွင်းအာဏာသိမ်းပွဲ)တွင် ယင်းတို့အခြေခံသည့် အဓိကအင်အားမှာ အားသစ်လူငယ်ကလေးများသာ ဖြစ်သည်။ ယင်းကို "ကျောရိုးတပ်နီလူငယ်" ဟူ၍ ခေါ်ဝေါ်ကြသည်။ ကျောရိုး တပ်နီလူငယ်တို့၏ အခန်းသည် အဓိကဇာတ်ကောင်ဖြစ်သည်။ ယင်းကျောရိုးတပ်နီလူငယ်များကို မည်သို့မွေးမြူပုံ၊ လေ့ကျင့်ပုံတို့ကို ဖော်ထုတ်တင်ပြခဲ့သည်။

အခန်း(၉)တွင်မူ အရေးပါသော ဒုတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်း၏ အခြေအနေကို တင်ပြထားသည်။ ယင်း ဒုတိယပတ် ကျောင်းမှာ ပထမပတ် ကျောင်းကဲ့သို့ သာမန်နိုင်ငံရေးကျောင်းရိုးရိုးအဖြစ်သာမကပဲ၊ ပါတီကွန်ဂရက်တမျှ အခွင့်အာဏာကို သိမ်းယူကျင့်သုံးသည့် အာဏာသိမ်းသော ကျောင်းဖြစ်ပုံကို အကျယ်တဝင့် ဖော်ပြခဲ့ပါသည်။

အခန်း (၁၀)၏ ခေါင်းစဉ်မှာ "ပါတီတွင်းလုပ်ကြံမှုကြီး"ဟူ၍ ဖြစ်သည်။ ယင်းအခန်းတွင် ၁၉၆၇-ခု ဧပြီလ(၂၇) ရက်အာဏာသိမ်းမှုနှင့် ရဲဘော်ဌေး၊ ရဲဘော်ဘတင်၊ရဲဘော်ဘခက်တို့အား ဖမ်းဆီးညှဉ်းဆဲနှိပ်စက်ပုံ။ ရဲဘော်ဘခက်ထွက်ပြေးလွတ်မြောက်ပြီးနောက် ရဲဘော်ဌေး၊ ရဲဘော်ဘတင်တို့အား လူမဆန်စွာ ရက်ရက်စက်စက်ညှဉ်းပန်းသတ်ဖြတ်ပစ်ပုံတို့ကို အသေးစိတ် တင်ပြခဲ့သည်။

နောက်ဆုံးအခန်းဖြစ်သည့် အခန်း(၁၁)တွင် ဖြုတ်-ထုတ်-သတ်မဟာစီမံကိန်းအရဦးပိုင်(ခ)ဗိုလ်ရန်အောင်၊ဦးလှ(ခ)ဒေါက်တာနတ်၊ ဦးတင်ဦး(ခ) ရဲဘော်မြတို့ကို ပီကင်းပြန်များနှင့် သခင်သန်းထွန်းတို့ အုပ်စုက လူထုဝေဖန်ရေးတိုက်ပွဲဆင်ပုံ။ ထို့နောက်ဗိုလ်ရန်အောင်(ဦးပိုင်)အား မတရားလုပ်ကြံစွဲချက်တင်တိုက်ပွဲဆင်ပြီး အရက်စက်ဆုံးနည်းများဖြင့် မသေမချင်း ရိုက်နှက်သတ်ဖြတ်ပစ်ပုံတို့ကို တင်ပြခဲ့သည်။

ယခုဆက်လက်ထုတ်ဝေလိုက်သော "သခင်သန်းထွန်း၏နောက်ဆုံးနေ့များ" "ဒုတိယတွဲ"တွင်မူ ဗဟိုကော်မီတီတွင်း အခြေအနေများ၊ ပီကင်းပြန်များနှင့် သခင်သန်းထွန်းတို့အုပ်စု၏ စစ်ရေးပေါ်လစီ၊ ကျေးလက် လူတန်းစား လမ်းစဉ်များနှင့်ယင်းလမ်းစဉ် သဘောထားများအရ လုပ်ဆောင် ကျင့်သုံးမှု များကို နောက်ဆုံးသခင်သန်းထွန်း လုပ်ကြံခံရပြီးသခင်သန်းထွန်း၏အလောင်းကိုမြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်အထိ အခန်းပေါင်း (၁၂) ခန်းခွဲ၍ အတတ်နိုင်ဆုံး အကျဉ်းချုံးတင်ပြထားပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ပထမတွဲ"တွင်မူ"သခင်သန်းထွန်း၏ နောက်ဆုံးနေ့"အထိ ဖော်ပြ၍အဆုံး မသတ်နိုင်ခဲ့။ စာအုပ်အနေနှင့်ထူလွန်းနေမည်ဖြစ်သဖြင့် ဗိုလ်ရန်အောင်၏နောက်ဆုံးနေ့နှင့်သာလျှင် "ပထမတွဲ"အဖြစ်အဆုံးသတ်ခဲ့ရပါသည်။ ယခု"ဒုတိယတွဲ" တွင်သာ၊ "သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ" အဖြစ်အပျက်တို့ဖြင့် နိဂုံးချုပ်တင်ပြနိုင်သဖြင့် သခင်သန်းထွန်းမည်သို့ကျဆုံးပုံကို အလေးထားမျှော်လင့်နေကြသော စာဖတ်ပရိသတ်အဖို့မူ ပဏာမဆန္ဒ ပြည့်ဝနိုင်ပေလိမ့်မည်ဟု ယူဆပါသည်။

စာရေးသူများ၏အဓိကရည်ရွယ်ချက်မှာ "သမိုင်းကို အမှန်အတိုင်း ပြည်သူလူထုကသိရှိပြီးအဆုံး အဖြတ်ပေးနိုင်ရန်အတွက်သာဖြစ်ပါသည်"ဟု ပထမတွဲ၏ အမှာတွင် ဖော်ပြခဲ့ပါသည်။

ယခု ဒုတိယတွဲကို ပြုစုထုတ်ဝေရာတွင်လည်း စာရေးသူများ၏ အဓိက ရည်ရွယ်ချက်မှာ မူလအတိုင်းပင် မယိုင်မလဲခိုင်ခိုင်မြဲမြဲပင် ဖြစ်ပါသည်။

ယင်းရည်ရွယ်ချက်အတိုင်း နောက်ပိုင်းကာလအဖြစ်အပျက် အချက်အလက်များကိုပင် ဖြစ်ရပ်အမှန်အတိုင်း (မူရင်းအတိုင်း) အစီအစဉ်ဘကျတတ်နိုင်သမျှ ပြုစုပြီး ဆက်လက် တင်ပြလိုက်ခြင်းပင်ဖြစ်ပါသည်။

သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ ဒုတိယတွဲသည် ပထမတွဲနည်းတူပင် စာဖတ်ပရိသတ်လုပ်သားပြည်သူအများဆန္ဒနှင့် အာသီသကို ဖြည့်စွမ်းနိုင်လိမ့်မည်ဟုမျှော်လင့်ပါသည်။

မောင်မြ

ရက်စွဲ။ ၁၉၆၉-ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်။
၁၃၃၁-ခုနှစ်၊ တော်သလင်းလဆန်း (၈) ရက်။

မာတိကာ

— စာရေးသူများ၏ ပန်ကြားချက် ... င
— ရဲဘော်မြ၏ အမှာ ... ဆ

၁၂

ဗဟိုကော်မီတီတွင်းအခြေအနေ

(၁) အဝေးရောက်ဗဟိုကော်မီတီ ၆၅၅
(၂) ပြည်တွင်းဗဟိုကော်မီတီ ၆၀၆
(၃) နိုင်ငံရေးဦးဆောင်အဖွဲ့နှင့် ဗဟိုကော်မီတီပဋိပက္ခ ၇၆၂
(၄) ဗဟိုကော်မီတီဉက္ကဋ္ဌကြီး ၇၇၃

× × ×

၁၃

ထိုးစစ်ကို ထို စစ်ဖြင့်ချေမှုန်းရမည်

(၁) မဟာမော်စီတုံး၏ စစ်ရေးအတွေးအခေါ် ၈၁၅
(၂) ရဲသုံးရဲစိတ်ဓာတ် ၈၇၀

× × ×

၁၄

ပြည်ခရိုင် အာဏာနိတည်ဆောက်ရေး

(၁) အာဏာနိတည်ဆောက်ရေးလမ်းညွှန် ၈၇၇
(၂) ကျေးလက်လူတန်းစားလမ်းစဉ် ၈၈၁
(၃) ပေါက်ခေါင်းလမ်းကြောင်း ၈၈၈
(၄) ပေါက်ခေါင်းလမ်းကြောင်းအဆက် ၉၂၂

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၅

ဗဟိုဆေးကျောင်း

(၁) ဗဟိုဆေးကျောင်း၏ ရည်ရွယ်ချက် ၉၃၅
(၂) ဗဟိုဆေးကျောင်း၏ လမ်းညွှန် ၉၆၇

× × ×

၁၆

တတိယပတ်ဗဟိုမဒ္ဒက်စ်လီနင်ဝါဒကျောင်း

(၁) ဗဟိုမဒ္ဒက်စ်လီနင်ဝါဒကျောင်းသားများ ၉၀၃
(၂) တော်လှန်သော တတိယပတ်
ဗဟိုမဒ္ဒက်စ်လီနင်ဝါဒကျောင်း ၉၀၉

× × ×

၁၇

တိုက်တိုင်းအောင် (၁)

(၁) တိုက်တိုင်းအောင်တပ် ၁၀၀၃
(၂) တိုက်တိုင်းအောင်၏ တိုက်တိုင်းအောင်များ ၁၀၁၃
(၃) မဟာမေဒ်စီတုံး၏ တိုက်တိုင်းအောင် ၁၀၁၇

× × ×

၁၈

ဗိကင်းပြန်မိုလ်ထွန်းငြိမ်းနှင့် မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေး

(၁) မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးအဖွဲ့ ၁၀၄၅
(၂) ဗိကင်းပြန်မိုလ်ထွန်းငြိမ်း (သို့မဟုတ်)
တည်ဆောက်ရေးပါရဂူ ၁၀၄၉
(၃) မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေး ၁၀၅၃
(၄) ရဲဘော်စိုးသန်းချေမှုန်းရေး ပဏာမအစီအစဉ် ၁၀၇၇

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉

ဗဟိုစခန်း ပထမအကြိမ် အတိုက်ခံရခြင်း

(၁) တော်လှန်သော ဗဟိုစခန်း ၁၀၉၁
(၂) တပ်မ (၇၇) ၁၁၀၀
(၃) ဗိုလ်ဇေယျာကျဆုံးခြင်း ၁၁၀၅

× × ×

၂၀

တိုက်တိုင်းအောင် (၂)

(၁) တိုက်တိုင်းအောင်တပ်ခွဲ (၂) ဖွဲ့စည်းခြင်း ၁၁၁၅
(၂) တော်လှန်သော တိုက်တိုင်းအောင်တပ်ခွဲ (၂) ၁၁၂၄
(၃) တိုက်တိုင်းအောင် (၂) ၏ ပွဲဦးထွက်အောင်ပွဲ ၁၁၃၀

× × ×

၂၁

ဗဟိုစခန်းမှ ငရဲခန်းများ

(၁) ဗိုလ်ထွန်းငြိမ်းချေမှုန်းရေး ၁၁၃၇
(၂) တက္ကသိုလ်ကျောင်းသား (၆) ဦး ချေမှုန်းရေး ၁၂၆၉
(၃) ထွန်းရှိန်ချေမှုန်းရေး ၁၃၃၀

× × ×

၂၂

ဗဟိုစခန်း ဒုတိယအကြိမ်အတိုက်ခံရခြင်း

(၁) အောင်ပွဲခံလျက်ရှိသော ဗဟိုစခန်း ၁၃၆၅
(၂) စက်တင်ဘာလ (၁၉) ရက် ၁၃၇၆
(၃) စပါးရိုးစခန်းမှ ကျောက်ချောင်းစခန်းသို့ ၁၃၈၉

× × ×

၂၃

သခင်သန်းထွန်း၏ နောက်ဆုံးနေ့

(၁) သခင်သန်းထွန်း၏ နောက်ဆုံးနေ့ ၁၄၀၉
(၂) သခင်သန်းထွန်း၏ သွေးခင်းသောလမ်းအတိုင်း လိုက်ကြ ၁၄၁၇

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခေတ်ပုံနှင့် လက်ရေးမူများစာရင်း

၁။	မမျိုးသန့် (ခ) မငိန်ငင်း (ခ) ဝမ်ယွင်	....	၆၆၆
၂။	မခင်ဆွေ၏ ဗဟိုကော်မီတီသို့ တင်ပြချက်မှုရင်း	....	၆၆၈
၃။	မတင်ဝေ (ခ) မခင်ဆွေ (ခ) လင်ရှိကျင်	....	၆၆၉
၄။	ပီကင်းပြန် ရဲဘော်ရှိန်၏ လက်ရေးမူနှင့်လက်မှတ်	....	၆၇၁
၅။	ပီကင်းပြန်ရဲဘော်ရှိန်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်မူရင်း	....	၆၈၂
၆။	ပီကင်းပြန် ရဲဘော်ရှိန်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်မူရင်း	....	၆၈၄
၇။	ဗမာပြည်ကွန်မြူနစ်ပါတီ အဝေးရောက်ဗဟိုကော်မီတီ အဖွဲ့ဝင်များ	....	၆၈၅
၈။	ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်တွင်းဗဟို ကော်မီတီအဖွဲ့ဝင်များ	....	၆၈၇
၉။	ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်တွင်းဗဟို ကော်မီတီအဖွဲ့ဝင်များ	....	၆၉၁
၁၀။	သခင်ဘသိန်းတင်သို့ ရဲဘော်ဘတင် (ဂိုရှယ်) မှပေးစာမူရင်း	....	၆၉၅
၁၁။	သခင်ဘသိန်းတင်မှ ရဲဘော်ဘတင်သို့ပေးစာမူရင်း	....	၆၉၇
၁၂။	၆၄-ခုနှစ် ဗဟိုကော်မီတီ အစည်းအဝေးဆုံးဖြတ်ချက်မူရင်း (ရဲဘော်ဌေး၏လက်ရေးမူ)	....	၇၀၅
၁၃။	နိုင်ငံရေးဦးဆောင်အဖွဲ့သို့ သခင်ဖေတင့်၏တင်ပြချက်မူရင်း	....	၇၀၉
၁၄။	ရဲဘော်ဘတင်သို့ သခင်ဖေတင့်မှ ပေးစာမူရင်း	....	၇၁၁
၁၅။	သခင်ဖေတင့်၏ လက်ရေးမူနှင့်လက်မှတ်	....	၇၁၅
၁၆။	သခင်ဖေတင့်၏နိုင်ငံခြားပါတီများမှ အကူအညီရယူရေး တင်ပြချက်မူရင်း	....	၇၁၆
၁၇။	ဗိုလ်ဇေယျ၏ လက်ရေးမူ	....	၇၁၉
၁၈။	ဗိုလ်ဇေယျ၏နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်မူရင်း	....	၇၂၀
၁၉။	ဗိုလ်သက်ထွန်းနှင့်ပတ်သက်၍ ဗိုလ်ဇေယျ၏လျှို့ဝှက်အစီရင်ခံစာ မူရင်း	....	၇၂၃
၂၀။	ဗိုလ်ဇေယျ၏နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်မူရင်း	....	၇၂၄
၂၁။	ဗိုလ်မျိုးမြင့်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့တင်ပြချက်မူရင်း	....	၇၃၂
၂၂။	ရဲဘော်တုတ်၏လက်ရေးမူ	....	၇၃၄
၂၃။	ရဲဘော်တုတ်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်မူရင်း	....	၇၃၇
၂၄။	ရဲဘော်ကျော်မြ၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်မူရင်း	....	၇၃၇

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၂၅။ ရဲဘော်ကျော်မြ၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်မှုရင်း ၇၃၉
၂၆။ ရဲဘော်ကျော်မြ၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်မှုရင်း ၇၄၁
၂၇။ သခင်သန်းထွန်း၏လက်ရေးမူ ၇၄၅
၂၈။ ရဲဘော်ကျော်မြတင်ပြချက်အပေါ် သခင်သန်းထွန်း၏ မှတ်ချက်
မူရင်း ၇၄၆
၂၉။ ရဲဘော်ကျော်မြ၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်မှုရင်း ၇၅၀
၃၀။ ရဲဘော်ထွန်းမောင်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်
မူရင်း ၇၅၁
၃၁။ ရဲဘော်ထွန်းမောင်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်
မူရင်း ၇၅၁
၃၂။ ရဲဘော်ထွန်းမောင်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်
မူရင်း ၇၅၄
၃၃။ ရဲဘော်မြသို့ သခင်ဇင်မှ ပေးစာမူရင်း ၇၅၅
၃၄။ ရဲဘော်ထွန်းမောင်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်
မူရင်း ၇၅၇
၃၅။ ရဲဘော်ထွန်းစိန်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်မှုရင်း ၇၅၉
၃၆။ ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်တွင်းဗဟို ကော်မီတီအဖွဲ့ဝင်များ ၇၆၁
၃၇။ သခင်ဖေတင့်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်မှုရင်း ၇၆၄
၃၈။ မိုလ်ဇေယျ၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်မှုရင်း ၇၆၆
၃၉။ တော်လှန်ရေးအစိုးရအဖွဲ့ဝင်တဦးသို့ သခင်ချစ်မှပေးစာမူရင်း ၇၇၁
၄၀။ တော်လှန်ရေးအစိုးရအဖွဲ့ဝင်တဦးသို့ ပေးစာမှ သခင်ချစ်၏
လက်မှတ် ၇၇၂
၄၁။ ဥက္ကဋ္ဌအား ဖယ်ရှားရေးအတွက် ရဲဘော်ဘတင် အဆိုပြုချက်
မူရင်း ၇၇၄
၄၂။ အရုံ ရုံပုံငွေကိစ္စ ဆုံးဖြတ်ချက် (ရဲဘော်ငွေး၏လက်ရေးမူ) ၇၈၉
၄၃။ သခင်သန်းထွန်းမှ ချစ်ဇနီးထံသို့ပေးစာ
(ရဲဘော်ဘခက်၏လက်ရေးမူ) ၇၉၂
၄၄။ သခင်သန်းထွန်းမှ ချစ်ဇနီးထံသို့ပေးစာမူရင်း ၇၉၃-၇၉၆
၄၅။ ၆၄-ခုနှစ် ဗဟိုကော်မီတီ အစည်းအဝေးမှတ်တမ်းမူရင်း
(ရဲဘော်ငွေး၏လက်ရေးမူ) ၈၀၀
၄၆။ သခင်သန်းထွန်းမှ မဘာဒေဝီသို့ပေးစာ ၈၀၃-၈၀၄
၄၇။ ရဲဘော်ငွေး၏သခင်သန်းထွန်းသို့ နောက်ဆုံးတောင်းဆိုချက် ၈၁၄
၄၈။ အခြေခံလုပ်ငန်းစဉ်နှင့်ပတ်သက်၍ သခင်သန်းထွန်း၏
မိန့်ခွန်းမူရင်း ၈၁၈

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၄၉။ မဟာမေဒ်စီတုံး ပြည်သူ့စစ်တရားနှင့်ပတ်သက်သော
သခင်သန်းထွန်း၏မိန့်ခွန်းမှုရင်း ၈၂၀
၅၀။ ရဲဘော်ထွန်းရှိန် (ခ) ဖေငြိမ်း၏လက်ရေးမှု ၈၃၃
၅၁။ သခင်ချစ်၏မော်နိုင်စစ်ဆင်ရေးနှင့်ပတ်သက်သော မှတ်စုမှုရင်း ၈၅၆
၅၂။ ရဲဘော်သက်၏ စစ်ရေးညွှန်ကြားချက်မှုရင်း ၈၆၁
၅၃။ မြစ်ဝကျွန်းပေါ်တိုင်းသို့ သခင်ချစ်၏စစ်ရေးညွှန်ကြားချက်မှုရင်း ၈၆၉
၅၄။ ဗိုလ်ငြိမ်းမှ ဗဟိုစစ်ကော်မီတီသို့ တင်ပြချက်မှုရင်း ၈၉၀
၅၅။ ပေါင်းတည်စစ်ဒေသ စီမံကိန်းမှုရင်း ၉၀၄
၅၆။ ပြည်ခရိုင် သဲကုန်းမြို့နယ်၌ သုတ်သင်ရမည့် ဒေါက်တိုင်စာရင်း
(ရဲဘော်လှကြည်၏လက်ရေးမှု) ၉၁၀
၅၇။ ပြည်ခရိုင်၌ သုတ်သင်ရမည့် ဒေါက်တိုင်များစာရင်း (ဗိုလ်သန်း
နောင်၏လက်ရေးမှု) ၉၁၂
၅၈။ "အာဏာနီတို့ထူထောင်မည်" (ရဲဘော်ထွန်းရှိန်၏လက်ရေးမှု) ၉၁၇
၅၉။ ပေါက်ခေါင်းလမ်းကြောင်း၏ အမိပ္ပါယ်ဖွင့်ဆိုချက် (ရဲဘော်
မျိုးတင့်၏လက်ရေးမှု) ၉၁၉
၆၀။ ပေါက်ခေါင်းလမ်းကြောင်းကိုလိုက်ကြ (သခင်သန်းထွန်း၏
လက်ရေးမှု) ၉၂၁
၆၁။ ပေါက်ခေါင်းလမ်းကြောင်းအဆက် (ရဲဘော်မစိန်ဝင်း၏
လက်ရေးမှု) ၉၂၉
၆၂။ အာဏာနီတည်ဆောက်ရေး၏ ကြွေးကြော်သံများ (ရဲဘော်
မစိန်ဝင်း၏လက်ရေးမှု) ၉၃၁
၆၃။ ပရာဟာမြို့တော်၌ရောက်ရှိနေသော ရဲဘော်ထွန်းရှိန် ၉၃၈
၆၄။ ဘူတာပက်စ်မြို့တော် လူငယ်ပွဲတော်သို့ တက်ရောက်နေသော
ရဲဘော်ထွန်းရှိန် ၉၃၉
၆၅။ ကမ္ဘာ့လူငယ်ပွဲတော်သို့ တက်ရောက်နေကြသော ဗိုလ်သိန်းလှိုင်၊
ရဲဘော်ထွန်းရှိန်၊ဦးချစ်လှိုင် သခင်လေးမောင်၊ရဲဘော်ခင်ဝင်း ၉၄၀
၆၆။ ဖိုးတူး (ရဲဘော်ဌေး၏သား) လက်ရေးမှု ၉၅၀
၆၇။ ရဲဘော်ထွန်းရှိန်၏လက်ရေးမှု ၉၆၆
၆၈။ ရဲဘော်ထွန်းရှိန်၏လက်ရေးမှု ၉၈၁
၆၉။ ဗဟိုကော်မီတီအဖွဲ့ဝင်ရဲဘော်တုတ်၏ လက်ရေးမှု ၉၉၇
၇၀။ ဗဟိုကော်မီတီအဖွဲ့ဝင်ရဲဘော်တုတ်၏လက်ရေးမှုနှင့်လက်မှတ် ၉၉၈
၇၁။ ရဲဘော်ဝင်းမောင် (ပုသိန်) ၏လက်ရေးမှု ၁၀၀၁
၇၂။ သခင်သန်းထွန်း၏ ဩဝါဒများစာအုပ်ငယ် ၁၀၀၄
၇၃။ ရဲဘော်သန်းအေး ၁၀၂၁

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၇၄။ သခင်သန်းထွန်း၏ ကိုက်တိုင်းအောင် (၁) သို့ ပေးစာမူရင်းနှင့် လက်မှတ် ၁၀၂၇
၇၅။ ဗိုလ်တင်ရှိန် (ဗိကင်းပြန်) ၏ လက်ရေးမူ ၁၀၂၀
၇၆။ ဗိုလ်ထွန်းငြိမ်း (ခ) ဗိုလ်ကျော်သာ၏ လက်ရေးမူ ၁၀၄၃
၇၇။ တိုက်ကိုင်းအောင်တပ်ဖွဲ့ဝင်များ ၁၀၄၄
၇၈။ ဗိကင်းပြန်ဗိုလ်ထွန်းငြိမ်း ၁၀၅၁
၇၉။ ဗိုလ်ထွန်းငြိမ်း၏လက်ရေးမူ ၁၀၅၉
၈၀။ ရဲဘော်မညွန့်ညွန့်၏လက်ရေးမူ ၁၀၆၀
၈၁။ ဗိုလ်ထွန်းငြိမ်း၏လက်ရေးမူ ၁၀၇၆
၈၂။ ရဲဘော်စိုးသန်းအား တိုက်ခိုက်ထားသော သံမဏိနံရံကပ် ၁၀၀၂
၈၃။ တစ်နီအမျိုးသမီး ရဲဘော်စိုးစိုး၏လက်ရေးမူ ၁၀၀၃
၈၄။ ရဲဘော်စိုးသန်း ဇနီးမလှကျင်နှင့်သားများ ၁၀၀၇
၈၅။ ရဲဘော်စိုးသန်းသို့ သခင်သန်းထွန်း၏ပေးစာမူရင်း ၁၀၀၀
၈၆။ ဗိုလ်ဇေယျနှင့်မိသားစု ၁၁၁၃
၈၇။ တိုက်ကိုင်းအောင် (၂) ဖွဲ့စည်းရေးအတွက် သခင်သန်းထွန်း၏ ညွှန်ကြားချက်မူရင်း ...., ၁၁၁၆
၈၈။ တိုက်ကိုင်းအောင် (၂) သို့ သခင်သန်းထွန်း၏ ပေးစာမူရင်း ၁၁၂၃
၈၉။ ဗိုလ်တင်မောင် (ခ) သိန်းထွန်း၏ အစီရင်ခံပြုချက်မူရင်း ၁၁၂၅
၉၀။ ဗဟိုကော်မီတီအဖွဲ့ဝင် ဗိုလ်မျိုးမြင့်၏တော်လှန်သောကဗျာမူရင်း ၁၁၂၀
၉၁။ ရဲဘော်ဝင်းမောင် (ပုသိန်) ရေးဆွဲသောတိုက်ကိုင်းအောင်စာစဉ် ၁၁၂၉
၉၂။ ဆလိုင်းသာဦး၏ လက်ရေးမူ ၁၁၃၆
၉၃။ ရဲဘော်မညွန့်ညွန့်၏လက်ရေးမူရင်း ၁၁၃၉
၉၄။ ဗိုလ်ထွန်းငြိမ်းသို့ သခင်သန်းထွန်း၏ပေးစာမူရင်း ၁၁၄၄
၉၅။ ရဲဘော်ထွန်းကျော် (ခ) မောင်စိုးဝင်း၏ ဗိုလ်ထွန်းငြိမ်းအပေါ် စွဲချက်မူရင်း ၁၁၅၁
၉၆။ ရဲဘော်ထွန်းကျော် (ခ) မောင်စိုးဝင်း၏ အစီရင်ခံပြုချက် ၁၁၅၄
၉၇။ ရဲဘော်ဘသန်း (ခ) မောင်သိန်းထွန်း၏ ဗိုလ်ထွန်းငြိမ်းအပေါ် စွဲချက်မူရင်း ၁၁၅၆
၉၈။ ဗဟိုကင်းတပ်အဖွဲ့ဝင်များ ၁၁၆၁
၉၉။ မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေး တပ်ဖွဲ့ကော်မီတီ၏ ဆုံးဖြတ်ချက်မူရင်း ၁၁၆၆
၁၀၀။ မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးတပ်ဖွဲ့ ရဲဘော်များသို့ သခင်သန်းထွန်း၏ပေးစာမူရင်း ၁၁၆၉
၁၀၁။ ဗိုလ်ထွန်းငြိမ်းအားသတ်ပစ်ရန် တောင်းဆိုနေသူများ ...., ၁၁၇၀
၁၀၂။ ဗိုလ်ထွန်းငြိမ်း ချေပျှန်းရေး သခင်သန်းထွန်း၏လက်ရေးမူ ၁၁၇၅
၁၀၃။ သခင်ချစ်၏ လက်ရေးမူ ,.... ၁၁၀၁
၁၀၄။ ရဲဘော်ဘင်ဟန် (ခ) အောင်သိန်းနိုင် ,.... ၁၁၀၇

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၀၅။ မင်းဝင်းထိန် (ခ) ဝင်းအောင် ၁၁၈၈
၁၀၆။ အချုပ်ခန်းတွင်းမှ ဗိုလ်ထွန်းငြိမ်း ၁၁၉၃
၁၀၇။ ပြည်သူ့တော်လှန်ရေး ခုံသဘာပတိအဖွဲ့ ဥက္ကဋ္ဌမိန့်ခွန်းမူရင်း (သခင်ချစ်၏လက်ရေးမူ) ၁၁၉၇
၁၀၈။ ဗိုလ်ထွန်းငြိမ်းချေမှုန်းရေး သံချပ်သံပြောင်းများဗဟိုကော်မီတီအဖွဲ့ဝင်ရဲဘော်တုတ်၏လက်ရေးမူ ၁၂၂၄
၁၀၉။ သခင်သန်းထွန်းရေးပေးသော ကြွေးကြော်သံမူရင်း ၁၂၂၆
၁၁၀။ ထွန်းငြိမ်းရဲ့လည်ချောင်းသွေးနဲ့ခြေဆေးရမယ် (ရဲဘော်မညွန့်ညွန့်၏လက်ရေးမူ) ၁၂၅၂
၁၁၁။ ထွန်းငြိမ်းရဲ့လည်ချောင်းသွေးနဲ့ခြေဆေးရမယ် (ရဲဘော်မညွန့်ညွန့်၏လက်ရေးမူ) ၁၂၅၄
၁၁၂။ ထွန်းငြိမ်းရဲ့လည်ချောင်းသွေးနဲ့ခြေဆေးရမယ် (ရဲဘော်မညွန့်ညွန့်၏လက်ရေးမူ) ၁၂၅၆
၁၁၃။ ဗိုလ်ထွန်းငြိမ်းအပေါ် နောက်ဆုံးစီရင်ချက်မူရင်း (သခင်ချစ်၏လက်ရေးမူ) ၁၂၆၆
၁၁၄။ ပီကင်းပြန်ဗိုလ်ထွန်းငြိမ်း ၁၂၆၈
၁၁၅။ ရဲဘော်မညွန့်ညွန့် ၁၂၆၉
၁၁၆။ တက္ကသိုလ်ကျောင်းသား (၅) ဦးနှင့်ပတ်သက်၍ နိုင်ငံရေးဦးဆောင်အဖွဲ့၏ဆုံးဖြတ်ချက်မူရင်း (သခင်သန်းထွန်း၏လက်ရေးမူ) ၁၂၇၁
၁၁၇။ မိမိအားသေဒဏ်ပေးရန် ရဲဘော်ထွန်းကျော်၏ တောင်းဆိုချက်မူရင်း ၁၂၇၇
၁၁၈။ မိမိအားသေဒဏ်ပေးရန်ရဲဘော်ဘသန်း၏တောင်းဆိုချက်မူရင်း ၁၂၇၈
၁၁၉။ မိမိအားသေဒဏ်ပေးရန် ရဲဘော်ကျော်ခင်၏ တောင်းဆိုချက်မူရင်း ၁၂၇၉
၁၂၀။ ရဲဘော်ဘိုးသာ (ခ) ကျော်ခင်၏ အဓိဋ္ဌာန်ပြုချက်မူရင်း ၁၂၈၁
၁၂၁။ မိမိအားသေဒဏ်ပေးရန် ရဲဘော်ခင်ဝင်း (ခ) စိုးမြင့်၏ တောင်းဆိုချက်မူရင်း ၁၂၈၃
၁၂၂။ ရဲဘော်ခင်ဝင်း (ခ) မောင်စိုးမြင့်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြတောင်းဆိုချက်မူရင်း ၁၂၈၄
၁၂၃။ ကြွေးကြော်တောင်းဆိုနေသော ဗဟိုဌာနတပ်အဖွဲ့ဝင်များ ၁၂၈၅
၁၂၄။ ပြည်သူ့တော်လှန်ရေးတရားခုံရုံးချက်တင် လူထုတိုက်ပွဲ စီမံကိန်းမူရင်း (သခင်သန်းထွန်း၏လက်ရေးမူ) ၁၂၈၈
၁၂၅။ တိုင်းကော်မီတီ ရဲဘော်သက် ၁၃၀၈
၁၂၆။ တက္ကသိုလ်ကျောင်းသား (၅) ဦးအပေါ်ရဲဘော်ကိုးစိုး၏ လက်ရေးမူရင်း ၁၃၁၉
၁၂၇။ ရဲဘော်ဘသန်း (ခ) မောင်သိန်းထွန်း ၁၃၂၅

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၂၈။ ရဲဘော်ဗိုလ်ဘုန်းကျော် ၁၃၂၆
၁၂၉။ ရဲဘော်ဘွန်းကျော် (ခ) မောင်စိုးဝင်း ၁၃၂၇
၁၃၀။ ရဲဘော်ဘိုးသာ (ခ) မောင်ကျော်ခင် ၁၃၂၈
၁၃၁။ ရဲဘော်ခင်ဝင်း (ခ) မောင်စိုးမြင့် ၁၃၂၈
၁၃၂။ တိုက်တိုင်းအောင် (၂) သို့ သခင်သန်းထွန်း၏ လက်မှတ်
နှင့် ပေးစာမူရင်း ၁၃၃၁
၁၃၃။ ပီကင်းပြန် ရဲဘော်ရှိန် (ခ) ဝူမင်း ၁၃၃၉
၁၃၄။ ရဲဘော်ထွန်းမောင် (ခ) ခဒါက်တာနတ်၏လက်ရေးမူ ၁၃၅၆
၁၃၅။ ပီကင်းပြန်ရဲဘော်ဉာဏ်ကျော် (ခ) ညှိအောင် ၁၃၆၁
၁၃၆။ ပီကင်းပြန်ရဲဘော်ထွန်းရှိန် (ခ) ဖေငြိမ်း ၁၃၆၂
၁၃၇။ ရဲဘော်မမြဝင်း (သခင်သန်းထွန်း၏နှစ်မ) ၁၃၆၃
၁၃၈။ ဗိုလ်ထွန်းငြိမ်းအားမြှုပ်နှံသည့်နေရာ ၁၃၆၆
၁၃၉။ ဗိုလ်ထွန်းငြိမ်းအားသုတ်သင်ပြီးနောက် သခင်သန်းထွန်း၏
ကျေညာချက်မူရင်း ၁၃၆၆
၁၄၀။ တက္ကသိုလ်ကျောင်းသားများ၏သချိုင်း ၁၃၆၇
၁၄၁။ ရဲဘော်ထွန်းကျော် (ခ) မောင်စိုးဝင်းအား ချုပ်နှောင်
ထားခဲ့သည့်တဲ ၁၃၆၈
၁၄၂။ ရဲဘော်ထွန်းကျော် (ခ) မောင်စိုးဝင်းအား ချုပ်နှောင်ခဲ့သည့်
ထိပ်တုံး ၁၃၆၈
၁၄၃။ ဥက္ကဋ္ဌသခင်သန်းထွန်းနောက်ဆုံးနေသွားသည့်တဲ ၁၃၇၄
၁၄၄။ သခင်ဇင်နှင့်သခင်ချစ်တို့နေသောတဲ ၁၃၇၇
၁၄၅။ ဗဟိုကော်မီတီရဲဘော်အောင်ကြီး၏တဲ ၁၃၇၈
၁၄၆။ ဗဟိုကင်းတပ်ဖွဲ့ နေထိုင်သောတဲ ၁၃၇၉
၁၄၇။ ဗဟိုကော်မီတီသခင်ပုနေသောတဲ ၁၃၈၀
၁၄၈။ နောက်ဆုံးပီကင်းပြန် လှရွှေနှင့်အောင်သန်းနေသောတဲ ၁၃၈၁
၁၄၉။ တတိယပတ်ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်း
ခန်းမဆောင်အပျက်ပုံ ၁၃၈၂
၁၅၀။ ဗဟိုရုံးအုပ် ပီကင်းပြန် မောင်ညိုနေသောတဲ ၁၃၈၃
၁၅၁။ ကြိုးမဲ့ကြေးနန်းစက်ကြီးထားရာတဲ ၁၃၈၄
၁၅၂။ ရဲဘော်တင့်ဆန်း (ခ) အောင်သိန်းလွင် ၁၄၁၃
၁၅၃။ သခင်သန်းထွန်း ၁၄၂၇
၁၅၄။ ဗိုလ်အောင်လှိုင်၏လက်ရေးမူ ၁၄၃၀
၁၅၅။ သခင်ဇင်၏လက်ရေးမူ ၁၄၃၄

× × × ×

၁၂

ဗဟိုကော်မီတီတွင်း အခြေအနေ

၁။ အဝေးရောက်ဗဟိုကော်မီတီ

ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်း ဥပဒေတွင် ဗမာပြည် ကွန်မြူနစ်ပါတီ၏ အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းမှာ "ပါတီကွန်ဂရက်" ဖြစ်သည်။ ပါတီ ကွန်ဂရက် တခုနှင့် တခုအကြားတွင် ပါတီ၏ အမြင့်ဆုံးအာဏာပိုင် အဖွဲ့အစည်းမှာ ပါတီကွန်ဂရက်မှ ရွေးချယ် ထားသော ဗဟိုကော်မီတီအဖွဲ့အစည်းပင် ဖြစ်လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီကို စတင် တည်ထောင်ခဲ့သည်မှာ ၁၉၃၉-ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့တွင်ဖြစ်၏။ ၁၉၆၉-ခုနှစ်၊ဩဂုတ်လ (၁၅)ရက်နေ့၌မူ ဗမာပြည်ကွန်မြူနစ်ပါတီ၏ သက်တန်းသည် နှစ်ပေါင်း (၃၀)ပင် ရှိပြီဖြစ်၏။ သို့ရာတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ သမိုင်းတွင် ပါတီကွန်ဂရက်ဟူ၍ နှစ်ကြိမ်သာ ကျင်းပနိုင်ခဲ့၏။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပထမအကြိမ် ကွန်ဂရက်ကို ပါတီစတင်တည်ထောင်သည့် ၁၉၃၉-ခုနှစ်တွင် ကျင်းပခဲ့ပြီး၊ ဒုတိယ အကြိမ်မြောက် ကွန်ဂရက်ကိုမူ ၁၉၄၅-ခုနှစ်တွင် ကျင်းပခဲ့၏။ ယင်း ဒုတိယ အကြိမ်မြောက် ကွန်ဂရက်သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ နောက်ဆုံးကွန်ဂရက်ပင် ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၂-ခုနှစ်၊ ဇွန်လတွင် ဗမာပြည် ကွန်မြူနစ်ပါတီ၏ဗဟိုကော်မီတီ အစည်းအဝေးကိုတောင်ငူခရိုင်အတွင်း၌ ပဲခူးရိုးမမှ စီးဆင်းသောဖြူးချောင်းကမ်းပါး၌ ရှိသော ဦးဖိုးမူရွာ(ကရင်လူမျိုးစုများနေထိုင်သောရွာ)အနီးတွင် ကျင်းပခြင်းဖြစ်၏။ ပဲခူးရိုးမ "မြရာပင်ကျော"၏ အနောက်ဖက်စောင်းတွင် ဖြစ်လေသည်။

၁၉၆၂-ခုနှစ်၌ ဗမာပြည် ကွန်မြူနစ်ပါတီ၏ဗဟိုကော်မီတီအဖွဲ့အစည်းတွင် ဗဟိုကော်မီတီအဖွဲ့ဝင် (၂၁) ဦးရှိ၏။ ယင်းဗဟိုကော်မီတီတွင် ဒုတိယအကြိမ်မြောက် ကွန်ဂရက်မှ ရွေးနှုယ်ထားသော ဗဟိုကော်မီတီမှာမူ ၄-၅ ဦးသာ ရှိတော့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီအဖွဲ့ဝင်တို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) သခင်သန်းထွန်း
(၂) သခင်ဘသိန်းတင်
(၃) သခင်ဇင်
(၄) ရဲဘော်ဘတင်(ဂိုရှယ်)
(၅) သခင်သန်းမြိုင်
(၆) သခင်ချစ်
(၇) ရဲဘော်ငွေး
(၈) သခင်တင်ထွန်း
(၉) သခင်ဖေတင့်
(၁၀) ရဲဘော်ထွန်းမောင်(ဒေါက်တာနတ်)
(၁၁) ရဲဘော်အောင်ကြီး
(၁၂) ဗိုလ်မျိုးမြင့်
(၁၃) ရဲဘော်မြ
(၁၄) သခင်ပု
(၁၅) ရဲဘော်တုတ်
(၁၆) ဗိုလ်ဇေယျ
(၁၇) ရဲဘော်စိုးသန်း
(၁၈) ရဲဘော်ကျော်မြ
(၁၉) ဗိုလ်ရဲထွဋ်
(၂၀) ရဲဘော်ထွန်းစိန် (ဘကယ်)
(၂၁) ဗိုလ်ရန်အောင်....စသည်တို့ဖြစ်ကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည်ကွန်မြူနစ်ပါတီတွင် "အဝေးရောက် ဗဟိုကော်မီတီ" နှင့် "ပြည်တွင်း ဗဟိုကော်မီတီ" ဟူ၍ ဗဟိုကော်မီတီအဖွဲ့အစည်းနှစ်ရပ်ရှိ၏။ "အဝေးရောက် ဗဟိုကော်မီတီ" ဆိုသည်မှာ တရုပ်ပြည်သို့ လျှို့ဝှက်၍ ရောက်ရှိနေကြသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မီတီအစုအား တရုပ်ပြည်ကွန်မြူနစ်ပါတီမှ ပီကင်းမြို့တွင် ဖွဲ့စည်း၍ထားခြင်း ဖြစ်လေသည်။

တရုပ်ပြည်ပီကင်းမြို့၌ရှိသော "အဝေးရောက်ဗဟိုကော်မီတီ"တွင် –

(၁) သခင်ဘသိန်းတင်

(၂) သခင်သန်းမြိုင်

(၃) ရဲဘော်အောင်ကြီး

(၄) သခင်ပု

(၅) ဗိုလ်ဇေယျ တို့ပါဝင်ကြသည်။

(မှတ်ချက်။ ။"အဝေးရောက် ဗဟိုကော်မီတီ" တွင် ဗိုလ်သန်းရွှေ ကိုလည်း ထည့်သွင်းထားခဲ့ပါသည်။ စာရေးသူ)

ရဲဘော်အောင်ကြီးသည် ၁၉၅၀-ခုနှစ်တွင် နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုများတွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ ပါဝင်လှုပ်ရှားနိုင်ရန်အတွက် တရုပ်ပြည်သို့ ရှမ်းပြည်မြောက်ပိုင်း ကျူကုတ်၊ ဝမ်တိန်လမ်းမှ တဆင့် အထူးလျှို့ဝှက်စွာ ထွက်ခွာသွားခဲ့၏။ ရဲဘော်အောင်ကြီးနှင့်အတူ ဗိုလ်သန်းရွှေလည်း လိုက်ပါသွားခဲ့သည်။

၁၉၅၃-ခုနှစ် မေလတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ ဒုတိယဥက္ကဋ္ဌသခင်ဘသိန်းတင် ခေါင်းဆောင်သောအဖွဲ့သည်ဗမာပြည်မြောက်ပိုင်း မြစ်ကြီးနား၊ဗန်းမော်အကြားမှ နယ်စပ်ကိုဖြတ်ကျော်လျက် တရုပ်ပြည်သို့ အထူးလျှို့ဝှက်၍ ခရီးထွက်ခွာခဲ့၏။ အဖွဲ့ဝင်(၄၀)ဦးပါဝင်၏။ ဤအဖွဲ့သည် ဒုတိယအသုတ်ဖြစ်၏။ ဤအဖွဲ့၏လမ်းပြနှင့် ဆက်သွယ်ရေးတာဝန်များကို ယူသူမှာ ဗမာပြည်တွင်ရှိသော"ပင်လယ်ရပ်ခြားရောက် တရုပ်အမျိုးသားများအသင်း" တွင် တရုပ်ပြည်ကွန်မြူနစ်ပါတီမှ အထူးလျှို့ဝှက်စွာထည့်သွင်းထားခဲ့သူဖြစ်၏။ ယင်းမှာ တရုပ်ပြည်ကွန်မြူနစ်ပါတီမှ မြေအောက်လုပ်ငန်းများအတွက် စံနစ်တကျလေ့ကျင့်၍ထားသူ ကိုဟန်ကြည်ခေါ် - ရှဲထင်ကျင်း ဖြစ်လေသည်။

၁၉၅၃-ခုနှစ်၊ စက်တင်ဘာလတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် သခင်သန်းမြိုင်နှင့် ဗဟိုကော်မီတီ အဖွဲ့ဝင်များ ဖြစ်သော သခင်ပု၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ဇေယျတို့ခေါင်းဆောင်သောအဖွဲ့သည်လည်း ဗမာပြည်မြောက်ပိုင်း မြစ်ကြီးနားနှင့် ဗန်းမော်အကြား ကချင်အမျိုးသားဒေသမှ နယ်စပ်ကိုဖြတ်ကျော်၍ တရုပ်ပြည်အတွင်းသို့ အထူးလျှို့ဝှက်စွာပင် ထွက်ခွာခဲ့ကြ၏။ အဖွဲ့ဝင် (၂၄) ဦး ပါဝင်၏။ ဤအဖွဲ့သည် တတိယအသုတ်ဖြစ်၏။ ဤအဖွဲ့၏လမ်းခရီးကို ရှေ့ဆောင်၍သွားသူများမှာလည်း ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်သို့ ရောက်ရှိနေသော ရန်ကုန်မြို့မှ "ပင်လယ်ရပ်ခြား တရုပ်အမျိုးသားများ အသင်းဝင်" တရုပ်အမျိုးသားများပင်ဖြစ်၏။ ယင်းတရုပ်အမျိုးသားများမှာ တရုပ်ပြည်ကွန်မြူနစ်ပါတီဝင်များဖြစ်သည်။

ယင်းတို့မှာ ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးတွင် ကျွမ်းကျင်သူများနှင့် လျှို့ဝှက်စာပြုလုပ်ရာတွင် အထူးကျွမ်းကျင်သူများ ဖြစ်ကြလေသည်။

ထိုသူတို့မှာ ဦးရွှေခဲ(ခေါ်)ရှီကျင်းယုံ၊ ကိုမောင်မောင် (ခေါ်) လင်းရှဲနှင့် ကိုကိုကြီး(ခေါ်)လောင်လင်း စသူတို့ဖြစ်ကြသည်။

ဤသို့ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ဗဟိုကော်မီတီ အဖွဲ့ဝင်များနှင့် ပါတီဝင်ကေဒါများ တပ်သားများသည် တရုပ်ပြည်သို့အသုတ်လိုက်ခွဲ၍ရောက်ရှိသွားကြ၏။ ယင်းတို့ကိုတရုပ်ပြည် ကွန်မြူနစ်ပါတီမှ စံနစ်တကျ စုစည်းလျက် "အဝေးရောက် ဗမာပြည်ကွန်မြူနစ်ပါတီ"ကို ဖွဲ့စည်း၍ ပေးလေသည်။

တရုပ်ပြည်တွင်ရောက်ရှိနေကြသော အဝေးရောက်ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဝေးရောက် ဗဟိုကော်မီတီ၌ သခင်ဘသိန်းတင်သည် ဥက္ကဋ္ဌဖြစ်၍ အတွင်းရေးမှူးမှာ သခင်သန်းမြိုင်ဖြစ်၏။ အဝေးရောက် ဗဟိုကော်မီတီ၏ ဌာနချုပ်ရုံးကိုမူ ပီကင်းမြို့၌ပင် ထားရှိလေသည်။

တရုပ်ပြည်တွင်ရှိသော အဝေးရောက် ဗဟိုကော်မီတီသည် တိုက်ကြီး(၆) တိုက်မှ နိုင်ငံပေါင်း(၄၉)နိုင်ငံ၌ရှိသည့် ကွန်မြူနစ် ပါတီများနှင့် ရင်းနှီးစွာ ဆက်ဆံခဲ့၏။ ဆွေးနွေးခဲ့၏။ အမြင်ချင်းလည်း ဖလှယ်နိုင်ခဲ့ကြလေသည်။

ထို့ပြင် ဓနရှင်နိုင်ငံများမှ ကွန်မြူနစ်ပါတီများဖြစ်သည့် ညီနောင် ပါတီ (၂၇)ပါတီနှင့်လည်း တွေ့ဆုံ၍ ဆွေးနွေးနိုင်ခဲ့ကြ၏။ အတွေ့အကြုံများ အခြေအနေများကို နှီးနှောဖလှယ်နိုင်ခဲ့ကြလေသည်။

ထို့နောက် ညီနောင်ပါတီများ၏ ကွန်ဂရက်များကိုလည်း အခါ အခွင့်ရတိုင်းပင် တက်ရောက်ခဲ့ကြ၏။မကြာခဏပင် တက်ရောက်ခဲ့ကြရ၏။ကွန်ဂရက်ပေါင်း (၁၁)ခုကို တက်ရောက် ခဲ့ကြရလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်း ကွန်ဂရက်များတွင် အဝေးရောက် ဗဟိုကော်မီတီသည် ဗမာပြည် လက်နက်ကိုင် တိုက်ပွဲ၏ အောင်မြင်မှုများနှင့် ဗမာပြည် ကွန်မြူနစ်ပါတီ၏ သမိုင်း အစဉ်အလာများကို အကျယ်အပြန့်ပင် ဟိတ်ဟန်များထုတ်၍ ဝါဒ ဖြန့်ချိနိုင်ခဲ့ကြ၏။ အသေးစိတ်များပင်တင်ပြနိုင်ခဲ့ကြ၏။ ဤသည်မှာ အဝေး ရောက် ဗဟိုကော်မီတီ၏ ကြီးမားသော အောင်မြင်ချက်ပင် ဖြစ်လေသည်။

"ကျွန်တော်တို့ပါတီဟာ နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုမှာ အထူးကို အလေးထားခံနေရတယ်။ ကျွန်တော်တို့ကို နေရာပေးရင် ထိပ်ဆုံးကပဲ နေရာ ပေးတာကို ခံရတယ်။ အခုနောက်ဆုံးဆိုရင် အမေရိကန် နယ်ချဲ့သမားကိုရင်ဆိုင် တိုက်ခိုက်နေတဲ့ ဗီယက်နမ်နဲ့တောင် တန်းတူထားကြတယ်။ တရုပ်ပြည် ကွန်မြူ နစ်ပါတီအနေနဲ့ ရှေ့အလားအလာကို အလေးအနက် တွက်ချက်ထားတာက ဗမာပြည်ကွန်မြူနစ်ပါတီက အောင်ပွဲတွေဟာ အရှေ့တောင်အာရှတိုင်းပြည်တွေ မှာ အချက်အချာဖြစ်လိမ့်မယ်။ သေနင်္ဂဗျူဟာသဘောဆောင်တဲ့ အောင်ပွဲ ဖြစ်လိမ့်မယ်လို့တောင် အကဲဖြတ်ထားကြောင်းကို ကျွန်တော်တို့နဲ့တရုပ်ပြည် မှာ နောက်ဆုံးတွေ့တုန်းက ပြောကြတယ်။

တရုပ်ပြည် ကွန်မြူနစ်ပါတီက ဗမာပြည်နဲ့ ပတ်သက်ပြီး အခုလို အကဲဖြတ် တာရဲ့အခြေခံရပ်တည်မှု ကတော့ ကနေ့ဗမာပြည် ကွန်မြူနစ်ပါတီဟာ မဟာ မော်စီတုံးအတွေးအခေါ်ရဲ့လမ်းညွှန်မှုနဲ့ တိုက်ရိုက်ညွှန်ကြားမှုအောက်မှာရှိနေ လို့ ဖြစ်တယ်လို့ညွှန်ပြကြတယ်။ ကနေ့ဗီယက်နမ်မှာကတော့ အမေရိကန်ကို တိုက်နေတာတော့ဟုတ်တယ်။ ဒါပေမဲ့လူတန်းစားတိုက်ပွဲကို သက်သက်တိုက် နေတယ်ဆိုတာ မဟုတ်ဘူး။ ဗီယက်နမ်အမျိုးသားတွေရဲ့ ခုခံရေးစစ်ပွဲအဆင့်ပဲ ရှိသေးတယ်။ ပြီးတော့ ဗီယက်နမ်၊ လာအိုဒေါင်းပါတီ (အလုပ်သမားပါတီ) အတွင်းမှာလဲ ပြန်လည်ပြင်ဆင်ရေးအတွေးအခေါ်တွေဟာ တနေ့တခြား ပိုမို လွှမ်းမိုးလာတယ်။ အမြင့်ဆုံးထိပ်ဆုံးနံပါတ် (၁) အထိပဲ။ ဒါဟာဗမာပြည်နဲ့ ခြားနားတဲ့ အရှင်းခံအခြေအနေဖြစ်တယ်။

ဒါကိုတော့ ပါတီရဲ့အပြင်အပမှာ မပြောဘဲ့ိုလိုတယ်။ပါတီတွင်းကို ပြောတာ တောင်မှ အဆင့်မြင့်ကေဒါတွေကိုသာ ပြောဘဲ့ိုလိုတယ်။"

ဤသည်မှာ တရုပ်ပြည် ကွန်မြူနစ်ပါတီ၏ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ပတ်သက်သော သဘောထား၊ ဗမာပြည် လက်နက်ကိုင် တိုက်ပွဲ အလားအလာ နှင့် ဗမာပြည်အောင်ပွဲ၏ သေနင်္ဂဗျူဟာသဘော ဆောင်မှုစသည်တို့ပင်ဖြစ်၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်း တရုပ်ပြည် ကွန်မြူနစ်ပါတီ၏ သဘောထားနှင့် အကဲဖြတ်ချက်ကို ရဲဘော်အောင်ကြီး၏ ပြန်လည်တင်ပြချက်၌ ဖော်ပြထားသည်။

ဤသို့ဖြင့် တရုပ်ပြည် ပီကင်းမြို့၌ရှိသော အဝေးရောက် ဗဟိုကော်မီတီသည် နိုင်ငံတကာ ညီနောင်ပါတီများနှင့် နိုင်ငံခြားဆက်သွယ်ရေးများကို ထူထောင်နိုင်ခဲ့ခြင်းဖြစ်၏။ ယင်းသို့ ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဝေးရောက် ဗဟိုကော်မီတီသည် အနိုင် နိုင်ငံ ကွန်မြူနစ်ပါတီများနှင့် ဆက်သွယ် နိုင်ခြင်းမှာ တရုပ်ပြည် ကွန်မြူနစ်ပါတီ၏ အစီအစဉ်အရသာဖြစ်၏။ ထို့ပြင် အဝေးရောက် ဗဟိုကော်မီတီ၏ လှုပ်ရှားမှု အားလုံးကိုလည်း တရုပ်ပြည် ကွန်မြူနစ်ပါတီ၏ ရှေ့ဆောင်မှုနှင့် ညွှန်ကြားမှုအောက်၌သာ လှုပ်ရှားပြုမူကြရလေသည်။

အထူးသဖြင့် တရုပ်ပြည် ကွန်မြူနစ်ပါတီသည် ဗမာပြည်၏ အဝေးရောက် ဗဟိုကော်မီတီအား မာ့က်စ်၊ အိန်ဂဲလ်၊ လီနင်၊ စတာလင် တို့၏ ကျမ်းများကို ဘာသာပြန် စေခြင်း၊ မော်စီတုံး၏ ရေးသားချက်များနှင့် မိန့်ခွန်း များကို ဘာသာပြန်စေခြင်း၊ ထုတ်ဝေစေခြင်းနှင့် ဗမာပြည်အတွက် ဝါဒဖြန့်ချိရန်တို့ကိုလည်း အချက်အလက်များကို စုဆောင်းကြရ၏။ နောက်ဆုံးတွင်မူ၁၉၆၀-ခုနှစ်နောက်ပိုင်းမှစ၍ ဗမာပြည် ကွန်မြူနစ်ပါတီ၏အဝေးရောက် ပါတီ တခုလုံးသည် တရုပ်ပြည် ကွန်မြူနစ်ပါတီ၏ ညွှန်ကြားချက်အရ တရုပ်ပြည် ဆိုရှယ်လစ် တည်ဆောက်ရေးလုပ်ငန်းများတွင် လက်တွေ့ ကိုယ်တိုင်ကိုယ်ကျ ပါဝင် လုပ်ဆောင်ကြရ၏။ အလုပ်အကျွေး ပြုကြရ၏။ တရုပ်ပြည် ဆိုရှယ်လစ် တည်ဆောက်ရေး အတွေ့အကြုံများကို လက်တွေ့လေ့လာ၍ လက်တွေ့သင်ယူကြရခြင်းဖြစ်လေသည်။

ဤသို့ဖြင့် တရုပ်ပြည် ကွန်မြူနစ်ပါတီသည် ဗမာပြည်မှ ရောက်ရှိသွားသော ဗမာပြည် ကွန်မြူနစ်ပါတီဝင်တို့အား စံနစ်ကျသော အစီအစဉ်များဖြင့် အဆင့်ဆင့် လှုပ်ရှားမှုများကို ပြုလုပ်စေ၍လျက် လေ့ကျင့် မွေးမြူခဲ့ကြသည်။

တရုပ်ပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်မှ ရောက်ရှိသွားသော ဗမာပြည် ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မီတီများနှင့် ပါတီဝင်များ၊ ကေဒါများအား၊ လုံးဝပင် ချုပ်ကိုင်၍ထားလေသည်။

တရုပ်ပြည်တွင်ရောက်ရှိနေကြသော ဗမာပြည်ကွန်မြူနစ်ပါတီမှ ရဲဘော်များအား အစုလိုက်ခွဲ၍ထား၏၊ သီးသန့်ထား၏။ အစုတစုနှင့်တစုအား တွေ့ခွင့် ဆုံခွင့်လည်းမပြု။ ဆက်သွယ်ခွင့်လည်းမရှိရချေ။ တရုပ်ပြည်၏ ပြည်နယ်များနှင့် တိုင်းများတွင် တကွဲစီခွဲ၍ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက် မြန်မာအမည်များကိုလည်း လုံးဝပင်သုံးစွဲခွင့်မပြုချေ။ တရုပ်နာမည်များဖြင့် ချက်ခြင်းပင် အစားထိုး၍ မှည့်ခေါ်စေလေသည်။

သခင်ဘသိန်းတင်၏အမည်မှာ "ခေါ်စင်း"ဖြစ်၏။ သခင်သန်းမြိုင်၏အမည်မှာ"ဝမ်ကျန်း"ဖြစ်၏။ ရဲဘော်အောင်ကြီးမှာ"လီမင်း" သခင်ပုမှာ"လင်းစန်" ဗိုလ်ဇေယျမှာမူ "ကြူးမင်" ဖြစ်၏။ ဗိုလ်သန်းရွှေမှာ "ဟိုကောက်"ဖြစ်၏။ ထို့ပြင် ကျန်ကေဒါအားလုံးကိုလည်း မြန်မာအမည်များကို ဖျောက်စေ၍ တရုပ်အမည်များဖြင့် အစားထိုးကာ မှည့်ခေါ်စေလေတော့သည်။

တရုပ်ပြည်သို့ ရောက်ရှိနေသော အဝေးရောက် ဗမာပြည် ကွန်မြူနစ်ပါတီသည် တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ သဘောတူညီချက်အရ နေထိုင်ရေး စည်းကမ်းချက်များကို ရေးဆွဲ၍ တင်ပြကြရ၏။ တင်းတင်းကြပ်ကြပ်ပင် သတ်မှတ်ထားကြလေသည်။

အထူးသဖြင့် အိမ်ထောင်ရေးနှင့် ပတ်သက်သော စည်းကမ်းများကို လိုက်နာကြရန် ဆုံးဖြတ်ထား၏။ ယင်းဆုံးဖြတ်ချက်ကိုလည်း အဝေးရောက် ဗဟိုကော်မီတီမှပင် ဦးဆောင်၍ ဆုံးဖြတ်ထားခြင်းဖြစ်လေသည်။

"ဗမာပြည်မှ ရဲဘော်များသည် တရုပ်ပြည်တွင် အိမ်ထောင်မပြုကြရန်" ဟူ၍ဖြစ်သည်။

၁၉၆၀-ခုနှစ်တွင်ဖြစ်၏။ ဇီချွမ်ပြည်နယ်တွင် ရဲဘော်များကို စုစည်းထား၏။ ယင်းသို့ စုစည်းထားပြီးနောက် လေ့လာရေးအစီအစဉ်အရ တရုပ်ပြည်ဆိုရှယ်လစ်တည်ဆောက်ရေး အတွေ့အကြုံများကို လက်တွေ့ လုပ်ဆောင်၍နေကြရလေသည်။

တရုပ်ပြည်သို့ ဗမာပြည်ကွန်မြူနစ်ပါတီမှ စေလွှတ်သည့် ပထမအသုတ်တွင် ဗိုလ်မှူးယက္ခသည်ပါဝင်ခဲ့သည်။ ဗိုလ်မှူးယက္ခသည် အထက်ဗမာပြည်"မသုံးလုံးဒေသ"မှရွေးချယ်ခြင်းခံရသူဖြစ်လေသည်။

တရုပ်ပြည်ဇီချွမ်ပြည်နယ် ချုံကင်းမြို့ တပ်မတော်စစ်ဆေးရုံကြီးတွင် ဗိုလ်မှူးယက္ခသည် ဆေးရုံ သူနာပြုတရုပ်အမျိုးသမီးလေးတဦးနှင့်ဆုံစည်းမိကြ၏။ ထို့နောက် တဦးနှင့်တဦး မေတ္တာမျှကြလေတော့သည်။

ထို့ကြောင့် ဗိုလ်မှူးယက္ခသည် အဝေးရောက်ပါတီနှင့် အဝေးရောက် ဗဟိုကော်မီတီသို့ တင်ပြ၍အသိပေး၏။ ထိုအခါတွင် အဝေးရောက် ဗဟိုကော်မီတီသည် ဗိုလ်မှူးယက္ခအား အပြင်းအထန် ဝေဖန်၍ ဟန့်တားလိုက်၏။ ဗိုလ်မှူး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယက္ခသည် မိမိ၏ဘဝနှင့်အခြေအနေကိုသိ၏။ နားလည်၏။ သို့ဖြစ်၍ ယူကြုံးမရ ဖြစ်မနေ၏။ အလွန်လည်း ဝမ်းနည်းနေ၏။ ကြိတ်မနိုင်ခဲမရပင်ဖြစ်နေလေသည်။

ဗိုလ်မှူးယက္ခ၏ ချစ်သူတရုပ်အမျိုးသမီးလေးသည်လည်း ဗိုလ်မှူးယက္ခကဲ့သို့ပင် အခြေအနေများကို သိရှိနားလည်နေလေသည်။

ဗိုလ်မှူးယက္ခ၏ချစ်သူသည် တရုပ်ပြည်ကွန်မြူနစ်ပါတီဝင်လည်းမဟုတ်။ပါတီနှင့် နီးစပ်သူလည်းမဟုတ်။ ရိုးရိုးအရပ်သူလေးသာဖြစ်၏။ ထို့ကြောင့် တရုပ်ပြည်ကွန်မြူနစ်ပါတီကလည်း ပြင်းပြင်းထန်ထန်ပင် ကန့်ကွက်လေသည်။

တရုပ်ပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်ကွန်မြူစ်နပါတီ၏ အဝေးရောက် ဗဟိုကော်မီတီအား ဤသို့ပင်ညွှန်ပြရှေ့ဆောင်လေသည်။

> "မင်းတို့ဗမာပြည်ကလာတဲ့ ရဲဘော်တွေဟာ ဗမာပြည်ကို ဘယ်တော့လောက်မှ ပြန်လွှတ်နိုင်မယ်ဆိုတာ မပြောနိုင်သေးဘူး။ အခြေအနေနဲ့ အခါအခွင့်ကောင်းမှ ပြန်လွှတ်နိုင်မှာဖြစ်တယ်။အဲ့ဒီအခါအခွင့်ကောင်းကို စောင့်ရဦးမယ်။ ကာလတခုတော့ကြာမှာ သေချာတယ်။ ဒါကြောင့်မို့ မင်းတို့ဟာ တရုပ်ပြည်မှာ တရုပ်အမျိုးသမီးတွေနဲ့ အိမ်ထောင်ပြုဖို့ ကောင်းတယ်၊ အိမ်ထောင်ပြုတဲ့ အခါမှာတော့၊ တရုပ်ပြည် ကွန်မြူနစ်ပါတီဝင် အမျိုးသမီးတွေ၊ ကေဒါတွေနဲ့ပဲဖြစ်ဖို့ ကောင်းတယ်။ အပြင်အရပ်ထဲက အမျိုးသမီးတွေနဲ့ဆိုရင် လုံခြုံမှုမရနိုင်ဘူး၊ ဒါကြောင့်ဒို့ကပဲ သင့်တော်တာတွေကို ရှာနေချထားပေးမယ်။"

ဤသို့တရုပ်ပြည်ကွန်မြူနစ်ပါတီမှ ဗမာပြည်၏အဝေးရောက်ပါတီနှင့် အဝေးရောက် ဗဟိုကော်မီတီသို့ သဘောထားပေးလေသည်။

ထိုအချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဝေးရောက်ပါတီနှင့် အဝေးရောက်ဗဟိုကော်မီတီသည် အိမ်ထောင်ရေး စည်းကမ်းနှင့်ပတ်သက်၍ မူလစည်းကမ်းချက်နှင့် ဆုံးဖြတ်ချက်အတိုင်းပင် ဆက်လက်၍ လိုက်နာစေလေသည်။

ထို့ကြောင့်ပင် ဗိုလ်ယက္ခ၏ အိမ်ထောင်ရေး တင်ပြချက်အား ပယ်ချလိုက်၏။ စဉ်းစားခြင်း မပြုတော့ချေ။

ဗိုလ်ယက္ခနှင့် ချစ်သူတို့၏ အသဲနှလုံးတို့မှာ ကြိမ်မီးအုံးသို့ ဖြစ်ကြရတော့၏။ ဖြေဖျောက်မရဖြစ်နေကြ၏။ တွေးလေဆွေးလေ၊ ဆွေးလေဝေးလေပင် ဖြစ်နေကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ယက္ခသည် မစားနိုင်မအိပ်နိုင် တမှိုင်မှိုင်ဖြစ်နေ၏။ ချစ်သူသည်လည်း ဗိုလ်ယက္ခနှင့်ထပ်တူပင် အသဲနှလုံးတွင် နာကျင်၍နေလေသည်။

တရုပ်ပြည် ကောက်ရိတ်သိမ်းချိန်၏ တနေ့သောနေ့တွင်ဖြစ်သည်။

ဗိုလ်ယက္ခနှင့် ချစ်သူသည် နံနက်အိပ်ရာမှ ထကြ၏။ သစ်သစ်လွင်လွင် ပင်ဝတ်ဆင်ထားကြ၏။ ထို့နောက် ချိန်းဆိုထားသောနေရာသို့ လာကြ၏။ ရေးဟောင်းရေတွင်းကြီး၏ အနီးတွင်ဖြစ်သည်။

ချစ်သူနှစ်ဦးတို့သည် တဦးနှင့်တဦး တင်းကြပ်စွာဖက်ထားကြ၏။ မကြာမီ ပင် လက်ချင်းတွဲ၍ တဦး၏မျက်နှာကိုတဦး ကြည့်နေကြ၏။ တစူးစိုက်စိုက်ပင် ကြည့်နေကြ၏။ ချစ်သူတို့သည် စီးထားသောဘိနပ်များကို ချွတ်လိုက်၏။ ထို့နောက် ရေတွင်းကြီး၏ ဘောင်ပေါ်သို့တက်လိုက်ကြ၏။ လက်တွဲမဖြုတ်ချေ။ ချစ်သူနှစ်ဦးတို့သည် ရုတ်တရက်ချက်ခြင်း တပြိုင်တည်းပင် ရေတွင်းထဲသို့ ခုန်ချလိုက်ကြလေသည်။

ဗိုလ်ယက္ခနှင့် ချစ်သူတို့၏ သစ္စာနှင့်မေတ္တာ၏ အမှတ်အသားသည် ရှေးဟောင်း ရေတွင်းကြီးပင် ဖြစ်တော့သည်။

ထိုအချိန်သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဝေးရောက်ပါတီနှင့် အဝေးရောက် ဗဟိုကော်မီတီက အိမ်ထောင်ရေးစည်းကမ်းနှင့် ပတ်သက်၍ "သံမဏိ စည်းကမ်း"ကို တင်းတင်းကြပ်ကြပ်ပင် လိုက်နာကြရမည်ဟူ၍ ဆုံးဖြတ်ထားသည့်အချိန်ဖြစ်၏။

သို့သော်လည်း ယင်းအဝေးရောက် ဗဟိုကော်မီတီ၏ ဆုံးဖြတ်ချက်ကို ပထမဦးဆုံး ချိုးဖောက်သူမှာ ဗဟိုကော်မီတီတဦးပင်ဖြစ်၏။ ထိုဗဟိုကော်မီတီ တဦးမှာ ရဲဘော်အောင်ကြီးပင် ဖြစ်လေသည်။

ရဲဘော်အောင်ကြီးသည် တရုပ်အမျိုးသမီးတဦးနှင့် လက်ထပ်ရန် အတွက် ဗိုလ်သန်းရွှေနှင့် နှုတ်ဦးချင်းလျှို့ဝှက်တိုင်ပင်၍ စီစဉ်၏။ ဗိုလ်သန်းရွှေကလည်း ရဲဘော်အောင်ကြီးအား လျှို့ဝှက်၍ပင် အလေးအနက် ထောက်ခံလိုက်သည်။

ရဲဘော်အောင်ကြီးနှင့် ဗိုလ်သန်းရွှေတို့သည် တရုပ်ပြည်ကွန်မြူနစ်ပါတီသို့ လျှို့ဝှက်၍တင်ပြ၏။ ရဲဘော်အောင်ကြီးတို့၏ တင်ပြချက်ကို တရုပ်ပြည်ကွန်မြူနစ်ပါတီကလည်း လျှို့ဝှက်၍ သဘောတူလိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်အောင်ကြီး၏ အမျိုးသမီးမှာ ရှန်ဟိုင်းမှ အင်ဂျင်နီယာ တဦး၏ သမီးဖြစ်၏။ သူမသည်လည်း ဇီချွမ်ပြည်နယ်ချင်တူးမြို့ ပြည်နယ်စက်မှုလုပ်ငန်း ဌာနမှ အမျိုးသမီး အင်ဂျင်နီယာတဦးဖြစ်ပြီး တရုပ်ပြည် ကွန်မြူနစ်ပါတီမှ လေ့ကျင့်ပေးထားသည့် ကေဒါတဦးဖြစ်၏။ ထို့ကြောင့် "စိတ်ချရသူ" ဖြစ်သည်ဟု တရုပ်ပြည် ကွန်မြူနစ်ပါတီမှ သဘောထားသည်။

နောက်ဆုံးတွင် ရဲဘော်အောင်ကြီးသည် တရုပ်ပြည် ကွန်မြူနစ်ပါတီနှင့် လျှို့ဝှက်စွာ စီစဉ်ပြီး အဝေးရောက်ဗဟိုကော်မီတီခွဲ၏ ရုံးစိုက်ရာဌာနဖြစ်သော ချင်တူးမြို့တွင်ပင် လျှို့ဝှက်စွာ လက်ထပ်လိုက်လေတော့သည်။

ထို့နောက် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဝေးရောက် ဗဟိုကော်မီတီ အဖွဲ့ဝင်တဦးဖြစ်သော သခင်သန်းမြိုင်ကလည်း တရုပ်အမျိုးသမီးတဦးနှင့် လက်ထပ်ရန်အတွက် တရုပ်ပြည်ကွန်မြူနစ်ပါတီနှင့် လျှို့ဝှက်စွာပင် အစီအစဉ်ပြုလုပ်လေသည်။

သခင်သန်းမြိုင်နှင့်အိမ်ထောင်ပြုခွင့်ရသည့် တရုပ်အမျိုးသမီးမှာ "ရှဲ့ကျွယ်ဆိုက်"ဆိုသူဖြစ်၏။ "ရှဲ့ကျွယ်ဆိုက်"သည်တရုပ်ပြည်သူ့အစိုးရ ဇီချွမ်ပြည်နယ်ချင်တူးမြို့ရှိ ပြည်နယ် ယဉ်ကျေးမှုဌာနမှ အကနည်းပြ ဆရာမကလေးဖြစ်၏။ တရုပ်ပြည်ကွန်မြူနစ်ပါတီမှ လေ့ကျင့်ထားသည့် ကေဒါတဦးဖြစ်သည်။

ထို့ကြောင့် တရုပ်ပြည်ကွန်မြူနစ်ပါတီသည် သခင်သန်းမြိုင်(ဝမ်ကျန်း)နှင့် "ရှဲ့ကျွယ်ဆိုက်"တို့အားအထူးတည်ခင်းကျွေးမွေးသော ဟော်တယ်ကြီးတွင်ပင် စီစဉ်၍ လက်ထပ်မင်္ဂလာပွဲကြီးကို တခမ်းတနားပင် ကျင်းပပေးလေသည်။

(မှတ်ချက်။ ။သခင်သန်းမြိုင်၏ ဇနီးဖြစ်သော တရုပ်အမျိုးသမီး အကနည်းပြ ဆရာမကလေး "ရှဲ့ကျွယ်ဆိုက်"သည် ၁၉၆၄-ခုနှစ်ဦးတွင် ဗမာပြည်သို့ လာသောတရုပ်ယဉ်ကျေးမှုအဖွဲ့နှင့်အတူ လိုက်ပါခဲ့ပါသည်။ စာရေးသူ)

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ၏ ပထမ ဒုတိယ ဥက္ကဋ္ဌနှင့် အဝေးရောက် ဗဟိုကော်မီတီ၏ ဥက္ကဋ္ဌဖြစ်သော သခင်ဘသိန်းတင်သည် အဆုတ်ရောဂါကို ကုသရန်အတွက် အထူး ဆေး ရုံတွင် တက်ရောက်နေ၏။ ပီကင်းမြို့တော်ရှိ အထက်တန်း ကေဒါကြီးများအတွက် ဖွင့်လှစ် ထားသောဆေးရုံတွင်ဖြစ်၏။ ဗဟိုကော်မီတီများသာ တက်ရောက်ရသော ဆေးရုံဖြစ်၏။ ယင်းအထူးဆေးရုံ၏ အထူးအဆောင်တွင် သခင်ဘသိန်းတင်တဦးတည်းသာထား၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ဘသိန်းတင်အား အချိန်မရွေး နေ့ညမဟူ ထာဝစဉ်ပြုစုစောင့်ရှောက်ရန် အတွက် သူနာပြုဆရာမလေး "ရှောင်ဝမ်" ကို တာဝန်ပေးထား၏။ သူနာပြု ဆရာမလေး"ရှောင်ဝမ်"သည် သွက်လက်၏။ ချက်ခြာ၏။ လှ၍ ချစ်စရာလည်း ကောင်းသည်။ "ရှောင်ဝမ်"အားချစ်စနိုးဖြင့်"ဝမ်"ဟု အများက ခေါ်ဆို ကြသည်။

"ဝမ်"သည် သခင်ဘသိန်းတင်သွားလေရာသို့ ဆင်မယဉ်သာ ကဲ့သို့လိုက်ပါ ရမြဲဖြစ်၏။ တရုပ်ပြည်တွင်း ခရီးများတွင်ဖြစ်သည်။

သူနာပြုဆရာမလေး "ဝမ်" သည် သခင်ဘသိန်းတင်အား အမြဲတန်းပင် ပြုစုရလေသည်။ နောက်ဆုံးတွင် ကြိုးချင်းထား၍ ကြိုးချင်းငြိကြလေတော့ သည်။ ယင်းကို အထူးလျှို့ဝှက်၍ထားခဲ့ကြသည်။

တရုပ်ပြည် ကွန်မြူနစ်ပါတီသည် ဗိုလ်သန်းရွှေကိုလည်း ဇီချွမ်ပြည်နယ် ချင်တူးမြို့၏ တပ်ပေါင်းစုဌာနတွင် ဒု-ဌာနမှူးအဖြစ် တာဝန် ပေးထား၏။ ၁၉၆၁-ခုနှစ်တွင်ဗိုလ်သန်းရွှေသည်လည်း တရုပ်ပြည် ကွန်မြူနစ်ပါတီ၏ စေ့စပ် ကြောင်းလမ်းပေးခြင်းနှင့် သဘောတူညီချက်အရ တရုပ်အမျိုးသမီး"ဝမ်း"နှင့် လက်ထပ်လိုက်လေသည်။

"ဝမ်း"မှာ ဇီချွမ်ပြည်နယ် လမ်းဖောက်လုပ်ရေး ယန္တရားတပ်ဖွဲ့မှ အရာရှိ တဦး၏ ဇနီးဖြစ်၏။ ယင်းအရာရှိမှာတိဘက်လမ်းဖောက်စဉ်က ကျဆုံးသွားခဲ့၏။ "ဝမ်း"သည်ယန္တရားတပ်ဖွဲ့၏စံပြလုပ်သားတဦးဖြစ်၏။ ထို့ပြင်ပါတီကေဒါတဦး လည်းဖြစ်၏။ သားသမီး (၃) ယောက်၏ မိခင်မုဆိုးမလေးပင်ဖြစ်လေသည်။

ယင်းမုဆိုးမလေးသည် ဗိုလ်သန်းရွှေ၏ ဇနီးပင်ဖြစ်သည်။

၁၉၅၆ -ခုနှစ်တွင်ဖြစ်သည်။

တရုပ်ပြည်ကွန်မြူနစ်ပါတီသည်ဗမာပြည် ကွန်မြူနစ်ပါတီ ပါတီဝင်များကို ဇီချွမ်ပြည်နယ်တွင် "မာ့က်စ်လီနင်ဝါဒနိုင်ငံရေးတက္ကသိုလ်"ကိုအထူးဖွင့်လှစ်၍ သင်တန်းများကို ပေးနေ၏။ ယင်း"မာ့က်စ်လီနင်ဝါဒနိုင်ငံရေးတက္ကသိုလ်" တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ အဝေးရောက်ကေဒါများလည်း တက်ရောက်၍ သင်ကြားရလေသည်။

ထိုအချိန်တွင် မာ့က်စ်လီနင်ဝါဒ နိုင်ငံရေးတက္ကသိုလ်သို့ တက်ရောက်နေ သော ခင်ခင်ကြည်(ခ) မမျိုးသန့်(ခ) (ဝမ်ယွင်)သည် ဗိုလ်မှူးကြည်ပြိုင်(ခ) (တိန်ကြည်ပင်)နှင့်တိတ်တခိုးပင် အိမ်ထောင်ရေး စည်းကမ်းများကို နှစ်ဦးသ ဘောတူချိုးဖောက်၍ နေကြ၏။ နေရာမရှောင် တွေ့ရာမရှောင် ဖြစ်နေကြ၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ကြောင့် ယင်းသူအားတဦးစီကို အပြင်းအထန်ဝေဖန်ကြ၏။ မိမိတို့ကိုယ်ကိုလည်း အလေးအနက်ပင်ဝေဖန် စိစစ်စေခဲ့ရလေသည်။

မမျိုးသန့် (ခ) မစိန့်ဝင်း (ခ) ဝင်းယွင်

ယင်းအရှေ့တိုင်းနိုင်ငံရေးတက္ကသိုလ်တွင်ပင် မတင်ဝေ(ခ) မစိန်လှ(ခ) မခင်ဆွေ(ခ)"လင်ရှိကျင်"သည်လည်းတက်ရောက်၍ လေ့လာနေသည်။

မတင်ဝေ(ခ)မခင်ဆွေသည် ၁၉၅၁-ခုနှစ်တွင် အလံနီကွန်မြူနစ်ပါတီ (ဗမာပြည်)၏ ကိုယ်စားလှယ်အဖြစ်ဖြင့် တရုပ်ပြည်ကွန်မြူနစ်ပါတီသို့ အလံနီကွန်မြူနစ်ပါတီ၏ ဗဟိုကော်မီတီအဖွဲ့ဝင်ဖြစ်သော ရဲနီသက်တင်နှင့်အတူ ရောက်ရှိခဲ့သူဖြစ်၏။ မတင်ဝေသည် ရဲနီသက်တင်၏ ချစ်ဇနီးပင် ဖြစ်လေသည်။

နောက်ပိုင်းတွင် တရုပ်ပြည်ကွန်မြူနစ်ပါတီသည် ရဲနီသက်တင်နှင့် ရဲနီမယ် မတင်ဝေတို့အား ဗမာပြည်ကွန်မြူနစ်ပါတီသို့ ကူးပြောင်းစေခဲ့၏။ ထို့ကြောင့် ရဲနီသက်တင်နှင့် ရဲနီမယ် မတင်ဝေ(ခ)မခင်ဆွေတို့သည် ဗမာပြည်ကွန်မြူနစ်ပါတီ အဝေးရောက် ဗဟိုကော်မီတီ၏ ခေါင်းဆောင်မှုအောက်သို့ ရောက်ရှိလာကြ၏။ ရဲဘော်သက်တင်နှင့် ရဲဘော်မတင်ဝေဟူ၍ ဖြစ်လာကြလေတော့သည်။

[illegible](ခ)[illegible](ခ)([illegible]ကျင်)သည်၊ ၁၉၅၂-ခုနှစ်တွင် တရုပ်ပြည်မြေယာပြုပြင်ပြောင်းလဲရေး လုပ်ရှားမှု၌ လေ့လာရေးအဖွဲ့နှင့် အတူပါဝင်ခဲ့၏။ ယင်းလေ့လာရေးအဖွဲ့တွင်ပင် ပူးတွဲ၍ တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်၏။ မကြာမီပင် ရဲဘော်မတင်ဝေ(ခ)မခင်ဆွေသည် ထိုလေ့လာရေး အဖွဲ့မှ တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ ကေဒါရဲဘော်တဦးနှင့် ချစ်ကြိုက်ခဲ့ကြ၏။ အိမ်ထောင်ရှင်မတဦး၏ ကျင့်သိက္ခာကို စောင့်စည်းခြင်း မပြုတော့ပေ။ သစ္စာနယ်၌ပင် လွန်ခဲ့ကြ၏။ ကျူးခဲ့ကြ၏။ လွန်လွန်ကျူးကျူး ပင် ဖြစ်ခဲ့ကြလေသည်။

ထို့ကြောင့် ရဲဘော်မတင်ဝေအား မြေယာပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှု၏ လေ့လာရေးအဖွဲ့မှ ချက်ခြင်းပင် ပြန်လည်၍ ခေါ်ယူခဲ့ရ၏။ ထို့နောက်တွင် မာ့က်စ်လီနင်ဝါဒ နိုင်ငံရေးတက္ကသိုလ်သို့ တက်ရောက်၍ သင်ကြားလေ့လာရန်အတွက် တာဝန်ပေးအပ် လိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၅၆-ခုနှစ်တွင် ဖြစ်သည်။

· ရဲဘော်မတင်ဝေ(ခ) မခင်ဆွေ(ခ) (လင်ရှိုကျင်)သည် မာ့က်စ်လီနင်ဝါဒ နိုင်ငံရေးတက္ကသိုလ်သို့ တက်ရောက်နေသော ရဲဘော် ဖေသောင်း(ခ)ရဲဘော် တင်မြင့်(ခ) (ယွမင်း)နှင့် တွေ့ဆုံကြရလေတော့သည်။

ရဲဘော်ဖေသောင်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ မြစ်ဖျား ဒေသတိုင်းမှ တရုပ်ပြည်သို့ ပညာသင်ကြားရန်အတွက် အထူးစေလွှတ်ခြင်းခံရသူဖြစ်၏။ ထို့ကြောင့် ယင်းမာ့စ်လီနင်ဝါဒ နိုင်ငံရေးတက္ကသိုလ်တွင် ရဲဘော်ဖေသောင်းသည် လီနင်ပုံစံပါတီ တည်ဆောက်ရေးနှင့် မာ့က်စ်အဘိဓမ္မာဆိုင်ရာတို့ကို အထူးပြု၍ လေ့လာနေသူ ဖြစ်လေသည်။

(**မှတ်ချက်**။ ။ရဲဘော်ဖေသောင်း(ခ) တင်မြင့်(ခ) (ယွမင်း) သည်ယခုအခါတွင် ဗမာပြည် ကွန်မြူနစ်ပါတီ မြစ်ဖျားဒေသ တိုင်းတွင် တိုင်း ကော်မီတီအဖြစ် တာဝန်ယူ၍၊ နိုင်ငံရေး၊စစ်ရေး၊ စည်းရုံးရေးလုပ်ငန်းအားလုံးကို ချုပ်ကိုင်၍ထားသူဖြစ်ပါသည်။
စာရေးသူ။)

ယင်းသို့သော အခြေအနေနှင့် အချိန်တွင် ရဲဘော်မတင်ဝေ (ခ) မခင်ဆွေနှင့် ရဲဘော်ဖေသောင်း (ခ) တင်မြင့်တို့သည် အသဲချင်းအပ်၍ မေတ္တာ ချင်းဆက်စပ်နေကြလေတော့သည်။

ဤသို့ဖြင့် ရဲဘော်မတင်ဝေ(ခ)မခင်ဆွေသည် တရုပ်ပြည် ကွန်မြူနစ်ပါတီ၏ လေ့ကျင့်၍ပညာပေးထားသည့် ချစ်ချင်းမေတ္တာနှင့်ပတ်သက်သော အဘိဓမ္မာ ခံယူချက်ကို လက်တွေ့အကောင်အထည် ဖော်နေခြင်းသာ ဖြစ်လေသည်။

ယင်းအဘိဓမ္မာမှာ ဤသို့ဖြစ်လေသည်။

"ချစ်ခြင်းမေတ္တာဆိုသည်မှာ အကြွင်းမဲ့တရားမဟုတ်။ နှိုင်းယှဉ်ချက်အရသာဖြစ်သည်။ ထို့ကြောင့်ပြောင်းလဲနိုင်သည်"

ဟူ၍တည်း။

နောက်ဆုံးတွင်မူ ရဲဘော်မတင်ဝေ(ခ)မခင်ဆွေသည် မိမိအိမ်ထောင်ရေး အမှား ကျူးလွန်မှုများနှင့်ပတ်သက်၍ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီသို့ ဤသို့ပင် တင်ပြလေသည်။

"ပါတီဗဟိုကော်မီတီ။

ကျွန်မကျူးလွန်ခဲ့သည့် အိမ်ထောင်ရေးအမှား ကိစ္စနှင့်ပတ်သက်၍ သုံးသပ်တင်ပြအပ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မတင်ဝေ(၁) မခင်ဆွေ(၁) လင်ရှိကျင်၏ လက်ရေးမူ



မခင်ဆွေ၏ ဗဟိုကော်မီတီသို့ တင်ပြချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အိမ်ထောင်ရေးအမှားကို (၃) ကြိမ်တိုင်ကျူးလွန်ခဲ့ရာတွင် မှောက်မှောက်မှားမှားဖြစ်ခဲ့သော ဒုတိယနှင့် တတိယအကြိမ်တို့ကို ဖော်ပြ၍ ကျွန်မ၏ ထိုကာလရှိ တွေးခေါ်ယူဆပုံများကို သုံးသပ်တင်ပြပါမည်။ ရဲဘော်ဖေသောင်းနှင့် ဖြစ်သည့်ကိစ္စတွင် ရုပ်ဘဝအခြေအနေမှာ –

ကိုသက်တင်အနေဖြင့် ကျန်းမာရေးချို့တဲ့ပြီး ခလေးတွေနှင့် အိမ်မှုကိစ္စကိုကူညီသင့်သလောက် မကူညီနိုင်ခဲ့ပါ။ တဖက်တွင် ပတ်ဝန်းကျင်၏ ဩဇာ ဂယက်ကြောင့်တကြောင်း၊ ပထမအကြိမ် ဖြစ်ခဲ့သည့် မှားယွင်းမှုကြောင့်တကြောင်း ကျင်နာယုယမှုတွင် လျော့ပါး ခဲ့ပါသည်။ စိတ်မပျော်ခဲ့ပါ။ တဖက်က လေ့လာရေးတာဝန်လည်း လုပ်ရ၊ သူ့ကိုလည်းပြုစုရ၊ခလေးတွေ တာဝန်ကိုလည်း ကျွန်မတယောက်တည်းလိုလိုက ယူနေရသည့်အခြေအနေတွင် လေ့လာရေးဂရုစိုက်သည့် အခါတွင်အဘိုးကြီးဂရုမစိုက်ဟု ဝေဖန်ခံရပြီး ဂရုစိုက်၍လေ့လာရေး အချိန် နောက်ကျမှုများဖြစ်လျှင် လေ့လာရေးစိတ်မဝင်စားဟု ဝေဖန်ခံရသဖြင့် အတော်လေး စိတ်ပျက်မှုရှိပါသည်။

ဤအခြေအနေတွင် ရဲဘော်ဖေသောင်းအနေဖြင့် စာနာမှုရှိကာ ကူညီခဲ့ပါသည်။ ဤသို့ကူညီရင်း နီးစပ် ရင်းနှီးလာပြီး နှစ်ဖက်စလုံး တိမ်းညွတ်မှုရှိကာ နိုင်ငံရေးအသိ၊ စည်းကမ်းလိုက်နာရန်အသိ၊ လူ့ကျင့်တရားဆိုင်ရာ အမြင်တို့အရ ကိုယ့်ကိုယ်ကို မထိန်းနိုင်ပဲ မှောက်မှားခဲ့ပါသည်။ ဤအချိန်မှာ ၁၉၅၆-ခုနှစ်ကဖြစ်ပါသည်။



မတင်ဝေ (ခ) မခင်ဆွေ (ခ)
လင်ရှိကျင်

၅၇-တွင် ဘာသာပြန်တာဝန်အတွက် ပီကင်းသို့ရွှေ့ပြောင်းသွားပြီး ကိုသန်းမြိုင်က ကျွန်မတို့ကိစ္စကို တာဝန်ယူကိုင်တွယ်ပါသည်။”

ဤသည်မှာ ရဲဘော်မတင်ဝေ (ခ) မစိန်လှ (ခ) မခင်ဆွေ (ခ) (လင်ရှိကျင်) ၏၁၉၆၄-ခုနှစ် နိုဝင်ဘာလ တရက်နေ့စွဲဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မီတီသို့တင်ပြသည့် တင်ပြချက်ပင် ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(မှတ်ချက်။ ။ရဲဘော် မတင်ဝေ(ခ)မခင်ဆွေသည် ၁၉၆၄-ခုနှစ်တွင် မြစ်ဝကျွန်းပေါ်တိုင်းသို့ ဗဟိုဌာနချုပ်မှ တာဝန်ပေးအပ်ခြင်းကို ခံရပြီးနောက် ဗဟိုကော်မီတီအဖွဲ့ဝင် ရဲဘော်စိုးသန်းနှင့်အတူ မြစ်ဝကျွန်းပေါ်တိုင်းသို့ ခရီးထွက်ခွာခါနီးတွင် ဗဟိုကော်မီတီသို့တင်ပြခဲ့ခြင်းဖြစ်ပါသည်။

ရဲဘော်မတင်ဝေသည် အလံနီကွန်မြူနစ်ပါတီအတွင်းရေးမှူးချုပ် သခင်စိုး၏ဇနီး ရဲနီမယ်ငွေစံ၏ညီမဖြစ်ပါသည်။

စာရေးသူ)

ဤကဲ့သို့ တရုပ်ပြည်သို့ ရောက်ရှိနေကြသော အဝေးရောက် ဗဟိုကော်မီတီအဖွဲ့ဝင်တို့သည်လည်းကောင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဝေးရောက်ပါတီဝင်တို့သည်လည်းကောင်း အဝေးရောက်ဗဟိုကော်မီတီမှ ချမှတ်ထားသော ဆုံးဖြတ်ချက်များကို အကြောင်းအမျိုးမျိုးဖြင့် ချိုးဖောက်ခဲ့ကြလေသည်။

၁၉၆၀-ခုနှစ်နောက်ပိုင်းမှစ၍ တရုပ်ပြည်သို့ရောက်ရှိနေကြသော ဗမာပြည်ကွန်မြူနစ်ပါတီမှ ရဲဘော်များအား တရုပ်ပြည်ကွန်မြူနစ်ပါတီသည် စံနစ်တကျ ပင်စီစစ်ရွေးချယ်ပြီးနောက် သင့်လျော်သောတရုပ်အမျိုးသမီးများနှင့် နေရာချထားပြီး လက်ထပ်ထိမ်းမြားရ၍ပေးလေသည်။

ထိုသို့တရုပ်ပြည်ပါတီသည် မြန်မာရဲဘော်များကို မြန်မာအမည်ဖျောက်၍ တရုပ်အမည်သို့ပြောင်းစေ၏။ တရုပ်အမျိုးသမီးများနှင့်လည်း လက်ထပ်၍ပေးကြ၏။ဤသို့ဖြင့် တရုပ်ဇာတ်ကို သွင်းကြ၏။ ယင်းကိုပင် လူမျိုးစုံသွေးစည်းချစ်ကြည်ရေးဖြစ်သည်ဟုဆိုကြသည်။

တရုပ်ပြည်တွင် အဝေးရောက် ရဲဘော်များ စည်းကမ်းဖောက်ဖျက်၍ တရုပ်အမျိုးသမီးများနှင့် လက်ထပ်ကြခြင်းကို မြန်မာပြည်တွင် လုံးဝပင်လျှို့ဝှက်ထားစေခဲ့၏။ ၁၉၆၃-ခုနှစ်တွင်မူပီကင်းမှပြန်လာသော ရဲဘော်ရှိန်သည် အဝေးရောက် ဗဟိုကော်မီတီတို့၏ တရုပ်ပြည်တွင် စည်းကမ်းဖောက်ဖျက်မှုများနှင့်ပတ်သက်၍ ၁၉၆၄-ခုနှစ်တွင် နိုင်ငံရေးဦးဆောင်အဖွဲ့သို့ စာတမ်းတစောင်ကို ရေးသား၍ တင်ပြခဲ့၏၊ ယင်းစာတမ်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ နိုင်ငံရေးဦးဆောင်အဖွဲ့၏ "ထိပ်တန်းလျှို့ဝှက်"ဖြစ်လေသည်။

အဝေးရောက် ဗဟိုကော်မီတီတွင်း၌ စည်းကမ်းဖောက်ဖျက်မှုများနှင့်ပတ်သက်၍ တိကျသော အရေးယူခြင်းနှင့် အပစ်ပေးခြင်းများကိုလည်း ထိရောက်စွာကိုင်တွယ်စီစစ်ခြင်းများကို မပြုလုပ်ခဲ့ကြချေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော် သခင်သန်းမြိုင်ကို အရေးယူလိုက်နိုင်သော်လည်းရဲဘော်အောင်ကြီး၏ စည်းကမ်းဖောက်ဖျက်ကျူးလွန်မှုကိုမူ ဖုံးအုပ်၍ထားခဲ့ကြ၏။ မည်သူတဦးတယောက်မှမသိကြရ။အသိလည်းမပေးကြ။နောက်ဆုံးအထိ အရေးယူခြင်း အပြစ်ပေးခြင်းလည်း မပြုလိုက်ရတော့ပေ။

ထို့ကြောင့် ပီကင်းပြန်ရဲဘော်ရှိန်သည် ရဲဘော်အောင်ကြီး၏ စည်းရုံးရေး စည်းကမ်းဖောက်ဖျက်မှုများနှင့်ပတ်သက်၍ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ဤသို့ အလေးအနက်တင်ပြခဲ့သည်။

"(၃) စည်းရုံးရေး စည်းကမ်းဖောက်ထားသော ပေါ်လစ်ဗြူရို သခင်သန်းမြိုင်နှင့်တကွ ရဲဘော်အောင်ကြီးတို့ကို ဘယ်လိုသဘောထားပါသလဲ။"

အလေးနီဖြင့်
လေးစားစွာဖြင့်
ဖောင်ရှိန်
၁၄၊၁၁၊၆၄
၁၃၃၀-နှာမှို။



ရဲဘော်ရှိန်(ခ) ထွန်းလှ၏ လက်ရေးမူနှင့်လက်မှတ်

တရုပ်ပြည်တွင် အဝေးရောက် ဗဟိုကော်မီတီတို့သည် စည်းကမ်းများကို ချိုးဖောက်ခဲ့ကြ၏။ အဆင့်ဆင့်သော အောက်ခြေ ကော်မီတီများနှင့် ကေဒါများသည်လည်း ဗဟိုကော်မီတီများ နည်းတူပင်ဖြစ်ကြ၏။ မည်သူကိုမှ အုပ်မနိုင်ထိန်းမရတော့ချေ။ ခေါင်ကပင်စ၍ မိုးမလုံခြင်းဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တရုပ်ပြည်ကွန်မြူနစ်ပါတီကလည်း ဗမာပြည်မှ ရဲဘော်များကို တရုပ်ပြည် ကွန်မြူနစ်ပါတီမှ လေ့ကျင့်၍ပေးထားသော တရုပ်အမျိုးသမီး ကေဒါများနှင့် အိမ်ထောင်ပြုရန်အတွက် ရွေးဆောင်လမ်းညွှန်ခဲ့သည်။

"မင်းတို့ဗမာပြည်က ရဲဘော်တွေ အိမ်ထောင်ပြုရင် တို့ပါတီက လေ့ကျင့် ပေးထားတဲ့ အမျိုးသမီးတွေနဲ့သာ အိမ်ထောင်ပြုကြဖို့လိုတယ်။ အရှည်မှာ မင်းတို့တိုင်းပြည်ရဲ့ တော်လှန်ရေးကိုလဲ အထောက်အကူပြုသွားလိမ့်မယ်။ ကာ လတခုရောက်ရင် မင်းတို့လက်ထပ်ထားတဲ့ အမျိုးသမီးတွေဟာ မင်းတို့နဲ့အတူ ဗမာပြည်ကိုလိုက်ပြီး မင်းတို့တိုင်းပြည်ရဲ့ တော်လှန်ရေးကို အထောက်အကူ ပြု နိုင်မှာဖြစ်တယ်။ တို့ပါတီကတော့ ဒါကိုနိုင်ငံတကာ့ လူမျိုးစုံ ချစ်ကြည်ရေး ဝါဒအရစဉ်းစားပြီး လမ်းညွှန်တာဖြစ်တယ်။"

ထို့ပြင်တရုပ်ပြည် ကွန်မြူနစ်ပါတီသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဝေး ရောက် ရဲဘော်များကို နိုင်ငံတကာ့လူမျိုးစုံ ချစ်ကြည်ရေး ဝါဒ အရ ဟုဆိုကာ တရုပ် အမျိုးသမီးများနှင့် အိမ်ထောင်ပြုကြရန်အတွက် လမ်းညွှန် ချက်များကို ပြုခဲ့၏။ လက်တွေ့အားဖြင့် စီမံခန့်ခွဲမှုတို့ကိုလည်း စနစ်တကျပင် စီစဉ်လုပ်ဆောင်ပေးခဲ့သည်။

တရုပ်ပြည်သို့ ရောက်ရှိနေကြသော အဝေးရောက်ပါတီမှ ရဲဘော်များသည် အားလုံးတစုတည်းတည်း နေထိုင်ခြင်းမပြုကြရချေ။ တသီးတခြားစီပင် နေရာ ချထား၍ ပေး၏။ စောစောပိုင်းတွင် မိမိတို့၏ဗဟိုကော်မီတီများနှင့်ပင် တွေ့ဆုံ ခွင့်မပြုပေ။ ဗဟိုကော်မီတီများကိုလည်း တဦးစီပင် ခွဲခြား၍ နေရာချထား၏။ ထို့ပြင် ပြည်သောင်းကျန်းမှုကိုင်ငံတော် အစိုးရနှင့် တရုပ်ပြည်သူ့သမတ နိုင်ငံ တို့၏မူကြီး ၅-ချက်အရဟုဆိုကာ အတူးလျှို့ဝှက် နေထိုင်စေခဲ့၏။ အုတ်နံရံ များဖြင့်အလုံပိတ်၍ထားသော အဆောက်အဦများ အတွင်းတွင်သာထား၏။ လုံခြုံရေးအတွက်ဟုဆိုကာ ကင်းများကိုအထပ်ထပ်ချ၍ထားလေသည်။

နောက်ပိုင်းတွင်မူ အဝေးရောက် ဗဟိုကော်မီတီတို့အား သီးသန့် အိမ်များ ပေးပြီး စုထား၍ထား၏။ ထို့ပြင် အထက်တန်းလွှာတို့၏ အဆောင် အယောင် တို့ကို ပေး၍ နေရာချထား၏။ အစားအစာများကိုလည်း အထူးပင် စီစဉ် ပေး၍ ပြုစုကြလေသည်။

ပီကင်းမြို့တွင်ရှိသော အဝေးရောက် ဗဟိုကော်မီတီ၏ ဌာနချုပ်တွင် အမြဲလို ရှိနေသူမှာသခင်ဘတင်းတည်းသာလျှင်ဖြစ်၏။ကျန်ဗဟိုကော်မီတီအဖွဲ့ဝင်တို့သည် အကြောင်းအမျိုးမျိုးဖြင့် ခရီးထွက်နေကြ၏။ အပြည်ပြည်သို့လည်းလှည့်လည် နေကြ၏။အချို့မှာမူ ဆေးရုံတွင်သာတက်ရောက်၍ ဆေးကုသည်ဟုဆိုကာ အ နားယူ၍ နေကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခြေအနေကောက် ဗဟိုကော်မီတီအတွင်းတွင် စုစည်းစွာ ညီညီ ညွတ်ညွတ် မရှိချေ။ တဦးနှင့်တဦး အခနအထိုင်လည်းဝေး၏။ ဆက်ဆံမှုလည်း မရှိကြပေ။ အယူအဆနှင့်အမြင်တို့တွင်လည်း ဆိုးဝေမှုမရှိကြ။ ဆန့်ကျင်ဘက်ပင်ဖြစ်နေကြ၏။ ဂိုဏ်းဂဏဖြစ်နေကြ၏။ ဆာနွဲ့ဖြစ်နေကြ၏။ တရုတ်ပြည်သို့ဦးဆုံးရောက်သူနှင့် နောက်ရောက်သူဟူ၍ ဖြစ်ရလေသည်။

၁၉၅၀-ခုနှစ်တွင် တရုတ်ပြည်သို့ဦးစွာ ကြိုတင်၍ရောက်ရှိနေသောသူများ သည် နောက်မှရောက်လာသူများအား အထင်သေးကြ၏။ ဂရုလည်းမစိုက်ကြ ချေ။ ထို့ကြောင့်အသွင်ကူးသူချင်းသာ စုစည်းကြ၏။ စုဝေးကြ၏။

တရုတ်ပြည်သို့ ရှေးဦးစွာ ရောက်ရှိနေကြသော ရဲဘော်အောင်ကြီးနှင့် ဗိုလ် သန်းရွှေတို့သည် တရုတ်ပြည်သို့ "ပညာတော်သင်"များ အဖြစ်စေလွှတ်ထား သည့် ပယေးအသုတ်မှ ရဲဘော်များအား စုစည်း၍ထားသိုကြသည်။

ထိုသူတို့မှာ—

(၁)	ရဲဘော်အောင်ဝင်း	(တောင်ငူ)
(၂)	ရဲဘော်မျိုးတင့်	(ပြည်ကြီး)
(၃)	ရဲဘော်ညို	(ဝမ်းရေ)
(၄)	ဗိုလ်တိုက်အောင်	(ဝင်းရင်)
(၅)	ရဲဘော် နေဝင်း (ပိုက်ကလား)	(ရန်ကုန်)
(၆)	ရဲဘော် ချမ်းမောင်	(ချင်းကျွန်)
(၇)	ရဲဘော် ကျော်ဇော	(ကြီးယိမ်)
(၈)	ရဲဘော် သန်းဝင်း	(ချင်းယံ)
(၉)	ဗိုလ်တွန်းမြင့်	(လီကြီး)

စသည်တို့ ဖြစ်ကြလေသည်။

ယင်းသူတို့မှာ ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဝေးရောက်ပါတီ ကော်မီတီ များလည်း ဖြစ်ကြ၏။ ထိုအချိန်မှစ၍ အဝေးရောက် ပါတီ ကော်မီတီသည် ရဲဘော်အောင်ကြီးနှင့် ဗိုလ်သန်းရွှေတို့ ခေါင်းစောင် ကျောရိုးများ အဖြစ်ဖြင့် လှုပ် ရှား ခဲ့ကြလေသည်။

ထိုအချိန်တွင် အဝေးရောက်ပါတီမှ ရဲဘော်များထံသို့ ရဲဘော် အောင်ကြီး နှင့် ဗိုလ်သန်းရွှေတို့မှလွဲ၍ အခြား မည်သည့် ဗဟိုကော်မီတီ တဦးတယောက်နှင့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မျှ တွေ့ဆုံခွင့်မပြုချေ။ ထို့ကြောင့် ရဲဘော် အောင်ကြီးနှင့် ဗိုလ်သန်းရွှေတို့မှာ ကျောရိုးများကို မေးမြန်းရန်အတွက် အခွင့်အလမ်းများကို ပိုမို၍ ရရှိခဲ့ကြသည်။

၁၉၅၆-ခုနှစ် နောက်ပိုင်းတွင်မှ အဝေးရောက် ဗဟို ကော်မီတီတို့သည် ဆုံစည်းခွင့်ကို ရရှိကြတော့၏။ ထိုအချိန်မှစ၍ အခြားသော အဝေးရောက် ဗဟို ကော်မီတီများသည်လည်း အဝေးရောက်ပါတီမှ ရဲဘော်များ နေထိုင်ရာသို့ သွားရောက် တွေ့ဆုံခွင့်ကို ပြုလေတော့သည်။

ထိုအခါ၌ ရဲဘော်အောင်ကြီးနှင့် ဗိုလ်သန်းရွှေတို့သည် မိမိတို့ အခြေခံထားသော ကျောရိုးများမှတဆင့် ကေဒါအများစုကြီးကို စည်းရုံး၍ ထားနိုင်ခဲ့သည်။

ထို့နောက် ရဲဘော်အောင်ကြီးနှင့် ဗိုလ်သန်းရွှေတို့၏ အစုတွင် အဝေးရောက် ဗဟိုကော်မီတီ တဦးဖြစ်သော သခင်သန်းမြိုင်သည်လည်း ပါဝင် သွားတော့၏။ အသွင်တူသူများ ပေါင်းဖက် တွေ့ကြခြင်းပင် ဖြစ်လေသည်။

သခင်သန်းမြိုင်နှင့် ရဲဘော်အောင်ကြီးတို့ ခေါင်းဆောင်သော အုပ်စုသည် အဝေးရောက် ပါတီ၏ဌာနချုပ်တွင် အဝေးရောက်ပါတီ၏ကြေးကြော်သံအဖြစ်ဖြင့် "လေ့လာရေးဂျာနယ်"ကို ထုတ်ဝေကြ၏။ ယင်း ဂျာနယ်၏ အယ်ဒီတာ အဖွဲ့တခုလုံးကို သခင်သန်းမြိုင်နှင့် ရဲဘော်အောင်ကြီးတို့မှ ရွေးချယ်၍ တာဝန် ပေးထားခြင်းဖြစ်သည်။

ထို့ကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဝေးရောက်ပါတီနှင့် အဝေးရောက် ဗဟို ကော်မီတီအတွင်းတွင် အယူအဆနှင့် အတွေးအခေါ်တိုက်ပွဲသည် ပေါ်လွင်၍ လာတော့၏။ ပြင်းထန်၍ လာ၏။ မထိတထိ ကလိ၍ရေးသည့် ဆောင်းပါးများဖြင့်လည်းပေါ်ပြ၏။ ကွဲလွဲချက်များသည် တနေ့တခြား ပို၍ပို၍ ဆိုးဝါးသာလာတော့၏။ နောက်ဆုံးတွင် အစုတစုနှင့်တစု တဦးနှင့်တဦးပင် မျက်နှာချင်းဆိုင်၍ မရကြတော့ချေ။

သခင်ဘသိန်းတင်၊ သခင်ပုနှင့် ဗိုလ်ဇေယျတို့ခေါင်းဆောင်သော အုပ်စုသည်လည်း မိမိတို့ရပ်တည်မှုများနှင့်အတူပင် ဆန့်ကျင်ဖက် အုပ်စုအား နည်းမျိုးစုံဖြင့် ဖိလာပြု၍နေကြ၏။ အတောမသတ်သော တိုက်ခိုက် နည်းများဖြင့်လည်း ထိုးနှက်၍ နေကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဝေးရောက် ဗဟိုကော်မီတီများသည် ဇီချမ်ပြည်နယ် ချုံကင်းမြို့အနီး၌ ရှိသော နန်းချင်း ရေပူစမ်းစခန်းမှ အပန်းဖြေရိပ်သာတွင်စုဝေးကြ၏။ အနားယူနေကြ၏။ ကိုယ့်အဖွဲ့နှင့်ကိုယ်ဖြစ်ကြ၏။ အပန်းဖြေ ရိပ်သာမှာအဝေးရောက် ဗဟိုကော်မီတီများအတွက် တသီးတသန့် အထူးပင် စီစဉ်ပေးထားခြင်း ဖြစ်လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဝေးရောက် ဗဟို ကော်မီတီများသည် အပန်းဖြေရိပ်သာတွင် ညနေတိုင်းအချိန်မှန် စားကြသောက်ကြ၏။ အပန်းဖြေ ရိပ်သာတွင် အရက်မျိုးစုံကိုလည်း တရုပ်ပြည် ကွန်မြူနစ်ပါတီမှထားပေး၏။ တရုပ်ပြည်မှ ထွက်သည့် မောက်ထိုင်အရက် အမျိုးအစားအပါအဝင် အခြားသော တရုပ် အရက်များ၊ ဆိုဗီယက်ရုရှားမှ ဗေါ့ဒ်ကာအရက်လည်း ရှိ၏။ ဝီစကီ၊ ဘရန်ဒီတို့လည်း အစုံအလင်အများအပြားပင် ရှိလေသည်။

တနေ့သောညနေတွင် ဖြစ်၏။ အပန်းဖြေရိပ်သာတွင် အဝေးရောက် ဗဟိုကော်မီတီများသည် ကြိုက်ရာအရက်မျိုးစုံကို ရွေး၍ သောက်နေကြ၏။ ရဲဘော်အောင်ကြီးနှင့် ဗိုလ်သန်းရွှေတို့မှာ အပန်းဖြေသို့ ကြိုတင်ရောက်နှင့်ပြီး အရက်များကို သောက်နှင့်နေကြ၏။ ထို့နောက် ဗိုလ်ဇေယျတို့သည်လည်း ရောက်ရှိသွားကြ၏။ဗိုလ်ဇေယျသည် အရက်မသောက်တော့ကြောင်း ကျေညာလိုက်၏။ ယင်းသို့ကျေညာပြီး တိတ်ရီကော်တာကိုဖွင့်၍ သီချင်း နားထောင်နေ၏။ ထိုအချိန်တွင် ရဲဘော်အောင်ကြီးက "ဗိုလ်ဇေယျဆိုတဲ့လူက လူလယ်လုပ်တာပါ" ဟု ဗိုလ်သန်းရွှေအား လှမ်း၍ ပြောလိုက်၏။ ရဲဘော် အောင်ကြီးသည် မကြားတကြား တိုးတိုးပြောဆိုခြင်းမဟုတ်ပေ။အသံကိုမြှင့်၍ပြောဆိုလိုက်ခြင်း ဖြစ်၏။ ထိုအခါတွင်အနီးတွင်ရှိနေသောဗိုလ်ဇေယျသည် ရဲဘော်အောင်ကြီး၏ အနားသို့ ကပ်သွား၏။ ရဲဘော် အောင်ကြီး၏ ရင်ပတ်မှ အင်္ကျီကို ရုတ်တရက်ဆွဲလိုက်ပြီး "မင်း....ဘာလုပ်ပါးဝတာလဲ"ဟုဆိုကာ လက်သီးနှင့် ထိုးလိုက်၏။ အနီးအနားတွင်ရှိသော ရဲဘော် များသည်ဗိုလ်ဇေယျအားဝိုင်းဝန်း၍ ဆွဲထား လိုက်ကြလေသည်။

ဤသည်မှာဗမာပြည်ကွန်မြူနစ်ပါတီ အဝေးရောက် ဗဟိုကော်မီတီအတွင်းမှ နောင်ဂျိန်ခဏ်း၏ ပွဲတပွဲမျှသာဖြစ်သည်။

၁၉၅၇-၅၈ ခုနှစ်တွင် တရုပ်ပြည်သို့ ရောက်ရှိနေကြသော ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဝေးရောက်ပါတီမှ ရဲဘော်များသည် ဗမာပြည်သို့ အခါအခွင့်ရပါက ပြန်ရေး မပြန်ရေးဟူ၍ ပြဿနာတရပ်ပေါ်ပေါက်ခဲ့၏။ ယင်းပြဿနာကို အဝေးရောက်ဗဟိုကော်မီတီတွင် စဉ်းစားခဲ့ကြ၏။ အဝေးရောက်ဗဟိုကော်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မိတီတွင်တဝက်သည် ပြန့်ရေးဖက်မှ ရပ်တည်၏။ ကျန်တဝက်သည် မပြန့်ရေး ဖက်မှ ရပ်တည်၏။ ထို့ကြောင့် ပြန့်ရေးမပြန့်ရေးကို ဆုံးဖြတ်ချက် ချမှတ်၍ မရနိုင်ကြတော့။ တပိုင်းတစပြင့် အခက်အခဲနှင့် ကြုံတွေ့နေကြရလေသည်။

ထိုအချိန်တွင် ဗိုလ်ဇေယျသည် ယင်းပြဿနာနှင့် ပတ်သက်၍ ကြားဖြတ် အဆိုပြုချက်တရပ်ကို တင်ပြလိုက်၏။ ထိုအဆိုပြုချက်မှာ "အဝေးရောက် ပါတီမှ ရဲဘော်များအား တရုပ်ပြည်ဆိုရှယ်လစ် တည်ဆောက်ရေး ခုန်ပျံကျော်လွှား ချီတက်မှုကြီး၏ အတွေ့အကြုံများကို ရယူနိုင်ရန် အတွက် တရုပ်ပြည် ဒေသ အနှံ့ သီးသီးသို့ ဖြန့်ခွဲ၍ပို့သင့်သည်" ဟူ၍ ဖြစ်သောသည်။

ယင်းသို့သော ဗိုလ်ဇေယျ၏အဆိုပြုချက်ကို သခင်ဘသိန်းတင်နှင့် သခင်ပုတို့က ထောက်ခံကြလေသည်။

သခင်သန်းမြိုင်၊ ရဲဘော်အောင်ကြီးနှင့် ဗိုလ်သန်းရွှေတို့ကမူ "နယ်များသို့ ဖြန့်ခွဲမပို့ရေး" ဟူ၍ပင် ရပ်တည်ပြီး တင်ပြသည်။

ဤသို့ဖြင့် အဝေးရောက် ဗဟိုကော်မီတီတွင် သခင်ဘသိန်းတင် ခေါင်း ဆောင်သော သခင်ပု၊ ဗိုလ်ဇေယျတို့ပါဝင်သော အုပ်စုသည် တစုဖြစ်၏။ သခင် သန်းမြိုင် ခေါင်းဆောင်သော ရဲဘော်အောင်ကြီး၊ ဗိုလ်သန်းရွှေတို့သည် အုပ်စု တစုဖြစ်၏။ အဝေးရောက် ဗဟိုကော်မီတီတွင် အုပ်စုနှစ်စုသည် အထင်အရှား တည်ရှိလျက် ဂိုဏ်းအုပ်စုတိုက်ပွဲများကို အဆက်မပြတ်ပင် ဆင်နွှဲ၍ နေကြလေ တော့သည်။

ထိုသို့ တရုပ်ပြည်သို့ ရောက်ရှိနေသော အဝေးရောက် ဗဟို ကော်မီတီသည် အချင်းချင်း ဂိုဏ်းအုပ်စုများ ကွဲနေပြီး မညီမညွတ် ဖြစ်နေသော်လည်း၊ တရုပ် ပြည် ကွန်မြူနစ်ပါတီ၏ ညွှန်ကြားချက်များကိုမူ တညီတညွတ်တည်း နာခံ ကြ၏။ တပုံးတပေါင်းတည်း လိုက်နာကြ၏။ တသွေမတိမ်းပင် ပြုလုပ်ဆောင် ကြလေသည်။

၁၉၅၇-ခုနှစ်တွင်ဖြစ်၏။ တရုပ်ပြည်ကွန်မြူနစ်ပါတီသည် တရုပ်ပြည်တပြည် လုံးတွင် "ဖန်ယိုပိုက်ယင်တုံ့" ဟုခေါ်သော "လက်ျာ ဂိုဏ်းဆန့်ကျင်ရေး လှုပ်ရှားမှု"ကို ပြုလုပ်ခဲ့၏။ ယင်းလှုပ်ရှားမှုကို ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဝေးရောက် ဗဟိုကော်မီတီကလည်း အဝေးရောက်ပါတီမှ ရဲဘော်များသာနေ ထိုင်သော ကျောင်းအတွင်း၌ ပြုလုပ်ကြရ၏။ ယင်းလှုပ်ရှားမှု၏ အကျိုး သက်ရောက်မှုမှာမူ အဝေးရောက်ပါတီမှ ရဲဘော်များအတွင်း၌ အယူအဆကွဲလွဲ မှုများပို၍ပို၍ဖြစ်ကာ ဘယ်ယိမ်းကျမှုများနှင့် ကြုံရတွေ့ကြရ၏။ အချို့သောရဲ ဘော်များကို အရေးယူ၍ အပယ်ပေးလိုက်ကြရတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင်တရုပ်ပြည် ကွန်မြူနစ်ပါတီသည် တရုပ်ပြည် ဆိုရှယ်လစ် တည်ဆောက်ရေး ခုန်ပျံကျော်လွှား ခါတက်မှုကြီးအတွက်၊ မြေယာစိုက်ပျိုးရေးအတွက်ကြွေးကြော်သံတရပ်ကိုသုတ်၍ တရုပ်ပြည်တပြည်လုံးသို့ ညွှန်ကြားလိုက်လေသည်။

“နက်နက်တူး၊ စိပ်စိပ်စိုက်၊ မြေဩဇာ များများကျွေး” ဟူ၍ဖြစ်သည်။

ဤညွှန်ကြားချက်သည် ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဝေးရောက်ပါတီအတွက်ပါ အကျုံးဝင်သည်ဟု အဝေးရောက် ကော်မီတီကခံယူ၏။ ထို့ကြောင့် အဝေးရောက် ဗဟိုကော်မီတီ၏ ခေါင်းဆောင်မှုအောက်တွင် အဝေးရောက်ပါတီမှ ရဲဘော်များသည် လိုက်နာအကောင်အထည် ဖော်ကြကော့၏။ အဝေးရောက်ပါတီမှ ရဲဘော်များနေထိုင်သော ကျောင်းဝင်းအတွင်းတွင် မြေကတမတ်မျှကျယ်သော မြေကွက်တကွက်ရှိ၏။ ယင်းမြေကွက်အား တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ ညွှန်ကြားချက် အတိုင်း ပင် အသီးအနှံများကို စိုက်ရန်အတွက် နက်နက်လည်းတူး၏၊ စိပ်စိပ်လည်းစိုက်၏၊ မြေဩဇာ များများလည်း ကျွေးကာ အဝေးရောက်ပါတီမှ ရဲဘော်ပေါင်း တရာကျော်သည် တက်တက်ကြွကြွပင် စိုက်ပျိုးကြ၏။ တရုပ်ပြည် ကွန်မြူနစ်ပါတီ၏ ညွှန်ကြားချက်အတိုင်း တသွေမတိမ်းပင် အကောင်အထည်ဖော်ကြလေသည်။

သို့သော်လည်း အသီးအနှံပင်များကား ဖြစ်ထွန်း၍ မလာတော့ချေ။ မြေကွက်ကျဉ်းကျဉ်းကလေးနှင့် မမျှအောင် စိပ်စိပ်စိုက် မြေဩဇာများများကျွေးကြသဖြင့် အားလုံးပင်ပုတ်ပြီး သေကုန်ကြလေတော့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဝေးရောက် ပါတီနှင့် အဝေးရောက် ဗဟိုကော်မီတီသည် ဗမာပြည်တွင်ရှိသော ပြည်တွင်းပါတီနှင့်ဗဟိုကော်မီတီ၏အစိတ်အပိုင်းပင်ဖြစ်၏။ ထို့ကြောင့်ပြည်တွင်းပါတီ၏ လုပ်ငန်းစဉ်လမ်းစဉ် များကိုသာ လိုက်နာရမည်ဖြစ်၏။ သို့သော်လည်း တရုပ်ပြည်တွင် ရောက်ရှိနေသော အဝေးရောက်ပါတီနှင့် အဝေးရောက် ဗဟိုကော်မီတီသည် ပြည်တွင်းပါတီနှင့် ပြည်တွင်းဗဟိုကော်မီတီ၏ အလက်အမွဲအနည်း အပြစ်ဖြင့်ပင် တည်ရှိနေတော့၏။ ပြည်တွင်းဗမာပြည် ကွန်မြူနစ်ပါတီအတွက် လုပ်ငန်းစဉ်လမ်းစဉ်တို့ကိုလည်း အဝေးရောက် ဗဟိုကော်မီတီမှတဆင့် တရုပ်ပြည်ကွန်မြူနစ်ပါတီဗဟိုကော်မီတီမှပင်ရေးဆွဲ၍ ချမှတ်ပေးလေသည်။

ထို့ကြောင့် တရုပ်ပြည်တွင်ရှိသောဗမာပြည်ကွန်မြူနစ်ပါတီ၏ အဝေးရောက် ဗဟိုကော်မီတီသည် တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ ညွှန်ကြားချက်များကို ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီသို့ ပို့ပေးခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီကလည်းတရုပ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ၏ ညွှန်ကြားချက်မှန်သမျှကို မူရင်းအတိုင်းပင် ဗမာပြည်၌ အကောင်အထည်ဖော်ခဲ့ကြသည်သာဖြစ်သည်။

တရုပ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီသည် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဗမာပြည်တော်လှန်ရေးအား အကူအညီပေးရန်အတွက် တရုပ်မြေအောက်ကေဒါများကို ယင်းအန်းတွင် ကြိုတင်၍ လေ့ကျင့်ပေးခဲ့၏။ ယင်းသို့လေ့ကျင့်ပေးခဲ့သော တရုပ်ကေဒါများအား ဗမာပြည်သို့ပင်လယ်ရပ်ခြားရောက် တရုပ်အမျိုးသားများအသင်းမှတဆင့် ပို့ပေးခဲ့လေသည်။

(မှတ်ချက်။ ။ပင်လယ်ရပ်ခြားရောက် တရုပ် အမျိုးသားများအသင်းအား တရုပ် ဘာသာ ဖြင့် "ဝါချောင်ကျူဇစ်ဟွေ့" ဟု ခေါ်ကြပါသည်။ စာရေးသူ)

ယင်းတရုပ်ပြည်ကွန်မြူနစ်ပါတီ၏ မြေအောက်ကေဒါများသည်။ ၁၉၅၀-ခုနှစ်နောက်ပိုင်းတွင် ရမည်းသင်းခရိုင် ပျဉ်းမနားမြို့နယ် အနောက်ခြမ်းတွင်ရှိသော ဘုရားတောင် ပိတက်ရွာအနီးတွင် ရှိသည့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုဌာနချုပ်သို့ ရန်ကုန်မြို့မှတဆင့် ရောက်ရှိ၍လာခဲ့ကြသည်။

(မှတ်ချက်။ ။ထိုစဉ်က ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၏ စခန်းအခည်များမှာ "အင်ကြင်းစခန်း" "သဇင်စခန်း" "ရွှေဝါစခန်း"စသည်တို့ဖြစ်၏။ ဗဟိုစစ်ဦးစီး ဌာနချုပ်စခန်း၏အမည်မှာ "အင်တိုင်းစခန်း" "နေကြာစခန်း"များဖြစ်ပါသည်။ စာရေးသူ)

ထိုအချိန်မှစ၍တရုပ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီတို့သည် တိုက်ရိုက်ကြိုးမဲ့ကြေးနန်းနှင့် အဆက်အသွယ်များရှိခဲ့၏။ တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ ညွှန်ကြားချက်များကိုလည်း တိုက်ရိုက်ပင်ရရှိခဲ့သည်။

ယင်းကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးဌာနကို "ပါတီကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးဌာန"ဟုခေါ်၏။ ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေး လုပ်ငန်းများနှင့် လျှို့ဝှက်စာလုပ်ငန်းများကို တရုပ်ပြည်ကွန်မြူနစ်ပါတီမှ အထူး လေ့ကျင့်ပေးလိုက်သော တရုပ်ပြည်ကွန်မြူနစ်ပါတီမှ ကေဒါများ ကိုယ်တိုင်လုပ်ဆောင်ကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင် တရုပ်ပြည်ကွန်မြူနစ်ပါတီမှ လွှတ်လိုက်သည့်ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးနှင့် လျှို့ဝှက်လုပ်ငန်းကျွမ်းကျင်သူတရုပ်ပြည်ကွန်မြူနစ်ပါတီ၏ ကေဒါများသည် ဗမာပြည်တွင်းတွင် ဗမာ့တပ်မတော်၏စစ်ဆင်ရေးအမိန့်များ၊ ဗမာပြည်အစိုးရ၏ ဆက်သွယ်ရေးလုပ်ငန်းများတွင် အသုံးပြုသော မြန်မာပြည်အစိုးရ၏ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးလုပ်ငန်းများကိုလည်း ကြားဖြတ်၍ဖမ်းယူသည့်အလုပ်ကိုလည်း လုပ်ဆောင်ကြ၏။ ဗမာပြည်အစိုးရ၏ ကြိုးမဲ့ကြေးနန်းဌာနတွင် အသုံးပြုသော ထိပ်တန်းလျှို့ဝှက်စာများကိုလည်း ဖော်ကြ၏။ ဗမာ့တပ်မတော်၏ စစ်ဆင်ရေးအမိန့်များနှင့် ဗမာ့တပ်မတော် စစ်ကြောင်းများ၏ လှုပ်ရှားမှုများကိုလည်း အမြဲတမ်းပင်သိရှိအောင် ဖမ်းယူ၍ လျှို့ဝှက်စာများကို ဖော်ယူခဲ့ကြလေသည်။

ထိုစဉ်က ပါတီ၏ ကြိုးမဲ့ကြေးနန်းဌာနတခုလုံးအား တာဝန်ခံ၍ထားသူမှာ သခင်ဘသိန်းတင်ဖြစ်၏။ သခင်ဘသိန်းတင်ကိုယ်တိုင်ပင် အထူးလျှို့ဝှက်စွာဖြင့် ချုပ်ကိုင်ထားသည်။ သခင်ဘသိန်းတင်အား တရုပ်ပြည်ကွန်မြူနစ်ပါတီမှ ခေါ်ယူလိုက်သောအခါတွင် ပါတီ၏ ကြိုးမဲ့ကြေးနန်းဌာနအား သခင် သန်းထွန်းကိုယ်တိုင်ပင် တာဝန်ခံ၍ အုပ်ချုပ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် တရုပ်ပြည်နှင့် ကြိုးမဲ့ကြေးနန်းအဆက် အသွယ်မှာမူ မပြတ်ခဲ့ပေ။ တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ ညွှန်ကြားချက်များကို အမြဲတန်းပင် ရရှိခဲ့သည်။

တရုပ်ပြည်နှင့် ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းကို လျှို့ဝှက်အမည်ပေးထား၏။ ယင်းမှာ "ပီတောက်" ဟူ၍ဖြစ်၏။ သခင်ဘသိန်းတင်သည် ကြိုးမဲ့ကြေးနန်းနှင့် အသုံးပြုရာတွင် လျှို့ဝှက်အမည်မှာ "ရန်ရှင်း" ဖြစ်၏။ သခင်သန်းထွန်း၏ လျှို့ဝှက်အမည်မှာမူ "အောင်စိုး" ဖြစ်သည်။

တရုပ်ပြည်ကွန်မြူနစ်ပါတီမှ သခင်ဘသိန်းတင်တို့သည် တရုပ်ပြည် ကွန်မြူနစ်ပါတီဗဟိုကော်မီတီအား "အစ်ကိုကြီး" ဟူ၍လျှို့ဝှက်အမည်ပေးထား၏။ ထို့ပြင် "ဖေဖေ" ဟူ၍ အသုံးပြုရန်လည်း ကြိုးမဲ့ကြေးနန်းနှင့်အသုံးပြုရာတွင် လျှို့ဝှက်စွာ သတ်မှတ်ထားလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီသည် မိမိတို့၏အတွေ့အကြုံများကို စုစည်း၍ ကိုယ်ပိုင်လမ်းစဉ်တရပ်ကိုချမှတ်နိုင်ရန်အတွက် မည်သည့်အခါမျှ စွမ်းဆောင်နိုင်ခဲ့သည်မရှိချေ။

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

ထို့ပြင် တရုပ်ပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီကလည်း ဗမာပြည်ကွန်မြူနစ်ပါတီအတွက် လမ်းစဉ်၊ လုပ်ငန်းစဉ်၊ ပေါ်လစီဟူ့ကို အမြဲဘန်းပင်ချမှတ်၍ ပေး၏။ ယင်းတို့ကိုလည်း ကြိုးမဲ့ကြေးနန်းဖြင့်ပင် ပို့ပေးခဲ့လေသည်။

၁၉၅၅-ခုနှစ် ဇွန်လတွင် ကျင်းပသော ဗမာပြည် ကွန်မြူနစ်ပါတီအတွက် လမ်းစဉ်တရပ်ကို တရုပ်ပြည်ကွန်မြူနစ်ပါတီနှင့် ဆိုဗီယက်ယူနီယံ ကွန်မြူနစ် ပါတီတို့မှ ဦးစီး၍ အပြည့်အစုံသုံးသပ်ရေးဆွဲ၍ ချမှတ်ပေးခဲ့၏။ ယင်းလမ်းစဉ် လုပ်ငန်းစဉ်ကို "ပြည်တွင်းငြိမ်းချမ်းရေး ပြည်ပငြိမ်းချမ်းရေး လမ်းစဉ်" ဟု အမည်ပေးထားသည်။

(မှတ်ချက်။ ။ယင်း "ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်ပငြိမ်းချမ်းရေးလမ်းစဉ်"ကိုပင် "၅၅ လမ်းစဉ်" ဟုခေါ်ဆိုကြပါသည်။စာရေးသူ)

ယင်း ၅၅ လမ်းစဉ်ကို တရုပ်ပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီမှ ဗမာပြည်သို့ပေးပို့သောအခါတွင် သခင်ဘသိန်းတင်သည် [illegible] ရေး၍ ပေးလေသည်။

"အောင်နိုးသို့........ရန်ရှင်းမှ-

ယခုပေးပို့လိုက်သည့် ပစ္စည်းများမှာ အောင်[illegible] ဖေဖေထံမှ ပို့လိုက်ခြင်းဖြစ်သည်။ ဖေဖေဆီမှ ပစ္စည်းကိုလုံးဝ ပြင်ဆင် ဖြည့်စွက်ခြင်းမပြုပဲ ပေးကမ်းပါ"

ဤသို့သခင်ဘသိန်းတင်သည် သခင်သန်းထွန်းထံသို့ အမှာစာကို ကြိုးမဲ့ကြေးနန်းဖြင့်ပို့၍ ချက်ခြင်းပင် "၅၅ လမ်းစဉ်"၏ မူရင်းကိုလည်း ကြိုးမဲ့ ကြေးနန်းဖြင့်ပင်၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီအစည်းအဝေးသို့ ထိပ်တန်းလျှို့ဝှက်စာဖြင့် တိုက်ရိုက်ပေးပို့ခဲ့သည်။

ထို့ကြောင့်ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီသည် "ဖေဖေ" ထံမှ ပေးပို့သော "၅၅၊ လမ်းစဉ်" မူရင်းကို "၏၊ သည်၊ ၍၊ ဥဒ်၊ရင်း" ဟူသည့် စာလုံးများကိုပင် ပြင်ဆင်ဖြည့်စွက်ခြင်း မပြုတော့ပဲ "ဗမာပြည် ကွန်မြူနစ် ပါတီ ဗဟိုကော်မီတီ၏ ဆုံးဖြတ်ချက်" ဟုဆိုကာ ပါတီတွင်းသို့ ချပြ၍ရှင်းလင်း ခဲ့ရသည်။

ထို့နောက် ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဦးနု၏သတင်းစာ ကွန်ဖရင့်တွင် ပြောကြားသည့် "ဒီမိုကရေစီ ပြဿနာ" နှင့်ပတ်သက်၍ ဦးနုထံသို့တိုက်ရိုက်ပေးစာတစောင်ကိုလည်း ပီကင်းမှပင်ရေးပြီး ကြိုးမဲ့ ကြေးနန်းနှင့် ပို့ပေး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခဲ့၏။ ယင်းစာကို ရှုရင်းအတိုင်းပင် လက်နှိပ်စက်နှင့် ရိုက်၍ သခင်သန်းတွန်း ကိုယ်ပိုင်လက်မှတ်ရေးထိုးကာ ဦးနုထံသို့ပို့ပေးခဲ့ရလေသည်။

(မှတ်ချက်။ ။ပီကင်းမှ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီအတွက် "၅၅ လမ်းစဉ်"ကိုရေးဆွဲချမှတ်ပေးပြီးနောက်ယင်းလမ်းစဉ်ကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် နိုင်ငံ့ ခေါင်းဆောင်များကိုလည်း ပီကင်းမှပင် အသေးစိတ်ပင် ကြိုးကြိုးကြာကြာ ကြေးနန်းနှင့် သာ ဗမာပြည်သို့ ပေးပို့ခဲ့လေသည်။ ဦးနု၏ "ဒီမိုကရေစီပြိုသနည်း"အစပေါ် ပေးစာမှာပီကင်းမှ ရေးပေးခြင်းဖြစ်၏။ ယင်းပေးစာကို ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည်"အောင်မာလာ" ထိုးစစ်ကို ထမ်းဆောင်နေသည့် ယောနယ်၊ ပုံတောင်ပုံညာမှ ပြည်ခရိုင်သာဝတီအနီးတွင်ပင် ရန်ကုန်မြို့သို့ တိုက်ရိုက်ပေးပို့သည်ဟု ခြင်းဖြစ်ပါသည်။စာရေးသူ)

ဤသို့ အကျယ်တဝင့် ဦးနုထံသို့ ပေးပို့ခဲ့သော စာများနှင့် ဆက်ကြီး သခင်သန်းတွန်းထံသို့ ပေးပို့ခဲ့သောစာများမှာ ပီကင်းမှကြိုးမဲ့ကြေးနန်းနှင့် ပေးပို့ခဲ့သော စာများပင်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံကွင်းလည်း ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ ဝင်များဖြစ်ကြသော သခင်ဖေတင့်အား တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ သဘောတူညီချက်ဖြင့် ပြည်မှတဆင့် တရုတ်ပြည်သို့ ပို့ဆောင်ရေးအတွက် ကြိုးမဲ့ကြေးနန်းဖြင့် ဆက်သွယ်ခဲ့၏။ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်နှင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံးတို့၏ ဆက်သွယ်ရေး အတွက်လည်း ကြိုးမဲ့ကြေးနန်းနှင့်ပင်ဆက်စပ်၍ပေးခဲ့သည်။ထို့ကြောင့် သခင်ဖေတင့်အား တရုတ်ပြည်သို့ ခရီး သွားလာရေးအတွက် ရန်ကုန်မြို့တွင် ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သံရုံးမှပင် စီစဉ်၍ပေးလိုက်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီနှင့် တရုတ်ပြည် ကွန်မြူနစ်ပါတီတို့၏ ဆက်သွယ်ရေးကို ဗဟိုကော်မီတီအတွင်း၌ပင် "အထူးယိပ်ဘန်း လျှို့ဝှက်" အဖြစ်သတ်မှတ်၍ထား၏။ဗဟိုကော်မီတီများကိုပင်အသိမပေးရချေ။ ဗမာပြည်တွင် သခင်သန်းတွန်း တဦးတည်းသာ ချုပ်ကိုင်၍ထား၏။ လိုအပ်သည့်ကြေးနန်းတိုတောင်းသော ပေါင်းစပ်ချက်ကိုသာ တင်ပြရ၏။ တရုတ်ပြည်တွင်မူ တရုတ်ပြည် ကွန်မြူနစ်ပါတီမှ အလျှော်ရွေးချယ်ပေးထားသော တရုတ်ပြည် ကွန်မြူနစ်ပါတီ၏ ဗဟို

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကော်မီတီတာဝန်ခံတဦးနှင့် သခင်ဘသိန်းတင် တဦးတည်းသာလျှင် ချုပ်ကိုင်ထားစေသည်။ မည်သူတဦးတယောက်ကိုမျှသိရှိခွင့် မပေးချေ။

ထို့ကြောင့် တရုပ်ပြည်တွင် ရောက်ရှိနေကြသော အဝေးရောက်ပါတီမှ ရဲဘော်များသည်ပင် တရုပ်ပြည် ကွန်မြူနစ်ပါတီနှင့် ဗမာပြည်တွင်း ဗမာပြည် ကွန်မြူနစ်ပါတီတို့၏ ဆက်သွယ်ရေး အခြေအနေနှင့် အနေအထားကို သိရှိနားလည်ခြင်းမရှိကြချေ။

သို့ဖြစ်၍ တရုပ်ပြည်တွင် အဝေးရောက် ဗဟိုကော်မီတီ၏ ပြောသိုရေးသားချက်များနှင့်ပတ်သက်၍ ပီကင်းပြန်ရဲဘော်ရှိန်သည် ၁၉၆၄-ခုနှစ် နိုဝင်ဘာလ (၁၄)ရက်နေ့တွင် နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ဤသို့စာရေး၍ အထူး လျှို့ဝှက် စွာပင် တင်ပြခဲ့၏။ ရဲဘော်ရှိန်၏ တင်ပြချက်ကို နိုင်ငံရေး ဦးဆောင်အဖွဲ့ အတွင်း၌ "ထိပ်တန်း လျှို့ဝှက်" အဖြစ် ဖြင့်သတ်မှတ်ထားလေသည်။

> "သို့သော် ရှောင်ကွင်းနိုင်ရက်နှင့် တိမ်းစောင်းခဲ့ခြင်း များလည်း ရှိပေသည်။ ဥပမာ ၁၉၅၉-ခုနှစ် နေဝင်းတက်စဉ်က ပြည်တွင်းပါတီက "စစ်အစိုးရ"ဟု သုံးနှုန်းနေသည်ကိုသိရက်နဲ့ အဝေးရောက်ဗဟိုကော်မီတီက ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ (၂၁)ကြိမ် ကွန်ဂရက်တွင် "ဖက်ဆစ်အစိုးရ"ဟု သုံးနှုန်းခဲ့သည်။ အလံနီပါတီနှင့် ညီညွတ်ရေး ဆုံးဖြတ်ချက်ရှိနေမှန်းသိရက်နဲ့ ယင်းကွန်ဂရက်မှာပင် အလံနီသည် "ထရော့စကီဂိုဏ်းသားများ" ဖြစ်သည်ဟု သတ်မှတ်ပြီး နိုင်ငံတကာ ပါတီများကိုမိတ်ဆက်ပေးခဲ့သည်။"

ရဲဘော်ရှိန်(ခ) ထွန်းလှ(ခ) ဝူမင်း၏ လက်ရေးမူ



ရဲဘော်ရှိန်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြချက်မူရင်း

ဤသည်မှာ ပီကင်းပြန်ရဲဘော်ရှိန်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တင်ပြသည့် "ထိပ်တန်းလျှို့ဝှက်"စာတမ်းပင်ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဝေးရောက်ဗဟိုကော်မီတီသည် ပြည်တွင်း၌ရှိနေသော ဗဟိုကော်မီတီများ အပေါ်ထားရှိသောဂိုဏ်းဂဏအမြင်များနှင့် အထင်သေးမှုများမှာလည်း လျော့ပါး၍သွားသည်မရှိချေ။ ဗမာပြည်၌လက်နက်ကိုင် တော်လှန်ရေးသည် ယနေ့သို့တိုင် လုံး၀ အောင်မြင်မှုမရှိခြင်းမှာ ပြည်တွင်း၌ရှိနေသော ဗဟို ကော်မီတီများ၏ ခေါင်းဆောင်မှုညံ့ဖျင်း၍သာဖြစ်သည်ဟု ကောက်ချက်ချထားကြ၏။ ထို့ကြောင့် အဝေးရောက် ဗဟိုကော်မီတီများသည် ဗမာပြည်တွင်းတွင် ရှိနေသော ဗဟိုကော်မီတီများအား အလေးလည်းမထား၊ အသိအမှတ်လည်း မပြုကြပေ။ထို့ပြင်တရုပ်ပြည်တွင်ရှိသောအဝေးရောက် ဗဟိုကော်မီတီအတွင်း၌ ဖြစ်ပေါ်ခဲ့သော ဂိုဏ်းအုပ်စုတိုက်ပွဲများနှင့် အဝေးရောက်ပါတီတွင်းမညီမညွတ်ဖြစ်မှု၊ ဖရိုဖရဲဖြစ်မှုအခြေအနေ အဖြစ်အပျက်များကိုလည်း အဝေးရောက်ဗဟိုကော်မီတီသည် တညီတညွတ်တည်းပင် ဖုံးကွယ်၍ထားခဲ့ကြ၏။ တရုပ်ပြည်တွင် မညီမညွတ်ဖြစ်ခဲ့ကြသော အဝေးရောက် ဗဟိုကော်မီတီများသည်လည်းကောင်း အဝေးရောက် ပါတီဝင် များသည် လည်းကောင်း ဗမာပြည်သို့ ပြန်လည်၍ ရောက်ရှိကြသော အခါတွင် တညီတညွတ်တည်း၊ တစုတဝေးတည်း၊ တသိပ်တသည်းတည်း၊ တသံတည်းပင် ညီညာဖျဖျ စုစည်းခဲ့ကြသည်၊ ရပ်တည်ခဲ့ကြသည်။

> "ယနေ့နိုင်ငံခြားမှပြန်လာသော ရဲဘော်များနှင့် ပြည်တွင်းရဲဘော်များ ဆက်ဆံမှုပြဿနာသည် စင်စစ်အားဖြင့် တပါတီတဖွဲ့တည်းတွင် ဆုံစည်းမိပြီဖြစ်သည့်အလျောက် ပြည်တွင်းပါတီနှင့် နိုင်ငံခြားရှိ ပါတီ အကြား ဆက်ဆံမှုသဏ္ဍာန်ဖြင့် ဖော်ပြနေရန်မလိုတော့ပေ။ ရုပ် ဘ၀ အရ ခြားနားမှုရှိခဲ့သောကြောင့် တစုံတခုသော ကာလအထိ ခြားနားကျင့်သုံးရခြင်း ရှိလင့်ကစား၊ ပါတီစည်းရုံးရေး အရဆိုက တပါတီတည်း တဖွဲ့တည်း လက်အောက်တွင် ရောက်ကြပြီဖြစ်သောကြောင့် နိုင်ငံခြားပြန်ရဲဘော်များသည် သက်ဆိုင်ရာပါတီ ကော်မီတီ၏ခေါင်းဆောင်မှုအောက်တွင် ညီညွတ်စွာ လက်တွဲလုပ်ကိုင်ရေး အတွေ့အကြုံအပြန်အလှန် ဖလှယ်ရေးတို့ကို ဦးထိပ်ထားလုပ်ကိုင်သွားသင့်ပေပြီ။

နိုင်ငံခြားပြန် ခေါင်းဆောင်နောက်လိုက်ရဲဘော်များ၏အောက်ပါ ပြောဆိုယူဆချက်များသည် ကျွန်တော် အထက်တွင် တင်ပြခဲ့သော စိတ်ဓာတ်နှင့် ဆန့်ကျင်ပေသည်။

"တရုပ်ပြည်တွင်းက ပြဿနာတွေ တရုပ်ပြည်တွင်းမှာ ရှင်းမယ်။ ဗမာပြည်ကို ယူမသွားနဲ့" (သခင် ဘသိန်းတင်)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"တရုပ်ပြည်က အရုပ်တွေ ဗမာပြည်ထဲ သွင်း[illegible]" ([illegible])
အကြားနေဘယ်လိုက် ရဲဘော်များကလည်း [illegible]"

ရဲဘော်ရှိန် (ခ) ထွန်းလှ (ခ) ငွေပင်[illegible]



ရဲဘော်ရှိန်၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့တင်[illegible]

နော[illegible]က်ဆုံးတွင်မူ ဗမာပြည်ကွန်မြူနစ်ပါတီ၏ နိုင်ငံရေး[illegible]ဆောင်အဖွဲ့ဝင် (ပေါလစ်ဗျူရိုအဖွဲ့ဝင်)နှင့် တရုပ်ပြည်ရောက် အဝေး[illegible]ကော်မီတီအဖွဲ့ဝင်ဖြစ်သော သခင်သန်းမြိုင်(ခ)ရဲဘော်သက်မေ(ခ)"ဝေ[illegible]"အား တရုပ်ပြည် ကွန်မြူနစ်ပါတီနှင့် သခင်ဘသိန်းတင်တို့သည် [illegible]ပြင်ဆင်ရေးသမားတို့၏ နောက်လိုက်အဖြစ်လည်းကောင်း၊ [illegible] ဖက်ဆစ်ချန်ကေရှိတ်နေဝင်း၏ သူလျှိုအဖြစ်လည်းကောင်း၊ [illegible]သော စွဲချက်များဖြင့် ၁၉၆၇ ခုနှစ်ဦးတွင် တရုပ်ပြည်၌ပင် [illegible]ပြစ်ဒဏ်ပေးလိုက်ကြလေသည်။

၎င်းသည်တို့မှာ အဝေးရောက်ဗဟိုကော်မီတီ၏ အခြေအနေများပင်တည်း။

အမှန်စင်စစ်အားဖြင့် တရုပ်ပြည်သို့ရောက်ရှိနေသော ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဝေးရောက် ဗဟိုကော်မီတီသည် ဗမာပြည်[illegible]ပါတီတစ်ခုလုံး၏ အဆင့်အမြင့်ဆုံးသော"အာဏာပိုင်အဖွဲ့အစည်း"ပင်[illegible]နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လက်တွေ့၌မူ ဗမာပြည်တွင်း၌ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးဆိုင်ရာလမ်းစဉ်တို့အား တိုက်ရိုက်ခေါင်းဆောင်နေသော နိုင်ငံရေးဦးဆောင်အဖွဲ့နှင့် ဗဟိုကော်မီတီသည် အဝေးရောက် ဗဟိုကော်မီတီ၏ ညွှန်ကြားချက်နှင့်ရွေ့ဆောင်မှု အောက်တွင်သာ လုံးဝပင် လိုက်နာ၍ နေရလေသည်။

ဤသို့ဖြင့် တရုပ်ပြည်တွင်ရှိနေသော ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဝေးရောက် ဗဟိုကော်မီတီဆိုသည်မှာလည်း တရုပ်ပြည် ကွန်မြူနစ်ပါတီ၏ "ပါတီခွဲ"အဖြစ်ဖြင့်သာ ရပ်တည်၍နေရလေတော့သည်။

(၂) ပြည်တွင်းဗဟိုကော်မီတီ

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပြည်တွင်းဗဟိုကော်မီတီ၌ ဗဟိုကော်မီတီအဖွဲ့ဝင်(၁၆)ဦးသာရှိ၏။ တရုပ်ပြည်သို့ရောက်ရှိနေသော အဝေးရောက် ဗဟိုကော်မီတီ(၅)ဦးမပါဝင်ချေ။

(၁)	သခင်သန်းထွန်း	(ဥက္ကဋ္ဌ)။
(၂)	သခင်ဇင်	(ဒုဥက္ကဋ္ဌနှင့်မဒညဘ)။
(၃)	ရဲဘော်ငွေး	(အတွင်းရေးမှူး)။
(၄)	သခင်ချစ်	(လျှို့ဝှက်မြေအောက်စည်းရုံးရေးဌာန)။
(၅)	ရဲဘော်ဘတင် (ဂိုရှယ်)	(မြေယာဌာန)။
(၆)	သခင်တင်ထွန်း	(ရှမ်းပြည်၊ အထက်ဗမာပြည်)။
(၇)	သခင်ဖေတင့်	(အလယ်ပိုင်းဗမာပြည်)။
(၈)	ရဲဘော်ထွန်းမောင်	(အနောက်မြောက်တိုင်း)။
(၉)	ရဲဘော်မျိုးမြင့်	(မြစ်ဖျားဒေသတိုင်း)။
(၁၀)	ရဲဘော်မြ	(ပဲခူးရိုးမတိုင်း)။
(၁၁)	ရဲဘော်တုတ်	(ကချင်ပြည်နယ်)။
(၁၂)	ရဲဘော်စိုးသန်း	(မြစ်ဝကျွန်းပေါ်တိုင်း)။
(၁၃)	ရဲဘော်ကျော်မြ	(ရခိုင်ပြည်နယ်)။
(၁၄)	ရဲဘော်ဗိုလ်ရဲထွဋ်	(ဗဟိုစစ်ကော်မီတီအတွင်းရေးမှူး)။
(၁၅)	ရဲဘော်ဗိုလ်ရန်အောင်	(ပဲခူးရိုးမတိုင်း)။
(၁၆)	ရဲဘော်ထွန်းစိန်	(တနင်္သာရီတိုင်း)။

(မှတ်ချက်။ ။ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ ဗိုလ်ရဲထွဋ်သည် ၁၉၆၃-ခုနှစ် ဇွန်လတွင် အလင်းသို့ဝင်ရောက်ခဲ့ပါသည်။

(စာရေးသူ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည်ကွန်မြူနစ်ပါတီ၊ အဝေးရောက်ဗဟိုကော်မီတီအဖွဲ့ဝင်များ

သခင်ဘသိန်းတင်

သခင်သန်းမြိုင်

ဆာခင်ဖူ

ရဲဘော်အောင်ကြီး

ဗိုလ်ဇေယျ

ဗိုလ်သန်းရွှေ

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

သခင်တင်ထွန်း၊ ရဲဘော်ကျော်မြနှင့် ရဲဘော်ထွန်းစိန်တို့မှအပကျန်ဗဟိုကော်မီတီ(၁၃)ဦးတို့သည် ၁၉၆၂-ခုနှစ်တွင် ကျင်းပသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မီတီအစည်းအဝေးသို့ တက်ရောက်ကြ၏။ ဤဗဟိုကော်မီတီအဖွဲ့ဝင်ဘို့မှာ အနိုအညီပင်ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မီတီအစည်းအဝေးကို ၁၉၅၅-ခုနှစ်တွင်တကြိမ်ကျင်းပခဲ့သေး၏။ ထို့နောက်ဗဟိုကော်မီတီ၏ အစည်းအဝေးကို ၁၉၆၂-ခုနှစ်တွင်မှသာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်၏။ ဗဟိုကော်မီတီအစည်းအဝေးများကို နှစ်စဉ်ပင် ကျင်းပရန် ဆုံးဖြတ်ထားခဲ့၏။ သို့သော်လည်း (၇)နှစ်ကြာမှသာ ယခုကဲ့သို့ကျင်းပနိုင်ခဲ့လေသည်။

၁၉၆၂-ခုနှစ် ဗဟိုကော်မီတီအစည်းအဝေးကို တောင်ငူခရိုင် ဖြူးချောင်းကမ်းပါးတွင်ရှိသော မိုးပူရွာ (ကရင်လူမျိုးစုများနေထိုင်သောရွာ)၏မြောက်ဖက်တွင်ရှိသော ခွာပေါက်ချောင်းတွင်လည်းကောင်း၊ ယင်းရွာ၏အရှေ့ဘက်ရှိ နိုးလေချောင်းတွင်လည်းကောင်း၊ နေရာအကြိမ်ကြိမ်ရွှေ့၍ ကျင်းပခဲ့ရ၏။ ရေအေးချောင်းနိုးလေချောင်းတို့မှာဖြူးချောင်း၏လက်တက်ငယ်များဖြစ်လေသည်။

၁၉၆၂-ခုနှစ် ဗဟိုကော်မီတီအစည်းအဝေးသည် (၆) လကျော်ပင် ကြာခဲ့၏။ သို့သော်လည်း တညီတညွတ်တည်းသော နိုင်ငံရေးလမ်းစဉ်တရပ်ကိုလည်း ချမှတ်နိုင်ခြင်း မရှိခဲ့ချေ။

ဗဟိုကော်မီတီအစည်းအဝေးအတွင်းတွင် စည်းရုံးရေးဆိုင်ရာ အငြင်းပွားမှုများနှင့် အယူအဆရေးရာတိုက်ပွဲများသည် အပြင်းအထန်ပင် ဖြစ်ခဲ့၏။ စေ့စပ်၍ပင် မရချေ။

နောက်ဆုံး၌ ဘရုတ်ပြည့်ဝင်ရှိသော အားရေးရောက် ဗဟိုကော်မီတီမှ ဗမာပြည် ကွန်မြူနစ်ပါတီ ပြည်တွင်းဗဟိုကော်မီတီအတွက် "နည်းပရိယာယ် နိုင်ငံရေးလမ်းစဉ်" တရပ်ကို ပို့ပေးလိုက်လေသည်။

ယင်း နည်းပရိယာယ်နိုင်ငံရေးလမ်းစဉ်မှာ ၁၉၆၁-ခုနှစ် နိုဝင်ဘာလတွင် မော်စကိုမြို့၌ ကျင်းပခဲ့သော(၈၁)ပါတီအစည်းအဝေးသို့ ဗမာပြည် ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့က တင်ပြခဲ့သော စာတမ်းဖြစ်၏။ ယင်းအစီရင်ခံစာကို(၈၁)ပါတီအစည်းအဝေး၌ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် သခင်ဘသိန်းတင်မှ တင်သွင်းခဲ့ခြင်းဖြစ်၏။ သခင် ဘသိန်းတင်သည် တရုတ်ပြည် ကွန်မြူနစ်ပါတီ၏ ညွှန်ကြားချက်နှင့် လမ်းညွှန်မှုအောက်၌ တင်သွင်းခဲ့ရခြင်း ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်း ကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာကို ဗမာပြည် ကွန်မြူနစ်ပါတီ ပြည်တွင်း ဗဟိုကော်မီတီသို့ ရန်ကုန်မြို့တွင်ရှိသော တရုတ်ပြည်သူ့သံတမန်ရုံး သံရုံးနှင့် တရုပ်၊ ဗမာ ချစ်ကြည်ရေးအသင်းမှ အလုပ်ဆောင် တဦးသည် ပီကင်းမြို့မှတဆင့် အတူယူလာ၍ ဝှက်စွာယူဆောင်ခဲ့ပြီး ပေးပို့ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ၁၉၆၂-ခုနှစ်၊ ဗဟိုကော်မီတီ အစည်းအဝေးသည် (၁၁) ပါတီ အစည်းအဝေးသို့ တင်သွင်းသွားသော ဗမာပြည်ကွန်မြူနစ်ပါတီကိုယ်စားလှယ် အဖွဲ့၏ အစီရင်ခံစာကို အခြေပြု၍ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ၏ နည်းပရိယာယ်လမ်းစဉ်တရပ်ကို ချမှတ်နိုင်ခဲ့ခြင်း ဖြစ်သလားသည်။

သို့စေကာမူ ဗဟိုကော်မီတီအတွင်း၏ ညီညွတ်ရေးသည် ပို၍ ကောင်းလာသည်မဟုတ်ချေ။

ကွန်မြူနစ်ပါတီတရပ်တွင် ပါတီတွင်း စည်းလုံးညီညွတ်ရေးကြီးမှု၏ ခြုံသုံးသည် ဗဟိုကော်မီတီပင်ဖြစ်၏။ ပါတီတွင်း၏ နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေး၊ အယူဝါဒရေးဆိုင်ရာဘက် ပေါင်းစုံမှ အခြေအနေတို့သည် ဗဟိုကော်မီတီကို ဂယက်ရိုက်ခတ်မြဲပင် ဖြစ်သည်။ ထို့ကြောင့် ဗဟိုကော်မီတီတွင်း ညီညွတ်ရေးသည် ပါတီတရပ်လုံး၏ စုစည်း သိပ်သည်းမှုပင် ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ၏ အလျဉ်းမပြတ်သော အခြေအနေ့မှ ဆိုင်ရာလမ်းစဉ်အမှားများကြောင့် ပါတီနှင့် တော်လှန်ရေး၏အခြေအနေ ပို၍ ကောင်းမွန်မလာပဲ တနေ့တခြားသာလျှင် ပို၍ ပို၍ ဆိုးဝါးလာခဲ့သည်။ ထို့အတူပင် ဗဟိုကော်မီတီတွင်း ညီညွတ်ရေးသည်လည်း ကောင်းမွန်သည်ဟူ၍ မရှိ။ တစတစ ကွဲလွဲလာ၏။ ပို၍ပို၍ ပြိုကွဲလာ၏။ ပျက်စီးလာ၏။ နောက်ဆုံးတွင် ဆက်တိုက်ပင် ပြိုကွဲ ပျက်စီး၍ လာလေတော့သည်။

အထူးသဖြင့် ၁၉၆၂-ခုနှစ်၊ ဗဟိုကော်မီတီအစည်းအဝေးကျင်းပပြီး ကော် မီတီတွင်း ညီညွတ်ရေးမှာ အဆိုးဝါးဆုံး ဖြစ်ခဲ့၏။ ပါတီဥက္ကဋ္ဌအပေါ် ဆူးညှိုး ကောင်း၊ ယုံကြည်အားကိုးမှုမှာ အတော်ပင် လျော့ပါးခဲ့တော့၏။ ထို့ကြောင့် ဗဟိုချုပ်ကိုင်မှုသည်လည်း ကျဆင်းလျော့နည်း၍ လာတော့သည်။

ယင်း ၁၉၆၂-ခုနှစ်၊ ဗဟိုကော်မီတီ အစည်းအဝေးအတွင်း၌ ဥက္ကဋ္ဌ သခင်သန်းထွန်းအား အပြင်းအထန် ဆန့်ကျင်ခဲ့သူများမှာ—

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၁) ရဲဘော်ဘတင် (ဂိုရှယ်)။
(၂) ဗိုလ်မျိုးမြင့်။
(၃) သခင်ဖေတင့်။
(၄) ရဲဘော်ထွန်းမောင် (ဒေါက်တာနတ်)....တို့ ဖြစ်ကြသည်။

ဥက္ကဋ္ဌ သခင်သန်းထွန်း၊ ဥက္ကဋ္ဌတာဝန်တွင် တည်မြဲရေးအတွက် ရပ်တည်ခဲ့သူများမှာ –

(၁) သခင်သန်းထွန်း။
(၂) သခင်ချစ်။
(၃) ဗိုလ်ရဲထွဋ်....တို့ဖြစ်ကြသည်။

ဗဟိုကော်မီတီတွင်းဖြစ်နေသော အခြေအနေဆိုးကိုမှန်မှန်ကြည့်သည့်ဘက်မှ အားမပေးဘဲ နေကြသူများမှာ –

(၁) ရဲဘော်ငွေး။
(၂) သခင်ဇင်။
(၃) ရဲဘော်မြ။
(၄) ရဲဘော်စိုးသန်း။
(၅) ရဲဘော်တုတ်... တို့ဖြစ်ကြသည်။

ဤကဲ့သို့ ဗဟိုကော်မီတီအတွင်း၌ ကွဲပြားနေခြင်းမှာ တရားဝင်အုပ်စုများ အဖြစ်ဖြင့် အထင်အရှား ဖွဲ့စည်းရပ်တည်နေကြခြင်း မဟုတ်ပေ။ ဗဟို ကော်မီတီ အစည်းအဝေးအတွင်း၌ နိုင်ငံရေးအရ၊ အတွေးအခေါ်အရ၊ စည်းရုံးရေးအရ၊ ဘက် (၃) ဘက်မှ တိုက်ပွဲဆင်ရာတွင် စုစည်းလာမိကြခြင်း ဖြစ်သည်။

ယင်း အုပ်စု (၃) စုတွင် ရဲဘော်ငွေးတို့ အစုမှာ ကြားအုပ်စု ဖြစ်၏။ အဓိကအားဖြင့် ထိပ်တိုက်ကွဲလွဲသည့် ဗဟိုကော်မီတီတွင်း တိုက်ပွဲများတွင် ရဲဘော်ဘတင်နှင့် သခင်သန်းထွန်းတို့သာဖြစ်၏။ ရဲဘော်ငွေးတို့အစုတွင် ပါဝင်နေသူများတွင် အများစုသည် သခင်သန်းထွန်းအုပ်စု၏ အနွယ်များပင်ဖြစ်ကြ၏။ သို့ရာတွင်သခင်သန်းထွန်း၏ ခေါင်းဆောင်မှုကို အားမရသူများဖြစ်၏။ သခင်သန်းထွန်းကိုမူ၊ ပြင်၍မရသော အချောင်သမားဟု သတ်မှတ်ခြင်း မပြုလိုကြချေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်တွင်းဗဟိုကော်မီတီအဖွဲ့ဝင်များ

သခင်သန်းထွန်း

သခင်ဇင်

ရဲဘော်ဘတင်

သခင်ချစ်

ရဲဘော်ငွေး

ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်တွင်းဗဟိုကော်မီတီအဖွဲ့ဝင်များ

သခင်တင်ထွန်း

သခင်ဖေတင့်

ရဲဘော်ထွန်းမောင်

ရဲဘော်မြ

ဗိုလ်မျိုးမြင့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်အငေ်တို့အစုမှာမူ သခင်သန်းထွန်းကို ပြတ်သားစွာ ဆန့်ကျင်တိုက်ခိုက်ခဲ့ကြ၏။ သခင်သန်းထွန်းအား ပါတီ၏ဥက္ကဋ္ဌအဖြစ်ဖြင့် ဆက်လက်မထားလိုကြပေ။ ထို့ပြင် သခင်သန်းထွန်းကိုလည်း ပြုပြင်၍မရသော လက်ဝဲလကျ်ာအခေျာင်သမားဟု သတ်မှတ်ထားကြလေသည်။

ဤအစည်းအဝေးတွင် ရဲဘော်ဌေးတို့အစု၏အားမှာ အဆုံးအဖြတ်ဖြစ်၏။ ထို့ကြောင့် ယင်းအစုကရဲဘော်ဘတင်တို့အစုနှင့် သခင်သန်းထွန်းတို့အစုကြားတွင် ခေ့စပ်၍ ပေးနိုင်ခဲ့လေသည်။

ဤသို့ဖြင့် ၁၉၆၂-ခုနှစ် ဗဟိုကော်မီတီ အစည်းအဝေးသည် နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးဆိုင်ရာ လမ်းစဉ်တို့ကို မပြီးမပြတ်တဝက်တပျက်ဖြင့် ချမှတ်ခဲ့၏။ ဗဟိုကော်မီတီတွင်း ညီညွတ်ရေးမှာမူ ဖရိုဖရဲပင် အစည်းခေပြ၍ နေလေတော့သည်။

၁၉၆၃-ခုနှစ်တွင်မူ နိုင်ငံရေးဦးဆောင်အဖွဲ့နှင့် ဗဟိုကော်မီတီ၏ ဆက်ဆံရေးသည် အလွန်ပင် ပို၍ဆိုးဝါးခဲ့၏။ မျက်နှာချင်းပင် ဆိုင်၍မရတော့ပေ။

၁၉၆၃-ခုနှစ် ဩဂုတ်လတွင် ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ အဝေးရောက် ဗဟို ကော်မီတီ အဖွဲ့ဝင်များဖြစ်သော ရဲဘော် အောင်ကြီး၊ သခင်ပုနှင့် ဗိုလ်ဇေယျတို့သည် ရန်ကုန်မြို့မှတဆင့် ရောက်ရှိလာခဲ့ကြ၏။ ထို့နောက် ရဲဘော်အောင်ကြီးတို့သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တရုပ်ပြည် ကွန်မြူနစ်ပါတီ ဗဟို ကော်မီတီ၏နောက်ဆုံးသုံးသပ်ကြားချက်များနှင့် အဝေးရောက် ဗဟိုကော်မီတီ၏ သဘောထားသုံးသပ်ချက်များကိုပါ တင်ပြကြသည်။

ထို့နောက်တွင် ရဲဘော်ဘတင်(ဂိုရှယ်)သည် မိမိ၏နောက်ဆုံး နိုင်ငံရေးသဘောထားခံယူချက်နှင့်ပတ်သက်၍ နိုင်ငံရေးဦးဆောင်အဖွဲ့သို့လည်း တင်ပြလိုက်၏။ ထို့ပြင် တရုပ်ပြည်တွင် ရှိနေသော သခင် ဘသိန်းတင် ထံသို့လည်း ပုဂ္ဂိုလ်အရ သီးခြားစာတစောင်ကိုလည်း ချက်ခြင်းပင်ရေးလိုက်လေသည်။

ကိုဘသိန်းတင်   ၂၅-၈-၆၃။

ချစ်ခင်ရသော ရဲဘော်-

(၁) ၁၁-နှစ်အကြာမှာ လုံးဝမမြော်လင့်ပဲနဲ့ အခုလိုဘဲ ကြုံတာနဲ့ စာရေးလိုက်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကိုသန်းထွန်းဆို ခင်ဗျားရေးသလိုပဲ ကျွန်တော်လဲ ဒီစာအုပ်ထဲမှာ မဖြစ်အောင် မနဲပဲ ကြိုးစားပြီးရေးနေရတယ်ဗျို။

မကြာခင် ခင်ဗျားနဲ့ လူချင်း တွေ့နိုင်မှာကို ကြားသိရတော့ အတိုင်းမသိ ဝမ်းသာနေပါတယ်၊ ခင်ဗျားပါတီဌာနချုပ်ကို ပြန်ရောက်ရင် တော်လှန်ရေးနဲ့ပါတီကို ကြီးမားတဲ့ အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်နေပါတယ်။

ဒါဟာ- ကျွန်တော်တယောက်ထဲရဲ့ ယုံကြည်ချက်ဖြစ်တာတင် မဟုတ်ဘူး၊ ဗဟိုကော်မီတီတိုင်းလိုလိုက ဒီအတိုင်းပဲ ယုံကြည်နေကြပါတယ်။ ခင်ဗျားတို့သိတာထက် ကျွန်တော်တို့ရဲ့ ပါတီတွင်းအခြေအနေဟာ ပိုပြီး ဆိုးဝါးခဲ့တယ်။

၆၂-ခုနှစ်(စီစီ)မှာ ကျွန်တော်တို့ အားလုံးဟာ တရားသဖြင့် ပြန်လည်စည်းလုံးညီညွတ်နိုင်ခဲ့ကြပေမဲ့ ယခုအခါလဲ ပါတီတွင်းအခြေအနေဟာ ကြေနပ်လောက်အောင် ပြောင်းလဲမှုမရှိသေးဘူး၊ ဒီအခြေအနေမယ် ခင်ဗျားရဲ့ တိုက်ရိုက်အကူအညီပေးမှုဟာ သိပ်ပြီး လိုအပ်နေတယ်ဆိုတဲ့ အကြောင်းကြောင့်ပါပဲ ဖြစ်ပါတယ်။

ဒီစာထဲမယ်တော့ ဗဟိုကော်မီတီ ရဲ့ ဘော်ဘိုင်းရဲ့ အခြေအနေကို ရေးနိုင်မှာ မဟုတ်ဘူး၊ ကျွန်တော် တယောက်တည်းရဲ့ အမြင်အချက် ခံစားချက်နဲ့အတွေးအခေါ်ပိုင်း ဆိုင်ရာတချို့ချက်တွေကိုပဲ အတိုချုံးပြီး ရေးပါမယ်။

(၂) ခင်ဗျားနယ်ခြားမကူးခင်က ကျွန်တော်တို့ ရေးခဲ့တဲ့ စာကို အခုထိ သတိရပါတယ်။ "ပါတီအကျိုးအတွက် အားလုံးကြိုးစားဖို့"ဆိုတာပါပဲ၊ ခင်ဗျားပေးခဲ့တဲ့ တာဝန်ကိုဘယ်အထိ ထမ်းဆောင်နိုင်ခဲ့တယ်ဆိုတာကိုတော့ မပြောတတ်သေးဘူး၊ ရှင်းရှင်း ပြောရရင် အောက်မယ် ကျွန်တော့်ရဲ့ သီးခြားအခြေအနေတွေကို ခင်ဗျားမသိရသေးလို့ပါပဲ။

၆၂-ခုနှစ် ဗဟိုကော်မီတီ အစည်းအဝေးမယ် လုပ်ခဲ့တဲ့ (၇-၈)နှစ် အတိတ်ကာလ(ပီဘီ)လုပ်ဆောင်ချက်ပြန်သုံးသပ်ချက်သို့ အခြေခံမူချုပ်ချက်များကို လုပ်နိုင်ခဲ့တယ်။ ဒါပေမဲ့ ဘော်တော် များများ ပြဿနာတွေမယ် လုံလောက်တဲ့သဘောတူညီချက်မရှိဘဲနဲ့ ဆိုင်းငံ့ထားခဲ့ရ ပြီး ကျွန်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တားခဲ့တယ်။ ဒါကြောင့် ကျွန်တော်ရဲ့ အမှားအမှန်ကိုလဲတိတိကျကျ ပြောလို့ မလွယ်ကူတာ ဖြစ်လာတာမို့လို့ပါပဲ။

(၄) နေဝင်းဟာ ပြန်စာလာယူရန် ရေဒီယိုက ကြေငြာ တော့-Amnesty အပေါ် အခြေခံ မခံ ဆိုတာကို Publicly မရှင်းလို့စာ သွားယူရေးကိုတောင် in Principle ကန့်ကွက်ခဲ့ပါတယ်။ ဒါပေမဲ့ နေဝင်းရဲ့ ပြန်စာနဲ့အတူ သခင်ပုတို့ဆီက စာတစောင်ရောက်လာတယ်။ ဒီစာကိုကြည့်တော့မှ ကျွန်တော်ရဲ့ရပ်တည်ချက်တခုလုံးကိုပြန် စဉ်းစား လာရပါတယ်။

ဒီစာအရ နေဝင်းရဲ့ငြိမ်းချမ်းရေးဆန္ဒနဲ့ပတ်သက်လို့တောင်မကဘူး၊ သူဟာ ရန်သူကောဟုတ်ပါသေးရဲ့လား ဆိုတဲ့ မေးခွန်းဟာ ကျွန်တော့် ခေါင်းထဲဝင်လာတယ်။

"သခင်ပုတို့နဲ့ပတ်သက်လို့တော့ အဲဒီရဟာ ပါတီရဲ့ အကျင်းလူ ဖြစ်နေပြီ" ဆိုပြီး ကြီးမားတဲ့ သံသယဝင်လာတယ်။ ဗမာပြည်အစိုးရ များရဲ့" Anti- Imperialist Anti-Feudal Role နဲ့ပတ်သက်ပြီ လို့ ကွန်မြူနစ် ဆန့်ကျင်ရေး ပြည်တွင်းစစ်အပေါ်သဘောထားနဲ့သာ တလျှောက်လုံး ကျွန်တော်တိုင်းတာခဲ့တယ်၊ အခုလိုနိုင်ငံခြားကိုရောက် နေတဲ့ ကွန်မြူနစ် သူပုန်ခေါင်းဆောင်တွေကို အစိုးရက တိတ်တိတ် ပုန်းပါတီဌာနချုပ်ကို ပို့ပေးရေးဆိုတာဟာ တကယ်သာ မဖြစ်ခဲ့ရင် စဉ်းစားလို့တောင်ရနိုင်တဲ့ကိစ္စမဟုတ်ဘူး။ ဒါကြောင့်(ဘာအကြောင်း ကြောင့်ပဲ ဖြစ်ဖြစ်)နေဝင်းရဲ့ ဒီလုပ်ချပ်ဟာ ရန်သူရဲ့လုပ်ရပ်တော့မဟုတ် နိုင်ဘူးလို့ပဲ ယူဆလာခဲ့ရပါတယ်။

ဒီအကြောင်းကြောင့်ပဲ မကြာခင် ကိုခအောင်ကြီးတို့ရဲ့ Report အရ "ခင်ဗျားတို့ရဲ့" နေဝင်းသွားနေတဲ့ Direction and Party Line"ကို ရှောရှော ရှူရှူ လက်ခံနိုင်ခဲ့တာ ဖြစ်တယ်၊ ကြိုတင်ပြီး Mentally Prepared ဖြစ်နေတော့ ဒီ Line လက်ခံရေးမှာ ၅၅- ခုနှစ်တုန်းက ဇခြင်း ဖြစ်ခဲ့သလိုတောင် Mental Strain မဖြစ်ပဲ လက်ခံနိုင်ခဲ့တာဖြစ်ပါတယ်။ တိုးချဲ့ပေါလစ်ဗျူရိုအစည်းအဝေး မယ်"သိလာရတဲ့ တိကျတဲ့ အခြေအနေအရ ကျွန်တော်ဟာ တရုပ်ဘော့ ပြောသလို' ရပ်တည်ချက် (၁၈၀°)ပြောင်းလိုက်ရတာ ဖြစ်ပါတယ်။ ကျွန်တော် လက်ရှိ Line ကို Basically လက်ခံတယ်"လို့ရပ်တည် နေပါတယ်။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ဘသိန်းတင်သို့ ရဲဘော်ဘတင်(ဂိုရှယ်)မှ ပေးစာမူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်မှာ ရဲဘော် ဘတင် (ဂိုရှယ်)မှ တရုပ်ပြည်တွင်ရှိနေသော သခင်ဘသိန်းတင်ထံသို့ ၁၉၆၃-ခုနှစ်၊ ဩဂုတ်လ(၂၅)ရက်နေ့စွဲဖြင့် တိုက်ရိုက်ပို့ပေးလိုက်သော စာပင်ဖြစ်၏။ သခင်ဘသိန်းတင်ထံသို့ ရဲဘော်ဘတင်၏ ပေးစာကို ရန်ကုန်မြို့တွင်ရှိသော တရုပ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တိုက်ရိုက်တာဝန်ခံ၍ ပို့ပေးခဲ့ခြင်း ဖြစ်သည်။

(မှတ်ချက်။ ။ရဲဘော်ဘတင်မှ သခင်ဘသိန်းတင်ထံသို့ ပေးစာကို မိုလ်ခင်လတ်(ခ) ရဲဘော် [illegible] (သခင်သန်းထွန်း၏ နှမ ရဲဘော် မဖြိုဝင်း [illegible])၏ လက်ရေးဖြင့် ရဲဘော်ဘတင် ကိုယ်တိုင်ပင် နှုတ်မှခြွေ၍ ရေးသားထားခြင်းဖြစ်ပါသည်။
ထိုပေးစာအသွင်မှ အင်္ဂလိပ် ဘာသာဖြင့် ရေးထားသည့် စာလုံးများမှာမူ ရဲဘော်ဘတင်(ဂိုရှယ်)၏ လက်ရေးများဖြစ်ပါသည်။ [illegible])

ထို့နောက်တွင် သခင်ဘသိန်းတင်သည် ရန်ကုန်မြို့သို့ ပီကင်းမြို့မှ တဆင့် ရောက်ရှိ၍ လာခဲ့၏။ ချက်ခြင်းပင် သခင်ဘသိန်းတင်သည် ရဲဘော် ဘတင်(ဂိုရှယ်)ထံသို့လည်း စာရေးလိုက်လေသည်။

ကိုဘတင်

၁၀-၉-၆၃။
၁၅၄၅။

ပေးလိုက်တဲ့စာကို [illegible] ခင်ဗျားမှာတဲ့ ပင်တို ကရိုင်းလည်း နဲ့နဲ့ပါလာပါသည်။

ခင်ဗျားစာကိုဖတ်ရတော့ [illegible] အကြောင်း နဲနဲတော့ သိရပါတယ်။ ဒီမှာ သခင်ချစ်၊ ကိုလ်ချိုးမြင့်၊ ကိုစိုးသန်းတို့ကို တွေ့ရတယ်။ ထပ်ပြီး နဲနဲပါးပါးပိုသိလာရတယ်။

ကျွန်တော်ရဲ့ ချစ်ခင်လေးစားတဲ့ ရဲဘော်၊ ကျွန်တော်တို့ ကွန်မြူနစ်တွေမှာ ကျွန်တော်တို့ပါတီ၊ ကျွန်တော်တို့ [illegible] အစားရဲ့အကျိုးစီးပွားက လွဲရင် တခြား ဘာအကျိုးစီးပွားမှ မရှိပါ။ ကိုယ့်ပါတီနဲ့ ကိုယ့်လူတန်းစားအကျိုးကို အရှေ့ဆုံးက ထားပြီးတော့ သွားတာဖြစ်ပါတယ်။ ဒါကြောင့်ပဲ ကျွန်တော်တို့မှာ အခက်အခဲပြဿနာတွေရှိလာရင် ဖြေရှင်းပစ်ဖို့ဆိုတဲ့ တချို့ပြဿနာတွေဟာ တော်တော်ကို ခက်ခဲသွားပါတယ်။ ဒါကိုဖြေရှင်းနိုင်ဖို့ ခုခေါ်တဲ့ နည်းလမ်း၊ စည်းစည်းလုံးလုံးရှိတဲ့ နည်းလမ်း၊ (အတိုက်အခံမဟုတ်) ကွန်မြူနစ် နည်းလမ်းနဲ့ ကျွန်တော်တို့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကြိုးပမ်းကြပါစို့။ ကျွန်တော်တို့မှာတခြားနည်းနာမရှိပါဘူး။အကယ်လို့ ကျွန်တော်တို့က တကယ်မှန်မှန်ကန်ကန် ကိုင်တွယ်ခဲ့ရင် ကျွန်တော်တို့ရဲ့ အခက်အခဲ အားလုံးကို ကျော်လွှားနိုင်မှာ သေချာပါတယ်။

ပါတီကို အယူဝါဒရေး၊ နိုင်ငံရေးနဲ့ စည်းရုံးရေးကအစ စည်းလုံးညီညွတ်စေဘို့အတွက် ကျွန်တော်တို့အားလုံး အားခိုက်ခွန်စိုက်လုံးပမ်းကြပါစို့။

လူချင်းတွေ့မှ အားရပါးရ စကားပြောရအောင်။

အလေးနှိပြင့်

ဗသိန်းတင်

၁၀-၉-၆၃။

၁၉၆၃-ခုနှစ် စက်တင်ဘာလတွင်မူ သခင်ဘသိန်းတင်သည် တပ်မတော် (လေတပ်)မှ အထူးရဟတ်ယာဉ်ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ ရောက်ရှိ၍လာခဲ့၏။သခင်ဘသိန်းတင်သည် ဗဟိုဌာနချုပ်သို့ ရောက်လျှင်ရောက်ခြင်းပင် ဗဟိုကော်မီတီ အစည်းအဝေးကျင်းပရန်အတွက် ပဏာမပြင်ဆင်ရေး ဆွေးနွေးပွဲများကို ပြုလုပ်၏။ထိုအခါတွင် ဗဟိုကော်မီတီအဖွဲ့အစည်းအတွင်း၌ ညီညွတ်ရေးသည် တစုံတရာ ကောင်းမွန်လာဟန် ဖြစ်ပေါ်လာ၏။ သို့သော် တကယ့်အဖြစ်တွင်မူ ဗဟိုကော်မီတီအဖွဲ့အစည်းအတွင်းညီညွတ်ရေးသည် တဆင့်တိုး၍ ကောင်းမွန်လာခြင်းကားမရှိချေ။ နိုင်ငံရေး၊ စည်းရုံးရေး တိုက်ပွဲများသည်သာ ပို၍ပို၍ ပြင်းထန်လာခဲ့လေသည်။

နောက်ဆုံးတွင်မူ သခင်ဘသိန်းတင် သည်လည်း လက်လျှော့ရတော့မည့်အခြေသို့ပင် ဆိုက်ရောက်၍နေတော့သည်။

ထိုအချိန်တွင် တော်လှန်ရေး ကောင်စီနှင့် တွေ့ဆုံ ဆွေးနွေး နေသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပဏာမငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့သည်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အချိန်များများရရန်နှင့် အခွင့်ကောင်းများရရှိရန်အတွက် အချိန်ဆွဲ၍ဆွေးနွေးနေ၏။ သို့ရာတွင် အချိန်ဆွဲ၍ မဖြစ်တော့ပေ။ အချိန်ပိုတောင်း၍လည်း မရတော့ချေ။ ထို့ကြောင့်တောတွင်း ဗဟိုဌာနချုပ်သို့သာ ပြန်လည်၍ ထွက်ခွာလာခဲ့ကြလေသည်။

ထို့နောက်တွင် သခင်ဘသိန်းတင်သည်လည်း ရန်ကုန်မြို့မှတဆင့် တရုပ်ပြည်သို့ပြန်လည်၍ သွားလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ဘသိန်းတင်သည် တရုပ်ပြည်သို့ ပြန်လည်ရောက်ရှိပြီးသောအခါတွင် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီအစည်းအဝေး၌ ဗဟိုကော်မီတီ အဖွဲ့ အစည်းအတွင်း ညီညွတ်ရေးနှင့်ပတ်သက်သော သဘောထား ညွှန်ကြားချက် တရပ်ကို တရုပ်ပြည်ကွန်မြူနစ်ပါတီနှင့်ညှိနှိုင်း၍ သဘောတူညီချက်အရ ဗမာ ပြည်ကွန်မြူနစ်ပါတီဗဟိုကော်မီတီအစည်းအဝေးသို့ ကြိုးမဲ့ကြေးနန်းဖြင့် ပို့ပေး လိုက်လေသည်။

ထို့ကြောင့် ယင်းသဘောထား ညွှန်ကြားချက်ကို ၁၉၆၄- ခုနှစ်၊ ဗဟို ကော်မီတီအစည်းအဝေး၌ ပါတီညီညွတ်ရေးနှင့်ပတ်သက်၍ ဗဟို ကော်မီတီ ၏ ဆုံးဖြတ်ချက်တရပ်အဖြစ်ဖြင့် ဤသို့ချမှတ်လိုက်လေသည်။

ပါတီညီညွတ်ရေးနှင့် ပတ်သက်သည့်ဆုံးဖြတ်ချက်

၁။ ပါတီညီညွတ်ရေးသည် ရန်သူအပေါ် အနိုင်ရရေး အတွက် အရေးအကြီးဆုံးဖြစ်ပေသည်။ ပါတီညီညွတ်ရေးကို မျက်ရှိ ရတနာ သဖွယ် ထိန်းသိမ်းရန်လိုသည်။ ပါတီဝင်ကောင်းတယောက်ကိုတိုင်းထွာ ရမည့်စံမှာ ပါတီညီညွတ်ရေးအပေါ် သဘောထားပင်ဖြစ်ရမည်။

၂။ ပါတီဗဟိုကော်မီတီ ညီညွတ်ရေးကို ပါတီတရပ်လုံး ညီညွတ် ရေးနှင့်ခွဲ၍မရ ပါတီတည်ဆောက်ရေးနှင့်ခွဲ၍မရ။

ဗဟို ကော်မီတီအတွင်း အခြေအနေမှာ ၆၂- ဗဟို ကော်မီတီတွင် အတော်ပျက်ပြားခဲ့သည်။ ၆၃-ခုနှစ်တွင် ဗဟိုကော်မီတီနှင့် နိုင်ငံရေး အမှုဆောင်အဖွဲ့ (ပီဘီ) ဆက်ဆံရေးမှာ အလွန်ဆိုးခဲ့သည်။ သို့ဖြစ်ရ သည်မှာ ရှောင်တခင်ကိစ္စမဟုတ်ပေ။

၅၅-ခုနှစ်မတိုင်မီက လမ်းစဉ်တွင် အမှားများရှိခဲ့ပြီး ၅၅-ခုနှစ် နောက်ပိုင်းတွင်လည်း အခြေခံလမ်းစဉ်မှ တိမ်းစောင်းမှားယွင်းခြင်း၊ ပြန်လည်ပြင်ဆင်ရေးဝါဒဝင်ခြင်း၊ တဖက်တွင်လည်း လက်ဝဲတရားသေ ဝါဒရှိနေခြင်း စသည်တို့ကြောင့် ကျဆင်းခြင်း၊ အကြပ်အတည်း ဖြစ် ခြင်း၊ မတည်ငြိမ်ခြင်းတို့ တဆက်တည်းဖြစ်ပေါ်ခဲ့ပေသည်။ ပါတီတွင်း အခြေအနေတရပ်လုံးသည် ဗဟိုကော်မီတီတွင် ဂယက် ရိုက်ခတ်ခဲ့ပေ သည်။

သို့ဖြစ်၍ ဗဟိုကော်မီတီတွင်း ညီညွတ်မှု ပျက်ပြား၊ ဥက္ကဋ္ဌအပေါ် နိုင်ငံရေးအမှုဆောင်အဖွဲ့ (ပီဘီ)အပေါ်၊ ဗဟိုကော်မီတီအပေါ် မယုံ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကြည်ခြင်းများဖြစ်လာသည်။ တသီးပုဂ္ဂလ၊ ငါ၀ါဒများ ၀င်လာကြသည်။ ဗဟိုဒြဗကျဆင်းလာသည်။ ဗဟိုချုပ်ကိုင်မှု ရှောင်ရှားလာသည်။

၃။ ပါတီညီညွတ်ရေးတည်ဆောက်ရန်အတွက် အောက်ပါမှုများ အတိုင်း ကျင့်သုံးရန် လိုအပ်ပေသည်။

(က) ပြဿနာအရပ်ရပ်ကို ချဉ်းကပ်ရာတွင်မာ့က်စ်၀ါဒလီနင်၀ါဒ အခြေခံပေါ်တွင် ချဉ်းကပ်ရမည်။

(ခ) ပြဿနာအရပ်ရပ်ကိုချဉ်းကပ်ရာတွင် ပြည်တွင်းပြည်ပ အခြေအနေကိုအခိုင်အမာ ဆန်းစစ် သုံးသပ်မှုအပေါ်တွင်အခြေခံ ပေါ်တွင် အခြေခံရမည်။

(ဂ) ပြဿနာအရပ်ရပ်ကို ချဉ်းကပ်ရာတွင် ပါတီညီညွတ်ရေးစိတ်ဓာတ်အပေါ်တွင် ရပ်တည်၍ချဉ်းကပ်ရမည်။

၄။ ပါတီညီညွတ်ရေးအတွက် ပထမဦးဆုံးလိုအပ်ချက်မှာ လီနင်သင်ကြားခဲ့သည့်အတိုင်း ပါတီ လမ်းစဉ်မှန်ကန်ရေးနှင့် ပါတီနှင့်လူထုဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်ရေး ဖြစ်ပေသည်။ သို့အတွက် ပါတီလမ်းစဉ်မှန်ကန်ရေးအတွက် စုပေါင်း ကြိုးပမ်းရန် အရေးအကြီးဆုံးအလုပ်ဖြစ်ပေသည်။

၅။ သို့ရာတွင် ပါတီလမ်းစဉ် မှန်ရုံဖြင့် ပါတီညီညွတ်ရေး မရနိုင်သေး။ ပါတီစည်းရုံးရေး၏ အမြင့်ဆုံးနှင့် အခြေခံအကျဆုံးမှုဖြစ်သော ဒီမိုကရေစီ ဗဟိုဦးစီးချုပ်ကိုင်မှုကိုအခိုင်အမာကျင့်သောင်ရန်လိုပေသည်။

ဒီမိုကရေစီ ဗဟိုဦးစီးချုပ်ကိုင်မှုနှင့်ပတ်သက်၍ ပါတီတချပ်လုံးတွင် အကျယ်ပြန့်ဆုံးပညာပေးရန် လိုသည်။

ပါတီတွင်း ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရန် လိုသည်။ ပါတီ၏လမ်းစဉ်ချမှတ်ရေးနှင့်ပါတီခေါင်းဆောင်များ ရွေးချယ် တင်မြှောက်ရေးတွင် ပါတီ၀င်ထု ပါ၀င်ရေးကို ယာပြည်တွင်းစစ်အခြေအနေက ကန့်သတ်ထားစေကာမူ အများ သဘောဆန္ဒကို အကျယ်ပြန့်ဆုံးရယူရန် ကြိုးစားရမည်။ ယခု ပြည်တွင်းစစ် အခြေအနေနှင့် ကိုက်ညီအောင် အများသဘောဆန္ဒရယူနိုင်သည့် စည်းရုံးရေးလုပ်ဟန်များကို တီထွင်ကြံဆ လုပ်ကိုင်ရန်လိုသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အများစုဆုံးဖြတ်ချက်ကို အနည်းစုက လိုက်နာခြင်း၊ အထက် အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ကို အောက် အဖွဲ့အစည်းက လိုက်နာခြင်းဟူသော စည်းရုံးရေး အခြေခံမှုများကို ပါတီတရပ်လုံး တိကျစွာ လိုက်နာရန်လိုပေသည်။ ထိုမှတပါး ပါတီ၏စည်းကမ်းများကိုတိကျစွာ လိုက်နာရန်လိုပေသည်။

ပါတီတွင်း၌ ဒီမိုကရေစီ ဗဟို ဦးစီးချုပ်ကိုင်မှုကို အခိုင်အမာ ထူထောင်ခြင်းသည် ပါတီစည်းလုံးညီညွတ်ရေးကို တည်ဆောက်ခြင်း ဖြစ်ပေသည်။

၆။ ပါတီလမ်းစဉ်မှန်ကန်အောင် ကြိုးစားအားထုတ်ခြင်း၊ ပါတီ၏ စည်းရုံးရေးအခြေခံမှုများကို ထူထောင်ခြင်းတို့သာမက ပါတီ တရပ်လုံးက ဗဟို ကော်မီတီ အပေါ်တွင်၎င်း၊ ဗဟို ကော်မီတီအတွင်း၌ အချင်းချင်းအပေါ်တွင်၎င်း၊ ဗဟိုကော်မီတီက အောက် အဖွဲ့အစည်းများအပေါ်တွင်၎င်း၊ ပါတီတရပ်လုံးတွင်ပါတီဝင်အချင်းချင်းအပေါ်တွင်၎င်း သဘောထားလုပ်ဟန်များကို ပြုပြင်ရန် လိုအပ်ပေသည်။

၇။ ပထမဦးစွာအားဖြင့် ဗဟိုကော်မီတီအပေါ် အဆိုးမြင်သော အတွေးအခေါ်ကို တိုက်ဖျက်ရန်လိုပေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီသည် တော်လှန်ရေး အောင်ပွဲခံနိုင်မည့် ပါတီ တော်လှန်ရေးအာဏာကို သိမ်းပိုက်နိုင်သော ပါတီဖြစ်သည့် ပါတီဗဟိုကော်မီတီသည် အချို့သောအမှားများကို ကျူးလွန်ခဲ့ပြီး တော်လှန်ရေးဆုံးရှုံးမှုများအတွက် တာဝန်ရှိသလို အမှန် အမြောက် အမြားကို ဆောင်ရွက်ခဲ့ပြီး တော်လှန်ရေး တိုးတက်မှုအတွက် ဆောင်ရွက်ခဲ့သည်မှာလည်း မနည်းပေ။

ဗဟိုကော်မီတီအတွင်း၌ ပစ္စည်းမဲ့ လူတန်းစားနှင့် ပြည်သူတို့ကို သစ္စာအရှိဆုံး၊ စွမ်းရည် အရှိဆုံးသူများကို စုစည်း ထားပေသည်။ စုပေါင်းအသိဉာဏ်၊ စုပေါင်းအားထုတ်မှုဖြင့် တော်လှန်ရေးအောင်ပွဲများကို ဆောင်ကြဉ်းနိုင်သော အဖွဲ့အစည်းဖြစ်သည်။

ဗဟိုကော်မီတီ၏ စွမ်းရည်နှင့် အားနည်းချက်ကို အမှန်အတိုင်းမြင်မှသာ ဗဟိုကော်မီတီအပွဲ့အပေါ်တွင်လည်းကောင်း၊ အဖွဲ့ဝင် တဦးချင်း အပေါ်တွင်လည်းကောင်း၊ ရှုမြင်ချက်နှင့် သဘောထားများပြောင်းလဲ သွားမည်။ ဤကဲ့သို့သဘောထား မှန်မှန်နှင့် ကြည့်မြင်နိုင်ခြင်းသည် ဗဟို ကော်မီတီ၏ ညီညွတ်ရေးအတွက် အစဖြစ်ပေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည်တော်လှန်ရေးအတွေ့အကြုံ၊ အထူးသဖြင့် တော်လှန်သော စစ် ၁၆-နှစ် အတွေ့အကြုံကို ဆန်းစစ်သုံးသပ်ပြီး သဘောတရားကောက်ချက်များ ချမှတ်ရန် လိုအပ်ပေသည်။ ဤသို့အားဖြင့် မိမိကိုယ်ကိုနှင့် မိမိပါဝင်သော အဖွဲ့အစည်းနှင့် ပါတီတရပ်လုံးအပေါ် ယုံကြည်မှုကို တိုးပွားစေလိမ့်မည်။

ဗဟိုကော်မီတီမှအစပြုပြီး အတွေးအခေါ် ပြန်လည် ပုံသစ်လောင်းရေး လှုပ်ရှားမှုတရပ်ကို ပြုလုပ်ရန်လိုပေသည်။ မိမိတို့ တဦးချင်း အတွင်းရှိနေသော တသီးပုဂ္ဂလ ဝါဒဝင်မှုများကိုဆန့်ကျင်၍ မိမိကိုယ်ကို ဝေဖန်ရေးကို အခြေခံပြီး ဝေဖန်ရေးစိတ်ဓာတ်ဖြင့် အတွေးအခေါ်နှင့် လုပ်ဟန်များ ပြုပြင်ရန် လိုအပ်ပေသည်။ ဗဟို ကော်မီတီတွင်း တဦးနှင့်တဦး အပြန်အလှန် ကူညီရေး၊ အားလားယုံကြည်ရေး၊ စိတ်ဓာတ်ဖြင့် မြှင့်တင်ကူညီရန် လိုအပ်ပေသည်။

ပြင်မရသော အချောင်သမားဖြစ်သည်၊ လက်နက်ချလိမ့်မည် ဟူ၍လည်းကောင်း၊ ပြင်မရသော တရားသေဝါဒသမား ဖြစ်သည်ဟူ၍လည်းကောင်း၊ သံသယဖြင့် ဆန္ဒစွဲ ဝါဒအရ အမည်တပ် စွပ်စွဲ ပုတ်ခတ်မှုများကို လုံးဝ ရှောင်ရှားရန် လိုသည်။ သေစရာရှိအတူ၊ နေစရာရှိအတူဟူသော အချင်းချင်းအပေါ် ယုံကြည်မှုစိတ်ဓာတ်၊ စုပေါင်းအားထုတ်လိုသောစိတ်ဓာတ်နှင့်အတူ ရဲဘော်ချင်း ကူညီပြုပြင်ပေးနိုင်မည်ဟူ၍ မိမိကိုယ်ကိုယုံကြည်မှုအပြည့်ဖြင့် လေးလေးနက်နက်သဘောထားပြီးလုပ်ဆောင်ရန် လိုအပ်ပေသည်။

ပါတီတရပ်လုံးတွင် ညီညွတ်ရေးစိတ်ဓာတ် အပြန်အလှန် ကူညီရေး လေးစားရေးစိတ်ဓါတ်၊ ရဲဘော်အချင်းချင်း ယုံကြည်ရေးစိတ်ဓါတ် မိမိကိုယ်ကို ဝေဖန်ရေးအခြေခံပြီး ဝေဖန်ရေးဖြင့် ညီညွတ်ရေး တဆင့်မြှင့်တင်ရေးစိတ်ဓါတ်၊ စုပေါင်းအားထုတ်မှုကို လေးစားပြီး၊ ဗဟိုချုပ်ကိုင်မှုနှင့် ဒီမိုကရေစီကို မှန်ကန်စွာ လိုက်နာသောစိတ်ဓာတ်များ ပွားများရန် လိုအပ်ပေသည်။ ပါတီတရပ်လုံးအတွင်း လူထုလမ်းစဉ်ကို အလေးအနက် ကျင့်သုံးရန်လိုသည်။ ပါတီတွင်း အောက်ခြေကို လေးစားသည့်သဘောထားနှင့် လုပ်ငန်းများကို လေးနက်ရန် လိုပေသည်။

ဗဟိုကော်မီတီအတွင်း အပြန်အလှန်လေးစားရေး၊ အဟောင်းက အသစ်များကို လေးစားရေး၊ ကူညီရေး၊ အဟောင်းများ အပေါ် အသစ်များက လေးစားရေး၊ တန်ဖိုးထားရေးတို့ ရှိပြီး အတွေ့အကြုံ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

များကို မှန်ကန်စွာ ဆန်းစစ်ကာ အားလုံး၏ အရည်အချင်းကို မြှင့်တင်ရန် လိုသည်။ နိုင်ငံရေးအမှုဆောင်အဖွဲ့သည် ဗဟိုကော်မီတီအား လေးစားရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် ဗဟိုကော်မီတီကလည်း နိုင်ငံရေးအမှုဆောင်အဖွဲ့ (ပီဘီ)ကို ယုံကြည်မှုရှိရန် လိုပေသည်။

ဗဟိုကော်မီတီအဖွဲ့ဝင်များ၏ အရည်အချင်းမြှင့်ရေးအတွက် လေ့လာမှု အစီအစဉ်တရပ်ကို ချမှတ်ရန်လိုသည်။ ၎င်း လေ့လာမှုအရ ခံယူချက်နှင့် ထင်မြင်ချက်များ၊ ဗဟိုကော်မီတီအတွင်း စိနစ်တကျ ဖလှယ်ခြင်း၊ ညှိနှိုင်းခြင်း၊ ဝေဖန်ခြင်း၊ အခိုင်အမာပြုခြင်းတို့ကို ပြုလုပ်ရန် လိုပေသည်။ ဤသို့ တူညီသော လေ့လာမှုမှ တူညီသော အတွေးအခေါ်၊ထင်မြင်ချက်ရရှိအောင် ကြိုးပမ်းခြင်းသည် ဗဟိုကော်မီတီတွင်း ညီညွတ်ရေးအတွက် အရေးကြီးသော ခြေလှမ်းဖြစ်ပေသည်။

ဂ။ နိုင်ငံရေးအမှုဆောင်အဖွဲ့သည် ဗဟိုကော်မီတီ၏ အလုပ်များကို တာဝန်ယူ ခန့်ခွဲသော အလုပ် အမှုဆောင်အဖွဲ့ ဖြစ်သည်နှင့် တပြိုင်တည်း နိုင်ငံရေး ရှေ့ဆောင်မှုပေးရန်အတွက်လည်း တာဝန်ရှိပေမည်။

သို့ဖြစ်၍ နိုင်ငံရေးအမှုဆောင်အဖွဲ့၏ ညီညွတ်ရေးသည် ဗဟို ကော်မီတီ၏ ညီညွတ်ရေးအတွက် အထူးပင် အရေးကြီးပေသည်။ သို့ရာတွင် နိုင်ငံရေးအမှုဆောင်အဖွဲ့ညီညွတ်ရေးသည်ဗဟိုကော်မီတီတွင်း ညီညွတ်ရေးနှင့် သီးခြားမဟုတ်၊ ပါတီတွင်း ညီညွတ်ရေး တည်ဆောက်ရေးနှင့် သီးခြားမဟုတ်၊ အထက်ကမဟုတ်၊ နိုင်ငံရေးအမှုဆောင်အဖွဲ့သည် ပါတီဗဟိုက တောင့်တင်းအောင် တည်ဆောက်ရင်း ပါတီတရပ်လုံး တောင့်တင်းအောင် တည်ဆောက်သွားရမည်။

ပါတီတွင်း လူထုလမ်းစဉ်ဖြင့် အထက်အောက် ညီညွတ်ရေး တည်ဆောက်ရင်း ပါတီဗဟို တောင့်တင်းရေးအတွက် ဆောင်ရွက် သွားရမည်။ ဗဟိုကော်မီတီအတွင်း၌ လူထုလမ်းစဉ် ကျင့်သုံးရန် နိုင်ငံရေး အမှုဆောင်အဖွဲ့ (ပီဘီ)က အထူး အားထုတ်ရမည်။

နိုင်ငံရေးအမှုဆောင်အဖွဲ့အတွက် လုပ်နည်းလုပ်ဟန်မှာ ယေဘုယျအားဖြင့် အများစု ဆုံးဖြတ်ချက်အရ လုပ်ကိုင်သွားရမည်။ သို့ရာတွင် အားလုံး သဘောတူညီချက် ရနိုင်အောင် ကြိုးပမ်းခြင်း၊ အပူတပြင်း မဖြစ်၊ သဘောမတူသေးသူက သဘောတူလာအောင် အချိန်ယူခြင်း၊ စသည့် ညီညွတ်ရေးလုပ်ဟန်ကို ကျင့်သုံးသွားရမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၉။ ဥက္ကဋ္ဌနှင့်ရဲဘော်ဘတင်တို့၏ညီညွတ်ရေးသည် နိုင်ငံရေး အမှုဆောင် အဖွဲ့တွင်း ညီညွတ်ရေး၏ အထက်ကမဟုတ်၊ ပုဂ္ဂိုလ် ၂ ဦး၏ ညီညွတ်ရေးသည် အရာရာ ဆုံးဖြတ်သည့်သဘောမျိုးမဖြစ်စေရန် လိုအပ်ပေသည်။ သို့ရာတွင် ပါတီတွင်း၌ အယူအဆသဘောထား မတူသူများကို ပိုမို ဂရုပြုဆွေးနွေးပြီး ညီညွတ်ရေးတည်ဆောက်ရန် လိုအပ်ပေသည်။ မူအရ ညီညွတ်ရေးအတွက် အစွမ်းကုန်ကြိုးစားရန် လိုအပ်ပေသည်။

၁၀။ ဤအမြင့်ဤရပ်တည်မှု၊ဤမူ ဤလမ်းညွှန်များအရ နိုင်ငံရေး အမှုဆောင်အတွင်း ညီညွတ်ရေး၊ ဗဟို ကော်မီတီတွင်း ညီညွတ်ရေး ဗဟိုကော်မီတီနှင့် နိုင်ငံရေး အမှုဆောင်အဖွဲ့တို့အတွက် အစွမ်းကုန် ဆောင်ရွက်သွားမည်။

ဗဟိုကော်မီတီညီညွတ်ရေးကို မဏ္ဍိုင်ပြုကာ ပါတီတရပ်လုံးညီညွတ်ရေး၊ ပါတီတရပ်လုံး တဆင့်တက် မြှင့်တင်ရေး၊ တပ်မတော် တည်ဆောက်ရေးတို့ကို အစွမ်းကုန် ဆောင်ရွက်သွားရန် တညီတညွတ်တည်း ဆုံးဖြတ်သည်။

မဲအားလုံး သဘောတူ ဆုံးဖြတ်သည်။

ဆုံးဖြတ်သည့်နေ့၊ ၁၉၆၄ ခု။

ဤသည်ပင်လျှင်မှာ ၁၉၆၄-ခုနှစ်တွင် ကျင်းပသော ဗဟိုကော်မီတီ အစည်းအဝေး၌ ဆုံးဖြတ်သည့်"အပိုင်း-၂၊ စည်းရုံးရေးပိုင်း"ဖြစ်၏။ ယင်းမှာ ဗဟိုကော်မီတီ၏ဆုံးဖြတ်ချက်အမှတ်(၁၉)ဖြစ်၏။ ဤ"ပါတီညီညွတ်ရေးနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်"မှာမူ ဗဟိုကော်မီတီအဖွဲ့ အားလုံး၏ တညီတညွတ်တည်း သဘောတူသည့်ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

ယင်းဗဟိုကော်မီတီ၏ဆုံးဖြတ်ချက်ကိုဗဟိုကော်မီတီအတွင်းရေးမှူး ရဲဘော်ဌေး၏လက်ရေးမူဖြင့် မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

ဤသို့ဖြင့် ၁၉၆၄-ခုနှစ် ဗဟို ကော်မီတီ အစည်းအဝေး၌ ပါတီတွင်း ညီညွတ်ရေး အထူးသဖြင့် ဗဟိုကော်မီတီတွင်း ညီညွတ်ရေးနှင့်ပတ်သက်၍ အလေးအနက်ဆုံး သဘောထား၍ ဆုံးဖြတ်ခဲ့သော်လည်း ဗဟိုကော်မီတီတွင်း ညီညွတ်ရေးသည်ကား စိုးစဉ်းမျှမရရှိခဲ့ချေ။

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

ရဲဘော်ငွေး၏ လက်ရေးမူ



၁၉၆၄-ခုနှစ် ဗဟိုကော်မီတီအစည်းအဝေးမှစည်းရုံးရေးဆိုင်ရာ ဆုံးဖြတ်ချက်မူရင်း။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နိုင်ငံရေးဦးဆောင်အဖွဲ့သည် ဗဟိုကော်မီတီအစည်းအဝေးမှ ဆုံးဖြတ်ထားသည့် စည်းရုံးရေးဆိုင်ရာ ဆုံးဖြတ်ချက်ဘောင်များကို ဆက်လက်၍သာ ဆန့်ကျင်ခဲ့ကြသည်။ ချိုးဖောက်ခဲ့ကြသည်။

ထို့ကြောင့် ဗဟိုကော်မီတီတွင်းညီညွတ်ရေးမှာ တနေ့တခြားပင်ပို၍ပို၍ ဆိုးဝါးခဲ့လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီအလယ်ပိုင်းတိုင်းကော်မီတီဥက္ကဋ္ဌဖြစ်သော သခင်ဖေတင့်(ခ)ရဲဘော်ဘ(ခ)ရဲဘော်စံဝင်းသည် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်နိုင်ငံရေးဦးဆောင်အဖွဲ့သို့ နိုင်ငံရေးလမ်းစဉ်ဆိုင်ရာတင်ပြချက်တရပ်ကို ဤသို့ တင်ပြလိုက်လေသည်။

၁၉၆၄ - ခုနှစ် စက်တင်ဘာလ၊ ဗဟိုကော်မီတီ အစည်းအဝေးက အတည်ပြုလိုက်သော ဗဟိုကော်မီတီဥက္ကဋ္ဌ၏ နိုင်ငံရေးအစီရင်ခံစာနှင့် ပတ်သက်၍ ရဲဘော်စံဝင်း၏ တင်ပြချက်။

အထက်ဖော်ပြပါ အစီရင်ခံစာအပြင် ပါတီဝင် ကေဒါများအား ရှင်းလင်းတင်ပြချက်စာတန်းနှင့် ဥက္ကဋ္ဌ၏ နိဂုံးချုပ် မိန့်ခွန်း တို့ကိုပါ လေ့လာရပါသည်။ စာတန်း(၃)စောင်လုံးကိုတကြိမ်စီသာ လေ့လာရပါသေးသည်။ စာတန်းများကို ဖတ်ရှုထားသော တိုင်းစည်းရုံးရေးကော်မီတီ(၃)ဦး၊ ခရိုင်ကော်မီတီတဦး၊ စည်းရုံးရေးမှူး တဦး တို့နှင့် အတော်အသင့် ဆွေးနွေးရသည်။ ရဲဘော် တင်ထွန်းနှင့်လည်း အသင့်အတင့်ဆွေးနွေးရသည်။

ကျွန်တော်၏ ခံယူချက်တို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ၎င်းစာတန်းများပါ အစိုးရ၏ လူတန်းစား လက္ခဏာ သတ်မှတ်ချက်ကို ကျွန်တော်လုံးဝသဘောမတူပါ။

၂၅-နှစ်မြောက်နေ့ဥက္ကဋ္ဌမိန့်ခွန်းကိုဝေဖန်ထားသော ကျွန်တော်၏ တင်ပြချက်အတိုင်းပင် ကျွန်တော် ဆက်လက်ခံယူသည်။

၂။ (ပီဘီ)၏ အခွင့်အာဏာ တိုးချဲ့ သတ်မှတ်မှုကို လုံးဝ သဘောမတူပါ။

နံပါတ်(၁)အချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ထပ်မံ ရှင်းလင်း ဖော်ပြပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အစိုးရလူတန်းစား လက္ခဏာနှင့်ပတ်သက်၍ ကျွန်တော်၏ သတ်မှတ်ချက်သည်အမျိုးသား ခနရှင်ဖြစ်သည်။

အမျိုးသားခနရှင်လော၊ လက်ဝဲလောဟုပိုင်းခြားရာတွင် ပြည်တွင်းစစ်ဖြင့် ပိုင်းခြားနည်းကို ကျွန်တော်လက်မခံပါ။

အုပ်စိုးသော လူတန်းစားအနေနှင့် အမျိုးသား ခနရှင်ပင် ဖြစ်စေ၊ ပြည်သူကို ဖိနှိပ်မြဲဖြစ်သည်။ ပြည်သူကို ဖိနှိပ်မှုသည် အခြေခံလက္ခဏာဖြစ်သည်။ ပြည်တွင်းစစ်သည် အကြမ်းတမ်း အရက်စက်ဆုံးသောဖိနှိပ်မှုဖြစ်သည်။ နယ်ချဲ့နှင့်ပြည်တွင်းဖောက်ပြန်ရေးသမားတို့၏အလိုကျဖြစ်သည်။ ပြည်တွင်းစစ်ခင်းမှုအရ အမျိုးသား ခနရှင်တို့တွင် ဖောက်ပြန်ရေးပိုင်းက အဓိကလွှမ်းသည်။ ဤသို့ဆိုသဖြင့် အမျိုးသားရေး လက္ခဏာ လုံးဝကုန်ဆုံးလေပြီဟုဆို၍မရချေ။ အထူးသဖြင့်နိုင်ငံခြားရေးတွင် တစုံတရာသော နယ်ချဲ့ဆန့်ကျင်ရေး ရှိနေသည်။ ပေါ့ပြည်၏ အတွေ့အကြုံများအရ အုပ်စိုးသူတို့၏ အနေအထားသည် ပြောင်းလဲသောသဘောရှိသည်။ ပြည်တွင်းစစ်ခင်းရင်း အဖောက်ပြန်ဆုံးသူတို့ ကျဆုံးသည်။ အချို့က ပြည်သူတို့ကို ပူပြင်ရေးလုပ်ငန်းများဖြင့် မှိုင်းတိုက်စည်းရုံးသည်၊ တစုံတရာသော ဒီမိုကရေစီ အလျော့ပေးမှုများ ပြုလုပ်သည်။ အချို့က တစုံတရာသော အခြေအနေအောက်တွင် ကွန်မြူနစ်တို့ အပါအဝင် ပြည်သူတို့နှင့် တွေ့ဆုံဆွေးနွေး စေ့စပ်သည်။ ဤသည် အမျိုးသား ခနရှင်တို့၏ နှင့်ဖက်သွားလက္ခဏာကို လက်တွေ့ ဖေါ်ပြခြင်း ဖြစ်သည်။ ပြည်တွင်းစစ်ခင်းမှုကြောင့် အမျိုးသားနေရှင်မဟုတ်တော့ပြီဟု ဆို၍မရသော သဘောဖြစ်သည်။

ကျွန်တော်က နယ်ချဲ့ခေတ်အုပ်စုတွင် မပါသော ကြားနေရေး ဝါဒဖြင့်သာ ပိုင်းခြတ်သည်။ သို့သော် ဤသို့ပိုင်းခြတ်ရာတွင် တကယ့် ဖြစ်ရပ်တို့ကိုပြည့်စုံစွာ ထည့်တွက်ရမည်ဟုလည်း မြင်သည်။

ကြားနေရေးဝါဒ ကျင့်သုံးသည်ဟု ကြေညာစေကာမူ နယ်ချဲ့နှင့်ပေါင်း၍ ဖောက်ပြန်သောလုပ်ရပ်တို့ကို အထွင့်အထိပ်ရောက်အောင်ပြုလုပ်သူတို့ယနေ့ ရှိလာနေပေသည်။ ထိုနည်း ၎င်းစစ်အုပ်စုတွင်ပါနေစေကာမူ နယ်ချဲ့နှင့် ဆန့်ကျင်မှု ပြုလာနေသူတို့လည်း ရှိလာနေပေသည်။ ဤသည် နိုင်ငံတကာ အခြေအနေပြောင်းလဲမှုအရ ဖြစ်ပျက်ခြင်း ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်တို့ကို ထည့်တွက်ရမည် ဖြစ်စေကာမူ၊ တဖက်မှတဖက်သို့ ယိမ်းပိုင်နေမှုတို့ကို သတိပြုရမည်ဖြစ်စေကာမူ နယ်ချဲ့စစ်အုပ်စုတွင်မပါသော နယ်ချဲ့နှင့် စပ်ရေးအရ ထပ်တူမပူးပေါင်းသော ကြားနေရေး ဝါဒပြင့်သာ ပိုင်းဖြတ်ရမည်ဟု မြင်သည်။

ဤသည်မှာဗဟိုကော်မီတီအဖွဲ့ဝင် သခင်ဖေတင့်မှ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ၁၉၆၅ ခုနှစ်၊ ဧပြီလ(၈)ရက်နေ့စွဲဖြင့် တင်ပြလိုက်သော တင်ပြချက်ပင် ဖြစ်လေသည်။

ထို့နောက်တွင် သခင်ဖေတင့်(ခ)မောင်လွင်(ခ)ရဲဘော်ဘ(ခ) စံဝင်းသည် ၁၉၆၅-ခုနှစ်၊ ဧပြီလ (၉) ရက်နေ့စွဲဖြင့် ရဲဘော်ဘတင် (ဂိုရှယ်) ထံသို့လည်း ပုဂ္ဂိုလ်အရပေး စာတစောင်ကို ရေးလိုက်လေသည်။

“ပွင့်လင်းစွာပြောရရင် ခင်ဗျားရဲ့ ကိုယ့်ယုံကြည်မှုအပေါ် နိုင်မာစွာ ရပ်တည်ပြီး တဦးတည်းကျန်ကျန် အလံမလှဲပဲ တိုက်တဲ့ ဘော်ရှိဗစ် သတ္တိဟာ ကျွန်တော့်အတွက် စံနမူနာပါပဲ၊ ပါတီတွင်းမှာလဲ စံနမူနာပါပဲ။

ခုလဲ လေနင်ကြွင်းမှန်တိုင်းနဲ့ ခင်ဗျား ရင်ဆိုင်ရပြန်ပါပြီ။ ခင်ဗျားရဲ့ အတွေ့အကြုံ၊ ခင်ဗျားရဲ့ အစဉ်အလာနဲ့ ခင်ဗျားရဲ့ တစိုက်တရာသော မှန်ကန်ယုံကြည်မှုအရ ဒီမုန်တိုင်းကို ခင်ဗျားကျော်လွှားနိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ကျွန်တော်လဲ ကျွန်တော် ရောက်လေရာရာမှာ အစွမ်းကုန်ညှိနှိုင်းလေ့လာပြီး ဆောင်ရွက်သင့်တာတွေကိုဆောင်ရွက်ပါ့မယ်။

ခင်ဗျားရဲ့ ပေးစာကိုတော့ ရဲဘော်လှဒေလက်အပ်ခဲ့ပါတယ်၊ ခင်ဗျား ဆန္ဒအရ အပ်ခဲ့ပါတယ်၊ အဲဒီစာကို သိမ်းဆည်းပြီး ခင်ဗျားနဲ့တွေ့တဲ့အခါအပ်ဖို့ မှာခဲ့ပါတယ်။

ကိုညိုမြင့် ကိုဘထွန်းတို့ရဲ့ ညီညွတ်မှုနဲ့ပတ်သက်ရင်တော့ ကျွန်တော့် အနေနဲ့ အောက်ပါအတိုင်းမြင်ပါတယ်။

ဒီနေ့ဖြစ်ချပ်တွေအရဆိုရင် အယူအဆရေး၊ နိုင်ငံရေး၊ ညီညွတ်မှ တကယ် တန်းညီညွတ်နိုင်ကြမှာပါပဲ၊ လူပုဂ္ဂိုလ်အရတော့ သင့်တင့်နေကြတယ်ဆိုတဲ့အချက်ကိုတော့ ကျွန်တော်မယုံပါဘူး၊ တကဲ့လက်တွေ့အရလဲဟုတ်မှမဟုတ်ပဲ၊ အယူအဆရေး၊ နိုင်ငံရေးမတူစေကာမူ ပါတီတွင်းတိုက်ပွဲကျင့်စဉ်အတိုင်း ကျင့်နိုင်သည်နှင့်အမျှတော့ တစိုက်တရာသော စုစည်းမှုရှိနိုင်ပါတယ်။ အဲဒီကျင့်စဉ်မည်မျှ ကျင့်နိုင်ကြတယ်၊ မကျင့်နိုင်ကြဘူးဆိုတာကိုပဲ ဒီနေ့စစ်ဆေးရလိမ့်မယ်ထင်ပါတယ်”

(မှတ်ချက်။ ။ရဲဘော်လှဖေမှာ သခင်တင်ထွန်းဖြစ်ပါသည်။ ကိုညိုမြင့်မှာ သခင်သန်းထွန်းဖြစ်ပြီး၊ ကိုဘထွန်းမှာ ရဲဘော်ဘတင် ဖြစ်ပါသည်။ စာရေးသူ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ဖေတင့် (ခ) စံဝင်း၏လက်ရေးမူ



နိုင်ငံရေးဦးဆောင်ကော်မတီသို့ သခင်ဖေတင့်၏ တင်ပြချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ သခင်ဖေတင့်သည် ရဲဘော်ဘတင်သို့ ဗဟိုကော်မီတီတွင်း ညီညွတ်ရေး အထူးသဖြင့် သခင်သန်းထွန်းနှင့် ရဲဘော်ဘတင်တို့၏ ညီညွတ်ရေးနှင့်ပတ်သက်သော သဘောထားကို ရေးသားဖော်ပြခဲ့သည်။

ထို့နောက် လက်ရှိ ဗမာပြည်၏ အခြေအနေအရ တစ်ံတရာသော အခြေအနေ၌ တော်လှန်ရေးကောင်စီအား ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ကမ်းလှမ်း၍ မိမိရပ်တည်မှုဖြင့် အာဏာခဏ်းတွင် ပါဝင်နိုင်ရေးအတွက် ရည်မှန်းချက်ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီမှ ရှေ့ဆောင်သွားရေးကိုလည်း ဤသို့ပင်ရေးသားလိုက်လေသည်။

"အမှန်က လူထုက နေဝင်းအစိုးရကို လှန့်စွာမုန်း၊ တတ်နိုင်ရင် အနိုးရသစ်တရပ်လို၊ ပါတီကိုအားထားခြင်းများလည်းရှိ၊ သို့သော် ပါတီကိုအားမရ၊ ထွက်ပေါက်အတွက် နည်းလမ်းရှာရန် အကြပ်အတည်းဖြစ်နေကြသောကာလဖြစ်၏။

ဒီအခြေအနေမှာ ပါတီက နည်းလမ်းပြ ခေါင်းဆောင်ရန်ဖြစ်။

နေဝင်းရဲ့၊ လူထုဆန့်ကျင်ရေး လုပ်ရပ်တို့ကို တိကျစွာဆန့်ကျင်ပြီး ငြိမ်းချမ်းရေး ကမ်းလှမ်းချက် လုပ်ရန်ဟုဖြင်။ အဝိုက်အခံဖြင့်နေရေး၊တရားသေလမ်းစဉ်မျိုး မဟုတ်ပဲ တစုံတရာသော မိမိရပ်တည်မှုဖြင့် အာဏာခဏ်းတွင် တစုံတရာသော အခြေအနေတွင်ပါရေး ရည်မှန်းချက်ဖြင့် ချမှတ် ရမည်ဟုဖြင်။ အလားအလာနှစ်ရပ်လုံးအတွက် ပြင်ရန်ဖြစ်။

ပါတီက ရဲရဲကြီး ခေါင်းဆောင်ရမည့် အချိန်ဖြစ်၊ သူ့ဩဇာ တည်ဆောက်သလို လုပ်နည်းမျိုးကိုလည်း ဆန့်ကျင်ရမည်ဖြစ်၏။

ကဲ-တော်သေးပြီဗျာ။

ရဲဘော်များအားလုံးကို ခင်ဗျားမှတဆင့် နှုတ်ဆက်လိုက်ပါတယ်။

လိုအပ်ချက်အရ ခင်ဗျားရဲ့ ကျန်းမာရေးကို ဂရုစိုက် ပြုရ စေချင်ပါတယ်။

လေးစားစွာ၊ အလေးနီပြုပါ၏။

မောင်လွင်

၉-၅

၂၀း၀၀နာရီ

၁၉၆၄-ခုနှစ်တွင် သခင်ဖေတင့်အား တရုပ်ပြည်၌ ဆေးကုသရန်အတွက် ရန်ကုန်မြို့တွင်ရှိသော တရုပ် ပြည်သူ့ သမတနိုင်ငံ သံရုံးမှတဆင့် အစီအစဉ်လုပ်ခဲ့၏။ ယင်း အစီအစဉ်အရ သခင်ဖေတင့်သည် ရှမ်းပြည်တောင်ပိုင်းအင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထင်ပေဗော ပုံ တော်ရေး



၆ ဘော်ဘတင်သို့ သခင်ဖေတင့်၏ ပေးစာမူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လေး ဒေသတွင် တရုပ်ပြည်ခရီး၏ စခန်းထောက်တွင် နေထိုင်ခဲ့၏။ ထိုသို့နေထိုင်ရင်း သခင်ဖေတင့်သည် "ပုဏ္ဏမာ"၏ စည်းရုံးရေး အလုပ်များကိုလည်း လုပ်ကိုင်ခဲ့သည်။

(မှတ်ချက်။ ။ "ပုဏ္ဏမာ"ဆိုသည်မှာ ဗမာပြည် ကွန်မြူနစ်ပါတီ၏အလယ်ပိုင်း ဗမာပြည်နှင့် အထက် ဗမာပြည်တို့အား နယ်မြေသစ်တိုးချဲ့ စည်းရုံးရေးပင် ဖြစ်ပါသည်။ စာရေးသူ)

သခင်ဖေတင့်သည် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် နိုင်ငံရေး ဦးဆောင်အဖွဲ့သို့ နိုင်ငံရေးဆိုင်ရာ တင်ပြချက်နှင့် ရဲဘော် ဘဟင်ထံသို့တင်ပြချက်များနှင့် စာများကိုရေးပြီးနောက် တရုပ်ပြည်သို့ ခရီး ထွက်ခဲ့၏။ တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ လျှို့ဝှက် ဆက်သွယ်ရေးအဖွဲ့သည် သခင်ဖေတင့်အား လာရောက် ကြိုဆို၍ ပီကင်းသို့ အထူးအမြီအစဉ်ဖြင့် ခေါ်ဆောင်၍ သွားလေသည်။

သခင်ဖေတင့်သည် ဗမာပြည် ကွန်မြူနစ်ပါတီ၏ နိုင်ငံရေး ဦးဆောင်အဖွဲ့အားလည်းကောင်း၊ ဗဟိုကော်မီတီ အဖွဲ့အစည်းအားလည်းကောင်း ယုံကြည်ကိုးစား ခဲ့သူလည်းမဟုတ်၊ ကိုယ့်အား ကိုယ်ကိုးလိုသူလည်း မဟုတ်ချေ။ ပြည်ပကိုသာအားကိုးအားထားပြုလိုသူဖြစ်၏။မျှော်ကိုး၏။ထို့ကြောင့်၁၉၆၂ ခုနှစ်တွင် ကျင်းပသော ဗဟိုကော်မီတီ အစည်းအဝေး၌ "ညီအစ်ကို ပါတီများ၏ ဝေဖန်ချက်နှင့်အကြံဥာဏ်ကို ခံယူရန်တင်ပြချက်" ကို အရေးတကြီးပင် တင်ပြခဲ့လေသည်။

ညီအစ်ကို ပါတီများ၏ ဝေဖန်ချက်နှင့် အကြံဥာဏ်ကို ခံယူရန် တင်ပြချက်

(က) ဤပြဿနာကို နိုင်ငံရေး လမ်းစဉ်ခဏ်း ပြီးဆုံးသောအခါ တင်ပြရန် ပိုင်းဖြတ်ထားမှုအရ တင်ပြခြင်းဖြစ်သည်။ ကြိုတင် စဉ်းစားထားနိုင်ကြရန် စာနှင့်ရေး၍ တင်ပြခြင်းဖြစ်သည်။

(ခ) ဗမာပြည် တော်လှန်ရေး၏ အခြေအနေသည် ကြီးမားလှသော အကြပ်အတည်းနှင့် ကြုံတွေ့နေရဆဲဖြစ်သည်။

ကျွန်တော်တို့ ဗဟိုကော်မီတီတွင်းတွင် သဘောတရားရေး အရ နိုင်ငံရေးအရ ကြီးမားသောကွဲပြားခြားနားချက်များ ရှိနေပေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နည်းပရိယာယ် လမ်းစဉ်တရပ်ကို ချမှတ်ပြီးသည့် တိုင်အောင် ဤ အခြေအနေကို ပယ်ဖျက်နိုင်ခြင်း မရှိသေးပေ။

ယခု ဗဟိုကော်မီတီ အစည်းအဝေးတွင် ဤအခြေအနေကို ကျော် လွှားနိုင်ရန် အလားအလာမရှိပေ။

ဤဖြစ်ရပ်သည် ဗမာ့ တော်လှန်ရေးအတွက် ဘေးဆိုး အန္တရာယ် ဆိုးဖြစ်ပေသည်။

ကျွန်တော်တို့ ယူနစ်တွင်း တိုက်ပွဲဖြင့် ဤအခြေအနေကို ပြင်ဆင် ပစ်ရမည်မှာမှန်သည်။

ပါတီတွင်းတိုက်ပွဲဖြင့်လည်း ပြင်ဆင်နေကြရမည်မှာ မှန်သည်။

တော်လှန်ရေးတိုက်ပွဲအရပ်ရပ် အတွေ့အကြုံများ၏ အကြပ်ကိုင်မှု ဖြင့်လည်း ပြင်ဆင်ကြရမည်မှာ မှန်သည်။

ဤသို့သောတိုက်ပွဲတို့ဖြင့် ပြင်ဆင်ရန်မှာ တကယ်တန်းလည်းလိုအပ် သည်။ အဓိကလည်းကျသည်။

သို့သော် ဤနည်းလမ်းများဖြင့်ချည်း မလုံလောက်ပေ။

နိုင်ငံတကာ ညီအစ်ကိုပါတီများ၏ ဝေဖန်အကြံပေးချက်ကို ရယူရန် လိုသည်။

အခြားနိုင်ငံပါတီများသည်လည်း ဤနည်း ရပ်တည် ကျင့်သုံးကြ သည်။

ကျွန်တော်တို့ပါတီလည်း ကျင့်သုံးခဲ့ကြသည်။ ကျင့်သုံးကြသည်။

ဒါသည် ကမ္ဘာ့အလုပ်သမား လူတန်းစား သွေးစည်းညီညွတ်မှု၏ အသွင်တရပ်ပင် ဖြစ်ပေသည်။

(ဂ) နိုင်ငံတကာ ညီအစ်ကိုပါတီများ၏ ဝေဖန် အကြံဉာဏ် ပေး ချက်ကို ယူရာတွင်-

ယနေ့ကာလတွင် အရေးတကြီးလုပ်ရမည် — ဟုမြင်သည်။

ယနေ့ဗမာ့တော်လှန်ရေးသည် ကြီးမားသောအကြပ် အတည်းနှင့် ကြုံတွေ့လျက်ရှိရာ ဤအခြေအနေကို ကုစားနိုင်သောနည်းလမ်းအပေါ် ယုံကြည်မှု ခိုင်မြဲဖြင့်မားရန်လိုသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့သောအခြေအနေ ဖြစ်ပေါ်မှု မြန်နိုင်သမျှ မြန်ရန်လည်း လိုသည်။

ပြည်တွင်းတိုက်ပွဲအရပ်ရပ်ကို အခြေခံ၍ ညီအစ်ကိုပါတီများ၏ဝေဖန် အကြံဥာဏ်ပေးမှုကို ပေါင်းစပ်နိုင်လျှင် ဤသို့သောအခြေအနေကို ရနိုင်လိမ့်မည်ဟု ယုံကြည်သည်။

ထို့ကြောင့် ပြည်တွင်းတိုက်ပွဲအရပ်ရပ်ကို ကြီးပမ်းရင်း ညီအစ်ကို ပါတီများ၏ ဝေဖန်အကြံဥာဏ်ပေးချက်များကိုလည်း အမြန်ဆုံးနည်း လမ်းကြံဆ၍ အရေးတကြီး ယူရန်လိုသည်။

(ဃ) ထို့ကြောင့် ဤအစည်းအဝေးက "ညီအစ်ကို ပါတီများ၏ ဝေဖန်အကြံဥာဏ်ပေးချက်ကို ရယူရန် အမြန်ဆုံး ကြိုးပမ်းဆောင်ရွက် ရမည်"ဟု ဆုံးဖြတ်ရန်လိုသည်။

ဤနေရာတွင် တိတိကျကျအားဖြင့် ပြောရမည်ဆိုလျှင် ဤလုပ်ငန်း တာဝန်ထမ်းဆောင်ရေးကို ကျွန်တော်တို့ယူနစ် တာဝန်ခွဲမှုအရ နိုင်ငံခြား ဆက်သွယ်ရေး တာဝန်ခံကချည်း တာဝန်ယူ ဆောင်ရွက်ရန်မဟုတ်ပဲ၊ ဤအစည်းအဝေးက တာဝန်ပေးအပ်သော နိုင်ငံခြား ဆက်သွယ်ရေး တာဝန်ခံအပါအဝင်အဖွဲ့တဖွဲ့ကတာဝန်ယူဆောင်ရွက်စေရေးဖြစ်သည်။

ဤဆုံးဖြတ်ချက်ကျလျှင် အမြန်ဆုံး၊ အကောင်းဆုံး၊ အဖြစ်နိုင်ဆုံး နည်းလမ်းများကို အသေးစိတ် ရှာဖွေကြရန်ဖြစ်သည်။

အဘယ်ကဲ့သို့သော ဝေဖန်အကြံဥာဏ် ပေးချက်များကို ရယူရန် ဆွေးနွေးကြရန်ဖြစ်သည်။

(င) ဤလုပ်ငန်းတာဝန်ကို တကယ်တန်း ဆောင်ရွက်အောင်မြင် ပါက ဗဟိုကော်မီတီတရပ်လုံးအပါအဝင် ပါတီ တရပ်လုံး အတွက် ကြီးမားသောအင်အားကို ဖြစ်စေနိုင်သည်။

ဤလုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်သော အခြေအနေရှိသည်ဟု ယုံကြည်သည်။

မောင်ဘ
၁၀-၅-၆၂။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ဖေတင့်(ခ) မောင်ဘ၏ လက်ရေးနှင့် လက်မှတ်



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

[illegible]

(င) [illegible]

[illegible]

[illegible]

၃၀· ၃· ၆၁

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(မှတ်ချက်။ ။သခင်ဖေတင့်၏ တင်ပြချက်တွင် ဘေးမှလက်မှတ် ရေးထိုးထားသူများ၏လျှို့ဝှက်အမည်များမှာ—

အုံးသည်၊ (ရဲဘော်တုတ်)၊ချစ်သည်၊ဦးချစ်ထွန်း (သခင်ဇင်) (အက်စ်၊ တီ၊ အက်စ်) သည်၊ စောထွန်းရွှေ (ရဲဘော်မြ) (ကေကေ) သည် ဦးကျော်ခင် (ဗိုလ်ရဲထွဋ်) အောင်သည်၊ ဦးမြင့်အောင် (ဗိုလ်မျိုးမြင့်) အေးမောင်သည်၊ ဦးထွန်းမောင် (ဒေါက်တာနုတ်) ပိုင်သည်၊ ဦးပိုင် (ဗိုလ်ရန်အောင်) ဘထွန်းသည်၊ ရဲဘော်ဘတင် (ဂိုရှယ်) ကြီးညိုသည် (ရဲဘော်ငွေး)— တို့ဖြစ်ကြပါသည်။ စာရေးသူ)။

ဤသည်မှာ မောင်ဘ(ခ)သခင်ဖေတင့်၏ တင်ပြချက်ပင်ဖြစ်သည်။ ယင်းသခင်ဖေတင့် ၏"နိုင်ငံခြားမျှော် အယူအဆ"သည်၊ ဗမာပြည်ကွန်မြူနစ် ပါတီ ဗဟိုကော်မီတီအား ကိုယ်စားပြု၏။ ဗဟိုကော်မီတီသည် မိမိ ခြေထောက်နှင့် လမ်းလျှောက်ရန် မဝံ့သူများဖြစ်ကြ၏။ ခြေနှစ်ချောင်းဖြင့် လမ်းလျှောက်ခြင်း မပြုနိုင်သူများဖြစ်ကြလေသည်။

အထူးသဖြင့် သခင်ဖေတင့်သည် တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ အကူအညီကိုသာ အသာသမ်းငမ်းဖြင့် ရယူလိုသူဖြစ်လေသည်။

၁၉၆၅-ခုနှစ်၊ နိုင်ငံရေးဦးဆောင်အဖွဲ့၏ နိုင်ငံရေး ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဗဟိုကော်မီတီအဖွဲ့ဝင် ဗိုလ်ဇေယျကလည်း၊ ဤသို့ပင်တင်ပြလေသည်။

(က) ပေါလစ်ဗျူရိုအဖွဲ့ ဆုံးဖြတ်ချက်မှာ ပါတီတွင်း သေနင်္ဂဗျူဟာအရ မောင်းတင်ရတာနဲ့ အလေးတင်းပေးနေရတာနဲ့ (ပါတီသမိုင်းမှာ သေနင်္ဂဗျူဟာ တာဝန် မျက်ခြေပြတ်ပြီး လက်ျာအချောင်သမားဝါဒ မွှေနှောက်ပြီး ဘေးကြီးသင့်ခဲ့တဲ့ အကျိုးဆက်ကြောင့် တင်နေရတာနဲ့) နည်းပရိယာယ်မှာ အားနဲ့ပျက်ကွက်လာရတာလို့ ထင်ပါတယ်။

တာဝန်နှင့်ချဖြစ်တဲ့ ပါတီတွင်း အာဏာသိမ်းရေးဆိုင်ရာ နိုင်ငံရေး အတွေးအခေါ်ပညာပေး မောင်းတင်ရတာနဲ့ နည်းပရိယာယ် ဆိုင်ရာ ပြဿနာကိုင်တွယ်ရတာမှာ ရောထွေးပြီး အားနည်းလာတာ ဖြစ်တယ်လို့ခံစားမိပါတယ်။

(ခ) ကျွန်တော်တို့ရဲ့ အောင်မြင်မှု၊ တိုးတက်မှုတွေ ဖော်ရာမှာလဲ ပကတိရုပ် အခြေအနေအရ တည်တည်ငြိမ်ငြိမ် လေး လေး နက် နက် အိမြွေရရဖော်တာမျိုးမဟုတ်ပဲ၊ကားချဲ့တာလွန်ကျူးတာတွေပါနေတာ တွေ့ရပါတယ်။ ပါတီတွင်းမှာ ဒီလိုလေ့ကျင့်မှုမျိုး ပြင်သင့်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမေရိကန် နယ်ချဲ့အန္တရာယ်ကို ဖော်တာတော့ ကောင်းပါတယ်။ သို့ပေမဲ့ အိမ်ရှေ့မရပါ၊ မလေးနက်ပါ၊ အခုပဲရောက်လာ မှချပဲ ရောက်လာတော့မလို ဖြစ်ရုံမက ဗီယက်နမ်အခြေအနေမှာ ရဲဘော်ဟိုချီမင်းလို့ ဆော်ညွှန်ကြားနေတဲ့အဆင့်မျိုး ရောက်သွားတယ် ထင်ပါတယ်။

(ဂ) ဆုံးဖြတ်ချက်မှာရော၊ ရဲဘော်ဘိုးထွန်း (ရဲဘော်မိုးသန်း) အားပြန်ကြားစာမှာရော(၆၄)လမ်းစဉ်ပါအတိုင်းပါပဲ၊ အသစ်မဟုတ်ပါဘူးလို့ သက်သေထူရာမှာလဲ မရိုးသားရာ ကျပါတယ်။ ကျွန်ုပ်တော်တို့ ပါတီထဲမှာ အစဉ်အလာရှိခဲ့တဲ့အကျင့်ဟာ ထိပ်ပိုင်းကစပြီး မပြင်သေးဘူးလို့ ခံစားမိပါတယ်။ ဒါက ပကာတိ ရုပ်ကျကျပြောတာ၊ လုပ်တာ၊ ဝန်ခံတာမျိုးမဟုတ်ပဲ၊မိမိကိုယ်ကို ကာကွယ်ဖို့အတင်းဇွတ်မှိတ်ငြင်းတာ၊ ဖိတာ အကြပ်ကိုင်တာမျိုးဖြစ်ပါတယ်။

၆၄·စက်တင်ဘာအစည်းအဝေး တက်လာတဲ့ ရဲဘော်များကိုယ်တိုင် အခု ပီဘီ (ပေါလင်ဗြူရို) နားလည်သလို နားမလည်ပါဘူး ဆိုထဲက ပြဿနာ ရှိနေပါသီ၊ အစည်းအဝေးမှာ ကျွန်တော်ကိုယ်တိုင်လဲ ကျန်ရဲဘော်တွေလိုပဲ နားလည်ခံစားနေမိပါတယ်။ ဒါကြောင့်မို့ အာဏာသိမ်းရေးအထိ ပါတီတရပ်လုံးကို ဦးတည်ပြီး ခိုင်မြဲအောင် တင်ထားတဲ့အခြေခံပေါ်မှာ ငြိမ်းချမ်းရေး နည်းပရိယာယ် ဖြစ်စေဖို့ကို မီးရထားနဲ့တောင်နှိုင်းပြီး ဥပမာ ပေးခဲ့ ပါသေးတယ်။ ပျဉ်းမနားက မီးရထားတက်စီးရင် ရန်ကုန်အထိလက်မှတ်ယူတာ(အာဏာသိမ်းရေး) တောင်ငူဆင်းသင့်က ဆင်းလို့ရတယ်။ (ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်း ငြိမ်း ချမ်း ရေး) တောင်ငူ အတွက်သာ လက်မှတ်ယူထားရင် ရန်ကုန်အထိ လိုက်လို့ရမှာမဟုတ်တဲ့အကြောင်း ငြိမ်းချမ်းရေး ဦးတည်တာဟာ တော်လှန်ရေးစိတ်ဓာတ်ကို ထုံထိုင်းစေကြောင်း ပြောတာ မှတ်မိပါသေးတယ်၊ဒီလိုပြောတာက၊ ကျွန်တော့်ခံစားမှုမှာကို တွေ့ဆုံဆွေးနွေးရေး ငြိမ်းချမ်းရေးအတွက် အလေးတင်းနေတယ် ခံစားမိလို့ပါပဲ။

အယူအဆဆိုတာ တဖြည်းဖြည်း ဖြင့်ပေါ်တိုးတက်လာ ပြည့်လာတာဟာ သူ့ရဲ့ သဘာဝကျတဲ့ ဖြစ်စဉ်ပါပဲ၊ ခုလဲ ဒီဖြစ်စဉ်အရ ဖြတ်သန်းလာခဲ့တာကို ရှင်းရှင်းပဲ ပြောသင့်လျက် မပြောတာကြောင့် ပြဿနာတွေပိုရှုပ်၊နားလည်မှုပျက်၊ စိုးရိမ်နေ့သင့်ဖြစ်၊ မလိုလားအပ်တဲ့ ပဋိပက္ခတွေဖြစ်နိုင်ပါတယ်။”

ဗိုလ်ဇေယျ၏ လက်ရေးမူ။



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်မှာ ဗိုလ်ဇေယျ၏ ၁၉၆၅-ခုနှစ်ဇွန်လတွင် ကျင်းပသော နိုင်ငံရေးဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ထင်မြင်ချက်နှင့် ခံစားရချက်တို့ပင်ဖြစ်၏။ ဗိုလ်ဇေယျသည်၁၉၆၆-ခုနှစ် ဇွန်လ(၁၃)ရက်နေ့စွဲဖြင့်ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၌ရှိသောနိုင်ငံရေးဦးဆောင်အဖွဲ့သို့ ရေးသားလိုက်ခြင်းဖြစ်၏။ ဗိုလ်ဇေယျသည်၁၉၆၅-ခုနှစ်ဦးတွင်နိုင်ငံရေးဦးဆောင်အဖွဲ့၏တိုက်ရိုက်တာဝန်ပေးချက်အရ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အနောက်မြောက်တိုင်းနှင့်ရခိုင်ပြည်နယ်သို့ ဗဟိုအလုပ်အဖွဲ့အဖြစ်ဖြင့် ရောက်ရှိနေခဲ့ခြင်းဖြစ်၏။ ဤစာကို အနောက်မြောက်တိုင်းတွင် ရှိနေစဉ်အတွင်း ရေးလိုက်ခြင်းဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီ၏ အနောက်မြောက်တိုင်းဆိုသည်မှာ သရက်ခရိုင်အနောက်ခြမ်း၊ မင်းဘူးခရိုင်၊ ပခုက္ကူခရိုင် အစရှိသည့် ဧရာဝတီမြစ်၏ အနောက်ဖက်ခြမ်း ဒေသပင်ဖြစ်၏။ ယခင်က ဗမာပြည် ကွန်မြူနစ်ပါတီ၏ အမှတ်(၂)တိုင်းပင် ဖြစ်သည်။

ဗိုလ်ဇေယျသည် အနောက်မြောက်တိုင်းတွင် ဗဟိုအလုပ်အဖွဲ့၏ ခေါင်းဆောင်အဖြစ်ဖြင့် တာဝန်ယူနေစဉ်၌ပင် အနောက် မြောက်တိုင်း ကော်မီတီအခြေအနေများနှင့် တိုင်းတခုလုံး၏ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး အခြေအနေများကိုလည်း ဗဟိုဌာနချုပ်၌ရှိသော နိုင်ငံရေး ဦးဆောင်အဖွဲ့သို့ အပြည့်အစုံပင် အစီရင်ခံ၏။ အထူးသဖြင့် အနောက်မြောက်တိုင်း စစ်ရေး တာဝန်ခံဖြစ်သော ဗိုလ်သက်ထွန်းနှင့်ပတ်သက်၍ ဤသို့ အစီရင်ခံလိုက်လေသည်။

"အထူး ဖော်ပြ လိုတာ က တော့ (အ နောက် မြောက် တိုင်း) အကြောင်းပါပဲ၊ရောက်ရာနေရာမှာ အလုပ်လုပ်ရတာ အလွန်အဆင်ပြေပါတယ်၊ရဲဘော်များရဲ့ ခရီးဦး ကြိုပြုမှုဟာလဲ အလွန်အားရစရာ ကောင်းပါတယ်။ သို့သော် (အနောက်မြောက်တိုင်း)အသွားမှာအခြေအနေက ပြောင်းပြန် ဖြစ်သွားပါတယ်။ ဒါကတော့ ကိုဝင်းမောင် ပြဿနာပဲဖြစ်ပါတယ်။ ကျန်တိုင်းကော်မီတီများအပြင် တွေ့ရသမျှသော ပါတီဝင်များ၊ တပ်မှူးတပ်သားများ ဝမ်းသာအဲလဲဖြစ်ကြ၊ အားတက်ကြပါတယ်။

ကိုဝင်းမောင် (ဗိုလ်သက်ထွန်း) နဲ့ ၄-၁၀-၆၅ မှာ ခရိုင်ရုံးတွင် စတွေ့ရပါတယ်။ တိုင်းကော်မီတီရဲ့ ဆုံးဖြတ်ချက်အရ ကျွန်တော်တို့အဖွဲ့ကိုလာကြိုကြောင်း တိုင်းရောက်မှပဲသိရပါတယ်။သူ(ကိုဝင်းမောင်)ကတော့ လာကြိုတယ်တောင် မပြောပါ။ သူ့ကိစ္စ သူလာလုပ်တဲ့ပုံပမ်းပါပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၇၂၂ သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ

တွေ့တဲ့အချိန်မှာ ကျွန်တော်တို့အဖွဲ့လာရတဲ့ တာဝန်နဲ့ လုပ်ငန်းကို ပြောပြပါတယ်။(work team) (အလုပ်အဖွဲ့) အနေနဲ့ လက်မခံနိုင်ကြောင်း၊ ယခင်က ဖြူရှိဆိုတာကိုလဲ လက်မခံခဲ့ကြောင်း၊ ဒီတိုင်းမှာ အပေါ်က လာညွှန်ကြားနေတဲ့ အဖွဲ့မျိုးမလိုလားကြောင်း စသည်တို့ဖြစ်ပါတယ်။

ဆက်သွယ်ရေးအတွက် မောင်ဝင်းကိစ္စကို၊ဦးစိန်မှာ လိုက်တဲ့အတိုင်း တောင်းဆိုရာမှာလဲ၊ မပေးနိုင်ကြောင်း၊ ဆက်သွယ်ရေး လုပ်သားတွေကို (centralize) (ဗဟိုချုပ်ကိုင်မှု) အလုပ်မခံနိုင်ကြောင်း၊ ဒီလူတွေကို သူနဲ့ ကိုငွေရ (ရဲဘော်ကျော်မြ)တို့ နှစ်ယောက် သဘောမတူပဲ ဘာမှမလုပ်နိုင်ကြောင်း စသည်တို့ ဖြစ်ပါတယ်။ ရဲဘော် တင်မောင်နဲ့လဲ ဒီကိစ္စပြဿနာဖြစ်ကြ၊စကားပြောမတဲ့ ဖြစ်ကြတယ်။ ဗဟိုနဲ့ ပတ်သက်လို့လဲ မကောင်းကြောင်း၊ မကြိုက်ကြောင်းတွေ၊ ရဲဘော် တင်မောင်ရှေ့မှာပဲ ဝါဒဖြန့်နေကြောင်း၊ ရဲဘော်တင်မောင်က ပြန်အစီရင်ခံလို့ သိရပါတယ်။

ဒါက စတွေ့တွေ့ချင်း ပထမနေ့မှာ ဖြစ်ကြတာပါပဲ။ အကျိုးအကြောင်းဘာမှ မလေ့လာပဲ ပြောလာတာတွေ ဖြစ်ပါတယ်။

တိုင်းအသွား တလမ်းလုံးမှာလဲ ဖော်ပြမှုမကောင်းပါ။ ဗိုလ်ချစ်တို့ ပြဿနာ၊ အလ˚နီပြဿနာ စသည်တို့နဲ့ ပတ်သက်ပြီး တလမ်းလုံး ကျွန်တော့်ကို (Challenge)"စိန်ခေါ်တယ်"နဲ့ပါပဲ။

သူနဲ့"ထွန်း"(ရဲဘော်ထွန်းမောင်(ခ)ဒေါက်တာနတ်)နဲ့ အယူအဆမတူကြောင်း၊ပဋိပက္ခရှိကြောင်းတွေ ရာဇဝင်လှန်ပြောပါတယ်။သို့ပေမဲ့ အလံနီနဲ့ပတ်သက်တဲ့ပြဿနာမှာတော့"ထွန်း"နဲ့တူတယ်။ ကျွန်တော်တို့ချင်း အခြားပြဿနာတွေ အယူအဆ ကွဲကြပေမဲ့ ဒီကိစ္စ မှာတော့ ပေါင်းပြီး တိုက်မယ် လို့လဲ ခြိမ်းခြောက်တာ လုပ်ပါသေးတယ်။

(ဝိုင်)ပြောင်းလာရေးကိုလဲ သဘောမကျပါ။

(မှတ်ချက်။ ။(ဝိုင်)မှာ ဗဟို ဌာနချုပ်ဖြစ်သည်။ ၁၉၆၄-ခုနှစ်၊ ဗဟိုကော်မီတီ၏ စည်းရုံးရေးဆိုင်ရာ ဆုံးဖြတ်ချက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်အား အနောက်ရခိုင်ရိုးမသို့ ပြောင်းရွှေ့ပြီး၊ ၁၉၆၇-ခုနှစ်တွင် ယင်း ရိုးမ၌ပင် ဗဟိုကော်မီတီ အစည်းအဝေးကို ကျင်းပရန်ဟူ၍ ဆုံးဖြတ်ခဲ့ပါသည်။

စာရေးသူ)။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီလိုအခြေအနေမှာ ကျွန်တော်တို့အဖွဲ့ အနေနဲ့ ရှေ့လုပ်ငန်း ချောချောမောမော ဖြစ်ရေးအတွက်တိုက်ပွဲတခုဖြတ်သန်းရတော့မယ်ဆိုတာ ဆုံးဖြတ်ကြပါတယ်။သို့သော် အထင်မမှားဖို့ အထူးလိုတာလဲ တွက်ချက်ရပါတယ်။ ဒါကြောင့် ထိပ်တိုက်မတိုက်ပဲ အချိန်ယူ အပြည့်အစုံ လေ့လာ၊မှုကိုရပ် တလှမ်းချင်းဝင် အပြင်ဖက်ကဝင်ရေးမှုကို ချမှတ်ကျင့်သုံးခဲ့ရပါတယ်။

လမ်းစဉ်ရှင်းလင်းရေး လုပ်ရန် ကိစ္စဆွေးနွေးရာမှာလဲမလိုကြောင်း၊ သူတို့ဖာသာ ဖတ်နိုင်တဲ့ အရည်အချင်းရှိကြောင်း၊ယခုဗဟိုမှ ရှင်းလင်းချက်ဆိုတာတွေဟာလဲ များလွန်းလှနေပြီဖြစ်ကြောင်း၊

လမ်းစဉ် ရှင်းတာကိုတောင် လက်မခံတဲ့ အခြေအနေဆိုတော့ ဆိုးနေပြီ။

ဒါတွေကတော့ အကျဉ်းဖော်ပြလိုက်တာပဲဖြစ်ပါတယ်”

ဗိုလ်ဇေယျ၏ လက်ရေးမူ



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ ဗိုလ်ဇေယျထံမှ ဗိုလ်သက်ထွန်းနှင့် ပတ်သက်သော အစီရင်ခံစာများ ကိုဗဟိုဌာနချုပ်တွင်ရှိသော သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့်သခင်ချစ်တို့ သည်ရောက်ရောက်ခြင်းပင် ဖတ်ကြသည်။

ထို့နောက် ဗိုလ်သက်ထွန်းနှင့်ပတ်သက်၍ မှတ်ချက်အမျိုးမျိုးနှင့် အကဲ ဖြတ်ချက်တို့လည်း ချမှတ်လိုက်ကြလေသည်။

သခင်သန်းထွန်းမှ ဤသို့ မှတ်ချက်ချသည်။

"သက်ထွန်းဟာ ကနေ့ပါတီက ဗိုကင်းပြန်တွေကို အလေးထားနေတာ ကို မကြည့်နိုင် မမြင်နိုင်ဖြစ်နေတယ်။ ကိုးကွယ်နေတယ်လို့ပြောနေတယ်။ တ ကယ်က ဗိုကင်းပြန်တွေဟာ ပစ္စည်းမဲ့စစ်ရေးသမားတွေပဲ၊ အခုလိုပစ္စည်းမဲ့၊ စစ် ရေးသမားတွေကို ဓနရှင်စစ်ရေးသမားသက်သက်က မုန်းတယ်ဆိုတာ သဘာဝ ကျပါတယ်။ တကယ်ကျတော့ သက်ထွန်းဟာ ဓနရှင်စစ်တပ်ကလာတဲ့ စစ်ဗိုလ် ပီသတဲ့လူပဲ"

ရဲဘော်အောင်ကြီးမှလည်း ဤသို့မှတ်ချက်ချသည်။

"ကျွန်တော်တို့ သက်ထွန်းကို ဂရုစိုက်ပြီး ကြပ်မတ်ဖို့လိုတယ်။ သက်ထွန်းမှာ စစ်ဘုရင်ဝါဒ တင်းပြည့်ကျပ်ပြည့်ရှိတယ်။တပ်နည်းနည်းရှိလာရင် သူ့ကိုယ်သူအ ထင်ကြီးလာတော့တာပဲ၊ အခုလဲဗိုလ်ဇေယျ အစီရင်ခံစာတွေအရဆိုရင် သက် ထွန်းဟာ လာမဲ့အချိန်တချိန်မှာ ဗဟိုကိုစင်ပြိုင်ထောင်ပြီးပစ္စည်းမဲ့ ဗဟိုကိုအံတုနိုင် တဲ့အလားအလာဟာရှိနေတယ်"

သခင်ချစ်မှလည်း ဤသို့ပင် မှတ်ချက်ချသည်။

"သက်ထွန်းဟာ အခုမှ ဗဟိုကို ဆန့်ကျင်တာမဟုတ်ဘူး၊ ၁၉၅၇-ခုနှစ်တုန်း က ရန်သူက ဗဟိုကိုချေမှုန်းဖို့ ပြည်ထောင်စုထိုးစစ်ဆိုတာလုပ်တယ်၊ အဲ့ဒီအ ချိန်မှာ ဗဟိုတပ်ကိုခေါင်းဆောင်နေတဲ့ သက်ထွန်းကို ဗဟိုအကာအကွယ်ပေး ဖို့လှမ်းခေါ်လိုက်တယ်၊ သက်ထွန်းဟာ ဗဟိုကို မကာကွယ်တဲ့အပြင် ဧရာဝတီ မြစ်ကြီးကို ဖြတ်ကျော်ပြီးတော့ မကွေး၊တောင်တွင်းကြီးဘက်ကို ထွက်ပြေးတယ်။ အောင်မာသထိုးစစ်မှာတုန်းကလဲ သက်ထွန်းထွက်ပြေးတာပဲ၊ တကယ်ကတော့ ထိုးစစ်ဂွင်ထဲက ကြောက်လို့ထွက်ပြေးတာဖြစ်တယ်၊ တကယ်ကျတော့ သက် ထွန်းဟာ အတွင်းစည်း၊ အပြင်စည်းဆိုတာတွေကို ကြီးကြီးကျယ်ကျယ်တွေ ပြောနေပေမဲ့ အရေးကြုံလာရင် အပြင်ထွက်ပြေးခဲ့တာချည်းပဲ။

သက်ထွန်းကို အနောက်မြောက်တိုင်းမှာထားလို့ မဖြစ်တော့ဘူး၊ အခုဆို ရင် တိုင်းကော်မီတီ ကိုစိုးသိန်းတို့ကလဲ သက်ထွန်းကို တနေရာရာမှာ တာ ဝန်ပေးရင်ကောင်းမယ်လို့ပြောတယ်၊ ပြီးတော့ ရဲဘော်ထွန်းမောင်ကိုလဲ ရန်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပဲလုပ်ပြီး တိုင်းပါတီအတွင်းရေးမှူးဖြစ်အောင် နည်းမျိုးစုံနဲ့ကြိုးစားနေတယ်ဆို တာလဲသိရတယ်။ နောက်ပြီးတော့ သခင်စိုးကြီး ဩဇာလဲအတော်ပျောင်းနေ တယ်လို့ မိုလ်ဇေယျဆီကသိရတယ်။ အကောင်းဆုံးကတော့ သက်ထွန်းကို ဗဟိုဌာနချုပ်အနားမှာ ခေါ်ထားရင်ကောင်းမယ်။ ပဲခူးရိုးမတိုင်းမှာပဲ ကိုမြနဲ့ တွဲထားရင်တော့ သက်ထွန်းကို ကိုမြကထိန်းနိုင်ပါလိမ့်မယ်၊ ကိုမြဆီကို ပို့ထား မှဖြစ်မယ်၊ ဒါမှအနောက်မြောက်တိုင်းမှာ ပါတီနဲ့ အခြေခံ စခန်းကို တည် ဆောက်လို့ရမယ်''

ထိုသို့တိုင်းများနှင့် ဒေသအသီးသီးတွင် တာဝန်ယူနေကြသော ဗဟိုကော် မီတီအဖွဲ့ဝင်များသည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်မှ နိုင်ငံရေးဦး ဆောင်အဖွဲ့သို့ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးဆိုင်ရာပြဿနာများကို တင်ပြခဲ့ ကြ၏။ ယင်း တင်ပြချက်များအပေါ်တွင် နိုင်ငံရေး ဦးဆောင် အဖွဲ့မှလည်း မှတ်ချက်နှင့် သဘောထားများကိုချမှတ်ခြင်းနှင့် ပြောဆိုခြင်းများကို ပြုလုပ်ကြ လေသည်။

ဗမာပြည်တွင် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ တိုင်းအသီးသီးမှဆက်သွယ် ရာတွင် မြို့ပေါ်လမ်းကြောင်းအသီးသီးမှ ကုန်းလမ်း ရေလမ်းနှင့် လေကြောင်း စသည်တို့ကို လျှို့ဝှက်စွာ အသုံးပြု၍ ဆက်သွယ်ကြခြင်း ဖြစ်လေသည်။

မြစ်ဝကျွန်းပေါ် တိုင်းမှ တိုင်းကော်မီတီ အတွင်းရေးမှူးဖြစ်သော ရဲဘော် ဘိုးထွန်း (ရဲဘော်စိုးသန်း)ကလည်း ၁၉၆၅-ခုနှစ်၊ ဩဂုတ်လ(၂၂)ရက်နေ့စွဲ ဖြင့် နိုင်ငံရေးလမ်းစဉ် ဆိုင်ရာနှင့်ပတ်သက်၍ ဗဟိုဌာနချုပ်သို့ တင်ပြခဲ့၏။

''ယင်း တင်ပြချက်မှာ ၁၉၆၅-ခုနှစ် ဇွန်လ ပေါလစ်ဗျူရိုအဖွဲ့၏ ဆုံးဖြတ် ချက်နှင့် ပတ်သက်၍ ရဲဘော် ဘိုးထွန်း၏ ထင်မြင်ချက်'' ဟူ၍ပင် ဖြစ်လေ သည်။

၁၉၆၅-ခု ဇွန်လ ပေါလစ်ဗျူရိုအဖွဲ့၏ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ရဲဘော် ဘိုးထွန်း၏-ထင်မြင်ချက်။

အတွင်းရေးမှူး-ဗဟိုကော်မီတီ-

၁၉၆၅-ဇွန်လ ပီဘီ အစည်းအဝေး၏ ''၁၉၆၄-ခု စက်တင်ဘာ ဗဟို ကော်မီတီ အစည်းအဝေးအပြီး အခြေအနေနှင့် လုပ်ငန်းတာဝန် များ'' ဟူသော ဆုံးဖြတ်ချက်အပေါ် ထင်မြင်ချက်။

ကျွန်တော့ အနေဖြင့် ၁၉၆၄-ဗဟိုကော်မီတီ၏ အခြေခံ သဘော ထားများကို သက်ဝင်စွာဖြင့် လက်ခံခဲ့ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၅- ဇွန်-ပီဘီ၏ သဘောထားများကို လေ့လာ ကြည့်ရာတွင် ယခုအထိ လက်ခံ၍ မရသေးပါ၊ ကျွန်တော့ ထင်မြင်ချက် အနေဖြင့် ဇွန်-ပီဘီ၏-သဘောထားများသည်-

၆၄-ဗဟိုကော်မီတီ၏ အရေးကြီးသော ပြဿနာများကို အဓိပ္ပါယ် ဖွင့်ရာတွင် မူလသဘောထားများမှ တိမ်းစောင်းဖွင့်ဆိုနေသည်။

(၆၄-လမ်းစဉ်ဆိုတာဘာလဲ)

အချို့ အရေးကြီးသော ပြဿနာများတွင် (နိုင်ငံခြားရေးဝါဒ အစိုးရ ကြွေးကြော်သံ ပြဿနာ) မူလလမ်းစဉ်ကို ပြင်ဆင်ပြောင်းလဲရန် တင်ပြထားသည် ဟု ယူဆပါသည်။ ကျွန်တော့ အနေဖြင့်(၆၄)အား အဓိပ္ပါယ် ဖွင့်ချက်နှင့်ပတ်သက်၍ရင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြု ချက်များနှင့် ပတ်သက်၍ရင်း၊ သဘောမတူပါ။

ထို့ကြောင့် ပီဘီဆုံးဖြတ်ချက်အပေါ်တွင် ဗဟိုကော်မီတီ အတွင်း ရေးမှူး၏ ညွှန်ကြားချက်ပါ အချက်များနှင့် ပတ်သက်၍ အောက်ပါ အတိုင်း တင်ပြအပ်ပါသည်။

တရားဝင် သဘောထားအဖြစ် ထုတ်ပြန်ရန်အတွက် နိုင်ငံခြားရေး ဝါဒနှင့် အစိုးရသစ်ကြွေးကြော်သံ ပြဿနာတို့တွင်သာမက(၆၄)ခု-ဗဟို ကော်မီတီ ဆုံးဖြတ်ချက်များကို အဓိပ္ပါယ် ဖွင့်ပေးမှု၊ ပြည့်စုံအောင် ရှင်းလင်းမှုဆိုသည့် ပြဿနာများတွင် ဗဟိုကော်မီတီ အဖွဲ့ဝင်များ၏ သဘောထားကို ရယူရန်လိုအပ်ပါသည်။

ကျွန်တော့ ထင်မြင်ချက်တွင် ယခု ဖော်ပြထားသော အချို့သော အဓိပ္ပါယ် ဖွင့်ချက်များနှင့် ပြင်ဆင်ချက်များ ပေါင်းစပ် လိုက်ပါက နည်းပရိယာယ်ရေးလမ်းစဉ်သစ်ဖြစ်သွားမည်ဟုထင်မြင်နေပါသည်။

ဤသို့ဆိုပါက ဤအတွက် အရေးပေါ် ဗဟိုကော်မီတီ အစည်း အဝေးတရပ် ခေါ်ဆိုရန် လိုအပ်နေပြီဟု ထင်ပါသည်။ ဤကိစ္စနှင့် ပတ် သက်၍ကား ပီဘီမှ ချိန်ဆပြီး သင့်လျော်သလို ဆောင်ရွက်ရန်သာ လက်ငင်း တင်ပြအပ်ပါသည်။ မည်သည့်ပုံသဏ္ဍာန်နှင့်ပင်ဖြစ်စေ၊ ဗဟို ကော်မီတီအတွင်း နှံ့စပ်ပြည့်စုံသော ညှိနှိုင်း ဖလှယ်မှုတရပ်ကို ဖြတ် သန်းပြီးမှ ရရှိလာသော အများစု၏ သဘောထားကို တရားဝင် ပေါ် လစီအဖြစ် ထုတ်ပြန်ဆောင်ရွက်ရန်သာ ဖြစ်သင့်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ကြောင့် အောက်ပါအချက်များကို တင်ပြအပ်ပါသည်။

(၁) ပီဘီမှ လောလောဆယ် ထုတ်ပြန်ရန် ကြံရွယ် ထားသော စာတန်းတွင် ကွဲလွဲနေပြီး၊ ညှိနှိုင်းရန် လိုအပ် နေသေးသော ပြဿနာများကို ချန်လှပ်ပြီးမှ ထုတ်ပြန်ရန်။

(၂) စိစိတွင်း သဘောထားရယူရာတွင် သာမန်အားဖြင့် ပီဘီ၏ စာတန်းကိုပေးပြီး ဗဟိုကော်မီတီလူကြီးများမှ ပထမပေးသောသဘောထားများအရ အများစုတောက်ခံသည်ဟူသော သဘောထားမျိုးဖြင့် မယူရန်၊ ကွဲလွဲသောအမြင်အားလုံးကို ဗဟိုကော်မီတီများအားချပြပြီးမှ နောက်ဆုံးရရှိသောသဘောထားများကိုသာ အခြေပြုရန်တို့ကိုအလေးအနက်တင်ပြအပ်ပါသည်။

ဤတင်ပြချက်ကိုပါ ဗဟိုကော်မီတီအတွင်း ဖြန့်ပေးရန် ပီဘီ၏ သဘောထားကို ပူးတွဲဖြန့်ပေးရန်လည်း တင်ပြအပ်ပါသည်ခင်ဗျား။
တိုက်ရိုက်ပြန်ကြားမှုလဲလိုချင်ပါသည်ခင်ဗျား။

အလေးနီဖြင့်

ဘိုးထွန်း

၂၂-ဂ။

ဤသို့ရဲဘော်စိုးသန်းသည် တင်ပြချက်၏အမှာစာကိုရေး၍ ယင်းတင်ပြချက်တွင်လည်း အပိုင်း(၂)ပိုင်းကို ခွဲခြား၍ တင်ပြခဲ့သည်။

ပထမပိုင်းတွင်(၆၄) ဗဟိုကော်မီတီလမ်းစဉ်နှင့်ပတ်သက်သောအဓိပ္ပါယ် ဖွင့်ဆိုချက်များ။

ဒုတိယပိုင်းတွင်ပြင်ဆင်ပြောင်းလဲရန်ပီဘီ (ပေါလစ်ဗြူရို)မှအဆိုပြုလာသည့် ပြဿနာများဟူ၍ဖြစ်သည်။

၆၄-ခုနှစ်လမ်းစဉ်သည်ငြိမ်းချမ်းရေးလမ်းစဉ်မဟုတ်၊ ၅၅-လမ်းစဉ်နှင့်ခြားနားချက်ဖြစ်သည်ဟူသော ပီဘီ၏ဖော်ထုတ်ချက်သည်-

+ အယူအဆလည်း မှားယွင်း၍-
+ အချက်အလက်အရလည်း မမှန်ကန်၊ ၎င်းကိုထိုကဲ့သို့ အဓိပ္ပါယ်ပေး ရှေ့ဆောင်ခြင်းမပြုရန် တောင်းဆိုအပ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လမ်းစဉ်ကို ကိုယ်လိုသောအချက်များယူ၍ အဓိပ္ပါယ် ဖွင့် သော လုပ်နည်းလုပ်ဟန်မှာ မလုပ်သင့်သော လုပ်နည်းလုပ်ဟန်ဖြစ်၍ဤလုပ်နည်းလုပ်ဟန်ကို ပြန်လည်စီစစ် ပြင်ဆင်စေလိုပါသည်။

အလံ ၃-လက်တွင် ပြည်တွင်းငြိမ်းချမ်းရေးအလံသည် ဗဟိုအလံအဖြစ် ၆၄-ခု နည်းပရိယာယ်လမ်းစဉ်၏ ညွှန်ပြချက်အရ ဖော်ထုတ်သင့်ပါသည်။

(မှတ်ချက်။ ။ကျွန်တော်ဤကဲ့သို့ နားလည်ခဲ့၍ ဤသို့ပဲ ဖော်ထုတ်ကြောင်း အစီရင်ခံပါသည်။)

ရဲဘော်စိုးသန်းသည် ပေါ်လစ်ပြူရို(နိုင်ငံရေးဦးဆောင်အဖွဲ့)၏ "ဟိုတမျိုး ဒီတမျိုး"နိုင်ငံရေးခံယူချက် မတည်ငြိမ်မှုနှင့်"မလိုတမျိုးလိုတမျိုး" အဓိပ္ပါယ်ဖွင့်သော ဖွင့်ဆိုခြင်းများကိုလည်း "မလုပ်သင့်သော လုပ်နည်းလုပ်ဟန်" ဟူ၍ ဝေဖန် ထောက်ပြခဲ့လေသည်။

ထို့နောက်တွင် ရဲဘော်စိုးသန်းသည် ယင်း၏ တင်ပြချက်၏ "နိဂုံးချုပ်"၌ ဤသို့ပင် ဖော်ပြလိုက်သည်။

ပီဘီ၏သဘောထားအပေါ် တွင်ကျွန်တော်၏ခံယူချက်ကိုအချက်လိုက်တင်ပြပြီးဖြစ်ပါသည်။ ကျွန်တော့အနေနှင့် မာ့က်စ်ဝါဒကျိုးကြောင်း ဆီလျော်မှုကို တတ်စွမ်းနိုင်သမျှ အခြေပြု၍ တင်ပြခြင်း ဖြစ်ပါသည်။ ကျွန်တော်၏အယူအဆ အခြေပြုရာ အချက်အလက်နှင့် သတ္တု ချချက်များကို မာ့က်စ်လီနင်ဝါဒအရ ချေပနိုင်ပါက ကျွန်တော် အနေဖြင့် လက်ခံစဉ်းစားရန်သော်၎င်း၊ ပြောင်းလဲခံယူရန်၎င်း အသင့်ရှိပါသည်။

ပီဘီ၏စာတန်းအပေါ် ကျွန်တော်၏ လက်ငင်း သဘောထားမှာ လက်ဝဲစွန်းစားရေးဝါဒ တိမ်းညွတ်မှုအဖြစ် တွေ့နေရပါသည်။

အခြေအနေတွက်ချက်မှု အကဲဖြတ်မှုများတွင် အဆင့်များ ကျော်နေခြင်း။

၎င်းနှင့်တဆက်ထည်း အချိန်မကျသေးသောနည်းပရိယာယ်များကို လက်ငင်းသုံးရန်အတွက် ချမှတ်လိုက်ခြင်းများတွင် တွေ့နေရပါသည်။ နည်းနာများတွင် တလွဲအဓိပ္ပါယ်ဖော်ခြင်း၊ တော်လှန်ရေး စကားလုံးကြီးများဖြင့် တန်ဆာဆင်ခြင်းများကို တွေ့ရပါသည်။ ဘက်မစုံခြင်း၊ လိုချင်သောဘက်ကို ရှုပ်မကျစွာ၊ ချဲ့ကားခြင်းကိုလည်း တွေ့ရပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပီဘီကို ကျွန်တော်အလေးအနက် တင်ပြလိုပါသည်။ ကျွန်တော်တို့ဟာ အတွေးအခေါ်ဘက်တွင် လက်ဝဲသူငယ်နာဝါဒ၊ လက်ဝဲ စွန်းစားရေးဝါဒနှင့် အယူဝါဒရေးအရ အခြေခံကျကျ ရှင်းရှင်းလင်းလင်း ဖယ်ရှားခြင်းမပြုရသေးပါ။ ဤအချက်ကို ပေါ့ပေါ့ဆဆမလုပ် စေလိုပါ။ ကျွန်တော့်ကိုယ်တိုင်ရဲ့ အတွေ့အကြုံက ဤအချက်ကို ကျွန်တော်လေးနက်ပါသည်။

— ပြန်ပြင်ရေးကိုရော လက်ဝဲကိုရော ဆေးကြောကြရပါမည်။

— ကျွန်တော် အလေးအနက် စစ်ကြောဖို့ တင်ပြလိုပါသည်။

— ဥက္ကဋ္ဌ၏ မူလတင်ပြချက်တွင် "မည်သို့ဆိုစေကာမူ လွန်ခဲ့သော နှစ်များအတွင်းက ကျွန်ုပ်တို့ပါတီအတွင်း လက်ဝဲအချောင်သမားဝါဒ၊ ဂိုဏ်းဂဏဝါဒနှင့် တရားသေဝါဒသည် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် မသေးငယ်လှသော အတိုင်းအတာအထိ ကျွန်တော်တို့ မမေ့ပစ်အပ်ပေ။

ဤလက်ဝဲအချောင်သမား ဝါဒကို တိုက်ဖျက်မပစ်နိုင်ပါက နောင်အနာဂါတ်တွင် ၎င်းသည်လည်း အဓိက အန္တရာယ်ဖြစ်လာနိုင်ပေသည်ဟု သတိပေးထားပါသည်။

၁၉၆၂-တွင် လက်ဝဲအချောင်သမားဝါဒသည် လမ်းစဉ်ရေးရာတွင် နေရာယူခဲ့သည်။ ယခုလည်း သတိကြီးကြီးနှင့် စိစစ်စေလိုပါသည်။

ရဲဘော်ဘတင်၏ သဘောထားကို အပြည့်အစုံမသိရသေး၍ ကျွန်တော်သဘောထားမပေးလိုက်ပဲ၊ ပီဘီ၏ သဘောထားအပေါ် ကျွန်တော့်ထင်မြင်ချက်သာ ရေးလိုက်ပါသည်။

အပြည့်အစုံရမှ သဘောထားပေးပါမည်။

ကျွန်တော်၏ ထင်မြင်ချက် အပြည့်အစုံကို မူရင်းအတိုင်း ဗဟိုကော်မီတီအတွင်း ဖြန့်ပေးစေလိုပါသည်။ စာရှည်၍ဆိုပြီး ဖြတ်တောက်ပြီး အကျဉ်းချုပ်သဘောတော့ မဖြစ်စေလိုပါ။ ၎င်းကို ကျေးဇူးပြု၍ ဖြစ်နိုင်က ဆောင်ရွက်ပေးစေလိုပါသည်။ အခြားဗဟိုကော်မီတီရဲဘော်များ အပြည့်အစုံ လေ့လာနိုင်ရန်ဖြစ်ပါသည်။ ပီဘီ၏ ချေပမှုနှင့်တွဲပြီး ထုတ်ကလည်း ကျွန်တော်ကန့်ကွက်စရာမရှိပါ။ ၎င်းအပေါ်တွင် ကျွန်တော်ထပ်မံချေပစရာရှိကချေပပြီး၊ ပြောင်းလဲခံယူရန်ဖြစ်ကပြောင်းလဲခံယူပါမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်တော်အနေနှင့် ပီဘီ၏ ရှေ့ဆောင်မှုများအပေါ်တွင် စည်းရုံးရေးအရ ကောင်းမွန်စွာလိုက်နာပါမည်။ ပီဘီအနေဖြင့် ဗဟိုကော်မီတီ၏ သဘောထားများကိုလည်း ထိန်းသိမ်းရန်လည်းတင်ပြအပ်ပါသည်။

အလေးနီဖြင့်
ဘိုးထွန်း
၂၂-၈

ဗမာပြည်ကွန်မြူနစ်ပါတီ မြစ်ဖျားဒေသ တိုင်းကော်မီတီအတွင်းရေးမှူးဖြစ်သော ဗဟိုကော်မီတီအဖွဲ့ဝင် ဗိုလ်မျိုးမြင့်ကလည်း ၆၄-ခုနှစ်နည်းပရိယာယ်နိုင်ငံရေးလမ်းစဉ်နှင့်ပတ်သက်၍ ဤသို့အတိုချုပ်၍တင်ပြခဲ့၏။ ဤတင်ပြချက်ကို ဗိုလ်မျိုးမြင့်သည် ၁၉၆၇-ခုနှစ် ဩဂုတ်လ(၁)ရက်နေ့တွင် မြစ်ဖျားဒေသတိုင်းမှ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ မန္တလေးမြို့မှ တဆင့်ပေးပို့ခဲ့ခြင်းဖြစ်သည်။

"၆၄-ဗဟိုကော်မီတီဆုံးဖြတ်ချက်ပြဿနာ။

ပထမ **ကြေးကြော်သံပြဿနာ**။

ငြိမ်းချမ်းရေးကို ထိပ်တင်ခဲ့တယ်။ နောက်ပီဘီဆုံးဖြတ်ချက်တွေကျမှသာ စစ်နိုင်ရေး၊ အာဏာသိမ်းရေးထည့်လာတယ်။ ဒါပေမဲ့ ငြိမ်းချမ်းရေးကို ဖြုတ်မပစ်ပါ။ ကြေးကြော်သံနှစ်ခုပြိုင်တူဖြစ်နေပါတယ်။ စစ်နိုင်ရေး၊ အာဏာသိမ်းရေးကို လုံးဝကြိုက်ပေမဲ့ ငြိမ်းချမ်းရေး ကြေးကြော်သံကတော့ တန်းတူပဲဖြစ်နေပါတယ်။ ဒါကြောင့်လက်မခံပါ။

ဒုတိယ **စနစ်ရှင်ပြဿနာ**။

ဘောဂဗေဒ ဟောပြောချက်နိဂုံးချုပ်မိန့်ခွန်းကို ဖတ်ရပါတယ်။ လုံးဝလက်မခံပါ။

တတိယ **အလားအလာပြဿနာ**။

ငြိမ်းချမ်းရေးရရင် စနစ်ရှင်နဲ့ ပေါင်းရေးဦးတည် ထားပါတယ်။လုံးဝသဘောမတူပါ"

ထိုအချိန်တွင် မြစ်ဖျားဒေသတိုင်းမှပင် ဗဟိုကော်မီတီအဖွဲ့ဝင် ရဲဘော်တုတ်ကလည်း နိုင်ငံရေးဦးဆောင်အဖွဲ့ သို့"လောလောလတ်လတ်ပြဿနာများ

ဗိုလ်မျိုးမြင့် ၏လက်ရေးမူ

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အပေါ်သဘောထားအချုပ်”ဟူ၍ တင်ပြချက်တစောင်ကို တင်ပြလိုက်၏။ယင်းစာကို ရဲဘော်တုတ်သည် ၁၉၆၇-ခုနှစ် ဩဂုတ်လ(၁)ရက်နေ့စွဲဖြင့်တင်ပြလိုက်ခြင်းဖြစ်သည်။

“ကိစ္စလောလော လတ်လတ် ပြဿနာများ အပေါ် သဘောထား အချုပ်။

(၁) (က) ၁၀၊ ၇ နေ့ ပြည်သူ့နေ့စဉ်ဆောင်းပါး (ပီကင်း)အသံလွှင့်ချက် အရ နေဝင်း အစိုးရကို ဖက်ဆစ် စစ်ဘုရင်စသဖြင့် သုံးနှုန်းထားတယ်၊ ဒါဟာကျွန်တော်တို့ ဗကပက မသတ်မှတ် သေးတဲ့ ကိစ္စတွေပဲ၊ ဒါကို စဉ်းစားဘို့လိုမယ်။ ကျွန်တော်ကတော့ ဖက်ဆစ်၊ စစ်ဘုရင်စတဲ့ **သတ်မှတ်ချက်တွေကို နှစ်နှစ် ချိုက်ချိုက် လက်ခံတယ်။** ပါတီက ပြောင်းလဲ သတ်မှတ်ဖို့ အကြံပေးလိုက်တယ်။

(ခ) ပြီးတော့ နေဝင်းအစိုးရဟာ ဗြူရိုကရက် အရင်းရှင်နဲ့မြေရှင်တို့ရဲ့အကျိုးကို ကိုယ်စားပြုတယ်လို့ပြည်သူ့နေ့စဉ်က ဆိုတယ်။ ဒါဟာလဲ ကျွန်တော့်နှလုံးနဲ့ တွေ့တဲ့ ကိစ္စပါပဲ။ ဒါကြောင့် နေဝင်း ဖက်ဆစ် စစ်ဘုရင်အုပ်စုဟာ **ဗြူရိုကရက်အရင်းရှင်နဲ့မြေရှင်တို့ရဲ့ ကိုယ်စားလှယ်လို့ သတ်မှတ်ဖို့ပဲ။** (ဒီနေရာမှာ ကျွန်တော်ဟာ ဗြူရိုကရက် အရင်းရှင်နဲ့ မြေရှင်တို့ရဲ့ အာဏာရှင်စံနစ်ဖြစ်တယ် ဆိုတဲ့ အမြင်အရ ပြောတာပါပဲ။ သို့သော်- အတန်း အစား ၂-ခုရဲ့ **အာဏာရှင်စံနစ် ရှိနိုင်ကောင်းသလားဆိုတာကို အသာထားပါဦး၊** လောလော လတ်လတ် **ဗြူရိုကရက် အရင်းရှင်နဲ့ မြေရှင်တို့ရဲ့ အာဏာလို့ သတ်မှတ်ရင်တော် ပါပြီ။**

(ဂ) အမျိုးသား ဓနရှင်ကို ဘယ်လို သတ်မှတ်မလဲဆိုတဲ့ ကိစ္စမှာလဲ ရဲဘော်တို့နဲ့ ကျွန်တော်တောက်လျှောက်(တသက်လုံးဆိုပါတော့) ကွဲလွဲခဲ့ပါတယ်။ ၂၅-ချက်စာတမ်း အပေါ် အဓိပ္ပာယ်ပြန်ဆိုမှုမှာလဲ ကွဲလွဲခဲ့ပါတယ်။ ပြည်ချစ် အမျိုးသား ဓနရှင်ဆိုတဲ့ ကိစ္စမှာပါပဲ။ ပြည်သူ့နေ့စဉ် ဆောင်းပါးက ရဲဘော်တို့ရဲ့အမှားကိုပြင်ဆင်ရာမှာ အကူအညီဖြစ်ပေလိမ့်မယ်လို့ ယုံကြည်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) အလုပ်သမား၊ လယ်သမား အာဏာရှင် စံနစ်ဟာ ပစ္စည်းမဲ့ အာဏာရှင်စံနစ်နဲ့ အနှစ်သာရအားဖြင့်မတူဘူးလို့ ယူဆမြဲယူဆ ပါတယ်။ ဉက္ကဋ္ဌရဲ့ ရှင်းလင်းချက်စာတမ်းမှာ ရှုပ်ထွေးချက်တွေ အများကြီးတွေ့ရပြီး လီနင်၊ စတာလင်၊ မော်စီတုံးတို့ရဲ့ သင် ကြားချက်နဲ့ ဆန့်ကျင်ဘက် ဖြစ်တာတွေကို ၄-၅-ချက် ထက် မနည်းတွေ့ရတယ်။ အဲဒါတွေတော့ နောက်မှပဲ တင်ပြတော့ မယ်။ ယခုပြောလိုတာကတော့ နိုင်ငံတော်နဲ့ တော်လှန်ရေး စာအုပ်မှ အခန်း(၂) အပိုဒ်(၃)မှ ဉက္ကဋ္ဌကြီး ကိုးကားချက် စာပိုဒ်အား အဓိပ္ပာယ်ပြန်ရာမှာ ဘာသာပြန် မှားတယ်လို့ ကျွန်တော် ပြောလိုခြင်း ပါပဲ။ "Every class society in general "ဆိုတဲ့စာပိုဒ်က" in general"ဆိုတဲ့phrase ဟာ adverbial phrase မဟုတ်ဘူး။ adjectival phrase ဖြစ်တယ်။ ဒါကြောင့် ယေဘုယျ လူတန်းစား အဖွဲ့ အစည်းတိုင်းလို့ အဓိပ္ပာယ်ပြန်ရမယ် "in general"ဆိုတာ ကို ယေဘုယျအားဖြင့် လို့ အဓိပ္ပာယ်မပြန်နိုင်ဘူး၊ အဲ့ဒီလိုပြန် ရင်Adverb ဖြစ်သွားပြီးအဓိပ္ပာယ်ပြောင်းသွားတယ်၊ယခုအဲ့ ဒီလို အဓိပ္ပာယ်ပြန်(ဘာသာပြန်)မှားလို့ တပြည်လုံး မဟာ အရှုပ်တော်ပုံကြီး ဖြစ်လာတယ်လို့ မြင်တယ်။ ဉက္ကဋ္ဌကြီးကိုယ် တိုင် လီနင်၊ စတာလင်၊ မော်စီတုံးတို့ရဲ့ သင်ကြားချက်တွေကို တည်းဖြတ်တာတွေ၊ ပြင်ဆင်တာတွေ၊ မသိချင်ယောင်ဆောင် ပြီး ကျော်လွှားသွားတာတွေ(ကာယကံမြောက်အားဖြင့်) လုပ် လာရတယ်လို့ မြင်တယ်။

(၃) ဂိုရှယ်၊ မောင်ဌေး အရေးယူမှု။ ။စောစောကတည်းကလာမယ့် အစည်းအဝေးမှာ ဒီလူ ၂-ယောက်ကို ပီဘီက ဖြုတ်မှပဲလို့ ကျွန်တော့်မှာ ပိုင်းဖြတ်ချက်ရှိတယ်။ နေဝင်း အပေါ် ဘယ် လောက် သံယောဇဉ်ကြီးတယ်၊ ၅၅-လမ်းစဉ်အပေါ် ဘယ် လောက် တွယ်ကပ်တယ်ဆိုတာ မသိခင်ကတည်းက ကျွန်တော့် မှာ ဒီပိုင်းဖြတ်ချက်ရှိတယ်။ အဲ့ဒီလို ကျွန်တော် မြင်လာတာ ကတော့ သူတို့ ၂-ယောက်ဟာ လကျာ ထိပ်သီး များဖြစ် ကြောင်း။ အတွေ့အကြုံအရ သိရှိခဲ့ပြီးဖြစ်လို့ပါပဲ။ ယခုနောက် ဆုံးထိ ၅၅-လမ်းစဉ်ကို အသေအလဲ တွယ်ဖက်ထားတုန်းဆို တော့ ဒီလူတွေ ဘာအသုံးကျဦးမှာလဲ။ တိုးတက်ရေးရဲ့ ဆူး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ညှောင့်ခလုတ်အဖြစ် မြင်တယ်။ သူတို့ရှိနေရင် ပီဘီဟာ အလုပ် လုပ်လို့ရမှာ မဟုတ်ဘူး။ ဒါကြောင့် ပီဘီကတာဝန်ယူပြီး ပီဘီ အဖြစ်က ဖြုတ်ပစ်တာကို သဘောတူတယ်။

(စီစီ မင်ဘာ)အဖြစ်က ဖြုတ်ပစ်ရေးနဲ့ ပတ်သက်ရင်တော့ ဒီလိုလူစားမျိုးတွေ(စီစီ)ထဲမရှိအပ်ဘူး ဆိုတာ အယူအဆအရ ရှင်းပါတယ်။ ဒါပေမဲ့ လုပ်ပုံလုပ်နည်း (စည်းရုံးရေး သဘော အခွင့်အာဏာပိုင်မှု)သဘောအရတော့ ယခု ထင်မြင်ချက်မပေး လိုသေး(စီစီ အစည်းအဝေး)မှာ အပြန်အလှန်ပြောကြတာကို နားထောင်လိုသေးတယ်။ နောင်အစဉ်အလာ ဘာတွေဖြစ်လာ မလဲဆိုတာကိုပါ စဉ်းစားစိုးရိမ်မိတယ်။ ဒါကြောင့် ပီဘီက တာဝန်ယူပြီး (စီစီမင်ဘာ) အဖြစ်က ဖြုတ်ပစ်ခဲ့တာကိုတော့ မှားတယ်လို့လဲမပြောလိုသေး၊ မှန်တယ်လို့လဲ မပြောလိုသေး၊ နောက်တော့ပြောပါမယ်။

(၄) အာဏာ ပြဿနာအတွက် အထောက်အကူ ဖြစ်မဲ့ စာတမ်း၊ စာအုပ် အားလုံး အသင့်ရှိထားစေ ချင်တယ်။ မဖြစ်မနေရှိ အောင် လုပ်ထားစေချင်တာတွေကတော့ စတာလင် အတွဲ-၉၊ မော်ရဲ့ ဒီမိုကရေစီ သစ်ကျမ်း၊ ကရူးရှော့ဗ်ရဲ့ အတုအယောင် ကွန်မြူနစ်ဝါဒဆိုတဲ့စာအုပ်တွေပါပဲ။ အင်္ဂလိပ် ဗမာ ၂-မျိုး စလုံး ရနိုင်က ပိုကောင်းပါတယ်။

အလေးနီဖြင့်

တုတ်။

၁/၈

ရဲဘော်တုတ်သည် ကချင်ပြည်နယ်တိုးချဲ့စည်းရုံးရေးအတွက်တာဝန်ယူနေရ သူဖြစ်၏။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီသည် ရဲဘော်တုတ် အား ကချင်ပြည်နယ်တွင်း ဗမာပြည်ကွန်မြူနစ်ပါတီ၏ သေနင်္ဂဗျူဟာအခြေခံစခန်း ကို အခိုင်အမာ တည်ဆောက်ရေး ရေရှည် စီမံကိန်းအရ ၁၉၆၂-ခုနှစ်မှ စ၍ အထူးတာဝန်ပေးအပ်လိုက်ခြင်းဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီရခိုင်ပြည်နယ်၏ဥက္ကဋ္ဌဖြစ်သော ဗမာပြည်ကွန်မြူနစ် ပါတီ ဗဟိုကော်မီတီအဖွဲ့ဝင် ရဲဘော်ကျော်မြကလည်း ၁၉၆၄-ခုနှစ် လမ်းစဉ် ၏။ အဓိကနှင့်အခြေခံမကျ ိုင်ဖြစ်သည့် ကြွေးကြော်သံနှင့် ပတ်သက်၍ ရှုတ် ထွေးနေသည်ဟု နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ဤသို့ တင်ပြလိုက်လေသည်။

ရဲဘော်တုတ်၏ လက်ရေးမူ

[illegible]

[illegible] "every class society in general" [illegible] "in general" [illegible] phrase [illegible] adverbial phrase [illegible] adjectival phrase [illegible] "in general" [illegible] Adverb [illegible]

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

[illegible]

[illegible]

[illegible]

နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ရဲဘော်တုတ်၏ တင်ပြချက်၊

“ သို့ဖြစ်၍ နေ့ပင်းအစိုးရအား ဆန့်ကျင်ရေးတွင် “ဒီမိုကရေစီရေး” သည် အဓိကဖြစ်ရပါမည်။ ဥက္ကဋ္ဌ၏ အစီရင်ခံစာတွင် ဒီမိုကရေစီရေး သည် အဓိကဖြစ်သည်ဟု ဖော်ပြထားပြီး နောက်ပိုင်းတွင် ပြည်တွင်း စစ် ရပ်စဲရေးသည် အမျိုးသားရေးရော၊ ဒီမိုကရေစီရေးပါ အကြုံးဝင် သည်ဟု ဆိုထားသဖြင့် ရှုတ်ထွေးနေပါသည်။ ”

[illegible]

နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ရဲဘော်ကျော်မြ၏ တင်ပြချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယို့နောက်တွင် ရဲဘော်ကျော်မြသည် ၁၉၆၇-ခုနှစ် ပေါလစ်ဗျူရို အဖွဲ့ (နိုင်ငံရေးဦးဆောင်အဖွဲ့)၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍လည်း ၁၉၆၇-ခုနှစ် ဇွန်လ(၁)ရက်နေ့စွဲဖြင့် ထင်မြင်ချက်အချုပ်ကို နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ဤသို့ ပင် တင်ပြလိုက်လေသည်။

"(ဂ) ၆၇-ပိုလစ်ဗျူရိုဆုံးဖြတ်ချက်ကောင်ပေါ်၌သည့် အခြေအနေအပေါ် အကဲဖြတ်ချက်နှင့် ပတ်သက်၍ တော်လှန်ရေး အခြေအနေတက်နေ သည်ဆိုချက်မှာ မှန်စေကာမူ အချို့နေရာများတွင် (ကားချဲ့ခြင်း) လုပ်ထားသည်ဟုခံယူမိပါသည်။ မိမိတွင်းအခြေအနေ၊ ရန်သူတွင်းအခြေ အနေကိုတွက်ရာမှာ (ဘန့်ခွဲ)ဖြစ်နေသည်ဟု ယူဆမိပါသည်။

ဥပမာ-ရန်သူတပ်မှ တောခိုလာသူအချို့ရှိသည်၊ ဤသည်ကို အ ကြောင်းပြု၍ ရန်သူတပ်ပြိုကွဲနေပြီဆိုတဲ့ ကောက်ချက်ချတာမျိုးတွေ့ရ ပါသည်။

မဒ္ဒညတအကျင်း ညီညွတ်ရေး အခြေအနေ တစုံတရာကောင်းလာ သည်ကို အကြောင်းပြုပြီး လူမျိုးစုအမျိုးသားများအားလုံးနှင့် ညီညွတ် ရေးအခြေအနေ ကောင်းနေပြီဟု ကောက်ချက်ချထားတာမျိုးတွေ့ရ ပါသည်။

ဤသို့ကောက်ချက်ချမှုမျိုးကြောင့် ကျွန်တော်တို့ ကြိုးပမ်းရမည့် လုပ်ငန်းတာဝန်များကို မှေးမှိန်ပျောက်ပျက်သွားစေပါသည်။ ယနေ့ လက်နက်ကိုင်တော်လှန် တိုက်ခိုက်နေကြသည့် ကချင်၊ ရှမ်း အစရှိ သည့်လူမျိုးစု အမျိုးသားများနှင့်နီးစပ်မှုရှိသင့်သလောက် မရှိသေးပါ"

ရဲဘော် ကျော်မြသည် နိုင်ငံရေးဦးဆောင်အဖွဲ့၏ လက်ရှိ ဗမာပြည်အခြေ အနေနှင့် ပတ်သက်သောအကဲဖြတ်ချက်တို့ကို လက်ပခံချေ။ နိုင်ငံရေးဦးဆောင် အဖွဲ့၏ လက်ရှိအခြေအနေနှင့် ပတ်သက်သော သုံးသပ်ချက်များသည် လက် တွေ့အနေနှင့် မကိုက်ညီသည့် "ချဲ့ကားသော"အခြေအနေသုံးသပ်ချက်များဖြစ် သည်ဟု အလေးအနက် ဖော်ပြလိုက်လေသည်။

ထို့နောက် ရဲဘော် ကျော်မြသည် ပါတီတွင်း၌ အယူအဆရေးရာတိုက်ပွဲနှင့် ပတ်သက်သော သဘောထားကိုလည်း တင်ပြခဲ့၏။ ယိမ်နင်ပုံစံကွန်မြူနစ်ပါတီ အရှုပ်တွင် ပါတီတွင်း တိုက်ပွဲကို မှန်ကန်စွာ ဆင်နွှဲနိုင်ရေးအတွက် ရဲဘော် ကျော်မြသည် ဤသို့တင်ပြလိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ကျော်မြ၏ လက်ရေးမူ



နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ရဲဘော်ကျော်မြ၏ တင်ပြချက်မူရင်း

"ခေါင်းဆောင် အဖွဲ့အစည်းအတွင်း အယူအဆရေးရာ တိုက်ပွဲကို ပြင်းပြင်းထန်ထန်ပြုလုပ်ဖို့ လိုအပ်သည်မှာ မှန်ပါသည်။ ဤသို့တိုက်ခိုက်ရာတွင် အချက်အလက်အပေါ် အခြေခံပြီး အကျိုးသင့် အကြောင်းသင့် တင်ပြဆွေးနွေးသင့်သည်ဟု ယူဆပါသည်။ တိုက်ပွဲ၏ရည်ရွယ်ချက်မှာ ညီညွတ်ရေး တည်ဆောက်ရေးဖြစ်သင့်ပါသည်။

ယခုမူ ဤသို့မတွေ့ရပါ။ ဆန္ဒစွဲဖြင့် တဖက်ကို တဖက်က အနိုင်ယူလိုသည့် သဘောနှင့် ငြင်းခုန်သည့် သဘော ဆန်နေသည်ဟု ခံစားမိပါသည်။

ဤအပတ် ဗဟိုကော်မီတီအစည်းအဝေးတွင် ပြောင်းလဲ ဖြစ်ပေါ်နေတဲ့ အခြေအနေ အရအားလုံး၊ခေါင်းအေးအေးဖြင့်ဝိုင်းဝန်းကြိုးစားကြခြင်းဖြင့် တစုံတရာညီညွတ်မှုရနိုင်လိမ့်မည်ဟူ မျှော်လင့်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အယူအဆရေးရာ ကွဲလွဲမှုကြောင့် စည်းရုံးရေးအရ အရေးယူမှုကို မလောသင့်ဟု ယူဆမိပါသည်။ အတွေးအခေါ်ဘက်တွင် မညှာဆိုစေကာမူ စည်းရုံးရေးအရ သက်ညှာရပါမည်။ ညီညွတ်ရေးကို ဦးထိပ်ထားပြီး ကြိုးစားသင့်ကြသည်ဟု ခံယူမိပါသည်။

ရိုးမတိုင်း အစည်းအဝေးတွင် ဗဟိုကော်မီတီဥက္ကဋ္ဌ၏ နိဂုံးချုပ်မိန့်ခွန်းအကျဉ်းချုပ်ကို ဖတ်ရပါသည်။ထိုစာတမ်းတွင် အယူအဆတူသူချင်း စုဝေးကြမည်ဆိုပြီး ပါရှိပါသည်။ မိန့်ခွန်းအကျယ်ကို မကြားရပဲ ဤစာတမ်းကလေးကို ဖတ်ရခြင်းအားဖြင့် ပါတီတွင်းမှာ ရှုတ်ထွေးလာနိုင်ပါသည်။ အယူအဆတူသူတွေ အုပ်စုဖွဲ့နိုင်တယ်ဆိုတဲ့ အယူအဆမျိုး ပေါ်ပေါက်လာစေနိုင်သည်ဟု ခံစားမိပါသည်။

ရဲဘော်ကျော်မြသည် ဗိုလ်ဇေယျနှင့်အတူ ၁၉၆၆-ခုနှစ် နိုဝင်ဘာလ(၂၁) ရက်နေ့တွင် စစ်တွေခရိုင်မှ အနောက်မြောက်တိုင်း၊ တိုင်းကော်မီတီ ဌာနချုပ်စခန်းသို့ ခရီးထွက်ခဲ့၏။ ၁၉၆၉-ခုနှစ် ဒီဇင်ဘာလ (၁၉)ရက်နေ့တွင် မင်းဘူးခရိုင်တွင် အခြေစိုက်ထားသော အနောက်မြောက်တိုင်း၊ တိုင်း ကော်မီတီဌာနချုပ်သို့ ရောက်ရှိခဲ့သည်။

ရဲဘော်ကျော်မြနှင့် ဗိုလ်ဇေယျတို့သည် ၁၉၆၇-ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုအစည်းအဝေးသို့ တက်ရောက်ရန် အတွက် ခရီးထွက်လာခဲ့ကြခြင်း ဖြစ်လေသည်။

ထို့နောက် အနောက်မြောက်တိုင်းသို့ ရောက်ရှိသောအခါတွင် အနောက်မြောက်တိုင်း၊ တိုင်းကော်မီတီအတွင်းရေးမှူးဖြစ်သော ဗဟိုကော်မီတီအဖွဲ့ဝင် ရဲဘော်ထွန်းမောင်(ခ) ဒေါက်တာနတ်သည်လည်း ဗိုလ်ဇေယျ၊ ရဲဘော် ကျော်မြတို့နှင့် အတူတကွပင် ဗဟိုကော်မီတီအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ခရီးထွက်ခဲ့ကြ၏။ ၁၉၆၇-ခုနှစ် ဇန္နဝါရီလ(၁၅)ရက်နေ့တွင် အနောက်မြောက် တိုင်း၊ တိုင်းကော်မီတီဌာနချုပ်မှ ခရီးစတင်၍ ထွက်ခဲ့ပြီး ဇန္နဝါရီ(၂၉) ရက် နေ့တွင် သရက်ခရိုင် အနောက်ခြမ်းသို့ ရောက်ရှိခဲ့ကြ၏။ ထို့နောက် ဧရာဝတီ မြစ်၏ အရှေ့ဘက်ကမ်းသို့ ဖြတ်ကူးရန်အတွက် အသေးစိတ် အစီအစဉ်များကို ပြုလုပ်ကြ၏။ သို့ရာတွင် ဧရာဝတီမြစ်ကို ဖြတ်ကူးနိုင်ရေးမှာ ခက်နေ၏။ အချိန်အတော်ကြာပင် စီစဉ်ပြီးမှသာ ကူးနိုင်မည်ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ကျော်မြ၏ လက်ရေးမူ



နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ရဲဘော်ကျော်မြ၏ တင်ပြချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ကြောင့် ရဲဘော်ကျော်မြသည် ပဲခူးရိုးမသို့ ဆက်လက်၍ ခရီးထွက်လျှင် အချိန်မှာ လပိုင်းထက် နှစ်နှင့်ချီ၍ ကြာတော့မည်ဟု စဉ်းစားမိ၏။ အလုပ်လုပ်ချိန်ပင် ရှိတော့မည်မဟုတ်ချေ။ ရဲဘော်ကျော်မြနည်းတူပင် ဗိုလ်ဇေယျနှင့် ရဲဘော်ထွန်းမောင်(ဒေါက်တာနတ်) တို့ကလည်း တွက်ဆမိကြ၏။ သို့ဖြစ်၍ ရဲဘော်ကျော်မြအား မိုးမကျမီပင် ရခိုင်သို့ အရောက်ပြန်ရန်အတွက် သုံးဦးပေါင်း ဗဟိုကော်မီတီမှ ဆုံးဖြတ်လိုက်၏။ ယင်းဆုံးဖြတ်ချက်အရ ရဲဘော်ကျော်မြသည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ လမ်းစဉ်ဆိုင်ရာ တင်ပြချက်များနှင့် အစီရင်ခံစာများကို ရေးလိုက်၏။ ထို့ပြင် ရခိုင်မှ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်အတွက် သတ်မှတ်ထားသည့် နှစ်စဉ်ဆက်ကြေးငွေ ကျပ်-၂၀၀၀၀၀ိ (နှစ်သိန်း) ကိုလည်း ဗိုလ်ဇေယျတို့နှင့်အတူ ပေးလိုက်လေသည်။

(မှတ်ချက်။ ။ဗမာပြည်ကွန်မြူနစ်ပါတီ၏ တပြည်လုံး၌ရှိသော တိုင်းများတွင် ဆက်ကြေးငွေအများဆုံးရသော တိုင်းများ၌ ပထမမှာ တနင်္သာရီတိုင်း ဖြစ်၏။ တနင်္သာရီတိုင်းမှာ ယိုးဒယားနှင့် မှောင်ခိုလုပ်ငန်းအများဆုံးမှ ရခြင်းဖြစ်၏။ ဒုတိယမှာ ရခိုင်ဖြစ်၏။ ရခိုင်မှာမူ ပင်လယ်ပြင်မှ ပြည်ပသို့ ဆန်စပါး မှောင်ခိုလုပ်ငန်းများမှ အများဆုံးရခြင်းဖြစ်၏။ တတိယမှာ မြစ်ဝကျွန်းပေါ်တိုင်းဖြစ်၏။ စတုတ္ထမှာ ပဲခူးရိုးမတိုင်း ဖြစ်ပါသည်။ စာရေးသူ)

ထို့နောက် ရဲဘော်ကျော်မြသည် ဧရာဝတီမြစ် အနောက်ဖက်ကမ်းမှ ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်း၌ပင် ရခိုင်သို့ပြန်၍ ခရီးလှည့်ခဲ့လေတော့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ နိုင်ငံရေးဦးဆောင်အဖွဲ့သည် ရဲဘော်ကျော်မြ၏ လမ်းစဉ်ဆိုင်ရာ တင်ပြချက်များနှင့် အစီရင်ခံစာများကို လေ့လာကြ၏။ စိစစ်ကြ၏။ ထို့နောက် သခင်သန်းထွန်းသည် ရဲဘော်ကျော်မြ၏ တင်ပြချက်များနှင့်ပတ်သက်၍ ကိုယ်တိုင် မှတ်ချက်များကို ရေးသားလိုက်၏။ ဗဟိုဌာနချုပ်တွင်ရှိသော ဗဟို ကော်မီတီကိုလည်း လှည့်လည်ဖတ်ရှုစေပြီးနောက် ဗဟိုကော်မီတီတွင်း "ထိပ်တန်းလျှို့ဝှက်"အဖြစ်ဖြင့် ထိန်းသိမ်းထားလေသည်။

ရဲဘော်ကျော်မြ၏ တင်ပြချက်များနှင့်ပတ်သက်၍ သခင်သန်းထွန်း ကိုယ်တိုင် ရေးထားသည့် မှတ်ချက်မှာ ဤသို့ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကိုကျော်မြစာ

၁။ ကိုကျော်မြ ပြန်သွားခြင်းမှာ မမှန်။

တခုလုံးအကျိုးထက် တစိတ်တဒေသအကျိုးကိုပို၍ကြည့်တတ်သော အတွေးအခေါ်တချို့၊ ဗဟိုကော်မီတီများတွင် ရှိသည်။

ဤနည်းဖြင့် အတွေးအခေါ်ဟောင်းများသက်ဆိုးရှည်သည်။ နှစ်ပေါင်းများစွာကြာခဲ့ပြီ။

၂။ ၆၄-တွင် နေဝင်းနှင့် ပတ်သက်၍ ပြင်ရန် အကြံပေးသည်မှာ ကောင်း။

* အစိုးရ ကြေးကြော်သံထုတ်ရေး။
* မှန်သောရပ်တည်မှုမှ နောက်တလှမ်း ပြန်ဆုတ်နေသည်။

တော်လှန်ရေးအခြေအနေ အကဲဖြတ်မှု တက်သည်ဟု အမှန်မြင်ပါလျက် ၅၅-အတွေးအခေါ်က ပြန်လည်လာသည်။

၅၅-က ကျသည်ဟုအကဲဖြတ်ခဲ့ခြင်းမှာ လုံးဝမှားသည်။အဲဒါကိုမမြင်ပဲ ၆၄ အကဲဖြတ်ချက်ကိုအမှန်အတိုင်းမြင်နိုင်မှာမဟုတ်။ "အဆိုးမြင်" ရပ်တည်မှုကကြည့်လျှင် အချို့ဟာတွေ လွန်တယ်ပဲ လာရမှာပဲ။

ပါတီတွင်း တိုက်ပွဲနှင့်ပတ်သက်၍ အမြင်ဟောင်းအတိုင်းပဲ ဖြစ်နေ။

လူမျိုးစုပြဿနာတွင် အခြေခံကျကျမြင်ဖို့လို၊ ပါတီအနေနဲ့ စစ်နိုင်ရေး၊ အာဏာသိမ်းရေးလမ်းကို စွန့်ထားသမျှ လူမျိုးစုကို စည်းရုံးရေး ဘယ်တော့မှ မအောင်မြင်နိုင်။ ပါတီက တော်လှန်စစ်ဖျက်သိမ်းရေး၊ အာဏာမသိမ်းရေး လမ်းစဉ်လိုက်ခဲ့သော အခြေခံအမှားကို ပထမပြင်ရန်လို။

မဒညတပြဿနာမှာ ရှုပ်နေသည်။

၃။ ၅၅-အာဏာပြဿနာသဘောထား ရပ်တည်မှု အမြင်မှန်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၄။ ဗဟိုစခန်းကိုစွ။

မြင့်၄-ဆုံးဖြတ်ချက်၏အမှားကို ဝေဖန်ဆန်းစစ်ရန်လို။

ဆက်မှားနေလိမ့်မည်။

ကျော်

၂၇-၈ ။

၁။ တင်
၂။ ရွှေ
၃။ မြ
၄။ မြအောင်
၅။ ငွေ
၆။ ဦး
၇။ သန်း
၈။ လှ

(မှတ်ချက်။ ။"ကျော်"မှာ သခင်သန်းထွန်းဖြစ်သည်။

(၁) တင်မှာ-သခင်ဇင်၊ ရွှေမှာ-သခင်ချစ်၊ မြမှာ-ရဲဘော်အောင်ကြီး၊ မြအောင်မှာ-ဗိုလ်ရန်အောင်၊ ငွေမှာ-သခင်ပု၊ ဦးမှာ-ရဲဘော်မြ၊ သန်းမှာ-ဗိုလ်ဇေယျ၊ လှမှာ-ရဲဘော်ထွန်းမောင်တို့ဖြစ်ပါသည်။

(၂) "ကျင်းပမည့် ဗဟိုကော်မီတီအစည်းအဝေးတက်ရန် ထပ်မံခေါ်သင့်" ဟူ၍ မှတ်ချက် ရေးထားသူမှာ သခင်ပု၏ လက်ရေးဖြစ်ပါသည်။ စာရေးသူ)

ဤသို့ဖြင့် သခင်သန်းထွန်းနှင့်တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့သည် ရဲဘော်ကျော်မြအားလည်း "၅၅ သမား ပြန်လည်ပြင်ဆင်ရေးသမား" အဖြစ်ဖြင့် သတ်မှတ်ထားပြီးဖြစ်၏။ သခင်ပုသည် ရဲဘော်ကျော်မြအား "ကျင်းပမည့် ဗဟိုကော်မီတီအစည်းအဝေးတက်ရန် ထပ်မံခေါ်သင့်"ဟူ၍ထပ်ဆင့်မှတ်ချက် ရေးထားလိုက်၏။ အမှန်အားဖြင့် သခင်သန်းထွန်းနှင့် တော်လှန်သောနိုင်ငံရေး ဦးဆောင်အဖွဲ့သည် ဗဟိုကော်မီတီအစည်းအဝေးကိုကျင်းပရန် ရည်ရွယ်ချက်သည် လုံးဝပင်မရှိချေ။ သို့သော်လည်း ရဲဘော်ကျော်မြအား "ဗဟို ကော်မီတီ အစည်းအဝေးသို့တက်ရောက်ရန်"ဟူသော အကြောင်းပြချက်ဖြင့် ဗဟို ဌာနချုပ်သို့ခေါ်ယူလိုက်ရန်ပင်ဖြစ်၏။ ထို့နောက် ရဲဘော်ကျော်မြအား "ဝိန်းပိန်ဂိုဏ်း၏အငုတ်အတက်"အဖြစ် အရေးယူရန်ပင်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

သခင်သန်းထွန်း၏ လက်ရေးမူ

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ကျော်မြ၏ တင်ပြချက်အပေါ် သခင်ဆန်းထွန်း၏ မှတ်ချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင် ရဲဘော်ကျော်မြသည် ရဲဘော်ဘတင်(ဂိုရှယ်)နှင့် ရင်းနှီးသူ ဖြစ်၍ ... အန္တရာယ်ရှိသည်ဟုအဂဲဖြတ်ကြ၏။ သခင်သန်းထွန်းနှင့် သခင်ချစ်တို့သည် ရဲဘော်ကျော်မြ၏သမိုင်းကြောင်းနှင့်ပတ်သက်၍လည်း ဤသို့ မှတ်ချက် ချကြလေသည်။

"ကျော်မြဟာ-ငပိန်ဝါဒသမားဖြစ်တယ်။ ဂျပန်ခေတ် ကကည်းက ဘတင်ရဲ့နောက်လိုက်တပည့်တဦးပဲ။ ဘတင်က "အင်္ဂလိပ်လက်အောက် ရခိုင်ပြည်"ဆိုတာကို အင်္ဂလိပ်လိုရေးတယ်။ ကျော်မြက ဘတင် ရေး တာကို ဗမာလိုဘာသာပြန်ပြီးတော့ စာအုပ်ထုတ်ခဲ့တယ်။

၁၉၅၃-ခုနှစ်တုန်းကလဲ ပါတီဗဟိုဟာ ကျောက်ဖြူခရိုင်၊ အမ်းမြို့နယ်က ဒလက်အနောက်ရွာမှာ နေခဲ့တယ်။ အဲဒီမှာ ငပိန်နဲ့ ကျော်မြ ဟာ လယ်သမားတိုက်ပွဲဆိုပြီး ကြံဖန်ဖော်ခဲ့ကြတယ်။ နောက် တော့- ကျော်မြဟာ မြေရှင်တွေနဲ့ စေ့စပ်ပြီး မြေရှင်တွေကို ကိုယ်စားပြုခဲ့သူ ဖြစ်တယ်။

နောက်ပြီးတော့ ကျော်မြဟာ ပညာတတ် မာနနဲ့ လယ်သမားလူ တန်းကလာတဲ့ ရခိုင်သူပုန်ခေါင်းဆောင်ရဲဘော် ဦးမောင်တူကို အမြဲ တန်း နှိမ်ခဲ့တဲ့လူဖြစ်တယ်။ ရခိုင်ပြည်ကို ၅၅- လမ်းစဉ်နဲ့ဖျက်ဆီးခဲ့တဲ့ အဓိက ခေါင်းဆောင်ဟာ ကျော်မြပဲဖြစ်တယ်။"

ဤသည်မှာ ရဲဘော်ကျော်မြနှင့်ပတ်သက်၍ သခင်သန်းထွန်းနှင့် သခင်ချစ် တို့၏ မှတ်ချက်များပင်ဖြစ်လေသည်။

ထိုအချိန်တွင် သခင်သန်းထွန်းနှင့် တော်လှန်သောနိုင်ငံရေး ဦးဆောင်အဖွဲ့ သည် ရခိုင်ပြည်နှင့် ဆက်သွယ်ရေးတွင် ရဲဘော် ဦးမောင်တူနှင့်ပင် တိုက်ရိုက် ဆက်သွယ်ခဲ့၏။ ရဲဘော်ဦးမောင်တူထံမှလည်း ဗဟိုဌာနချုပ်သို့ ရဲဘော်ကျော်မြ နှင့်ပတ်သက်သော လျှို့ဝှက်အစီရင်ခံစာများကို ပေးပို့လျက်ရှိလေသည်။

နောက်ဆုံးတွင် ရဲဘော်ကျော်မြသည် နိုင်ငံရေးဦးဆောင်အဖွဲ့ (ပေါလစ် ဗျူရို)နှင့် ဗဟိုကော်မီတီအတွင်း ညီညွတ်ရေးနှင့်ပတ်သက်၍ ဤသို့ တင်ပြလိုက် လေတော့သည်။

"ကျွန်တော့်အနေနှင့်ဗဟိုကော်မီတီ ယူနစ်ထဲမှာ ပါရသည့်အချိန်မှ စ၍ အစည်းအဝေးတကြိမ်မျှ မတက်ခဲ့ရသေးပါ။ ၆၄-ကလည်းအချိန် အထူးနောက်ကျမှသိရ၍ မလာနိုင်ခဲ့ပါ။ ရွေးအဖို့တွင်အချိန်မှီနိုင်အောင် ကြိုတင်အကြောင်းကြားရေးကိုစီစဉ်စေချင်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတီတရပ်လုံးကို အယူအဆရေးရာအရ ညီညွတ်စည်းလုံးမိအောင် လုပ်ရေးအတွက် ဗဟိုကော်မီတီယူနစ်အတွင်း ညီညွတ်ရေးကို တည်ဆောက်ရန်မှာ အထူးအရေးကြီးလှပါသည်။ ၆၃-တုန်းက ဌာနချုပ်သို့ ရောက်ခဲ့စဉ်က စိတ်မချမ်းမြေ့စရာတွေ တွေ့ခဲ့ရပါသည်။ ခေါင်းဆောင်မှုအတွင်း အချင်းချင်း အစွဲအလမ်း သံသယနှင့် ရှုမြင်မှုများ လွှမ်းနေသည်ကို တွေ့ခဲ့ရပါသည်။ အကြပ်အတည်း အခက်အခဲနှင့် ရင်ဆိုင်ရသည့်အခါ အခြေခံကျကျ အကြောင်းရင်းကို ရှာသည်ထက် လူပုဂ္ဂိုလ်လိုက် အပြစ်ပုံချရေးဖြစ်နေသည်ကိုတွေ့ခဲ့ရပါသည်။ ပေါလစ်ဗျူရိုအဖွဲ့အပေါ်တွင် ကျန်ဗဟိုကော်မီတီများက မကျေနပ်မှုများ ရှိနေကြသည်ကို တွေ့ခဲ့ရသည်။ ကျန် ဗဟိုကော်မီတီ များကလည်း စုပြီး ပေါလစ်ဗျူရိုကိုပြန်တိုက်သည့် လုပ်ဟန်မျိုးကိုတွေ့ရပါသည်။ အဆိုးဆုံးမှာ အချို့ပေါလစ်ဗျူရိုအဖွဲ့ဝင်များက ပါတီမှနုတ်ထွက်မည်ဟုအကြပ်ကိုင်သည့် သဘောလုပ်ခြင်းပင်ဖြစ်ပါသည်။ ဤသည်တို့မှာကျွန်တော့်ထိတွေ့ ခံစားခဲ့ရချက်များကို အခွင့်ကြုံ၍ ရေးလိုက်ရခြင်းပင် ဖြစ်ပါသည်။"

(မှတ်ချက်။ ။ထိုစဉ်က ဗဟိုကော်မီတီတွင်း၌ အယူဝါဒရေး တိုက်ပွဲ ပြင်းထန်လာသည့်အတွက် စိတ်ပျက်၍ ကွန်မြူနစ်ပါတီမှနုတ်ထွက်မည်ဟုပြောဆို၍ အကြပ်ကိုင်ကြသူများမှာ သခင်ဘသိန်းတင်နှင့် သခင်ချစ်တို့ဖြစ်ကြပါသည်၊ စာရေးသူ။)

ဗမာပြည်ကွန်မြူနစ်ပါတီ၏အနောက်မြောက်တိုင်း၊ တိုင်းကော်မီတီ အတွင်းရေးမှူးဖြစ်သော ရဲဘော်ထွန်းမောင်(ခ) ဒေါက်တာ နတ်ကလည်း ၁၉၆၄-ခုနှစ်လမ်းစဉ်တွင် ဖော်ပြထားသည့်သုံးသပ်ချက်များနှင့်ပတ်သက်၍ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ဤသို့တင်ပြလိုက်လေသည်။

"စေ့စပ်ရေးပျက်ပြီးတဲ့ကာလသုံးသပ်ချက်။

အခုသုံးသပ်ချက်သဘောကတော့ ဒီကာလတုန်းက ပီဘီက သိတ်မှန်ခဲ့တယ်။ ဗဟိုကော်မီတီအများစုနဲ့ တပါတီလုံးက မှားခဲ့တယ်လို့ ဖြစ်နေတယ်။

အတွင်းကျကျ အခြေအနေ သိသူများက ဒါကို ဘယ်လိုလုပ်ပြီး လက်ခံနိုင်မလဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စေတနာရှင်တရားက ဒီအချိန်တုန်းက ပိဘီချဉ်းကပ်မှုရဲ့ ဗဟိုပြု ရာ သဘောထားဖြစ်ခဲ့တယ်။ ဒါကြောင့်လဲ ကိုယ်စားလှယ် အဖွဲ့က ကြီးလေးတဲ့အမှားများလုပ်ခဲ့တယ်။

ပါတီတွင်းညီညွတ်ရေးမရှိခဲ့ဟုသုံးသပ်ထားတယ်။ ဒါရဲ့ အဓိပ္ပာယ် ဖြစ်နေတာကလဲဗဟိုကော်မီတီအများစုကမှားလို့ ပေါလစ်ဗြူရိုနဲ့ ညီ ညွတ်မှုမရခဲ့တဲ့သဘောဖြစ်နေတယ်။ ဒါကလဲ တကယ် အခြေအနေနဲ့ ပြောင်းပြန်ပဲ။ ဗဟိုကော်မီတီထက်ဒီအချိန်မှာ ပေါလစ်ဗြူရိုက စေတ နာရှင်မိတ်ဆွေသစ်ကိုပိုပြီး အားကိုးခဲ့တယ်။ ဒါကို အဓိကသုံးသပ်သင့် တယ်။

သုံးသပ်ချက်နှင့်ပတ်သက်၍ အမှားအချို့ကိုသာ ကျွန်တော်တင်ပြ ခြင်းဖြစ်ပါတယ်။ နောက်ထပ်လဲ ဝေဖန်စရာရှိသေး။

ဒါတွေရဲ့ဇာစ်မြစ်တွေကိုရှာရလိမ့်မယ်။သုံးသပ်ချက်က တကယ်ဖြစ် ရပ်နဲ့ကိုက်ညီဖို့လိုတယ်။ ရှင်းရှင်းအဖြေပေးရမယ်။

ဒါအတွက် လောလောဆယ်မလုပ်နိုင်ရင် မသုံးသပ်ပဲ ထားတာ ပိုကောင်းတယ်။ လွဲမှားတဲ့သုံးသပ်ချက်မရှိသင့်။ ဒါဟာ လှည့်စားရာ ကျလိမ့်မယ်။"

ရဲဘော် ထွန်းမောင်သည် တင်ပြချက်၏ နိဂုံးချုပ်တွင် ဤသို့ တင်ပြလိုက် လေသည်။

> "ဒါပေမဲ့ မကြိုက်တာလဲ ဒေါင်လိုက်ရှိနေတယ်။ တချို့ ချဉ်းကပ်မှုများက အရေးကြီး လက်ျာသဘောထားများ ဖြစ်နေတယ်လို့ ယူဆတယ်။ ဒါတွေကို ပြန်ဆန်းစစ်ရန်၊ ပြင်ဆင်ရန် တောင်းဆိုအပ်ပါတယ်။
>
> ဘာပဲသဘောထားရှိရှိ ဆုံးဖြတ်ချက်အတိုင်း ရပ်တည်လုပ်သွားမယ်ဆိုတာ ကိုတော့ သံသယမရှိပါနဲ့။"

အလေးနှိဖြင့်

ထွေးလှ

ထွေးလှမှာ ရဲဘော်ထွန်းမောင် (ခ) ထွေးလှ (ခ) ဒေါါတာနတ်ဖြစ်၏။ ရဲဘော်ထွန်းမောင်သည် ၁၉၆၄ ခုနှစ် ဗဟိုကော်မီတီ အစည်းအဝေး ဆုံးဖြတ် ချက်များနှင့်ပတ်သက်သည့် သဘောထားကို ၁၉၆၅ ခုနှစ် ဩဂုတ်လ (၂၉) ရက်နေ့တွင် နိုင်ငံရေးဦးဆောင်အဖွဲ့သို့ စာဖြင့်ရေး၍ တင်ပြလိုက်ခြင်းဖြစ်၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းမောင်၏ လက်ရေးမူ



နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ရဲဘော်ထွန်းမောင်၏ တင်ပြချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းမောင်(ခ) ဒေါက်တာနုတ်၏ လက်ရေးမူ



နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ရဲဘော်ထွန်းမောင်၏ တင်ပြချက်မူရင်း

ယင်း တင်ပြချက်ကို အနောက်မြောက်တိုင်း ဌာနချုပ်မှ မြေပေါ်ဆက်သွားနှင့် ပါတီဗဟိုဌာနချုပ်သို့ ပေးပို့ခဲ့ခြင်း ဖြစ်လေသည်။

ထိုနောက်တွင် ရဲဘော်ထွန်းမောင် (ခ) ထွေးလှ (ခ) ဒေါက်တာနုတ်သည် နိုင်ငံရေးဦးဆောင်အဖွဲ့၏ဗဟိုကော်မီတီအစည်းဝေးဆုံးဖြတ်ချက်တို့ကို ဆန့်ကျင်သည့် လုပ်ဆောင်မှုများနှင့် ပတ်သက်၍ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ဤသို့ ဖြစ်တင် ဝေဖန်လိုက်လေသည်။

> "ပေါလင်ဗျူရိုအဖွဲ့ဟာ ဗဟိုကော်မီတီ အစည်းအဝေးပြီးသည်နှင့် အစည်းအဝေးက ပယ်ချခဲ့တဲ့အမှားများကို အခိုင်အမာ ဖော်ထုတ် လာခဲ့တယ်၊ ဒါဟာ ဗဟိုကော်မီတီရဲ့ လုပ်ဆောင်မှုကို ဆန့်ကျင်ပြီး လုပ်ခဲ့တယ်။"



နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ရဲဘော်ထွန်းမောင်၏ တင်ပြချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက်ဆုံးတွင်မူ ရဲဘော် ထွန်းမောင်(ခ) ဒေါက်တာ နုတ်သည်၊ နိုင်ငံရေး ဦးဆောင်အဖွဲ့၏ "ရိုးသားမှုမရှိသော အပြုအမူများ"နှင့် ပတ်သက်၍လည်း ဤသို့ပင် တင်ပြခဲ့သည်။

"၁၅၊၇၊၆၇-အတိတ် သုံးသပ်ချက်နဲ့တခြားဆုံးဖြတ်ချက်များ။အတိတ် သုံးသပ်ချက်များ။

- တရားကို အခြေခံရမယ်။
  သမိုင်း အခြေအနေကို အခြေပြုရမယ်။
  ဒါမှမှန် တိကျ။

ပုဂ္ဂလဓိဋ္ဌာန်ချဉ်းကပ်မှုဟာ အကျိုးမပြု။ တရားကမပေါ်လွင်။ရေရှည် အကျိုးမပြုနိုင်။

လက်ရှိ သုံးသပ်ချက်များက ပုဂ္ဂလ ဓိဋ္ဌာန် ဆန် လွန်းတယ်။ ဒါနဲ့ ပတ်သက်တဲ့ ပုံပေါ်တဲ့အချက်များက-

- ငါမပါတဲ့ သဘောကလွှမ်း။
- မိမိကိုယ်ကို ဝေဖန်ရေးကင်းမဲ့။
- မိမိတို့ထိပ်ါး ခေါင်းဆောင်တဲ့ သမိုင်း သင်္ခန်းစာ တ ချို့ ကို မြှုပ်ထား။

ဥပမာ (၁) လယ်သမားတိုက်ပွဲ ပြဿနာမှာ ဆင်းရဲ သမဂ္ဂ ဖျက်ခဲ့။ ဆင်းရဲ လှုပ်ရှားမှုပေါ် သဘောထားခဲ့ပုံ။

- ချမ်းသာ လယ်သမားပေါ် သဘောထားမှာ ၆၂-ထိ မဟာမိတ် ပြုနိုင်တယ်ဆိုတဲ့ သဘောထား မပေါ်ပြ။
- လယ်သမား စစ်ပွဲပြဿနာကို မသုံးသပ်။

(၂) ၆၃-ခုနှစ် ပေါလင်ဒူနို ဆုံးဖြတ်ချက်နဲ့ စေ့စပ်ရေး ကာလတုန်းက သဘောထားပုံများမသုံးသပ်သေးတာ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

- အထူးသဖြင့်ဒီတုန်းကဗဟိုကော်မီတီကိုဘေးဖယ်ပြီးတမင် လုပ်ခဲ့တာကို သုံးသပ်ဖို့ သတ္တိမဲ့နေဆဲ။

(၃) ၆၄-ခုနှစ် ဆုံးဖြတ်ချက်၌ နိုင်ငံတော်အာဏာနဲ့ အာဏာရ မနေရှင်လူတန်းစားနဲ့ ပတ်သက်တဲ့ လက်ျာ အချောင်ဝါဒ ကို မသုံးသပ်။

ဒါကြောင့် ပြန်လည်ပြင်ဆင်ရေး ဝါဒတိုက်ရေးဆိုတာဟာ၊ ဘတင်၊ ဌေး၊ တိုက်ရေးဟူ၍ သက်ရောက်နေတာက တိုက်ပွဲကို လမ်းလွဲ သွားရာ ကျ။ ဒါကိုအဓိကတိုက်ပွဲ ဦးတည်ချက်အဖြစ် ဖော်နေတာမှားတယ်။

တရားအရတိုက်ပွဲကို အဓိကဖော်ရမယ်။"

ဗမာပြည်ကွန်မြူနစ်ပါတီတွင် ၁၉၆၄-ခုနှစ် ဗဟိုကော်မီတီ အစည်းအဝေး အပြီးမှစ၍ဗဟိုကော်မီတီ အဖွဲ့အစည်းအတွင်း၌လည်းကောင်း၊ အဆင့်ဆင့်သော အောက်ခြေအဖွဲ့အစည်းများ အတွင်း၌လည်းကောင်း၊ ညီညွတ်ရေးသည် ပို၍ သာ ဆိုးဝါးခဲ့၏။ အထူးသဖြင့် ပီကင်းမှပြန်လာသော ဗဟိုကော်မီတီ များနှင့် အဆင့်ဆင့်သော ကော်မီတီအဖွဲ့ဝင်တို့သည် ဗမာပြည်တွင်းတွင် တာဝန်ယူနေ ကြသော ဗဟိုကော်မီတီများနှင့် အဆင့်ဆင့်သော ကော်မီတီတို့အား လေ စားခြင်းမရှိကြ။ တန်ဘိုးလည်းမထားကြချေ။ နောက်ဆုံးတွင် သခင်ပုသည် ရဲဘော်ဘတင်နှင့် တာဝန်အတူပေးလျှင် တာဝန်မယူလိုကြောင်းကို နိုင်ငံရေး ဦးဆောင်အဖွဲ့သို့ တင်ပြခဲ့သည်။

ယင်းအကြောင်းကိစ္စနှင့်ပတ်သက်၍ ဗဟိုကော်မီတီ ဒု-ဥက္ကဋ္ဌ သခင်ဇင်မှ ပဲခူးရိုးမတိုင်း ကော်မီတီအတွင်းရေးမှူး နှင့် ဗဟိုကော်မီတီ အဖွဲ့ဝင်ဖြစ်သော ရဲဘော်မြထံသို့ ၁၉၆၅-ခုနှစ် ဖေဖော်ဝါရီလ (၂၅) ရက် နေ့စွဲဖြင့် ဤသို့ အကြောင်းကြားလိုက်လေသည်။

"တာဝန်ခွဲဝေရေးတွင် ပြဿနာတခုပေါ်ဒါက ဝေ-က "ဒီနန့်မြေယာမ တော် ဟိုးနဲ့သာတော် လမ်းစဉ်လက်မခံသူ တာဝန်ခံထားသင့် မထားသင့် စဉ်းစားသင့်၊ တာဝန်ခံထားရင် မိမိဒိနန့် တွဲဘက်မလုပ်ပါရစေနဲ့" လို့ တင် လာတဲ့ ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အကြောင်းပြချက်များကို မကန့် ကွက်ပေမဲ့ (ထောက်ခံသလိုလိုလဲ ပြောကြတာရှိတယ်။ ဒီတော့မဒီသကြပါ။)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းမောင်၏ လက်ရေးမူ

[illegible]

နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ရဲဘော်ထွန်းမောင်၏ တင်ပြချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ဇင်၏ လက်ရေးမူ



ရဲဘော်မြသို့ သခင်ဇင်မှ ပေးစာမူရင်း

(မှတ်ချက်။ ။ ဝေ-မှာ ဦးထွန်းဝေ (ခ) သခင်ပုဖြစ်ပါသည်။ မိန်မှာ-ရဲဘော်ဘတင်ဖြစ်ပြီး၊ ဟိုးမှာ-သခင်ဇင်ဖြစ်ပါသည်။ စာရေးသူ)။

၁၉၆၇-ခုနှစ် ဩဂုတ်လတွင်ဖြစ်သည်။

တော်လှန်သော ဗဟိုကော်မီတီဖြစ်သော ရဲဘော်အောင်ကြီး(ခ)လှအောင်သည် တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့သို့ ဗမာပြည် ကွန်မြူနစ် ပါတီ၏ အခြေခံလုပ်ငန်းစဉ်၌ တော်လှန်ရေးကောင်စီနှင့် ပတ်သက်သော လူတန်းစားလက္ခဏာ သတ်မှတ်ချက်ကို အတိအကျ ထည့်သွင်းရန်အတွက် တင်ပြလိုက်လေသည်။

"(၄) ၆၄-မှာ လက်ျာဘက်တိမ်းတဲ့ ခနရှင်ဟာလဲ ၅၅-ရဲ့ ယေဘုယျ ခနရှင် အဝန်းအဝိုင်းကို မလွတ်ခဲ့ဘူး။

(၅) ၆၅-ဇွန်-ပီဘီဟာ ရန်သူအုပ်ချုပ်တဲ့ ခနရှင်နဲ့ပတ်သက်တဲ့ ၄၀-ငိတ်ခေတ်ကို အခြေခံပဋိပက္ခဖြစ်တဲ့ ပြူရိုကရက် အရင်းရှင်လို့ ဖော်လာတယ်။ ဒါပေမဲ့ က ၆၄-အဆက်အနေနဲ့ လက်ဝဲခံတော့ မဖြစ်သေးဘူးဟု သတ်မှတ်တယ်။

ဒါကြောင့် အာဏာရ ခနရှင်လူတန်းစားကို အပြည့်အဝဖော်ထုတ်မယ်ဆိုရင် လက်ဝခံ ပြူရိုကရက်ခနရှင် တနည်းပြောရင် တရုပ်ပြည်ချန်ကေရှိတ်အတိုင်းပဲ ဖြစ်ရမယ်။

၄၀ ခုက အာဏာရမနရှင်လူတန်းစားကို လက်ဝေခံလို့ ပေါ်ထွက်ခဲ့တာ လုံးဝမှန်တယ်။ အခုထပ်ပြည့်ပြီး ဖြူရိုကရက် အရင်းရှင်လို့ဆိုတာလဲ လုံးဝပဲမှန်တယ်။

ဒါကြောင့် အာဏာရမနရှင်လူတန်းစား ကနေ့ဆိုရင် နေဝင်းကို လက်ဝေခံ ဗျူရိုကရက် အရင်းရှင်လို့ပဲ သတ်မှတ်သင့်တယ်။နယ်ချဲ့နဲ့စေ့စပ်ပူးပေါင်းနေတဲ့ အာဏာရမနရှင် ကိုလိုနီ စံနစ်သစ်ရဲ့ ကိုယ်စားလှယ် မနရှင်ပဲ။"

ဤသည်မှာ ရဲဘော်အောင်ကြီး၏တော်လှန်ရေးကောင်စီနှင့်ပတ်သက်သော လူတန်းစား လက္ခဏာသတ်မှတ်ချက်ပင်ဖြစ်၏။ ထို့ကြောင့်ပင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ နောက်ဆုံးအခြေခံလုပ်ငန်းစဉ်တွင် တော်လှန်ရေး ကောင်စီအား "လက်ဝေခံဗျူရိုကရက်အရင်းရှင်"ဟူ၍ ထည့်သွင်း ဖော်ပြလိုက်လေသည်။

ထို့ပြင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ နောက်ဆုံး စည်းမျဉ်းဥပဒေတွင်လည်း ဗမာပြည်ကွန်မြူနစ်ပါတီ၏ နောက်ဆုံးအခြေခံလုပ်ငန်းစဉ်ကို လက်မခံလျှင်၊ အထူးသဖြင့်"လက်ဝေခံဗျူရိုကရက်အရင်းရှင်"ဆိုသည်ကို လက်မခံလျှင် အဆင့်အမြင့်ဆုံးသော ကော်မီတီများနှင့် အဆင့်ဆင့်သော ကော်မီတီများ၊ ပါတီဝင်များ၊ ကေဒါများအား ဗမာပြည်ကွန်မြူနစ်ပါတီဝင်အဖြစ် ဆက် လက် ၍ လက်ခံထားခြင်းမပြုတော့ပဲ ဖြုတ်-ထုတ်-သတ် မူအရ ကျင့်သုံးရမည်ဟူ၍ပင် အတိအကျသတ်မှတ်လိုက်လေသည်။

ယင်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ တော်လှန်သော နောက်ဆုံး စည်းမျဉ်းဥပဒေပင် ဖြစ်လေတော့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ တနသ်ာရီတိုင်း၊ တိုင်းကော်မီတီအတွင်းရေးမှူးနှင့် ဗဟိုကော်မီတီ အဖွဲ့ဝင်ဖြစ်သော ရဲဘော်ထွန်းစိန်၊(ခ)ဘာကယ်(ခ)သန်းမောင်(ခ)ကျင်သောင်းကလည်း ၁၉၆၇-ခုနှစ် စက်တင်ဘာလ(၂၀)ရက်နေ့စွဲဖြင့် နိုင်ငံရေးဦးဆောင်အဖွဲ့သို့ "မိမိ၏ခံယူချက်နှင့်ထင်မြင်ချက်" တို့ကိုလည်း ဤသို့ စာဖြင့်ရေး၍ တင်ပြလိုက်လေသည်။

"ကျွန်တော် အရင်အပတ်က ရေးလိုက်တဲ့ အထဲမှာ ဒီမိုကရေစီသစ်ကို နား ထောင်ပြီးတာနဲ့ အာဏာပြဿနာ မရှင်းပဲ ဖြစ်နေကြောင်း အာဏာ(၃)မျိုးအဖြစ်နဲ့ပဲ မြင်လာတယ်။ ဒါကို ထပ်မံ လေ့လာနေကြောင်း တင်ပြထားတာရှိပါတယ်။ အင်ဒိုနီးရှားကျေညာချက်မှာလဲ

ရဲဘော်အောင်ကြီး၏ လက်ရေးမူ



နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ရဲဘော်အောင်ကြီး၏ တင်ပြချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီမိုကရေစီသစ်မှာ ပါတဲ့ သဘောမျိုး ထပ်ပါလာတာ ဆိုရှယ်လစ်လမ်းလော၊ အရင်းရှင်လမ်းလောဆိုတဲ့ အလံနိဂျာနယ်ရဲ့ ဆောင်းပါးမှာ တခါဒီသဘောမျိုး ပါလာတာရှိတယ်။ သူတို့သုံးတာ the Focal Point of the Programme of the Communist Party ဆိုပြီးသုံးထားတယ်။ ဗမာလိုမှာတော့ ဗဟိုချက်မလို့ Focal point ကို ပြန်ဆိုထားတယ်။ ဒီသဘောအရ မရှင်းမလင်းဖြစ်နေတယ်။

ဒီအာဏာနဲ့ပတ်သက်ပြီး ၅၅ ကဖော်ထုတ်တာနဲ့ မရောထွေးစေချင်ပါ။ ၅၅ မှာက ဒီမိုကရေစီသစ်ကို ကိုးကားထားပြီး အရင်းရှင်နဲ့ပေါင်းရေးကို ရှေ့ရှုစေကာ တံတိုင်းခြားရေးဆိုတဲ့ လူ့ရှောချီရဲ့ လမ်းစဉ်ဖြစ်တယ်ဆိုတာကတော့ ထင်ရှားပါတယ်။ ၅၅ က အာဏာကိုတော့ ဒီလိုမြင်တယ်။

ဒါပေမဲ့ New Democratic Stage· ရဲ့ အာဏာနဲ့ ပတ်သက်ပြီး မရှင်းမရှင်းဖြစ်နေပါတယ်။ ဒါကိုတော့ ထပ်မံလေ့လာပြီး ရှင်းပေးဖို့လိုလိမ့်အုံးမယ်လို့ ထင်ပါတယ်။

နောက်တခု ကျွန်တော် စဉ်းစားနေတာက အခြေခံပေါ်မှာ ခိုင်မြဲအောင် ရပ်တည်ရမှာ ဖြစ်ပေမဲ့ နည်းပရိယာယ် ရေးရာမှာလဲ ပျော့ပျောင်းမှုမရှိရင် အကျယ်အပြန့်ဆုံး အင်အားတွေကို စည်းရုံးရာမှာ ထိခိုက်နိုင်တယ်လို့ ထင်ပါတယ်။ သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်ကို မှန်မှန်ကန်ကန် ဆက်စပ်ပေးဖို့ ပြဿနာတွေကိုလဲ ကျွန်တော်တို့ လေးလေးနက်နက်ထားပြီး စဉ်းစားကြရမယ်လို့ထင်ပါတယ်။

ကျွန်တော်တို့ရဲ့ ယခင်က အတွေ့အကြုံတွေက ကျွန်တော်တို့ဟာ တခုခုကို အာရုံစိုက်ရင် ကျန်တဲ့ဟာတွေကို လစ်လျူရှုတဲ့ သဘောအထိ ရောက်သွားတတ်ပါတယ်။ တဖက်စွန်းသို့ ရောက်တတ်ပါတယ်။ ဒါတွေကိုသခ်ဏ်းစာ ယူပြီး မှန်ကန်တဲ့ သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်လမ်းစဉ်တွေရဖို့အတွက် လုံးပမ်းသွားကြဖို့ လိုမယ်လို့ထင်ပါတယ်”

(မှတ်ချက်။ ။“ဒီမိုကရေစီသစ်”ဆိုသည်မှာ ၁၉၄၀-ခုနှစ်တွင် မော်စီတုံး ရေးသားခဲ့သည့် အာဏာအမျိုးအစားများကို ခွဲခြမ်းသော စာအုပ်ဖြစ်ပါသည်။ ၁၉၆၇-ခုနှစ် ဇွန်လ ပထမပတ်တွင် ဝီကင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းစိန်၏လက်ရေးမူ



နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ရဲဘော်ထွန်းစိန်၏ တင်ပြချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရေဒီယိုမှ မြန်မာပိုင်း အစီအစဉ်တွင် အထူးအသံလွှင့်၍ ပေးခဲ့ပါသည်။ အထူးသဖြင့် ဗမာပြည် ကွန်မြူနစ် ပါတီ အတွင်း မှ ရဲဘော်များအတွက် ပီကင်းရေဒီယိုမှ လွှင့် ပေး လိုက် ခြင်း ဖြစ်သည်ဟု ရဲဘော်အောင်ကြီးက ပြောပါသည်။

အင်ဒိုနီးရှားပါတီ၏ ကျေညာချက်ဆိုသည်မှာလည်းပီကင်း ရေဒီယိုမှ မြန်မာပိုင်း အစီအစဉ်တွင် လွှင့်ပေးလိုက်ခြင်းဖြစ်ပါသည်။ စာရေးသူ)

ထိုသို့ ရဲဘော်ထွန်းစိန်သည် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သို့ စာဖြင့် ရေး၍ တင်ပြလိုက်သော —

(က) အာဏာရှင်စနစ်မှာ(၃)မျိုးရှိသည်။

(ခ) နည်းပရိယာယ်ရေးရာ၌ ပျော့ပျောင်းစွာ ကျင့်သုံးရေး။

(ဂ) တဖက်စွန်း မရောက်ရေး —

စသည့် ခံယူချက်နှင့် အတွေးအခေါ်တို့သည် တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့အား "ကြီးမားသော အံ့ဘုခြင်း"ပင်ဖြစ်သည်ဟု တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့မှ မှတ်ချက်ချ၍ ထားလေသည်။

ရဲဘော် ထွန်းစိန်နှင့် ပတ်သက်၍ သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် သခင်ချစ်တို့သည် ဤသို့ မှတ်ချက်ချကြလေသည်။

"သန်းမောင်ဟာ အရင်က အာဏာ ၂-မျိုးသမားပဲ၊ ဝိုးသန်းဆီ ရောက်သွားမှ ၂-မျိုးကနေ ၃-မျိုးကိုပြောင်းသွားတယ်။

သန်းမောင်ဟာ ပစ္စည်းမဲ့အာဏာရှင် စနစ်ကို ဆန့်ကျင်တဲ့လူဖြစ်တယ်။ ဒါဟာ ကွန်မြူနစ်ပါတီကို ဖျက်ဆီးမဲ့ခံယူချက်ပဲ။ ဒီအတိုင်း ဆက်သွားရင် ခေစိန်၊ ပေပိန် တို့ရဲ့ဂိုဏ်းဝင်အဖြစ် ချေမှုန်းသွားရမှာဖြစ်တယ်၊

သန်းမောင်ဟာ ဘိတ်နံ့ထားဝယ်မှာ မှော်ခိုလုပ်ငန်းတွေနဲ့ အပေးအယူလုပ်ပြီး စီးပွားရေးအရ လူမှုရေးအရ အခွင့်ထူးခံနေတဲ့ လူဖြစ်တယ်။ ငါးသုံးလုံး စီးကရက်ကို အမြဲတန်း သောက်ပြီး နောက်ဆုံးပေါ် ဆိုကိုနာရီအကောင်းစားကိုမှ ပတ်တယ်။

အခုလို စီးပွားရေး၊ လူမှုရေးတို့မှာ အခွင့်ထူးခံလာရင်၊ နိုင်ငံရေးမှာလဲ ပြန်လည်ပြင်ဆင်ရေး သမား ဖြစ်လာမှာ သေချာတယ်။ ဒါကတော့ တရားပဲ၊ ဒါဟာ မဟာမော်စီတုံးရဲ့ အတွေးအခေါ်နဲ့ လမ်းညွှန်ချက်ပဲ။

ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်တွင်းဗဟိုကော်မီတီအဖွဲ့ဝင်များ

ဗိုလ်ရန်အောင်

ရဲဘော်စိုးသန်း

ရဲဘော်တုတ်

ရဲဘော်ကျော်မြ

ရဲဘော်ထွန်းစိန်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက်ဆုံး အခြေအနေအရ သန်းမောင်ကို ပြန်လည်ပြင်ဆင်ရေး သမားအဖြစ် ဆက်လက်အရေးယူသင့် မယူသင့်ကိုပါ စဉ်းစားသွားဖို့ လိုမယ်''

ဤသို့သော တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ မှတ်ချက်အရ ရဲဘော်ထွန်းစိန်အား တော်လှန်သော ဗဟိုဌာနချုပ်သို့ အမြန်ဆုံး လာရောက်စေရန်အတွက် ချက်ခြင်းပင် ညွှန်ကြားလိုက်လေတော့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မီတီအဖွဲ့ဝင်တို့သည် တိုင်းကြီးများကို ဖွဲ့စည်း၍ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးလုပ်ငန်းများကို တိုက်ရိုက် ဦးစီး၍ နေခဲ့ကြသူများဖြစ်၏။ ထို့ကြောင့် ဗမာပြည်၏ မြောက်ပိုင်းတွင်လည်းရှိ၏။ အလယ်ပိုင်းတွင်လည်းရှိ၏။ တောင်ဖက်ပိုင်းတွင်လည်းရှိ၏၊ ထို့အတူပင် အရှေ့ပိုင်းတွင်လည်းရှိ၏။ အနောက်ပိုင်းတွင်လည်းရှိ၏။

သို့သော်လည်း ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ အဖွဲ့အစည်း အတွင်း၌ ညီညွတ်ရေးသည်ကား တနေ့တခြားပင် ပို၍ပို၍သာ ဆိုးဝါးခဲ့လေသည်။

ယခုအခါတွင် ဗမာပြည်၏ မြောက်ပိုင်းမှ တောင်ပိုင်းသို့တိုင်လည်းကောင်း၊ အရှေ့ပိုင်းမှ အနောက်ပိုင်းသို့တိုင်လည်းကောင်း ဗမာပြည်ကွန်မြူနစ်ပါတီ၏ တိုင်းကြီးအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြရသော ဗဟိုကော်မီတီအဖွဲ့ဝင်တို့သည် တော်လှန်သော နိုင်ငံရေးဦးဆောင် အဖွဲ့၏ ''တော်လှန်သောနည်းပရိယာယ်'' အောက်တွင်တဦးချင်းကို ဗဟိုဌာနချုပ်သို့ ခေါ်ယူ၍ ထိန်းသိမ်းအရေးယူခြင်းကို ခံ၍နေကြရသည်။အချို့ကလည်း မိမိအတွေးအခေါ်ကို စိစစ်ပြီးရင်း စိစစ်နေကြရ၏။ ခေါးထက်သော ကျောရိုးတပ်နီ လူငယ်ကလေးများ၏ ကြီးကြပ်မှုအောက်တွင် မိမိတို့အသီးသီး၏ နောက်ဆုံးနေ့များကို တဆိတ်ထိတ်တလန့်လန့်နှင့်လက်ချိုးရေတွက် နေကြရသူချည်းသာဖြစ်လေသည်။

ဤသည်တို့ကား ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မီတီတွင်း နောက်ဆုံးအခြေအနေများပင်တည်း။

(၃) နိုင်ငံရေးဦးဆောင်အဖွဲ့နှင့် ဗဟိုကော်မီတီပဋိပက္ခ။

ကွန်မြူနစ်ပါတီတရပ်၏ အမြင့်ဆုံးစည်းရုံးရေးမူသည် ''စုပေါင်း ခေါင်းဆောင်မှု'' ပင်ဖြစ်၏။စုပေါင်းခေါင်းဆောင်မှုမူကို ကျင့်သုံးခြင်း မရှိသောပါတီသည် ကွန်မြူနစ်ပါတီမဖြစ်နိုင်ချေ။

၎င်းသည်မှာ လိန်နင်ပုံစံပါတီတရပ်၏ ပါတီတည်ဆောက်ရေးကရုပ်ပင် မြင်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပေါလစ်ဗျူရိုအဖွဲ့ (နိုင်ငံရေး ဦးဆောင်အဖွဲ့) သည် ဗဟိုကော်မီတီအဖွဲ့အစည်း၏ စုပေါင်း ခေါင်းဆောင်မှုကို ပျက်ပြားစေခြင်း မပြုခဲ့ပေ။

သို့ရာတွင် ဗဟိုကော်မီတီ အဖွဲ့ဝင်များသည် နိုင်ငံရေးဦးဆောင်အဖွဲ့အား ပင်တင်ရှုတ်ချခဲ့လေသည်။

ယခုမူဗဟိုကော်မီတီ အဖွဲ့ဝင်ဖြစ်သော သခင်ဖေတင့် (ခ) ရဲဘော်ဘကနိုင် ငံရေးဦးဆောင်အဖွဲ့သို့ စုပေါင်းခေါင်းဆောင်မှု ပျက်ပြားခြင်းနှင့် ပတ်သက်၍ ဤသို့ တင်ပြလိုက်လေသည်။

"စုပေါင်းခေါင်းဆောင်မှုပျက်ပြားခြင်းနှင့်
ပတ်သက်၍ ရဲဘော်ဘ၏တင်ပြချက်။

စုပေါင်းခေါင်းဆောင်မှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့ အကြိမ်ကြိမ် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး ဖြစ်သည်။ ဤပြဿနာနှင့်ပတ်သက်၍ ၁၉၅၅ ခု အစည်းအဝေးတွင် အလေးအနက်ပြုခဲ့ကြသည်။ သို့သော် ခေါင်းဆောင်ရဲဘော်တို့သည် ကာယကံမြောက် အားဖြင့် ဤဆုံးဖြတ်ချက်ကို မလိုက်နာကြပေ။ ပြီးခဲ့သော စစ်ပေးရေးကိစ္စတွင် အကြောင်း အမျိုးမျိုးပြ၍ ဆက်လက်ကျူးလွန်ကြပြန်သည်။ မည်သည့် အကြောင်း ပြုပြင်ပြစေ၊ ပါတီ၏ အဆင့်အမြင့်ဆုံးသော ပါတီစည်းရုံးရေး မူတရပ်ကို ကျူးလွန်ကြသည်မှာ ထင်ရှားလှသည်။

သိပ်သည်း ခိုင်မာသော ကွန်မြူနစ်ပါတီတရပ် မရှိပဲ ပြည်သူ့ ဒီမိုကရေစီတော်လှန်ရေးကို အောင်မြင်အောင် မလှမ်းဆောင်နိုင်ပေ။ ဤသို့သော ပါတီတရပ်၏ ထိပ်ဆုံး ခေါင်းဆောင်ပိုင်းတို့သည် ပါတီ၏ စည်းရုံးရေးမူများကို လေးစားကျင့်သုံးရာတွင်လည်း စံပြဖြစ်ရပေမည်။ ယနေ့သက်ဆိုင်ရာတာဝန်ခံတို့သည် ဤသို့မဖြစ်ကြပေ။

ဤပြဿနာနှင့် ပတ်သက်၍ သက်ဆိုင်ရာတို့သည် အလေးအနက် ပြန်လည်သုံးသပ်၍ ရှေးဦးစွာအားဖြင့် ဗဟိုကော်မီတီကို ဝေဖန်စေလို ပါသည်။

သခင်ဗေတင့်၏ လက်ရေးမူ



နိုင်ငံရေးဦးစဆောင်အဖွဲ့သို့ သခင်ဗေတင့်၏ တင်ပြချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ဗတင့်သည် နိုင်ငံရေးဦးဆောင်အဖွဲ့အား စုပေါင်း ခေါင်းဆောင်မှုမှုများကို အမျိုးမျိုးအကြောင်းပြ၍ ချိုးဖောက်ခဲ့ကြသဖြင့် အလွန်ပင်မကျေမနပ်ဖြစ်နေ၏။ ထို့ကြောင့်ပင် သခင်ဗတင့်သည် တရုပ်ပြည်သို့ခရီးထွက်ခါနီးတွင်အထက်ပါအတိုင်း နိုင်ငံရေးဦးဆောင်မှုအဖွဲ့သို့ တင်ပြ၍အလေး အနက်တောင်းဆိုလိုက်ခြင်း ဖြစ်လေသည်။

ထိုကဲ့သို့ပင် နိုင်ငံရေးဦးဆောင်အဖွဲ့၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ တိုင်းအသီးသီး၌ တာဝန်ယူနေကြသော ဗဟိုကော်မီတီ အဖွဲ့ဝင် တို့ကလည်း မကျေမနပ်ဖြစ်နေကြလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ အနောက်မြောက်တိုင်းသို့ ဗဟိုအလုပ်အဖွဲ့ အဖြစ်ဖြင့် ရောက်ရှိနေသော ဗိုလ်ဇေယျကလည်း နိုင်ငံရေးဦးဆောင် အဖွဲ့၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ဤသို့ပင်ဘင်ပြလိုက်လေသည်။

"....ဒါပေမဲ့ အချို့အခိုင်အမာ ဖြစ်ရပ်တွေကိုတော့သူ့ပကာတိရုပ်အနေနဲ့အတိုင်း တင်ပြဆွေးနွေး ညှိနှိုင်းဖြင်းခွန်သင့်ပါတယ်။

(က) ၆၄-ခုနှစ်ဗဟိုကော်မီတီ အစည်းအဝေးက ခုံမှတ်ချက်များ ကို ယခုပေါလစ်ဗျူရိုက ဖွင့်ဆိုလုပ်ဆောင်ချက် အချို့နဲ့ ပတ်သက်တာ မှာသဲ ပါတီတွင်းညီညွတ်ရေးကို အထူးအလေးထား ရှေ့တန်းတင် ဆုံးဖြတ်ချက်တွေချထားခဲ့ပေမဲ့ လက်တွေ့မှာ ၎င်းကိုထိခိုက်စေတဲ့ လုပ်ဟန်ပြောဟန်တွေရှိနေသေးတယ်လို့ ခံစားမိပါတယ်။

ဒီမိုကရေစီအရ ဗဟိုချုပ်ကိုင်မှု စည်းကမ်းမှာလဲ ထိပါးတယ်လို့ ခံစားမိပါတယ်။"

ဤသို့ဖြင့် ဗိုလ်ဇေယျသည် နိုင်ငံရေး ဦးဆောင်အဖွဲ့၏ ဗဟို ကော်မီတီအစည်းအဝေး ဆုံးဖြတ်ချက်များကို ချိုးဖောက်ခဲ့သဖြင့် ပါတီတွင်း ညီညွတ်ရေးကို အထူးပင် ထိခိုက်နေသည်ဟု ဖော်ပြလိုက်၏။ ထို့ပြင် နိုင်ငံရေးဦးဆောင်အဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အာဏာပိုင် အဖွဲ့အစည်းဖြစ်သည့် "ဗဟိုကော်မီတီ အစည်းအဝေး ဆုံးဖြတ်ချက်များ" ကို ချိုးဖောက် ခဲ့သဖြင့် "ဒီမိုကရေစီအရ ဗဟိုချုပ်ကိုင်မှု စည်းကမ်း" ကိုလည်း ချိုးဖောက် ခဲ့သည်ဟုလည်း ဗိုလ်ဇေယျက တင်ပြလိုက်လေသည်။

ထိုသို့သော ပေါလစ်ဗျူရို အဖွဲ့နှင့် ပတ်သက်၍ သခင်ဗတင့်၊ ဗိုလ်ဇေယျ တို့ကဲ့သို့ပင် အခြားအခြားသော တိုင်းအသီးသီး၌ တာဝန် ယူနေကြသည့် ဗဟို

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ဇေယျ၏ လက်ရေးမူ



နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ဗိုလ်ဇေယျ၏ တင်ပြချက်မူရင်း

ကော်မီတီ အဖွဲ့ဝင်များကလည်း နိုင်ငံရေး ဦးဆောင်အဖွဲ့၏ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးဆိုင်ရာတို့၌ ဗဟိုကော်မီတီ အခည်းအဒေါးအား လုံးဝပင် အသိမပေးပဲ လုပ်ဆောင်နေကြသည့်အတွက် အထူးပင် မကျေမနပ်ဖြစ်နေကြလေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင်ရှိသော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် နိုင်ငံရေး ဦးဆောင်အဖွဲ့တွင်း လုပ်ငန်းများကို တရားဝင် တည်ရှိသော နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် အချင်းချင်းကိုပင် အသိပေးခြင်း မရှိခဲ့ပေ၊ တစုတဖွဲ့ ချင်းသာ ကြိတ်၍ လုပ်ခဲ့ကြသည်။

ယင်းကိစ္စကို အကြောင်းပြု၍ နိုင်ငံရေး ဦးဆောင် အဖွဲ့ အတွင်း၌လည်း ကောင်း၊ ဗဟိုကော်မီတီများ အတွင်း၌လည်းကောင်း အလွန် ကြီးမားသော မကျေနပ်ချက်များနှင့် ဂယက် ရိုက်ခတ်ခြင်းတို့သည် တောမီးကဲ့သို့ ပြန့်နှံ့နေတော့သည်။

၁၉၆၆-ခုနှစ်၏ အောက်တိုဘာလ (၂၀) ရက်နေ့တွင် ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်မှ မြေအောက်ဆက်သွယ်ရေးတာဝန်ခံတဦးသည် ရန်ကုန်မြို့သို့ ဆက်သွားလွှတ်ရန်အတွက် ပြင်ဆင်နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအချိန်တွင် နိုင်ငံရေး ဦးဆောင် အဖွဲ့ဝင် တဦးဖြစ်သော သခင်ချစ်သည် စာတစောင်ကို လက်မှကိုင်၍ လမ်းကို ခပ်သွက်သွက် လျှောက်၍လာသည်။

"ဟော့-ဒီစာဟာ သိပ်အရေးကြီးတယ်ကွ။ တခြား ဘယ်သူက လာကြည့်ကြည့်၊ ဒီစာကိုတော့မပြနဲ့၊ ဒီစာကို ယူသွားတဲ့အခါမှာလဲ အလုံခြုံဆုံး ဖြစ်အောင်ယူသွားဖို့. မှာလိုက်၊ အကောင်းဆုံး ကတော့ ကောက်ညှင်း ကျည်တောက်ခပ်သေးသေးထဲကိုပလပ်စတစ် အိတ်ကလေးတွေနဲ့လုံအောင် ထုပ်ပြီးတော့ ထည့်ပေးလိုက်ရင် ကောင်းမယ်။ ကောက်ညှင်း ကျည်တောက် (၃) (၄) ခုလောက်လဲ ရောပြီး ထည့်ပေးလိုက်ပို့လိုမယ်။"

သခင်ချစ်သည် အသေးစိတ်ပင် ကိုယ်တိုင် မှာကြား၍ ညွှန်ကြား နေလေသည်။

သခင်ချစ်၏ ယင်းစာမှာ နိုင်ငံရေးဦးဆောင်အဖွဲ့အတွင်းဥပင် သခင်သန်းထွန်း၊ သခင်ချစ်၊ ရဲဘော်အောင်ကြီး၊ သခင်ပုတို့၏ သီးသန့်ထိပ်သီး လျှို့ဝှက်ပင် ဖြစ်လေသည်။

ထိုစဉ်က ရဲဘော်ဌေးကိုမူ ယင်းစာကို ပေးဖတ်ခဲ့၏။

(မှတ်ချက်။ ။ ဤအချိန်တွင် သခင်ဇင်မှာ ပါတီ ဗဟို ဌာနချုပ်တွင် မရှိပါ။ ပဲခူးရိုးမဟိုင်းတွင်ရဲဘော်မြနှင့်အတူရှိနေပါသည်။ စာရေးသူ)

ထိုစဉ်က ပါတီတွင်း၌ သခင်သန်းထွန်း၊ သခင်ချစ်နှင့် ရဲဘော် အောင်ကြီးတို့သည် "နေဝင်း ဖက်ဆစ်အစိုးရကို အပြုတ်တိုက်ရမယ်" "ရန်သူကို ရန်သူလို ချေမှုန်းရမယ်" "ရန်သူဆိုရင်အဖေနဲ့အမေကိုတောင်ကိုယ်တိုင်သတ်ရမယ်" စသည်ဖြင့် "စစ်နိုင်ရေး အာဏာသိမ်းရေး" အတွက် "အပြုတ်တိုက်ရေးကြွေးကြော်သံများကို တခုပြီးတခုပင် ထုတ်ပြန်နေကြ၏။ အပြတ်သားဆုံးပင် ပြောဆိုနေကြ၏။ "ရန်သူ ဖက်ဆစ်နေဝင်း"ကို "ဗိုလ်"လို့ ထည့်မခေါ်ရ။ "နေဝင်းစစ်တပ်ကိုလဲ မုဒိမ်းတပ်၊ ဓါးပြတပ်လို့ ခေါ်ရမယ်၊" "နေဝင်းနဲ့ အတူမိုက်ဖော်ဆိုးဖက်တွေကိုလဲ ကျင်းတကျင်းထဲမှာ မြှုပ်ရမယ်" စသည်ဖြင့် လှုံ့ဆော်ဝါဒဖြန့်၍ နေကြလေသည်။

ထို့ကြောင့် ပါတီဝင်ထုတရပ်လုံးသည်လည်း အလူးပင် တက်ကြွနေကြ၏။ တပ်နီ လူငယ်များကလည်း "ရန်သူဆိုရင် အားလုံးကို သတ်မယ်။ ဖက်ဆစ်နေဝင်းရဲ့ ကြေးစားဆိုရင် မင်းဗေကာစပြီးတော့ နေဝင်းအထိ သတ်ရမယ်" ဟုကျေညာ၍နေကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်း၊ ရဲဘော် အောင်ကြီးနှင့် သခင်ချစ်တို့ ကလည်း တပ်နီ လူငယ်များ၏ ရဲရဲတောက် ကျေညာချက်များအား လက်ခုပ်လက်ဝါးများတီး ၍ တက်ကြွစွာပင် ထောက်ခံအားပေး၍ နေကြသည်။

ဤအခြေအနေတွင် သခင်သန်းထွန်းနှင့် သခင်ချစ်တို့သည် မိမိတို့လျှို့ဝှက် စွာ ရေးသားထားသော "စာ"ကို ပါတီဝင်ထုနှင့် အဆင့်ဆင့်သော ကော် မီတီများ သိရှိသွားမည်ကို အထူးပင် စိုးရိမ်ကြ၏။ ပူပန်ကြ၏။ ယင်း"စာ"၏ မိတ္တူကို သခင်ချစ်၏ အိတ်အတွင်း၌ပင် အမြဲတန်းထည့်၍ထား၏။ လက်က ပင်မချချေ။

သို့သော်လည်း ယင်း "စာ" အကြောင်းကို ရဲဘော်ဘတင် (ဂိုရှယ်) နှင့် မြစ်ဝကျွန်းပေါ်တိုင်းမှ ရဲဘော်စိုးသန်းတို့သည် သိရှိကြတော့၏။ ထိုအခါတွင် ရဲဘော်ဘတင်နှင့် ရဲဘော်ကိုးသန်းတို့သည် နိုင်ငံရေးဦးဆောင်အဖွဲ့၌ သခင်သန်း ထွန်းနှင့် သခင်ချစ်တို့အား "မလိမ္မာတပတ်" လုပ်သည်ဟုစွပ်စွဲကြ၏။ အထူး သဖြင့် သခင်ချစ်အား "အလွန်ကောက်ကျစ်သည်" ဟုပြောကြ၏။"ဆိုရှယ်လစ် ပါတီတွင်းမှ ညာဉ်ကို ကွန်မြူနစ်ပါတီတွင်းမှာ အသုံးပြုနေသူ"ဟုလည်း ပြော ကြသည်။

ဆက်လက်၍လည်းဤသို့ပြောဆိုတင်ပြကြသည်။

"ခင်ဗျားတို့ကို ပေးစာရေးလို့အပြစ်တင်တာ မဟုတ်ပါဘူး။ ခင် ဗျားတို့ဘယ်သူ့ဆီကိုပဲ ရေးရေး ကန့်ကွက်စရာမရှိပါဘူး။ ဗိုလ်နေဝင်း ဆီ တိုက်ရိုက်ရေးချင်လဲရေးပါ။ ဒါပေမဲ့ ခင်ဗျားတို့က အလွန်ကောက် ကောက်ကျစ်ကျစ် လုပ်ကြတဲ့လူတွေဗျ။ ခင်ဗျားတို့ ပါးစပ်တွေက တော့ ဖိုးပြတ်သားကြီးတွေ လုပ်နေကြတယ်။ "ဖက်ဆစ်နေဝင်းကို သတ်ပစ် နေဝင်းအပေါင်းပါတွေကို သတ်ပစ်" နဲ့အမြှုပ် ထွက်အောင် အော်နေကြတယ်။ ဒါပေမဲ့ တိတ်တိတ်ကလေးကျတော့ ကိုယ်ရေးချင် တဲ့လူတွေဆီကို ကြိတ်ပြီးရေးကြတယ်။ အဲ့ဒီရေးတဲ့စာကို ခင်ဗျားတို့ ကျွန်တော်တို့လဲမပြဘူး။ကျွန်တော်တို့ကိုလဲပြပါအုံး။ ဒါဟာ မရိုးသား တာပဲ။

ခင်ဗျားတို့ကို ပြောချင်တာက ရေးစရာရှိရင် ပြောင်ရေးပါ။ ပါ တီဝင်ထုရော၊ ကေဒါတွေကိုရော ပြောရဲပါ၊ ပြောပါ။ အခုတော့ ခင် ဗျားတို့က ပါတီဝင်ထုကိုလဲ မပြောရဲကြဘူး မဟုတ်လား။ တကယ်ကျ တော့ခင်ဗျားတို့ဟာပါတီဝင်ထုကို အလွန်ကြောက်တဲ့လူတွေပဲ။ ပါတီ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဝင်ထုကို ကြောက်တာဟာ အမှန်တရားကို ကြောက်တာပဲ။ ခင်ဗျားတို့ တလောကလဲတော်လှန်ရေး ကောင်စီဝင်တွေဆီကိုကြိတ်ပြီး စာရေးကြတုန်းကလဲကျွန်တော်တို့ဘာမှ မသိခဲ့ရဘူး။ ရန်ကုန်ပါတီက ပြန်ပြီးအစီရင်ခံမှသာ ခင်ဗျားတို့ တိတ်တိတ် စာပေးတယ်ဆိုတာ သိရတယ်။ အဲ့ဒီခင်ဗျားတို့ရေးထားတဲ့ စာတွေကို ကျွန်တော်တို့ ဖတ်ပါရစေ ဆိုတာလဲ အခုထိခင်ဗျားတို့ ပေးမဖတ်ဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားတို့စိတ်ထဲမှာရှိတာနဲ့ ခင်ဗျားတို့လက်တွေ့လုပ်နေတာနဲ့ကတော့ တခြားစီပါပဲ။

ခင်ဗျားတို့အခုလိုသာ မရိုးမသားနဲ့ အချင်းချင်းလဲ မယုံမကြည်ဆက်လုပ်သွားရင် ကွန်မြူနစ်ပါတီဟာ ပျက်စီးမှာ တော့သေချာတယ်။ ဗမာပြည် ကွန်မြူနစ်ပါတီကတော့ ဆိုရှယ်လစ်ပါတီ ဖြစ်တော့မှာပဲဗျ။ အခုကို ဆိုရှယ်လစ်ပါတီ စပြီးဖြစ်နေပါပြီ”

စသည်စသည်ဖြင့် စွပ်စွဲလေသည်။

သခင်သန်းထွန်းနှင့် သခင်ချစ်တို့၏ “ထိပ်တန်းလျှို့ဝှက်”စာမှာ သခင်ချစ်၏ ‘သူငယ်ချင်း”ဟူသော ခေါင်းစဉ်တတ်ထားသော စာပင်ဖြစ်လေသည်။

သူငယ်ချင်း

၁။ အရင်က စာတစောင်ရေးခဲ့တယ်။ ဗိုယက်နမ်အရေး အကြောင်းပုံဖြူးရေးတဲ့စာတိုလေးပါပဲ။ ရလိမ့်မယ်လို့ မျှော်လင့်တယ်။

အခုဒီစာနဲ့အတူ စာတမ်းအချို့ ပေးလိုက်ပါတယ်။

ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရဲ့ သဘောထားအမှန်ကို ခင်ဗျားတို့လို ရိုးရိုးသားသား ဆိုရှယ်လစ်စံနစ် လိုလားတဲ့သူတွေသိဖို့နဲ့ နည်းလမ်း ရှာနိုင်ဖို့ပါပဲ။

၂။ ယနေ့တိုင်းပြည်ရဲ့ အခြေအနေကတော့ စားဝတ်နေရေးအတွက် အင်မတန်ဆိုးနေပါတယ်။ လယ်သမား ငါးပိမစားရတဲ့ခေတ်ဟာ ဒီခေတ်ပါပဲ။ဆိုတော့ လဘက်ခြောက်တို့ကိုတော့ မပြောပါနဲ့တော့ ဂျပန်ခေတ်ထက် ဆိုးသည်ဟုပင် ငြီးငြူကြသည်ကို တောရပ်မှာတော့ အထင်အရှားပါပဲ။

ခင်ဗျားတို့အနေနဲ့လဲ ကိုယ်တွေ့ပဲ၊ ဆစတက လုပ်၊ ပြန်ဖျက်လိုက်၊ ပပက လုပ်လိုက်၊ ဖျက်လိုက်နဲ့ (၃) နှစ်ကျော်အတွင်း နှစ်မျိုးသုံးမျိုး ပြောင်းလဲနေရတာဟာဘာကြောင့်လဲဆိုတာ အလေးအနက် စဉ်းစားသင့်ပါပြီ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တိုင်းပြည်ရဲ့ စီးပွားရေး၊ ဘဏ္ဍာရေး ကြပ်တည်း လာတော့ တနေ့တခြား နယ်ချဲ့သမားများပေါ် မှီခိုလာရတာပဲ။ ဘယ်နေရာတွေမှာ ဘယ်လို မှီခိုနေရတယ်ဆိုတာတော့ ခင်ဗျားတို့ အသိဆုံးဖြစ်မှာပါပဲ။

အဲ့ဒီရဲ့ အရိပ်ကတော့နိုင်ငံခြားရေးဝါဒမှာ ထင်ဟပ်နေတာပါပဲ။

ခင်ဗျားတို့ရဲ့ နိုင်ငံခြားရေးဝါဒဟာ အမေရိကန်ကိုလဲ မဆန့်ကျင်ရဲ၊ အင်္ဂလိပ်လဲချော့ရ၊ ဂျပန်ပေါင်းရနဲ့ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်တဲ့ ဗီယက်နမ်ပြည်သူတွေကိုပင် မထောက်ခံခဲ့တဲ့ ဘဝပါပဲ။

၃။ ဒီလိုဖြစ်ရတာဟာ ခင်ဗျားတို့ထဲက တပ်မှူးကြီး တစုက လွှမ်းမိုးပြီး စစ်အာဏာရှင် အုပ်စိုးမှုကို ထူထောင်ကာ စစ်တပ်လက်ဝါးကြီးအုပ် အစိုးရ အရင်းရှင်စနစ် ထူထောင်နေတာ ပြည်သူတွေကို စမ်ပြုနေတာတွေကြောင့် ပဲလို့ ကျွန်တော်တို့ ထင်ပါတယ်။ ကျွန်တော် ဒီလိုပြောတာ ခင်ဗျား လက်ခံချင်မှ လက်ခံနိုင်ပါလိမ့်မယ်။

ဒါပေမဲ့ ခင်ဗျား အေးအေးဆေးဆေး စဉ်းစားကြည့်ရင် ခင်ဗျားတို့ အုပ်ချုပ်မှု စနစ်ဟာ ဘယ်လိုစနစ်လဲ၊ စစ်တပ်၊ တပ်မှူးကြီး တစုကသာ အုပ်ချုပ်တဲ့စနစ် ဟုတ်မဟုတ်။

ခင်ဗျားတို့ရဲ့ စီးပွားရေးစနစ်ကို ကြည့်ရင်လဲ နိုင်ငံပိုင် လုပ်တာနဲ့ ဆိုရှယ်လစ်စနစ်ဖြစ်တယ်ဆိုနိုင်သလား။ အခွင့်အာဏာဟာ တပ်မှူးကြီး တစု လက်ထဲရှိပြီး အထက်လွှာတစုသာ အခွင့်ထူး ခံနေရပြီး တပြည်လုံး တော့ အစစ ငတ်ပြတ်နေရတဲ့ဘဝ ဟုတ်မဟုတ်။

ကျွန်တော်တို့ကို လူမျိုးစုတွေကို ပြည်သူတွေကို စစ်တိုက်ဖို့ ခင်ဗျား တို့အနေနဲ့ နယ်ချဲ့ပေါ် မှီခိုနေရတာ ဟုတ်မဟုတ်။ ဒါတွေဟာ တခုနဲ့တခု ဆက်နေတာပါပဲ။

၄။ ခင်ဗျားတို့ထဲမှာ တိုင်းပြည်ရဲ့ယနေ့ဖြစ်နေတဲ့ အခြေအနေကို ပြန်စဉ်းစားတဲ့ သူတွေရှိသလို ပိုပြီး ပူလီတင်းပြီး ပိုပြီး အတင်းအကြပ် လုပ်လိုသူတွေ၊ ပိုပြီးနယ်ချဲ့နဲ့ပေါင်းလိုသူတွေလဲရှိနေတယ်၊ ကြားရပါတယ်။

ခင်ဗျားအနေနဲ့ ပြန်လည်စဉ်းစားတဲ့ လူထဲမှာ ပါမယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒါကြောင့်လဲ ခင်ဗျားဆီကို လေးစားစွာ တကဲ့ တိုင်းပြည်ရဲ့ နောင်အရှည်အရေးကို မျှော်ပြီး စာရေးတာပါပဲ။

ကျွန်တော် ခင်ဗျားရဲ့ လုံခြုံရေးကိုလဲ ဂရုပြုပါတယ်။ ခင်ဗျားအတွက် မလိုလားအပ်တာတွေလဲ လုံးဝမဖြစ်စေလိုပါဘူး။

အခြားတဖက်ကလဲ ခင်ဗျားဆီကိုသဘောထားများ ရောက်စေချင် ပါတယ်။ ဒါကြောင့် ကြိုးပမ်းပြီး ဒီစာကိုပို့ရတာဖြစ်ပါတယ်။

ခင်ဗျားရဲ့ ငယ်သူငယ်ချင်း

ချစ်

၁/၁၁

တော်လှန်ရေးအစိုးရအဖွဲ့ဝင်တဦးသို့ သခင်ချစ်မှပေးစာ [illegible]င်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



သခင်ချစ်၏လက်မှတ်

(မှတ်ချက်။ ဗဟိုကော်မတီဝင်၊ တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်ဖြစ်သော သခင်ချစ် ကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်းဖြစ်ပါသည်။
စာရေးသူ)

ဤသည်မှာ ဗမာပြည် ကွန်မြူနစ်ပါတီ တော်လှန်သော နိုင်ငံရေး ဦးဆောင် အဖွဲ့ဝင်၊ သခင်ချစ်၏ "သူငယ်ချင်း" ထံသို့ ပေးစာပင်ဖြစ်၏။ သခင် ချစ် ကိုယ်တိုင်ပင် လက်မှတ်ရေးထိုး၍ထားလေသည်။

သခင်ချစ်၏ "သူငယ်ချင်း" ဆိုသူမှာ တော်လှန်ရေးအစိုးရအဖွဲ့ဝင်တဦးပင် ဖြစ်ပေသည်။

ယင်းသို့ သခင်သန်းထွန်းနှင့် သခင်ချစ်တို့၏ တိတ်တဆိတ် လျှို့ဝှက်ပေးစာ များနှင့်ပတ်သက်၍ နိုင်ငံရေးဦးဆောင်အဖွဲ့ အတွင်းတွင်လည်းကောင်း၊ ဗဟို ကော်မီတီအဖွဲ့အတွင်းတွင် လည်းကောင်း၊ ပဋိပက္ခသည် ဖြစ်ပွားလျက်နေလေ တော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) ဗဟိုကော်မီတီဥက္ကဋ္ဌကြီး။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မီတီ"ဥက္ကဋ္ဌကြီး"မှာ သခင်သန်းထွန်း ဖြစ်၏။ သခင်သန်းထွန်းသည် ၁၉၄၈·ခုနှစ် မတ်လ(၂၈)ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီကိုရှေ့ဆောင်၍ တောခိုခဲ့သူဖြစ်၏။ တနည်းအားဖြင့် လွတ်လပ်ရေးရပြီးနောက် ဗမာပြည်တွင် ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင် တိုက်ပွဲကို ခေါင်းဆောင်ခဲ့သူပင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီအတွင်း၌ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေးဆိုင်ရာ အားလုံးတို့တွင်လည်း "ဥက္ကဋ္ဌ"ကသာ တာဝန်ယူခဲ့၏။ သို့ဖြစ်၍ သခင်သန်းထွန်းသည် "ဥက္ကဋ္ဌကြီး"ပင်ဖြစ်ခဲ့၏။ နှစ်ပေါင်း(၂၅)နှစ်ခန့်အတွင်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၌ လုံးဝပင် ပြောင်းလဲခြင်းမရှိသော"ဥက္ကဋ္ဌကြီး" ဖြစ်လေသည်။

ထို့ကြောင့်ပင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် သခင်သန်းထွန်း ဆိုသည်မှာ ဒင်္ဂါးပြားတပြား၏ ခေါင်းနှင့်ပန်းနည်းတူပင် ဖြစ်လေသည်။ ခွဲ၍မရချေ။ ကွဲလည်း မကွဲပေ။

ဤသည်မှာ "ဥက္ကဋ္ဌကြီး"၏စွမ်းဆောင်နိုင်သော အရည်အချင်းပေတည်း။

သို့ရာတွင်တိုက်ပွဲသည် ပါတီတရပ်လုံးအတွင်း၌လည်းကောင်း၊ ဗဟိုကော်မီတီအဖွဲ့အစည်းအတွင်း၌လည်းကောင်း၊ ထိုအသွင်သို့မဟုတ် ဤအသွင်ဖြင့်ပေါ်ခဲ့၏။ကာလအပိုင်းအခြားအရပင်ဖြစ်၏။ထိုထိုဤဤသောအသွင်တို့ဖြင့် ပေါ်ခဲ့သည်မှာ အတော်မသတ်ခဲ့ချေ။

၁၉၆၂·ခုနှစ် ဗဟိုကော်မီတီ အစည်းအဝေးတွင် ဖြစ်လေသည်။

"ဥက္ကဋ္ဌအားဖယ်ရှားရန် ရဲဘော်ဘတင်၏အဆိုပြုချက်။

၅၅-မတိုင်မီက ပါတီ၏အမှားများကြောင့် ကြီးမားသော ဆုံးရှုံးနစ်နာမှုအတွက် ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းမှာ အဓိကအားဖြင့် တာဝန်ရှိသော်လည်း ပါတီဥက္ကဋ္ဌသည် မိမိကိုယ်ကို ပြင်ဆင်သွားနိုင်မည်ဟု ယုံကြည်သောကြောင့် ၎င်းအား ဥက္ကဋ္ဌတာဝန်၌ပင် ဆက်လက်ထားရှိရန် ၅၅-ခုနှစ် ဗဟိုကော်မီတီ အစည်းအဝေးက သဘောထားခဲ့ပေသည်။

... ပါဝင်သွားမှု ... ကြောင့် ကြီး
... ပါဝင်သည့် ... တွန်းမှုပင်
... ပါဝင်ကြသည်
... ကာလဝင်း ချိုးဖောက်မှုပေ
... ဝိဇ္ဇာကိုယ်ကို ပြင်နိုင်စွမ်း
...

... ကြောင့် ... ပါဝင်ကြကာဝန်မှ
... ဦး၊

ရဲ ... (ဂိုဏ်း) ၏ လှုပ်ရှားမှု

ယင်းသို့ရဲဘော်ဘတင်သည် ဗဟိုကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းအားပါတီဥက္ကဋ္ဌတာဝန်မှ ဖယ်ရှားရန်အတွက် ဗဟိုကော်မီတီ အစည်းအဝေးတွင် အဆိုပြုချက်တရပ်ကို တင်သွင်းခဲ့လေသည်။

ရဲဘော်ဘတင်၏ ယင်းအဆိုပြုချက်ကိုသဘောတူကြောင်း အခိုင်အမာရပ်တည်၍မဲပေးခဲ့ကြသူများမှာ ဗဟိုကော်မီတီအဖွဲ့ဝင် (၄)ဦးဖြစ်သည်။

ယင်းတို့မှာ...၊

(၁) ရဲဘော်ဘတင် (ဂိုရှယ်)

(၂) ရဲဘော်ထွန်းမောင်(ဒေါက်တာနုတ်)

(၃) သခင်ဖေတင့်

(၄) ဗိုလ်မျိုးမြင့်....တို့ဖြစ်ကြသည်။

ထိုအချိန်တွင် ရဲဘော်ဘတင်၏ အဆိုပြုချက်အား ကန့်ကွက်ခြင်းလည်းမရှိ၊ ထောက်ခံခြင်းလည်းမပြုသည့် ဗဟိုကော်မီတီအဖွဲ့ဝင်တို့မှာမူ (၅)ဦးရှိ၏။ကြားနေကြသူများ ဖြစ်လေသည်။

ယင်းတို့မှာ...

(၁) သခင်ဇင်

(၂) ရဲဘော်ငွေး

(၃) ရဲဘော်မြ

(၄) ရဲဘော်တုတ်

(၅) ရဲဘော်စိုးသန်း...တို့ဖြစ်ကြသည်။

ထို့ကြောင့် ရဲဘော်ဘတင်၏ အဆိုပြုချက်သည်"ကြားနေမဲ"များနေ၍ဆုံးဖြတ်ချက် မကျတော့ပေ။

ဤအခြေအနေတွင် သခင်ချစ်နှင့် ဗိုလ်ရဲထွဋ်တို့မှာမူ အခြေအနေကိုစောင့်၍ အကဲခတ်ကြည့်နေကြသည်။

ထိုစဉ်၌ သခင်သန်းထွန်းအား ဗဟိုကော်မီတီ ဥက္ကဋ္ဌအဖြစ်မှ ဖယ်ရှားရေးအဆိုပြုချက်ကို တဦးတည်းသော ကန့်ကွက်သူမှာ သခင်သန်းထွန်းပင်ဖြစ်၏။ ထိုသို့ဖြင့် သခင်သန်းထွန်းသည် "သခင်သန်းထွန်းအားဥက္ကဋ္ဌအဖြစ် ဆက်လက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တည်ရှိရေးအတွက်''တဦးတည်းသော မဲဆန္ဒရှင်ပင်ဖြစ်၏။ သခင်သန်းထွန်းကို သခင်သန်းထွန်းကသာ မဲပေးလေသည်။

ထို့ကြောင့်ပင်သခင်သန်းထွန်းသည် မိမိ(သခင်သန်းထွန်း)၏မဲတမဲတည်းဖြင့် ဗဟိုကော်မီတီဥက္ကဋ္ဌဖြစ်ခဲ့ရသူဖြစ်လေသည်။

နောက်ပိုင်းတွင်မှ သခင်ချစ်သည် ''သခင်သန်းထွန်းကိုယ်တိုင် မိမိတဦးထဲရဲ့တမဲထဲနဲ့ ဥက္ကဋ္ဌနေရာဆက်ပြီး တည်မြဲရတယ်ဆိုတာ ကြားလို့မှမကောင်းဘူး'' ဟုဆိုကာ မဲတမဲကို ထပ်၍ ပေးလိုက်၏။ ဗိုလ်ရဲထွဋ်ကလည်း သခင်သန်းထွန်းအား ဆန္ဒပေးလိုက်လေသည်။

ထို့နောက် သခင်ဖေတင့်သည် ရဲဘော်ဘတင်(ဂိုရှယ်)၏ သခင်သန်းထွန်းအား ဥက္ကဋ္ဌတာဝန်မှ ဖယ်ရှားရေး အဆိုပြုချက်မှာ အောင်မြင်ခြင်းမရှိသည့်အတွက် အဆိုပြုချက်တရပ်ကို ထပ်မံ၍တင်သွင်း၏။ အသစ်တင်သွင်းခြင်းပင်ဖြစ်လေသည်။

ယင်းအဆိုပြုချက်မှာ ''ဗဟိုကော်မီတီဥက္ကဋ္ဌသခင်သန်းထွန်းအစား၊ သခင်ဘသိန်းတင်အား ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ရန်''ဟူ၍ပင်ဖြစ်သည်။

သခင်ဖေတင့်၏ ယင်းအဆိုပြုချက်အား ထောက်ခံသူများမှာ ဗဟိုကော်မီတီအဖွဲ့ဝင် (၃)ဦးရှိသည်။

ယင်းတို့မှာ....

(၁) သခင်ဖေတင့်

(၂) ရဲဘော်ထွန်းမောင်(ခ)ဒေါက်တာနတ်။

(၃) ဗိုလ်မျိုးမြင့်....တို့ဖြစ်ကြသည်။

သခင်ဖေတင့်၏ အဆိုပြုချက်အား ဆန့်ကျင်ကန့်ကွက်သူများမှာ ဗဟိုကော်မီတီအဖွဲ့ဝင်(ဂ)ဦးရှိသည်။

ယင်းတို့မှာ...

(၁) သခင်သန်းထွန်း

(၂) သခင်ဇင်

(၃) သခင်ချစ်

(၄) ရဲဘော်ငွေး

(၅) ရဲဘော်မြ
(၆) ရဲဘော်တုတ်
(၇) ရဲဘော်စိုးသန်း
(၈) ဗိုလ်ရဲထွဋ် တို့ဖြစ်သည်။

ယင်းအဆိုပြုချက်ကို ထောက်ခံခြင်းလည်းမရှိ၊ ကန့်ကွက်ခြင်းမပြုသည့် ကြားနေသူနှစ်ဦးလည်းရှိသည်။

ယင်းတို့မှာ....

(၁) ရဲဘော်ဘတင် (ဂိုရှယ်)
(၂) ဗိုလ်ရန်အောင်....တို့ဖြစ်ကြသည်။

နောက်ဆုံးတွင် သခင်ဖေတင့်၏ ယင်းအဆိုပြုချက်သည် ဗဟိုကော်မီတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်အဖြစ်ဖြင့် ချမှတ်ခြင်းငှာမပြုနိုင်ခဲ့ချေ။

ထို့ကြောင့်လည်း သခင်သန်းထွန်းသည်ပင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ၏ ဥက္ကဋ္ဌအဖြစ်ဖြင့် ဆက်လက်၍ တည်ရှိနေလေတော့သည်။

ထို့နောက်တွင်မူ သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ၏ ဥက္ကဋ္ဌအဖြစ်ဖြင့် တည်ရှိနေသော်လည်း "ဥက္ကဋ္ဌသခင်သန်းထွန်းနှင့် ပေါလစ်ဗျူရိုအဖွဲ့အား ကျူးလွန်ခဲ့သော အမှားများအတွက် ဗဟိုကော်မီတီ အစည်းအဝေးမှ ပြစ်တင်ရှုတ်ချသည့် ဆုံးဖြတ်ချက်တရပ်ကို ချမှတ်ရန်အတွက် အဆိုပြုချက်"တရပ်ကိုလည်း တင်သွင်းခဲ့၏။ ယင်းအဆိုပြုချက်ကို တင်သွင်းသူမှာ မြစ်ဝကျွန်းပေါ်တိုင်းမှ ဗဟိုကော်မီတီအဖွဲ့ဝင်ဖြစ်သော ရဲဘော်စိုးသန်း ပင်ဖြစ်လေသည်။

ရဲဘော်စိုးသန်း၏ ယင်းအဆိုပြုချက်မှာ ဤသို့ပင်ဖြစ်သည်။

"ဥက္ကဋ္ဌနှင့် ပေါလစ်ဗျူရိုအဖွဲ့၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ဗဟိုကော်မီတီ အစည်းအဝေးမှ မှတ်တမ်းတင်ရန် အဆိုပြုချက်။

၅၅-ခုနှစ်နောက်ပိုင်း ပါတီ၏ နိုင်ငံရေး ခေါင်းဆောင်မှုတွင် အခြေခံအားဖြင့် မှန်ကန်သော လမ်းစဉ်ရှိပါလျက် လက်တွေ့သဘောမီရေး အမှားများကို ကျင့်သုံးကျူးလွန်ခဲ့သဖြင့် ပါတီနှင့် တော်လှန်ရေးကို များစွာ နစ်နာဆုံးရှုံးစေခဲ့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရင်းပြင် ထိုအမှားများကို ကျူးလွန်ရာတွင် ဗဟိုကော်မီတီ၏ ဆုံးဖြတ်ချက်များကို ကျူးကျော်ဖောက်ဖျက်ခဲ့သဖြင့် စည်းကမ်းအရလည်း ချိုးဖောက်ရာကျသည်။

ဤအတွက် အဓိက တာဝန်ရှိသူမှာ ပါတီဥက္ကဋ္ဌဖြစ်သည်။ ရဲဘော်ဘထွန်းမှအပ ကျန်ပေါလင်ဗြူရိုအဖွဲ့ဝင် ရဲဘော်များတွင်လည်း ပူးတွဲတာဝန်ရှိသည်။ အချက်အလက်များနှင့် ပတ်သက်၍ ပါတီဥက္ကဋ္ဌနှင့် ပေါလစ်ဗြူရို အဖွဲ့ဝင်တဦးစီ၏ မိမိကိုယ် ဝေဖန်ရေးတွင် ဖော်ထုတ်ဝန်ခံပြီးဖြစ်သည်။

ထို့ကြောင့် ဤတာဝန်ရှိသူများကို ဗဟိုကော်မီတီ အစည်းအဝေးမှ လေးနက်စွာပြစ်တင်ကြောင်း မှတ်တမ်းတင်သည်။

ဤအမှားအချို့နှင့် ပတ်သက်၍ ရဲဘော်ဘထွန်း အနေနှင့် ဆန့်ကျင်တိုက်ခိုက်ခြင်းကို ဗဟိုကော်မီတီ အစည်းအဝေးက ဂုဏ်ပြုမှတ်တမ်းတင်သည်။”

(မှတ်ချက်။ ။ရဲဘော်ဘထွန်းမှာရဲဘော်ဘတင် (ဂိုရှယ်) ဖြစ်ပါသည်။ စာရေးသူ)

ရဲဘော်စိုးသန်း၏ ယင်းအဆိုပြုချက်အား ထောက်ခံ သဘောတူသူတို့မှာ (၁၁) ဦးရှိသည်။

ယင်းတို့မှာ....

(၁) သခင်သန်းထွန်း
(၂) သခင်ဇင်
(၃) သခင်ချစ်
(၄) ရဲဘော်ဌေး
(၅) ရဲဘော်ထွန်းမောင် (ဒေါက်တာနုတ်)
(၆) သခင်ဖေတင့်
(၇) ရဲဘော်မြ
(၈) ဗိုလ်မျိုးမြင့်
(၉) ရဲဘော်တုတ်
(၁၀) ရဲဘော်စိုးသန်း
(၁၁) ဗိုလ်ရန်အောင်....တို့ဖြစ်ကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းအဆိုပြုချက်ကို ဆန့်ကျင်ကန့်ကွက်သူမှာ ဗိုလ်ရဲထွဋ်ဖြစ်၏။ ဗိုလ်ရဲထွဋ်သည် တဦးတည်းသော ကန့်ကွက်သူဖြစ်၏။ ရဲဘော်ဘတင် (ဂိုရှယ်) မှာမူ ယင်းအဆိုပြုချက်ကို ကန့်ကွက်ခြင်း ထောက်ခံခြင်း မပြုချေ။ ကြားနေ၏။ တဦးတည်းသော ကြားနေသူဖြစ်သည်။

ယင်းသို့ဖြင့် ရဲဘော်စိုးသန်း၏ ဗဟိုကော်မီတီ ဥက္ကဋ္ဌနှင့် ပေါလစ်ဗျူရို အဖွဲ့အား ပြစ်တင်ရှုတ်ချသည့်အဆိုပြုချက်သည် ဗဟိုကော်မီတီ အစည်းအဝေး၏ တရားဝင်သော ဆုံးဖြတ်ချက်အဖြစ်ဖြင့် ဆုံးဖြတ်လိုက်လေတော့သည်။

၁၉၆၂-ခုနှစ် ဗဟိုကော်မီတီအစည်းအဝေးတွင် နိုင်ငံရေး၊စစ်ရေး၊ စည်းရုံးရေးဆိုင်ရာများကိုဆွေးနွေးပြီးနောက် ပါတီ၏"ဘဏ္ဍာရေးကိစ္စ"ကို ဗဟိုကော်မီတီ အစည်းအဝေး၌ ဆွေးနွေးရန် ဖြစ်လေသည်။

သို့သော်လည်း တပ်မတော်၏စစ်ဆင်ရေးများကြောင့်ဗဟိုကော်မီတီအစည်းအဝေးကို ဆက်လက်၍ကျင်းပနိုင်ခြင်းမရှိတော့ချေ။

ထို့ကြောင့် ဗဟိုကော်မီတီအစည်းအဝေးကို ရပ်စဲလိုက်ရ၏။ ယင်းသို့ ရပ်စဲလိုက်ရပြီးနောက် ဗဟိုကော်မီတီအစည်းအဝေး၌ ဆက်လက်ဆွေးနွေးညှိနှိုင်းရန် ပြဿနာများကို ဗဟိုဌာနချုပ် ပေါလစ်ဗျူရို အဖွဲ့အား ဗဟို ကော်မီတီမှ တာဝန်များကိုလွှဲအပ်ခဲ့ကြသည်။

ထို့နောက် ဗဟိုကော်မီတီအစည်းအဝေးမှ ဗဟို ကော်မီတီ၏ "ဘဏ္ဍာရေး ကော်မရှင်"တရပ်ကို ဖွဲ့စည်း၍ပေးခဲ့လေသည်။

ယင်းဗဟိုကော်မီတီ၏ "ဘဏ္ဍာရေးကော်မရှင်"၌ ဗဟို ကော်မီတီ အဖွဲ့ဝင် (၅)ဦးပါရှိသည်။

ယင်းတို့မှာ....

(၁) သခင်ဇင်
(၂) ရဲဘော်ဌေး
(၃) ရဲဘော် ဘဘာင်(ဂိုရှယ်)
(၄) ရဲဘော်မြ
(၅) ရဲဘော်စိုးသန်း....တို့ဖြစ်ကြလေသည်။

ထိုသို့"ဘဏ္ဍာရေးကော်မရှင်"ကိုဖွဲ့စည်းခဲ့ပြီးနောက် ဗဟိုကော်မီတီအစည်းအဝေးကို အဆုံးသတ်လိုက်လေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအချိန်တွင် ချက်ချင်းပင် ဗဟိုကော်မီတီအဖွဲ့ဝင်များသည် မိမိတို့ တိုင်းအသီးသီးသို့ ပြန်လည်၍ ခရီးထွက်ခွာသွားကြပြီဖြစ်လေသည်။

ဗဟိုကော်မီတီ၏''ဘဏ္ဍာရေးကော်မရှင်''မှာမူ ဗဟို ဌာနချုပ်တွင်ပင် နိုင်ငံရေး ဦးဆောင်အဖွဲ့နှင့်အတူရှိနေ၏။ ယင်းဘဏ္ဍာရေးကော်မရှင်သည်ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဘဏ္ဍာရေးဆိုင်ရာသုံးစွဲမှုနှင့် စံနစ် တို့ကို စိစစ်သတ်မှတ်ရန်ဖြစ်သည်။

ထို့ကြောင့် ဗဟိုကော်မီတီ၏ ဘဏ္ဍာရေးကော်မရှင်သည် ဘဏ္ဍာရေးကော်မရှင်၏လုပ်ငန်းတာဝန်ကို ဤသို့ချမှတ်လိုက်ပေသည်။

(က) သီးသန့် ရံပုံငွေ ကျပ်နှစ်သိန်းပြဿနာ။

(ခ) အရံ ရံပုံငွေ(အထူး)ထိန်းသိမ်းရေး။

(ဂ) ဘဏ္ဍာရေး ဆိုင်ရာစည်းကမ်းချက်များနှင့် စံနစ်များ သတ်မှတ်ရေး။

(ဃ) တိုင်းအသီးသီးမှ အချိုးကျငွေများကို ဗဟိုသို့ ပို့ပေးရေး။ အချိုးကျငွေကိုသတ်မှတ်ပေးရေး စသည်တို့ဖြစ်သည်။

ယင်းသို့ဖြင့် ဘဏ္ဍာရေး ကော်မရှင်သည်၊ ကော်မရှင်၏ လုပ်ငန်းများကို ချမှတ်ပြီးနောက် နိုင်ငံရေးဦးဆောင်အဖွဲ့နှင့်တွေ့ဆုံ၍၊ပါတီ၏ သီးသန့် ရံပုံငွေများနှင့် အရံ ရံပုံငွေ (အထူး)တို့ကို စိစစ်ရန်အတွက် တင်ပြလေသည်။

(မှတ်ချက်။ ။ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီသည် ၁၉၅၀-ခုနှစ်မှစ၍ ပါတီ၏ သီးသန့် ရံပုံငွေကို သီးခြားထားရှိခဲ့သည်။သီးသန့်ရံပုံငွေမှာ - ကျပ်ငွေ (နှစ်သိန်း) ဖြစ်သည်။ ယင်းသီးသန့်ရံပုံငွေကို ပါတီ၏ အလွန်ဆူးခြားသော အခြေအနေများတွင်သာ သုံးစွဲရန် သတ်မှတ်ထားခဲ့သည်။ နောက်ပိုင်းတွင်မူ သတ်မှတ်ချက်အတိုင်း မဖြစ်ခဲ့ပါ။ အထူးသဖြင့် ၁၉၅၅-ခုနှစ် နှင့် ၁၉၅၈-ခုနှစ်အတွင်းတွင် ပါတီ၏အကြပ်အတည်းကြောင့် သီးသန့်ရံပုံငွေများကို အသုံးပြုခဲ့ရသည်။ ယင်းပါတီ၏ သီးသန့်ရံပုံငွေများကို ဗဟိုကော်မီတီ ဥက္ကဋ္ဌ သခင် သန်းထွန်း၏ ခန့်ခွဲမှုအောက်တွင် အသုံးပြုရခြင်းဖြစ်ပါသည်။ စာရေးသူ။)

ထိုသို့ နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ဘဏ္ဍာရေး ကော်မရှင်မှ တင်ပြလိုက်သောအခါတွင် သခင်သန်းထွန်းသည် သခင်ဇင်နှင့် သီးခြားတွေ့ဆုံ၍ နှစ်ကိုယ်ကြားဆွေးနွေးကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုနောက်တွင် သခင်ဇင်သည် ဘဏ္ဍာရေး ကော်မရှင် အဖွဲ့ဝင်တို့အား သခင်သန်းထွန်း၏ ရှင်းလင်းချက်တို့ကို တဆင့်တင်ပြလေသည်။

သခင်ဇင်သည် စကားကို တခွန်းချင်းပြောနေ၏။ တိုးတိုးသာ ပြောနေ၏။ တခါတရံတွင် ပီပီသသပင် မကြားရချေ။ သခင်ဇင်၏ အမူအရာသည် တက်တက်ကြွကြွမရှိ။ ထိုင်းမှိုင်းနေ၏။ စိတ်မကောင်းဖြစ်နေပုံရလေသည်။

"ဦးညိုမြင့်က ကျွန်တော့်ကို ခေါ်ပြောတယ်။ပြီးတော့ ခင်ဗျားတို့ကိုလဲ သူကိုယ်တိုင်ပြောပြပါဦးမယ်လို့ပြောတယ်။

(မှတ်ချက်။ ။ဦးညိုမြင့်မှာ သခင်သန်းထွန်း၏လျှို့ဝှက်နာမည် ဖြစ်ပါသည်။ စာရေးသူ)

သူ့ကို အပ်ထားတဲ့ ပါတီရဲ့အရံ၊ ရံပုံငွေ(အထူး)တွေကို ရန်သူထိုးစစ်တွေက ပါတီဗဟိုကိုနီးနီးကပ်ကပ်နဲ့ ဆက်တိုက် လိုက်တိုက်နေလို့ အန္တရာယ်ရှိလို့တဲ့ ဒါကြောင့်မို့ အဲ ဒီရံပုံငွေ (အထူး) တွေကို ၅၈-ခုနှစ်က သူ့ဇနီးမခင်ကြီးနဲ့ ပေးလိုက်တယ်လို့ပြောတယ်။"

"ဘာ....ဘာဗျ၊ ဦးသာခင် ဘာပြောတယ်။"

ရဲဘော်ဘတင်သည် ရုတ်တရက်ပင် အာမေဍိတ် အသံဖြင့် မေးလိုက်၏။ ခေါင်းကိုလည်း တဆတ်ဆတ်ညိတ်၍ သခင်ဇင်ဖက်သို့ ထိုင်နေရာမှ ဖင်ကိုဒရွတ်တွန်း၍ ကပ်သွားလေသည်။

(မှတ်ချက်။ ။ဦးသာခင်မှာ သခင်ဇင်၏ လျှို့ဝှက်နာမည်ဖြစ်ပါသည်။ စာရေးသူ)

ဘဏ္ဍာရေး ကော်မရှင်အစည်းအဝေးသို့ တက်ရောက်နေသူများသည်လည်း "ဟင်"ဟူ၍ပင် ပြိုင်တူ အသံထွက်ကြကုန်၏။ တဦး၏မျက်နှာကိုလည်း တဦး ကြည့်နေကြ၏။ ရဲဘော်စိုးသန်းသည် သခင်ဇင်၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေ၏။ ရဲဘော်ဌေးမှာမူ ရှေ့တည့်တည့်၌ရှိသော ပျဉ်းကတိုးပင်ကြီးအား ခေါင်းကိုမော့လျက်ကြည့်နေသည်။

ထိုအချိန်တွင် ရဲဘော်ဘတင်သည် ဤသို့ပြောလိုက်လေသည်။

"အဲဒီအချိန်တုန်းက ဦးညိုမြင့်နဲ့အတူ ကိုဌေးလဲရှိတယ်၊ကျွန်တော်လဲရှိတယ်၊တပါတီလုံးနဲ့ဆိုင်တဲ့ကိစ္စကို ကျွန်တော်တို့ကို ပြောဖို့ကောင်းတယ်။ ဒါမှမဟုတ်တယောက်ယောက်ကို အသိပေးဖို့ကောင်းတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တကယ်လို့အဲ့ဒီတုန်းက မပြောလဲ အောက်ဗမာပြည်ဖက်ကို ရောက်ရောက်ချင်း သခင်ဇင်တို့ သခင်ချစ်တို့ကိုဖြစ်ဖြစ်ပြောဖို့ကောင်းတယ်။

အခုတော့ သခင်သန်းထွန်းက သိတ်ကို မရိုးမသား လုပ်တာပဲဗျ။

ဒါကိုသိရတော့ ကျွန်တော့်စိတ်ထဲမှာ ပိုပြီးနာလာတယ်။ သခင်သန်းထွန်းဟာ နိုင်ငံရေးပြစ်မှုတွေတင်မကတော့ဘူး၊ ပါတီဘဏ္ဍာတွေကို ခိုးသူပါဖြစ်နေပြီဗျ။

ဒီဘဏ္ဍာတွေကို ရအောင် ရဲဘော်တွေအမြောက်အမြား အသက်ချွေးသွေးတွေနဲ့ ရင်းပြီးမှ ရလာတာ။ရဲဘော်တွေအသေခံကြရတယ်ဗျ။ ရဲဘော်တွေသေရတယ်"

ရဲဘော်ဘတင်သည် ဒေါသလည်းဖြစ်နေ၏။ စိတ်မကောင်းလည်းဖြစ်နေ၏။ သခင်ဇင်ကလည်း ကြားဖြတ်၍ ဤသို့ပြောလိုက်သည်။

"သခင်သန်းထွန်းကိုတော့ကျွန်တော်သိတ်ကိုစိတ်ပျက်သွားပြီဗျာ။ ဒီလူ ဒါလောက်ကိုယ်ကျိုး ရှာလိမ့်မယ်လို့ ကျွန်တော်မထင်ခဲ့ဘူး။

ဒါကိုကျွန်တော်တို့ဘယ်လိုလုပ်ကြမလဲဆိုတာလဲစဉ်းစားမှဖြစ်မယ်။

ဒီကိစ္စကို ဗဟိုကော်မီတီတွေကိုတောင် အသိမပေးမှ ဖြစ်အုံးမယ်။

အဲ့ဒီပစ္စည်းတွေကိုပြန်ရအောင် ကြိုးစားဖို့လိုမယ်။"

သခင်ဇင်သည် ကိုယ်တွင်ဝတ်ထားသော ဆွယ်တာအင်္ကျီကို ချွတ်လိုက်၏။ "ပြန်ရအောင်လုပ်ရမယ်" "ပြန်ရအောင်လုပ်ရမယ်"ဟု၍ တတွတ်တွတ်ပြောနေလေသည်။

ရဲဘော်စိုးသန်းသည်"တောက်" ခေါက်လိုက်သည်။

"ကျွန်တော်ကတော့သခင်သန်းထွန်းကိုဘာမှကိုမယုံတော့ဘူး၊ကိုယ်ကျိုးရှာတဲ့လူပဲ၊ ဒါလောက်မကောင်းတဲ့လူကို ဥက္ကဋ္ဌအဖြစ် ဆက်ထားလို့မဖြစ်ဘူး။

အခုချက်ချင်း ဗဟိုကော်မီတီအစည်းအဝေးခေါ်ပြီးဥက္ကဋ္ဌကဖြုတ်ချရမယ်။

ဥက္ကဋ္ဌကို ချက်ခြင်းဖြုတ်ချဖို့အတွက် ဗဟိုကော်မီတီ အစည်းအဝေးကို ချက်ချင်းခေါ်ပေးဖို့ ကျွန်တော်တောင်းဆိုကယ်။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်စိုးသန်းသည် ဒေါသထွက်နေ၏။မြေကြီးပေါ်တွင် ခင်း၍ ထိုင်ထားသော မိုးကာစ၏ အစွန်းကိုလက်ဖြင့် လိမ်၍ဆုတ်နေ၏။ စိတ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် ချုပ်တည်းနေခြင်းဖြစ်လေသည်။

ရဲဘော်ဌေးမှာမူ အင်္ကျီအိတ်ထဲမှ ကွမ်းသီးခြမ်းကို ထုတ်လျက် တဒုတ်ဒုတ်ကိုက်၍နေ၏။တံတွေးကိုလည်း တပျစ်ပျစ်ထွေးထုတ်နေသည်။

''ကျွန်တော်သခင်ဇင်ပြောတာကိုကြားလိုက်ရတော့ဟုတ်မှဟုတ်ရဲ့လားလို့ ထင်လိုက်တယ်။ သခင်သန်းထွန်းကိုယ်တိုင် ပြောလို့သာ ယုံရတယ်။

သခင်သန်းထွန်းဒီလိုလုပ်ရက်လိမ့်မယ်လို့ကျွန်တော် ဘယ်တုန်းကမှ မထင်ခဲ့ဘူး။ ဂျပန်ခေတ်က သခင်သန်းထွန်းနဲ့ပတ်သက်ပြီးပြောကြတာတွေကြားခဲ့ဘူးတယ်။ သခင်သန်းထွန်းဟာ ဂျပန်ခေတ်မှာရတဲ့ စိန်တွေရွှေတွေကို ကိုယ်ကျိုးအတွက် ယူတယ်လို့ ပြောကြတာတွေ ရှိတယ်။ ကျွန်တော် မယုံကြည်ခဲ့ဘူး၊ အခုတော့ ကျွန်တော် လက်တွေ့မို့ ယုံသွားပြီ။

အခုသခင်သန်းထွန်း သူ့မိန်းမကို ပေးလိုက်တယ်ဆိုတဲ့ ပစ္စည်းတွေထဲမှာ စိန်တွေကအများကြီးပဲ၊ တချို့ကိုကျွန်တော်တို့ အဖိုးမဖြတ် နိုင်ဘူး။စိန်ဘယက်တွေ စိန်ဆံထိုးတွေ အပါအဝင် အမျိုးအစား ပေါင်း (၂၀)ကျော်လောက်ရှိတယ်။

အဲ့ဒီစာရင်း အတိအကျကလဲ အခုမရှိတော့ဘူး။ မိုးကြိုး ထိုးစစ်အတွင်းက စာအုပ်တွေကို မြေကြီးထဲမြှုပ်လိုက်တာမှာ ပါသွားတယ်လို့သိရတယ်။

ကျွန်တော်တို့ထဲမှာ အနီးစပ်ဆုံး မှတ်မိနိုင်တာကတော့ သခင်ဇင်ပဲ ရှိတယ်။

သခင်ဇင်ပြောတာကတော့ ကာလပေါက်ဈေးနဲ့ အလျှော့ဆုံးထားတွက်ရင်တောင် သိန်း (၂၅) (၃၀) သိန်းဘိုးလောက်တော့ တန်ဘိုးအနည်းဆုံးရှိမယ်လို့ပြောတယ်။

ဒါကိုပြောရင် ပါတီအတွက် တော်လှန်ရေးအတွက် ယုံယုံကြည်ကြည်နဲ့ အသက်အသေခံသွားကြတဲ့ ရဲဘော်တွေအတွက် သိတ်ကို ဝမ်းနည်းတယ်။ ရင်နာတယ်ဗျာ—။''

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ဌေးသည် ဤသို့ခံစားရချက်ကို ပြောရင်းပင်အသံထွက်၍မလာတော့ချေ။ ခေါင်းကိုသာ အောက်သို့ငိုက်ငိုက်စိုက်၍ ငုံ့ထားလိုက်လေတော့သည်။

(မှတ်ချက်။ ။"မိုးကြိုး"ထိုးစစ်ခေါ်သည်မှာ ၁၉၅၀-ခုနှစ်တွင် ရွှေဘိုခရိုင်အတွင်းတွင် လှုပ်ရှားနေသော ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်အား ဗမာ့တပ်မတော်မှ ထိုးစစ်ဆင်သည့် စစ်ဆင်ရေး၏ အမည်ဖြစ်ပါသည်။

ယင်း"မိုးကြိုးစစ်ဆင်ရေး"ကို တပ်မဟာ (၁) တပ်မင်းဗိုလ်မှူးကြီးသောင်းကြည်ကိုယ်တိုင် ဦးစီးကွပ်ကဲသော စစ်ဆင်ရေးဖြစ်ပါသည်။

မိုးကြိုးစစ်ဆင်ရေးတွင် ဗဟိုဌာနချုပ်သည် (၃)ကြိမ်တိုင်တိုက်ရိုက်တိုက်ခိုက်ခြင်းကိုခံရပါသည်။ စာရေးသူ)

ထိုအချိန်တွင် ဘဏ္ဍာရေး ကော်မရှင်အစည်းအဝေးသို့ တက်ရောက်နေသော သခင်ချစ်ကလည်း ဤသို့ပြောလိုက်သည်။

"အဲ့ဒီတုန်းကသခင်သန်းထွန်းနဲ့ အတူ ကျွန်တော်ရှိနေတယ်ဗျ။ ကျွန်တော့်ကိုလဲ ဘာမှမပြောဘူး၊ ကျွန်တော်က အဝေးကြီးမှာ ရောက်နေလို့ အလှမ်းဝေးလို့ဆိုရင် တော်သေးတယ်။ အခုတော့ သက်သက်ကို မရိုးမသားလုပ်လိုက်တာပဲဗျ။

ဒါပေမဲ့ကျွန်တော်တို့ ဒါကိုဖြစ်တဲ့နည်းနဲ့ ပြန်ရအောင်လုပ်ဖို့လိုမယ်။

ကျွန်တော်လဲ သခင်သန်းထွန်းကို ဒီအတွက် မယုံတော့ဘူး။

ပြီးခဲ့တဲ့ ဗဟိုကော်မီတီ အစည်းအဝေးမှာ သူ့ကို သူ့မဲတမဲထဲဖြစ်နေလို့ အားနာတာနဲ့ ကျွန်တော့်မဲတမဲဘာပေးခဲ့တာ ကျွန်တော် သိတ်မှားသွားတယ်။ ဒီလိုမှန်းအစက သိရင် မဲကိုပေးမှာမဟုတ်ဘူး"

ထို့ပြင် ရဲဘော်ပြုကလည်း ဤသို့ထုတ်ဖော်လိုက်လေသည်။

"ကျွန်တော်တော့ သခင်သန်းထွန်းရဲ့ ခေါင်းဆောင်မှုကို အားမကိုးတော့ဘူး၊ သူ့ရဲ့ပါတီအပေါ် ရိုးသားမှုကိုလဲ မယုံကြည်တော့ဘူး။

အခုချက်ခြင်းပဲ ဗဟိုကော်မီတီ အစည်းအဝေးခေါ်ပေးဖို့လိုတယ်။ တနေ့က နယ်တွေကိုပြန်သွားကြတဲ့ ဗဟိုကော်မီတီတွေကိုလဲ ဥက္ကဋ္ဌရဲ့ အခုလို ပါတီဘဏ္ဍာတွေကို မရိုးမသားနဲ့ အလွဲသုံးစားလုပ်တာကို အကြောင်းကြားရမယ်။ အသိပေးရမယ်။"

ရဲဘော်မြသည်လည်းကြိတ်မနိုင်ခဲမရပင် ဖြစ်နေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက်တွင် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးကို ရပ်နား လိုက်၏။ ထို့ပြင် ဘဏ္ဍာရေးကော်မရှင်သည် ဥက္ကဋ္ဌအပါအဝင်နိုင်ငံရေး ဦးဆောင်အဖွဲ့နှင့်တွေ့ဆုံ၍ဘဏ္ဍာရေးကော်မရှင်၏ နောက်ဆုံး သဘောထားကို တင်ပြရန် အတွက် ဆုံးဖြတ်လိုက်လေသည်။

ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်တို့သည် သခင်သန်းထွန်း၏ ပါတီ တရပ်လုံးပိုင်သော "ဘုံဆိုင်ပစ္စည်းများ"ကို ကိုယ်ကျိုးအတွက် မိမိဇနီးသည်အား တိတ်တဆိတ်ပေးပို့လိုက်သည့်အကြောင်းကို ကြားသိကြရသည့် အတွက် မခံမရပ်နိုင်ဖြစ်နေကြ၏။ ဒေါသလည်းထွက်နေကြ၏။ ပေါက်ကွဲအံ့ဆဲဆဲ ဖြစ်နေလေတော့သည်။

ဗမာပြည် ကွန်မြူနစ်ပါတီ၌ အရံ ရံပုံငွေနှင့် အရံ ရံပုံငွေ (အထူး) ဟူ၍ သီးသန့်အရံ ရံပုံငွေအမျိုးအစားနှစ်မျိုးကို ခွဲခြား၏။ အရံ ရံပုံငွေမှာ ငွေကျပ်နှစ်သိန်းကို သီးခြားဖယ်ထုတ်ထားပြီးဖြစ်၏။ အရံ ရံပုံငွေ(အထူး)ဆိုသည်မှာ ငွေစက္ကူများမဟုတ်ချေ။ ၁၉၄၇-ခုနှစ် နောက်ပိုင်းတွင် ဗမာပြည် ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်တပ်များမှ သိမ်းဆည်းရမိခဲ့သည့် စိန်ရွှေရတနာများပင်ဖြစ်၏။ အများဆုံးရတနာများမှာ စိန်ရတနာများသာ ဖြစ်၏။ ယင်း စိန်ရွှေရတနာများမှာ အများအားဖြင့် အောက်ဗမာပြည်ဌာနခွဲ၊ ပဲခူးခရိုင်မှရရှိခဲ့ခြင်းဖြစ်သည်။

(မှတ်ချက်။ ။၁၉၄၉ ခုနှစ်ဗမာပြည် ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်တပ်များသည် ပဲခူးခရိုင်အတွင်း၌ လှုပ်ရှားနေကြသည်။ ထိုအချိန်တွင် ပဲခူးဦးစိန်ဝင်း၏ တူတော်စပ်သူ တဦးသည် ဗမာပြည်ကွန်မြူနစ်ပါတီ၌ တာဝန်ယူနေသည်။

ပဲခူးဦးစိန်ဝင်းသည် မြန်မာပြည်တွင် အချမ်းသာဆုံးနှင့် အထင်ရှားဆုံးသော မြေရှင်များတွင် တဦးအပါအဝင် ဖြစ်သည်။ အလွန်ချမ်းသာသူဖြစ်သည်။ စိန်ရွှေရတနာ များဖြင့် မြောက်မြားစွာ ကြွယ်ဝသူလည်းဖြစ်သည်။ ထို့ကြောင့် ပင် မြန်မာပြည်၌ မြေရှင်သူဌေးကြီး ပဲခူး ဦးစိန်ဝင်းဟူ၍ ထင်ရှားခဲ့ပါသည်။

ယင်းမြေရှင် သူဌေးကြီး ဦးစိန်ဝင်း၏ တူတော်စပ်သူ တဦး သည် ဦးစိန်ဝင်း၏ စိန်ရွှေရတနာများ ထားရာ လျှို့ဝှက်မြေ အောက်တိုက်ခန်းတွင် အထူး သိုဝှက်စွာထားသော "ဥစ္စာ တိုက်"ကို လိုက်လံပြသသည်။ ထို့ကြောင့် ယင်း "ဥစ္စာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တိုက်''အတွင်း၌ ရှိသော စိန်ရွှေရတနာ များကို ဗမာပြည် ကွန်မြူနစ်ပါတီမှ လက်နက်ကိုင်တပ်ဖြင့် တူးဖော်၍ ရယူခဲ့ခြင်း ဖြစ်ပါသည်။

ထို့နောက် ယင်းစိန်ရွှေရတနာများကို အောက်ဗမာပြည် ဌာနခွဲမှ ရမည်းသင်းခရိုင်ပျဉ်းမနားမြို့နယ်တွင်ရှိသောဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ပို့ပေးလိုက်ပြီး၊ ပါတီဗဟိုဌာန ချုပ်တွင်ပင် နိုင်ငံရေးဦးဆောင် အဖွဲ့ဝင်များသာ ဝေခွဲ၍ ထိန်းသိမ်း ခဲ့ကြသည်။နောက်ပိုင်းတွင်မူ သခင်သန်းထွန်းနှင့် သခင်တင်ထွန်းတို့သာလျှင် တာဝန်ခံ၍ ထိန်းသိမ်းခဲ့ကြပါ သည်။ စာရေးသူ)

ထို စိန်ရွှေရတနာများကို ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် သခင်သန်းထွန်းနှင့် နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တို့မှ တိုက်ရိုက် တာဝန်ခံ၍ ကိုယ်တိုင်ပင် ထိန်းသိမ်းခဲ့ကြ၏။ အဓိကတာဝန်ခံသူမှာ သခင်သန်းထွန်း ဖြစ်သည်။

၁၉၅၇-ခုနှစ် အောက်တိုဘာလတွင်ဖြစ်လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် မြစ်ဖျားဒေသတိုင်းမှ ပဲခူး ရိုးမတိုင်းသို့ရွှေ့ပြောင်းရန်အတွက် ပြောင်းရေးရွှေ့ရေးအစီအစဉ်များကိုရေး ဆွဲနေ၏။ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များနှင့် ဗဟိုကော်မီတီအဖွဲ့ဝင်များသည် အစုလိုက်၊ အဖွဲ့လိုက်ခွဲ၍ မြို့ပေါ်မှသွားရန် စီစဉ်နေ၏။အချို့လည်း မီးရထား နှင့်၊ အချို့လည်း မော်တော်ကားနှင့်၊ သင်္ဘောနှင့် လျှို့ဝှက်စွာ သွားကြရန် ဖြစ်၏။ အချို့သည် ပဲခူးရိုးမသို့ ခရီးထွက်ခွာ၍ သွားကြပြီဖြစ်သည်။

ထိုအခါ၌ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ ဥက္ကဋ္ဌ သခင်သန်းထွန်း ၏ လက်ထဲတွင်သာ ပါတီတရပ်လုံးမှ ပိုင်သော ''ဘုံဆိုင်ပစ္စည်း'' ဖြစ်သည့် အရံ ရံပုံငွေ (အထုပ်)တို့အား တစုတစည်းတည်းပင်အပ်၍ ထားခဲ့ကြသည်။

ထိုကဲ့သို့ ပါတီ၏ အထူးဘဏ္ဍာများကို ဗဟိုကော်မီတီ ဥက္ကဋ္ဌတဦးတည်းကို သာ စုပြုံ၍ အပ်ခြင်းဖြစ်၏။ မည်သူတဦးတယောက်ကိုမျှ မအပ်ခဲ့ချေ။ ဗဟို ကော်မီတီဥက္ကဋ္ဌကိုပင် ဤအကြိမ်တွင်သာ စစ်ရေးအခြေအနေကြောင့် ပထမ ဦးဆုံးအနေဖြင့် ပေးအပ်ထားခြင်းဖြစ်သည်။

ထို့ပြင် ဗဟိုကော်မီတီဥက္ကဋ္ဌသည် ပါတီတရပ်လုံး၏ ယုံကြည်ရာ၊ အား ထားရာ အကောင်းဆုံးသော ခေါင်းဆောင်လည်း ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

ထို့နောက်တွင် သခင်သန်းထွန်းသည် မိမိ၏ဇနီးသည်အားတွေ့ဆုံပြီးနောက် ပါတီတရပ်လုံး၏ "ဘုံဆိုင်ပစ္စည်းများ"ဖြစ်သည့် အရံ ရံပုံငွေ (အထူး) တို့ကို လျှို့ဝှက်၍ တိတ်တဆိတ် ပေးလိုက်လေတော့သည်။

ထိုအချိန်တွင် သခင်သန်းထွန်းသည် မိမိနှင့် အတူတကွရှိနေသော နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်တို့အားလည်းကောင်း၊ ဗဟိုကော်မီတီ အဖွဲ့ဝင်တို့အား လည်းကောင်း မည်သူ့ကိုမျှ အသိမပေးချေ။ ဗဟိုကော်မီတီဥက္ကဋ္ဌတဦးတည်း၏ "အထူးလျှို့ဝှက်ချက်"အဖြစ်ဖြင့်ထားရှိခဲ့သည်။

သခင်သန်းထွန်းသည် ၁၉၅၈-ခုနှစ် ကုန်ခါနီးတွင် ပဲခူးရိုးမတိုင်းသို့ ရောက်လာ၏။ ၁၉၅၉-ခုနှစ် ဇန်နဝါရီလ တတိယပတ်အတွင်းတွင် နိုင်ငံရေးဦးဆောင် အဖွဲ့ဝင်များနှင့် ပြန်လည်၍ စုစည်းမိခဲ့၏။ ၁၉၅၉-ခုနှစ် ဖေဖော်ဝါရီလတွင်မူ တောင်ငူခရိုင်တွင်ရှိသော ရွှေဟဲမိုး ကရင်အမျိုးသားရွာကလေးအနီးတွင် နိုင်ငံရေးဦးဆောင်အဖွဲ့ အစည်းအဝေးကို ပြုလုပ်ခဲ့၏။

(မှတ်ချက်။ ။ရွှေဟဲမိုးရွာမှာ တောင်ငူခရိုင် ဖြူးချောင်းလက်တက်ဖြစ်သော ငါးဒေါက်မချောင်းဖျားတွင် တည်ရှိပါသည်။ ယင်းသည် ပဲခူး ရိုးမစောင်းတွင်ရှိ၍ မြရာပင်ကျော၏ အနောက်ဖက်ခြမ်းတွင် တည်ရှိပါသည်။ စာရေးသူ)

ထိုစဉ်ကလည်း အရံရံပုံငွေ (အထူး)အကြောင်းကို ဖော်ထုတ်၍ မပြောခဲ့ချေ။ ၁၉၆၀-ခုနှစ်တွင်လည်း နိုင်ငံရေးဦးဆောင်အဖွဲ့ အစည်းအဝေး ကျင်းပခဲ့၏။ ဖော်ထုတ်ခြင်းမရှိခဲ့။ ၁၉၆၁-ခုနှစ်တွင်ပြုလုပ်သော နိုင်ငံရေးဦးဆောင် အဖွဲ့၏ အစည်းအဝေးတွင်လည်း အမြွက်မျှပင် မဟခဲ့ပေ။

ထို့နောက် ၁၉၆၂-ခုနှစ် ဇွန်လတွင်ကျင်းပသော ဗဟိုကော်မီတီစုံညီ အစည်းအဝေးတွင်လည်း အရံရံပုံငွေ (အထူး) အကြောင်းကို တင်ပြခြင်းမရှိချေ။ ရေငုံ နှုတ်ပိတ်၍ပင် နေခဲ့သည်။

ဤသို့ဖြင့် သခင်သန်းထွန်း၏ အထူး လျှို့ဝှက်ချက်သည် ငါးနှစ်ရာသီသို့ပင် တိုင်ခဲ့ပြီဖြစ်သည်။

ထိုအချိန်တွင်မူ ဗဟိုကော်မီတီအစည်းအဝေးမှ လွှဲအပ်ထားခဲ့သော ဘဏ္ဍာရေး ကော်မရှင်သည် ပါတီ၏ အရံရံပုံငွေနှင့် အရံ ရံပုံငွေ (အထူး)တို့ကို စိစစ်ရတော့မည်မှာ မုချဖြစ်၏။ လွှဲရှောင်၍ မရတော့ချေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ကြောင့်ပင် သခင်သန်းထွန်းသည် ဗဟိုကော်မီတီ၏ ဘဏ္ဍာရေး ကော်မရှင်အား သခင်ဇင်မှတဆင့် အရံရံပုံငွေ (အထူး)ကိစ္စကို ဖွင့်ဟ၍ ဝန်ခံ လိုက်ရ၏။ ထွက်ပေါက်မရှိ၍ ဝန်ခံလိုက်ရခြင်း ဖြစ်လေသည်။

ထိုအချိန်မှစ၍ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီဥက္ကဋ္ဌ သခင် သန်းထွန်းသည် ခိုးထုတ်ခိုးထည်နှင့် အမိခံရသူကဲ့သို့ ဖြစ်နေချေတော့သည်။

ယင်းသို့သောအခြေအနေများအရ ဘဏ္ဍာရေး ကော်မရှင်သည် ၁၉၆၂-ခုနှစ် ဇူလိုင်လ(၁၈)ရက်နေ့မှ(၂၂)ရက်နေ့အထိ ကျင်းပသော ဒုတိယအကြိမ်မြောက် နိုင်ငံရေးဦးဆောင်အဖွဲ့ အစည်းအဝေးသို့ ဘဏ္ဍာရေး ကော်မရှင်၏ သဘောထားတရပ်ကို အလေးအနက်ပင် တင်ပြလိုက်လေသည်။

ထို့ကြောင့်ပင် ဘဏ္ဍာရေး ကော်မရှင်၏ တင်ပြချက်အရ ယင်းနိုင်ငံရေးဦးဆောင်အဖွဲ့(ပေါလစ်ဗြူရိုအဖွဲ့)အစည်းအဝေးမှ ဤသို့ဆုံးဖြတ်ခဲ့ပေသည်။

"အရံ ရံပုံငွေအထူးပစ္စည်းများထိန်းသိမ်းမှုနှင့်ပတ်သက်သော ဥက္ကဋ္ဌ လုပ်ဆောင်ချက်အပေါ် ကော်မရှင်၏တင်ပြချက်အပေါ်ဆုံးဖြတ်ချက်။

(၁) ကော်မရှင်၏ တင်ပြချက်ကိုပိဘီ (ပေါလစ်ဗြူရိုအဖွဲ့) မှကြားနာသည်။

မပြီးပြတ်သေးသောကိစ္စဖြစ်၍လည်းကောင်း၊ ဗဟို ကော်မီတီက လုပ်ဆောင်ရမည့်ကိစ္စ ဖြစ်သောကြောင့် လည်းကောင်း လာမည့်ဗဟိုကော်မီတီအစည်းအဝေးတွင် စဉ်းစားရန် တင်ပြရမည်ဖြစ်သည်။

ကော်မရှင်မှတင်ပြသော ဆက်လက်လုပ်စရာများကို ဆက်လက်လုပ်ဆောင်သွားရန်။

(၂) ဤကိစ္စမှ အောက်ပါသင်ခန်းစာကိုထုတ်ယူသည်။

- ငွေသုံးစွဲရေး စည်းကမ်းများချမှတ်ကျင့်သုံးရန်။
- ရံပုံငွေထိန်းသိမ်းရေးစနစ် ထားရှိရန်။

(၃) ဥက္ကဋ္ဌထံမှ စာများကို ပူးတွဲထားရှိရန်။

(၄) ကော်မရှင်၏ အစီရင်ခံစာနှင့် ၎င်းစာများကို ဗဟို ကော်မီတီများအား တင်ပြ၍မှတ်ချက်များတောင်းယူရန်။"

(၁၉၆၂-ခုနှစ် ဒုတိယအကြိမ်မြောက်နိုင်ငံရေး ဦးဆောင်အဖွဲ့ အစည်းအဝေးမှတ်တမ်းမူရင်း။)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ဌေး၏ လက်ရေးမူ



နိုင်ငံရေး [illegible] ရှင်း

ဤသည်မှာ ၁၉၆၂ ခုနှစ် [illegible] ([illegible] ၂၂ ရက်နေ့) [illegible] ကျင်းပသော ဒုတိယအကြိမ် [illegible] ပေ၏ ဆုံးဖြတ်ချက်ပင်ဖြစ်ပေသည်။

ယင်း [illegible] ကို [illegible] ကော်မီတီအတွင်းရေးမှူး [illegible] ထင်ရှားခဲ့ပြီ [illegible] ပြီသည်။

တို့ [illegible] အ [illegible] ကျော်ရှား သော်မှရှင်သည် သင် [illegible] သည် [illegible] ချက်ခြင်း အကြောင်း [illegible] ပါလေသည်။

ယင်း [illegible] မိမိတို့သည် [illegible] ဝ၁ တစောင်ကို [illegible] ထင်ရှားသော ပရှင် သို့ တင်ပြ [illegible]

“ [illegible] ကောင်းပါ။ တခါသုပ်မိလို့ တသက် [illegible] ရေ့ကို အကောင်းဆုံး ဖြစ်ဖို့သာ [illegible] ရင်းရင်းနှီးနှီးပြောဆိုင်တဲ့အခါမှ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပို့ပြီးနားလည်ပါလိမ့်မယ်။ အဲဒီတော့ ဒီကိစ္စကိုတော့ ရပ်ထားပြီး စိတ်ချမ်းချမ်းသာသာပဲနေပါတော့။

မောင်ငယ်ဆီကိုရေးတဲ့စာ ဖတ်ရပါတယ်။ အစ်ကိုနဲ့မောင်ငယ်တို့ကို ထိခိုက်စေမှာ ဘာမှမလုပ်ပါဘူးလို့ကတိပေးပါတယ်ဆိုတာကို လုံးဝ ကျေနပ်ပါတယ်။ အဲဒီစာကိုက မောင့်စာကိုအဖြေပေးတာပဲသဘော ထားပါတယ်။

၂။ အခြားကိစ္စတခုရေးရအုံးမယ်။ ဒါကတော့ အရေးကြီးတယ်။ အဲဒါကတော့ ရွှေပေါက်ပင် ကိစ္စပဲ။ အဲဒါတွေကို မောင့်အနေနဲ့ ဆိုင်ရာကိုပြန်ပေးဖို့ရှိတယ်။ ဒါကြောင့်ပြန်လိုချင်တယ်။ ဒီကိစ္စကိုတော့ မောင်စာနဲ့မရှင်းလိုပါဘူး။ ခင်နားလည်တယ်လို့ မောင် လုံးဝယုံကြည် တယ်။ တနေ့ကျရင် ရှင်းပြပါမယ်။ မောင့်အနေနဲ့ရော၊ ခင့်အနေနဲ့ ရောထိခိုက်မှာ ဘယ်လိုမှမဖြစ်စေချင်ဘူး။ မောင့်အဖို့ရော· ခင့်အဖို့ရော တာဝန်ကြီးတဲ့ ကိစ္စဖြစ်တယ်။ လောလောဆယ်မှာ ခင့်ဆီမှာ ဂရုတစိုက် ထိန်းသိမ်းထားပါ။ အစီအစဉ်ကောင်းကောင်းတခုလုပ်ပြီးရင်ခင့်အနေ နဲ့ရော မောင့်အနေနဲ့ရော ယုံကြည်တဲ့လူနဲ့ယူဖို့စီစဉ်ပါမယ်။

ခင်တို့အနေနဲ့တော့ ဆင်းရဲမှာပဲ။ အခုဆိုရင်တော့ ပိုကြပ်တည်း မှာပဲ။ မောင့်အနေနဲ့လဲ အကူအညီမပေးနိုင်တာက စိတ်လဲမချမ်းသာ ဘူး။ ဒီကိစ္စတွေ တယောက်ကိစ္စ နှစ်ယောက်ကိစ္စ အနေနဲ့ လုပ်လို့မရ ပါဘူး။ အများစုကိစ္စကိုရှင်းပေးတဲ့နည်းနဲ့သာဖြစ်မှာပဲ။ ခင့် အနေနဲ့ နားလည်ပြီးသားပဲ ဖြစ်ပါတယ်။

ဘယ်လိုပဲဆင်းရဲ ဆင်းရဲ မောင့်ဂုဏ်သိက္ခာ၊ ခင့်ဂုဏ်သိက္ခာ၊ သမီးတို့ သားတို့ရဲ့ နောင်ရေးမထိခိုက်ရင် စိတ်ချမ်းသာတာပါပဲ။ အနေ အထိုင် ဆင်းရဲကြပ်တည်းတာကတော့ ကျော်နိုင်ပါတယ်။

၃။ အရင်စာထဲမှာ သမီးတော်တော်ပဲ ဖျားတယ်ဆိုတာ သိရလို့ တော်တော်စိုးရိမ်သွားတယ်။ နေကောင်းပါလိမ့်မယ် စာထဲမှာပါတော့ စိတ်အေးတော့သွားပါတယ်။

အဲဒီလိုကြားရလေ၊ သမီးတို့သားတို့ကို မောင့် အနီး အနား မှာ ထားတာအကောင်းဆုံးပဲလို့ မောင်စဉ်းစားလာတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အထူးသဖြင့် ဇူလိုင်လ (၇) ရက်နေ့ ကိစ္စပြီးတော့ ဖေဖေနဲ့အတူ သေအတူ-ရှင်အတူ လုပ်ရင်း ပညာယူတာ အကောင်းဆုံးပဲလို့ ထင်လာတယ်။ ဒါကတော့ လေးလေးနက်နက်စဉ်းစားဖို့ပါပဲ။

သမီးတို့သားတို့ဆီကို မောင်စာရေးမယ်လို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။ သမီးတို့သားတို့ရှေ့ရေးအတွက် စဉ်းစားတဲ့အခါမှာ သူတို့ စိတ်ချမ်းသာဖို့လဲ လိုတယ်လို့ မောင်သဘောရလို့ပဲ။

မောင့် အနေနဲ့ သမီးနဲ့သားတို့ဆီ စာရေးတဲ့အခါမှာ ဖေဖေအနေနဲ့ ပြန်လာစေချင်တဲ့အကြောင်းတော့ထည့်ရေးမယ်။ ဒါကတော့ ချက်ခြင်းပြန်ခေါ်တဲ့ သဘောတော့ မဟုတ်ဘူး။ သူတို့ဟာ ငယ်ငယ်ကလေးထဲက ဖေဖေ့အလုပ်နဲ့ ဆက်စပ်လာခဲ့တယ်။ သူတို့အရွယ်ရောက်လာတဲ့အခါ ဖေဖေ့အလုပ်တွေကို လုပ်စေချင်လို့ပဲ။ ဒါကိုလဲ ခင်နားလည်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ခင့်အနေနဲ့လဲ မောင့်ဆီကို ပြန်လာစေချင်တဲ့ဆန္ဒရှိတာပဲ။ နေ့ချင်းညချင်းဆိုတာ မဟုတ်ပါဘူး။ ဖုတ်ပူမီးတိုက်လုပ်လို့လဲမရပါဘူး။ မထိခိုက်သင့်တဲ့လူတွေ မထိခိုက်အောင် လုံခြုံ အောင် နဲ့ အရှည်အတွက်ကောင်းအောင် စီစဉ်ပြီးမှ ဖြစ်မှာပဲ။

လောလောဆယ်မှာတော့ မောင့်ဆီမှာလိုပဲ ခင့်ဆီမှာလဲ အခက်အခဲအကြပ်အတည်းကတော့ တွေ့မှာပဲ စိတ်တော့မလျှော့စေချင်ပါ၊ အဲဒါကတော့ လေးလေးနက်နက်ပြောချင်တာပဲ။ ဒီထက်မက အခက်အခဲတွေကိုတောင် မောင်တို့ကျော်လွှားခဲ့တာပဲ။

ထပ်တလဲလဲရေးခဲ့တဲ့အတိုင်း စိတ်တော့မလျှော့စေချင်ပါ၊ မောင်တို့ ခင်တို့အနေနဲ့ စိတ်ခိုင်ခိုင်ထားပြီး ကြိုးစားရင် ရည်မှန်းချက် ပေါက်မှာပဲ။

မောင်လေးဆီရေးတဲ့စာထဲမှာပါတဲ့ ခင့်သဘောထားအတိုင်းဆိုရင် မောင်ကတော့ ခင်နဲ့ စိတ်ဘူသဘောတူရှိနေတယ်ဆိုတာလုံးဝယုံကြည်ပါ....။"

ဤသည်မှာ သခင်သန်းထွန်း၏ မိမိဇနီးသည်ထံသို့ရေးသည့်စာပင်ဖြစ်သည်။ ယင်းပေးစာကိုပင် သခင်သန်းထွန်းသည် နိုင်ငံရေးဦးဆောင်အဖွဲ့၏သဘောတူညီချက်အရ ရဲဘော်ဘခက်အား အချောကူးယူ၍ပေးရန်အတွက်တာဝန်ပေးသဖြင့် ရဲဘော်ဘခက်ကိုယ်တိုင်ပင် အချောကူး၍ ပေးလိုက်ရလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုသို့ သခင်သန်းထွန်းသည် အရှံ ရုံပုံငွေ (အထူး)ကိစ္စနှင့်ပတ်သက်၍ မိမိ ဇနီးသည်ထံသို့ ရေးသည့်စာကို နိုင်ငံရေး ဦးဆောင်အဖွဲ့သို့တင်ပြခဲ့ပြီး ဖြစ်၏။ ထို့ပြင် ရဲဘော်ဘခက်ကိုလည်း အချောကူးရန်အတွက် တာဝန် ပေးအပ်၍ အချောကူးစေခဲ့ပြီးဖြစ်လေသည်။

နောက်ဆုံးတွင်မူ သခင်သန်းထွန်းသည် နိုင်ငံရေးဦးဆောင်အဖွဲ့သို့ မိမိဇနီး ထံသို့ရေးသည့်စာကို ပို့ပေးလိုက်ပြီးကြောင်းကို တင်ပြလိုက်လေသည်။

အမှန်စင်စစ်အားဖြင့် သခင်သန်းထွန်းသည် မိမိဇနီးသည်ထံသို့ရေးထားသည့် အရှံ ရုံပုံငွေ(အထူး)ကိစ္စစာကိုမူ ဇနီးသည်ထံသို့ ပို့ပေးခြင်း မပြုခဲ့ချေ။ မိမိ၏ အိတ်ထဲတွင်သာ အထူးလျှို့ဝှက်၍ သိမ်းဆည်းထားခဲ့သသည်။

၁၉၆၃-ခုနှစ်တွင် ဗဟိုကော်မီတီ အထူးအစည်းအဝေးကို ကျင်းပလျှင် ဗဟိုကော်မီတီ ဥက္ကဋ္ဌ သခင်သန်းထွန်း၏ အရှံ ရုံပုံငွေ (အထူး)ကိစ္စကို ဗဟို ကော်မီတီအစည်းအဝေးသို့ နိုင်ငံရေးဦးဆောင်အဖွဲ့သည်တင်ပြရန် ရှာသားခဲ့ပြီး ဖြစ်၏။ သို့ရာတွင် ထိုစဉ်က ပီကင်းမှ ပြန်ရောက်နေ သော သခင်ဘသိန်းတင်နှင့် ရဲဘော်အောင်ကြီး တို့၏ သဘောထားနှင့် ထင်မြင်ချက်အရ တင်ပြဆွေးနွေး ခြင်းမပြုခဲ့ရတော့ပေ။

"အခုအချိန်ဟာ ဗမာပြည်မှာရှိတဲ့အကြီးဆုံးရန်သူနဲ့ ခေး ခေးချင်း လှံလှံချင်း ရင်ဆိုင်တိုက်နေရတယ်။ အခု ကျွန်တော်တို့ငြိမ်းချမ်းရေး စားပွဲမှာ တွေ့တယ်ဆိုတာကလဲ စစ်မျက်နှာတခုမှာ ထိုးစစ် ဆင်နေ တာပဲ။ ဒီစစ်မျက်နှာ ထိုးစစ်မှာတော့ ကျွန်တော်တို့က နိုင်နေတယ်။ အမြတ်လဲ ရနေတယ်။ အခုလို ခင်ဗျားတို့နဲ့ကျွန်တော်တို့ ပြန်ပြီး စုစု စည်းစည်းတွေ့နေရတာကိုက ကျွန်တော်တို့ရဲ့ ကြီးမားတဲ့ အမြတ်ပဲ။ ရှေ့မှာလဲ ဒီအပေါ်မှာ အမြတ် ဆက်ပြီးရအောင် လုပ်သွားရမယ်။

ဒီအခြေအနေမှာ ပုဂ္ဂိုလ်ရေးကိစ္စတွေကို ပြောချိန်အချိန် မဟုတ် တော့ဘူး၊ ပြီးပြီးသားကိစ္စကတော့ ပြီးပြီ၊ ကျွန်တော်တို့ ရှေ့ဆက်ပြီး လုပ်စရာရှိတာတွေကိုပဲ ဆက်လုပ်သွားကြဖို့ လိုမယ်။

ကျွန်တော်တို့ အာဏာရရင် ဒီ ငွေရေးကြေးရေး ပြဿနာတွေနဲ့ ပုဂ္ဂိုလ်ရေးပြဿနာတွေက ရှင်းသွားမှာပြီတယ်။

ကနေ့ကတော့ အောင်ပွဲရဖို့ပဲ သိပ်အရေးကြီးနေတယ်။

အာဏာရအောင်သာ အစွမ်းကုန် ကြိုးစားသွားကြဖို့ လိုတယ်။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ သခင်ဘသိန်းတင်နှင့် ရဲဘော်အောင်ကြီးတို့သည် သဘောထား ပေးလိုက်၏။ ထို့ကြောင့် နိုင်ငံရေးဦးဆောင်အဖွဲ့သည် အရံ ရံပုံငွေ (အထူး) ကိစ္စကို ဗဟိုကော်မီတီအဖွဲ့ဝင်များကို တရားဝင် အသိပေးခြင်းပင် မပြုခဲ့တော့ပေ။

၁၉၆၄-ခုနှစ် စက်တင်ဘာလတွင်ကျင်းပသော ဗဟိုကော်မီတီ အစည်းအဝေးတွင် ဖြစ်သည်။

ယင်း ဗဟိုကော်မီတီအစည်းအဝေးသို့ နိုင်ငံရေးလမ်းစဉ်၊ စစ်ရေးလမ်းစဉ်၊ စည်းရုံးရေးလမ်းစဉ်တို့ကို ပီကင်းမှပင် ပို့ပေးခဲ့၏။ ထို့နောက် ပြည်တွင်း ဗဟိုကော်မီတီတွင်း၌ရှိနေသောပြဿနာများကိုစည်းရုံးရေးမှုများ အရပင် ၁၉၆၄-ခုနှစ် ဗဟိုကော်မီတီ အစည်းအဝေးမှ ဆုံးဖြတ်ကြရပေသည်။

ထို့ကြောင့်ပင် ၁၉၆၄-ခုနှစ် ဗဟိုကော်မီတီအစည်းအဝေးတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်း၏ ကိုယ်ကျိုးအတွက် မိမိဇနီးသည်အား တိတ်တဆိတ် လျှို့ဝှက်၍ ပေးခဲ့သည့် ပါတီတရပ်လုံးပိုင်သော "ဘုံဆိုင်ပစ္စည်း" များနှင့် ပတ်သက်၍လည်းကောင်း၊ ဗဟိုကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းနှင့် ပတ်သက်၍လည်းကောင်း၊ ဗဟိုကော်မီတီအစည်းအဝေးမှ ဆုံးဖြတ်ချက်တရပ်ကို ချမှတ်လိုက်၏။ ယင်း ဆုံးဖြတ်ချက်သည် ဗဟိုကော်မီတီ အစည်းအဝေး ဆုံးဖြတ်ချက်၏ အမှတ်(၂၆) ပင် ဖြစ်သည်။

ယင်းဆုံးဖြတ်ချက်အပြည့်အစုံမှာ ဤသို့ဖြစ်လေသည်။

ဆုံးဖြတ်ချက်အမှတ် (၂၆)

အရံရံပုံငွေ ပစ္စည်းများနှင့် ဥက္ကဋ္ဌခန့်ခွဲမှုကိစ္စ။

၁။ ဥက္ကဋ္ဌမှ ထိုပစ္စည်းများကို သာမန်ရဲဘော်တဦးအား ပေါ့ဆစွာ လွှဲပေးခြင်း၊ ၎င်းကို နိုင်ငံရေးအမှုဆောင်အဖွဲ့အား ကာလရှည်ကြာ အကြောင်းမကြားပဲ ထားခြင်းကိစ္စသည်

(က) လူထုပစ္စည်းအပေါ် သဘောထားမလေးနက်ခြင်း။

(ခ) ပါတီအပေါ်လည်းကောင်း၊ စုပေါင်းအဖွဲ့အစည်းအပေါ် လည်းကောင်း၊ ယုံကြည်ပုံအပ်မှု မရှိခြင်း၊ ပုဂ္ဂလိကမာန ကျန်ရှိနေခြင်းတို့ကို ပြပေသည်။

ထို့ပြင်(ဂ) ရန်သူအား လက်နက်ကောင်းပေးရာလည်း ရောက်ပေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၂။ ဤပစ္စည်းများကိစ္စကို လက်နက်ချသူအချို့သိပြီးဖြစ်သဖြင့် ပစ္စည်းများ ပြန်ရရေးကိစ္စသည် မလွယ်တော့သည့်ပြင် ရန်သူက ဤကိစ္စကို အသုံးချပြီး နိုင်ငံရေးအရ တိုက်လာရန်ပင် အန္တရာယ်ကြီးစွာ ရှိပေသည်။ ရန်သူက ဤသို့ တိုက်လာလျှင် ပါတီဝင်ထု ပြည်သူလူထုအတွင်း ပါတီခေါင်းဆောင်မှုအပေါ် သံသယ ကြီးမားစွာ ရှိလာနိုင်သည်။

၃။ ဤကိစ္စတွင် ဥက္ကဋ္ဌမသေးငယ်လှသည့် အပြစ်ကျူးလွန်မှု၊ တာဝန်လစ်ဟင်းမှုရှိသည်ဟု ဗဟိုကော်မီတီက ခံယူသည်။

၄။ သို့ရာတွင် ပုဂ္ဂိုလ်အကျိုးအတွက် လုပ်သည်ဟု ဗဟိုကော်မီတီက မယူဆပေ။ သို့ဖြစ်၍ အောက်ပါအတိုင်းဆုံးဖြတ်သည်။

(က) ၆၂-ခုနှစ် ကော်မရှင်ကတင်ပြသော ခွင့်မလွှတ်သာသည့် အပြစ်ကျူးလွန်ခြင်းဟူသော သဘောထားကို ဗဟိုကော်တီက လက်ခံ အတည်ပြုသည်။

(ခ) ဤသဘောထားအရ ဥက္ကဋ္ဌအား အပြစ်ပေးသည့်အနေနှင့် အလေးအနက် သတိပေးကြောင်း ဗဟိုကော်မီတီ အစည်းအဝေးက မှတ်တမ်းတင်သည်။

(ဂ) ဤကိစ္စနှင့်ပတ်သက်၍ ဆန်းစစ်၍ မိမိကိုယ် ဝေဖန်ရေး စာတမ်းရေးပြီး တင်ပြစေရန် ဆုံးဖြတ်သည်။ အစည်းအဝေးတွင် ဥက္ကဋ္ဌတင်ပြသော ဤကိစ္စနှင့် ပတ်သက်သည့် ဝေဖန်ရေးမှာ မလုံလောက်ပေ။

(ဃ) တပြိုင်တည်းပင် ရန်သူမှ ဤကိစ္စကို အကြောင်းပြုပြီးပေးလာနိုင်မည့် အန္တရာယ်များကို ရင်ဆိုင်နိုင်ရန်၊တားဆီးနိုင်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန်လည်း ဆုံးဖြတ်သည်။
မဲ အားလုံး သဘောတူဆုံးဖြတ်သည်။
ဆုံးဖြတ်သည့်နေ့၊ ၁၉၆၄-ခု။"

ဤသည်မှာ ၁၉၆၄-ခုနှစ် ဗဟိုကော်မီတီအစည်းအဝေးဆုံးဖြတ်ချက်အမှတ် (၂၆)၏ အပြည့်အစုံ မှတ်တမ်းပင် ဖြစ်ပေသည်။

ယင်းဗဟိုကော်မီတီ အစည်းအဝေး ဆုံးဖြတ်ချက်အမှတ် (၂၆)ကို ဗဟိုကော်မီတီ အတွင်းရေးမှူး ရဲဘော်ဌေး၏လက်ရေးဖြင့် တရားဝင် မှတ်တမ်းတင်ထားခဲ့ခြင်းဖြစ်လေသည်။

ငါ့ဒဘာ်ငွေး၏ လက်ရေးမူ



၁၉၁၄-၁၅ ခု ဗဟို ဘင်္ဂမိတိသခည်းဘာဝေး မှတ်တမ်းမူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက်ဆုံးတွင်မူ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီဥက္ကဋ္ဌသခင်သန်းထွန်းသည် ပါတီတရပ်လုံးပိုင်သော "ဘုံဆိုင်ပစ္စည်းများ"အား၊ တိတ်တဆိတ် လျှို့ဝှက်၍ မိမိဇနီးသည်အား ပေးပို့ခဲ့ခြင်းနှင့်ပတ်သက်၍ မိမိကိုယ်ကို ဝေဖန်ချက်သော်လည်းကောင်း၊ ဆန်းစစ်ချက်သော်လည်းကောင်း တစုံတရာမျှ ရေးသားတင်ပြခဲ့ခြင်းကို လုံးဝပင် မပြုလုပ်ခဲ့ချေ။

၁၉၆၆-ခုနှစ် ဧပြီလတွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် လိပ်ဝချောင်းတွင် စခန်းချ၍ထား၏။ ဗဟိုဌာနချုပ် စခန်း၏ အမည်မှာ "ရေကြည်စမ်း"ဖြစ်၏။ ယင်းသည်နွေမိုးဆောင်း၌ စမ်းရေများ တသွင်သွင်စီးနေသောကြောင့် ထိုသို့မှည့်ခေါ်ထားခြင်းဖြစ်လေသည်။

ထို "ရေကြည်စမ်း"မှပင် ရှမ်းပြည်သို့ပါတီ၏ကိုယ်စားလှယ်တဦးကို အရေးတကြီး စေလွှတ်ရန်အတွက် စီစဉ်၍နေ၏။ ထိုကိုယ်စားလှယ်သည် ရန်ကုန်မြို့မှ တဆင့် သွားရမည်ဖြစ်၏။ ထို့ကြောင့် မြေအောက်ဌာန တာဝန်ခံ ဖြစ်သော သခင်ချစ်သည် အသေးစိတ် အစီအစဉ်များကို ပြုလုပ်နေလေသည်။

ထိုအချိန်တွင် ရဲဘော်ဘတင်သည် လက်ရေးဖြင့်ရေးထားသော စာမူကြမ်း တစောင်ကို လက်တွင်ကိုင်လျက် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့ နေရာ ကွပ်ပစ်တဲသို့ လာခဲ့သည်။

"ခင်ဗျားတို့ပေးစာကတော့ အဖောက်ပြန်ဆုံးပေးစာပဲ။ ခင်ဗျားတို့ ပါးစပ်တွေကတော့ မိုးတလုံးလေတလုံးနဲ့ နယ်ချဲ့ဆန့်ကျင်ရေးတို့ ဆီးတိုးဆန့်ကျင်ရေးတို့ အမေရိကန်ဆန့်ကျင်ရေးဆိုတာတွေကို အော်ဟစ်နေလိုက်ကြတာ စုံနေတာပဲ။

အခုမှပဲ ခင်ဗျားတို့က မဟာဒေဝီ ကြီးကို ချစ်နေ လိုက်ကြတာ။ မဟာဒေဝီကြီးနဲ့ ရွှေလမ်းငွေလမ်း ဖောက်လိုက်ချင်ကြတာကလဲ နံ့နံ့ကို တက်နေတာပဲ။ ကျုပ်တော်တော့ ခင်ဗျားတို့ကို သိတ်အံ့သြ သွားတယ်။ ခင်ဗျားတို့ ဒါလောက်ထိအောင် ဖောက်ဖောက်ပြန်ပြန် လုပ်ရဲလိမ့်မယ်လို့ ကျုပ်တော်မထင်ခဲ့ဘူး။ အခုတော့ တော်တော်ကို ဇက်ရဲ လက်ရဲ နိုင်တဲ့လူတွေပဲ ဆိုတာကို ပိုပြီး နားလည်လာတယ်။

ခင်ဗျားတို့ပြန်ကြည့်စမ်းပါအုံး။ ခင်ဗျားတို့ရေးထားတာတွေကရှမ်းအမျိုးသားတွေအကျိုးကို ကိုယ်စားပြုထားတာမဟုတ်ဘူးဗျ။ ခင်ဗျား

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တို့ဟာ မဟာဒေဝီကြီးနဲ့ အမေရိကန် နယ်ချဲ့သမားတွေကို ကိုယ်စားပြု ထားတာပဲ။ ဒီထက်ပိုပြောရရင်တော့ လွန်ကုန်တော့မယ်။

ခင်ဗျားတို့ပဲ မနေ့တနေ့က တိုင်းပြည်ကို ရောင်းစားတဲ့ ဖက်ဆစ် နေဝင်း အစိုးရဆိုပြီး ကျေညာချက်တွေဘာတွေ ထုတ်ခဲ့သေးတယ်။ အဲ ဒီကျေညာချက်ရေးတုန်းကလဲ ကျွန်တော်ခင်ဗျားတို့ကို ပြောခဲ့တယ်။ အချက်အလက်မရှိပဲနဲ့ မတိကျပဲနဲ့ တိုင်းပြည်ကိုရောင်းစားတယ်ဆိုတာ မျိုး မရေးပါနဲ့။ ကျေညာချက်မထုတ်ပါနဲ့လို့ ကျွန်တော် ကန့်ကွက် ခဲ့တယ်။

တကယ်က ခင်ဗျားတို့ဟာ အာဏာလုပ်ချင်ပြီဆိုတော့ ဗိုလ်နေဝင်း က နယူးယောက်တိုင်း သတင်းထောက်ကို ပြောလိုက်တယ် ဆိုတာကိုပဲ ကိုယ့် အဓိပ္ပါယ် ကောက်ချင်သလိုကောက်ပြီး တိုင်းပြည် ရောင်းစား တယ်ဆိုတာမျိုး ပြောကြ-ရေးကြတယ်။ ဒါဟာအလွန်ရယ်စရာကောင်း တယ်။

ဒါပေမဲ့အခုကျတော့ တကယ်တိုင်းပြည်ကို ရောင်းစားဖို့လုပ်နေကြ တာ ခင်ဗျားတို့ဗျ၊ ပြန်ပြီးလဲ စဉ်းစားကြည့်ကြစမ်းပါအုံး။

ခင်ဗျားတို့ဟာ ဘာကွန်မြူနစ်လဲ။ မူမရှိတဲ့ကွန်မြူနစ်တွေပဲ၊ အခု ခင်ဗျားတို့ရေးထားတဲ့ စာကို ဘယ်နည်းနဲ့မှကို မပေးဖို့ ကျွန်တော် အလေးအနက် ကန့်ကွက်တယ်။ တကယ်လို့ ဒီစာ ပို့ရင်တော့ ပေါ် ပေါက်လာမဲ့ပြဿနာတွေကိုတော့ ခင်ဗျားတို့ တာဝန်ယူကြရလိမ့်မယ်။ မကြာမီကျင်းပမဲ့ ဗဟိုကော်မီတီမှာ ဒီစာကိစ္စကို တင်ပြမယ်။

အခုလဲခင်ဗျားတို့ ဒီစာအကြောင်းကို ဗဟိုကော်မီတီအဖွဲ့ဝင်တွေကို လဲ အသိမပေးရဘူးဆိုပြီး လုပ်ထားကြသေးတယ်။ ခင်ဗျား တို့ဟာ တော်တော်ကိုနှစ်ကိုယ်ကြား လုပ်ချင်တဲ့လူတွေပဲ။ အဲ့ဒီလိုလုပ်ကြလွန်း လို့ ဒုက္ခရောက်ရတာလဲ မနဲတော့ဘူး။ ဒါကိုတော့ ဗဟိုကော်မီတီတွေ ဆီကို ဘယ်နည်းနဲ့မဆို ရောက်အောင် ပို့ပေးရမယ်၊ ပြီးတော့ ပါတီ ဝင်ထုကိုလဲ အသိပေးရမယ်။

အဲဒါကို မလုပ်ရင်တော့မဖြစ်ဘူး။ ဒီအတိုင်းသာဆိုရင်တော့ ခင် ဗျားတို့ဟာ ကွန်မြူနစ်ပါတီရဲ့ တရားခံတွေ ဖြစ်တော့မှာကတော့ သေ ချာတယ်။”

ဤသို့ပင် ရဲဘော်ဘတင်သည် အလေးအနက်ကန့်ကွက်လိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

သို့သော်လည်း ရဲဘော်ဘတင်၏ကန့်ကွက်ချက်သည် အချိုးနိုးသာဖြစ်တော့၏။ သခင်သန်းထွန်း၊ သခင်ချစ်နှင့် ရဲဘော်အောင်ကြီးတို့သည် "မဟာဒေဝီ" ထံသို့ ပေးစာကို တိုက်ရိုက် ကိုယ်စားလှယ်လွှတ်၍ ပေးပို့ရန်အတွက် စီစဉ်လိုက်လေသည်။

သခင်သန်းထွန်းသည် မဟာဒေဝီထံသို့အင်္ဂလိပ်ဘာသာဖြင့်ရေး၏။ယင်းစာကိုသခင်သန်းထွန်းကိုယ်တိုင်ရေးပြီး ကိုယ်တိုင်လက်မှတ်ရေးထိုး၍ပေးလိုက်ခြင်းဖြစ်လေသည်။

သခင်သန်းထွန်းမှ မဟာဒေဝီသို့ ပေးစာမှာ ဤသို့ဖြစ်သည်။

သခင်သန်းထွန်းမှ မဟာဒေဝီသို့ပေးစာ



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

including the Shans. In our history, we have a proud record of doing our utmost for the liberation of the Shan peoples. Our party will do everything to enhance the fighting strength of the Shan peoples and to forge the fighting unity of all revolutionary nationalities.

I am now concluding.

I think I have explained our position as far as possible. There may be things on which you cannot see eye to eye with me. In such cases, we can take time and the future will take care of them. And I am confident that what unites us are more than what divides us. I would therefore like to ask you to exercise your influence over the Shan Army men to bring about working together with our party, so as to enhance the fighting strength of the Shan peoples and the fighting unity of all nationalities.

I do not claim to be all knowing and all [illegible]. Your criticism on our policies and our work is most welcome.

I would also be very happy to receive a reply to this letter at your convenience.

Wishing you all success,

Yours sincerely,

(မှတ်ချက်။ ။ဤစာမှာ သခင်သန်းထွန်း ကိုယ်တိုင် ရေးသော စာဖြစ်သည်။ သခင်သန်းထွန်း၏ မူရင်းလက်ရေးမူကို မဟာဒေဝီ ထံသို့ ပို့လိုက်သည်၊ ယင်းမူရင်း၏မိတ္တူကို သခင်သန်းထွန်းမှ မောင်သက် (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ) အားကူးယူရန် စေခိုင်းသဖြင့် ကူးယူထားခြင်းဖြစ်ပါသည်၊ ဤစာကိုသခင်သန်းထွန်းကိုယ်တိုင်လျှို့ဝှက်စွာထိန်းသိမ်း၍ ထားခဲ့ပါသည်။ စာရေးသူ။)

ဤသည်မှာ သခင်သန်းထွန်းမှ မဟာဒေဝီထံသို့ ပေးစာအပြည့်အစုံပင် ဖြစ်သည်။

(မှတ်ချက်။ ။သခင်သန်းထွန်းမှ မဟာဒေဝီထံသို့ ပေးစာကို မြန်မာဘာသာပြန်ဆို၍ အောက်ပါ အတိုင်း ထည့်သွင်း ပေးလိုက်ပါသည်။ စာရေးသူ။)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မေ့ထားအပ်ပါသောအစ်မတော်။

၁။ ကျွန်တော့်ဆီကဒီစာကိုရလိုက်တော့ တော်တော်ကလေး အံ့အား သင့်သွားမိပါလိမ့်မယ်။ ကျွန်တော်တို့ မတွေ့ရတာ အနှစ် (၂၀) ကျော်ပြီဆိုတော့ အခုဆိုရင် တော်တော်ပဲ ကြာသွားကြပြီ။ အဲ့ဒီအချိန်ကဆိုရင် မြန်မာ၊ ရှမ်းတွေနဲ့ မြန်မာနိုင်ငံက တခြားလူမျိုးစု တွေဟာ ဂျပန်စစ်ဝါဒီဖက်ဆစ်တွေရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အုပ်စိုးမှုကို ညီညွတ်စွာနဲ့ တိုက်ပွဲဝင်ခဲ့ကြတယ်။ ဒီလူမျိုးစုအားလုံးရဲ့ မဟာညီညွတ်မှုဟာလဲ အောင်ပွဲခံခဲ့ရတယ်။ ဆိုလိုတာကတော့ဂျပန်စစ်ဝါဒီဖက်ဆစ်တွေရဲ့ စိုးမိုးမှုအောက်က ကျွန်တော်တို့လူမျိုးစုတွေဟာ လွတ်မြောက်ခဲ့ပါတယ်အစ်မတော်။

၂။ ဒီလိုဖြစ်ပျက်ခဲ့တာတွေဟာ နှစ်ပေါင်းနှစ်ဆယ် လွန်မြောက်ခဲ့ပြီ၊ဒီနှစ်တွေအတွင်းမှာလဲအဖြစ်အပျက် အမြောက်အမြား ဖြစ်ပွားခဲ့ပါတယ်။ အစ်မတော်သိပြီးဖြစ်တဲ့အတိုင်း ကျွန်တော်တို့ပါတီ (ဗမာပြည် ကွန်မြူနစ်ပါတီ) ဟာ ထိုစဉ်က ဦးနုခေါင်းဆောင်တဲ့ ဗမာအစိုးရကိုမရှောင်မလွှဲသာပဲ လက်နက်ကိုင်တိုက်ခဲ့ရတယ်။ ဒီလိုတိုက်ခဲ့ရတဲ့ နှစ်များမှာဦးနုအစိုးရနှင့်တကွ အခုနေဝင်း စစ်အာဏာရှင် အစိုးရအထိ ပေါ်ပေါက်လာခဲ့တဲ့ အစိုးရအားလုံးဟာ ဗမာလုပ်သားပြည်သူ အထူးသဖြင့်လယ်သမား လူတန်းစားကို သတ်ဖြတ် လုယက် မုဒိန်းကျင့်ခဲ့ကြတယ်။ ကျွန်တော်တို့ပါတီဟာလဲ ဗမာအစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်ရာမှာဗမာပြည်သူလူထုရဲ့ လက်နက်ကိုင် ပုန်ကန် ထကြွမှု တပ်ဦးမှာ ရှိနေပါတယ်။

၃။ ဗမာအစိုးရတွေ(လက်ရှိနေဝင်း စစ်အာဏာရှင် အစိုးရအပါအဝင်) ဒီနှစ်တွေအတွင်းမှာ ရှမ်းပြည်သူများကိုလဲ အလားတူ ပြုကျင့်လုပ်ကိုင်ခဲ့ကြတယ်။ ဒါကြောင့်မို့လဲ ၁၉၄၉-ခုနှစ်ကထဲကစပြီး ကျွန်တော်တို့ပါတီက တော်လှန်ရေးတပ်ဖွဲ့တွေတည့်ပြီးတဖွဲ့ ရှမ်းပြည်ကို စေလွှတ်ခဲ့ပါတယ်။ ဗမာအစိုးရနဲ့ လုယက်ဖျက်ဆီးရေး တပ်တွေရဲ့ သတ်ဖြတ်မီးလောင်တိုက် သွင်းတဲ့ ဗမာအစိုးရအောက်ကလွတ်မြောက်စေဖို့ ရှမ်းပြည်သူတွေကို အကူအညီပေးဖို့ပါပဲ။ ဒီလွတ်မြောက်ရေးတိုက်ပွဲမှာ ကျွန်တော်ရဲ့ ရှမ်းဆောင်မှုဟာ သေးငယ်ပေမဲ့ ရှမ်းပြည်သူတွေရဲ့ ထွန်းပြောင်တဲ့ လွတ်မြောက်ရေး လုပ်ငန်းမှာ ကျွန်တော်တို့ပါဝင်ခဲ့တဲ့ အခန်းအတွက် ကျွန်တော်တို့ပါတီဟာ ဂုဏ်ယူမိပါတယ်။

ဒါကြောင့်မို့ ၁၉၅၉-ခုနှစ်က ရှမ်းကျောင်းသားတွေနဲ့ အခြားပြည်ချစ်တွေဟာပထမနေဝင်းစစ်အစိုးရကို လက်နက်ကိုင် တိုက်ခဲ့ကြတယ်။ ရှမ်းပြည်သူတို့ရဲ့ လွတ်မြောက်ရေးတိုက်ပွဲမှ အဆင့်သစ်တရပ် ဖွင့်လှစ်ပေးလိုက်တဲ့ ဒီပုန်ကန်ထကြွမှုကို ကျွန်တော်တို့ ကြိုဆိုခဲ့ပါတယ်။

၄။ အရင်ကဆိုရင် ကျွန်တော်တို့ဟာ ရှမ်းတော်လှန်ရေး လက်နက်ကိုင် တပ်တွေနဲ့အဆက်အသွယ် မရှိခဲ့ပါဘူး။ မကြာသေးခင်ကပဲ ဒေသအချို့က ရှမ်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လက်နက်ကိုင် တပ်ဖွဲ့တွေနဲ့ အဆက်အသွယ် ရရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ရှမ်းပြည်နယ်စခန်းကောင်စီ ဥက္ကဋ္ဌဆီကို စာတစောင် ပါးခဲ့ပါတယ်။ အဲ့ဒီစာထဲမှာ ရှမ်းပြည်သူတွေနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ ပေါ်လစီ၊ရှမ်တော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့နဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ သဘောထားနဲ့ မြန်မာအစိုးရက လူမျိုးစုတွေနဲ့ ပတ်သက်တဲ့ယေဘုယျ ပေါ်လစီ များကို အကျဉ်းချုပ် ဖော်ပြထားပါတယ်။ ဒီစာကိုဖတ်ရှုနိုင်အောင် ပူးတွဲပေးပို့အပ်ပါတယ်။ လူမျိုးစုများ ကွန်ဖရင့် ကျေညာချက်ကို ထောက်ခံတဲ့စာ တစောင်ကိုလဲ ပူးတွဲ ပေးပို့အပ်ပါတယ်။

ကျွန်တော်တို့ရဲ့ပေါ်လစီတွေကို အောက်ပါအတိုင်း အကျဉ်းချုပ် ဖော်ပြလိုပါတယ်။

၁။ မြန်မာနဲ့ရှမ်းများ အပါအဝင် မြန်မာနိုင်ငံမှာရှိတဲ့ လူမျိုးစုအားလုံးဟာ ညီညွတ် စည်းလုံးသင့်တယ်၊ နောက်ဆုံးအထိ လက်နက်ကိုင် တိုက်ခိုက်ပြီး နေဝင်းရဲ့ စစ်အာဏာရှင် အစိုးရကို တွန်းလှန် ဖြိုဖျက်သင့်တယ်။

၂။ လက်နက်ကိုင် တိုက်ပွဲ အောင်ပွဲ ခံပြီးတဲ့နောက် မြန်မာနိုင်ငံမှာရှိတဲ့ လူမျိုးစုအားလုံးဟာ ညီညွတ်မှုရှိပြီး နယ်ချဲ့မိုးမိုးမှုမှ လုံးဝ လွတ်လပ်ရေး၊ ပြည်သူတို့အတွက် ဒီမိုကရေစီရေး လယ်ယာလုပ်သူတိုင်း လယ်ပိုင်ရေး၊ လူမျိုးစုအားလုံး လုံးဝ တန်းတူညီမျှရေး၊ ချမ်းမြေ့သာယာရေးနဲ့ ထာဝရငြိမ်းချမ်းရေးကို အာမခံချက်ပေးမဲ့ ပြည်သူ့အစိုးရကို ဖွဲ့စည်းသင့်ပါတယ်။

၃။ နေဝင်း အစိုးရကို အောင်မြင်စွာ တွန်းလှန်ဖြိုဖျက်ပြီးတဲ့နောက် မြန်မာနိုင်ငံမှာရှိတဲ့ လူမျိုးစုအားလုံးဟာ တန်းတူညီမျှရေး အခြေခံပေါ်မှာ ဆန္ဒအလျောက်ပါဝင်တဲ့ ပြည်ထောင်စုကို ဖွဲ့စည်းသင့်ပါတယ်။ (ပြည်ထောင်စုဖွဲ့စည်းပုံအသွင်သဏ္ဌာန်နဲ့ပတ်သက်လို့လူမျိုးစုကိုယ်စားလှယ်အားလုံးဟာ ဒီမိုကရေစီ အခြေခံပေါ်မှာ ဆွေးနွေး သဘောတူညီသင့်ပါတယ်။)

၄။ ဒါလိုမဖွဲ့စည်းနိုင်မီအချိန်အတောအတွင်းမှာ နေဝင်းအစိုးရ စစ်ရေးအရ တွန်းလှန်ပစ်ရေးအတွက် ဦးတည် ကြိုးပမ်းသင့်ပါတယ်။တော်လှန်ရေး အင်အားစုအားလုံးဟာ စစ်ရေးစစ်ရာများမှာ သဘောတူညီမှု ရှိသင့်ပါတယ်။

၅။ ကျွန်တော်တို့ပါတီဟာ အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစုအင်အား တောင့်တင်းရေးနဲ့ တိုးချဲ့ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီတပ်ပေါင်းစုဟာ နေဝင်း စစ်အာဏာရှင်အစိုးရကိုဆန့်ကျင်တိုက်ပွဲဝင်နေတဲ့တော်လှန်ရေး လက်နက်ကိုင် အင်အားစုတွေရဲ့ ညီညွတ်ရေး တပ်ပေါင်းစုဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၆။ ရှမ်းပြည်နယ် စစ်ကောင်စီက အဖွဲ့ဝင်အဖြစ် ပါဝင်တဲ့ ညီညွတ်သော လူမျိုးစုများရဲ့ လွတ်မြောက်ရေး တပ်ဦးကို ကျွန်တော်တို့ ပါတီက ထောက်ခံပြီး ပူးပေါင်းလုပ်ဆောင်သွားပါမယ်။

၅။ ။ ဆက်လက် မရေးသားမီ နေဝင်းစစ်အာဏာရှင် မိုး မိုး မှုရဲ့ ညှဉ်း ပန်း နှိပ်စက်မှုကိုပင်ပန်းခက်ခဲစွာ ခံစားနေရတဲ့ ပုဂ္ဂိုလ်တယောက်အဖြစ်နဲ့ ကျွန်တော် များစွာ ဂရုဏာသက်မိလျက်ရှိကြောင်း ဖော်ပြလိုပါတယ်။

အစ်မတော်အလွန်ချစ်မြတ်နိုးတဲ့ သားငယ်ကို နေဝင်းအစိုးရက သတ်ဖြတ် ခဲ့ပါတယ်။ တကယ်စင်စစ်မှာတော့ ဒီသားငယ်ဟာ နေဝင်း အာဏာသိမ်းမှုရဲ့ ပထမဆုံး အာဇာနည် တဦးပါပဲ။ ရှမ်းပြည်သူတွေရဲ့ သတ္တိပြောင်မြောက်တဲ့ သားကောင်း သားမြတ်ကို ကျွန်တော်လေးစားစွာနဲ့ ဂုဏ်ပြုအပ်ပါတယ်။

အစ်မတော်ချစ်မြတ်နိုးတဲ့ ကြင်ယာတော်ဟာ နေဝင်းအစိုးရရဲ့ လက်ထဲမှာ ကွယ်လွန်ခဲ့ရပါတယ်။ သူဟာ ကျွန်တော်ရဲ့ အကြည်တော် ဟောင်းကြီးတဦး ဖြစ်လို့ သူ့ကို လေးစားစွာ ဂုဏ်ပြုအပ်ပြီး အစ်မတော်အတွက် ကြေကွဲ ဝမ်းနည်း မိကြောင်း ဖော်ပြလိုပါတယ်။

၆။ ကျွန်တော်ဟာ အချိန်အတော်ကြာကြာပဲ၊အစ်မတော်နဲ့ ရှမ်းတော်လှန်ရေး လက်နက်ကိုင် အင်အားစုတွေရဲ့ အနေအထားကို လေ့လာခဲ့ ပါတယ်။ ရှမ်း လက်နက်ကိုင် အင်အားစုတွေကိုအစ်မတော်ပေးခဲ့တဲ့ အကြံဉာဏ်နဲ့ ပတ်သက်လို့ မကြာသေးမီက ကြားသိရတဲ့အတွက် ဝမ်းမြောက် ဝမ်းသာ ဖြစ်မိပါတယ်။

ဒါတွေကတော့....

၁။ နိုင်ငံခြားအကူအညီကို အားမကိုးနဲ့ ပြည် တွင်း အမျိုးသား အင်အား စုနဲ့ မိမိပြည်သူတွေပဲ အဓိကအားကိုး။

၂။ အခြားလူမျိုးစု အင်အားစုတွေနဲ့ ပူးပေါင်းညီညွတ်ပြီး အမျိုးသား အင်အားစုတွေအတွင်းမှာ မိတ်ဆွေရှာ။

ကျွန်တော်ဟာ ဒီအချက်ကို အပြည့်အဝ သဘောတူညီပါတယ်။

ဒီအချက်ဟာ ရှမ်းပြည်နယ်နဲ့ မြန်မာတပြည်လုံးရဲ့ လက်နက်ကိုင် တော်လှန် ရေး အောင်ပွဲခံရေးအတွက် အာမခံတဲ့ အခဏ်းကဏ္ဍဖြစ်ပါတယ်။

လွတ်မြောက်မှု ရရှိဖို့အတွက် နိုင်ငံခြား အကူအညီပေါ်မှီခို အားထားရေး ပေါ်လစီဟာ လုံးဝမှားယွင်းပြီး ကျွန်တော်တို့ရဲ့ ကိုယ်ပိုင် အင်အားစု ကျွန်တော် တို့ရဲ့ပြည်သူတွေအပေါ် မှီခိုအားထားတဲ့ ပေါ်လစီသာလျှင် တခုတည်းသော မှန်ကန်တဲ့ပေါ်လစီ ဖြစ်ကြောင်းကို လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေတဲ့ ကျွန်တော်တို့ ပြည်သူ အားလုံးကို အတွေ့အကြုံက သင်ကြား ခဲ့ ပါ တယ်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါစက ဗမာအမျိုးသားရေးဝါဒသမား အများအပြား ဟာ ဂျပန်ဖက်ဆစ်တွေဆီ အကူအညီရအောင် ကြိုးစားခဲ့ပါတယ်။မြန်မာပြည်သူ

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

တွေ ရတာကတော့ ပါးရိုက်-ကန် ကျောက် ခံရတာပဲ ဖြစ်ပါတယ်။ နိုင်ငံခြား အကူအညီအပေါ် အားမကိုးပဲ ကိုယ်ပိုင်အင်အားစုအပေါ်မှာ အဓိကအားကိုး ရေးဆိုတဲ့ အစ်မတော်ရဲ့အကြံပေးချက်ဟာ လက်ရှိအဆင့်မှာရှမ်းပြည်သူအတွက် အလွန်အရေးပါအရာရောက်ပါတယ်။ အမေရိကန်နဲ့တခြား နယ်ချဲ့သမားတွေ ဟာ ရှမ်းနဲ့မြန်မာနိုင်ငံက တခြားလူမျိုးများကို ကျွန်ပြုဖို့ကလွဲ၍ တခြား ဘာ ရည်ရွယ်ချက်မှမရှိပါဘူး။ ရှမ်းပြည်သူတွေဟာ နေဝင်းစစ်အာဏာရှင် အစိုးရကို လက်နက်ချခြင်း၊သို့မဟုတ်စေ့စပ်ခြင်းနဲ့လွတ်မြောက်ရေးကိုမရနိုင်ပါဘူး။ လွတ် မြောက်ရေးရရှိဖို့ တခုတည်းသောနည်းလမ်းက နေဝင်းအစိုးရကို အဆုံးအထိ လက်နက်နဲ့ တိုက်ပွဲဝင်ရေးပဲ။

တခြားလူမျိုးစုအင်အားစုတွေနဲ့ ပူးပေါင်းညီညွတ်ရေးနဲ့ ပတ်သက်တဲ့ အစ်မ တော်ရဲ့အလားတူ အကြံပေးချက်ဟာလဲ အရေးကြီးပါတယ်။ ကျွန်ပြုသူများနဲ့ တဦးချင်း ဖြေရှင်း ခြင်းဟာ ကျွန်ပြုခံရမှုကိုသာ ရှေ့ရှုနိုင်ကြောင်း အတွေ့ အကြုံက ကျွန်တော်တို့ကို သင်ကြားခဲ့ပါပြီ။ ဒါရဲ့အတွေ့အကြုံကတော့ မွန်၊ ပအိုဝ်၊ ပဒေါင်၊ ရခိုင်၊ ပြည်သူ့ရဲဘော် အစရှိသည်တို့ပါပဲ။

လူမျိုးစု အင်အားစုတွေအားလုံးနဲ့ ညီညွတ်မှု ရရှိအောင် ကြိုးပမ်းရာမှာ ရှမ်းလက်နက်ကိုင် အင်အားစုများဟာ ကျွန်တော်တို့ပါတီ (ဗမာပြည်ကွန်မြူနစ် ပါတီ) အပေါ်မှာ အပြည့်အဝ ယုံကြည်အားထားနိုင်ပါတယ်။ ကျွန်တော်တို့ ပါတီဟာ ဗမာတွေရဲ့ ပါတီ မဟုတ်ပါဘူး။ ကျွန်တော်တို့ပါတီဟာ လူမျိုးစု ချစ်ကြည်ရေး သမားတွေရဲ့ ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ လူမျိုးစု အားလုံး လွတ်မြောက်ရေးအတွက် လုပ်ကိုင် ဆောင်ရွက်ပါတယ်။ ကျွန်တော် တို့ရဲ့ တပ်သားတွေထဲမှာ ရှမ်းများ အပါအဝင် မြန်မာနိုင်ငံမှာ ရှိတဲ့ လူမျိုးစုအားလုံးရဲ့ အကောင်းဆုံး သားသမီးတွေ ရှိပါတယ်။ ကျွန် တော်တို့ရဲ့ သမိုင်းမှာ ရှမ်းပြည်သူတွေရဲ့ လွတ်မြောက်ရေးအတွက် အစွမ်းကုန် လုပ်ဆောင်ခဲ့တဲ့ ဂုဏ်ယူဘွယ်ရာ မှတ်တမ်းတရပ် ရှိနေပါတယ်။ ရှမ်းပြည်သူ တွေရဲ့ တိုက်ခိုက်ရေးအင်အား တိုးတက်ဖို့နဲ့ တော်လှန်ရေးလူမျိုးစုအားလုံးရဲ့ ညီညွတ်မှုကို ရရှိဖို့ ကျွန်တော်တို့ပါတီဟာ အစွမ်းရှိသလောက် လုပ်ကိုင် ဆောင်ရွက်ပါမယ်။

၇။ ကျွန်တော် နိဂုံးချုပ်ပါတော့မယ်။

ကျွန်တော်တို့ရဲ့ အနေအထားကို တတ်နိုင်သလောက် ဖော်ပြခဲ့ပြီလို့ ကျွန် တော်ယူဆပါတယ်။ အစ်မတော်ဟာကျွန်တော်နဲ့ အမြင်ချင်းမတူညီတဲ့ အချက် တွေရှိကောင်းရှိပါမယ်။ ဒီလိုရှိရင် ကျွန်တော်တို့ဟာ အချိန်ယူပြီး လုပ်ဆောင် နိုင်ပါတယ်။ အနာဂတ်က ဂရုတစိုက် ဖြေရှင်းပေးသွားမှာဖြစ်ပါတယ်။ ကျွန် တော်တို့ကို ညီညွတ်စေတဲ့အရာက ကျွန်တော်တို့ မညီညွတ်စေတဲ့ အရာထက် ပိုမိုတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့ပါတီနဲ့ ပိုမို တိုးတက်စွာ ပူးပေါင်းလုပ်ဆောင်နိုင်ရေးအတွက် ရှမ်းလက်နက်ကိုင် အင်အားစုတွေအပေါ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အရှိန်ဩဇာ အသုံးပြုဖို့ ပန်ကြားအပ်ပါတယ်။လူမျိုးစုအားလုံးရဲ့ တိုက်ခိုက်မှု ညီညွတ်ရေးနှင့်ဘက္က ရှမ်းပြည်သူတွေရဲ့တိုက်ခိုက်ရေးအင်အား တိုးတက် ကြီး ထွားရန်အတွက် ဖြစ်ပါတယ်။

ကျွန်တော်ဟာ အကုန်နားလည်တယ်။ ကျွန်တော်ပြောသမျှ အကုန် မှန် တယ်လို့ ကျွန်တော်မဆိုလိုပါဘူး။ ကျွန်တော်တို့ ပေါ်လစီနဲ့ လုပ်ငန်းအပေါ် အစ်မတော်ရဲ့ ဝေဖန်ရေးကိုလဲ အစွမ်းကုန် ကြိုဆိုလျှက်ပါပဲ။

အစ်မတော်ရဲ့ ပြန်ကြားချက်ကို ကျွန်တော်လက်ခံရရှိမယ်ဆိုရင် ကျွန်တော် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိမှာဖြစ်ပါတယ်။

အရာရာအောင်မြင်ပါစေလို့ ဆန္ဒပြုပါတယ်။

လှိုက်လှဲစွာဖြင့်”

ယင်းမဟာဒေဝီထံသို့ ပေးစာကို ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်မှ မဟာဒေဝီထံသို့ တိုက်ရိုက် ကိုယ်စားလှယ်တဦးကို အထူးစိစစ် လေ့ကျင့်၍ လွှတ်လိုက်ခြင်းဖြစ်သည်။

ထိုကိုယ်စားလှယ်မှာ ရဲဘော်အောင်ဝင်း(ခ) ရဲဘော်စိုးနိုင်ဖြစ်၏။ ရဲဘော် အောင်ဝင်းသည် ရန်ကုန်တက္ကသိုလ်ကျောင်းသား တပ်ဦးအဖွဲ့ ခေါင်းဆောင် တဦးဖြစ်၏။ ရှမ်းအမျိုးသားတဦးဖြစ်၏။ ထို့ပြင် ရဲဘော် အောင်ဝင်းသည် မဟာဒေဝီ၏ မိသားစုနှင့်လည်း ရင်းနှီးသူတဦးဖြစ်လေသည်။

ထို့ကြောင့်ပင် သခင်သန်းထွန်း၊ သခင်ချစ်နှင့် ရဲဘော် အောင်ကြီးတို့သည် ၁၉၆၄-ခုနှစ်ဦးတွင် တောခိုလာသော ရဲဘော်အောင်ဝင်း မြစ်ဝ ကျွန်းပေါ် တိုင်းမှတဆင့် ဗဟိုဌာနချုပ်သို့ အမြန်ဆုံး ခေါ်ယူလိုက်၏။ ထို့နောက် ၁၉၆၅- ခုနှစ် မဝ်လတွင် ဖွင့်လှစ်သော ပထမပတ် ဗဟိုမာ့က်စ် လီနင်ဝါဒ ကျောင်းသို့ တက်ရောက်လေ့လာရန်အတွက် အထူးအခွင့်အရေးရသူဖြစ်၏။ ယင်းသို့ရဲဘော် အောင်ဝင်းအား အထူးအခွင့်အရေးပေးခြင်းမှာ အမြော်အမြင်နှင့် လေ့ကျင့် ပေးခြင်းပင်ဖြစ်သည်။

ထိုအချိန်တွင် ရဲဘော်အောင်ဝင်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အရံ ပါတီဝင်ပင်မဟုတ်ချေ။ သို့ရာတွင် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့ သည် ရဲဘော်အောင်ဝင်းအား တိုင်းကော်မီတီတဦး၏ အခွင့်အရေးများပင်ပေး ထားလေသည်။

ရဲဘော်အောင်ဝင်းသည် မဟာဒေဝီထံ ခရီးထွက်ခွာရန်အတွက် အစစအရာရာတွင် ပြင်ဆင်ပြီးဖြစ်နေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုချိန်တွင် နိုင်ငံရေးဦးဆောင်အဖွဲ့သည် ရဲဘော်အောင်ဝင်းအား ဗမာပြည်ကွန်မြူနစ်ပါတီ၏ အထူးလေ့ကျင့်မွေးမြူထားသည့် လူမျိုးစုခေါင်းဆောင်တဦးဖြစ်ကြောင်းကို ဗဟိုဌာနချုပ်စခန်း၌ အခမ်းအနားကြီး တခမ်းတနားကျင်းပ၍ ကျေညာလိုက်၏။ ထို့နောက် ဗဟိုကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းကိုယ်တိုင်ပင် ဂုဏ်ရောင်ပြောင်သော ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပါတီဝင်တဦးအဖြစ် အသိအမှတ်ပြုကြောင်းကိုလည်း ကျေညာလိုက်၏။ ယင်းသို့ကျေညာပြီးနောက် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ရဲဘော်အောင်ဝင်းအား ဝဲ-ယာ နှစ်ဖက်မှညှပ်၍ ပါးချင်းအပ်ထားလိုက်ကြသည်။

ထိုအချိန်တွင် အခမ်းအနားသို့ တက်ရောက်နေကြသော ရဲဘော်များသည် ကြွေးကြော်သံများကို အသံကုန်ဟစ်၍ ကြွေးကြော်ဂုဏ်ပြုလျက် နေကြလေသည်။

- ဗမာပြည်ကွန်မြူနစ်ပါတီ-အဓွန့်ရှည်ပါစေ။
- ပြည်သူ့တော်လှန်ရေး-အောင်ရမည်။
- ဥက္ကဋ္ဌကြီးသခင်သန်းထွန်း-ကျန်းမာပါစေ။
- ရဲဘော်စိုးနိုင်-အောင်မြင်ပါစေ။

ယင်းသို့ ဂုဏ်ပြုပြီးနောက် ရဲဘော်အောင်ဝင်းအား ဂုဏ်ပြုသည့် အခမ်းအနားကို ရုပ်သိမ်းလိုက်လေသည်။

၁၉၆၆-ခုနှစ်ဧပြီလ(၁၀)ရက်နေ့ဖြစ်သည်။

ရဲဘော်အောင်ဝင်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းဖြစ်သော ''ရေကြည်စမ်း''မှ စတင်၍ ခရီးထွက်ခွာရန်အတွက် ပြင်ဆင်ပြီးနောက် စခန်းတွင်းသို့ လိုက်လံနှုတ်ဆက်၍ နေလေသည်။

ထို့နောက်တွင် သခင်သန်းထွန်း၊ သခင်ချစ်၊ ရဲဘော်အောင်ကြီးနှင့် ဗဟိုစခန်း ပါတီကော်မီတီအဖွဲ့ဝင်တို့သည် ရဲဘော်အောင်ဝင်းအား ဗဟိုစခန်းအနီးမှ ခရီးတထောက်သို့ လိုက်ပို့ကြလေသည်။

ရဲဘော်အောင်ဝင်းသည် သခင်သန်းထွန်း၊ သခင်ချစ်နှင့် ရဲဘော်အောင်ကြီးတို့အား အလေးနီပြုလိုက်၏။ သခင်သန်းထွန်းကလည်း ပြန်လည်၍ အလေးနီပြုလိုက်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအခါ၌ ရဲဘော်အောင်ဝင်းသည် ဝမ်းနည်းဝမ်းသာဖြစ်နေ၏။ ရဲဘော်အောင်ဝင်း၏ မျက်လုံးတို့သည် မျက်ရည်စများဖြင့် ရစ်ဝဲ၍နေ၏။ ရဲဘော်အောင်ဝင်းသည် အသံကိုမနိမ့်မမြင့်ပြုလျက်"အောင်ရမည်။ အောင်ရမည်"ဟု ကြွေးကြော်လိုက်လေသည်။

ထို့နောက်တွင် ရဲဘော်အောင်ဝင်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီဥက္ကဋ္ဌကြီး သခင်သန်းထွန်း၏ "မေတ္တာထားအပ်ပါသောအစ်မတော်" အတွက် သဝဏ်လွှာကို ယူဆောင်လျက် ရှမ်းပြည်သို့ ခရီးထွက်ခွာ၍ လာခဲ့လေတော့သည်။

ထိုအချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ ဥက္ကဋ္ဌကြီးသခင်သန်းထွန်းသည် လက်ကိုဝေ့ရမ်း၍ နေခဲ့လေတော့သည်။

× × × ×

သခင်သန်းထွန်းတို့နှင့် ပီကင်းပြန် အုပ်စုသည် ဗဟိုကော်မီတီဆုံးဖြတ်ချက် သဘောထားများကို ဘေးချိတ်၍ ဤအတိုင်းပင် ထင်ရာစိုင်းလျက် ရှိကြသည်။

၆၄-ခုနှစ် ဗဟိုကော်မီတီ အစည်းအဝေးက နောက်အကြိမ် ဗဟိုကော်မီတီ အစည်းအဝေးကို (၆၇)ခုနှစ်တွင် ကျင်းပရန် အားလုံးသဘောတူဆုံးဖြတ်ချက်ချခဲ့သည်။

"ဆုံးဖြတ်ချက် အမှတ် ၃၀။

ဗဟိုကော်မီတီအစည်းအဝေးကို ၂-နှစ်တကြိမ် မဟုတ်ပဲ၊ ၃-နှစ်တကြိမ်ကျင်းပရန်ဆုံးဖြတ်သည်။နောက်အစည်းအဝေးကို (၆၇)ခုနှစ်တွင် ကျင်းပရန်။

မဲ၊အားလုံး သဘောတူ ဆုံးဖြတ်သည်"။

(၁၉၆၄-ခုနှစ် ဗဟိုကော်မီတီ အစည်းအဝေး ဆုံးဖြတ်ချက် မှရင်းမှ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်းတို့နှင့် ပီကင်းပြန်အုပ်စုသည် ယင်းဗဟိုကော်မီတီဆုံးဖြတ်ချက်ကိုအလေးမထားဘေးချိတ်၍ပင်ထားလိုက်ကြသည်။ဗဟိုကော်မီတီအစည်းအဝေးအတွက် မည်သို့မှပြင်ပြင်ဆင်ဆင်ပြုလုပ်သည်လည်းမတွေ့ရ။ ထို့ကြောင့် ဗဟိုကော်မီတီအချို့က အစည်းအဝေးအတွက် နှိုးဆော်သောအခါ (ဗဟိုကော်မီတီ အစည်းအဝေးခေါ်နိုင်တဲ့ အခြေအနေမရှိပဲ၊ အစည်းအဝေးခေါ်၍ မဖြစ်နိုင်)ဟူ၍ပင် ပြောလာပြန်သည်။

တဖက်ကလည်း သခင်သန်းထွန်းတို့နှင့် ပီကင်းပြန်အုပ်စုသည်လျှို့ဝှက်ကျစ်လစ်စွာလှုပ်ရှားရာမှ ပြောင်အတိအလင်းပင် လှုပ်ရှားလုပ်ဆောင်လာကြသည်။

၁၉၆၇-ခုနှစ် ဧပြီလ(၄)ရက်နေ့ည(၈)နာရီတွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင် တပ်နီလူငယ်လေးများသည် ဝါးမီးတုတ်များကို ကိုင်ဆောင်၍ "၅၅-ပြန်ပြင်ရေးသမားတွေကို ထုတ်ပစ်၊ သတ်ပစ်"ဟူ၍ ကြွေးကြော်နေကြ၏။ ဆူညံ၍နေလေသည်။

ထို့နောက် တပ်နီလူငယ်များသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အခြေခံလုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေအစည်းအဝေးသို့ တက်ရောက်၍ နေကြလေသည်။

ယင်းမှာ အခြေခံလုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေကို ထိုအစည်းအဝေး၌ ကန့်ကွက်မည့် ရဲဘော်ဘခက်အား အကြပ်ကိုင်ရန်နှင့် ဖိအားပေးရန်အတွက် ခြိမ်းခြောက်ခြင်းဖြစ်၏။ တချိန်တည်းတွင် နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တို့အား တပ်နီလူငယ်များနှင့် ဖိအားပေး၍ အကြပ်ကိုင်ရန်လည်းဖြစ်လေသည်။

ထိုအစီအစဉ်တခုလုံးအား တိုက်ရိုက်ညွှန်ကြား၍ ရှေ့ဆောင်သူများမှာ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့ဖြစ်၏။ ရဲဘော်ထွန်းရှိန်(ခ)ဖေငြိမ်းနှင့် ဗိုလ်ထွန်းငြိမ်းတို့မှာမူ လက်တွေ့ဦးစီးခေါင်းဆောင်သူများဖြစ်လေသည်။

ယင်းသို့သော အပြုအမူ လှုပ်ရှားမှုများနှင့် ပတ်သက်၍ ရဲဘော်ဌေးသည် ၁၉၆၇ ခုနှစ်ဧပြီလ(၅)ရက်နံနက်(၆)နာရီတွင် ဗဟိုကော်မီတီ ဥက္ကဋ္ဌသခင်သန်းထွန်းထံသို့ ချက်ချင်းပင် တိုက်ရိုက် စာရေး၍ အလေးအနက် တောင်းဆိုလိုက်လေသည်။

"ဥအန

ညက ဒီမနက် အစည်းအဝေးလုပ်ရန် တောင်းဆိုသည်ကို အခြေအနေအရ နောက်မှ ဆွေးနွေးရန် သဘောထားပါသည်။

သို့သော် ညကအဖြစ်အပျက်ကို ကန့်ကွက်ပါသည်၊ အစည်းအဝေးသို့တရားဝင်တက်ရောက်ရသူများမဟုတ်ပဲ ဤကဲ့သို့ လာလုပ်ခြင်းမှာ တရားမဝင်။ ပါတီ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဝင်များကိုလည်းကောင်း၊ ဗဟိုကော်မီတီ အစည်းအဝေးကိုလည်းကောင်း၊ အကြပ်ကိုင်ခြင်း၏အစဖြစ်ပါသည်။

၁၅-လမ်းစဉ်ကိုစ ဗိဘီကပင်မဆုံးဖြတ်ရသေးမီ တရားဝင်သဘောထားများ မချရသေးမီ၌ပင် ၁၅-လမ်းစဉ်နှင့်ပတ်သက်သော လှုပ်ရှားမှုကို စပြီဖြစ်ရာ၊ ရှုတ်ချမှုများလုပ်လာရာ စည်းကမ်းဖောက်ခြင်းဖြစ်သည်။

ဥက္ကဋ္ဌမှ သဘာပတိအနေဖြင့် မတားသည်မှာ တာဝန်ပျက်ကွက်သည်။

ဤကိစ္စမှာ အလိုအလျောက် ဖြစ်ခြင်းမဟုတ်ပါ။ ပါတီဝင်တစုက ကြိုတင်ပြင်ဆင် စည်းရုံးလုပ်ခြင်းသာဖြစ်သည်။ အလိုအလျောက် ဖြစ်ပေါ်မှုဟု ပြောကြလျှင် လက်မခံပါ။ လိမ်ခြင်းသာ ဖြစ်ပါသည်။

ဤကိစ္စမှာ ၆၇-တရုပ်ပြည်မဟာယဉ်ကျေးမှု တော်လှန်ရေးကိစ္စ (ဗိဘီ) ဆုံးဖြတ်ချက်၏ ရုပ်လုံးကို ဖော်ပြသော ကြံရွယ်ချက်ကို ဖော်ပြသော လုပ်ရပ်ဖြစ်ပါသည်။ စတင်အကောင်အထည် ဖော်ခြင်းဖြစ်သည်။

အယူအဆမတူသူများကို ချောက်လှန့်မှု အကြပ်ကိုင်မှုသည် ပါတီ စည်းမျဉ်းကို ဖောက်ဖျက်ခြင်းသာဖြစ်သည်။ အလံနီဝါဒသာဖြစ်သည်။

ယနေ့မနက် အစည်းအဝေးတွင်ထပ်မံမဖြစ်ပွားအောင် တားမြစ်ရန်တောင်းဆိုသည်။ ဤလှုပ်ရှားမှုမျိုး ထပ်မပေါ်အောင် တားမြစ်ရန် တောင်းဆိုသည်။

ထွန်းအောင်
၅/၄။"

ဤသည်မှာ ဗဟိုကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းထံသို့ ဗဟို ကော်မီတီအတွင်းရေးမှူး ရဲဘော်ဌေး၏ နောက်ဆုံးတောင်းဆိုချက်ပင်ဖြစ်လေသည်။

(မှတ်ချက်။ ။ထိုစဉ်က ရဲဘော်ဌေးအား "ဦးစိန်" ဟူ၍လည်းကောင်း၊ "ဦးထွန်းအောင်" ဟူ၍လည်းကောင်း လျှို့ဝှက်နာမည်များ ပြောင်း၍ပေးထားပါသည်။ စာရေးသူ။)

သို့သော် သခင်သန်းထွန်းတို့အုပ်စုသည် ရဲဘော်ဌေး၏ တောင်းဆိုချက်ကိုလည်းအလေးမထား၊၁၉၆၇-ခုနှစ်ဗဟိုကော်မီတီအစည်းအဝေးကိုဆုံးဖြတ်ချက်အတိုင်း ခေါ်၍လည်းမပေး။ ၁၉၆၇ ဧပြီလ(၂၇) ရက်နေ့တွင်မှ ပါတီတွင်း လက်နက်အားကိုး အာဏာသိမ်းမှုကြီးကိုသာ အတင့်ရဲစွာ ပြုလုပ်လိုက်ကြလေတော့သည်။

ဤသည်မှစ၍ ဗမာပြည်ကွန်မြူနစ်ပါတီ၏ သမိုင်းမှာ တခန်းရပ် သွားချေတော့သည်။

* * *

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ဌေး၏ လက်ရေးမူ



ရဲဘော်ဌေး၏ သခင်သန်းထွန်းသို့ နောက်ဆုံးတောင်းဆိုချက်မူရင်း

၁၃

ထိုးစစ်ကို ထိုးစစ်ဖြင့် ချေမှုန်းရမည်

(၁) မဟာမေ့ဒ်စီတုံး၏ စစ်ရေးအတွေးအခေါ်

"ရဲဘော်မေ့ဒ်စီတုံးသည် ငါတို့ခေတ်၏ အကြီးမြတ်ဆုံးသော မာ့က်စ်လီနင်ဝါဒသမားကြီးဖြစ်သည်၊ ရဲဘော်မေ့ဒ်စီတုံးသည်မာ့က်စ်လီနင်ဝါဒကိုအမွေဆက်ခံလျက် ထိန်းသိမ်းကာကွယ်ပြီး ပါရမီဉာဏ်ပြည့်စုံစွာဖြင့် ထိုးထွင်းတည်ထွင်ကာ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက် စေခဲ့သည်။ မာ့က်စ်လီနင်ဝါဒကို လုံးဝအသစ်ဖြစ်သော အဆင့်သစ်သို့ မြှင့်တင်နိုင်ခဲ့သည်။ မေ့ဒ်စီတုံး အတွေးအခေါ်သည် နယ်ချဲ့ခေတ်လုံးဝပြိုကွဲရေးသို့ ရွေ့ရှူနေသော ခေတ်၊ ဆိုရှယ်လစ်စံနစ်က ကမ္ဘာနှင့်အဝှမ်းအောင်ပွဲခံရေးသို့ ရွေ့ရှူနေသောခေတ်၏ မာ့က်စ်လီနင်ဝါဒပင်ဖြစ်သည်။

မေ့ဒ်စီတုံးအတွေးအခေါ်သည် တရုပ်ပြည်တွင်သာမက မာ့က်စ်ဝါဒ ဖြစ်ပေါ်တိုးတက်မှုသမိုင်း၌ အဆင့်သစ်နေရာတွင် တည်ရှိနေသည်ကိုလည်း အတိအကျပင်သတ်မှတ်လိုက်သည်။ ယခုခေတ်တွင် မေ့ဒ်စီတုံး အတွေး အခေါ်သည် အနိုင်နိုင်ငံကွန်မြူနစ်လှုပ်ရှားမှု၏ ရှေ့ဆောင် လမ်းညွှန် အတွေးအခေါ်ပင် ဖြစ်သည်။"

(အခြေခံလုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေ ရှင်းလင်းချက်စာတမ်းမှ)

ဤသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ၏ နောက်ဆုံးအခြေခံ လုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေအား ရှင်းလင်းသည့် စာတမ်းတွင် ဗမာပြည် ကွန်မြူနစ်ပါ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တီ၏ လမ်းညွှန်အတွေးအခေါ် ခံယူချက်နှင့် ပတ်သက်၍ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့က တာဝန်ခံ၍ ရေးသားတင်ပြခဲ့ခြင်းဖြစ်၏။ ယင်းရှင်းလင်းတင်ပြချက် စာတမ်းကို နိုင်ငံရေးဦးဆောင်အဖွဲ့ကလည်း အတည်ပြုခဲ့ပြီး ဖြစ်သည်။

ဆက်လက်၍လည်း သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီး တို့က မော်စီတုံးအတွေးအခေါ်သည် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဗမာပြည်တော်လှန်ရေး အတွက် "တခုတည်းသော လမ်းညွှန် အတွေးအခေါ်နှင့် မီးရှူးတန်ဆောင်" ဖြစ်သည်ဟူ၍လည်း....ဖော်ထုတ်ခဲ့ကြလေသည်။

> "ဗမာပြည်ကွန်မြူနစ်ပါတီသည်မာ့က်စ်အိန်ဂဲလ်လီနင် စတာလင်တို့၏ဩဝါဒများကဲ့သို့ပင် မော်စီတုံး၏ဩဝါဒများကိုလည်း ဗမာပြည်ကွန်မြူနစ်ပါတီ၏ ရှေ့ဆောင်လမ်းညွှန်အဖြစ်ခံယူကျင့်သုံး သွားမည်ဟု ၁၉၄၈-ခုနှစ်မှ စ၍သဘောထားခဲ့သည်။ သို့ရာတွင် ယနေ့အခြေအနေ၌ ဤ မျှနှင့်မလုံလောက်တော့ပေ။
>
> မော်စီတုံးအတွေးအခေါ်သည် ဗမာပြည် တော်လှန်ရေး အောင်ပွဲ၏ တခုတည်းသော လမ်းညွှန် အတွေးအခေါ်ပင်ဖြစ်သည်။အထူးသဖြင့် ကြီးမြတ်သောခေါင်းဆောင်ကြီး မဟာမော်စီတုံး၏ ပစ္စည်းမဲ့ပါတီ တည်ဆောက်ရေးတရား ပစ္စည်းမဲ့တပ်မတော် တည်ဆောက်ရေးတရား၊ ပြည်သူ့စစ် သဘောတရားတို့သည် ဗမာပြည်တော်လှန်ရေးအောင်ပွဲခံရေး၏ အာမခံချက်အတွက် မီးရှူးတန်ဆောင်ပင်ဖြစ်သည်။
>
> သို့ဖြစ်၍ ဗမာပြည်၌ မဟာမော်စီတုံးအတွေးအခေါ်ကို ဆန့်ကျင် ခြင်းသည် မာ့က်စ်ဝါဒ လီနင်ဝါဒကို ဆန့်ကျင်ခြင်းဖြစ်သည်။ ကမ္ဘာ့ပစ္စည်းမဲ့ တော်လှန်ရေးကို ဆန့်ကျင်ခြင်းဖြစ်သည်။ ထို့ပြင်မာ့က်စ်ဝါဒ လီနင်ဝါဒကိုလက်ခံသည်ဟု ဆိုပြီး မဟာမော်စီတုံးအတွေးအခေါ်ကို ငြင်းဆန်လျှင်၊သို့မဟုတ် ဆန့်ကျင်လျှင် အချောင်သမားဝါဒဖြစ်သည်။ ပြန်လည် ပြင်ဆင်ရေးဝါဒသမားဖြစ်သည်။
>
> ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီသည် မဟာမော်စီတုံးအတွေးအခေါ်ကို ဆန့်ကျင်သူမှန်သမျှအား ပြတ်ပြတ်သားသား တိုက်ခိုက် သွားရမည်။ ချေမှုန်းသွားရမည်၊ သုတ်သင်သွားရမည်။"
>
> (အခြေခံလုပ်ငန်းစဉ်နှင့် စည်းမျဉ်းဥပဒေ ရှင်းလင်းချက် စာတမ်းမှ။)

ယင်းသို့ ဗမာပြည် ကွန်မြူနစ်ပါတီ၏ အခြေခံလုပ်ငန်းစဉ်နှင့် စည်း မျဉ်းဥပဒေကို မဟာမော်စီတုံး အတွေးအခေါ်၏ လမ်းညွှန်မှုအောက်တွင် ရေးဆွဲနိုင်ခဲ့သဖြင့်ဗမာပြည်တော်လှန်ရေးစစ်သမိုင်း၏ "သမိုင်းအလှည့် အပြောင်းကြီး" ဖြစ်သည်ဟုလည်း ဖော်ထုတ်ခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်းသည် ဗမာပြည် ကွန်မြူနစ်ပါတီ၏ နောက်ဆုံး အခြေခံလုပ်ငန်းစဉ်နှင့် ပတ်သက်၍လည်း ဤသို့ပြောကြားခဲ့လေသည်။

"(၈) ကိုယ်တိုင်ပါဝင်ရေးဆွဲတဲ့အခြေခံလုပ်ငန်းစဉ်

ဒီနေရာမှာ ကျနော်တို့ဟာ လက်တွေ့ ဘယ်လောက် ကျ တယ် ဆို တာ ပြောချင်တယ်။

အရင်တုန်းက ကျနော် တို့ပါတီမှာ ဘယ်လိုဖြစ်ခဲ့သလဲ။

ကျနော်တို့ပါတီရဲ့ လုပ်ငန်းစဉ်တွေ လမ်းစဉ်တွေကို ကျနော်တို့ရဲ့ ဝိုင်းပြည်မှာမရေးခဲ့ဘူး။

၄၈-ခုနှစ်မတိုင်ခင်ကဆိုရင် ကျနော်တို့ပါတီရဲ့ လုပ်ငန်းစဉ်တွေကို ဘုံဘိုင်မှာရေးတယ်။ ဘုံဘိုင်ဆိုတာ အိန္ဒိယပြည်မှာပဲ။ ဘုံဘိုင်မှာဘာဖြစ်လို့ရေးသလဲ။ ဟိုတုန်းကတော့ အိန္ဒိယကွန်မြူနစ်ပါတီ အခုတော့ အိန္ဒိယပြန်လည်ပြင်ဆင်ရေးသမားတွေရဲ့ ဗဟိုဌာနချုပ်ရှိတဲ့နေရာပေါ့၊ ဂိုရှီတို့ အဒီကာရီဆိုတဲ့ အိန္ဒိယ ပြန်လည်ပြင်ဆင်ရေးသမားတွေနဲ့ ပေါင်းပြီး ကျွန်တော်တို့ပါတီရဲ့ လမ်းစဉ်ဆိုတာတွေ ရေးခဲ့ကြတယ်။

၄၈-ခုနှစ်နောက်ပိုင်းကျတော့ ကျနော်တို့ပါတီရဲ့ လမ်းစဉ်လို့ တံဆိပ်တပ်ထားတဲ့ စာတမ်းတွေက မော်စကိုမှာ ရေးတာ ဖြစ်တယ်။ မော်စကို ဆိုတာကတော့ ရုရှားပြည် ပြန်လည်ပြင်ဆင်ရေးသမားတွေရဲ့ဗဟိုဌာနချုပ်ဖြစ်တယ်။

ခင်ဗျားတို့ လေးလေးနက်နက် စဉ်းစားရင် ကျနော်တို့ပါတီရဲ့ ဒီကနေ့ အခြေခံလုပ်ငန်းစဉ်ဟာ ရန်ကုန်မြစ်ကမ်းပေါ်မှာ ရေးတယ်ဆိုတာတွေ ရလိမ့်မယ်။ ကျနော်တို့လမ်းစဉ်ဟာ ဘုံဘိုင်မှာ မော်စကိုမှာ ရေးတာ မဟုတ်ဘူး။

နောက်တခုကတော့ ကျနော်တို့ပါတီရဲ့ အခြေခံလုပ်ငန်းစဉ်ဟာ ခင်ဗျားတို့ကိုယ်တိုင် ရေးထားတယ်ဆိုတာပဲ။"

(ဗမာပြည် ကွန်မြူနစ်ပါတီ၏ အခြေခံလုပ်ငန်းစဉ်နှင့်ပတ်သက်၍ သခင်သန်းထွန်း၏မိန့်ခွန်းမှ)

(မှတ်ချက်။ ။သခင်သန်းထွန်း၏ "ပါတီရဲ့ ဒီကနေ့အခြေခံ လုပ်ငန်းစဉ်ဟာ ရန်ကုန်မြစ်ကမ်းပေါ်မှာ ရေးတယ်" ဆိုသည့် ရည်ညွှန်းချက်မှာ ဗမာပြည် ကွန်မြူနစ်ပါတီ၏နောက်ဆုံးအခြေခံလုပ်ငန်းစဉ်ကို ၁၉၆၇-ခုနှစ် ဧပြီလ ပထမပတ် အတွင်းတွင် ဒုတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်း၌ "ပါတီ၏ကွန်ဂရက် အခွင့်အာလာ" ရှိသည်ဟုဆိုကာ ချမှတ် အတည် ပြုခဲ့ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်း၏ လက်ရေးမူ



အခြေခံလုပ်ငန်းနှင့် ပြည့်ဖွင့်ပတ်သက် [illegible] ခင်သန်းထွန်း၏ မိန့်ခွန်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းအခြေခံ လုပ်ငန်းစဉ်ကို ချမှတ် အတည်ပြုသည့်နေရာမှာ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့၏ နယ်စပ်ဖြစ်သော ပဲခူးရိုးမတောင်အွယ် ပန်းတောင်း မြေရင်းမှ ကွင်းသာချောင်းဖျား၏ ကမ်းပါးတွင်ဖြစ်သည်။ ထိုကွင်းသာချောင်း သည် ဆင်ဆွဲချောင်းအတွင်းသို့ စီးဝင်သည်။ တဖန် ဆင်ဆွဲ ချောင်းသည် တောင်ညိုချောင်းမကြီးအတွင်းသို့စီးဝင်သည်။နောက်ဆုံးတွင် တောင်ညိုချောင်း မသည် ဖိုးသာအောင်ကုန်းမှတဆင့် မြစ်မချောင်းအဖြစ် စီးဆင်းပြီး လှိုင်မြစ် အဖြစ် စီးဆင်းလာသည်။ ယင်းလှိုင်မြစ်သည် ရန်ကုန်မြစ်ဖြစ်လာပြီး ရန်ကုန် မြို့တော်အနီးမှ ပင်လယ်ထဲသို့ စီးဆင်းပါသည်။

ထို့ကြောင့် ရန်ကုန်မြို့ကမ်းခေါင်တွင် ရေးသည်ဟု ဆိုခြင်းဖြစ်ပါသည်။
စာရေးသူ။)

ထိုသို့ သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အခြေခံ လုပ်ငန်း စဉ်နှင့်ပတ်သက်၍ ညွှန်ပြလိုက်လေသည်။

ထို့နောက်တွင် သခင်သန်းထွန်းသည် "မောင်စီတိုး၏ ပြည်သူ့စစ်တပ်" ဆိုသည်နှင့် ပတ်သက်၍လည်း ဦး ဦးပြင် အလေးအနက် ဖော်ထုတ်လိုက် လေသည်။

"မောင်စီတိုးရဲ့ ပြည်သူ့စစ်တပ်က ဒီလိုဖြစ်တယ်။
ပဏ္ဍည်းမှဲ့သူတန်းစားပေါ်ဆိုက....

- လယ်သမားကို စည်းရုံးရမယ်။
- ပြောက်ကျားစစ်ကို ဆင်နွှဲရမယ်။
- မြေယာတော်လှန်ရေး လုပ်ရမယ်။
- ကျေးလက်အခြေခံဒေသကို တည်ဆောက်ရမယ်။
- မြို့တွေကိုဝိုင်းရမယ်။
- မြို့တွေကိုသိမ်းရမယ်။
- တပြည်လုံး အာဏာသိမ်းရမယ်။

တခုလုံးချုပ်လိုက်ရင် အဓိပ္ပာယ်က ပဏ္ဍည်းမဲ့ လူတန်းစားပါတီဟာ လယ်သ မားလူထုကို စည်းရုံးပြီး ရေရှည်တော်လှန်စစ်ကို ဆင်နွှဲဖို့ဖြစ်တယ်၊

လီနင်ရဲ့ သင်ကြားချက် အကြမ်းဖက်တော်လှန်ရေးလို့ တိုတိုပဲဖော်ပြတယ်။ မောင်စီတိုးက ကမ္ဘာ့အခြေအနေ ပြည်တွင်းအခြေအနေတွေ သုံးသပ်ပြီး ပြည့် ပြည့်စုံစုံ ဖော်ထုတ်ထားတာဖြစ်တယ်။ မောင်စီတိုးရဲ့ အတွေးအခေါ်ဟာ လီနင် ဝါဒမှာကိုတဆင့်တိုးပွားသွားတာ တဆင့်မိုးတက်သွားတာ ဖြစ်တယ်။

မောင်စီတိုးရဲ့ ပြည်သူ့စစ်လမ်းကြောင်းဟာ တကမ္ဘာလုံးက အဖိနှိပ်ခံ ပြည်သူတွေအဖိနှိပ်ခံလူမျိုးတွေ လိုက်ရမဲ့လမ်းဖြစ်တယ်။"

(မောင်စီတိုး၏ ပြည်သူ့စစ်တရားနှင့်ပတ်သက်သော သခင်သန်းထွန်း၏ မိန့်ခွန်းမှ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်း၏ လက်ရေးမူ



မဟာမေဒ်ိစိတုံး၊ ပြည်သူ့စစ်တရားနှင့်ပတ်သက်သော သခင်သန်းထွန်း၏ မိန့်ခွန်းမူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၇-ခုနှစ် ဇူလိုင်လ ဒုတိယပတ်အတွင်းတွင် ဖြစ်လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် စခန်းသည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ၌ စခန်းချ၍ထားပေသည်။

ယင်းဗဟိုဌာနချုပ်စခန်း၌ဗမာပြည်ကွန်မြူနစ်ပါတီ၊ဗဟိုကော်မီတီဥက္ကဋ္ဌနှင့် ဗဟိုစစ်ကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းသည် ဗမာပြည် လက်နက်ကိုင် တော်လှန်ရေး ဖြစ်ပေါ်တိုးတက်မှု၏ အဆုံးသတ် အောင်ပွဲအတွက် သေနင်္ဂဗျူဟာ သဘောဆောင်သော စစ်ရေးဆိုင်ရာ လမ်းညွှန်မှုနှင့် မဟာ ဩဝါဒတရပ်ကို မိန့်ကြားခဲ့၏။ ယင်းမှာ "ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့် ချေမှုန်းရမည်" ဟူ၍ ဖြစ်လေသည်။

"ငါတို့ကို ရန်သူက ဝိုင်းပတ်ချေမှုန်းရေးလုပ်တာကို ငါတို့က ပြန်လည်ဝိုင်းပတ်ချေမှုန်းရေးလုပ်တာဟာ တရုပ်ပြည်တော်လှန်ရေးရဲ့ ဖြစ်ပေါ်တိုးတက်မှု တရားဖြစ်တယ်လို့ ကြီးမြတ်တဲ့ မဟာမော်စီတုံးက သင်ကြားခဲ့တယ်။ နောက်ပြီးတော့ မော်စီတုံးက အလေးအနက်ထားပြီး သင်ကြားခဲ့တာ ရှိသေးတယ်။ အဲ့ဒီသင်ကြားချက် ကတော့....

စစ်ဆင်ရေးတွေရဲ့ လမ်းညွှန်မှုအားလုံးဟာ အခြေခံမူတခုက နေပြီးတော့ ပေါ်ပေါက်လာတာဖြစ်တယ်။ အဲဒါဟာ မိမိအင်အားကို ထိန်းသိမ်း ဖို့နဲ့ ရန်သူကို ချေမှုန်းဖို့ အစွမ်းကုန် လုပ်ဆောင်ရမယ်ဆိုတာပဲ။

နောက်သင်ကြားတာလဲ ရှိသေးတယ်၊ အဲ့ဒါက လူတယောက်ရဲ့ လက်ဆယ်ချောင်းကို အနာတရဖြစ်စေတာဟာ လက်ချောင်းတချောင်းကို ဖြတ်ပစ်ရသလောက် ထိရောက်မှုမရှိဘူး။အဲ့ဒါလိုပဲ ရန်သူရဲ့ တပ်မဆယ်တပ်ကို ဖရိုဖရဲဖြစ်သွားစေတာဟာလဲရန်သူတပ်မတတပ်ကိုချေမှုန်းပစ်သလောက် ထိထိရောက်ရောက် မဖြစ်ဘူးဆိုပြီးလဲ အလေးအနက် သင်ကြားခဲ့တယ်။

အခုကျွန်တော်တို့ဟာ မော်စီတုံးရဲ့ သင်ကြားချက်တွေကို အခြေခံပြီးတော့ ဗမာပြည်တော်လှန်ရေးအတွက် သေနင်္ဂဗျူဟာ စစ်ရေး လမ်းညွှန်တရပ်ကို ချမှတ်ဖို့ဟာ အရေးတကြီးလိုအပ်နေတယ်။

ကနေ့ဗမာပြည်ရဲ့ လက်နက်ကိုင် တော်လှန်ရေးရဲ့ ဖြစ်ပေါ် တိုးတက်မှု အရှိန်ဟာ အဆုံးအဖြတ်ပိုင်းကို ရောက်နေပြီဖြစ်တယ်။

ဒါကြောင့် ဒီအခြေအနေမှာ ကျွန်တော်တို့ပါတီဟာ ထိုးစစ် စိတ်ဓာတ်နဲ့ ရန်သူကို ထိုးစစ်ဆင်သွားရမယ်။ ချေမှုန်းသွားရမယ်။ တနည်းပြောရရင် ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်နဲ့ ချေမှုန်းသွားရမယ်ဆိုတာပဲ။

ဒါဟာ မော်စီတုံး အတွေးအခေါ်ရဲ့ ဂုဏ်ရောင်ပြောင်မှုဖြစ်တယ်။ဗမာပြည် တော်လှန်ရေး အောင်ပွဲခံဖို့အတွက် အာမခံလိုက်တာဖြစ်တယ်လို့ နားလည်ကြဖို့လိုမယ်။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုသို့ သခင်သန်းထွန်းသည် မော်စီတုံး၏ ဩဝါဒများကိုရှင်းလင်းပြီးနောက် ဗမာပြည်တော်လှန်ရေး၏ သေနင်္ဂဗျူဟာဆိုင်ရာ စစ်ရေး လမ်းညွှန်မှုဖြစ်သည့် "ရန်သူ့ ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့် ချေမှုန်းရမည်" ဟူသော ကြွေးကြော်သံကို တခဲနက်ပင် ထုတ်ဖော်လိုက်လေသည်။

ယင်း "ရန်သူ့ ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့် ချေမှုန်းရမည်" ဟူသော ကြွေးကြော်သံသည် ဗမာပြည်ကွန်မြူနစ်ပါတီတရပ်လုံးမှ လက်တွေ့လိုက်နာ ကျင့်သုံးရမည့် လမ်းညွှန်ပေါ်လစီပင်ဖြစ်သည်။ ထိုလမ်းညွှန်ပေါ်လစီသည် ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေး၏ သေနင်္ဂဗျူဟာဆိုင်ရာ ကြွေးကြော်သံ အဖြစ်ဖြင့် ဖော်ထုတ်လိုက်သဖြင့် ခြွင်းချက်မရှိတော့ပေ။ ပါတီဝင်တိုင်း၊ကေဒါတိုင်းသည် အကြွင်းမဲ့သာ လိုက်နာရမည်။ နာခံရမည်ဖြစ်လေသည်။

ဤကြွေးကြော်သံကို သခင်သန်းထွန်းနှင့် တော်လှန်သော ဗဟိုကော်မီတီ အဖွဲ့မှ ဆုံးဖြတ်၍ချမှတ်လိုက်ခြင်းဖြစ်သည်။

တော်လှန်သော ဗဟို ကော်မီတီဆိုသည်မှာ တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် (၃)ဦးနှင့် ပီကင်းပြန်နှစ်ဦး ပါဝင်ကြလေသည်။

ယင်းတို့မှာ....

(၁) သခင်သန်းထွန်း

(၂) သခင်ဇင်

(၃) သခင်ချစ်

(၄) ရဲဘော်အောင်ကြီး

(၅) သခင်ပု....တို့ဖြစ်ကြသည်။

"ရန်သူ၏ထိုးစစ်ကို ငါတို့၏ထိုးစစ်ဖြင့် ချေမှုန်းရမည်"ဟူသော လမ်းညွှန် ပေါ်လစီသည်ဗမာပြည် လက်နက်ကိုင် တော်လှန်ရေး၏ အဆုံးသတ်အောင်ပွဲ ကိုအာမခံလိုက်သည်။ ဗမာပြည်အတွက် မဟာမော်စီတုံး အတွေးအခေါ်၏ အထွက်ပစ္စည်း ဖြစ်သည်ဟု ဗဟို မာ့က်စ်လီနင်ဝါဒ ကျောင်းဆရာအဖွဲ့မှတင်ပြ ကြလေသည်။

ထို့ပြင် ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့် ချေမှုန်းရမည်ဟူသော လမ်းညွှန် ပေါ်လစီသည် မျက်မှောက်ဗမာပြည်၏ ရုပ်ဘဝတောင်းဆိုချက်ကို အကောင်း ဆုံး ဖြည့်စွမ်းခြင်းပင် ဖြစ်သည်ဟုလည်း တင်ပြကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမှန်စင်စစ်အားဖြင့် တော်လှန်သော ဗဟိုကော်မီတီသည် ယင်း စစ်ရေး လမ်းညွှန်ပေါ်လစီကို ၁၉၆၅-ခုနှစ်တွင် ချမှတ်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ အခြေအနေအကဲဖြတ်ချက်ကို အခြေခံ၍ ချမှတ်လိုက်ခြင်း ဖြစ်လေသည်။

၁၉၆၅-ခုနှစ် နိုင်ငံရေးဦးဆောင်အဖွဲ့၏ အခြေ အနေ အကဲ ဖြတ်ချက်၌ "ဗမာပြည်တော်လှန်ရေးသည် အဟုန်ပြင်းစွာဖြင့် တရှိန်ထိုး တိုးတက်နေသည်။ ရန်သူနေဝင်းအစိုးရသည် တအားကြောက်ပြစ်နေပြီ။ ပေါက်ကွဲအံ့ဆဲဆဲ မိုင်းဗုံး ကြီးပေါ်တွင် ထိုင်နေရသူကဲ့သို့ ဖြစ်နေသည်။ ကြေးစည်ကလေးထု၍ အမျှဝေ ရုံသာ ကျန်တော့သည်။ အာဏာသိမ်းရေးသည် လက်တကမ်းသာ လိုတော့ သည်။ နေဝင်းကို အရှင်ဖမ်းရမည်။ အပြတ်ချေမှုန်းနိုင်တော့မည်" ဟူသော အခြေအနေ အကဲဖြတ်ချက်များပင် ဖြစ်လေသည်။

ထို့နောက် သခင်သန်းထွန်းသည် မော်စီတုံးအတွေးအခေါ်၏ တိုက်တိုင်း အောင်တရားဖြစ်သည့်—

"ထိုးစစ်ကိုထိုးစစ်ဖြင့်ချေမှုန်းရမည်" ဟူသော ဩဝါဒကိုမိန့်ကြားရာ၌ အဓိ ကနှင့် အခြေခံကျသည့်တရားကြီး (၃)ပါးကို မိန့်ကြားခဲ့၏။ ယင်းတရားကြီး (၃)ပါးကိုလည်း မိမိတို့နားနှင့် မျက်စေ့ကဲ့သို့ စောင့်ရှောက်၍ အကြွင်းမဲ့ နာခံရမည်။ ခြွင်းချက်မရှိ လိုက်နာရမည်ဟု ညွှန်ပြသွား၏။ စွဲမြဲစွာ လုပ်ဆောင် သွားရမည်ဟုလည်း ညွှန်ကြားလေသည်။

> "ကွန်မြူနစ် ပါတီတရပ်အနေနဲ့ပဲဖြစ်ဖြစ်၊ ကွန်မြူနစ်ပါတီ ခေါင်း ဆောင်တွေနဲ့ကဒါတွေ အနေနဲ့ပဲဖြစ်ဖြစ် မမိုတ်မသုံ စွဲစွဲမြဲမြဲလိုက်နာ ရမဲ့တရား(၃)ပါးကိုပြောချင်တယ်။ နံပါတ်တစ်ကတော့ကွန်မြူနစ်ပါတီ တရပ်ဟာဆိုရင် တော်လှန်စစ်ကို အနိုင်တိုက်ဖို့ တော်လှန်စစ်ကို ဦးစီး တဲ့ပါတီဖြစ်ရမယ်။
>
> တော်လှန်စစ်ကာလမှာ တော်လှန်စစ်ကို ဦးမစီးတဲ့ပါတီဟာ ကွန်မြူ နစ်ပါတီရဲ့ ဂုဏ်အင်္ဂါနဲ့ပြည့်စုံတဲ့ ပါတီတရပ်ဆိုတာကတော့ ဘယ်လို နည်းနဲ့မှ မဖြစ်နိုင်ဘူး။
>
> ဒီကနေ့ ကွန်မြူနစ်ပါတီ ပီသသလား၊ မပီသဘူးလားဆိုတာဟာ တော်လှန်စစ်ကို ဦးစီးသလား၊ဦးမစီးဘူးလားဆိုတာပဲ။ စစ်မှန်တဲ့ ကွန် မြူနစ်ပါတီတရပ်သာဆိုရင် တော်လှန်စစ်ကို ဦးစီးရမယ်၊ အနိုင်တိုက်ရ မယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကို ပါတီတရပ်လုံးမှာရှိတဲ့ အဆင့်ဆင့်ပါတီ ကော်မီတီတွေ၊ကေ ဒါတွေနဲ့ ကျောရိုးတွေဟာ အလေးအနက် နားလည်ရမယ်။ တော်လှန် စစ်ထဲမှာ တိုက်ရိုက်ဦးစီးရှေ့ဆောင်ကြရမယ်။

နံပါတ်နှစ်ကတော့ ရန်သူရဲ့ ထိုးစစ်တွေကို ငါတို့ဟာ ရင်လဲဆိုင် နိုင်တယ်၊ အနိုင်လဲတိုက်နိုင်တယ်။ အနိုင်လဲတိုက်ရမယ်ဆိုတာကို လေး နက်ကြဖို့လိုတယ်။

ငါတို့အောင်ပွဲခံခါနီးအထိပဲ ရန်သူရဲ့ထိုးစစ်တွေကတော့ရှိနေမှာပဲ၊ ဒါကြောင့်မို့ အခုထိုးစစ်တွေရှိနေတယ်ဆိုတာ အဆန်းမဟုတ်ဘူး၊ ရန် သူဟာ နောက်ဆုံး သေခါနီးအထိ ကြောက်ကန် ကန်နေမှာဖြစ်တယ်။ အခုထိုးစစ်ကြီးတွေကိုပိုမိုပြီး လုပ်လာနေတယ်ဆိုတာကလဲ ကြောက်ကန် ကန်နေတဲ့သဘောပဲ။ သေခါနီးမီးခွက်ဟာ ပိုပြီးတော့ တောက်တတ် တယ်ဆိုတာ သဘာဝပဲ။

ကနေ့ဆိုရင် ရန်သူရဲ့ထိုးစစ်တွေကို ခုခံချေမှုန်းပြီးတော့ အောင်ပွဲ ခံမဲ့လမ်းနဲ့ ထွက်ပြေးတိမ်းရှောင်ရေး အညံ့ခံရေးဆိုတဲ့လမ်းနှစ်လမ်းရှိ တယ်။

ကျွန်တော်တို့ပါတီဟာ ကာလတခုအထိ ထွက်ပြေး တိမ်းရှောင် ရေး၊ အညံ့ခံရေးလမ်းကို လိုက်ခဲ့ကြတယ်။ မီးခိုးမဆုံး မိုးမဆုံးတောင် ထွက်ပြေးခဲ့ကြတယ်။

အဲ့ဒါဟာတော်လှန်ရေး ဖျက်ဆီးရေးလမ်း ၅၅-လမ်း၊ စိန်၊ ပိန် လမ်းနဲ့ ပြန်လည်ပြင်ဆင်ရေး လမ်းပဲဖြစ်တယ်။

အခုကျွန်တော်တို့ တကယ်လိုက်ရမဲ့ လမ်းကတော့ ထိုးစစ်ကို ထိုး စစ်နဲ့ ချေမှုန်းတဲ့လမ်းပဲ။ ဒါဟာရန်သူကို အနိုင်တိုက်ပြီးတော့ အောင် ပွဲခံမဲ့လမ်းဖြစ်တယ်။

နံပါတ်သုံးကတော့ တော်လှန်စစ်ကို ဆင်နွှဲတယ်ဆိုတာဟာ ရေ ရှည်ဆင်နွှဲရတာဖြစ်တယ်။ ဒါကြောင့် ဇွဲရှိရမယ်၊ကျားကုတ်ကျားခဲလုံး ပမ်းရမယ်ဆိုတာကို လေးနက်ဖို့အထူးလိုတယ်ဆိုတာပဲ။

ကျွန်တော်တို့ဟာ ရန်သူထက်အဆပေါင်းများစွာ အပင်ပန်း ခံနိုင် ရမယ်။ အဆင်းရဲခံနိုင်ရမယ်၊ ဥပမာဆိုရင် ရန်သူကတမိုင် လျှောက်ရင် ငါတို့ကနှစ်မိုင်လျှောက်မယ်ဆိုတဲ့ စိတ်ပိုင်းဖြတ်မှုရှိရမယ်။ ရန်သူကတိုက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပွဲတာပွဲပဲ၊တိုက်နိုင်ရင် ငါတို့က နှစ်ပွဲသုံးပွဲ တိုက်နိုင်ရမယ်။ရန်သူကတည မအိပ်ပဲနေရင် ငါတို့ကလဲ နှစ်ညသုံးညမအိပ်ပဲနေနိုင်ရမယ်။

ဒါတွေဟာ ရန်သူကို အောင်ပွဲခံနိုင်ဖို့အတွက် ပစ္စည်းမဲ့ လူတန်းစား ရဲ့အားမြှေးရဲ့ဇွဲနဲ့လုံ့လ၊ဝီရိယ ရှိဖို့လိုတယ်ဆိုတာပဲ။

ကနေ့ဆိုရင် ဗမာပြည် ကွန်မြူနစ်ပါတီကိုတရုပ်ပြည်သူ့လွတ်မြောက် ရေးတပ်မတော်က— "ဗမာပြည် လက်နက်ကိုင် တော်လှန်ရေးဟာ အနှစ် နှစ်ဆယ်တိုင်တိုင် ဇွဲရှိရှိနဲ့ ကြံ့ကြံ့ ခံနိုင်ရည်ရှိတယ်၊ သူမတူတဲ့ ဇွဲလုံ့လနဲ့ တော်လှန်ခဲ့ကြတယ်။ ဒါကြောင့်ကမ္ဘာမှာရော ဗမာပြည်မှာ ပါ၊ မိုးခြိမ်းသိမ့်သိမ့်တုန်စေခဲ့တယ်။" လို့ ချီးကျူးဂုဏ်ပြုခဲ့ကြတယ်။

ရှေ့မှာဆိုရင် ကျွန်တော်တို့ပါတီဟာ ပိုပြီးအနစ်နာခံတဲ့၊ပိုပြီးဇွဲရှိတဲ့၊ ပိုပြီးလုံ့လဝိရိယရှိတဲ့ ဝိဘ်ပိုင်းဖြတ်ချက်တွေနဲ့ ရန်သူကို တိုက်ခိုက် ချေ မှုန်းသွားဖို့ဟာ အရေးအကြီးဆုံးလုပ်ငန်း တာဝန်တွေဖြစ်တယ်။

အခုပြောခဲ့တဲ့ တရား (၃)ပါးကို အကြွင်းမဲ့ လိုက်နာတာဟာ ဗမာ ပြည် တော်လှန်ရေးအောင်ပွဲခံဖို့ ကျွန်တော်တို့ပါတီက အာဏာသိမ်းနိုင် ဖို့အတွက် တ့တိုင်း ရတဲ့ပြဒါးရှင်လုံး သုံးလုံးဖြစ်တယ် ဆိုတာကို အသေး အနက် နားလည်သဘောပေါက်ကြဖို့လိုတယ်-။"

ယင်းသို့ သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ "တ့တိုင်းရတဲ့ ပြဒါးရှင်လုံးသုံးလုံး" ကို ဇွဲမြဲမြဲထာဝစဉ်လိုက်နာကျင့်သုံးရေးနှင့် ပတ်သက်၍ ဩဝါဒကိုပေး၏။ ထို့နောက်တွင် သခင်သန်းထွန်းသည် ဗမာပြည် ကွန်မြူနစ် ပါတီအား ဗဟိုကော်မတီမှ ထိုးစစ်ဆင်နေသည့် "မော်နိုင်စင် သင်ရေး" နှင့် ပတ်သက်၍သဘောထားနှင့်အပြတ်ချက်ကိုလည်း ထည့်သွင်း မိန့်ကြားခဲ့လေ သည်။

"ဒီအပိုင်းမှာထိုးစစ်အခြေနေကိုတင်ပြသွားမယ်။

ဒီတကြိမ် ထိုးစစ်ဟာ မော်နိုင်စစ်ဆင်ရေးဖြစ်တယ်။ နာမည်ကိုက အပေါ်စီးယူထားတာဖြစ်တယ်။ ဒီစစ်ဆင်ရေးရဲ့ရည်ရွယ်ချက် အနေနဲ့ ဆိုရင် အလွန်အကြံကြီးတယ်။ ဒါဟာကမ္ဘာ့ပစ္စည်းမဲ့ တော်လှန်ရေးရဲ့ မီးရှူးတန်ဆောင်ဖြစ်တဲ့ မော်စီတုံးအတွေးအခေါ်အပေါ်အနိုင်ယူမယ် ဆိုတဲ့အကြံယုတ်ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီအကြံယုတ်ကိုအကောင်အထည်ဖော်ဖို့ဆိုရင် ရန်သူဟာ မော်စီတုံးအတွေးအခေါ် လက်နက်နဲ့ တပ်ဆင်ထားတဲ့ ကျနော်တို့ပါတီနဲ့ အဲဒီပါတီက ခေါင်းဆောင်ဆင်နွှဲနေတဲ့ တော်လှန်ရေးကိုချေမှုန်း ဖျက်ဆီးရမယ်။ ဒါကြောင့်ဒီထိုးစစ်ဟာ ကျနော်တို့ပါတီနဲ့တော်လှန်ရေးကို ချေမှုန်းပြီး ကျနော်တို့ပါတီနဲ့ တော်လှန်ရေးရဲ့ မီးရှူးတန်ဆောင်လဲ ဖြစ်၊ ကမ္ဘာ့ပစ္စည်းမဲ့ တော်လှန်ရေးရဲ့ မီးရှူးတန်ဆောင်လဲဖြစ်တဲ့ မော်စီတုံးအတွေးအခေါ်အပေါ် အနိုင်ယူဖို့ ဖြစ်တယ်။

ဒီမှာမော်စီတုံး အတွေးအခေါ်နဲ့ လက်နက် တပ်ဆင် ထားတဲ့ ကျနော်တို့ပါတီနဲ့ တပ်မတော်ဟာ မော်နိုင်စစ်ဆင်ရေးဆိုတဲ့ နာမည်ကို မပျက်-ပျက်အောင်ဖျက်ဖို့ လိုတယ်။ ဒီစစ်ဆင်ရေးကို မပျက်- ပျက်အောင် တိုက်ဖျက်ဖို့လိုတယ်။ ကျနော်တို့တုံ့ပြန် တိုက်ခိုက်မှုတွေဟာ မော်စီတုံး အတွေးအခေါ်က အနိုင်ရရေး၊ နေဝင်းဖက်ဆစ် အစိုးရ အပြုတ်ချရေးအတွက် ဖြစ်စေရမယ်။

ဒီထိုးစစ်ဟာ တိုင်းပြည်ရောင်းစားတာ၊ အမေရိကန် နယ်ချဲ့သမား အလိုကျ၊ ဆိုဗီယက်ပြန်လည်ပြင်ဆင်ရေးသမားတွေအလိုကျ၊ကွန်မြူနစ်ဆန့်ကျင်ရေး၊ ပြည်သူ့ဆန့်ကျင်ရေး၊ တော်လှန်ရေး ဖျက်ဆီးရေးနဲ့ တရုပ်အမျိုးသားနဲ့ တရုပ်ပြည်ဆန့်ကျင်ရေး ပေါင်းစပ်ပြီး လုပ်ဆောင်တာဖြစ်တယ်။

ထိုးစစ်ဟာ အနောက်ရိုးမ၊ ပဲခူးရိုးမနဲ့ ရှမ်းပြည် အရှေ့ရိုးမ ဆိုတဲ့ ရိုးမကြီး(၃)ခုကို စစ်ဆင်နေတာဖြစ်တယ်။ ဒီမှာလဲရိုး(၃)ရိုးထဲမှာပဲခူးရိုးမကို အဓိကထား ထိုးစစ်ဆင်နေတာဖြစ်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီထိုးစစ်ဟာ မုချပျက်စီးရမယ်။ ဘယ်နည်းနဲ့မှ မအောင်နိုင်ဘူး၊ ကျနော်တို့သာ တိုက်ခိုက်ချေမှုန်းရင်းနဲ့ မုချအောင်ပွဲဆင်ရမှာဖြစ်တယ်လို့ မြင်ဖို့လိုတယ်။

ဘာကြောင့်လဲဆိုရင်....

(၁) ကျနော်တို့ပါတီဟာ ပြန်လည်ပြင်ဆင်ရေး လွှမ်းမိုးတဲ့ ပါတီ မဟုတ်တော့ဘူး။ မကြာမီက ပါတီတွင်းမှာ(၁၆)နှစ်နီးပါး အတွေးအခေါ်အရ၊ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ လွှမ်းမိုးခဲ့တဲ့ "ခိန် ပိန် ပြန်လည်ပြင်ဆင်ရေးဂိုဏ်း"ကို ချေမှုန်းခဲ့တယ်။

ခုဆိုရင် ပါတီဟာ တော်လှန်စစ်ကို ဦးစီးတဲ့ ပါတီဖြစ်လာရပြီ၊ ဒေသပါတီအဆင့် အသီးသီး အနေနဲ့လဲ တော်လှန်စစ်ကို ဦးစီးတဲ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တော်လှန်စစ်ကို ပါဝင်တိုက်ခိုက်တဲ့ တိုက်စိတ်-ခိုက်စိတ် ဖွံ့ဖြိုးတဲ့ ပါတီအဖွဲ့အစည်းတွေဖြစ်လာနေပြီ။

(၂) တပြည်လုံးမှာ တော်လှန်ရေးဟာ တဟုန်ထိုး ခုန်လွှား တိုးတက်နေတယ်။ တိုက်ပွဲတွေဟာ တပွဲပြီးတပွဲ အောင်ပွဲတွေခံနေတာဖြစ်တယ်။ ဒါတွေကတော့ အကျယ်ပြောနေဖို့ လိုမယ်မထင်ဘူး။ တပြည်လုံးမှာ နိုင်ငံရေးတိုက်ပွဲတွေ၊ လူထုလူတန်းစား တိုက်ပွဲတွေ၊ စစ်ရေးတိုက်ပွဲတွေဟာ ဘယ်လောက် ဖွံ့ဖြိုးတိုးတက်နေတယ်ဆိုတာ သာယာဝတီခရိုင်၊ ပြည်ခရိုင်၊တောင်ငူခရိုင် စတဲ့ ဒေသတွေကို ကြည့်လိုက်ရင်ပဲ အလွန်ရှင်းပါတယ်။ တပြည်လုံးဒေသအသီးသီးမှာလဲ ဒီလို ဖြစ်ထွန်းတိုးတက်နေတာပဲဖြစ်တယ်။

(၃) တပြည်လုံးမှာ ပြည်သူလူထုရဲ့ တော်လှန်အုံကြွမှုကြီးဟာ မြို့ရော တောပါဖြစ်ပေါ်လာနေတယ်၊ ကျေးလက်မှာ ဆင်းရဲသားသမဂ္ဂ၊ ရောင်နီအာဏာ ပြည်သူ့စစ်တွေ ပေါ်လာပြီး တော်လှန်စစ်ဟာလဲကျယ်ပြန့်တဲ့ နက်ရှိုင်းတဲ့ပြည်သူ့စစ်ပွဲကြီး ဖြစ်လာရေးကို ဦးတည်နေတယ်၊ ဒါဟာ ဒီတခါထိုးစစ်ရဲ့ အရေးကြီးတဲ့ ထူးခြားချက်တရပ်ပဲ။

(၄) နိုင်ငံတကာအနေနဲ့ဆိုရင် ဦးစွာအားဖြင့် တရုပ်ပြည် ကွန်မြူနစ်ပါတီနဲ့ ဥက္ကဋ္ဌမော် ခေါင်းဆောင်တဲ့ သန်းပေါင်း(၇၀၀)ကျော် တရုပ်ပြည်သူတွေဟာ "ဖက်ဆစ်နေဝင်း အစိုးရ-မုချကျဆုံးရမယ်""ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဲ့ လက်နက်ကိုင် တော်လှန်ရေး မုချအောင်ရမယ်"လို့ ကမ္ဘာကိုကြွေးကြော်ပြီး လှိုက်လှိုက်လှဲလှဲအတိအလင်း ထောက်ခံလာတယ်၊ ဒါနဲ့တဆက်ထဲပဲနိုင်ငံပေါင်း(၄၀)ကျော်က မာ့က်စ်လီနင်ဝါဒပါတီတွေနဲ့ အဖိနှိပ်ခံ - တိုက်ပွဲဝင် ပြည်သူလူထုဟာလဲ တရုပ်ပါတီနဲ့ပြည်သူတွေနဲ့ အလားတူ အားကြိုးမာန်တက်ထောက်ခံလာကြတယ်။

(၅) ဒီအခြေအနေအောက်မှာ နေဝင်းဖက်ဆစ် အစိုးရဟာ ယခင့်ယခင်အစိုးရအဆက်ဆက်ကမတွေ့ကြုံဘူးတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊စတဲ့ဘက်ပေါင်းစုံ အထွေထွေ အကြပ် အတည်းနဲ့ မရှုနိုင်မရှိုက်နိုင် ဘေးကြပ်နံကြပ်ဖြစ်နေကြတယ်။ စီးပွားရေးဘက်မှာလူထုရဲ့ဆန့်လုပွဲကြီးတွေဖြစ်ပြီးစစ်ရေးမှာ ထိုးစစ်လုပ်ချင်တိုင်း မလုပ်နိုင်ဘူး၊ ဒါကြောင့် ဒီထိုးစစ်ဟာ မုချပျက်စီးရမယ်၊ ကျနော်တို့သာ တိုက်ခိုက်ချေမှုန်းရင်းနဲ့ အောင်ပွဲဆင်ရမှာဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုးစစ်ဟာ သာယာဝတီ၊ ပြည်၊ တောင်ငူ၊ သရက် စတဲ့နေရာတွေမှာ ထိုးနေတယ်၊ နယ်ကျယ်တယ်။

ဒီထိုးစစ် ဘယ်လိုရင်ဆိုင်မလဲ။ ခုသာယာဝတီထိုး၊ ပြည်သွား-နောက်တောင်ငူခုန်၊ နောက်သရက်လှမ်းခုန်ဆိုတာမျိုး လျှောက်ပြေးလို့မရဘူး။ အဲဒါဟာ ထွက်ပြေး တိမ်းရှောင်ရေးဖြစ်တယ်၊ ရှောင်တော့ကောဘယ်ရှောင်ရှောင် တော်လှန်စစ်ကာလမှာ ထိုးစစ်နဲ့ လွတ်မှာလား။ မလွတ်နိုင်ဘူး၊ ဒါကြောင့် ဒီလို ဟိုခရိုင်ပြေး၊ ဒီခရိုင်ပြေးဖို့စဉ်းစားတဲ့ အတွေးအခေါ်ဟာ ဖောက်ပြန်တယ်၊ အလွန်မှားတယ်။

ဥပမာ-ပြောရရင်မြစ်ဝကျွန်းပေါ်ကို တပ်မကြီး(၇၇)က ထိုးတယ်၊ တိုင်းခေါင်းဆောင်တွေက တနေရာမှာ အလုပ်လုပ်ဖို့ဆိုပြီး ထွက်ရှောင်နေခဲ့ကြတယ်။ ထိုးစစ်ကို ခုခံတိုက်ခိုက်ချေမှုန်းဖို့ စစ်ဦးစီးတာ မလုပ်ခဲ့ကြဘူး၊ ဒါဟာ မှားတယ်၊ ပဲခူးရိုးမဟာ ပါတီရဲ့ အခြေခံဖြစ်တယ်၊ ဒါကို ရန်သူက ချပြစ်ဖို့ ချေမှုန်းပြစ်ဖို့ အကြံယုတ်နဲ့ လုပ်နေတယ်၊ ကျနော်တို့က ကချင်ပြည်၊ ရခိုင်ပြည်၊ ရှမ်းပြည်ဘက်ကိုပြေးဖို့ဆိုတာမျိုး စဉ်းစားလို့မဖြစ်ဘူး။

ပဲခူးရိုးမဟာ ဖက်ဆစ်နေဝင်းအစိုးရရဲ့ စစ်တပ်တွေ သေတွင်း ပို့မဲ့အောင်မြေဖြစ်စေရမယ်ဆိုတဲ့ ပိုင်းဖြတ်ချက်ရှိဖို့လိုတယ်။

မြစ်ဝကျွန်းပေါ်ထိုးစစ်နဲ့ပတ်သက်ပြီး တပ်(၅၅၀၀)နဲ့ထိုးတဲ့ ထိုးစစ်ကြီး ကြောက်စရာကြီး ဆိုတာ မျိုး ဖြစ်တာ ရှိတယ်။ ကျနော်တို့ တပ်တွေကထိုးစစ်အတွင်းမှာပဲ ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ လပွတ္တာဆိုတဲ့မြို့(၄)မြို့ကို တချိန်တည်း ဝင်တိုက်တာတွေတော့ မပြောကြဘူး၊ ဒီလိုကြည့်မြင် ပြောဆိုတာတွေဟာ မှားတယ်။

ဒီနေ့ထိုးစစ်တွေကို ဘယ်လိုကြည့်မလဲ။

လွန်ခဲ့တဲ့(၃-၄)နှစ်အတွင်း ထိုးစစ်တွေဟာ ယခင်ပြန်ပြင်ရေးလမ်းလိုက်နေတုန်းက ထိုးစစ်တွေနဲ့ ဆိုရင် မနိူင်းသာဘူး၊ ဥပမာ အောင်မာသထိုးစစ်ဟာ တပ်အရေအတွက်အရ တပ်ရင်း(၁၂)ရင်းနဲ့ ခရိုင်တနေရာထဲ စုပြုံလိုက်ထိုးခဲ့တာဖြစ်တယ်။ အဲ့ဒီထိုးစစ်ဟာလဲ ကျဆုံးခဲ့ရတာပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခုထိုးစစ်ဟာ အဲ့ဒီထိုးစစ်နဲ့ စာရင်၊ ထိုးစစ်ကလေးပဲ၊ ကလေးက စားစရာပဲလို့ ဆိုနိုင်တယ်။ ဒါကြောင့် ဒီထိုးစစ်ကို အနိုင်တိုက်ရမယ်၊ အနိုင်တိုက်နိုင်တယ်လို့ မြင်ဖို့လိုတယ်။

ဒီထိုးစစ်ဟာရေရှည်နိုင်တယ်။ ဒါပေမဲ့ပါတီနဲ့ လူထုက ပြန်တိုက်နေတယ်။ ရန်သူတပ်တွေ အများကြီးသုံး၊ အကြာကြီးလုပ်ဖို့ ဆန္ဒရှိတယ်။ ကျနော်တို့က ခွင့်ပြုမလား၊ မပြုဘူးလား။ အခြေအနေက သာလှထိုးစစ်ထက် ပိုမိုကောင်းမွန်တယ်။ ပါတီကစစ်ဦးစီးတယ်၊ ဒေသပါတီက တက်တက်ကြွကြွတိုက်တယ်။ ပြည်သူ့စစ်တွေ ပေါ်လာတယ်။ ဥပမာ သာယာဝတီခရိုင်မှာ တိုက်ပွဲ (၇) ပွဲပေါ်တယ်။ ပြည်သူ့စစ်တွေက တိုက်တာ တပွဲပေါ်လာတယ်။ သာလှထိုးစစ်တုန်းက သာယာဝတီ အမိကတပ် ထိုးစစ်ဝင်ထဲက ထွက်သွားတာများတယ်။ ဒီတခါထိုးစစ်မှာ ထိုးစစ်ဝင်ထဲမှာနေပြီး တစုကိုတစုနဲ့ ချေမှုန်းဖို့ ဦးတည်ထားတယ်။

(မှတ်ချက်။ ။သာလှထိုးစစ်ဆိုသည်မှာ ဗမာ့တပ်မတော်မှ ပြုလုပ်သည့် "ကြံတိုင်းအောင်စစ်ဆင်ရေး"ကို ဆိုလိုပါသည်။

ဗမာ့တပ်မတော်သည် ၁၉၆၆-ခုနှစ် ဒီဇင်ဘာလဆန်း ၉-ရက်နေ့တွင် တပ်မ (၇၇) မှဦးစီး၍ စစ်ဆင်ရေး ပြုလုပ်ခြင်း ဖြစ်ပါသည်။ သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်နှင့် နတ္တလင်းမြို့နယ်အတွင်းတွင် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၏ လှုပ်ရှားမှုများကို ထောက်လှမ်း၍ ရရှိ ထားပြီးသောကြောင့် ဖြစ်ပါသည်။

ထိုအချိန်တွင်ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးဌာနမှ မောင်ထွေး (ခ) ရဲဘော်သာလှသည်လည်း အလင်းသို့ဝင်ခဲ့သည်။ ရဲဘော် သာလှသည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၌ ပီကင်းပြန်ရဲဘော်များ၏ ဂိုဏ်းအုပ်စုဖွဲ့၍ လှုပ်ရှားနေခြင်းကို ဆန့်ကျင်သူ ဖြစ်သဖြင့် ပီကင်းပြန် ရဲဘော်များ၏ နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်ခြင်းကိုခံရသူဖြစ်သည်။ ထို့ကြောင့် အလင်းသို့ ဝင်ရောက်ခဲ့သူဖြစ်ပါသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် "သာလှ သစ္စာဖေါက်သွားတဲ့အတွက် ရန်သူကထိုးစစ်ကြီးလုပ်လာတာ ဖြစ်တယ်။ ဒါကြောင့်မို့ ဒီထိုးစစ်ကို သာလှထိုးစစ်လို့ ခေါ်ဆိုရမယ်"ဟုဆိုကာ ဗမာ့တပ်မတော်၏ "ကြံတိုင်းအောင်စစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဆင်ရေး"ကို"သာလှပျိုးခမ်း" ဟုအမည်မှည့်ခေါ်လိုက်ခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ပင် ဗမာပြည် ကွန်မြူနစ်ပါတီသည် အလင်း ဝင်သည့် ရဲဘော်များကိုရှုတ်ချသည့် အနေဖြင့် တပ်မတော်၏ စစ်ဆင်ရေးများကို ထိုအလင်းဝင် ရဲဘော်တို့၏ အမည်များနှင့် ဆက်စပ်၍ခေါ်ဆိုလေ့ သုံးစွဲလေ့ရှိကြပါသည်။

ယင်း "ကြံတိုင်းအောင် စစ်ဆင်ရေး" တွင် ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ဒုတိယပတ်ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းသည် တတောမှ တတော တတောင်မှတတောင်၊ တဒေသ တနယ်စသည် စသည်ဖြင့် ပြောင်းရွှေ့နေခဲ့ရသည်။ လှုပ်ရှားနေခဲ့ရသည်။ လုံးဝပင်မတည် မငြိမ်ခဲ့ပါ။

ဗဟို ဌာနချုပ်သည် နဘ္ဘလင်းမြို့နယ် တောင်ညိုဒေသ၊ ဆင်သေရွာအနီးမှ ပြည်စိုးခုံ၊ ယင်းမှ အထက်မယင်းအနီး၊ ယင်းမှကန့်သုံးဆင့်ကြီး၊ ယင်းမှထူးကွေ့ကြီး၊ ယင်းမှ ကျောက်ခွက်အနီး၊ ယင်းမှ ဘန့်ဘွေးကုန်းအနီး၊ ယင်းမှ ဆင်သေချောင်းများ၊ ယင်းမှ ကရင်ဆင်ခွဲရွာအနီး၊ ယင်းမှ ဆင်သေချောင်းဖျား၊ ယင်းမှ ကရင်ဆင်ခွဲရွာနှင့် ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်မှ လဲပင်ဇွာအနီးတို့သို့ ပြောင်းရွှေ့လှုပ်ရှားခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည်"ကြံတိုင်းအောင်စစ်ဆင်ရေး"ကာလနှစ်လအတွင်းတွင် စခန်းပေါင်း (၁၂) နေရာပင် ခိုနားခဲ့ရ၏။ပြေးလွှားပုန်းရှောင်ခဲ့ရပါသည်။

"ကြံတိုင်းအောင်စစ်ဆင်ရေး"၏ စစ်ကြောင်းများသည် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟို ဌာနချုပ်အနီးမှ ပွတ်ကာသီကာဖြင့် ရှာဖွေနေသည်။ ရှင်းလင်းနေသည်။ သို့ဖြစ်၍ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်နှင့် ဒုတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသည် အထူးသိုသိပ် ကျစ်လစ်စွာဖြင့် သွားလာ လှုပ်ရှား ပုန်းအောင်းနေခဲ့ရပါသည်။

"ကြံတိုင်းအောင်စစ်ဆင်ရေး"သည်ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် အခြေစိုက်ခဲ့ရာဖြစ်သော သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် အတွင်း၌သာ အဓိကထား၍ ထိုးစစ်ဆင်ခဲ့သဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ သာယာဝတီခရိုင်ရုံးနှင့် ဇီးကုန်းမြို့နယ်တို့တွင် ကျဆုံးသူများ၊ ဖမ်းမိ သူများမှာ အထူးများပြားခဲ့ပါသည်။ ယင်းဒေသ၏ ပါတီတို့မှာလည်း ဖရိုဖရဲ ဖြစ်၍သွားပါသည်။ စာရေးသူ။)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမှတ်(၇၇)ခြေမြန်တပ်မမှဦးစီးသော
ကြံ့တိုင်းအောင်စစ်ဆင်ရေး။

၉-၁၂-၆၆



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရန်သူကို ယယ်နိုင်လို့ကြည့်ရမယ်။

ခုထိုးစစ်မှာ သုံးနေတဲ့ ခလရ(၆)ဟာ ပဲခူးမှာ တပ်မိတ် ချေမှုန်းရေး ခံရတယ်။ သာယာဝတီတပ်ကလဲ လိုက်ချဘူးတယ်၊ တောင်ငူ တပ်ကလဲ ချဘူးတယ်၊ တောင်ဘက်မှာ ဝင်နေတဲ့ တပ်ရင်း (၁၁) ဟာလဲ မြစ်ဝကျွန်းပေါ်နဲ့ တောင်ငူမှာ အချခံရဘူးတယ်၊ အလားတူပဲ အထူးတပ်ရင်း(၁၀၇)ဟာလဲ ကျွန်တော်တို့တပ်တွေက ဒီတိုင်းထဲမှာရော အခြားဒေသတွေမှာရော-အထိနာနာ ချဘူးတယ်။

သူတို့ဟာ "ကွန်မြူနစ် သေနတ်သံကြားရင် အသက်ပါ ပျောက်တာပဲ"ဆိုပြီး ကျနော်တို့တပ်တွေကို အကြောက်ကြီးကြောက်နေတဲ့ တပ်တွေဖြစ်တယ်။ ဒါကြောင့် ဒီတပ်တွေကို ယယ်နိုင်လို့မြင်ဖို့ လိုတယ်။ ကျနော်တို့ အထိနာအောင် ချနိုင်တယ်၊ ချေမှုန်းနိုင်တယ်၊ အနိုင် တိုက်နိုင်တယ်လို့ မြင်ဖို့လိုတယ်။

အပိုင်း (၃)

ဒီအပိုင်းမှာ ကျနော်တို့လုပ်ဆောင်ရမဲ့ လုပ်ငန်းတာဝန်နဲ့ပတ်သက်ပြီး-ပြောမှာ ဖြစ်တယ်။

(၁) ကျနော်တို့အဖွဲ့အစည်းရဲ့ လက္ခဏာဟာ တော်လှန်စစ်တခုလုံး ဦးစီးတဲ့ အဖွဲ့အစည်းဖြစ်တယ်၊ လိုက်တိုက်နေတဲ့တပ်မဟုတ်ဘူး၊ ဒါကြောင့် တော်လှန်စစ်တခုလုံး ဦးစီးတဲ့လုပ်ငန်းကို လုပ်ရမယ်။ တချိန်ထဲမှာ မိမိအဖွဲ့အစည်း အတိုက်မခံရအောင်လုံခြုံရေး၊ နေရေးထိုင်ရေး သတိပြုရမယ်။ လှုပ်ရှားမှု လျှို့ဝှက်ရမယ်။

တဖက်မှာ စစ်ဦးစီးရေးအလုပ်ကိုလုပ်ဖို့ကြိုးပမ်းတာနဲ့ တပြိုင်နက် ခံစစ်အတွက်ပြင်ရမယ်။ ခံစစ်နေရာပထဝီအနေအထား အခွင့်သာတယ်၊ လက်နက်အား လူအား တစုနဲ့ကခဲ့ ကောင်းကောင်းခံချနိုင် အထိနာအောင် ချနိုင်တဲ့ အနေအထားမှာရှိတယ်။

ဥပမာ - ရန်သူတပ်စုတစုကိုခရိုင်က (၃)ယောက်နဲ့ ခံချခဲ့တယ်။ လူသေချနိုင်တယ်။ တလောက မြို့နယ်က တဖွဲ့ ရန်သူတစုကိုဆီးချနိုင်ခဲ့တယ်။ပြည်သူ့[illegible]အဖွဲ့ကလဲတပ်ရင်းကြီး ဆင်းလာတာ ဆီးချနိုင်ခဲ့တယ်။ ပြည်မှာလဲ ခရိုင်တပ်က (စိတ်)သို့မဟုတ် (စု)နဲ့ ရန်သူ (ခွဲ) ကို လိုက်[illegible]ခဲ့တာ ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကြောင့် ကျနော်တို့ အဖွဲ့အစည်းကိုလုံးဝ အတိုက် မခံရရေး အတွက်ခံစစ်ကို ဘက်ပေါင်းစုံ ပြင်ဆင် ထားရမယ်။ ဒါဟာ တခုလုံး စစ်ဦးစီးရေးအတွက် အကျိုးပြုစေတယ်။

(၂) တော်လှန်စစ်ဦးစီးရေးအတွက် ထိုးစစ်အတွင်းမှာ အခြား လုပ်ငန်းတွေလဲလုပ်ရမယ်။ ကျနော်တို့ရည်မှန်းထားတဲ့ လုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့အတွက် ပြင်ဆင်ရေး လုပ်ငန်းတွေလုပ်ရမယ်။ ဆေး ကျောင်း၊မာ့က်စ်လီနင်ဝါဒကျောင်း၊ထောက်လှမ်းရေးကျောင်းတွေဖွင့် ဖြစ်အောင်ဖွင့်ရမယ်။ တပြည်လုံးနဲ့ ဆက်သွယ်ရေးတွေဖြစ်အောင် လုပ် ရမယ်။ ဝါဒဖြန့်မျိုးရေး ပညာပေးရေးတွေ အဆက်မပြတ်လုပ်ရမယ်။ အခြားလူထုစည်းရုံးရေး၊ လူထုတိုက်ပွဲ လူတန်းစားတိုက်ပွဲတွေလဲ အ ဆက်မပြတ်လုပ်နိုင်အောင်ကြိုးပမ်းရမယ်။

(၃) ရေရှည်စစ်အတွက် ခံနိုင်ရည်ရှိအောင် ပြင်ဆင်ရမယ်။တော် လှန်စစ်ကို အနိုင်တိုက်ဖို့ဆိုရင် တော်လှန်စစ်ဟာရေရှည်ပဲ၊ ဒါကြောင့် ကျနော်တို့ပါတီတခုလုံး အပင်ပမ်းဆင်းရဲခံနိုင်မှု၊ အခက်အခဲကျော်နင်း နိုင်မှု၊ကိုယ်ကျိုးစွန့်လွှတ်နိုင်မှု စတဲ့ ဘက်အသီးသီးမှာ သူမတူတဲ့ ခံနိုင် ရည်ရှိအောင် ပြင်ဆင်ထားရမယ်။

ဒီလိုပြင်ဆင်တဲ့အခါမှာ ရန်သူထက် အဖက်ဖက်ကသာလွန်စေရမယ်။ ခုထိကျနော်တို့ ထိုးစစ်ရင်ဆိုင်ခဲ့တာဆိုရင် အခက်အခဲဆိုလို့ ပြောပ လောက်အောင် မရှိသေးပါဘူး။ ကျနော်တို့တချိန်တုန်းက ရက်(၅၀) လုံးလုံး ဒေသလဲမသိ၊ ရိက္ခာလဲမရှိ၊ မြေပုံလဲမပါ၊ လမ်းပြလဲမပါ၊ တော် တလှဲ့-ပြတ်တလှဲ့နဲ့ ရန်သူထိုးစစ်ကို ရင်ဆိုင်ခဲ့ဘူးတယ်။ နောက်တကြိမ် အလားကူပဲရက်(၃၀)လောက်ရင်ဆိုင်ခဲ့ဘူးတယ်။ ဒီလိုသူမတူတဲ့ ခံနိုင် ရည်ရှိမှုနဲ့ ရန်သူကိုရင်ဆိုင်ရင်း ကျနော်တို့ ဒီနေ့တော်လှန်ရေး အောင် ပွဲဟာ မဝေးလှတော့တဲ့ အခြေအနေကို ရောက်နေခဲ့တာဖြစ်တယ်။

ဒါကြောင့် ကျနော်တို့အားလုံးဟာ ပါတီနဲ့တော်လှန်ရေးရဲ့ အစဉ် အလာကောင်းဖြစ်တဲ့ သူမတူတဲ့ခံနိုင်ရည်ရှိမှုအတွက် ထိုးစစ်အတွင်းမှာ ရည်မှန်းချက်ရှိရှိလေ့ကျင့်မွေးမြူသွားပြီးအောင်ပွဲဆီသို့ချီတက်ကြပါစို့။'

(သခင်သန်းထွန်း၏ ''ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့် ချေမှုန်းရမည်'' မိန့်ခွန်းမှ)

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

ရဲဘော်ထွန်းရှိန်၏ လက်ရေးမူ



(မှတ်ချက်။ ။သခင်သန်းထွန်း၏"ရန်သူ့ထိုးစစ်အား ငါတို့ထိုးစစ်ဖြင့် ချေမှုန်းရမည်-"မိန့်ခွန်းအား ပီကင်းပြန် ရဲဘော် ထွန်းရှိန် (ခ) ဖေငြိမ်းကိုယ်တိုင် ရေးသားထားသောမှတ်တမ်းဖြစ်ပါသည်။
စာရေးသူ။)

၁၉၆၇-ခုနှစ်၊ ဇူလိုင်လနောက်ပိုင်းတွင်ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ်၊ တောင်ညိုဒေသ၊ တောင်ညိုတောင်၏ခြေရင်းတွင်တည်ရှိသော ဥာဏ်လယ်ရွာ၏ အရှေ့ဘက်မလှမ်းမကမ်းတွင်စခန်းချ၍ထားလေသည်။

ထိုအချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ ပဲခူး ရိုးမတိုင်းကော်မီတီအတွင်းရေးမှူးနှင့် ဗဟိုကော်မီတီအဖွဲ့ဝင် ရဲဘော်မြနှင့် ရွှေတန်းတိုင်းရုံးအဖွဲ့သည် "မြရာပင်ကျော"မှ ပဲခူးရိုးမကို ဖြတ် ကျော် လျက် ရောက်ရှိ၍နေကြ၏။ တောင်ငူခရိုင်မှ ပြန်လာကြသော ဗိုလ်ဘုန်းကျော်နှင့် ပီကင်းပြန်ဗိုလ်ဗညွန့်၊ ဗိုလ်အောင်သိန်းတို့ပါဝင်သည့်ဗဟိုအလုပ်အဖွဲ့သည်လည်း ရဲဘော်မြနှင့်အတူပင် ပါလာကြ၏။ ထို့ကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၌ စုစုဝေးဝေးနှင့်တခမ်းတနားပင် ရှိနေကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုစဉ်၌ပင် ဗမာ့တပ်မတော်၏ထိုးစစ်သည်ဗဟိုစခန်းရှိရာဒေသသို့ ဝင်ရောက်လာတော့သည်။ ထို့ကြောင့် ဗဟိုစခန်းသည် ဥဘဏ်လယ်ရွာမှ ရေးကြီးသုတ်ပြာဖြင့်ရွှေ့ပြောင်းခဲ့ရသည်။

ထိုနောက်ဝါးနက်ချောင်းဖျားသို့ရောက်ရှိပြီး စခန်းချနေသည်။ယင်းစခန်းတွင်ပင် ရခိုင်နှင့်အနောက်မြောက်တိုင်းတို့သို့ ခရီးထွက်ရာမှ ပြန်လာကြသော ဗိုလ်ဇေယျနှင့် ရဲဘော်ထွန်းမောင် (ဒေါက်တာနုတ်) စသည်တို့နှင့်ပေါင်းစီးမိကြသည်။ သို့သော် ခေတ္တမျှသာ နေနိုင်သည်။ ထိုးစစ်ကြောင့်အတည်တကျမနေနိုင်၊ထပ်၍ ရွှေ့ကြရပြန်သည်။

ထို့နောက်-မယင်းချောင်းဖျားသို့ ရောက်ရှိသွားကြပြန်လေသည်။

ယင်းဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင် သခင်သန်းထွန်းသည် "ရန်သူ့ထိုးစစ်ကိုငါတို့ထိုးစစ်ဖြင့်ချေမှုန်းရမည်"ဟူသောကြွေးကြော်သံကို စတင်ဖော်ထုတ်၍ အကျယ်အပြန့် လှုံ့ဆော်ဝါဒဖြန့်နေ၏။ ပညာပေးမှုကို ပြုလုပ်နေ၏။ ယင်းကြွေးကြော်သံနှင့်အတူ ဗမာပြည်ကွန်မြူနစ်ပါတီ၏စစ်ရေးလမ်းညွှန်ပေါ်လစီတရပ်ကိုလည်း ချမှတ်လိုက်လေသည်။

ပီကင်းရေဒီယိုမှလည်း ဗမာပြည်ကွန်မြူနစ်ပါတီ၏ လမ်းညွှန်ပေါ်လစီများအတွက် "ပေါ်လစီသီချင်း"များကို ရေးစပ်၍လွှင့်ပေးနေ၏။ ဗမာပြည်ကွန်မြူနစ်ပါတီ၏"ပြည်သူ့တပ်မတော် စစ်ချီသီချင်း"ကိုပင် ပီကင်းရေဒီယိုမှ အသစ်တဖန်ပြုပြင်ရေးစပ်၍ လွှင့်ပေးသည်ကိုသာ လိုက်နာ၍သီဆိုနေကြရလေသည်။

ပီကင်းရေဒီယိုမှ ဗမာပြည် ကွန်မြူနစ်ပါတီအတွက်ရေးစပ်ပေးသည့်သီချင်းအားလုံး၌ "မော်စီတုံးအတွေးအခေါ်" ဆိုသည်တို့ကိုသာ ထည့်သွင်း၍ သီဆိုစေခဲ့သည်။

> "ပြည်သူ့တပ်မတော်ချီတက်ခဲ့သည်၊ပြည်သူ့အကျိုးငှါးထိဝ်ပန်သည်၊အသက်ကို ဘာမထီ၊ ကွန်မြူနစ်ပါတီတို့များရှေ့ဆောင် မော်စီတုံးတွေးခေါ်အောင်လံလွှင့်ထူကာတိုက်မည်"ဟူ၍လည်းကောင်း "မော်စီတုံး-ကမ္ဘာမှာ တို့ခေါင်းဆောင်၊ မော်စီတုံး၊ ဗမာမှာ တို့ခေါင်းဆောင်" ဟူ၍လည်းကောင်း၊ "မော်စီတုံးတို့အသဲထဲကနေမင်းနိုကြီး"ဟူ၍လည်းကောင်း- "မော်စီတုံး" "မော်စီတုံး"ဟူ၍သာ ထည့်သွင်းသီဆိုခဲ့ကြရလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၌ အစစအရာရာ နေထိုင်သွားလာမှုနှင့်လှုပ်ရှားမှုအားလုံးတွင် "မော်စီတုံး" ဟူ၍သာ ပြောဆိုကြ၏။ သုံးနှုန်းကြ၏၊ "မော်စီတုံး" သည်သာ လွှမ်းမိုး၍နေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"မော်စီတုံး"သည် ဗမာပြည်နှင့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ "ကယ်တင်ရှင်"အဖြစ်ဖြင့်လည်း အမွှမ်းတင်ကြ၏။ ဖော်ထုတ်ကြ၏။ လောက၌ "မော်စီတုံး"မှတပါး အခြားကိုးကွယ်ရာမရှိ-ဟူ၍ပင် မိန့်ကြားကြ၏။ သင်ကြားကြ၏။ "ကွန်မြူနစ်ပါတီမရှိလျှင်ပြည်သူလူထုမရှိနိုင်၊ မော်စီတုံးမရှိလျှင်လည်းကွန်မြူနစ်ပါတီမရှိနိုင်၊ ပြည်သူလူထုမရှိနိုင်" ဟူ၍ပင် လေးနက်စွာ ဖော်ထုတ်ခဲ့ကြတော့သည်။

ထို့ကြောင့်ပင် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် စခန်းမှ တပ်နီလူငယ်များနှင့် တပ်နီအမျိုးသမီးများသည် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့၏"ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့်ချေမှုန်းရမည်"ဟူသောကြွေးကြော်သံနှင့် ဆောင်ပုဒ်ကို မော်စီတုံး၏ တိုက်ရိုက် ညွှန်ကြားချက်အဖြစ်ဖြင့် လိုက်နာနေကြ၏။ အလွန်လည်းတက်ကြွနေကြလေသည်။

သို့ဖြစ်၍"ထိုးစစ်ကို ထိုးစစ်ဖြင့်ချေမှုန်းရမည်"ဟူသော မော်စီတုံးအတွေးအခေါ်နှင့် ပတ်သက်၍ တပ်နီလူငယ်များ၊ တပ်နီအမျိုးသမီးများနှင့် အဆင့်ဆင့်သော ကော်မီတီများ၏ အပြန်အလှန်ဆွေးနွေးချက်များ တင်ပြချက်များနှင့် ခံယူချက်များအမိဋ္ဌာန်ပြုချက်များပြုသည့် အစည်းအဝေးတွင် သခင်သန်းထွန်းသည် နိဂုံးချုပ် မိန့်ခွန်းကိုဤသို့ မိန့်ကြားလေသည်။

"ဒီအပိုင်းမှာ (၅)ပိုင်းရှိမယ်-

အပိုင်း (၁)

ဒီအပိုင်းမှာ ဆွေးနွေးပွဲရဲ့ ရရှိချက်များကိုတင်ပြသွားမယ်။

(၁) ဒီဆွေးနွေးပွဲ ပထမရရှိချက်ကတော့ ကျနော်တို့ စခန်းတခုလုံးရဲ့အတွေးအခေါ်ကို စုစည်းနိုင်ခဲ့တယ်။

ထိုးစစ်သဘောနိုးအပိုင်းမှာ ထိုးစစ်ကို ဘယ်လိုရည်ရွယ်ချက်၊ဘယ်လိုသဘောထားနဲ့ရင်ဆိုင်ရမယ်ဆိုဒါ ပြောဖို့ရည်ရွယ်ခဲ့ပေမဲ့ မလုပ်ဖြစ်ခဲ့ဘူး။ ဒါကြောင့်ရဲဘော်တွေဟာထိုးစစ်ကို ကိုယ့်အတွေးအခေါ်နဲ့ကိုယ် လိုက်ပါခဲ့ကြတာပဲ။

တချို့ကရှောင်သင့်တိမ်းသင့်တယ်ဆိုတဲ့အတွေးအခေါ်နဲ့ လိုက်ပါပြီး၊ တချို့က ထိုးစစ် ဂရုစိုက်စရာမလိုဘူး ဆိုတဲ့ အတွေးအခေါ်နဲ့ ပေါ့ဆဆပဲလိုက်ပါခဲ့ကြတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခုတလကျော်ကျော်ကြာတဲ့အခါကျမှ ထိုးစစ်ကို ဘယ်လို သဘောထားရမယ်။ ဘယ်လိုရင်ဆိုင်ရမယ်ဆိုတဲ့ အတွေးအခေါ် ညီညွတ်လာတာ ဖြစ်တယ်၊ စုစည်းလာတာဖြစ်တယ်။

(၂) ကျနော်တို့အတွင်း အတွေးအခေါ် အမျိုးမျိုးရှိခဲ့ကြတာက ခုထိုးစစ်ဟာ နိုင်ငံရေးအရ စစ်ရေးအရဘယ်လောက်အရေးကြီးတယ်။ တော်လှန်စစ်တခုလုံးအတွက် ဘယ်လောက် အရေးကြီးတယ်။ နိုင်ငံတကာအတွက်လဲဘယ်လောက်အရေးကြီးတယ်ဆိုတာ ရှင်းရှင်း လင်းလင်းမရှိခဲ့ကြလို့ဖြစ်တယ်။

ခုစစ်ဆင်ရေးဟာ မော်နိုင်စစ်ဆင်ရေး မော်စီတုံး အတွေးအခေါ် လက်နက်နဲ့တပ်ဆင်ထားတဲ့ပြည်သူတွေအပေါ် အနိုင်ရရေး၊ ရန်သူက ကမ္ဘာ့အတိုင်းအတာနဲ့ အနိုင်ရရေးဆိုပြီး ယုတ်ယုတ်မာမာ ကြံရွယ်တာ ဖြစ်တယ်။

ဒါကြောင့် နယ်ချဲ့သမားနဲ့ ပေါင်းလုပ်တဲ့ နေဝင်းအုပ်စုတိုက်ရေးဟာ အလွန်အရေးကြီးတယ်။ တကယ်က နေဝင်း ဆေးကုသရေးက ပြန်လာအရှူးထပြီး မော်နိုင် စစ်ဆင်ရေးလုပ်တာပဲ၊ ဘယ်လောက် ရူးသွပ်တဲ့ အကြံဉာဏ်လဲ။

ဒီအတွက် ခုထိုးစစ်ကို တိုက်ဖျက်ချေမှုန်းရေးဟာ ကမ္ဘာ့အတိုင်းအတာထိ အရေးကြီးတယ်။ ဒါကို ရဲဘော်အားလုံး တူတူညီညီသိမြင်လာကြတယ်။

(၃) ဒီဆွေးနွေးပွဲက ရဲဘော်တွေရဲ့ အတွေးအခေါ် မြင့်တက်လာတယ်။ ပြီးခဲ့တဲ့အချိန်ကထိုးစစ်ဆိုရှောင်တိမ်းရေးဖြစ်ခဲ့တယ်။ သာလှထိုးစစ်က စလို့ ဆော်ခဲ့တဲ့ ရန်သူထိုးစစ်ကို ထိုးစစ်နဲ့ တိုက်ဖျက်ချေမှုန်း ရမယ်ဆိုတဲ့ အတွေးအခေါ်ဟာ ခုဆွေးနွေးပွဲမှတဆင့် မြှင့်တင်နိုင်ခဲ့ကြတယ်။

ဒါဟာ တော်လှန်စစ် အတွေးအခေါ်ကို တဆင့်မြှင့်တင်နိုင်တာပဲ ဖြစ်တယ်။

(၄) ကျနော်တို့ အဖွဲ့အစည်း လုံလုံခြုံခြုံရှိရေး၊ ပိုမိုလေးနက်လာကြတယ်။ ကျနော်တို့အဖွဲ့အစည်းဟာ တပြည်လုံး ဦးဆောင်ဖြစ်တဲ့ အလျောက် ဒီအဖွဲ့အစည်း အတိုက်ခံရရင် ရန်သူက အများကြီး အမြတ်ထုတ်နိုင်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဥပမာ ကွင်းကျယ်နား ပြည်သူ့စစ်တဦးကျဆုံးတာကို ရန်သူက သူ့အတွက် အောင်ပွဲကြီးတခုအဖြစ် အမြတ်ထုတ်တယ်။ ရန်သူကဗိုလ်ထွန်းလင်းတို့လာတိုက်၊ ဒီကခံချသူတို့ဆုတ်ရ၊ ဆင်သွေ့စကိုက မလိုတဲ့ပစ္စည်းတွေရ၊ ဒါတွေကို ကြီးကျယ်တဲ့အောင်ပွဲတွေအဖြစ် အမြတ်ထုတ်တယ်။

ဒါကြောင့် မိမိဘက်အစည်းမျိုး အတိုက်မခံရရေးဟာ ထိပ်တန်းအကျဆုံး တာဝန်ဖြစ်တယ်ဆိုတာ လေးနက်လာကြတယ်။ ရဲဘော်တွေက ကိုယ့်အသက်နဲ့လဲကာကွယ်မယ်၊ကျည်ဆံတတောင့် ရန်သူတယောက်ဖြစ်စေရမယ်လို့ သန္နိဋ္ဌာန်ချကြတယ်။

(၅) ထိုးစစ်ရိုက်ချိုးဖို့ တော်လှန်စစ်တခုလုံး ပါတီက ဦးစီးရမယ်ဆိုတာနဲ့ ပတ်သက်ပြီး ဘယ်လောက်အရေးကြီးသလဲဆိုတာ ခိုင်ခိုင်မာမာ စွဲစွဲမြဲမြဲဖြစ်လာတယ်။

မာ့က်စ်လီနင်ဝါဒကျောင်းသားဟောင်း တယောက်က ခုလို မိန့်ခွန်းနားထောင်ပြီး ဆွေးနွေးပွဲ တက်ရတာဟာ ဒုတိယအကြိမ်ကျောင်းပြန်တက်ပြီး၊ စစ်ရေးဘာသာရပ် ပြန်လေ့လာရသလိုဖြစ်တယ်လို့ တင်ပြတယ်။

ထိုးစစ်ဟာ နိုင်ငံရေးကျောင်းတခုဖြစ်တယ်၊ ဒါကြောင့် ဒီထိုးစစ်အတွင်း နိုင်ငံရေး၊ စစ်ရေးပညာတွေ လေ့လာဖို့လိုတယ်၊ ရဲဘော်တွေက ထိုးစစ်အတွင်း အဆက်မပြတ် နိုင်ငံရေးပညာပေးပါလို့ တောင်းဆိုတယ်။ ဒါကြောင့် ထိုးစစ်အတွင်း နိုင်ငံရေး၊ စစ်ရေး၊ ပညာပေးရေး တဆင့်တိုးလုပ်ရမယ်။

အပိုင်း(၂)

ဒီအပိုင်းမှာ မိန့်ခွန်းနဲ့ပတ်သက်တဲ့ နိုင်ငံရေးနဲ့ သဘောတရားရေး နိဂုံးချုပ်ကို ပြောသွားမယ်။

၆၄-လမ်းစဉ်ဟာ စစ်နိုင်ရေး၊အာဏာသိမ်းရေးလမ်းစဉ်ဖြစ်တယ်။ (၃)နှစ်အတွင်း ပါတီနဲ့တော်လှန်ရေးဟာ အောင်ပွဲတွေ တပွဲပြီးတပွဲ ရနေတယ်။ ဒါကြောင့် ၆၄-လမ်းစဉ်ဟာ မှန်ကန်တဲ့ တော်လှန်ရေးလမ်းညွှန်ဖြစ်တယ်။ မှန်ကန်တယ်။တော်လှန်တယ်။ ခုဆွေးနွေးပွဲမှာ ဒီမှန်ကန်တဲ့ တော်လှန်တဲ့လမ်းစဉ်ဟာ ပိုမိုပြည့်ဝလာတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုးစစ်ကို ဘယ်လိုရိုက်ချိုးရမယ်ဆိုတာ ၆၄-လမ်းစဉ်ကို တဆင့်တိုးအားဖြည့်လာတာဖြစ်တယ်။

မိန့်ခွန်းမှာ ယေဘုယျတရား ဖော်ပြတာဖြစ်ပေမဲ့အနှစ်ဟာ ဆွေးနွေးပွဲမှာ ပိုနိုင်မာကြွယ်ဝလာခဲ့တယ်။ ဥပမာ ပါတီက တော်လှန်စစ်ဦးစီးနေတာကို ဘယ်အခါမှ မမေ့ရဘူး။ ထိုးစစ်ဟာ ရေရှည်မယ်။ ထိုးစစ်ဟာ ကြောက်စရာမဟုတ်။ ကျနော်တို့အတွက် ကောင်းတယ်ဆိုတဲ့ တရားတွေဟာ မိန့်ခွန်းထဲမှာ ယေဘုယျဖော်ပြထားပြီး ဆွေးနွေးပွဲကျမှ ပိုမိုခိုင်မာ ကြွယ်ဝလာတာပဲဖြစ်တယ်။

ရဲဘော်တဦးက တော်လှန်စစ် ဦးစီးနေတဲ့ပါတီနဲ့ ရဲဘော်တွေဟာ ရေထဲရှာဖွေစားသောက်တဲ့ တံငါသည်လို သဘောထားရမယ်လို့ ပြောတယ်။ ဥပမာ- တံငါသည်ဟာရေလှိုင်းတွေရင်ဆိုင်ရတာပဲ။ လှိုင်းကြီးစီးလိုက်ရင်းငါးရှာလို့စားရတာပဲ။

ဒါကြောင့်ပါတီဟာ ထိုးစစ်ဒီလှိုင်းတွေစီးပြီးအောင်ပွဲယူဖို့ပဲ။ဒါက ပျော်စရာဖြစ်တယ်လို့ပြောတာဖြစ်တယ်။

ထိုးစစ်ဟာကြီးလေကောင်းလေ ပြောတာလဲမှန်တယ်။ ထိုးစစ်ကြီးတာဟာ ကျနော်တို့အားကြီးလို့ပဲ။ ထိုးစစ်ကြီးရင် အားကြီးကြီးနဲ့ ပြန်ချဖို့ပဲ။ ဒီလိုပြန်ချဖို့အခွင့်ကောင်းပဲ။

ဒါကြောင့် ထိုးစစ်နဲ့ပတ်သက်ပြီး ယခင် ကြည့်ပုံ ကြည့်နည်းတွေ ပြောင်းပြန်လှန်ပြစ်ဖို့လိုတယ်။

မိန့်ခွန်းဘယ်လိုနားလည်သလဲ

ထိုးစစ်ကို ထိုးစစ်နဲ့ရင်ဆိုင်ရမယ်လို့နားလည်ရမယ်။ "ဝဝစား-ဝေးဝေးပြေး-ဝိသံကြားရင် ဝပ်" ဆိုတဲ့ ဝလေးလုံး လမ်းစဉ်နဲ့ ဆန့်ကျင်ဖက်လို့ နားလည်ရမယ်။

ဒီမှာ ထိုးစစ်ရင်ဆိုင်တဲ့အခါမှာ မော်ရဲ့သန္နိဋ္ဌာန်ချ၊ အသက်စွန့်ရန်မကြောက်၊ အခက်အခဲဖယ်ရှား၊ အောင်ပွဲအရယူ ဆိုတဲ့ဩဝါဒအတိုင်း သေရမှာမကြောက်ဖို့၊အောင်ပွဲရဖို့၊ ပိုင်းဖြတ်ချက်ချဖို့၊ အသက်စွန့်ရမှာ မကြောက်ဖို့ဆိုတာကို နားလည်ရမယ်။

တနေ့ကပြောခဲ့တဲ့ထိုးစစ်ကိုထိုးစစ်နဲ့ရင်ဆိုင်ဖို့ တော်လှန် စစ်ဦးစီးဖို့၊ ထိုးစစ်ချေမှုန်းဖို့ဆိုတာဟာ ပါတီတွင်း (၁၅)နှစ်(၁၆)နှစ် သမိုင်းအနှစ်အခထွေးရှင်းပစ်တာဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယခင်က ပါတီကစစ်ရေးဦးမစီးခဲ့ဘူး။ ဒီနေ့ရန်သူက ထိုးစစ်လုပ်ရင် ကျနော်တို့က ပြန်ထိုးစစ်လုပ်ရမယ်။ စစ်ဦးစီးရမယ်။ ဒါဟာ စစ်ရေးသမိုင်းရဲ့ အလှည့်အပြောင်းပဲဖြစ်တယ်။

ထိုးစစ်ဖြစ်ရင် ဘယ်လိုခုနမလဲ

တချို့က ထိုးစစ်ဖြစ်ရင် အပြင်ထွက်သွားတယ်။ ဝဝစား- ဝေးဝေးပြေးပဲ(ဥပမာ)သာယာဝတီဒိုင်တပ် သာလှထိုးစစ်တုန်းကအပြင်ထွက်သွားခဲ့တယ်။ တပ်မှူးတွေက ဦးစီး ထွက်တာဖြစ်တယ်။ ဒါဟာ မှားတယ်။

ရန်သူထိုးစစ်လာရင် ထိုးစစ်ဂွင်အတွင်းမှာ ကိုယ့် တပ်တွေနေပြီး အတွင်းကရန်သူ့ ထိုးစစ်ကိုချေမှုန်းရမယ်။ ချေမှုန်းရမယ်ဆိုတာ ရှင်း-ခွဲ-စု မွှဲချထားတာဖြစ်တယ်။ ဒါကြောင့် ရန်သူအားနည်းတဲ့အစွယ်-သင်းကွဲအုပ်စုတွေကိုချေမှုန်းရမှာဖြစ်တယ်။

ရဲဘော်တယောက်ကစစ်ရေးနဲ့ ဆိုရင် သဘောတရား နားလည်ခဲ့တယ်။ ထိုးစစ်ဆွေးနွေးပိုက်ဘော့ သဘောတရားနဲ့ လက်တွေ့တပေါင်းတစည်းထဲ ပေါင်းစပ်နိုင်တယ်လို့တင်ပြခဲ့တယ်။

ရဲဘော်တချို့ကမိန့်ခွန်းကို တော်လှန်စစ်တခုလုံးအတွက် စာတမ်းတခု တပြည်လုံးအတွက် လမ်းညွှန်ဖြစ်အောင် ပြုစုဖို့တင်ပြတယ်။

အပိုင်း (၃)

ဒီအပိုင်းမှာ ထိုးစစ်အကဲဖြတ်ချက်ကိုပြောမှာဖြစ်တယ်။ ကျနော်တို့အနေနဲ့ ရန်သူထိုးစစ်ကိုချေမှုန်းနိုင်၊ အနိုင်ယူနိုင်တယ်။ ရန်သူ ထိုးစစ်ဟာ ဘယ်နည်းနဲ့မှ မအောင်မြင်နိုင်ဘူး။ အဘယ့်ကြောင့်ဆိုရင် ခုထိုးစစ်ဟာ အောင်မာသတို့နဲ့ နှိုင်းစာရင် အသေးစားပဲ။ ပါတီ အနေနဲ့ ပြန်လည်ပြင်ဆင်ရေးဂိုဏ်းကို ချေမှုန်းထားပြီး ခေါင်းထဲမှာ ရှင်းရှင်းလင်းလင်းရှိတယ်။ ပြန်လည် ပြင်ဆင်ရေး ဂိုဏ်းကို ချေမှုန်းတာဟာ အောင်ပွဲအတွက် အာမခံချက်ဖြစ်တယ်။

တော်လှန်ရေးစစ်ဟာ ဘက်ပေါင်းစုံ တိုးတက်နေတယ်။
လူထုအုံကြွထောက်ခံမှုဟာ အရှိန်ပြင်းစွာ တိုးတက်နေတယ်။
နိုင်ငံတကာ အားပေးထောက်ခံမှုဟာ ပေါ်လွင်ထင်ရှားတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရန်သူဟာ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စတဲ့ ဘက်ပေါင်းစုံ အကြွပ်အတည်းနဲ့ ရင်ဆိုင်နေရတယ်။

ထိုးစစ်ဟာ ရေရှည်မပ်၊ ဒီမှာတော့ ပြင်ဆင်တာဟာ လက်ဘန်း မဟုတ်ပဲ ရေရှည်အတွက်ပြင်ဖို့လိုတယ်။ ဥပမာ- ရန်သူအနေနဲ့ တတပ် မောရင် တတပ်နဲ့လဲမယ်။ ထိုးစစ်အရင်ထဲကပြင်တာပဲ။ထိုးစစ်နဲ့ လူထု စည်းရုံးဖို့ ဖြစ်တယ်။

ဒါကြောင့် ရန်သူက ကြာကြာ စစ်ဆင်ရေးလုပ်ဖို့ အကြံအစည်ရှိ တယ်။ ဒါဟာ ကြောက်စရာမဟုတ်ဘူး။ ဘူကြံတိုင်းဖြစ်တာမဟုတ်ဘူး။ တပ်မှူးအချင်းချင်း၊ တပ်မှူးကြီးတွေရှုတ်ရှက်ဖြစ်နေတယ်။ တယောက် က တောင်ဆိုရင် တယောက်ကမြောက်ဖြစ်နေတယ်။ ခု ဘယ်သွားသွား ဘာမှမတွေ့ဖြစ်နေတယ်။ တဲစုဘ်နဲ့ သံပုံးလုတ်လေးကော့ပဲ တွေ့တာကိုပဲ တကဲ့အောင်ပွဲကြီးလိုဖြစ်နေတယ်။

တကယ်ကလူတွေဆီကသတင်းမရဘူး။ဥပမာနိုင်ငံခန်းကပြန်သွား တဲ့သူတဦး ရန်သူကမိ၊ အရိုက်ခံပီး သစ္စာမဖောက်ဘူး။ တချို့ ကျော ရိုးမိ၊ ကြိုးနဲ့တုပ်ခေါ်သွား၊ ဘာမှမဖော် ပြန်လွှတ်၊ တနေ့က ရွာသား တယောက်မိ နွားကျောင်းသားလို့ပြော ပြန်လွှတ်လိုက်တာပဲ။

ရန်သူကသူ့စိတ်ကူးနဲ့မြေပုံချ တိုက်နေတာပဲ။ တောင်ကတိုက်လိုက် ရင် မြောက်ဖက်ပြေးမယ်၊ ဆိုးဟာပိတ်ဟာ ဖြစ်နေတယ်။

တောင်ဘက်မှာ တပ်ခွဲတခွဲဘက်လာ (၃)ယောက်ကခံချ၊ တခွဲလုံ ဖရိုဖရဲဖြစ် ရန်သူစိတ်ဓာတ်အခြေအနေ ဒီအတိုင်းဖြစ်နေပြီး ရွာရှိ လျှောက် ထီးထမ်းလမ်းလျှောက်ဖြစ်နေတယ်။

တဖက်ကလဲ ပြည်သူ့စစ်တွေဆီက စာတွေရတာဟာ အားရစရာ ကောင်းတယ်။ ရွာတရွာပြည်သူ့စစ်၊ တက်လာတဲ့တပ်ခွဲချ၊ တပ်မှူးက ဒါခေါင်းပွတွေကွ ပြန်မချနဲ့ပြောပြီး သုတ်ခြေတင်တာပဲ။

အပိုင်း (၄)

ဒီအပိုင်းမှာ အလုပ်တာဝန်ကိုပြောသွားမယ်။

တရုပ်ပြည်သူ့ လွှတ်မြောက်ရေးတပ်မတော်ကကျနော်တို့တော်လှန် စစ် အနှစ်(၂၀)တိုက်တာဟာ မိုးမြေ သိမ့်သိမ့်တုံစေတဲ့သမိုင်းဖြစ်တယ် လို့ ချီးကျူးဂုဏ်ပြုတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျနော်တို့အနေနဲ့ (၁၉)နှစ်မြောက် တော်လှန်ရေးနေ့မှာ "လာမဲ့ အနှစ်(၂၀)မြောက် တော်လှန်ရေးနေ့ကို ပိုမိုကြီးမားတဲ့ သမိုင်းဝင် အောင်ပွဲတွေနဲ့ ကြိုဆိုကြ"ဖို့ ပြောခဲ့တယ်။

လွန်ခဲ့တဲ့(၆)လအတွင်းမှာ စိန်-ပိန်ဂိုဏ်း ရှင်းလင်း သုတ်သင်ပစ်ခဲ့တယ်။ အဲ ဒါဟာ ပါတီမှာ တော်လှန်ရေးဖြစ်တယ်။ ဘာကြောင့်လဲ ဆိုတော့ ပြန်လည်ပြင်ဆင်ရေးနဲ့ ဓနရှင် ကိုယ်စားလှယ်တွေ ပါတီထဲ (၁၆)နှစ်နီးပါး စိုးမိုးခဲ့တာကို ပါတီထဲက ဖယ်ရှားပြီးပစ္စည်းမဲ့ တော်လှန်ရေးသမားတွေက အာဏာယူဖို့ တော်လှန်ရေးလုပ်တာ ဖြစ်တယ်။

ဒါဟာ- မေ(၂၇)ရက်ဆုံးဖြတ်ချက်ရဲ့ သမိုင်းဝင် အောင်ပွဲပဲ ဖြစ်တယ်။

(၁၉)နှစ်မြောက် တော်လှန်ရေးနေ့က အနှစ်(၂၀)မြောက် တော်လှန်ရေးနေ့ကို ပိုကြီးမားတဲ့ သမိုင်းဝင် အောင်ပွဲတွေနဲ့ ကြိုဆိုကြလို့ ပြောတုန်းက ဧမ်းတဝါးဝါးနဲ့ ဖြစ်နေတာ၊ စိန်-ပိန်ဂိုဏ်းအပေါ် ချေမှုန်းတဲ့ အောင်ပွဲရမှ ဒါဟာအနှစ်(၂၀)နေ့အတွက်သမိုင်းဝင်အောင်ပွဲ ဖြစ်တယ်လို့ရှင်းသွားတယ်လို့ ပြောတာဟာ မှန်တယ်။

ပါတီက စိန်-ပိန်ဂိုဏ်းကို တိုက်တာဟာ(၅၅)လမ်းစဉ် တိုက်တာပဲ၊ ကရုဏ်ရှက်တို့၊ လျူရှောချီတို့ကို တိုက်တာပဲ။ ဒါကြောင့် စိန်-ပိန်ဂိုဏ်း တိုက်တာဟာ နိုင်ငံတကာ့ အဓိပ္ပါယ်ရှိတယ်။ ဒါဟာတရုပ်ပြည်ကွန်မြူနစ်ပါတီမှာ အနှစ်(၂၀)လောက် ကြီးစိုးနေတဲ့ လျူရှောချီကို ဆွဲချတဲ့ ဘေရင်ရှေင်းတဲ့တိုက်ပွဲဖြစ်တယ်။

ကျနော်တို့ပါတီက လျူရှောချီတိုက်၊ တရုပ်ပြည် ကွန်မြူနစ်ပါတီက သတောသားပြောင်းသွားတယ်။ လျူရှောချီ ဗမာပြည် လာတုန်းက နေဝင်းနဲ့ ဘောလုံးကန်၊ ပျော်ပွဲစားပြန်တာပဲ။ ခုတော့တရုပ်ပြည် ကွန်မြူနစ်ပါတီအနေနဲ့ လျူရှောချီတိုက်ပြီး၊ နေဝင်းကို တရုပ်ပြည်နဲ့ ဗမာပြည်သူတွေရဲ့ ဘုံရန်သူအဖြစ်တိုက်ပြီး ဗမာ့တော်လှန်ရေးကို အတိအလင်းထောက်ခံလာကြတယ်။

လက်နက်ကိုင် တော်လှန်ရေးကို ယေဘုယျထောက်ခံတာနဲ့ မာ့က်စ် လီနင်ဝါဒလို့ မပြောနိုင်ဘူး။ ဗမာပြည်ကလက်နက်ကိုင်တော်လှန်ရေး ထောက်ခံမှ မာ့က်စ်လီနင် ဝါဒသမားဖြစ်တယ်လို့ ပြောနိုင်မယ်။ ဒီလို တရုပ်ပြည် ကွန်မြူနစ်ပါတီက ဗမာပြည်လက်နက်ကိုင် တော်လှန်ရေး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကို ထောက်ခံတာဟာ ဗမာ့အတွက်ပြောပြော၊ ကမ္ဘာ့ အတွက် ပြော ပြော ကြီးမားတဲ့အောင်ပွဲဖြစ်တယ်။ ဒါဟာ(၁၉)ကြိမ်မြောက် တော်လှန်ရေးနေ့ပြီးတဲ့နောက် ရခဲ့တဲ့ ကြီးမားတဲ့ အောင်ပွဲဖြစ်တယ်။

တရုပ်ပြည်က ဗမာ့တော်လှန်ရေးထောက်ခံတာဟာ အယူဝါဒရေး သဘောတရားရေး၊ နိုင်ငံရေးနဲ့လမ်းစဉ် တိုက်ပွဲရဲ့သမိုင်းဝင် အောင်ပွဲ ဖြစ်တယ်ဆိုရင် လာမဲ့ (၆)လအတွင်း သမိုင်းရေးအောင်ပွဲရဖို့အတွက် မော်နိုင်စစ်ဆင်ရေးဟာ အခွင့်အလမ်းပေါ်လာတာပဲ။

ရန်သူကို ထိုးစစ်နဲ့လာရင် ထိုးစစ်နဲ့ ချေမှုန်းရမယ်။ ဒါကြောင့် မော်နိုင်ထိုးစစ်ကာလအတွင်း ချေမှုန်းရေးလုပ်ရမယ်။

ဒီနိုင်ငံရေးအခြေအနေမှာ ချေမှုန်းရေးလက္ခဏာဆောင်တဲ့ တိုက်ပွဲ လုပ်နိုင်ရင် တော်လှန်စစ်သမိုင်းရဲ့ အလှည့်အပြောင်းပဲ။ထိုးစစ်အတွင်း ချေမှုန်းတာဟာလဲ တော်လှန်စစ်သမိုင်းရဲ့ အလှည့်အပြောင်းပဲ။ ဒီမှာ ပြောက်ကျား လှုပ်ရှားစစ်ပဲ၊ လမ်းကြောင်းကလဲ ချေမှုန်းရေးပဲ၊ ဒီထိုး စစ်အတွင်း ချေမှုန်းရေးလုပ်ငန်းလုပ်နိုင်ရင်ရန်သူ့စစ်ဆင်ရေး ရိုက်ချိုး နိုင်မယ်။ ဒါဟာ ထိုးစစ်ရဲ့ တောင်းဆိုချက် ဖြစ်သလို သမိုင်းရဲ့ တောင်းဆိုချက်လဲဖြစ်တယ်။

ရန်သူ့တပ်အနေနဲ့ ရင်း-ခွဲ-စုခွဲပြီး လှုပ်ရှားတယ်။ စုဆိုလဲ (၂၃) ယောက်ပဲရှိတယ်။ ဥပမာ ဗိုလ်ထွန်းလင်းတို့ ဘုံကြီးခခန်း တိုက်ပွဲမှာ တပ်စိတ်(၂)စိတ် ချေမှုန်းတာပဲ။

ဒါကြောင့် ခရိုင် မြို့နယ်တပ်စုစည်းရင် တပ်စုတစု ချေမှုန်းရေး ဖြစ်နိုင်တယ်။

တပ်စု(၁)က သာယာဝတီခရိုင်ဟာ ကျနော်တို့ အောင်မြေလို့ သဘောထားရမယ်လို့ ပြောတာမှန်တယ်။ ထိုးစစ် ချေ မှုန်း ရင်း ထိုးစစ်ကြီးလာ ဖိလာနိုင်တယ်။ ဒီလိုဆိုရင် ရှောင်သူရှောင် တိုက်သူ တိုက် တဆင့်တိုးကြီးမားတဲ့ ချေမှုန်းရေးလုပ်ဖို့ပဲ၊ ဒါဟာ အောင်ပွဲ တွေ တပ်ပွဲပီးတပ်ပွဲ ရဖို့ပဲ။

အခြားအဖွဲ့တွေ ပြောက်ကျားပစ်မယ်။ လူသေအောင် လုပ်ရမယ်၊ နယ်အဖွဲ့အဇာဥ်းတွေက နိုင်ငံရေးအလုပ်တွေ လုပ်ရမယ်။

ချေမှုန်းရေးအတွက် စစ်ဦးစီးရေး အဖွဲ့တဖွဲ့ဖွဲ့ပြီး ခရီး ထွက်တော့ မယ်။ တပ်တွေစုစည်းမယ်။စခန်းတွင်းက အားဖြည့်ပေးမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီချေမှုန်းရေးဟာ နိုင်ငံရေးအဓိပ္ပါယ် စစ်ရေးအဓိပ္ပါယ်နဲ့ နိုင်ငံတကာ့ အဓိပ္ပါယ်ရှိတဲ့အတွက် အားဖြည့်ဖို့ အစီအစဉ်ရှိပြီးဖြစ်တယ်။

ရန်သူကဖိလာရင် ဖိလာသလို ပြန်တုံ့ပြန်ဖို့ပဲ။

ဒါကရန်သူချေမှုန်းတာတခုပဲ ရှိသေးတယ်။

ရန်သူကတော်လှန်ရေး ဦးနှောက်ဖျက်ဆီးဖို့ ကြံရွယ်ချက်ရှိတယ်။ သူကပွန်းတာပဲ့တာကလေးထိ အမြတ်ထုတ် အသုံးချတယ်။

ရန်သူကိုချေမှုန်းဖို့ ကာကွယ်ရေးထဲက တစိတ်တပိုင်း ထုတ်လိုက်ရမယ်။ ဒါပေမဲ့ ပါတီကော်မီတီအနေနဲ့ ဒီကရှိတဲ့အားနဲ့ ပိုပြင်းပြတဲ့သံနိဋ္ဌာန်နဲ့ လုံးဝအတိုက်မခံရရေး လုပ်သွားမယ်၊ စခန်းတခုလုံး ကာကွယ်ရေးအစီအစဉ်ကို အသိရှိရှိနဲ့ လုပ်နိုင်အောင် လုပ်ဖို့ပဲ။

စခန်း လုံခြုံရေးစည်းကမ်း စခန်းချတုန်း၊ လှုပ်ရှားတုန်း ဘယ်လိုလိုက်နာရမယ်။

ချေမှုန်းရေးနဲ့ ခံစစ်ပြင်ဆင်ရေးအပြင် စခန်းလုပ်ငန်းတွေလဲ လုပ်ရမယ်။ ထိုးစစ်အခြေအနေမှာပဲ လုပ်ငန်းတွေလုပ်ရမယ်။ တော်လှန်ရေးလုပ်ဟန်နဲ့ လုပ်ရမယ်။ ဥပမာ ဆေးကျောင်းဖွင့်မယ်။ မာ့က်စ်လီနင်ဝါဒကျောင်းအတွက် ပြင်ဆင်မယ် ဖွင့်နိုင်အောင်ဖွင့်မယ်။

တပြည်လုံးရှေ့ဆောင်ရေးလဲ ဆက်လုပ်ရမယ်။ ထိုးစစ် ဖြစ်နေလို့ အလုပ်တွေအကုန်ရပ်ထားလို့ မဖြစ်ဘူး။ ခြုံလိုက်ရင် အလုပ် တခုက ရန်သူချေမှုန်းရေး၊ အလုပ်တခုက ခံစစ်အတွက် အဖက်ဖက်က ပြင်ဆင်ရေး၊ နောက်တခုက စခန်းလုပ်ငန်းတွေ တော်လှန်ရေးလုပ်ဟန်နဲ့ လုပ်ရန်ပဲဖြစ်တယ်။

အပိုင်း (၅)

ဒါတွေလုပ်နိုင်ဖို့ အတွေးအခေါ်အရ စည်းရုံးရေးအရ ပြင်ဆင်ရမယ်။

(၁) ရန်သူချေမှုန်းရေးတစိတ်တပိုင်း ပါဝင်ရတော့မယ်။ လူတိုင်းလဲ ပါလို့မဖြစ် လူတိုင်းတက်ကြွ နေတာတော့ ကောင်းတယ်။ တာဝန်ခွဲဝေမှုအရ (၁၀)ယောက်လောက်ပဲ ဖြစ်မယ်။ တပ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

က ထွက်တိုက်မယ်ဆိုရင် အတွေးအခေါ် အရသာပြင်ဆင်တာ သာ မက စစ်ရေးအရလဲ ပြင်ဆင်ရမယ်။

(၂) စခန်းရဲဘော်တွေ မော်ရဲ့ ပြောက်ကျားစစ်တရား လေ့လာရမယ်။ ရဲဘော်လင်ပျောင်ပြောသလို လက်တွေ့ကျကျ လေ့လာရမယ်။ ထိုးစစ်အတွင်း မာ့က်စ်လီနင်ဝါဒစစ်ကျောင်း တက်တဲ့ သဘော ဖြစ်စေရမယ်။

(၃) ခံစစ်အစီအစဉ် လုံခြုံရေး အစီအစဉ် စခန်းတခုလုံး လူထု လမ်းစဉ်အရ လူထုက သိဖို့လုပ်ဖို့လိုမယ်။

(၄) စခန်းလုံခြုံရေး စစ်အသွင်နဲ့ လှုပ်ရှားရေးကို အတွေးအခေါ် အလုပ်လို့မြင်ပြီး အတွေးအခေါ် အလုပ်အဖြစ်လုပ်ဖို့ လိုမယ်။ ဒီလုပ်ငန်းတာဝန်တွေ ပြီးမြောက်ဖို့ လိုအပ်တဲ့ စည်းရုံးဖွဲ့စည်းမှု ပြင်ဆင်တာတွေလုပ်ရမယ်။

နိဂုံးချုပ်။

စခန်းရဲ့အဓိကတာဝန်—ရန်သူချေမှုန်းရေးနဲ့ လုံခြုံရေးအာမခံရေးဖြစ်တယ်။

အဖွဲ့အစည်းအနေနဲ့ —တပြည်လုံး စစ်ဦးစီးရေး လုပ်ငန်းလုပ်ရင်း မော်နိုင်စစ်ဆင်ရေး အပေါ် အောင်ပွဲခံဖို့ ကြိုးပမ်းရမယ်။

(ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၌ "ထိုးစစ်ကို ထိုးစစ်ဖြင့် ချေမှုန်းရမည်" ဟူသော အစည်းအဝေး၌ သခင်သန်းထွန်းပြောကြားသည့်နိဂုံးချုပ်မိန့်ခွန်း။)

ယင်းသို့သခင်သန်းထွန်းသည် "ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့် ချေမှုန်းရမည်"ဟူသော ဩဝါဒကိုပေးနေသည်။"

ထိုအချိန်တွင် သခင်သန်းထွန်းသည် မြင်းချေးရောင် စစ်ဘောင်းဘီရှည်ကို ဝတ်ထား၏။ ဘောင်းဘီရှည်မှာ တပတ်နွမ်းဖြစ်၏။ အင်္ကျီမှာမူ အစိမ်းရောင် စစ်အင်္ကျီလက်ရှည်ကို ဝတ်ထား၏။အင်္ကျီလက်နှင့် ဂုတ်တို့မှာစုတ်ပြဲ၍နေသည်။

သခင်သန်းထွန်းသည် မိန့်ခွန်းပြောရာ၌ အသံကိုနှိမ့်၍ မြင့်၍ပြောနေ၏။ သံမှန်ဖြင့် ပြောနေခြင်းမဟုတ်ချေ။ တခါတရံတွင် အသံကိုနှိမ့်လိုက်၏။ "ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်နဲ့ ချေမှုန်းရမယ်"ဟူသောအခါတွင် အသံကိုမြှင့်လိုက်၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အသွားနှစ်ဖက်ကိုလည်း စုံကြိုက်လျက် အသံကိုညစ်၍ ပြောလိုက်၏။ တက်ကြွသည့်အမူအရာသည် သခင်သန်းထွန်း၏ မျက်နှာနှင့် လှုပ်ရှားမှုတို့တွင် ပေါ်လွင်နေ၏။ ထင်ရှားနေ၏။

အစည်းအဝေးသို့ တက်ရောက်နေကြသော ရဲဘော်များသည် သခင်သန်းထွန်း၏ တက်ကြွသော အမူအရာဟန်ကိုကြည့်၍ မိန့်ခွန်းကိုလည်း စူးစူးစိုက်စိုက် ပင်နားထောင်နေကြလေသည်။

ထိုစဉ်တွင် ဗမာ့တပ်မတော်မှ စစ်ဆင်ရေး စစ်ကြောင်း တကြောင်းသည် မြို့ကျွန်းမှ တောင်ညိုချောင်းကို ဖြတ်ကျော်၍ ဥဏ်လယ်ရွာသို့ ချီတက်လာနေကြောင်းကို သတင်းရ၏။ ကျောရိုးတဦးမှ လာရောက်၍ သတင်းပေးခြင်းဖြစ်၏။ ထို့ကြောင့်သခင်သန်းထွန်းသည် "**ထိုးစစ်ကိုထိုးစစ်ဖြင့် ချေမှုန်းရမည်**"ဟူသော နိဂုံးချုပ် မိန့်ခွန်းကို ရေးကြီးသုတ်ပြာနှင့် အမြန်ဆုံးပင် နိဂုံးချုပ်လိုက်ရလေတော့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် ဗမာ့တပ်မတော်၏ "**ဗဟိုဌာနချုပ်ချေမှုန်းရေးစစ်ဆင်ရေး**"ကို ရင်ဆိုင်ရန်နှင့် ချေမှုန်းရန်အတွက် စိတ်ဓာတ်အရ၊ ရုပ်ဝတ္ထုအရ ဘက်ပေါင်းစုံတို့မှပင် အထူးဂရုစိုက်၍ ကြပ်မတ်ပြင်ဆင်နေကြလေသည်။

ဗမာ့တပ်မတော်၏ စစ်ဆင်ရေး အမည်မှာ—"**မော်နိုင်စစ်ဆင်ရေး**" ဖြစ်လေသည်။

"**မော်နိုင်စစ်ဆင်ရေး**"ကို ၁၉၆၇-ခုနှစ်ဩဂုတ်လ (၂) ရက်တွင် ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုဌာနချုပ် အခြေစိုက်ရာဖြစ်သော ပဲခူးရိုးမရှိ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့တွင် အဓိကစစ်ဒေသအဖြစ် သတ်မှတ်၍ ထိုးစစ်ဆင်ခဲ့လေသည်။

ယင်း "**မော်နိုင်စစ်ဆင်ရေး**" ကို တပ်မ (၈၈) မှ ဦးစီး၍တပ်ရင်းပေါင်း (၇)ရင်းဖြင့် ထိုးစစ်ဆင်ခြင်းဖြစ်သည်။

ထို့ကြောင့်ပင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မီတီသည် ပဲခူးရိုးမတိုင်းအတွင်း၌ရှိသော အဆင့်ဆင့်သော ကော်မီတီများနှင့် ဗမာပြည်တပြည်လုံး၌ရှိသော အဆင့်ဆင့်သောကော်မီတီများသို့"**လတ်တလောစစ်ရေးညွှန်ကြားချက်**"တရပ်ကို ထုတ်ပြန်လိုက်လေသည်။

ယင်း "**လတ်တလောစစ်ရေးညွှန်ကြားချက်**"မှာ—"**နေဝင်းရဲ့ဖောက်ပြန်ယုတ်မာတဲ့ မော်နိုင်စစ်ဆင်ရေးကို ရိုက်ချိုးကြ**" ဟူ၍ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"နေဝင်းရဲ့ ဖောက်ပြန်ယုတ်မာတဲ့ မော်နိုင်စစ်ဆင်ရေးကို ရိုက်ချိုးကြ။

၁။ နေဝင်းဟာ (ဩဂုတ်လ ၂ ရက်ကစပြီး) ပဲခူးရိုးမမှာ မော်နိုင်စစ်ဆင်ရေးလုပ်နေတယ်။

ဒီစစ်ဆင်ရေးနာမယ်ရဲ့ အဓိပ္ပါယ်ကကမ္ဘာ့ ပစ္စည်းမဲ့ ခေါင်းဆောင်ကြီး မော်စီတုံးကို (ဝါ) မော်စီတုံး အတွေးအခေါ် ဖြစ်တဲ့ ပြည်သူ့စစ်ပွဲကို အနိုင်တိုက်ဖို့ဖြစ်လို့ မော်နိုင်စစ်ဆင်ရေးလို့ နာမယ်ပေးတာဖြစ်တယ်။

ဒီစစ်ဆင်ရေးရဲ့ ရည်ရွယ်ချက်က ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟို ဌာနချုပ်နဲ့ ဥက္ကဋ္ဌ သခင်သန်းထွန်းကို ချေမှုန်းဖို့ အဓိက ဖြစ်တယ်။ တချိန်ထဲမှာ ကေအင်ယူပါတီ ဌာနချုပ်နဲ့ မဒညတကို ချေမှုန်းဖို့လဲ ဖြစ်တယ်။

ဒီစစ်ဆင်ရေးကို နေဝင်းရဲ့ ကာကွယ်ရေးဦးစီးချုပ်နဲ့ အလယ်ပိုင်း တိုင်းက ဦးစီးညွှန်ကြားတယ်၊ တပ်မ (၇၇) ရဲ့ နဗဟ (၇၇၁) က တိုက်ရိုက်ဦးစီးတယ်။

အခုထိပါဝင်တဲ့ တပ်တွေက ခလရ (၆) ခမရ (၁၀၇) ခလရ (၁၀၁) တို့ (၃) ရင်းနဲ့ခလရ(၅၃) တခွဲ ခလရ (၅၀) တခွဲဖြစ်တယ်၊ ခလရ (၅) ကိုလဲတပြိုင်ထဲတနေရာမှာ သုံးတယ်။

ခုထိစစ်ဆင်ရေးလုပ်တာ တလကျော်သွားပြီ တလကျော်မှာ တပ်အချို့ကိုလဲပြီး ရန်သူဟာအချိန်ရှည်ကြာထိုးဖို့ ကြိုးပမ်းဆဲပဲဖြစ်တယ်။

၂။ ဒီစစ်ဆင်ရေးဟာနေဝင်းရဲ့ အမေရိကန်အလိုကျ တရုပ်ဆန့်ကျင်ရေးလုပ်ပြီးတဲ့နောက် တပြည်လုံးမှာ ဗမာပြည် ကွန်မြူနစ်ပါတီကို အဓိကဦးတည်ထိုးစစ်ဆင်ဖို့နဲ့ တရုပ်ပြည်ကို ရန်စဖို့လုပ်တဲ့ တပြည်လုံး စစ်ရေးစီမံကိန်းရဲ့ အဓိကပိုင်းဖြစ်တယ်။

နေဝင်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီ မဒညတဌာနချုပ်များ တိုက်ဖို့ လုံးပမ်းတာနဲ့ တပြိုင်ထဲမှာ ဗမာပြည်ကွန်မြူနစ်ပါတီ အဓိကအားကောင်းတဲ့ ဒေသတွေကိုလဲ တပြည်လုံးမှာ တိုက်နေတယ်၊ တပ်မ(၇၇) ရဲ့နဗဟ(၇၇၂)နဲ့(၇၇၃)တို့ဟာ အနောက်မြောက်တိုင်းနဲ့ ရှမ်းပြည်တောင်ပိုင်းကိုလဲ ထိုးနေတယ်။ တချိန်ထဲမှာ တရုပ်ပြည်ကို ရန်စတဲ့ အလုပ်ကိုလဲနယ်စပ်မှာ လုပ်နေတယ်။

အမှတ်(၈၈)ခြေမြန်တပ်မမှ ဦးစီးသော
မော်နိုင်စစ်ဆင်ရေး။

၃-၈-၆၃



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီစစ်ဆင်ရေးဟာ စိန်-ပိန်ပြန်လည်ပြင်ဆင်ရေးဂိုဏ်း၊ သစ္စာဖောက်ဘခက်ရဲ့ စိန်-ပိန်ကယ်တင်ရေး စီမံကိန်းနဲ့လဲ တဆက်ထဲဖြစ်တယ်၊ စိန်ပိန်ဂိုဏ်းသား သစ္စာဖောက်ဘခက်ဟာ ဒီထိုးစစ်မှာ သူခိုးလမ်းပြဖြစ်တယ်။

နေဝင်းရဲ့ ဒီစစ်ဆင်ရေးတခုလုံးဟာ အမေရိကန်နယ်ချဲ့နဲ့ ပြည်တွင်းပြည်ပ ပြန်လည်ပြင်ဆင်ရေးသမားတွေရဲ့ အလိုကျ ကွန်မြူနစ်ဆန့်ကျင်ရေး၊ ပြည်သူ့ဆန့်ကျင်ရေး၊ တရုပ်ဆန့်ကျင်ရေးလုပ်ပြီး တိုင်းပြည်ရောင်းစားဖို့ဖြစ်တယ်၊ ဒီစစ်ဆင်ရေးဟာ ဗမာပြည်ကွန်မြူနစ်ပါတီ တိုင်းရင်းသားလူမျိုးစုံ ဗမာပြည်သူတွေကို ဆန့်ကျင်တဲ့ စစ်ဆင်ရေးသာမက ဥက္ကဋ္ဌမော်နဲ့ တရုပ်ပြည် ကွန်မြူနစ်ပါတီ တရုပ်ပြည်သူတွေကို ဆန့်ကျင်တဲ့ စစ်ဆင်ရေးဖြစ်တယ်၊ အမေရိကန်နယ်ချဲ့ရဲ့ တရုပ်ပြည်ဆန့်ကျင်ရေး အရှေ့တောင်အာရှ ကျူးကျော်ရေးစစ်ရဲ့ အစိတ်အပိုင်းလဲဖြစ်တယ်၊ ဒါကြောင့် ဒီစစ်ဆင်ရေးဟာ အင်မတန် ဖောက်ပြန်၊ အင်မတန်ယုတ်မာတဲ့ စစ်ဆင်ရေးဖြစ်တယ်။

တော်လှန်ရေးဖက်ကကြည့်ရင် ဒီနေဝင်းရဲ့ ဖောက်ပြန်ယုတ်မာတဲ့ စစ်ဆင်ရေးကို ရိုက်ချိုးဖို့တာဝန်ဟာ အင်မတန် အရေးကြီးတယ်၊ ဒီတာဝန်ကျေပြွန်အောင်ထမ်းဆောင်ရေးဟာ အင်မတန် ကြီးမားတဲ့ နိုင်ငံရေး စစ်ရေးအခိပ္ပါယ်ကိုဆောင်တယ်။ နိုင်ငံတကာ အခိပ္ပါယ်ကိုဆောင်တယ်။ ဒီထိုးစစ်ကို ရိုက်ချိုးနိုင်ရင်တော်လှန်ရေးကို ရှေ့ကိုတဆင့်တိုးတက်စေမယ်။

ဒါကြောင့် ဒီစစ်ဆင်ရေးကို ရိုက်ချိုးဖို့ ပါတီတရပ်လုံး၊ တပ်မတော်တရပ်လုံး တော်လှန်ရေးအင်အားစုအားလုံး လူငယ် အမျိုးသမီးအားလုံး ပြည်သူတရပ်လုံး အစွမ်းကုန် လုံးပမ်းလာအောင် လှုံ့ဆော်စည်းရုံးတိုက်ပွဲဝင်လာအောင် လုပ်ရမယ်၊ ဒါက ဒီနေ့အရေးကြီးဆုံးအလုပ်ပဲ။

ဒီထိုးစစ်မှာ မော်စီတုံးအတွေးအခေါ်ကိုကာကွယ်တဲ့ဖက်က ပါဝင်တိုက်ခိုက်လုံးပမ်းရတာဟာ အခွင့်ထူးကြီးဖြစ်တယ်၊ ရဲဘော်တိုင်း ဒီထိုးစစ်မှာ ရဲစွမ်းပြရမယ်။

၃။ ဒီထိုးစစ်အတွင်းမှာ ပါတီဥက္ကဋ္ဌသခင်သန်းထွန်းက ရန်သူထိုးစစ်ကိုထိုးစစ်နဲ့ တုန့်ပြန်ဖို့ အခြေခံတရား(၃)ပါးကို စွဲစွဲမြဲမြဲဆုတ်ကိုင်ထားဖို့ ပညာပေးခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဲဒါတွေကတော့....

(၁) "ငါတို့ပါတီဟာ တော်လှန်စစ်ကို ဦးစီးတဲ့ပါတီဖြစ်တယ်၊ ပါတီဝင်တိုင်းဟာ တော်လှန်စစ်ကိုဦးစီး ရှေ့ဆောင်တိုက်ခိုက်သူတွေဖြစ်ရမယ်။

၅၅ - ပြန်လည် ပြင်ဆင်ရေး အတွေး အခေါ် ဖြစ်တဲ့ တော်လှန်စစ်ကို ဦးမစီးရေး၊ မတိုက်ရေး၊ တိမ်းရှောင်ရေး၊ ထွက်ပြေးရေး အတွေးအခေါ်တွေကို ဆန့်ကျင်ရမယ်။

(၂) တော်လှန်စစ်မှာ ရန်သူက နိုင်းယှဉ်ချက်အရ အင်အားကြီးမားနေသေးတဲ့ အချိန်ကာလ တလျှောက်လုံးမှာ ရန်သူ့ထိုးစစ်တွေဟာ အစဉ်ပဲရှိနေမယ်။

အခြေအနေအချိန်အခါလိုက် အပြောင်းအလဲရှိပေမဲ့ ထိုးစစ်တွေဟာ တခါထက်တခါ ပိုကြီး ပိုပြင်းထန်မယ်၊ ဒါပေမဲ့ ဒီထိုးစစ်တွေဟာ ကြောက်စရာမဟုတ်ဘူး။ ရန်သူက ထိုးစစ်တွေလုပ်တာကိုက ငါတို့အားကြီးလို့ သူ့ကိုပိုတိုက်ခိုက် ချေမှုန်းနိုင်လို့ ဖြစ်တယ်။

ရန်သူထိုးစစ်တွေဟာ ငါတို့အားကြီးဖို့ဖြစ်တယ်။ ရန်သူထိုးစစ်တွေကို ထိုးစစ်နဲ့ တုန့်ပြန်ရိုက်ချိုးရမယ်။ ထိုးစစ်ထဲမှာ ရန်သူကို ချေမှုန်းရမယ်။ သတ်ရမယ်။ ထိုးစစ်ထဲမှာ ငါတို့ပါတီ ငါတို့တပ်မတော်နဲ့ ငါတို့လူထုအင်အားကို ကြီးထွားစေရမယ်။

(၃) စစ်တခုလုံးရေရှည်ဖြစ်သလို ထိုးစစ်တွေဟာလဲ ကာလရှည်ကြာမယ်။ ခက်ခဲပြင်းထန်မယ်ဆိုတာ မြင်ရမယ်။ ထိုးစစ် အတွင်းမှာ အလုပ်လုပ်လို့ မဖြစ်ဘူး။ နိုင်ငံရေးပညာပေးလို့မရဘူးဆိုတာမမှန်ဘူး။ ထိုးစစ်ကိုထိုးစစ်နဲ့ တုံ့ပြန်ရင် ထိုးစစ်အတွင်းမှာ တော်လှန်တဲ့လုပ်ဟန်နဲ့ အလုပ်ကိုလုပ်ရမယ်။

သံန္နိဋ္ဌာန်၅၂ အသက်စွန့်လွှတ်ရမှာ မကြောက် အခက်အခဲဖယ်ရှား၊ အောင်ပွဲအရယူ ဆိုတဲ့ ဥက္ကဋ္ဌမော် ဩဝါဒစိတ်ဓာတ်နဲ့ ထိုးစစ်အတွင်းမှာ ပါတီ၊ တပ်၊ လူထုကို တိုက်ပွဲအတွင်း တည်ဆောက်ရမယ်။

ထိုးစစ်ဟာ ကျောင်းကြီးတခု ဖြစ်စေရမယ်။

၄။ ။တော်လှန်စစ်ကို ဦးစီးရေး၊ထိုးစစ်ကို ထိုးစစ်နဲ့ တုန့်ပြန်ရေး ထိုးစစ်အတွင်း အားကို တည်ဆောက်ရေးဆိုတဲ့ ဥက္ကဋ္ဌရဲ့ ညွှန်ပြတဲ့အခြေ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခံ စိတ်ဓာတ်ကို ဆုတ်ကိုင်ပြီး ခေါင်းဆောင်မှုက ကြိုးပမ်း အားထုတ်ရမယ်။

အဲဒီစိတ်ဓာတ်ကို ပါတီ၊ တပ်မတော်၊ လူထုအတွင်း ပျံ့နှံ့အောင် လုပ်ပြီး တိုက်ပွဲဝင်လာအောင် လုပ်နိုင်ရင် ရန်သူထိုးစစ်ကို မုချရိုက်ချိုးနိုင်မယ်။ ငါတို့ မုချအားကြီးမယ်။ အောင်ပွဲရမယ်။

ဘာကြောင့်လဲဆိုယင် ယနေ့ ငါတို့ရဲ့ အခြေအနေဟာ အင်မတန်ကောင်းပြီး ရန်သူအခြေအနေဟာအဖက်ဖက်ကအင်မတန်ဆိုးနေတယ်။

ငါတို့အခြေအနေကိုချုပ်ပြောရင် (၁)ပါတီထဲမှာ အတွင်းမီးဖြစ်တဲ့ စိန်-ပိန် ပြန်လည်ပြင်ဆင်ရေးဂိုဏ်းကိုတိုက်ခိုက်နိုင်ပြီး၊ ယနေ့ပါတီ တရပ်လုံးဟာ အင်မတန် စည်းလုံးညီညွတ်နေတယ်။ (၂) ငါတို့ပါတီ ခေါင်းဆောင်တဲ့တော်လှန်စစ်ဟာ တရုပ်ပြည်ကွန်မြူနစ်ပါတီနဲ့ တရုပ်ပြည်သူတွေနဲ့ ကမ္ဘာ့ပြည်သူများရဲ့ ပြောင်အတိအလင်း ထောက်ခံမှုကို ရရှိနေတယ်။ (၃) ပါတီထဲမှာ ကေဒါတွေ၊ ပါတီဝင်တွေရဲ့ စိတ်ဓာတ်ဟာ အင်မတန် တက်ကြွနေတယ်။ (၄) ပြည်သူတွေဟာ နေဝင်း စစ်အစိုးရကို အပြုတ်တိုက်ဖို့ တော်လှန်စစ်ထဲမှာ အုံကြွပါလာနေတယ်။ (၅) ရန်သူဟာ အဖက်ဖက်မှာ အကြပ်အတည်း ကြုံနေရတယ်။

ရန်သူရဲ့ဖက်ကိုကြည့်ရင် ရန်သူ့ အခြေအနေဟာ စစ်ရေး၊နိုင်ငံရေး၊ စီးပွားရေးအဖက်ဖက်မှာ အကြပ်ဆိုက်နေတယ်။ စစ်ရေး ဖက်မှာလဲ အကြပ်အတည်းတွေ ရှိနေတယ်။ အဲဒါတွေက....

(၁) ရန်သူတွေဟာ ကွန်မြူနစ်ကိုဆန့်ကျင်တဲ့ ပြည်သူတွေကို ဆန့်ကျင်တဲ့ ဖောက်ပြန်တဲ့စစ်ကိုလုပ်နေတာဖြစ်တယ်။ ဒါကြောင့် သူ့မှာ လူထု ထောက်ခံမှု မရနိုင်ဘူး။ (အခု ထိုးစစ်မှာ စစ်ဆင်ဖို့ ချွေးတပ် အမြောက်အမြား ဆွဲတယ်။ လယ်သမားတွေ မြို့နေဆင်းရဲသားတွေကို အဓမ္မချွေးတပ်ဆွဲခံရတယ်။ ငါတို့တပ်များနဲ့ ပြည်သူ့ စစ်များက တိုက်တာကြောင့်ရော၊ အခြေခံ ဒေသလူထုက လှုံ့ဆော်တာကြောင့်ရော၊ ချွေးတပ်တွေရာနဲ့ချီ ထွက်ပြေးတယ်။ ရန်သူကထပ်ဆွဲတယ်။ လူတွေက ပြေးကြတယ်၊ ချွေးတပ်လုံလောက်အောင်မရတော့ ထောင်သားတွေကို သုံးနေတယ်။ အဲဒီထဲကပဲ ထွက်ပြေးတယ်။)

လူထုကိုဖမ်းပြီး သတင်းရအောင်လုပ်တယ်။ ညှဉ်းပန်းတယ်၊ သတ်တယ်၊ ထောင်ချတယ်၊ လူထုက အဖမ်းမခံအသတ်မခံ၊ အချို့ဒေသမှာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လူထုဟာ လက်နက်စွဲကိုင်ပြီး အုံကြွတိုက်နေကြတယ်။ ရန်သူဟာလူထုဆီက သတင်းလဲမရ။ ထမင်းလဲမရ။အကူအညီလဲမရ။ လူထုကပြန်တိုက်တာ ခံနေရတယ်။

(၂) ရန်သူမှာ တပ်မလုံလောက်ဘူး။ရန်သူဟာတပြည်လုံးကျယ်ပြန့်စွာ ဖြစ်နေတဲ့ပြောက်ကျားစစ်ပွဲမှာ စစ်ဆင်ရေးနဲ့ မြို့တွေ လမ်းတွေ ထိန်းရေး ပဋိပက္ခ၊ စစ်ဆင်ရေးနဲ့ အုပ်ချုပ်ရေး၊ စီးပွားရေး လုပ်ငန်းတွေပဋိပက္ခ၊ ဗမာပြည် ကွန်မြူနစ်ပါတီကို အဓိက တိုက်ရေးနဲ့ အခြားလူမျိုးစုလက်နက်ကိုင် တော်လှန်ရေး အင်အားစုတွေကိုတိုက်ရေး အကြား-ပဋိပက္ခတွေရှိတယ်။ ဒီပဋိပက္ခတွေဟာ ပြည်သူ့စစ်ပွဲ ကြီးထွားလာတာနဲ့ အမျှ ပိုနက်ရှိုင်းလာနေတယ်။

သူ့ရဲ့စစ်အင်အားဟာတခုလုံးအနေနဲ့ မလုံလောက်ရှိမကာဘူး။ တပ်ရင်းဆိုလဲ သတ်မှတ်ချက်(၈၀၀)ကျော်ရှိပေမဲ့ တကယ်က(၄၀၀)ထက်မပိုဘူး။ တပ်ခွဲဆိုလဲ(၇၀) (၈၀) တပ်စုဆိုလဲ(၂၀)ကျော်ပဲရှိတယ်။

(ထိုးစစ်အစမှာ ၃-ရင်းနဲ့ ၂-ခွဲနဲ့စတယ်။ နောက်မြစ်ဝကျွန်းပေါ်က တရင်းကိုထပ်ဖြည့်၊ ၄-ရင်းခွဲဆိုပေမဲ့ ထိုးစစ်အတွက်တပ်အားလုံးကိုမသုံးနိုင်ဘူး။ ၂-ခွဲကရိက္ခာနဲ့ သယ်ယူပို့ဆောင်ရေးအတွက် လုံးဝ သုံးရတယ်။ ၄-ရင်းထဲကလဲ ·တရင်း ၄-ခွဲရှိပေမဲ့ နဗဟာရုံးရင်း ရုံးနဲ့ရိက္ခာလမ်းပန်းအတွက် ၂-ခွဲလောက်ထပ်သုံးရပြန်တယ်။ ဒါကြောင့်တကယ်ထိုးစစ်မှာ သုံးနိုင်တဲ့အားဟာ အင်မတန်နဲတယ်။)

(၃) ရန်သူ့ရဲ့ အမိန့်ပေးမှုအတွင်း ပဋိပက္ခဟာလဲ မသေးဘူး။

(ရန်သူဟာ အမေရိကန်ပုံစံ တပ်မကြီးတွေဖွဲ့၊ တပ်မရဲ့အောက်မှ နဗဟာ ၁-၂-၃ ဆိုပြီး ဖွဲ့တယ်။ သူတို့နယ်မြေ့ေးခင်ဆင်တဲ့ တပ်တွေ ဖြစ်တယ်။ ဒါပေမဲ့ စစ်ဆင်တဲ့ ဒေသတိုင်းမှူးရဲ့ ဝိမ်မှုနဲ့လဲ ကင်းလို့မရဘူး။ တိုင်းကတိုင်းရဲ့အကျိုးစီးပွားဖက်ကကြည့်ပြီး တပ်မက စစ်ဆင်ရေးအကျိုးဖက်ကကြည့်တာ သူတို့ချင်း အာဏာလုတာတွေရှိတယ်။ တပ်မမှာပါတဲ့တပ်ကလဲ တပ်မရဲ့ အုပ်ချုပ်မှုအမိန့်နာခံရ၊တိုင်းထဲမှာရှိတဲ့တပ်က တိုင်းမှူးရဲ့အမိန့်နာခံရ၊ တပ်မကြီးမှာပါတဲ့ တပ်က ဒေသတပ်ကို ပုလိပ်လောက်သဘောထား၊ ဒါတွေကြောင့် ရန်သူ့ရဲ့တပ် အမိန့်ပေးအဖွဲ့ထဲမှာ ပဋိပက္ခရှိနေတယ်။) သူတို့ချင်း ဆက်စပ်ဆောင်ရွက်မှုဟာ မကောင်းဘူး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) သူ့ရဲ့ဦးတည်ထိုးနှက်ချက်တွေကလဲများပြားပြီး ငါးပွက်ရာ ငါးစာချနေရဘယ်။

(၅) ရန်သူတပ်ရဲ့ အားအနည်းဆုံးကတော့ သူ့တပ်သားတွေရဲ့ စိတ်ဓာတ်ပဲ။

ဖောက်ပြန်တဲ့စစ်ကို လုပ်ရတာ လူထုဆန့်ကျင်မှု ခံရတာ၊ ငါတို့ တိုက်ခိုက်မှုခံရတာ၊ ပင်ပန်းဆင်းရဲတာ၊ သူတို့ရဲ့ဘဝအခြေမခိုင်တာတွေ ကြောင့် ရန်သူစစ်သားတွေရဲ့ စိတ်ဓာတ်ဟာ အင်မတန် ကျဆင်းနေ တယ်။

ထိုးစစ်အစမှာပဲ ပြည်သူ့စစ်နဲ့ငါတို့ရဲ့ဘော်များက ရန်သူ ၁၀၇-လို တပ်တွေကို ၅-ပွဲထက်မနည်း ချောင်းတိုက်နိုင်ခဲ့တယ်။ ရန်သူဟာရွာမအိပ် ရဲ၊ လမ်းအတိုင်းမသွားရဲ၊ တပ်ကိုထင်သလို မခွဲရဲဖြစ်နေတယ်။ အချို့ တပ်တွေဟာ ခိုင်းတာမလုပ်ပဲ ညာနေကြတယ်။

အခြေအနေကိုချုပ်ရင် ငါတို့အခြေအနေဟာအင်မတန်ကောင်းပြီး ရန်သူ့အခြေအနေဟာအင်မတန်ဆိုးနေတယ်။ရန်သူကစစ်အင်အားကြီး မားပေမဲ့ အားနည်းချက်တွေ အများကြီးရှိတယ်။ အဲဒါကိုချက်ကောင်း ယူပြီး၊ အသုံးချပြီး ငါတို့က ထိုးစစ်နဲ့တုံ့ပြန်ရင် ရန်သူ့ရဲ့ ထိုးစစ်ကို မုချ ရိုက်ချိုးနိုင်မယ်။

ဒါပေမဲ့ ငါတို့မပေါ့ရဘူး။ ရန်သူဟာ အကြပ်အတည်းတွေ့လေ ထိုးစစ်ပိုလုပ်လေပဲ။ထိုးစစ်လုပ်လေ အကြပ်အတည်းပိုကြီးလေဖြစ်မှာပဲ။

ရန်သူ စစ်အင်အားကြီးနေတဲ့အတွက် ငါတို့ ဒေသထဲမှာ တာရှည် ထိုးစစ်ဆင်တဲ့အခါ ငါတို့ပေါ့ရင်၊ လူထုကိုပိုင်ပိုင်နိုင်နိုင် အခြေမခံရင်၊ အထူးသဖြင့် ရန်သူကို မတိုက်ရင် ငါတို့ဖက်မှာ ထိခိုက်နစ်နာမှုအချို့ ရှိနိုင်တယ်။

ဒါကြောင့် ထိုးစစ်ကို ရိုက်ချိုးရမယ်ဆိုတဲ့ ယုံကြည်ချက်ကို အခိုင် အမာထူထောင်ရေးဟာ မပေါ့ရေး၊ လူထုကိုအားကိုးရေး၊ ရန်သူကို တိုက်ရေးနဲ့ တဆက်ထဲဖြစ်တယ်။

ဒီမှာရန်သူ ထိုးစစ်ကိုရိုက်ချိုးရေးဆိုတာ ရန်သူက ခေါင်းဆောင် အဖွဲ့တခုကို တပ်တခုကို အခြေခံဒေသကိုမဖျက်ဆီးနိုင်ရုံနဲ့ ရန်သူ ထိုးစစ် ကို ရိုက်ချိုးရာ မကျဘူး။ ထိုးစစ်အတွင်း ထိုးလာတဲ့ရန်သူကို တပ်စိတ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လိုက် တပ်စုလိုက် ချေမှုန်းနိုင်မှ ရန်သူနောက်ပိုင်းတခုကို တိုက်ခိုက် စီးနင်းပြီး ရန်သူ့အစီအစဉ်တွေကို ပျက်စီးအောင်လုပ်ပစ်နိုင်မှ ချုပ်ပြောရင် ရန်သူကို သေအောင်သတ်နိုင် ချေမှုန်းနိုင်မှ ရှိက်ချိုးရာကျမယ်။

တင်ါသည်ဟာ လှိုင်းဘယ်လောက်ကြီးကြီး၊ လေဘယ်လောက်ထန်ထန် မခြောက်ဘူး။ လှိုင်းလေကိုစီးပြီး ငါးကိုရအောင် ဖမ်း တယ်။ ငါတို့ဟာ ထိုးစစ်ဘယ်လောက်ကြီးကြီး ထိုးစစ်ထဲမှာ ရန်သူကိုအမဲသားငါးလို သဘောထားပြီး အရချေမှုန်းရမယ်။

၅။ ။ရန်သူ ထိုးစစ်ဟာ မချကျဆုံးရမယ်။ ဒါပေမဲ့ အလိုလိုကျဆုံးမှာ မဟုတ်ဘူး။ စံနစ်တကျ ရိုက်ချိုးနိုင်မှ ကျဆုံးမှာဖြစ်တယ်။ ပြည်သူတရပ်လုံးကို လှုံ့ဆော်စည်းရုံးပြီး ပြည်သူ့စစ်ပွဲဆင်နိုင်မှ ကျဆုံးမှာဖြစ်တယ်။

ဒါကြောင့်....

ဥက္ကဋ္ဌကြီးမော်- ဥက္ကဋ္ဌ သခင် သန်းထွန်းနဲ့ ပါတီဌာနချုပ်ကာကွယ်ရေးအတွက် အထူးသဖြင့် မော်စီတုံးအတွေးအခေါ်ကို ကာကွယ်ရေးအတွက် ပါတီ၊ တပ်မတော်၊ ပြည်သူတရပ်လုံးကို ကျယ်ကျယ်ပြန့်ပြန့်စည်းရုံးပြီး....

(၁) ချေမှုန်းရေး တိုက်ပွဲများဆင်ကြ၊ ရန်သူကို သတ်ကြ။
(၂) မိုင်း-ညှောင့်-ရုံပွင်းရာ လက်နက်နဲ့ ကျယ်ပြန့်တဲ့ ပြောက်ကျား တိုက်ပွဲများ ဖော်ကြ၊ ရန်သူကိုသတ်ကြ၊ နှောင့်ယှက်ကြ။
(၃) ရန်သူ့ဆက်သွယ်ရေးလမ်းကြောင်းများကို အပိုင်းပိုင်းဖြတ်ပစ်ကြ၊ယန္တရားတွေကိုဖျက်ဆီးကြ။
(၄) ရန်သူ့မြို့တွေ ရန်သူ့ပစ္စည်းတွေကို နှောင့်ယှက်ကြ၊ ဖျက်ဆီးပစ်ကြ။
(၅) ရန်သူရိက္ခာပစ္စည်းတွေကို လူထုနဲ့ချီပြီး သိမ်းယူကြ-ဖျက်ဆီးကြ။
(၆) မြို့တွေပေါ်မှာ ရိက္ခာတိုက်ပွဲ၊ နေဝင်းဆန့်ကျင်ရေး တိုက်ပွဲတွေလုပ်ပြီး အတွင်းမှ ဖျက်ဆီးရေးတွေ လုပ်ကြ။
(၇) ရန်သူတပ်ကို နိုင်ငံရေးအရ တိုက်ဖျက် ဖြိုခွဲကြ။
(၈) မိမိအားကို စုစည်းပြီး ထိုးစစ်ဆင်တဲ့ ရန်သူ တစိတ်တပိုင်းကို တခုချင်း တခုချင်း ချေမှုန်းကြ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ချုပ်ရင်....

ထိုးစစ်အစပိုင်းမှာ ကျယ်ပြန့်တဲ့ ပြောက်ကျားတိုက်ပွဲများလုပ်ပြီး၊ ထိုးစစ်ရဲ့ နောက်ပိုင်းမှာ ရန်သူ အားနည်းချက်တွေကို ချက်ကောင်းယူပြီး၊ ရန်သူ့အစိတ်အပိုင်းတခုကို ချေမှုန်းနိုင်အောင် ကြိုးပမ်းကြ၊ ပြည်သူ့စစ်ပွဲကို မြှင့်တင်ကြ။

- နေဝင်းရဲ့ ဖောက်ပြန် ယုတ်မာတဲ့ မော်နိုင် စစ်ဆင်ရေးကို ရိုက်ချိုးကြ။
- အနှစ်(၂၀)ပြောက်တော်လှန်ရေးနေ့အတွက် အောင်ပွဲသစ် များကို ရယူကြ။
- အနှစ် (၃၀) ပြောက် ပါတီနေ့ အတွက် အောင်ပွဲသစ်များနဲ့ ကြိုဆိုကြ။

ဗဟိုဌာနချုပ်
ဗမာပြည် ကွန်မြူနစ်ပါတီ

ဤသည်မှာ ဗမာပြည် ကွန်မြူနစ်ပါတီ၏ "လက်တလောစစ်ရေး ညွှန်ကြားချက်"ပင်ဖြစ်၏။ ယင်းစစ်ရေး ညွှန်ကြားချက်ကို ဗဟိုစစ်ကော်မီတီ အတွင်းရေးမှူး သခင်ချစ်သည် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့၏ တိုက်ရိုက်ခေါင်းဆောင်မှုအောက်တွင် ရေးသား၍ ညွှန်ကြားလိုက်ခြင်းဖြစ်လေသည်။

ထို့ပြင် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် သခင်ချစ်တို့သည် ဗမာ့တပ်မတော်၏ "မော်နိုင် စစ်ဆင်ရေး"သည် ရဲဘော်ဌေးနှင့် ရဲဘော်ဘတင်တို့အား ကယ်တင်ရေးအတွက် "သဋ္ဌာဖောက်ဘခက်ရဲ့ စိန်-ပိန်ကယ်တင်ရေးစီမံကိန်း"ဖြစ်သည်ဟု သတ်မှတ်ကြ၏။ ထို့ကြောင့်ပင် "မော်နိုင်စစ်ဆင်ရေး" အားဗမာပြည် ကွန်မြူနစ်ပါတီအတွင်း၌"ဘခက် ထိုးစစ်"ဟူ၍ခေါ်ဝေါ်သုံးစွဲကြသည်။

သခင်ချစ်သည် "မော်နိုင်စစ်ဆင်ရေး"တွင် ဦးစီးသော တပ်မနှင့် ပါဝင်သော တပ်များ၏ အနေအထားနှင့် လှုပ်ရှားမှုများကိုလည်း စံနစ်တကျ မှတ်တမ်းတင်ရန်အတွက် ဤသို့ရေးမှတ်ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"၈၈ - ဗိုလ်မှူးကြီး သန်းတင်

၈၈၁ - ဒု/ဗိုလ်မှူးကြီးအေးကို ရှမ်းပြည်တောင်ပိုင်း၊ အနောက်မြောက်တိုင်း။

၈၈၂ -

၈၈၃ - ဒု/ဗိုလ်မှူးကြီးထွန်းရှိန်

ခလရ-၆-ဗိုလ်မှူးချစ်အောင်

ခလရ-၁၀၇

ခလရ-၁၁

၅၃-၅၀-ဆက်သွယ်ရေး၊ ဗိုလ်ဘကြီးအေး

ခလရ-၅-ကျောက်ကြီးအရှေ့ မန်းဘဇော်

အမိကဝင်—ကြို့ပင်အိုင်၊ သဖန်းချောင်း၊ ကရင်ဆင်ဆွဲ၊ ဥဘတ်လယ်၊ ကန်စုစမ်းကြီး။

အောက်တိုဘာမှာ - ၁၀၇-နဲ့ ချင်း ၁-လဲ။
ရှမ်း-၁-ဝိုင်းသွင်း ပြည်ဘက် ဇီးကုန်း၊

နိုဝင်ဘာ - ရှမ်း-၁၊ ပြန်ဆုတ်-အနောက်မြောက်တိုင်းပို့။

နိုဝင်ဘာ - ၉၂-စစ်ကြောင်းကြီး ၅-ကြောင်း ၂-ခွဲကို လပခမှသွင်း။
နဗဟာ၊ ၈၈၁-အေးကိုအစား ထွန်းရှိန်ပြောင်း။

ဒီဇင်ဘာ - ၁၂-၇၇၃ မှ သနက-၁၊ ၁၀၈-ပေါက်ခေါင်း၊ ၅၃၊ ညောင်ကုန်းနှင့် ကောင်စိဒိုင်နယ်။

- ၂၇-ကချင်-၄၊ ၂-ခွဲစီ၊ ပေါင်းတည် သဲကုန်းမြို့နယ် ဇီးကုန်း။

နိုဝင်ဘာ - ချင်း-၁၊ ၂-စိတ်ကို ချေမှုန်း။

ဒီဇင်ဘာ ၂၅-ကိုဘိုအေးရန်သူရ။

" ၃-၁-ဆေးကျောင်း ဗိုလ်အောင်မြင့်ကျ။

" ၁၂-၁-ငါတို့ပစ်၊ ၁-ကျ၊ ၁-ဒဏ်ရာရ။

" ၁၇-၁-ပြန်ဆုတ်။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နည်းဗျူဟာ - ၁၁၂-အနောက်မြောက်တိုင်း စစ်ဆင်။ ၁၁၃-ရှမ်းပြည်-ဗိုလ်ခင်အောင်ကျ-ဗိုလ်အေးအောင်မြင့်ကျ။

၇၇၁-သတုံကရင်။

၇၇၂-မြစ်ဝကျွန်းပေါ်။

၇၇၃-ဒီဇင်ဘာ ၁၂-ပြည်၊ ၂-ရင်း၁၀၇-သနက။

။ ၂၅-ပေါင်းတည် ရဲဘော်ဘိုအေးကျ။

။ ၂၉-ယာတ်ဆိုင်ခွဲ ၃

။ ၂-ခွဲ ၄-ဖောက်ဝင်။

။ ၄/၁ ဗိုလ်အောင်မြင့်ကျ။

။ ၁၂/၁ ငါတ္တိုပင်-ခလရ-၆-၂ဒုက်ရာရ။

၁၅-၁-၆၀-မော်နှိုင် ရုပ်သိမ်း။

ဤသို့ဖြင့်သခင်ချစ်သည် "မော်နိုင်စစ်ဆင်ရေး" ၏အခြေအနေများနှင့်လှုပ်ရှားမှုများကို မှတ်သား၍ ထားလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည်၊ "မော်နိုင်စစ်ဆင်ရေး" အတွင်း၌လည်း ဥာဏ်လယ်ရွာအနီးမှ ဝါးနက်ချောင်းဖျားယင်းမှအထက်မယင်းအနီး၊ယင်းမှလက်ဝါးကြီးကြိုးစသည်ဖြင့် သာယာဝတီခရိုင် နတ္တလင်း မြို့နယ်တောင်ညိုဒေသအတွင်း၌ပင် ပြောင်းရွှေ့ လှုပ်ရှားနေခဲ့လေသည်။

တို့နောက်တွင် "မော်နိုင်စစ်ဆင်ရေး"စစ်ကြောင်းများသည် ပို၍ပို၍ ပိုက်စိတ်တိုက်လာ၏။ ဗဟိုဌာနချုပ်သည် ယင်းစစ်ကြောင်း များ၏ ဂွင်အတွင်းမှလွတ်မြောက်ရန်အတွက် ပြည်ခရိုင်ပေါင်းတည်မြို့နယ် ရွှေလေးဒေသ ရွှေမြကွင်းရွာနှင့် ရှေ့ကွင်းရွာ၏ အနောက်ဘက်၌ရှိသော ပိန်းစိုက်စခန်း ယင်းမှ ရေတပေါက်စခန်း၊ ယင်းမှကွင်းသာစခန်းတို့ကို ရွှေ့ပြောင်းခဲ့၏။ ရွှေလေးနယ်တွင်လည်း "မော်နိုင်စစ်ဆင်ရေး" စစ်ကြောင်းများ၏ ဝိုင်းဝန်းပိတ်ဆို့ခြင်းကို ခံခဲ့ရလေသည်။

ထို့ကြောင့်ဗဟိုဌာနချုပ်သည် စစ်ကြောင်းများ၏ နောက်မှ ကပ်၍ လှုပ်ရှား၏။စခန်းချ၏။စစ်ကြောင်းများမှရှင်းပြီးသော ဂွင်များကို ချက်ခြင်း ပြန်၍လည်းခိုအောင်းနေခဲ့၏။ မြော်လင့်ခြင်းမရှိသည့် နေရာတွင် မြော့်လင့်ခြင်း မရှိသည့်အချိန်၌ ဝင်ရောက်ခိုအောင်း၍သာ နေထိုင်ခဲ့ကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ချစ်၏ မော်နိုင်စစ်ဆင်ရေးနှင့်ပတ်သက်သော မှတ်စုမူရင်း



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအခါတွင် ထမင်းနပ်မှန်လည်း မစားရချေ။ ညဉ့်သာ ထမင်းချက်ရ၏။ ထမင်းကို ဝဝမစားရ။ ပုံစံသာစားရ၏။ ဆန်ပြုတ်သက်သက်လည်း သောက်ရ၏။ငှက်ပျောအူနှင့် ငှက်ပျောခေါင်းကို ပြုတ်၍လည်း စားရ၏။ ဂွေးသီးကို ပြုတ်အသားကို ချစ်၍အချပ်ငယ်ကလေးများ ပြုလုပ်ကာ အချောက် လှမ်း၍ ရိက္ခာခြောက်လည်းလုပ်၍စားကြရ၏။ဆူးပုတ်ရွက်နှင့်ကမလင်းရွက်တို့ကို အစိမ်းစား၍ ရေသောက်နေရသည်မှာလည်း မကြာခဏပင်ဖြစ်သည်။ နွေပေါက်လာသဖြင့် ရေကိုပင်ခွက်ချိန်ဖြင့် ချိုးကြရ၏။ ရက်ခြားလည်း ချိုးကြရ၏။ ၁၅-ရက်တလကြာမှ တခါသာချိုးရသည်လည်းရှိ၏ ရေကိုလည်းပုံစံပင် သောက်ကြရသည်။

နောက်ဆုံးတွင် ဗဟိုဌာနချုပ်သည် ပြည်ခရိုင်နှင့် သာယာဝတီ ခရိုင်တို့၏ နယ်စပ်ပဲခူးရိုးမနှင့် ကပ်နေသော ကရင်အမျိုးသားများ နေထိုင်သည့် ကျွဲတဲကြီးရွာ၏ အနှောက် ငှက်ပျောမြောင်နှင့် ကြံ့ကလေးမြောင် ကြားကြောသို့ ပြောင်းရွှေ့၍ စခန်းချခဲ့လေတော့သည်။

"မော်နိုင်စစ်ဆင်ရေး" အတွင်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် တိုက်ရိုက်တိုက်ခိုက်ခြင်းကို မခံခဲ့ရချေ။ အငတ်ငတ် အပြတ်ပြတ်နှင့် မစားရ၊မသောက်ရဖြစ်လျှက်လှုပ်ရှားခဲ့ရ၏။ ဗဟိုဆေးကျောင်းမှာမူ နှစ်ကြိမ်တိုင်တိုက်ခိုက်ခြင်းကို ခံခဲ့ရ၏။ ဗဟိုဆေးကျောင်း၏ တပ်မှူး ရဲဘော်အောင်မြင့်သည် ကျဆုံးခဲ့ရ၏။ ရဲဘော်အောင်မြင့်သည်သခင်သန်းထွန်း၏ အငယ်ဆုံး နှစ်မဖြစ်သော မမြဝင်း (ခ)မစိမ်းချို၏ ခင်ပွန်းဖြစ်၏။ ဗဟိုဆေးကျောင်းသည် ဖရိုဖရဲဖြစ်ပြီး ပဲခူးရိုးမ၏ အရှေ့ခြမ်းသို့ဖြတ်ကျော်လျက် တောင်ငူခရိုင်အတွင်းသို့ ရွှေ့ပြောင်းခဲ့ကြရတော့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့၌လည်း တပ်မှူးအချို့နှင့် ခရိုင်ကော်မီတီများအပါအဝင် ရဲဘော် အမြောက်အမြားပင် ကျဆုံးမှုများ ဖမ်းဆီးခံရမှုများဖြစ်ကာ ဆက်ဟိုက်ပင် ဖရိုဖရဲဖြစ်၍သာ နေလေတော့သည်။

ထိုအချိန်တွင်ပင်သခင်သန်းထွန်း၊ရဲဘော်အောင်ကြီးနှင့် သခင်ချစ်တို့သည် ပဲခူးရိုးမတိုင်းကော်မီတီ ဖြစ်သော ရဲဘော်သက်အား ပဲခူးရိုးမတိုင်း အတွက် "ရန်သူ့ထိုးစစ်ကိုထိုးစစ်နဲ့ပြန်လှန်ရိုက်ချိုးကြ"ဟူသောစစ်ရေးညွှန်ကြားချက်တရပ်ကို ထုတ်ပြန်စေခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ရန်သူ့ထိုးစစ်ကို ထိုးစစ်နဲ့ပြန်လှန်ရိုက်ချိုးကြ

၁။ ရန်သူ့ထိုးစစ်ကို ထိုးစစ်နဲ့ ပြန်လှန်ရိုက်ချိုးကြ— ဤကား ငါတို့ပါတီဥက္ကဋ္ဌကြီးသခင်သန်းထွန်း၏ ဆော်ဩချက်ဖြစ်သည်။

ဤဆော်ဩချက်သည် ငါတို့တော်လှန်စစ်ပွဲတွင် လက်ရှိစစ်အဆင့် အတွက်အထွေထွေစစ်ရေး လမ်းညွှန်လည်းဖြစ်သည်။

၂။ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းက ငါတို့ဘယ်အခါမှ မမေ့ရမည့် လမ်းညွှန်တရား(၃) ပါးကို ညွှန်ပြထားပေသည်။

ဤတရား (၃) ပါးသည် ငါတို့ ရေရှည်တော်လှန်စစ်ပွဲသမိုင်းအ တွင်းက သွေး-ချွေးတို့နှင့် ရင်းနှီး၍ရခဲ့သော သမိုင်းသင်ခန်းစာလည်း ဖြစ်သည်။ တနည်းအားဖြင့်ဆိုပါကငါတို့၏ကိုယ်ပိုင်တော်လှန်စစ်တရား လည်း ဖြစ်ပေသည်။

ဤတရား(၃)ပါးကို ငါတို့လိုက်နာကျင့်သုံးပါက စစ်အနိုင် တိုက် ပြီး အာဏာသိမ်းနိုင်မည်မှာ မုချဖြစ်သည်။

၃။ ဤတရား(၃)ပါးမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ကွန်မြူနစ်ပါတီသည် တော်လှန်စစ်ကို အနိုင်တိုက်ရန် ဦးစီး နေသော ပါတီဖြစ်သည်။ တော်လှန်စစ်ကို ဦးမစီးလျှင် ကွန်မြူနစ်ပါ တီမဟုတ်။

(ခ) ရန်သူ့ထိုးစစ်ကို အနိုင်တိုက်ရမည်။ ရန်သူ့ထိုးစစ်ကို ထိုး စစ်နှင့် ပြန်လှန်ချေမှုန်းပစ်ရမည်။ ထိုးစစ်ကိုထိုးစစ်နှင့် ပြန်လှန်ချေမှုန်း သည့် လမ်းသာလျှင် စစ်နိုင်ရေး လမ်းဖြစ်သည်။ ငြိမ်ခံရေး၊ ထွက် ပြေးရေး၊ ရှောင်တိမ်းရေးလမ်းသည် စစ်နိုင်ရေး မဟုတ်၊ စစ်ရှုံးရေး လမ်းသာဖြစ်သည်။

ရန်သူ့ထိုးစစ်ကို ငါတို့အင်အားကြီးထွားရေးအတွက်အခွင့်အလမ်း ကောင်းအဖြစ် မြင်ရမည်။ ရန်သူ့တပ်ကို ငါတို့၏ထောက်ပံ့ရေးဌာန အဖြစ် မြင့်ဖို့လိုသည်။

(ဂ)ရေရှည်စစ်မှာ ဇွဲရှိရမည်။ ခံနိုင်ရည် ရှိရမည်။ နောက်ဆုံး ခံနိုင်ရည်ရှိသူသာ စစ်ကိုအနိုင်ရပေမည်။ ငါတို့ပါတီနှင့် တပ်မတော် သည် သူမတူသော ခံနိုင်ရည်ရှိသည်။ အကြောင်းကတော့ ငါတို့သည်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြည်သူ့အကျိုး၊ ပါတီအကျိုး၊တော်လှန်ရေးအကျိုးကို ဦးထိပ်ပန်ထား လိုပင် ဖြစ်သည်။ ထို့ကြောင့် ငါတို့မုချနိုင်ရမည်။

၄။ ကွန်မြူနစ် ပါတီသည် တော်လှန်စစ်ကို ဦးစီးနေသော ပါတီ ဖြစ်သည်။

(က) ကွန်မြူနစ်ပါတီသည် မာ့က်စ်လီနင်ဝါဒ မော်စီတုံး အတွေး အခေါ်အရ တည်ဆောက်ထားသော ပါတီဖြစ်သည်။

မာ့က်စ်လီနင်ဝါဒမော်စီတုံးအတွေးအခေါ်၏ အရင်းခံတရားသည် ပစ္စည်းမဲ့လူတန်းစား တပ်ဦးပါတီက အကြမ်းဖက် တော်လှန်ရေးဖြင့် ပစ္စည်းမဲ့အာဏာရှင်စံနစ်ကို တည်ဆောက်ရန်ဖြစ်သည်။

တနည်းအားဖြင့်ဆိုလျှင် ကွန်မြူနစ်ပါတီက ခေါင်းဆောင်၍ တော် လှန်စစ်ကို အနိုင်တိုက်ပြီး ပစ္စည်းမဲ့ အာဏာရှင်စံနစ်ကို တည်ဆောက် ရန် ဖြစ်သည်။

"တော်လှန်ရေးဆိုလျှင် အကြမ်းဖက်တော်လှန်ရေးပဲ၊ အကြမ်းဖက် တော်လှန်ရေးဆိုတာ တော်လှန်စစ်ပဲ"ဟု ဥက္ကဋ္ဌကြီး သခင်သန်းထွန်းက သင်ကြားခဲ့သည်။

ထို့ကြောင့်"ကွန်မြူနစ်ပါတီဆိုတာ တော်လှန်ရေးကိုခေါင်းဆောင် တဲ့ပါတီဖြစ်တယ်"လို့ ပြောနေကြတာကို ယေဘုယျအပေါ်ယံ နား လည်နေလို့မဖြစ်ပါ။ ကွန်မြူနစ် ပါတီသည် တော်လှန်စစ်ကို ဦးစီးနေ သော ပါတီဖြစ်သည်ဟု အတိအကျ အမှန်အတိုင်း နားလည်မှ ဖြစ်ပါ သည်။

(ခ) ကွန်မြူနစ်ပါတီသည် တော်လှန်စစ်ကို ဦးစီးနေသော ပါတီ ဖြစ်သည်ဆိုရာတွင် အကောင်အထည်မဲ့ နားလည်နေ၍လည်းမဖြစ်ပါ။ အကောင်အထည်ရှိရှိ နားလည်မှ ဖြစ်ပါသည်။

ကွန်မြူနစ် ပါတီသည် တော်လှန်စစ်ကို ဦးစီးနေသော ပါတီဖြစ် သည် ဆိုသည်မှာ....

> ပါတီကော်မီတီက စစ်ရေးကို ခေါင်းဆောင်ခြင်း ဖြစ်သည်။ ပါတီကော်မီတီက အကြွင်းမဲ့နှင့် တိုက်ရိုက် ရှေ့ဆောင်သော ပြည်သူ့တပ်မတော်ကို တည်ဆောက်ခြင်းဖြစ်သည်။ ပါတီ ခေါင်းဆောင်များကစစ်ရေးကိုခေါင်းဆောင်ခြင်းဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

- ပါတီဝင်များက လက်နက်ကိုင်တိုက်ပွဲတွင် ပါဝင်ခြင်းဖြစ်သည်။

"တော်လှန်စစ်ကို ဦးမစီးလျှင် ကွန်မြူနစ်ပါတီမဟုတ်ဘူး။ စစ်ရေးကို ခေါင်းမဆောင်နိုင်လျှင် ပါတီခေါင်းဆောင်မဖြစ်နိုင်ဘူး။ လက်နက်ကိုင်တိုက်ပွဲတွင် မပါဝင်လျှင် ပါတီဝင် မဖြစ်နိုင်ဘူး"ဟု ဥက္ကဋ္ဌကြီး သခင်သန်းထွန်းက ဒုတိယပါတ် မာ့က်စ်လီနင်ဝါဒကျောင်းမှာ ပြောကြားခဲ့ပါသည်။

ထို့ကြောင့် ကွန်မြူနစ်ပါတီသည် တော်လှန်စစ်ကို ဦးစီးရမည်။ ပါတီကော်မီတီသည် စစ်ကိုဦးစီးရမည်။ ပါတီခေါင်းဆောင်သည် စစ်ရေးကို ခေါင်းဆောင်ရမည်။ ပါတီဝင်သည် လက်နက်ကိုင်တိုက်ပွဲတွင် ပါဝင်ရမည်၊ ဤအတိုင်းမဖြစ်သေးလျှင် ဒို့ဖြစ်အောင်လုပ်ရမည်။

ယခင်က ငါတို့ ဤအတိုင်းမဖြစ်ခဲ့သည်များကို သူများမှာဖြစ်ဖြစ် ကိုယ်တိုင်မှာဖြစ်ဖြစ်၊ ဝေဖန်ပစ်ရမည် ပြုပြင်၍ ဤအတိုင်း ဖြစ်အောင် လုံးပမ်းအားထုတ်ရမည်။

၅။ ရန်သူ့ထိုးစစ်ကို ထိုးစစ်နှင့် ရိုက်ချိုးပစ်ရမည်။

(က) တော်လှန်ရေး စိတ်ဓာတ်ဆိုတာ ထိုးစစ်စိတ်ဓာတ်ဖြစ်သည်။ ထိုးစစ် စိတ်ဓာတ်မရှိပဲ တော်လှန်ရေးကို မလုပ်နိုင်ပေ။ ထို့ကြောင့် တော်လှန်စစ်တွင် ထိုးစစ်စိတ်ဓာတ်သည် အစဉ်သဖြင့် လွှမ်းမိုးနေရမည်။

တော်လှန်စစ်ပွဲကြီးတခုလုံးတွင် အတိုင်း အတာ ကြီးသည် ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ သေနင်္ဗျူဟာခံစစ်နှင့် သေနင်္ဗျူဟာ ထိုးစစ်အဖြစ် ရန်သူနှင့် ငါတို့ အပြန်အလှန်ရင်ဆိုင် ဆက်ဆန်နေကြရမည်ဖြစ်သည်။

ငါတို့သည် သေနင်္ဗျူဟာ ခံစစ်အနေအထားတွင် ရောက်နေသည် ဖြစ်စေ၊ သေနင်္ဗျူဟာ ထိုးစစ်အနေအထားတွင် ရောက်နေသည်ဖြစ်စေ ထိုးစစ်စိတ်ဓာတ်လွှမ်းမိုးနေပြီး ထိုးစစ်ဆင်ရေးပင် ဖြစ်သည်။

"ပြောက်ကျားစစ်၏ အခြေခံလမ်းညွှန်မှုမှာ ထိုးစစ်ဆင်ရေးပင်ဖြစ်သည်"(မော်စီတုံး)

ထို့ကြောင့် ငါတို့သည် ရန်သူ့ထိုးစစ်အတွင်းတွင်လည်း ငါတို့က ထိုးစစ်ဆင်၍ပြန်လှန်ချေမှုန်းပစ်ရန်ဖြစ်သည်။ ရန်သူ့ထိုးစစ်ကို ထိုးစစ်နှင့် ပြန်လှန်ခြေမှုန်းရေးပင်ဖြစ်သည်။ အခြားလမ်းမရှိပေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ငါတို့ တော်လှန်စစ်ပွဲသည် ရေရှည်စစ်ဖြစ်သည် စစ်ပွဲ၏ ပထမအဆင့်တွင် နိုင်းယှဉ်ချက်အရ ရန်သူကအားကြီးပြီး ငါတို့ကအားနည်းနေမည်။ အားကြီးသောရန်သူကို ငါတို့က ပြန်လှန်တိုက်ခိုက်ချေမှုန်းရင်း အားကြီးလာမည်။ ရန်သူကအားကြီးရာမှ အားနည်းသွားမည်။ သို့ဖြင့် စစ်ပွဲ၏ ဒုတိယအဆင့်တွင် နိုင်းယှဉ်ချက်အရ ငါတို့ကအားကြီးပြီး ရန်သူက အားနည်းသွားမည်။ ထိုအခါငါတို့က အပြီးသတ် ချေမှုန်းပြီး ရန်သူကိုအနိုင်ယူ၍ စစ်ပွဲကို အဆုံးသတ် အနိုင်ယူလိုက်ရန်ဖြစ်သည်။

ဤစစ်ပွဲအဆင့်ဆင့်တွင် ပထမအဆင့်သည် ဒုတိယအဆင့်ထက် နှိုင်းယှဉ်ချက်အရ ကာလအားဖြင့်ပို၍ရှည်ကြာမည်။ ဘတပြန်ကျားတပြန် လုံးပမ်းအားထုတ်ရမှုလည်း ပို၍ပြင်းထန်မည်။ ဤအဆင့်တွင် ရန်သူသည် အားကြီးနေသေးသောအခြေအနေတွင်ဖြစ်၍ ငါတို့ကို အဆက်မပြတ်ထိုးစစ်များဆင်နွှဲနေမည်သာဖြစ်သည်။ ငါတို့အင်အား ကြီးလာလေ ရန်သူ့ ထိုးစစ်များကလည်း ပို၍ကြီးလာမည်။ ပြင်းထန်လာမည် ဖြစ်သည်။

ဤစစ်ပွဲတခုလုံး၏ စစ်အနေအထားဖက်ကကြည့်လျှင် ရန်သူ့ ထိုးစစ်ကို ထိုးစစ်နှင့် ပြန်လှန်ချေမှုန်းရေးလမ်းကိုမလိုက်ပဲ ထိုးစစ်ကိုရှောင်တိမ်းထွက်ပြေးရေး လမ်းကိုသာလိုက်နေလျှင်မှချအရှုံးပေးရေး အညံ့ခံရေးသာဖြစ်မည်။ ရန်သူ့ထိုးစစ်ကို ကြောက်နေလျှင် တော်လှန်စစ်မလုပ်ရေး၊ တော်လှန်စစ်ဖျက်သိမ်းရေးသာဖြစ်မည်။ ၅၅-လမ်းစဉ်မှာ ဤအတိုင်းပင်ဖြစ်ခဲ့သည်။

"ရန်သူ့ထိုးစစ်ဆိုရင် ကြောက်ဖို့ပြေးဖို့မဟုတ်။ ငါတို့ အားကြီးဖို့ အခွင့်အလမ်းလို့မြင်ရမယ်။ ရန်သူ့တပ်ကို ငါတို့ရဲ့ထောက်ပံ့ရေး ဌာနအဖြစ်သဘောထားရမယ်"ဟုဥက္ကဋ္ဌကြီး သခင်သန်းထွန်းက ဩဝါဒ ပေးခဲ့သည်။

ထိုးစစ်ဆိုရင် ကောင်းသလား၊ ဆိုးသလား၊ ကောင်းသည်ဟု မြင်ရမည်။ ဤသည် တော်လှန်ရေးအကောင်းမြင်ဝါဒဖြစ်သည်။

ငါတို့က သွားတိုက်လျှင် ရန်သူက ပြန်လိုက်တိုက်သည်။ ငါတို့က ပိုတိုက်လာလျှင် ရန်သူကလည်း ငါတို့ကိုပို၍ပြန်တိုက်လာသည်။ ငါတို့ အားကြီးလာလျှင် ရန်သူကပို၍အားကြီးကြီးသုံး၍ ပြန်တိုက်လာသည်။ ငါတို့ကပို၍တိုက်နိုင်ပြီး ပို၍အားကြီးသောနေရာဒေသကို ရန်သူကပို၍

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြန်တိုက်၊ ပို၍အားသုံး၍ တိုက်သည်။ ဤဖြစ်ရပ် များမှာ ငါတို့ တလျှောက်လုံးတွေ့ကြုံခဲ့ရပြီးသောအတွေ့အကြုံများမှ ဖော်ပြချက်ဖြစ်သည်။ ငါတို့အားကြီးလေ ငါတို့ပို၍ တိုက်နိုင်လေ၊ ရန်သူထိုးစစ်ကပို၍ ကြီးလေဖြစ်သည်။ ရန်သူက ထိုးစစ်ဆင်ခြင်းသည် ငါတို့တိုက်နိုင်ကြောင်း ရန်သူက ထိုးစစ်ကြီးဆင်ခြင်းသည် ငါတို့အားကြီးခြင်းဖြစ်ကြောင်း၊ ဖော်ပြချက်ဖြစ်သည်။

ရန်သူက ထိုးစစ်ဆင်သည့် ဒေသသည် တော်လှန်ရေးဒေသများတွင်သာဖြစ်သည်။ တော်လှန်နေသော လူထုများကို စစ်ဆင်ခြင်းသာဖြစ်သည်။ ရန်သူကထိုးစစ်ဆင်ခြင်းသည် ရန်သူနှင့်ပြည်သူတို့ ပဋိပက္ခပြင်းထန်မှုကို ဖော်ပြခြင်းဖြစ်သည်။

ထို့ကြောင့် ရန်သူကထိုးစစ်ဆင်ခြင်းသည်ကောင်းသည်။ ငါတို့အတွက် အခွင့်အလမ်းကောင်းဖြစ်သည်။ ငါတို့နှင့် ပြည်သူပို၍ စည်းလုံးညီညွတ်မှုကိုဖြစ်စေသည်။ ရန်သူ့ထိုးစစ်ကို ထိုးစစ်နှင့်ချေမှုန်းပစ်ရေးသည် ပြည်သူလူထုက လုံးဝထောက်ခံအားပေးသော လူထုလမ်းစဉ်ဖြစ်သည်။ ပြည်သူ့စစ်လမ်းစဉ်ဖြစ်သည်။

(ခ) ရန်သူကိုအထင်ကြီးခြင်း၊ မိမိအား အထင်သေးခြင်းသည် ရန်သူကို ကြောက်ခြင်းပင်ဖြစ်သည်။ ရန်သူကိုကြောက်ခြင်းသည် အညံ့ခံရေးစိတ်ဓာတ်၊ အရှုံးပေးရေးစိတ်ဓာတ်ပင်ဖြစ်သည်။ ဤကား ၅၅ လမ်းစဉ်စိတ်ဓာတ်ပင်ဖြစ်သည်။

ရန်သူကို အထင်မကြီးပဲ၊ ရန်သူကို အနိုင်တိုက်ဖို့ လုံးပမ်းအားထုတ်သော အနိုင်တိုက်ရေးစိတ်ဓာတ်သည်သာလျှင် တော်လှန်ရေးစိတ်ဓာတ်ဖြစ်သည်။ သေရဲ တိုက်ရဲ အနိုင်ယူရဲသော ရဲသုံးရဲစိတ်ဓာတ်ဖော်ပြချက်ဖြစ်သည်။

ရဲသုံးရဲစိတ်ဓာတ်နှင့် တိုက်ပွဲဝင်တိုင်း ငါတို့အောင်ပွဲများရခဲ့သည်သာဖြစ်ကြောင်း ပြီးခဲ့သော အတွေ့အကြုံများက ဖော်ပြပြီးဖြစ်သည်။

"ရန်သူတပ်မကြီးတွေဆိုတာ ကြောက်စရာမဟုတ်။ မနေ့တနေ့က ငါတို့တပ်တွေရဲ့ အချခံထားတဲ့ တပ်တွေပဲ၊ တပ်မကြီးဆိုတာလဲ တကယ်ကတံဆိပ်ပြောင်းထားတာပဲ၊ ရန်သူကိုငါတို့ယှဉ်နိုင်လို့ ကြည့်ရမယ်" ဟု ရန်သူနဲ့ ပတ်သက်တဲ့ အမြင်ကို ဘယ်လိုမြင်ရမယ်ဆိုတာ ဥက္ကဋ္ဌကြီးက လက်တွေ့များမှ ပေါင်းချုပ်၍ ဩဝါဒပေးခဲ့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ငါတို့နှင့်တကွ တော်လှန်ရေး အင်အားစုများက ရှေ့တဆင့်တိုး အားကြီးလာသောအခါ တိုက်စွမ်းရည်မြင့်လာသောအခါ၊ ရန်သူက မူလရှိပြီးတပ်တွေနှင့် ရင်မဆိုင်နိုင်သည့်အတွက် ခြေမြန်တပ်ရင်းများ (အထူးတပ်များ)ဖွဲ့ခဲ့သည်။ လက်နက်ကောင်းများ တပ်ဆင်ခဲ့သည်။ ငါတို့အတွင်းမှာ ခြေမြန်တပ်ရင်း(အထူးတပ်)များကို ကြောက်စိတ် ဝင်ခဲ့ကြဘူးသည်။ သို့သော် တကယ်လက်တွေ့တိုက်ရင်းက ခြေမြန်တပ် ရင်း(အထူးတပ်)များကို ချေမှုန်းနိုင်ကြောင်းတွေ့ထိခဲ့ကြပြီးဖြစ်သည်။

၎င်းတပ်များသည် ကြောက်စရာမဟုတ်ရုံမက ငါတို့ကို မချေမှုန်း နိုင်ကြောင်း ရန်သူကလည်းသိလာသည်။ သို့ဖြစ်၍ ယခုတပ်မကြီးများ အဖြစ် သူ၏တပ်မာများကို စုစည်း၍ လက်နက်ကောင်းများတဆင့်တိုး တပ်ဆင်ကာ လုပ်လာခြင်းဖြစ်သည်။ ထိုတပ်မကြီးများကိုပင် သာယာ ဝတီ မြို့ကျတိုက်ပွဲ၊ထူးကွေ့ကြီးတိုက်ပွဲတို့တွင် ချေမှုန်းပစ်လိုက်နိုင်ခဲ့ပေ သည်။

ရှမ်းပြည်၊ ကချင်ပြည်နှင့် မြစ်ဝကျွန်းပေါ်တို့တွင်လည်း တပ်မကြီး များ အထိနာနေပေသည်။

ထို့ကြောင့် ရန်သူ့တပ်များ တိုးတက် ဖွဲ့စည်းလာခြင်း၊ လက်နက် ကောင်းများ ပိုတပ်ဆင်လာခြင်းသည်ကောင်းသည်။ တပ်မကြီးများဖွဲ့ ခြင်းသည်ကောင်းသည်။ ငါတို့လက်နက်ကောင်းများရဖို့ အခွင့်အလမ်း ပိုရှိလာခြင်းဖြစ်သည်။ ငါတို့တိုက်စွမ်းရည် ပိုမြင့်လာရေးအတွက် အခွင့် အလမ်း ပိုရှိလာခြင်းပင်ဖြစ်သည်ဟုမြင်ရမည်။

တပ်မကြီးများ ဖွဲ့လေကောင်းလေဖြစ်သည်။

(ဂ) ထိုးစစ်စိတ်ဓာတ်၏ လက်တွေ့ဖော်ပြချက်သည် ချေမှုန်းရေး တိုက်ပွဲပင်ဖြစ်သည်။

သို့ဖြစ်၍ ရန်သူ့ထိုးစစ်ကို ထိုးစစ်နှင့် ချေမှုန်းပစ်ရေးသည် ထိုးစစ် ဆင်နေသော ရန်သူတပ်များအား ထိုးစစ်ဂွင်အတွင်း၌ပင် တိုက်ပွဲတပွဲ ချင်းအရ ချေမှုန်းရေးတိုက်ပွဲများဖြင့် ထိုးစစ်တခုလုံးကို ချေမှုန်းပစ် ခြင်းပင်ဖြစ်သည်။

ရန်သူက ထိုးစစ်ဆင်ခြင်းသည် ငါတို့အားသတ်ရန်ဖြစ်သည်။ ပြည် သူများအားသတ်ရန်ဖြစ်သည်။ ပြည်သူများထံမှ ရိက္ခာနှင့်ပစ္စည်းများ ကို လုယူဖျက်ဆီးရန်ဖြစ်သည်။ မုဒိန်းကျင့်ရန်ဖြစ်သည်။ အာဏာနိုကို ဖြိုချ၍ အာဏာဖြူကို ထူထောင်ရန်ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြည်သူများကို ကာကွယ်ခြင်းသည် တော်လှန်ရေး၏ ရပ်တည်ချက်ဖြစ်သည်။ အာဏာနီကိုကာကွယ်ခြင်းသည် အခြေခံစခန်းကိုကာကွယ်ခြင်းဖြစ်သည်။

ထို့ကြောင့် ရန်သူ့ ထိုးစစ်တပ်များကို ငါတို့က သတ်ပစ်ရမည်။ ရန်သူကို ထိုးစစ်အတွင်း ငါတို့ကသတ်နိုင်မှ ပြည်သူများ အသတ်ခံရမှုမှ သက်သာမည်။ အာဏာနီကို ကာကွယ်နိုင်မည်။

ရန်သူသည် လူသတ်၍ဖိနှိပ်သွေးစုတ်နေသည်။ လူသတ်၍ အာဏာဖြူကို ထူထောင်နေသည်။ ငါတို့က ရန်သူကိုသတ်၍ ပြည်သူကိုကာကွယ်ရမည်။ ရန်သူကိုသတ်၍ အာဏာနီကိုကာကွယ်ရမည်။

ရန်သူကို သတ်နိုင်လေ ကောင်းလေဖြစ်သည်။

ချေမှုန်းရေးဆိုသည်မှာ ရန်သူကိုသတ်ဖြတ် သုတ်သင် ပစ်ရေးပင်ဖြစ်သည်။

ရန်သူက ပြည်သူကိုသတ်တာ ငါတို့ဆန့်ကျင်သည်။ ပြည်သူကရန်သူကို သတ်တာ ငါတို့ထောက်ခံသည်။ ရန်သူကိုသတ်တာ ပြည်သူ့ကိုယ်စား ငါတို့ အလုပ်ဖြစ်သည်။ ဤကား သတ်ဖြတ်ခြင်းနှင့် ပတ်သက်၍ ငါတို့ ရပ်တည်ချက်ဖြစ်သည်။

ရန်သူကို ချေမှုန်းနိုင်မှ ရန်သူ့ထံမှ ငါတို့ လက်နက်ရမည်။ ရန်သူ့ထံမှ လက်နက်ခဲယမ်းရမှ ငါတို့ကိုယ်ကို လက်နက်တပ်ဆင်နိုင်မည်။ ငါတို့တပ်မတော်အား ကြီးအောင်လုပ်နိုင်မည်။

ချေမှုန်းနိုင်လေ၊ ငါတို့အားကြီးလေ၊ ရန်သူပြိုကွဲလေဖြစ်မည်။

"ရန်သူနှင့် ငါတို့ အင်အားအချိုးအစားပြောင်းလဲရေးသည် ငါတို့၏ သေနင်္ဂဗျူဟာရည်မှန်းချက်ဖြစ်သည်။ ချေမှုန်းရေးသည် အင်အားအချိုးအစားပြောင်းလဲရေးအတွက် တခုတည်းသော နည်းလမ်းဖြစ်သည်"(၆၄-လမ်းစဉ်၏ ဖော်ပြချက်။)

ထို့ကြောင့် ရန်သူ့ ထိုးစစ်ကို ထိုးစစ်နှင့်ပြန်လှန်ချေမှုန်းပစ်ရေးတွင် ချေမှုန်းရေးတိုက်ပွဲသည် အဓိကဖြစ်သည်။ ချေမှုန်းရေးကိုအဓိကမလုပ်ခြင်းသည် မှားယွင်းပေသည်။

"ရန်သူ့လက်နက် ဒို့လက်နက်"ဟူသော ကြွေးကြော်သံဖြင့် ချေမှုန်းရေးတိုက်ပွဲများဖြင့် ၄၀-ခုနှစ်က ငါတို့ အားကြီးလာခဲ့ခြင်း ဖြစ်သည်။ ၄၀-ခုနှစ်လမ်းအတိုင်း ဆက်လျှောက်ကြရမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ဃ) ရန်သူ့ထိုးစစ်ကို ထိုးစစ်နှင့်ပြန်လှန်ချေမှုန်းရေးတွင် ငါတို့တပ်များ၏မတူသောနေရာယူမှုအရ တာဝန်ယူဆောင်ရွက်ရာ၌ ၂-မျိုးခြားနားသည်ကိုလည်း သိမြင်ရန်လိုသည်။

ရန်သူ့ထိုးစစ်များသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေတကြိမ်တည်း၊ တပြိုင်တည်းနှင့်ဒေသအားလုံးကို ထိုးနိုင်ခြင်းမဟုတ်ပဲ အတိုင်းအတာကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဒေသတခုခုကိုသာ သတ်မှတ်ထိုးနိုင်ပေသည်။ သို့ဖြစ်၍ ငါတို့တပ်များ၏ အနေအထား သည်လည်း ထိုးစစ်ဝင်အတွင်းနှင့်အပြင်ဟူ၍ အနေအထားမတူပဲဖြစ်ပေါ်နေတတ်သည်သာဖြစ်၏။

ရန်သူ့ထိုးစစ်ကို ထိုးစစ်နှင့်ပြန်လှန်ချေမှုန်းပစ်ရေးတွင်ငါတို့အဓိကတပ်သည် ရန်သူ၏ထိုးစစ် ဝင်အတွင်း၌ ထိုးစစ်ဆင်နေသော ရန်သူတပ်ကို ချေမှုန်းပစ်ရေးတာဝန်ဖြစ်သည်။ ဤသည် အဓိက ထမ်းဆောင်ရမည့် တာဝန်ဖြစ်သည်။

ငါတို့အရံတပ်များသည် သို့မဟုတ် နိုင်းယှဉ်ချက်အရ အရံတပ်အနေအထားသို့ရောက်နေသော ထိုးစစ်ဝင်အပြင်ဖက်မှ (တနည်းအားဖြင့် ထိုးစစ်ဆင်နေသောဒေသအပြင်ဖက်တွင် တာဝန်ကျသော ဒေသဆိုင်ရာတပ်များ)တပ်များသည် ထိုးစစ်ဝင် အပြင်ဖက်မှနေ၍ မိမိ စစ်မျက်နှာရှိ ရန်သူအားချေမှုန်းပစ်ခြင်းဖြင့် ရန်သူ၏ထိုးစစ်ကို ထိုးစစ်နှင့်ပြန်လှန်ချေမှုန်းရေးတာဝန်ကို ထမ်းဆောင်ရန်ဖြစ်သည်။

ဤသည် ရန်သူ၏ထိုးစစ်ကိုထိုးစစ်ဖြင့်ဘက်ပေါင်းစုံမှနေ၍ပြန်လည်ချေမှုန်းပစ်ခြင်းဖြစ်သည်။ အတိုင်းအတာ ကြီးသော စီမံကိန်း တခုအတွင်း တစိတ်တပေါ်းတည်းဖြင့် တာဝန်ထမ်းဆောင်ခြင်း ဖြစ်သည်။

ပြည်သာယာထိုးစစ်ကို တောင်ငူခရိုင်၊ ပဲခူးခရိုင် စသော ရိုးမတိုင်းအတွင်း ထိုးစစ်ဝင်အပြင်ဖက်ရှိဘပ်များသည် ဤတာဝန်မျိုးကို ထမ်းဆောင်ရမည်ဖြစ်သည်။

(င) ရန်သူလုပ်နေသော အလုပ်သည် ကွန်မြူနစ် သန့်ကျင်ရေး၊ ပြည်သူ့ဆန့်ကျင်ရေး၊တော်လှန်ရေး ဖျက်ဆီးရေးဖြစ်သည်။ဖောက်ပြန်သည်။ ထို့ကြောင့်လူထုနှင့်တနေ့တခြားကင်းကွာနေသည်။ စစ်ရေး၊ စီးပွားရေး၊နိုင်ငံရေးဘက်ပေါင်းစုံမှအကြပ်အတည်းတွေ့နေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ငါတို့သည် ဖောက်ပြန်ရေးသမားတွေကို အနိုင်တိုက်ပြီး ပြည်သူ လူထုကြီး လွတ်မြောက်ရန်အတွက် တိုက်ပွဲဆင်နေကြခြင်းဖြစ်သည်။ ထို့ကြောင့်ကျယ်ပြန့်သော ပြည်သူလူထုကြီးနှင့် အတူ ရပ်တည် နေခြင်းဖြစ်သည်။

ထို့ကြောင့်ငါတို့မုချနိုင်ရမည်။ ရန်သူ့ထိုးစစ်ကို ထိုးစစ်နှင့် မုချပြန်လည်ရိုက်ချိုးနိုင်ရမည်။

၆။ ရေရှည်ဖစ်မှာ ဇွဲရှိရမည်။ ခံနိုင်ရည်ရှိရမည်။ နောက်ဆုံးခံနိုင်ရည် ရှိသူသာစစ်ကိုအနိုင်ရပေမည်။

(က) ငါတို့တော်လှန်စစ်ပွဲသည်။ ရေရှည်ဖစ်ဖြစ်သည်။ ရေရှည်ပြည်သူ့စစ်သည် လယ်သမားကို စည်းရုံး၊တောရပ်ကို အခြေခံ၊ တောမှမြို့ကိုဝိုင်း၊ မြို့တွေသိမ်း နောက်ဆုံးမြို့တော်ကို သိမ်းသောလမ်းကြောင်း ဖြစ်သည်။

ဤဖြစ်စဉ်သည် ရှည်ကြာမည်။တိုက်ပွဲပြင်းထန်မည်။ဘတပြန် ကျားတပြန် လုံးပမ်းအားထုတ်ရမှုဖြစ်မည်ဖြစ်သည်။

သို့ဖြစ်၍ရေရှည်ဇွဲရှိဖို့ မုချလိုအပ်သည်။

ရေရှည်ဇွဲမရှိသော လျှော့ကြုံစီးများ၊ တပွဲယိုးသမားများ၊ ကောင်းရင့်စံပြီး ဆိုးတယ်ထင် ရင်ပြန်သူများ၊ အခက်အခဲတွေ့ရင် နောက်ဆုတ်သူသည် တော်လှန်ရေးသမားအစစ်များ မဟုတ်ကြပေ။ ဤအပြုအမူများကို ဆန့်ကျင်တိုက်ခိုက်ရမည်။

တော်လှန်ရေးသည် အခက်အခဲပေါင်း များစွာကို ရင်ဆိုင်ကျော်လွှားရင်း ချီတက်ရသောဖြစ်စဉ်ဖြစ်သည်။

"သံနှိင့်ဒွာန်ချ၊ အသက်သေရမှာ မကြောက်၊ အခက်အခဲ ဖယ်ရှားအောင်ပွဲအရယူ" ဆိုသည်မှာရေရှည် တော်လှန်ဇွဲရှိမှုကို စိုက်ထားတာဖြစ်သည်။

ရန်သူကိုတိုက်ခိုက်အနိုင်ယူရာ၌ ရန်သူနှင့်ငါတို့ တိုက်စွမ်းရည် အရအင်အား အရသာမက ဇွဲရှိမှုအရလည်း ပြိုင်ရခြင်းဖြစ်သည်။ ဘက်ပေါင်းစုံက ရန်ဘူထက်ငါတို့က သာလွန်မှ ငါတို့အောင်ပွဲအတွက် အာမခံနိုင်ပေမည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

“ရန်သူ့တိုးစစ်ကိုအနိုင်တိုက်ရမည်။ အနိုင်လဲတိုက်ရမယ်” “ငါတို့ဟာရန်သူထက် သာလွန်အောင်ကြိုးပမ်းရမယ်။ သူကတမိုင်ဆိုရင် ကိုယ်ကတတိုင်လျှောက်နိုင်ရမည်။သူ့ထက်ပို ပြီးပင်ပန်းဆင်းရဲ ခံနိုင်ရမယ်” ဟုဥက္ကဋ္ဌကြီးသခင်သန်းတွန်းက ဩဝါဒပေးခဲ့သည်မှာ ဒါကြောင့်ဖြစ်သည်။

ငါတို့တော်လှန်ရေးဟာ အနှစ် (၂၀) ရှိခဲ့ပြီ။ဤသည်ပါတီနှင့်တပ်မတော်သည် သူမတူသော တော်လှန်ရေး ဇွဲရှိမှုဖြင့်ချီတက် တိုက်ပွဲဝင်ခဲ့သည်ကို မှတ်တိုင်တူခဲ့ခြင်းဖြစ်သည်။

ငါတို့သည် အောင်ပွဲရသည်အထိ တော်လှန်ရေးဇွဲနှင့် ဆက်လက်ချီတက်ရမည်။ နောက်အနှစ် (၂၀) တိုက်ရရင်လဲ တိုက်သွားဖို့ ငါတို့ကိုယ်ကို စိတ်ဆုံးဖြတ်ချက်ရှိစွာ တော်လှန်ရေးဇွဲရှိမှု စိတ်ဓာတ်ကို စိုက်ထူထားရမည်။

ထို့ကြောင့်တပွဲချင်းအရဖြစ်စေ၊ တော်လှန်ရေးတခုလုံးအရဖြစ်စေ တော်လှန်ရေးဇွဲမရှိသော အတွေးအခေါ် အပြုအမူများကို ငါတို့ဆန့်ကျင်ပစ်ရမည်။”

(ပဲခူးရိုးမ ပိုင်းကော်မီတီ ရဲဘော်သက်၏ ‘‘ရန်သူ့တိုးစစ်ကို ထိုးစပ်နဲ့ပြန်လှန် ရိုက်ချိုးကြ’’ ဟူသော စစ်ရေးဆွေးနွေးချက် မှုရင်းလက်ရေးမူမှ)

(မှတ်ချက်။ ။ရဲဘော်သက် (ခ) အေးမောင် (ခ)ဦးခင်သည်၊ ပဲခူးရိုးမတိုင်းကော်မီတီ ဖြစ်သည်၊ ပဲခူးရိုးမခရိုင်တွင် အတွင်းရေးမှူးအဖြစ်တာဝန်ယူခဲ့သည်။ ဒုတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းတွင် တက်ရောက်ခဲ့သည်။ ယင်းကျောင်းတွင် ပီကင်းပြန်များဖြစ်သော ရဲဘော်အောင်ကြီး၊ ဗိုလ်ထွန်းငြိမ်းနှင့် ရဲဘော်မျိုးတင့်တို့၏ စံပြကျောင်းသား တဦးဖြစ်ခဲ့သည်။ ဗဟိုဌာနချုပ်တွင် ရဲဘော်ငွေး၊ ရဲဘော်ဘတင်တို့အား လုပ်ကြံ သတ်ဖြတ်ရာတွင်လည်းကောင်း၊ ပဲခူးရိုးမတိုင်းကော်မီတီ အတွင်းရေးမှူး ရဲဘော်မြအား ဆန့်ကျင်ရာတွင်လည်းကောင်း ရဲဘော်သက်သည် အတက်ကြွဆုံး ပါဝင်ခဲ့သည်၊ ထို့ကြောင့်ပင် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ရဲဘော်သက်အား တော်လှန်သော ဗဟိုကော်မီတီအဖြစ် ရွေးချယ်ရန် အတွက် ပထမဆုံးပင် ရာထားခဲ့သည်။ ရဲဘော်သက်သည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် တော်လှန်သော ဗဟိုကော်မီတီများနှင့် အတူ တော်လှန်သော ဗဟိုဌာနချုပ်၏ လမ်းညွှန် ပေါ်လစီတို့အား ခန့်ခွဲချမှတ် ရှေ့ဆောင်ရာတွင် အထူးအရေးပါသောသူဖြစ်ပါသည်။စာရေးသူ။)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်သက်၏ လက်ရေးမူ



ရဲဘော်သက်၏ စစ်ရေးညွှန်ကြားချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုသို့ရဲဘော်သက်ကလည်း ပဲခူးရိုးမတိုင်းအတွက် ရန်သူ့ထိုးစစ်ကို ထိုးစစ်နဲ့ ပြန်လှန်ရိုက်ချိုးကြဟူသော စစ်ရေးညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

ထို့အတူပင် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် သခင်ချစ်ကလည်း မြစ်ဝကျွန်းပေါ်တိုင်းအတွင်း၌ ရှိသောခရိုင်အသီးသီးသို့ လည်းကောင်း၊ မြစ်ဖျားဒေသတိုင်း၊ရှမ်းပြည်နှင့် အနောက်မြောက်တိုင်းစသည့် ဒေသအသီးသီးသို့ လည်းကောင်း၊ "ထိုးစစ်ကိုထိုးစစ်ဖြင့်ချေမှုန်းရေး" နှင့် "မော်နိုင်စစ်ဆင်ရေး" အား ချေမှုန်းရေး၏ နိုင်ငံတကာလက္ခဏာဆောင်မှု တို့ကိုဖော်ပြ၍ ညွှန်ကြားချက်များကို ပေးပို့ခဲ့လေသည်။

"ပဲခူးရိုးမမှာရန်သူထိုးစစ် ဩဂုတ်လကစပြီးယနေ့ထိရှိနေပါတယ်။ အချိန်လဲ ကြာလိမ့်ဦးမယ် ထင်ပါတယ်။ ဒါပေမဲ့ ရိုးမတခုလုံးမှာ ထိုးစစ်ကို ထိုးစစ်နဲ့ တုန့်ပြန်ရိုက်ချိုးကြ၊ ထိုးစစ်ဟာ ငါတို့အားကြီးဖို့၊ ထိုးစစ်အတွင်းမှာ တော်လှန်ရေးလုပ်ပာန်နဲ့ အလုပ်လုပ်ကြ ဆိုပြီး ပါတီဥက္ကဋ္ဌက ညွှန်ပြခဲ့ပါတယ်။

ရဲဘော်တွေရော၊ လူထုပါ ဒီစိတ်ဓာတ်နဲ့ အလုပ်လုပ်နေကြပါတယ်။ ဒီထိုးစစ်ဟာ ပါဘီဗဟိုနဲ့ ပါတီဥက္ကဋ္ဌကို ချေမှုန်းဖို့သာမက တရုပ်ပြည်ကို ဆန့်ကျင်ဖို့၊ ဥက္ကဋ္ဌမော် အတွေးအခေါ်ကို ချေမှုန်းဖို့ဖြစ်လို့ အင်မတန် ဖောက်ပြန်တဲ့ ယုတ်မာတဲ့ ထိုးစစ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖက်ကကြည့်ရင် ဒီထိုးစစ်ကို ရိုက်ချိုးရေးဟာ အင်မတန် အရေးကြီးတဲ့ တာဝန်ဖြစ်ပါတယ်၊ ဒီထိုးစစ်ကို ရိုက်ချိုးရေးဟာ ဗမာပြည် တော်လှန်ရေး၏ အခြေအနေတခုကို ပြောင်းလဲစေလောက်အောင် အရေးပါပါတယ်။ ဒီထိုးစစ်ဟာ နယ်ချဲ့သမား ပြန်လည် ပြင်ဆင်ရေးသမား နိုင်ငံတကာ ဖောက်ပြန်ရေးသမားတွေရဲ့ အရှေ့တောင် အာရှ ကျူးကျော်ရေး စီမံကိန်းရဲ့ အစိတ်အပိုင်းလဲဖြစ်ပါတယ်။ ဒါကြောင့် ဒီထိုးစစ်ကို ရိုက်ချိုးရေးဟာ နိုင်ငံတကာ့ လက္ခဏာဆောင်ပါတယ်။

ဒီမှာရှိတဲ့ရဲဘော်တွေနဲ့ ပြည်သူတွေဟာ ဒီထိုးစစ်ကို ရိုက်ချိုးဖို့လုံးပမ်းနေကြပါတယ်။ရန်သူကို ချေမှုန်းဖို့ လုပ်နေကြပါတယ်။ ရဲဘော်တို့ဆီကလဲ အလားတူ ကြိုးပမ်းကြစေလိုပါတယ်။"



မြစ်ဝကျွန်းပေါ်တိုင်းသို့ သခင်ချစ်၏ စစ်ရေးညွှန်ကြားချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ဖြင့် ပဲခူးရိုးမ၏ အနောက်ခြမ်းတွင် နေ့ညမဟူ ပြေးလွှား ပုန်းရှောင်နေရသော ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၌မူ မဟာမော်စီတုံး၏ အတွေးအခေါ်ဖြစ်သည့် "ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့် ချေမှုန်းရမည်" ဟူသော တိုက်တိုင်းအောင် အတွေးအခေါ်သည်သာ လွှမ်းမိုး၍ နေလေသည်။

ထို့ကြောင့်ပင် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၏ တခုတည်းသော ကြွေးကြော်သံမှာမူကား –

"အရာရာသည် ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့်ချေမှုန်းရမည်"ဟူ၍တည်း။

၂။ ရဲသုံးရဲစိတ်ဓာတ်

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် "ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့် ချေမှုန်းရမည်"ဟူသော သခင်သန်းထွန်း၏ ဩဝါဒနှင့် သင်ကြားချက်သည် လုပ်ငန်းအားလုံး၏ လမ်းညွှန်ဖြစ်နေလေသည်။

ယင်းလမ်းညွှန်ပေါ်လစီနှင့်အတူ"ရဲသုံးရဲစိတ်ဓာတ်""မကြောက်တရားငါးပါး"စသည်ဖြင့်လည်း သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီမှ ရှေ့ဆောင်သော တော်လှန်စစ်၌ စိုက်ထူရမည့် အခြေခံစိတ်ဓာတ်များနှင့် တရားများကိုလည်း ဆက်လက်၍ သင်ကြားပို့ချ၏။ ပညာပေး၏။ ရန်သူကို အစွမ်းကုန်ချေမှုန်းနိုင်ရန်အတွက်ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် တည်ငြိမ်စွာစခန်းချခဲ့ရသည့် နေရာနှင့် ဒေသဟူ၍ မရှိခဲ့ချေ။ ထိုမှဤမှလှုပ်ရှားခဲ့ရ၏။ ပုန်းအောင်းခဲ့ရ၏။ ပြတ်တလှည့်ငတ်တလှည့်ပင် စားသောက်ကြရ၏။ ပိန်းရိုင်းပင်များကို ဆန်နှင့်ရောမွှေ၍ စားကြရ၏။ ဆေးလိပ်ငတ်သူများသည် ဆူးရစ်ရွက်ခြောက်များကို မီးကင်၍ မိုက်ဖက်ဖြင့်ပင် လိပ်၍ သောက်ကြရ၏။ လဘက်ခြောက်မှာမူ-မမြင်မတွေ့ရချေ။ ဂုဏ်မြစ်ကိုပြုတ်၍ လဘက်ခြောက်အစား လဘက်ရည်ကြမ်းအဖြစ်ဖြင့် သောက်ကြရ၏။စခန်းချသည့်အခါတွင် တောငှက်ပျောရွက်နှင့် တောင်စွန်ဖက်ကိုမိုး၍မိုးခိုရ၏။ မိုးမလုံ့တလုံဖြစ်နေလေသည်။အခင်းအဖြစ်မူတောငှက်ပျောရွက်နှင့် ပြောင်စာမြက်များကို မြေကြီးပေါ်တွင် ခင်း၍ အိပ်ကြရသည်။

သခင်သန်းထွန်းသည် ထိုးစစ်နှင့်ပတ်သက်သော "မကြောက်တရားများ" နှင့်"ရဲသုံးရဲစိတ်ဓာတ်" တို့ကိုတပ်နီလူငယ်များ၊ တပ်နီအမျိုးသမီးများနှင့်ကေဒါများအား ဩဝါဒမိန့်ခွန်းကို ဆက်လက်၍ပင် ပေးနေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုးစစ်ဆိုတာဟာ ကြောက်စရာမဟုတ်ဘူး။ထိုးစစ်ဖြစ်တယ်ဆိုတာ ကောင်းတယ်။ ငါတို့အင်အားတွေ တနေ့တခြားကြီးထွားလာလို့ ရန်သူက ထိုးစစ်ကြီးတွေကို ဆင်နေရတာဖြစ်တယ်။ ဒါကိုက တော်လှန်စစ်တိုးတက်ကြီးထွားနေတာရဲ့ အမှတ်လက္ခဏာဖြစ်တယ်။ထိုးစစ်နဲ့ပတ်သက်လို့ တကယ်မြင်ရမှာကတော့ ထိုးစစ်တိုင်းဟာ ငါတို့ကို အိမ်တိုင်ယာရောက် လက်နက်ခဲယမ်းတွေ လာပို့နေတဲ့ ထောက်ပံ့ရေးတပ်တွေလို့ပဲမြင်ရမယ်။ ထိုးစစ်အတွင်းမှာ ငါတို့ဟာသေရတာ အဆန်းမဟုတ်ဘူး။အဲ့ဒီလိုသေရတာဟာ မြတ်တယ်လို့ နားလည်ဖို့လိုတယ်။ ဒီအတိုင်းပဲအသေခံမယ်ဆိုတာကိုသံန္နိဋ္ဌာန်ချပြီးပိုင်းဖြတ်ထားကြဖို့လိုတယ်။

ကနေ့ဆိုရင် ပါတီဟာ တော်လှန်စစ်ကို ဖိဖိစီးစီး ဦးစီးပြီး ခေါင်းဆောင်နေတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့(၁၉)နှစ်ကတော့ ပါတီကေဒါတွေဟာ တော်လှန်ရေးတော့လုပ်တယ်။ ဒါပေမဲ့ တော်လှန်စစ်ကိုတော့ ဦးမစီးခဲ့ကြဘူး။ သေရမှာ ကြောက်ခဲ့ကြတယ်။

တလောက ဆွေးနွေးပွဲတခုမှာ ဗိုလ်ထွန်းငြိမ်းက ရိုးရိုးလေး တင်ပြသွားတာရှိတယ်။ ဒါကိုချွှပြီးတော့ နဲနဲပြောချင်တယ်။ ဒါကတော့ ရန်သူဖမ်းမိသွားတဲ့ ဗဟိုကော်မီတီတယောက်အကြောင်းပဲ။ ပါတီက ဗဟိုကော်မီတီတယောက်ကို ရန်သူက ဖမ်းမိသွားတယ်။ နောက်တော့ အဲ့ဒီဗဟိုကော်မီတီကို ရုံးက သေဒဏ်ပေးတယ်။အဲ့ဒီအခါမှာ သူက ဟိုက်ကုတ်ကို အယူခံလွှာတင်တယ်။ ဒါကိုလဲ သူကဥပဒေအရ ရန်သူကို တိုက်ပွဲဆင်တာလို့ဆိုတယ်။ တကယ်က အစိုးရရဲ့ ဥပဒေဆိုတာက ဒီလိုရှိတယ်။ သူပုန်ထတယ်ဆိုတဲ့အမှုဟာ ဥပဒေအရဆိုရင် အစိုးရတပ်တွေကို လက်နက်နဲ့ကိုင်ပြီး တိုက်တာကို ပြောတာဖြစ်တယ်။ အဲ့ဒီတော့ စောစောက ဖမ်းမိခဲ့တဲ့ ဗဟိုကော်မီတီလူကြီးက ဒီလိုအယူခံလိုက်တယ်။ "ကျွန်တော်ဟာ ၄၉-ခုနှစ်ကတည်းကစပြီး ဒီနေ့အထိ အစိုးရတပ်တွေကို တိုက်တဲ့ တိုက်ပွဲထဲမှာ တပွဲတောင်မှ မပါဝင်ခဲ့ဘူးပါဘူး။ ဒါကြောင့် ကျွန်တော့်ကို သေဒဏ်မပေးသင့်ပါဘူး။" ဆိုပြီး အကျိုးအကြောင်းနဲ့ လျှောက်လဲလိုက်တယ်။ ဒါဟာ ဥပဒေသဘောအရဆိုရင် လွတ်နိုင်တယ်။ ဒါပေမဲ့အဲ့ဒီအခါမှာ တရားသူကြီးက ထပ်ပြီးတော့ အခုလိုစီရင်ချက်ကို ချမှတ်လိုက်တယ်။

"မောင်မင်းအယူခံတာဟာ ဥပဒေသဘောအရ ပြောရင်မှန်တယ်။ အချက်အလက်အရ ပြောရင်လဲမှန်တယ်၊ သို့သော်လဲ အစိုးရကို ပုန်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကန့်ခြားနားပြီး လက်နက်ကိုင်တိုက်နေတာဟာ ဗမာပြည်ကွန်မြူနစ်ပါတီဖြစ်တယ်။ အဲ့ဒီပါတီကို ဦးစီးနေတာကလဲ ဗဟိုကော်မီတီဖြစ်တယ်။ ဒီတော့ အခုအယူခံတဲ့သူဟာ ဗဟိုကော်မီတီအဖွဲ့ဝင်တဦးဖြစ်နေလို့သေဒဏ်ချမှတ်ရတာဖြစ်တယ်၊”ဆိုပြီးတရားသူကြီးကသေဒဏ်ပေးလိုက်တယ်။ တကယ်ကျတော့ မနေ့ရှင်လူတန်းစားရဲ့ တရားသူကြီးက ဒါကို နိုင်ငံရေးအရမြင်တယ်။ ဒါကို မမြင်တာက ငါတို့ရဲ့ဗဟိုကော်မီတီလူကြီးပဲ။ တကယ်က ဒါဟာ သေရမှာကြောက်လို့ပဲဆိုတာထင်ရှားတယ်။ ဒီအဖြစ်အပျက်ကနေပြီး သင်္ခန်းစာယူရမယ်။ အလေးအနက်လဲပြန်ပြီး ဆန်းစစ် ကြဖို့လိုမယ်။

အခုဆိုရင် အမေရိကန် နယ်ချဲ့သမားရဲ့ နောက်လိုက်ခွေးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင် နေဝင်းအစိုးရဟာ လွန်ခဲ့တဲ့ဆယ်လလောက်ကစပြီး ပြည်ခရိုင်နဲ့သာယာဝတီခရိုင်မှာရှိတဲ့ပြည်သူတွေအပေါ်မှာအပြင်းထန်ဆုံး၊ အရက်စက်ဆုံး၊ အကြမ်းကြုတ်ဆုံး ထိုးစစ်ကြီးကို ပြုလုပ်ခဲ့တယ်။ အခုလဲဆက်ပြီး ပြုလုပ်နေတုန်းပဲဖြစ်တယ်။

ပြည်ခရိုင်နဲ့သာယာဝတီခရိုင်မှာရှိတဲ့ ငါတို့ပါတီဝင်တွေ၊ ကေဒါတွေ ပြည်သူ့တပ်မတော်သားတွေ၊ ပြည်သူ့စစ်တွေ၊ ကျောင်းသားတွေ အထူးသဖြင့် အမျိုးသမီးတွေဟာ ရန်သူရဲ့ထိုးစစ်ကြီးကို ရွတ်ရွတ်ချွန်ချွန် စွန့်စွန့်စားစားပဲ ခုခံတိုက်ခိုက်နေကြတယ်။ ထိုးစစ်ကို ထိုးစစ်နဲ့ ချေမှုန်းနေကြတယ်။ အောင်ပွဲတွေဟာလဲ တပွဲပြီးတပွဲ ရနေကြတယ်။

အခုအခါမှာ ပြည်သူတွေကို အလုပ်အကျွေးပြုရင်း ပြည်သူတွေကို ကာကွယ်ရင်းနဲ့ ငါတို့ရဲဘော်တွေ ကျဆုံးခဲ့ကြ တာတွေရှိတယ်။ လူ့ဘဝတသက်သာရဲ့ စွန့်လွှတ်မှုအမျိုးမျိုးတွေထဲမှာ ပြည်သူကို အလုပ်အကျွေးပြုရင်းနဲ့ အသက်ကို စွန့်ရတာသာ အမွန်မြတ်ဆုံး စွန့်လွှတ်မှုဖြစ်တယ်။ ဒါကိုဂုဏ်ယူတတ်ရမယ်။

အဲဒီလိုသေတာကျဆုံးတာတွေကို ကျောင်းသလား၊ဆိုးသလားလို့ ပြောရင်ကောင်းတယ်။ သိတ်ကောင်းတယ်လို့ ပြောရမယ်။ ဒါဟာ တော်လှန်ရေးအကောင်းမြင် ဝါဒဖြစ်တယ်။

အခုဆိုရင် ပြည်ခရိုင်တပ်မှူး ဗိုလ်ငြိမ်း၊ပြည်ခရိုင်ကော်မီတီ ရဲဘော်ဘိုအေးနဲ့ ဗိုလ်သန်းနောင်၊ရဲဘော်မစောရီ(မရင်ရင်)ဗဟိုဆေးကျောင်းတပ်မှူး ရဲဘော်အောင်မြင့်နဲ့တကွ ကျဆုံးသွားကြတဲ့ ရဲဘော်တွေဟာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အများကြီးပဲ။ အဲဒီရဲဘော်တွေကျဆုံးသွားကြတဲ့အတွက် ဝမ်းနည်းစရာမရှိဘူး။ အဲဒီလိုကျဆုံးတာဟာ ကောင်းတယ်လို့ ခံယူတတ်ကြဖို့လိုတယ်။

ကနေ့သာယာဝတီခရိုင်နဲ့ ပြည်ခရိုင်မှာ ရန်သူကအင်အားကြီးတွေနဲ့ ထိုးစစ်ကြီးတွေကို ဆက်တိုက်ထိုးလာရတာဟာ အဲဒီခရိုင်တွေမှာရှိတဲ့ တော်လှန်ရေးအင်အားတွေ တဟုန်ထိုးကြီးထွား လာနေလို့ဖြစ်တယ်ဆိုတာကို သက်သေပြလိုက်တာဖြစ်တယ်။

မော်စီတုံးအတွေးအခေါ်အရ ပြောရရင် ငါတို့ပါတီက အင်အားကြီးနေလို့ ရန်သူကထိုးစစ်ကြီးတွေနဲ့ ထိုးနေရတယ်ဆိုတာပဲ။ ရန်သူက ထိုးစစ်ကြီးတွေထိုးလေကြီးလေ၊ငါတို့ပါတီကလဲအားကြီးလေ၊အောင်ပွဲ နီးလေ ဖြစ်မယ်ဆိုတာ သေချာတယ်။ ထိုးစစ်ဆိုတာဟာ တော်လှန်စစ်မှာ အကောင်းဆုံးတက္ကသိုလ်ပဲ။

၆၄-ဗဟိုကော်မီတီက စစ်နိုင်ရေး၊ အာဏာသိမ်းရေး လမ်းစဉ်ကို ချမှတ်ခဲ့တယ်။ အဲဒီနောက် တပြည်လုံးမှာ အနှံ့အပြား စစ်ရေး အုံကြွမှုကြီး ဖြစ်ခဲ့တယ်။ စစ်ရေးတိုက်ပွဲတွေဟာ ဗမာတပြည်လုံးမှာတမိုးလုံး ဖျောက်ဆိပ်လို ဖြစ်ခဲ့တယ်။ တပြည်လုံးမှာ စစ်ရေး အုံကြွမှုကြီးဟာ ဖြစ်နေပြီ။ ဖက်ဆစ်နေဝင်းအစိုးရကို ဘက်ပေါင်းစုံက အထိနာအောင် ထိုးနှက်တိုက်ခိုက်နေပြီဖြစ်တယ်။ နေဝင်းမှာ ပြေးစရာ မြေမရှိတော့ဘူး။

ပြည်ခရိုင်က ရွာပုတိုက်ပွဲရဲ့ အောင်ပွဲဟာ ပြည်တွင်းတော်လှန်ရေးအတွက်သာမကဘူး၊ ကမ္ဘာ့အတိုင်းအတာ အောင်ပွဲအထိပါလေးနက်တဲ့အဓိပ္ပါယ်ကို ဆောင်နေတယ်။

ပေါက်ခေါင်းလယ်သမား လှုပ်ရှားမှုဆိုတာဟာလဲ ကမ္ဘာတခုလုံးမှာ ဟိုးဟိုးကျော်ခဲ့ပြီဖြစ်တယ်။ အဲဒီမှာ ရန်သူစစ်တပ်ကို ချေမှုန်းဖောက်ပြန်တဲ့အာဏာကိုဖြိုချ၊ တော်လှန်တဲ့အာဏာတည်ထောင်၊ ဒါဟာ ပေါက်ခေါင်းလမ်းဆိုပြီးတပြည်လုံးအဖို့ လမ်းညွှန်ခဲ့တယ်။

အခုဆင်နွှဲနေတဲ့ တော်လှန် စစ် အတွင်းမှာ အောင်ပွဲရဖို့အတွက် အရေးကြီးဆုံးနဲ့ ပထမဆုံး အာမခံချက်ကတော့ ပါတီတွင်းနဲ့ တပ်မတော်တွင်း ပစ္စည်းမဲ့ နိုင်ငံရေးက လွှမ်းမိုးဖို့၊ ပစ္စည်းမဲ့တော်လှန်ရေးပါတီရဲ့ ခေါင်းဆောင်မှုနဲ့ အမိန့်ကို အကြွင်းမဲ့နာခံဖို့ဟာအလွန်ကို အရေးကြီးတယ်။ ဒါဟာတခုတည်းသော အောင်ပွဲရဲ့ အာမခံချက်ပဲ။

အခုပြောခဲ့တဲ့ ပစ္စည်းမဲ့ နိုင်ငံရေးက လွှမ်းမိုးဖို့ဆိုတာနဲ့ ပစ္စည်းမဲ့ တော်လှန်ရေးပါတီရဲ့ ခေါင်းဆောင်မှုနဲ့ အမိန့်ကို အကြွင်းမဲ့နာခံဖို့ဆို တာတွေဟာ သေရဲရမယ်၊ တိုက်ရဲရမယ်၊ အနိုင်ယူရဲရမယ်ဆိုတဲ့ ရဲသုံးရဲ စိတ်ဓာတ်ဖြစ်တယ်။

နောက်ပြီးတော့ မကြောက်တရား ငါးပါးကိုလဲ အခိုင်အမာ စိုက် ထူထားကြဖို့လိုတယ်။

အဲဒါကတော့....

(၁) ရန်သူကို မကြောက်ဖို့။

(၂) မှားယွင်းတဲ့ အတွေး အခေါ်ကို ရင်ဆိုင် တိုက်ခိုက်ရမှာ မကြောက်ဖို့။

(၃) တော်လှန်စစ်ကို ခေါင်းဆောင်ရာမှာ မကြောက်ဖို့။

(၄) အခက်အခဲတွေကိုမကြောက်ဖို့။

(၅) အောင်ပွဲအရယူဖို့ကို မကြောက်ဖို့ဆိုတာတွေပဲ။

ဒီနေ့အခြေအနေမှာတော်လှန်တဲ့ ပါတီရဲ့ တော်လှန်စစ်ဆိုတာက တော့ဖက်ဆစ်နေဝင်းရဲ့ဖက်ဆစ်စစ်တပ်ကို အပြတ်သားဆုံးနဲ့ အကုန်စင် ဆုံးတယောက်မကျန် လုံးဝဥဿုံ ချေမှုန်းသွားဖို့ဟာ အဓိကနဲ့ အခြေခံ ဖြစ်တယ်ဆိုတာကို အထူးလေးနက်ကြရမယ်။

ဖက်ဆစ်နေဝင်းရဲ့ ဖက်ဆစ်စစ်တပ်ကို ချေမှုန်းတဲ့အခါမှာ အပြတ် တိုက်တဲ့အခါမှာ တော်လှန်တဲ့ ၄၀-ခုနှစ်စိတ်ဓာတ်နဲ့ တိုက်ခိုက်ချေ မှုန်းသွားရမယ်။

၄၀-ခုနှစ် စိတ်ဓာတ်ဆိုတာကတော့....

(၁) ပစ္စည်းမဲ့ နိုင်ငံရေးကိုဦးထိပ်ထားတာ။

—ပစ္စည်းမဲ့ အရေးတော်ပုံအတွက် ကိုယ်ကျိုးလုံးဝမငဲ့တာ။

—ပြည်သူ့အကျိုးကို ဦးထိပ်ထားတာ၊ပစ္စည်းမဲ့လူတန်းစား အကျိုးကို ဦးထိပ်ထားတာ။

—ရန်သူကို မကြောက်တာ။

—သေရဲ၊ တိုက်ရဲ၊ အနိုင်ယူရဲတာ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) ဘယ်စွန်းစားမှုနဲ့ စွန်လွှတ်မှုကိုမဆို လုပ်ဝံ့တာ။ဘယ်အခက်အခဲကိုမဆိုရင်ဆိုင်ဝံ့တာ ကျော်နင်းတာ။

—အခက်အခဲတွေကို ကျော်နင်းပြီး အောင်ပွဲတပွဲပြီး တပွဲ ယူတာ။

—ကိုယ့်ဒူးကိုယ်ချွန်လုပ်တာ ကိုယ့်ကိုယ်ကို အားကိုးတာ။

(၃) ပစ္စည်းမဲ့ တော်လှန်ရေးပါတီကို အကြွင်းမဲ့နာခံတာ။
—ပါတီအတွက် ရဲရဲတိုက်ပွဲဝင်တာ။
—ပါတီလမ်းစဉ်အတွက် ရဲရဲတိုက်ပွဲဝင်တာ။

(၄) တော်လှန်သူအချင်းချင်း အမြင့်မြတ်ဆုံး ရဲဘော်စိတ်ထားတာ စည်းလုံးညီညွတ်တာ။

ဒီ ၄ဂ-ခုနှစ် စိတ်ဓာတ်ဆိုတာကတော့ လေးမျိုးကောင်းတပ်သားဖြစ်ရေးနဲ့ ထပ်တူပါပဲ။ နံပါတ်တစ်က နိုင်ငံရေးကောင်းတာ၊ နံပါတ်နှစ်က ဇွဲသတ္တိကောင်းတာ၊ နံပါတ်သုံးက စည်းကမ်းကောင်းတာ၊ နံပါတ်လေးက စည်းလုံးညီညွတ်မှုကောင်းတာတို့ဖြစ်တယ်။

ဒါကိုထပ်ပြီး ချုပ်လိုက်ရင်နှစ်ခုထဲပဲ။အဲ့ဒါကတော့(တစ်)ပစ္စည်းမဲ့နိုင်ငံရေးက အရာရာကို လွှမ်းမိုးဖို့၊ (နှစ်)သေရဲဖို့၊ တိုက်ရဲဖို့၊ အနိုင်ယူရဲဖို့ဖြစ်တယ်။

ပြည်သူ့တော်လှန်ရေးစစ် အနှစ် နှစ်ဆယ်မြောက်နေ့ကို သမိုင်းဝင်အောင်ပွဲတွေနဲ့ ကြိုဆိုကြစို့ လို့ ကျနော်တို့ ကြွေးကြော်ခဲ့တဲ့အတိုင်း အနှစ်နှစ်ဆယ်မြောက်နေ့ကို သမိုင်းဝင်အောင်ပွဲတွေနဲ့ကြိုဆိုခဲ့ပြီ။

ရှေ့တဆင့်တက်ကြရမယ်။

အဲ့ဒါကတော့....

ပါတီ အနှစ်သုံးဆယ်မြောက်နေ့ကို ပိုပြီးကြီးမားတဲ့ တဆင့်တက်အောင်ပွဲတွေနဲ့ကြိုဆိုကြစို့။

ဒါဟာကျနော်တို့ရဲ့ ဦးတည်ချက်ဖြစ်တယ်။

(သခင်သန်းထွန်း၏''ရဲသုံးရဲစိတ်ဓာတ်ကို ဖိုက်တူပြီးသမိုင်းဝင်အောင်ပွဲတွေနဲ့ ကြိုဆိုကြစို့''မိန့်ခွန်းမှ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက်ဆုံးတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မီတီ ဥက္ကဋ္ဌ သခင်သန်းထွန်းသည် ညာဘက်လက်မှ လက်သီး တင်းတင်း မြဲမြဲ ဆုတ်ကာ ဆန့်တန်းလျက်—

သေရဲရမည်။

တိုက်ရဲသတ်ရဲရမည်။

အနိုင်ယူရဲရမည်။

ဟူ၍-တခဲနက် ကြွေးကြော် လိုက်လေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၄

ပြည်ခရိုင်အာဏာနီတည်ဆောက်ရေး

၁။ အာဏာနီတည်ဆောက်ရေးလမ်းညွှန်

"ကျွန်တော်တို့ဟာ ပြည်သူ့တော်လှန်ရေးစစ်ကို ဆင်နွဲပြီးကျေးလက်တောရွာပိုင်းမှာ လက်နက်နဲ့တော်လှန်တဲ့ ပြည်သူ့အာဏာကို တည်ဆောက်ခဲ့တာဖြစ်တယ်။ ဒီအာဏာကတော့ ပစ္စည်းမဲ့လူတန်းစားက ခေါင်းဆောင်တဲ့ (ပစ္စည်းမဲ့လူတန်းစားက ခေါင်းဆောင်တယ်ဆိုတာ ကွန်မြူနစ်ပါတီက ခေါင်းဆောင်တာကို ပြောတာဖြစ်တယ်။) ဆင်းရဲသားလယ်သမားကို အခြေခံတဲ့ အလတ်တန်းစား လယ်သမားနဲ့ မဟာမိတ်ဖွဲ့ထားတဲ့ အာဏာဖြစ်တယ်။ ဒီအာဏာဟာ အနှစ်ရသာအားဖြင့် ပစ္စည်းမဲ့ လူတန်းစား အာဏာရှင်စနစ်ဖြစ်တယ်။

ဒီတော်လှန်တဲ့အာဏာ တည်ဆောက်တဲ့အလုပ်ကို ကျွန် တော်တို့ဟာ တော်လှန်စစ်ကို ဆင်နွဲယင်းပြည်သူ့တော်လှန်ရေး စစ်တလျှောက်လုံး အနှစ်နှစ်ဆယ်ကာလပတ်လုံး လုပ်ခဲ့တယ်။

ကျွန်တော်တို့အနေနဲ့ လက်နက်ကိုင်တော်လှန်ရေးလုပ်ရင်း မြေတလက်မပဲရရ၊ အဲ့ဒီမြေတလက်မမှာ တော်လှန်တဲ့ ပြည်သူ့ အာဏာကို တည်ဆောက်တာဖြစ်တယ်။ တည်လဲတည်ဆောက်ရမှာ ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မြေတလက်မပဲရှိရှိ တော်လှန်တဲ့ ပြည်သူ့အာဏာကို တည်ဆောက်ရမှာဖြစ်တယ်။

ကျွန်တော်တို့တည်ဆောက်နေတဲ့ ပြည်သူ့အာဏာဟာ တပြည်လုံးမှာ တည်ဆောက်နေတဲ့ တပြည်လုံးမှာ တည်ဆောက်ရမဲ့ ပြည် သူ့အာဏာရဲ့ အမြုတေလဲဖြစ်တယ်။ တပြည်လုံးအတွက် မီးရှူး တန်ဆောင်လဲဖြစ်တယ်။ မီးရှူးတန်ဆောင်ဆိုတာ လမ်းပြနေတာ ဖြစ်တယ်။ တပြည်လုံး ဒီအတိုင်းလိုက်လုပ်ဖို့ လမ်းပြနေတာ ဖြစ်တယ်။ နောက်ပြီးတော့ တပြည်လုံးကို တိုက်ခိုက်သိမ်းပိုက်ဖို့ ခြေကုတ်စခန်းလဲ ဖြစ်တယ်။

ကျွန်တော်တို့ဟာ အနှစ်နှစ်ဆယ်လုံးလုံး ဒီအတိုင်း လုပ်ခဲ့တယ်။ ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်တဲ့ဆင်းရဲသားလယ်သမားကိုအခြေခံတဲ့ အလတ်တန်းစားလယ်သမားနဲ့ မဟာမိတ်ဖွဲ့ထားတဲ့ အာဏာကို ကျေးလက်တောရွာပိုင်းမှာ တည်ဆောက်ခဲ့တယ်။ ဒီအာဏာဟာ လူတန်းစား အနှစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင်စံနစ်ဖြစ်တယ်။

လယ်သမားလူတန်းစား တိုက်ပွဲတွေကတော့သီးစားခတိုက်ပွဲ၊ စပါးဈေးတိုက်ပွဲသက်သက်မဟုတ်တော့ဘူး။ လက်နက်ကိုင်တိုက်ပွဲအထိ အဆင့်ကူးပြောင်းလာတယ်။ ကျေးလက်မှာ အာဏာနိ ထူထောင်ရေး တိုက်ပွဲဖြစ်လာတယ်။ ဖောက်ပြန်တဲ့လူတန်းစားတွေကလဲ လက်နက်ကိုင်လာတယ်။ လက်နက်ကိုလက်နက်နဲ့ တုန့်ပြန်ရမှာပဲ။

ကျေးလက်လူတန်းစားတိုက်ပွဲဟာစီးပွားရေးဝါဒတိုက်ပွဲမဟုတ်ဘူး။ နိုင်ငံရေးတိုက်ပွဲဖြစ်တယ်။ စစ်နိုင်ငံရေး၊ အာဏာသိမ်းရေးအတွက် ဖြစ်တယ်။ ပြည်သူ့စစ်တွေ ဖွဲ့စည်းရမယ်။ ဖောက်ပြန်တဲ့ အာဏာတွေကို ဖြိုချရမယ်။

၅၅-လမ်းစဉ်တုန်းကလို ဟိုဟာလေးတောင်း ဒီဟာလေးတောင်း အမတော်ကြေးတောင်း၊အဝတ်အစားတောင်းနဲ့ မဖြစ်တော့ဘူး။

စစ်နိုင်ငံရေး၊ အာဏာသိမ်းရေးလမ်းစဉ်အရဆိုရင် ပြည်သူ့စစ်တွေ ဖွဲ့စည်းရေး၊ ဖောက်ပြန်တဲ့အာဏာ ဖြိုချရေး၊ အာဏာနိ ထူထောင်ရေးဖြစ်တယ်"။

(သခင်သန်းထွန်း၏ အာဏာနိတည်ဆောက်ရေးညွှန်ကြားချက်မှ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်တို့မှာ ကျေးလက်အာဏာနီ တည်ဆောက်ရေးနှင့် ပတ်သက်သော သခင်သန်းထွန်း၏ ဩဝါဒနှင့် ညွှန်ကြားချက်တို့ပင် ဖြစ်လေသည်။

ထို့ပြင် သခင်သန်းထွန်းသည်—

ဗမာပြည်ကွန်မြူနစ်ပါတီ အာဏာနီတည်ဆောက်ရေး၏ အစပြုချက်ကိုလည်း ဤသို့ပင်ဖော်ထုတ်၍ ညွှန်ပြပေသည်။

> "၁၉၄၈-ခုနှစ်၊ မတ်လ ၂၈-ရက်နေ့မှာ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးပါတီဖြစ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဗမာပြည်သမိုင်းမှာ ပထမဦးဆုံးဖြစ်တဲ့၊ ကိုယ်ပိုင်လဲဖြစ်တဲ့ ပစ္စည်းမဲ့လူတန်းစား တပ်မတော်ကို တည်ဆောက်ပြီး၊ နယ်ချဲ့ပဒေသရာဇ် ဗြူရိုကရက် အရင်းရှင်တို့ရဲ့ အာဏာကိုဖြိုချပြီး ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စံနစ်ရဲ့ အုတ်မြစ်ကို ကျေးလက်တောရွာပိုင်းမှာ စိုက်ထူလိုက်တယ်။
>
> ၄၈-ခုနှစ် မတ်လ ၂၈-ရက်နေ့မှာ ဗမာပြည် ကွန်မြူနစ်ပါတီက ထွက်လာတဲ့ ပထမဦးဆုံးသေနတ်သံဟာ ဗမာပြည်ရဲ့ သမိုင်း အသစ်ကို ယူဆောင်လာတာဖြစ်တယ်"။

ဤသို့ဖြင့် သခင်သန်းထွန်းသည် ၁၉၄၈-ခုနှစ် မတ်လ (၂၈) ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပထမဦးဆုံးသော သေနတ်သံသည် ဗမာပြည်တွင် ကျေးလက်အာဏာနီကို ပထမဦးဆုံး တည်ထောင်လိုက်ခြင်း ဖြစ်သည် ဟုပင် ညွှန်ပြလိုက်ပေသည်။

တနည်းဆိုရသော် ဗမာပြည်တွင် ပစ္စည်းမဲ့လူတန်းစား၏ အာဏာရှင်စံနစ်ကို ၁၉၄၈-ခုနှစ် မတ်လ ၂၈ ရက်နေ့တွင်ပင် အစပြု၍တည်ထောင်လိုက်ခြင်း ဖြစ်သည်ဟု ညွှန်ပြလိုက်ခြင်းဖြစ်လေသည်။

ထို့ကြောင့် ကျေးလက် အာဏာနီတည်ဆောက်ရေးဆိုသည်မှာ ကျေးလက်တွင် ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စံနစ် တည်ဆောက်ရေးပင် ဖြစ်လေသည်။

ထို့နောက် သခင်သန်းထွန်းသည် ၁၉၄၈-ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် စတင်၍ ဖြစ်ပွားသော လက်နက်ကိုင်တိုက်ပွဲနှင့် ပတ်သက်သည့် သဘောထားနှင့် အာဏာနီတည်ဆောက်ရေး လမ်းညွှန်ကိုလည်း ဤသို့ပင် အလေးအနက် ဖော်ထုတ်၍ ညွှန်ကြားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ကျွန်တော်တို့ ပါတီဟာ အရင်က အာဏာမဲ့နေတဲ့အတွက် အာဏာသိမ်းရမယ် ဆိုတာကို မပြောနိုင်ခဲ့ကြဘူး။

အခုတော့ ကျွန်တော်တို့ အားမနာကြတော့ဘူး ဒါကြောင့် "အာဏာ"ကို ပြောလဲပြောရဲတယ်။ယူလဲယူရဲတယ်။ရအောင် လုပ်လဲလုပ်ရဲတယ်။

၁၉၄၈-ခုနှစ် မတ်လ ၂၈-ရက်နေ့တုန်းက ဗမာပြည်မှာ ပထမဦးဆုံးသေနတ်ဖောက်တဲ့ပါတီဟာ ဗမာပြည် ကွန်မြူနစ်ပါတီဖြစ်တယ်။ ဒါကိုရဲရဲပြောရဲရမယ်။

ဗမာပြည်မှာ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်ကို ပထမဦးဆုံး တည်ဆောက်ခဲ့တာလဲ ဗမာပြည်ကွန်မြူနစ်ပါတီပဲဖြစ်တယ်။ဒါကိုမမြင်ရင်သစ္စာဖောက်ဖြစ်မှာပဲ။

ဒါကို တနည်းထပ်ပြီးပြောရင် သေနတ်ပြောင်းဝက အာဏာထွက်တယ်ဆိုတာပဲ။ သေနတ်ဟာ အရာရာကို ဆုံးဖြတ်တာဖြစ်တယ်။

တကယ်က ဗမာပြည်မှာ လက်နက်ကိုင် ပြည်သူ့တော်လှန်ရေးကို အစောကြီးကထဲက ဆင်နွှဲသင့်တယ်။ ဒါပေမဲ့ ပါတီတွင်းက သစ္စာဖောက်တွေဟာ အချောင်လမ်းကို လိုက်ခဲ့ကြတယ်။

၁၉၄၈-ခုနှစ် မတ်လ ၂၈-ရက်နေ့ရောက်မှပဲ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ဗမာပြည်မှာ ရန်သူကြီး(၃)ဦးဖြစ်တဲ့ နယ်ချဲ့ပဒေသရာဇ်စနစ်နဲ့ ဗြူရိုကရက်နေရှင် လူတန်းစားကို အဆုံးသတ် မြေမြှုပ်ပစ်ဖို့ ပထမဦးဆုံးစပြီး အချက်ပေးလိုက်ရတာဖြစ်တယ်။

အဲ့ဒါကတော့ အဲ့ဒီပထမဦးဆုံး သေနတ်သံနဲ့အတူ ဗမာပြည်မှာ ပစ္စည်းမဲ့လူတန်းစား အာဏာရှင်စနစ်ကို တည်ဆောက်လိုက်တာဖြစ်တယ်။ ဒါဟာ ကျေးလက်အာဏာနီကို တည်ဆောက်လိုက်တာပဲဖြစ်တယ်။

အခု ကျွန်တော်တို့ဟာ ဒီပြည်သူ့ တော်လှန်ရေး စစ်အတွင်းမှာ အောင်ပွဲတွေရဖို့အတွက် မော်စီတုံးရဲ့ ပြည်သူ့စစ် သေနင်္ဗျူဟာနဲ့ နည်းပရိယာယ်တွေကို လက်တွေ့ကျကျ ကျင့်သုံးနိုင်ခဲ့တယ်။

ဒါကတော့ ကျေးလက်ကို အခြေခံရမယ်။ မြို့တွေကိုဝိုင်းရမယ်။ မြို့တွေကိုသိမ်းမယ်။ နောက်ပြီးတော့ ကျေးလက်တွေမှာ အာဏာနီတွေ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကို အကျယ်အပြန့် အခိုင်အမာ တည်ဆောက်ပြီး တပြည်လုံးကို အာဏာသိမ်းရမယ်ဆိုတာပဲ။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ကျေးလက်လူတန်းစား လမ်းစဉ်အရ တပြည်လုံးမှာ အာဏာခွဲတည်ဆောက်ရေးကို အစီအစဉ်ရှိရှိ ရည်ရွယ်ချက်ရှိရှိ စီမံကိန်းရှိရှိနဲ့ တည်ဆောက်သွားရေးဟာ ကနေ့ပြည်သူ့တော်လှန်ရေးရဲ့ အရေးတကြီးနဲ့ လက်ငင်း အကျဆုံး တောင်းဆိုချက်ဖြစ်တယ်။"

(သခင်သန်းထွန်း၏အာဏာခွဲတည်ဆောက်ရေးညွှန်ကြားချက်-မှ)

၂။ ကျေးလက်လူတန်းစားလမ်းစဉ်

ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၅၀-ခုနှစ်မှစ၍ မြေယာတော်လှန်ရေး လုပ်ငန်းစဉ်တရပ်ကို ရေးဆွဲ၍ ချမှတ်ခဲ့လေသည်။

ယင်းမြေယာတော်လှန်ရေး၏ လုပ်ငန်းစဉ်အချုပ်မှာ ဤသို့ဖြစ်သည်။

- ဆင်းရဲအခြေခံ၊
- အလတ် မဟာမိတ်ဖွဲ့၊
- ချမ်းသာ ကြားထား၊
- မြေရှင် ဦးတည်တိုက်....

ဟူ၍ဖြစ်သည်။

ဤမြေယာလုပ်ငန်းစဉ်ကိုပင် "မြေယာလမ်းစဉ်"ဟု ခေါ်၏။ "**အစထွေထွေလမ်းကြောင်း**" ဟူ၍လည်းသုံးနှုန်း၏။ "မြေယာလမ်းညွှန်"ဟူ၍လည်း ပညတ်၍ထားလေသည်။

၁၉၆၅-ခုနှစ် နိဝင်ဘာလ (၁၀)ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်၌ ပီကင်းပြန်များဖြစ်သော ရဲဘော်အောင်ကြီး၊ သခင်ပု၊ ရဲဘော်မျိုးတင့်၊ ရဲဘော်စိုးဝင်းတို့ကိုယ်တိုင် တိုက်ရိုက်ဦးစီး၍ "မြေယာကောဒါပေါင်းစုံအစည်းအဝေး"ဆိုသည်ကို ကျင်းပခဲ့၏။ ယင်းအစည်းအဝေးတွင် ၁၉၅၀-ခုနှစ်၌ ချမှတ်ရေးဆွဲခဲ့သော လက်ရှိမြေယာ လမ်းစဉ်ကိုပြန်လည်၍စိစစ်ကြ၏။ သုံးသပ်ကြ၏။ အလေးအနက်ပင်ပြန်လည် စိစစ်၍ သုံးသပ်ကြလေသည်။

ယင်း"မြေယာကောဒါပေါင်းစုံ အစည်းအဝေး"တွင် သခင်ပုနှင့် ရဲဘော်အောင်ကြီးတို့မှ တိုက်ရိုက်ခေါင်းဆောင်၍ ဆွေးနွေးကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ပုသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ မူလလူထုအဖွဲ့အစည်းဖြစ်သည့် ဗမာနိုင်ငံတောင်သူလယ်သမား သမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးဖြစ်သည်။ ထို့ကြောင့်ပင် သခင်ပုအား တရုပ်ပြည်၏ မြေယာအတွေ့အကြုံများကို ဆည်းပူးလေ့လာရန်အတွက် တရုပ်ပြည်သို့ ၁၉၅၃-ခုနှစ်တွင် သခင်သန်းမြိုင်ခေါင်းဆောင်သော အဖွဲ့နှင့်အတူ စေလွှတ်ခဲ့လေသည်။

တရုပ်ပြည် ကွန်မြူနစ်ပါတီသည် သခင်ပုနှင့်အဖွဲ့အား တရုပ်ပြည်၏ မြေယာအတွေ့အကြုံများကို လက်ပူးလက်ကြပ်ပင် သင်ကြားပေး၏။ ထို့ပြင် ဗမာပြည်က လိုက်နာရမည့်မြေယာလမ်းစဉ်တရပ်ကိုလည်း ညွှန်ပြ၍ ချမှတ်ပေးလိုက်လေသည်။

ထို့ကြောင့်ပင် ၁၉၆၄-ခုနှစ်ဦးတွင် ရဲဘော်စိုးဝင်း (ရဲဘော်ငွေအောင် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းဆရာအဖွဲ့ဝင်) ခေါင်းဆောင်သော ရဲဘော် ချစ်မောင် (ပီကင်းပြန်)နှင့် သရက်ခရိုင် ကော်မီတီ ရဲဘော်မြင့်နိုင်တို့သည် သရက်ခရိုင်ဆင်ပေါင်ဝဲမြို့နယ် ငါးရံ့ချောင်းရွာတွင် "ငါးရံ့ချောင်းလေ့လာရေး" ဆိုသည်ကိုတရုပ်ပြည်မှ ညွှန်ကြားချက်များအတိုင်းပင် စမ်းသပ်၍ လုပ်ဆောင်ခဲ့ကြသည်။

ယင်းကို "ငါးရံ့ချောင်းလေ့လာရေး" တနည်းအားဖြင့် "**ဆင်းရဲအာဏာနီတည်ဆောက်ရေး၏ စမ်းသပ်ကွက်**" ဟု ခေါ်ဆိုလေသည်။

ထို့နောက်တွင် "ငါးရံ့ချောင်း လေ့လာရေး စမ်းသပ်ကွက်" အတွေ့အကြုံများကိုယူ၍ သခင်ပုနှင့် ရဲဘော်ငွေအောင် (ရဲဘော်စိုးဝင်း) တို့သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ "မြေယာအထွေထွေလမ်းကြောင်း" ကို အသစ်တဖန်မွမ်းမံ၍ဖန်တီးရေးဆွဲခဲ့ကြလေသည်။

ယင်းမြေယာလုပ်ငန်းစဉ်ဖြစ်သည့် "မြေယာ အထွေထွေ လမ်းကြောင်း"ကို "**ကျေးလက်လူတန်းစားလမ်းစဉ်**"ဟူ၍ ခေါ်ဝေါ်ရမည်၊ သုံးစွဲရမည်ဟုလည်း သတ်မှတ်လိုက်လေသည်။

ထို့နောက်မြေယာတော်လှန်ရေး လမ်းစဉ်နှင့် ကျေးလက်လူတန်းစားလမ်းစဉ်၏ အချုပ်ကိုလည်း ဤသို့ပင်ပြင်ဆင်လိုက်သည်။

> "ဆင်းရဲလယ်သမား အလွှာအား ပြတ်သားစွာ အခြေခံ၍— အလတ်တန်းစား လယ်သမားအလွှာနှင့် ခိုင်မြဲစွာ မဟာမိတ်ဖွဲ့ကာ ပဒေသရာဇ်နှင့် ပဒေသရာဇ် တပိုင်းဖြစ်သည့် မြေယာပိုင်ဆိုင်မှုနှင့် သွေးစုတ်မှုစနစ်ကို ခြေလှမ်းရှိစွာနှင့် ခွဲခြားမှုပြုကာဖြင့် သုတ်သင်ချေမှုန်းပစ်ပြီးလျှင် မြေယာ ထုတ်လုပ်ရေးကို ဖွံ့ဖြိုးတိုးတက်စေရန်ဟူ၍ ဖြစ်သည်၊"

(ကျေးလက်လူတန်းစား လမ်းစဉ်-၅၊)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဆက်လက်၍ ဗမာပြည်အတွက် မြေယာတော်လှန်ရေး လမ်းစဉ်နှင့် ပတ်သက်၍လည်း ဤသို့ပင်အဆိုပြု၍ ဆုံးဖြတ်လိုက်လေသည်။

> "မြေယာတော်လှန်ရေး လမ်းစဉ်မှာ မြေယာတော်လှန်ရေး လုပ်ငန်း အတွက် သေနင်္ဂဗျူဟာနှင့် ပတ်သက်သော ပြဿနာဖြစ်ပေသည်။ မြေယာတော်လှန်ရေးလမ်းစဉ်တွင် လူတန်းစားလမ်းစဉ်သာမက တိုက်ပွဲစဉ်လုပ်ငန်း တာဝန်နှင့်ဘက္က သေနင်္ဂဗျူဟာ ရည်ရွယ်ချက်ပါ အကြီးဝင်သည်။ မြေယာတော်လှန်ရေးလမ်းစဉ်သည် ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေး တလျှောက်လုံးအတွက် ပြောင်းလဲ၍ မပြုပေ။"
>
> (ကျေးလက် လူတန်းစားလမ်းညွှန်-မှ)

ယင်းမြေယာကောဒါအစည်းအဝေးတွင်ပင်"ဗမာနိုင်ငံတောင်သူလယ်သမားသမဂ္ဂ"ဟူသည့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ မူလလူထုအဖွဲ့အစည်း ကိုလည်း ဖျက်သိမ်းလိုက်သည်။ ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီတွင် "ဗမာနိုင်ငံတောင်သူလယ်သမားသမဂ္ဂ"ဆိုသည်မှာ မရှိတော့ချေ။

တချိန်တည်းတွင်"ဆင်းရဲသားတောင်သူလယ်သမားသမဂ္ဂ"ကိုတပြည်လုံး၌ အမြန်ဆုံးနှင့်ချက်ခြင်းဖွဲ့စည်းရန်ကိုလည်း ဆုံးဖြတ်လိုက်၏။ ဖွဲ့စည်းရေးအတွက် အသေးစိတ် ညွှန်ကြားချက်ကိုပင်ထုတ်ပြန်လိုက်လေသည်။

ထို့ပြင်"လူတန်းစား ခွဲခြားရေးမူ"နှင့်ပတ်သက်၍လည်း ဤသို့ပင်သတ်မှတ်လိုက်လေသည်။

"– လူတန်းစားနှင့် လူ့အလွှာများအား ခွဲခြားရေး အလို့ငှာ၊ တမျိုးတည်းသောမူမှာ ထုတ်လုပ်ရေးဆက်ဆံမှုအပေါ်မှာအခြေပြုသောသေချာစွာစုံစမ်းမှုသာ ဖြစ်လေရာ ထိုမူကိုသာအခြေခံလျက် ဘက်(၃)ဘက်မှ စစ်တမ်းထုတ် သရုပ်ခွဲကာ အင်္ဂါလက္ခဏာ ရပ်များနှင့်အညီ သတ်မှတ်ရပေမည်။

– မြေယာနှင့် ထုတ်လုပ်ရေး ကရိယာများ ပိုင်ဆိုင်မှု၊ ချို့တဲ့မှုကင်းမဲ့မှု ဆိုသည်တို့မှ မည်သည်များကိုပိုင်ဆိုင်သည်။ အရေအတွက်အရ မည်မျှလောက်စီ ပိုင်ဆိုင်သည်။ အရည်အချင်းအားဖြင့် မည်မျှ ကောင်းမွန်ညံ့ဖျင်းသည်များအား ပိုင်ဆိုင်ထားသည်။

– ယင်းပိုင်ဆိုင်မှုအရ ထိုသည်များကို မည်သို့မည်ပုံ အသုံးချမှုလုပ်ကိုင်သည်။ ငှားရမ်းစားသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

— ထိုသည်များကို ယင်းကဲ့သို့ ပိုင်ဆိုင်မှုနှင့် အသုံးချမှုများအရ ဖြစ်ပွား ပေါ်ပေါက် တည်ရှိနေသည့် သွေးစုတ်သူနှင့် သွေးစုတ် ခံရသူတို့၏ ဆက်ဆံမှုအမျိုးမျိုး မည်သို့မည်ပုံသွေးစုတ်သည်။မည်သည့်နည်းနာများ အရ မည်မျှသွေးစုတ်သည် မည်သို့မည်ပုံဖြင့် မည်သည့်နည်းနာများ အရ မည်မျှသွေးစုတ်ခံရသည်။

...စသည်ဖြင့်ပိုင်ဆိုင်မှု အသုံးချမှု ဆက်ဆံမှုဟူသော ဘက်(၃)ဘက်မှ လေ့လာစိစစ်၍ လူတန်းစားနှင့် လူ့အလွှာများကို ခွဲခြားသတ်မှတ်ရ ပေမည်"

(ကျေးလက်လူတန်းစား လမ်းစဉ်-မှ)

ဤသို့သော ကျေးလက်လူတန်းစား ခွဲခြားရေးမူအရ ကျေးလက် လူတန်းစားများကို အောက်ပါအတိုင်း ခွဲခြားထားပေသည်။

"ပြတ်သားစွာအခြေခံရမည့်အလွှာကား ဆင်းရဲသား လယ်သမား အလွှာဖြစ်ပေသည်။ ထိုအလွှာတွင်အထပ်နှစ်ထပ်ပါဝင်ပေသည်။လယ်ယာအလုပ်သမားတပိုင်း (လယ်သမားကလေး) အထပ်နှင့် လယ်ယာ အလုပ်သမား(လယ်ကူလီ သူရင်းငှား) အထပ်တို့ပင်ဖြစ်သည်။

...ဆင်းရဲလယ်သမားအလွှာ အဓိကအားဖြင့် လယ်ယာ အလုပ်သမား အထပ်သည်....။

— တောရွာဒေသများရှိ လူတန်းစားနှင့်လူ့အလွှာအားလုံးတွင် လူဦးရေအားဖြင့် အများဆုံးဖြစ်ပေသည်။

— တောရွာဒေသများ၌ သွေးစုတ် ချယ်လှယ်ခြင်း အခံရဆုံး၊ အဖိနှိပ် အညှဉ်းဆဲ အခံရဆုံး၊ ဆင်းရဲမွဲပြာကျမှု အဖြစ်ဆုံး၊ နိုင်ငံရေးအရရော၊ စီးပွားရေးအရပါ အခွင့်အာဏာအမဲ့ဆုံး၊ လူ့အခွင့်အရေးအဆုံးရှုံးဆုံး၊ အောက်ဆုံး အဆင့်မှာတည်ရှိနေသည့်အလွှာဖြစ်ပေသည်။

— နယ်ချဲ့စံနစ်ဆန့်ကျင်ရေး၊ မြေရှင်စံနစ် ချေမှုန်းပစ်ရေး၊ စစ်တပ် လက်ဝါးကြီးအုပ် အစိုးရ အရင်းရှင်စံနစ် အုပ်စိုးမှု ဖြိုချရေးများအတွက် အတော်လှန်ဆုံး၊ အထက်မြက်ဆုံး၊ အတက်ကြွဆုံးဖြစ်သည်ကို ဗမာ့ တော်လှန်ရေး မီးတောက်မီးလျှံများ အထဲတွင် သံခဲတင်များ အဖြစ် အစမ်းသပ် ခံပြသခဲ့ကြပြီးဖြစ်ပေသည်။

- သူတို့သည် တောရွာဒေသများ၏ ပစ္စည်းမဲ့တပိုင်းများ ဖြစ်ကြလေရာ....
- ပစ္စည်းမဲ့လူတန်းစားက ပြတ်သားစွာမှီခိုရမည့်၊အားထားရမည့်၊ အခြေခံရမည့် အလွှာဖြစ်လျက် တော်လှန်ရေးအတွက် မဏ္ဍိုင် အဖြစ်၎င်း၊ ကျောရိုးအဖြစ်၎င်း၊ အဓိကအဖြစ်၎င်းဖြစ်ရပေမည်။
- သူတို့သည် ပါတီတည်ဆောက်ရေး အတွက်ရော၊ ပြည်သူ့တပ်မတော် တည်ဆောက်ရေးအတွက်ပါ မကုန်ခမ်းနိုင်သော အင်အားများ ပေါက်ဖွားရာ ရေသောက်မြစ်ဖြစ်သည့်အားလျော်စွာ သူတို့အား ပြတ်သားစွာ အခြေခံရေးမှာ တော်လှန်ရေး အောင်ပွဲခံမှုအတွက် အရေးကြီးသည့် အာမခံချက်ဖြစ်ပေသည်။
- သူတို့အား ဤပြည်သူ့ဒီမိုကရေစီ တော်လှန်ရေး အဆင့်မှာသာမက ဆိုရှယ်လစ် တော်လှန်ရေးမှာပါ ပြတ်သားစွာမှီခိုရ၊ အားထားရ၊ အခြေခံရပေမည်"။

(ကျေးလက်လူတန်းစားလမ်းစဉ် မှ။)

ကျေးလက်လူတန်းစားလမ်းစဉ်တွင် အလတ်တန်းစား လယ်သမားအလွှာနှင့် ပတ်သက်၍လည်း ဤသို့ဖြင့် အထပ်နှစ်ထပ် ခွဲခြား၍ သတ်မှတ်ထားသည်။

(က) ရိုးရိုးအလတ်တန်းစားလယ်သမားအလွှာ၊

(ခ) ချောင်လည်အလတ်တန်းစား လယ်သမားအလွှာ....
တို့ဖြစ်သည်။

ချောင်လည်အလတ်တန်းစား လယ်သမားအလွှာနှင့် ပတ်သက်သော သဘောထားနှင့် လက်တွေ့ကျင့်သုံးရမည့် အညွှန်း ကြေးကြော်သံကိုလည်း ဤသို့ ဖော်ထုတ်ထားလေသည်။

"စီးပွားရေးမထိပါး၊ စည်းရုံးရေးကျယ်ပြန့်၊ ခေါင်းဆောင်မှုတင်းကြပ်"
ဟူ၍ဖြစ်သည်။

ချမ်းသာသော လယ်သမားနှင့် ပတ်သက်သော သဘောထားနှင့် လက်တွေ့ ကျင့်သုံးရမည့် အညွှန်းကြေးကြော်သံကိုလည်း ဤသို့ပင် ဖော်ထုတ်ထားလေသည်။

"စီးပွားရေး ထိန်းသိမ်း၊ လုပ်ငန်းချုပ်ချယ်၊ နိုင်ငံရေး အခွင့်အရေးမပေး"
ဟူ၍ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျေးလက်လူတန်းစား လမ်းစဉ်တွင် ချမ်းသာသော လယ်သမားနှင့် အလတ်တန်းစား လယ်သမားတို့အား ခွဲခြားသည့် "အတိုင်းအတာစံနှုန်း"ဆိုသည်ကိုလည်း သတ်မှတ်၍ထားလေသည်။

တောင်သူလယ်လုပ်၍ အသက်မွေးဝမ်းကျောင်းပြုသော အိမ်ထောင်တခုသည် နှစ်စဉ် စုစုပေါင်းဝင်ငွေ၏ ၂၅ - ရာခိုင်နှုန်းထက်ပို၍ သွေးစုတ်ခြင်းပြုလျှင် ချမ်းသာသော လယ်သမားအဖြစ် သတ်မှတ်လေသည်။

သွေးစုတ်မှု"အတိုင်းအတာစံနှုန်း" တွက်နည်း၏ အခြေခံပွယ်ဖွင့်ဆိုချက်မှာ ဤသို့ဖြစ်လေသည်။

"(၁) ထုတ်လုပ်ရေး စရိတ်ဟူသည်တွင် မာ့က်စ်ဝါဒနိုင်ငံရေး ဘောဂဗေဒအရ နှစ်ပိုင်းပါဝင်သည်။ တပိုင်းမှာ "တည်မြဲမြဲသော အရင်း"ဖြစ်ပြီး အခြားတပိုင်းကား "ပြောင်းလဲသောအရင်း" ဖြစ်ပေသည်။ (တည်မြဲသောအရင်းကို "အရင်းသေ"ဟုမသုံးခြင်းမှာ နေရှင်များသုံးစွဲနေသည့် " အရင်းသေ"ဟူသည်ဖြင့် ခြားနားစေရန်ဖြစ်ပေသည်။ ပြောင်းလဲသော အရင်းကို "အရင်းရှင်"ဟုရင်း၊ "အရင်းအရှင်"ဟုရင်း မသုံးသည်မှာ "ခနရှင်၊ အရင်းရှင်"စသည့် လူတန်းစား ဝေါဟာရများဖြင့် မရောထွေးစေရန်ဖြစ်ပေသည်။)

(က) တည်မြဲသောအရင်းဟူသည်မှာ တန်ဖိုးသစ်ကိုမဖန်တီးသော အရင်းများပါဝင်သည်။
ယင်းတို့မှာ....

- မျိုးသီးနှံများတန်ဖိုး။
- သီးစားခ(သို့မဟုတ်)အခွန်(သို့မဟုတ်) သီးစားခရောအခွန်ပါ။
- ခိုင်းကျွဲနွားနှင့် စက်ယန္တရားစသည် ဆွဲအားများ တနှစ်အတွက်တန်ဖိုး(သို့မဟုတ်)ငှားခ။
- ထွန်ထယ်စသည် အခြား ထုတ်လုပ်ရေး ကရိယာ တန်ဆာပလာ အရာဝတ္ထုပစ္စည်း ပစ္စယများ တနှစ်အတွက်တန်ဖိုး(သို့မဟုတ်)ငှားခ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

—တဲဆောက် သည့်စရိတ်တန်ဖိုး....
စသည်များပါဝင်သည်။

(ခ) ပြောင်းလဲသောအရင်း ဟူသည်မှာတန်ဖိုးသစ်ကို ဖန်တီးသည့် လူတို့၏ လုပ်အားခဖြစ်သော အရင်းများပါဝင်သည်။ ထိုတွင်....

—ပင်တိုင်၊ ရာသီလိုက်၊ နေ့စား၊ ပုတ်ပြတ် စသည့် လုပ်အား လူငှားများငှားရမ်းခ။

—ကျွေးမွေးသည့်စရိတ်။

—ကိုယ်တိုင် လုပ်အား စိုက်ထုတ်မှုအတွက် ကုန်ကျစရိတ်အဖြစ် ရသင့်သောအခ စသည်တို့ပါဝင်သည်။

(၂) ဝင်ငွေပေါင်း ဟူသည်မှာ တအိမ်ထောင်လုံးက နှစ်စဉ် ထုတ်လုပ်ပြီးနောက် ရရှိသည့် မြေယာလုပ်ငန်းမှဝင်ငွေပေါင်းပင်ဖြစ်သည်။ ဤတွင် ထုတ်လုပ်ရေးစရိတ်နှင့် အမြတ်ပေါင်းနှစ်ရပ်ပေါင်းပါဝင်သည်။

(၃) အမြတ်ပေါင်း ဟူသည်မှာ ဝင်ငွေပေါင်းအထဲမှ ထုတ်လုပ်ရေးစရိတ်နှုတ်ပြီးကျန်ရှိသောငွေဖြစ်သည်။

(၄) ကိုယ်တိုင်လုပ်အားအတွက်အမြတ် ဟူသည်မှာ တန်ဖိုးသစ်တခုလုံးကိုပြောင်းလဲသော အရင်းကဖန်တီးသောကြောင့် ကိုယ်တိုင်လုပ်အားအတွက် အမြတ်မည်မျှပါသည်ကိုလည်း ပြောင်းလဲသော အရင်းတွင် ကိုယ်တိုင်လုပ်အား မည်မျှ ပါသနည်းဆိုသည့်အချိုးအစားဖြင့် တွက်ရပေမည်။ အမြတ်ပေါင်းကိုတည်၊ ကိုယ်တိုင်လုပ်ခနှင့် မြှောက်၍ရသည့် ရလဒ်ကို ပြောင်းလဲသော အရင်းဖြင့်စားလျှင် ရသည့်အဖြေမှာ ကိုယ်တိုင် လုပ်အားအတွက် အမြတ်ပင်ဖြစ်ပေသည်။

ကိုယ်တိုင်လုပ်ခ ဟူသည်မှာ ကိုယ်တိုင်လုပ်အား၏ အချိုးအစားဖြင့်ညီမျှသော အငှားလုပ်အားအတွက် ကုန်ကျရသည့် စရိတ်စကဖြင့် အတူဖြစ်ပေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၅) အငှားလုပ်အား သွေးစုတ်မှုအမြတ် ဟူသည်မှာ အမြတ်ပေါင်းထဲမှ ကိုယ်တိုင် လုပ်အားအတွက် အမြတ်ကို နုတ်၍ ကျန်သောအမြတ်ငွေဖြစ်ပေသည်။ ယင်းသည်ပင် အစွန်းထွက်တန်ဖိုးဖြစ်ပေသည်။

(၆) သွေးစုတ်မှု အမြတ်စုစုပေါင်း ဟူသည်မှာ အငှား လုပ်အားခ သွေးစုတ်မှုအမြတ်သာမက သီးစားခ အတိုးကြီးစား စသည် အခြားသွေးစုတ်မှုများမှ အမြတ်များ အားလုံးပေါင်း ဖြစ်ပေသည်။

(၇) စုစုပေါင်းဝင်ငွေ ဟူသည်မှာ ဝင်ငွေပေါင်းသာမက အခြား သွေးစုတ်မှုများမှရော၊ အခြားတွဲဘက် သို့မဟုတ်အထွေထွေ စီးပွားရေး လုပ်ငန်းများမှ ပါဝင်သော ဝင်ငွေ စုစုပေါင်းပင် ဖြစ်ပေသည်။

(၈) အတိုင်းအတာစံနှုန်း ဟူသည်မှာ စုစုပေါင်းဝင်ငွေတွင် သွေးစုတ်မှု အမြတ်စုစုပေါင်း၏ ရာခိုင်နှုန်း မည်မျှပါသည်ကို တွက်ချက်ခြင်းပင် ဖြစ်ပေသည်။”

(ကျေးလက်လူတန်းစားလမ်းစဉ်-မှ")

(၃) ပေါက်ခေါင်းလမ်းကြောင်း

၁။ “မိုလ်ထွန်းငြိမ်းကိစ္စ။

ကျွန်တော်တို့ တင်ပြတောင်းဆိုမှုသဘောတူညီချက်အရ၊ တည်ဆောက်ရေးအတွက် မိုလ်ထွန်းငြိမ်းကို စောင့်နေပါတယ်၊ စီမံကိန်း မဆွဲရသေးပါ။

အခြားပြင်ဆင်မှုဖက်ကတော့ အခြေခံအားဖြင့် အသင့်ရှိနေပါပြီ။

၁၁-၇-၆၇ အောင်ပွဲသံဟာလ မိုလ်ျူးထွန်းငြိမ်းကိုကြိုဆိုတဲ့ အမိပ္ပာယ်လဲရှိပါသည်။

သက်ဆိုင်ရာမှ မိုလ်မှူးထွန်းငြိမ်းကို အမြန်လွှတ်ပေးပါ။

၂။ မိုလ်ထွန်းငြိမ်းသို့တင်ပြချက်

သဘောတရားအရတခုလုံး အတွက် တခုချင်းကို မြဲမြဲဆုပ်ကိုင်ရမှာ မှန်ပါတယ်။ နောက်တဖက်ကလဲ တခုချင်းကို မြဲမြဲဆုပ်ကိုင်သလို တခုလုံးကိုလဲ ပေါင်းစပ်ကိုင်တွယ်သင့်ပါတယ်။ လက်တွေ့အရ တောင်ဘက်လဲ့ သူ့လို မြောက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗက်ကိုလဲ လှည့်သင့်ပါတယ်။ သာယာ (သာယာဝတီ) တစ်ကို တည်ဆောက်ပေးပြီးနောက် နိုင်မာအောင်လုပ်သလို ပြည်၊သရက် တစ်တွေကိုလဲ အခြေခံအားဖြင့် တည်ဆောက်ပေးရေး လေးနက် သင့်ပါတယ်ဟု အလေး အနက် တင်ပြအပ်ပါသည်။

၃။ ပြည်ခရိုင်ပါတီသို့ ၆၄-လမ်းစဉ်ကို ပေးအပ်သောခေါင်းဆောင် ရဲဘော်ကြီးအဖြစ်လည်းကောင်း။

ပြည်ခရိုင်လက်နက်ကိုင်တပ်များကို စုစည်း၍ စစ်နိုင်ရေး၊ အာဏာသိမ်းရေးအတွက် ရန်သူကို ချေမှုန်းရေးတိုက်ပွဲ စတင်ဖော်ထုတ်မှုတွင် ရှေ့ဆောင်မှု တိုက်ရိုက်ပေးခဲ့သော ခေါင်းဆောင်ရဲဘော်ကြီးအဖြစ်လည်းကောင်း။

လက်ရှိကာလ ကျန်းမာရေး လိုအပ်မှု အရလည်းကောင်း၊ ရဲဘော်ကြီး ဦးလှအောင် (ရဲဘော် အောင်ကြီး) အတွက် ပြည်ခရိုင်လက်နက်ကိုင် တပ်မတော်သားများက ၁၁-၇-၆၇ တိုက်ပွဲရစစ်ပစ္စည်းများ မျှတတပ်ဆင်မှုမစေ့ငှ စေကာမူ သီးခြားရွေးဖယ်ထားသော (ဆိုင်းပရောင်းတစုံ) ရေဗူး ဘေးအိတ် အပါအဝင်ကို တိုက်ရိုက်လှူကြံနှင့်ပို့ပေးလိုက်ပါမည်။

၄။ တိုက်ပွဲမှ သိမ်းဆီးရရှိ ငွေ ၁၅၀ိ ကို ပြည်ခရိုင် စစ်ရေးအတွက် အသုံးပြုခွင့် ပြုပါရန် တင်ပြအပ်ပါသည်။

အလေးနိုဖြင့် –

မောင်ငြိမ်း
၁၆/၇
စစ်ရေးတာဝန်ခံ
ပြည်ခရိုင်"

ဤသည်မှာ ဗိုလ်ငြိမ်းမှ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟို စစ်ကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းနှင့် ဗဟိုစစ်ကော်မီတီအဖွဲ့ဝင် ရဲဘော် အောင်ကြီးတို့ထံသို့ ပြည်ခရိုင် တည်ဆောက်ရေးအတွက် တောင်းဆိုချက်နှင့် တင်ပြချက်ပင် ဖြစ်သည်။

ဗိုလ်ငြိမ်းသည် ဗမာပြည် ကွန်မြူနစ်ပါတီ ပြည်ခရိုင် ကော်မီတီ၏ စစ်ရေးတာဝန်ခံဖြစ်၏။ဒုတိယပတ် ဗဟို မာ့က်စ်လီနင်ဝါဒ ကျောင်းဆင်းလည်းဖြစ်၏။ တော်လှန်သော ဗဟိုဌာနချုပ်၏ အားထားခြင်းကို ခံရသူဖြစ်၏။ ထို့ကြောင့် ဗိုလ်ငြိမ်းသည် အလွန်ပင် တက်ကြွ၍ နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ငြိမ်း၏ လက်ရေး



ဗိုလ်ငြိမ်းမှ ဗဟိုပပပကာ ... သို့ ... ပို့ ... မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၇-ခုနှစ်၊ ဇူလိုင်လတွင်ဖြစ်သည်။

ပဲခူးရိုးမ၏ အနောက်ခြမ်း၌ မိုးသည် မသည်းထန်ချေ။သို့သော်လည်းပြည် ခရိုင် အတွင်း၌ရှိသော ရွှေလေးချောင်းမှာမူ ရေဦးပေါက်ပြီးဖြစ်၍ တသွင်သွင် စီးလျက်နေလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီပြည်ခရိုင်စခန်းသည် ရွှေလေးချောင်းကမ်းပါးတွင် ရှိသော ယုတ်ဆိုင်ရွာ၏အနီး၌ စခန်းချ၍ထားလေသည်။

ပြည်ခရိုင်စခန်းတွင် ရဲဘော်လှကြည် (ပြည်ခရိုင် ပါတီအတွင်းရေးမှူး) နှင့် ရဲဘော်ဗိုလ်ငြိမ်းတို့သည် ပြည်ခရိုင်အတွင်း၌ရှိသော တိုက်နယ်နှင့် မြို့နယ်တို့မှ အဖွဲ့လိုက် အစုလိုက် ရောက်ရှိလာနေကြသော ကေဒါများ၊ ရဲဘော်များကို ကြိုဆို၍ နေရာများကို ချထား ပေးနေကြသည်။

ထိုအချိန်တွင် ဗဟိုဌာနချုပ်စခန်းမှ ဗိုလ်တင့်ဆန်း (အောင်သိန်းလွင်) နှင့် ဖိုးတူး (ရဲဘော်ငွေး၏ သားငယ်)တို့သည်လည်း ပြည်ခရိုင်စခန်းသို့ ရောက်ရှိ နေကြ၏။ ဖိုးတူးသည် မိခင်ဖြစ်သော ဒေါ်စောရီ (မရင်ရင်) အား သွား ရောက်၍ တွေ့ဆုံခြင်း ဖြစ်လေသည်။

ဗိုလ်ငြိမ်းသည် ဗိုလ်တင့်ဆန်းတို့နှင့်အတူ ဗဟိုဌာနချုပ်သို့ ပြည်ခရိုင် တည် ဆောက်ရေးအတွက် ဗိုလ်ထွန်းငြိမ်းအား အမြန်ဆုံး စေလွှတ်ပေးရန် အလေး အနက် တင်ပြ၍ တောင်းဆိုလိုက်လေသည်။

> "အခု ကျွန်တော်တို့ခရိုင်မှာ တပ်တွေ၊ ကေဒါတွေကို စုထားပြီး ပါပြီ။ ဦးအောင်ဖြိုးနှင့် ဦးလှအောင်တို့ရဲ့ဆန္ဒနဲ့ သဘောတူညီချက်အရ ဗိုလ်မှူးထွန်းငြိမ်းကို ပြည်ခရိုင်ကို အထူးရွေးချယ်ပြီး လွှတ်ပေးမယ်ဆို တာ သိရလို့ ခရိုင်ကော်မီတီတွေနဲ့ ပါတီဝင်ထုတွေ အားလုံးကပါ အထူးပဲ ဝမ်းသာအားရ ဖြစ်နေကြပါတယ်။
>
> ဗိုလ်မှူးထွန်းငြိမ်းကို လွှတ်ပေးမယ်ဆိုတာဟာ ပြည်ခရိုင် တည် ဆောက်ရေးအတွက် လုံးဝ အာမခံချက်ကို ပေးလိုက်တာဖြစ်တယ်လို့ ခံစားကြရပါတယ်။ ဒါ့အပြင် ပြည်ခရိုင်ရဲ့ အရေးကြီးမှုကို ဘယ် လောက် တန်ဘိုးထားတယ်ဆိုတာကိုလဲ လေးလေးနက်နက် နားလည် ကြတယ်။ ဒါတွေကြောင့် ပြည်ခရိုင်ရဲ့ သမိုင်း အလှည့်အပြောင်း ဟာလဲ မချဖြစ်လာမှာဖြစ်ပါတယ်။
>
> ကျွန်တော်တို့ ပြည်ခရိုင်ဟာ ဗိုလ်မှူးထွန်းငြိမ်းရဲ့ တည်ဆောက် ပေးမှုအောက်မှာ....

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တော်လှန်တဲ့ ဂုဏ်ရောင်ပြောင်တဲ့ ဗမာပြည်တပြည်လုံးရဲ့ စံပြဖြစ်အောင်နဲ့ ရွှေတန်းကို အရောက်ဆုံးတပ်ဖြစ်အောင်လဲ ကျွန်တော်တို့ အစွမ်းကုန် လုံးပမ်းသွားကြပါမယ်။

အခုဆိုရင်လဲဗိုလ်မှူးထွန်းငြိမ်းဟာ တောင်ဘက်က သာယာဝတီ ခရိုင် တပ်ကို ဗမာတပြည်လုံးရဲ့ စံပြတပ်ဖြစ်အောင် တည်ဆောက်ပေးပြီးသွားပြီလို့ ဦးအောင်ဖြိုးနဲ့ ဦးလှအောင်တို့ပြောလိုက်လို့ သိရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ပြည်ခရိုင်ကိုလဲ ဗိုလ်မှူး ထွန်းငြိမ်းကို လွှတ်ပြီးတော့ စံပြတပ်ဖြစ်လာအောင် အမြန်ဆုံး တည်ဆောက်ပေးစေလိုပါတယ်။ဗိုလ်မှူးထွန်းငြိမ်းကိုတော့ ဘယ်နည်းနဲ့မဆို အမြန်ဆုံးပဲ ပြည်ခရိုင်ကိုလွှတ်ပေးလိုက်စေလိုပါတယ်။

ဗိုလ်မှူးထွန်းငြိမ်း ပြည်ခရိုင်ကို တရက်စောပြီးရောက်တာဟာ တရက်ပိုပြီး အောင်ပွဲနဲ့နီးဖို့ ဖြစ်မှာပါပဲ။ အောင်ပွဲအတွက် အာမခံချက်ပေးလိုက်တာလို့ပဲ ကျွန်တော်တို့ လုံးဝ ယုံကြည်ထားပါတယ်။"

ဤသည်မှာ ပီကင်းပြန်ဗိုလ်ထွန်းငြိမ်းအား ပြည်ခရိုင်သို့ ဗဟိုဌာနချုပ်မှ အမြန်ဆုံး စေလွှတ်ပေးရေးအတွက် ဗိုလ်ငြိမ်း၏ ထပ်မံ တင်ပြချက်ပင် ဖြစ်သည်။

ဗိုလ်တင့်ဆန်းနှင့် ဖိုးတူးတို့သည် ဗမာပြည် ကွန်မြူနစ်ပါတီ ခရိုင်စခန်းမှ ဗဟိုဌာနချုပ်သို့ ပြည်ခရိုင် ကော်မီတီ၏ တင်ပြချက်များနှင့်အတူ ၁၉၆၇-ခုနှစ် ဇူလိုင်လ (၂၀) ရက်နေ့တွင် ပြန်လည်၍ ရောက်ရှိလာကြသည်။

သခင်သန်းထွန်း (ရဲဘော်အောင်ဖြိုး)နှင့် ရဲဘော် အောင်ကြီး (ရဲဘော်လှအောင်)တို့သည် ပြည်ခရိုင်သို့ ဗိုလ်ထွန်းငြိမ်းအား အမြန်ဆုံး စေလွှတ်ရန်အတွက် ချက်ခြင်းပင် စီစဉ်ကြ၏။ ဗိုလ်ထွန်းငြိမ်းအားလည်း ပြည်ခရိုင်တွင် လက်တွေ့ လုပ်ဆောင်ရမည့်အညွှန်းနှင့် ပေါ်လစီတို့ကိုလည်း အခိုင်အမာပင် ချမှတ်၍ ပေးလိုက်လေသည်။

"ပဲခူးရိုးမတိုင်းအတွင်းမှာ ပြည်ခရိုင်ဟာ ပထဝီအနေအထားအရရော စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတွေရဲ့ အနေအထားအရရော၊ အချက်အခြာဖြစ်နေတယ်။ ဗဟိုချက်မဖြစ်နေတယ်။

ဒါတွေကြောင့် ပြည်ခရိုင်ကို ကျွန်တော်တို့အနေနဲ့ အထူး အာရုံစိုက်ဖို့ လိုတယ်။အထူးသဖြင့် ပြည်ခရိုင်ဟာ ပဲခူးရိုးမတိုင်းရဲ့ အာဏာနိ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တည်ဆောက်ရေး အခြေခံစခန်းဖြစ်ဖို့လိုတယ်။ဒီဒေသမှာ အာဏာဖြိုကို ချေမှုန်းပြီး အာဏာနိုကို တည်ဆောက်ဖို့ဟာ သေရေးရှင်ရေးအလုပ် ဖြစ်တယ်။

ပြည်ခရိုင် ပါတီက ၁၉၆၆-၆၇ ခုနှစ်၊ နှစ်နှစ်စီမံကိန်းကို ချမှတ်ထားတယ်။ အဲဒီ နှစ်နှစ်စီမံကိန်းကို တိုးချဲ့ပြီးတော့ အာဏာနို တည်ဆောက်ရေးကို အစွမ်းကုန် လုပ်သွားဖို့ဖြစ်တယ်။

ဖက်ဆစ်နေဝင်းအစိုးရကို အပြတ်ချေမှုန်းဖို့အတွက် ပြည်ခရိုင်ဟာ ပထမဦးဆုံးအစပြုတဲ့ "အောင်မြေ"နဲ့ နောက်ဆုံး အဆုံးသတ်အောင်ပွဲခံမဲ့ "အောင်မြေ" ဖြစ်စေရမယ်ဆိုတဲ့ ပိုင်းဖြတ်ချက်နဲ့ လုပ်သွားဖို့ လိုတယ်။

အဲဒီအတွက် လုပ်ငန်းတာဝန်တွေနဲ့ ပေါ်လစီတွေဟာ ဗဟို ဌာနချုပ်က တိုက်ရိုက် တာဝန်ခံပြီး ချမှတ်ထားတာဖြစ်တယ်။ တိုက်ရိုက်လဲ ဦးစီးရှေ့ဆောင်သွားမှာ ဖြစ်တယ်။

အခု ဒီတာဝန်တွေဟာလဲ ဗိုလ်ထွန်းငြိမ်းနဲ့ပဲ အထိုက်တန်ဆုံးနဲ့ အသင့်လျော်ဆုံးဖြစ်တယ်။

ဒါကြောင့် ဗိုလ်ထွန်းငြိမ်းကို ပြည်ခရိုင် အာဏာနို တည်ဆောက်ရေးအတွက် ဗဟိုကော်မီတီနဲ့ ဗဟို စစ်ကော်မီတီတို့ရဲ့ အခွင့် အာဏာကို အပြည့်အစုံ ပေးလိုက်တယ်။ "

ဤသည်မှာ သခင်သန်းထွန်း၏ ပြည်ခရိုင် အာဏာနို တည်ဆောက်ရေးအတွက် အလုပ်လမ်းညွှန်ပင်ဖြစ်၏။ ထို့ပြင် ဗဟိုဌာနချုပ်မှပင် လက်တွေ့ဆိုင်ရာလုပ်ငန်းလမ်းညွှန်နှင့် ပေါ်လစီတို့ကိုလည်း စာတမ်းတစောင်ကို ပြုစုရေးသား၍ ဗိုလ်ထွန်းငြိမ်းအား ပေးလိုက်လေသည်။

၁၉၆၇-ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့ နံနက် (၈)နာရီတွင် ဖြစ်လေသည်။

ပြည်ခရိုင်စခန်းတွင် ခရိုင်ကော်မီတီများ၊ မြို့နယ်ကော်မီတီများ၊ ကေဒါများနှင့် ခရိုင်လက်နက်ကိုင်တပ်မှ တပ်မှူးတပ်သားများသည် စုဝေး၍ နေကြ၏။ အစည်းအဝေးကျင်းပရန်အတွက် အသင့်ပင်ဖြစ်နေကြ၏။ ရဲဘော် ဒေါ်စောရီ (မရင်ရင်-ရဲဘော်ငွေး၏ဇနီး)ခေါင်းဆောင်သောတော်လှန်သောအမျိုးသမီးအဖွဲ့ဝင်တို့သည်လည်း အစည်းအဝေးသို့ တက်ရောက်၍လာကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းအစည်းအဝေးတွင် အခမ်းအနားမှူး အဖြစ်ဖြင့် ရဲဘော်ဗိုလ်ငြိမ်းက ဆောင်ရွက်၏။ အစည်းအဝေးတခုလုံးအား ရှေ့ဆောင်၍ ဆွေးနွေး သူ မှာ ဗိုလ်ထွန်းငြိမ်းဖြစ်သည်။

အမှန်စင်စစ်အားဖြင့် ဤအစည်းအဝေးတွင် ဗိုလ်ထွန်းငြိမ်းသည် ဦးဆောင် ဆွေးနွေးသူ၊ လုပ်ငန်းတာဝန်များကို တင်ပြသူသက်သက်မျှမဟုတ်ချေ။ ဗိုလ်ထွန်းငြိမ်းသည် ပြည်ခရိုင်အာဏာနိုင်တည်ဆောက်ရေး စီမံကိန်းကို ရေးဆွဲသူပင် ဖြစ်၏။ ခန့်ခွဲသူနှင့် ညွှန်ကြားသူလည်းဖြစ်၏။ တနည်းအားဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီနှင့် ဗဟိုစစ်ကော်မီတီ၏ အာဏာပိုင် ဖြစ် လေသည်။

"ပြည်ခရိုင်ဟာ ဗမာပြည်မှာ တိုင်းပြည်ရဲ့ အဖောက်ပြန်ဆုံး သစ္စာ ဖောက်တွေထွက်ရာ ဒေသဖြစ်တယ်။ ဒါကမကောင်းတဲ့ဖက်ဖြစ်တယ်။ ကောင်းတဲ့ဖက်ကတော့ ပြည်ခရိုင်လူထုဟာတော်လှန်တဲ့လူထုဖြစ်တယ်။ ဒါဟာ အများစုကြီးဖြစ်တယ်။ အများစုကြီးကို ပါတီဟာ အ ခြေ ခံ ရမယ်။ တွန်းတင်ရမယ်။

ဗမာပြည်တော်လှန်ရေး■ာ အောင်ပွဲခံဖို့ မဝေးတော့ဘူး၊ သိတ်ကို နီးနေပြီဖြစ်တယ်။ အခုဆိုရင် ပြည်သူ့တရုပ်ပြည်ကလဲ ငါတို့ဗမာပြည် ပါတီကို အတိအလင်းပဲ ထောက်ခံ အားပေးနေပြီ။ တရုပ်ပြည်က ဗမာပြည်ကွန်မြူနစ်ပါတီကို ပြောင်ပြောင်ထောက်ခံအားပေးလာတာ ဟာ ဗမာပြည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီအနေနဲ့မုချအာဏာသိမ်း တော့မယ်ဆိုတာကို ဖော်ပြလိုက်တာဖြစ်တယ်။

ရဲဘော်တို့ပြည်ခရိုင်ဟာ ဗမာပြည်မှာ ဖက်ဆစ်နေဝင်းအစိုးရလက် ထဲက အာဏာကိုသိမ်းယူဖို့အတွက်၊ အာဏာနိုရဲ့ အခြေစိုက်ရာ အောင် မြေဖြစ်နေပြီဆိုတာ ရဲဘော်တို့အားလုံး အလေးအနက် နားလည်ထား ဖို့ လိုတယ်။

ကနေ့ဆိုရင် ဖက်ဆစ်နေဝင်းအစိုးရဟာ ပြေးစရာမြေမရှိတော့ဘူး။ ဖက်ဆစ်နေဝင်းအစိုးရကို ငါတို့ပါတီဟာ မြေမြှုပ်သင်္ဂြိုဟ်တော့မယ်။

ကြီးမြတ်တဲ့ခေါင်းဆောင်ကြီးနဲ့ကမ္ဘာ့တဝှမ်းလုံးအတွက်ပဲ ကိုင်ကြီး ဆရာကြီး၊ သေနာပတိချုပ်ကြီး ဥက္ကဋ္ဌကြီး မော်တို့ကဆိုရင် နေပြည် တော် ရန်ကုန်ကို လခြမ်းသဏ္ဌာန်ဝိုင်းထားပြီလို့ တောင် ကျေညာပေး နေပြီဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီအခြေအနေတွေကြောင့် ငါတို့ပါတီဟာ အာဏာရဖို့ အတွက် ဆက်ထုံးကို ရောက်နေပြီး အခုလိုအနေအထားမှာ ငါတို့ရဲ့လုပ်ငန်းတွေ ပေါ်လစီတွေဟာ ရဲရင့်ရမယ်၊ ပြတ်သားရမယ်။

အခုဆိုရင် ပြည်ခရိုင်မှာ ဆင်းရဲခေါင်းဆောင်တဲ့ အာဏာနီကို ချက်ခြင်းနဲ့ အမြန်ဆုံးတည်ဆောက်ကြရမယ်။

ကျေးလက်မှာ အာဏာနီကို တည်ဆောက်တယ်ဆိုတာဟာလူတန်းစား တိုက်ပွဲကို အဆင့်အမြင့်ဆုံး ဆင်နွှဲတာဖြစ်တယ်။ ဒါကိုတနည်းပြောရရင်တော့ လူသတ်ရတာပဲ၊ အာဏာကိုရတဲ့နည်းနဲ့ ယူတာ ဖြစ်တယ်။

ဥက္ကဋ္ဌကြီးမော် သင်ကြားတဲ့အာဏာဟာ သေနတ်ပြောင်းဝက ထွက်တယ်ဆိုတာရဲ့ အဓိပ္ပါယ်ကလဲဒါပဲ၊ အာဏာရဖို့အတွက် လူသတ်ရတာဟာ တရားတယ်။ မှန်ကန်တယ်။ ဒါကိုတွန့်ဆုတ်တွန့်ဆုတ် လုပ်လို့ မဖြစ်ဘူး။ လူသတ်ရဲသလား မသတ်ရဲဘူးလားဆိုတာဟာသူပုန်ထရဲသလား မထရဲဘူးလား၊ တော်လှန်ရဲသလား၊ မတော်လှန်ရဲဘူးလားဆိုတာပဲ။

ဒီမှာ တော်လှန်တဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့က နောက်ဆုံး နိဂုံးချုပ်ပြီး လေးနက်တဲ့ သခင်္ဂဏ်းစာကို ထုတ်ထားတဲ့ အဖြစ် အပျက် တခုကို တင်ပြချင်တယ်။

အဲ့ဒါက မကြာသေးခင်ကပဲ သာယာဝတီခရိုင် နတ္တလင်းမြို့နယ် ကျေ့ကြီးရွာက ဘိုးဒေါင်းအဖြစ်အပျက်ပဲ၊ ဘိုးဒေါင်းဟာ ရန်သူရဲ့ အုပ်စိုးမှုအောက်မှာ အထူးသဖြင့် စီးပွားရေးအရ တိုးတက်လာတယ်။ တချိန်ထဲမှာ နိုင်ငံရေးနဲ့ လူမှုရေးဖက်တို့မှာ ဖောက်ပြန်လာတယ်။ ဒါတွေကြောင့်မို့ ဘိုးဒေါင်းကို နေဝင်းရဲ့ဒေါက်တိုင်အဖြစ် အချိန်မှီပဲ သုတ်သင်ပစ်လိုက်ရတယ်။

အခုလိုဘိုးဒေါင်းကို သုတ်သင်လိုတ်တာဟာ အာဏာနီကို တည်ဆောက်လိုက်တာဖြစ်တယ်လို့ တော်လှန်တဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့က အလေးအနက် ညွှန်ပြလိုက်တယ်။

ဟခုအချိန်ကစပြီးတော့ ပြည်ခရိုင်မှာလဲ အာဏာနီကို အကျယ်ပြန့်ဆုံး တည်ဆောက်ပြီးတော့ အာဏာနီကိုလဲ လက်တွေ့ အစွမ်းကုန် ကျင့်သုံးသွားဖို့ဟာ အလွန်ကို အရေးကြီးနေတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အာဏာနိတည်ဆောက်ရေးမှာ အဓိကနဲ့ အခြေခံ အကျဆုံးပြဿနာကတော့ ဆင်းရဲတဲ့လယ်သမားသမဂ္ဂလက်ထဲကို အာဏာအပြည့်အစုံ အပ်ရမယ်။ ဘယ်အကြောင်းကိစ္စကိုမဆို ဆင်းရဲတဲ့လယ်သမား သမဂ္ဂကသာ ဆုံးဖြတ်ရမယ်။

ဒီနေရာမှာ အထူးလေးနက်ဖို့ကတော့ ပစ္စည်းမဲ့လူတန်းစား တဦးထဲရဲ့ အာဏာနီဖြစ်တဲ့ အာဏာကိုအဆင်းရဲဆုံး လယ်သမားသမဂ္ဂကလွှဲပြီးတော့ ဘယ်လူတွေ ဘယ်လူတန်းစားတွေနဲ့မှကိုခွဲဝေပြီးမယူနိုင်ဘူး။ မျှလဲမမျှနိုင်ဘူး။ အာဏာနီဟာ ဆင်းရဲသား သမဂ္ဂတခုထဲရဲ့ အာဏာနီသာ ဖြစ်ရမယ်။ ဒါဟာ ကျေးလက် ပစ္စည်းမဲ့ အာဏာရှင်စံနစ်ကို တည်ဆောက်လိုက်တာဖြစ်တယ်။

ဒါကြောင့်မို့ ကနေ့ဗမာပြည်မှာအာဏာနီကိုချက်ခြင်းတည်ဆောက်မလား၊ မတည်ဆောက်ဘူးလားဆိုတာဟာ ဗမာပြည်ကိုချက်ခြင်း အာဏာသိမ်းမလား၊ မသိမ်းဘူးလားဆိုတာရဲ့အဖြေပဲဖြစ်တယ်။

ဒါ ဟုတ်–မဟုတ်။

ဒါ ဟုတ်–မဟုတ်။”

ဗိုလ်ထွန်းငြိမ်းသည် ညာဘက် လက်ညိုးကိုထောင်လျက် ဦးခေါင်းပေါ်သို့ ကျော်ပြီး ဟစ်၍ဟစ်၍မေးနေ၏။ အော်၍အော်၍ မေးနေ၏။ ဗိုလ်ထွန်းငြိမ်း၏ အသံသည် ပြည်ခရိုင်စခန်းပတ်ဝန်းကျင်တခုလုံးတွင် ပဲ့တင်ထပ်၍နေလေသည်။

ဗိုလ်ထွန်းငြိမ်းသည် လုံချည်ကိုဒူးအထက်သို့တင်၍ တိုတိုဝတ်ထား၏။အင်္ကျီမှာကာကီလက်ရှည် အင်္ကျီကို တထောင်ဆစ်အထက်ထိ လုံး၍ခေါက်ထား၏။ဆံပင်မှာမူ ထိုးထိုးထောင်ထောင် ဖြစ်နေသည်။

ဗိုလ်ထွန်းငြိမ်းသည် အလွန်တက်ကြွနေ၏။ မကြာခဏပင် ညာဘက်လက်သီးကိုဆုပ်၍လည်းဘယ်ဖက် လက်ဖဝါးကို အောက်မှခံလျက် ထု၍ထု၍ အသံကုန်အော်၍ ပြောနေလေသည်။

နားထောင်သူအားလုံးကား တုတ်တုတ်မျှမလှုပ်၊ ငြိမ်၍သာနားထောင် နေကြ၏။

ထို့နောက်တွင် ဗိုလ်ထွန်းငြိမ်းသည် ပေါက်ခေါင်း လမ်းအတွက် အရှင်းခံ တိုက်ပွဲ၏စီမံကိန်းနှင့် ပေါ်လစီကို ဤသို့ပင်ချမှတ် ပေးလိုက်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၁) ပါတီတွင်းမှ တန်ပြန်တော်လှန်ရေး သမားများကို ဖွင့်ချ တိုက်ခိုက်သွားရန်။

(၂) ရန်သူ့ဒေါက်တိုင်များ (ကျေးလက်နေဝင်းလေးများ)ကို သုတ်သင်ရှင်းလင်းခြင်းနှင့် ရန်သူ့လုပ်ငန်းများဖြစ်သည့် လလသသ မယက လုပ်ငန်းများကို ဘက်ပေါင်းစုံမှ တိုက်ခိုက်ဖျက်ဆီးရန်။

(၃) ကျေးလက်လူတန်းစားအရ ဆင်းရဲသား လယ်သမား လူတန်းစား ခေါင်းဆောင်မှုကို ထူထောင်ရန်။

(၄) ပြည်သူ့စစ်ပွဲအုတ်မြစ်အခြေခံဖြစ်သော ပြည်သူ့စစ်များကိုပြန်လည်စည်းရုံးဖွဲ့စည်းရန် စသည်တို့ဖြစ်သည်။

ယင်းသို့ပြည်ခရိုင် အာဏာနီ တည်ဆောက်ရေး အတွက် အရင်းခံတိုက်ပွဲ၏ စီမံကိန်းနှင့် ပေါ်လစီကို ချမှတ်ပေးပြီးနောက် အာဏာနီ တည်ဆောက်ရေး၏ အခြေခံဖြစ်သော စစ်စည်းဝိုင်းဒေသများကိုလည်း ဤသို့ပင်သတ်မှတ်၍ဖွဲ့စည်းလိုက်လေသည်။

(၁) ကောင်စီ၊ သပြေတုံး၊ ထူးပေါက်။
(၂) သီးကုန်း၊ ဆီဆုံကုန်း၊ ကျောက်ပြင်သာ၊ ဖလံပင်၊ လှည်းကူး။
(၃) ပိုးကျော့ကွင်း၊ ဇီးအုပ်၊ ပြဆိုးကျွန်း၊ ပြားထိုးကျွန်း။
(၄) ပုလှ၊ ကြို့ကုန်း၊ စမ်းဘုန်း၊ အုတ်ဖို။
(၅) တွင်းပြဲ၊ မြစ်လောင်း၊ ကျောက်တွင်း။
(၆) ညောင်ကုန်း၊ တောင်က၊ ပိန်းတော....စသည်တို့ဖြစ်လေသည်။

ဤသို့အာဏာနီတည်ဆောက်ရေး၏ အခြေခံရာဖြစ်သော စစ်စည်းဝိုင်း ဒေသများကို ဖွဲ့စည်းခဲ့၏။ ထို့နောက်တွင်မှ "ကောင်စီရွာ"ကို ယင်းဒေသ၏ **"ပီကင်းမြို့တော်"** ဟုပညတ်၍ ခေါ်ဝေါ်ခဲ့ကြလေသည်။

ထိုအချိန်မှစ၍ ပြည်ခရိုင်အတွင်းတွင် အာဏာနီ တည်ဆောက်ရေးအတွက် **"တစက်မှတမျက်နှာသို့ကူးစက်သည်"** ဟုဆိုကာ "ပေါက်ခေါင်းလမ်းကြောင်း" ဆိုသည်ကို ဤသို့ပင်လက်တွေ့အခိုင်အမာတို့ကိုဖော်ထုတ်ခဲ့ကြလေတော့သည်။

၁၉၆၇-ခုနှစ်စက်တင်ဘာလတွင်ဖြစ်သည်။

ပြည်ခရိုင်ပေါင်းတည်မြို့နယ် ရွှေလေးဒေသမှ ယုဇ် ဆိုင်ရွာတွင်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယုတ်ဆိုင်ရွာတွင် ဦးရွှေဆိုသူရှိ၏။ ဦးရွှေသည် အသက် (၄၅) နှစ်ကျော်ပြီ ဖြစ်၏။ လယ်သမားတဦးဖြစ်၏။ ယာလည်းလုပ်၏။ ဦးရွှေသည် ဗမာပြည် ကွန်မြူနစ်ပါတီ ပြည်ခရိုင်ပါတီ၏အားကိုးရာဖြစ်၏။ အားထားရာဖြစ်၏။ ဦးရွှေသည် ပြည်ခရိုင်ပါတီ၏ အားနည်းချက်များကို တွေ့သမျှပွင့်ပွင့်လင်းလင်း ထောက်ပြ၍ ဝေဖန်တတ်သူဖြစ်၏။

ပြည်ခရိုင်ပါတီတွင် စားနပ်ရိက္ခာ ပြတ်လျှင်လည်း ကူညီခဲ့၏။ ဆန်ကိုစခန်းတွင်းအရောက် ကိုယ်တိုင်ထမ်းပို့ခဲ့၏။ ဗမာ့တပ်မတော်မှ ထိုးစစ်ဆင်သော အခါတွင်လည်း ပြည်ခရိုင်ပါတီမှ ခေါင်းဆောင်များနှင့် ရဲဘော်များ၏ လုံခြုံရေးအတွက် လျှို့ဝှက်စခန်းကို ကိုယ်တိုင်စီစဉ်၍ နေရာချထားပေး၏။ ကင်းလည်း စောင့်ပေး၏။ သတင်းကိုလည်းကိုယ်တိုင်ထွက်၍ယူ၏။ ထို့ကြောင့် ဦးရွှေသည် ပြည်ခရိုင်ကွန်မြူနစ်ပါတီ၏ အားကိုးအားထားရာဖြစ်ခဲ့သည်။ အမာခံကျေးရိုးတဦးဖြစ်ခဲ့သည်။

၁၉၆၇-ခုနှစ် ဇွန်လတွင် ဦးရွှေသည် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်သည့် အထောက်အထားများအရ၊ တပ်မတော်မှ ဖမ်းဆီးခြင်းကိုခံခဲ့ရ၏။ သုံးလကျော်ကြာသောအခါတွင် ပြည်ထောင်မှ ပြန်၍လွှတ်လိုက်သည်

ဦးရွှေသည် ယုတ်ဆိုင်ရွာသို့ ပြန်၍ရောက်လာ၏။ ဦးရွှေသည် ရွာသို့ပြန်ရောက်လျှင်ရောက်ခြင်းပင် ထုံးစံအတိုင်းကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်ရယူရန်အတွက် လူပုဂ္ဂိုလ်ချင်း အလွန်ရင်းနှီးသော ပြည်ခရိုင် စစ်ရေးတာဝန်ခံ ဗိုလ်ငြိမ်းထံသို့ သွားရောက် တွေ့ဆုံ၏။ အချုပ်တွင်း ထောင်တွင်း အခြေအနေများကို တင်ပြ၏။ အစီရင်ခံ၏။ မိမိ၏ အတွေ့အကြုံများအရ ထင်မြင်ချက်နှင့် အကြံဉာဏ်များကိုလည်း ပေးလေသည်။

> "ကျုပ်တို့ ပါတီကတော့ စုစုစည်းစည်းဖြစ်အောင် အများကြီး လုပ်ဖို့လိုမယ်။ပြင်စရာတွေပြင်ဖို့လိုတယ်။ဒါကလဲ တကယ်လက်တွေ့လုပ်ကြ ပြင်ကြမှဖြစ်မှာ။ပါးစပ်ကတော့ ပြတ်ပြတ်ပဲ။ ၆၄-လမ်းစဉ်ကတော့ ပြတ်ပြတ်ပဲဆိုတာလောက်နဲ့တော့ မရတော့ဘူး။ လက်တွေ့လဲ ပါကြမှ ဖြစ်မယ်။

ကျုပ်ဆိုရင် ရွာရောက်မှ တချို့သိရတာတွေကြောင့် အတော်ကို စိတ်မကောင်းဘူး။ ပါတီအတွက် ထောင်ထဲရောက်နေကြတဲ့ လူတွေကို ပါတီကလုံးလုံး သတိတောင်မရဘူး။ ကျုပ်မိန်းမက ကျုပ်ဆီသွားတွေ့မယ်ဆိုတာတောင် ပါတီက ရန်သူ့ဆီမှာမို့ သွားမတွေ့ရဘူးဆိုပြီး အ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တင်းတားထားတယ်။ ကျုပ်က ပါတီအတွက် အလုပ်လုပ်ရင်း အဖမ်းခံ ရတဲ့လူပဲ။

ခင်ဗျားတို့ ပါးစပ်ပြောနဲ့တော့ မဖြစ်ဘူး။ တကဲ့လက်တွေ့လဲပါမှ ဖြစ်မယ်။"

ဦးရွှေသည် ပြည်ခရိုင်စစ်ရေးတာဝန်ခံ ဗိုလ်ငြိမ်းနှင့် ပေါင်းတည်မြို့နယ် ကော်မီတီတို့အား တင်ပြလိုက်လေသည်။

"ဦးရွှေသည် မိမိရွာတွင်လည်း မူလအတိုင်းပင် ပြောပြောဆိုဆို လုပ်လုပ် ကိုင်ကိုင်နေထိုင်၏။ နောက်ဆုံးတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အာဏာနို တည်ဆောက်ရေး အတွေးအခေါ်ကို အမှီမလိုက်နိုင်တော့ချေ။ ပြတ်၍ ကျန် နေတော့၏။ မကြိုက်သည်များကိုလည်း ပါတီအား ပြောင်ဝေဖန်၍ နေလေ သည်။

"ယုတ်ဆိုင်က မောင်ရွှေဟာ အာဏာနိုကို ဆန့်ကျင်နေတယ်လို့ ကြားရတယ်။ အခုသူထောင်က လွတ်လာတယ်ဆိုဘာကလဲ သံဘော ရိုးနဲ့လွတ်လာတာတော့မဖြစ်နိုင်ဘူး။ နေဝင်းကြိုးနဲ့ နေဝင်းစစ်စုံ ထောက်တွေက ပြန်လွတ်လိုက်တာဖြစ်မှာပဲ။ သူ့ကိုကိုင်မှဖြစ်မယ်။"

ပြည်ခရိုင် အာဏာနိုတည်ဆောက်ရေး တာဝန်ခံဗိုလ်ထွန်းငြိမ်း(ခေါ်)ဗိုလ် ကျော်သာသည် အထက်ပါအတိုင်း မှတ်ချက်ချ၍ ပြည်ခရိုင်အာဏာနို တည် ဆောက်ရေးအလုပ်အဖွဲ့သို့ နှုတ်မိန့်နှင့် ညွှန်ကြားချက်တရပ်ကို ပေးလိုက်လေ သည်။

ပဲခူးရိုးမကို အဖျားခံ၍ ရွှေလေးချောင်းသည် အရှေ့မှ အနောက်သို့ စီး ဆင်းနေ၏။ အနောက်မှ တောင်သို့ ယိမ်း၍လည်းစီးနေ၏။ ကွေ့ကွေ့ကောက် ကောက် လိမ်လိမ်ပတ်ပတ်ပင် တသွင်သွင် စီးဆင်း၍ နေလေသည်။

ဦးရွှေသည် ယုတ်ဆိုင်ရွာ အရှေ့ဘက် အနားတွင်ရှိသော ဗဟိုဆေးကျောင်း အတွက် ဆန်များကို သွားရောက်ပို့ခဲ့၏။ အပြန်တွင် ပူအိုက်လှသဖြင့် ရွှေလေး ချောင်းသို့ ဆင်း၍ ရေချိုး၏။ ထို့နောက်အိမ်သို့လာခဲ့သည်။

ထိုအချိန်တွင် ဦးရွှေ၏ အိမ်နှင့် အိမ်ပတ်ပတ်လည်တွင် အာဏာနိုတည် ဆောက်ရေး အလုပ်အဖွဲ့ဝင်တို့သည် ရောက်နှင့်နေကြပြီဖြစ်၏။ အသင့်ဖြစ်၍နေ ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြည်ခရိုင် ပေါင်းတည်မြို့နယ်မှ ရဲဘော်ဘိုးစောခေါင်းဆောင်သော အာဏာနိတည်ဆောက်ရေး အလုပ်အဖွဲ့သည် စတင်းဂန်းသေနတ်ကို မောင်းတင်လျက် ဦးရွှေအား ချိန်ရွယ်လိုက်သည်။

"ခင်ဗျားကို မေးစရာရှိလို့ လာခေါ်တာပဲ။ ပြေးမယ်တော့မကြံနဲ့၊ ပြေးရင် ခင်ဗျားအိမ်ပေါ်မှာပဲ အူပွင့်သွားမယ် ဟိုအနားသာခဏလိုက်ခဲ့ပါ"။

ရဲဘော်ဘိုးစောနှင့်အဖွဲ့သည် ဦးရွှေအား အသင့်ပါလာသော ကျွဲချည်သော ကြိုးများဖြင့် အထပ်ထပ်တုတ်နှောင်ကြသည်။

"ဘိုးစောရာမင်းတို့ ဘယ်လိုဖြစ်လာကြတာလဲကွာ။ မေးစရာရှိလဲ အေးအေးဆေးဆေးခေါ်မေးကြရောပေါ့။ အခုပဲ ငါဆေးကျောင်းကို သွားပြီး ဆန်ပို့ပြန်လာတာပါကွာ။

မင်းတို့ မေးချင်ရာမေးပါ၊ ငါပြောမှာပေါ့ကွာ"

ဦးရွှေသည် အေးဆေးတည်ငြိမ်စွာပင် ပြောဆိုနေသည်။

"အပြင်ကို အခုချက်ခြင်းထုတ်သွားကြတော့"

ဟုရဲဘော်ဘိုးစောက အမိန့်ပေးလိုက်သည်။

ထိုအချိန်တွင် ဦးရွှေ၏ဇနီးနှင့်သားလတ် ရှစ်နှစ်သားလေးသည် ရှိုက်ကြီးတငင်ငို၍ ဦးရွှေအား ဖက်၍ ထားကြ၏။

"အဖေ့ကို ဒီမှာပဲမေးကြပါဗျာ"ဟူ၍ပြောကာ တောင်းပန်နေ၏။ "မောင်ဘိုးစောရယ်၊ အစ်မကြီး ရှစ်ခိုးပါ့ခယ်ကွယ်"ဟုဆိုကာ မြေကြီးတွင် ထိုင်ချလျက် ဦးအကြိမ်ကြိမ်ချ၍ နေလေသည်။

ဦးရွှေသည် ဇနီးသည်နှင့် သားလေးကို ကြည့်၍ မကြည့်ရက်မရှုရက်ဖြစ်နေ၏။ ဦးရွှေ၏ မျက်လုံးအစုံသည် ဝင်းဝင်းတောက်၍ နေ၏။ တဖြည်းဖြည်းတွင် မျက်ရည်များသည် တပေါက်ပေါက်ဖြင့် ပါးပြင်ဝယ် လိမ့်ဆင်း၍နေတော့၏။ လက်ပြန်ကြိုးများ တုတ်ထားသဖြင့်လည်း ဦးရွှေသည် မိမိပါးပြင်မှ စီးကျနေသော မျက်ရည်တို့ကို သုတ်ပစ်ခြင်းမပြုနိုင်တော့ချေ။

ရဲဘော်ဘိုးစောတို့သည် ဦးရွှေ၏ဇနီးနှင့်သားငယ်တို့အား လိုက်လာလျှင် သေနတ်ဖြင့် ပစ်သတ်မည်ဟု ခြိမ်းခြောက်၍ထားခဲ့၏။ ရဲဘော်နှစ်ယောက်သည် ဦးရွှေအား လက်ပြန်ကြိုးတုတ်ထားသည့် ဝဲ-ယာ နှစ်ဖက်မှကြိုးစများကို ခပ်တင်းတင်းဆွဲငင်လျက် ရွာ၏ မြောက်ဖက်သို့ ဆွဲထုတ်ခဲ့ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယုတ်ဆိုင်ရွာ၏မြောက်ဖက်မှ တောင်မွေကြီးစခန်းသို့ရောက်တော့၏။ရွာနှင့် တမိုင်ခန့်ကွာ၏။ ဦးရွှေသည် ဤစခန်းတွင်ပင် ပြည်ခရိုင်ပါတီမှ ရဲဘော်များနှင့်အတူတကွလာရောက်နေထိုင်လေ့ရှိ၏။ လျှို့ဝှက်၍ အဆက်အသွယ်ပြုလုပ်ရသည့် စခန်းလည်းဖြစ်၏။ ဘေးပတ်ပတ်လည်တွင် သစ်ပင်ကြီးများနှင့် ချုံမြောင်များသာရှိလေသည်။

ရဲဘော်ဘိုးစောတို့သည် တောင်မွေကြီးစခန်းသို့ ရောက်လျှင် ရောက်ခြင်းပင် ဦးရွှေအားထိုင်ခိုင်းလိုက်၏။ ထို့နောက်ဦးရွှေ၏ ခြေထောက်နှစ်ချောင်းအား ကပ်လျက် ဝက်တုတ်တုတ်လိုက်သည်။

ဦးရွှေကိုမူ စကားပြောခွင့်ကိုပင် မပေးတော့ချေ။

"ရက်စက်လှပါလားကွ၊မင်းတို့ဘာမှ ငါ့ကိုမမေးမမြန်းပဲနဲ့ လုပ်ရက်ကြတယ်ကွာ မင်းတို့အတွက် ငါအနစ်နာ ခံခဲ့ရတာတွေကို မင်းတို့က ငါ့ကို အခုလို ကျေးဇူးဆပ်ကြတာပေါ့လေ။"

ဦးရွှေ၏စကားမဆုံးမီပင် ရဲဘော်ဘိုးစောသည်ဦးရွှေ၏ ဦးခေါင်းအား ဝါးရင်းတုတ်ဖြင့် တအားလွှဲ၍ ရိုက်ချလိုက်၏ "ခွမ်း"ဟူ၍ အသံထွက်ကာ သွေးများသည်ပြာ၍ထွက်လာ၏။ ဦးရွှေသည် မြေကြီးပေါ်တွင်ဟိုလှိမ့်သည်လှိမ့်ဖြင့် မချိမဆန့်ဖြစ်နေ၏။ ဦးရွှေ၏အသားတို့သည်ဆတ်ကနဲဆတ်ကနဲဖြင့် လှုပ်နေ၏။ နောက်ဆုံးတွင် အာဏာနိုတည်ဆောက်ရေး၏ အမာခံကျောရိုးတဦးသည် ဦးရွှေ၏ရင်ညွန့်အား ဝါးမြောင်ဖြင့် ထိုးစိုက်လိုက်၏။ ဓါးမြောင်ကို နှုတ်လိုက်သောအခါတွင် မြေကြီးပေါ်သို့သွေးများသည် ရဲရဲနီလျက် လိမ့်၍ စီးကျနေလေတော့သည်။

× × × ×

၁၉၆၇ ခုနှစ် အောက်တိုဘာလ (၃) ရက်နေ့တွင်ဖြစ်လေသည်။

ပြည်ခရိုင်ကော်မီတီနှင့် ပေါင်းတည်မြို့နယ် တာဝန်ခံဖြစ်သော ရဲဘော်ဘိုအေးသည် ဗိုလ်ထွန်းငြိမ်း၏ ညွှန်ကြားချက်အရ အာဏာနို တည်ဆောက်ရေးအတွက် "ပေါင်းတည်စစ်ဒေသစီမံကိန်း" တရပ်ကို ဤသို့ပင်ရေးဆွဲခဲ့လေသည်။

(၁) လမ်းညွှန်ပေါ်လစီ။

(၂) ထိုးစစ်အပေါ်ခံယူချက်။

(၃) မိမိအတွင်းအခြေအနေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) စစ်ရေးလုပ်ငန်း။

(၅) တိုက်ပွဲရည်မှန်းချက်။

(၆) လူတန်းစားတိုက်ပွဲ။

(၇) အထွေထွေ....ဟူ၍ အပိုင်းကြီး (၇)ပိုင်းကို ခွဲခြားထား လေသည်။

၎င်း"ပေါင်းတည် စစ်ဒေသစီမံကိန်း" တွင် အာဏာနီ တည်ဆောက်ရေး အတွက် ဒေသများကိုလည်း ၎င်းသို့ပင်သတ်မှတ်၍ ထားသည်။

(၁) ပြင်ကြီး။

(၂) ညောင်နီပင်။

(၃) ဆင်မြီးဆွဲ။

(၄) ရွှေလေးနယ်....စသည်တို့ဖြစ်လေသည်။

ထို့နောက်တွင် ကျေးလက်ဒေသ၌ အာဏာတည်ဆောက်ရေးအတွက် စီး ပွားရေးအရ နိုင်ငံရေးအရ လူမှုရေးအရ ဘက်(၃)ဘက်မှ ဖျက်ဆီးပစ်ရေးနှင့် ပတ်သက်၍လည်း ၎င်းသို့ပင် ဖော်ပြထားလေသည်။

"....ကျေးလက်အာဏာနီ တည်တံ့ခိုင်မြဲရေး စီးပွားရေး လူမှုရေး လွတ်မြောက်မှုအတွက် ဆင်းရဲသမဂ္ဂ၏အကြွင်းမဲ့ ခေါင်းဆောင်မှုကို ခံ ယူသော ပြည်သူ့စစ်တပ်ဖွဲ့များကို အခိုင်အမာ ဖွဲ့စည်းရမည်။ လူတန်း စားပေါင်းမှု ကောင်းအောင် လုပ်ရမည်။ အတွေးအခေါ် ကောင်း အောင်လုပ်ခြင်း လက်နက်တပ်ဆင်ခြင်း စစ်ပညာသင်ကြားခြင်း တိုက် ပွဲသွင်းခြင်း။

ရန်သူအထောက်တော် သူလျှိုရှင်းလင်းရေးလုပ်ငန်း "ရန်သူမှန် သမျှတယောက်မှ မလွတ်စေနဲ့" ဟူသော ဆောင်ပုဒ်အရ အလေး အ နက်လုပ်ဆောင်ရမည်။

ပြင်ကြီးတိုက်နယ်အတွင်း—

ညောင်နီပင်—

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤလုပ်ဆောင်မှုတွင် အချို့ရန်သူနှင့် နိုင်ငံရေးအရ ပူးပေါင်း၍ စီးပွားရေးအရ လူမှုရေးအရပါ လူထုအပေါ် ဖိနှိပ်သွေးစုတ်မှုများ ပြုလုပ်နေသူများကို သွေးစာရင်း ချွေးစာရင်းရှင်းမှုကို အချိန်ယူ ပြင်ဆင်မှုရှိရှိဖြင့် လူထုလှုပ်ရှားမှုကြီးတရပ်အဖြစ် ဖော်ထုတ် လုပ်ဆောင်ရမည်။

အချို့သော အထောက်တော်ဟု မသင်္ကာသူအချို့ကို ပညာပေးခြင်း၊ချုပ်ကိုင်ခြင်း၊ လူထုအတွင်း ဖွင့်ချခြင်း၊ လူထုနည်းဖြင့် ချုပ်ကိုင်ခြင်းတို့ကိုပြုလုပ်ရမည်။

ရန်သူ၏စီးပွားရေး လူမှုရေး အဖွဲ့အစည်းများ လုပ်ငန်း များကို ဖျက်သိမ်းရေး။

သိမ်ကုန်းသစ်လုပ်ငန်းကိုဆက်လက်ပျက်စီးအောင်ဖျက်ဆီး။လုပ်ငန်းအတွင်းပတ်သက်နေသော လူပစ္စည်းစသည်တို့ကို တားဆီးခြင်း၊ ပိတ်ပင်ခြင်း၊ ပညာပေးခြင်း၊ သတိပေးခြင်း အခိုင်အမာ အနေအထားအရ အရေးယူခြင်းတို့ကိုအဆင့်ဆင့် ခြေလှမ်းရှိရှိလုပ်သွားရမည်။

လလသသများကို တိုးချဲ့ဖျက်သိမ်း၊ ရန်သူ့ပစ္စည်းများကို နှောင့်ရှက်ဖျက်ဆီးခြင်း၊ လုယူဝေငှခြင်း၊ မီးရှို့ခြင်း။

စာသင်ကျောင်းများ မှတ်ပုံတင် ဘုန်းကြီးကျောင်းများ ရန်သူနှင့် တနည်းမဟုတ် တနည်းဆက်သွယ်မှုရှိသော ကျောင်းများကို ဖျက်ဆီးခြင်း၊ ချုပ်ကိုင်ခြင်းတို့ကိုပြုလုပ်ရမည်။

သားဖွားဆရာမ၊ ဆေးပေးခန်း၊ ဆေးကုဆေးဖျှမ်း၊ စာကြည့်တိုက် စသည်များ။

ရန်သူ၏ ထွန်စက်စခန်းများအပါအဝင် လယ်ထွန်စက်စသော ရန်သူ့လုပ်ငန်းများ (လမ်းဖောက်၊ ရေတွင်းရေကန်တူးခြင်း၊ တာတမံလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ရက်ကန်း၊ ရေနံစသောလုပ်ငန်းပေါင်းစုံကို ဖျက်ဆီးရမည်။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ဘိုအေး၏ လက်ရေးမူ



ပေါင်းတည်စစ်ဒေသစီမံကိန်းမူရင်း

ဤသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်ခရိုင်ကော်မီတီ ပေါင်းတည် မြို့နယ် အတွင်းရေးမှူးရဲဘော်ဘိုအေး ရေးဆွဲသော "ပေါင်းတည် စစ်ဒေသ စီမံကိန်း"ဖြစ်လေသည်။

ယင်းပေါင်းတည် စစ်ဒေသစီမံကိန်းတွင်ပင် "မ" လေးလုံးပေါ်လစီ"ကို လည်းချမှတ်ထားသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းတို့မှာ—

(၁) ရန်သူကခေါ်လျှင်မသွားရ။

(၂) ရန်သူကခိုင်းလျှင် မလုပ်ရ။

(၃) ရန်သူကတောင်းလျှင်မပေးရ။

(၄) ရန်သူကပေးလျှင်မယူရ....စသည်တို့ဖြစ်လေသည်။

ဤသည်မှာကျေးလက်အာဏာနီကို တည်ဆောက်ထားသော အာဏာနီဒေသအသီးသီး၌ လိုက်နာကြရမည့်တားမြစ်ချက်ဖြစ်၏။ အလွန်ကြီးလေးသော တားမြစ်ချက်ပင်ဖြစ်၏။ ထို့ကြောင့်ယင်းတားမြစ်ချက်ကို လုံးဝနှင့်အကြွင်းမဲ့ လိုက်နာကြရ၏။ ယင်းတားမြစ်ချက်တခုခုကို ချိုးဖောက်ခဲ့လျှင် ရန်သူအဖြစ်ဖြင့် သတ်မှတ်ခြင်းကို ခံကြရ လေတော့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ကျေးလက်တွင် အာဏာနီ တည်ဆောက်ရေး၏ ကြွေးကြော်သံကိုလည်းဤသို့ပင် ဖော်ထုတ်ထားလေသည်။

"ဆင်းရဲခေါင်းဆောင်ပြီးအလတ်နှင့် နိုင်မြဲစွာမဟာမိတ်ဖွဲ့မှုကို အခြေခံသည့် အာဏာနီတိုးချဲ့တည်ဆောက်ကြ"

ဟူ၍ဖြစ်လေသည်။

ဤသည်ကား ကြွေးကြော်သံမျှသာတည်း။

လက်တွေ့တွင်မူ မိမိတို့ကိုယ်တိုင်၏ လုပ်အားဖြင့် မိမိတို့နေထိုင်ရာအိမ်၌ သွတ်ဖြင့်မိုးသော လယ်သမားများကိုလည်း "ကျေးလက်နေဝင်းကလေးများ"ဟုဆိုကာ "အာဏာနီတည်ဆောက်ရေး၏ရန်သူများ" အဖြစ်သတ်မှတ်ခြင်းကိုခံကြရလေတော့သည်။

ထို့ပြင်ရွာတရွာ သို့မဟုတ် နယ်တနယ်ဒေသတခုသည် အာဏာနီ တည်ဆောက်ရေး၏အာမခံချက်ရှိသည် သို့မဟုတ်အာဏာဖူး၏ အခြေခံဖြစ်သည်ကို တိုင်းတာရသည့် "စံ"သည် သွတ်မိုးအိမ် များသည်၊ မများသည်ပင် ဖြစ်တော့သည်။

ဤသည်ကား အာဏာနီတည်ဆောက်ရေး၏ "စံ"ထားရာပင်တည်း။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ တော်လှန်သော ဗဟိုကော်မီတီနှင့် ဗဟိုစစ်ကော်မီတီတို့၏ အာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ခရိုင်အာဏာနီ တည်ဆောက်ရေးတာဝန်ခံနှင့် ခေါင်းဆောင်ဖြစ်သော ဗိုလ်ထွန်းငြိမ်း (ခေါ်)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ကျော်သာသည် အာဏာနီတည်ဆောက်ရေး၏ လက်တွေ့ဆိုင်ရာ အသေးစိတ်စီမံကိန်းများကိုပင် ကိုယ်တိုင်ရေးဆွဲချမှတ်၍ပေးလေသည်။

"အခု ငါတို့တည်ဆောက်နေတဲ့ ပြည်ခရိုင်အာဏာနီတည်ဆောက်ရေးဟာ ပဲခူးရိုးမတိုင်း အတွင်းမှာတင်မကတော့ဘူး။ ဗမာတပြည်လုံးကိုပါ သိမ့်သိမ့်တုန်နေပြီ။ ဖက်ဆစ်နေဝင်းတို့ဟာလဲ အာဏာနီကို အကြောက်ကြီး ကြောက်နေကြပြီ။

ကနေ့ဆိုရင် ကမ္ဘာတခုလုံးမှာတောင် ပေါက်ခေါင်းဆိုတာဟာ ဟိုးဟိုးကျော် နေပြီ။ ကနေ့မျက်မှောက် ခေတ်ရဲ့ ကမ္ဘာ့ပစ္စည်းမဲ့ တော်လှန်ရေး ပေါင်းစုံရဲ့ ခေါင်းချုပ်ဖြစ်တဲ့ တရုပ်ပြည် ပီကင်း ရေဒီယိုက တောင်ပေါက်ခေါင်းမှာ အာဏာနီတွေ တည်ဆောက်နေကြပြီ။ အာဏာနီ တည်ဆောက်ရေးရဲ့ရန်သူတွေကို ငါတို့က အပြုတ် ချေမှုန်းနေ တာကိုလဲ ပီကင်းရေဒီယိုက ပြောင်ထောက်ခံပြီးအားပေးနေတယ်။

ပီကင်းရေဒီယိုက အသံလွှင့်တာက "အခုဆိုရင် ပေါက်ခေါင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်ပြီးတော့ အာဏာနီကို တည်ဆောက် နေတယ်။ အဲ့ဒီ ဒေသမှာရှိနေတဲ့ ဂျပိုး တေလေတွေကိုလဲ သုတ်သင်နေတယ်"လို့ ပြောသွားတယ်။

ဒါဟာ ငါတို့လုပ်တာရဲ့ မှန်ကန်မှုကို ကမ္ဘာ့ ပစ္စည်းမဲ့ ဌာနချုပ်က အတိအလင်း ထောက်ခံအားပေးလိုက်တာဖြစ်တယ်။ ဒါကြောင့်မို့ ငါတို့ဟာ ဂုဏ်ယူရမယ်။ ပြတ်ပြတ်သားသား ဆက်ပြီးလုပ်သွားကြရမယ်။တွန့်ဆုတ်တွန့်ဆုတ် မလုပ်ကြရဘူး။

အခုဆက်ပြီးတော့ပဲ ပြည်တခရိုင်လုံးမှာရှိတဲ့ အာဏာဖြူတွေနဲ့ တောလက်က နေဝင်းကလေးတွေကိုရော၊ တန်ပြန်တော်လှန်ရေးကိုရော "ဝွန်"ကျွတ် ချေမှုန်း သုတ်သင်သွားရမယ်။

ဒီဖောက်ပြန်တဲ့"ဝွန်"တွေကို "ဝွန်ကျွတ်" ချေမှုန်း သုတ်သင်နိုင်လေ အာဏာနီဟာလဲ ခိုင်ခြံလေ တောင့်တင်းလေ ဖြစ်မှာပဲ။"

(မှတ်ချက်။ ။ဗိုလ်ထွန်းငြိမ်းသည် စကားပြောရာတွင် "ဝွင်" ကို ပီပီသသ ပြောမရ။ "ဝွန်"ဟုသာ ပြောပါသည်။တို့အတူပင်"သိ"ကိုလည်း ပီသအောင် ပြောမရပါ "တိ"ဟု၍သာ အသံထွက်ပါသည်။ ဗိုလ်ထွန်းငြိမ်းသည် မြင်းခြံသားဖြစ်၍ မြင်းခြံလေဖြင့်သာ ပြောဆိုသုံးနှုန်းလေ့ရှိပါသည်။ — စာရေးသူ။)

ပြည်ခရိုင် အာဏာနီ တည်ဆောက်ရေး၌ ဗိုလ်ထွန်းငြိမ်း၏ "ဝွန်ကျွတ်" ရှင်းလင်းသုတ်သင်ရေး လှုပ်ရှားမှုသည် ဒီရေကဲ့သို့ တက်၍ တိုး၍တိုး၍လာလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြည်ခရိုင်ပေါင်းတည်မြို့နယ် ပေါက်ပင်ကွင်းရွာတွင် ဖြစ်လေသည်။

ပေါက်ပင်ကွင်းရွာတွင် ဦးဂျစ်တေးနှင့် သားဖြစ်သူ မောင်လှရွှေတို့ ရှိကြ၏။ ဦးဂျစ်တေးမှာ အသက်(၅၀)ခန့်ရှိ၏။ မောင်လှရွှေမှာ အသက်(၂၅)နှစ်ခန့် ရှိ၏။ ချောင်လည်သော အလတ်တန်းစား လယ်သမားတဦးဖြစ်၏။ လယ်ယာ ကိုပင် ကိုယ်တိုင်လုပ်ကိုင်၍ နေထိုင်စားသောက်ကြလေသည်။

ဦးဂျစ်တေး၏သားငယ် မောင်သောင်းမှာမူ ၁၉၆၆-ခုနှစ်မှစ၍ ပြည်ခရိုင် ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းသို့ အချိန်ပြည့် တပ်သားအဖြစ် တာဝန်ယူခဲ့ ၏။ မောင်သောင်းအား ကွန်မြူနစ်ပါတီအတွင်းတွင် တာဝန်ယူရန်အတွက် ပေါင်းတည်မြို့နယ် အတွင်းရေးမှူး ရဲဘော်ဘိုအေးကိုယ်တိုင် စည်းရုံး၍ သိမ်း သွင်းခဲ့ခြင်းဖြစ်သည်။

ရဲဘော်မောင်သောင်းသည် ပြည်ခရိုင် ကွန်မြူနစ်ပါတီတွင် တက်ကြွသော ကေဒါတဦးဖြစ်၏။ ပေါက်ပင်ကွင်းရွာတွင်လည်း ရဲဘော် မောင်သောင်း၏ ဖခင်ဖြစ်သော ဦးဂျစ်တေးနှင့် မောင်လှရွှေတို့မှာလည်း ဗမာပြည်ကွန်မြူနစ်ပါတီ ၏ ကျောရိုးများဖြစ်လာတော့သည်။

ပြည်ခရိုင် ကွန်မြူနစ်ပါတီသည် ရိက္ခာရရှိရေးနှင့် လုံခြုံရေးအတွက် သတင်း ထောက်လှမ်းရေးတို့ကို ဦးဂျစ်တေးနှင့် မောင်လှရွှေတို့ကိုသာ တာဝန်ပေးရ၏။ ပေါင်းတည်မြို့နယ် အတွင်းရေးမှူးဖြစ်သော ရဲဘော်ဘိုအေးသည် ဦးဂျစ်တေး တို့ထံမှ အကူအညီများကို ပိုမို၍ရရှိစေရန်နှင့် အကာအကွယ်ရစေရန်အတွက် ကျေးရွာလလသသ(လယ်ယာနှင့်လုပ်ငန်းပေါင်းစုံသမဝါယမအသင်း)တွင် ဝင် ရောက်နေရာယူစေခဲ့လေသည်။

ဗိုလ်ထွန်းငြိမ်းတို့သည် အာဏာဖြူ ဖြုတ်ချရေးနှင့် တန်ပြန် တော်လှန်ရေး "ဝွန်ကျွတ်" ရှင်းရေးကို ပြည်ခရိုင်တခုလုံးတွင် တောအနှံ့ တောင်အနှံ့ပင် အ ကောင်အထည်ဖော်နိုင်ရန် လုံးပမ်း၍ နေလေသည်။

× × ×

၁၉၆၇-ခုနှစ် စက်တင်ဘာလတွင်ဖြစ်လေသည်။

ပေါက်ပင်ကွင်းရွာတွင် အာဏာဖြူ၏ ဘက်တော်သားများအဖြစ် ဖြင့် ဦးဂျစ်တေးနှင့် မောင်လှရွှေတို့အား ပြည်ခရိုင်ပါတီ၏ အမိန့်အရ ချက်ခြင်းပင် ဖမ်းဆီးလိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဦးဂျစ်တေးနှင့်မောင်လှရွှေတို့အား အရေးယူရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသူများမှာ ရဲဘော်ဟန်မောင်နှင့် ရဲဘော်ဘိုးစောတို့ခေါင်းဆောင်သော ပြည်ခရိုင်မှ တပ်နီလူငယ်တို့ဖြစ်ကြသည်။

ရဲဘော်ဟန်မောင်တို့ ခေါင်းဆောင်သော အာဏာဖြုတ်ဖြိုချရေးအဖွဲ့သည် ဦးဂျစ်တေးနှင့် မောင်လှရွှေတို့အား နောက်ပြန်ကြိုးများဖြင့် အထပ်ထပ်ချီတုတ်၍ ပေါက်ပင်ကွင်းရွာအနီးမှ သစ်တောအတွင်းတွင် ခေါ်ထုတ်ခဲ့ကြလေသည်။

ဦးဂျစ်တေးနှင့် မောင်လှရွှေတို့ သားအဖနှစ်ဦးအား တဦးစီခွဲ၍ ဝါးရုံတရုံစီတွင်ကပ်လျက်ချီတုတ်လိုက်ကြသည်။

"အဖေ့ကိုတော့ မသတ်ကြပါနဲ့ဗျာ။ ကျုပ်ကိုသာ သတ်ကြပါ၊ ကျုပ်တို့ရွာမှာ လုပ်ကြတာကလဲ ဦးဘိုအေးတို့က ခိုင်းလို့လုပ်ရတာပါ၊ အဖေ့ကိုတော့ ချမ်းသာပေးကြပါ။"

မောင်လှရွှေသည် မိမိဖခင်ကြီးအား အသက်မှ ချမ်းသာရစေရန်အတွက် အနူးအညွတ် တောင်းပန်လျက်နေ၏။ အမျိုးမျိုးမေတ္တာရပ်နေ၏။

ဦးဂျစ်တေးကလည်း ဤသို့တောင်းပန်၍ နေလေသည်။

"အဘကို မင်းတို့ သတ်ဖို့ဆုံးဖြတ်ပြီးရင်တော့ သတ်ကြပါ။ အဘဘာမှ မပြောချင်တော့ပါဘူး။ ဒါပေမဲ့ ပါတီထဲမှာရှိနေတဲ့ အဘရဲ့သားလေးနဲ့တော့ တွေ့ခွင့်ပေးစေလိုတယ်။ အဲဒီသားနဲ့ အဘ စကားမပြောရဘူးဆိုရင်လဲ အဘ စကားမပြောပါဘူး။ သားလေးရဲ့မျက်နှာကို အဘ ဝကြီး ကြည့်ချင်လွန်းလို့ပါ။ သားလေးကိုမြင်ရပြီးရင် အဘသေပျော်ပါပြီ။ ဒါကိုတော့ ဦးဘိုအေးတို့ဆီကိုလဲ တင်ပြပေးကြပါ။"

ထိုအခါတွင် ရဲဘော်မောင်ဟန်က

"ဟေ့ ဖက်ဆစ်နေဝင်းလေး၊ မင်းသား ဘယ်မှာရှိလို့လဲ။ ပါတီထဲမှာရှိတာ မင်းသားမဟုတ်တော့ဘူး၊ ပါတီရဲ့သား၊ လူထုရဲ့သားပဲ။ ငါတို့မှာ အဖေရယ် သားရယ်ဆိုတာ မရှိဘူး။ လူတန်းစားရန်သူနဲ့ လူတန်းစားမိတ်ဆွေပဲရှိတယ်။ မင်းဟာ လူတန်းစားရန်သူပဲကွ။"

ဟု ပြောပြောဆိုဆိုပင်ရဲဘော်ဟန်မောင်သည် ဦးဂျစ်တေး၏ဦးခေါင်းအား ဝါးရင်းတုတ်ဖြင့် တအားလွှဲ၍ ရိုက်ချလိုက်သည်။

ထိုအချိန်တွင် မောင်လှရွှေမှာမူ "အမယ်လေးဗျ"ဟူသော အော်သံနှင့်အတူ လည်ပင်းအား ဝါးခုတ်သည့်ဓါးမဖြင့်ထက်ပိုင်းခုတ်ဖြတ်ခြင်းကို ခံလိုက်ရသ ည်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဦးဂျစ်တေးနှင့် မောင်လှရွှေတို့ သားအဖနှစ်ဦး၏ဦးခေါင်းနှင့် လည်ပင်းပြတ်တို့မှ ပန်းထွက်လာသော သွေးတို့သည် ဝါးရုံပင်ရင်းဝယ် အိုင်ထွန်း၍ နေလေတော့သည်။

ဤသည်တို့မှာ ပြည်ခရိုင်အာဏာနိုတည်ဆောက်ရေးတနည်းအားဖြင့် အာဏာဖြုံဖြိုချရေးလှုပ်ရှားမှု၌ဗမာပြည်ကွန်မြူနစ်ပါတီ၏ ချေမှုန်း သုတ်သင်ခြင်း ခံကြရသူများထဲမှ အချို့သာလျှင် ဖြစ်လေသည်။

ထို့ပြင် ပြည်ခရိုင်အာဏာနို တည်ဆောက်ရေး အလုပ်အဖွဲ့သည် ပြည်ခရိုင် အတွင်းတွင်ရှိသော မြို့နယ်အသီးသီးမှ အာဏာနိုတည်ဆောက်ရေး၏ ရန်သူများ၊ တနည်းအားဖြင့် "ကျေးလက်နေဝင်းကလေးများ"၏ စာရင်းကိုလည်း ကြိုတင်၍ ပြုလုပ်ထား၏ ယင်းစာရင်းအရပင် တချိန်တည်း၌ချေမှုန်းသုတ်သင်သွားရန် ဆုံးဖြတ်၍ ထားလေသည်။

သဲကုန်းမြို့နယ်။

သိုက်တောရွာ	....	သူကြီးကျော်ခ
မှန်နန်း	....	ကန်ညွန့်
ညိုမပင်	....	ကိုသိန်းမောင် (ပုတီးကုန်း-ပုလိပ် တင်ရွှေ အဖေ)
ရေစုပွင်	....	ချမ်းအေး
နေ့ာကုန်း	....	ကျော်လှ
ရွှေပန်းတော	....	ဆက်သူရှိ ၎င်းဟာ ရွှေလဲ သဲကုန်းရွာမှသူ့အမျိုးရှိ။
ရွှေလဲ သဲကုန်းရွာ	....	လှကျော်၊ ရွှေမောင်။
သပြေကြီးစု	....	ကိုထီ
အိုင်ကုန်း	....	ဉာဏ်ခင်၊ အောင်တင် (ခ) ခလေး။
မီးလောင်ကုန်း	....	ကျောင်းဆရာတင်မောင်၊ခင်မောင်၊တင်အုန်း
အုတ်ဖိုစု	....	တင်ငွေ (ချစ်တင်-တင်ငွေ အဖေ)
သပြေလှ	....	သာထွေး။
တံခွန်တိုင်	....	မောင်မြ။
ရင်းတိုက်ကွင်းမြောက်စု		တင်မောင်-တင်ငွေ။
ရင်းတိုက်ကွင်းအနောက်စု		မောင်ပု၊ အောင်မြင့်။
ပေါက်ပင်ကွင်းအရှေ့စု	....	ဂျစ်တေး (အေစ်ထွက်ပြေးနေ)
လယ်သစ်	....	အောင်သိန်း။
သိမ်ကုန်း	....	ငွေသိန်း-ကျော်အောင်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကြို့ကုန်း	....	စံတင်။
ဆင်ထိုးအိုင်	....	တင်အောင်(ပါတီကသုံးသူ)
ကျောက်တတ်ကုန်း	....	မောင်သိန်း။
ပြင်ကြီး	....	သောင်းညွန့် (ပြင်ကြီးရွာကျောင်းမှာ ဘုန်းကြီး လုပ်နေ)
ချေပင်	....	ညီအေး။
ညောင်ပင်နီ	....	ကျော်သိန်း၊ အုန်းရွှေ (ညီနှိုန်၊ ရှောင်ပြေးနေ) ဟန်တင်-ကိုညီ။
ပုံချီတက်	....	ထွန်းငွေ၊တင်လှ၊ ရွှေဒါး၊ကျော်ရင်။
သစ်ပုတ်	....	ပေါ်သိန်း၊သိန်းရွှေ။
ယရိုးကျွန်း	....	(အောင်တင်၊ ရွာလယ်မှာနေ)။
ကုန်းစင်းရွာ	....	စောမောင် (ရွှေလဲသကုန်း ပြောင်းလာသူ နာမည် ဖော်မရ နား ရွက်ပဲ့နေ၊ ပါတီထဲ လိုက်ဘူး)။
ငပေါ်ရွာ	....	စံတင် (ယခု မှတ်တိုင်ကျောင်းမှာ ဘုန်းကြီး လုပ်)။
ရှားဖေါင်	....	သူကြီး မြသိန်း။
သဲမဲ	....	လှရွှေ။
ပေါက်တော	....	ကျွဲကြီး။
ကြို့ကုန်း	....	စံတင်(ဈေးသည် ညီဆယ်)
ရှောင့်ကွင်း	....	မောင်သန်းလေး။

ရဲဘော်လှကြည်၏ လက်ရေးမှု



ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၌ သုတ်သင်ရမည့် ဓါက်တိုင်စာရင်း၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကုန်းဇင်း	....	ညီဟန်-ဗိုက်မ၊ ပုလိပ်မယား (ယခုဇင်းညီမနဲ့ ပါယူထားသည်) ဗိုက်မအမေ ညီလေး အိမ်ဝင်ထွက်အတွင်းကျကျဆက်ဆံသည်။)
ပြင်ဇင်	....	မစာမ (မှော်ဆရာ ယောင်ယောင် လုပ်တတ်)
ညောင်နီပင်	....	ညီရှိန်၊ ဝင်းတင်။
အလယ်စု	....	ကိုမြဟန်(ဇနီးမယ်နီ) ဈေးသည်လုပ်တတ်။ ညီတင်၊ ရွာအလယ် ဘန်ကာအနီးမှာနေ။ ဦးကျော်အုံး ဆေးထိုးသည်။
ပျံချီတက်	....	တင်လှ၊လှတင် နှစ်ယောက်စလုံးနှစ်ဘက်ချွန်လုပ်တတ်၊ကျော်ရင် (ဦးချစ်စရာမြေ ယာမှုနဲ့ အဖမ်းခံရသူ။)
ဆင်ထိုးအိုင်	....	ဦးဟန်တင် (နှစ်ဘက်ချွန်လုပ်ပြီး ဆက်သွယ်သူ) ပါတီလိမ်ညာဆက်။
မယ်ဇလီမှိုင်	....	သူကြီးဦးလှမောင် ယခင်ကဆက်၊ယခုမသိ။
ကြို့ကုန်း	....	ကျောင်းနှင့် တည့်တည့် မြေယာကော်မီတီတွင်ပါဘူး။ဝဝအသားဖြူဖြူကတုံးနှင့် အမည်မသိ၊ မြို့လအကနဲ့လဲဆက်။
သိမ်ကုန်း	....	ငွေသင်းအမျိုးတစု၊မြို့ဆင်းအပြန်တွင်သတင်းပေးတတ်သည်။ နှစ်မ၊အဖေ၊ညီလေး။
ပြင်ကြီး	....	အမည်မမှတ်မိ၊ လူပုံစံ၊ လူပု အသားညို ကတုံးနှင့် ၃၅/၄၀-ခန့် ဆင်းရဲသား ထဲက သူကြီးကိုညွှန်သန်း မေးရင်သိနိုင်ယူဆ၊ ကုန်ဆင်းက လူတယောက်နှင့်အတူကြို့ကုန်း၊ဘိုးလွှား ရိုက်စစ်တဲ့ အပတ်ကလာခေါ်သူဖြစ်။

ဤသည်တို့မှာ ပြည်ခရိုင် အာဏာနိုတည်ဆောက်ရေးတွင် ချေမှုန်း သုတ်သင်ရမည့်သူများ စာရင်းဖြစ်၏။ ယင်းစာရင်းကို ပြည်ခရိုင် အတွင်းရေးမှူး၊ ရဲဘော်လှကြည်နှင့် ပြည်ခရိုင်ကော်မီတီ ဗိုလ်သန်းနောင်တို့ကိုယ်တိုင် ပြုလုပ်ထားသည့် စာရင်းဖြစ်လေသည်။

ယင်းပြုလုပ်ထားသည့်စာရင်းမှာ တစိတ်တဒေသသာ ဖြစ်၏။ ပြည်တခရိုင်လုံးအတွက်မူ အလွန်ပင်များပြားလှပေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်သန်းနောင်၏ လက်ရေးမူ



ငြိမ်းချုပ်၌ သုတ်သင်ရမည့် ခေါင်းဆောင်များစာရင်း။

ထို့ပြင် ဗိုလ်ထွန်းငြိမ်း ခေါင်းဆောင်သော အာဏာနိ တည်ဆောက်ရေး အဖွဲ့သည် "လူဆိုလျှင်ကျင်း၊ နွားဆိုလျှင်ဟင်း၊ လှည်းဆိုလျှင်ထင်း" ဟူသော ကြွေးကြော်သံကိုလည်း ဖော်ထုတ်လျက် နေကြလေသည်။

နောက်ဆုံးတွင်မူ ပြည်ခရိုင် အတွင်း၌ရှိသော ပေါက်ခေါင်း မြို့နယ်နှင့် ပေါင်းတည်မြို့နယ်အတွင်းတွင် ပြည်ခရိုင်အာဏာနိတည်ဆောက်ရေး ကာလ၏ (၆-လ)ခန့်တွင် အာဏာနိတည်ဆောက်ရေး၏ ရန်သူများအဖြစ်ဖြင့် ဗမာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြည် ကွန်မြူနစ်ပါတီသည် လယ်သမားဦးကြီးများ၊ လယ်သူမကြီး များအား၊ စုစုပေါင်း (၁၅၀)ကျော်ကိုပင် ရက်စက်စွာ လုပ်ကြံ၍ သတ်ဖြတ်ခဲ့ကြသည်။ "ဝွန်ကျွတ်"ရှင်းခဲ့ကြလေသည်။

ယင်းသို့ လုပ်ကြံသတ်ဖြတ်ရာတွင် တုတ်နှင့်ရိုက်၍ သတ်ခဲ့ကြ၏။ ဓါးနှင့် ခုတ်၍သတ်ခဲ့ကြ၏။ အရက်စက်ဆုံး၊ အကြမ်းကြုတ်ဆုံးသော နည်းများဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြ၏။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ပြည်ခရိုင်အာဏာနိုတည် ဆောက်ရေး အလုပ်အဖွဲ့သည် အာဏာနိုတည်ဆောက်ရေး၏ရန်သူများ အဖြစ်ဖြင့် သတ်မှတ်ခြင်းခံရသူတို့အား လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုသည့် ဝါးရင်းတုတ်များအား "ငဆော်ကြီးများ"ဟူ၍ အမည်ပေးထား၏။ ထို့အတူပင် ယင်းသို့ သတ်ဖြတ်ရာတွင် အသုံးပြုသည့် ဓါးမများကိုလည်း"ခုတ်ကြီးများ" ဟူ၍ ခေါ်ဝေါ်ခဲ့ကြလေသည်။

လက်တွေ့အားဖြင့်မူ ဗမာပြည်ကွန်မြူနစ်ပါတီမှ တော်လှန်သော ဗဟိုကော်မီတီ အာဏာနိုတည်ဆောက်ရေး၏ အစွမ်းထက်သော လက်နက် များသည် "ငဆော်ကြီးများ"နှင့်"ခုတ်ကြီး" တို့ပင်ဖြစ်ကြလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပြည်ခရိုင်ကော်မီတီသည် ပြည်ခရိုင်အာဏာနို တည်ဆောက်ရေးနှင့်ပတ်သက်သော"နိဂုံးချုပ်ချက်"တနည်းအားဖြင့် "**အောင်ပွဲ၏အာမခံချက်**" ကိုအောက်ပါအတိုင်းပင် မှတ်တမ်းတင်၍ထား၏။ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့လည်း ယင်းမှတ်တမ်းကို ပေးပို့လိုက်လေသည်။

"ဤတော်လှန်အုံကြွမှုကြီးကို ဘယ်ရန်သူမျိုးကမှမဖြိုခွင်းနိုင်။

ပေါက်ခေါင်းမြို့နယ် လယ်သမားထု၏ တော်လှန်အုံကြွမှုကြီးကား အရှိန်ပြင်း လှပါပေသည်။

တိုက်လေအားကောင်းလေ တိုက်လေပြတ်သားလေ ဖြစ်ပြီး၊ ရန်သူအရှိုက် ကို ထိုးလိုက်ပါသည်။ ဤအုံကြွမှုက တပြည်လုံးကိုအကြီးအကျယ် ဂယက်ရိုက်စေ ခဲ့ပါသည်။

ဒါကြောင့် ဤအုံကြွမှုကြီးကို ရန်သူနေဝင်းအစိုးရကငင်း၊ ပါတီတွင်း၊ ပါတီပ ပြန်ပြင်ရေးသမားများကငင်း၊ တားဆီးပိတ်ပင်ရန် ဖိနှိပ်ဖြိုခွင်းပစ်ရန် အစွမ်းကုန် ကြိုးပမ်းကြမည်ဖြစ်ပါသည်။

ယခုပင်လျှင် ရန်သူနေဝင်းအစိုးရသည် နိုင်ငံရေးအရငင်း စစ်ရေးအရငင်း၊ (အဓိကစစ်ရေး) ဘက်ပေါင်းစုံမှ အပြင်းအထန်တိုးနှက် တိုက်ခိုက်နေပြီ ဖြစ် ပါသည်။

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

သို့သော်မည်မျှပင် တားဆီးပိတ်ပင်မှု လက်နက်အင်အားနှင့် ဖိနှိပ်ဖြိုခွင်းမှုများလုပ်နေစေကာမူ ဤအုံကြွမှုကို ငြိမ်းသတ်နိုင်မည်မဟုတ်ပေ။ ရေရှည်ဖိနှိပ်ထားနိုင်မည်မဟုတ်ပေ။ ထိလေ မီးပွင့်လေ ဖိလေကြွလေသာ ဖြစ်ပါသည်။ လက်နက်အင်အားနှင့် ဖိနှိပ်ထားမှုကြောင့် ယာယီအခိုက်အတန့် အားဖြင့် ငြိမ်နေသလိုလိုရှိမည်ဖြစ်သော်လည်း နောက်ဆုံးအုံကြွမှု ပေါက်ကွဲလာမည် ဖြစ်ပါသည်။ တော်လှန်အုံကြွမှုသည်တနေရာမှ တနေရာသို့ ကူးစက်ပြီးမိုး၍ပို၍ကျယ်ပြန့်ကြီးထွားလာမည်သာဖြစ်ပါသည်။

သို့အတွက်ဤအုံကြွမှုကြီးသည် ဘယ်ရန်သူမျိုးကမှ ဖြိုခွင်းနိုင်မည် မဟုတ်ပဲ နေဝင်းဗိုလ်ချုပ်ချေမည့် ၆၄-လမ်းစဉ်၏ တော်လှန်စစ်တံခွန်ကို မြင့်မြင့် မားမား လွှင့်ထူပြီးတော်လှန်ရေး လမ်းကြောင်းအတိုင်း စိုက်စိုက်မတ်မတ်နှင့် ချီတက်သွားမည်သာဖြစ်ပါသည်။"

ဤသည်မှာ ပြည်ခရိုင်ကော်မီတီ၏ မှတ်တမ်းဖြစ်၏။ ယင်းမှတ်တမ်းကိုရေးသားသူမှာ ဆလိုင်းသာဦးဖြစ်၏။ တိုက်တိုင်းအောင် (၂)၏ တပ်ခွဲကော်မီတီဝင်တဦးလည်း ဖြစ်၏။ ဆလိုင်းသာဦးသည် ပြည်ခရိုင် ကော်မီတီဖြစ်၏။ ထို့ပြင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လက်အောက်ခံ အဖွဲ့အစည်းဖြစ်သည် ချင်းဦးစီးအဖွဲ့၏ ခေါင်းဆောင်တဦးလည်း ဖြစ်လေသည်။ ၁၉၆၃-ခုနှစ် တွေ့ဆုံ ဆွေးနွေးရေးကာလက (မဒညတ) ကိုယ်စားလှယ်အဖြစ် ရန်ကုန်သို့ လိုက်ပါခဲ့ဘူးသူလည်း ဖြစ်၏။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းသည် ပြည်ခရိုင် ပေါင်းတည်မြို့နယ် ရွှေလေးဒေသ၌ရှိသော ငရှဉ့်ကွင်းရွာအနီးတွင် စခန်းချ၍ ထားလေသည်။

ပြည်ခရိုင် အာဏာနီတည်ဆောက်ရေးနှင့်ပတ်သက်သော လက်တွေ့ဆိုင်ရာအညွှန်းများနှင့် အသေးစိတ် ပေါ်လစီများကို ဗဟိုဌာနချုပ်မှပင် တိုက်ရိုက်ရွှေဆောင်၍ ညွှန်ကြားလေသည်။

ထို့ကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် ပြည်ခရိုင် အာဏာနီတည်ဆောက်ရေး၏ "အာဏာနီဌာနချုပ်"ပင် ဖြစ်နေသည်။

ထိုအချိန်၌ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင် အာဏာနီသီချင်းသံသည် ဟိုမှ သည်မှ ပေါ်ထွက်၍နေ၏။ လေးဖက်လေးတန်မှပင် ကြားနေရ၏။ ရိက္ခာရုံတွင်လည်း အာဏာနီ၊ ရေခတ်ရာတွင်လည်း အာဏာနီ ၍သာ နေကြ၏။ အာဏာနီသီချင်းသံဖြင့်သာ လွှမ်းမိုး၍ နေလေသည်။

ယင်း "အာဏာနီသီချင်း"ကို ဗမာပြည်၌ စပ်ဆို၍ သီဆိုခြင်းမဟုတ်ချေ။ ဗမာပြည်ကွန်မြူနစ်ပါတီအတွက် တရုတ်ပြည်မှစပ်ဆို၍ ပေးခြင်းဖြစ်၏။ အထူး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သဖြင့် "အာဏာနိ တို့ထူထောင်မည်" ဟူသော သီချင်းသည် ဗမာပြည်တွင် အာဏာနိတည်ဆောက်ရေးအတွက် လမ်းညွှန်ပေါ်လစီပင် ဖြစ်လေသည်။

ထို့ကြောင့်ပင် "အာဏာနိ တို့ထူထောင်မည်" သီချင်းကို ပီကင်း ရေဒီယိုမှ အချိန်မှီပင် နေ့စဉ်ညဆက် အသံလွှင့်၍ ပေးနေသည်။

"အခု ပီကင်းက လွှင့်ပေးနေတဲ့ သီချင်းတွေဟာ တို့အတွက် လမ်းညွှန် ပေါ်လစီတွေဖြစ်တယ်။ မဟာ မော်စီတုံးရဲ့ အတွေးအခေါ် လမ်းညွှန်တွေရဲ့ အနှစ်သာရကို တော်လှန်တဲ့အနုပညာနဲ့ စုစည်းဖော်ပြတာဖြစ်တယ်။ ဒါကြောင့် ဒါကို အထူး အလေးထားကြရမယ်။

ငါတို့ရဲ့ "စစ်နိုင်ရေး၊ အာဏာသိမ်းရေးလမ်းစဉ်"ရဲ့အနှစ်သာရကို ချုပ်ပြီးဖော်ပြနေတာလဲ ဖြစ်တယ်။

ဒါနဲ့ ဆန့်ကျင်ဖက်ကတော့ အခု ဗမာပြည်မှာ ခေတ်စားနေတဲ့ မာမာအေးတို့၊ တင်တင်မြတို့၊ ချစ်စပယ်တို့ ဆိုတဲ့သီချင်းတွေဖြစ်တယ်။ သူတို့ဟာ ဗူရိုကရက်လက်ဝေခံ ဓနရှင်တွေရဲ့ ဇိမ်ခံပစ္စည်းတွေ ဖြစ်တယ်။

ဗမာပြည်ရေဒီယိုဟာ ဖောက်ပြန်တယ်။

ဗမာပြည် ရေဒီယိုကိုနားထောင်တဲ့ ကွန်မြူနစ်ဟာ ပြန်လည် ပြုပြင်ဆင်ရေးသမားဖြစ်ဖို့အတွက် ရေခံမြေခံကို ဖန်တီးနေတာဖြစ်တယ်။ဒါကြောင့် မိမိတို့ဘဝကိုမိမိတို့ အမြဲတန်း ဆန်းစစ်နေဖို့လိုတယ်။

ငပိန်ကြီးဆိုရင် ညုတုတုအကောင် မောင်မောင်ညွှန့်ဆိုတဲ့ "စပယ်" တို့ "သစ္စာလေးချက်"တို့ကို အသဲစွဲပဲ။ ဒါဟာ သူ့ရဲ့ လူတန်းစား လက္ခဏာကို ဖော်ပြတာဖြစ်တယ်။

ငစိန်ဆိုယင်တော့ မာမာအေး၊ တင်တင်မြနဲ့ မြင့်မြင့်ခိုင် လှလှရီတို့ဆိုရင် အသေအလဲပဲ။ ဒီကြားထဲ "အမာစိန်"ဆိုတဲ့ မိန်းမရဲ့ "ချစ်တဲ့ ချူရှင်"ကိုတောင် ဆိုလိုက်သေးတယ်။ ခေါင်းညိမ့်ညိမ့် လည်ညိမ့်ညိမ့်နဲ့ အူမြူးနေတော့တာပဲ။ ဒါကလဲ ဓနရှင်လူတန်းစားရဲ့ ရပ်တည်မှုကို ပြလိုက်တာပဲ။

နောက်ဆုံး ငပိန်တို့ ငစိန်တို့ဟာ ဘာဖြစ်သွားသလဲ၊ သစ္စာဖောက်တွေ အဖြစ်နဲ့ ပါတီက သုတ်သင်ပစ်လိုက်ရတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခုအချိန်ကစပြီးတော့ ငါတို့ပါတီထဲမှာ တော်လှန်တဲ့ ပစ္စည်းမဲ့ တော်လှန်ရေးသီချင်းတွေကိုသာ နားထောင်ခွင့်နဲ့ သီဆိုခွင့်ပြုရမယ်။

မော်စီတုံးအတွေးအခေါ်ကို အသက်ပါပါလေ့လာတဲ့ အနေနဲ့လဲ မော်စီတုံးအတွေးအခေါ်တွေကိုပဲ တော်လှန်တဲ့အနုပညာနဲ့ တည်ထွင်ပြီးတော့ ပစ္စည်းမဲ့သီချင်းတွေကို ရေးစပ်သွားကြဖို့ သီဆိုသွားကြဖို့ လိုတယ်။

အထူးသဖြင့် အခုအခါမှာ ပီကင်းရေဒီယိုက လွှင့်ပေးတဲ့ သီချင်းတွေကိုသာ နားထောင်ကြရမယ်။

ပီကင်းရေဒီယိုကို အလေးထားပြီးနားထောင်သလား၊ မထောင်ဘူးလားဆိုတာဟာ ပစ္စည်းမဲ့တော်လှန်ရေးသမား ဖြစ်မလား၊ မဖြစ်ဖူးလားဆိုတဲ့ စံချိန်လဲဖြစ်တယ်။"

ဤသည်မှာ ရဲဘော်အောင်ကြီးနှင့် ရဲဘော်ထွန်းရှိန် (ရဲဘော်ဖေငြိမ်း) တို့၏ ပီကင်းရေဒီယိုကို အမြဲနားထောင်ရေးနှင့် ပတ်သက်သော လှုံ့ဆော်ချက်နှင့် လမ်းညွှန်ချက်တို့ပင် ဖြစ်လေသည်။

ရဲဘော်ထွန်းရှိန်(ရဲဘော်ဖေငြိမ်း)သည် ပီကင်းရေဒီယိုမှ အသံလွှင့်သည့် "အာဏာနီတို့ထူထောင်မည်" သီချင်းကို ကိုယ်တိုင်လိုက်ပြီးရေး၍ ဗဟိုစခန်းအတွင်း၌ရှိသော တပ်နီလူငယ်များနှင့် တော်လှန်သောအမျိုးသမီးများကို သီဆိုစေရန်အတွက် ဖြန့်ချိပေး၏။ ထို့နောက် ပြည်ခရိုင်တွင်ရှိသော လက်တွေ့အာဏာနီတည်ဆောက်နေကြသော ကေဒါများ၊ ရဲဘော်များ အတွက်လည်းယင်း အာဏာနီသီချင်းကို ဖြန့်ချိ၍ ပေးလိုက်လေသည်။

"အာဏာနီ တို့ထူထောင်မည်

(ဘာမထိ ရဲဇာနည် ဗမာပြည်သစ် တည်မည်-မဆုတ်တန်းညီညီ နေဝင်းအစိုးရပြုတ်အောင်တိုက်မည်) ၂

ပြည်သူများနဲ့ စည်းလုံးညီညီ ရှေ့သို့ချီမည် အောင်ပွဲပန်းတိုင် ကြောမီအတွင်းမှာ ဆွတ်ခူးနိုင်မည် တို့မြန်မာပြည်တဝှမ်းမှာ အနီရောင် လွှမ်းတဲ့ ပြည်သူ့အစိုးရ တို့တတွေထူထောင်မည်။

တို့အောင်ပွဲခံရမည်

ဗမာပြည်လွတ်မြောက်စေ မည်၊ (ကျုပ်တို့ရဲ့ အာဏာနီ ကျေးလက်မှာ အခြေခံလို့၊ ဝိုင်းမည်၊ ဝိုင်းမည်-မြို့ဝိုင်းမည်။) ၂

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်အောင်ပွဲခံရမည်၊ တိုက်အောင်ပွဲခံရမည်၊ နိုဝ်သာအောင်ပွဲ ခံရမည်။ မြန်မြည်တခွင်မှာ ကြယ်နီလွှမ်းလို့ ပြည်သူ့စစ်ပွဲဆင်နွှဲရပေမည်။

နိုင်ငံရေးအာဏာဟာ သေနတ်ပြောင်းထဲက ထွက်တယ်။ ကွန်မြူနစ်ပါတီ ဝင်တိုင်းနားလည်ရမဲ့ အနှစ်သာရကျကျ သေချာစွာ မှတ်ယူစေရမယ် လိုက် ...သ်- နိုက်မယ်။”

ရဲဘော်ထွန်းရှိန်၏ လက်ရေးမူ



ဦးကင်းမောင်ဒီပိုးမှ “အာကာသနိုဗို့ကူဆောင်မည်” သီချင်း ၈

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်မှာ ပီကင်းရေဒီယိုမှ ဗမာပြည်ကွန်မြူနစ်ပါတီအတွက် အထူးရေးစပ်၍ မပြတ်အသံလွှင့်ပေးနေသော "အာဏာနီတို့ထူထောင်မည်" သီချင်းပင်ဖြစ်သည်။

ပီကင်းရေဒီယို၏အသံသည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစခန်း တွင်လည်းကောင်း၊ လက်တွေ့အာဏာနီတည်ဆောက်နေသည့် ပြည်ခရိုင် အ တွင်း တွင်လည်းကောင်း လွှမ်းမိုးလျက် ပဲ့တင်ထပ်လျက်သာ ‌နေလေသည်။

ထိုအချိန်တွင်ပင် ပီကင်း ရေဒီယိုမှလည်း "တော်လှန်တဲ့ ပေါက်ခေါင်းလယ်သမားအုံကြွမှုကြီး"ဟူ၍လည်းကောင်း၊"ဗမာချန်ကေရှိတ်နေဝင်းကို ဆန့်ကျင်နေသည့် ပေါက်ခေါင်းလယ်သမားတော်လှန်ရေးကြီး ဟူ၍လည်းကောင်း အမျိုးမျိုး လှုံ့ဆော်၍ အသံလွှင့်၍နေသည်။

သခင်သန်းထွန်းသည် ပီကင်းရေဒီယိုကို အလေးအနက် နားထောင်စေရန်အတွက် ရဲဘော်များထံသွား၍ ကိုယ်တိုင်ပင်တိုက်တွန်း၏။ လှုံ့ဆော်၏။ရေဒီယိုကိုပင် မိမိအိပ်ယာ မျက်နှာစာတွင်ရှိသော မြေကွက်လပ်၌ချထားပြီး ရဲဘော်များအား စုဝေး၍ နားထောင်စေလေသည်။

ထိုသို့ပီကင်းရေဒီယိုကို နားထောင်နေသော သခင်သန်းထွန်းသည် ခေါင်းတညိမ့်ညိမ့် လုပ်နေ၏။ မျက်နှာထားမှာမူ ခပ်တည်တည်ကြီး လုပ်ထား၏။ ရဲဘော်တဦးစီ၏ မျက်နှာများကိုလည်း လိုက်၍ ကြည့်နေ၏။ အကဲခတ်နေ၏။ တခါတရံတွင် မျက်လုံးများကို စောင်း၍ကြည့်၏။ ငုံ၍လည်း အကဲခတ်နေလေသည်။ သခင်သန်းထွန်း၏ အမူအယာသည် တက်ကြွဖျပ်လပ်၍နေ၏။ ပီတိများပင်ဖြာ၍ နေလေသည်။

ရဲဘော်အောင်ကြီးမှာမူ "ဟီးဟီးဟဲဟဲ"ဟူ၍ အသံထွက်၍ ရယ်နေ၏။ပင် တကြွကြွဖြစ်နေ၏။ အနီးအနားတွင်ထိုင်နေသော ရဲဘော် များအားလည်း လက်နှင့်တို့၍ တရုပ်ပြည်တွင် နေထိုင်ခဲ့ရပုံများအကြောင်းကို ပြောနေ၏။ ထို့နောက် ဘယ်ဖက်လက်ဖဝါးနှင့် ညာဘက် လက်ဖဝါးနှစ်ခုကို တခုနဲ့တခုကပ်လျက် အသာအယာပွတ်တိုက်၍ နေလေ၏။

ထိုအချိန်တွင် ရဲဘော်မျိုးတင့် (ခ) ရဲဘော်ကြည်အောင် (ပီကင်းပြန်) ကလည်း"ပေါက်ခေါင်းလမ်းဆိုတာဘာလဲ"ဟူသော ခေါင်းစဉ်ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစခန်းတွင် ဆွေးနွေးပွဲများကို ပြုလုပ်၍ ရှင်းလင်းနေ၏။နံရံကပ်များကို ထုတ်၍လည်း ပြန့်ချိပညာပေးနေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

''ပေါက်ခေါင်းလမ်းဆိုတာဘာလဲ။

ကျွန်တော်တို့ပြောခဲ့တဲ့ ပေါက်ခေါင်းလမ်းဆိုတာဟာ....

(၁) ရန်သူစစ်တပ်ကို ချေမှုန်းရေး။

(၂) ဖောက်ပြန်တဲ့အာဏာ ဖြိုချရေး။

(၃) တော်လှန်တဲ့အာဏာနိုင်ထူထောင်ရေး ဖြစ်တယ်။

ဒီထဲမှာ''ချက်''ကတော့ ရန်သူ့စစ်တပ်ကို ချေမှုန်းရေးပဲ။ ရန်သူ့စစ်တပ်ကို မချေမှုန်းပဲ ဖောက်ပြန်တဲ့ အာဏာအဖြိုကို မဖြိုချနိုင်ဘူး။ တော်လှန်တဲ့ အာဏာနိုင်ကိုလဲမထူထောင်နိုင်ဘူး။''

ရဲဘော်မျိုးတင့် ၏ လက်ရေးမူ



ပေါက်ခေါင်းလမ်းကြောင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ ရဲဘော်မျိုးတင့် (ရဲဘော်ကြည်အောင်-ပီကင်းပြန်)သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏(၂၉)နှစ်မြောက် ပါတီနေ့ အထိမ်းအမှတ်အတွက်သခင်သန်းထွန်း၏ မိန့်ခွန်းအဖြစ်ဖြင့် ကြိုတင်၍ ကြေးကြော်သံကို ထုတ်ပြန် လိုက်ခြင်းဖြစ်လေသည်။

ထို့နောက်တွင် သခင်သန်းထွန်းကလည်း''ပေါက်ခေါင်းလမ်း''ဆိုသည်၏ အနှစ်သာရနှင့် အဓိပ္ပာယ်ကိုလည်း ဤသို့ပင် လေးနက်စွာ ထပ်မံ၍ဖော်ထုတ်ဖွင့်ဆိုလိုက်လေသည်။

''ရှာပုတိုက်ပွဲဆိုတဲ့ စစ်ရေးအောင်ပွဲကြီးရဲ့ ဩဇာဂယက်အောက်မှာ ပြည်ခရိုင် လယ်သမားထုကြီးဟာ မကြိုစဘူးအုံကြွလာပြီး နေဝင်းရဲ့အံထောက်တော်တွေကို ဖမ်းသတ်။ နေဝင်းရဲ့ ဒေါက်တိုင်တွေကိုဖြုတ်။ မြေရှင် ချမ်းသာတွေရဲ့ အာဏာကိုဖြိုချ။ပစ္စည်းမဲ့လူတန်းစား ခေါင်းဆောင်မှုအောက်မှာဆင်းရဲ အခြေခံပြီး အလတ်နဲ့ ခိုင်မြဲစွာ မဟာမိတ်ဖွဲ့ထားတဲ့ အာဏာနီကို အနိုင်အမာ တည်ဆောက်လာကြတယ်။

ဒီလိုနဲ့ ပေါက်ခေါင်းလယ်သမား လှုပ်ရှားမှု ဆိုတာ ကမ္ဘာမှာ ဟိုးဟိုးကျော်ခဲ့တယ်။ **ရန်သူ့စစ်တစ်ကိုချေမှုန်း။ဖောက်ပြန်တဲ့အာဏာကိုဖြိုချ။တော်လှန်တဲ့ အာဏာနီတည်ထောင်။ ဒါဟာ ပေါက်ခေါင်း လမ်း ဆိုပြီး တပြည်လုံးအဖို့ လမ်းညွှန်ဖြစ်ခဲ့တယ်။**

(၄) ကျေးလက်တောရွာပိုင်းတခုလုံးမှာ မြေရှင်မနေရှင် ချမ်းသာတွေရဲ့ ဖေါက်ပြန်တဲ့အာဏာကို ဖြိုချပြီး၊ ပြည်သူ့ဒီမိုကရေစီ အာဏာကို တည်ဆောက်ရမယ်။ပစ္စည်းမဲ့ လူတန်းစား ခေါင်းဆောင်တဲ့၊ဆင်းရဲသား လယ်သမားကို အခြေခံတဲ့၊ အလတ်တန်းစား လယ်သမား မဟာမိတ်ဖွဲ့မှုကို အခြေခံတဲ့ လယ်သမားလူထုကြီးက အာဏာသိမ်းရမယ်။

(၅) ရန်သူရဲ့ထိုးစစ်ကို ပြန်လှန် တိုက်ခိုက်ရင်း ပေါ်ပေါက်လာတဲ့ တော်လှန်ရေး အင်အားစုသစ်တွေကို ပြုစုပျိုးထောင် မွေးမြူရမယ်။ ရှေ့တန်းတင်ပေးရမယ်။

(၆) အရေးအကြီးဆုံးဟာ ငါတို့ပါတီကို ခုခေတ် မာ့က်စ်ဝါဒ၊ လီနင်ဝါဒရဲ့ အထွဋ်အထိပ်ဖြစ်တဲ့ မော်စီတုံးအတွေးအခေါ်အရ အနိုင်အမာ တည်ဆောက်ရေးဖြစ်တယ်။

ပါတီတရပ်လုံးကို ၆၄-စစ်နိုင်ရေး အာဏာသိမ်းရေးလမ်းစဉ်အရ စုစည်းသွားရမယ်။

၅၅-ပြန်လည်ပြင်ဆင်ရေးဝါဒလမ်းစဉ်ကို လုံးဝဥဿုံ ချေမှုန်းပစ်ရမယ်။ပြန်လည် ပြင်ဆင်ရေးဆန့်ကျင်တဲ့ တိုက်ပွဲကို ဆုံးခန်းတိုင် ဆင်နွှဲသွားရမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်တို့

ရန်သူဟာ ပြည်သူလူထုအပေါ် ရက်စက်ကြမ်းကြုတ်စွာ ထိုးစစ်ဆင်ဆဲဖြစ်တယ်။

ရန်သူ့ထိုးစစ်ကို ငါတို့က ထိုးစစ်နဲ့ချေမှုန်းတဲ့ လမ်းဟာကောန်မှုချအောင်ပွဲရဲ့လမ်းဖြစ်တယ်။”

သခင်သန်းထွန်း၏ လက်ရေးမူ



ပေါက်ခေါင်း၊လမ်းကြောင်းကိုလိုက်ကြ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ဖြင့်သခင်သန်းထွန်းသည် ဗမာပြည်တပြည်လုံးမှ လိုက်ရမည့် "စံပြ လမ်းကြောင်း"ဖြစ်သည့် "ပေါက်ခေါင်းလမ်း"နှင့် ပတ်သက်၍လည်းကောင်း၊ "ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်နဲ့ ပြန်လည်ချေမှုန်းရမည်" ဟူသော လမ်းညွှန် ပေါ်လစီနှင့် မဟာအတွေးအခေါ်ကို အလေးအနက်ပင် ဖော်ထုတ် လိုက်ခြင်း ဖြစ်သည်။

တချိန်တည်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုစစ်ကော်မီတီသည်လည်း ဗမာတပြည်လုံးအတွက် အောက်ပါကြွေးကြော်သံများကို ချက်ချင်းပင်ထုတ်ပြန် လိုက်ပေသည်။

"ပေါက်ခေါင်းလမ်းကြောင်း အတိုင်းလိုက်ကြ"
"ကျေးလက်အာဏာနိကို အစွမ်းကုန်တည်ဆောက်ကြ"
"ပါတီတွင်းမှ ပြန်လည်ပြင်ဆင်ရေးသမားများကို ဖြုတ်-ထုတ်-သတ်ကြ"
"ကျေးလက်နေဝင်းလေးများကို သုတ်သင်ကြ၊ ချေမှုန်းကြ"

၄။ ပေါက်ခေါင်းလမ်းကြောင်းအဆက်

၁၉၆၇-ခုနှစ်၊ ဩဂုတ်လတွင်ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့နှင့် ဗဟို စစ်ကော်မီတီသည် ပဲခူးရိုးမတိုင်းအတွင်းတွင်ရှိသော သရက်ခရိုင်(အရှေ့ခြမ်း) သာယာဝတီခရိုင်၊ တောင်ငူခရိုင်၊ ပဲခူးခရိုင် စသည့် ခရိုင်အသီးသီးတို့သို့လည်း ကျေးလက်၌ အာဏာနိကိုအမြန်ဆုံးနှင့်ချက်ချင်း တည်ဆောက်ကြရန် အတွက် ညွှန်ကြားလိုက်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ သာယာဝတီခရိုင်တွင် ခရိုင်ကော်မီတီ (၆)ဦးရှိ သည်။

(၁) ဗိုလ်စိန်မင်း	(ပါတီအတွင်းရေးမှူး)
(၂) ဗိုလ်ထွန်းလင်း	(ခရိုင်တပ်မှူး)
(၃) ရဲဘော်စံထွန်း	(မြေယာဌာန)
(၄) ရဲဘော်ကံ	
(၅) ဗိုလ်တင်ရှိန်	(ပီကင်းပြန်)
(၆) ရဲဘော်မစိန်ဝင်း	(ပီကင်းပြန်)

တို့ဖြစ်ကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည် ကွန်မြူနစ်ပါတီ သာယာဝတီခရိုင် ကော်မီတီ၌ ဗိုလ်တင်ရှိန် နှင့် ရဲဘော်မစိန်ဝင်းတို့မှာ ဗဟိုဌာနချုပ်မှတိုက်ရိုက် တာဝန်ပေးအပ်ထားခြင်းဖြစ်၏။ ဗဟိုဌာနချုပ် ကိုယ်စားလှယ်များအဖြစ်ဖြင့် ထည့်သွင်းထားခြင်းဖြစ်၏။ ထို့ကြောင့်ဗိုလ်တင်ရှိန်နှင့် မစိန်ဝင်းတို့သည် သခင်သန်းထွန်းနှင့်ရဲဘော်အောင်ကြီးတို့၏ ညွှန်ကြားချက်များနှင့်လမ်းညွှန်ပေါ်လစီများကို လက်တွေ့အကောင်အထည်ဖော်ကြရလေသည်။

အထူးသဖြင့် ရဲဘော်မစိန်ဝင်းသည် အတက်ကြွဆုံးဖြစ်၏။ ရဲဘော်မစိန်ဝင်း၏ အမည်ရင်းမှာ(ခင်ခင်ကြည်)ဖြစ်၏။ ရဲဘော် မစိန်ဝင်းတို့ ညီအစ်မနှစ်ဖော်သည် ၁၉၄၈- ခုနှစ်နောက်ပိုင်းတွင် အထက်ဗမာပြည် "မသုံးလုံး ဒေသ"၌ တောခိုလာကြခြင်းဖြစ်၏။ ရဲဘော်မစိန်ဝင်း၏အစ်မမှာ(မပွင့်ရည်)ဖြစ်၏။ မစိန်ဝင်းနှင့်မပွင့်ရည်တို့၏ဖခင်မှာ မန္တလေးမြို့တွင်နေထိုင်သောစက်ရှင်တရားသူကြီးဟောင်းတဦးဖြစ်၏။ ရဲဘော်မစိန်ဝင်းသည် တောခိုလာပြီးနောက်တွင် "မမျိုးသန့်"ဟူ၍ ဖြစ်လာ၏။ ၁၉၅၃-ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗြူရိုအဖွဲ့ဝင် သခင်သန်းမြိုင်၏ဆန္ဒအရ တရုပ်ပြည်သို့ဆေးမှုးအဖြစ်ဖြင့် လိုက်ပါသွားခဲ့ရခြင်းဖြစ်၏။ တရုပ်ပြည်တွင်မူ " မာ့က်စ်လီနင်ဝါဒနိုင်ငံရေးတက္ကသိုလ်"၌ မာ့က်စ်ဝါဒ၊ လီနင်ဝါဒတို့ကိုလေ့လာခဲ့၏။ အထူးသဖြင့် မော်စီတုံး၏အကြမ်းဖက်ရေး၊ တော်လှန်ပုန်ကန်ရေး အတွေးအခေါ်များကိုသင်ကြားနာယူခဲ့ရ၏။ တရုပ်ပြည်တွင် ရဲဘော်မစိန်ဝင်း၏အမည်မှာ "ဝမ်ယွင်"ဖြစ်၏။ ၁၉၆၁-ခုနှစ်တွင် ရဲဘော်မျိုးတင့်(ခ)ယွီကြူ့နှင့်လက်ထပ်ခဲ့၏။ ရဲဘော်မစိန်ဝင်းသည်၁၉၆၃-ခုနှစ် စက်တင်ဘာလတွင် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို အကြောင်းပြု၍ ဗမာပြည်သို့ တရုပ်ပြည် ပီကင်းမြို့မှတဆင့် ပြန်လည်၍ ရောက်ရှိလာခဲ့၏။ ၁၉၆၄-ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ် ပါတီ ဗဟိုဌာနချုပ်မှ သာယာဝတီခရိုင်ကော်မီတီတွင် တိုက်ရိုက်တာဝန်ပေးအပ်ခဲ့လေသည်။

ရဲဘော်မစိန်ဝင်းသည် သာယာဝတီ ခရိုင်တွင် တပ်နီ အမျိုးသမီးများနှင့် တပ်နီလူငယ်များကို အထူးအာရုံစိုက်၍ လေ့ကျင့်မွေးမြူခဲ့၏။ အားသစ်များကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် "ပေါက်ခေါင်းလမ်း"၏အဲဆက်အဖြစ်ဖြင့် သာယာဝတီ ခရိုင်တွင်လည်း ကျေးလက်အာဏာနီတည်ဆောက်ရေး၏ "ပဏာမလှုပ်ရှားမှု" ဆိုသည်ကိုပြုလုပ်၏။ ထို့နောက်တွင် သာယာဝတီခရိုင်တခရိုင်လုံးတွင် အာဏာနီတည်ဆောက်ရေးသည် "တမိုးလုံးဖျောက်ဆိပ်ဖြစ်စေရမည်" ဟူသော ကြွေးကြော်သံဖြင့် အစွမ်းကုန်ပင် လက်တွေ့ အကောင်အထည်ဖော်ခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်မစိန်ဝင်းကိုယ်တိုင်ခေါင်းဆောင်သော "အထူးစူးစမ်း လေ့လာရေး အဖွဲ့သည်"သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ၌ရှိသော ကျေး ရွာများမှ အတန်းအစားအလွှာပေါင်းစုံနှင့် ကျေးရွာအဖွဲ့အစည်းခေါင်းဆောင် များကို တောင်ညိုချောင်းကမ်းပါးတွင်ရှိသော အင်တိုင်းတောကြီးတွင်စုဝေး စေ၍ စူးစမ်းလေ့လာကြလေသည်။

"ဖောင်အိုင်ကျေးရွာလေ့လာရေးအခြေအနေပထမခြေလှမ်း"

အခြေအနေစူးစမ်းလေ့လာရေးကို ပြုလုပ်ပါသည်။ အဓိက စူးစမ်း လေ့လာသော ပြဿနာမှာ-

(၁) လက်ရှိဘန်ကာများဆုတ်ခွာသွားတာနှင့် ပတ်သက်၍ လူထု အမြင်။

(၂) ဘခက်သစ္စာဖောက်မှုနဲ့ ပတ်သက်၍ အမြင်။

(၃) ၆၄-လမ်းစဉ်အပေါ်အမြင် စသည်များဖြစ်ပါသည်။

အခြေအနေစူးစမ်းလေ့လာသည့်နည်းမှာ အလွှာလိုက် စူးစမ်းလေ့ လာရေးဆွေးနွေးပွဲများ ပြုလုပ်ပါသည်။ ချမ်းသာ၊ ချောင်လည်၊ အ လတ်၊ ကျေးရွာခေါင်းဆောင်အဖွဲ့၊ အလတ်အောက်လွှာအဖွဲ့၊ ဆင်းရဲ လယ်သမားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့ စသည်ဖြင့် ခွဲခြားလေ့ လာပါသည်။

ဒုတိယခြေလှမ်း

လေ့လာရရှိသော အခြေအနေများကို စုစည်း၍ ဖောင်အိုင်ကျေး ရွာ၏ အဓိကကွင်းဆက်ပြဿနာကိုရှာဖွေခြင်းပြုလုပ်ပါသည်။

နိုင်ငံရေးဆိုင်ရာလေ့လာရရှိသော လူထုအမြင်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

လူထုရောမ အများစုကြီးနှင့် ပတ်သက်၍ အခြေအနေ အကဲ ဖြတ်မှု နှင့် နိုင်ငံရေး လမ်းစဉ် အပေါ် မှန်ကန်သော အမြင်များ၊ ရပ်တည်ချက်များ ရှိကြပါသည်။ သို့ရာတွင်အနည်းစုအတွင်း၌ ၅၅· နိုင်ငံရေးလမ်းစဉ် ရပ်ကွက်ရှိနေကြောင်း ထင်ထင် ရှားရှား တွေ့ရပါ သည်။ ၎င်းမှာဗလဆိုသူက "ဗိုလ်နေဝင်းမှာ တသိန်းတပ်ကြီးရှိတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အနိုင်တိုက်နိုင်မှာ မဟုတ်ဘူး။ သဖန်းချောင်း ဘန်ကာ ဆုတ်သွားတာ ငြိမ်းချမ်းရေးခေါ်ဖို့ ပြင်ဆင်တာဖြစ်တယ်”ဟု အစည်းအဝေး ပွဲ တွင် ပြောင်အတိအလင်းတင်ပြပါသည်။ (၎င်းလူသည် ပင်ကိုယ် တိုက်နယ် ကော်မီတီ လက်နက်ချဖြစ်သည်။ လက်ငင်းတွင် အရင်းအနှီး ၄/၅ ထောင် ရှိသည်။ အမြတ်ကြီးစား၊ အတိုးကြီးစားသမား ဖြစ်သည်။ လလသသစာရင်းကိုင်။)

ရွှေဗျိုင်းဆိုသူက“ဘန်ကာဆုတ်တာဟာ တတိယကမ္ဘာစစ် ဖြစ်ကာ နီးလို့ နယ်စပ်လုံခြုံရေးအတွက် တပ်စုတာဖြစ်တယ်။ ပြည်ပ အန္တရာယ် ကြီးလာပြီ။ ဒါကြောင့်စေ့စပ်ရေးလုပ်ပြီး ဗိုလ်နေဝင်းနဲ့ ပူးတွဲအာဏာ ဖွဲ့စည်းဖို့ လိုလာပြီ။ (၎င်းလူသည်။ ကျွဲဦးစီးဖြစ်သည်။ ချောင်လည် အလတ်ဖြစ်သည်။) ကိုကြီးရွှေဆိုသူက “သွေးထွက်သံယိုမရှိပဲ အာဏာ သိမ်းနိုင်အောင် ကြိုးစားသင့်တယ်”လို့တင်ပြသွားပါတယ်။ (၎င်းလူမှာ ဆင်းရဲကူလီ ဖြစ်သည်။)

ဦးအောင်ဆိုသူက “စစ်ဆိုရင် ရေတောင် စစ်မသောက် ချင်ဘူး၊ အရာရာငြိမ်းချမ်းရေးဖြစ်သည်”ဟုတင်ပြခဲ့သည်။(ချောင်လည်အလတ်၊ ချမ်းသာ သားမက်။)

၎င်းအခြေအနေပေါ်မူတည်၍ လက်နက်ချ နိုင်ငံရေးရပ်ကွက် ရှိနေ ကြောင်း သိရပါသည်။ ၎င်းနိုင်ငံရေးပိုင်းတွင် (၅၅) များရှိနေခြင်း၊ ရန်ငါစည်းမပြတ်ခြင်း စသည်တို့ကြောင့် ဤကျေးရွာတွင် ပထမဆုံး နိုင်ငံရေးပြဿနာကိုဦးစွာဖြေရှင်းသင့်ကြောင်း ဆုံးဖြတ်ကြပါသည်။

ရွာတွင်းပြဿနာ၌ အဓိကအားဖြင့် ကျေးရွာလူထုက ကျေးရွာ ခေါင်းဆောင်အပေါ် မကျေနပ်ခြင်းဖြစ်သည်။ လလသသကိစ္စ၊ စပါး စု စပါးချေး အသင်းကိစ္စ၊ ပေါ်တာဆွဲသည့် ကိစ္စများတွင် ကျေးရွာ ခေါင်းဆောင်များအနေနှင့်လူထုအပေါ်ဗိုလ်ကျခြင်း၊ လာဘ်ယူလာဘ် စား အကျင့်ပျက်ခြင်း၊ ရန်သူအပေါ်မျဉ်းမပြတ်ခြင်းကြောင့် မကျေနပ် ကြပါ။ ၎င်းအုပ်ချုပ်ရေးတဖွဲ့လုံးပြောင်းပစ်ရန် ဆန္ဒရှိကြသည်။

ကျမတို့အဖွဲ့အနေနှင့်ပထမဆုံး နိုင်ငံရေး ပြဿနာဖြေရှင်းပြီးနောက် ရွာတွင်းပြဿနာ(ဝမ်းစာပြဿနာအပါအဝင်) နောက်မှ ဖြေရှင်းရန် ဆုံးဖြတ်ပါသည်။ ကျေးရွာဖွဲ့စည်းမှုများကိုဆက်လက်လုပ်ကိုင်သွားရန် ဖြစ်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တတိယခြေလှမ်း

၅၅-ကို ဝေဖန်၍ ၆၄-ကို တင်ခြင်း၊ ကျမတို့ အလုပ်အဖွဲ့ အနေနှင့် ရှင်းလင်းပွဲ မလုပ်သေးပဲ အလွှာလိုက်ခွဲ၍ဗလ၊ ရွှေဗျိုင်း အယူအဆကို ထိပ်တိုက်တင်၍ လူထုပြင်းခုံပွဲများ ပြုလုပ်ခဲ့ပါသည်။ ဗလ၊ ရွှေဗျိုင်း အယူအဆများကို တရွာလုံးကဝိုင်းပြီး ဆန့်ကျင် တိုက်ခိုက်ကြပါသည်။

နေဝင်းဟာ ငတ်အောင်သေအောင် လုပ်နေတဲ့ လူထုအောက်ခြေ လန်အစိုးရကို သေနတ်နဲ့မပစ်ပဲ မပြုတ်နိုင်ဟု ဆင်းရဲလယ်သမား"ထွန်း လှ"က တင်ပြပါသည်။

"ဗလ၊ ရွှေဗျိုင်း တင်ပြချက်ဟာ ဘခက်အယူအဆပဲ။ ၅၅-သမား 'တွေကို ရွတ်ချတယ်။ ရန်သူက ဘယ်လိုလုပ်သလဲ ရန်သူလုပ်သလိုလုပ်ရ မယ်။ သူကသေနတ်ကိုင်ထားရင် ဒို့က သေနတ်ကိုင်ရမယ်။ ယနေ့ အရေးကြီးဆုံးပြဿနာဟာ သေနတ်ကိုင်ဖို့ပဲ"ဟု ပြည်သူ့စစ် တာဝန်ခံ ကိုအေးဟန်က တင်ပြပါသည်။ (အလတ်အောက်အလွှာ)။

"ကျောရိုးတွေကို ပေါ်တာဆွဲ၊သတ်၊ ဖမ်း၊ ငတ်အောင်လုပ်နေတဲ့ နေဝင်းအပေါ် စိတ်ကူးမယဉ်နဲ့။ ကျုပ်အဖေ ဦးစံညွန့်ဟာ သူတို့သတ်လို့ သေရတာ။ ဒီလိုရန်သူကို သေနတ်ကိုင်မတိုက်ပဲ မရဘူး"ဟု ကိုလှကြည် က တင်ပြသွားပါသည်။ (အလတ်အောက်လွှာ)။

"၆၃-ငြိမ်းချမ်းရေးခေါ်တုန်းက၊ ကျုပ်တို့ချင်းတွေ ပြောနေကြရ တယ်။ ဒီကောင်တွေမယုံရဘူး။ နေဝင်းကို သွားပြီး လက်နက်တွေ အပ် ကုန်ရင် ခက်ကုန်မယ်။ ဒါကြောင့် သူတို့ မြို့ပေါ်တက်ချင် တက်ပါစေ။ လက်နက်ကို တောမှာထားပစ်ခဲ့ဖို့ လုပ်ကြရမယ်၊ ဒီလိုညှိပြီး ပါတီ ခေါင်းဆောင်တွေကို ကျနော်တို့ အကြံပေးတာကတော့ "ခင်ဗျားတို့ သေနတ်တွေထားပစ်ခဲ့။ ဥပဒေထဲဝင်လို့ အကြပ်အတည်း ရောက်လာရင် တောပြန်ခိုခဲ့ပေါ့။ အဲဒီတော့ သေနတ်တွေ အဆင်သင့်ဖြစ်တာပေါ့။ သေနတ်တော့ ယူမသွားကြနဲ့။လူချည်းပဲသွားကြ၊"လို့တင်ပြခဲ့ကြောင်း ဦးချစ်လှိုင်က ပြောခဲ့ပါသည်။

ရောမလူထုကြီးမှာ တော်လှန်ရေး အခြေအနေကောင်းသည်။ကျေး ရွာပြည်သူ့စစ်ဖွဲ့ပြီး တိုက်ရမယ်။ လက်နက်မကိုင်လို့ မဖြစ်ဟု တင်ပြ သွားကြပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ဘခက် သစ္စာဖောက်ထွက်ပြေးတုန်းကတွေ့ရင်ဖမ်းထားဖို့ ကျုပ်တို့ကိုပါတီက ညွှန်ကြားတယ်။ အဲဒီတော့ နဖူးမှဲ့ပါသူမှန်သမျှ ဖမ်းသတ်ဖို့ ကျုပ်တို့စီစဉ်ခဲ့တယ်။ ဒီလိုသစ္စာဖောက်တွေကို မုန်းလွန်းလို့ပါ။"

"ပါတီမှာ ဆက်ညှာတဲ့ လုပ်ငန်းစဉ်တွေများလွန်းလို့ လည်ဖြတ်ခံနေရတာ၊ ဘိုကြီးစခန်းတုန်းက သုံ့ပန်းတွေလဲပြန်လွှတ်၊ သစ္စာဖောက်တွေလဲလွှတ်ပစ်နဲ့ ဖြစ်နေတယ်။ ဒါဟာ ၅၅-အငွေ့အသက်တွေပဲ။"

စသည်ဖြင့် ပွင့်ပွင့်လင်းလင်း တင်ပြပြောဆိုကြပါသည်။ ဘန်ကာမှား ဆုတ်ခွာသွားတာနဲ့ပတ်သက်၍ "ဗလ"အုပ်စုမှလွဲ၍ ကျန် အားလုံးလူထုကတော့ အကြပ်အတည်းကြောင့်ဆုတ်ခွာတာ၊ နည်းပရိယာယ်ပြောင်းတာပဲ ဖြစ်နိုင်တယ်၊ စစ်ရေးသတိမပေါ့ဖို့ အကြံဥာဏ် ပေးကြပါတယ်။

လူထုအတွင်း ငြင်းခုန်ပွဲများပြုလုပ်ပြီးနောက် ၅၅-နိုင်ငံရေးလမ်းစဉ်ဖွင့်ချမှုနှင့် ၆၄-လမ်းစဉ် ရှင်းလင်းပွဲ ပြုလုပ်ပါသည်။ ဘခက်နှင့် ဖောင်အိုင်ကျေးရွာလက်နက်ချ"ဗလ"၏ အတွေးအခေါ်အယူအဆကို ဖော်ထုတ် ဖွင့်ချ တိုက်ခိုက်ခဲ့ပါသည်။

ပါတီနှင့် ရှင်းလင်းတင်ပြပြီးနောက် အလွှာလိုက် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်။လူထုထဲမှာတော့ ၅၅-နဲ့ ၆၄-စကားလုံးတွေခေတ်စားလာပါသည်။ "ရွှေဗျိုင်း-ဗလ"တို့ကို ကျေးရွာလူထုက သွားပြီး ဆွေးနွေးတာတွေ လုပ်လာပါသည်။ "ခင်ဗျားတို့ဟာ ၅၅-သမားတွေ ၆၄-ခေတ်မှာ ၅၅-သမားတွေမလွယ်ဘူး"ဟု ဝိုင်းပြောကြသဖြင့်"ရွှေဗျိုင်းနှင့် ဗလ" အကြောက်ကြီး ကြောက်ပြီး ပါတီဆီသို့ ပြေးလာကြပါသည်။ "ဗလ" အနေနဲ့ မိမိမှားကြောင်း ဝန်ခံလာပါတယ်။ ကျနော်ဟာ အလုပ်သမားတဦးဖြစ်ပါတယ်။ ဆရာချစ်တို့ ကိုပြုဝင်းတို့ကြားသွားရင် သေဖို့ပဲကောင်းတယ်။ ကျနော်ရဲ့ ဖောက်ပြန်တဲ့ခြေလှမ်းတွေရပ်ဖို့ ဆုံးဖြတ်ပြီးပါပြီ။ ပါတီက လိုရာအသုံးချပါ။ ရာဇဝင်ကြွေး ပြန်ဆပ်ပါမယ် ဟု တင်ပြလာပါတယ်။ "ရွှေဗျိုင်း"ကလဲ ကျနော် မှားကြောင်း ဝန်ခံ တင်ပြလာပါတယ်။

စတုတ္ထခြေလှမ်း

၆၄-လမ်းစဉ်တင်ပြပြီးနောက် ၅၅-ဝေဖန်ရေးလုပ်ပြီးနောက် ရန်ငါစည်း ပြတ်အောင် ထပ်မံ၍ လူထုဘဝဟာစ်တိုင် ပြုလုပ်ခဲ့ပါသည်။ စမ်းသပ် လုပ်ကိုင်ခြင်း ဖြစ်ပါသည်။ ဖောင်အိုင်မြို့ကျကို အခြေခံပြီး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျေးရွာ(၁၁)ရွာမှခေါင်းဆောင်များဘိတ်ကြားပြီး ပြုလုပ်ခဲ့ပါသည်။ ၎င်းဆွေးနွေးပွဲတွင်ပါတီအနေနဲ့ စွဲချက်တင်ပြီး မြို့ကျ၊ နတ်ဝင်စု၊ ဖောင်အိုင်၊ သမ္မတိး စသည့်ရွာများမှ စွဲချက်တင်ကြပါသည်။ ၎င်းအစည်းအဝေးမှတ်တမ်း ရဲဘော်လှတင်ထံတွင် ရှိပါသည်။

ယခု ဖောင်အိုင်ကျေးရွာတွင် ရွာတွင်းပြဿနာဖြေရှင်းရေးကို ဆက်လက် လုပ်ကိုင်ရန် လိုပါသေးသည်။

စိန်ဝင်း

ရဲဘော်မစိန်ဝင်း(မမျိုးသန့်-ပီကင်းပြန်)သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသတွင်"ပေါက်ခေါင်းလမ်း"အဆက်အဖြစ်ဖြင့် အာဏာနိုင်တည်ဆောက်ရေးကို အကောင်အထည်ဖော်ရန်အတွက် "အဓိကစူးစမ်းလေ့လာရေးအဖွဲ့"ကို ဖွဲ့စည်းလျက် "ကျေးရွာကျောင်းရိုးမျှား"ကို စုစည်း၍နေ၏။ ယင်းကျေးရွာကျောင်းရိုးမျှားအတွင်းမှပင်"အမာခံကျောင်းရိုးမျှား"ကို စိစစ်၍ရွေးထုတ်ခဲ့၏။ ထိုအမာခံကျောင်းရိုးမျှားသည် ဗမာပြည်ကွန်မြူနစ်ပါတီအတွက် အာဏာနိုင်တည်ဆောက်ရေး၏"မဏ္ဍိုင်"မျှား ဖြစ်လာကြတော့သည်။

ရဲဘော် မစိန်ဝင်းတို့သည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ လုပ်ငန်းစဉ်၊ လမ်းစဉ် ပေါ်လစီမျှားကို အမာခံကျောင်းရိုးမျှားမှ တဆင့် အကောင်အထည် ဖော်ကြလေသည်။

ယင်းသို့အမာခံကျောင်းရိုးမျှားမှတဆင့် အကောင်အထည်ဖော်ရာတွင်"ဆင်းရဲကို ဆင်းရဲနှင့် ပြန်လည်တိုက်ခိုက်စေခြင်း၊အလတ်ကိုအလတ်နှင့် ပြန်လည်တိုက်စေခြင်း"စသည့်အတန်းအစား၊ အလွှာ အချင်းချင်းကို ပြန်လည်၍ တိုက်ခိုက်စေသည့်နည်းကိုပင် အသုံးပြုကြ၏။

ဤသည်မှာ "ငါးကြင်းဆီနှင့်ငါးကြင်းကြော်သည့်ပေါ်လစီ"ကိုပင် ကျင့်သုံးခြင်း ဖြစ်လေသည်။

နောက်ဆုံးတွင် ရဲဘော် မစိန်ဝင်းသည် သာယာဝတီခရိုင် အတွင်းတွင် ရှိသော ကျေးရွာကျောင်းရိုးမျှားအား အဓိက စူးစမ်းလေ့လာရေး အဖွဲ့မှ တဆင့် အောက်ပါ ကြေးကြော်သံမျှားကို ကြေးကြော်စေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်မစိန်ဝင်း(ခ) မမျိုးသန့်၏ လက်ရေးမူ



ပေါက်ခေါင်းလမ်းကြောင်းအဆက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကြေးကြော်သံများ။

၁။ ဂျပန်ခေတ်ထက် ဆိုးတာဘယ်ခေတ်လဲ (နေဝင်းခေတ်) ၂
၂။ ငါးပိ–ဆားငတ်အောင်လုပ်တာ ဘယ်သူလဲ (နေဝင်း) ၂
၃။ လူထုငတ်သေအောင်လုပ်တာ ဘယ်သူလဲ (နေဝင်း) ၂
၄။ ပေါ်တာဆွဲတာ ဘယ်သူလဲ (နေဝင်း) ၂
၅။ အမျိုးသမီးတွေကို ဖျက်ဆီးတာ ဘယ်သူလဲ (နေဝင်းတပ်) ၂
၆။ နေဝင်းအစိုးရကို ဘယ်လိုလုပ်မလဲ (အပြုတ်တိုက်မယ်) ၂
၇။ နေဝင်းစစ်တပ်ကို ဘယ်လိုလုပ်မလဲ (လက်နက်ကိုင်တိုက်) ၂
၈။ အညွှံခံလမ်းစဉ်ဟာ (၅၅) ၂
၉။ ၅၅-လမ်းစဉ် အတွေးအခေါ်ကို (တိုက်ဖျက်ပစ်) ၂
၁၀။ နေဝင်းအဖေခေါ်ချင်တဲ့ ပြန်ပြင်ရေးသမားတွေကို (ချပစ်-သတ်ပစ်) ၂
၁၁။ နေဝင်းနောက်လိုက်ခွေးဟာ ဘယ်သူလဲ (ဘခက်) ၂
၁၂။ ဘခက်လို သစ္စာဖောက်တွေကို (သတ်ပစ်) ၂
၁၃။ စစ်အနိုင်တိုက်ရေးလမ်းစဉ်ဟာ (၆၄) ၂
၁၄။ စစ်အနိုင်တိုက်ရေး၊ အာဏာသိမ်းရေး (တို့အရေး) ၂
၁၅။ ၆၄-လမ်းစဉ် အောင်ပွဲခံဖို့ (ကြိုးပမ်းကြ) ၂
၁၆။ ငါတို့တော်လှန်ရေး (မုချအောင်ရမည်) ၂
၁၇။ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း (သက်တော်ရာကျော်ရှည်ပါစေ) ၂
၁၈။ ဗမာပြည်ကွန်မြူနစ်ပါတီ (အဓွန့်ရှည်ပါစေ) ၂
၁၉။ ပြည်သူတွေငတ်အောင်လုပ်တာ ဘယ်သူလဲ (နေဝင်း) ၂
၂၀။ ပြည်သူတွေရဲ့ ပုတ်နခမ်းလှီးတာ ဘယ်သူလဲ (နေဝင်း) ၂
၂၁။ ငတ်ပြီးသေလို့ မသာပေါတာ (နေဝင်းခေတ်) ၂
၂၂။ ငတ်အောင်လုပ်တဲ့အစိုးရကို (အပြုတ်တိုက်) ၂
၂၃။ ငတ်ရင်းအသေခံမလား၊တိုက်ရင်း အောင်ပွဲယူမလား
(တိုက်ရင်း အောင်ပွဲယူမယ်) ၂
၂၄။ နေဝင်းဒီက ဆန်တွေကို (လုယူကြ) ၂
၂၅။ ရိက္ခာသိမ်းပွဲများ (ဆင်နွှဲကြ) ၂
၂၆။ ဝမ်းစာအတွက် လက်နက်ကိုင်ပြီး (တိုက်ပွဲဝင်ကြ) ၂
၂၇။ ပြည်သူတွေကိုအငတ်ထားပြီး
နိုင်ငံခြားဆန်ပို့တာ (ဆန့်ကျင်ကြ) ၂
၂၈။ လွတ်မြောက်ချင်ရင် (သေနတ်ကိုင်ကြ) ၂

ခိန်ဝင်း

ရဲဘော်မစိန်ဝင်း(ခ) မငြိုးသင့်၏ လက်ရေးမူ



အာကာနီတည်ဆောက်ရေး၏ ကြွေးကြော်သံများ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်မှာ သာယာဝတီခရိုင်အတွင်းတွင်ရှိသော ကျေးရွာ ကျောရိုးများအတွက် ရဲဘော် မစိန်ဝင်း (မမျိုးသန့်-ပီကင်းပြန်) ကိုယ်တိုင် ရေးပေးသော ကြေးမုံကြော်ငြာများပင် ဖြစ်လေသည်။

ရဲဘော်မစိန်ဝင်းသည် "ပေါက်ခေါင်းလမ်း"၏ အဆက်အဖြစ်ဖြင့်၊ သာယာဝတီခရိုင်တွင်း အာဏာနီတည်ဆောက်ရေး၏ ရန်သူများကို ပြတ်ပြတ်သားသား သုတ်သင်ရှင်းလင်းရမည် ဟူသော အတွေးအခေါ် လမ်းညွှန်ကို ကိုယ်တိုင်ကိုယ်ကျ ဦးစီးရွှေဆောင်လျက်၊ ပို၍ပို၍ တိုး၍တိုး၍သာ အကောင်အထည် ဖော်ခဲ့လေသည်။

ရဲဘော်မစိန်ဝင်းခေါင်းဆောင်သော သာယာဝတီခရိုင် အာဏာနီ တည်ဆောက်ရေး အလုပ်အဖွဲ့သည် သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် အရှေ့ခြမ်းနှင့် နတ္တလင်းမြို့နယ်၊တောင်ညိုဒေသတို့မှ တောင်သူကြီးများနှင့် လယ်သူမကြီးများအား အာဏာနီတည်ဆောက်ရေး၏ ရန်သူများ၊ တနည်းအားဖြင့်"ကျေးလက်နေဝင်းလေးများ"ဟု သတ်မှတ်၍ အလွန်ရက်စက်စွာပင် လုပ်ကြံ သတ်ဖြတ်ကြ၏။ စုစုပေါင်း(၅၀)ကျော်ပင် ရှိလေသည်။

ထို့နောက်ဗမာပြည်ကွန်မြူနစ်ပါတီ၏"စိန်သိန်းမြို့နယ်"နှင့်"ဇ°ညိုမြို့နယ်" တို့တွင်လည်း ရဲဘော်မစိန်ဝင်းနှင့် သာယာဝတီ ခရိုင်ကော်မီတီ ဗိုလ်စိန်မင်းတို့သည် "ပေါက်ခေါင်းလမ်းကြောင်း၏အဆက်"ဟူ၍ဆိုကာ၊ ကျေးလက်အာဏာနီကို လက်တွေ့ပင် တည်ဆောက်ကြလေတော့သည်။

(မှတ်ချက်။ ။"စိန်သိန်းမြို့နယ်" ဆိုသည်မှာ ဇီးကုန်း မြို့နယ်နှင့် ကြို့ပင်ကောက်မြို့၏ အနောက်ခြမ်းတွင် ရန်ကုန်-ပြည်ရထား လမ်းမှ ဧရာဝတီမြစ်အတွင်း၌ရှိသော ကြားဒေသကို ခေါ်ဆိုပါသည်။

"ဇ°ညိုမြို့နယ်"ဆိုသည်မှာ လက်ပန်းတန်း၊ မင်းလှ၊ အုတ်ဖိုမြို့နယ်တို့၏ အနောက်ခြမ်းအား ခေါ်ဆိုထားခြင်း ဖြစ်ပါသည်။

"စိန်သိန်း"ဟူ၍ နာမည်ပေးခြင်းမှာ လက်နက်ကိုင် တိုက်ပွဲအတွင်းတွင်ကျဆုံးသွားသော သာယာဝတီခရိုင် ကေအင်န်ယူပါတီမှ ခရိုင်ခေါင်းဆောင်တဦးဖြစ်သည့် ဗိုလ်စိန်ညို၏ အမည်မှရှေ့ဆုံးအလုံးဖြစ်သည့် "စိန်"ကို ဂုဏ်ပြုသည့်အနေဖြင့် ယူထားခြင်းဖြစ်သည်။"သိန်း"မှာမူ ဗမာပြည်ကွန်မြူနစ်ပါတီ သာယာဝတီခရိုင်မှ ခရိုင် ခေါင်းဆောင်တဦး ဖြစ်သည့် ရဲဘော်သိန်းဇ°၏ အမည့်မှ ရှေ့ဆုံးအလုံးဖြစ်သည့် "သိန်း"ကိုယူထားခြင်းဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့အတူပင် "ဇော်ညို"ဆိုသည်မှာလည်း ရဲဘော်သိန်းဇော်၏ နောက်ဆုံးအလုံးဖြစ်သည့် "ဇော်"ကို ယူထားပြီး၊ ခိုလ်စိန်ညို၏ နောက်ဆုံးအလုံး "ညို" ကို ယူထားပြီး အမည် မှည့်ခေါ်၍ ဂုဏ်ပြုထားခြင်းဖြစ်ပါသည်။ စာရေးသူ။)

ယင်းမြို့နယ်တို့တွင်လည်း ရဲဘော် မစိန်ဝင်းသည် "ပေါက်ခေါင်း လမ်းကြောင်း၏အဆက်"ဟု ဆိုကာ "ကျေးလက်နေဝင်းလေးများအား သုတ်သင်ရေး လှုပ်ရှားမှု"ကို ဖော်ထုတ်၍ တပ်နီအမျိုးသမီးများ၊ တပ်နီလူငယ် များအား တိုက်ရိုက်ညွှန်ကြား ရှေ့ဆောင်ခဲ့၏။ ရဲဘော်မစိန်ဝင်းသည် ကိုယ်တိုင် ဦးစီး၍လည်း ရက်စက်စွာသတ်ဖြတ်ခဲ့၏။ ထို့ပြင် နှိပ်စက်နည်းမျိုးစုံနှင့်သတ်ဖြတ်နည်းဆိုင်ရာ အတွေ့အကြုံများကိုလည်း လက်တွေ့နှင့် ပေါင်းစပ်၍ မဟာ မော်စီတုံး အတွေးအခေါ်များနှင့်အတူ၊ ဟောပြောပို့ချခဲ့လေသည်။

"ရန်သူနေဝင်းလေးတွေကို အခုလို ဒုတ်နဲ့ရိုက် ဓါးနဲ့ခုတ်ပြီး ဆုံးမတာဟာ အသက်ညှာဆုံးထားပြီးဆုံးမတာ ဖြစ်တယ်။ ဒါဟာတကဲ့ နေဝင်းကြီးကို သုတ်သင်ဖို့အတွက် အကြိုလေ့ကျင့်မှုနဲ့ စမ်းသပ်မှုလို့သဘောထားရမယ်။ တကဲ့နေဝင်းကြီးဟာ မကြာခင်မှာ ငါတို့လက်ထဲမှာ ကားယားကြီး ကျလာတော့မှာဖြစ်တယ်။

ဒါကြောင်မို့ မကြာခင်မှာတကဲ့နေဝင်းကြီးကို အပြင်းထန်ဆုံးသုတ်သင်နိုင်ဖို့ အတွက် အခုအခါမှာ နေဝင်းလေးတွေကို သုတ်သင်ရတဲ့ အကြိုလေ့ကျင့်မှုနဲ့စမ်းသပ်မှုတွေမှာ ရဲဘော်အားလုံးဟာ အတက်ကြွဆုံးပါဝင်ကြဖို့လိုတယ်။ ပြတ်သားဖို့လိုတယ်။

ဒီနယ်မှာနေဝင်းလေးတွေဟာ ပိုးပြားများပြားတယ်။ ဒါကြောင့် ပိုပြီးသုတ်သင်ဖို့လုပ်ရမယ်။ နေဝင်းလေးတွေကို များများသုတ်သင်နိုင်လေ တကဲ့နေဝင်းကြီးကို ဖမ်းမိဖို့ဟာ ပိုပြီးနီးလာဖြစ်မယ်ဆိုတာကတော့ဘာရှားပဲ။တကဲ့နေဝင်းကြီးလွတ်ထွက်မသွားအောင် အားလုံးကို စုစည်းထားရမယ်။ အခုအချိန်ကစပြီး တော့၊ တကဲ့နေဝင်းကြီးကိုနောက်ဆုံး သုတ်သင်ဖို့အတွက် အခုရှိနေကြတဲ့တပ်နီအမျိုးသမီးတွေ တပ်နီလူငယ်တွေဟာ နေဝင်းလေးတွေကိုအစွမ်းကုန် သုတ်သင်ရှင်းလင်းရင်းနဲ့ "ခေါင်းဆောင်ကြီး" တွေနဲ့ "ခေတ်ကြီး" တွေကို သွေးအောင်ကျွေးထားပြီး အသင့်ဖြစ်နေစေရမယ်။"

ယင်းသို့ ရဲဘော်မစိန်ဝင်းတို့သည် မဟာအတွေး အခေါ်များကို ဩဝါဒပေးပြီးနောက် "နေဝင်းလေးများသုတ်သင်ရေး အကြိုလေ့ကျင့်မှု၊ စမ်းသပ်မှု" တို့ကို "စိန်သိန်းမြို့နယ်" နှင့် "ဇော်ညိုမြို့နယ်" တို့တွင် အဆက်မပြတ်အတော မသတ်ပင် အကောင်အထည် ဖော်ကြလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ကြောင့်ပင် "အကြိုလေ့ကျင့်မှုနှင့်စမ်းသပ်မှု" တွင် အသတ်ခံကြရသော လယ်သမားဦးကြီးများမှာလည်း စုစုပေါင်း (၁၀၀) ပင် ကျော်ခဲ့လေသည်။

ဤသည်မှာ ပဲခူးရိုးမတိုင်း အတွင်း၌ရှိသော သာယာဝတီခရိုင်၏ အခိက အပိုင်းတပိုင်းမှ "ပေါက်ခေါင်းလမ်းကြောင်း"၏ အဆက်ပင်ဖြစ်လေသည်။

ပဲခူးရိုးမတိုင်းအတွင်း၌ လက်တွေ့တည်ဆောက်နေသော အာဏာနီ တည်ဆောက်ရေးကဲ့သို့ပင် ဗမာပြည်ကွန်မြူနစ်ပါတီသည် မြစ်ဖျားဒေသတိုင်း၊ရခိုင်တိုင်းနှင့် အနောက်မြောက်တိုင်းတို့တွင် အာဏာနီဒေသများကို အစွမ်းကုန်ပင် တည်ဆောက်၍နေကြ၏။ မြစ်ဝကျွန်းပေါ်တိုင်းနှင့် တနင်္သာရီ တိုင်းတို့တွင်လည်း "ပေါက်ခေါင်းလမ်းကြောင်း"၏ အဆက်အဖြစ်ဖြင့် ကျေး လက်အာဏာနီကို ဆက်လက်၍ပင် အင်နှင့်အားနှင့် တည်ဆောက်၍နေကြ၏။ ထို့ကြောင့်ပင် ယင်းဒေသများတွင် ရှိသော တောင်သူ လယ်သမား များ အား "ကျေးလက်နေဝင်းလေးများ သို့မဟုတ် ဒေါက်တိုင်များ"ဟူ၍ သတ်မှတ်ကာ နေ့စဉ်နှင့်အမျှပင် ရှင်းလင်းသုတ်သင်လျက် နေကြလေသည်။

ယခုအခါတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်ခရိုင် ပေါက်ခေါင်း လမ်းကြောင်း၏"မဟာလက်နက်များ"ဖြစ်သော"ငဆော်ကြီး"နှင့်"ခေတ်ကြီး" တို့သည်လည်း ဗမာပြည်ကွန်မြူနစ်ပါတီ၏ အာဏာနီတည်ဆောက်ရာ အရပ်ဒေသတိုင်း၏ "မဟာလက်နက်များ"ပင် ဖြစ်၍ နေလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၅

ဗဟိုဆေးကျောင်း

၁။ ဗဟိုဆေးကျောင်း၏ ရည်ရွယ်ချက်

၁၉၆၇-ခုနှစ် ဇူလိုင်လ ဒုတိယအပတ်အတွင်းတွင် ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်ခစန်းသည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ ဝါးနက်ချောင်းဖျားတွင် စခန်းချ၍ထား လေသည်။

တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် ဗဟိုစစ်ကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်း၏"ရန်သူ့ ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့် ချေမှုန်းရမည်"ဟူသော လမ်းညွှန် ပေါ်လစီနှင့် ညွှန်ကြားချက်ကို လက်တွေ့ အကောင် အထည်ဖော် နိုင်ရန်အတွက် ဘက်ပေါင်းစုံမှ ပြင်ဆင်နေလေသည်။

ယင်းလမ်းညွှန် ပေါ်လစီနှင့် ညွှန်ကြားချက်ကို အကောင် အထည်ဖော်ရန် အတွက် အရေးကြီးသော လုပ်ငန်းတရပ်မှာ"ပြည်သူ့ကျန်းမာရေး တပ်မတော် တည်ဆောက်ရေး"ပင်ဖြစ်သည်ဟု တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့မှ ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် ပြည်သူ့ကျန်း မာရေး တပ်မတော် တည်ဆောက်ရေးအတွက်ဗမာတပြည်လုံးကိုပါအခြာမခံနိုင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မည့် "ဗဟိုပြည်သူ့ကျန်းမာရေးအဖွဲ့ကြီး"ကိုပါ တည်ဆောက်၍ ခေါင်းဆောင်ရန်အတွက် တာဝန်ခံတဦးကို အထူးပင် ရွေးချယ်လိုက်၏။ ယင်းတာဝန်ခံမှာ ရဲဘော်ထွန်းရှိန် (ခ) ဗေဒြိမ်းပင်ဖြစ်၏။ ပီကင်းပြန်ဖြစ်၏။ ရဲဘော်ထွန်းရှိန်သည် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့၏ အထူးအားကိုးအားထားပြုခြင်းကို ခံရသူတဦးပင်ဖြစ်၏။ ထို့ပြင် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့အား နိုင်ငံရေးအရ၊ အတွေးအခေါ်အရ၊ စည်းရုံးရေးအရ ဘက်(၃)ဘက်တို့မှလည်း လုံးဝအာမခံနိုင်သူဖြစ်၏။ ထို့ပြင် ရဲဘော်ဌေးနှင့် ရဲဘော်ဘတင်ဗိုလ်ရန်အောင်တို့အား လုပ်ကြံသတ်ဖြတ်ရာတွင်လည်း အတက်ကြွဆုံးပါဝင်ခဲ့သူဖြစ်၏။ ရှေ့တန်းအကျဆုံးသူဖြစ်၏။ ဗဟိုစခန်းမှ ကျောင်းရီး တပ်နီလူငယ်များ၏ ဦးစီးခေါင်းဆောင်လည်းဖြစ်၏။ ဖြုတ်၊ ထုတ်၊ သတ် စိမ်ကိန်းကို ရေးဆွဲသူနှင့် အကောင်အထည် ဖော်သူလည်းဖြစ်သည်။

အမှန်စင်စစ်အားဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီတွင် ပြည်သူ့ ကျန်းမာရေးနှင့် ပတ်သက်၍ အစဉ်အလာအရှိဆုံးနှင့် အတွေ့အကြုံ အများဆုံးရှိသူမှာ ရဲဘော်ထွန်းမောင်(ခ)ဒေါက်တာနတ်ဖြစ်၏။ ဒေါက်တာနတ်သည် ဗမာပြည်ကွန်မြူနစ်ပါတီ အတွင်းတွင် တဦးတည်းသော ဆေးသိပ္ပံဘွဲ့ရ ဆရာဝန်ဖြစ်၏။ ဆေးကုသမှုဆိုင်ရာတွင် အတွေ့အကြုံလည်း အလွန်ပင် ရင့်ကျက်သူဖြစ်၏။ ထို့ကြောင့်ပင် ၁၉၅၀-ပြည့်နှစ်တွင် ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အလယ်ရွာ၌(၉)လ ဆေးသင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့၏။ ယင်းသင်တန်းကျောင်းသည် ဗမာပြည်တပြည်လုံး၌ ရှိသော အဆင့်မြင့်သော"ဆေးကေဒါများ"ကို စုစည်း၍ သင်ကြားခဲ့ခြင်းဖြစ်၏။ ဤသည်မှာ ပထမဦးဆုံးအကြိမ်အဖြစ်ဖြင့် အဆင့်မြင့်သော ဆေးကေဒါများကို လေ့ကျင့် မွေးမြူပေးခဲ့ခြင်းဖြစ်လေသည်။

သို့သော်လည်း ၁၉၆၄-ခုနှစ် နောက်ပိုင်းတွင်မူ ဒေါက်တာနတ်အား ၅၅-ငြိမ်းချမ်းရေးသမား "ဖြုတ်၊ ထုတ်၊ သတ် စိမ်ကိန်းကို ဆန့်ကျင်သူ" "ပါတီဥက္ကဋ္ဌကိုဆန့်ကျင်ခဲ့သူ" "ပီကင်းပြန်များကို ဆန့်ကျင်သူ" "စိန့်-ပိန်ဂိုဏ်း၏အတက်"ဟူသော သတ်မှတ်ချက်များဖြင့် မိမိကိုယ်ကို အလေးအနက် စိစစ်စေ၏။ ဦးကျောက်ဆေးကျော သန့်ရှင်းရေးကိုသာ အစိကပြုလုပ်၍ နေစေသည်။

တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် ရဲဘော်ထွန်းရှိန်(ခ)ဗေဒြိမ်း၏တော်လှန်သော မဟာအတွေး အခေါ်နှင့် ပတ်သက်သော အတွေ့အကြုံကြွယ်ဝမှုနှင့် ရင့်ကျက်မှုတို့အရ အဖက်ဖက်တွင် စမ်းသပ်ခဲ့ပြီးဖြစ်၏။ ရဲဘော်ထွန်းရှိန်၏ သမိုင်းအစဉ်အလာနှင့် နိုင်ငံတကာ့ အတွေ့အကြုံများကို ပို၍အလေးထားခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းရှိန်(ခ)ဖေငြိမ်းသည် ဦးကြူး-ဒေါ်မမကြီးတို့၏ သားဖြစ်၏။ ၁၉၂၂-ခုနှစ် အောက်တိုဘာလ (၂၂)ရက်နေ့တွင် မန္တလေးခရိုင် စဉ့်ကူးအပိုင် ထုံးကြီးရွာတွင်မွေးဖွားခဲ့၏။ အင်္ဂလိပ်မြန်မာ(၁၀)တန်းအောင်မြင်ခဲ့ပြီး၊ရန်ကုန် တက္ကသိုလ်သို့ ဆက်လက်၍ ပညာသင်ကြားခဲ့၏။ ဥပစာသိပ္ပံကို ရန်ကုန် တက္ကသိုလ်မှပင် အောင်မြင်ခဲ့လေသည်။

ရဲဘော်ထွန်းရှိန်သည် ၁၉၃၈ ခုနှစ် ဗိုလ်အောင်ကျော်ကျောင်းသားလှုပ် ရှားမှုတွင် ခေါင်းဆောင်တဦးအဖြစ် ပါဝင်ခဲ့သည်။

၁၉၄၅-ခုနှစ် ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့်အချိန်တွင် ရဲဘော်ထွန်းရှိန်သည် (အမ်ဘီဘီအက်စ်)ဆေးသိပ္ပံဘွဲ့ကိုရယူရန်အတွက်၊ အိန္ဒိယပြည်သို့ သွားရောက် ပညာသင်ခဲ့သည်။

ရဲဘော်ထွန်းရှိန်သည် ၁၉၄၇-ခုနှစ်တွင် အိန္ဒိယပြည် ကာလကတ္တားမြို့၌ရှိ သော "မြန်မာအမျိုးသားများအစည်းအရုံး"တွင် အတွင်းရေးမှူးအဖြစ်ဖြင့် တာဝန်ယူခဲ့သည်။

ထို့နောက် အိန္ဒိယပြည်နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂညီလာခံသို့တက် ရောက်ခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ခေါင်းဆောင် များဖြစ်သည့် ကိုညီညီ(လင်းယုန်နီ)၊ကိုစောလွင်(ကိုချစ်ရီ)၊ကိုတင်ရွှေ(ရဲဘော် ချမ်းအေး)တို့နှင့်အတူ ၁၉၄၉-ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့သို့ ပြန် လည်ရောက်ရှိခဲ့သည်။

၁၉၄၉-ခုနှစ် ဇူလိုင်လတွင်မူ ရဲဘော်ထွန်းရှိန်အား ချက်ကိုစလိုဗေးကီးယား ပြည် ပရာဟာမြို့တွင်ရှိသော ကမ္ဘာ့ကျောင်းသားများ သမဂ္ဂအဖွဲ့ချုပ်သို့ ဗမာ ပြည်ကွန်မြူနစ်ပါတီ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂကိုယ်စား လှယ်အဖြစ်ဖြင့် စေလွှတ်ခဲ့လေသည်။

ရဲဘော်ထွန်းရှိန်သည်ချက်ကိုစလိုဗေးကီးယားပြည်ပရာဟာမြို့တွင်နေထိုင်ပြီး ကမ္ဘာ့ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်း သားသမဂ္ဂကိုယ်စားလှယ်အဖြစ်ဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီ၏ တရားဝင် ကိုယ်စားလှယ်နေရာကို ယူခဲ့လေသည်။

ထို့နောက်တွင် ရဲဘော်ထွန်းရှိန်သည် ကမ္ဘာ့ကျောင်းသား လှုပ်ရှားမှုများ၊ ကမ္ဘာ့လူငယ်ပွဲတော်များ ကမ္ဘာ့ ငြိမ်းချမ်းရေးကွန်ဂရက်များသို့လည်း ဗမာပြည် ကွန်မြူနစ်ပါတီ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



၁၉၅၀-ခုနှစ်၌ ရဲဘော်ထွန်းရှိန်သည်ချက်ကိုစလိုဗေးကီးယားပြည် ပရာဟာ မြို့တော်တွင် ပြောက်ကိုးရီးယား ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အား နှုတ်ဆက်နေခြင်းဖြစ်ပါသည်။

ရဲဘော်ထွန်းရှိန်သည် ၁၉၅၁-ခုနှစ် ဩဂုတ်လတွင် ဂျာမနီပြည် ဘာလင်မြို့တော်၌ ကျင်းပသော တတိယအကြိမ်မြောက် ကမ္ဘာ့ ကျောင်းသားလူငယ်ပွဲတော်သို့ ဗမာပြည်မှတက်ရောက်ကြသော ဗိုလ်သိန်းလှိုင်၊ ဦးချစ်လှိုင်၊ သခင်လေးမောင်နှင့် ပရာဟာမြို့၌ ဗမာပြည် ကွန်မြူနစ်ပါတီမှ လွှဲဝှက်၍ စေလွှတ်ထားသော ရဲဘော်ခင်ဝင်းတို့နှင့်အတူ တက်ရောက်ခဲ့လေသည်။

၁၉၅၂-ခုနှစ် မတ်လတွင် ကမ္ဘာ့ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ်မှ ထုတ်ဝေသော "ကိုလိုနီစံနစ် ဆန့်ကျင်ရေးကျောင်းသားများ" သတင်းစဉ်တွင် ရဲဘော်ထွန်းရှိန်သည် ဗမာပြည် လက်နက်ကိုင် တိုက်ပွဲနှင့် ပတ်သက်သော ဆောင်းပါးတစောင်ကို ရေးသား ထည့်သွင်းခဲ့၏။ ယင်း ဆောင်းပါးမှာ—

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

"ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် မြန်မာ ကျောင်းသားများ၏ တိုက်ပွဲ"ဟူ၍ ဖြစ်သည်။

ရဲဘော်ထွန်းရှိန်သည် ချက်ကိုစလိုဗေးကီးယားပြည်တွင် နာမည်အမျိုးမျိုးကို ပြောင်းလဲ၍ အသုံးပြုခဲ့၏။ ရဲဘော်ထွန်းရှိန် (ခ) တီ-အက်စ်-ဘားမား (T.S.BIRMIR) (ခ) သာဖြိုး (ခ) စိန်ဖြိုး စသည်တို့ ဖြစ်လေသည်။

ရဲဘော်ထွန်းရှိန်သည် ဟန်ဂေရီပြည် ဘူဒါပက်(ဒ်)မြို့တော်တွင် ကျင်းပသည့် လူငယ်ပွဲတော်သို့ ဗမာပြည်ကွန်မြူနစ်ပါတီလူငယ်၊ ကျောင်းသားအဖွဲ့၏ ကိုယ်စားလှယ်အဖြစ်ဖြင့် တက်ရောက်နေခြင်းဖြစ်ပါသည်။

(မှတ်ချက်။ ။ရဲဘော်ထွန်းရှိန်သည်ချက်ကိုစလိုဗေးကီးယားပြည်တွင်နေထိုင်စဉ်၌ ရန်ကုန်မြို့၌ရှိနေသော ချစ်သူ "စိန်" အားတတမ်းတတ ဖြစ်နေသည်။ လွမ်းဆွတ်နေသည်။ ထို့ကြောင့်၍ "စိန်ဖြိုး" ဟူသောအမည်ကို ဖြေသာ ပြေသာစေရန်အတွက် မှည့်ခေါ်ထားခြင်းဖြစ်ပါသည်။ စာရေးသူ။)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအချိန်တွင်ချက်ကိုစလိုဗေးကီးယားပြည်၊ပရာဟာမြို့၌ရဲဘော်ထွန်းရှိန်နှင့်အတူ ဗမာပြည် ကွန်မြူနစ်ပါတီ၏ ကိုယ်စားလှယ်အဖြစ် တာဝန်ပေးထားသူ နှစ်ဦးလည်းရှိ၏။ယင်းတို့မှာ သိန်းမောင် (ခ) ထွန်းကြည် (ခ) ရဲထွန်း (ခ)ရဲခေါင်(ခ)ခင်မောင်ဝင်း(ခ)မင်းလတ်နှင့် ထွန်းရွှေ(ခ) ငြိမ်းသာ (ခ) ကြည်မောင် (ခ) သာထွန်း (ခ) ခင်ဝင်းတို့ဖြစ်ကြသည်။

၁၉၅၁-ခုနှစ် ဒုတိယအကြိမ်မြောက် ကမ္ဘာ့လူငယ်ပွဲတော်သို့ တက်ရောက်ခဲ့ကြသူများဖြစ်ပါသည်။ (ဝဲမှ ယာ) ဗိုလ်သိန်းလှိုင်၊ ရဲဘော်ထွန်းရှိန်၊ဦးချစ်လှိုင်၊ သခင်လေးမောင်၊ ရဲဘော်ခင်ဝင်း။

ရဲဘော်ထွန်းရှိန်သည် ၁၉၅၇-ခုနှစ် အောက်တိုဘာလတွင် ပရာဟာမြို့မှတဆင့် တရုပ်ပြည် ဇီချွမ်းပြည်နယ် ချုံကင်းမြို့သို့ ရောက်ရှိလာခဲ့၏။ ရဲဘော်ထွန်းရှိန်နှင့်အတူ ရဲဘော်ခင်ဝင်းလည်း လိုက်ပါခဲ့လေသည်။

ရဲဘော်ထွန်းရှိန်တို့အား ဗမာပြည် ကွန်မြူနစ်ပါတီ၏ အဝေးရောက်ဗဟိုကော်မီတီသည် တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ ညွှန်ကြားချက်အရ တရုပ်ပြည်သို့ ခေါ်ယူလိုက်ခြင်းဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တရုပ်ပြည် ကွန်မြူနစ်ပါတီသည် ရဲဘော်ထွန်းရှိန်အား တရုပ်နာမည်ကို ချက်ခြင်းပင် ပြောင်းလဲ၍ ပေးလိုက်၏။ ထို့နောက် ရဲဘော်ထွန်းရှိန်သည် "ဝမ်ရှင်း"ဟုဖြစ်လာတော့သည်။

တရုပ်ပြည် ကွန်မြူနစ်ပါတီသည် ရဲဘော်ထွန်းရှိန်အား ၁၉၅၇-ခုနှစ်အောက်တိုဘာလတွင်ပင်"ဗဟိုမာ့က်စ်လီနင်ဝါဒ နိုင်ငံရေးတက္ကသိုလ်"သို့ တက်ရောက်၍ သင်ကြားစေခဲ့၏။ ရဲဘော်ထွန်းရှိန်သည် ယင်းနိုင်ငံရေးတက္ကသိုလ်၌ လေ့လာရေး အတန်း(၆)၏ ဒုတိယ တာဝန်ခံအဖြစ် တာဝန်ပေးအပ်ခြင်းကိုခံရ၏။ ၁၉၆၀-ခုနှစ် ဩဂုတ်လတွင်မူ ဗဟိုမာ့က်စ် လီနင်ဝါဒ နိုင်ငံရေးတက္ကသိုလ်မှ သင်ရိုးညွှန်းတမ်းသည် ပြီးဆုံးခဲ့၏။

ထို့ကြောင့် တရုပ်ပြည် ကွန်မြူနစ်ပါတီသည် ရဲဘော်ထွန်းရှိန်အား ၁၉၆၀ ခုနှစ်နှစ် အောက်တိုဘာလတွင် ဇီချွမ်းပြည်နယ် နန်ချုံမြို့ပြည်သူ့ကျန်းမာရေး ဌာန၌ တွဲဘက်ဌာနတာဝန်ခံအဖြစ် ခန့်အပ်ခဲ့လေသည်။

ရဲဘော်ထွန်းရှိန်(ခ)ဖေငြိမ်းသည် နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု အတွေ့အကြုံများကိုလည်းကောင်း၊ တရုပ်ပြည် ပြည်သူ့ကျန်းမာရေးနှင့် ဆေးလုပ်ငန်းအတွေ့အကြုံများကိုလည်းကောင်း သဘောတရားနှင့် လက်တွေ့အရပါ ကြွယ်ဝခဲ့သူဖြစ်၏။ နိုင်ငံရေးအရ အတွေးအခေါ်အရလည်း ဘက်ပေါင်းစုံမှ စမ်းသပ်ခဲ့ပြီးသူ ဖြစ်သည်။

ယင်းသို့သော အစဉ်အလာနှင့် အတွေ့အကြုံများကြောင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ရဲဘော်ထွန်းရှိန်အား တော်လှန်သော ဗဟိုကော်မီတီ ဖွဲ့စည်းရာတွင် ထည့်သွင်းဖွဲ့စည်းရန်ပင် ရာထားခဲ့လေသည်။

ရဲဘော်ထွန်းရှိန်(ခ)ဖေငြိမ်းသည် တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့၏ လမ်းညွှန်ချေဆောင်မှုနှင့် အထူးတာဝန်ပေးအပ်ခြင်းကို ခံရသည့်အတွက် ဗမာတပြည်လုံးအတွက် "ဗဟိုပြည်သူ့ကျန်းမာရေးနှင့်ဆေးစည်းရုံးရေး ကော်မီတီ" ကိုဖွဲ့စည်းရန်ပြင်ဆင်နေ၏။ ယင်းသို့ပြင်ဆင်စိုင်းပြင်းလျက်နေစဉ်တွင်ပင် "ဗဟိုဆေးကျောင်း"အတွက် လမ်းညွှန်ပေါ်လစီများနှင့်စီမံကိန်းတရပ်ကို ရေးဆွဲ၍ နိုင်ငံရေးဦးဆောင်အဖွဲ့သို့တင်ပြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ပါတီရဲ့ အကြွင်းမဲ့ တိုက်ရိုက်ခေါင်းဆောင်တဲ့ ပြည်သူ့ကျန်းမာရေးတပ်မတော်တည်ဆောက်ရေး စီမံကိန်း(မူကြမ်း)

စီမံကိန်းမူကြမ်းကို အပိုင်းကြီး (၃) ပိုင်း ခွဲတင်ပြမည်။

အပိုင်း (၁) ပေါ်လစီလမ်းညွှန်ပိုင်း

(၁) ဖျက်မှောက်အခြေအနေ။

(၂) ပြည်သူ့ ကျန်းမာရေးတပ်မတော် တည်ဆောက်ရေး ရည်မှန်းချက်။

(၃) တည်ဆောက်ရေးလုပ်ငန်းတာဝန်များ။

(၄) စည်းရုံးရေးလုပ်ငန်းတာဝန်များ။

အပိုင်း (၂) အနိုင်အမာတည်ဆောက်ရေး စီမံကိန်း

(၁) နိုင်ငံရေးပိုင်း -ပါတီ တည်ဆောက်ရေး၊ ပြည်သူ့ကျန်းမာရေး
-တပ်မတော်တည်ဆောက်ရေး။

(၂) အတတ်ပညာပိုင်း။

(၃) ပါတီ-အုပ်ချုပ်ရေးနှင့် လူထုအဖွဲ့အစည်းများ ဖွဲ့စည်းမှု။

အပိုင်း (၃)

(၁) ကျောင်း၏လုပ်ငန်းလမ်းညွှန်။

(၂) အထွေထွေ။

(ရဲဘော်ထွန်းရှိန် ရေးဆွဲသော ဗဟိုဆေးကျောင်းတည်ဆောက်ရေး စီမံကိန်း မူကြမ်း မူရင်းမှ)

၎င်းသည်မှာ တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ရဲဘော်ထွန်းရှိန် တင်ပြသော "ပါတီရဲ့ အကြွင်းမဲ့ တိုက်ရိုက်ခေါင်းဆောင်တဲ့ ပြည်သူ့ ကျန်းမာရေးတပ်မတော် တည်ဆောက်ရေး စီမံကိန်း"ပင် ဖြစ်၏။ ရဲဘော်ထွန်းရှိန်သည် ယင်းစီမံကိန်းအား "မူကြမ်း"အဖြစ်ဖြင့် တင်သွင်းခြင်းဖြစ်လေသည်။

တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ရဲဘော်ထွန်းရှိန်၏"စီမံကိန်း" အား ခြွင်းချက်မရှိပင် လက်ခံ၍ အတည်ပြုလိုက်လေသည်။

ရဲဘော်ထွန်းရှိန် (ခ) ဖေငြိမ်းသည် ကေဒါသစ်များနှင့် လူငယ်များအား လေ့ကျင့်ပျိုးထောင်ရာတွင် အထူး ကျွမ်းကျင်သူဖြစ်၏။ ထို့ကြောင့်ပင် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ၁၉၆၅-ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သော "ပဲခူးရိုးမတိုင်းဆေးကျောင်း"၏ တာဝန်ခံအဖြစ်ဖြင့် ရဲဘော်ထွန်းရှိန်အား တာဝန်ပေး၍ စေလွှတ်ခဲ့၏။ ယင်း "ပဲခူးရိုးမတိုင်းဆေးကျောင်း" သည် ၁၉၆၆-ခုနှစ်တွင် အဆုံးသတ်ခဲ့လေသည်။

ယင်း "ပဲခူးရိုးမတိုင်းဆေးကျောင်း"၌ ရဲဘော်ထွန်းရှိန်သည် "ကျောရိုးများ" ကို စိစစ်ရွေးချယ်၍ မွေးမြူခဲ့၏။ ပဲခူးရိုးမတိုင်း ဆေးကျောင်းသည် "ဗမာပြည် လက်နက်ကိုင်တော်လှန်ရေးသမိုင်းတွင် အလှည့်အပြောင်းနှင့် သမိုင်းသစ်ဖြစ်သည်"ဟူ၍ နိဂုံးချုပ်ခဲ့လေသည်။

ထို့ပြင် ရဲဘော်ထွန်းရှိန်နှင့် သခင်သန်းထွန်း၊ ရဲဘော် အောင်ကြီးတို့သည် ဗဟိုစခန်းမှ တပ်နီလူငယ်ဖြစ်သော မောင်နိုင်အား ယင်း ဆေးကျောင်းသို့ အထူးရွေးချယ်၍ စေလွှတ်ခဲ့၏။ ရဲဘော်မောင်နိုင်အား အစစအရာရာတွင် လေ့ကျင့် မွေးမြူရန်အတွက်လည်း ရဲဘော်ထွန်းရှိန်အား သီးသန့် တာဝန်ပေးအပ်ခဲ့လေသည်။

ရဲဘော်မောင်နိုင်သည် ဖိုးတူးဖြစ်၏။ ဖိုးတူးသည် ရဲဘော်ငွေး၏ သားငယ်ဖြစ်၏။ ဖိုးတူးသည် ပဲခူးရိုးမတိုင်းဆေးကျောင်းတွင် ရဲဘော်ထွန်းရှိန်၏ "ဗမာပြည် ကျောရိုး"အဖြစ် အစွမ်းကုန် တက်ကြွခဲ့၏။ သွေးသစ်အားသစ်ကို လောင်းခဲ့သူဖြစ်လေသည်။

ရဲဘော်မောင်နိုင်(ခ)မောင်ချစ်(ခ)ဖိုးတူးက ပဲခူးရိုးမတိုင်း ဆေးကျောင်း၏ နိဂုံးချုပ်တွင် ဤသို့တင်ပြခဲ့လေသည်။

ဒီကျောင်းလေ့ကျင့်မွေးမြူရေးကရရှိတဲ့အတွေ့အကြုံသစ်များ

ဒီကျောင်းရဲ့လေ့ကျင့် မွေးမြူရေးဖြစ်စဉ်အတွင်းမှာ ကျနော်ဝိုက်ထူခဲ့တဲ့ထူးခြားအထင်ပေါ်ဆုံး အတွေး အခေါ်သစ်တွေနဲ့ အတွေ့အကြုံသစ်တွေဟာ ဘာတွေလဲလို့ စဉ်းစားတဲ့အခါမှာ၊ ကျနော်ဒီကျောင်းကိုမလာမီ အခြေအနေကို ထပ်လောင်း စဉ်းစားရပါတယ်။

ကျနော်နိဂုံးချုပ်ရဲ့ ပဏာမပိုင်းမှာ တင်ပြခဲ့သလိုကျနော်လို တော်လှန်ရေး အိမ်ထောင်တရပ်က မွေးထုတ်ခဲ့တာ မှန်ပေမဲ့ ဒီကျောင်းကို မလာမီကဆိုရင် ကျနော်ဟာ တော်လှန်ရေးသက်(၃)လသာရှိသေးတဲ့ အသစ်စက်စက် တော်လှန်ရေးသမားတယောက်ပဲ ဖြစ်ပါတယ်။ တော်လှန်ရေးထဲမရောက်မီကလဲစာကြိုးစားသင်ဖို့ဆိုတဲ့အလုပ်ဟာ၊ ကျနော့်ဘဝတခုလုံးရဲ့ မဏ္ဍိုင်လုပ်ငန်းပဲဖြစ်ခဲ့ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကြောင့် ကျနော်ဒီကျောင်းကြီးကို လာခဲ့တဲ့အခါမှာ တော်လှန်ရေးဘဝ၊ နိုင်ငံရေးဘဝ၊ စည်းရုံးရေးဘဝ၊ပါတီဘဝ၊ဆေးတပ်သားဘဝဟာ ဘယ်လိုဘဝလဲလို့ လုံးဝမသိသေးတဲ့ တော်လှန်ရေး ရဲဘော်သစ်တယောက်အနေနဲ့ လာခဲ့ခြင်းဖြစ်ပါတယ်။

အဲ့ဒီလိုရဲဘော်သစ်တယောက်ဟာပြည်သူ့ကျန်းမာရေးတပ်မတော်သားတွေကိုပါတီက ပထမဆုံးအကြိမ် တော်လှန်ရေးသမားကောင်း၊ ပါတီဝင်ကောင်း၊ ပါတီရဲ့ဝါဒဖြန့်ချိရေးနဲ့စည်းရုံးရေးသမားကောင်း၊ ပြည်သူလူထုရဲ့သားကောင်း၊ သမီးကောင်းနဲ့ရာသက်ပန်ပြည်သူ့ ကျန်းမာရေးတပ်မတော်သားတွေဖြစ်အောင်၊ရေရှည်အမြင်နဲ့ စီမံကိန်းတကျ ဘက်ပေါင်းစုံလေ့ကျင့် မွေးမြူပေးနေတဲ့ ဘဝသစ်ထဲကို မမျှော်လင့်ပဲ ရောက်ခဲ့ရခြင်းဖြစ်ပါတယ်။

ဒါ့ကြောင့် ကျနော် ဒီကျောင်းမှာ ဖြတ်သန်းခဲ့တဲ့ လေ့ကျင့်မွေးမြူရေးဘဝတခုလုံးဟာ ကျနော်အဖို့ အသစ်လွင်ဆုံး ဘဝသစ်တရပ်ဖြစ်ပါတယ်။ တကယ်က ကျနော်ဟာကျန်းမာရေးနဲ့ ဆေးစစ်မျက်နှာမှာ တော်လှန်ရေး ၁၇-နှစ်သမိုင်းမှာ မရှိခဲ့ဘူးတဲ့ တော်လှန်ရေးဘဝ၊ နိုင်ငံရေးဘဝ၊ စည်းရုံးရေးဘဝ၊ ပါတီဘဝ၊ ဆေးတပ်သားဘဝနဲ့ အလွန်ထူးခြားတဲ့ အတွေးအခေါ် ဘဝကို ဒီကျောင်းကြီးမှာ ပထမဆုံးဖြတ်သန်းခဲ့ရခြင်းဖြစ်ပါတယ်။

ပိုထူးခြားတာက၊ အဲ့သလို သစ်လွင်တဲ့ဘဝသစ်အမျိုးမျိုးကို ပါတီကိုအတွေးအခေါ်အရ၊ နိုင်ငံရေးအရ၊ စည်းရုံးရေးအရဘက်(၃)ဘက်ပုံသစ်လောင်းတည်ဆောက်ရေးနဲ့ ပြည်သူ့ကျန်းမာရေး တပ်မတော်ကိုအထက်ပါဘက်(၃)ဘက်အပြင်အတတ်ပညာဖက်တဖက်ပါဘက်(၄)ဘက်က ပုံသစ်လောင်းတည်ဆောက်ရေးနဲ့ ပြည်သူ့ကျန်းမာရေးနဲ့ဆေးကေဒါတွေကိုလဲဘက် (၄)ဘက်ကပုံသစ်လောင်း လေ့ကျင့်မွေးမြူရေးဆိုတဲ့ ခက်ခဲရှုပ်ထွေးလှတဲ့ ဘဝဖြစ်စဉ်ကြီးတရပ်ကို၊ ကျနော်ဖြတ်သန်းခဲ့ရတာ ဖြစ်ပါတယ်။

ဒါကြောင့် ကျနော်ဒီကျောင်းမှာဖြတ်သန်းရရှိခဲ့တဲ့ ကျောင်းဖွင့်ပွဲမိန့်ခွန်းကနေ့ ကျောင်းနိဂုံးချုပ်ထိ ဘဝအတွေ့အကြုံတွေဟာ အားလုံးလိုလိုပဲ တခါမှ မကြားဘူး၊ မသိဘူး၊ မတွေ့ဘူး၊ မကြုံဘူးတဲ့ အလွန်ထူးခြားပြီး တန်ဘိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကြောင့်ကျနော်ဟာ ဒီကျောင်းရဲ့ထူးခြားတဲ့ အတွေ့အကြုံပေါင်း သောင်းခြောက်ထောင်ကြားမှာ (၄)လကျော် ကျင်လည် ကျက်စားခဲ့ရပါတယ်။

ကျနော်လို အသက်အရွယ်အရရော၊ နိုင်ငံရေးနဲ့တော်လှန်ရေးအတွေ့အကြုံအရပါ ငယ်ရွယ် နုနယ်လှတဲ့ ရဲဘော်တယောက်အဖို့ဆိုရင် ဒီကျောင်းကြီးတော့ထားပါဦး၊ ဒီကျောင်းကြီးကို ရောက်အောင်ရိုးမကြီးကို ဖြတ်သန်းခဲ့ရတဲ့ခရီးအတွေ့အကြုံကပင်လျှင် ကျနော့်ကို ဆင်းရဲ ပင်ပန်းခံနိုင်တဲ့ တော်လှန်ရေးသမားကောင်း တယောက်ဖြစ်ဖို့ အလွန်ထူးခြားတဲ့ လေ့ကျင့်မွေးမြူရေး အတွေ့အကြုံတရပ်ဖြစ်ပါတယ်။

ဒီကျောင်းကြီးရောက်လာပြီး အထူးသဖြင့် ကျောင်းဖွင့်ပွဲစလိုက်တာနဲ့တပြိုင်နက် ကျနော်ဟာ ဘဝသစ်ထဲရောက်သွားပြီလို့ ခံစားမိပါတယ်။

ကျနော်ဟာ ကိုလိုနီ ပညာရေး စံနစ်အောက်မှာ ကျောင်းသားတယောက်ဖြစ်ခဲ့ပါတယ်။ အဲ့ဒီဘဝနဲ့ ဒီကျောင်းကြီးရဲ့ ဘဝဟာ ကမ္ဘာကြီးတခု ခြားနေသလိုဖြစ်ပါတယ်။ ကျနော့်အဖို့ဆိုရင် ကျောင်းဖွင့်ပွဲမိန့်ခွန်းလေ့လာပြီးတဲ့နောက် ပါတီရဲ့"ပြည်သူ့တက္ကသိုလ်"မှာပစ္စည်းမဲ့လေ့လာရေး ဘဝသစ်ကြီးထဲရောက်ခဲ့သလို လေးလေးနက်နက် ခံစားမိပါတယ်။

ကျနော်တို့လေ့လာခဲ့ကြတဲ့ လေ့လာရေး ရည်ရွယ်ချက် ရပ်တည်မှုသဘောထား လမ်းညွှန်နဲ့ ဆက်ဆံရေးမှုတွေဟာ ကျနော့် တသက်တာမှာ မကြားဘူး၊ မသိဘူးတဲ့ မူသစ်တွေဖြစ်ပါတယ်။ အဲ့ဒီ မူသစ်တွေဟာ ဒီ"ပြည်သူ့တက္ကသိုလ်ကျောင်းကြီးရဲ့"(၄)လကျော်လေ့လာရေးဘဝကို လွှမ်းခြုံပြီးလေ့လာရေးဘဝသစ်ထဲမှာ သုံးမကုန်နိုင်တဲ့ အတွေ့အကြုံသစ်တွေရရှိခဲ့ပါတယ်။ ဒီလိုလေ့လာရေးအတွေ့အကြုံသစ်တွေဟာ ဘယ်လိုကြီးတဲ့ ဘယ်လို နာမည်ကျော်တဲ့ အရင်းရှင်တက္ကသိုလ် တွေမှ မရနိုင်ပါဘူး။

ကျနော့်အဖို့ ဒီလို တမူထူးခြားတဲ့၊ ဒီပြည်သူ့တက္ကသိုလ်မှာ ဒီလိုတန်ဘိုးမဖြတ်နိုင်တဲ့ နိုင်ငံရေးနဲ့ ဆေးသိပ္ပံပညာလေ့လာရေး အတွေ့အကြုံတွေဟာ ကျနော်ရဲ့ နိုင်ငံရေးနဲ့ဆေးသိပ္ပံပညာ ဖိုးသုည ဘဝကို ပြောင်းပြန်လှန်ပြီး လုံးဝသစ်လွင်တဲ့နိုင်ငံရေးဘဝနဲ့ ကျန်းမာရေးတပ်မတော်သားဘဝ ကို ရောက်ရှိစေခဲ့ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါဟာ ကျနော့်ရဲ့အရင်းရှင် လောကက လေ့လာရေး ဘဝဟောင်းကို ချေမှုန်းပြီး ပစ္စည်းမဲ့ လေ့လာရေး ဘဝသစ်ကြီးကို ရဲရဲရင့်ရင့်ထူထောင်လိုက်တဲ့ အတွေ့အကြုံသစ်ကြီးတရပ်ဖြစ်ပါတယ်။

ကျနော်ပြောနေတဲ့ "ပြည်သူ့တက္ကသိုလ်" ဆိုတာက ကျနော့်အဖို့ ဒီကျောင်းကြီးမှာ ပါတီပြည်သူလူထုနဲ့ တော်လှန်ရေးကို အစွမ်းကုန် အလုပ်အကျွေးပြုဖို့ ဆရာများထံကရော၊ အခြား တော်လှန်ရေးသမားကျောင်းသားများထံကပါ တော်လှန်ရေးပညာတွေနဲ့အတွေ့အကြုံတွေကို ကျနော်က သင်အံယူနိုင်တဲ့ ကျောင်းဖြစ်လို့ ပြောတာ ဖြစ်တယ်။ ကျနော်တို့ခေါင်းဆောင်များကလဲ အဲ့သလိုရတောင့်ရခဲတော်လှန်ရေး အတွေ့အကြုံတွေကို ရဲဘော် မောင်တင်အောင်လို ရဲဘော်ထံကအစ ရဲဘော်ကြီးများထံကအထိ နှိမ့်နှိမ့်ချချလေ့လာခဲ့ရမယ်လို့ တင်းတင်းကြပ်ကြပ် ညွှန်ကြားလိုက်ပါတယ်။

ဒါကြောင့် ဒီကျောင်းကြီးမှာ၊ ကျနော်အခုတင်ပြနေတဲ့ လေ့လာရေး နယ်ပယ်မှာ ရရှိတဲ့ အတွေ့အကြုံသစ်တွေနဲ့ အခြားနိုင်ငံရေး လက္ခဏာဆောင်တဲ့ လူထုလှုပ်ရှားမှုတွေ စည်းရုံးရေးနဲ့ အုပ်ချုပ်ရေးလုပ်ငန်းတွေနဲ့ ဘဝနေထိုင်ရေး တိုက်ပွဲထဲက အတွေ့အကြုံတွေဟာဆိုရင် ကျနော်လို ဖိုးသုညအတွက် သုံးမကုန်နိုင်တဲ့ထူးခြားတဲ့ အတွေ့အကြုံ သောင်းခြောက်ထောင်ဖြစ်တယ်လို့ ဆိုရပါမယ်။ ဒီအတွေ့အကြုံတွေက ကျနော့်ကို ရာသက်ပန် တော်လှန်ရေးသမားနဲ့ မျက်မှောက်ကာလမှာတော်လှန်ရေးမျိုးဆက်နဲ့ ကွန်မြူနစ်မျိုးဆက်ဖြစ်တဲ့ ကွန်မြူနစ် လူငယ် ဖြစ်ရေးအတွက် တန်ဘိုးမဖြတ်နိုင်တဲ့အတွေ့အကြုံ တွေနဲ့ အလွန် များပြားတဲ့ တော်လှန်ရေးနဲ့ နိုင်ငံရေးအရင်းအနှီးနဲ့ ထက်မြက်တဲ့လက်နက်တွေ ဖြစ်လာခဲ့ပါတယ်။

ကျနော်လိုပစ္စည်းမဲ့ ဘဝခံယူနိုင်ဖို့နဲ့ရာသက်ပန်တော်လှန်ရေးသမားနဲ့ ပါတီရဲ့အမြုတေဖြစ်တဲ့ ကွန်မြူနစ်လူငယ်တယောက် ဖြစ်ရေးအတွက် ကြိုးပမ်းနေသူအဖို့မှာ ပါတီတည်ဆောက်ရေး အတွေ့အကြုံဟာ အရေးတကာ့အရေးအကြီးဆုံးနဲ့ အလိုအပ်ဆုံး အတွေ့အကြုံ တရပ် ဖြစ်ပါတယ်။

ကျနော့်အဖို့ ပြောရရင် ပါတီတည်ဆောက်ရေးနဲ့ရာသက်ပန် တော်လှန်ရေးသမားနဲ့ ပါတီဝင်ကောင်းဖြစ်ရေး လှုပ်ရှားမှုကို ဖြတ်သန်းပြီးတဲ့နောက် အတွေးအခေါ်အရ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ အထူး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သစ်လွင်တဲ့ ဘဝသစ်ထဲကို ရောက်ရှိခဲ့တယ်လို့ လိုက်လိုက်လှဲလှဲ ခံစားမိပါတယ်။ ပါတီ၊ လူတန်းစားနဲ့ နိုင်ငံရေးအသိသစ် အမြင်သစ်နဲ့ လူသစ်တယောက်ဘဝကိုရောက်ရှိခဲ့ဘယ်လို့လဲ ခံစားမိပါတယ်။

ကျနော်ဟာ လူ့အဖွဲ့အစည်းဟောင်းက လာတဲ့ ဓနရှင် ပေါက်စ ကျောင်းသားလူငယ်တယောက် ဖြစ်ပါတယ်။ ဒီနေ့ အခြေအနေ အရ ဘဝသစ်ကို ရဖို့ဆိုတာဟာ ကွန်မြူနစ်လူငယ်ဘဝနဲ့ရာသက်ပန်တော်လှန်ရေးသမားဘဝဆိုတဲ့ ကွန်မြူနစ်လူ့ဘဝရဖို့ကိုဆိုလိုတာ ဖြစ်ပါတယ်။ အဲ့သလို ဘဝသစ်ကိုရဖို့ဆိုရင် ကျနော့်ရဲ့ ဓနရှင်ပေါက်စ အရေခွံကို မညှာမတာချွတ်ပစ်ရပါလိမ့်မယ်။

ပါတီတည်ဆောက်ရေး လေ့လာရေးနဲ့ ရာသက်ပန် တော်လှန်ရေးသမားကောင်းနဲ့ပါတီဝင်ကောင်းဖြစ်ရေးလှုပ်ရှားမှု အတွင်းမှာပါတီက ကျနော့်ရဲ့ဓနရှင်ပေါက်စအရေခွံကို ချွတ်ဖို့ကြိုးပမ်းခဲ့သလို ကျနော်က လဲ ကျနော်ကိုယ်တိုင်ချွတ်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ တစုံတရာ ချွတ်နိုင်ခဲ့တယ်လို့လဲခံစားမိပါတယ်။ ဒါပေမဲ့ လုံးဝ ချွတ်နိုင်ဖို့တော့ မာ့က်စ်က ညွှန်ပြသလို မသေမချင်းချွတ်နေရမှာပဲဆိုတာ ကျနော်ကောင်းကောင်းကြီး ရိပ်မိပါတယ်။

ဒါကြောင့် မျက်မှောက်မှာတော်လှန်စစ်အောင်နိုင်ရေးနဲ့ လက်နက်ကိုင် အာဏာသိမ်းရေးအတွက်ပဲဖြစ်ဖြစ်၊ ဆိုရှယ်လစ်လောကနဲ့ ကွန်မြူနစ်လောကချီတက်ဖို့ပဲဖြစ်ဖြစ် ပါတီတည်ဆောက်ရေးဟာ သော့ချက်ဖြစ်သလို ကျနော့်ရဲ့ဓနရှင်ပေါက်စဘဝကို ခြေဆုံးခေါင်းဆုံး အရေလှန်ပြီး အတွေးအခေါ်အရ၊ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ ထက်မြက်တဲ့ ပစ္စည်းမဲ့ဘဝပြောင်းလဲပစ်ဖို့ဆိုရင်လဲ သော့ချက်ဖြစ်တယ်ဆိုတဲ့ အတွေ့အကြုံထူးတရပ်ကိုလဲ ကျနော်ဒီကျောင်းကြီးက ရရှိခဲ့ပါတယ်။

ကျနော်ဟာ ပစ္စည်းမဲ့ဘဝလမ်းကြောင်းလျှောက်နေသလား၊ ပျက်စီးမဲ့ဘဝလမ်းကြောင်း လျှောက်နေသလားဆိုတာတော့ ကျနော် ကိုယ်တိုင်လဲ မာ့က်စ် လီနင်ဝါဒ မှန်ထောင်ပြီး ကြည့်ရပါတယ်။ မာ့က်စ်လီနင်ဝါဒမှန်ဘီလူးနဲ့လဲအကြည့်ခံရပါတယ်။ ကျနော့်အနေနဲ့တော့ပါတီတည်ဆောက်ရေးလှုပ်ရှားမှုကို ဖြတ်သန်းပြီးတဲ့နောက် ကွန်မြူနစ် လူ့ဘဝအမြင့်ဖြစ်တဲ့ ကိုယ်ကျိုးကို ပါတီနဲ့ ပြည်သူ့အကျိုးအောက် လုံးဝ မြှုပ်နှံပြီး လုပ်တဲ့ ကွန်မြူနစ်အနာဂါတ်အပေါ် ယုံကြည်စိတ်၊ မျက်မှောက်တော်လှန်ရေး အောင်ပွဲအပေါ် ယုံကြည်စိတ်နဲ့၊ ပါတီတည်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဆောက်ရေးက ညွှန်ပြခဲ့တဲ့ ဂုဏ်ရောင် အပြောင်ဆုံးနဲ့ အမွန်မြတ်ဆုံး ပစ္စည်းမဲ့ ဘဝလမ်းကြောင်းနောက်လိုက်နေပြီလို့ ခံယူမိတယ်။

ဒါကြောင့် ကျနော်တို့ အတွေးအခေါ်အရ၊ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ လုံးဝ သစ်လွင်တဲ့ ကွန်မြူနစ်လူ့ဘဝလမ်းကြောင်းကို ပို့ဆောင်ခဲ့တဲ့ ပါတီတည်ဆောက်ရေးအတွေ့အကြုံဟာလဲ၊ ကျနော့်အဖို့ သုံးမကုန်တဲ့ တော်လှန်ရေးနဲ့ နိုင်ငံရေးအရင်းအနှီးနဲ့ ထက်မြက်တဲ့ လက်နက်တရပ်ဖြစ်လာခဲ့တယ်လို့ ခံယူမိပါတယ်။

ဒီလိုတန်ဘိုးမဖြတ်နိုင်တဲ့ နိုင်ငံရေးအရင်းအနှီးနဲ့ လက်နက်ကို ဒီလို "ပြည်သူ့ တက္ကသိုလ်" ကသာ ပေးနိုင်ပါတယ်။ ဘယ် အရင်းရှင် တက္ကသိုလ်ကမှမပေးနိုင်ပါဘူး။

အခြားအတွေ့အကြုံထူးတရပ်ကတော့ ဒီကျောင်းကြီးက နှလုံးရည် ထက်မြက်ဖို့သာ ကျနော့်ကို လေ့ကျင့်မွေးမြူပေးတာမဟုတ်ပဲ "တော်လှန်တဲ့ပညာတတ်တွေမပါရင် တော်လှန်ရေးဟာ မအောင်နိုင်ဘူး" အလုပ်သမားနဲ့ လယ်သမားဘဝမခံယူရင် ပညာတတ်တွေဟာလဲ တော်လှန်ရေးထဲမှာလဲ နေရာမရှိဘူး ဆိုတဲ့ ဥက္ကဋ္ဌမော်ရဲ့ သွန်သင်ချက်အရ ဒီကျောင်းကြီးက ကျနော်တို့ အခြားနေထိုင်မှုဘဝတိုက်ပွဲထဲမှာ လေ့ကျင့်ပေးနေပါတယ်။ ဒါဟာလဲ ကျနော်လို ဓနရှင်ပေါက်စ ကျောင်းသားတယောက်အတွက် အလွန်အရေးကြီးတဲ့ လေ့ကျင့်မွေးမြူမှု ဖြစ်ပါတယ်။

ဒါဟာလဲ ဒီပြည်သူ့ တက္ကသိုလ်ကြီးမျိုးကသာ လေ့ကျင့်ပေးနိုင်တာဖြစ်ပါတယ်။ ကိုယ့်ကျောင်းကြီး ကိုယ့်ဒူးကိုယ်ချွန် ရပ်တည်နိုင်ဖို့ တတောင်ဆင်းတတောင်တက် ၃-၄ နာရီခရီး ဆန်သွားထမ်းတာ၊ဟင်းသီးဟင်းရွက် ကြက်ဝက်တွေ သွားရှာတာ၊ သွားထမ်းတာ၊ ငါးရှာတာ၊ ဝါးခုတ်တာ အမဲလိုက်ဖျက်တာဆိုတဲ့ ကာယအလုပ်တွေဟာ ကျနော်ရဲ့ ဓနရှင်ပေါက်စ အရေခွံကိုချွတ်ပြီး ဥက္ကဋ္ဌမော်ပြောသလို အလုပ်သမား လယ်သမားဘဝ ခံယူဖို့ ထူးခြားတဲ့ လေ့ကျင့်မွေးမြူရေး အတွေ့အကြုံ ဖြစ်ပါတယ်။

ဒါဟာ ကျနော်တို့ကို ဒီကျောင်းကြီးက နှလုံးရည် လက်ရုံးရည်တွေနဲ့ စွယ်စုံ ရသက်ပန်ပစ္စည်းမဲ့ ပြည်သူ့ကျန်းမာရေးကေဒါကောင်း အဖြစ် လေ့ကျင့်မွေးမြူပေးနေတာဖြစ်တယ်လို့ လှိုက်လှိုက်လှဲလှဲ ခံယူပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီလို သုံးမကုန်နိုင်တဲ့ တန်ဘိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံအရင်းအနှီး လက်နက်တွေကို ပါတီနဲ့ ပြည်သူအတွက် အကောင်းဆုံး အသုံးချပြီး၊ ပါတီ တရပ် လုံး နဲ့ အတူ "တော်လှန် စစ်အောင်နိုင်ရေးနဲ့ လက်နက်ကိုင် အာဏာသိမ်းရေး"အတွက်၊ စွမ်းစွမ်းတမံ တိုက်ပွဲဝင်ရင်း အနာဂါတ်မှာ ကွန်မြူနစ်ကောင်းဖြစ်ဖို့ ရည်မှန်းပြီး၊ မျက်မှောက်မှာလဲ ကွန်မြူနစ်မျိုးဆက်နဲ့ တော်လှန်ရေးမျိုးဆက်ဖြစ်တဲ့ ကွန်မြူနစ်လူငယ် ဖြစ်ဖို့ အစွမ်းကုန် ကြိုးစားသွားပါမယ်လို့ ဆရာများနဲ့ ကျောင်းသား အားလုံးကို အလေးအနက်ကတိပြု နိဂုံးချုပ်ပါတယ်။

အလေးနီဖြင့်

မောင်နိုင်

ဤသည်ကား ၁၉၆၅-ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော ဆေးကျောင်းတွင် ရဲဘော် မောင်နိုင်၏ နိဂုံးချုပ်ပင်ဖြစ်သည်။

× × ×

၁၉၆၇-ခုနှစ် ဩဂုတ်လ တေဇ္ဆပတ်အတွင်းတွင် ဖြစ်လေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဆေးကျောင်းသည် ပြည်ခရိုင် ပေါင်းတည် မြို့နယ် ယုတ်ဆိုင်ရွာအရှေ့ဘက် မလှမ်းမကမ်းတွင် စခန်းချ ဖွင့်လှစ်၍ ထားလေသည်။

ပဲခူးရိုးမ၏ နှောင်းမိုးသည် စဲသည်မရှိ၊ သည်းထန်၍သာ နေ၏။ အဟုန် ပြင်းလှသော တောင်ကျရေသံများဖြင့်သာ ပွဲတင်ထပ်၍ နေလေသည်။

ဗဟိုဆေးကျောင်းသည် မျှင်ဝါးရုံများဖြင့်သာ အတိလွှမ်းသော တောင် ကြောပေါ်တွင် တည်ဆောက်ထားသဖြင့် မှိုင်းအုံ့အုံ့ ဖြစ်၍နေသည်။

ဗဟို ဆေးကျောင်းစခန်းသို့ ပဲခူးရိုးမတိုင်းအတွင်း၌ရှိသော ငါးခရိုင်မှ ဆေးကျောင်းသားများသည်လည်း အစုံအညီပင် ရောက်ရှိနေကြပြီ ဖြစ်သည်။

သာယာဝတီခရိုင်မှ ဗဟိုဆေးကျောင်းသို့တက်ရောက်ရန် ရွေးချယ်ခြင်း ခံရ သူများမှာ (၁၀)ဦး ရှိသည်။

ရဲဘော်မောင်နိုင်(ခ)ဖိုးတူး၏လက်ရေးမူ



ဗိုလ်ချုပ်မြို့မတိုင်းဆေးကျောင်းတော်ဝင်ဂုံးချုပ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းတို့မှာ...

(၁) ရဲဘော်အောင်ဆန်း
(၂) ရဲဘော်စိုးခိုင်
(၃) ရဲဘော်အေးသောင်း
(၄) ရဲဘော်တင်ဝင်း
(၅) ရဲဘော်ကျော်သန်း
(၆) ရဲဘော်မသန်းတင်
(၇) ရဲဘော်မမြင့်ကြည်
(၈) ရဲဘော်မကြည်
(၉) ရဲဘော်မကျင်လှ
(၁၀) ရဲဘော်မလေးနွယ်တို့ ဖြစ်ကြသည်။

ပြည်ခရိုင်မှ ဗဟိုဆေးကျောင်းသို့ တက်ရောက်ရန် ရွေးချယ်ခြင်း ခံရသူများမှာ (၁၃)ဦး ရှိသည်။

ယင်းတို့မှာ—

(၁) ရဲဘော်ဦးကျော်မောင်
(၂) ရဲဘော်ကံမြင့်
(၃) ရဲဘော်ထွန်းနိုင်
(၄) ရဲဘော်အောင်ရွှေ
(၅) ရဲဘော်တင်သိန်း
(၆) ရဲဘော်စောဝင်း
(၇) ရဲဘော်တင်နွယ်
(၈) ရဲဘော်အုန်းသန်း
(၉) ရဲဘော်မောင်သောင်း
(၁၀) ရဲဘော်မလေးမြင့်
(၁၁) ရဲဘော်မယ်လှ
(၁၂) ရဲဘော်မခင်ဥ
(၁၃) ရဲဘော်မနီ....တို့ ဖြစ်ကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သရက်ခရိုင် (အရှေ့ခြမ်း)မှ ဗဟိုဆေးကျောင်းသို့တက်ရောက်ရန် ရွေးချယ်ခြင်းခံရသူများမှာ (၈)ဦး ရှိသည်။

ယင်းတို့မှာ....

(၁) ရဲဘော်ရွှေတင်
(၂) ရဲဘော်အေးရွှေ
(၃) ရဲဘော်လှကျော်(ခ)လှကြီး
(၄) ရဲဘော်မသန်းနွဲ့
(၅) ရဲဘော်မဟန်စိန်
(၆) ရဲဘော်ဦးမောင်လေး
(၇) ရဲဘော်မမြရှင်
(၈) ရဲဘော်မကြည်အောင်.... တို့ဖြစ်ကြသည်။

တောင်ငူခရိုင်မှ ဗဟိုဆေးကျောင်းသို့ တက်ရောက်ရန် ရွေးချယ်ခြင်းခံရသူများမှာ(၇)ဦးရှိသည်။

ယင်းတို့မှာ....

(၁) ရဲဘော်ဗိုလ်ထင်ကျော်
(၂) ရဲဘော်တင်မြင့်
(၃) ရဲဘော်လှထူး
(၄) ရဲဘော်လှအေး
(၅) ရဲဘော်မြင့်သိန်း
(၆) ရဲဘော်တင်ညွန့်
(၇) ရဲဘော်မတင်လှ....တို့ဖြစ်ကြသည်။

ပဲခူးရိုးမတိုင်းရုံးနှင့် ရိုးမစည်းရုံးရေးအဖွဲ့တို့မှ ဗဟိုဆေးကျောင်းသို့ တက်ရောက်ရန်ရွေးချယ်ခြင်းခံရသူများမှာ (၆)ဦးရှိသည်။

ယင်းတို့မှာ—

(၁) ရဲဘော်ငြိမ်းမောင်
(၂) ရဲဘော်မောင်ဝင်း
(၃) ရဲဘော်မလှရီ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) ရဲဘော်မခင်
(၅) ရဲဘော်မငြိမ်းအေး
(၆) နေဘ်ရှိုစလင်....တို့ဖြစ်ကြသည်။

ဗဟိုစခန်းမှ ဗဟိုဆေးကျောင်းသို့ တက်ရောက်ရန် ရွေးချယ်ခြင်းခံရသူများမှာ(၃)ဦးဖြစ်သည်။

ယင်းတို့မှာ....

(၁) ရဲဘော်ဌေးလွင်
(၂) ရဲဘော်ကျော်မြင့်
(၃) ရဲဘော်မလှရီ(ခ)မညို....တို့ဖြစ်ကြသည်။

ဗဟိုဆေးကျောင်းတွင် "အလုပ်အဖွဲ့"အဖြစ်ဖြင့် အဖွဲ့ဝင်(၈) ဦးပါသော အဖွဲ့ကိုလည်း ဖွဲ့စည်း၍ထားလေသည်။

ယင်းအလုပ်အဖွဲ့ဝင်တို့မှာ....

(၁) ရဲဘော်ဦးမှတ်ကြီး
(၂) ရဲဘော်ကျော်မင်း
(၃) ရဲဘော်လှထွန်း
(၄) ရဲဘော်တင်ညွန့် (သာယာဝတီ)
(၅) ရဲဘော်ကြည်အေး
(၆) ရဲဘော် မေခင်မြိုင်(ခ)ခင်ကျော်
(၇) ရဲဘော်တင်အောင်
(၈) ရဲဘော်မသန်းတင်....တို့ဖြစ်ကြသည်။

ဗဟိုဆေးကျောင်းသို့ ဒေသအသီးသီးမှ တက်ရောက်ကြရသည်။ ရဲဘော် ရဲဘော်မများ၏ အသက်အရွယ် အပိုင်းအခြားမှာ အများအားဖြင့် ၁၄-နှစ်နှင့် ၂၀-နှစ်အကြားတွင်သာ ရှိကြလေသည်။

ဗဟိုဆေးကျောင်းတွင် ကျောင်းကော်မီတီကိုလည်း ဖွဲ့စည်း၍ထားသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းကျောင်းပါတီကော်မီတီကို တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့မှ တိုက်ရိုက်ဖွဲ့စည်း၍ပေးလိုက်ခြင်းဖြစ်၏။ ထို့ပြင် ဗဟိုဆေးကျောင်းအား စစ်တပ်အသွင်ကို ဖွဲ့စည်းစေလျက် တပ်စိတ်၊တပ်စုများကို ဖွဲ့စည်း၍ ပေးလိုက်၏။ တပ်စိတ်(၆)စိတ်ကို တပ်စု(၂)စုအဖြစ်ဖြင့် ဖွဲ့စည်းစေ၏။ ယင်းဗဟိုဆေးကျောင်းတပ်ဖွဲ့၏ နိုင်ငံရေးမှူးမှာ ရဲဘော်ထွန်းရှိန်(ခ)ဖေငြိမ်းဖြစ်၏။ တပ်မှူးမှာ ရဲဘော်အောင်မြင့်(သခင်သန်းထွန်းယောက်ဖ)ဖြစ်၏။

(မှတ်ချက်။ ။၁၉၆၄-ခုနှစ်မှ စ၍ ဗမာပြည်ကွန်မြူနစ်ပါတီ၏ တပ်မတော်ဖွဲ့စည်းပုံမှာ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်၏ ဖွဲ့စည်းပုံအတိုင်းပင် ဖွဲ့စည်းရန် သတ်မှတ်ထားပါသည်။

တပ်စိတ်တစိတ်၊ တပ်စုတစု၊ တပ်ခွဲတခွဲ စသည့်တပ်ဖွဲ့အသီးသီးတွင် စစ်ရေးနိုင်ငံရေးနှင့် ပတ်သက်၍ အာဏာပိုင်ဆုံးသော နံပါတ်(၁)ခေါင်းဆောင်မှာ နိုင်ငံရေးမှူး ဖြစ်ပါသည်။ တပ်မှူးမှာ ဒုတိယခေါင်းဆောင်ဖြစ်ပါသည်။
စာရေးသူ။)

ဗဟိုဆေးကျောင်းပါတီ ကော်မီတီနှင့် တပ်ကော်မီတီတွင် ပါဝင်သူတို့မှာ (၅)ဦးဖြစ်သည်။

(၁) ရဲဘော်ထွန်းရှိန်(ခ)ဖေငြိမ်း (နိုင်ငံရေးမှူး)။
(၂) ရဲဘော်အောင်မြင့် (တပ်မှူး)။
(၃) ရဲဘော်တင်အောင်(ခ)အေးမောင်(ခ)လှဆောင်(မန္တလေးဆေးတက္ကသိုလ် တပ်ဦးကျောင်းသားခေါင်းဆောင်)။
(၄) ရဲဘော် ဗိုလ်မင်းအေး (ပဲခူးခရိုင်)။
(၅) ရဲဘော်ဗိုလ်ထင်ကျော်(တောင်ငူခရိုင်)....တို့ဖြစ်ကြသည်။

၁၉၆၇-ခုနှစ် စက်တင်ဘာလ(၁)ရက်နေ့တွင် ဖြစ်သည်။

တော်လှန်သော ဗဟိုဆေးကျောင်းကြီးအား ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်းကို ရဲဘော်ဖေငြိမ်းသည် ကြေညာလိုက်လေသည်။

ထို့နောက် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ ကိုယ်စားလှယ်နှင့် ဗဟိုဆေးကျောင်းတာဝန်ခံနှင့် ဗဟိုဆေးကျောင်းတပ်ဖွဲ့၏ နိုင်ငံရေးမှူးဖြစ်သော ရဲဘော်ထွန်းရှိန် (ခ) ဖေငြိမ်းသည် ကျောင်းဖွင့်မိန့်ခွန်းကို ပြောကြားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည်ကွန်မြူနစ်ပါတီ ၁၉၆၇-ခုနှစ် ပြည်သူ့ ကျန်းမာရေးနှင့် တော်လှန်ရေးဆေးသင်တန်းကျောင်းဖွင့်ပွဲ မိန့်ခွန်း။

အပိုင်း (၁)

ရဲဘော်တို့။

ဒီနေ့ ရဲဘော်တွေအားလုံး မျှော်လင့်တောင့်တနေတဲ့ ဥက္ကဌကြီး သခင်သန်းထွန်းအမှူးပြုတဲ့ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ၁၉၆၇-ခုနှစ် ပြည်သူ့ကျန်းမာရေးနဲ့ တော်လှန်ရေး ဆေးသင်တန်းကျောင်းဟာ စတင် ဖွင့်လှစ်ပါပြီ။

ဒီလို ကျောင်းဖွင့်လှစ်တဲ့အချိန်မှာ ကျောင်းတက်ကြမဲ့ ကျောင်းသူ ကျောင်းသားရဲဘော်တွေဟာ ဒီတကြိမ် ဒီတကျောင်းမှာတော့ ရသမျှ အချိန်ကောင်း၊ အခွင့်ကောင်းတွေကို အကောင်းဆုံးအသုံးချပြီး ပါတီက မြှော်မှန်းတဲ့ တော်လှန်ရေးသမားကောင်း၊ ပါတီဝင်ကောင်းတွေ ဖြစ်ဖို့ အစွမ်းကုန် ကြိုးပမ်းကြမယ်၊ လုံးပမ်း တိုက်ခိုက်ကြမယ်ဆိုတဲ့ တော်လှန်တက်ကြွမှု၊သွေးစည်းညီညွတ်မှုနဲ့ စိတ်ပိုင်းဖြတ်မှုရှိနေကြတာ အတော်ဘဲ အားရစရာကောင်းပါတယ်။

ဒီလိုအချိန်မှာ ဒေသပါတီကတာဝန်ခံရဲဘော်တွေနဲ့ ပါတီရဲ့ ကျောရိုးတွေဟာ ကျနော်တို့ ကျောင်းဖွင့်ပွဲကို အားပါးတရ သိုက်သိုက် မြိုက်မြိုက် တက်ရောက်နေကြတာဖြစ်ပါတယ်။ ဒီလိုကျောင်းနဲ့ ဒေသပါတီ၊ ဒေသလူထုနဲ့ တဆက်တစပ်ထဲ တသွေးထဲတသားထဲ ဖြစ်နေတာဟာ ကျနော်တို့ကျောင်းလုပ်ငန်းတွေ အကောင်းဆုံး ပြီးမြောက် အောင်မြင်ဖို့ ခိုင်မာတဲ့အာမခံချက်နဲ့ ကြီးမားတဲ့တွန်းအား ဖြစ်စေပါတယ်။

ဒီတော့ ကျနော်တို့ကျောင်းဟာ ဒီအချိန်မှာ တော်လှန်တက်ကြွနေကြတဲ့ ကျောင်းသူ-ကျောင်းသား ရဲဘော်တွေနဲ့ကျနော်တို့ကျောင်းကို အားပေးကူညီနေကြတဲ့ ဒေသပါတီ၊ ဒေသလူထုနဲ့ တပူးတပေါင်းထဲ သွေးသားပမာ ရင်းနှီးလာချိန်မှာ ဘက်ပေါင်းစုံ ပြင်ဆင်မှုရှိစွာနဲ့ ဖွင့်လှစ်ရတာ ဖြစ်ပါတယ်။

ဒါဟာ ကျနော်တို့ ကျောင်းက ထမ်းဆောင်ရမဲ့ အရေးကြီးတဲ့ သမိုင်းတာဝန်တွေကို အကောင်းဆုံးနဲ့ အစွမ်းကုန် ထမ်းဆောင်နိုင်ဖို့ အတွက် အလွန်ကောင်းမွန်တဲ့ အခြေအနေကောင်းတရပ်ဟာ ကျနော်တို့ ရှေ့မျက်မှာရှိနေတာကို အထင်အရှားဖော်ပြနေတာဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီလို အခြေအနေကောင်း တရပ် ရှိနေတာကတော့ ကျနော်တို့ ကျောင်းကလုပ်ဆောင်ရမဲ့ အတွေးအခေါ်ပြင်ဆင်မှု၊ ရုပ်ဝတ္ထု ပြင်ဆင်မှုနဲ့ စည်းရုံးရေးပြင်ဆင်မှုတွေကို ကျောင်းနဲ့ ဒေသပူးပေါင်းပြီး အကောင်းဆုံးလုပ်ခဲ့ကြလို့ပဲဖြစ်ပါတယ်။

ဒီကျောင်းကိုလှည့်ကြည့်လိုက်ရင် ကျောင်းသူ·ကျောင်းသား တွေဟာ ကျနော်တို့ကျောင်းကို ကိုယ့်ခြေ ကိုယ့်လက်နဲ့ ချွေတာရေး ကျကျ ရွာသစ်ကလေးတရွာကို တခမ်းတနားတည်ဆောက်ထားတာကို တွေ့နိုင်ပါတယ်။ တချိန်ထဲမှာ နေဝင်းရဲ့ ကမောက်ကမ စီးပွားရေး ပေါ်လစီကြောင့် စီးပွားရေးကပ်ဟာ တပြည်လုံးမှာဆိုက်နေတဲ့ အချိန်မှာ အခက်အခဲအမျိုးမျိုးကို ကျော်နင်းပြီး ဘဝနေထိုင် စားသောက်ရေးဆိုင်ရာ ရုပ်ဝတ္ထုပြင်ဆင်မှုကိုလဲ ကျောင်းအောင်မြင်ရေး အတွက် အာမခံချက်ရှိဖို့ ကျားကုပ်ကျားခဲ ကြိုးပမ်းလုပ်ဆောင် ထားတာကိုလဲ တွေ့ရပါတယ်။

ဒီလိုရုပ်ဝတ္ထုပြင်ဆင်မှုလုပ်ငန်းတွေကို ကိုယ့်ခြေ ကိုယ့်လက်ပေါ် ရပ်ပြီး ချွေတာရေးကျကျ၊ ကျားကုပ်ကျားခဲ ပင်ပန်းဆင်းရဲခံပြီးလုပ် တယ်ဆိုတာဟာ ကျောင်းအတွက် ရုပ်ဝတ္ထု ပြင်ဆင်ရေး သက်သက်လို့ ကြည့်လို့မဖြစ်ပါဘူး။ ဒါဟာကျနော်တို့အားလုံးအနေနဲ့ အလုပ်သမား လယ်သမား စတဲ့အဖိနှိပ်ခံလုပ်သား ပြည်သူတွေရဲ့ဘဝကို ခံယူရေး၊ ပြည်သူတွေနဲ့ တသွေးထဲ တသားထဲဖြစ်ရေး၊ စစ်ကွန်မြူနစ်ဘဝထူထောင်ရေးအတွက် အရေးကြီးတဲ့ လေ့ကျင့်မွေးမြူမှုတရပ်ဖြစ်တယ်ဆိုတာ မြင်ဖို့လိုပါတယ်။

အတွေးအခေါ် ပြင်ဆင်ရေးကတော့၊ မော်ဒိုင်စစ်ဆင်ရေးကာလ တနည်းဆိုရင် ရန်သူ့ထိုးစစ်ကာလမှာ လုပ်ဆောင်ရတာဖြစ်နေတဲ့အတွက် ထူးခြားချက်ရှိသလို ပါတီတရပ်လုံးအဖို့ တော်လှန်စစ်သမိုင်း အလှည့်အပြောင်းကို ဖြစ်စေတဲ့ စစ်ရေးဆိုင်ရာ အတွေးအခေါ် ပေါ်လစီလမ်းညွှန် အလှည့်အပြောင်းကာလရဲ့ ထူးခြားချက်လဲရှိခဲ့ပါတယ်။

ဒီထူးခြားချက်တွေအောက်မှ အတွေးအခေါ် ပြင်ဆင်ရေးဟာ ကျောင်းလုပ်ငန်းတွေ အောင်မြင်ရေးအတွက် အတော်ပဲ ကောင်းမွန်ခဲ့ပါတယ်။ အထူးထင်ရှားတာကတော့ ရန်သူ့ထိုးစစ်ကို ထိုးစစ်နဲ့ ရင်ဆိုင်ခဲ့တဲ့ တော်လှန်စစ် အတွေး အခေါ်နဲ့ ထိုးစစ် အတွေး အခေါ်ဖြစ်ပါတယ်။ ဒီကျောင်းမှာ ဒီနေ့အဲဒီတော်လှန်စစ်နဲ့ ထိုးစစ်အတွေးအခေါ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တွေ ဆက်တိုက် ရှင်သန်နေတာဟာ ကျောင်းပြင်ဆင်ရေး ကာလတလျှောက်လုံးမှာ ဒီအတွေး အခေါ်တွေကို လက်တွေ့ဘဝထဲမှာ ခိုင်ခိုင်မာမာစိုက်ထူခဲ့လို့ဖြစ်ပါတယ်။

ဒီကျောင်းက ထိုးစစ်နှစ်ကြိမ်လုံးမှာ ပါတီကော်မီတီရဲ့ မှန်ကန်တဲ့ ခေါင်းဆောင်မှုအောက်မှာ တကျောင်းလုံးအနေနဲ့ ရန်သူ့ထိုးစစ်ကို ထိုးစစ်စိတ်ဓာတ်နဲ့ တည်တည်ငြိမ်ငြိမ်ပဲ ရင်ဆိုင်ခဲ့ကြတာဟာ အလွန်ကောင်းတယ်။ ဒါတင်မကဘူး၊ ရန်သူကိုသတ်ပြီး ရန်သူ့ထိုးစစ်ကို ရိုက်ချိုးဖို့ ၅-ကြိမ်တိုင်တိုင် ကြိုးပမ်းပြီး ၂-ကြိမ် သေနတ် ဖောက်နိုင်တယ်ဆိုတာဟာ မသေးငယ်တဲ့ အတွေးအခေါ် အလှည့်အပြောင်းဖြစ်တယ်။

ဒါဟာ ၆၄-လမ်းစဉ်ရဲ့ စစ်နိုင်ရေး အာဏာသိမ်းရေး လမ်းကြောင်းကို ဒီကျောင်းက စစ်မြေပြင်မှာ ရန်သူနဲ့ ရင်ဆိုင်ရင်း လက်တွေ့လျှောက်ပြလိုက်တာဖြစ်တယ်။ ၄၇-ရဲ့၊ သေရဲ၊ တိုက်ရဲ၊ အနိုင်ယူရဲရမယ်ဆိုတဲ့ စိတ်ဓာတ်ကို ကျောင်းထဲမှာ အသစ်တဖန် စိုက်ထူလိုက်တာဖြစ်တယ်။

ဒါကြောင့် ရဲဘော်တွေသာမကပဲ၊ ရဲဘော်မတွေကပါ ရန်သူကို စစ်မြေပြင်မှာ ထွက်တိုက်ခွင့် ပေးဖို့တောင်းဆိုလာတာဟာ ကျောင်းပြင်ဆင်ရေးကာလအတွင်း အတွေး အခေါ်ပြင်ဆင်မှုရဲ့ ထူးခြားတဲ့ အကျိုးဆက်ပဲဖြစ်တယ်။ ဒါဟာ အလွန်ကို ကောင်းတယ်။

ဒီအခြေခံပေါ်မှာ အထက်ပါတီ အဖွဲ့အစည်းက ချမှတ်လိုက်တဲ့ "မော်နိုင်စစ်ဆင်ရေးကိုထိုးစစ်စိတ်ဓာတ်နဲ့ ရင်ဆိုင်ကြ၊ တိုက်ခိုက်ချေမှုန်းကြ" ဆိုတဲ့ အတွေး အခေါ် လမ်းညွှန်နဲ့ လက်တွေ့လုပ်ငန်းလမ်းညွှန်ကို ဒီကျောင်းရဲ့ အရေးကြီးတဲ့ အတွေး အခေါ် ပြင်ဆင်ရေး လုပ်ငန်းအဖြစ်နဲ့ အလေးအနက် လေ့လာ ဆွေးနွေး နိဂုံးချုပ်ခဲ့ကြတယ်။ ရဲဘော်တွေအနေနဲ့ တော်လှန်စစ်ကာလမှာ ကွန်မြူနစ်ပါတီဆိုရင် စစ်အနိုင်တိုက်ဖို့ စစ်ကိုဦးစီးရမယ်။ စစ်ကိုဦးမစီးရင် ကွန်မြူနစ်ပါတီမဟုတ်ဘူး။ ရန်သူ့ထိုးစစ်ဆိုရင် အနိုင်တိုက်နိုင်တယ်။ အနိုင်တိုက်ရမယ်။ ထိုးစစ်ဟာ ကြောက်စရာ ပြေးစရာမဟုတ်ဘူး။ငါတို့အင်အား ကြီးထွားဖို့အတွက် အခွင့်ကောင်းဖြစ်တယ်။ တော်လှန်စစ်ဟာ ရေရှည်ဖြစ်တယ်။ ငါတို့စစ်နိုင်သည့်ထိ၊ သူမတူတဲ့ရေရှည်ခံနိုင်စွမ်းရှိရမယ်ဆိုတဲ့ ဘယ်အခါမှ မမေ့ရမဲ့ တရားသုံးပါးကို သိနားလည်လာကြတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီတရားသုံးပါးကို သိနားလည်လာတဲ့ အခြေခံပေါ်မှာ ကျနော်တို့ ပါတီဟာ တော်လှန်စစ်ကိုဦးစီးနေပြီ။ ဒါကြောင့် ထိုးစစ်တွေဟာ ဘယ်လောက်ကြီးကြီး ပါတီကသာထိုးစစ်စိတ်ဓာတ်နဲ့ဦးစီးရင်အနိုင်တိုက်နိုင်တယ်ဆိုတဲ့ယုံကြည်မှုဟာ ကျနော်တို့ကျောင်းထဲမှာထင်သာမြင်သာ တိုးတက်ခိုင်မာလာတယ်။ နောက်ဘယ်လောက်ကြီးတဲ့ ဘယ်လောက်ကြာတဲ့ထိုးစစ်လာပါစေ လာရင်တိုက်မယ်။ ရန်သူကိုသတ်မယ်။ ထိုးစစ်ကို ရိုက်ချိုးမယ်ဆိုတဲ့ ထိုးစစ်စိတ်ဓာတ်ဟာလဲ ကျောင်းတွင်းမှာတဆင့်တိုး မြင့်မားလာတယ်။ လွှမ်းခြုံလာတယ်။ ထိုးစစ်ဟာ ကြောက်စရာ ပြေးစရာမဟုတ်ဘူးဆိုတဲ့ အတွေး အခေါ်ဟာ ရဲဘော်တွေဘဝတွင်းကို နက်နက်ရှိုင်းရှိုင်းဝင်စေခဲ့တယ်။ ထိုးစစ်ဟာ ကြီးလေ ကောင်းလေပဲ။ ငါတို့ အင်အား ကြီးထွားဖို့ ရန်သူများများသတ်၊လက်နက်များများ ယူဖို့အခွင့်ကောင်းဖြစ်တယ်ဆိုတဲ့ အတွေးခေါ်ဟာလဲ ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားလာတယ်။

ရဲဘော်ထွန်းရှိန်သည် ခါးက ခြောက်လုံးပြူးအိပ်ကို လက်ဖြင့် တင်းတင်းပါအောင်ဆုပ်ကိုင်လိုက်သည်။ မျက်မှောင်ကုတ်လိုက်ပြီး နဖူးရေကို တအားကုန် တွန့်လိုက်သည်။

ပြီးတော့ ထိုးစစ်ကို ထိုးစစ်နဲ့ ရင်ဆိုင်တာနဲ့ တပြိုင်နက် ထိုးစစ်အတွင်းမှာပဲ အခြား တော်လှန်ရေးလုပ်ငန်း၊ လူထု လူတန်းစားတိုက်ပွဲတွေ လုပ်နိုင်တယ်ဆိုတာ ကျောင်းက ရဲဘော်တွေဟာ အခိုင်အမာယုံကြည်လာကြတယ်။ ဒါကြောင့် ထိုးစစ် ဘယ်လောက်ရှိပါစေ ထိုးစစ်ကို ထိုးစစ်နဲ့ ရင်ဆိုင်ရင်း ဒီကျောင်းလုပ်ငန်းတွေ ပြီးမြောက်အောင်မြင်အောင် လုံးပမ်းတိုက်ခိုက်သွားမယ်ဆိုတဲ့ စိတ်ပိုင်းဖြတ်ချက်နဲ့ ယုံကြည်ချက်တွေဟာလဲ ကြံ့ခိုင်သထက် ကြံ့ခိုင်လာတယ်။

ဒီလိုအထက်ပါတီ အဖွဲ့အစည်းရဲ့ အတွေးအခေါ် လမ်းညွှန်သစ်နဲ့ လက်တွေ့လုပ်ငန်းလမ်းညွှန်သစ်ကို အလေးအနက် ခံယူကြတာနဲ့တပြိုင်နက်၊ ဒေသပါတီက အထက်ပါတီ အဖွဲ့အစည်းရဲ့ လမ်းညွှန် ပေါ်လစီစိတ်ဓာတ်အခြေခံပေါ်မှာ ထိုးစစ်ကို ထိုးစစ်နဲ့ ရင်ဆိုင်ရင်း စစ်ရေးတိုက်ပွဲနဲ့ လူတန်းစားတိုက်ပွဲဆိုတဲ့ တိုက်ပွဲ ၂ ရပ်ကို နီးနီးကပ်ကပ် ပေါင်းစပ်ပြီး ကျေးလက်အာဏာနဲ့ ထူထောင်ရေး အခြေခံစခန်းတည်ဆောက်ရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် ထမ်းဆောင်နိုင်ဖို့ လမ်းညွှန် ပေါ်လစီ တစုံကိုလဲ ဒီကျောင်းမှာ အစပြု လေ့လာခဲ့ကြပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကြောင့် ဒီနေ့ဆိုရင် ကျောင်းသူကျောင်းသား ရဲဘော်တွေဟာ ထိုးစစ်ဆိုရင် နိုင်ငံရေး၊ စစ်ရေးလေ့ကျင့် မွေးမြူရေးကျောင်းကြီးအဖြစ် သဘောထားတယ်။ စစ်ရေးတိုက်ပွဲနဲ့ လူတန်းစားတိုက်ပွဲကိုလဲ တော်လှန်ရေးသမားကောင်းနဲ့ ကွန်မြူနစ်ကောင်းတွေ ဖြစ်ရေးအတွက် အတွေး အခေါ်အရ၊နိုင်ငံရေးအရ၊စည်းရုံးရေးအရ လေ့ကျင့်မွေးမြူရေး ကျောင်းအဖြစ် သဘောထားတယ်။

အဲဒီသဘောထားအရ အခိုင်အမာ အလုပ်တွေ ထမ်းဆောင်သွားဖို့ ခိုင်မာတဲ့ သန္နိဋ္ဌာန်ချချက်တွေရှိနေတာကို တွေ့ရပါတယ်။

ဒီကျောင်းရဲ့အတွေးအခေါ်အရနိုင်ငံရေးအရ စည်းရုံးရေးအရတည်ဆောက်မှုဟာ မိမိပတ်ဝန်းကျင်ရဲ့ စစ်ရေးတိုက်ပွဲ လူတန်းစား တိုက်ပွဲနဲ့ ပေါင်းစပ်ခြင်းအားဖြင့် ဒီကျောင်းမှာ သဘောတရားနဲ့ လက်တွေ့ ပေါင်းစပ်ပြီး စွယ်စုံ လေ့ကျင့် မွေးမြူပေးတဲ့ တော်လှန်ရေး သမားကောင်းနဲ့ ကွန်မြူနစ်ကောင်းတွေ ဖြစ်ကြလိမ့်မယ်လို့ ရဲဘော်တွေဟာ ယုံကြည်နေကြပါတယ်။

ဒီကျောင်းရဲ့ ထူးခြားတဲ့ အတွေးအခေါ် ဖော်ပြချက်တွေ ထဲမှာ လူမျိုးစုံ သွေးစည်းညီညွတ်ရေး အတွေးအခေါ်ဟာလဲ ပေါ်ပေါ် လွင်လွင် ဖွံ့ဖြိုး တိုးတက်နေတာကို တွေ့ရပါတယ်။

ဒါဟာ ပါတီအတွက်၊တော်လှန်ရေးအတွက်၊ပြည်သူတွေ အတွက် အလွန်အကျိုးရှိတဲ့ အခြေအနေဖြစ်တယ်။ဒါကြောင့် ရဲဘော် အားလုံးဟာ ဒီစိတ်ဓာတ်ကို တဆင့်တိုး ဖွံ့ဖြိုးဖို့ ဆက်လက်ကြိုးပမ်းကြရမယ်။

ဒါဟာ ဒီကျောင်းမှာရှိနေတဲ့အလွန်ကောင်းမွန်တဲ့ အတွေးအခေါ် အခြေအနေဖြစ်ပါတယ်။ ဒီအခြေအနေဟာ လာမဲ့ ကျောင်းလုပ်ငန်း အရပ်ရပ် ပြီးမြောက်ဖို့အတွက် အခြေအနေကောင်းပဲ ဖြစ်ပါတယ်။

စည်းရုံးရေး ပြင်ဆင်မှုကို ကြည့်ပြန်ရင်လဲ ဒီကျောင်းရဲ့ကြီးလေးတဲ့ သမိုင်းတာဝန်ကို ပြီးမြောက်ဖို့ရော၊ ကျောင်းရဲ့ မရှိမဖြစ်တဲ့ အုပ်ချုပ်ရေးနဲ့ နေ့စဉ်လုပ်ငန်း တာဝန်တွေကိုရော၊ အကောင်းဆုံး ထမ်းဆောင်နိုင်ဖို့၊ စည်းရုံးရေး ယန္တရားဟာလဲ အခိုင်အမာတည်ဆောက်ထားပြီး ဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီနေ့ဆိုရင် ပါတီအဖွဲ့အစည်း၊ အုပ်ချုပ်ရေး အဖွဲ့အစည်းနဲ့ လူထု အဖွဲ့အစည်းတွေဟာ ကျောင်းရဲ့ ဘဝအတွင်းမှာ သက်ဝင်လှုပ်ရှားနေ ပါပြီ၊ ဒီအဖွဲ့အစည်းတွေဟာ ခေါင်းဆောင်မှုရှိရှိနဲ့ လူထုလမ်းစဉ်အရ ဖွဲ့စည်းထားတာဖြစ်တယ်။ စုပေါင်း ခေါင်းဆောင်မှု တဦးချင်း တာ ဝန်ခံမှုနဲ့ လူထုလမ်းစဉ်ဆိုတဲ့ စည်းရုံးရေး မူတွေအရ ပြုမူ လှုပ်ရှားနေ တာဖြစ်တယ်။ ဒီမိုကရေစီကို ဗဟိုချုပ်ကိုင်မှု စည်းရုံးရေးမှုကို အခိုင် အမာ ကျင့်သုံးနိုင်ဖို့ ကြိုးပမ်းနေကြတယ်။

ဒါကြောင့် ကျောင်းရဲ့ မျက်မှောက် အခြေအနေ တရပ်လုံးဟာ အတွေးအခေါ် ပြင်ဆင်ရေး ဖက်မှာပဲဖြစ်ဖြစ်၊ စည်းရုံးရေး ပြင်ဆင် ရေး ဖက်မှာပဲ ဖြစ်ဖြစ်၊ ရုပ်ဝတ္ထု ပြင်ဆင်ရေး ဖက်မှာပဲ ဖြစ်ဖြစ် အခြေအနေကောင်းတရပ် ရှိနေတယ်လို့ ရှင်းရှင်းလင်းလင်း မြင်ဖို့လိုပါ တယ်။

ဒါဟာ ကျောင်းရဲ့ လုပ်ငန်းတာဝန်တွေ ပြီးမြောက်ဖို့အာမခံချက် ရှိတဲ့ ပဏာမ အုတ်မြစ်တော့ အခြေခံချပြီးသွားပြီလို့ ဆိုနိုင်ပါတယ်။”

ရဲဘော်ထွန်းရှိန်သည် ဗဟိုဆေးကျောင်း၏ နိုင်ငံရေးဆိုင်ရာ၊ အတွေးအခေါ် ဆိုင်ရာ၊ စည်းရုံးရေးဆိုင်ရာ အခြေအနေများကို တင်ပြ၍နေလေသည်။

ရဲဘော်ထွန်းရှိန်သည် ခါးကို ရှေ့သို့ကုန်း၍ မိန့်ခွန်းကို အော်၍ ပြောနေ၏။ ရဲဘော်ထွန်းရှိန်သည် မိန့်ခွန်းကို အသံကုန် ဟစ်၍ဟစ်၍ပြောနေ၏။ အသံကုန် ဟစ်လျှင် မျက်လုံးအစုံသည် ပြူး၍ပြူး၍လာ၏။ ကျောင်းသားများကို စူးစူး စိုက်စိုက်ကြည့်၍ တက်ကြွနေ၏။ ပီတိဖြစ်နေ၏။ တခါတရံတွင် ဘယ်ဖက် လက်ဖြင့် မုတ်ဆိတ်မွေးများကိုဆွဲလျက် ညာဘက် လက်သီးကို ဆုတ်၍လည်း ပြောနေ၏။ ရဲဘော်ထွန်းရှိန်သည် မတ်တတ်ရပ်နေရာမှ ဘယ်ဘယ်-ညာညာ ယိမ်း၍လည်း ပြောနေ၏၊ အလွန်ပင်တက်ကြွ၍ နေလေသည်။

ရဲဘော်ထွန်းရှိန်သည် တရုပ်ပြည်မှ ချုပ်ပေးလိုက်သော ကာကီ အင်္ကျီ လက်ရှည်ကို ဝတ်ထား၏။ အင်္ကျီမှာ ပွယောင်းယောင်း ဖြစ်နေ၏။ ရဲဘော် ထွန်းရှိန်၏ ကိုယ်ခန္ဓာသည် ငယ်၍နေ၏။ လုံချည်ကိုမူ ဒူးအထက်ထိ တိုတိုပင် ဝတ်ထား၏။ လုံချည်တွင် ရွှံ့များဖြင့် ပေကျံ၍နေလေသည်။

ရဲဘော်ထွန်းရှိန်၏ ဘယ်ဒူးသည် မသန်လှပါ။ ထို့ကြောင့် ဒူးစွပ်ကိုအမြဲစွပ် ထားလေ့ရှိ၏၊ သို့သော် ယခုမူ ဒူးစွပ်မှာ ဒူးတွင်မရှိ ခြေကျင်းဝတ်သို့ လျှောကျ နေပြီး ချာချာလယ်နေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော် ထွန်းရှိန်သည် မိန့်ခွန်းကို ရပ်နားခြင်းမပြုချေ ဆက်၍သာပြောနေ၏။ ရဲဘော်ထွန်းရှိန်၏ မိန့်ခွန်းသည်သာ ဗဟိုဆေးကျောင်း ပတ်ဝန်းကျင်တခုလုံးတွင် လွှမ်း၍နေလေသည်။

ရဲဘော် ထွန်းရှိန်သည် ဗဟိုဆေးကျောင်း၏ ရည်ရွယ်ချက်ကို ဆက်လက်၍ တင်ပြနေလေသည်။

အခိုင်း (၂)

ဒီကျောင်းဟာ ဘယ်လိုကျောင်းလဲ ဘာတွေလုပ်ကြမှာလဲ။

ဒီကျောင်းကို ရိုးရိုးနဲ့ ရှင်းရှင်းတင်ပြရရင် ဒီကျောင်းဟာ ပါတီရဲ့ လမ်းစဉ် ၂ ရပ်နဲ့ အတွေးအခေါ် ၂ရပ် တိုက်ပွဲမှာ (တနည်းဆိုရင် ၆၄-လမ်းစဉ်နဲ့ ၅၅-လမ်းစဉ် တိုက်ပွဲနဲ့ မာ့က်စ်လီနင်ဝါဒ မော်စီတိုး အတွေးအခေါ်နဲ့ ပြန်လည် ပြင်ဆင်ရေး ဝါဒ တိုက်ပွဲမှာ) ပါတီရဲ့ မာ့က်စ်လီနင်ဝါဒ လမ်းစဉ်ပေါ်လစီနဲ့ အတွေးအခေါ် ဖက်က မားမား မတ်မတ် ရပ်တည်တဲ့၊ တချိန်ထဲမှာ ပါတီရဲ့ မာ့က်စ်လီနင် ဝါဒ ခေါင်းဆောင်မှု အထူးသဖြင့်မာ့က်စ် လီနင်ဝါဒ ဗဟိုကော်မီတီကို ပြတ်ပြတ်သားသား ဝိုင်းရံတဲ့ ပါတီရဲ့ကျောရိုး ကေဒါတွေကို အတွေး အခေါ်အရ၊ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ လေ့ကျင့် မွေးမြူပေးမဲ့ ကျောင်း ဖြစ်ပါတယ်။

တချိန်ထဲမှာ ဒီကျောရိုး ကေဒါတွေဟာ ပြည်သူ့ ကျန်းမာရေးနဲ့ တော်လှန်ရေး ဆေးစစ်မျက်နှာမှာရှိနေတဲ့ကေဒါတွေဖြစ်တဲ့အလျောက် ဒီကေဒါတွေကို ဦးစွာအားဖြင့် အတွေးအခေါ် လက်နက်၊ နိုင်ငံရေး လက်နက်နဲ့ စည်းရုံးရေး လက်နက်တွေ တပ်ဆင်ပေးတဲ့ အပြင် ပြည်သူ့ ကျန်းမာရေးနဲ့ ဆေးသိပ္ပံ ပညာ လက်နက်ကိုလဲ တပ်ဆင်ပြီး၊ နီလဲနီ ချွန်လဲချွန်တဲ့ -ကေဒါတွေအဖြစ် လေ့ကျင့် မွေးမြူပေးရမဲ့ ကျောင်းလဲ ဖြစ်ပါတယ်။

ဆိုလိုတာက-

ဒီကေဒါတွေကိုပစ္စည်းမဲ့ နိုင်ငံရေးပါတီရဲ့ အကြွင်းမဲ့ နဲ့ တိုက်ရိုက် ခေါင်းဆောင်မှုကိုခံယူပြီး ပစ္စည်းမဲ့နိုင်ငံရေးကို ဦးထိပ်ပန်တဲ့၊ နီလဲနီ ချွန်လဲချွန်တဲ့ ပြည်သူ့ကျန်းမာရေးနဲ့ တော်လှန်ရေး ဆေး ကေဒါတွေ အဖြစ် လေ့ကျင့် မွေးမြူပေးမဲ့ကျောင်း ဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါက သဘောတရားဆန်ဆန် ပြောတာ ဖြစ်ပါတယ်။

အခိုင်အမာပြောရရင် ဒီကျောင်းဟာ ပဲခူးရိုးမတိုင်းမှာ စစ်နိုင်ရေး အဘာဘာ သိမ်းရေး လမ်းစဉ်ဖြစ်တဲ့ ၆၄-လမ်းစဉ်နဲ့ တိုက်တိုင်း နိုင်တဲ့ မာ့က်စ်လီနင်ဝါဒ မော်စီတုံး အတွေးအခေါ်ဖက်က ပြတ်ပြတ်သား သားရပ်ခံပြီး လက်နက်ချ အညံ့ခံရေးလမ်းစဉ်ဖြစ်တဲ့ ၅၅-လမ်းစဉ်နဲ့ ပြန်လည် ပြင်ဆင်ရေးဝါဒကို ဆုံးခန်းတိုင် ဆန့်ကျင် တိုက်ခိုက် ချေ မှုန်းမဲ့ ပဲခူးရိုးမတိုင်းရဲ့ ကျောရိုးကေဒါတွေကို ကျန်းမာရေးနဲ့ သိပ္ပံ ပညာ လက်နက်တပ်ဆင်ထားတဲ့ ကေဒါတွေအဖြစ် လေ့ကျင့် မွေးမြူ ပေးမဲ့ကျောင်း ဖြစ်ပါတယ်။

\ ဒီလိုဆိုရင် ဒီကျောင်းက ဘာတွေလုပ်ကြမှာလဲ။

ဒီကျောင်းက ဘာတွေ လုပ်ကြမလဲ ဆိုရင် ဒီ သမိုင်း ကာလရဲ့ ထူးခြားချက်နဲ့ ဒီကျောင်းရဲ့ သမိုင်း အစီပွါယ်က ပြဋ္ဌာန်းတဲ့ သမိုင်း တာဝန်တွေကိုလုပ်ဆောင်ရမှာဖြစ်တယ်။

ဒီသမိုင်းကာလရဲ့ထူးခြားချက်ကတော့၊ ဒီကာလဟာ ပါတီရဲ့ သ မိုင်းနဲ့ တော်လှန်စစ်သမိုင်းရဲ့ အလှည့်အပြောင်း ကာလ ဖြစ်ပါတယ်။ ပါတီနဲ့တော်လှန်စစ်ဟာ ပြင်းထန်တဲ့တိုက်ပွဲမှာ တဟုန်ထိုး ကြီးထွား တိုးတက် လို့ပြောင်းနေတာ ဖြစ်နေပါတယ်၊ ပါတီဟာမာ့က်စ်လီနင် ဝါဒ မော်စီတုံးအတွေးအခေါ်ကို စွဲစွဲမြဲမြဲ ကိုင်ဆောင်ပြီး တခုတည်း သော မာ့က်စ်လီနင်ဝါဒ ပါတီပီသရေး၊ ဘော်လ်ရှီဗစ်ပါတီ ပီသရေး၊ ပန်းတိုင်ဖက်ကို အတွေးအခေါ်အရ၊ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ အပြင်းအထန်လှည့်ပြောင်း ချီတက်နေရတဲ့ကာလဖြစ်ပါတယ်။

တော်လှန်စစ်အနေနဲ့ပြောရင်လဲ တော်လှန်စစ်ဖျက်သိမ်းရေး၊ အ ညံ့ခံရေး အရှုံးပေးရေးဖက်က တော်လှန်စစ် အောင်ပွဲခံရေး ပန်းတိုင် ဖက်ကို တော်လှန်စစ်ကို ပါတီက ဦးစီးရမယ်။ ထိုးစစ်ကိုထိုးစစ်နဲ့ ရင် ဆိုင် ချေမှုန်းအနိုင်တိုက်ရမယ်။ ရေရှည်စစ်ကို သူမတူတဲ့ ခံနိုင်စွမ်းရည် နဲ့ အဆုံးတိုင် ဆင်နွဲရမယ်ဆိုတဲ့ တရားသုံးပါးကို ကိုင်စွဲပြီး၊ ပြင်းပြင်း ထန်ထန် လှည့်ပြောင်းနေရတဲ့ အလှည့်အပြောင်း ကာလဖြစ်ပါတယ်။

ဒီလိုဆိုရင် ဒီကျောင်းက ဒီပါတီနဲ့ တော်လှန်စစ်ရဲ့ သမိုင်း အ လှည့်အပြောင်းမှာ အရေးကြီးတဲ့အခန်းကပါဖို့ သမိုင်းအခြေအနေက တောင်းဆိုနေပါတယ်။ ကျနော်တို့ပါတီကို ဘော်လ်ရှီဗစ်ပါတီ ပီသ ရေးနဲ့ တော်လှန်စစ်ကို အောင်ပွဲခံရေးဆိုတဲ့ သမိုင်းအလှည့်အပြောင်း

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

မှာ ကျနော်တို့ ကျောင်းဟာ ပါတီက အားကိုး အားထား ပြုရမဲ့ မာ့က်စ်လီနင်ဝါဒ မော်စီတုံး အတွေးအခေါ် အင်အားသစ်တရပ်ဖြစ်ဖို့ လုံးပမ်း တိုက်ခိုက်ရမှာဖြစ်ပါတယ်။

ဒီသမိုင်း အခိပ္ပါယ်ဟာ အလွန်လေးနက်ပါတယ်။ သမိုင်းတာဝန်ဟာလဲ အလွန်ကြီးလေးပါတယ်။

တချိန်ထဲမှာ ကျနော်တို့ပါတီဟာ ဘော်လ်ရှီဗစ်ပါတီပီသရေး အလို့အပြောင်းထဲမှာပဲ၊ နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုမှာ မာ့က်စ်လီနင်ဝါဒ မော်စီတုံးအတွေးအခေါ်ကို စွဲစွဲမြဲမြဲကိုင်ဆောင်ပြီး၊ ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေးကို ရှေ့ဆုံးတန်းက အလုပ်အကျွေးပြု အထောက်အကူပြုနေတဲ့ ဂုဏ်ရောင်ပြောင်တဲ့ ပါတီတရပ်ဖြစ်ပြီး၊ ကျွန်တော်တို့လက်နက်ကိုင် တော်လှန်ရေးဟာလဲ ကမ္ဘာ့တော်လှန်ရေးရဲ့ အချက်အချာဖြစ်တဲ့ အရှေ့တောင်အာရှမှာရှေ့ဆုံးတန်းမှာရှိနေတဲ့ မချအောင်ပွဲခံမဲ့ တော်လှန်ရေးတရပ် ဖြစ်နေပါတယ်။

ကျနော်တို့ကျောင်းအနေနဲ့ ဒီလိုကမ္ဘာမှာ ရှေ့ဆုံးတန်းက ရောက်နေတဲ့ပါတီနဲ့ တော်လှန်ရေးက လိုအပ်နေတဲ့ တော်လှန်ရေး ကေဒါကောင်းတွေနဲ့ ပါတီကေဒါကောင်းတွေကို ပဲခူးရိုးမတိုင်းရဲ့ ကြောရိုးကေဒါတွေအဖြစ်၊ လေ့ကျင့် မွေးမြူပေးရမဲ့ အလွန်မှန်မြတ်ပြီး ဂုဏ်ရောင်ပြောင်တဲ့ သမိုင်း တာဝန်ကိုထမ်းဆောင်ရမှာဖြစ်ပါတယ်။

ဒီကျောင်းရဲ့ ရည်မှန်းချက်

ဒီလိုဆိုရင် ကျနော်တို့ကျောင်းရဲ့ ရည်မှန်းချက်ဟာ ဘာလဲ —

ကျနော်တို့ကျောင်းရဲ့ ရည်မှန်းချက်ဟာ အလွန်မြင့်မားပါတယ်။

(၁) ကျနော်တို့ ကျောင်းအနေနဲ့ ဦးစွာ အားဖြင့် နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုနဲ့ ကမ္ဘာ့တော်လှန်ရေးစစ်မျက်နှာမှာ ရှေ့ဆုံးတန်း ရောက်နေတဲ့ ကျနော်တို့ပါတီနဲ့ တော်လှန်ရေးက လိုအပ်နေတဲ့ မာ့က်စ်လီနင်ဝါဒ မော်စီတုံးအတွေးအခေါ် အားသစ်တရပ်ကို မပြတ်မနေ မွေးထုတ်ဖို့ ရည်မှန်းပါတယ်။

(၂) ဒုတိအားဖြင့် ဒီလိုကမ္ဘာမှာ ရှေ့တန်းရောက်နေတဲ့ ပါတီကို ဘော်လ်ရှီဗစ်ပါတီ ပီသအောင် လှဲ့ပြောင်းရေးနဲ့ ၊ကျနော်တို့လက်နက်ကိုင်တော်လှန်ရေးကို မချအောင်ပွဲခံစေဖို့ လှဲ့ပြောင်းရေးမှာထက်မြက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တဲ့အခန်းက ပါဝင်နိုင်တဲ့ ပဲခူးရိုးမတိုင်းရဲ့ ပါတီနဲ့တော်လှန်ရေးရဲ့ ကျောရိုးကေဒါကောင်းတွေ မွေးထုတ်ဖို့ ရည်မှန်းပါတယ်။

(၃) တတိယအားဖြင့်၊ ဒီကေဒါတွေဟာ ပြည်သူ့ကျန်းမာရေးရဲ့ တော်လှန်ရေး ဆေးစစ်မျက်နှာမှာ တာဝန်ထမ်းဆောင်ရမဲ့ ရဲဘော်တွေဖြစ်တဲ့အလျှောက် တော်လှန်စစ်ကို အကောင်းဆုံးအလုပ်အကျွေး ပြုနိုင်တဲ့ နီလဲနီ ချွန်လဲချွန်တဲ့ ပြည်သူ့ကျန်းမာရေးနဲ့ တော်လှန်ရေး ဆေးကေဒါတွေမွေးထုတ်ဖို့ ရည်မှန်းပါတယ်။

ဒီကျောင်းက ထမ်းဆောင်ရမဲ့ သမိုင်းတာဝန် ၃-ရပ်

အထက်ပါ ရည်မှန်းချက်ကို ရောက်ဖို့ဆိုရင် ကျနော်တို့ ကျောင်းအနေနဲ့ အောက်ပါ သမိုင်းပေး တာဝန်တွေကို အလေးအနက် ထမ်းဆောင်ရမှာဖြစ်ပါတယ်။

(၁) ကျနော်တို့ ကျောင်းအနေနဲ့ ၆၄-လမ်းစဉ်က ညွှန်ပြတဲ့ပါတီ တည်ဆောက်ရေးဟာ လုပ်ငန်းအရပ်ရပ် အောင်မြင်ဖို့အတွက် သော့ချက်ဖြစ်တယ်ဆိုတဲ့ လမ်းညွှန်အရ ဦးစွာအားဖြင့် ကျနော်တို့ပါတီကို ဘော်လ်ရှီဗစ်ပီသရေးအတွက်ပါတီတည်ဆောက်ရေးသမိုင်းတာဝန်ကို ဦးစားပေး ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ဒီတာဝန်ဟာ သော့ချက်ဆိုတဲ့အတိုင်း အလွန်ပဲ ကြီးလေးလှပါတယ်။

(၂) ကျနော်တို့အားလုံးဟာ ပါတီရဲ့ခေါင်းဆောင်မှုအောက်မှာ လက်နက်ကိုင် တော်လှန်ရေးကို ပါဝင်ဆင်နွှဲနေတဲ့ ပြည်သူ့တပ်မတော်သားတွေဖြစ်ပါတယ်။ဒါကြောင့်ကျနော်တို့အနေနဲ့ ပါတီရဲ့ အကြွင်းမဲ့နဲ့ တိုက်ရိုက်ခေါင်းဆောင်မှုကို ခံယူတဲ့ ပစ္စည်းမဲ့ လူတန်းစားနိုင်ငံရေး ဦးထိပ်ပန်တဲ့ နိုင်ငံရေးလုပ်ငန်းကို စစ်သေနာပတိချုပ်နေရာမှာထားတဲ့ အမျိုးအစားသစ် တပ်မတော် တည်ဆောက်ရေးတာဝန်ကိုလဲ မုချထမ်းဆောင်ရမှာဖြစ်ပါတယ်။

(၃) တချိန်ထဲမှာ ကျနော်တို့ဟာ ပြည်သူ့ကျန်းမာရေးနဲ့ တော်လှန်ရေး ဆေးစစ်မျက်နှာမှာ တာဝန်ယူကြရမဲ့ ကေဒါတွေဖြစ်တဲ့အလျှောက် ပါတီရဲ့ အကြွင်းမဲ့နဲ့ တိုက်ရိုက်ခေါင်းဆောင်မှုရှိတဲ့ အမျိုးအစားသစ် တပ်မတော်ရဲ့ အစိတ်အပိုင်းဖြစ်တဲ့ ပြည်သူ့ကျန်းမာရေးနဲ့ တော်လှန်ရေး ဆေးတပ်မတော် တည်ဆောက်ရေး တာဝန်ကိုလဲ အလေးအနက် ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီတည်ဆောက်ရေးတာဝန် ၃-ရပ်လုံးဟာ အခြေခံအားဖြင့် အတွေး အခေါ်အရ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ ဘက် ၃-ဘက်က တည် ဆောက်ရမဲ့ လုပ်ငန်းတာဝန်တွေဖြစ်ပါတယ်။ ဒါပေမဲ့ ဦးစားပေးတည် ဆောက်ရမှာက အတွေးအခေါ် တည်ဆောက်ရေးဖြစ်ပါတယ်။

ဒုတိယနဲ့ တတိယ တည်ဆောက်ရေးဟာ ထူးခြားတဲ့ လက္ခဏာရှိ တဲ့အလျောက် လိုအပ်တဲ့ အတတ်ပညာ လက်နက်တပ်ဆင်ရေးနဲ့ မှန် မှန်ကန်ကန် ပေါင်းစပ်ပေးဖို့လိုပါတယ်။ ကျနော်တို့ ကျောင်းအနေနဲ့ အဓိက တတ်ဆင်မဲ့လက်နက်ကတော့ ကျန်းမာရေးနဲ့ ဆေးသိပ္ပံလက် နက်ပဲဖြစ်ပါတယ်။

ဒါဟာ ကျနော်တို့ ကျောင်းက ချီတက်ရမဲ့ ၄-လခရီးရဲ့ အခြေခံ တည်ဆောက်ရေး လုပ်ငန်းတာဝန် ၃-ရပ်ဖြစ်ပါတယ်။

ဒီတည်ဆောက်ရေး တာဝန် ၃-ရပ်ဟာ အတွေး အခေါ် ၂-ရပ်၊ လမ်းစဉ် ၂-ရပ် တိုက်ပွဲထဲမှာ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ တချိန်ထဲ မှာ အမျိုးအစားသစ် တပ်မတော် တည်ဆောက်ရေးနဲ့ ပြည်သူ့ကျန်း မာရေးတပ်မတော် တည်ဆောက်ရေးဟာ လမ်းကြောင်း ၂-သွယ်တိုက် ပွဲထဲမှာ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒီတည်ဆောက်ရေး ၂-ခု လုံးမှာ အရင်းရှင် တည်ဆောက်ရေး လမ်းကြောင်းနဲ့ ပစ္စည်းမဲ့ တည် ဆောက်ရေးလမ်းကြောင်း ၂-ကြောင်းရှိပါတယ်။ ဒီလမ်း ၂-သွယ်ဘယ် လမ်းကို လိုက်မလဲဆိုတဲ့ သေရေး၊ ရှင်ရေးပြဿနာကို တိုက်ပွဲနဲ့ ဖြေရှင်း ပြီး မှန်ကန်တဲ့ လမ်းကြောင်းပေါ်မှာ တည်ဆောက်ဖို့ လုံးပမ်းတိုက် ခိုက်ရမှာဖြစ်ပါတယ်။

ဒါကြောင့် ဒီတည်ဆောက်ရေး ၃-ရပ်လုံးဟာ ကျနော်တို့အားလုံး တော်လှန်ရေး ကေဒါကောင်း ပါတီ ကေဒါကောင်းတွေ ဖြစ်မလား မဖြစ်ဘူးလားဆိုတဲ့ ပြင်းထန်တဲ့ စမ်းသပ်မှုကို ခံရမဲ့တိုက်ပွဲမှန်တိုင်း တွေဖြစ်ပါလိမ့်မယ်။

ဗဟိုဆေးကျောင်း၏ ရည်ရွယ်ချက်ကြီး သုံးရပ်သည် ဤသို့ပင်ဖြစ် လေတော့သည်။

(၁) ဘော်လ်ရှီဗစ်ပါတီပီသရေး။

(၂) အမျိုးအစားသစ်ဖြစ်သော တပ်မတော်တည်ဆောက်ရေး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းရှိန်၏ လက်ရေးမူ

(၂)

[illegible]

[illegible]

[illegible]

[illegible]

ရဲဘော်တို့ -

[illegible]

[illegible]

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃) ပြည်သူ့ ကျန်းမာရေးနှင့် တော်လှန်ရေး ဆေးတပ်မတော်တည် ဆောက်ရေး။

× × ×

၂။ ဗဟိုဆေးကျောင်း၏လမ်းညွှန်

ဗဟိုဆေးကျောင်း တည်ဆောက်ရေးအတွက် လမ်းညွှန်မှာ အဓိကအားဖြင့် အတွေးအခေါ် တည်ဆောက်ရေးကိုသာ အခြေခံ၍ ထားလေသည်။

ထို့ကြောင့် ဗဟိုဆေးကျောင်း တည်ဆောက်ရေးအတွက် တော်လှန်သော အတွေးအခေါ်ကို စိုက်ထူ ပညာပေးရန် အဆင့် သုံးဆင့်ကို သတ်မှတ်ထား သည်။

(၁) လူတန်းစားအသိ မြှင့်တင်ရေး လှုပ်ရှားမှု။

(က) ပညာပေးရေးပိုင်း။

(ခ) ဘဝယှစ်တိုင် လှုပ်ရှားမှုပိုင်း။

(၂) ပါတီလမ်းစဉ် လေ့လာရေး လှုပ်ရှားမှု။

(က) အခြေခံ လုပ်ငန်းစဉ် လေ့လာရေး။

(ခ) ၅၅-ပယ်ဖျက်သည့် ဆုံးဖြတ်ချက် လေ့လာရေး။

(ဂ) တရုပ်ပြည်ယဉ်ကျေးမှုတော်လှန်ရေးနှင့်ပတ်သက်သည့် ဆုံး ဖြတ်ချက် လေ့လာရေး။

(ဃ) စိန်-ပိန် ပြန်လည်ပြင်ဆင်ရေး ဂိုဏ်းနှင့် ပတ်သက်သော ဆုံး ဖြတ်ချက် လေ့လာရေး။

(၃) ပါတီ အသိ မြှင့်တင်ရေး လှုပ်ရှားမှု။

ဗဟို ဆေးကျောင်း၏ တော်လှန်သော အတွေးအခေါ် စိုက်ထူ ပညာပေး ရေး စီမံကိန်းနှင့် လမ်းညွှန် ပေါ်လစီတို့ကို ရဲဘော် ထွန်းရှိန်ကပင် တာဝန်ခံ၍ သင်တန်း ပို့ချလေသည်။

၁၉၆၇-ခုနှစ် နိဝင်ဘာလ (၂၀) ရက်နေ့တွင် ဖြစ်လေသည်။

ဗဟို ဆေးကျောင်းသည် ပြည်ခရိုင် ပေါင်းတည်မြို့နယ်ရွှေလေးဒေသ ယုတ် ဆိုင်ရွာ၏ အရှေ့ဘက် (၂)မိုင်ကွာတွင် စခန်းချ၍ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗဟိုဆေးကျောင်း၌ ရဲဘော်ထွန်းရှိန်၏ ခေါင်းဆောင်မှုအောက်တွင် ပါတီအသိ မြှင့်တင်ရေး လှုပ်ရှားမှုကိုပြုလုပ်၍နေ၏။ ဗဟို ဆေးကျောင်းမှ ရဲဘော်များသည် ရဲဘော် ထွန်းရှိန်၏ သင်ကြားပို့ချချက်များကို တက်ကြွစွာပင်ခံယူလိုက်နာ၍ နေကြလေသည်။

ယင်း ဗဟို ဆေးကျောင်း၏ ပါတီ အသိ မြှင့်တင်ရေးလှုပ်ရှားမှု၏ နိဂုံးချုပ်တွင် ရဲဘော် ထွန်းရှိန်သည် "ဗဟိုဆေးကျောင်း၏ အစီရင်ခံပြုချက်" ကိုရေးသားခဲ့သည်။

ထိုသို့ ရေးသားခဲ့ပြီးနောက် ဗဟိုဆေးကျောင်း၏ ကိုယ်စား "ဗဟို ဆေးကျောင်း၏ အစီရင်ခံ ပြုချက်" ကို ရဲဘော် ထွန်းရှိန်သည် တော်လှန်သော ဗဟိုကော်မီတီ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သို့ ပေးပို့ခဲ့လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ

ဥက္ကဋ္ဌကြီး သခင်သန်းထွန်း အမှူးပြုသော မာ့က်စ် လီနင်ဝါဒ နိုင်ငံရေး ဦးဆောင်အဖွဲ့နှင့် မာ့က်စ် လီနင်ဝါဒ ဗဟို ကော်မီတီများသို့ အစီရင်ခံပြုချက်။

ကျွန်ုပ်တို့ ပြည်သူ့ ကျန်းမာရေးနှင့် တော်လှန်ရေး ဆေး သင်တန်းကျောင်းသို့ ရောက်ရှိနေကြသော ကျောင်းပါတီ ကော်မီတီ၊ ပါတီဝင်များ တပ်မတော်သားများ၊ အမျိုးသမီးနှင့်ပါတီကျောရိုးများအနေနှင့် ကျောင်းပါတီ ကော်မီတီက ခေါင်းဆောင်ပြုလုပ်ခဲ့သော လှုတန်းစား အသိ မြှင့်တင်ရေး လှုပ်ရှားမှုကိုဖြတ်သန်းပြီးနောက်-

ဗမာပြည် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းအမှူးပြုသော မာ့က်စ်လီနင်ဝါဒနိုင်ငံရေး ဦးဆောင်အဖွဲ့နှင့် မာ့က်စ်လီနင်ဝါဒ ဗဟိုကော်မီတီများသို့ အောက်ပါအတိုင်း လေးနက်သော အစီရင်ခံ ပြုလိုပါသည်။

၁။ ကျွန်ုပ်တို့သည် ပါတီဗဟို၏ မာ့က်စ်လီနင်ဝါဒ လမ်းစဉ် ဖြစ်သော ၆၄-လမ်းစဉ်က ညွှန်ပြသည့် တော်လှန်ရေးအောင်ပွဲခံဖို့ဆိုလျှင် ပါတီ တည်ဆောက်ရေးကို သော့ချက်ထား လုပ်ရမည်။ အမျိုးအစားသစ် တပ်မတော် တည်ဆောက်ရေးကို ဦးစားပေး လုပ်ရမည် ဆိုသည့် လမ်းညွှန်အရ ပါတီ တည်ဆောက်ရေးနှင့် တပ်တည်ဆောက်ရေးကို စတင် လုပ်ဆောင်နေကြပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယခုဆိုလျှင် ပါတီ တည်ဆောက်ရေးနှင့် တပ် တည်ဆောက်ရေးမှာ မရှိမဖြစ်သော လူတန်းစားအသိ အုတ်မြစ်ကို အလေးအနက် တည်ဆောက်နေကြပါသည်။

ဤလူတန်းစား အသိအုတ်မြစ် တည်ဆောက်ရေးမှာ ပါတီ အဖို့ဆိုလျှင် ဘော်လ်ရှိဗစ် ပါတီပီသရေးအတွက် မရှိမဖြစ်သလို တပ်မတော် အဖို့ဆိုလျှင်လည်း အမျိုးအစားသစ်တပ်မတော်ပီသရေးအတွက် မရှိမဖြစ်ကြောင်း သိရှိလာကြပါသည်။

သို့ဖြစ်၍ ကျနော်တို့ မိခင်ပါတီကို ဘော်လ်ရှိဗစ် ပါတီပီသရေးနှင့် ကျနော်တို့ ပြည်သူ့တပ်မတော်ကို အမျိုးအစားသစ် တပ်မတော် ပီသရေးတို့အတွက်၊ ယခုလူတန်းစားအသိ မြှင့်တင်ရေး လှုပ်ရှားမှုမှာ တည်ဆောက်ခဲ့သော ကျနော်တို့၏ လူတန်းစားအသိ အုတ်မြစ်ကို တစတစ ဖြစ်ပေါ်တိုးပွားပြီး ထာဝစဉ် ခိုင်မြဲအောင် တည်ဆောက်သွားပါမည် ဟု လေးနက်သော အဓိဋ္ဌာန် ပြုပါသည်။

၂။ ကျနော်တို့သည် လူတန်းစားအသိ မြှင့်တင်ရေး လှုပ်ရှားမှု၏ ပထမအဆင့်ဖြစ်သော ပညာပေးရေးလှုပ်ရှားမှု အပိုင်းတွင်နယ်ချဲ့စံနစ်၊ ပဒေသရာဇ် မြေရှင်စံနစ်နှင့် ဗျူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်သည်ကျနော်တို့ ဗမာပြည်နှင့်ဗမာပြည်သူတို့အားနိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ၊ ယဉ်ကျေးမှုအရ ဘက်ပေါင်းစုံဖိနှိပ်ချုပ်ချယ်ပြီး ကျနော်တို့ တိုင်းပြည်နှင့် ကျနော်တို့ ပြည်သူတို့ကို ကျွန်ဇာတ်သွင်း၍ ကျွန်တိုင်းပြည်နှင့် ကျွန်လူမျိုး ဘဝဆိုးမှာ ထား၍ ရက်ရက်စက်စက် သွေးစုတ်၊ ရက်ရက်စက်စက် ဖမ်းဆီး ချုပ်နှောင် သတ်ဖြတ်၊ ရက်ရက်စက်စက် မုဒိန်းကျင့် ဖျက်ဆီးနေကြသော ကမ္ဘာမကျေရန်သူကြီး ၃ ဦးအဖြစ် အထင်အရှား တွေ့မြင်လာကြပါသည်။

တချိန်ထဲမှာ ဤစံနစ်ဆိုးကြီး ၃-ခုကို လွန်ခဲ့သည့် ၁၉-နှစ် အတွင်း ခေါ်ဆိုလေ ရှိသော လွတ်လပ်ရေး ကာလအတွင်း အသေအလဲ ကာကွယ်ထိန်းသိမ်း နေသူမှာ ဦးနု၊ ကျော်ငြိမ်း၊ ဘဆွေ အစရှိသောဝနရှင် အုပ်စိုးသူ အဆက်ဆက်နှင့် ယနေ့ဆိုလျှင် ဗမာချန်ကေရှိတ် နေဝင်း ဖက်ဆစ် အစိုးရ ဖြစ်ကြောင်းကိုလည်း အထင် အရှား တွေ့မြင်လာကြပါသည်။

သို့ဖြစ်၍ ကျနော်တို့သည် အဖိနှိပ်ခံ ပြည်သူ အားလုံး၏ ကမ္ဘာမကျေရန်သူမှာ နယ်ချဲ့စံနစ်နှင့် ပဒေသရာဇ် မြေရှင်စံနစ်သာ မဟုတ်ပဲ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ငင်း စံနစ်ကြီး ၂ ခုကို မယောက်တိုင် ပြုထားသော ပြူရိုကရက် လက်ဝါးကြီးအုပ် အရင်းရှင် စံနစ်ပါ၊ စံနစ်ကြီး ၃-ခု ဖြစ်ကြောင်း တနည်းဆိုလျှင် ပါတီ တော်လှန်ရေးနှင့် ပြည်သူတို့၏ ရန်သူမှာ ၂-ဦး မဟုတ်ပဲ ၃-ဦးဖြစ်ကြောင်း အ...သးအနက် ခံယူသွားကြမည်။ ဤရန်သူကြီး ၃-ဦးကို ထာဝစဉ် တိုက်ခိုက် ချေမှုန်း သွားမည်ဟု အ...န် ပြုပါသည်။

တချိန်တည်းမှာ ဤစံနစ်ကြီး ၃-ခုကို ကိုယ်စားပြုသူမှာ နေဝင်း ဖက်ဆစ်အစိုးရဖြစ်ကြောင်း အခိုင်အမာရပ်တည်ပြီး နေဝင်းဖက်ဆစ် အစိုးရကို ဗမာပြည်သူတို့၏ အဓိက ရန်သူအဖြစ်နှင့် အမြဲတစေ တိုက်ခိုက်ချေမှုန်းသွားကြမည်ဟု အဓိဋ္ဌာန်ပြုပါသည်။

၃။ ကျနော်တို့သည် ဘဝဟစ်တိုင်ဆိုသည့် လူတန်းစားအသိမြှင့်တင်ရေးလှုပ်ရှားမှု၏ ဒုတိယအဆင့်အတွင်းမှာ ကျနော်တို့၏ ဘိုးဘွား၊ မိဘနှင့် ကျနော်တို့ကိုယ်တိုင်၏ ဘဝအတွင်းမှ အထက်ပါ စံနစ်ကြီး ၃-ခု၏ ဖိနှိပ်မှုအောက်တွင် အဖိနှိပ်ခံ ပြည်သူတရပ်လုံး မည်မျှ ဆိုးဆိုးဝါးဝါး သွေးစုတ်ခံရကြောင်း ပြည်သူများ မည်သို့ အနေဆိုးနှင့်နေ၊ အသေဆိုးနှင့်သေ နေရကြောင်း၊ အမျိုးသမီးများ မည်သို့ ညှင်းပမ်းနှိပ်စက် စော်ကား ဖျက်ဆီးခံနေရကြောင်း၊ အထူးသဖြင့် နေဝင်းဖက်ဆစ် အစိုးရအောက်တွင် ဂျပန်ခေတ်ထက် ဆိုးသော ဘဝဆိုးအတွင်းမှာ လူလုံးမလှ၊ သူလုံးမလှ အသက်ဆံဖျား ကျင်လည် ကြက်စားနေကြရကြောင်းကို အကောင်အထည်ရှိရှိ သိမြင်လာကြပါသည်။

နေဝင်း ဖက်ဆစ်အစိုးရမှာ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း ညွှန်ပြသော အကြီးဆုံး သွေးစုတ်ကောင်၊ အကြီးဆုံးလူသတ်ကောင်၊ အကြီးဆုံး ခမြကောင်၊ အကြီးဆုံးမုဒိန်းကောင်၊ အကြီးဆုံး မှောင်ခိုသမားကြီး၊ အကြီးဆုံး လူလိမ်လူညာကြီး ဖြစ်ကြောင်း အထင်အရှား အသက်ပါပါ သိမြင်လာကြပါသည်။

သို့ဖြစ်၍ ဘဝဟစ်တိုင် လှုပ်ရှားမှု၏ ရည်မှန်းချက်ဖြစ်သော တော်လှန်ရေး၏ ပထမ ပြဿနာဖြစ်သော ရန်-ငါ-စီးကို ပြတ်ပြတ်သားသား ခွဲခြားနိုင်ခဲ့ကြပါသည်။

ဤအခြေခံပေါ်မှာ ဗမာချန်ကေရှိတ် နေဝင်းဖက်ဆစ်အစိုးရကို ဓား-ဓားချင်း၊ လှံ-လှံချင်း ရင်ဆိုင်၍ မပြတ်မခြင်း တိုက်ခိုက်ချေမှုန်း သွားမည်ဟု အလေးအနက် အဓိဋ္ဌာန်ပြုပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၄။ ဤရန်သူကြီး ၃-ဦးကို အနိုင်တိုက်လိုလျှင် နေ့ဝင်းဖက်ဆစ်အစိုးရကို ရန်သူဟုမမြင်သော တနည်းဆိုလျှင် ရန်-ငါ မျဉ်းမပြတ်သော အယူအဆ အတွေး အခေါ်များကို အပြတ်သားဆုံး တိုက်ခိုက်သွားပါမည်။

တချိန်တည်းမှာ ပါတီတွင်းမှာ ရှိနေသည့် ပါတီကို ဖျက်ဆီးသော တော်လှန်ရေးကိုဖျက်ဆီးသော မာ့က်စ်လီနင်ဝါဒ မော်စီတုံး အတွေး အခေါ်ကိုဆန့်ကျင်သောပြန်လည်ပြင်ဆင်ရေးဝါဒနှင့် ပြန်လည်ပြင်ဆင်ရေး သမားများကိုလည်း ကမ္ဘာ့မကျေရန်သူအဖြစ် တိုက်ခိုက်ချေမှုန်းသွားပါမည်။

၅။ ဤစံနစ်ကြီး ၃-ခုကို တော်လှန်ဖြိုဖျက်ရန် တခုတည်းသော ထွက်ရပ်လမ်းမှာ ပါတီနှင့် တော်လှန်ရေးသာဖြစ်ပါသည်။

သို့ဖြစ်၍ ဤစံနစ်ကြီး ၃-ခုကို တိုက်ခိုက်ချေမှုန်း၍ တော်လှန်ရေးအောင်ပွဲခံသည်ထိ မမှိတ်မသုံ ပါတီနှင့်အတူ လုံးပမ်းတိုက်ခိုက်သွားကြမည်ဟု အစီရင်ခံပြုပါသည်။

ဤအခြေခံပေါ်မှာ....

- ၄၈-လမ်းစဉ်က ညွှန်ပြသော သေရဲ၊ တိုက်ရဲ၊ အနိုင်ယူရဲသော တော်လှန်ရေး သူရဲကောင်းများဖြစ်ဖို့နှင့်....
- ၆၄-လမ်းစဉ်က ညွှန်ပြသော စစ်အနိုင်တိုက်ရေး အာဏာသိမ်းရေး သမိုင်းတာဝန်ကို အထက်မြက်ဆုံး ထမ်းဆောင်နိုင်သည့်ပါတီ၏ ကေဒါကောင်းများဖြစ်ရေး....
- ၆၄-လမ်းစဉ်က ညွှန်ပြသော....
    - စစ်ရေးဗဟိုပြု။
    - လယ်သမားကိုအခြေခံ။
    - လူမျိုးစုနဲ့ မဟာမိတ်ဖွဲ့။
    - တပ်ပေါင်းစုတိုးချဲ့စည်းရုံး။
    - ပါတီ တည်ဆောက်ရေး သော့ချက်ဟူသော အလုပ်လမ်းညွှန်၅-ရပ်ကို အကောင် အထည် ဖော်သည့် ကေဒါကောင်းများဖြစ်ရေး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

—ပါတီက ထာဝစဉ်ညွှန်ပြသည့်·

- လူတန်းစားတိုက်ပွဲ။
- စစ်ရေးတိုက်ပွဲနှင့်·
- ထုတ်လုပ်ရေးတိုက်ပွဲ ၃ ရပ်အတွင်းမှာ

လေ့ကျင့် မွေးမြူရုံသာမက—
ပါတီတွင်းတိုက်ပွဲမှာလည်း ပါတီ၏လမ်းစဉ်နှင့် ပေါ်လစီဖက်မှ မားမားမတ်မတ် ရပ်တည်တိုက်ခိုက်သွားမည်။
MLMT ထာဝစဉ်လေ့လာသွားမည်။

ဤအခြေခံမှာ ကျနော်တို့သည် ဥက္ကဋ္ဌကြီးသခင်သန်းထွန်းအမှူး ပြုသော ML ဗဟိုကော်မီတီကို ဝိုင်းရံသည့် ရာသက်ပန် တော်လှန်ရေး သမားများအဖြစ် လေ့ကျင့်မွေးမြူသွားကြမည်ဟု အလေးအနက်အဓိဋ္ဌာန်ပြုပါသည်။

အကန့်အသတ်ရှိတဲ့ ငါတို့အသက်ကို အကန့်အသတ်မရှိတဲ့ ပါတီ ပြည်သူနဲ့တော်လှန်ရေး အကျိုးအတွက် ပေးလှူကြစို့။

နေရင်ကြီးမြတ်ပြီး၊ သေရင် ဂုဏ်ရောင်ပြောင်တဲ့၊ ရာသက်ပန်တော်လှန်ရေး သမားဘဝကို ခံယူကြစို့။

(မှတ်ချက်။ ။MLMT ဆိုသည်မှာ "မာ့က်စ်လီနင်ဝါဒ မော်စီတုံး အတွေးအခေါ်"ကို ဆိုလိုပြီး ML မှာ မာ့က်စ် လီနင်ဝါဒ" ကိုဆိုလိုပါသည်။ စာရေးသူ။)

ဤသည်မှာ ရဲဘော်ထွန်းရှိန်(ခ) ပေငြိမ်း၏ "အဓိဋ္ဌာန်ပြုချက်" ပင်ဖြစ်လေသည်။

ထို့နောက်တွင် ရဲဘော်ထွန်းရှိန်သည် ဗဟိုဆေးကျောင်းသို့ တက်ရောက်လာကြသော ရဲဘော်များနှင့် ပတ်သက်၍ တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ သဘောထားနှင့် တောင်းဆိုချက်တို့ကိုလည်း အလေးအနက်ပင် ရှင်းလင်း၍ တင်ပြ၏။ ထို့ပြင်အတတ်ပညာဆိုင်ရာ နယ်ပယ်တွင်ဥက္ကဋ္ဌကြီး မော်စီတုံး၏မဟာဩဝါဒဖြစ်သော "နီလဲနီ-ချွန်လဲချွန်" ဆိုသည့်တော်လှန်သောပြည်သူ့ ကျန်းမာရေး ကေဒါများ ဖြစ်ရေးကိုလည်း ဤသို့ပင် အလေး အနက် တောင်းဆိုလိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ဒီနေ့ ပါတီဟာ အရှိန်ပြင်းစွာနဲ့ ကြီးထွားနေတယ်။ ပါတီက ဦး ဆောင်တဲ့ တော်လှန်ရေးဟာလဲ တဟုန်ထိုး ခုန်လွှား တိုးတက် နေ တယ်။

ပြီးတော့ ဒီအခြေအနေမှာ ဗမာပြည်သူတွေရဲ့ ဘဝ လွတ်မြောက် ရေးကံကြမ္မာဟာ ပါတီပေါ်မှာ လုံးဝ တည်နေတယ်လို့ ပြည်သူ လူထု ကြီးကလဲ မြင်လာတယ်။ အားကိုး လာတယ်။ ပါတီသာ လျှင် တော်လှန်ရေးကို အောင်ပွဲ ပန်းတိုင်ရောက်အောင် ပို့ဆောင် နိုင်တယ်ဆိုတာ သမိုင်း ဖြစ်ပေါ် တိုးပွားမှုကလဲ ပြနေတယ်၊ ဒါ ကြောင့် ကြီးထွားတိုးတက်နေတဲ့ ပါတီနဲ့ တော်လှန်ရေးက တန်ဘိုး ရှိတဲ့ တော်လှန်ရေး သမားကောင်း၊ ပါတီဝင်ကောင်းတွေ အမြောက် အများ လိုနေတဲ့ကာလ ဖြစ်တယ်။

နောက်တခုက ကျနော်တို့ပါတီနဲ့ တော်လှန်ရေးဟာ ကမ္ဘာမှာ ရှေ့တန်း ရောက်နေတယ်၊ ဒါကြောင့် ပြည်တွင်း တော်လှန်ရေးထာ ဝန်တွေ များလာရုံမကပဲ နိုင်ငံတကာ့ တော်လှန်ရေး တာဝန်တွေဟာ လဲ များလာတယ်။ ဒီပြည်တွင်း ပြည်ပ တော်လှန်ရေး တာဝန်တွေ အကောင်းဆုံး ထမ်းဆောင်နိုင်ဖို့ ကေဒါ အမြောက်အများ လိုနေ တယ်။ ဒါကြောင့် ပါတီအနေနဲ့ ရဲဘော်အားလုံးကို ပါတီနဲ့ တော် လှန်ရေးရဲ့ တန်ဘိုးမဖြတ်နိုင်တဲ့ ရတနာတွေလို့အလေးအနက်သဘော ထားတယ်။

ဒီသဘောထားအရပဲ ပါတီက ရဲဘော်တို့အပေါ်မှာ မြော်လင့်ချက် ကြီးစွာနဲ့ ပါတီက တကယ် အားထားရတဲ့ တော်လှန်ရေး သမား ကောင်းနဲ့ ပါတီဝင်ကောင်းတွေဖြစ်ဖို့ ဒီကျောင်းမှာ လေ့ကျင့်မွေးမြူ ပေးဖို့၊ စီမံကိန်းတကျ လုပ်ဆောင်ခဲ့တာပဲဖြစ်တယ်။ ဒီမှာဆိုရင်ရဲဘော် တို့ အပေါ်မှာ ပါတီက ထားတဲ့မြော်မှန်းချက်ဟာ အလွန်ကြီးတယ်။ အလွန် မြင့်မားတယ်။ ရဲဘော်တို့သိပြီး ဖြစ်တဲ့ အတိုင်းပဲ ရဲဘော်တို့ အားလုံးကို ပါတီနဲ့ တော်လှန်ရေးရဲ့ ရှေ့ပြေးတိုင်း ဖြစ်တဲ့ ပဲခူးရိုးမ တိုင်းရဲ့ ကျောရိုး ကေဒါတွေ ဖြစ်အောင် လေ့ကျင့် မွေးမြူ ပေးရမယ် လို့ ပါတီက ကျွန်တော်တို့ကိုတာဝန် ပေးတာဖြစ်ပါတယ်။ ဒါဟာ အ အလွန်မြင့်မားတဲ့ တောင်းဆိုချက်လဲ ဖြစ်ပါတယ်။

ပါတီက ပါတီရဲ့လမ်းစဉ်ပေါ်လစီဖက်က ရပ်ခံနိုင်တဲ့ပါတီရှဲမာက်စ် လီနင်ဝါဒ ခေါင်းဆောင်မှုဖက်က မားမားမတ်မတ် ရပ်တည်နိုင်တဲ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကေဒါကောင်းတွေဖြစ်ဖို့ ရည်မှန်းချက်ရှိရှိ၊ ပိုင်းဖြတ်ချက်ရှိရှိနဲ့ အလေးအနက် လေ့ကျင့် မွေးမြူပေးမှုကို ရဲဘော်တို့ ဘယ်လို နားလည်သင့်သလဲ၊ ဘယ်လိုခံယူသင့်သလဲ။

ကျနော်တို့ ခံယူတာကတော့ ပါတီဟာရဲဘော်တို့ အပေါ်မှာ အလွန်တန်ဘိုးထားတယ်။ အလွန်မြော်မှန်းချက်ကြီးတယ်။ ဒီလိုတန်ဘိုးထားသလို မြော်မှန်းချက်ကြီးသလို ရဲဘော်တို့အပေါ် တာဝန်ယူစိတ်ဟာလဲ အလွန်မြင့်မားတယ်။ ရဲဘော်တို့ကို ရန်တကာကိုတိုက်တိုင်းနိုင်တဲ့ မာက်စ်လီနင်ဝါဒ မော်စီတုံးအတွေးအခေါ် လက်နက်တွေတပ်ဆင်ပေးပြီး ဗမာပြည်သူတွေရဲ့ ဘဝလွတ်မြောက်ရေး အရေးတော်ပုံကို အောင်ပွဲခံသည်ထိ ရဲရဲတောက် တိုက်ပွဲဝင်နိုင်တဲ့ တော်လှန်ရေး အာဇာနည်သူရဲကောင်းတွေဖြစ်ဖို့သာမကဘူး၊ အနာဂါတ် လောကမှာ အမှန်မြတ်ဆုံးဖြစ်တဲ့ ကွန်မြူနစ်အရေးတော်ပုံကြီးအတွက် ရာသက်ပန်သစ္စာရှိရှိနဲ့ သက်စွန့်ကြိုးပမ်း ထမ်းဆောင်နိုင်ဖို့ လေ့ကျင့်မွေးမြူပေးနေတာ ဖြစ်တယ်။

တကယ်က ပါတီအနေနဲ့ အထူးသဖြင့် မာက်စ်လီနင်ဝါဒလမ်းစဉ်ဖြစ်တဲ့ ၆၄-လမ်းစဉ်ကျပြီးမှာ တော်လှန်ရေးနဲ့ပါတီတွေကို ဒီလိုစနစ်တကျ အတွေးအခေါ်အရ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ လေ့ကျင့်မွေးမြူ ပေးနိုင်တာဖြစ်တယ်။ ဒီလိုအခွင့်ကောင်းတွေကိုလဲ ရဲဘော်တိုင်း ရကြသေးတာ မဟုတ်ဘူး။ အနည်းတကာ့ အနည်းစု ရဲဘော်တွေပဲ ရကြသေးတာဖြစ်တယ်။ အဲ ဒီလို အခွင့်ကောင်းအခွင့်ထူးကို ရဲဘော်တို့ ရကြတာဖြစ်တယ်။ ဒါကို အထူးလေးနက်ဖို့ လိုတယ်။

ရဲဘော်တို့က ဘယ်လိုတုန့်ပြန်ကြမလဲ

ရဲဘော်တို့ တုန့်ပြန်သင့်တာကတော့၊ ပါတီက ဒါလောက် တန်ဘိုးထားပြီး ဒီလောက်ကြီးမားတဲ့ မြော်မှန်းချက်နဲ့ ဒီလိုအခွင့်ကောင်းတွေ ဖန်တီးပြီး တာဝန်ရှိရှိနဲ့ ဘက်ပေါင်းစုံ လေ့ကျင့်မွေးမြူပေးရင်၊ ကျနော်တို့ ကျမတို့ ကလဲ ပါတီက မြော်မှန်းသလို ဗမာပြည်သူတွေ ဘဝလွတ်မြောက်ရေး အရေးတော်ပုံကြီးကို စွမ်းစွမ်းတမာန် အသက်ပေး ထမ်းဆောင်နိုင်ဖို့အတွက်ရော၊ နောင်အနာဂါတ်မှာထမ်းဆောင်ရမဲ့ အမှန်မြတ်ဆုံးဖြစ်တဲ့ မဟာကွန်မြူနစ်အရေးတော်ပုံကြီး အတွက်ပါ၊ အစွမ်းကုန် လုံးပမ်းတိုက်ခိုက်နိုင်ဖို့ မိမိတို့ကိုယ်ကျိုးမှန်သမျှ လုံးဝမြှုပ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နှပြီး၊ ပါတီအကျိုး တော်လှန်ရေးအကျိုးနဲ့ ပြည်သူလူထုအကျိုး ဦးထိပ်ပန်ကာ ပါတီနဲ့ ပြည်သူလူထုအပေါ်မှာ တာဝန်ယူစိတ် ရှိစွာနဲ့ အကောင်း ဆုံးလေ့ကျင့်မွေးမြူသွားပါမယ်ဆိုတဲ့ အဖြေကိုရဲရဲပေးသင့်တယ်။

ဒီလေ့ကျင့်မွေးမြူရေး ကာလတခုလုံးမှာ ပါတီ၊ တော်လှန်ရေးနဲ့ ပြည်သူလူထုအကျိုး ထိခိုက်နစ်နာစေတဲ့ စဉ်းစားတွေးတောမှု ပြောဆိုမှုနဲ့ ပြုမူလှုပ်ရှားမှုမှန်သမျှ လုံးဝရှောင်ရှားပြီး၊ ကွန်မြူနစ်အရေးတော်ပုံကြီးအတွက် ထာဝစဉ်လုံးပမ်း တိုက်ခိုက်နိုင်စွမ်းရှိတဲ့ ရာသက်ပန်တော်လှန်ရေးသမားနဲ့ တော်လှန်ရေး ကေဒါကောင်း ပါတီဝင်ကောင်းဖြစ်ရေးအတွက်ဘယ်လောက်ကြီးတဲ့ အခက်အခဲကိုရင်ဆိုင်ရ ရင်ဆိုင်ရ၊ ဘယ်လောက်ကြီးမားတဲ့ကိုယ်ကျိုးစွန့်လွှတ်မှုလုပ်ရလုပ်ရမမှိတ်မသုံ မဖြစ်မနေကြိုးပမ်းသွားပါမယ်ဆိုတဲ့အဖြေကိုလဲ ရဲရဲပေးသင့်ပါတယ်။

ဒီထက်တဆင့် မြှင့်ပြောရရင် ပါတီက ကျနော်-ကျမတို့ကို ဒါလောက်တန်ဘိုးထားပြီး ဒါလောက်ကြီးမားတဲ့ မြှော်လင့်ချက်တွေနဲ့ လေ့ကျင့်မွေးမြူပေးနေတဲ့အခါမှာ တော်လှန်ရေး သ မား ကောင်း၊ ပါတီဝင်ကောင်း၊ ကေဒါကောင်းဖြစ်ဖို့ဆိုတာ ဒီလိုကျောင်းမှာ လေ့ကျင့်မွေးမြူပေးတယ်ဆိုတာဟာအစပြုချက်ပဲရှိသေးတယ်။ တကယ်ကပါတီထဲမှာ အတွေးအခေါ်နှစ်ရပ်လမ်းစဉ်နှစ်ရပ်တိုက်ပွဲနဲ့ ပါတီရဲ့လူတန်းစားတိုက်ပွဲနဲ့ စစ်ရေးတိုက်ပွဲ မီးတောက်မီးလျှံတွေထဲမှာ ကျနော်ကျမတို့ဟာ ရေရှည်ကာလတခု အနည်းဆုံး ၄-၅-၆-နှစ် ကိုယ်ကျိုးကို လုံးဝစွန့်လွှတ် လုံးဝမြှုပ်နှံပြီး၊ ပါတီရဲ့အတွေးအခေါ်အရ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ လေ့ကျင့်မွေးမြူပေးမှုကို အလေးအနက်ခံယူ သင့်သေးတယ်။ ကျနော်တို့ကျမတို့ တော်လှန်ရေးမျိုးဆက်နဲ့ ကွန်မြူနစ်မျိုးဆက်တွေက ပါတီနဲ့ပြည်သူ လူထုအပေါ် တာဝန်ယူစိတ်ရှိစွာနဲ့ ဒီကျောင်းရဲ့ ကာလတိုလေ့ကျင့် မွေးမြူရေးဟာ လုံးဝမလုံလောက်သေးဘူး။ ပါတီက ရေရှည်တော်လှန်ရေးလမ်းကြောင်းပေါ်မှာ ရေရှည် လေ့ကျင့်မွေးမြူပြီးရေရှည်စမ်းသပ်ဖို့ တောင်းဆိုကြောင်းရဲဘော်တို့ကတင်ပြတုန့်ပြန်သင့်တယ်။

ဒါသာလျှင် ပါတီအတွက် တော်လှန်ရေးအတွက်နဲ့ ပြည်သူလူထုအတွက် တကယ်အားမခံချက်ရှိတဲ့ တော်လှန်ရေးသမားကောင်း၊ ကေဒါ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကောင်းနဲ့ ပါတီ ဝင်ကောင်းတွေ ဖြစ်မယ်လို့ အလေးအနက် တင်ပြ လိုတယ်။

ဒီလိုဆိုရင် ပါတီက ပါတီဝင်တွေကို ဒီကျောင်းမှာ မှချစ်ပြအခန်း ကပါဖို့ အလေးအနက် တောင်းဆိုတယ်။ ပါတီ လိုလားသူတွေနဲ့ တပ်မတော်သားတွေကို ပါတီဝင်တွေ အမြဲလိုက်ဖို့ တောင်းဆိုတယ်။

လူငယ်တွေကိုတော့ လူငယ်ပီပီ အတော်လှန်ဆုံး အတက်ကြွဆုံး စိတ်ဓာတ်နဲ့ ကိုယ်ကျိုးကို အလွယ်တကူနဲ့ အစွန့်လွှတ်နိုင်ဆုံး ဖြစ်ပြီး ပါတီက ပုံသစ်လောင်း တည်ဆောက်ပေးမှုကို အပြည့် အဝ ခံယူဖို့ တောင်းဆိုတယ်။ လူငယ်ဆိုပေမဲ့ တော်လှန်ရေးမျိုးဆက်တွေ ဖြစ်တော့ အတွေးအခေါ် ကောင်းဖို့၊ လေ့လာရေးကောင်းဖို့၊ လုပ်ငန်းကောင်း ဖို့ အလေးအနက် တောင်းဆိုတယ်။

အမျိုးသမီးတွေကိုတော့ တော်လှန်ရေး မဆိုထားနဲ့ အမျိုးသမီး တွေသာမပါရင် ကွန်မြူနစ် အရေးတော်ပုံကြီးတောင် မအောင်မြင်နိုင် ဘူးဆိုတဲ့ စကားအရ ဒီကျောင်းရဲ့ လုပ်ငန်းတာဝန်အရပ်ရပ် ပြီးမြောက် အောင်မြင်ဖို့ဆိုရင်လဲ အမျိုးသမီးတွေရဲ့ အခန်းဟာ အလွန်ကြီးမား လိမ့်မယ်။ ဒါကြောင့် အမျိုးသမီးအားလုံးဟာ မိမိတို့ဘဝ လွတ် မြောက်ရေးအတွက် အလွန်အရေးကြီးတဲ့ ဒီနေ့ ပါတီရဲ့ လေ့ကျင့် မွေးမြူမှုကို မိမိရရှိတဲ့ နိုင်ငံရေး တန်းတူမှု စီးပွားရေး တန်းတူမှု၊ လူမှု ရေး တန်းတူမှု အခွင့်ကောင်းတွေ အစွမ်းကုန် အသုံးချပြီး ဒီ ကျောင်းမှာ ရွှေတန်းရောက် ရဲဘော်တွေဖြစ်ပြီး၊ ကိုယ်ကျိုး စွန့်လွှတ် မှုမှာဖြစ်ဖြစ်၊ အတွေးအခေါ် လုပ်ငန်း၊ နိုင်ငံရေး လုပ်ငန်း၊ စည်းရုံး ရေးလုပ်ငန်းနဲ့ စခန်းလုပ်ငန်းတွေမှာပဲ ဖြစ်ဖြစ် ရွှေတန်းက ပါဖို့ တောင်းဆိုလိုပါတယ်။ ရွှေတန်းကလဲပါကြလိမ့်မယ်လို့ ယုံကြည်တယ်။”

ရဲဘော်ထွန်းရှိန်သည်၊ ဝါးခုံပေါ်သို့ ထိုင်ချလိုက်သည်။ ကိုယ်ကိုနောက်သို့ အသာယိမ်းပြီး ဝါးတန်းပေါ်သို့ မှီလိုက်သည်၊ ဂုတ်ပေါ်မှ ချွေးများကို လက် ဖြင့်သပ်၍ ချလိုက်ပြန်သည်။ ပူအိုက်လွန်းပုံရသည်။ ထပ်၍ ဝတ်ထားသော အုန်းခွံရောင်သက္ကလပ် စစ်အင်္ကျီ လက်ရှည်ကို ချွတ်လိုက်သည်။ ဝါးစားပွဲပေါ် မှ ဝါးလက်ဘက်ရည်ကြမ်းခွက်ကို ဆွဲယူပြီး အားရပါးရ မော့ချလိုက်သည်။ ပြီးလျှင် ရဲဘော်ထွန်းရှိန်က အားယူထလိုက်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခုဆက်ပြီးတော့အတတ်ပညာဆိုင်ရာနဲ့ ပတ်သက်တဲ့ အခြေခံ သဘောထားကို တင်ပြချင်တယ်။

အခုကျောင်းဟာ မဟာမော်စီတုံး အတွေးအခေါ်ရဲ့ ရှေ့ဆောင် လမ်းညွှန်မှုအောက်မှာ တည်ဆောက်တာ ဖြစ်တယ်။ ဒီကျောင်းဟာ အတတ်ပညာဆိုင်ရာ သက်သက်ကို သင်ကြားတာမဟုတ်ဘူး။ အရင်က ဗမာပြည်မှာ ဖွင့်ခဲ့တဲ့ကျောင်းတွေ၊ သင်တန်းတွေဟာ အတတ် ပညာ သက်သက်ကိုသာ ဦးစားပေးပြီး သင်ကြားခဲ့ကြတယ်။ အဲဒီ ကျောင်း တွေ သင်တန်းတွေဟာ နောက်ဆုံးမှာ ပါတီနဲ့ တော်လှန်ရေးကိုသာ အန္တရာယ်ပြုခဲ့ကြတယ်။ ဒါကြောင့်မို့ အဲဒီကျောင်းတွေဟာ တော်လှန် တဲ့ ကျောင်းတွေမဟုတ်ဘူး။ဖောက်ပြန်တဲ့ ကျောင်းတွေ သင်တန်းတွေ ဖြစ်ခဲ့တယ်။

အခုတော့ ကျွန်တော်တို့ပါတီဟာ စစ်နိုင်ရေး၊ အာဏာ သိမ်းရေး လမ်းကြောင်းအတိုင်း ချီတက်နေပြီဖြစ်တယ်။ တော်လှန်တဲ့ ပါတီဖြစ် နေပြီဖြစ်တယ်။ ဒီအခြေအနေမှာ ဗဟို ဆေးကျောင်းဟာ အတတ် ပညာကို အဓိကထားပြီး သင်ကြားဘာမဟုတ်ဘူး။ အတတ်ပညာကို အဓိကထားပြီး သင်ကြားရင်ပြန်ပြင်ရေးတွေ ဖြစ်လာလိမ့်မယ်။အတတ် ပညာဆိုတာဟာ မော်စီတုံးအတွေးအခေါ်ရဲ့ လမ်းညွှန်မှုအောက်မှာ ထွန်းပြောင်မှာဖြစ်တယ်။ မော်စီတုံး အတွေးအခေါ်ရဲ့ လမ်းညွှန်မှု အောက်မှာ မရှိတဲ့ အတတ် ပညာတွေဟာ ဖောက်ပြန်တာချည်းပဲ ဖြစ်တယ်။

ရဲဘော်တို့ဟာ ဥက္ကဋ္ဌကြီး မော်ရဲ့ အတွေးအခေါ်တွေကိုသာ ဦး ထိပ်ထားပြီး အသုံလိုက် အူလိုက် လေ့လာပြီး လက်တွေ့နဲ့ ပူးပေါင်း လုပ်ဆောင်ကြပါ။ အတတ်ပညာဆိုတာဟာ မုချပဲ တဘက်ကမ်းခတ် ကျွမ်းကျင်လာမှာ ဖြစ်တယ်။

ဒါကြောင့်မို့ ရဲဘော်တို့ဟာ "နီရေး"ကို အဓိကထားရမယ်။ နောက် မှ "ချွန်ရေး"နဲ့ ပေါင်းစပ်ကြရမယ်။

(မှတ်ချက်။ ။"နီရေး" ဆိုသည်မှာ ပစ္စည်းမဲ့ နိုင်ငံရေး (သို့မဟုတ်) မော်စီတုံး အတွေးအခေါ်ကို ရဲရဲတောက်ခံယူရေးကို ဆိုလိုပါ သည်။

"ချွန်ရေး" ဆိုသည်မှာ အတတ်ပညာဆိုင်ရာတတ်ကျွမ်း ထူးချွန်ရေးကို ဆိုလိုပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မော်စီတုံးသည် တရုပ်ပြည်တွင် အတတ်ပညာဆိုင်ရာ နယ်ပယ်အတွက် မဟာဩဝါဒတရပ်ကို ပေးခဲ့ပါသည်။ ယင်းမှာ "ယို့ဟုန်-ယို့ဏျွမ်း" ဟူ၍ဖြစ်ပါသည်။ ယင်း၏ အဓိပ္ပါယ်မှာ "နီလဲနီ-ချွန်လဲချွန်ရမည်" ဟူ၍ဖြစ်ပါသည်။ သို့ဖြစ်၍ရဲဘော်ထွန်းရှိန်သည် ဗမာပြည်၌ "နီရေး-ချွန်ရေး" ဟူ၍ပြောဆိုနေခြင်းဖြစ်ပါသည်။ စာရေးသူ။)

ဒီမှာအရေးအကြီးဆုံးနဲ့ အလေးအနက်ဆုံး ထားရ မှာကတော့ "နီရေး" ဖြစ်တယ်။ မချွန်ချွန်-နီရင်ချွန်လာလိမ့်မယ်။ ဒါကြောင့် "နီရေး" ဟာအဓိကနဲ့ ပထမဖြစ်တယ်။

ဒါကတောမဟာမော်စီတုံးရဲ့ အတွေးအခေါ်နဲ့ လမ်းညွှန်ပဲ ဖြစ်တယ်"။

(ရဲဘော်ထွန်းရှိန်၏ ဗဟိုဆေးကျောင်းဖွင့်မိန့်ခွန်းမှ၊)

ဤသို့ရဲဘော်ထွန်းရှိန်သည် မဟာမော်စီတုံး၏အတွေးအခေါ်နှင့် လမ်းညွှန်ကို ဗဟိုဆေးကျောင်း၏ "လမ်းညွှန်" အဖြစ်ခံယူ၍ ချမှတ်လိုက်၏။ ထို့နောက်တွင်ဗဟိုဆေးကျောင်း၏ တော်လှန်သော ကြွေးကြော်သံ များကိုလည်း ပေါ်ထုတ်လိုက်လေသည်။

"အကြိမ် ၂၀ မြောက် တော်လှန်ရေး နေ့ကို ဒီကျောင်းက သမိုင်းဝင် အောင်ပွဲနဲ့ကြိုဆိုကြစို့"။

ပါတီရဲ့ ၁၉-ကြိမ်မြောက် တော်လှန်ရေးနေ့က ဥက္ကဋ္ဌကြီးသခင်သန်းထွန်းက သမိုင်းအဓိပ္ပါယ် အလွန်ရှိတဲ့ "အနှစ် ၂၀-မြောက်တော်လှန်ရေးနေ့ကို ပိုမိုကြီးမားတဲ့ သမိုင်းဝင် အောင်ပွဲတွေနဲ့ ကြိုဆိုကြ" လို့ အလေးအနက် ဆော်ဩခဲ့ပါတယ်။

ကျနော်တို့ မျက်မှောက် မှာတော့ ပါတီနဲ့ တော်လှန်ရေးရဲ့ သမိုင်းကို ကြီးမားတဲ့ အလှည့်အပြောင်းဖြစ်စေတဲ့ သမိုင်းဝင် အောင်ပွဲကြီး (၃)ပွဲဟာ ပြင်းထန်တဲ့ တိုက်ပွဲထဲက ပေါ်ထွက်လာပါတယ်။

ပထမဆုံးနဲ့ အရေးကြီးဆုံးအောင်ပွဲကတော့ ဧပြီလ (၂၇)ရက်နေ့မှာ အောင်ပွဲခံခဲ့တဲ့ပါတီတွင်း တော်လှန်ရေးဖြစ်ပါတယ်။အဲ့ဒီအောင်ပွဲဟာ ပါတီဟာဘော်လ်ရှီဗစ်ပါတီ ပီသရေးအတွက် အာမခံချက်ရှိသလို တော်လှန်ရေးဟာ မုချအောင်ပွဲခံတော့မယ်ဆိုတဲ့ အာမခံချက်လဲ ရခဲ့တာဖြစ်ပါတယ်။ ဗမာပြည်မှာ ရန်တကာကို တိုက်တိုင်း နိုင်တဲ့ မာ့က်စ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လီနင်ဝါဒ မော်စီတုံး အတွေးအခေါ်ဟာ အောင်ပွဲ တပွဲပြီး တပွဲခံဖို့ အာမခံချက်လဲ ရခဲ့တာဖြစ်ပါတယ်။

ဒီအောင်ပွဲက နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုနဲ့ ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေးကို ကြီးမားတဲ့ ကောင်းမှုပြုခဲ့ပါတယ်။

ဒုတိယအောင်ပွဲကတော့ ဥက္ကဋ္ဌမော် အမှူးပြုတဲ့ တရုပ်ပြည် ကွန်မြူနစ်ပါတီနဲ့ သန်းပေါင်း(၇၀၀)သော တရုပ်ပြည်သူတွေက ဗမာပြည်ကွန်မြူနစ်ပါတီ ရှေ့ဆောင်တဲ့ လက်နက်ကိုင် တော်လှန်ရေးကို မမှိတ်မသုံ ထောက်ခံကြောင်း အတိအလင်း ကျေညာခဲ့တယ်။

"နေဝင်းဖက်ဆစ်အစိုးရ မုချကျဆုံးရမယ်။ ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဲ့ လက်နက်ကိုင် တော်လှန်ရေးဟာ မုချအောင်ပွဲခံရမယ်လို့ စွဲစွဲမြဲမြဲ ယုံကြည်ကြောင်း" ကမ္ဘာကိုကျေညာခဲ့တယ်။

ဒါဟာလဲ ကျနော်တို့ တော်လှန်ရေး မုချအောင်ပွဲခံဖို့ အရေးကြီးတဲ့ အာမခံချက်ဖြစ်တယ်။

တတိယအောင်ပွဲကတော့ တော်လှန်စစ်သမိုင်းမှာ ၁၅-နှစ် ၁၆-နှစ် ရှုပ်ထွေးနေတဲ့ ပြဿနာတွေကို ဖြေရှင်းပြီး ကျနော်တို့ပါတီကို တော်လှန် စစ်ဦးစီးတဲ့ပါတီ ထိုးစစ်တွေကို ထိုးစစ်နဲ့ ရင်ဆိုင်တိုက်ခိုက် ချေမှုန်းအနိုင်ယူတဲ့ပါတီ၊ ရေရှည်စစ်ကို သူမတူတဲ့ ရေရှည်ခံနိုင်စွမ်းရည်နဲ့ အဆုံးတိုင် ဆင်နွှဲနိုင်တဲ့ ပါတီဖြစ်လာစေတဲ့ ပါတီရဲ့ ထိုးစစ်ကို ထိုးစစ်နဲ့ ရင်ဆိုင် တိုက်ခိုက်ချေမှုန်းကြဆိုတဲ့ စစ်ရေး အတွေးအခေါ် လမ်းညွှန် ပေါ်လစီရဲ့ အောင်ပွဲဖြစ်ပါတယ်။

ဒီအောင်ပွဲတွေကတော့ ကြီးလဲကြီးမားတယ်။ အလွန်လေးနက်တဲ့ သမိုင်းအဓိပ္ပါယ်လဲ ဆောင်တယ်။

ဒီလိုဆိုရင် ကျွန်တော်တို့ကျောင်းက ဘယ်လိုသမိုင်းဝင်အောင်ပွဲနဲ့ ဘယ်လို အနှစ် ၂၀-မြောက် တော်လှန်ရေးနေ့ကို ကြိုဆိုကြမလဲ။

၁။ ကျနော်တို့ တင်ပြလိုတာကတော့ ကျွန်တော်တို့ရဲ့ ရဲဘော်တွေဟာ ကိုယ်ကျိုးကို လုံးဝ မြှုပ်နှံပြီး ပါတီ တော်လှန်ရေးနဲ့ ပြည်သူလူထုအကျိုး ဦးထိပ်ပန်ကာ ရဲဘော်အားလုံး ပါတီက မြော်မှန်းတဲ့ ပဲခူးရိုးမတိုင်းရဲ့ ကျောရိုးကေဒါတွေဖြစ်အောင် လုံးပမ်းတိုက်ခိုက်ပြီး သမိုင်းဝင်အောင်ပွဲရတယ်ဆိုရင်တော့ အဲ့ဒါဟာ အကြိမ် ၂၀ မြောက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတီနေ့ကို ဒီကျောင်းက အကြီးဆုံး သမိုင်းဝင်အောင်ပွဲနဲ့ ကြိုဆိုတာ ဖြစ်လိမ့်မယ်။

၂။ နောက်တခုက ဒီကျောင်းမှာ ပါတီဝင်ဖြစ်ဖို့ ကြိုးပမ်းနေကြတဲ့ ရဲဘော်တွေဟာ ကျောင်းရဲ့ လေ့ကျင့်မွေးမြူမှုဘဝအတွင်းမှာ လောကမှာ အမှန်မြတ်ဆုံးဖြစ်တဲ့ ကွန်မြူနစ်ဘဝကို အနှစ်နှစ်ဆယ်မြောက် တော်လှန်ရေးနေ့မှာ ခံယူနိုင်ဖို့ စံချိန်မှီ ရဲဘော်တွေအဖြစ် လုံးပမ်းတိုက်ခိုက်ပြီး ဂုဏ်ရောင်ပြောင်စွာ အောင်ပွဲယူသင့်တယ်။

၃။ နောက်တခုက နောက်အခွင့်ကြုံလို့ ထိုးစစ်နဲ့ ရင်ဆိုင်တဲ့အခါမှာ ရန်သူကို ချေမှုန်းသုတ်သင်တဲ့ အောင်ပွဲနဲ့ အကြိမ်နှစ်ဆယ်မြောက်နေ့ကို ကြိုဆိုဖို့။

၄။ နောက်ဆုံးအားဖြင့် ကျွန်တော်တို့ မြေဩမှုန်းကားတဲ့ ယုတ်ဆိုင်ကျေးရွာမှာ ရောင်နီအာဏာ ပေါ်ထွန်းလာအောင် လုံးပမ်းတိုက်ခိုက်ရေးက ရတဲ့အောင်ပွဲနဲ့ ကြိုဆိုဖို့ဖြစ်ပါတယ်။

ရဲဘော်တို့။

ရဲဘော်တို့ဟာ အနှစ် နှစ်ဆယ်မြောက် တော်လှန်ရေးနေ့ကို သမိုင်းဝင်အောင်ပွဲနဲ့ ဂုဏ်ရောင်ပြောင်စွာ ကြိုဆိုဖို့ ဘယ်လောက်ကြီးမားတဲ့ ကိုယ်ကျိုးကိုပင် စွန့်လွှတ်ရပါစေ ဗမာ့တော်လှန်ရေးရဲ့ ရှေ့တန်းအကျဆုံး ပဲခူးရိုးမတိုင်းရဲ့ ကျောရိုးကေဒါတွေ ဖြစ်အောင် ပါတီရဲ့ မာ့က်စ်လီနင်ဝါဒ မော်စီတုံး အတွေးအခေါ် အောင်လံတော်အောက်မှာ ရဲရဲတောက်ချီတက်ကြပါစို့လို့ ဆော်ဩရင်းပဲ ဒီကျောင်းဖွင့်ပွဲ မိန့်ခွန်းကို နိဂုံးချုပ်လိုက်ပါတယ်။

- ငါတို့ကျောင်းတွင်းမှာ အတွေးအခေါ် တော်လှန်ရေးစကြပါစို့။
- အနေအထိုင် စားသောက်ရေးမှာ စစ်ကွန်မြူနစ်စံနစ်ကို ထူထောင်ကြပါစို့။
- အတွေးအခေါ် ကျန်းမာအောင် တည်ဆောက်သလိုကိုယ်ခန္ဓာလဲ ကျန်းမာအောင် တည်ဆောက်ကြပါစို့။
- မာ့က်စ်လီနင်ဝါဒ မော်စီတုံးအတွေးအခေါ်ကို အားသွန်ခွန်စိုက် လေ့လာကြပါစို့။
- ပါတီရဲ့လူတန်းစား တိုက်ပွဲနဲ့ စစ်ရေးတိုက်ပွဲထဲမှာ သေရဲတိုက်ရဲ အနိုင်ယူရဲတဲ့ ကေဒါကောင်းတွေ ဖြစ်အောင် လေ့ကျင့်မွေးမြူကြပါစို့။

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

—နီရေးမှာရဲရဲတောက်နီသလို ချန်ရေးမှာလဲ အစွမ်းကုန်ညွှန်အောင် ကြိုးပမ်းကြပါစို့။"



(ဗဟိုဆေးကျောင်း၏ အနှစ်၂၀-မြောက် ထော်လှန်ရေးနေ့တွင် ရဲဘော်ထွန်းရှိန်၏ ပြောကြားသောမိန့်ခွန်းမှ)

(မှတ်ချက်။ ။"အနှစ်နှစ်ဆယ်မြောက် တော်လှန်ရေးနေ့" ဆိုသည်မှာ ဗမာပြည်ကွန်မြူနစ် ပါတီမှ လက်နက်ကိုင်၍ တိုက်ခိုက် ခဲ့သည့် ၁၉၄၈-ခုနှစ်၊ မတ်လ (၂၈) ရက်နေ့မှ ၁၉၆၈- ခုနှစ်မတ်လ (၂၈) ရက်နေ့ကို ရည်ညွှန်းပြောခြင်းပါသည်၊ စာရေးသူ)

ရဲဘော်ထွန်းရှိန်သည် ညာဘက်လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် ဦးခေါင်းအထက်သို့ မြှောက်၍ မြှောက်၍ ကြွေးကြော်နေလေသည်။

နောက်ဆုံးတွင်မူ ရဲဘော်ထွန်းရှိန်သည် ခြေဖျားများကိုထောက်၍ထောက်၍ ညာဘက်လက်သီးနှင့် ဘယ်ဖက်လက်သီးကို အားကုန်ညှစ်၍ ဆုပ်ကာ ဦးခေါင်းအပေါ်သို့ စုံမြှောက်လျက်ဤသို့ကြွေးကြော်လိုက်လေသည်။

"ပုဏ္ဏမ်းယေဲ့ဘဲယယ် ယို့ဟုန်ကျုရှင်းလေ့"။

"မချိုန်ညှိ ညှိ-မီရှင်ဗြိုးတာပဲ"။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၆

တတိယပတ် ဗဟို မာ့က်စ်လီနင်ဝါဒကျောင်း

၁။ ဗဟိုမာ့က်စ်လီနင် ဝါဒ ကျောင်းသားများ

၁၉၆၇-ခုနှစ်ဖေဖော်ဝါရီလ ဒုတိယပတ်တွင်ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် ကွင်းသာချောင်းကမ်းပါး၌ရှိသော တောင်ကုန်းတွင် စခန်းချ၍ ထားလေသည်။

ဗဟိုဌာနချုပ်စခန်းတည်ရာတောင်ကုန်းသည် ပဲခူး ရိုးမ၏ တောင်စွယ်ဖြစ်သော "ပန်းတောင်"၏ကျောဆွယ်ဖြစ်၏။ ယင်း "တောင်ကုန်း"သည် ဗမာပြည် ကွန်မြူနစ်ပါတီ၏ဗဟိုဌာနချုပ်စခန်းပင်ဖြစ်၏။ အမှန်အားဖြင့် ယင်းစခန်းသည် စခန်းပင် မမည်ချေ။ အမိုးအကာမရှိသော သစ်ရိပ်ဝါးရိပ် ကိုသာခိုလှုံ၍နေထိုင်ကြရ၏။ အိပ်လျှင်လည်း သစ်ပင်နှင့်ဝါးရုံတို့ကိုသာ ခေါင်းဆိုက်၍ အိပ်ရကြ၏။ ယာယီသစ်ခက်သစ်ရွက်တဲနှင့်ပင်နေခွင့်မရချေ။လုံခြုံရေးအတွက် ခြေရာလက်ရာများကို မပေါ်စေရန်အတွက် ဖျောက်ထားခြင်းဖြစ်သည်။

ပဲခူးရိုးမ၏ တပို့တွဲလနေရှိန်သည် ပူပြင်းနေပြီဖြစ်၏။ ထို့ကြောင့် သစ်ပင်ဝါးရုံများသည်လည်း ကမ္ဘာဌာန်း စီးဖြန်းဖို့ ကောင်းလောက်အောင်ပင် အရိုးပြိုင်းပြိုင်းထ၍နေပြီဖြစ်၏။ ဗဟိုဌာနချုပ်၏တောင်ကုန်းသည်လည်း သစ်ရွက်ဝါးရွက်ကြွေများဖြင့်ဖုံးအုပ်၍သာနေလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အချိန်မှာ နံနက်(၉)နာရီတွင်ဖြစ်သည်။

ပဲခူးရိုးမ၏အရှေ့ခြမ်းမှ တတိယပတ် ဗဟို မာ့က်စ်လီနင်ဝါဒ ကျောင်းသားများသည်"မြရာပင်ကျော"ကို ကြောခိုင်း၍ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းသို့ တက်ကြွသောခြေလှမ်းများဖြင့် ဝင်ရောက်၍လာခဲ့ကြသည်။

တတိယပတ် ဗဟိုမာ့က်စ်လီနင် ဝါဒကျောင်းသားများအား ဗဟိုဌာနချုပ်စခန်းမှ တော်လှန်သော ဗဟိုကော်မီတီ ဥက္ကဋ္ဌ သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များကိုယ်တိုင် ခေါင်းဆောင်၍ တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒ ကျောင်းသို့တက်ရောက်ရန် ဗဟိုဌာနချုပ်သို့ ကြွတင်၍ ရောက်နှင့်နေကြသော မြစ်ဝကျွန်းပေါ်တိုင်းနှင့် တနင်္သာရီတိုင်းတို့မှ ကျောင်းသားများနှင့် တော်လှန်သောတပ်နီလူငယ်များ၊ တော်လှန်သော တပ်နီအမျိုးသမီးများသည် စခန်းအဝင်မှဝမ်းပန်းတသာဖြင့် ဆီးကြိုနှုတ်ဆက်ကြ၏။ ပွေ့ဖက်ကြ၏။ ခရီးဦးကြိုဂုဏ်ပြုကြခြင်းဖြစ်လေသည်။

ထို့နောက် တော်လှန်သော ဗဟိုကော်မီတီ ဥက္ကဋ္ဌ သခင် သန်းထွန်းသည် ခရီးဦးကြို ဂုဏ်ပြုသည့်နှုတ်ဆက်မိန့်ခွန်းကိုပြောကြားလေသည်။

"အခုမြစ်ဖျား ဒေသတိုင်းနဲ့ တောင်ငူခရိုင်၊ ပဲခူးခရိုင်တွေက ကျောင်းသားတွေဟာ ဗဟိုစခန်းကိုရောက်ရှိလာကြပြီဖြစ်တယ်။ ရဲဘော်တို့ ရောက်လာကြတဲ့ ဒီအချိန်ဟာ အင်မတန်ကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရန်သူကထိုးစစ်ကြီးတွေနဲ့ ထိုးစစ်ဆင်နေတဲ့အချိန်ဖြစ်လို့ပဲ။ တကယ်ကရန်သူက ထိုးစစ်ကြီးတွေဆင်တာဟာ ငါတို့လက်နက်တွေ လာပေးနေတာဖြစ်တယ်။ ဒါကြောင့်ဖက်ဆစ်နေဝင်းရဲ့ စစ်တပ်ဟာ ငါတို့ရဲ့ အကောင်းဆုံး လက်နက်တိုက်ကြီးနဲ့ အကောင်းဆုံးထောက်ပံ့ရေးဌာနကြီးဖြစ်တယ်လို့ သဘောထားရမယ်။ ငါတို့ရဲ့အားသစ်တွေဟာလဲ တနေ့တခြားပဲ တိုးတက်နေတဲ့အချိန်ဖြစ်တယ်။

နောက်တခုကတော့ ကနေ့ပါတီ ဗဟိုဌာနချုပ်မှာ တော်လှန်တဲ့ လှုပ်ရှားမှုတွေဟာ ဆက်တိုက်ပဲ ဖြစ်ပေါ်နေတယ်။ ပါတီတရပ်လုံးမှာလဲ တော်လှန်တဲ့ တော်လှန်ရေးလှုပ်ရှားမှုကြီးဟာ ဖြစ်ပေါ်နေပြီဖြစ်တယ်။

ပါတီဗဟိုဌာနချုပ်ရဲ့ အခြေအနေအရ ပြောရမယ်ဆိုရင် ရဲဘော်တို့ဟာ အလာကောင်းကြပေမဲ့ အခါနှောင်းတယ်လို့ ပြောနိုင်တယ်။ ပါတီရဲ့ သမိုင်းဝင်အောင်ပွဲအတွက် လှုပ်ရှားမှုနဲ့ တိုက်ပွဲမှာ ရဲဘော်တို့ဟာ အချိန်မမီဖြစ်ခဲ့ရတယ်။ ဒါပေမဲ့နောက်ပိုင်းမှာ ဆက်လက်ဆင်နွှဲရမဲ့ သမိုင်းဝင်အောင်ပွဲတွေမှာတော့ ရဲဘော်တို့ကိုယ်တိုင်ပဲ ရယူနိုင်ကြလိမ့်မယ်ဆိုတာကို လုံးဝယုံကြည်တယ်။

အခုရောက်ရှိလာကြတဲ့ တတိယပတ် ဗဟိုမာ့က်စ်လီနင် ဝါဒကျောင်းသားတွေဟာ တော်လှန်တဲ့ပါတီဗဟိုကို အကြွင်းမဲ့ ဝိုင်းရံပြီးတော့ ကနေ့ပါတီတွင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မှာ သူသေငါရှင် သဲသဲမဲမဲ တိုက်နေရတဲ့အတွေးအခေါ် နှစ်ရပ် လမ်းစဉ်နှစ်ရပ် တိုက်ပွဲမှာလဲ တော်လှန်တဲ့ပါတီဗဟိုကို လုံးဝကိုယ်စားပြုကြမဲ့ တော်လှန်တဲ့ ကေဒါတွေ ဖြစ်လိမ့်မယ်ဆိုတာကိုလဲ ကျနော်တို့အနေနဲ့ မမှိတ်မသုံ ယုံကြည်ပြီး ဖြစ်တယ်။

အခုဆိုရင် တော်လှန်တဲ့ပါတီ ဗဟိုမှာ တပြည်လုံးက ရဲဘော်တွေဟာ အတော်ပဲလူစုံတက်စုံ ရောက်နေကြတယ်။ ဒေသကလဲစုံတယ်။အတွေ့အကြုံက လဲ ပေါကြွယ်ကြတယ်။ ဒါကြောင့်ရဲဘော်တို့အတွက် လေ့လာရေးမှာ အလွန် ထူးခြားကောင်းမွန်တဲ့ မင်္ဂလာအခွင့်ကောင်းကြီးဖြစ်တယ်။

အထူးသဖြင့် ရဲဘော်တို့ လေ့လာကြတဲ့အခါမှာတော့ လူတန်းစားရပ်တည် မှု အမြင် နည်းနာတွေနဲ့ စူးစူးစိုက်စိုက်လေ့လာကြဖို့လိုတယ်။ ဒါမှတော်လှန် တဲ့အတွေးအခေါ်ကို စိုက်ထူနိုင်ကြမှာဖြစ်တယ်။

ရဲဘော်တို့ ဒီမှာအဓိကထားပြီး လေ့လာဖို့လိုတာကတော့ တော်လှန်တဲ့ တပ်နီလူငယ်တွေနဲ့ တော်လှန်တဲ့တပ်နီ အမျိုးသမီးတွေဆီက အလေးထားပြီး ဂရုတစိုက်နဲ့ လေ့လာသွားဖို့ လိုတယ်ဆိုတာကိုပဲ အလေးအနက် တိုက်တွန်း ချင်တယ်။

(သခင်သန်းထွန်း၏ တတိယပတ် ဗဟိုမှာက်စ်လီနင် ဝါဒကျောင်းသား များအား ခရီးဦးကြိုဆို ဂုဏ်ပြုသည့် မိန့်ခွန်းမှ)

တတိယပတ် ဗဟိုမှာက်စ်လီနင်ဝါဒ ကျောင်းသို့ ဗမာတပြည်လုံးမှ တက် ရောက်ရန်အတွက် ကျောင်းသားများကို အထူးစိစစ်၍ ရွေးချယ်ခြင်းမှာ တော် လှန်သော နိုင်ငံရေးဦးဆောင် အဖွဲ့ပင်ဖြစ်၏။ ယင်းမှပင် တိုင်းအသီးသီးအား တိုက်ရိုက်ညွှန်ကြား၍ ခေါ်ယူလိုက်ခြင်းဖြစ်လေသည်။

၁။ ပဲခူးရိုးမတိုင်း

(က) ပဲခူးခရိုင်

(၁)	ရဲဘော်ဝင်းအောင်	ခရိုင်ကော်မီတီအတွင်းရေးမှူး
(၂)	ဗိုလ်စိုးကြည်	ခရိုင်ကော်မီတီ
(၃)	ဗိုလ်အောင်ထူး	ခရိုင်ကော်မီတီ
(၄)	ဗိုလ်အောင်မင်း	ခရိုင်ကော်မီတီ
(၅)	ဗိုလ်ခင်ညို	ခရိုင်ကော်မီတီ

(ခ) တောင်ငူခရိုင်

(၁)	ရဲဘော်လှကျော်	ခရိုင်ကော်မီတီ
(၂)	ရဲဘော်ရန်အောင်	ခရိုင်ကော်မီတီ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃) ဗိုလ်ထွန်းတင် ခရိုင်ကော်မီတီ
(၄) ရဲဘော်ဦးဘိုဆိုင် ရေတာရှည်မြို့နယ်ကော်မီတီ
(၅) ရဲဘော်မတင်ရီ ရေတာရှည်မြို့နယ်ကော်မီတီ

(ဂ) သရက်ခရိုင်

(၁) ဗိုလ်ခင်မောင် ခရိုင်ကော်မီတီ)
(၂) ရဲဘော်သန်းဖေ ခရိုင်ကော်မီတီ)
(၃) ရဲဘော်ကျော်အေး (ချင်းဦးစီးအဖွဲ့)

၂။ အနောက်မြောက်တိုင်း

(၁) ရဲဘော်သန်းအောင် (တိုင်းတပ်-ဆေးမှူး)
(၂) ရဲဘော်ခင်အောင် (တိုင်းတပ်-တပ်ထောက်)

၃။ မြစ်ဝကျွန်းပေါ်တိုင်း

(၁) ရဲဘော်ဝင်းမောင် (တိုင်းကော်မီတီ)
(၂) ရဲဘော်သန်းဝင်း (ပုသိမ်ခရိုင်ကော်မီတီ)
(၃) ရဲဘော်အောင်ဇံ (မအူပင်ခရိုင်ကော်မီတီ)
(၄) ရဲဘော်ဖုန်းမြင့် (ဟင်္သာတခရိုင် ကော်မီတီ အတွင်းရေးမှူး)
(၅) ရဲဘော်မောင်မောင်ကြည် (ဟင်္သာတခရိုင်ကော်မီတီ)
(၆) ရဲဘော်ညိုစိန် (မြို့နယ်ကော်မီတီ)
(၇) ရဲဘော်ဗိုလ်ခင်ညို (တိုင်းဌာနချုပ်)

၄။ တနင်္သာရီတိုင်း

(၁) ဗိုလ်စောဖေ (မြိတ်ခရိုင်ကော်မီတီ)
(၂) ရဲဘော်ဘချစ်လှ (ထားဝယ်ခရိုင်ကော်မီတီ)

၅။ မြစ်များဒေသတိုင်း

(၁) ဗိုလ်မျိုးမြင့် (ဗဟိုကော်မီတီ)
(၂) ရဲဘော်တုတ် (ဗဟိုကော်မီတီ)
(၃) ရဲဘော်သိန်းလွင် (တိုင်းကော်မီတီ)
(၄) ရဲဘော်ထွန်းရှိန် (ကသာခရိုင်ကော်မီတီ)

(၅) ဗိုလ်စိန်ရှုံး (တိုင်းတပ်-တပ်မှူး)

၆။ ပဲခူးရိုးမတိုင်း

(၁) ဗိုလ်အောင်လှိုင် (တိုင်းဌာနချုပ်)
(၂) ရဲဘော်ကျော် (မွန်အမျိုးသားကေဒါ)
(၃) မမြဝင်း (ရိုးမ,စည်းရုံးရေးအဖွဲ့)

၇။ ဗဟိုဌာနချုပ်

(၁) ဗိုလ်တင့်ဆန်း (ခ) ဗိုလ်လွင် (ခ) အောင်သိန်းလွင်
(၂) ရဲဘော်အောင်စိုး (ခ) ငြိမ်းမောင် (ခ) သန်းမောင်
(၃) ရဲဘော်လှတင် (ခ) သာဒိုး (ရခိုင်အမျိုးသား-တက္ကသိုလ် တပ်ဦးကျောင်းသားခေါင်းဆောင်)

၎င်းသည်တို့မှာ တတိယပတ် ဗဟိုမဒ္ဒက်စ်လီနင်ဝါဒကျောင်းသို့ တက်ရောက်ရန်အတွက် ရွေးချယ်ခြင်းခံရသော ကျောင်းသားများပင်ဖြစ်လေသည်။

တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် တတိယပတ် ဗဟိုမဒ္ဒက်စ်လီနင်ဝါဒကျောင်းအား အစစအရာရာတွင် နေ့စဉ်နှင့်အမျှ စီမံအုပ်ချုပ်၍ ခေါင်းဆောင်ညွှန်ကြားရန်အတွက် ကျောင်းကလပ်စည်း ကော်မီတီကိုလည်း တိုက်ရိုက်ရွေးချယ်ခန့်အပ်၍ ဖွဲ့စည်းပေးလိုက်လေသည်။

ကျောင်းကလပ်စည်းကော်မီတီ

(၁) ရဲဘော်ကြည်အောင် (ခ) မျိုးတင့် (အတွင်းရေးမှူး)
(၂) ရဲဘော်ဖုန်းမြင့် (တပ်စိတ်မှူး)
(၃) ရဲဘော်ဝင်းအောင် (တပ်စိတ်မှူး)
(၄) ရဲဘော်ထွန်းရှိန် (တပ်စိတ်မှူး)
(၅) ရဲဘော်ဝင်းမောင် (နေထိုင်စားသောက်ရေး)
(၆) ရဲဘော်သိန်းလွင် (ကုန်ထုတ်လုပ်ရေး)
(၇) ဗိုလ်ထွန်းတင် (လုံခြုံရေး)

၎င်းသို့ဖြင့် တတိယပတ် ဗဟိုမဒ္ဒက်စ်လီနင်ဝါဒကျောင်း၏ ကလပ်စည်းကော်မီတီကိုလည်း ဖွဲ့စည်း၍ တာဝန်ပေးလိုက်၏။ ထို့နောက် တတိယပတ် ဗဟိုမဒ္ဒက်စ်လီနင်ဝါဒကျောင်းကို တစုတစည်းသော စစ်တပ်အသွင်ကို ဖွဲ့စည်း၍ တပ်စိတ် ၃-စိတ်ကိုလည်း စနစ်တကျ ဖွဲ့လိုက်၏။ ယင်းတပ်စိတ်များ၏ တပ်စိတ်မှူးများမှာ ကျောင်းကလပ်စည်းကော်မီတီဝင်များဖြစ်ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တတိယပတ် ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း၏ ကျောင်းတာဝန်ခံမှာမူ ရဲဘော်မျိုးတင့်(ခ) ကြည်အောင်(ပီကင်းပြန်)ပင်ဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၌ လူဦးရေမှာ (၁၀၀) ကျော်နေပြီဖြစ်၏။ တတိယပတ်ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်း၏ ကျောင်းသားများလည်းပါဝင်၏။ ဗဟိုဌာနချုပ်စခန်းတွင်ပင် တစုတစည်းတည်း စုပေါင်း၍ နေထိုင်ကြရလေသည်။

တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒ ကျောင်းသားများသည် တော်လှန်သော တပ်နီလူငယ်များနှင့် တော်လှန်သော တပ်နီအမျိုးသမီးများထံမှ တော်လှန်သော အတွေးအခေါ်များနှင့် တော်လှန်သော လက်တွေ့ဆိုင်ရာပြဿနာများကို လေ့လာ၍ နေကြရသည်။

ထို့ပြင် သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် ကျောင်းသားများ၏ အတွေးအခေါ် ရပ်တည်မှုနှင့် လှုပ်ရှားမှုများကို အကဲခတ်၍နေကြ၏။ လေ့လာ၍ နေကြ၏။ အထူးသဖြင့် တော်လှန်သော တပ်နီလူငယ်များနှင့် တော်လှန်သော အမျိုးသမီးများကိုလည်း ကျောင်းသားများ၏ နေ့စဉ်နေထိုင်ပြုမူ လှုပ်ရှားမှုအားလုံးကို အကဲခတ်စေ၏။ ထောက်လှမ်းစေ၏။ ယင်းတာဝန်ကို တော်လှန်သော တပ်နီလူငယ်များနှင့် တပ်နီအမျိုးသမီးများအား သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့က တိုက်ရိုက် တာဝန်ပေးထားခြင်းဖြစ်၏။ ထိုတာဝန်ကို ရဲဘော်မျိုးတင့်(ခ) ကြည်အောင် ခေါင်းဆောင်သော (ပီကင်းပြန်) များက ကြီးကြပ်ရ၏။ ညွှန်ကြားရ၏။ ယင်းကို "တော်လှန်သောစောင့်ကြပ်မှု" နှင့် "တော်လှန်သောလင်းယုန်မျက်စေ့"ဟု မိန့်ဆိုကြလေသည်။

ထို့ကြောင့်တတိယပတ်ဗဟို မာ့က်စ် လီနင်ဝါဒ ကျောင်းသားအချို့သည် တော်လှန်သော တပ်နီ လူငယ်များနှင့် တပ်နီ လူငယ် အမျိုး သမီးများ၏ " တော်လှန်သောလင်းယုန်မျက်စေ့ "အောက်တွင် မိမိတို့၏ ထင်မြင်ချက်များကို ပြောဆိုတင်ပြရန် မဝံ့တော့ချေ။ ရေငုံ နှုတ်ပိတ်၍သာ နေကြ၏။ ဝန်ကင်းအောင်သာ ပြုမူလှုပ်ရှားနေကြလေတော့သည်။

ယင်းသို့"တော်လှန်သော လင်းယုန်မျက်စေ့"ကြောင့် ဗဟိုဌာနချုပ်စခန်း၌ အချို့သော အစဉ်အလာရှိသည့် ကေဒါကြီးများမှာ စိတ်မချမ်းမသာဖြစ်နေကြ၏။ မနေတတ် မထိုင်တတ်ပြင်းနကြ၏။ အချို့အချို့မှာမူ ရင်းနှီးသူချင်း ရင်ဖွင့်၍သာ နေကြရလေသည်။

"အခုကျနော်တို့ ပါတီရဲ့ခေတ်ဟာ သဘော်သီးခေတ်ကို ရောက်နေပြီဗျ။ သဘော်ပင်ကိုကြည့်ပါလား။ အသီးကြီးတွေက အောက်ဆုံးကို ပဲရောက်ရောက်သွားရတယ်။ အငယ်တွေက ထိပ်ကပဲနေရတယ်။ ပိုပြီးတော့ငယ်လေပိုပြီးတော့ထိပ်ကနေရလေပဲဗျ။

ဒါကြောင့် ကျနော်တို့ပါတီဟာ အငယ်တွေက ထိပ်ရောက်ပြီး အကြီးတွေက အောက်ကပြားပြားဝပ်နေရတဲ့ သဘော်သီးခေတ်ထဲရောက်နေပြီလို့ ကျနော်ကပြောတာပါ"။

ရဲဘော်အောင်ခသည်ပဲခူးရိုးမတိုင်း အတွင်းရေးမှူးရဲဘော်မြအား"သဘော်သီးခေတ်"အကြောင်းကို ယင်းသို့ ခပ်တိုးတိုးကလေးကပ်၍ ပြောသွား၏။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် အာဏာအပိုင်ဆုံးသော အဖွဲ့အစည်းမှာ တော်လှန်သော တပ်နီလူငယ်များသာ ဖြစ်နေလေတော့သည်။

× × ×

၂။ တော်လှန်သော တတိယပတ်ဗဟိုမဲ့ကစ်စလီနင်ဝါဒကျောင်း

တတိယပတ် ဗဟိုမဲ့ကစ်စလီနင်ဝါဒကျောင်းသားများသည် ဗဟိုဌာနချုပ်စခန်းနှင့် ပူးပေါင်း၍ထားသဖြင့် စခန်း အဆောက်အအုံမှာ ကြီးနေ၏။ ထို့ကြောင့် နေထိုင်သွားလာ လှုပ်ရှားမှုတွင် အခက်တွေ့ရ၏။ စားသောက်မှုတွင် အကြပ်အတည်းကြီးမား၏။ အထူးသဖြင့် ရေကိုဝအောင်လင်အောင် သောက်သုံးခြင်းမပြုရသည်မှာ အကြီးဆုံးဒုက္ခပင်ဖြစ်လေသည်။

တပေါင်း၊ တန်ခူးနေသည် ခြစ်ခြစ်တောက်ပူပြင်းလှ၏။ ပဲခူးရိုးမ အနောက်ခြမ်း၏နေမှာမူ မီးတမျှအရှိန်ပြင်း၏။ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်း၌ရှိသော ချောင်းရေမြောင်းရေများသည် ခန်းခြောက်ကုန်ကြပြီဖြစ်သည်။

ဗဟိုကျောင်းအဖွဲ့သည် ပြည်ခရိုင် ပေါင်းတည်မြို့နယ်အတွင်း၌ရှိသော ပန်းတောင်၏ခြေရင်းတွင်ပင် လှည့်ပတ်နေကြ၏။ လှုပ်ရှားနေကြ၏။ ထိုနေရာ၌ ရေသည် တနေ့တခြားပင်ဆုတ်ယုတ်လာ၏။ နောက်ဆုံးတွင် လုံးဝပင်တူးဖော်၍မရတော့ချေ။

၁၉၆၇-ခုနှစ် မတ်လ(၁၇)ရက်နေ့တွင်ဖြစ်လေသည်။
ဗဟိုကျောင်းသားများသည် အရှေ့ဦးမှုစ၍ ရေရရှိရေးအတွက် အဖွဲ့များခွဲ၍ ရေထွက်နိုင်သည့်ချောင်းကမ်းပါးများတွင် ရေတွင်းများထူးကြ၏။မည်မျှ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နက်နက်ပင်တူးတူး ရေစရေနပင် မတွေ့ရချေ။ ထမင်းလည်းချက်၍မစားရ။ ရေပင် မသောက်ကြရ။ တနေ့လုံးပင် ရေငတ်၍နေကြရလေသည်။

ထို့ကြောင့် ရေပေါ်မပေါ်ရမည်ဟုခန့်မှန်းသော ချောင်းဖျားသို့ စခန်း တခုလုံးပင် ရွှေ့ပြောင်းခဲ့ကြ၏။ ရေဝဝသောက်ရမည်ဟူသောဇောဖြင့်သာ ချီတက်ခဲ့ကြ၏။ ခါးများမှာမူချီနေကြပြီဖြစ်၏။ ခြေထောက်များကလည်း မလှမ်းနိုင် လှမ်းနိုင်ဖြင့်တလှမ်းချင်းလှမ်းကြရင်းပင် ချောင်းဖျားသို့ရောက်ကြ၏။ ချက်ခြင်းပင်တူးကြဖော်ကြ၏။ ရေစရေနကိုတွေ့ချေပြီ။ သို့သော် ထွက်သောရေသည်မလုံလောက်။ ထို့ကြောင့် ရေကိုတပ်စိတ်လိုက် တပ်စုလိုက်ကို ပုံစံခွက်ဖြင့်ဝေမျှ၍ သောက်ကြရ၏။ ထမင်းကိုမူ ညသန်းခေါင်းယံမှစ၍ ချက်ကြရတော့မည် ဖြစ်၏။ ထမင်းဆာဆာဖြင့် တပ်စိတ်လိုက် အလောသုံးဆယ်ပင် မီးမွှေးကြကုန်၏။ ကောင်းကင်ယံမှ လေယာဉ်ပျံသံ ခပ်သဲ့သဲ့ကို ကြားလိုက်ရသည်နှင့် "မီးတွေမှုတ်"ဆိုသော အမိန့်သံလည်း ကျယ်လောင်စွာထွက်လာ၏။ မီးဖိုတိုင်းမွှေးလက်စမီးဖိုတိုင်းကို ရုတ်ခြည်းငြိမ်းသတ်ကြရ၏။ လေယာဉ်သံစဲကာမှ ဆက်လက်၍ မီးမွှေးချက်ပြုတ်စားကြရသည်။

ထိုအချိန်တွင် ဗမာ့တပ်မတော်မှ ပြည်သာယာစစ်ဆင်ရေး၏ စစ်ကြောင်းများသည်လည်း ဗဟိုအဖွဲ့၏အနီးတွင် ကပ်၍လှုပ်ရှားနေလေသည်။

ထို့ကြောင့် ရိက္ခာအခက်အခဲလည်းတွေ့နေရ၏။ ရွာများသို့ထွက်၍ ဆန်ကို မသယ်ယူနိုင်တော့သဖြင့် ဆန်နို့ဆီတဘူးလျှင် ရဲဘော်(၄)ဦး ပုံစံဖြင့်တဦးလျှင် တမတ်နှုန်းသာစားသောက်နေကြရ၏။ ရေကိုလည်းရသမျှစုဆောင်း၍ထားကြရ၏။ရေများများရမှ ဆန်ကိုရေကြဲကြဲဖြင့်ပြုတ်၍ သောက်ကြရ၏။ဗိုက်ပြည့်စေရန်အတွက် သဘော်ခေါင်းနှင့် ငှက်ပြောခေါင်းများကိုရော၍ စားကြရလေသည်။

ဗဟိုအဖွဲ့သည် ပြည်သာယာစစ်ဆင်ရေး၏ စစ်ကြောင်းများကြောင့် တနေရာတည်းတွင်ဝပ်နေ၍မရချေ။ ထိုတောင်ကုန်း၊ ထိုချောင်းဖျား၊ ထိုတော၊ ထိုတောင်များသို့ ထိုမှဤမှ အတည်မကျ ပြောင်းရွှေ့နေရ၏။ လှုပ်ရှားနေရ၏။ နေ့တနေ့ထဲတွင်ပင် (၃-၄)နေရာ ပြောင်းရွှေ့လှုပ်ရှား၍ နေရလေသည်။

တနေရာသို့ရောက်၍ ခေတ္တ စခန်းချလိုက်သည်ဆိုသည်မှာလည်း လူတိုင်း ကျောပိုးအိတ်ပင်မဖြုတ်ချေ။ ပက်လက်လှန် လှဲချ၍သာ အနားယူလိုက်ကြရတော့သည်။

ရဲဘော် ရဲဘော်မများသည် နာရီနှင့်အမျှပင် စခန်းရွှေ့ရန်အသင့်ဖြစ်နေကြရ၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းသို့သော အခြေအနေ၌ ဗဟိုအဖွဲ့၏ လုံခြုံရေးအတွက်''လုံလေးလုံပေါ်လစီ''ကို ချမှတ်၍ ထားလေသည်။

(၁) အသံလုံရမည်။
(၂) ခြေရာလက်ရာ လုံရမည်။
(၃) အနံ့လုံရမည်။
(၄) အရောင်လုံရမည် ဟူ၍ဖြစ်သည်။

ထို့ပြင် နေ့စဉ်လှုပ်ရှားမှုများအတွက်လည်း တင်းကြပ်သောစည်းကမ်းများကို ထုတ်ပြန်ထား၏။ နံနက်အရုဏ်မကျင်းမီတွင် အိပ်ယာမှထရ၏။ ရောက်သည့်နေရာတွင် ရပ်နားရ၏။ ဓားခုတ်ခွင့်ကိုမူ လုံးဝပင်မပြုချေ။ သစ်ရွက်ခူးခြင်းပင်မပြု။ မြေကြီးကိုလည်းညှိခြင်း၊ ဖြေခြင်းမပြုရ။ ကမူရှိနေလျှင် ကမူပေါ်တွင်သာ အသာလှဲ၍ အိပ်ကြရလေသည်။

စကားပြောခွင့်ကိုလည်း ပိတ်ပင်ထား၏။ အရေးကိစ္စ ရှိလျှင်သာ လေသံကလေးဖြင့် နှစ်ကိုယ်ကြားပြောကြရ၏။ အခင်းကြီး သွားလျှင်လည်း မြေကိုကျင်းတူး၍ သွားရ၏။ ထိုကျင်းကို ပိယိအောင်ပြန်၍ဖုံးဖိခဲ့ရ၏။ ''ကြောင်'' သို့ ''ကျား''သို့ ကျင့်ရမည်ဟူ၍ လှုံ့ဆော်ထားလေသည်။

ဗဟိုအဖွဲ့သည် တောင်ညိုချောင်းဖျားသို့ ရောက်သည့်အခါတွင်မူ ရေဝဝသောက်ရ၏။ ပေါပေါချိုးရ၏။ ဗဟိုအဖွဲ့သည် ရေမချိုးရသည်မှာ တလပင်ကျော်ခဲ့ပြီဖြစ်၏။ ရဲဘော်တို့၏ ကိုယ်ခန္ဓာမှ ချွေးနံ့ညှီနံ့တို့သည် ဟောင်၍ပင်နေ၏။ အနံ့ဆိုးတို့မှာ စူးစူးရှရှထွက်နေကြတော့၏။ ထိုအခါတွင် ဂုံညင်းဒိုးနွယ်ကိုထု၍ အဝတ်လျှော်ရ၏။ ဒိုးနွယ်ကိုထုလျက် ရေဖြင့်ပွတ်လျှင် အမြှုတ်ထွက်သဖြင့် ကောင်း၏။ မီးလောင်ထားသော ဒိုးနွယ်၏ပြာတို့ကိုမူ ကိုယ်တိုက်ရန်အတွက် အကောင်းဆုံးဆပ်ပြာမှုန့်အဖြစ် အသုံးပြုကြရသည်။

တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် တတိယပတ် ဗဟို မာ့က်စ်လီနင်ဝါဒကျောင်းအတွက် ဟောပြောချက်များပေး၍ သင်တန်းများ ပို့ချခြင်း မရှိသေးချေ။

ဗဟိုစခန်းတွင်ပြုလုပ်သော ''ဒုတိယ အကြိမ် ဘဝဟာစ်တိုင်လှုပ်ရှားမှု'' ဗဟိုဆေးကျောင်းနှင့် ကြိုးမဲ့ကြေး နန်းကျောင်းအတွက်''နိဒရေး၊ချွန်ရေး၊လှုပ်ရှားမှု'' ''လူတန်းစားအသိမြှင့်တင်ရေးလှုပ်ရှားမှု'' ''ပါတီအသိမြှင့်တင်ရေးလှုပ်ရှားမှု'' တို့တွင်သာ ပါဝင်လှုပ်ရှားစေခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အထူးသဖြင့် ''စိန်-ပိန်-ပိုင် အငုတ်အတက်များ ဆက်လက် ရှင်းလင်းရေးနှင့် တော်လှန်သော ဗဟိုအားအကြွင်းမဲ့ဝိုင်းရံရေး အသိစိတ်ဓာတ်''ကိုသာ နေ့စဉ်နှင့်အမျှ အချိန်အခါမပြတ်ပင် ဩဝါဒများကို ပေးလျက်လက်တွေ့လည်း လေ့ကျင့်နေစေလေသည်။

× × ×

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းသည် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်နယ်စပ်တွင် အဖျားခံသော တောင်ညိုချောင်းအရှေ့ဘက် ကျွဲတဲကြီးရွာအနီး၌ စခန်းချ၍နေလေသည်။

၁၉၆၈-ခုနှစ် မတ်လ(၂၆)ရက်နေ့ နံနက်(၈)နာရီတွင် ဖြစ်သည်။

ဗဟိုဌာနချုပ်စခန်း၏ပတ်ဝန်းကျင်တွင် ချိုးကူသံများ၊ ဒေါင်းအိုးဝေသံများနှင့်သာ ပဲ့တင် ထပ်၍နေသည်။

တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်နှင့် ပါတီ ဒုဥက္ကဋ္ဌ ဖြစ်သော သခင်ဇင်(ခ)ဦးဘိုးဟန်(ခ)ဦးကျော်ဟိုး(ခ)ဦးချစ်ထွန်း(ခ) စောသာခင်သည် တတိယပဟ် ဗဟိုမာ့က်စ် လီနင် ဝါဒကျောင်းသားများ၏ တပ်စုသို့ ရောက်ရှိနေ၏။ ထိုတပ်စုတွင် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသားများ၊ မဒညတပါတီစိတ်မှ ရဲဘော်များနှင့် ဗဟိုကင်းတပ်မှ ရဲဘော်များလည်း အစုံအညီပင် ရောက်ရှိနေကြ၏။ ထိုအစုတွင်မြစ်ဖျားဒေသတိုင်းမှ ဗဟိုကော်မီတီအဖွဲ့ဝင် ရဲဘော်တုတ်(ခ)ဦးအုန်း(ခ)ဦးအေးလည်းပါဝင်လေသည်။

ယင်းသို့ တစုတစည်းတည်း ရောက်ရှိနေကြသောအခါတွင် သခင်ဇင်သည် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့၏ သဘောထားကို ပြန်ကြားမည်ဖြစ်ကြောင်းကျေညာလိုက်သည်။

ထိုကျေညာချ…သည် ဗဟိုကော်မီတီအဖွဲ့ဝင် ရဲဘော်တုတ်၏ တင်ပြချက်နှင့် ပတ်သက်၍ ရည်ညွှန်းလိုက်ခြင်းပင်ဖြစ်သည်။

''ကျနော်တို့ ဆွေးနွေးခဲ့ကြတဲ့ ဆွေးနွေးပွဲမှာ ရဲဘော် (၂၁) ယောက်တက်ခဲ့ကြတယ်။ ဒီအထဲမှာ တော်လှန်တဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့ရဲ့တော်လှန်တဲ့လုပ်ဆောင်ချက်အားလုံးကို ရဲဘော်(၂၀)က တက်တက်ကြွကြွပဲ လက်ခံခဲ့ကြတယ်။ ဒါပေမဲ့ ရဲဘော်တုတ် တယောက်ကတော့ ဆန့်ကျင်ပြီး တင်ပြသွားတာတွေ့ရတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်တုတ်ဟာ စကားလုံးတွေအရဆိုရင် တော်လှန်တဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့ရဲ့ လုပ်ဆောင်ချက်တွေကို လက်ခံတယ်လို့တော့ ဆိုတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ အရင်းခံဖက်က အနှစ်သာရဖက်က ချဉ်း ကပ်ပြီး လေ့လာကြည့်မယ်ဆိုရင် ရဲဘော်တုတ်ဟာ ဆန့်ကျင် ဖက်က ချည်းပဲ ရပ်တည်နေတယ်ဆိုတာကိုတွေ့ရမယ်။

နောက်ပြီးတော့ ရဲဘော်တုတ်က ပြန်ပြင်ရေးသမားဆိုတိုင်း သတ် မပစ်သင့်ဘူးလို့ တင်ပြတယ်၊ဒါဟာရန်၊ငါ(ရန်သူ-မိမိ)ဆိုင်ရာပြဿနာ ဖြစ်တယ်။ ရန်သူဆိုရင် အတွင်းအပြင်တယောက်မကျန် သုတ်သင်ပစ် ရမယ်။ သတ်ကိုသတ်ရမယ်။ ပြုတ်သားရမယ်။ အညာအတာ ကင်းမဲ့ရ မယ်။ အခုပါတီတွင်းမှာ စိန်-ပိန်၊ပိုင်တို့ကိုသတ်ခဲ့တာဟာလဲ ရဲဘော် တွေရဲ့ အုံကြွတောင်းဆိုချက်အရဖြစ်တယ်။

အခုဆိုရင် ရဲဘော်တုတ်ဟာ အာဏာ (၃) မျိုးကိုလဲ စွန့်လွှတ်ပြီ လို့ မကျေညာသေးဘူး။

နောက်တကြိမ် အစည်းအဝေးမှာ ရဲဘော် တုတ်ရဲ့ သဘောထား တွေနဲ့ ပတ်သက်လို့ ရဲဘော်တွေ အနေနဲ့ တဦးစီပဲ ဝေဖန်ကြဖို့ လို တယ်။ တင်ပြကြဖို့လိုမယ်"။

ဤသို့ သခင်ဇင်သည် ရဲဘော်တုတ်အား ပြောကြား၍ ရဲဘော်တုတ်အား ဆက်လက်၍ ဝေဖန်ကြရန်အတွက်လည်းလမ်းညွှန်လိုက်လေသည်။

ထို့နောက်တွင် သခင်ချစ်(ခ)ဦးအောင်ချစ်(ခ) ဦးမြတ်ကြွယ် ကလည်း ရဲဘော်တုတ်အား ဤသို့ တိုက်တွန်းလိုက်လေသည်။

"ကိုတုတ်အနေနဲ့ ခင်ဗျားရဲ့ ရပ်တည်ချက်တွေကို အားလုံးပဲ အလေးအနက် ဝေဖန်စိစစ်ဖို့ လိုတယ်။

အထူးသဖြင့် ၆၂-ခုနှစ်မှာ ဥက္ကဋ္ဌပြုတ်ချရေး လုပ်ကြတုန်းက ခင် ဗျားကြားနေခဲ့တာဟာ တကယ်ကို စိန်-ပိန်တို့ရဲ့ ဥက္ကဋ္ဌ ပြုတ်ချရေးကို ကောက်ကျစ်စွာ အားပေးခဲ့တာ ဖြစ်တယ်။ အဲဒါဟာ ရပ်တည်မှု ပြဿနာပဲ"။

ဗမာပြည် ကွန်မြူနစ်ပါတီ၊ ဗဟိုဌာနချုပ်စခန်း၌ တော်လှန်သော တပ်နီ လူငယ်များသည်"တိုက်ပွဲသစ်"နှင့်"အောင်ပွဲသစ်"အတွက် တာဝန်နေကြ၏။ စု စည်းနေကြ၏။ ဝမ်းသာအားရဖြစ်နေကြ၏။တလှုပ်လှုပ်တရှားရှားပင် ဖြစ်နေ ကြတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

- ပြန်ပြင်ရေးဆိုရင် – ဖြုတ်ထုတ်သတ်–ဖြုတ်ထုတ်သတ်
- ပြန်ပြင်ရေးဆိုရင် – မညာနဲ့ –မညာနဲ့။
- ၅၅–လမ်းစဉ်ဟာ – ပြန်ပြင်ရေး –ပြန်ပြင်ရေး။
- အိမ်အိုကြီးတွေကို – ဖျက်ပစ် –ဖျက်ပစ်။
- အဟောင်းတွေကို – တော်လှန်ပစ် –တော်လှန်ပစ်။
- အာဏာ (၃)မျိုးမှန်ရင် – ဖြုတ်ထုတ်သတ်–ဖြုတ်ထုတ်သတ်။

ဤသည်တို့မှာ တော်လှန်သော တပ်နီလူငယ်လေးများ၏ ကြွေးကြော်သံများပေတည်း။

ထိုအချိန်တွင်တတိယပတ်ဗဟိုမာ့က်စ်လီနင်ဝါဒ ကျောင်းသားများကလည်း တော်လှန်သော တပ်နီ လူငယ်များနှင့် တပူး တပေါင်းတည်း စုစည်းလျက် ရဲဘော်တုတ်အား ထိုးနှက်၍ တိုက်ခိုက် နေကြလေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင် ရဲဘော်တုတ်သည် ဝိုင်းပယ်ခံနေရ၏။ နည်းပေါင်းစုံဖြင့် ရှုံ့ချခြင်းကိုလည်း ခံနေရ၏၊ ထို့ကြောင့် ရဲဘော်တုတ်သည် လှောင်အိမ်တွင်းသို့ ရောက်နေရသည့် တောကြက်ကဲ့သို့ မျက်စိသူငယ် ဖြစ်နေ၏။ အထီးတည်းဖြစ်နေ၏။ အိပ်ပျော်ဟန်မတူ။တခေါင်းလုံးလိုလိုပင် ဆံပင်များမှာ ဖွာဖွေးလာ၏။ အစားအသောက် ကိုလည်း မှန်မှန် စားသောက်ခြင်းပင် မပြုနိုင်တော့။ ပိန်၍နေ၏။ လှုပ်လှီ လှုပ်လဲ့ ဖြစ်နေ၏။ မကြာမကြာပင် အဖျားတက်၍ နေတော့သည်။

တော်လှန်သော တပ်နီ လူငယ်များ၏ "တော်လှန်သော ကြွေးကြော်သံများ" သည်သာ ရဲဘော်တုတ်၏ ပတ်ဝန်းကျင်တွင် လွှမ်း၍နေသည်။

ထို့ပြင် တော်လှန်သော တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသားများသည်လည်း ရဲဘော်တုတ်အား ဆန့်ကျင် ထိုးနှက်ရာ၌ အဆုံးအဖြတ် ပေးသောအခဏ်းမှ ပါဝင်ကြ၏၊ ဥက္ကဋ္ဌသခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့၏ အာမခံချက်ရှိသည့် "သမိုင်းဝင် အောင်ပွဲခံမည့် စံပြကျောချိုးများ"ပင် ဖြစ်လေသည်။

၁၉၆၈-ခုနှစ် မတ်လ (၃၁)ရက်နေ့တွင်ဖြစ်သည်။

ရဲဘော်တုတ်သည် ရေးပြီးစရှိသော စာရွက်လေးကို ယူဆောင်၍ ဥက္ကဋ္ဌရှိရာသို့ ခပ်သွက်သွက်လာ၏။ ရေးကြီးသုတ်ပြာ ဖြစ်နေ၏။ ထို့နောက် တော်လှန်သော ဗဟို ကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်း၏ လက်သို့ ပေးအပ်လိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်းသည် ရဲဘော်တုတ် ပေးသော စာရွက်၏ ခေါင်းစဉ်ကို ကြည့်၍ မျက်နှာကိုရှုံ့မဲ့၍ ထားလိုက်လေသည်။

၃။ အာဏာအယူအဆကို အပြီးအပိုင် စွန့်လွှတ်ခြင်း။

ဥက္ကဋ္ဌကြီး ခင်ဗျား။

ကျွန်တော်ဟာ ၅၅-ခုနှစ် ကတည်းက အာဏာ (၃)မျိုးကို စွဲလန်း ယုံကြည်ခဲ့သူ ဖြစ်တယ်။ ယခု ပြန်ပြင်ရေးတိုက်ပွဲတွင် အာဏာ (၂)မျိုးလား (၃)မျိုးလားဆိုတဲ့ ပြဿနာဟာ အရေးကြီးတဲ့ ပြဿနာဖြစ်ရုံမက သေချက် ပြဿနာပင် ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် အလုပ်သမားနဲ့ ခေါင်းဆောင်မှုအောက်ရှိ ပူးတွဲ အာဏာရှင်စံနစ်ကိုတော့ ဘယ်တုန်းကမှ မယုံကြည်ခဲ့ပါ။ သို့ရာတွင် အလုပ်သမား၊ လယ်သမား ပူးတွဲအာဏာကိုတော့ တလျှောက်လုံး ယုံကြည်ခဲ့သူ ဖြစ်ပါတယ်။ ဤသို့ အလုပ်သမား လယ်သမား အာဏာရှင်စံနစ် ဆိုတာကို ပြန်ပြင်ရေးဝါဒ ဖြစ်တယ်လို့ဆိုတာ ကျွန်တော် လုံးလုံး သဘော မပေါက်ခဲ့ပါ၊ ဥက္ကဋ္ဌကြီး အနေဖြင့်ခိုင်မာစွာနိုင်ငံတော်နှင့်တော်လှန်ရေးစာအုပ်ကို ကိုးကား ညွှန်ပြပေမဲ့ ကျွန်တော် ခေါင်းမာစွာ ငြင်းပယ်ခဲ့ပါတယ်။ ဥက္ကဋ္ဌ ဘာသာပြန်တာကို မှားတယ်လို့ ကျွန်တော် ပြန်လှန်တိုက်ကာ ပြန်လည်ပြင်ဆင်ရေး အယူဝါဒတွင် မိုက်မဲစွာ တွယ်ကပ်နေမိခဲ့ပါတယ်။ ဘေးက ရဲဘော်များ ဝိုင်းဝန်းကူညီကြပေမဲ့ လီနင် သင်ကြားချက်ဟာ ငါ့အယူအဆနဲ့ ကိုက်ညီတယ်လို့ လွှန်ခဲ့တဲ့ညကအထိ ယုံကြည်ဆဲဖြစ်ခဲ့ပါတယ်။ မိမိအယူအဆကို ထပ်ခါတလဲလဲ ပြန်လည် စဉ်းစားပေမဲ့ ပြောင်းလဲမှုထိ မဖြစ်ခဲ့ပါ။

ယနေ့ နိုင်ငံတော်နဲ့ တော်လှန်ရေး စာအုပ်ပါ ကိုးကားချက်ကို အင်္ဂလိပ်စာတတ်ကျွမ်းသူများအား မေးကြည့်မှ ကျွန်တော့်ကောက်ယူချက် လုံးဝမှား၍ ဥက္ကဋ္ဌကြီးရဲ့ ကောက်ယူချက် (လူတန်းစားလူ့အဖွဲ့အစည်းတိုင်းအတွက် လူတတန်းစားတည်းရဲ့ အာဏာရှင်စံနစ်သာဖြစ်ရမယ်) လုံးဝ မှန်ကန်ကြောင်း ခိုင်မာစွာ သိလာရပါတယ်။

ကျွန်တော်ဟာလီနင်ကိုအကြွင်းမဲ့ ယုံကြည်သူဖြစ်ပါတယ်။ လီနင်ရဲ့သင်ကြားချက်ကို အကြွင်းမဲ့နာခံရန် ပိုင်းဖြတ်ထားသူဖြစ်ပါတယ်။ သို့ဖြစ်၍ ၁၃-နှစ်တာ မှားယွင်းသော ယုံကြည်ချက်ကို ချက်ခြင်း စွန့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လွှတ်ရန် ရဲရဲကြီးဆုံးဖြတ်ပါတယ်။ မိမိအမှားအတွက် ရဲရဲကြီး ဝန်ခံရန် ပိုင်းဖြတ်လိုက်ပါတယ်။

ယခုမှ ကွေ့ချိုး ပြောင်းလဲရခြင်းအတွက် ချက်ခြင်း ၁၃-နှစ် တာယုံကြည်ချက်ဟာ အားလုံးလွင့်ပျောက် ချောမောသွားလိမ့်မယ်လို့ ကျွန်တော်မထင်ပါ။ အယူအဆဟောင်းများရဲ့ တွန်းကန်မှု၊ ကန့်လန့်ခံမှုများ အချိန် အတော်အကြာရှိနေနိုင်သေးတယ်လို့ ကျွန်တော်ကိုယ်ကျွန်တော် အကဲဖြတ်ပါတယ်။ သို့ဖြစ်၍ ကျွန်တော့်ခေါင်းတွင်းမှ ပြန်လည်ပြင်ဆင်ရေးဝါဒအား တိုက်ရမဲ့ တိုက်ပွဲတွင် ဥက္ကဋ္ဌကြီးနှင့် တော်လှန်ရေး ရှေ့ဆောင်အဖွဲ့က ထိရောက်စွာ အကူအညီပေးရန် တောင်းပန်ပါတယ်။

ဤသို့ ပြန်လည် ပြင်ဆင်ရေးဝါဒ နှစ်ပေါင်းများစွာ ဝင်ခဲ့တဲ့အတွက် ကျွန်တော့်ရပ်တည်မှု ပေါ်လစီနဲ့ လုပ်ဆောင်ချက်တွေမှာ ဘယ်လောက် ဆိုးကျိုးပေါ်ခဲ့တယ်ဆိုတာကိုလဲ · ကျွန်တော်အချိန်ယူ ပြန်လည် သုံးသပ်ခြင်း မပြုနိုင်သေးပါ။ တစတစ သုံးသပ်ယူရမှာ ဖြစ်ပါတယ်။ ယခုခြင်းချက်ပင် သုံးသပ်နိုင်တဲ့ အချက်တခုကတော့ ဤအာဏာပြဿနာပေါ်မှာပြီး ဥက္ကဋ္ဌကြီးအား အထင်သေး လျှော့ပေါ့အကဲဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ ဤအတွက် ကျွန်တော် ကြေကွဲဝမ်းနည်းစွာနဲ့ တောင်းပန်အပ်ပါတယ်။

ဥက္ကဋ္ဌကြီးရဲ့ အာဏာပြဿနာရပ်တည်ချက်အတွက် လှိုက်လှဲစွာလဲ ဂုဏ်ပြု ချီးကျူးအပ်ပါတယ်။

ဤဝန်ချတောင်းပန်ချက်သည်ပင် စိန်-ပိန်ဝါဒချေမှုန်းရေးတွင် တစိတ်တပိုင်း အကျိုးပြုမယ်လို့ ယုံကြည်တဲ့အတွက် (သင့်လျော်တယ်လို့ ယူဆက) ကေဒါထုအတွင်း ဖြန့်ချိရန် အကြံပေးအပ်ပါတယ်။

အလေးနီဖြင့်

တုတ်

၄၀-၄

ရဲဘော်ဇုတ်ဖြ လက်ရေးမူ



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



အာဏာ ၃-မျိုးအယူအဆစွန့်လွှတ်ကြောင်း ရဲဘော်တုတ်မှ ဥက္ကဋ္ဌသခင်သန်းထွန်းသို့ တင်ပြချက်မူရင်း

ဤသည်မှာ ရဲဘော်တုတ်၏ အာဏာရှင်ဖံနစ် (၃)မျိုးနှင့် ပတ်သက်သော အယူအဆခံယူချက်ကို စွန့်လွှတ်ကြောင်း တင်ပြသည့် တင်ပြချက်ပင်ဖြစ်သည်။

ထိုသို့ ရဲဘော်တုတ်သည် သခင်သန်းထွန်းအား တိုက်ရိုက်ပင် တင်ပြလိုက်၏။ သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ရဲဘော်တုတ်၏ တင်ပြချက်နှင့် ပတ်သက်၍ အသိအမှတ်မပြုကြပေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက် တတိယပတ် ဗဟိုမှာက်စ်လီနင်ဝါဒကျောင်း၏ ပီကင်းပြန် ကျောင်းဆရာအဖွဲ့သည် ရဲဘော်တုတ်၏ တင်ပြချက်နှင့်ပတ်သက်၍ "ကိုတုတ် ဟာ ခေနရှင်လူတန်းစားတွေရဲ့ နည်းပရိယာယ်ကို ကျင့်သုံးပြီးတော့ တော်လှန် တဲ့ ဉက္ကဋ္ဌကြီးနဲ့ တော်လှန်တဲ့နိုင်ငံရေး ဦးဆောင်အဖွဲ့ကို စစ်ကျေညာလိုက် တာဖြစ်တယ်"ဟူ၍ ပြောဆိုဝါဒဖြန့်နေကြလေသည်။

ထို့ကြောင့် ဗဟို ဌာနချုပ်စခန်း၌ ရှိသော တပ်နီလူငယ်လေးများနှင့် တတိယပတ် ဗဟိုမှာက်စ်လီနင်ဝါဒ ကျောင်းသား များသည် အထူးပင်လှုပ် ရှား၍ နေကြလေသည်။

"ဦးတုတ်ရပ်တည်ချက်ဘယ်လိုလဲ။
ဦးတုတ်ဟာန်မဆောင်ပါနဲ့။
တို့ဥက္ကဋ္ဌကြီးကို အထင်သေးသလား"။

စသည်-စသည်ဖြင့် ဦးတုတ်အား မေးခွန်းများကို တခုပြီးတခု ထုတ်၍ မေးနေ ကြသည်။

တတိယပတ် ဗဟိုမှာက်စ်လီနင်ဝါဒ ကျောင်းသားများကလည်း တတိယ ပတ်ကျောင်း၏ "တော်လှန်သော ကျောင်း၏လှုပ်ရှားမှု"အဖြစ်ဖြင့်၊ ရဲဘော် မျိုးတင့်(ခ)ကြည်အောင်ကိုယ်တိုင် ခေါင်းဆောင်ပြီး ရဲဘော်တုတ်အား ဆန့် ကျင် တိုက်ခိုက်၍နေကြလေသည်။

တတိယပတ် ဗဟိုမှာက်စ်လီနင်ဝါဒကျောင်းသားများသည် မြစ်ဖျားဒေသ တိုင်း၊ ပဲခူးရိုးမတိုင်းနှင့် ဗဟိုဌာနချုပ်စသည် စသည်ဖြင့် တိုင်းလိုက်၊ ဒေသ လိုက်ခွဲခြားပြီး ရဲဘော်တုတ်၏ သဘောထား တင်ပြချက်နှင့် ပတ်သက်၍ ဆန့်ကျင်ကန့်ကွက်သည့် သဘောထားများကို သီးခြားတင်ပြချက်များအဖြစ် ဖြင့် ရေးလျက် တဦးစီ လက်မှတ်ရေးထိုး၍ တင်ပြကြရလေသည်။

တနင်္သာရီတိုင်းနှင့် မြစ်ဝကျွန်းပေါ်တိုင်းတို့မှ တတိယပတ် ဗဟိုမှာက်စ် လီနင်ဝါဒ ကျောင်းသားများ၏ကိုယ်စား၊ ရဲဘော်ဝင်းမောင်ကို တာဝန်ခံရေး သားစေ၍ အောက်ပါအတိုင်း လက်မှတ်ရေးထိုး လိုက်ကြလေသည်။

"၅။ ချုပ်လိုက်လျှင်—

အမှန်တကယ် ပြောင်းလဲချက်ဟု မယူဆနိုင်သေးပါ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ကွေ့ချိုးပြောင်းလဲချက်"ဟူ၍ပိုပြီး မယူဆပါ။ တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့၏ သမိုင်းဝင် စာတမ်းများကို ခံယူနိုင်ရန် ရဲဘော်တုတ်၏ ရပ်တည်ချက်ကို တကယ်တန်း လှည့်ပြောင်းနိုင်ရေး အတွက် များစွာကြိုးပမ်းဖို့ လိုပါဦးမည်။

ဥက္ကဋ္ဌနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့ပေါ် အမြင်ကို ရော၊ မိမိကိုယ်ကို အထင်အမြင်ကိုပါ လူတန်းစားနှစ်ရပ် အတွေး အခေါ် နှစ်ရပ်၊ လမ်းစဉ်နှစ်ရပ်ဆိုင်ရာ တိုက်ပွဲအဖြစ်၊ အမြင်ပြောင်း ပစ်ရန် လေးနက်သင့်ပါသည်။

ကျွန်တော်တို့အမြင်နှင့် ဝေဖန် ချက်များသည် ရဲဘော်တုတ်၏ လှည့် ပြောင်းရေးအတွက် အထောက်အကူ ဖြစ်မည်ဟု မြော်လင့်ပါသည်။

(ရဲဘော်ဘချစ်လှ)

(ရဲဘော်စောဖေ)

(ရဲဘော်သန်းဝင်း)

(ရဲဘော်အောင်ဇံ)

(ရဲဘော်ခင်ညို)

(ရဲဘော်ဖုန်းမြင့်)

(ရဲဘော်မောင်မောင်ကြည်)

(ရဲဘော်ညိုစိန်)

(ရဲဘော်ဝင်းမောင်)

ဗဟိုမာ့က်စ်လီနင်ဝါဒ ကျောင်းသားများ

တနင်္သာရီတိုင်းနှင့် မြစ်ဝကျွန်းပေါ်တိုင်း"

ဤသို့ဖြင့် တော်လှန်သော ဗဟိုဌာနချုပ်၌ တော်လှန်သော တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်း၏ တော်လှန်သော တံခွန်နီသည်ကားတလူလူပင် လွင့်၍နေလေတော့သည်။

ရဲဘော်ဝင်းမောင်၏ လက်ရေးမူ



ရဲဘော်တုတ်နှင့်ပတ်သက်သော ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသားများ၏
ဝေဖန်ချက်စာတမ်းလက်မှတ်များ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၇

တိုက်တိုင်းအောင် (၁)

၁။ တိုက်တိုင်းအောင်တပ်

၁၉၆၇-ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ တောင်ညိုချောင်း၏မြောက်ဖက်ကမ်းတွင် တည်ရှိသော မယင်းရွာနှင့် လက်ဝါးကြီးကြိုး၏ အစပ်တွင် စခန်းချ၍ ထားလေသည်။

တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ ဥက္ကဋ္ဌ သခင် သန်းထွန်းသည် "ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့် ချေမှုန်းရမည်" ဟူသော သေနင်္ဗျူဟာဆိုင်ရာ စစ်ရေးလမ်းညွှန်ကို ချမှတ်လိုက်လေသည်။

ယင်းသို့ချမှတ်ပြီးနောက် ဗမာတပြည်လုံးတွင်ရှိသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပါတီအဖွဲ့အစည်းများနှင့် လက်နက်ကိုင် အဖွဲ့အစည်းများ အတွက် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ "လက်ဆောင်နီ"အဖြစ်ဖြင့် ဂုဏ်ပြုပေးပို့ရန် "သခင်သန်းထွန်း၏ဩဝါဒများ"ဟူသော အမည်ဖြင့် စာအုပ်ငယ်တအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်၏။ ယင်း စာအုပ်ငယ်တွင် သခင် သန်းထွန်း၏ "ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်နဲ့ ရိုက်ချိုးကြ" "တိုက်တိုင်းအောင် မဟာမော်စီတုံး အတွေးအခေါ်များ"ဟူသော၊ စစ်ရေးလမ်းညွှန်နှင့်ဩဝါဒများကိုသာ အဓိကထား၍ ထည့်သွင်းထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုးစစ်ကို ထိုးစစ်ဖြင့်ချေမှုန်းရမည်



သခင်သန်းထွန်း၏ ဩဝါဒများ

ထိုနောက်တွင် သခင်သန်းတွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ဥက္ကဋ္ဌသခင်သန်းထွန်း၏ နောက်ဆုံးစစ်ရေးလမ်းညွှန်နှင့် ဩဝါဒများကို လက်တွေ့ကျင့်သုံး၍ အကောင်အထည်ဖော်နိုင်ရန်အတွက် အလွန်အရေးကြီးသော လတ်တလော ဆုံးဖြတ်ချက်တရပ်ကို ချမှတ်လိုက်သည်။

"အခု ရန်သူက ကျွန်တော်တို့ကိုတပ်မကြီးတွေ တတပ်ပြီးတတပ်ဖွဲ့ပြီးတော့ စစ်ဆင်နေတာဟာ ကွန်မြူနစ်ပါတီက ရှေ့ဆောင်ပြီး ဆင်နွှဲနေတဲ့ တော်လှန်ရေးဟာ အတိုင်းမသိ တိုးတက်နေတယ်ဆိုတာကို ဖော်ပြနေတာ ဖြစ်တယ်။ အခုလိုရန်သူက ကျွန်တော်တို့ပါတီကို အမိကဦးတည်ပြီး ထိုးနှက်တိုက်ခိုက်နေတယ်ဆိုတာဟာလဲ ကျွန်တော်တို့ပါတီဟာ ဗမာတပြည်လုံးရဲ့ တပ်ဦးပါတီဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုလာတာဖြစ်တယ်။

ဒီအခြေအနေမှာ ကျွန်တော်တို့အနေနဲ့ ရန်သူရဲ့ထိုးစစ်ကြီးတွေကို တခုပြီးတခု ချေမှုန်းသွားဖို့ဟာ အလွန်ကိုအရေးကြီးတယ်။ ထမင်းကိုတလုပ်ပြီး တလုပ်စားသလို ထိုးစစ်ကြီးတွေကိုလဲ တခုပြီးတခု ချေမှုန်းသုတ်သင်သွားရမယ်။

တကယ်တန်းကျတော့ ကျွန်တော်တို့ဟာ ထိုးစစ်ကြီးတွေကို ချေမှုန်းသွားရင်းနဲ့ အာဏာကို အပြီးအပိုင် သိမ်းသွားရမှာဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဲဒီတော့ ထိုးစစ်ကြီးတွေကို ချေမှုန်းဖို့ဆိုရင် စုစည်းထားတဲ့တပ်ကို အမြဲတမ်း ဖွဲ့စည်းထားရမယ်။ အဲဒီတပ်ကိုလဲ အခုခေတ်ရဲ့ အထွဋ်အထိပ်ဖြစ်တဲ့မဟာ မော်စီတုံးရဲ့ အတွေးအခေါ်ကို ခံယူတဲ့အနေနဲ့ "တိုက် တိုင်းအောင် တပ်" ဖြစ်ဖို့လိုမယ်။

ကျွန်တော်တို့ပစ္စည်းမဲ့ ဗဟိုဌာနချုပ်အနေနဲ့ ကလဲ ရန်သူ့ထိုးစစ်ကို ချေမှုန်းဖို့အတွက်၊ အခုအခြေခံထားတဲ့ ပြည်ခရိုင်နဲ့ သာယာဝတီခရိုင်တွေရဲ့ နယ်တွေကလွှဲပြီး ဘယ်ဒေသကိုမှ ရှောင်သွားမှာမဟုတ်ဘူး။ ရန်သူထိုးစစ်တွေကို ချေမှုန်းဖို့အတွက် တိုက်ရိုက်ပဲဦးစီးသွားမှာဖြစ်တယ်"။

(သခင်သန်းထွန်း"တိုက်တိုင်းအောင်တပ်ဖွဲ့စည်းရေး"အတွက် တင်ပြချက်မှ)။

တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့၏ လတ်တလော ဆုံးဖြတ်ချက်မှာ ဥက္ကဋ္ဌ သခင်သန်းထွန်းတင်ပြသော "တိုက်တိုင်းအောင်တပ်" ဖွဲ့စည်းရေးပင် ဖြစ်လေသည်။

ထို့နောက်တွင် သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင် အဖွဲ့သည် တိုက်တိုင်းအောင်တပ် ဖွဲ့စည်းရေးအတွက် တော်လှန်သော ဗဟို ကော်မီတီအဖွဲ့ဝင် ရဲဘော်အောင်ကြီး ခေါင်းဆောင်သည့် ဦးစီးကော်မီတီ (၄)ဦးကို တာဝန်ပေးအပ်လိုက်သည်။

ယင်းတို့မှာ—

(၁) ရဲဘော်အောင်ကြီး။
(၂) ဗိုလ်ဘုန်းကျော်။
(၃) ရဲဘော်မျိုးတင့် (ခ) ကြည်အောင်။
(၄) ရဲဘော်အောင်ငြိမ်း(ခ)အောင်သိန်းတို့....ဖြစ်ကြသည်။

ရဲဘော်အောင်ကြီး(ခ)လှအောင် (ခ) ဦးခိုင် ခေါင်းဆောင်သော ဦးစီး ကော်မီတီ (၄) ဦးတို့သည် တိုက်တိုင်းအောင်တပ်ကို ဖွဲ့စည်းရန် အတွက် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ တောင်ညို ချောင်း မြောက်ဖက် နဘဲကုန်းရွာ၏အနီးတွင်ရှိသော ပိုးစကင်းကျောခန်းသို့ရောက်ရှိ လာခဲ့ကြ၏။ ရဲဘော်အောင်ကြီးတို့နှင့်အတူ ဗဟိုဌာနချုပ် ကင်းတပ်မှ လက် နက်မျိုးစုံ တပ်ဆင်ထားသော တပ်စိတ်နှစ်စိတ်လည်း ပါလာခဲ့လေသည်။ ၇

ယင်းဗဟိုကင်းတပ် တပ်စိတ်နှစ်စိတ်တွင် ရဲဘော်ထွန်းကျော် (ခ) ကျော် ထွန်း(ခ)စိုးဝင်း (လူတဦးလှ၊ ဒေါ်အမာ၏သား) နှင့် ရဲဘော်တင်ဟန် (ခ)

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

သာမောင်(ခ) အောင်သိန်းနိုင် (ဗိုလ်ရန်အောင်၏တူ) ရဲဘော်စောမင်း(ခ) ဇေလတ်(ဗိုလ်ရန်အောင်၏သား) ရဲဘော်မောင်မောင်(ခ) စောဦး (ခ) ညီညီလေး(သခင်သန်းထွန်း၏သား) ရဲဘော်ဖိုးတူး(ခ) ဝင်းနိုင်နှင့် ရဲဘော်မောင်သန်း (ခ) ရဲနီ(ပီကင်းပြန် ရဲဘော်စည်(ခ)ချစ်မောင်၏သား)တို့လည်း ပါဝင်ခဲ့ကြ၏။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ စံပြကျောရိုးများနှင့် ကွန်မြူနစ်မျိုးဆက်များပင် ဖြစ်လေသည်။

(မှတ်ချက်။ ။ရဲနီသည်၁၉၆၆-ခုနှစ်တွင် ရွှေဘိုမြို့တွင် ကျောင်းတက်နေရာမှ ရဲဘော်ချစ်မောင်က ခေါ်ယူသဖြင့် တောခိုလာသူ ဖြစ်ပါသည်။ စာရေးသူ။)

ထိုအချိန်တွင် ခရိုင်အတွင်းရေးမှူး ဗိုလ်စိန်မင်း ခေါင်းဆောင်သော သာယာဝတီခရိုင် တပ်သည်လည်း ရောက်ရှိနေပြီဖြစ်၏။ သာယာဝတီခရိုင် ကော်မီတီများဖြစ်သော ဗိုလ်ထွန်းလင်း၊ ဗိုလ်တင်ရှိန်နှင့် နတ္တလင်းမြို့နယ်အတွင်းရေးမှူး ဗိုလ်ကျော်စိုးတို့လည်း ကြိုတင်၍ ရောက်ရှိနေကြပြီ ဖြစ်သည်။

"ဥက္ကဋ္ဌကြီးနဲ့ တော်လှန်တဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ရဲ့ တိုက်ရိုက်တာဝန်ပေးချက်အရကျွန်တော်တို့ (၄) ယောက်နဲ့ တပ်စိတ်နှစ်စိတ်ပါလာတယ်။ ဗဟိုစစ်ကော်မီတီရဲ့ ထိုးစစ်ကို ထိုးစစ်နဲ့ ချေမှုန်း ရမယ်ဆိုတဲ့ စစ်ရေးညွှန်ကြားချက်လဲ ပါလာတယ်။

အခုအစည်းအဝေးမှာတော့ တပ်ဦးစီး ကော်မီတီကို ဖွဲ့စည်းဖို့နဲ့ တပ်စု တပ်စိတ်တွေကိုလဲ စံနစ်တကျ ဖွဲ့စည်းပြီးတော့ တာဝန် ခွဲဝေမှုတွေကို ခန့်ခွဲကြဖို့ဖြစ်တယ်။ ကျွန်တော်တို့တော့ အခုဖွဲ့စည်းတဲ့ တပ်မှာ နိုင်ငံရေးမှူးနဲ့ တပ်ဦးစီးကော်မီတီရဲ့ အတွင်းရေးမှူးတာဝန်ကိုယူဖို့ဆိုပြီးတော့ ဗဟိုစစ်ကော်မီတီကပဲ တိုက်ရိုက် တာဝန်ပေးလိုက်တယ်။ ဒီမှာ အခြားတပ်ဦးစီးကော်မီတီဝင်တွေရဲ့ တာဝန် ခွဲဝေမှုတွေကိုတော့ အခုအစည်းအဝေးက ဆုံးဖြတ်သွားဖို့လိုမယ်"။

ဤသို့ ရဲဘော်အောင်ကြီးသည် တပ်ဖွဲ့စည်းရေးဆိုင်ရာ အစည်းအဝေးတွင် တင်ပြလိုက်၏။ ထို့နောက်တွင် တပ်ဦးစီးကော်မီတီ၌ ပါဝင်ကြသူများကလည်း အတွေ့အကြုံများကို အစီရင်ခံကြ၏။ လက်တွေ့ပြဿနာများကိုလည်း တင်ပြကြ၏။ တဦးစီ၏ သဘောထားနှင့် အကြံဉာဏ်များကိုလည်း တင်ပြ၍ ဆွေးနွေးကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက်တွင် ရဲဘော် အောင်ကြီးသည် အစည်းအဝေးအား ရပ်နားချိန် ပေး၍ ခေတ္တရပ်နားစေလိုက်၏။ အစည်းအဝေးသို့ တက်ရောက်နေသော ပီကင်း ပြန် ရဲဘော်များချည်းသာ သီးခြား ညှိနှိုင်းရန်အတွက် အစည်းအဝေးနေရာမှ ထွက်ခဲ့ကြ၏။ ဝါးရုံပင်အောက်မှ ကျွန်းတုံးကြီးပေါ်တွင် ဝိုင်းထိုင်၍ ပြောဆို ကြ၏။ ကြိတ်ဝိုင်း ဆွေးနွေးခြင်းဖြစ်၏။ ဗဟိုဌာနချုပ်၏ သီးခြားမှာကြား သည့်ကိစ္စများကို ဆွေးနွေးညှိနှိုင်းကြလေသည်။

"အခုပါလာတဲ့ ဗိုလ်ဘုန်းကျော်နဲ့ပတ်သက်လို့ ကျွန်တော်တို့ကြိုက် တော့မကြိုက်ဘူး။ ဒါပေမဲ့ကျွန်တော်ခေါ်လာလို့ထည့်ပေးလိုက်တာပဲ။ ဒါလဲ ယာယီပဲဖြစ်မယ်။ ကိုတင်ဦး(ရဲဘော်မြ)ရောက်လာရင် တိုင်း ကော်မိတီ အစည်းအဝေးအတွက် ပြန်လွှတ်လိုက်မယ်။ စစ်ရေးနဲ့ပတ် သက်လို့တော့ ဒီလူဟာ အားကိုးရတဲ့ လူမဟုတ်ဘူးလို့ ဥက္ကဋ္ဌကလဲ ပြောလိုက်တယ်။ ပြီးတော့ ပြန်ပြင်ရေး အတွေးအခေါ်ကလဲ ရှိနေ တယ်လို့ ဗဟိုကမှာလိုက်တယ်။

ဗိုလ်စိန်မင်းရဲ့ အခြေအနေကတော့ သိတဲ့အတိုင်းပဲ။ ဗဟိုနဲ့ပတ် သက်လို့ တခြားလူတွေနဲ့စာရင်မဆိုးဘူး။ ဒါပေမဲ့ ကိုယ်ကျိုးကို အမြဲ တန်း ထိပ်တင်တဲ့လူဖြစ်တယ်။ ရေရှည်မှာ စိတ်ချလို့မဖြစ်ဘူး။ ဒီလူမှာ ကောက်ကျစ်တဲ့ အကျင့်တွေလဲရှိတယ်။

ဒီမှာ ဗိုလ်ထွန်းလင်းကတော့ တိုက်ခိုက်ရေးသိပ်မဆိုးဘူး။ အ စဉ်အလာလဲရှိတယ်။ ဒါပေမဲ့ ကျဉ်းမြောင်းတဲ့ လယ်သမားအတွေး အခေါ်ဟာ အစိုင်လိုက် အခဲလိုက်ရှိတယ်။ ဂိုဏ်းဂဏကြီးတယ်။ အ ရေးအကြီးဆုံးက လက်နက်ချဘူးတယ်ဆိုတဲ့ နိုင်ငံရေးပြဿနာပဲ။ က နေ့မရှင်းရသေးပေမဲ့ တနေ့တော့ ရှင်းပစ်ရမှာ ဖြစ်တယ်။ အခုတော့ ထိန်းထိန်းသိမ်းသိမ်းနဲ့ပဲ ကိုင်သွားဖို့လိုတယ်။

ဒီအခြေအနေတွေမှာ စစ်တခုလုံးရဲ့ပေါ်လစီကိုတော့ ကျွန်တော်တို့ ကပဲ ကိုင်ထားရမယ်။ လက်မလွှတ်ရဘူး။ ကျန်တဲ့လူတွေကိုတော့ အ လိုက်အထိုက် တာဝန်ပေးပြီး အသုံးချသွားတာမျိုးဖြစ်မယ်"။

ရဲဘော်အောင်ကြီးသည် အသံကို နှိမ့်၍ အတိုးဆုံး ပြောနေ၏။ တပ်ဦးစီး ကော်မိတီ၏ နေရာချထားရေးများကိုလည်း တင်ပြနေ၏။ နောက်ဆုံးတွင် တော်လှန်သော ဗဟိုဌာနချုပ်ကို အကြွင်းမဲ့ တာဝန်ခံ၍ သတိရှိရှိ ခြေလှမ်းညီ ညီဖြင့် တာဝန်ယူ ဆောင်ရွက်ကြရန်လည်း သဘောတူညီလိုက်ကြသ ည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းသို့ သီးခြား ဆွေးနွေးညှိနှိုင်းသည်ကို အခြားကော်မီတီများသိမည်ကိုလည်း စိုးရိမ်နေ၏။ အချင်းချင်း အလွှာပ သလ္လာပ ပြောဆိုနေကြသကဲ့သို့ပြောဆိုနေကြ၏။ ဆက်ဆံနေကြ၏။ ထိုအချိန်တွင် အနီးအနားသို့အပြင်မှ ရဲဘော်များလာလျှင် သတိပေးရ၏။ သတိပေးလျှင် မြန်မာစကားဖြင့် မပြောရချေ။ တရုပ်စကားဖြင့်သာပြောရ၏။ အခြားရဲဘော်များ သိမည်ကိုစိုးသောကြောင့်ဖြစ်၏။ တစုံတယောက်ကို မြင်လိုက်လျှင် "လိုင်ရင်-ကျူုယီ" ဟု ပြောလိုက်ရ၏။ ယင်း၏အဓိပ္ပာယ်မှာ "သတိ-လူလာနေတယ်" ဟူ၍ဖြစ်လေသည်။

ထိုနောက်တွင် တပ်ဦးစီးကော်မီတီသည် "တိုက်တိုင်းအောင်" တိုက်ခိုက်ရေးတပ်၏ ဖွဲ့စည်းပုံကို ရဲဘော်အောင်ကြီး၏ တင်ပြချက်အရ ဆုံးဖြတ်၍ အတည်ပြုလိုက်လေသည်။

× × ×

၁၉၆၇-ခုနှစ် စက်တင်ဘာလ(၁၆)ရက်နေ့တွင်ဖြစ်သည်။

သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ နဘဲကုန်းရွာအနီးတွင်ရှိသော ပိုးစကင်းကျော စခန်းတွင်ပင် ဖြစ်လေသည်။

သာယာဝတီခရိုင်၏ လက်နက်ကိုင်တပ်ဖွဲ့သည်လည်း ရောက်ရှိနေပြီဖြစ်၏။ ယင်းသာယာဝတီခရိုင်တပ်သည် ဗဟိုဌာနချုပ်မှ တိုက်ရိုက်တာဝန်ခံပြီး ဗိုလ်ထွန်းငြိမ်းကိုယ်တိုင် ခေါင်းဆောင်၍ တည်ဆောက်ထား၏။ ဗမာတပြည်လုံး၏ "စံပြတပ်ဖွဲ့" ဖြစ်သည်ဟုပင် ဗဟိုဌာနချုပ်မှ သတ်မှတ်၍ထား၏။ ထို့ကြောင့် အထူးပင် တက်ကြွ၍ နေလေသည်။ ခရိုင်အမျိုးသမီးတပ်ဖွဲ့ဝင်တို့သည်လည်း အားလုံးပင် ရောက်ရှိ၍နေကြသည်။

ယင်းစခန်းတွင် ဗဟိုဌာနချုပ်မှ ပါတီကော်မီတီနှင့် လုံခြုံရေးမှူးဖြစ်သော ဗိုလ်သိန်းထွန်း(ခ)လှဟန်(ခ)တင်မောင်သည်လည်း တပ်စိတ်တစိတ်နှင့်အတူ ရောက်ရှိ၍နေသည်။

ဤကဲ့သို့ လက်နက်ကိုင်တပ်ဖွဲ့များကို တစုတစည်းတည်းစုဝေး၍ ထားခြင်းမှာ "တိုက်တိုင်းအောင်တပ်" ဖွဲ့စည်းကြောင်းကို ကြေညာရန်ဖြစ်၏။ ထို့ပြင် ယင်းတပ်ဖွဲ့တွင် ပါဝင်သောတပ်စု တပ်စိတ်များမှ ကိုယ်စားလှယ် အသီးသီးက အမိဋ္ဌာန်ပြုကြရန်ဖြစ်သည်။

ပထမဦးဆုံး အစီအစဉ်အရ ရဲဘော်အောင်ကြီးသည် တိုက်တိုင်းအောင်တပ် ဖွဲ့စည်းပြီးကြောင်းကို ကြေညာ၍ဥက္ကဋ္ဌကြီးသခင်သန်းထွန်းနှင့် ဗဟိုစစ်ကော်မီတီ၏ စစ်ရေး ညွှန်ကြားချက်များကို ရှင်းလင်းတင်ပြ၏။ ထို့နောက် တပ်ဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များသည် ဆက်လက်၍ အဓိဋ္ဌာန်ပြုလျက်နေကြလေသည်။

တိုက်တိုင်း၊ အောင်တံခွန် (၁) ဖွဲ့စည်းပုံပါဝင်မှု

ထမ်း-ပါတီ ဦးစီးကော်မီတီနှင့် တာဝန်ခွဲဝေမှု

စဉ်	အမည်	ပါတီတာဝန်	လက်ရှိတာဝန်	မှတ်ချက်
၁	ရဲဘော်အောင်ကြီး	ဗဟိုကော်မီတီ	နိုင်ငံရေးမှူး	ဗိုကင်းပြန်
၂	ဗိုလ်ဘုန်းကျော်	တိုင်းကော်မီတီ	တပ်မှူး	ဝဲခုံးရိုးမတိုင်း
၃	။ မျိုးတင့်	။	ပညာ/ဝါဒဖြန့်ချိရေး	ဗိုကင်းပြန်
၄	။ အောင်သိန်း	။	ရိက္ခာ/ထောက်ပံ့	ဗိုကင်းပြန်
၅	။ စိန်မင်း	ခရိုင်ကော်မီတီ	ဒု-တပ်မှူး	သာယာဝတီခရိုင်
၆	။ တင်ရှိန်	။	တိုက်ခိုက်ရေးတပ်မှူး	ဗိုကင်းပြန်
၇	။ ထွန်းလင်း	။	။	သာယာဝတီခရိုင်

တပ်ရ(၁)ပါတီကလာပ်စည်းကော်မီတီ

စဉ်	အမည်	တာဝန်
၁	ဗိုလ်ထွန်းလင်း	တပ်မှူး
၂	။ သောင်း	တပ်စုမှူး
၃	။ မောင်နု	နိုင်ငံရေးမှူး
၄	ထွန်းတင်	စိပ်မှူးကော်မီတီ
၅	အောင်ကျော်	။

တပ်စု(၂)ပါတီကလာပ်စည်းကော်မီတီ

စဉ်	အမည်	တာဝန်
၁	ဗိုလ်တင်ရှိန်	တပ်မှူး၊ နိုင်ငံရေးမှူး
၂	။ ကျော်စိုး	တပ်စုမှူး
၃	သောင်းစိန်	စိပ်မှူးကော်မီတီ
၄	ခင်မောင်(ခ) လှမြိုင်	

ဆေးအဖွဲ့

စဉ်	အမည်	တာဝန်
၁	စောဂစ်ဆင်ဒွေး	ဆေးမှူး
၂	သန်းအေး	ဆေးတပ်သား
၃	မညိုကြီး	။
၄	မသိန်းလှိုင်	။
၅	မခင်အေး	။

ရိက္ခာအဖွဲ့

စဉ်	အမည်	တာဝန်
၁	အောင်မောင်း	တာဝန်ခံ
၂	ထားတင်	
၃	သန်းရွှေ	
၄	ကြီးခ	

ကျောရိုးအဖွဲ့

စဉ်	အစည်	တာဝန်
၁	ဦးမိုးသစ်	တာဝန်ခံ ၆၀-ကျော် ပါသည်။

မှတ်ချက်။ ။မော်နိုင်စစ်ဆင်ရေးကာလ (၁၉၆၇-ခု ဩဂုတ်လ၊ ဒီဇင်ဘာလ) တိုက်ခိုက်ရေးတပ်ဖွဲ့စည်းမှုဖြစ်သည်။

တိုက်ခိုက်ရေးတပ် စည်းရုံးရေးဖွဲ့စည်းပုံ



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကြွေးကြော်သံများသည်သိမ့်သိမ့်တုန်နေ၏။ တောသံတောင်သံများကြောင့်လည်းဟိန်း၍နေ၏။ တောအန့်. တောင်အန့်ပင် ပဲ့တင်ထပ်လျက် နေလေတော့သည်။

ထိုအချိန်တွင် ရွှေကင်းတပ်ဖွဲ့မှ ရဲဘော်တဦးသည် ရေးကြီးသုတ်ပြာဖြင့် ပြေးလာပြီး ရဲဘော်အောင်ကြီးနှင့် ဗိုလ်ဘုန်းကျော်တို့အား သတင်းပို့နေ၏။ ရဲဘော်အောင်ကြီးနှင့် ဗိုလ်ဘုန်းကျော်တို့သည် တဦးမျက်နှာကို တဦးကြည့်၍ နေကြ၏။ ယင်းတို့၏ မျက်နှာများတွင် စိုးရိမ်စိတ်များသည် ပေါ်လွင်၍နေလေသည်။

ချက်ခြင်းပင် ရဲဘော်အောင်ကြီးသည် အခမ်းအနားမှူး ဗိုလ်စိန်မင်းအား ရန်သူ့လှုပ်ရှားမှု အခြေအနေထူးသဖြင့် အစည်းအဝေးကို အမြန်ဆုံးအဆုံးသတ်ရန်အတွက် အမိန့်ပေးလိုက်လေသည်။

ဗိုလ်စိန်မင်းသည် စိုးရိမ်တကြီးဖြစ်နေ၏။ တလှုပ်လှုပ်တရွရွဖြစ်နေ၏။ ဟိုဟိုဒီဒီကြည့်နေ၏။ ဂဏာမငြိမ်တော့ပေ။ ဗိုလ်စိန်မင်း၏စကားပြောသံသည် ခပ်အစ်အစ်သာထွက်တော့၏။ဗိုလ်စိန်မင်း၏ပင်ကိုယ်စကားပြောသံသည်"သံပြာ" ထွက်၏။ အော်၍ပြောလျှင်မူ စူးစူးရှရှအသံထွက်၏။ ယခုမူ ဗိုလ်စိန်မင်း၏သတိပေးသော အသံနှင့်အမူအရာသည် အစည်းအဝေး တက်ရောက်နေသူများကိုပါ ကူးစက်သွားလေတော့သည်။

"ရဲဘော်တို့ အခုရန်သူဟာ ကျနော်တို့စခန်းနဲ့ သိပ်မဝေးတဲ့ နေရာမှာ ရောက်နေတယ်။ ဒါကြောင့် လုံခြုံရေးကို သတိထားဖို့လိုလာတယ်။ အစည်းအဝေးကိုတော့ အမြန်ဆုံး ပြီးအောင်လုပ်မယ်။အသံကိုတိုးတိုးပဲပြောကြပါ။ကြွေးကြော်သံကိုလဲခဏခဏမတိုင်ပါနဲ့။အော်လဲမအော်ကြပါနဲ့။တခြားရဲဘော်တွေ ပြောစရာရှိသေးရင်လဲ တိုတိုတုတ်တုတ်နဲ့ပဲ ပြောကြပါ"။

အစည်းအဝေးကြီးသည် တိတ်ဆိတ်သွား၏။ ငြိမ်သက်သွား၏။ လုံးဝပင် တိတ်ဆိတ်ငြိမ်သက်၍သွားတော့သည်။

နောက်ဆုံးတွင် ဗိုလ်ဘုန်းကျော်သည် တိုက်တိုင်းအောင်တပ်ဖွဲ့၏ အဓိဋ္ဌာန်စာတမ်းကို ဖတ်ကြားမည်ဖြစ်ကြောင်းကိုကြေညာလိုက်၏။ ဗိုလ်ဘုန်းကျော်၏ လေသံမှာလည်းတိုးတိုးသာဖြစ်၏။ဗိုလ်ဘုန်းကျော်၏မျက်နှာ၌မူ စိုးရိမ်ကြောင့်ကျသည့် လက္ခဏာများ လွှမ်း၍ ညှိုးနေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

'အခု ကျွန်တော်က ရှေကနေပြီး အမိဋ္ဌာန်စာတမ်းကိုဖတ်ပါမယ်။ ရဲဘော်တို့က လိုက်ဆိုကြပါ။ အသံကိုတော့ အတိုးဆုံး ထားပြီးဆိုကြပါ"။

ဗိုလ်ဘုန်းကျော်သည် အသံကိုအုပ်၍ "သတိ"ဟု အမိန့်ပေးလိုက်၏။ ထို့နောက်အမိဋ္ဌာန်စာတမ်းအား လေသံကိုအနိမ့်ဆုံးထား၍ ဖတ်ကြားလေသည်။

"—ငါတို့သည် ဥက္ကဋ္ဌကြီး၏ သေရဲ၊ တိုက်ရဲ၊ အနိုင်ယူရဲသော ရဲသုံးရဲစိတ်ဓာတ်ကို ထာဝစဉ်မွေးမြူသွားပါမည်။
—ငါတို့သည် ဥက္ကဋ္ဌကြီး၏ (၄)မျိုးကောင်း တပ်သားများဖြစ်အောင် အစွမ်းကုန် ကြိုးစားသွားပါမည်။
—ငါတို့သည် အခက်အခဲ အကြပ်အတည်းမှန်သမျှကို ကျော်လွှားပြီး ရန်သူကို အစွမ်းကုန် ချေမှုန်းသွားပါမည်။
—ငါတို့သည် ရန်သူ့ထိုးစစ်ကို ငါတို့ထိုးစစ်ဖြင့် ရိုက်ချိုးချေမှုန်းသွားပါမည်။
—ငါတို့သည် "သမိဋ္ဌာန်ချ အသက်စွန့်ရန်မကြောက်၊ အခက်အခဲဖယ်ရှား အောင်ပွဲအရယူ"ဟူသော ဥက္ကဋ္ဌကြီးမော်၏ မဟာဩဝါဒအတိုင်းအစွမ်းကုန် ချီတက်သွားပါမည်။
—ငါတို့သည်"ထိုးစစ်မှာ လှုံ့သွား၊ခံစစ်မှာ သံမဏိသား"ဖြစ်စေရပါမည်"။

(မှတ်ချက်။ ။(၄)မျိုးကောင်းတပ်သားဆိုသည်မှာ....
(၁) နိုင်ငံရေးကောင်းရမည်။
(၂) ဇွဲသတ္တိကောင်းရမည်။
(၃) စည်းရုံးရေး စည်းကမ်းကောင်းရမည်။
(၄) စည်းလုံးမှုကောင်းရမည်။ စာရေးသူ။)

ဤသည်တို့မှာ တိုက်တိုင်းအောင်တပ်ဖွဲ့၏ "မဟာအမိဋ္ဌာန်"များပင်ဖြစ်လေသည်။

ထို့ကြောင့်ပင် ဗဟိုစစ်ကော်မီတီ ဥက္ကဋ္ဌနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ယင်းတိုက်တိုင်းအောင်တပ် အစည်းအဝေး၏ အမိဋ္ဌာန်ပြုချက်များကို"နဘဲကုန်းစိတ်ဓာတ်"ဟူ၍ ဂုဏ်ပြုလျက် သတ်မှတ်ထားလေသည်။

ဤသည်မှစ၍ နဘဲကုန်းစိတ်ဓာတ်သည်ပင် တိုက်တိုင်းအောင်သည့် မဟာမော်စီတုံး အတွေးအခေါ်ဟူ၍ဖြစ်လာလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၂။ တိုက်တိုင်းအောင်၏ တိုက်တိုင်းအောင်များ

နှောင်းမိုးသည် ပြတ်တောင်း ပြတ်တောင်း မဟုတ်ချေ။ ယန်ဝနေ၏။ ထို့နောက်တွင် တသိမ့်သိမ့်ဖြင့် စွေနေလေတော့သည်။

ညသည်မှောင်နေ၏၊ မိုက်နေ၏။

အချိန်မှာ သက်ကြီးခေါင်းချအချိန်ပင်ဖြစ်သည်။

လယ်မအင်းရွာသည်လည်း တိတ်ဆိတ်နေ၏။ ငြိမ်သက်နေ၏။ ခွေးဟောင်သံပင် မကြားရတော့ချေ။

လယ်မအင်းရွာသည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညီခအသတွင် တည်ရှိသည်။

ထိုအချိန်တွင် ဗမာ့တပ်မတော်၏ မော်နိုင်ခင်ဆင်ရေးမှ ဧမ်ကြောင်းများသည်လည်း လှုပ်ရှားလျက် ရှိလေသည်။

ရွာလယ်မှ ရုတ်တရက် "ဒိုင်း" သေနတ်သံအချက်ပေါ် ထွက်လာ၏။ ယင်းသေနတ်သံနှင့်အတူ ရေနံဆီမီးတုတ်များ၏ အလင်းရောင်သည် လင်း၍ထိန်၍သွား၏။ ထို့ကြောင့် လယ်မအင်းရွာသည် လှုပ်လှုပ်ရှားရှားပင် ဖြစ်သွားတော့သည်။

"ဟော့ မောင်းသူတွေ ပါမ်တဲ့အမေထွက်နဲ့-ရင်ခွင့်သွားမယ်"

ဟူသော အော်သံဟစ်သံများသည်လည်း ရေအုအနှံ့မှ ပေါ်ထွက်နေသည်။

ယင်းသို့အော်ဟစ်နေသူများ၏ အချို့မှာ မီးတုတ်များကို ကိုင်ထားကြ၏။ အချို့မှာ လက်နက်ကိုယ်စီပါလာကြ၏။ ခမောက်ဆောင်းထားသူများလည်း ပါ၏။ ပုဆိုးကွင်းသိုင်း၍ ခေါင်းပေါင်းထားသူများလည်းပါ၏။ မျက်နှာများကိုမူ သဲသဲကွဲကွဲမမြင်ကြရချေ။

"ဟေ့ ဒီအိမ်ပေါ်က လူတွေဆင်းခဲ့-မဆင်းရင် အိမ်ရော လူတွေပါ မီးတိုက်လိုက်မယ်"

တိုသို့ခေါင်းဆောင်လုပ်သူက အော်၍ပြောလိုက်သည်။ အိမ်ရှင်ဖြစ်သော ဦးချမ်းမိန့်နှင့် မိသားစုတို့မှာ ကြောက်၍နေကြ၏။ ထိတ်လန့်နေကြ၏။ အလွန်ပင် ကြောက်ရွံ့ထိတ်လန့်နေကြ၏။ တုန်တုန်ရီရီဖြစ်နေကြ၏။ ထိုင်ရမှန်းထရမှန်းပင် မသိတော့ချေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ချက်ခြင်းပင် ဦးချစ်စိန်၏ သားမက်ဖြစ်သော ကိုစိုးမောင်သည် အိမ်နှင့် လူများကိုပါ မီးတိုက်မည်ကို စိုးရိမ်လာသဖြင့် အိမ်အောက်သို့ ဆင်းခဲ့၏။ ကိုစိုးမောင်အား အိမ်အောက်သို့မရောက်မီလှေခါးမှာပင်အတင်းဆွဲချ၍ ရိုက်နှက်ကြတော့သည်။

"ဟေ့ချစ်စိန် အားလုံးမသေချင်ရင်ဆင်းခဲ့၊ မဆင်းရင် မီးရှို့တော့မယ်"

ဟု ပြော၍ အိမ်ကိုမီးရှို့ရန် ပြင်ဆင်နေကြလေသည်။

ထိုအခါတွင် ဦးချစ်စိန်သည် ဇနီးနှင့် သမီးများကိုပါခေါ်၍ အိမ်အောက်သို့ ဆင်းလာခဲ့သည်။

ဦးချစ်စိန်အား ဝိုင်း၍ဖမ်းဆီးလိုက်ကြ၏။ ထို့နောက်လက်ပြန်ကြိုးများဖြင့် အထပ်ထပ်တုတ်နှောင်၍ အိမ်တိုင်တွင် ကျဲချည်သောကြိုးဖြင့်ကပ်၍ တုတ်ထားလိုက်သည်။

"ဟေ့ဒီမျက်နှာကို မကြည့်ကြနဲ့၊ ဒို့ခါးပြတွေ မဟုတ်ဘူးဟ" ဟု ပြောပြောဆိုဆိုပင် ဦးချစ်စိန်၏ ဇနီးနှင့် သားမက် ကိုစိုးမောင်တို့အား ရိုက်နှက်ကြ၏။ ဦးခေါင်းကို အောက်သို့သာ ငုံ့ထားကြရတော့သည်။

"ဒို့ခါးပြတွေမဟုတ်ဘူး။မင်းတို့ကိုစာရင်းရှင်းရအောင်လာတာပဲ။ ချစ်စိန် မင်းသိပ်လူပါးဝတဲ့အကောင်ပဲ။ မင်းအမေလင် စစ်တပ်တွေ လာရင်တော့ မင်းကရှေ့ကသွားတွေ့တယ်။ ကျွေးမွေးညှော့ခံတယ်။ ဒို့ကို တော့မင်းကသောက်ဂရုတောင်မစိုက်ဘူး။ ပြီးတော့ အဲဒီခွေးကောင် တွေကို ဒို့သတင်းလဲပေးတယ်မဟုတ်လား။"

ဦးချစ်စိန်အား မေးနေကြသည်။

"ကျုပ်တို့ကတော့ ခင်ဗျားတို့ကိုလဲ ကျွေးရပေးရတာပါပဲ။အစိုးရ တပ်တွေလာရင်လဲ ကျွေးရတာပါပဲဗျာ။ ကျုပ်တို့ကတော့ ဘယ်သူ လာလာ တောင်းရင် ပေးရတာချည်းပါပဲ။ ပါတီက သတင်းတွေကို ပေးတယ်ဆိုတာကတော့ မဟုတ်ပါဘူးဗျာ။"

"ဟေ့ကောင် နွားကြီးမပြောနဲ့တော့-တိတ်လိုက်"

ဦးချစ်စိန်၏ဂုတ်နှင့်ကျောအား ဝါးရင်းတုတ်ဖြင့် ဖြတ်၍ ရိုက်လိုက်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ရဲဘော်တို့-ရန်သူ့ပစ္စည်းတွေသိမ်းကြ"

ဟူ၍ အမိန့်ပေးလိုက်၏။ မီးတုတ်ကိုင်ထားသော ရဲဘော်(၃)ဦးသည် မလှငွေတို့သားအမိဝတ်ဆင်ထားသော နားတောင်းများနှင့် လက်စွပ်လေးများကိုအတင်းဆွဲချွတ်၍ယူလိုက်ကြသည်။

မလှငွေတို့သားအမိသည် ဦးချစ်စိန်၏အသက်ကိုချမ်းသာပေးပါရန် အတွက် နည်းမျိုးစုံဖြင့် အသနားခံနေကြ၏။ မလှငွေ၏မိခင်သည် မိမိ၏ခင်ပွန်းသည် အား ကျဲရိုက်နှားရိုက် ရိုက်နှက်နေသည်ကို မိမိရှေ့၌ မြင်တွေ့နေရ၍ သတိလစ်သွား၏။ သမီးသည် သတိလစ်နေသော မိခင်အား ပွေ့ပိုက်၍ ထားလေသည်။

"ကဲ-ရဲဘော်တို့ ဒီကောင်မျိုးတွေကို မေးနေရင် လေကုန်တယ်။ အချိန်မရှိတော့ဘူး။ထုံးစံအတိုင်းပဲ။"

ခေါင်းဆောင်က အမိန့်ပေးလိုက်သည်။

အမိန့်သံနှင့်အတူပင် ဒါးမြှောင်ကို အသင့်ထုတ်ထားသော ရဲဘော်တဦးသည် ဦးချစ်စိန်၏ရင်ညွန့်ကို ထိုးစိုက်လိုက်၏။ သွေးများမှာ ချက်ခြင်းထွက်၍ မလာချေ။ ဒါးမြှောင်ကို နုတ်လိုက်သောအခါတွင်သာ ဦးချစ်စိန်၏နှလုံးသားမှ သွေးများသည် ပန်း၍ပန်း၍ထွက်လာ၏။သွေးများသည် အိုင်ထွန်းလျက် နေ လေတော့သည်။

ဦးချစ်စိန်သည် လယ်မအင်း ရွာသူရွာသားများ၏ အားကိုးအားထားခြင်း ကို ခံရသူဖြစ်၏။ ရွာရေးရွာမှု ကိစ္စအဝဝတွင် ရှေ့တန်းမှ ဦးစီးဦးရွက် ပြုသူဖြစ်၏။ တရားဓမ္မ၌မွေ့လျော်၍ ရန်အေးငြိမ်းသူလည်း ဖြစ်လေသည်။

"ကျုပ်ကတော့ (၆၄) လမ်းစဉ်သမားမို့ ပြတ်ပြတ်ပဲ၊ အဖေ မကောင်းရင်လဲ အဖေ့လည်ပင်းကို ကျုပ်ကိုယ်တိုင်လှီးမယ်။ နောက် မှပဲ အမေ့ကို နောက်လင်ပေးစားလိုက်မယ်။ အသားထဲက လောက် ကောင်တွေကိုတော့ နှဲ့နှဲ့မှုကို ချမ်းသာမပေးဘူး။ အခုချစ်စိန်ကြီး ကိစ္စ ကိုလဲ အထက်ကိုတင်ပြနေရင် ကြာနေမှာစိုးတာနဲ့ ကိုယ့်နည်းကိုယ့်မူ နဲ့ပဲ အပြတ်ရှင်းလိုက်တာ ဖြစ်တယ်။"

ဤသည်မှာ လယ်မအင်းရွာမှ ဦးချစ်စိန်အား အရေးယူခဲ့ခြင်းနှင့် ပတ်သက် ၍ ဗိုလ်ကျော်စိုး၏ တင်ပြချက်ပင်ဖြစ်သည်။

ဗိုလ်ကျော်စိုးသည် ဗမာပြည်ကွန်မြူနစ်ပါတီ သာယာဝတီခရိုင် နတ္တလင်း မြို့နယ် အတွင်းရေးမှူးဖြစ်၏။ လက်ပန်တန်းမြို့နယ် ညောင်ဗိုင်း အုပ်စုတွင်းဇာတိ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဖြစ်၏။ ၁၉၄၉-ခုနှစ်တွင် လူသတ်မှုဖြင့် ထောင်(၇)နှစ်ကျခဲ့၏။ ၁၉၄၉-ခုနှစ်တွင် ကွန်မြူနစ်ပါတီ၏အင်အားစုများက သာယာဝတီထောင်ကြီးအား ဖောက်စဉ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ စည်းရုံးခဲ့သူ ဖြစ်သည်။

ဗိုလ်ကျော်စိုးသည် ဦးချစ်စိန်အား အရေးယူခဲ့သည်နှင့် မြို့နယ်၏အခြေအနေများကို တိုက်တိုင်းအောင်တပ်ဖွဲ့၏ ဦးစီးကော်မီတီသို့ အသေးစိတ်ပင် တင်ပြလိုက်၏။ ထို့နောက်တွင် တိုက်တိုင်းအောင်တပ်ဖွဲ့၏ နိုင်ငံရေးမှူး ရဲဘော်အောင်ကြီးသည် တိုက်တိုင်းအောင်တပ်ဖွဲ့၏ လမ်းညွှန်နှင့် သဘောထားကို ပြန်ကြားလေသည်။

"အာဏာဖြူကိုဖြိုချပြီး၊ အာဏာနီကို အသစ် တည်ဆောက်တယ်ဆိုတာဟာ ကျေးလက်အရင်းရှင်တွေနဲ့ ဒေါက်တိုင်တွေကို ရှင်းလင်းရတာ ဖြစ်တယ်။ အထူးသဖြင့် ကျေးလက် နေဝင်းလေးတွေကို သုတ်သင်ရတာဖြစ်တယ်။ အဲဒီလိုရန်သူတွေကို သုတ်သင်ရှင်းလင်းတဲ့ အခါမှာ အကြမ်းဖက်ဖြေရှင်းနည်းဟာ တခုတည်းသောနည်းလမ်းပဲ။ ဒါ့အပြင် ဘယ်လိုနည်းတွေကိုပဲသုံးသုံး လွန်ကယ်၊ ကျွံတယ်ဆိုတာ မရှိဘူး။ တော်လှန်ရေးလုပ်ရင် ဖြုတ်သားရမယ်။ အချိန်မရှိဘူး။ တော်လှန်တဲ့ နေ့တနေ့ဟာ သာမန် အနှစ် နှစ်ဆယ်နဲ့တောင်ညီမျှတယ်"

နောက်တခုကတော့ ကျွန်တော်တို့အနေနဲ့ ဒေါက်တိုင် ရှင်းလင်းတာတွေကို ဟိုအနားလုပ်လိုက် ဒီအနားလုပ်လိုက်နဲ့ ဆက်တိုက် လှုပ်ရှားနေရင် ရန်သူရဲ့အာရုံမှာလဲ ထွေပြားသွားလိမ့်မယ်။ ပြီးတော့ ရန်သူ့ တပ်မကြီးတွေရဲ့ စစ်ဆင်ရေးရည်မှန်းချက်နဲ့ စီမံကိန်းတွေဟာလဲ စီစဉ်ထားသလို ဖြစ်လာတော့မှာ မဟုတ် ဘူး။ အဲဒီအခါမှာ ကျွန်တော်တို့အဖို့ချေမှုန်းရေးလုပ်နိုင်တဲ့ ရန်သူရဲ့ဟာကွက်တွေကို ပိုပြီး တွေ့လာရမယ်။ ချေမှုန်းရေးတိုက်ပွဲတွေလဲ တပွဲပြီးတပွဲရလာမှာသေချာတယ်။ အဲဒီလိုနဲ့ စစ်ရေးလက်ဦးမှုဟာ ကျွန်တော်တို့လက်ထဲကိုရောက်လာလိမ့်မယ်။ စစ်ရေး လက်ဦးမှုရတာဟာ တပြည်လုံး အာဏာသိမ်းဖို့အတွက် အာမခံချက် ဖြစ်တယ်။

အထူးသဖြင့်ကတော့ ကျေးလက် နေဝင်းလေးတွေနဲ့ ဒေါက်တိုင်တွေကို ရှင်းတဲ့နေရာမှာ သွေးချောင်းစီးရင် စီးပါစေ၊ လွန်တယ်ဆိုတာ မရှိဘူး။ တော်လှန်ရေးဆိုတာ သွေးချောင်းစီးရတာပဲ"။

(တိုက်တိုင်းအောင်တပ်ဖွဲ့၏ သဘောထား လမ်းညွှန်နှင့် ပတ်သက်၍ ရဲဘော် အောင်ကြီး၏ရှင်းလင်းချက်မှ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက်တွင် ဗမာပြည် ကွန်မြူနစ်ပါတီ၏ တိုက်တိုင်းအောင် တပ်ဖွဲ့သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညို ဒေသရှိသော ပျဉ်ပုံရွာမှ ဦးစံဖေ (၆၅-နှစ်) ဦးမောင်လု (၅၂-နှစ်) ဦးကျင်မောင် (၅၀-နှစ်) တို့အား တချိန်တည်းတွင် သုံးလောင်းပြိုင်ပင် သတ်ဖြတ်ခဲ့ကြ၏။ ယင်းသည် တိုက်တိုင်းအောင်တပ်ဖွဲ့၏ ချေမှုန်းရေးတိုက်ပွဲပင် ဖြစ်၏။ ပေပင်ခုံရွာမှ ကျေးရွာခေါင်းဆောင် ဦးဂေါင်းကြီးကိုလည်း ပေပင်ခုံရွာအနီးတွင်ရှိသော လယ်ကွင်း၌ပင် ဝါးရင်းတုတ်များဖြင့် ရိုက်သတ်၍ ချေမှုန်းလိုက်ကြလေသည်။

ဤသည်တို့ကား တိုက်တိုင်းအောင်၏ တိုက်တိုင်းအောင်များပင် ဖြစ်လေတော့သည်။

× × ×

၇။ မဟာမေဒ်စီတုံး၏ တိုက်တိုင်းအောင်

၁၉၆၇-ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက်နေ့ညနေ (၄) နာရီတွင် ဖြစ်သည်။

ဗမာ့တပ်မတော် တပ်မ(၇၇)၏မေဒ်နိုင်စစ်ဆင်ရေး စစ်ကြောင်းများ သည်လည်း ဆက်လက်၍ လှုပ်ရှားနေလေသည်။

သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တောင်ညိုဒေသတွင်ရှိသော ဥာဏ်လယ်ရွာမှ ဗမာ့တပ်မတော်၏ တပ်စိတ်တစိတ်သည် မြို့ကျရွာသို့ ရိက္ခာပစ္စည်းများကို သွားရောက် ပို့ဆောင်နေကြ၏။ အင်အားမှာ (၁၃) ဦးသာ ပါဝင်သည်။

ယင်းတပ်စိတ်ကို ဆီးကြို၍ ချောင်းမြောင်းတိုက်ခိုက်ရန်အတွက် တိုက်တိုင်းအောင်တပ်ဖွဲ့ ဦးစီးကော်မတီသည် ဆုံးဖြတ်၍ စီစဉ်ကြ၏။ ထိုအချိန်တွင် တိုက်တိုင်းအောင်တပ်ဖွဲ့၏ တိုက်အားမှာ လက်နက်အပြည့်အစုံနှင့် စုစုပေါင်း(၁၀၀) ကျော်ပင် ရှိသည်။

တိုက်တိုင်းအောင်တပ်ဖွဲ့၏ နိုင်ငံရေးမှူးနှင့်တပ်မှူးတို့သည် ဆီးကြို တိုက်ခိုက်ရမည့် ခရီးလမ်းကြောင်း၏ ဝဲယာတို့တွင်ရှိသော တောင်ကုန်းများနှင့် သစ်ပင်ကြီးများတွင် အစီအရီပင် နေရာချထား၍ ပေးနေသည်။

ထို့နောက်တွင် သေနတ်သံများသည် အဆက်မပြတ် ဒလဟောပင် ထွက်ပေါ်လာတော့၏။နိုင်ငံရေးမှူး ရဲဘော်အောင်ကြီးနှင့် တပ်မှူး ဗိုလ်ဘုန်းကျော်တို့သည် ကာဘိုင်သေနတ်များကို ကိုင်ဆောင်လျက် ခြေမကိုင်မိ၊ လက်မကိုင်မိ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဖြစ်နေ၏။ တပ်ဦးစီးများသည် လက်တွေ့တိုက်ပွဲတွင် ဦးမစီးနိုင်ကြ။ တကွဲတပြားစီ ဖြစ်နေကြ၏။ ကြောင်နေကြ၏။ ယင်းသို့ ဖြစ်နေချိန်တွင် တိုက်ပွဲအတွင်းမှပြေးထွက်လာကြသည့် ရဲဘော်အောင်ကျော်၊ရဲဘော်မြဥာဏ်တို့နှင့်အတူပင် နောက်ကျောမှ လုံခြုံသော တောင်ကျောပေါ်သို့ ပြေးတက်ခဲ့ကြလေသည်။

သေနတ်သံများကား အဆက်မပြတ် ထွက်ပေါ်လျက်နေ၏။ မော်တာသံများသည်လည်း တောသံတောင်သံနှင့်အတူဟိန်း၍ဟိန်း၍ထွက်နေ၏။တတောလုံး သိမ့်သိမ့်ပင်တုန်၍ နေတော့သည်။

ရိက္ခာသယ်ယူသော တပ်စိတ်သည် အင်အားခြင်း မမျှချေ။ သို့သော်လည်း အစွမ်းကုန်ပင် ခုခံ တိုက်ခိုက်ခဲ့ကြ၏။ ထို့ကြောင့်ပင် တိုက်တိုင်းအောင်တပ်ဖွဲ့မှ အတော်ဆုံး တပ်စုမှူးဖြစ်သော ဗိုလ်သောင်းနှင့် ရဲဘော်တင်လှိုင်တို့သည် ကျဆုံးကြရလေသည်။

ထိုအချိန်မှစ၍ တိုက်တိုင်းအောင် တပ်ဖွဲ့ဝင်တို့သည် နိုင်ငံရေးမှူး တပ်မှူးနှင့် ဒု-တပ်မှူးတို့၏ ခေါင်းဆောင်မှုနှင့်ပတ်သက်၍ အားကိုးယုံကြည်မှုလည်း မရှိကြပေ။ လုံးဝပင် အားကိုးမှု ယုံကြည်မှု မရရှိကြတော့ချေ။

ထို့ကြောင့် တိုက်တိုင်းအောင်တပ်ဖွဲ့၏ တပ်ဦးစီးကော်မီတီကို အပြောင်းအလဲလုပ်ပေးရန်အတွက် အပြင်းအထန် တောင်းဆိုနေကြ၏။ ထို့ပြင် တိုက်တိုင်းအောင် တပ်ဖွဲ့၏ နိုင်ငံရေးမှူးအဖြစ် ဗိုလ်မှူးထွန်းငြိမ်းအား တာဝန်ပေးရန်ကိုလည်း ဗဟိုဌာနချုပ်သို့ တင်ပြလိုက်ကြလေသည်။

ဤသို့ဖြင့် တိုက်တိုင်းအောင်တပ်ဖွဲ့၏ စည်းလုံးညီညွတ်မှုသည် တနေ့တခြားပင် ဆိုးဝါး၍လာလေတော့သည်။ တပ်တွင်း စားရေးဝတ်ရေး ပြဿနာမှာ ဘယ်အခါကနှင့်မျှ မတူအောင် ကြပ်တည်းလာ၏။ တပ်တွင်း ငါးဆယ် ရာခိုင်နှုန်းခန့်မှာ အဖျားသမားများဖြစ်ကာ ဖောကြ ယောင်ကြဖြစ်နေကြသည်။

တိုက်တိုင်းအောင်တပ်ဖွဲ့သည် သာယာဝတီခရိုင် နတ္တလင်း မြို့နယ်အတွင်းတွင် စစ်ဆင်နေသော မော်နိုင်စစ်ဆင်ရေးစစ်ကြောင်းများကို ရှောင်၍သာ နေရ၏။ တိမ်း၍သာ နေရ၏။ ဝပ်၍သာ နေရ၏။ နောက်ဆုံးတွင် နတ္တလင်း မြို့နယ်အတွင်း၌ ခိုအောင်း၍ပင် မရတော့ချေ။ ပြည်ခရိုင် ပေါင်းတည်မြို့နယ် ရွှေလေးဒေသသို့ ပြောင်းရွှေ့၍ ခိုအောင်းကြရလေတော့၏။ ငါးရှဉ့်ကွင်းရွာ၏ အနီး၌ရှိသော လေးဆယ်ချောင်းဖျားတွင် လျှိုဝှက်၍ စခန်းချထားရလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအချိန်၌ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည်လည်း ရွှေမြကွင်း ငါးရှဉ့်ကွင်းရွာများ၏ အရှေ့ဖက် တမိုင်ခန့်အကွာ လေးဆယ်ချောင်း၏ လက်တက် သစ်လှမြောင်တွင်ပင် စခန်းချ၍ထား၏။ ထို့ကြောင့် တိုက်တိုင်းအောင် တပ်ဖွဲ့၏ ဦးစီးကော်မီတီများသည် သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့တို့အား မမျှော်လင့်ပဲ တွေ့ဆုံကြရတော့သည်။

သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် တိုက်တိုင်းအောင်တပ်ဖွဲ့၏ အခြေအနေများကို လေ့လာကြ၏။ ထို့ပြင် တိုက်တိုင်းအောင်တပ်ဖွဲ့ ဦးစီးကော်မီတီသည် မော်နိုင်စစ်ဆင်ရေး ကာလအတွင်းတွင် လှုပ်ရှားခဲ့သော စစ်ဆင်မှု အခြေအနေများ၊ တပ်ဖွဲ့တွင်း နိုင်ငံရေး၊ စည်းရုံးရေး နှင့် နေထိုင်စားသောက်ရေး ဘဝအခြေအနေများကိုလည်း အစီရင် ခံကြလေသည်။

နောက်ဆုံး တိုက်တိုင်းအောင်တပ်ဖွဲ့၏ အခြေအနေအရ သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ပြည်ခရိုင် အာဏာနိုတည်ဆောက်ရေးအတွက် တိုက်ရိုက်တာဝန်ပေးထားသော ဗိုလ်ထွန်းငြိမ်းအားဗဟိုဌာနချုပ်သို့ အမြန်ဆုံးပင် ခေါ်ယူလိုက်၏။ ထို့နောက်တွင် ဗိုလ်ထွန်းငြိမ်းအား တိုက်တိုင်းအောင် တပ်ဖွဲ့၏တပ်မှူးအဖြစ် တိုက်ရိုက်တာဝန်ပေးလိုက်၏။ ယင်းတပ်ဖွဲ့အားလည်း နိုင်ငံရေးအရ၊ အတွေးအခေါ်အရ၊ စည်းရုံးရေးအရ၊ စစ်ရေးအရ ဘက်ပေါင်းစုံမှပြန်လည်၍ စုစည်းရန်လည်း တိုက်ရိုက်ညွှန်ကြားလိုက်၏။ တိုက်တိုင်းအောင်တပ်ဖွဲ့၏ နိုင်ငံရေးမှူးမှာမူ ရဲဘော်အောင်ကြီးပင် ဖြစ်လေသည်။

× × ×

၁၉၆၇-ခုနှစ်၊ ဒီဇင်ဘာလ (၁၇)ရက်နေ့တွင် ဖြစ်သည်။

အချိန်မှာ နွားရိုင်းသွင်းချိန်ပင်ဖြစ်၏။ တောရိပ်တောင်ရိပ် များကြောင့် မှောင်ရီရီဖြစ်နေလေသည်။

တိုက်တိုင်းအောင်တပ်ဖွဲ့၏ နိုင်ငံရေးမှူးရဲဘော်အောင်ကြီးသည် ဗဟိုဌာနချုပ်မှ ပြန်လည်၍ ရောက်ရှိလာ၏။ ချက်ခြင်းပင် ပါတီကော်မီတီ၏အရေးပေါ် အစည်းအဝေးကို ခေါ်ယူလိုက်သည်။

ပါတီကော်မီတီအချို့သည် ထမင်းစားနေကြ၏။ အချို့သည် ဆောင်း၏ အအေးဒဏ်ကိုကာကွယ်ရန်အတွက် ထင်းထမ်းနေကြ၏။ ချက်ခြင်းအရေးပေါ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အစည်းအဝေးကို ခေါ်လိုက်သဖြင့် ထမင်းစားနေသူများသည် ထမင်းစားနေ ရာမှ တဝက်တပျက်ဖြင့် ထလာခဲ့ရ၏။ ထင်းထမ်းနေသူများသည်လည်းထင်းတုံး များကို ချထားခဲ့ကြရလေသည်။

"ကနေ့-ကျွန်တော်တို့ ပါတီကော်မီတီကို ဗဟိုက အရေးတကြီး ညွှန်ကြားချက် ပေးလိုက်တယ်။ အဲ့ဒါကတော့ ကျနော်တို့ တပ်ထဲက သန်းအေးကို ချက်ခြင်းအရေးယူဖို့ပဲ။

သန်းအေးက ဗဟိုမှာရှိနေတဲ့ ကိုသက်ဆီကို စာရေးလိုက်တယ်။ သူတိုက်တိုင်းအောင်တပ်မှာ မနေချင်ဘူး။ မြို့ပေါ်ကနေပြီး ပဲခူးခရိုင် ကို ပြန်တော့မယ်။ ပဲခူးခရိုင်ရောက်မှ ပါတီတာဝန်ဆက်ယူမယ်။ လက် နက်လဲ မချဘူးလို့ပါတယ်။

တကယ်ကတော့ ဒီသန်းအေးပြဿနာဟာ အလွန်အန္တရာယ် ကြီး တယ်။ သန်းအေးဟာဗဟိုစခန်းမှာလဲ နေခဲ့ဘူးတယ်။ အခုဆိုရင်ဗဟို စခန်းဒီအနားမှာ ရှိတယ်ဆိုတာလဲ သူသိနေတယ်။ ဒီကောင့်ကို ရန်သူ လက်ထဲကိုဘယ်နည်းနဲ့မှအရောက်မခံနိုင်ဘူး။ နောက်ဆိုရင်တော့ ကျွန် တော်တို့ပါတီထဲက ဘယ်သူပဲဖြစ်ဖြစ်၊ ဘခက်လို လွတ်သွားတာမျိုး မဖြစ်စေရဘူး။ ဘခက်လွတ်သွားတာ သိတ်နာတယ်။

သန်းအေးကို လေ့လာကြည့်တော့တပ်ထဲကရှိတဲ့ ကောင်မလေးတွေ နဲ့ ဆက်ဆံရေးဟာလဲ မကောင်းဘူး။ ရှုပ်ချင်တယ်။ ပဲခူးခရိုင်ဖက်မှာလဲ နွားတို့ဝက်တို့ကို မွေးဖက်ပေးပြီးတော့ စီးပွားရေးလုပ်ထားတယ်ဆိုတာ လဲသိရတယ်။ ဒါကလဲဖောက်ပြန်တာပဲ။

ဒီအခြေအနေတွေကြောင့် ဒီကောင့်ကို အရေးယူလိုက်ဖို့ ဥက္ကဋ္ဌက ညွှန်ကြားလိုက်တယ်၊ ကိုသက်ကလဲသဘောတူတယ်။

ဒီကိစ္စကိုလဲ ပါတီတွင်း တပ်တွင်းကိုလောလောဆယ်ရှင်းမပြရသေး ဘူး။ အချိန်တချိန်ကျမှပဲ ပညာပေးရေး လှုပ်ရှားမှုတခုအနေနဲ့ လုပ်ပြီး မှ အသိပေးသွားရမယ်။ အထူးလျှို့ဝှက်ထားရမယ်။"

ဤသို့-ရဲဘော်အောင်ကြီးသည် ဗဟိုဌာနချုပ်၏ နောက်ဆုံးညွှန်ကြားချက် ကို အရေးပေါ် အစည်းအဝေးသို့ တင်ပြလိုက်၏။ ထိုအစည်း အဝေး၌ပင် အသေးစိတ် အစီအစဉ်များကို ရေးဆွဲ၍တာဝန်ခန့်ခဲ့ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်သန်းအေးသည် ပဲခူးခရိုင်မှဖြစ်၍ ၁၉၅၂-ခုနှစ်တွင် ပဲခူးခရိုင် ဗမာပြည် ကွန်မြူနစ်ပါတီ၌ တာဝန်ယူခဲ့၏။ ပဲခူးခရိုင်ကော်မီတီသည် ရဲဘော်သန်းအေးအား မြို့ပေါ်သို့ ဆက်သားအဖြစ် စေလွှတ်ခဲ့၏။ ထို့နောက်တွင် ပဲခူးရိုးမတိုင်းကော်မီတီ ရဲဘော်သက်၏ "အချစ်တော်" အဖြစ်ဖြင့် မြောက်စားခြင်းကို ခံရပြီး ပဲခူးရိုးမတိုင်းရုံးတွင် ယာယီတာဝန်ယူခဲ့၏။ နောက်ဆုံး ၁၉၆၇-ခုနှစ်တွင် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၏ ဗဟိုဆေးအဖွဲ့တွင် တာဝန်ပေးခြင်းခံရ၏။ ဗဟိုဌာနချုပ်တွင် သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့၏ ကျောရိုး အဖြစ်ဖြင့် သတ်မှတ်ခြင်း ခံခဲ့ရ၏။ ရဲဘော်ဘတင်၊ ရဲဘော်ဌွေးနှင့် ရဲဘော်ဘခက်တို့အား ဖမ်းဆီးခဲ့စဉ်က အတက်ကြွဆုံး တာဝန်ယူခဲ့၏။ ထို့ပြင် "စိန်-ပိန်အငုတ်အတက်များ သုတ်သင်ရေးလှုပ်ရှားမှု"တွင် ပဲခူးရိုးမတိုင်း အတွင်းရေးမှူး ရဲဘော်မြအား နောက်ဆုံး ဖြုတ်ထုတ်သတ် စီမံကိန်းအရ အရေးယူရန်အတွက် ကြံစည်ရာတွင် ရဲဘော် သန်းအေးသည် သခင်သန်းထွန်းနှင့် ရဲဘော် အောင်ကြီးတို့၏ရွေတန်းရောက်သော "စံပြကျောရိုး" ဖြစ်ခဲ့လေသည်။

ရဲဘော် သန်းအေး

၁၉၆၇-ခုနှစ်၊ ဒီဇင်ဘာလ (၁၇)ရက်နေ့တွင်ဖြစ်သည်။

အချိန်မှာ အရုဏ်ဦးအချိန်တွင်ဖြစ်၏။ တောလုံငှက်လေးသည် အိပ်တန်းမှထ၍ "ရိုက်ပုတ်ထုတ်လိုက်-ရိုက်ပုတ်ထုတ်လိုက်"ဟူ၍ တစာစာ အော်မြည်လျက်နေလေသည်။

ဗဟိုကင်းတပ်မှ တပ်စိပ်မှူး ရဲဘော် သောင်းစိန် (ခ) ညိုထွန်း ခေါင်းဆောင်သော တပ်ဖွဲ့သည် တိုက်တိုင်းအောင်တပ်ဖွဲ့စခန်းသို့ လာရောက်၍ ရဲဘော် သန်းအေးအား ခေါ်ဆောင်ခဲ့ကြ၏။ ဗဟိုမှခေါ်၍ဟုဆိုကာ ရဲဘော်သန်းအေးအား ပြောပြ၏။ ရဲဘော်သန်းအေးသည် ရဲဘော် သောင်းစိန်တို့နှင့်အတူ ဗဟိုစခန်းသို့ လိုက်လာ ခဲ့လေသည်။

ရဲဘော်သောင်းစိန်ပို့တပ်ဖွဲ့သည် "ပန်းတောင်း" မြေရှင်းတွင်ရှိသော လေးဆယ်ချောင်းဖျားမှ "ဗက်လှူးအိုင်"သို့ ရောက်ကြ၏။ ရဲဘော်မောင်နုနှင့် ရဲဘော်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထွန်းတင်တို့သည် ရဲဘော်သန်းအေးအား လူချင်းပူး၍ ဖမ်းလိုက်ကြ၏။ ချက်ခြင်း လက်ပြန်ကြိုးလည်း တုပ်လိုက်၏။ ခြေထောက်ကိုလည်းတုပ်လိုက်သည်။

"ခင်ဗျားတို့ ဘာလုပ်ကြတာလဲဗျာ ကျွန်တော့မှာ ဘာအပြစ်ရှိလို့လဲဗျာ။ ပြောကြပါအုံးဗျာ"

ရဲဘော်သန်းအေးသည် မျက်စေ့လေး ပေကလပ်ပေကလပ်ဖြင့်မေးနေ၏။ တုန်၍လည်း နေသည်။

ရဲဘော်သန်းအေးအား လေးဆယ်ချောင်း၏ ကမ်းပါးတွင် ကပ်၍ပေါက်နေသော ညောင်ထောက်ပင်ကို ကပ်လျက် လက်ပြန်ကြိုးချည်လိုက်၏။ ရဲဘော်သန်းအေး၏ရင်အုံသည် မို့၍ မောက်၍နေလေသည်။

"ဟေ့-သန်းအေး မင်းကို ဗဟိုရဲ့အမိန့်အရ အရေးယူတာဖြစ်တယ်" ....ဟု ပြောပြောဆိုဆိုပင် ရဲဘော်သောင်းစိန်သည် ရဲဘော်သန်းအေး၏ ရင်အုံအား ဒါးမြှောင်ဖြင့် ထိုးစိုက်လိုက်၏။ ရဲဘော်မောင်နု၊ ရဲဘော်တင်ရွှေနှင့် ရဲဘော်ထွန်းတင်တို့သည်လည်း အသင့်ယူဆောင်လာသော ဒါးမြှောင်များဖြင့် ဝိုင်း၍ ထိုးစိုက်ကြသည်။

ရဲဘော်သန်းအေး၏ နှလုံးသွေးများသည် လေးဆယ်ချောင်းထဲသို့ စီးကျ၍ နေလေတော့သည်။

ရဲဘော်သန်းအေးသည် မိမိ၏ပြစ်မှုကိုပင် မိမိကိုယ်တိုင် မသိလိုက်တော့ချေ။

× ×

၁၉၆၇-ခုနှစ် ဒီဇင်ဘာလ (၂၀)ရက်နေ့တွင် ဖြစ်သည်။

တိုက်တိုင်းအောင်တပ်ဖွဲ့သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညို ဒေသတွင်ပင် လှုပ်ရှား၍ နေလေသည်။

တိုက်တိုင်းအောင်တပ်ဖွဲ့ ဦးစီးကော်မီတီသည် မျက်မှောက် အခြေအနေနှင့် လတ်တလောတောင်းဆိုချက်အရ၊ ပြည်သူ့စစ်ပွဲ အုတ်မြစ်ချရေး ပေါ်လစီကို ရဲဘော်အောင်ကြီးနှင့် ဗိုလ်ထွန်းငြိမ်းတို့၏ တိုက်ရိုက်ခေါင်းဆောင်မှုအရ ချမှတ်ကြလေသည်။

ရဲဘော်အောင်ကြီးသည် ကျန်းမာရေးမကောင်းချေ။ အူကျရောဂါကြောင့် လမ်းလည်းမလျှောက်နိုင်။ ထမင်းလည်းမစားနိုင် ဖြစ်နေ၏။ ခရီး သွားလျှင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထမ်းစင်ဖြင့် သွားရ၏။ အစာစားလျှင်လည်း ဆန်ပြုတ်ကိုသာ သောက်ရသည်။

ထို့ကြောင့် တိုက်တိုင်းအောင်တပ်ဖွဲ့၏ စစ်ရေးနိုင်ငံရေး စည်းရုံးရေး လုပ်ငန်းအားလုံးကို ဗိုလ်ထွန်းငြိမ်းကပင် တာဝန်ခံ၍ လုပ်ဆောင်နေရလေသည်။

တိုက်တိုင်းအောင်တပ်ဖွဲ့သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသတွင်ပင် လှည့်ကာပတ်ကာ ကွေ့ကာရှောင်ကာဖြင့် ဆက်လက်၍ လှုပ်ရှား နေလေသည်။

× × ×

၁၉၆၀-ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် ဖြစ်သည်။

တိုက်တိုင်းအောင်တပ်ဖွဲ့သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ ဆင်သေရွာအနီးတွင် စခန်းချထားလေသည်။

ဗဟိုဌာနချုပ်မှ တိုက်တိုင်းအောင်တပ်ဖွဲ့တွင် တွဲဖက်၍တာဝန် ပေးထားသော ဗိုလ်လွင်(ခ)ဗိုလ်တင့်ဆန်း (ခ) အောင်သိန်းလွင် ခေါင်းဆောင်သော တပ်စိတ်တစ်စိတ်သည် တောင်ညိုချောင်းကမ်းပါးမှ နတ်စင်စုရွာသို့ ရိက္ခာယူရန်အတွက် ခရီးထွက်ခဲ့ကြ၏။ယင်းတပ်စိတ်တွင် ရဲဘော်နိုင်(ခ)မောင်ချစ်(ခ) ဝင်းနိုင်(ခ)ဖိုးတူးလည်းပါဝင်၏။ ဖိုးတူးသည် ရဲဘော်ငွေး၏သားငယ် "တော်လှန်သောအဇာတသတ်ဖိုးတူး"ဖြစ်၏။ ဖိုးတူးအား ဗဟိုဌာနချုပ်တွင် ဆက်လက်၍ တာဝန်ပေးခြင်းမပြုတော့ပဲ တိုက်တိုင်းအောင်တပ်ဖွဲ့တွင် အပြီးတာဝန်ပေးလိုက်ခြင်းဖြစ်သည်။

(မှတ်ချက်။ ။သခင်သန်းထွန်းသည် တိုက်တိုင်းအောင်တပ်ဖွဲ့သို့ တာဝန်လွှဲပြောင်းပေးကာနီးတွင် ဖိုးတူးအား ဂုဏ်ပြုသည့်အနေဖြင့် နာမည်ကို ပြောင်းလဲပေးလိုက်ပါသည်။ ယင်းမှာ "ဖက်ဆစ်နေဝင်းကို အနိုင်တိုက်မည့်သူ"ဖြစ်သောကြောင့်"ဝင်းနိုင်"ဟူ၍ဖြစ်ပါသည်၊ စာရေးသူ။)

ဗိုလ်လွင်နှင့် ဖိုးတူးတို့အဖွဲ့သည် နတ်စင်စုရွာနှင့် ကိုက် ၅၀၀ ခန့်ကွာသော နန်းတော်ရာ ကျောဆွယ်ခြေရင်းရှိ တောင်ညိုချောင်း၏ ကမ်းပါးလမ်းကြားကုန်းစခန်းထောက်တွင် ယာယီစခန်းချနေကြသည်။

ထိုအချိန်တွင် ခြေမြန်တပ်ရင်းအမှတ်(၁၀၇)မှ စစ်ကြောင်းတကြောင်းသည် ဗိုလ်လွင်နှင့်ဖိုးတူးတို့အဖွဲ့၏ သတင်းကို ကြိုတင်၍ ရရှိထားပြီးဖြစ်၏။ ထို့ကြောင့် အရှေ့ဦးတွင် အလစ်ဝင်ရောက်၍ တိုက်ခိုက်လိုက်လေသည်။

ယင်းတိုက်ပွဲတွင် ကျောရိုးကျော်သိန်း ကျဆုံးသွား၏။ စက်ကလေးသေနတ်ကိုင်သော ရဲဘော်သိန်းအောင်မှာ ပေါင်ကျိုးသွား၏။ လမ်းတွင်ပင် သွေး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လွန်၍ ကျဆုံးသွား၏။ မြပိုင်(ခ)မောင်ပိုင်(ခ)အေးလွင်လည်း ဦးခေါင်းနှင့် ခြေသလုံးတွင် ဒဏ်ရာရသွား၏။ ဖိုးတူး(ခ)မောင်ချစ်(ခ)မောင်နိုင်(ခ) ဝင်းနိုင်သည် ခါးတွင် ရှပ်၍ ဒဏ်ရာရသွား၏။ ရဲဘော်အောင်ဆန်းမှာမူ လက်နက်ချလိုက်လေသည်။

ဗိုလ်လွင်တို့သည် ယင်းတိုက်ပွဲ၌ စက်ကလေးတလက်၊ စတင်းဂန်းတလက်နှင့် ရိုင်ဖယ်တလက် ဆုံးရှုံးခဲ့၏။ ဗိုလ်လွင်မှာ လက်လွတ် ထွက်ပြေးခဲ့ရလေသည်။

ထို့နောက် ဖိုးတူး(ခ)ဝင်းနိုင်သည်လည်း ဆုတ်ပြေးလာခဲ့၏။ ဆင်သေရွာ၏အနီးတွင် ကင်းပုန်းနှင့် ထပ်၍ တိုးမိ၏။ ယင်းနေရာတွင် ဒဏ်ရာ အပြင်းအထန်ရရှိ၍သွားတော့၏။ နောက်ဆုံးတွင် ဖိုးတူး(ခ)ဝင်းနိုင်သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ ဆင်သေရွာ၏အနီးတွင်ပင် မချိမဆန့်ဖြင့် အလူးလူးအလိမ့်လိမ့် တစိမ့်စိမ့်ခံစားရပြီးနောက် တဖြည်းဖြည်း အသက်ထွက်၍သွားလေတော့သည်။

(မှတ်ချက်။ ။ဖိုးတူးသည် ၁၉၆၇-ခုနှစ် ဇွန်လ(၁၈)ရက်နေ့တွင် ဖခင်ရင်းဖြစ်သော ရဲဘော်ငွေးအား မိမိကိုယ်တိုင် ရက်စက်စွာရိုက်သတ်ခဲ့သည့် "ဆင်သေချောင်း"တွင်ပင် မချိမဆန့်ဖြင့် အသက်ထွက်၍သွားခဲ့ရလေသည်။ စာရေးသူ။)

ထို့နောက်တွင် တိုက်တိုင်းအောင်တပ်ဖွဲ့၏ စုစည်းရေးလုပ်ငန်းများကို ဗိုလ်ထွန်းငြိမ်းသည် အထူးအာရုံစိုက်၍ ဆောင်ရွက်လေသည်။

ထိုအချိန်တွင် မြစ်ဝကျွန်းပေါ်တိုင်းမှ ဗဟိုတည်ဆောက်ရေး ကျောင်းသို့ တက်ရောက်ရန်အတွက် ရဲဘော်၊ ရဲဘော်မ စုစုပေါင်း (၁၀၀) ခန့်လည်း တောင်ညိုဒေသသို့ တစုတစည်းတည်း ရောက်ရှိလျက် နေကြပြီ ဖြစ်လေသည်။

ထို့ကြောင့်သခင်သန်းထွန်းနှင့် နိုင်ငံရေးဦးဆောင်အဖွဲ့သည် ဗိုလ်ထွန်းငြိမ်းအား ဗဟိုဌာနချုပ်သို့ အမြန်ဆုံးခေါ်ယူလိုက်၏။ ဗိုလ်ထွန်းငြိမ်းသည် ဗဟိုဌာနချုပ်သို့ ၁၉၆၈-ခုနှစ် မတ်လ(၅)ရက်နေ့တွင် ခရီးထွက်ခဲ့၏။ ဗိုလ်ထွန်းငြိမ်းနှင့်အတူ ရဲဘော်ထွန်းကျော်(ခ)ကျော်ထွန်း (ခ) အောင်ခိုင် (ခ) မောင်စိုးဝင်း (လူထုဦးလှ ဒေါ်အမာသား)လည်း လိုက်ပါသွားလေသည်။

ဗိုလ်ထွန်းငြိမ်းတို့ ဗဟိုဌာနချုပ်သို့ ရောက်လျှင်ရောက်ခြင်းပင် သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ဗိုလ်ထွန်းငြိမ်းအား အထူးတာဝန်ပေးရေးကို ဆွေးနွေးကြ၏။ ယင်းအထူးတာဝန်မှာ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးအတွက် ဗဟို၏တည်ဆောက်ရေးတာဝန်ခံအဖြစ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဖြင့် တာဝန်ယူရန်ဖြစ်၏။ ထို့နောက်တွင် မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးအတွက် အသေးစိတ် အစီအစဉ်များကို ရေးဆွဲ၍ ချမှတ်ကြလေသည်။

ထိုအချိန်မှစ၍ ဗိုလ်ထွန်းငြိမ်းသည် ဗဟိုဌာနချုပ်မှ တိုက်ရိုက်နှင့် အထူးတာဝန်ပေးအပ်ခြင်းကိုခံရသော ဗဟိုတည်ဆောက်ရေး ကျောင်း၏ တာဝန်ခံဖြစ်လေတော့သည်။

တိုက်တိုင်းအောင်တပ်တွင် ဗိုလ်ထွန်းငြိမ်းနှင့် ရဲသော်အောင်ကြီး တို့မှာ မသင့်တင့်ကြ။ဗိုလ်ထွန်းငြိမ်းကမူ ရဲဘော်အောင်ကြီးကို တပ်တွင်းတွင် ဗြောင်အတိအလင်း ဩဇာချလျက်ရှိ၏။ ရဲဘော်အောင်ကြီးမှာ ကျန်းမာရေးကလည်း ဆိုးဝါးလာ၏။ တပ်သားထု၏ ဝိုင်းပယ်မှုကိုလည်းခံလာရ၏။

၁၉၆၈-ခုနှစ် မတ်လ(၂၁)ရက်နေ့တွင်မူ ရဲဘော်အောင်ကြီးအား 'တိုက်တိုင်းအောင် တပ်ဖွဲ့မှ တပ်စိတ်တစိတ်သည် ထမ်းစင်ဖြင့် ထမ်း၍ ဝက်တိုးရွာမှ တဆင့် ဗဟိုဌာနချုပ်သို့ လိုက်လံ၍ ပို့ဆောင်လိုက်ကြရလေသည်။ ထိုအချိန်တွင် ဗဟိုဌာနချုပ်သည် ကျွဲတဲကြီးရွာ အရှေ့ဘက်သို့ ရွှေ့ပြောင်းစခန်းချနေပြီဖြစ်၏။

တိုက်တိုင်းအောင်တပ်ဖွဲ့သည် သာယာဝတီခရိုင်အတွင်းတွင်ပင် လှည့်လည်၍ လှုပ်ရှားနေ၏။ ရဲဘော်လှအောင်(ခ)အောင်ကြီးမရှိသည့်အချိန်မှစ၍ နိုင်ငံရေးမှူးတာဝန်ကို ရဲဘော်အောင်ငြိမ်း(ခ)ရဲဘော်အောင်သိန်းအား ပေးအပ်လိုက်သည်။

တိုက်တိုင်းအောင်တပ်ဖွဲ့၏ အခြေအနေသည် ပိုမိုသိပ်သည်း၍ မလာချေ။ ပြဿနာပေါင်းစုံသာ စု၍စု၍လာတော့၏။ သခင်သန်းထွန်းနှင့် ဗဟိုဌာနချုပ်ကလည်း တိုက်တိုင်းအောင်တပ်ဖွဲ့ ကြီးထွားရေးနှင့် တိုးချဲ့ရေးကိုသာ အမြဲတန်းညွှန်ကြားနေ၏။ အားပေးနေ၏။ ထာဝစဉ် ချီးကျူးဂုဏ်ပြု၍လည်းနေလေသည်။

"တိုက်တိုင်းအောင်တပ်။
ပါတီကော်မီတီသို့....

ရန်သူ့ထိုးစစ်ကို မိမိထိုးစစ်နဲ့ ရင်ဆိုင်တိုက်ခိုက်ရန်၊ ရန်သူ့ထိုးစစ်ကို ရိုက်ချိုးချေမှုန်းရန်၊ ရန်သူ့ထိုးစစ်ကို ချေမှုန်းရင်း မိမိတပ်အင်အား ကြီးထွားအောင် တည်ဆောက်ရန် ပါတီဗဟိုကော်မီတီက ညွှန်ကြားခဲ့သည်။

ဤအညွှန်းသည် ဗမာပြည်တော်လှန်စစ်သမိုင်းတွင် အလှည့်အပြောင်းဖြစ်သည်။ထွက်ပြေးရေး တိမ်းရှောင်ပုန်းအောင်းရေး ခံစစ်သေ အတွေးအခေါ်များကို ချေမှုန်းခဲ့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တိုက်တိုင်းအောင်တပ်သည် ဗဟိုကော်မီတီ၏ ဤတာဝန်ကိုကျေပွန်စွာ ဆောင်ခဲ့သည်။

မြို့ကျတိုက်ပွဲတွင် ရန်သူတပ်မ (၈၈)မှ ချင်း(၁) တပ်ရင်းမှ တပ်တတပ် ချေမှုန်းခဲ့ခြင်းသည် တပြည်လုံးအဖို့ ထွန်းပြောင်သော စံနမူနာဖြစ်သည်။

ထူးကွေ့ကြီးတိုက်ပွဲတွင် ချင်း (၁) ကို ခံစစ်ရှင် တိုက်ခိုက်ခြင်းသည် အလားတူ နမူနာကောင်း ဖြစ်သည်။

တပ်မ (၈၈) အဆုတ်တွင် ငါတို့တပ်က ခလရ (၆)ကို တိုက်ပြီး၊ ရန်သူ ကျဆုံးဒဏ်ရာရစေခဲ့သည်။

ပြည်ခရိုင်မှ ပြည်သူ့တပ်မတော်ကလည်း သနက (၁) နှင့် ခမရ(၁၀၀) ကို တိုက်ပြီး ကျဆုံး ဒဏ်ရာရစေခဲ့သည်။

ပါတီကော်မီတီ၏ အကြွင်းမဲ့နှင့် တိုက်ရိုက်ခေါင်းဆောင်မှုကို ... တောင် တင်းအောင် လုပ်ကြ၏။

တိုက်ရင်းတည်ဆောက်၊ တည်ဆောက်ရင်း တိုက်ကြ။ ... ချေမှုန်းရေးသို့-။ ရန်သူ့ထိုးစစ်ကို တော်လှန်တဲ့ထိုးစစ် နဲ့ ချေမှုန်းကြ။

သန်းထွန်း
ဥက္ကဋ္ဌ
ဗဟိုကော်မီတီ
ဗမာပြည်ကွန်မြူနစ်ပါတီ
၂၈-၃-၆၈

ဤသည်မှာ သခင်သန်းထွန်းမှ တိုက်တိုင်းအောင် တပ်ဖွဲ့သို့ ပေးပို့ ချီးကျူးဂုဏ်ပြုလွှာပင် ဖြစ်၏။ ယင်း ချီးကျူးဂုဏ်ပြုလွှာအား သခင်သန်း... သည် ၁၉၆၈-ခုနှစ်မတ်လ(၂၈)ရက်နေ့စွဲဖြင့်ပို့ပေးခဲ့ခြင်းဖြစ်၏။ အမှန်အား... ဗမာပြည် ကွန်မြူနစ်ပါတီ၏"အနှစ် (၂၀) မြောက် လက်နက်ကိုင် တော်လှန်ရေးနေ့"အထိမ်းအမှတ်အဖြစ်ဖြင့် ပေးပို့ခဲ့ခြင်း ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းမှ ... သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် တိုက်တိုင်းအောင်တပ်ဖွဲ့အား ... ဂုဏ်ပြုချီးကျူးလျက် ဗဟိုပေါ်လစီကို အစွမ်းကုန် လိုက်နာ ... အတွက် လှုံ့ဆော်လျက် ညွှန်ကြားလျက်သာ နေလေသည်။

× × ×



တိုက်တိုင်းအောင်တစ်သို့ စစ်ကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်း၏
ပေးစာမူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၀-ခုနှစ်၊ ဧပြီလ (၂) ရက်နေ့တွင် ဖြစ်သည်။

သာယာဝတီ၏ တပေါင်းတကူးနေသည် အလွန်ပင် ပူပြင်းလှ၏။ တောင်ရိပ် တောရိပ်ပင် မရှိတော့ချေ။ ပန်းစုံတော၌ သင်္ခြက်စိမ်းကိုလည်း မမြင်ရ။ မတွေ့ရ။ ရိုးတံတို့သည်သာ ထီးထီးဖြစ်နေ၏။ ချောင်းရှက် လေချိုခြင်းကိုပင် မမြင်မတွေ့ကြရတော့ပေ။ ဟာလာဟင်း၍သာ နေလေတော့သည်။

ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့တွင် ဗမာ့တပ်မတော် တပ်မ (၇၇)၏ **"ပြည်သာယာစစ်ဆင်ရေး"** စစ်ကြောင်းများသည်လည်း ဆက်လက်၍ လှုပ်ရှားနေချိန် ဖြစ်လေသည်။

ထို့ကြောင့် တိုက်တိုင်းအောင်တပ်ဖွဲ့၏ လှုပ်ရှားမှုများသည် ကြပ်နေ၏။ ကြပ်နေ၏။ အလွန်ပင် အခက်အခဲ တွေ့နေရ၏။ နေစရာလည်းမရှိ။ စားစရာလည်း မရှိ။ ရေမသောက်ရသည်မှာ အဆိုးဆုံးဖြစ်၏။ ထို့ပြင် ပြည်သူလူထုနှင့်လည်း အဆက်အသွယ် မရတော့ချေ။

ယင်းသို့သော အခြေအနေများနှင့်ပတ်သက်၍ တိုက်တိုင်းအောင်တပ်ဖွဲ့၏ ရှေ့တန်းတိုက်ခိုက်ရေးတပ်မှူးဖြစ်သော ဗိုလ်တင်ရှိန်သည် ဗိုလ်ထွန်းငြိမ်းထံသို့ တိုက်ရိုက်စာရေး၍ တင်ပြလိုက်လေသည်။

"ဗိုလ်မှူး" ရက်စွဲ။ ၁၉၆၀/၁၀-၃၀

လေးစားစွာဖြင့်

ကျွန်တော် ၃၀-ရက်နေ့က တပ်ခွဲစခန်းကို ရောက်ခဲ့တယ်။ တွေ့နိုင်လိမ့်မယ်ဆိုတဲ့မြော်မှန်းချက်အပြန်ပြန်လာခဲ့ပေမယ့်၊ညာဏ်လယ်ရောက်တော့မှ ဗိုလ်မှူးနဲ့ခိုင် ခရီးထွက်သွားကြပြီလို့ သိရတော့တယ်။

တပ်နဲ့ ၃-လကျော် ခွဲခွာနေရတဲ့ကာလအတွင်း တစုံတရာ အလုပ်တွေလုပ်နိုင်ခဲ့တာ ရှိပေမယ့်၊ တပ်မှူးနဲ့ ပါတီကော်မီတီက စိတ်ချ ယုံကြည်စွာ ပေးအပ်လိုက်တဲ့ ပြည်သူ့စစ်ပွဲ အုတ်မြစ်ချရေးအတွက် ခြေနှစ်ချောင်းနှင့် လမ်းလျှောက်ရေးပေါ်လစီကို တက်တက်ကြွကြွ ကျင့်သုံးဖို့အထူးသဖြင့် စစ်ရေးအရ သေနတ်ဖောက်ရေးဆိုတဲ့ တာဝန်များကို မလုပ်ခဲ့နိုင်ဘူး။

(မှတ်ချက်။ နိုင်မှာ ရဲဘော်အောင်ကြီးဖြစ်ပါသည်။ စာရေးသူ)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အလုပ်တွေ မဖြစ်မြောက်ခဲ့တာနဲ့ပတ်သက်ပြီး မိမိ တွေ့ကြုံ ရင်ဆိုင်နေရတဲ့ ပတ်ဝန်းကျင်အခြေအနေ စည်းရုံးဖွဲ့စည်းထားရတဲ့ ရုပ်ပိုင်းအနေအထား၊ မျက်မှောက်ပြုရတဲ့ သဘာဝအချက်အလက်နဲ့ ရာသီဥတုဆိုးဝါးမှု၊ အထူးသဖြင့် ရေ၊ ရိက္ခာရုပ်ပစ္စည်း လိုအပ်မှုတွေ၊ အကြောင်းပြနိုင်ပေမဲ့ အဓိကအားဖြင့်တော့ကျွန်တော်ရဲ့ အတွေးအခေါ်ပိုင်းကြောင့်လို့သာ ပြောရမှာပဲ။ (ဒါလဲ ထုံးစံအတိုင်း ပြောရတာပဲ)။

ကျွန်တော်ရဲ့ ပင်ကိုယ် စိတ်ဓာတ်အရ ခရီးစဉ်တလျှောက်လုံးမှာပဲ ရန်သူအပေါ် အထင်ကြီးခဲ့မှု၊ မိမိ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းတွေအပေါ် တွေဝေမှု၊ ယိမ်းယိုင်မှု၊ ဖင့်နွှေးကြန့်ကြာအောင် အချိန်ဆွဲနေတတ်မှု မရှိခဲ့ဘူး တာအမှန်ပါပဲ။ လူများတွေ လုပ်မရတဲ့အလုပ်၊ လုပ်လို့ ဘယ်နည်းနဲ့မှ မရနိုင်ဘူးထင်တဲ့ ပတ်ဝန်းကျင် အခြေအနေတွေမှာ ငါရအောင်လုပ်မယ်။ လုပ်လို့လဲ ဖြစ်နိုင်တယ်လို့ မြင်ခဲ့တယ်။ အလုပ်ဖြစ်အောင်လဲ လုပ်ခဲ့ဘူးတဲ့ အတွေ့အကြုံရှိခဲ့တယ်။ ဘယ်အလုပ်မဆို အခြေအနေမျိုးစုံအောက်မှာ လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ချချက်ရှိရင် လုပ်ရတယ်ဆိုတဲ့မာန တစဉ်တလျှောက် ရှိခဲ့တာဘဲ။

ဒီတခါတော့ အများပြောစရာ အပြစ်ဆိုစရာ ဖြစ်အောင် အလုပ်တွေက အကောင်အထည် မဖြစ်ခဲ့ဘူး။ ဒီကြားထဲမှာ ကိုယ်ရေးကိုယ်တာကိစ္စအတွက် စာတင်လိုက်မိပြန်တော့ တချို့ ချက်ကောင်းစောင့်သူတွေအတွက် ဟာကွက်ဖြစ်ခဲ့ရတာပေါ့။

အခြေအနေကို တင်ပြရမယ်ဆိုရင် နတ်စင်စုမှာ ဗိုလ်လှင်အဖွဲ့ အတိုက်မခံရခင်ကတည်းက (ဇန်နဝါရီလ ၃၁-ရက်ကစပြီး) ဂွင်အသီးသီးက ရဲဘော်ပေါင်း ၁၅၀- လောက် ကျွန်တော့်ဆီကို ရောက်ရှိစုစည်းလာကြတယ်။ အဲဒီအချိန်ကစပြီး တပ်ရောကျွန်တော်ပါ ချည်ပြီးတုပ်ပြီးဖြစ်ရတာပဲ။တိုက်ခိုက်ရေးတပ်တခုကိုသာ တာဝန်ခံခုခံရတဲ့ကော်မီတီတပ်မှူးတယောက်ဟာ “ရှေ့တန်းတခုလုံးကို တာဝန်ခံရတဲ့တပ်မှူးနဲ့ခရိုင်တခုလုံးရဲ့တာဝန်”ကို အလိုအလျောက် ထမ်းနေရသလို ဖြစ်လာရတယ်။ အရာရာ ကျွန်တော်ကို လွှဲအပ်လာတဲ့ အခြေအနေအောက်မှာ ဂွင်အသီးသီးကပါလာတဲ့ ပြဿနာတွေကို ဦးစီးတာဝန်ခံ ဖြေရှင်းရမဲ့တာဝန် ယူလာရတယ်။ ပြဿနာတွေ မဖြေရှင်းပေးနိုင်ရင် တူညီတဲ့အတွေးအခေါ် အယူအဆနဲ့ တသံထဲဖြစ်တဲ့ အကဲဖြတ် သုံးသပ်ချက်မရနိုင်သလို ညီညွတ်တဲ့လမ်းညွှန်ပေါ်လစီရဖို့ ညီညာတဲ့အလုပ်ခြေလှမ်း

တွေဖော်ဖို့ မဖြစ်နိုင်ဘူး။ မျက်မှောက်က လက်မြန်ခြေမြန်နဲ့အလုပ်တွေ လုပ်ကြဖို့တောင်းဆိုလာပြန်တော့လဲ ပြဿနာတွေ ဖြေရှင်းပေးနိုင်ဖို့ အချိန်မရပြန်ဘူး။ ဂွင်အသီးသီးက တာဝန်ခံတပ်မှူးတွေကိုလဲ ရဲဘော်တွေက လုံးဝမကြိုက်ကြတော့တဲ့အခြေအနေလဲ ဖြစ်နေတယ်။ ဖြေရှင်းပေးဖို့လဲ လိုအပ်နေ အချိန်ကလဲမရ၊ အဲဒီလိုနဲ့ လုံးလည်လိုက်ပြီးလက်ဦးမှုမဲ့ကဲ့ဘဝကို ရောက်လာတော့တာပဲ။

(မှတ်ချက်။ ဗိုလ်လွင်မှာ အောင်သိန်းလွင် ဖြစ်ပါသည်။ စာရေးသူ)

တဖက်မှာ ရန်သူကလဲ သတင်းတွေပိတ်ဆို့ သံသယရှိရင် လူတွေ ဖမ်းဆီး သတ်ဖြတ်လုပ် မိမိမှာလည်း ကျောရိုးပြုနိုင်တဲ့ အခြေခံတွေနဲ လာပြီး ကိုယ်တိုင်ထောက်လှမ်းမှ မျက်မြင်သတင်းပဲ ရတော့တဲ့ အခြေအနေဆိုက်လာတယ်။ တဆက်ထဲမှာလဲ ရန်သူရဲ့ ခြိမ်းခြောက်မှုနဲ့ အလုပ်တွေက တနေ့ထက်ခြား ကျယ်ပြန့်လာလေတော့ နှစ်ဖက်မျက်နှာ သမားတွေကပေါ်လာ မိမိဖက်အနေနဲ့လဲ အနိမ့်ဆုံး ထမင်းမငတ်ရေး၊ ရေသောက်ရရေးကို ရောက်ရှိတဲ့အဆင့်နဲ့ အညီ အလုပ်ပြင်ရေးအတွက် အဲ့ဒီလိုလူစားတွေကိုပဲ ဆက်သွယ်အသုံးချလာရတဲ့အတိုင်း အတန်းအစားအရ ရှုပ်ထွေးကျယ်ပြန့်လာပြီး သူတို့တတွေကို ရန်သူက ဖမ်းဆီးခြောက်လှန့်ရင်လဲ သတင်းတွေပေါက် အစရရင်လဲ ရန်သူကပြု ထိုးလိုက်ရှင်း၊ အားသုံးပြီး ဝိုင်းဝန်းပိတ်ဆို့တာတွေများလာနဲ့ နေ့စဉ်နဲ့အမျှ ရန်သူနဲ့ တိုက်ရိုက် အခိုင်းခံရလိုက် ဖြစ်တာဟာ ဖေဖော်ဝါရီလ (၂) ရက်ကစပြီး၊ မတ်လ ၂၉-ရက်အထိပါပဲ။ အဲ့ဒီဖြစ်စဉ်ဟာ တလျှောက်လုံးလိုလို ဖြစ်လာခဲ့လေတော့ ရဲဘော်တွေရဲ့ အတွေး အခေါ်ထဲမှာလဲ တိမ်းညွတ်မှုတွေ ရှိလာခဲ့ကြတာပဲ။ တကဲ့ရုပ်အခြေအနေရဲ့ ရှုပ်ထွေး-ထွေပြားမှုကို ခြုံငုံပုတ်ထဲက အမိန့်ပေး ညွှန်ကြားနေသူတွေ သိကြတာ မဟုတ်ဘူး။ ဗိုလ်မှူးကြိုတင်ညွှန်ပြတဲ့အတိုင်း ခြေ ၂-ချောင်းနဲ့ လမ်းလျှောက်ရေး ပေါ်လစီကို လက်တွေ့မလုပ်လာနိုင်ရင် "လက်ဦးမှုမဲ့ မလွတ်လပ်တဲ့ ဘဝရောက်မယ်" တကိုယ်လုံးရဲ့ ခြေလက်တွေမသန်စွမ်းပါက ခန္ဓာကိုယ်တခုလုံးပါ ဂယက်ရိုက်လာနိုင်ဘွယ်ရာ ရှိတယ်။ ရန်သူက ပထမအဆင့် တကွက်ခီရှင်းရာက ငါတို့အပေါ်အထင်သေးရာမှ လိုက်စစ်ပြုလုပ်လာဘွယ်ရာရှိဆိုတာဟာ ကျွန်တော်အဖြစ်နဲ့ လုံးဝကိုက်ညီလာပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်တော်တို့ဘဝအနေနဲ့ဆိုရင် လက်ရှိအဆင့်မှာတပ်ပါတီ၊လူထုအတွင်းမှာ တောင့်ခံမာကျောနေသေးပေမဲ့ ဘက်ပေါင်းစုံ အကြပ်အတည်းတွေ တွေ့လာပြီး မလှည့်ပြောင်းနိုင်ပဲ ကာလရှည်ဖြစ်လာမယ်။ တနေရာမှာ သွေးထွက်မှုကြုံရရင် အတွင်းပိုင်း ပြိုကွဲမှု မချကြုံရလိမ့်မယ်လို့ ကြိုတင်သုံးသပ်ချက်ရှိခဲ့ပါတယ်။

ကျွန်တော်တို့ မတ်လ(၂၄)ရက် နေ့လည်၁၅၀၀-နာရီမှာ ကျောက်ခွက်ရွာထဲ တရားပွဲလုပ်ဖို့ ပြင်ဆင်နေတုန်း ရန်သူနဲ့တိုး တိုက်ပွဲဖြစ်ကြတယ်။ ရန်သူ ၂-ယောက်ထိ (အရပ်သတင်း)ပီး ထွက်ပြေးကြတာပဲ။ ကျွန်တော်တို့လဲ ဆုတ်ခဲ့ရတယ်။ (သနက-၆-ခွဲ ၂-ဟုသိရ)၂၅-ရက်နေ့ အောက်မယင်းအနီး ရေစမ်းမှာ သနက-၆-ခွဲ ၄ နဲ့ တိုးကြပြီး တိုက်ပွဲဖြစ်ကြတယ်။ တကယ်က ကျွန်တော်တို့က အချခံရတာပဲ။ ဒါပေမဲ့ ၂-ဖက်အထိအနိုက်မရှိ ကျွန်တော်တို့ အိုးခွက်တွေဆုံးကြတယ်။ရန်သူလဲပြေး ကျွန်တော်တို့လဲ သုတ်ခြေတင်ရတာပေါ့၊ ၂၉-ရက်နေ့မှာ ဆင်သေရွာထိပ် (ရန်သူက ကြိုတင်ရောက်နှင့်နေ-သနက ၄-ခွဲ၅)မှာ ရန်သူ့စောင့်ကင်းနဲ့ ကျွန်တော်ပါတဲ့ထောက်ကင်းအဖွဲ့ တိုးကြရတယ်။ ရန်သူကင်းက ရွာထဲဝင်ပြေးတယ်။ ကျွန်တော်တို့ကကာဘိုင်နဲ့ဆင့်ပစ်ပြီး ဆုတ်ခဲ့တယ်။ ကိုက်-၆၀၀ လောက်ရောက်မှ ရန်သူက ဝိုင်းလိုက်ပြီး တိုက်တယ်။ ကျွန်တော်နဲ့ အများစုက အေးဆေးရာ ရောက်နေပြီး ရဲဘော်ဟန်မောင် သတ်မှတ်ချက်မဆုတ်ပဲ တယောက်ထဲ စွပ်ပြေးတာကြောင့် ကင်းပုန်းနဲ့တိုးပြီးထိမှန်ကျဆုံးခဲ့ရတယ်။ဂျိုသရိုးအသစ်တလက်ဆုံးခဲ့ရတယ်။

အဲ့ဒီအတွေ့အကြုံတွေအရကြည့်ရင် ကျွန်တော်တို့တပ်က ခပ်မာမာခံချ၊ အနိုင်မချနိုင်တောင် ဝိုင်းဖြတ်စားတာ အသေများအောင်တိုက်တာတော့လုပ်လို့ရနိုင်တယ်လို့ ယုံကြည်တယ်။ အနိုင်တိုက်ဖို့ကျတော့ ရန်သူကတပ်ခွဲလိုက် (အနဲဆုံး ၂ စု)စစ်ကြောင်းလိုက် (၂-ခွဲ) တခါတလေ (များသောအားဖြင့်) စစ်ကြောင်း ၂-ကြောင်း နီးနီးကပ်ကပ်လှုပ်ရှား ရှင်းလင်းတဲ့နည်းပရိယာယ်ကျင့်သုံးနေတာမို့ အခက်အခဲရှိနေပါတယ်။

၂၅-ရက်နေ့က အောက်မယင်းရေစမ်း တိုက်ပွဲမှာ မူလကထိပ်တိုက်ချပြီး ဝိုင်းဖြတ်စားဖို့ စစ်ဆင်နေရာယူစောင့်နေရင်း ထမင်းမစားရ။ ရေလဲမသောက်ရ။ နေကလဲခြစ်ခြစ် တောက်ပူဆိုတော့ ရဲဘော်တွေသိပ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပင်ပန်းနွမ်းနယ်လာတယ်။ ဒါနဲ့ရေခဲအခပ်မှာ တိုးကြရတာပဲ။အဲ့ဒီ တိုက်ပွဲမှာအိုးခွက်ရေဗူးတွေဆုံးပြီး ရန်သူကစစ်ကြောင်း ၂-ကြောင်း (၄-ခွဲ)နဲ့လိုက်ရှင်း ရွာစဥ်၊ရေစမ်း၊ ချောင်းမကြီးတလျှောက်တပ်တွေ ချလိုက်တာလုပ်တယ်)။ (ထမင်းလေးနပ်တော်ပြီး ရေမသောက်ရဖြစ် ကြရတယ်)။ ၂၆-၂၇-ရက်မှာ တနေရာမှာ ပုဝပ်နေရတာမျိုး ဖြစ်ခဲ့ တယ်။ နောက်တော့ ရန်သူလှုပ်ရှားတဲ့ ကြားထဲကပဲ ဆင်သေရွာဝင် ထမင်းနဲ့အိုးခွက်တွေ အတင်းတောင်းပြီး ဂွင်ထဲက ခုန်ထွက်ခဲ့ရတယ်။ ၂၈-ရက်နေ့မှာ အခြေအနေစုစည်းသုံးသပ် တော်လှန်ရေးနေ့ကို ဖြတ် သန်းပြီး အတွေးအခေါ်မြှင့်တင်ရေးလှုပ်ရှားမှုလုပ်ခဲ့တယ်။ အဲ့ဒီညမှာ ပဲ ဗိုလ်ထွန်းလင်းနဲ့အဆက်ရပြီး တပ်နဲ့မပေါင်းခင် ရေရှည်ရိက္ခာပြင် ဆင်ဖို့ ကျွန်တော်နဲ့တဖွဲ့ ဆင်သေရွာအဝင်မှာ ရန်သူနဲ့တိုး (၂၉-ရက် နေ့)တိုက်ပွဲဖြစ်ခဲ့ရတာပဲ။

ဒါပေမဲ့လဲ အခြေအနေအမျိုးမျိုးကြောင့် တပ်ရှိရာကို ဂွင်အားလုံး က စုစည်းလာကြ ဖြန့်ခွဲဖို့ကလဲမရ။ တရက်လောက်ခွဲလိုက်ပြီး ဂွင် ကျဥ်းလေးထဲမှာက တနေရာရောက် ပြန်ပေါင်းမိကြပြန်ဖြစ်နဲ့ တောက် လျှောက်လိုဖြစ်နေရတော့ လုံခြုံရေးဟာ အဓိကလို- အလိုအလျှောက် ဖြစ်ရပြန်တယ်။ အတွင်းပိုင်းမှာပဲ သံမြည်နေအောင် ချုပ်ကိုင်လာရ တယ်။ ခြေရာဖျောက်၊ ရှောင်တိမ်း၊ ဝပ်-ပု နည်းတွေ သုံးလာရတယ်။ သေနတ်မဖောက်နိုင်လို့ လုံခြုံမှုမရ။ လုံခြုံရေးအတွက် စဥ်းစားနေရလို့ သေနတ်မဖောက်နိုင် ဖြစ်ရတယ်။ စစ်မှုရေးရာ နည်းပရိယာယ်တွေကို စစ်ရေးအရ သိနားလည်ထားပေမဲ့ နားလည်ချက်ကို ဆန့်ကျင်ပြီး လုပ် နေရတာပဲ တဖက်ကလဲထမင်းမငတ်ရေး။ ရေသောက်ရရေး အလုပ်က အမြဲတန်းအဓိက ဖြစ်နေရတယ်။ ရန်သူကရှိသမျှအင်အားနဲ့ ချောင်းမ ကြီး၊ ရေစမ်း၊ ရေကန်တွေမှာတပ်ချ။ ကင်းပုန်းထား လုပ်နေပြန်တော့ တနေ့ကိုအနဲဆုံး(၈)မိုင်လောက်နေ့တိုင်းလမ်းလျှောက်ရတော့တာပေါ့၊ ဒီလိုဖြစ်လာတော့ ရေထွက်မဲ့နေရာတွေ ရှာဖွေပြီး ရေတွင်းပုန်းတွေ တူးရတယ်။ ရေရှိလို့ခိုနားနိုင်ပြန်တော့ ရိက္ခာမရနိုင်။ ဖြစ်သလို ရိက္ခာ သယ်ပြန်တော့ သတင်းပေါက် ထပ်ရှင်းခံရ နေစရာမရှိလောက်အောင် ဖြစ်ရတာပဲ။ ကြာတော့တပ်လဲပင်ပန်း လူတွေလဲနွမ်းလာတယ်။ ဒါက ရေရှည်လာတော့“နယ်ဂွင်ထဲကထွက်ခွါဖို့ အတွေးအခေါ်တွေ ဝင်လာ ကြ။ တင်လာကြတယ်။ ဒီဒဏ်တော့မခံနိုင်တော့ဘူး။ ထွက်ခွင့်ပေးပါ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဆေးဝါးမရှိတဲ့ကာလ သေနတ်မှန်မှာကြောက်လာကြတယ်။ စစ်မတိုက်လိုတဲ့ အတွေးအခေါ်တချို့ ဝင်လာတာပဲ။

ဒီအတွေးအခေါ်ဟာ ကျောရိုးပြုရတဲ့တပ်စိတ်မှူး၊ ပါတီဝင်တွေပင်ဖြစ်လာလေတော့ အတွင်းပိုင်းမှာ ပြဿနာ မသေးတော့ကြောင်း သိလာရတယ်။ အတွေးအခေါ်မြှင့်တင်ရေး၊ နိုင်ငံရေးပညာပေးမှုလုပ်ပြီး အလှည့်အပြောင်းလုပ်ဖို့ လိုလာတယ်လို့ မြင်လာတယ်။ ဒါလဲ ရုပ်အခြေအနေပစ်ပြီး ရတာမျိုးကမဟုတ်ဘူး။

ခေါင်းဆောင်မှုဖက်ကပြောရင် ပါတီရဲ့ပေါ်လစီတွေဟာ အခြေအနေနဲ့ ကိုက်မကိုက် စဉ်းစားဖို့ လေးလေးနက်နက် သုံးသပ်ကြည့်ဖို့ လိုလာတယ်။ "ဘယ်လိုအခြေအနေအောက်မှာဖြစ်ဖြစ် ဘယ် လောက်အခြေအနေဆိုးဆိုး ဂွင်ထဲက ထွက်မပေးရ" ဆိုတာဟာ အသေကြလွန်းတယ်။ ကိုယ့်အားကိုယ်ဖြုန်းတာဖြစ်နေတယ်။ ခပ် ကြမ်းကြမ်း ပွင့်ပွင့်ပြောရရင်တော့ ကျားရှေ့မှာ နွားကိုကြိုးတုတ်ထားသလို ဖြစ်နေတာပဲ။

အများစုရဲ့ဘော်တွေဟာ အခြေအနေ ကောင်းတယ်။ တိုက်ခိုက်ရေးစိတ်ဓာတ်ခိုင်မာလျက်ရှိကြသေးတယ်။ ပင်ပန်းနွမ်းနယ်မှုကို အမှုမထားကြဘူး။ ကျွန်တော်တို့တတွေ ဖြစ်နေသလောက် ရန်သူလဲ ဖားနေပြီဆိုတာ မြင်ကြတယ်။ ရန်သူ့အတွင်းစိတ်ဓာတ် အကြပ်အတည်း၊ ပကတိရုပ် ပဋိပက္ခဟာလဲ ကျွန်တော်တို့ထက် ကြီးဘယ်ဆိုတာနား လည်ကြတယ်။ လက်တွေ့အဖြစ်တွေက ရန်သူမမာဘူးဆိုတာလဲ တွေ့ရပါတယ်။

အဲဒါတွေကတော့ အခြေအနေအကြမ်းပဲ။

ဒုတိယပြဿနာကတော့ ကျွန်တော့် ကိုယ်ရေးကိုယ်တာ ကိ...

ကျွန်တော်ရဲ့ အိမ်ထောင်ရေးကိစ္စကို နှစ်ဆန်းမှာပဲ ခရိုင်နဲ့ ... စာတင်လိုက်တယ်။ သူ့(Father)ဆီလဲ စာရေးလိုက်တယ်၊အား... ခိုင်ကလဲ သဘောတူလိုက်တယ်။

ဒီပြဿနာဟာ ပင်ကိုယ်က သာမန် ပြဿနာလေးတခုပဲ။ ဒါ... အခုတော့ ဒီပြဿနာဟာ တပ်တွင်းမှာ ဂရုတစိုက် ကိုင်တွယ်ဖြေရှင်းရမဲ့အခြေအနေဖြစ်လာတယ်။ စစ်ကာလအတွင်းမှာ အိမ်ထောင်ရေး ပြဿနာ စဉ်းစားလာတာကို စစ်မတိုက်ရဲလို့၊ ရန်သူကြောက်လို့၊ မြန်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြင်ရေး အတွေးအခေါ်ဝင်လာတာဆိုပြီး တချို့က ကောက်ကျစ်စဉ်းလဲတဲ့လုပ်ကြံမှုတွေနဲ့ ပုတ်ခတ်လာတယ်။ သွေးခဲ့ရေးတွေလုပ်လာကြတယ်။ဒီပြဿနာဟာ ကျွန်တော့်ရဲ့ ဟာကွက်လို့ထင်ပြီး စည်းရုံးရေးမှဲ့လုပ်ရှား၊ အနံ့တူသူချင်းပေါင်း၊ ဘေးပန်းလူစုပြီး နောက်ဆုံးဖြုတ်ထုတ်သင်အထိ ဖြစ်အောင်ကြိုးပမ်းနေတဲ့အထိ လုပ်လာကြတယ်။ကျွန်တော်ခရီးစဉ်တလျှောက်လုံး လုပ်ခဲ့တာတွေကို စစ်အတွင်း လုပ်ဆောင်မှုတွေကို ဒီပြဿနာနဲ့ ဖုံးအုပ်ပြီး ထိုးနှက်သိက္ခာချလာတာတွေရှိလာတယ်။ ဒီပြဿနာကို ကျွန်တော့်အနေနဲ့ ဖြေရှင်းသွားဖို့ ပြောဆိုသံတွေကြားပေမဲ့၊ ခေါင်းငုံ့ခံပြီးနေပေမဲ့ အတွေး အခေါ် ရှုပ်ထွေးမှု၊ စိတ်ထိခိုက်မှုတော့ရှိလာတာပဲ။ဒါဟာ ကျွန်တော်ရဲ့တော်လှန်ရေးအနှစ်-၂၀ သမိုင်းမှာ အဆိုးဝါးဆုံး ဖြစ်မှုတခုကို ကျူးလွန်မိသလို ခံစားလာရတယ်။ ပါတီတွင်းချစ်ရေး ကြိုက်ရေး အိမ်ထောင်ရေးပြဿနာဟာ လွတ်လပ်မှုမရှိတဲ့အပြင် နိုင်ငံရေးသစ္စာဖောက်မှုကြီးလို တန်းတူရှိနေတဲ့ ပြဿနာကြီးတရပ်ပေါ်လာသလိုထင်မြင်လာခဲ့တယ်။ တရားလမ်းကြောင်းအတိုင်းရိုးရိုးသားသား တင်ပြသူမှာ အပြစ်ရှိတယ်ဆိုရင် **အိမ်ထောင်ရှိပြီးသူတွေ (ကျွန်တော်က အိမ်ထောင်ပြုဖို့ စဉ်းစားပြီး တင်ပြခဲ့ရှိပါသေးတယ်။) မဟုတ်တာမှန်သမျှလုပ်နေကြတဲ့ ထိပ်ကကောင်တွေက (နင်ဗျားသိပါတယ်။) သူတော်ကောင်းတွေလား၊ တကဲ့စစ်တိုက်ရဲတဲ့ တော်လှန်ရေးသမားကြီးတွေ၊ မာက်စ်လီနင်ဝါဒီကြီးတွေပဲလား မသိတော့ဘူး။**

ခုလို-လိုတမျိုး မလိုတမျိုး ထင်ရာလျှောက်လုပ်နေကြတဲ့ လူတွေက သဘာဝမကျတဲ့ ယုတ်ညံ့တာတွေလုပ်လာတော့ ကျွန်တော် တကယ်ပဲ အသဲနာမိတယ်။ အိမ်ထောင်ရေးပြုရေး ပြဿနာဟာ ကျွန်တော့်တသက်မှာ အကြောက်ဆုံးပြဿနာတရပ်အဖြစ် သဘောထားခဲ့တယ်။ အခုတော့ **ကျွန်တော်စကြောက်လှပါတယ်ဆိုတဲ့ ပြဿနာကြီးက ကျွန်တော့်ကို ခြောက်လှန့်ခံနေရပါပြီ။**

ကျွန်တော့်အခြေအနေကတော့ အဲဒီအတိုင်းပဲ ဒီလိုအဖြစ်အပျက်နဲ့ ဒီပတ်ဝန်းကျင်ထဲမှာ ကျွန်တော်ဟာ ပါတီတောင်းဆိုချက်အတိုင်း ရိုးရိုးသားသား ပြတ်ပြတ်သတ်သတ် အလုပ်တွေ လုပ်အုံးတော့လဲ ကောင်းတဲ့အကဲဖြတ်ချက်နဲ့ ကောင်းတဲ့အကျိုးဆက်တွေ ဖြစ်မလာနိုင်ဘူးလို့ထင်တယ်။ တိုက်ပွဲမှာလိုအပ်လို့ အသက်စွန့်လွတ်မှုတွေ ဖြစ်ရအုံးတော့ အတွေးအခေါ်ရှုပ်ပြီး မိုက်ရူးရဲဖြစ်တာပဲလို့ ထင်ကြမယ်။ ကျွန်တော်တာဝန်ခံ ခေါင်းဆောင်နေတုန်း တခုခုဖြစ်ရင် အထူးသဖြင့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိခိုက်မှု၊ ဆုံးရှုံးမှုတွေဖြစ်လာရင် တပ်မှူးကိုယ်တိုင်က ဘာဖြစ်နေတာပဲ ဆိုတဲ့ စွဲချက်တွေနဲ့ တနေ့ထိုးစစ်လဲပြီးရော ဖြုတ်ထုတ်သတ်ဘာဝထဲ ရောက်ရမှာပဲလို့ မြင်နေတယ်။ တချို့ နယ်တာဝန်ခံတွေလဲ ဒီလိုပဲ ခံစားနေကြရတယ်။ (ဥပမာ-ဗိုလ်ကျော်စိုး)

ကျွန်တော်ပါတီသက်တန်းတလျှောက်နဲ့ အခုသာယာဝတီခရိုင် နေရတဲ့ကာလတခုလုံးမှာ တပ်ပါတီလူထုအတွင်းမှာ ပြဿနာကင်းရှင်း ခဲ့သလို အများရဲ့ချစ်ခင်လေးစားခံရသူ နာမည်ကောင်းရတဲ့ သူတယောက် ဖြစ်ခဲ့တယ်။ ပါတီပေါ်လစီအရ အကောင်းဆုံးအလုပ် လုပ်ခဲ့လို့ ပါတီနဲ့အတူ ဂုဏ်သိက္ခာလဲ ရှိလာခဲ့တယ်။ အခုတော့ဘာမဟုတ်တဲ့ ကိစ္စကို ပြဿနာလုပ်လာကြလေတော့ ရဲဘော်တွေထဲမှာလဲ ကျွန်တော့အတွက် စိုးရိမ်ပူပန်မှုနဲ့ အယူအဆကွဲ၊ စည်းလုံးမှုတွေ ထိခိုက်၊ မျက်ရည်ကျမှုတွေဖြစ်နေကြတယ်။ ပြည်သူတွေ အတွင်းနဲ့ ကျေးရွာ တွေအတွင်းမှာလဲ ပါတီတွင်းကအခြေအနေတွေကို တစွန်းတစသိရပြီး ကျွန်တော့အတွက် ကြေကွဲကြ ရင်လေးနေကြပြီး၊ ဒီအခြေအနေကိုရင် ဆိုင်နေရတဲ့ ကျွန်တော့်အဖို့ ဘယ်လောက်ဆိုးဝါးတဲ့ ဝေဒနာခံစား နေရတယ်ဆိုတာ ဗိုလ်မှူးပဲ စဉ်းစားကြည့်ပေတော့။

တော်ပြီ အခွင့်ရလို့တွေ့ကြမှ ပြောပြတော့မယ်။

အလေးနိဖြင့်
(ပုံ) ဗိုလ်တင်ရှိန်
၂-၄-၆၀
ရေကြည်စခန်း

ဤသည်မှာ ဗိုလ်ထွန်းငြိမ်းထံသို့ ဗိုလ်တင်ရှိန်၏ပေးစာပင် ဖြစ်သည်။

ဗိုလ်ထွန်းငြိမ်းသည် ဗိုလ်တင်ရှိန်၏စာကို ဖတ်ရသောအခါတွင် "လက်တွေ့မှ အမှန်တရားကိုရှာရမည်"ဟု မြစ်ဝ ကျွန်းပေါ်တိုင်း တည် ဆောက် ရေးကျောင်း၌ လှူ့ဆော်ပေးလိုက်၏။ ထို့ပြင် ဗိုလ်တင်ရှိန်၏ ပေး စာ ကို လည်း အလေးအနက် လေ့လာကြရန်လည်း လမ်းညွှန်လိုက်လေသည်။

ထို့နောက်တွင် ဗိုလ်ထွန်းငြိမ်း (ခ) ဗိုလ်ကျော်သာသည် ဗိုလ်တင်ရှိန်ထံသို့ ဤသို့ပြန်ကြားလိုက်သည်။

ဗိုလ်တင်ရှိန်၏ လက်ရေးမှ

၁၃ April ၄၈

[illegible]

တိုက်တိုင်းဆောင် ရှေ့တန်းတိုက်ခိုက်ရေးတပ်မှူး ဗိုလ်တင်ရှိန်မှ
တပ်မှူး ဗိုလ်ထွန်းငြိမ်းသို့ ပေးစာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ဗိုလ်တင်ရှိန်

လေးစားစွာဖြင့်

ပေးစာရရှိပါတယ်။ လက်ရှိအခြေအနေအောက်မှာ နီးနီးကပ်ကပ် မရှိခဲ့သဖြင့် အမှန်ပင် အကူအညီပေးရန်အတွက် အကန့်အသတ် ရှိခဲ့တယ်။ ရှိဆဲလဲဖြစ်တယ်။ ဒါပေမဲ့ အကန့်အသတ်ရှိတဲ့ ဒီစာနဲ့ပဲ အထောက်အကူ ရရန်အတွက် ရေးသားလိုက်ခြင်းဖြစ်တယ်။

ပေါ်ပေါက်နေတဲ့ ဒီပြဿနာနဲ့ ပတ်သက်၍ယခင်ယခု(ကျွန်တော့်အနေနဲ့ ရှေ့အထက်အဆင့် ခေါင်းဆောင်မှုပါ၊ တာဝန်အရ အကူအညီပေးမှုမလိုလောက်ခဲ့ဘူး။)ယခင်ပြီးခဲ့တဲ့အပိုင်းမှာ အထက်အဆင့်ကိုမနဲလှတဲ့ ဝေဖန်မှုနဲ့ အကြံပေးမှုများ လုပ်ခဲ့တယ်။ ကိုယ်တိုင်တဦးချင်း အရလဲ မလွဲမရှောင်သာတဲ့ အဆင့်ရောက်တိုင်း ကွန်မြူနစ် တယောက် အဖို့ပြောက ပါတီစိတ်ဓာတ် ပင်ကိုယ်အသိအရနဲ့ စည်းရုံးရေးဘဝ တာဝန်အဆင့်နေရာအရ သတိပြုစရာ အခြေခံအများ ပြဿနာ ကြားထဲက ဆုံးဖြတ်ချက်ရှိရှိ ပြတ်ပြတ်သားသား ဝင်ရောက်လုပ်ဆောင်ခဲ့တာ ရှိပေမဲ့ လိုလောက်တဲ့ အကူအညီပေးမှု မရှိခဲ့သဖြင့် ခရိုင်ကော်မီတီ တွင်းရဲ့ အရင်းခံကျတဲ့ ပြဿနာများကို မဖြေရှင်းနိုင်ခဲ့ဘူး။ လင်ပြောင်ညွှန်ပြခဲ့သလို ပြဿနာများ ဖြေရှင်းရာမှာ"ပြဿနာရဲ့ အဓိကကွင်းဆက်ကို ဆုပ်ကိုင်ရမယ်" ဆုပ်ကိုင်ရာမှာ"တင်းကြပ်စွာ ဆုပ်ကိုင်ရမယ်" ဒီအချက်မှာ ကျွန်တော်တဦးချင်းအရပြဿနာမကြီးလှသေးဘူး။ပြဿနာကို တင်းကြပ်စွာ ဆုပ်ကိုင်ရုံတွင်မက "အဆက်မပြတ်ဆုပ်ကိုင်ရမယ်" ဒီအချက်ကျတော့ တာဝန်မကြေတော့ဘူး။ ပြီးခဲ့တဲ့လုပ်ငန်းများနဲ့ ပတ်သက်၍ အချို့သောလုပ်ငန်းများမှာ အဓိကကွင်းဆက် ပြဿနာများကို ဆုပ်ကိုင်မိပေမဲ့ တကယ့်ဖြစ်ရပ်က အမှန်ရှာပါက လုပ်ခဲ့သမျှတွေဟာ ဟိုအစဒီအစ တစစီ ရှောက်ဆွဲခဲ့သလိုပဲ ဖြစ်ခဲ့တယ်။ ဆွဲခဲ့တဲ့ အစများမှာ ဘယ်အစ မိမိရရဆွဲခဲ့မိသလဲ ပြဿနာဟာ ဒီမှာပဲ ဒီ ပြဿနာအပေါ်မှာ အချိန်အတော်ကြာက တွေ့ရှိခဲ့တယ်။ တွေ့ရှိချက်ကို ဆိုင်ရာပြောခဲ့တယ်။ ပြောရင်းလုပ်ငန်းများကိုဆက်ပြီး မလွှဲမရှောင်သာ လုပ်ရပြန်တယ်။ အလုပ်လုပ်ရင် တွေ့ရှိချက်များဟာ အသိအရ နက်ရှိုင်းလာလေဖြစ်တယ်။ ဒါကြောင့်လဲ တခါတရံဆိုင်ရာ အပေါ်အလွန်ပြင်းထန်တဲ့ဝေဖန်ရေးများအထိ ပြုလုပ်ခဲ့တာရှိခဲ့တယ်။ဒါပေမဲ့ပြဿနာများ မဖြေရှင်းနိုင်ခဲ့ဘူး။ ဆက်ပြီးဒီလိုနဲ့ပဲ ခရိုင်တချို့မှ ခရိုင်တချို့ တပတ်

လှည့်ခဲ့တယ်။ ဒီပြဿနာဟာ "ကေဒါမွေးမြူရေး အသုံးချရေးပေါ်လစီနဲ့ သက်ဆိုင်နေတယ်။ ကြာတော့ အခြားလဲမကူညီနိုင်။ ကိုယ်တိုင်သည်ပင်လျှင်"ပရပ်ဆီကေဒါ"ဖြစ်လာမှာ စိုးရိမ်လာတယ်။ ဒီစိုးရိမ်မှုဟာ အရပ်ရပ် အခြေအနေသတင်းများကြားရတိုင်း ပိုပြီးစိုးရိမ်မှုကြီးခဲ့တယ်။ ဒါပေမဲ့ မတတ်နိုင်တဲ့ဘဝရောက်ခဲ့တယ်။

ပေးစာရဲ့ ပထမအခြေအနေ အကဲဖြတ်ချက်နဲ့ ပတ်သက်၍ ဖြည့်စွက်ပြီး အရင်းခံကျကျ တင်ပြလိုတယ်။

(၁) အခြေခံပြဿနာဟာ "စစ်တိုက်ရင်း စစ်မတိုက်တဲ့ တော်လှန်စစ်ကိုဖျက်သိမ်းခဲ့။ ပြန်လည်ပြင်ဆင်ရေးဝါဒကို(နိုင်ငံရေးအရ အတွေးအခေါ်အရ စည်းရုံးရေးအရ)သမိုင်းအဓိပ္ပာယ်ဆောင်တဲ့ "အလှည့်အပြောင်းတိုက်ပွဲ"ကာလဖြစ်ခြင်း။

(၂) ဗဟိုရဲ့ "ထိုးစစ်ကို ထိုးစစ်စိတ်ဓာတ်"နဲ့ရင်ဆိုင် တိုက်ခိုက်ဖို့ဆော်သြချက်နဲ့ ပေါ်လစီတချို့ကို အခိုင်အမာ အကောင်အထည်ဖော်ရာမှာနောက်ပိုင်းမှာ လက်တွေ့ ခေါင်းဆောင်မှုပေးခဲ့တာရှိတယ်။

ဒါပေမဲ့ ပြဿနာက ၁၉-နှစ်ကျော် ပြည်တွင်းစစ်ကိုဖြတ်သန်းလာခဲ့ကြပေမဲ့"ရန်သူထိုးစစ်ကို ထိုးစစ်စိတ်ဓာတ်နဲ့ မည်ကဲ့သို့ တိုက်ခိုက်မလဲ မည်ကဲ့သို့သော လမ်းညွှန်ပေါ်လစီများနဲ့ တိုက်ခိုက်မလဲ"

ဒီပြဿနာဟာ ကျွန်တော်တယောက်အဖို့ ပြောရလျှင် "သေနင်္ဂဗျူဟာခံစစ်၊ သေနင်္ဂဗျူဟာအရ အထွေထွေ ထိုးစစ်ကို ပြောင်းလွဲရာမှာ မည်ကဲ့သို့သော ရန်သူထိုးစစ်ကို တိုက်ခိုက်မလဲ"ဆိုတဲ့ပြဿနာဟာ မုချဖြေရှင်းရမယ်။

ခတ်ရှင်းရှင်းပြောရလျှင် "မဖြေရှင်းရသေးတဲ့ ပြဿနာတရပ်လို့ နားလည်ခဲ့တယ်။ ဒါကြောင့်လဲအလှည့်အပြောင်းကာလအတွင်းမှာ အထက်နဲ့ခရိုင်ပါအစီရင်ခံ အသိပေးပြီး လမ်းညွှန်ပေါ်လစီများကို သုတေသနပြုရမယ်လို့ တင်ပြခဲ့တယ်။

ဖြေရှင်းရမဲ့ ပြဿနာဟာ လမ်းညွှန်ပေါ်လစီဆိုင်ရာ တသီတတန်းနဲ့ လမ်းစဉ်ပါဆက်သွယ်နေတဲ့ ပြဿနာဖြစ်တယ်။

ဒီပြဿနာကို ကိုင်တွယ် ဖြေရှင်းရာမှာ မှန်ကန်တဲ့ နိုင်ငံရေးလမ်းစဉ်ရှိရုံတွင်မက မှန်ကန်တဲ့ စစ်ရေးလမ်းစဉ်ရှိရအုံးမယ်။ ဒီလမ်းစဉ်များ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကို အကောင်း အညံ့ [illegible]ရာမှာ ပါတီနဲ့ အဆင့် အသီးသီး ကေဒါ များအနေနဲ့ [illegible] တိုက်ရိုက်ရင်း [illegible]ကိုရဲ့ [illegible] လမ်းညွှန်ပေါ်လစီများကို သုတေသနပြုရာမှာ [illegible] "[illegible]" အခြေခံအုတ်မြစ်ပေါ်က ဖြစ်ရမယ်။ [illegible]

(၃) နိုင်ငံရေး စစ်ရေး လမ်းညွှန်ပေါ်လစီများနဲ့ စစ်ပရိယာယ်များ [illegible] "ပကတိဘာဝရုပ်အခြေအနေနဲ့ ၎င်းရဲ့တရားဥပဒေသများကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာပြီး ပိုင်နိုင်ကျွမ်းကျင်စွာ ကျင့်သုံးနိုင်ရမယ်။"

[illegible] အခြေအနေကို သုံးသပ်ထားတာရှိတယ်။ အခြေခံအားဖြင့် [illegible]ပါတယ်။ ဒါပေမဲ့ တချို့ကောက်ချက် [illegible]

ယခင်သုံးသပ်ပြီးခဲ့သော အတွင်း-မှ ထပ်မံ၍ ခေါင်းစဉ်အဖြစ် တင်ပြဦးမယ်။

(၁) ရန်-ငါ နှစ်ဖက်ရဲ့ အခြေအနေ (ခင်၊ နိုင်၊ ညံ့)

([illegible])

အဖက်ဖက် မှန်ကန်စွာ [illegible] ရမယ်။

(၂) စစ်ဆင်ရာမှာ [illegible] ပြည်သူလူထုကြီးအား စည်းရုံးထားတဲ့ အခြေအနေ။

(၃) ရန်-ငါ နှစ်[illegible]မှ ပထဝီ အနေအထားနဲ့ ပကတိဘာဝ အကြောင်းအရာ[illegible] [illegible] စိတ်ပြဌာ အကဲဖြတ်ရာမှာ (ပထဝီ အနေအထားမှအပ) [illegible]ပကတိဘာဝအခြေအနေဟာ "လူတို့ရဲ့ ဆန္ဒနဲ့ ကင်းကွာ [illegible] အဆက်မပြတ် ပြောင်းလဲနေတဲ့ အရာများဖြစ်တယ်"။

ဒီနေရာမှာ စစ်ဦးစီးသူ[illegible] ပကတိ ဘာဝရုပ်အခြေအနေကို ဖြင်းပယ်ကာ ပကတိ ဘာဝတရား ဥပဒေသများကို ဆန့်ကျင်ကျော်ခိုင်းပြီး အဘင်းလုပ်၍မရဘူး။ [illegible]။ ပကတိဘာဝ အခြေအနေနဲ့ ၎င်းရဲ့တရားများကို လေ့လာယူနိုင်တယ်။ ၎င်းတရားနဲ့ ကိုက်ညီစွာ လမ်းညွှန်ပေါ်လစီများကို ချမှတ် ကျင့်သုံးနိုင်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခင်ဗျားပေးစာထဲမှာ "စစ်မှုရေးရာ နည်းပရိယာယ်တွေကို တရားအရ သိရှိထားပေမဲ့ တရားကိုဆန့်ကျင်ပြီး လုပ်နေရတာပဲ။ တဖက်ကလဲ ထမင်းမငတ်ရေး၊ ရေသောက်ရေး၊ အလုပ်ကအမြဲတမ်း အဓိကဖြစ်နေရတယ်"လို့ရေးထားတယ်။

ဖြစ်နိုင်ဘွယ်ရာက (ကျွန်တော်ယခင် အကဲဖြတ်ချက်တချို့ပေးပြီး) ပကတိဘာဝတရား(ဥပဒေသ)များကို အသိရှိစွာ ဆုပ်ကိုင်ပြီး အခိုင်အမာ အခြေအနေနဲ့ ကိုက်ညီစွာ ပြောင်းပြောင်းပြောင်းပြောင်း အစီအစဉ်ရှိရှိ မကျင့်သုံးနိုင်ခြင်းပဲဖြစ်မယ်။ မတတ်သာပဲ (မိမိဆန္ဒဖြစ်စေချင်တာနဲ့ ကင်းကွာပြီး) တရားအရ နောက်က လိုက်ပြီး လုပ်နေရတာမျိုးဖြစ်နိုင်တယ်(တရားကလူကို ချုပ်ကိုင်ခံရခြင်း)။

အရင်းခံကျကျ တင်ပြရလျှင် ခင်ဗျားသုံးသပ်ခဲ့သလိုပဲ "ပြည်သူ့စစ်ပွဲအခြေခံအုတ်မြစ်ပေါ်မှ(စာလေးလုံး စကားတလုံးပဲဖြစ်ပေမဲ့)အပြောလွယ်သလောက် လက်တွေ့အခြေ အနေနဲ့ ကိုက်ညီစွာတသီတတန်းသော "လမ်းညွှန်ပေါ်လစီ"များကို ချမှတ် ကျင့်သုံးဖို့ ခင်ဗျားကိုယ်တွေ့အသိပဲ မလွယ်လှဘူး။

ငါတို့ရဲ့လမ်းညွှန်ပေါ်လစီများဟာ "ပြည်သူ့စစ်ပွဲ" အုတ်မြစ်ပေါ်က ချမှတ်ကျင့်သုံးခြင်းဖြစ်တယ်။ ထိုသို့မဟုတ်ပါက အရင်းရှင်စစ်ရေးစစ်ရာနဲ့ စည်းခြားတဲ့ရေဝေကုန်းတန်းဖြစ်တယ်။

ဒါကြောင့်လဲ ဖြစ်စဉ်မှာအတွေးအခေါ် ၂-ရပ်တိုက်ပွဲဟာ သဘာဝကျစွာပဲရှိခဲ့တယ်။ ဒီတိုက်ပွဲ (အတွေးအခေါ်နှစ်ရပ်တိုက်ပွဲ(ဝါ)အလှည့်အပြောင်းမလုပ်ပဲ) ပြည်သူ့စစ်ပွဲ၏ လမ်းညွှန်ပေါ်လစီများကို အပြည့်အဝကျင့်သုံးနိုင်လိမ့်မယ်မဟုတ်။

မော်က "စစ်ပွဲအနိုင်အရှုံးကို အဆုံးအဖြတ်ပေးတဲ့ အဓိကအရာတွေဟာ စစ်တိုက်နေတဲ့ နှစ်ဖက်ရဲ့စစ်ရေး၊နိုင်ငံရေး၊ စီးပွားရေးနဲ့ သဘာဝအခြေအနေများဆိုတာ ယုံမှားစရာမရှိဘူး။ ဒါပေမဲ့ ဒါနဲ့မပြီးသေးဘူး။ စစ်တိုက်နေတဲ့ နှစ်ဖက်ရဲ့ စစ်ကို ညွှန်ကြားတဲ့စွမ်းရည်ကလဲ အနိုင်အရှုံးကို အဆုံးအဖြတ်ပေးနိုင်သေးတယ်လို့ ညွှန်ပြခဲ့တယ်"။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မော်ကထပ်ပြီး"စစ်ပါရဂူဟာ ရုပ်ဝတ္ထုအခြေအနေက ခွင့်ပြုထား တဲ့ ဘောင်ကိုကျော်ပြီး စစ်ပွဲမှာ အနိုင်ရအောင်မကြံနိုင်ပေမဲ့ ရုပ်ဝတ္ထု အခြေအနေက ခွင့်ပြုထားတဲ့ ဘောင်အတွင်းမှာ စစ်နိုင်အောင်တော့ ကြိုးပမ်းနိုင်တယ်။ ကြိုးလဲကြိုးပမ်းရမယ်"လို့ ညွှန်ပြခဲ့တယ်။

ဒီမော်ဩဝါဒကို ဒုတိယအကြိမ် တင်ပြခြင်းအားဖြင့် မျက်မှောက် တိုက်ပွဲ အတွေ့အကြုံများထဲက နိဂုံးချုပ်သင်ခန်းစာထုတ်ယူဖို့ပဲ။

ပြဿနာဟာ ဒီအပေါ်မှာပဲ တည်နေတယ်လို့ မြင်တယ်။ ဒီပြဿနာ များဟာ မျက်မှောက်ကာလမှာ သဘာဝကျတဲ့ အရာများသာဖြစ် တယ်။ငါတို့ဟာ ဒီပြဿနာများကိုဖြေရှင်းဖို့ စောင့်ဆိုင်းနေတဲ့ ပြဿနာ များပဲ။ ဒီပြဿနာကို ဖြေရှင်းနိုင်သလား၊ မဖြေရှင်းနိုင်ဘူးလား၊ ဒါ ဟာ ငါတို့ရဲ့ အလှည့်အပြောင်းနဲ့ဆိုင်နေတယ်။

ယင်းပြဿနာနှင့် ပတ်သက်၍ ကျွန်တော်ရဲ့ ရပ်တည်မှု အမြင်များကို ယေဘုယျအားဖြင့် စည်းရုံးရေးအရ တရားဝင်လမ်းကြောင်းမှာ အတိ အလင်းတင်ပြခဲ့တဲ့ အကြိမ်မနဲပါဘူး။ တခါတရံ ဒေါပွပြီး တင်းတင်း ကြပ်ကြပ် ပြောခဲ့တာမှအပ (ဘေးထိုင် ဘုပြောတာမျိုးမလုပ်ခဲ့ဘူး) ပြောနေလဲမရပါဘူး။

အကြောင်းကတော့ အမှန်တရားရဲ့ ခံစားချက်ဟာ လက်တွေ့ပဲ။ လက်တွေ့ရဲ့ အမှန်တရားဟာလဲ အချိန်က အစမ်းအသပ်ခံနိုင်ရမယ်။

အလေးနို

ကျော်သာ

ဤသို့ဖြင့် ဗိုလ်ထွန်းငြိမ်း၊ ဗိုလ်တင်ရှိန်ထံသို့ အခြေခံသဘောထားများနှင့် အကြံပေးချက်များကို ပေးပို့လိုက်လေသည်။

ထိုအချိန်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌသခင်သန်းထွန်းနှင့် တော် လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် တိုက်တိုင်းအောင်တပ်ဖွဲ့သို့ ဤသို့တိုက် ရိုက်ညွှန်ကြားလိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ထွန်းငြိမ်း၏ လက်ရေးမူ



တပ်မှူး ဗိုလ်ထွန်းငြိမ်းမှ ရှေ့တန်း တိုက်ခိုက်ရေး တပ်မှူး ဗိုလ်တင်[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တိုက်တိုင်းအောင်(၁)တပ်ဖွဲ့ဝင်များ

ရှေ့တန်း (ဝဲမှ) ကြည်အေး၊ မောင်ထွေး၊ စောညာထူး၊ စိုးလွင်။
နောက်တန်း (ဝဲမှ) မောင်ငွေ၊ သောင်းစိန် ကျော်မြင့်၊ မောင်မောင်(သခင်သန်းထွန်း၏ သားငယ်)။

"တိုက်တိုင်းအောင်တပ်သည်....

- ပိုမိုကြီးမားသော ချေမှုန်းရေးတိုက်ပွဲများကို ဒလစပ်ဆင်နွှဲသွားရမည်။
- ရန်သူ့ထိုးစစ်ကို တော်လှန်သောထိုးစစ်ဖြင့် အစွမ်းကုန် ချေမှုန်းသွားရမည်။
- လာမည့်ပါတီအနှစ်သုံးဆယ်မြောက်နေ့ကို သမိုင်းဝင်အောင်ပွဲများများနှင့် ကြိုဆိုကြရမည်"။

ဤသည်တို့ကား တိုက်တိုင်းအောင်တပ်အတွက် တော်လှန်သော ဗဟိုဌာနချုပ်၏ ညွှန်ကြားချက်များပင်တည်း။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁ဂ

ဗိုကင်းပြန်မိုလ်ထွန်းငြိမ်းနှင့် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး

၁။ မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးအဖွဲ့

၁၉၆၇-ခုနှစ် ဒီဇင်ဘာလ (၂၅)ရက်နေ့တွင်ဖြစ်လေသည်။

မြစ်ဝကျွန်းပေါ်တိုင်း အတွင်း၌ရှိသော ခရိုင်အသီးသီးမှ လက်ရွေးစဉ် ကေဒါများသည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသနဘဲကုန်း ရွာအနီးတွင် ခန်းချထားသော ဗမာပြည်ကွန်မြူနစ်ပါတီ သာယာဝတီခရိုင် စခန်းသို့ ရောက်ရှိခဲ့ကြလေသည်။

မြစ်ဝကျွန်းပေါ်တိုင်း အတွင်း၌ရှိသော လက်ရွေးစဉ် ကေဒါများသည် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ ညွှန်ကြားချက်အရ ရောက်ရှိလာခြင်းဖြစ်၏။ တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် မြစ်ဝကျွန်းပေါ်တိုင်းအား တော်လှန်သော မြစ်ဝကျွန်းပေါ်တိုင်းအဖြစ်ဖြင့် အသစ်တဖန် ပြန်လည်တည်ဆောက်ပေးရန်ဖြစ်၏။ ပုံသစ်လောင်းပေးရန်ဖြစ်၏။ အဟောင်းဖြို၍ အသစ်ကို တည်ဆောက်ရန်ဖြစ်၏။ ထို့ကြောင့်တတိုင်းလုံးမှ လက်ရွေးစဉ် ကေဒါများကို ရွေးချယ်၍ ခေါ်ယူလိုက်ခြင်းဖြစ်သည်။

မြစ်ဝကျွန်းပေါ်တိုင်းအတွင်းတွင် ခရိုင်အားဖြင့် (၅)ခရိုင်ပါဝင်၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းတို့မှာ....

(၁) ဟသ်ာတခရိုင်။
(၂) မအူပင်ခရိုင်။
(၃) ဖျာပုံခရိုင်။
(၄) မြောင်းမြခရိုင်။
(၅) ပုသိမ်ခရိုင်တို့....ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် ယင်း(၅)ခရိုင်မှ လက်ရွေးစဉ် ကေဒါများကို တိုင်းကော်မီတီအဖွဲ့အစည်းနှင့် တိုင်းကော်မီတီအတွင်းရေးမှူး ရဲဘော်စိုးသန်းမှတဆင့် ညွှန်ကြား၍ခေါ်ယူခြင်း မဟုတ်ချေ။ ရဲဘော်စိုးသန်း၏ပင် အသိမပေးချေ။ ခရိုင်လိုက်၊ မြို့နယ်လိုက်မှ တဦးစီကို တိုက်ရိုက်အကြောင်းကြား၍ တိုက်ရိုက်ခေါ်ယူလိုက်ခြင်းပင် ဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဟသ်ာတခရိုင်မှ စုစုပေါင်း (၄၆) ဦးပါဝင်၏။ ယင်းတို့မှာ....

(၁)	ရဲဘော်လှဝင်း	ဟသ်ာတခရိုင်တပ်	တပ်စုမှူး
(၂)	ရဲဘော်စောထွန်း	။	တပ်စုမှူး
(၃)	ရဲဘော်လှငွေ	။	တပ်စုမှူး
(၄)	ရဲဘော်လှမောင်	။	တပ်စိတ်မှူး
(၅)	ရဲဘော်တင်မောင်	။	တပ်စိတ်မှူး
(၆)	ရဲဘော်လှရင်	။	တပ်စိတ်မှူး
(၇)	ရဲဘော်တင်ငွေ	။	။
(၈)	ရဲဘော်အေးငွေ	။	ဒုစိတ်မှူး
(၉)	ရဲဘော်ချစ်မြ	။	။
(၁၀)	ရဲဘော်နွံ	ပဒေသာမြို့နယ်	တပ်စိတ်မှူး
(၁၁)	ရဲဘော်ထွန်းကြည်	။	ဒုစိတ်မှူး
(၁၂)	ရဲဘော်အောင်ဆင့်	။	တပ်စိတ်မှူး
(၁၃)	ရဲဘော်ထွန်းရီ	။	။
(၁၄)	ရဲဘော်သိန်း	။	ဒုစိတ်မှူး
(၁၅)	ရဲဘော်ခင်	။	။
(၁၆)	ရဲဘော်ခင်မောင်	။	တပ်သား

ဝိကင်းမြန်မိုလ်ထွန်းငြိမ်းနှင့် မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေး ၁၀၄၇

(၁၇)	ရဲဘော်စိုးအောင်	ကြံခင်းမြို့နယ်	မြို့နယ်ကော်မီတီ
(၁၈)	ငိုလ်ရွှေ	။	တပ်စုမှူး
(၁၉)	ရဲဘော်အောင်သန်း	။	။
(၂၀)	ရဲဘော်မြကြီး(ခ)မောင်မြ	။	အဖွဲ့မှူး
(၂၁)	ရဲဘော်လှထွန်း	။	တပ်သား
(၂၂)	ရဲဘော်လှခင်	။	တပ်သား
(၂၃)	ရဲဘော်ကြိုင်	အင်္ဂပူမြို့နယ်	မြို့နယ်ကော်မီတီ
(၂၄)	ရဲဘော်ထွန်းသောင်း	။	။
(၂၅)	ရဲဘော်လှတင်	။	တပ်စိတ်မှူး
(၂၆)	ရဲဘော်သန်းမောင်	။	အဖွဲ့မှူး
(၂၇)	ရဲဘော်ဘိုးထိန်	မြန်အောင်မြို့နယ်	ဒုစုမှူး
(၂၈)	ရဲဘော်တာတီး	။	တပ်စိတ်မှူး
(၂၉)	ရဲဘော်လှတင်	။	အဖွဲ့မှူး
(၃၀)	ဆလိုင်းစောမောင်	ကြံခင်းမြို့နယ်တပ်	ချင်းဦးစီးအဖွဲ့
(၃၁)	ဆလိုင်းရဲအောင်	။	။
(၃၂)	ဆလိုင်းစံမောင်	အထူးမြို့နယ်	။
(၃၃)	ဆလိုင်းဘိုးဂေါင်	။	။
(၃၄)	ဆလိုင်းစိုးတင့်	။	။
(၃၅)	မညွန့်ညွန့်	အင်္ဂပူမြို့နယ်	တပ်စုနိုင်ငံရေးမှူး
(၃၆)	မကြည်မြင့်	။	တပ်စိတ်မှူး
(၃၇)	မငိုးငိုး	။	အဖွဲ့မှူး
(၃၈)	မငွေးကြည်	အင်္ဂပူမြို့နယ်တပ်	အဖွဲ့မှူး
(၃၉)	မနီ	။	။
(၄၀)	မပု(ခ)မကြည်ဝင်း	။	။
(၄၁)	မဒေါင်း	ကြံခင်းမြို့နယ်	ချင်းဦးစီးအဖွဲ့
(၄၂)	မသီ	။	။
(၄၃)	မဝန်းမြင့်	မြန်အောင်မြို့နယ်	အဖွဲ့မှူး
(၄၄)	မဝင်းလေး	။	။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄၅)	မလှဝင်း	မြန်အောင်မြို့နယ်	တပ်သား
(၄၆)	မသန်းစိန်	ပဒေသာမြို့နယ်	အဖွဲ့မှူး

ဗမာပြည်ကွန်မြူနစ်ပါတီ မအူပင်ခရိုင်မှ နှစ်ဦးပါဝင်၏။ ယင်းတို့မှာ....

(၁) ရဲဘော်တင်မြင့်
(၂) ရဲဘော်ငြိမ်းမောင်

ဗမာပြည်ကွန်မြူနစ်ပါတီ ပုသိမ်ခရိုင်မှ နှစ်ဦးပါဝင်၏။ ယင်းတို့မှာ....

(၁)	ရဲဘော်ဘသောင်း	တပ်စိတ်မှူး
(၂)	ရဲဘော်သောင်း	တပ်စိတ်မှူး

ဗမာပြည်ကွန်မြူနစ်ပါတီ မြစ်ဝကျွန်းပေါ်တိုင်းရုံးမှလည်း နှစ်ဦးပါဝင်၏။ ယင်းတို့မှာ....

(၁)	ဗိုလ်မင်းလွင်(ခ)ဘမောင် တိုင်းစစ်ဌာနချုပ်	လေ့ကျင့်ရေးမှူး
(၂)	ရဲဘော်စိုးဝင်း	။ ။

ထို့ပြင် ဗမာပြည် ကွန်မြူနစ်ပါတီ၏ တနင်္သာရီတိုင်းကလည်း ရဲဘော်မျိုးမြင့်ပါဝင်လေသည်။

ထို့နောက် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဆေးကျောင်းသို့ တက်ရောက်ရန် အတွက်လည်း မြစ်ဝကျွန်းပေါ်တိုင်းမှ ရောက်ရှိလာသော ရဲဘော်များမှာလည်း(၁၀)ဦးပင်ရှိ၏။ ယင်းတို့မှာ....

(၁)	ရဲဘော်လှမောင်	မြစ်ဝကျွန်းပေါ်တိုင်းရုံး	ဆေးဌာန
(၂)	ရဲဘော်ငွေသိန်း	။	။
(၃)	မစန်း	မြစ်ဝကျွန်းပေါ်တိုင်းရုံး	။
(၄)	မကြွေ	။	။
(၅)	ရဲဘော်စိုးမြင့်	ဟင်္သာတခရိုင်တပ်	တပ်ခွဲမှူး
(၆)	ရဲဘော်တင်မောင်	ကြံခင်းမြို့နယ်။	
(၇)	ရဲဘော်မောင်မောင်	မြန်အောင်မြို့နယ်။	
(၈)	ရဲဘော်ကြာမြင့်	အင်္ဂပူမြို့နယ်။	
(၉)	ရဲဘော်ဖေတင့်	ပဒေသာမြို့နယ်။	
(၁၀)	မတင်လှိုင်	အင်္ဂပူမြို့နယ်။	

(၁၁)	မခင်ဝင်း	မြန်အောင်မြို့နယ်။	
(၁၂)	မဒေါ်ရင်	ပဒေသာမြို့နယ်။	
(၁၃)	မခင်တင့်	အင်္ဂပူမြို့နယ်။	
(၁၄)	မတင်ကြိုင်	”	
(၁၅)	မကြည်ဝင်း	”	
(၁၆)	ရဲဘော်မြင့်ခိုင်	ပုသိမ်ခရိုင်	ဆေးမှူး။
(၁၇)	ရဲဘော်စောအေး	ပုသိမ်ခရိုင်။	
(၁၈)	ရဲဘော်လှခိုင်	မအူပင်ခရိုင်။	

ဗဟိုဆေးကျောင်းသို့ တက်ရောက်မည့် ရဲဘော်များသည်လည်းမြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးအဖွဲ့နှင့် တပူးတပေါင်းတည်းပင် စုစည်းရောက်ရှိလျက်နေကြလေသည်။

ယင်းတည်ဆောက်ရေးအဖွဲ့အား တိုက်ရိုက် ခေါင်းဆောင်လာသူများမှာ တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသို့ တက်ရောက်ရန်လာသည့် မြစ်ဝကျွန်းပေါ်တိုင်း တိုင်းကော်မီတီ ရဲဘော်ဝင်းမောင်နှင့် ဟသ်ာတခရိုင် အတွင်းရေးမှူး ရဲဘော်ဘုန်းမြင့်တို့ပင်ဖြစ်ပါသည်။

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးအဖွဲ့သည် လမ်းခရီးတွင်(၅)လခန့်ကြာခဲ့၏။ လမ်းခရီးတလျှောက်လုံးတွင် အထူးလျှို့ဝှက်၍ ချီတက်ခဲ့ကြရ၏။ ညခရီးတွင်သာ ချီတက်ခဲ့ကြရလေသည်။

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးအဖွဲ့သည် ဗမာပြည်၏ သမိုင်း အလှည့်အပြောင်းအတွက် တော်လှန်သော ကျောရိုးကေဒါများအဖြစ် လေ့ကျင့်မွေးမြူရန်အတွက် တော်လှန်သော အစိဋ္ဌာန်များဖြင့် ချီတက်ခဲ့ကြလေသည်။

× × ×

၂။ ဗိုလ်ထွန်းငြိမ်း (သို့မဟုတ်)တည်ဆောက်ရေးပါရဂူ

ဗိုလ်ထွန်းငြိမ်း(ခ)ဗိုလ်မှူးကျော်သာသည် အဖ ဦးဘကြည်နှင့် အမိဒေါ်မြတင်တို့၏သားဖြစ်၏။ မြင်းခြံမြို့၌ ၁၉၂၀-ခုနှစ်တွင် မွေးဖွားခဲ့လေသည်။

ဗိုလ်ထွန်းငြိမ်းသည် မြင်းခြံမြို့အလယ်တန်းကျောင်းတွင် သတ္တမတန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့၏။ ထို့နောက် ချည်စက်တွင် အလုပ်သမားအဖြစ်ဝင်ရောက်၍ လုပ်ကိုင်ခဲ့ရလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ထွန်းငြိမ်းသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ ဗမာ့ကာကွယ်ရေးတပ်မတော်တွင် အကြပ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့၏။ ၁၉၄၄-ခုနှစ်တွင် မင်္ဂလာဒုံ၌ ဖွင့်လှစ်သော ဒုတိယပတ် ဗိုလ်သင်တန်းကျောင်းသို့ တက်ရောက်ခဲ့၏။ ဂျပန်ခေတ်၌ပင် ဗမာပြည်ကွန်မြူနစ်ပါတီဝင်ဖြစ်ခဲ့၏။ နောက်ဆုံးတွင်မူ ဂျပန်တော်လှန်ရေးပြီးဆုံးသည့်အထိ တာဝန်ယူခဲ့လေသည်။

ဗိုလ်ထွန်းငြိမ်းသည် ၁၉၄၅-ခုနှစ် ဂျပန်တော်လှန်ရေး အောင်ပွဲခံပြီးသည့်နောက်တွင် မြင်းခြံခရိုင်တပ်နီဌာနချုပ်တွင် စစ်ရေး၊ နိုင်ငံရေး ခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့၏၊ ၁၉၄၈-ခုနှစ်တွင် မြင်းခြံခရိုင် ဗမာပြည် ကွန်မြူနစ်ပါတီတခုလုံးကိုခေါင်းဆောင်တောခိုခဲ့၏။ ၁၉၄၉-ခုနှစ်တွင် မြင်းခြံခရိုင် စစ်ရေးတာဝန်နှင့် ပြည်သူ့ ဒီမိုကရေစီ တပ်ပေါင်းစုဥက္ကဋ္ဌအဖြစ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့၏။ ၁၉၅၀-ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှဖွဲ့စည်းသည့်ပြည်သူ့တပ်မတော်၏ တပ်မကြီး(၂) လက်အောက်၌ရှိသော တပ်မဟာ၏ တပ်မဟာနိုင်ငံရေးမှူးအဖြစ် တာဝန်ယူခဲ့၏။ တပ်မကြီး(၂)၏ တပ်မကြီးမှူးများမှာ ဗိုလ်လှမော်နှင့် ဗိုလ်အာဋ္ဌာဝကတို့ ဖြစ်ကြသည်။

ဗိုလ်ထွန်းငြိမ်းသည် ၁၉၅၂-ခုနှစ်တွင်မူ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၏ အထူးတာဝန်ပေးချက်အရ တပ်ဖွဲ့တဖွဲ့ကိုခေါင်းဆောင်၍ တရုပ်ပြည်သို့ နယ်ခြားကိုဖြတ်ကျော်၍သွားခဲ့၏။ ဗိုလ်ထွန်းငြိမ်း၏ အထူးတာဝန်ဆိုသည်မှာ တရုပ်ပြည်တွင်ရောက်ရှိနေသော ရဲဘော်အောင်ကြီးတို့နှင့် တွေ့ဆုံပြီး အဆက်အသွယ်လုပ်ရန်ဖြစ်၏။ ထို့ပြင် တရုပ်ပြည်မှပေးပို့မည်ဆိုသော လက်နက်ခဲယမ်းမီးကျောက်များကိုပါ ယူဆောင်ခဲ့ရန်ဖြစ်လေသည်။

ယင်းသို့ ဗိုလ်ထွန်းငြိမ်းကို တရုပ်ပြည်သို့ အထူးတာဝန်ဖြင့် စေလွှတ်လိုက်သောအခါတွင် ဇနီးသည်ဒေါ်ပိုပိုနှင့် သမီးငယ်နှစ်ဦးအား မြင်းခြံမြို့သို့ပြန်၍ပို့ထားခဲ့၏။ သမီးကြီးမှာ ခင်ငြိမ်းပိုဖြစ်၏၊ သမီးငယ်မှာမူ ခင်ငြိမ်းချို ဖြစ်လေသည်။

ဗိုလ်ထွန်းငြိမ်းသည် တရုပ်ပြည်သို့ရောက်ပြီးသောအခါတွင် အဝေးရောက်ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဦးစီးပါတီကော်မီတီအဖွဲ့ဝင်တဦးအဖြစ် တာဝန်ပေးအပ်ခြင်းကိုခံခဲ့ရ၏။ ထို့ပြင် တရုပ်ပြည် ကွန်မြူနစ်ပါတီမှ သီးခြားဖွဲ့စည်းပေးထားသော အဝေး ရောက် အထူးစံပြတပ်ဖွဲ့၏ တပ်မှူးကြီး အဖြစ်ဖြင့်လည်း တာဝန်ယူရ၏။ ၁၉၅၆-ခုနှစ် ဩဂုတ်လတွင်မူ တရုပ်ပြည် ဗီချွမ်းပြည်နယ် ချုံကင်းမြို့တွင် ဖွင့်လှစ်ထားသော ဗဟိုမာ့က်စ်လီနင်ဝါဒ အရှေ့တိုင်း နိုင်ငံရေး တက္ကသိုလ်သို့တက်ရောက်၍ စစ်ရေး၊ နိုင်ငံရေးနှင့် မော်စီတုံး အတွေးအခေါ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

များကို လေ့လာသင်ကြားခဲ့ရ၏။ ယင်းနိုင်ငံရေးတက္ကသိုလ်တွင်(၄)နှစ်ပင်ကြာခဲ့သည်။

တရုတ်ပြည်တွင် ဗိုလ်ထွန်းငြိမ်း၏တရုတ်နာမည်မှာ "လီကြိုး" ဖြစ်၏။ ဤသို့ တရုတ်ပြည်ကွန်မြူနစ်ပါတီမှ နာမည်ပြောင်း၍ ပေးထားခြင်း ဖြစ်လေသည်။

၁၉၆၀-ခုနှစ် စက်တင်ဘာလတွင်မူ ဗမာပြည်ကွန်မြူနစ်ပါတီအဝေးရောက် ဗဟိုကော်မီတီ၏ အထူးတာဝန်ပေးချက်အရ ဗိုလ်ထွန်းငြိမ်းသည် ဗိုလ်သူရ၊ ဗိုလ်စံဖေ၊ ဗိုလ်ဘညွန့်၊ ဗိုလ်ဘဖြူ၊ ဗိုလ်ရဲဒင်နှင့် ဗိုလ်လှတင်တို့ကို ခေါင်းဆောင်လျက် တရုတ်ပြည်အနောက်တောင်ပိုင်း စစ်ဒေသကြီးတွင် ဖွင့်လှစ်သော စစ်တက္ကသိုလ်တွင် မာ့က်စ်လီနင်ဝါဒ၏ စစ်ရေးစစ်ရာများကိုသင်ကြားခဲ့ရ၏။ မဟာမော်စီတုံး၏ ပြည်သူ့စစ်ရေးဆိုင်ရာ သေနင်္ဂဗျူဟာပြဿနာများနှင့် နည်း ပရိယာယ်ဆိုင်ရာ ပြဿနာများကိုလည်း အထူးကျွမ်းကျင်စွာ သင်ကြားလေ့ကျင့်ခဲ့ရသူဖြစ်၏။ နောက်ဆုံးတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တပ်မကြီး(၈၁၃၁)တပ်မဟာ(၁)တွင် ဒု-တပ်မဟာမှူးကြီးတာဝန်ကို ထမ်းဆောင်ခဲ့ရသူဖြစ်လေသည်။

ဗိုလ်ထွန်းငြိမ်း(ခ)လီကြိုးသည် ၁၉၆၁-ခုနှစ်တွင် တရုတ်ပြည်ကွန်မြူနစ်ပါတီနှင့် အဝေးရောက်ဗဟိုကော်မီတီ၏ နားလည်မှုနှင့် သဘောတူ ခွင့်ပြုချက် အရ တရုတ်အမျိုးသမီးတဦးနှင့် လက်ထပ်ခဲ့၏။ ယင်းတရုတ် အမျိုးသမီးမှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်ကြီးတဦး၏ နှမဖြစ်၏။ အလယ်တန်းပြ ကျောင်းဆရာမတဦးဖြစ်ပြီး အသက်မှာ(၂၈)နှစ်ရှိပြီဖြစ်သည်။

ဗိုလ်ထွန်းငြိမ်း

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်ကြီးတဦး၏ နှမသည် ဗိုလ်ထွန်းငြိမ်း၏ဇနီးပင်ဖြစ်လေသည်။

၁၉၆၃-ခုနှစ်တွင် ဗိုလ်ထွန်းငြိမ်းသည် တော်လှန်ရေး ကောင်စီနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို အကြောင်းပြု၍ ဗမာပြည်သို့ ပြန်လာသော အခါတွင် ဗိုလ်ထွန်းငြိမ်း၏တရုတ်ဇနီးတွင် ကိုယ်ဝန်အရင့်အမာနှင့် ကျန်ခဲ့၏။ ထို့နောက်တွင် သားလေးလော၊ သမီးလေးလောကိုမူ ဗိုလ်ထွန်းငြိမ်းသည် မသိရတော့ချေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ထွန်းငြိမ်းသည် ဗမာပြည်သို့ရောက်ပြီးသောအခါတွင် သခင်သန်းထွန်းနှင့် နိုင်ငံရေး ဦးဆောင် အဖွဲ့၏ တပ်မတော် တည်ဆောက်ရေးနှင့် လေ့ကျင့်ရေးတို့တွင် အထူးပင်အားကိုးအားထားခြင်းကိုခံခဲ့ရသူဖြစ်လေသည်။

ထို့ကြောင့် ၁၉၆၅-ခုနှစ်တွင်"၆၄ လမ်းစဉ်" ၏ "**စစ်နိုင်ငံရေး အာဏာသိမ်းရေးလမ်းစဉ်**" ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် ဗဟိုဌာနချုပ် အခြေစိုက်ရာ ဖြစ်သော သာယာဝတီခရိုင် တပ်အား အသစ် တဖန်ပြန်လည်၍တည်ဆောက်စေခဲ့၏။ ယင်းသို့တည်ဆောက်ပြီးသော သာယာဝတီခရိုင်တပ်အား ဗဟိုဌာနချုပ်သည် "**ဗမာတပြည်လုံး၏ စံပြတပ်ဖြစ်သည်**"ဟုပင် ဂုဏ်ပြုခဲ့၏။ အသိအမှတ်လည်းပြုခဲ့လေသည်။

ထို့ပြင် ၁၉၆၅-ခုနှစ်တွင် ဖွင့်လှစ်သောပထမပတ်၊ ဗဟို မာ့က်စ်လီနင်ဝါဒ ကျောင်း၌ စစ်ရေးဘာသာရပ်၏ တာဝန်ခံအဖြစ် တာဝန်ပေးခဲ့၏။ ၁၉၆၆-ခုနှစ် မေလတွင်မူ တောင်ငူခရိုင် အတွင်း၌ရှိသော အဆင့်ဆင့်သော ကော်မီတီများနှင့်ကေဒါများ၊ လက်နက်ကိုင် တပ်ဖွဲ့တို့ကို တစုတစည်းထည်းစုစည်းစေလျက် "**တောင်ငူခရိုင်တည်ဆောက်ရေး**"ကိုကိုယ်တိုင်ကိုယ်ကျ ဦးစီး၍ တည်ဆောက်ရန်အတွက် ဗိုလ်ထွန်းငြိမ်းအား ဗဟို ကော်မီတီ၏ အခွင့် အာဏာကို ပေး၍ တိုက်ရိုက်တာဝန်ပေးခဲ့၏။ ယင်းတောင်ငူခရိုင်တည်ဆောက်ရေးသို့ ပဲခူးခရိုင်၊ သာယာဝတီခရိုင်တို့မှလည်းတက်ရောက်ကြသည်။

၁၉၆၇-ခုနှစ်တွင်ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၌ ရဲဘော်ဌေး၊ ရဲဘော်ဘတင်နှင့် ဗိုလ်ရန်အောင်တို့အား ဖြုတ်-ထုတ်-သတ်စီမံကိန်းဖြင့် ပါတီတွင်းလုပ်ကြံမှုကြီးတွင်ဗိုလ်ထွန်းငြိမ်းသည် တော်လှန်သော နိုင်ငံရေးဦးဆောင် အဖွဲ့နှင့်အတူ အသေးစိတ် အစီအစဉ်များကိုရေးဆွဲ ချမှတ်ခဲ့သူဖြစ်၏။ တော်လှန်သောကျောရိုးတပ်နီလူငယ်တို့၏ အားကိုးအားထားပြုခြင်းကို အထူးခံရသူဖြစ်လေသည်။

၁၉၆၇ ခုနှစ် ဇွန်လတွင် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ၊ ကွေ့ကြီးရွာတွင်"**အာဏာနီတည်ဆောက်ရေး၏ စမ်းသပ်ကွက်**"ဟုဆိုကာ တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့၏ကိုယ်စား၊ဦးဖိုးဒေါင်းအားလုပ်ကြံသတ်ဖြတ်ခဲ့၏။ ထို့ကြောင့်တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် ဗိုလ်ထွန်းငြိမ်းအား ဂုဏ်ပြုခဲ့ကြ၏။ ချီးကျူးခဲ့ကြ၏။ ၁၉၆၇-ခုနှစ်၊ ဇူလိုင်လမှစ၍ ဗိုလ်ထွန်းငြိမ်းအား သခင်သန်းထွန်းနှင့် တော်လှန်သော ဦးဆောင် အဖွဲ့သည် ပြည်ခရိုင် အာဏာနီ တည်ထောက်ရေးအတွက် အထူးအာဏာများကိုလွှဲအပ်၍ တာဝန်ပေးလိုက်၏။ ထို့ကြောင့်ဗိုလ်ထွန်းငြိမ်းသည် "**ပေါက်ခေါင်းလမ်း**" ဆိုသည်ကို

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာတပြည်လုံးလိုက်ကြရမည့် "လမ်းကြောင်း"ကိုပင် ဖောက်လုပ်ခဲ့သူ ဖြစ်၏။ တရုပ်ပြည်ကွန်မြူနစ်ပါတီ၏ချီးကျူးလေးစားခြင်းကို ခံခဲ့ရလေသည်။

ထို့ကြောင့်ပင် သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် တော်လှန်သောဗဟိုကော်မီတီအဖြစ် တိုးချဲ့၍ ပြည်လျောင် ဗိုလ်ထွန်းငြိမ်းအားထည့်သွင်းရန်အတွက် နံပါတ်(၁) နေရာတွင်ပင်ထားခဲ့ကြသည်။

နောက်ဆုံးတွင် သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် တိုက်တိုင်းအောင်တပ်ဖွဲ့၏ တပ်မှူးအဖြစ်မှ မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေး၏ တာဝန်ခံ အဖြစ်ဖြင့် အလုပ်တာဝန်ကို အရေးတကြီးပင် ပေးအပ်လိုက်လေသည်။

မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးသည် သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့အတွက် အရေးအကြီးဆုံးနှင့် သေရေး ရှင်ရေးပင်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် မြစ်ဝကျွန်းပေါ်တိုင်း၊ တိုင်းကော်မီတီအတွင်းရေးမှူးနှင့် ဗဟိုကော်မီတီ အဖွဲ့ဝင်ဖြစ်သော ရဲဘော်မိုးသန်းအား "ရဲဘော်ဌေး၊ရဲဘော်ဘတင်တို့ဂိုဏ်း၏ထိပ်သီးသစ္စာဖောက်"အဖြစ်ဖြင့်သတ်မှတ်ထားပြီးဖြစ်လေသည်။

ထို့ကြောင့် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတွင် နိုင်ငံရေးအရ၊ အတွေးအခေါ်အရ၊ စည်းရုံးရေးအရ၊ ဘက်(၃)ဘက်တို့မှ လုံးဝလှည့်ပြောင်းနိုင်မည့် တဆစ်ချိုးပြောင်းလဲနိုင်မည့် တဦးတည်းသောသူမှာ ဗိုလ်ထွန်းငြိမ်းပင် ဖြစ်လေသည်။

သို့ဖြစ်၍ ဗမာပြည်ကွန်မြူနစ်ပါတီတွင် ဗိုလ်ထွန်းငြိမ်း (ခ) လိုကြိုးသည် တဦးတည်းသော "တည်ဆောက်ရေးပါရဂူ"ပင်ဖြစ်လေသည်။

× × ×

၃။ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက် ရေး

၁၉၆၀-ခုနှစ် ဇန္နဝါရီလ(၂၃)ရက်နေ့တွင် ဖြစ်လေသည်။

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့သည် သာယာဝတီခရိုင် နတ္တလင်းမြို့နယ် တောင်ညိုဒေသ ညာဏ်လည်ချောင်းဖျားဥ္ရှိသော အင်ကြင်းတောင်ကျောတွင် စခန်းချ၍ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ထွန်းငြိမ်းသည် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့အား "ထိုးစစ်ကို ထိုးစစ်ဖြင့် တုန့်ပြန် တိုက်ခိုက်ရမည်" ဟူသော ဗဟိုကော်မီတီ ဥက္ကဋ္ဌသခင်သန်းထွန်း၏ လမ်းညွှန်ကို လက်ရှိ ဗမာပြည်၏ တော်လှန်စစ်အဆင့်တွင် လက်တွေ့ကျင့်သုံးခြင်းပြုနိုင် မပြုနိုင်ကို သုတေသန ပြုလုပ်ကြရန်ကိုလည်း လှုံ့ဆော်လိုက်၏။ ထို့နောက် "ထိုးစစ်နှင့်ခံစစ်ပြဿနာ" ကို အပိုင်းကြီး (၃) ပိုင်းခွဲခြား၍ ဟောပြောပို့ချလေသည်။

(၁) သေနင်္ဂဗျူဟာ ခံစစ်နှင့်သေနင်္ဂဗျူဟာ ထိုးစစ်ဖြစ်စဉ်အတွင်း ကာလအပိုင်းအခြား (၃) ရပ်။

(၂) ထိုးစစ်ကို ထိုးစစ်ဖြင့် ပြန်လည်ရိုက်ချိုးရေးသည် သမိုင်းအလှည့်အပြောင်းမှတ်တိုင်ဖြစ်သည်။

(၃) စစ်ဦးစီးမှုပြဿနာ....စသည်တို့ကို အကျယ်တဝင့်ပင် ဟောပြောပို့ချခဲ့လေသည်။

မြစ်ဝကျွန်းပေါ်တိုင်းမှ တည်ဆောက်ရေးတပ်ဖွဲ့ဝင်တို့သည် ဗိုလ်ထွန်းငြိမ်း၏ ဟောပြောချက်များကို ကြားနာ၍ လေ့လာရသဖြင့် အလွန်ပင် အားရကျေနပ်နေကြ၏။ ဗိုလ်ထွန်းငြိမ်း၏ တက်ကြွသော အမူအရာနှင့် ရှင်းလင်းပြတ်သားသော ဟောပြောချက်များကို အလွန်ပင်စိတ်ပါဝင်စားနေကြသည်။

ဗိုလ်ထွန်းငြိမ်းသည် ခေါင်းခါခါ လည်ခါခါဖြင့် အော်၍ပြောနေ၏။ တိုးသည့်အခါတွင်လည်း တိုးလွန်း၍ မကြားရချေ။ သို့သော်လည်း အမူအရာကြောင့် အကြောင်းအရာမှာ ပေါ်လွင်၍နေ၏။ ဗိုလ်ထွန်းငြိမ်းသည် မင်းသားကြီးဟန်ပေါက်နေ၏။ မကြာခဏပင် ဟောပြောချက်တွင် ရယ်ဘွယ်ရွှင်ဘွယ်များကို ထည့်၍ပြောတတ်၏။ ကိုယ်တိုင်မူကား ရယ်ခြင်း၊ ပြုံးခြင်းမရှိပေ။ ခပ်တည်တည်ကြီးသာ လုပ်၍နေတတ်၏။ ထိုအခါတွင် ဗိုလ်ထွန်းငြိမ်း၏ လေးဒေါင့်မျက်နှာကြီးသည် မှုးစေ့နှင့်ပင်တူ၍ နေလေတော့သည်။

ရဲဘော်များသည် ဗိုလ်ထွန်းငြိမ်း၏ ပြောဟန်ဆိုဟန်နှင့် အမူအရာကို ကြည့်၍ အလွန်ပင် တက်ကြွနေကြသည်။

ထို့နောက် ယင်းဟောပြောချက်နှင့် ပတ်သက်၍ တဦးစီ၏ ခံယူချက်နှင့် အမြင်တို့ကို ဖော်ပြ၍ ပြန်အလှန် ဆွေးနွေးကြလေသည်။

ဗိုလ်ထွန်းငြိမ်းသည် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတွင် နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာတို့ကို အခြေခံ ဟောပြောချက်များအဖြစ်ဖြင့် ဆက်လက်၍ ပို့ချလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့၏ ဦးစီးပါတီ ကော်မီတီကိုလည်း စနစ်တကျပြင်ဖွဲ့စည်းခဲ့သည်။ ယင်းတို့မှာ(၇)ဦးပါဝင်သည်။

(၁)	ရဲဘော်စိုးအောင်	အတွင်းရေးမှူး။
(၂)	ရဲဘော်ထွန်းသောင်း	တပ်မှူး။
(၃)	ရဲဘော်လှဝင်း	ဒု-တပ်မှူး။
(၄)	ရဲဘော်ကြိုင်	ဦးစီးပါတီကော်မီတီ။
(၅)	ဗိုလ်မင်းလွင်(ခ)ဘမောင်	။
(၆)	ရဲဘော်စိုးဝင်း	ရိက္ခာနှင့် ထောက်ပံ့ရေး။
(၇)	မညွန့်ညွန့်	ဦးစီးပါတီကော်မီတီ။

...တို့ဖြစ်ကြသည်။

ထို့နောက်တွင် တပ်စု တပ်စိတ်များကိုလည်း စံနစ်တကျပြင် ဖွဲ့စည်းခဲ့၏။ ယင်းသို့ဖွဲ့စည်းရာတွင် သာယာဝတီခရိုင်သို့ လေ့ကျင့်မွေးမြူရန်အတွက် တာဝန်ပေးထားသော ရန်ကုန်တက္ကသိုလ်မှ တောခိုလာသည့် ကျောင်းသား(၃)ဦးအားလည်း ဗဟိုဌာနချုပ်၏ ညွှန်ကြားချက်အရ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့တွင် ထည့်သွင်း၍ လေ့ကျင့်ခဲ့သည်။

ယင်းတို့(၃)ဦးမှာ....

(၁) ခွန်သက်လွင်(ခ)ရဲဘော်ကြီးမောင်။
(၂) သိန်းမြင့်ဦး(ခ)ရဲဘော်ဆိုး။
(၃) ရဲဘော်ချစ်....တို့ဖြစ်ကြသည်။

၁၉၆၇-ခုနှစ် ဇန္နဝါရီလ(၂၆)ရက်နေ့တွင် ဖြစ်လေသည်။

လပြည့်သို့၏ အအေးဓာတ်သည် ခိုက်ခိုက်တုန်မျှပင်ဖြစ်၏။ မြောက်လေပြေနှင့် ဆီးနှင်းတို့သည် ပဲခူးရိုးမ၏ အနောက်စောင်းရှိ တောင်ညိုတခွင်တွင် မြူရည်လိမ်းသို့ စိမ်းစို၍နေသည်။

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့၏ စခန်းချရာသည် တောင်ကျောတလျှောက်မြေကြီးပေါ်တွင်ပင်ဖြစ်၏။ အခင်း အကာဟူ၍မရှိ၊ မြေကြီးပေါ်တွင်သာ အင်ဖက်ခင်း၍နေကြရ၏။ အိပ်ကြရ၏။ ဆွေးနွေးပွဲများ ဟောပြောချက်များကိုလည်းမြေကြီးပေါ်တွင်သာ ပြုလုပ်ရလေသည်။

ဗိုလ်ထွန်းငြိမ်းသည် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့အတွက် ရေရှည်လေ့လာရေးစီမံကိန်းတရပ်ကိုလည်း ဤသို့တင်ပြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စီမံကိန်း

"ရုပ်ဘဝနဲ့ပတ်ဝန်းကျင်အခြေအနေရဲ့ထူးခြားချက်"

(၁) ရည်ရွယ်ချက် မူလစီမံကိန်း၏ တောင်းဆိုချက်အရ (ရည်ရွယ်ချက်နှစ်ချက်။)

(က) ၆၄-လမ်းစဉ်၏ စိတ်ဓာတ်"စစ်အနိုင်တိုက်ရေး၊အာဏာသိမ်းရေး"တဆင့်တိုး ဆုတ်ကိုင်နိုင်ရန်။

(ခ) တည်ဆောက်ရေး၏ လူတန်းစား အုတ်မြစ်ချမှတ်ရန် (အလှည့်အပြောင်း တာဝန်)။

– ရုပ်တည်မှုအသိ မြင့်မားတဲ့ တိုက်ခိုက်ရေးစိတ်ဓာတ်မြှင့်တင်ခြင်း။

– ရန်/ငါ(ရန်သူ၊ မိမိ)စည်းတားခြင်း။

– ရုပ်တည်မှုနေရာယူခြင်း။

– အတွေးအခေါ်နှစ်ရပ်။

(၂) လေ့လာရေးလမ်းညွှန်။

(က) နဲ-ကောင်း(နဲပြီးကောင်းရမယ်။)

(ခ) ပစ်ကွင်းရှိစွာ မြားပစ်ခြင်း။

(၃) ပညာရေးအပိုင်း။

(က) ဗမာသမိုင်းလေ့လာရေး။

- ဗမာပြည်တည်နေပုံ။

– စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊လူမှုရေး (စည်းရုံးရေး၊ နိုင်ငံရေး၊ စစ်ရေး။)

– ၆၄-နိုင်ငံရေးလမ်းစဉ်အမြင်ချဲ့ရန်။

– ပဒေသရာဇ်လူ့အဖွဲ့အစည်းမှ ကိုလိုနီ၊ ကိုလိုနီတပိုင်း။ တိုင်းပြည်အဖြစ်ပြောင်းလဲတဲ့ သမိုင်းဖြစ်စဉ်။

(ခ) သမိုင်းအား နှစ်ပိုင်းပေါင်းချုပ်ခြင်း။
ယခင်..........ယခု။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ဂ) တောင်းဆိုချက်။

— မှော်ကစ်လီနင်ဝါဒ၏ သမိုင်းရုပ်ဝါဒ အမြင်အရ ကြည့်ခြင်း။ ရုပ်တည်မှု၊ အမြင်၊ နည်းနာ စိုက်ထူရန်။

(ဃ) တိမ်းစောင်းမှု။

— ရောမ၊ခေါမအကြောင်းပြောပြီး ဗမာ တော်လှန်ရေးသမားများက ဗမာအကြောင်းမသိခြင်း။

— ယခင် ခေတ် ငါးခေတ်ပြော၊ ယခုခေတ် အကြောင်းမပြော။

(၄) ဖြေရှင်းရမဲ့ပြဿနာ။

(၁) ယခင်ဘိုးဘွားများဘဝ (ချစ်ခင်စရာကောင်းတဲ့ တိုင်းပြည်။)

(၂) တိုင်းပြည်ချစ်ဝါဒ၊ နိုင်ငံတကာဝါဒ၊ ဆက်စပ်မှု (ရပ်တည်ချက်၊ အမြင်၊ နည်းနာ) တဆင့်တိုး နေရာယူစေခြင်း။

(၃) ပါတီသမိုင်း(နှစ်ဖက်အမြင်)။

(၄) လွတ်လပ်ရေးပြဿနာ-
သမိုင်းရုပ်ဝါဒအမြင်။

— အနှစ်သာရ၊ နေရှင်လူတန်းစားကွဲပြားမှု၊ ၎င်းအပေါ် (ရန်သူလား၊ မိတ်ဆွေလား) ၎င်းလူတန်းစား ခေါင်းဆောင်တဲ့နိုင်ငံရေး အာဏာပေါ်သဘောထား၊ တော်လှန်ရေးလုပ်မလား၊ဖျက်သိမ်းမလား။

— ရုပ်ဘဝတော်လှန်စစ်အပေါ် သဘောထား၊ အတွေးအခေါ်လမ်းညွှန်အရလား။

— အတွေးအခေါ် နှစ်ရပ်တိုက်ပွဲ။

— လမ်းစဉ်နှစ်ရပ်တိုက်ပွဲ။

— အနာဂတ်လမ်းကြောင်းနှစ်ရပ် တိုက်ပွဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၅) ယခင်-ယခု သွေးစုတ်မှုနှိုင်းစာ။
- နေဝင်း၏ ကြီး(၆)ကြီး။
- နေဝင်း၏ သမိုင်း။
- မျက်မှောက်သွေးစုတ်မှု။
- ဗမာချန်ကေရှိတ်နေဝင်း "တပါတီအာဏာရှင် ပြည်တွင်းစစ်၊ တိုင်းပြည်ရောင်းစားတဲ့ အမျိုးသား သစ္စာဖောက်။
- လူတန်းစားလက္ခဏာ (ပြူရိုကရက် မြေရှင် စစ်ဗိုလ်ကြီးများက ကိုယ်စားပြု)အာဏာရှင်စနစ်ဖက်ဆစ်အုပ်စိုးမှု။
- စီးပွားရေးလက်ဝါးကြီးအုပ်မှု။
- ပညာရေး၊ ယဉ်ကျေးမှု၊ လူမှုရေးဆုံးဖြတ်ထားခြင်း။
- မျက်နှာဖုံး ဆိုရှယ်လစ်၊ မဆလ-ကျေးလက်(စီးပွားရေး နိုင်ငံရေး၊ လူမှုရေး)ဒေါက်တိုင်။

(လလသသ၊ လအက၊ မယက)။

မြေယာအရင်းရှင်လမ်းကြောင်း။

* လယ်ယာ။

* သစ်တော။

* ပြည်တွင်းစစ်။

(၆) လူတန်းစားတိုက်ပွဲ အမျိုးသားလွတ်မြောက်ရေး ဆက်ဆံမှု ပြဿနာ။

(၇) လှုပ်ရှားမှု လုပ်ခြင်း။
၂၁-ရက် ၌ ပညာရေး။

(၈) ရွေးရေး။
- ဆန်းစစ်ချက်(၃)ချက်။
- ၆၄-၅၅-တိုက်ပွဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

– လက်တွေ့တိုက်ပွဲတာဝန်နဲ့ပေါင်းစပ်ခြင်း။ ဖြေရှင်းရမဲ့ ပြဿနာ။

– အတွေးအခေါ် ခေါင်းဆောင်မှုဖြည့်ရေးအတွက်•

– ကေဒါ(ထွန်းကျော်၊ တင်ဟန်၊ ဘိုးသာ၊ ဘသန်း) ၂-ဖွဲ့

– ပေါင်းစပ် သီးခြားမဖြစ်ရေး။

– လေ့လာရေးကော်မီတီ ဝိုးချဲ့ရေး။"

ဗိုလ်ထွန်းငြိမ်း၏လက်ရေးမူ



မြစ်ဝကျွန်းပေါ် တိုင်းတပ် တည်ဆောက်ရေးစီမံကိန်းမူကြမ်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်မှာ မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးအတွက် ဗိုလ်ထွန်းငြိမ်း ကိုယ်တိုင်ရေးဆွဲ၍ရှင်းလင်းပြသည့်ရေရှည်တည်ဆောက်ရေးစီမံကိန်းပင် ဖြစ်လေ သည်။

ယင်းစီမံ ကိန်းအား ဗိုလ်ထွန်းငြိမ်းသည် မှတ်စု အဖြစ်ဖြင့် ရေးမှတ်ပြီး နောက် အကျယ်တဝင့်ပင် နှုတ်ဖြင့်ရှင်းလင်း၍ တင်ပြလေသည်။

ဤသို့ ရေရှည်တည်ဆောက်ရေး စီမံကိန်းကို ရေးဆွဲ တင်ပြပြီးနောက် စီမံ ကိန်း၏ အစီအစဉ် အတိုင်းပင် ဆက်လက်၍ အကောင်အထည် ဖော်လေ တော့သည်။

× × ×

၁၉၆၇-ခုနှစ်၊ မတ်လ(၁၉) ရက်နေ့တွင်ဖြစ်လေသည်။

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့သည် သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ရေနောက်၊ ရန်ချောင်း၏ရေကြည်ချောင်းဖျားတွင် စခန်းချ၍ ထားလေသည်။

ဗိုလ်ထွန်းငြိမ်းနှင့် ရဲဘော် ထွန်းကျော် (ခ) မောင်စိုးဝင်း (လူထုဦးလှ- ဒေါ်အမာသား) တို့သည် တည်ဆောက်ရေးစီမံကိန်းနှင့် တည်ဆောက်ရေး အတွက် သီးခြားတာဝန်ခန့်ခွဲမှုများတည်ဆောက်ရေး စခန်းချထားရေးများကို အသေးစိတ်ညှိနှိုင်းတင်ပြရန်အတွက် ပြည်ခရိုင်တွင်ရှိသော ဗမာပြည် ကွန်မြူနစ် ပါတီဗဟိုဌာနချုပ်သို့ ခရီးထွက်ခဲ့ရာမှ ၁၉၆၇-ခုနှစ် မတ်လ (၁၉) ရက်နေ့တွင် ပြန်လည်၍ရောက်ရှိခဲ့ကြလေသည်။

ဗိုလ်ထွန်းငြိမ်းသည် ဗဟိုဌာနချုပ်မှ ပြန်လည်၍ ရောက်လျှင်ရောက်ခြင်းပင် ဗဟိုကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင် အဖွဲ့၏ ညွှန်ကြားချက်များနှင့် သဘောထားများကို တိုက်တိုင်းအောင် တပ်ဖွဲ့ နိုင်ငံရေးမှူး ရဲဘော်အောင်ကြီးအား တင်ပြ၍ သဘောထား များကို ညှိနှိုင်း ဆွေးနွေးကြသည်။

သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ဗိုလ်ထွန်း ငြိမ်းအား တိုက်တိုင်းအောင်တပ်ဖွဲ့နှင့် ပတ်သက်၍လည်းကောင်း၊ မြစ်ဝကျွန်း ပေါ်တိုင်းတည်ဆောက်ရေးတပ်ဖွဲ့နှင့် ပတ်သက်၍လည်းကောင်း၊ လတ်တလော သဘောထားများကို ပေးလိုက်၏။ နောက်ဆုံးညွှန်ကြားချက်ကိုလည်းပေးလိုက် လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၁) ရဲဘော်အောင်ကြီးအား ဗဟိုဌာနချုပ်သို့ပြန်လွှတ်၍ ကျန်းမာရေးအတွက်အနားယူစေရန်။

(၂) တိုက်တိုင်းအောင်တပ်ဖွဲ့အား ရဲဘော် အောင်ငြိမ်း (ခ)အောင်သိန်းနှင့် ဗိုလ်တင်ရှိန်တို့အားခေါင်းဆောင်စေ၍ တိုက်ခိုက်ရေးတာဝန်များကို ထမ်းဆောင်စေရန်။

(၃) ဗိုလ်ထွန်းငြိမ်းကိုမူ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့အား လုံးဝလွတ်ကျွတ်စွာပင် အဆုံးတိုင် တည်ဆောက်သွားရန်စသည်တို့ဖြစ်သည်။

ထိုအချိန်တွင် ရဲဘော်အောင်ကြီးနှင့် ဗိုလ်ထွန်းငြိမ်း တို့မှာလည်း မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးနှင့် ပတ်သက်၍ သဘောကွဲလွဲ၍နေကြ၏။ မတူသော အမြင်ကြောင့် ခြားနားသော နည်းနာများပင် ပေါ်လွင် နေ၏။ ထင်ရှားနေ၏။ ထူးထူးခြားခြားပင် ပေါ်လွင်၍လာလေတော့သည်။

ရဲဘော်အောင်ကြီး၏ သဘောထားမှာ ဤသို့ဖြစ်လေသည်။

"မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့ကိုလူတန်းစားအသိမြှင့်တင်ရေး လှုပ်ရှားမှု ဖြင့်ဘဲ ဘဝ ဟစ်တိုင် လှုပ်ရှားမှုကို အနိမ့်ဆင့်အဖြစ်နဲ့ တည်ဆောက်ပြီး ဖြစ်တယ်။ ဒါကြောင့် တိုက် တိုင်း အောင်တပ်ဖွဲ့နဲ့ တွဲထားဖို့လိုတယ်။ အခုဆိုရင် တိုက်တိုင်းအောင် တပ်ဖွဲ့နဲ့ မြစ်ဝ ကျွန်းပေါ်တိုင်း တပ်ဖွဲ့တို့ကို လူနဲ့ လက်နက်ကိုလဲ ပေါင်းစည်းထားပြီး ဖြစ်တယ်။ ဒါဟာ သာလွန်တဲ့ အင်အားကို ရတာ ဖြစ်တယ်။ အခုရှိနေတဲ့ သာလွန်တဲ့အင်အားနဲ့ ရန်သူကို ချေမှုန်းရေး တိုက်ပွဲ များများရအောင် တိုက်ခိုက်သွားရမယ်။ တည်ဆောက်ရေးက သတ်သတ်၊ ချေမှုန်းရေး တိုက်ပွဲက သတ်သတ်ဆိုပြီး ခွဲခြားရင် မမှန်ဘူး။ အဓိကကတော့ ချေမှုန်းရေးတိုက်ပွဲတွေတိုက်ဖို့ပဲ...."။

ထို့ကြောင့် ရဲဘော်အောင်ကြီး သဘောထားမှာမူ "ချေမှုန်းရေး တိုက်ပွဲသည်သာ "အဓိက"နှင့်"အခြေခံ"ဟူ၍ဖြစ်လေသည်။

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့၏တာဝန်ခံ ဗိုလ်ထွန်းငြိမ်း၏ သဘောထားမှာမူ ဤသို့ဖြစ်သည်။

"မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့ဟာ လူတန်းစားအသိ မြှင့်တင်ရေး လှုပ်ရှားမှု(ဘဝဟစ်တိုင်လှုပ်ရှားမှု) ကိုဖြတ်သန်းခဲ့ပြီးဖြစ်ပေမဲ့-

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၁) တိုက်တိုင်းအောင်တပ်ဖွဲ့နဲ့ အတွေးအခေါ် ညီညွတ်မှုဟာ မရှိသေးပါဘူး။

(၂) မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့ အတွင်း မှာပဲ တပ်စိတ် တစိတ်နဲ့ တစိတ်ဟာလဲ အတွေးအခေါ်ညီညွတ်မှု မရှိသေးဘူး။

(၃) မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့ရဲ့ပါတီခွဲ ကော်မီတီကိုယ်တိုင်ကိုက မိမိတပ်ဖွဲ့ကို နိုင်ငံရေးအရ၊ အတွေးအခေါ် အရ ခေါင်းဆောင်မှုကိုမပေးနိုင်သေးဘူး။

ဒီအခြေအနေတွေအရ

(က) တိုက်တိုင်းအောင်တပ်ဖွဲ့နဲ့ မြစ်ဝကျွန်းပေါ် တိုင်းတည်ဆောက်ရေး တပ်ဖွဲ့တို့ဟာ စည်းရုံးရေးအရ လူနဲ့လက်နက်ပေါင်းထားပေမဲ့ အတွေးအခေါ် ဖြစ်စဉ်မှာ မတူညီတဲ့အတွက် သာလွန်တဲ့အင်အားဖြစ်ပြီးတော့ ရန်သူကိုချေမှုန်းနိုင်မယ်ဆိုတာကို မယုံကြည်ဘူး။ လုံးဝကို မယုံကြည်ဘူး။ ဖြစ်လဲလုံးဝကိုမဖြစ်နိုင်ဘူး။

(ခ) မြစ်ဝကျွန်းပေါ် တိုင်းတည်ဆောက်ရေးတပ်ဖွဲ့ရဲ့ ဖြတ်သန်းခဲ့တဲ့သမိုင်းဖြစ်စဉ်အရ အဆင့်မြင့်တဲ့တည်ဆောက်ရေးကို ပေးဖို့လိုသေးတယ်။ အဲ့ဒီ အဆင့်မြင့်တဲ့ တည်ဆောက်ရေးကိုပေးပြီးမှသာ တိုက်တိုင်းအောင်တပ်ဖွဲ့နဲ့ နိုင်ငံရေးအရ၊ အတွေးအခေါ်အရ၊ စည်းရုံးရေးအရပါ တစည်းတလုံးထဲဖြစ်နိုင်မယ်လို့ ယုံကြည်တယ်။အဲ့ဒီလိုဖြစ်မှသာ တော်လှန်တဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့ရဲ့ အထူးတာဝန်ဖြစ်တဲ့ မြစ်ဝကျွန်းပေါ်တိုင်းရဲ့ သမိုင်းအလှည့်အပြောင်းတာဝန်ကို ကျေပွန်မယ်လို့ပဲ လုံးဝ ယုံကြည်တယ်။"

ထို့ကြောင့် ဗိုလ်ထွန်းငြိမ်း၏သဘောထားမှာမူ အဆင့်မြင့် တည်ဆောက်ရေးသည်သာ "အဓိက"နှင့် "အခြေခံ"ဟူ၍ဖြစ်သည်။

နောက်ဆုံးတွင် ဗဟိုကော်မီတီ ဥက္ကဋ္ဌ သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင် အဖွဲ့သည် ဗိုလ်ထွန်းငြိမ်း၏ သဘောထားနှင့် ထပ်တူ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထပ်မျှပင် ဖြစ်၏။ လုံးဝပင် လက်ခံ၍လည်း အတည်ပြုလိုက်၏၊ ထို့ကြောင့် ဗိုလ်ထွန်းငြိမ်းတင်ပြချက်ဖြစ်သော သဘောထားအရ၊ တိုက်တိုင်းအောင် တပ်ဖွဲ့နှင့် မြစ်ဝ ကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့တို့အား ညွှန်ကြားချက်များပင်ပေးလိုက်လေသည်။

သို့ဖြစ်၍ ယင်းညွှန်ကြားချက်များအရ ရဲဘော်အောင်ကြီးသည် ၁၉၆၈-ခုနှစ် မတ်လ (၂၁) ရက်နေ့တွင် ဗဟိုဌာနချုပ်သို့ ခရီးထွက်ခွာခဲ့လေသည်။

ရဲဘော်အောင်ကြီးသည် ဗဟိုဌာနချုပ်သို့ ခရီးထွက်ခွာခြင်းမပြုမီပင်မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးအတွက် ဗိုလ်ထွန်းငြိမ်းအားကူညီရန် အလုပ်အဖွဲ့တဖွဲ့ကိုပင် ဖွဲ့စည်းရန် သဘောတူခဲ့၏။ ယင်း အလုပ်အဖွဲ့တွင် ပါဝင်ကြရမည့်သူများကိုပင် ရွေးချယ်၍ ပေးခဲ့၏။ ထိုအလုပ်အဖွဲ့တွင် ရဲဘော်(၄)ဦးပါဝင်လေသည်။

(၁) ရဲဘော် ဘသန်း (ခ) သိန်းထွန်း (ရန်ကုန်တက္ကသိုလ် ကျောင်းသား တပ်ဦးခေါင်းဆောင်)။

(၂) ရဲဘော်ထွန်းကျော်(ခ) စိုးဝင်း (လူထုဦးလှ-ဒေါ်အမာသား)။

(၃) ရဲဘော်ဘိုးသာ (ခ) ကျော်ခင် (ရန်ကုန်တက္ကသိုလ် ကျောင်းသားတပ်ဦးခေါင်းဆောင်)။

(၄) ရဲဘော် တင်ဟန် (ခ) အောင်သိန်းနိုင် (ဗိုလ်ရန်အောင်၏တူ) တို့ဖြစ်သည်။

ထို့ပြင် ရန်ကုန်တက္ကသိုလ်မှ တောခိုလာသည့် ရန်ကုန်တက္ကသိုလ် ကျောင်းသားတပ်ဦး ခေါင်းဆောင် တဦးဖြစ်သော ရဲဘော် ခင်ဝင်း (ခ) စိုးမြင့်နှင့် ၁၉၆၇-ခုနှစ် ဇူလိုင်လတွင် လုပ်သားကောလိပ်မှပင် တောခိုလာသော ရဲဘော်သက်မောင် (ခ) စိုးမြင့်တို့ကိုလည်း မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတွင် တက်ရောက်စေခဲ့၏။ ယင်း ရဲ ဘော်နှစ်ဦးအား လည်း နိုင်ငံရေးအရ၊ အတွေးအခေါ်အရ၊ စည်းရုံးရေးအရ၊ ဘက်ပေါင်းစုံမှ လေ့ကျင့် မွေးမြူရန်အတွက် ရဲဘော်အောင်ကြီး၏သဘောထားနှင့် သဘောတူညီချက်အရ တက်ရောက်ခွင့်ပြုခဲ့ခြင်းဖြစ်လေသည်။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၈-ခုနှစ် မတ်လ(၂၀) ရက်နေ့တွင်ဖြစ်လေသည်။

ဗိုလ်ထွန်းငြိမ်း ခေါင်းဆောင်သော မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့သည် ပဲခူးရိုးမ၏တောင်ထိပ်တခုဖြစ်သော ကန်ဘလူတောင်ကို ဖြတ်ကျော်၍ ပဲခူးရိုးမ၏အရှေ့ခြမ်းသို့စတင်၍ ခရီးထွက်ခဲ့ကြလေသည်။

ယင်းတပ်ဖွဲ့တွင်တပ်ဖွဲ့ဝင်ကိုးမှာ (၁၀၀) ကျော် ပါဝင်၏။ ထို့ကြောင့် ခရီးချီတက်နေစဉ်၌ပင် တည်ဆောက်ရေး၏ လုပ်ငန်းစဉ်တရပ်ကို ဗိုလ်ထွန်းငြိမ်းသည် ချမှတ်၍ပေး၏။ ယင်းလုပ်ငန်းစဉ်မှာ....

(၁) လုံခြုံရေးကောင်းမွန်ရမည်။

(၂) လေ့လာရေးကောင်းမွန်ရမည်။

(၃) နေထိုင်မှုဘဝကောင်းမွန်ရမည်....ဟူ၍ဖြစ်သည်။

နောက်ဆုံးတွင်မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးတပ်ဖွဲ့သည် ၁၉၆၈ ခုနှစ်၊ ဧပြီလ (၅)ရက်နေ့တွင် တောင်ငူခရိုင်နှင့် ပဲခူးခရိုင် နယ်စပ်တွင် ရှိသော ကွင်းချောင်း၏ တောင်ဘက်ကမ်း မိုးပုန်းရွာအနီးရှိ ရေအေးမြောင်၌ စခန်းချ၍ ထားလိုက်လေတော့သည်။

ဗိုလ်ထွန်းငြိမ်းသည် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့အား လက်တွေ့ အခိုင်အမာ တည်ဆောက်ရန် အတွက် တည်ဆောက်ရေးစီမံကိန်း တရပ်ကို ရေးဆွဲထားပြီးဖြစ်၏။ ယင်းစီမံကိန်းတွင် အပိုင်းကြီး (၄) ပိုင်းကို ခွဲခြား၍ထားလေသည်။

(၁) ဘဝဟစ်တိုင်လှုပ်ရှားမှု။

(၂) ဒီမိုကရေစီလှုပ်ရှားမှု။

(၃) ပြန်လည်ပြင်ဆင်ရေးသမားစိုးသန်း ချေမှုန်းရေးလှုပ်ရှားမှု။

(၄) ရွှေရေးအမိန့်ဌာနချမှတ်ချက်....စသည်တို့ဖြစ်လေသည်။

ဗိုလ်ထွန်းငြိမ်းသည် စီမံကိန်း အတိုင်းပင် အကောင်အထည် ဖော်၍ နေလေသည်။

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့ဝင်တို့သည် ဗိုလ်ထွန်းငြိမ်း၏ ဟောပြောချက်များကိုကြားရလေ၊ တက်ကြွလေဖြစ်နေကြ၏။ ဗိုလ်ထွန်းငြိမ်းသည်ဗမာပြည်တွင် မာ့က်စ်လီနင်ဝါဒနှင့် မော်စီတုံး အတွေးအခေါ်၌ အပိုင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နိုင်ဆုံးသောပုဂ္ဂိုလ်အဖြစ် မြင်တွေ့ လာကြ၏။ ယုံကြည်လာကြ၏၊ အကြွင်းမဲ့ အားကိုးလာကြ၏။ ထို့နောက်တွင် ကိုးကွယ်၍ပင်လာကြလေသည်။

နောက်ဆုံးတွင် ဗိုလ်ထွန်းငြိမ်းအား ဗမာပြည်၏ တဦးတည်းသော "လင်ပြောင်"ဖြစ်သည်ဟုပင် ဖော်ထုတ်လာကြလေတော့သည်။

(မှတ်ချက်။ ။"လင်ပြောင်"ဆိုသည်မှာ နောက်ဆုံးတရုပ်ပြည် မဟာယဉ် ကျေးမှု တော်လှန်ရေးတွင် မော်စီတုံး အတွေး အခေါ်အား အပိုင်နိုင်ဆုံး ကိုယ်စားပြုနိုင်သူ အဖြစ်ဖြင့် မော်စီတုံးက အသိ အမှတ်ပြုခံရသူဖြစ်သည်။ ထို့အတူ ယနေ့ဗမာပြည်တွင်လည်း မော်စီတုံးအတွေးအခေါ်ကို လုံးဝ ကိုယ်စားပြုနိုင်သောသူမှာ လည်း ဗိုလ်ထွန်းငြိမ်းပင်ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ စာရေးသူ။)

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့ဝင်တို့သည် ဗိုလ်ထွန်းငြိမ်း အား "ဗိုလ်မှူး၊ဗိုလ်မှူး"နှင့်ပင် နှုတ်ဖျား၌ သီးနေကြ၏။ ထို့ပြင် "ကြည်ညို စရာကောင်းတဲ့အဘိုးကြီး"ဟူ၍လည်း အချင်းချင်းပြောဆိုကြသည်။

အချို့ ရဲဘော်များသည် ဗိုလ်ထွန်းငြိမ်း၏ မာဆတ်ဆတ်၊ ဇောက်တောက် တောက်၊ ပြတ်တောင်းတောင်း စကားပြောနည်း၊ ဗိုလ်ထွန်းငြိမ်း၏ ဆေးတန် ခဲနည်း၊ ဗိုလ်ထွန်းငြိမ်းခေါင်းရမ်းနည်းနှင့် လှုပ်ရှားမှုအမူအရာများကိုပင် အတု ခိုး၍လေ့ကျင့်နေကြ၏။ "ဗိုလ်ထွန်းငြိမ်းကလေး"များပင် ဖြစ်နေကြလေသည်။

ရဲဘော်များနည်းတူပင် အမျိုးသမီးများကလည်း ဗိုလ်ထွန်းငြိမ်း၏ အမူ အရာနှင့်ဟန်ပန်တို့ကိုပင် အတုခိုး၍လုပ်နေကြ၏။ ယင်းအမျိုးသမီး များသည် လည်း "ဗိုလ်ထွန်းငြိမ်းမကလေး"များပင်ဖြစ်နေကြတော့သည်။

အထူးသဖြင့်မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့၏ ဦးစီးပါတီ ကော်မီတီအဖွဲ့ဝင်နှင့် အမျိုးသမီးကေဒါတပ်ဖွဲ့၏ ခေါင်းဆောင် ဖြစ်သော ရဲဘော်မညွန့်ညွန့်သည် ဗိုလ်ထွန်းငြိမ်း၏ အတွင်းရေးမှူးဖြစ်နေတော့၏။ တရား ဝင်တာဝန်ပေးထားသော အတွင်းရေးမှူးကား မဟုတ်ချေ။ ရဲဘော်မညွန့်ညွန့် ၏ ဆန္ဒနှင့် ခံယူမှုအရ တာဝန်ယူ၍ ပြုစုနေခြင်းဖြစ်လေသည်။

ဗိုလ်ထွန်းငြိမ်း၏ စားရေး သောက်ရေးနှင့် နေထိုင်ရေးတို့ကို ရဲဘော်မညွန့် ညွန့်နှင့် အမျိုးသမီးတပ်ဖွဲ့မှ တာဝန်ယူ၍ထား၏။ ဗိုလ်ထွန်းငြိမ်း ကြိုက်တတ် သည်များကိုပင် ကြိုတင်စုဆောင်း၍ စီစဉ်ပေးကြ၏။ နောက်ဆုံးတွင် ဗိုလ် ထွန်းငြိမ်းအား အညောင်းအညာပြေစေရန်အတွက် ရဲဘော်မညွန့်ညွန့်ကိုယ်တိုင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပင် နင်းပေး၏။ နိုပ်ပေး၏။ ကြာလတ်သော် ဂရုတစိုက်ကိုယ်ဖိရင်ဖိပြုစု နေလေတော့သည်။

"ဗိုလ်မှူးခေါင်းကြီးကစုတ်ဖွားဖွားကြီးနဲ့ကြည့်မကောင်းဘူး။ခေါင်းဖြီးပါအုံး"ဟုဆိုကာ ဘီးကိုယူ၍ပေး၏။ အုန်းဆီလည်း ရှာပေး၏။ ခေါင်းလိမ်းဆီကိုပင်ရှာ၍ပေး၏။ မိမိတို့စုဆောင်းထားသော ပေါင်ဒါဘူးကိုပင် "ဗိုလ်မှူးအားလှူးစေချင်လို့"ဟု ဆိုကာ လာရောက်ပေးကြလေသည်။

ထို့ပြင် "ဗိုလ်မှူးနဲ့ကချင်လုံချည်မှလိုက်တာ" ဟုဆိုကာ ဗိုလ်ထွန်းငြိမ်း၀တ်ဆင်ရန်အတွက် အမဲနှင့်အစိမ်းကို ဖောက်ထားသည့်ကချင်လုံချည်အကွက်ကြားကြီးကိုပင် ရှာ၍ပေးကြသည်။

ဗိုလ်ထွန်းငြိမ်း၏ ဆံပင်သည် ပြောင်ရှိလာ၏။ကျော့၍လာ၏။သပ်သပ် ယပ်ယပ်ပင် ဖြစ်လာလေတော့သည်။

ဗိုလ်ထွန်းငြိမ်းသည် ကချင်လုံချည်ကိုလည်း ခါးမှပင် မချွတ်တော့ချေ။ အမြတ်တနိုးပင် ၀တ်ဆင်၍နေတော့သည်။

မြစ်၀ကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့သည် ပို၍ပို၍ စုစည်းလာတော့၏။ ဗိုလ်ထွန်းငြိမ်းကိုသာ မဏ္ဍိုင်ပြုလျက်အားကိုး လာကြ၏။ "ဗိုလ်မှူးသည်သာအရာရာ"ဖြစ်လာတော့သည်။

ဗိုလ်ထွန်းငြိမ်းသည် မြစ်၀ကျွန်းပေါ်တိုင်း တည်ဆောက်ရေးအတွက် စီမံကိန်းကို အလုပ်အဖွဲ့မှတဆင့်သာ အကောင်အထည်ဖော်လေသည်။

ဗိုလ်ထွန်းငြိမ်း၏ အလုပ်အဖွဲ့သည် အလွန်ပင်အားကောင်း၏။ဘက်စုံ၏။စိတ်ချရ၏။ ထို့ကြောင့်ပင် ဗိုလ်ထွန်းငြိမ်းသည် အလုပ်အဖွဲ့အား အစစအရာရာပင် လွှဲအပ်၍ထား၏။ ထို့အတူပင် အလုပ်အဖွဲ့ကလည်း ဗိုလ်ထွန်းငြိမ်းနှင့် ပတ်သက်၍ အကြွင်းမဲ့ယုံကြည်ကြ၏။ အားကိုးကြ၏။ သို့ဖြစ်၍ဗိုလ်ထွန်းငြိမ်း၏ အရှိန်နှင့်ဩဇာကို အစွမ်းကုန်ပင်တင်မြှောက်၍ ဂုဏ်ပြုနေကြ၏။ ယင်းသို့ဖြင့် ဗိုလ်ထွန်းငြိမ်းနှင့် တည်ဆောက်ရေးတပ်ဖွဲ့၏ မဟာပေါင်းကူး တံတားသည် အလုပ်အဖွဲ့ပင်ဖြစ်လေတော့သည်။

နောက်ပိုင်းတွင် ဗိုလ်ထွန်းငြိမ်းသည် အလုပ်အဖွဲ့၌ (၄) ဦးဖြစ်သော...

(၁) ရဲဘော်ဘသန်း (ခ) သိန်းထွန်း။

(၂) ရဲဘော်ဘိုးသာ(ခ)ကျော်ခင်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃) ရဲဘော်ထွန်းကျော် (ခ)စိုးဝင်း။

(၄) ရဲဘော်တင်ဟန် (ခ)အောင်သိန်းနိုင် တို့အပြင် ရဲဘော်ခင်ဝင်း (ခ)စိုးမြင့်ကိုလည်း ထပ်မံ၍တိုးမြှင့်လိုက်၏။ အလုပ်အဖွဲ့သို့ (၅)ဦးဖြစ်၍ သွားတော့သည်။

ယင်းအလုပ်အဖွဲ့သည် ဗိုလ်ထွန်းငြိမ်း၏ စီမံကိန်းနှင့် ပေါ်လစီ များကို အတက်ကြွဆုံးနှင့် အအောင်မြင်ဆုံး အကောင်အထည် ဖော်နိုင်သူများ ဖြစ်သည်။

ဗိုလ်ထွန်းငြိမ်းနှင့်အလုပ်အဖွဲ့သည် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး စီမံကိန်းကို ဆက်လက်၍ အဆင့်လိုက် အဆင့်လိုက်ပင် ခေါင်းဆောင် နေကြလေသည်။

"ပါတီ၏မှန်ကန်သော ခေါင်းဆောင်မှု စိုက်ထုရေးလှုပ်ရှားမှု" အပြီးတွင် အောင်ပွဲအထိမ်းအမှတ်အဖြစ် "သံမဏိ" ဟူသော အမည်ဖြင့် နံရံကပ် **စာ** စောင်ကိုပင်ထုတ်လိုက်သည်။

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့၌ ဒုတိယလှုပ်ရှားမှုဖြစ်သော ဒီမိုကရေစီလှုပ်ရှားမှုတွင် ရဲဘော်မညွန့်ညွန့်သည် ဤသို့တင်ပြလေသည်။

"ယခုမြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးကို ဗိုလ်မှူးကိုယ်တိုင် အားစိုက်ခွန်စိုက်နဲ့ မနားမနေ ခေါင်းဆောင်မှုပေးပြီး တည်ဆောက်ပေးတဲ့အတွက်၊ ကျမရဲ့တသက်တာမှာ အပျော်ရွှင်ဆုံး ဖြစ်ပါတယ်။ ကျမရဲ့ ဘဝတလျှောက်မှာနဲ့ တော်လှန်ရေးသမိုင်း တလျှောက်မှာ၊ မတွေ့ဘူး မရဘူးတဲ့အလှည့် အပြောင်းတွေကိုလဲ ဗိုလ်မှူးဆီက ရရှိခဲ့ပါတယ်။

ကျမရဲ့အရင်းခံအနွယ်က မြေရှင်၊ ဗိုဇကခနရှင်ပေါက်စ ဖြစ်တယ်။

ဒီလူတန်းစားအပေါ်ကနေပြီး တိုက်ပွဲပြင်းတာကို ကြောက်တယ်။ ပီးအောင်မတိုက်လိုဘူး။ ကိုယ်ကျိုး ကြည့်တယ်။ နောက်မီး ဆွဲတယ်။ အပင်ပန်းခံပြီးတော့ မလုံးပမ်းလိုဘူး။ ဒါ့အပြင် မိမိကိုယ်ကိုလဲ အားငယ်မှုတခုရှိတယ်။

အဲ့ဒါက ကိုယ်ရေးကိစ္စဖြစ်တဲ့ ပါတီတွင်းမှာ လူမှုရေးပြဿနာဟာ အတိုင်းအတာတခုအထိ ကျူးလွန်မှုရှိခဲ့တယ်။ ဒါ့အတွက် ငါဟာရွှေ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြေး ထွက်လိုက်ရင် ငါ့အပေါ်မှာ ယုံကြည်ချက် ရှိကြပါ့မလား။ ထိပ်တိုက်များ ဝင်တိုးကြမလားနဲ့ တထိတ်ထိတ် ဖြစ်ခဲ့တယ်။

မှားယွင်းတဲ့ ကိစ္စတွေအပေါ် သတ္တိထွက်မလာဘူး။ အခုတော့ ဒါကို သဲသဲကွဲကွဲမြင်လာတယ်။ ဒါကြောင့် ရှေ့ရေးမှာ တင်စရာ ရှိတာလဲ ပိုင်းဖြတ်ချက် ချလိုက်ပြီ ဖြစ်တယ်။

ကနေ့ကြီးမားတဲ့ အတားအဆီး ကြားက သမိုင်းအလှည့်အပြောင်း တာဝန်ကို ရှေ့တန်းက ထမ်းဆောင်နိုင်အောင် ဆိုရင်ပါတီဝင်တယောက် အနေနဲ့ အမြဲတက်ကြွနိုးကြားပြီးတော့ မှားယွင်းတဲ့အရာ မှန်သမျှကို ပြီးဆုံးအောင်တိုက်ရမယ်။ ဒါကို တနေ့ချင်း ဒီမှာမွေးမြူပြီး အဆက်မပြတ် ဆုတ်ကိုင်နိုင်အောင် တိုတောင်းတဲ့ တည်ဆောက်ရေးအတွင်းမှာ အမြန်ဆုံးလုံးပမ်းမယ်။

နောက်ပြီးတော့ ဟသ်ာတမှာရှိတဲ့ ကျမမိဘအိမ်မှာ ဝှ ထားတဲ့ ကွန်မြူနစ်မျိုးဆက်ဖြစ်တဲ့ ကျမသားကိုလဲ ပါတီကို ပြန်အပ်ပါ့မယ်။ ကျမသားအတွက် ပါတီကပေးနေတဲ့ ထောက်ပန့်ကြေးကိုလဲ ကျမ မယူတော့ဘူး။ ပါတီကိုပဲ လှူလိုက်တယ်။

ကျမတို့မိသားစုကိုရော ကျမကိုရော ဩဇာ ညောင်းပြီး တော့ ပျက်စီးရာပျက်စီးကြောင်းလုပ်ခဲ့တဲ့ ပြန်လည်ပြင်ဆင်ရေးသမား သစ္စာ ဖောက် အောင်မင်းကိုလဲ ကျမကိုယ်တိုင် လည်ချောင်းသွေး ဖောက် ပြီးတော့ ခြေနဲ့ဆေးမယ်”။

ရဲဘော်မညွန့်ညွန့်၏ လက်ရေးမူ



ဝိုင်ကစရိုဗီလှုပ်ရှားမှုတွင် မညွန့်ညွန့်၏ တပ်ပြချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(မှတ်ချက်။ ။ ဗိုလ်အောင်မင်းမှာ ဗမာပြည် ကွန်မြူနစ်ပါတီ မြစ်ဖျားဒေသ တိုင်း ကော်မီတီဖြစ်ပြီး ၁၉၆၂-ခုနှစ်တွင် အလင်းသို့ ဝင် ရောက်ခဲ့သူဖြစ်ပါသည်။ ယခုကုန်သွယ်ရေး(၁၉)တွင် တာ ဝန် ထမ်းဆောင်နေသူ ဖြစ်ပါသည်။ စာရေးသူ။)

ဤသည်မှာ ရဲဘော်မည္ဍန့်ညွှန့်၏ တင်ပြချက်ဖြစ်၏။ ရဲဘော် မည္ဍန့်ညွှန့် သည် "ရန်သူကို ဂလဲ့စားချေကိုချေရမည်"ဟူသော မျက်နှာထားနှင့်ပြောနေ ၏။ တင်းနေ၏။ မာနေ၏။ သို့ရာတွင် ရဲဘော်မည္ဍန့်ညွှန့်၏ တင်းမာသော မျက် နှာထားနှင့်အမူအရာသည် ကြမ်းတမ်း၍ ခက်ထန်ခြင်းကား မရှိချေ။

ဗိုလ်ထွန်းငြိမ်းသည် ရဲဘော်မည္ဍန့်ညွှန့်အား စူးစူးစိုက်စိုက်ပင် ကြည့်နေ၏၊ မျက်တောင်ပင် မခတ်ချေ။ ထို့နောက်သက်ပြင်းကိုမူ ဖြေးညှင်းစွာပင် ချလိုက် လေသည်။

ရဲဘော်မည္ဍန့်ညွှန့်သည် ဟသ်ာတမြို့မှ ဖြစ်၏။ ၁၉၄၆-ခုနှစ် နောက်ပိုင်း တွင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် အဆက်အသွယ်ရခဲ့၏။ ၁၉၄၈-ခုနှစ်နောက် ပိုင်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့၏။ ၁၉၆၆-ခုနှစ်တွင် ကျ ဆုံးခဲ့သော ဗိုလ်ညိုအေး(ခ)ကိုလှကြည်၏ဇနီးဖြစ်၏။အသက်မှာမူ(၃၈)နှစ်ခန့် ရှိပြီ ဖြစ်၏။ရဲဘော်မည္ဍန့်ညွှန့်သည် ရုပ်ရည်လှပသူဖြစ်၏။ သွက်လက်၍ ချက် ခြာ သောအမျိုးသမီး တဦးလည်းဖြစ်လေသည်။

× × ×

၁၉၆၈-ခုနှစ် ဧပြီလ(၂၀)ရက်နေ့တွင် ဖြစ်လေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် မြစ်ဝ ကျွန်းပေါ်တိုင်း တည် ဆောက်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ ယင်း၏တည်ဆောက်ရေးတာဝန်ခံ ဗိုလ်ထွန်းငြိမ်းအပါအဝင် အလုပ်အဖွဲ့နှင့် ပတ်သက်၍လည်းကောင်း အစီရင် ခံစာများတင်ပြချက်များမှာ ရောက်ရှိ၍နေလေသည်။

အထူးသဖြင့် ရဲဘော်မြမောင် (ရဲဘော်တင်ထွန်း၊ ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ သမဂ္ဂအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးဟောင်း)၏ တော် လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် သခင်ချစ်ထံသို့ တင်ပြသည့်အစီရင် ခံစာ သည်အထူးပင် ဂယက်ရိုက်လျက် နေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ဆရာခင်များ။

ဒီအခြေအနေများနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ထိတွေ့ရတဲ့အခြေအနေများ အစီရင်ခံပါတယ်။

၁။ လုပ်ငန်းများနဲ့ လူထုအတွေ့အကြုံများ ကိုယ်တွေ့၊ ရဲဘော်ထွန်းသာနဲ့ ရဲဘော်ထွန်းမြင့်ရေးပါလိမ့်မယ်။

၂။ ကျွန်တော်အမိက အစီရင်ခံလိုတာကတော့၊ ဒီကတပ် အခြေအနေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ထပ်မံ ထိတွေ့ချက်များ ဖြစ်ပါတယ်။ ဦးခိုင်နဲ့တုန်းကတော့ ဒီက အခြေ အနေ အကြမ်းကိုပဲ ရေးလိုက်နိုင်ပါတယ်။ ခုအချိန်တချို့ နေပြီးတဲ့နောက် ပိုပြီးသိလာတဲ့ အခြေအနေများကို ကျွန်တော်တို့ ထင်မြင်ချက်များနဲ့ပါ အစီရင်ခံလိုပါတယ်။ ထင်မြင်ချက်ဆိုရာမှာခံစားချက်များလဲ ပါပါတယ်။

၃။ ကျွန်တော်တို့ ဒီရောက်ပြီးတဲ့နောက် တည်ဆောက်ရေးတပ်ဖွဲ့နဲ့ တပ်တွေ့ထဲမှာ လေ့လာတဲ့အခါမှာ တည်ဆောက်ရေးရဲဘော်များအခြေအနေနဲ့ တည်ဆောက်ရေးပေါ်မှာ အထူးလေးနက်တာ တွေ့ရပါတယ်။ စိတ်အားထက်သန်ကြပါတယ်။ တည်ဆောက်ရေးကို ဝိုင်းကူနေတဲ့တပ်များ(ခရိုင်တပ်-တပ်စိတ်တစိတ် တိုင်းတပ်စိတ်တစိတ်)ဟာ အမိကရွှေတန်းထွက်ပြီး တိုက်ခိုက်လိုကြဒါရှိပါတယ်။ တဖက်ကလဲ ဝိုင်းပြီးကူညီရတဲ့ တာဝန်ပေါ်မှာလဲ လေးနက်ကြပါတယ်။ ဒီအခြေအနေကတော့ ပေါ်လွင်တဲ့ အခြေအနေဖြစ်ပါတယ်။

၄။ ဒီတဖက်မှာ အယူအဆ ကွဲလွဲချက်တချို့ရှိရာက ဒီကွဲလွဲချက်ဝယက်ဟာ စခန်းထဲမှာ တစုံတရာရိုက်ခတ်နေဒါကိုတွေ့ရပါတယ်။ ဒီကွဲလွဲချက်ကတော့ ကော်မီတီတွင်း ကွဲလွဲချက်ဂယက်ကနေပြီး ဖြစ်ပေါ်နေတဲ့ဂယက်ဖြစ်ပါတယ်။

အယူအဆ ကွဲလွဲချက်မှာ ကျွန်တော်တို့ ဆုပ်ဆုပ်ကိုင်ကိုင်နားလည်ချက်ကတော့ ပြည်သူ့စစ်ပွဲအုတ်မြစ်ချရေး၊ အခြေခံစခန်းခိုင်မာအောင်တည်ဆောက်ရေး၊ တပ်ကို အတွေး အခေါ်အရ တည်ဆောက်ရေး အလေးမထားပဲ ရန်သူ ချေမှုန်းရေးစကား ပြောနေတာဟာ စစ်ရေးသက်သက်အမြင်ဖြစ်တယ်။ ၄၂-ရွာကမထွက်ရေးလို့ ပြောနေတာဟာ ကိုယ့် လက်ကိုယ့်ခြေကို တုပ်ထားတာဖြစ်တယ်။ ပြောက်ကျားစစ်နဲ့ မကိုက်ညီ အသေကျတယ်။ တည်ဆောက်ရေးနဲ့ အတွေးအခေါ် အ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အလှည့်အပြောင်းမလုပ်ရင် စစ်မတိုက်နိုင်ဘူး။ ဒီကနေ့စစ်မတိုက်နိုင်တာဟာ အတွေးအခေါ်မလှည့်ပြောင်းလို့ အခြေအနေကိုနှိမ့်နှိမ့်ချချ မလေ့လာလို့ဖြစ်တယ်”စတဲ့ သဘောထားနဲ့- “တည်ဆောက်ရေးကို လက်တွေ့တိုက်ပွဲများနဲ့ မဆက်စပ်ထား။ ပြည်သူ့စစ်ပွဲ အုတ်မြစ်ချထားတာမရှိဘူးဆိုတာ ပြည်သူ့စစ်ပွဲအုတ်မြစ်ချရေး အခြေခံစခန်းခိုင်မာအောင် တည်ဆောက်ရေးကို ရန်သူချေမှုန်းရေးနဲ့ ခွဲထားချင်တာ၊ တည်ဆောက်ရင်းတိုက်၊ တိုက်ရင်း တည်ဆောက် မဟုတ်ပဲ လုံးဝပြည့်စုံတဲ့ တည်ဆောက်ရေးပြီးမှ စစ်တိုက်နိုင်မယ် ဆိုတာတွေဟာ ပါတီဗဟိုရဲ့ထိုးစစ်ကို ထိုးစစ်နဲ့ရိုက်ချိုးရေးစိတ်ဓာတ်နဲ့မကိုက်ညီ တည်ဆောက်ရေးနဲ့ပတ်သက်တဲ့ ဗဟိုလမ်းညွှန်စိတ်ဓာတ်နဲ့ မကိုက်ညီ”စတဲ့အချက်များဖြစ်ပါတယ်။

၅။ ဒီအယူအဆကွဲလွဲချက်ကို အခြေပြုပြီး တပ်ထဲမှာ အတွေးအခေါ်လှုပ်ရှားနေတာရှိပါတယ်။ ဒါကြောင့် အနိုင်အမာပြဿနာအဖြစ်နဲ့အလုပ်များဖြစ်တဲ့ တည်ဆောက်ရေးအရှေ့ဘက်သွားရေး ကျန်တပ်များ ရှေ့တန်းသွားရေး၊ ဘယ်သူတွေ တည်ဆောက်ရေးလိုက်မလဲ စတဲ့ပြဿနာတွေမှာ ရဲဘော်များ လှုပ်ရှားလုပ်ဆောင်ရာမှာ မရှင်းလင်းတာတွေဖြစ်ပါတယ်။ တပ်တွင်းမှာ တိုက်ပွဲသဘောလဲဖြစ်ပါတယ်။

ဒါကြောင့် တချို့ပါတီ ကော်မီတီများ တည်ဆောက် ရေး ပေါ် သဘောထားမမှန်ဘူး။ တည်ဆောက်ရေးကို မဝိုင်းရုံဘူး စတဲ့ ထင်မြင်ချက်များနဲ့ လူထုထဲချတိုက်တဲ့ အခြေအနေများ ဖြစ်ပါတယ်။

စစ်တိုက်တာ လွယ်ပါတယ်။ စစ်တိုက်ဖို့ အုတ်မြစ်ချတာနဲ့ တပ်ကို စစ်တိုက်နိုင်အောင် လုပ်တာခက်တယ်။ ဒီလိုထင်မြင်ချက် တချို့လဲ ရှိပါတယ်။

၆။ ကျွန်တော်တို့နဲ့ ထိပ်တိုက်တိုးတဲ့ ပြဿနာကတော့ ရဲဘော်ထွန်းကျော် ပြဿနာဖြစ်ပါတယ်။ သူတို့က ကျွန်တော့်ကို ဆွေးနွေးပါတယ်။ “သူတို့တည်ဆောက်ရေးနဲ့ လိုက်သွားမယ်။ သူတို့သာမက ဗဟိုအဝန်းအဝိုင်းနဲ့ပတ်သက်သူအားလုံး(ရန်သူဒေသက လာသူများ) တည်ဆောက်ရေးမှာ ပါရမယ်။ ဒါကြောင့် သဘောထားပေးဖို့ ဖြစ်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တည်ဆောက်ရေးမှာ ဘယ်သူတွေပါရေး မပါရေးကို ကျွန်တော်တို့ သဘောထား မပေးနိုင်။ တပ်ခွဲပါတီမှာသာ ဆုံးဖြတ်နိုင်ကြောင်း။ပါတီဝင်တယောက်အနေနဲ့ ပြောရရင် ခင်ဗျားတို့ ၄-ယောက်(ရဲဘော်ထွန်းကျော်၊ ရဲဘော်ဘိုးသာ၊ ရဲဘော်ဘသန်း၊ ရဲဘော်တင်ဟန်) တည်ဆောက်ရေး မလိုက်သင့်ကြောင်း။ ဗဟိုရဲ့တာဝန်ကို တပ်မှာထမ်းရင်း ရန်သူကိုချေမှုန်း တိုက်ခိုက်ရင်း တိုက်ပွဲတွင်းမှာ တည်ဆောက် သင့်ကြောင်း ကျွန်တော် ဆွေးနွေးပါတယ်။

ရဲဘော် ထွန်းကျော်တို့က—

(၁) တပ်ဟာ စစ်တိုက်မှာလဲမဟုတ်။ ထွက်ပြေးရေး ဖြစ်နေမှာ။ ခေါင်းဆောင်မှုအချို့ကလဲ သဘောထားမမှန်။ ဒါကြောင့်လက်ရှိ အခြေအနေမှာ တပ်မှာနေလို့ အကျိုးမရှိ။

(၂) ဒါကြောင့် တည်ဆောက်ရေးလိုက်တာကောင်းကျိုးရှိမယ်။

(၃) သေနတ်ဖောက်ပြီးတည်ဆောက်မှ တည်ဆောက်ရေးဖြစ်တာ မဟုတ်။ဒီအမြင်ဟာ စစ်ရေးသက်သက်အမြင်။

(၄) သူတို့အနေနဲ့တည်ဆောက်ရေးပါဖို့လိုနေသေး။တည်ဆောက်ရေး မပြည့်စုံသေး။

(၅) ကိုသက်မောင်၊ ကိုခင်ဝင်း(တိုင်းတပ်)ကိုဆိုး၊ ကိုကြီးမောင် ကိုချမ်းတို့အားလုံး တည်ဆောက်ရေးမှာ ပါဖို့လိုကြောင်း ဆွေးနွေးပါတယ်။

ကျွန်တော်တို့က တိုက်ပွဲတွင်း တည်ဆောက်ရေး လေ့ကျင့်ရေးကို ဆွေးနွေးပါတယ်။

ဒါပေမဲ့ တည်ဆောက်ရေးအဖွဲ့ ထွက်သွားတဲ့အခါမှာ သူတို့အားလုံးနဲ့ ဗဟိုအဝန်းအဝိုင်းနဲ့ပတ်သက်တဲ့ ရန်သူ့ဒေသက လာသူများအားလုံးလိုက်သွားကြပါတယ်။

၇။ ရဲဘော်ထွန်းကျော်တို့နဲ့ ကျွန်တော်ဆွေးနွေးတဲ့ ပြဿနာနဲ့ ဆက်စပ်ပြီး၊ ဗိုလ်မှူးထွန်းငြိမ်းက ကျွန်တော့်ကို ဆွေးနွေးပါတယ်။ သူဆွေးနွေးဒါက —

(၁) ဒီကနေ့ပြဿနာဟာပြည်သူ့ စစ်ပွဲ အခြေခံပေါ်မှာကွဲလွဲနေတယ်။ ဝနရှင်စစ်ရေးအမြင်နဲ့ ပြည်သူ့စစ်ရေးစကွဲလွဲနေဒါဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြည်သူ့စစ်ပွဲအတွက်မြစ်စကားမပြော၊ တည်ဆောက်ရေးစကား မပြောပဲ ချေမှုန်းရေး၊ ၄၂-ခုနှစ်က မထွက်ရေးဆိုတာ စစ်ရေးသက်သက် အမြင် ဖြစ်တယ်။ ခေနရှင်စစ်ရေးအမြင်ပဲ။ အသေကျတယ်။ ဒီကနေ့ရုပ်က ဂွင် ထဲက ထွက်နေရပြီ။ သာယာဝတီကပြည်သွားရပြီ။ ခုဒီမှာ စားစရာမရှိ ဘူး။ အခြေအနေကို နှိမ့်နှိမ့်ချချ လေ့လာဖို့လိုတယ်။ သုတေသနပြု ရမဲ့ အချက်တွေရှိတယ်။ အခြေအနေပေါ်မှာ လက်ဦးမှုရှိဖို့လိုတယ် စတဲ့သူ့သဘောထား ဖြစ်ပါတယ်။

ကျွန်တော်ကတော့ မှားတာမှန်တာထားပြီး ဗဟိုရဲ့ စိတ်ဓာတ်နဲ့ ပတ်သက်ပြီး ကျွန်တော့်နားလည်ချက်ကို ဆွေးနွေးတယ်။ ကွဲလွဲချက် ပြဿနာနဲ့ အရင်းခံဟာ ဒီမှာဖြစ်တယ်လို့ ယူဆပါတယ်။ သူ့အနေနဲ့ ဗဟိုရဲ့စိတ်ဓာတ်ကို နားလည်ရာမှာ ဘက်တဖက် ရောက်နေတယ်လို့ ထင်ပါတယ်။ သူဟာဒီကွဲလွဲချက်ဟာ လူတယောက်နဲ့ သူနဲ့ကွဲလွဲချက် မဟုတ်။ ပါတီဦးဆောင်မှုနဲ့ သူနဲ့ကွဲလွဲချက်ဖြစ်တယ်လို့လဲ ဆိုပါတယ်။

ဒါကြောင့် ဂွင်ကထွက်ရေး၊တည်ဆောက်ရေး၊ ဟိုဖက်သွားရေးဟာ ထိပ်တန်းပြဿနာဖြစ်လာတယ်။ ဒါကိုတက်တက်ကြွကြွ အကောင်အ ထည်ဖော်သူများကတော့ ကိုထွန်းကျော်တို့ အစုပဲ ဖြစ်ပါတယ်။ ကျွန် တော်တို့ဌာနချုပ်မှာ၊ ရိက္ခာ၊ခဲယမ်းအကြပ်အတည်းရှိတာသည်ပင်အသေ ကျလို့ဆို။ဒါမျိုးသူတို့ပြောတယ်။ ကျွန်တော်တို့အားလုံး စိတ်မကောင်း အတော်ဖြစ်ရတယ်။

တည်ဆောက်ရေးမှာ လူများများ၊ ငွေများများ၊ လက်နက် များများ ပါရေးဖြစ်လာတယ်။ ဒါကြောင့် ဘရင်းဂန်း မပေးဘူး၊ ပေးမယ်။တပ်အတွက် ငွေမထားဘူး၊ ထားမယ်။ ရိက္ခာမထားခဲ့ဘူး၊ ထားခဲ့မယ်။ဒါတွေဖြစ်တယ်။

ဒါတွေက တပ်နဲ့ တည်ဆောက်ရေးအဖွဲ့မှာ ဂယက်ရိုက်ပါတယ်။ ကျွန်တော်တို့လဲ တည်ဆောက်ရေး သဘောထား မမှန်သူတွေထဲ ပါ သွားပါတယ်။ဦးခိုင်၊ ဦးအောင်သိန်းတို့လဲ ဒီလိုပဲလို့ဆိုပြီး လူထုထဲမှာ ထင်မြင်ချက်များ ဖြစ်စေပါတယ်။

အောင်မြင်ချက်ပေါ်က စည်းလုံးမှုဆိုဒါထက် အားနဲချက်ကိုတိုက် ခိုက်တာ လုပ်ပြီး ခေါင်းဆောင်မှုကို ထိခိုက်စေပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကြောင့် အခြေအနေ ချုပ်လိုက်ရင် ရဲဘော်များ အခြေအနေ ကောင်းပါတယ်။ ဒီအခြေအနေပေါ်မှာ ကျွန်တော်တို့ ထင်မြင်ချက်ကတော့—

(၁) ဗိုလ်မှူးတွန်းငြိမ်းတို့အယူအဆ မမှန်ဘူး။ ဗဟိုရဲ့ စိတ်ဓာတ်ကို အကောင်အထည် ဖော်ရာမှာ ရှုပ်ထွေးစေတယ်။

(၂) လုပ်ဟန်နဲ့ ပတ်သက်ပြီး ဂိုဏ်းဂဏဆန်တယ်။ ဒါကြောင့် ကျွန်တော်တို့အလုပ်အဖွဲ့ဝင်များ၊ ပါတီဝင်များဆွေးနွေးပြီး။

(၁) အခြေအနေမှာ ဗဟိုရဲ့ ထိုးစစ်ရိုက်ချိုးရေး စိတ်ဓာတ်ကို ရောက်ရာ အရပ်မှာဝါဒဖြန့်ဖို့။ သက်ဆိုင်ရာတာဝန်ခံများကိုအကူအညီ ပေးဖို့ဆိုပြီး ဆုံးဖြတ်ကြပါတယ်။ ဦးအောင်သိန်းကိုလဲ ကျွန်တော်တို့ သဘောထား တင်ပြပါတယ်။

(၂) ရဲဘော်များကို ရှင်းပြပါတယ်။

မတ်လ(၂၈)ရက်မှာဗဟိုရဲ့ထိုးစစ်ရိုက်ချိုးရေးစိတ်ဓာတ်ကိုဦးအောင်သိန်းက တင်ပြပြီး လှုံ့ဆော်ပါတယ်။

တပ်တွေစုံတဲ့ အခါမှာ တပ်ပြန်လည်စုစည်းရေးအတွက် ဦးအောင်သိန်းက ရန်သူချေမှုန်းရေး၊ ထိုးစစ် ရိုက်ချိုးရေးစိတ်ဓာတ် ဗဟိုရဲ့ ထပ်မံတာဝန်ပေးချက်ကို လှုံ့ဆော်ပါတယ်။

ဒါကို ဆွေး နွေး ရာမှာ ရဲဘော်များရဲ့ သဘောထား ကောင်း ပါတယ်။

(၁) ရန်သူကို ချေမှုန်းရေးနဲ့ မဆက်စပ်ရင် အခြေခံ စခန်း ခိုင်မာရေး၊ လူထုစည်းရုံးရေးဟာ မထက်မြက် ဩဇာမရှိ။

(၂) ပြီးခဲ့တဲ့ အပိုင်းမှာ အောင်မြင်ချက်များရှိပေမဲ့ ရန်သူကို မချေမှုန်းနိုင်တဲ့ ထွက်ပြေးရေးမြင်ခဲ့။ တပ်ရဲ့အခြေခံတာဝန်ကို မထမ်း ဆောင်နိုင်ခဲ့။

(၃) ဒီနေ့ ရန်သူ ချေမှုန်းရေးလုပ်ဖို့လို အထက်အဖွဲ့အစည်းရဲ့ ထပ်ဆင့် တာဝန်ပေးချက်ကို အသက် ပေးလုပ်မယ်။ ဒါတွေ ဆွေးနွေး ပါတယ်။ ကျွန်တော်တို့ အကြံပေးချင်တာကတော့—

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၁) ထိုးစစ် ရိုက်ချိုးရေးနဲ့ပတ်သက်တဲ့ ထပ်ပြီးလုံ့ဆော်ချက်ကို တိုက်တိုင်းအောင်ကို ထပ်ပြီးပေးစေချင်ပါတယ်။

(၂) အနိုင်အမာ ညွှန်ကြားချက်များ ထပ်ပေးဖို့လိုပါတယ်။

(၃) ခေါင်းဆောင်မှု တိုးမြှင့်နိုင်ရင်တိုး ဖြည့်ဖို့လိုပါတယ်။

အလေးနှိုက်ဖြင့်
(ပုံ) မြမောင်
၉/၄

(ရဲဘော်တင်ထွန်း(ခ)မြမောင်၏ သခင်ချစ်ထံသို့ အစီရင်ခံစာမှ ရှင်းမှု။)

ဤသို့ ရဲဘော်မြမောင်၏ အစီရင်ခံစာ ရောက်ပြီးသည့်နောက်တွင် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးတပ်ဖွဲ့နှင့် ပတ်သက်၍ လေ့လာထောက်လှမ်းရေးများကို လျှို့ဝှက်စွာပင် ဆက်လက်၍ ပြုလုပ်ပေတော့သည်။

မြစ်ဝ ကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့တွင်မူ ဗိုလ်ထွန်းငြိမ်းသည် တည်ဆောက်ရေး၏စီမံကိန်းအတိုင်းပင် ဟောပြောချက် များနှင့်လှုပ်ရှားမှုများကို ဆက်လက်၍ ဟောပြော လှုပ်ရှားလျက်နေလေသည်။

ထို့ပြင်ဗိုလ်ထွန်းငြိမ်းသည် "တော်လှန်သော ကြေးကြော်သံများ" ကိုလည်း တုတ်ပြန်လိုက်သည်။

"ကြေးကြော်သံ

(၁) တော်လှန်ရေးရဲ့ရန်သူဟာ စံနစ်သုံးခု၊ ရန်သူသုံးဦးဖြစ်တယ်။
နယ်ချဲ့စံနစ်။
ပဒေသရာဇ် မြေရှင်စံနစ်။
စစ်တပ်မြှုပ်ရှိကရက် လက်ဝါးကြီးအုပ်စံနစ်။
နယ်ချဲ့သမားနှစ်ဦး၊ အင်္ဂလိပ် အမေရိကန်နယ်ချဲ့သမား။
မြေရှင်။
နေဝင်းဖက်ဆစ်အစိုးရ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) ဘဝလွတ်မြောက်ရေးစစ်ပွဲဟာ ရန်သူသုံးဦးကို တိုက်ခိုက်၍၊ ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်ကို တည်ဆောက်ရန် (အနှစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင်စနစ်)

(၃) တော်လှန်ရေး၏ ရည်ရွယ်ချက်ဟာ ဆိုရှယ်လစ် စနစ်တည်ဆောက်ပြီး၊ အဆုံးသတ် ကွန်မြူနစ် ဝါဒသို့ ဦးတည်ကိုက်ခိုက်သွားရမယ်။

(၄) ရန်/ပါစည်းကို ပြတ်ပြတ်သားသားတားကြ။

(၅) မိမိအတွင်းမှ ရန်သူကို ရှာကြ။

(၆) နေဝင်း၏ ခေါင်းပြည့်ပြည့်ဖြင့်တွင်းစင်ပြုလုပ်ခြင်းဟာ ပြည်သူ့အမျိုးသားအသီးသီး၏ အမျိုးချစ်ရေး ကြီးမြင့်တော်လှန်ရေးစစ်ဖြစ်တယ်။

ဗိုလ်ဆွန်းမြင့်၏ လက်ရေးမူ

ဘာပဲဖြစ်ဖြစ်ကြားရ ကြေငြာ/ကြေညာချက်များ

(၇) ရန်သူ (၃) ဦးကို ချိုးနှိမ်ကြ။
ရန်-ငါ စည်းတားပြီး မိမိတို့ဘက် ရောက်တည်မှုနေရာကို ရွေးချယ်ကြ။

(၈) သွေးစာရင်း-ရွေးစာရင်းရှင်းကြ။
သွေး--သွေးနဲ့။
ရွေး-ရွေးနဲ့ ဝယ်ယူတတ်ရမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၉) ခါးတဲ့အရွက်ကို မစားလိုက ခါးတဲ့အပင်ရဲ့အမြစ်ကို နှုတ်ပစ်ကြ။
(၁၀) ဘဝထဲမှ ဒုက္ခအဝဝကိုရဲဘော်များကို တိုင်တန်းခွတ်ခဲ့ကြ။
(၁၁) ပြောလျှင်အကုန်ပြောဖို့လျှက်နဲ့ မပြောက ရန်သူရဲ့ ဖောက်ပြန်မှုကို ကာကွယ်ပေးရာ ရောက်သည်။
(၁၂) လက်ထဲက သေနတ်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ပြီး ရန်သူဖက် လှည့်ကြ။
ဘယ်တော့မှ လက်နက်မချသူ။
လက်နက်ချတာ သင့်ကျင်ဆုံမယ်။
ပိုင်းဖြတ်ချက်နှုတ်ခွာ ခွေးမြီးသော့ကျင့်ကြ။
(၁၃) နေဝင်းအားခား-ခားချင်း လှံလှံချင်းပိုက်မိုက်ကြ။
(၁၄) ရန်သူ အနိုင်တိုက်ရေးအတွက် တော်လှန်ရေး တပ်သားအဖြစ် မွေးမြူကြ"။

ဤသို့ဖြင့် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး စခန်းတွင် ဗိုလ်တွန်း ငြိမ်းမေါ်တော်လှန်သော ကြေးကြော်သံများသည်သာလျှင်မိုး၍ နေလေသည်။

× ×

၄။ ရဲဘော်စိုးသန်းရှေ့ရှုမှုံးရေးပဏာမ အစီအစဉ်

အချိန်မှာ ၁၉၆၈ ခုနှစ် ဧပြီလ (၂၄) ရက်နေ့နံနက် (၇) နာရီတွင် ဖြစ်သည်။

တန်ခူးလကွင်ဖြစ်၍ ပဲခူးရိုးမ အရှေ့ခြမ်းသည် နေပူရှိန်ပြင်းလှသော်လည်း အနောက်ခြမ်းနှင့် မတူပဲသစ်ပင်ဝါးပင်များသည်ရွက်သင်မျှလောက်၍အရိပ်များ မိုးနေပြီဖြစ်လေသည်။

ကရင်အမျိုးသားများသည်လည်း တောင်ယာများကို ခုတ်လှဲပြီးကြပြီဖြစ်၏။ အချို့တောင်ယာများကိုပင် မီးရှို့လျက်နေကြပြီ ဖြစ်၏။ တောင်ယာ အများစုမှာ မီးနားလှန်းသဖြင့် မဲမဲမှောင်နေ၏။ တောင်သာ၏ မီးလောင်နံ့သည် တတောလုံးကိုပင်သင်း၍ ပျံ့၍နေစေလေသည်။

ဥသြသံများသည်လည်း ထိုမှ ဤမှ ကြားနေရ၏။ သာယာလှ၏။ ချိုးကူသံ များသည်လည်း အရပ်လေးမျက်နှာမှ ကြားနေရ၏။ ချမ်းမြေ့အေးမြလှတွယ် ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မြစ်ကမ်းနံဘေးပေါ်တိုင်းတည်ဆောက်ရေး တပ်ဖွဲ့တွင်မူ လှုပ်လှုပ်ရွရွ ဖြစ်နေကြ၏။ ဟိုတခုဒီတခုဖြစ်နေကြ၏။ ပါတီကော်မီတီ များသည်လည်း စခန်းအတွင်းတွင် ပြေးလိုက်လွှားလိုက်ဖြစ်နေ၏။ ပဲခူးခရိုင်၏ အထူးမြို့နယ်မှ ရဲဘော်များသည်လည်း ရောက်ရှိနေကြ၏။ အလုပ်အဖွဲ့သည်လည်း အထူးပင် အလုပ်များနေကြသည်။

(မှတ်ချက်။ ။အထူးမြို့နယ်ဆိုသည်မှာ ပဲခူးမြို့နယ်ဒေသ ဝေလေးပင်မြို့နယ် အနောက်မြောက်၊ ခဲနွဲ့ချောင်းဖျားတွင် ရှိသောတောင်ပေါ် (၁၄)ရွာ၊ ကျွဲချောင်းကမ်းပါးရှိ မိုးဘုန်း၊ ချင်းလယ် (၇) ရွာနှင့် ကရင်ရွာများကို ဖွဲ့စည်းပေးထားခြင်းဖြစ်ပါသည်။ စာစီရေးသူ။)

ရဲဘော်ထွန်းကျော် (ခ) မောင်စိုးဝင်း(လူထုဦးလှ၊ဒေါ်အမာသား) သည် လက်ထဲတွင် ပိုစတာများကို ကိုင်၍လှုပ်ရှားမှု ပြုလုပ်သည့် နေရာပတ်ဝန်းကျင်တွင်လိုက်၍ကပ်နေ၏။ ရဲဘော်ခင်ဝင်း(ခ) ကျော်စိုးသည် လှုပ်ရှားမှုအတွက် ပိုစတာများကိုရေးဆွဲနေ၏။ ရဲဘော်တင်ဟန် (ခ) အောင်သိန်းနိုင် (ဗိုလ်ရန်အောင်သားတူ)သည် ရဲဘော်မညွန့်ညွန့် ခေါင်းဆောင်သော အမျိုးသမီး တပ်စိပ်တွင် လက်ကလေးကာလိုက် ဖင်ကလေးရမ်းလိုက် ရင်ကလေး ကော့လိုက်ကြွလိုက်ဖြင့် အေးဆေးနေ၏။ အမူအရာမျိုးစုံနှင့်ပင်ဖြစ်၏။ တပ်နီအမျိုး သမီးများမှာ ပြုံးပိပြုံးပိဖြစ်နေကြလေသည်။

ရဲဘော်ဘိုးသာ (ခ) ကျော်ခင်နှင့် ရဲဘော်ဘသန်း(ခ) သိန်းထွန်းတို့မှာမူ ဗိုလ်ထွန်းငြိမ်းနှင့် မျက်နှာချင်းဆိုင်၍ စကားပြော နေကြလေသည်။

ရဲဘော်ရဲဘော်မ အပေါင်းတို့သည် အထူးပင် တက်ကြွနေကြ၏။ ပြုံးပန်းကိုယ်စီပင် ပွင့်၍နေကြလေသည်။

တို့နောက်တွင် လှုပ်ရှားမှုပြုရာ နေရာသို့ စုစည်း၍လာကြလေသည်။

ယင်းနေရာတွင် **"ပါတီ တွင်းမှ ခနရှင် ကိုယ်စားလှယ်မြန် မြင် ရေး သခွာ ဖောက်များကို အစွမ်းကုန်မွှင့်ချကြလော့"** ဟူသော ခေါင်းစဉ် စာတမ်းကြီးကို ဆွဲချိတ်၍ထား၏။ ပတ်ဝန်းကျင်တွင်လည်း စာလုံးကြီး စာတမ်းများကိုရေး၍ ချိတ်ဆွဲထားကြလေသည်။

"တော်လှန်ရေးအောင်ပွဲခံဘို့ ပြန်မြင်ရေးသမားတွေကိုဖော်ထုတ်ကြ"
"ဖက်ဆစ်ဒနဝင်းကို အနိုင်တိုက်ဖို့ ပြန်မြင်ရေးသမားတွေကို ချေမှုန်းကြ"
"ဖက်ဆစ်ကိုယ်စားလှယ် ပြန်မြင်ရေးသမားတွေကို ဖော်ထုတ်ချေမှုန်းကြ"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"စိန့်-ဗိန် အငုတ်အတက်တွေကို ရှင်းလင်းသုတ်သင်ကြ"

"ကြီးမြတ်သော ခေါင်းဆောင်ကြီး မဟာမော်စီတုံး သက်တော်ရာကျော် ရှည်ပါစေ-ရာကျော်ရှည်ပါစေ"

"ဥက္ကဋ္ဌကြီးသခင်သန်းထွန်း ကျန်းမာပါစေ"

ဤသည်မှာ မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးတပ်ဖွဲ့၏ "မြန်လည်မြင့်ဆင်ရေးဝါဒ အန္တကျင်ရေးလှုပ်ရှားမှု"ကို ပြုလုပ်နေခြင်းဖြစ်သည်။

ဤလှုပ်ရှားမှု အစည်းအဝေးဖွင့် မိန့်ခွန်းကို ဗိုလ်ထွန်းငြိမ်း ကိုယ်တိုင်ပင် ပြောကြားလေသည်။

ထို့နောက်တွင် ယင်းလှုပ်ရှားမှု၏ "ဇနက်တန်" သို့မဟုတ် "ဖောက်ခွဲသူ" အဖြစ်ဖြင့် ဖောက်ခွဲသူမှာ ရဲဘော်မျိုးမြင့် ဖြစ်၏။ ရဲဘော်မျိုးမြင့်သည် တနင်္သာရီတိုင်းနှင့် မြစ်ဝကျွန်းပေါ်တိုင်းသို့ မြို့ပေါ်လမ်းမှ ဆက်သွယ်ရေးတွင်အသုံးပြုသည့်အထူးဆက်သားဖြစ်၏။ ၁၉၆၅-ခုနှစ်တွင်စ၍ ရဲဘော်စိုးသန်းထံသို့ရောက်ရှိသူဖြစ်လေသည်။

ရဲဘော်မျိုးမြင့်သည်ရဲဘော်စိုးသန်းအား "မြစ်ဝကျွန်းပေါ်တိုင်းကို ဖျက်ဆီးသူ၊ ပြန်လည်မြင့်ရေးဝါဒီသမား၊ စိန့်-ဗိန် ဂိုဏ်းဂဏ်ဆိုင်သီးဂိုဏ်းဝင်၊ တန်ပြန် တော်လှန်ရေးသမား၊ သစ္စာဖောက်"အဖြစ် အကြောင်း ပြချက် အမျိုးမျိုးဖြင့် စွဲချက်တင်လိုက်၏။ ဖောက်ခွဲလိုက်၏။ ထို့ပြင် ရဲဘော်စိုးသန်းအား ပါတီတွင်းမှ ဖြုတ်ထုတ်-သတ်ရန်ကိုပင် အဆိုပြု၍ တောင်းခံလိုက်လေသည်။

ထိုအခါတွင် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့ဝင်တို့သည် ပေါက်ကွဲကြကုန်လေ၏။ ကြွေးကြော်သံများကိုလည်း တခဲနက်ပင် အော်ဟစ်ကြလေသည်။

- စိုးသန်းကိုဗဟိုကော်မီတီက ဖြုတ်ပစ်-ဖြုတ်ပစ်။
- သစ္စာဖောက် စိုးသန်းကိုပါတီကထုတ်ပစ်-ထုတ်ပစ်။
- နေဝင်းနောက်လိုက်ခွေးစိုးသန်းကို သတ်ပစ်-သတ်ပစ်။
- ၅၅-ပြိုင်းချမ်းရေးသမားစိုးသန်းကို သတ်ပစ်-သတ်ပစ်။

ကြွေးကြော်သံများကား မစဲတော့ချေ။ သဲသဲမဲမဲပင် အော်ဟစ်နေကြ၏။ သိမ့်သိမ့်ပင်တုန်၍နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက်တွင် တည်ဆောက်ရေးအဖွဲ့ဝင် ရဲဘော်ဘသန်း (ခ) သိန်းထွန်းသည် ဆက်လက်၍ဖောက်ခွဲသူအဖြစ်ဖြင့် ရဲဘော်စိုးသန်းနှင့်ပတ်သက်၍ ဖောက်ခွဲလေတော့သည်။

ရဲဘော်ဘသန်း၏ဖောက်ခွဲမှုသည် ပို၍ပေါက်ကွဲ၏။ ရဲဘော် စိုးသန်းအား သုတ်သင်ချေမှုန်းရေးရေချိန်သည် ပို၍ ပို၍မြင့်တက်လာသည်။

ထိုအချိန်တွင် ဗိုလ်ထွန်းငြိမ်းသည်မတ်တတ်ရပ်လိုက်၏။ ပင်နှင့်မောင်းနှင့် ဒေါနှင့်မာန်နှင့် လက်သီးကိုဆုပ်လျက် အော်လိုက်သည်။

"ရဲဘော်တို့ပြန်ပြင်ရေးသမား သစ္စာဖောက်စိုးသန်း ဘယ်ပြေးမလဲ။ ငါတို့ စိုးသန်းရဲ့ ဇာတိရုပ်ကို လှုပ်အလယ်မှာ ဆွဲထုတ်ထားပြီမဟုတ်လား။သစ္စာဖောက်စိုးသန်းရဲ့မျက်နှာဖုံးကိုဆက်ပြီးခွာတ်ပြဖုံးအုံးမယ်။"

"ဆုတ်ဖြဲမလား-မဖြဲဘူးလားရဲဘော်တို့"

"ဆုတ်ဖြဲမယ် ဆုတ်ဖြဲမယ်-အခုဆုတ်ဖြဲမယ် -အခုဆုတ်ဖြဲမယ်"

ဤသို့တသံတည်း တညီတည်း အဖြေပေးလိုက်ကြ၏။ ရဲဘော်မည္ဒန့်ညွှန့်နှင့် တပ်နီ အမျိုးသမီး တပ်စိတ်ကမူ ခုန်ပေါက်၍ပင် အဖြေ ပေးနေ ကြ လေတော့သည်။

၁၉၆၇-ခုနှစ် ဧပြီလ (၂၅)ရက်နေ့တွင်ဖြစ်လေသည်။

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့ စခန်းတွင် "ပြန်လည်ပြင်ဆင်ရေးဝါဒ ဆန့်ကျင်ရေး လှုပ်ရှားမှု"၏ အရေးပေါ် နံရံကပ် သတင်းစဉ်ကို ထုတ်လိုက်၏။ ယင်း သတင်းစဉ်၏ အမည်မှာ "သံမဏိ" ဖြစ်၏။ တာဝန်ခံထုတ်ဝေသူတို့မှာ ရဲဘော် ထွန်းကျော် (ခ) အောင်ခိုင် (ခ) မောင်ခိုးဝင်း (လူထု-ဦးလှ-ဒေါ်အမာသား)နှင့် ရဲဘော်တင်ဟန် (ခ)အောင်သိန်းနိုင်တို့ ဖြစ်ကြလေသည်။

"သံမဏိတပ်သားဖြစ်အောင်လေ့ကျင့်မွေးမြူကြ

"ရဲဘော်တို့...

သံမဏိတပ်သားဖြစ်အောင် ဘယ်လို လေ့ကျင့် မွေး မြူ မလဲ။ ဒီပြဿနာ၏အဖြေကား သံမဏိကို ဘယ်လိုထုတ်လုပ်ခဲ့သလဲ။ (ဝါ) သံမဏိကို ဘယ်လိုကြိုသလဲ ပြဿနာပင်ဖြစ်၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဝိကင်းပြန်ဒိုလ်တွန်းငြိမ်းနှင့် ဖြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေး ၁၀၈၁

သံမဏိများကို ထုတ်လုပ်ယူရာမှာ အရိုးခံနှင့် အခြေခံ အကျဆုံး ပြဿနာမှာ ဒီဂရီအမြင့်ဆုံး ဖြစ်သော "လျှပ်စစ်မီးဖို" "ကျောက်မီးသွေးမီးဖို"ထဲ၌ ကြိုယူခဲ့ခြင်းဖြစ်၏။

ဤအဓိပ္ပာယ် သတ်မှတ်ချက် အတိုင်း မှန်ပါက မျက်မှောက်တွင် နိုင်ငံရေး အတွေးအခေါ် လုပ်ဟန်အရ ကောင်းမွန်သော ရှေ့ပြေး သံမဏိတပ်သား မွေးမြူလေ့ကျင့်ရေး ပြဿနာသည် ပါတီ၏ မှန်ကန်သော ပညာပေး ခေါင်းဆောင်မှုအောက်၌ တိုက်ပွဲ (အတွေးအခေါ် တိုက်ပွဲ၊ လူတန်းစားတိုက်ပွဲ၊ လက်နက်ကိုင် တိုက်ပွဲ၊) ထဲမှာ မွေးမြူလေ့ကျင့်ရေးပြဿနာဖြစ်သည်။

ရဲဘော်တို့ မျက်မှောက် တည်ဆောက်ရေး ကာလသည် သမိုင်းအဓိပ္ပာယ်ဆောင်သော အလှည့်အပြောင်း တိုက်ပွဲဖြစ်ခြင်းကြောင့် မလွဲမရှောင်သာ အတွေးအခေါ်နှစ်ရပ် တိုက်ပွဲဖြစ်စဉ်ကို သဘာဝကျစွာ ဖြတ်သန်းနေရ၏။ ဤတိုက်ပွဲအတွေ့အကြုံ သင်ခန်းစာများအရ "ကွန်မြူနစ်ကောင်းတယောက် လေ့ကျင့်မွေးမြူရေး" အတွက် လေ့လာရေးနှင့် အတွေးအခေါ် လုပ်ငန်းကို အထောက်အကူပြုရန် "သံမဏိ" အမည်ဖြင့် လေ့လာရေး နှိုးကပ်စာစောင် အမှတ်(၁)ကို ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ယခုအပတ်အမှတ်(၁)နှိုးကပ် စာစောင်ကို လေ့လာပြီးနောက် အကြံဉာဏ်ကောင်းများပေးရန်နှင့် လာမည့်အမှတ်စဉ်(၂)စာစောင်အတွက် ဝိုင်းဝန်းပြင်ဆင်ကြရန် မြော်လင့်ပါသည်။

အကြမ်း၊ အနု(မုန်တိုင်း-လေညှင်း) ကိုခံနိုင်ရည်ရှိတဲ့ သံမဏိတပ်သားဖြစ်အောင် မွေးမြူကြ"။

ဤသည်မှာ ရဲဘော်ကွန်းကျော်(ခ)မောင်စိုးဝင်း (လူထုဦးလှ-ဒေါ်အမာသား)၏ သတင်းစာအာဘော် ရေးသားချက်နှင့် လက်ရေးမူရင်းပင်ဖြစ်သည်။

ထို့ပြင် ရဲဘော်ကွန်းကျော်သည် "စိန်-ဒိန်ဂိုလ်းဝင်ခေါင်းမော ပြန်လည်ပြင်ဆင်ရေးသမား တန်ပြန်တော်လှန်ရေးသမား ဗိုးသန့်ဂိုဏ်းချုတ်ိုက်မိုက်ကြ" ဟူ၍လည်း ရေးသားလေသည်။

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com



ရဲဘော်စိုးသန်းအား ဖွင့်ချတိုက်ခိုက်သော သံဗကာ်ပုံရိုက်ကဒ်မှ စာတမ်းများ

ဤသို့ဖြင့် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့တွင် ဗိုလ်ထွန်းငြိမ်းသည် ရဲဘော်စိုးသန်းအား ဖြုတ်-ထုတ်-သတ်နိုင်ရန်အတွက် နိုင်ငံရေးအရ အတွေးအခေါ်အရ စည်းရုံးရေးအရ ဘက်(၃)ဘက်မှပင် ပြင်ဆင်ထားပြီး ဖြစ်၏။ အသင့်ဖြစ်နေပြီဖြစ်သည်။

တပ်နီအမျိုးသမီးလေးတဦးဖြစ်သော ဗိုးဗိုး(ခ)ဗိုးစိုးသန်းကလည်းရဲဘော်စိုးသန်းအား အမြန်ဆုံး ဖြုတ်-ထုတ်-သတ်ရန်အတွက် ဤသို့စာရေး၍ပင် တောင်းဆိုလိုက်လေသည်။

"စိုးသန်းဟာ-ဖ၄ လမ်းစဉ် ကျပြီးသည့်ဝိုင်အောင် -၅၅ ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်ကို သူ့ဆရာ ငစိန်-ငပိန်အတိုင်း ဖက်တွယ်နေတယ်ဆိုတာ ရဲဘော်တွေရဲ့ စွဲချက်တင်တဲ့အပေါ်ကနေ ခေါင်းမာတဲ့ တန်ပြန် တော်လှန်ရေးသမား ဖြစ်တယ်ဆိုတာ လုံးဝထောက်ခံတယ်။

တောင်းဆိုပါတယ်။

စိုးသန်းဟာ ခေါင်းမာတဲ့ တန်ပြန်တော်လှန်ရေးသမားဖြစ်တယ်။ စိုးသန်း ပါတီထဲမှာ ရှိနေသရွေ့ ပြည်သူနဲ့ပါတီကို ကြီးမားတဲ့အန္တရာယ်ပေးနေတဲ့အတွက်၊ ဗမာပြည်တော်လှန်ရေး အောင်မြင်ဖို့အတွက်၊အဖိနှိပ်ခံ ပြည်သူလူထုတရပ်လုံးလွတ်မြောက်ရေးအတွက်၊မာ့က်စ်လီနင်ဝါဒ မော်စီတုံး အတွေးအခေါ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တကမ္ဘာလုံး ငြိမ်းချမ်းရေးအတွက်၊တန်ပြန်တော်လှန်ရေးသမားဇိုးသန်းကိုပါတီက လက်ဦးမှုရှိစွာ ဖြုတ်-ထုတ်-သတ်သင့်ကြောင်း တောင်းဆိုပါတယ်။

သံမိန္ဒာန်ပြုချက်။

တကဲ့လက်တွေ့တိုက်ပွဲမှာ ကျွန်မဟာ ပါတီနဲ့ ပြည်သူ့အတွက် ရှေ့ဆုံးတန်းက တက်တက်ကြွကြွပါဝင်ပြီး ဘယ်စစ်မျက်နှာမှာပဲဖြစ်ဖြစ်၊ပစ္စည်းမဲ့လူတန်းစား ရပ်တည်မှုရှိရှိနဲ့ အသက်ပေးပြီး တိုက်ပွဲဝင်သွားမယ်။

အစလေးနီဖြင့်
စိုးစိုး
၂၀-၅-၆၀
အင်မူမြို့နယ်"

တင်နီအမျိုးသမီး စိုးစုံး၏ လက်ရေးမူ

ရဲဘော်[illegible] သ[illegible]ား ဖြုတ်-ထုတ်-သတ်ရန် တောင်းဆိုချက်မူရင်း

ရဲဘော်စိုးစိုး(ခ)[illegible]သန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ ဟသ်ာတခရိုင် ကော်မီတီနှင့် စခ်ခရုံး[illegible]ဝင်ဖြစ် ဗိုလ်စိုးလေးနှင့် ဒေါ်အေးသန်းတို့၏ သမီးကြီး ဖြစ်၏။ အသက်မှာ ([illegible])နှစ်ရှိပြီဖြစ်၏။ ဗိုလ်စိုးလေးမှာ ၁၉၆၄-ခုနှစ်တွင်ကျ ဆုံးခဲ့၏။ ဒေါ်အေးသန်းမှာမူ အလင်းသို့ဝင်ခဲ့၏။ စိုးစိုးသည် မိခင်ဖြစ်သော

ဒေါ်အေးသန်းနှင့်အတူ ရန်ကုန်မြို့၌ ကျောင်းနေခဲ့၏ ၁၉၆၆-ခုနှစ်ဦးတွင် ရဲဘော်စိုးစိုးအား ဗမာပြည်ကွန်မြူနစ်ပါတီ ဟသ်ာတခရိုင်မှ ဆက်သွယ်၍ခေါ်ယူခဲ့ခြင်းဖြစ်၏။ ၁၉၆၆-ခုနှစ် ဖေဖော်ဝါရီလတွင် ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် မြေယာဌာနခွဲ တာဝန်ယူခဲ့၏။ ရဲဘော်စိုးစိုးသည် မိခင်ဖြစ်သော ဒေါ်အေးသန်းအား သစ္စာဖောက်အဖြစ် ကျေညာ၍နေ၏။ ချေမှုန်းသုတ်သင်ရမည်ဟုလည်း တင်ပြနေ၏။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ရဲဘော်စိုးစိုးအား ကွန်မြူနစ်မျိုးဆက်အဖြစ် မွေးမြူရန်အတွက် အစီအစဉ်ဖြင့် အထူးလေ့ကျင့်၍ နေလေသည်။

ထင်းသို့ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့ဝင်တို့သည် ရဲဘော်စိုးသန်းအား အမြန်ဆုံး ဖြုတ်-ထုတ်-သုတ်ရန်အတွက် တောင်းဆိုချက်များကိုလည်း ဗဟိုကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သို့ တိုက်ရိုက်စာရေး၍ တောင်းဆိုကြလေသည်။

ထိုအခါတွင် သခင်သန်းထွန်း ရဲဘော်အောင်ကြီးနှင့် တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့သို့ အကြီးအကျယ်ပင် ဝယက်ရိုက်သွားတော့၏။ "စိုးသန်းကိစ္စမှာတော့ ထွန်းငြိမ်းက တလှမ်းသာသွားပြီ"ဟု သဘောထားကြ၏။ အထူးသဖြင့် ဗဟိုဌာနချုပ်သည် ရဲဘော်စိုးသန်းအား ဖွင့်ချတိုက်ခိုက်ရေးလှုပ်ရှားမှုကို ပြုလုပ်၍ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့အပေါ်တွင် ခေါင်းဆောင်မှုနှင့် ဩဇာကို ထူထောင်ရန် ဖြစ်လေသည်။

ယခုမူ ဗိုလ်ထွန်းငြိမ်းသည် "စိုးသန်းချေမှုန်းရေးအလံကိုထူ၍ မြစ်ဝကျွန်းပေါ်မှ လာသော ရဲဘော်များအပေါ်တွင် ဩဇာထူထောင်နေပြီ"ဟု သဘောထားလျက်ရှိနေကြသည်။

ဗိုလ်ထွန်းငြိမ်းကလည်း ဤသို့ပင် ကြွေးကြော်၍ နေလေတော့သည်။

"စိန်-ပိန်ပြန်ပြင်ရေး ချေမှုန်းရေး တိုက်ပွဲကြီးပြီးတဲ့နောက်မှာ အခု စိုးသန်းတိုက်ပွဲဟာ ပါတီရဲ့သမိုင်းမှာ အကြီးဆုံးနဲ့ အအောင်မြင်ဆုံး တိုက်ပွဲကြီးဖြစ်တယ်။ တချို့ကပြန်ပြင်ရေးကို ချေမှုန်းရမယ်လို့အော်ပြီးကနေ့အထိ အကောင်အထည်နဲ့ လက်ဆုပ် လက်ကိုင်နဲ့တိုက်နိုင်တာ ချေမှုန်းနိုင်တာမရှိသေးဘူး။ ငါးပွက်ရာကို ငါးစာချတာကိုပဲ လုပ်နေကြတယ်။ ပြီးတော့ စိတ်ကူးပေါက်သလို ရှောက်လုပ်နေကြတယ်။ ကနေ့ မြစ်ဝကျွန်းပေါ်တိုင်းရဲ့ အလှည့် အပြောင်းဟာ ပါတီအတွက် သေရေး ရှင်ရေးဖြစ်တယ်။ အခု စိုးသန်းကို ဖွင့်ချနိုင်တာဟာ မြစ်ဝကျွန်းပေါ်တိုင်းရဲ့တည်ဆောက်ရေးအတွက် မဟာဂွင်းဆက်ဖြစ်တယ်။

ငါတို့ဟာ လိုအပ်လာရင် စိုးသန်းကို မြစ်ဝကျွန်းပေါ် တိုင်းအထိ လိုက်ပြီးချေမှုန်းသွားမယ်ဆိုတဲ့ ပိုင်းဖြတ်ချက်ပါရှိထားဖို့လိုတယ်။"

ထို့ကြောင့် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် ဗဟိုဌာနချုပ်တွင်ရှိသော မြစ်ဝကျွန်းပေါ် တိုင်းမှ တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသားများနှင့် ဗဟိုဆေးကျောင်းမှ မြစ်ဝကျွန်းပေါ် တိုင်း၏ ဆေးကျောင်းသားများကိုလည်း ဆောလျင်စွာပင် စုစည်းလိုက်၏။ ယင်းသို့ချက်ခြင်းလက်ငင်း စုစည်းပြီးနောက် "စိန်-ပိန်-ဂိဏ်းဝင် ထိပ်သီးစိုးသန်း ချေမှုန်းရေးပဏာမ လှုပ်ရှားမှု" ဆိုသည်ကို ဖန်တီးလိုက်ကြလေသည်။

ယင်းလှုပ်ရှားမှုတွင် တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသို့ တက်ရောက်ရန် ရောက်ရှိနေသော ပုသိမ်ခရိုင် ကော်မီတီ ရဲဘော်သန်းဝင်းအား ရဲဘော် စိုးသန်းချေမှုန်းရေးတိုက်ပွဲတွင် ရှေ့တန်းမှ ထွက်စေခဲ့၏။ ရဲဘော် သန်းဝင်းအား တပ်နီလူငယ်များ၊ ကပ်နီအမျိုးသမီးများနှင့် ညှပ်၍ ပူး၍အကြိမ်ကြိမ်ပင် စွဲချက်တင်စေလေသည်။

(မှတ်ချက်။ ။ရဲဘော်သန်းဝင်းသည် ရဲဘော်စိုးသန်း၏ ညီအရင်းဖြစ်ပါသည်။ စာရေးသူ။)

နောက်ဆုံးတွင် ရဲဘော်သန်းဝင်းသည် မိမိအစ်ကိုရင်းဖြစ်သော ရဲဘော် စိုးသန်းအား ဤသို့ပင် စွဲချက်တင်လိုက်ရလေတော့သည်။

"ချုပ်လိုက်မည်ဆိုပါက ယနေ့တပြည်လုံးတော်လှန်အုံကြွမှုဖြစ်နေတာ၊ တော်လှန်စစ်တခွန်မြင့်နေပြီး ပါတီဟာ အပြောင်း အလဲကြီး ပြောင်းနေတဲ့ကာလမှာ မြစ်ဝကျွန်းပေါ်တိုင်းမှာ လူနာလို တုံးလုံးဖြစ်နေတာ၊ဘာကြောင့်လဲ။ ၅၅-လမ်းစဉ်နဲ့ ပြန်ပြင်ရေး အနှောင်အဖွဲ့တွေကြောင့် သည်မှာ အဓိကတရားခံဟာ ရဲဘော်စိုးသန်းဖြစ်သည်။ ဒါကြောင့်။မြစ်ဝကျွန်းပေါ်ပြန်ပြင်ရေး တိုက်မယ်ဆိုရင် ရဲဘော်စိုးသန်းကို တိုက်ခိုက်သွားရမည်။

သည်မှာ မိမိတို့အနေနဲ့ ပုဂ္ဂိုလ်သံယောဇဉ်အနှောင်အဖွဲ့တွေရှိသည်။ သည်အနှောင်အဖွဲ့ဟာ မသေးပါ။ ဒါကို ရဲရဲတင်းတင်း ဖြတ်တောက်ပယ်ရှားရမည်။ လမ်းစဉ်နှစ်ရပ် အတွေးအခေါ်နှစ်ချပ်တိုက်ပွဲမှမိမိဘယ်ဖက်က ရပ်မလဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဟိအကျပြန်ပြင်ရေးတိုက်ပွဲ ပြတ်ပြတ်သားသားတိုက်ရန်၊ တော်လှန်တဲ့နိုင်ငံရေးဦးဆောင်အဖွဲ့၊ တော်လှန်တဲ့ဥက္ကဋ္ဌနဲ့အတူတိုက်ပွဲဝင်မည်။

ရဲဘော်တို့....ကျွန်တော်ဘယ်လိုရပ်ဘည်မလဲ စောင့်ကြည့်ကြ။

မိမိဟာ ရဲဘော်တို့နဲ့အတူ တော်လှန်တဲ့ အမျိုးသမီးလူငယ် (လူထု) နဲ့အတူ တော်လှန်တဲ့ ရဲဘော်ဖြစ်ရေး စွဲချက်တင် တိုက်ပွဲဝင်မည်။

မိမိသဘောထား ကိုစိုးသန်း မိမိရဲ့အမှားတွေတော်လှန်တဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ထံ ပုံအပ်ရမည်။ စိစစ်ရမည်။

သည်ကိုရောက်မလာပါက ရဲဘော်ဘုန်းမြင့် ပြောသလိုတာဝန်ကရပ်ထားဖို့လိုတယ်။ သက်ဆိုင်ရာအကြောင်း ကြားရမည်။"

(မှတ်ချက်။ ။ဤသို့ဖြင့် ရဲဘော်သန်းဝင်းသည် မိမိ၏အစ်ကိုရင်း ရဲဘော်စိုးသန်းအား ဝေဖန်စွဲချက်တင်သွားခဲ့လေသည်။ ရဲဘော်သန်းဝင်းသည် မိမိ၏စွဲချက်တွင် ရဲဘော်စိုးသန်းဟူ၍"ရဲဘော်"ကို ထည့်သွင်းသုံးသဖြင့် အပြင်းအထန် ဝေဖန်ခြင်း ခံရသည်။ သခွာဖောက်ကို ရဲဘော်ဟု ခေါ်ဝေါ်ခြင်းမပြုရဟု တားမြစ်ခြင်းခံရသည်။ ရှုပ်ချခြင်းလည်း ခံရပါသည်။ စာရေးသူ။)

ဤသို့ ရဲဘော်သန်းဝင်းသည် ရဲဘော်စိုးသန်းအပေါ် စွဲချက်တင်ပြီးနောက်တွင် ဗဟိုကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းသည် ဗဟိုဌာနချုပ်တွင်ပြုလုပ်သော "စိုးသန်းချေမှုန်းရေး ပဏာမ လှုပ်ရှားမှု"၏ နိဂုံးချုပ် မိန့်ခွန်းကို ပြောကြားလေသည်။

"ရဲဘော်တွေရဲ့ တင်ပြချက်အရ ဒီလိုတွေ့ရတယ်။

စိုးသန်းဟာ မြစ်ဝကျွန်းပေါ်တိုင်းမှာ လွှမ်းမိုးနေတဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒရဲ့ အဓိကကိုယ်စားလှယ်ဖြစ်တယ်။ နိုင်ငံရေးဦးဆောင်အဖွဲ့က လက်ဦးမှုရှိရှိဆောင်ရွက်ပြီးတော့ သူ့ကို အရေးယူဆောင်ရွက်ဖို့။ ပိုပြီးတိတိကျကျပြောရရင် သူကို ဗဟိုကို အရောက်ခေါ်ဖို့။ တကယ်လို့စိုးသန်းက ဗဟိုကိုမလာပဲနေရင် သူ့ကိုသုတ်သင် ရှင်းလင်းပစ်ဖို့။ နိုင်ငံရေးဦးဆောင်အဖွဲ့ကို တင်ပြတယ်။ နိုင်ငံရေးဦးဆောင်အဖွဲ့အနေနဲ့ ဒါကို လက်ဦးမှုရှိရှိ ဆောင်ရွက်သွားဖို့ တင်ပြတယ်။ ဒါကို ကျွန်တော်တို့ သဘောတူတယ်။ နိုင်ငံရေးဦးဆောင်အဖွဲ့အနေနဲ့ ဒီကိစ္စနဲ့ ပတ်သက်ပြီး အမြန်စဉ်းစားပြီး လိုအပ်တာတွေ ဆောင်ရွက်သွားမယ်။

တန်ပြန်တော်လှန်ရေးသမား စိုးသန်းကိုကျွန်တော်တို့ ခြေလှမ်းရှိရှိနဲ့ ချေမှုန်းသုတ်သင်သွားရမယ်။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ဖြင့် ဗဟိုကော်မီတီဥက္ကဋ္ဌသခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ဗဟိုကော်မီတီအဖွဲ့ဝင်နှင့် မြစ်ဝကျွန်းပေါ်တိုင်းကော်မီတီအတွင်းရေးမှူး ရဲဘော်စိုးသန်းအား ယင်း၏မျက်ကွယ်တွင်ပင် သေဒဏ်စီရင်ချက်ကို ချမှတ်လိုက်ကြပြီဖြစ်လေသည်။



ရဲဘော်စိုးသန်း၊ ဇနီး မလှကျင်နှင့် သားများ၊

သို့ရာတွင် သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ခြေလှမ်းရှိရှိဖြင့် သုတ်သင်သွားနိုင်ရန်အတွက် စံနစ်တကျပင် အစီအစဉ်လုပ်ကြ ထော့သည်။

ယင်းစံနစ်ကျသော အစီအစဉ်ကား ရဲဘော်စိုးသန်းထံသို့ သခင်သန်းထွန်းကိုယ်တိုင်ပင် ဤသို့စာရေးလိုက်လေသည်။

"ဒီအတွေးအခေါ်တွေဟာ အရင်ကပေါ်ပေါက်ခဲ့တဲ့ ဗီ-စီ-ဂျီတို၊ ၄၇-ကုံးက လက်နက်ကိုင်တော်လှန်ရေး ဆန့်ကျင်ခဲ့တာတွေနဲ့ ဆက်စပ်ဖော်ပြမှာဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဲ့ဒါတွေကို ချုပ်ပြီးမှ ဖြေ နဲ့ ဖြေ [illegible] ခဲ့တဲ့ [illegible]လှန် ရေးမှုတွေကို တရုတ်နည်း [illegible] ၎င်းနည်းဖော် ပြမှာဖြစ်တယ်။

၆။ ဗဟိုကော်မီတီ တိုးချဲ့ရေးနဲ့ ပတ်သက်တာကိုတော့ စဉ်းစားပြီးပါပြီ၊ မကြာခင်မှာ [illegible]

၇။ ခင်ဗျားနဲ့ တောင်[illegible] ဆိုတဲ့အကြောင်း ပါ။ ခင်ဗျားရေးသလို ဒီကို [illegible] နှီးနှောဖလှယ်ညှိ နှိုင်းမှုရှိနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။

ကျွန်တော်တို့နဲ့ အမြဲပြည့်သ[illegible] ဗဟိုရဲ့ဆုံး ဖြတ်ချက်တွေအတိုင်း [illegible] ကျွန် တော်တို့အားလုံးအရှုံးသွားရပါတယ်။"

သခင်သန်းထွန်း၏ လက်ရေးမူ



ဥက္ကဋ္ဌ သခင်သန်းထွန်းမှ ရဲဘော်ခိုင်သန်းသို့ ပေးစာမူရင်း

ချုပ်လိုက်ပါက ဥက္ကဋ္ဌသခင်သန်းထွန်းနှင့် နိုင်ငံရေးဦးဆောင်အဖွဲ့သည် တဘက်က ရဲဘော်စိုးသန်းအားသုတ်သင်ရှင်းလင်းပစ်ရေးကိုလက် ဦးမှုရှိရှိဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်ထား၏။ တချိန်တည်းတွင် "ခင်ဗျားလာပြီး လေ့လာရေးလုပ်ပါ။ယင်းသို့လုပ်လျှင်နီးစပ်မှု ညီညွတ်မှုရနိုင်ပါတယ်။ မတူညီပေမဲ့ ဗဟိုရဲ့ဆုံးဖြတ်ချက်တွေအတိုင်း လုပ်သွားမယ်ဆိုတဲ့ ခင်ဗျားရဲ့ စိတ်ဓာတ်ကို အထူးအားရပါတယ်"ဟုသခင်သန်းထွန်းကရဲဘော်စိုးသန်းထံသို့စာရေး၍ခေါ်ယူလိုက်သည်။

ဤသည်တို့မှာ သခင်သန်းထွန်းတို့၏ ရဲဘော်စိုးသန်းနှင့် ပတ်သက်သော "လက်ဦးမှုရှိရှိ" "ခြေလှမ်းရှိရှိ"ဆောင်ရွက်ချက်ပင်ဖြစ်လေတော့သည်။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉

ဗဟိုစခန်း ပထမအကြိမ်အတိုက်ခံရခြင်း

၁။ တော်လှန်သောဗဟိုစခန်း

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းသည် သာယာဝတီ ခရိုင်မှ ပြည်ခရိုင်၊ ယင်းမှသာယာဝတီခရိုင်၊ ယင်းမှပြည်ခရိုင်၊ ထို့ပြင် ခရိုင်နှစ်ခရိုင်၏ အစပ်၊ စသည်စသည်ဖြင့် ထိုမှဤမှ လှုပ်ရှားနေရ၏။ လူးလားခတ် ဖြစ်နေရ၏။ ခေါက်တုံ့ခေါက်ပြန်ပင် ပြောင်းရွှေ့နေရ၏။ ဒေသအခြေကျနေမရဖြစ်နေလေသည်။

ဗမာ့တပ်မတော်၏ တပ်မ (၇၇) မှ ဦးစီးသော "ပြည်သာယာစစ်ဆင်ရေး" သည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်အား တိုက်ခိုက်ရန် ဖြစ်၏။ ချေမှုန်းရန်ဖြစ်၏။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် တပ်မ(၇၇) စစ်ဆင်ရေး စစ်ကြောင်းများ၏ လှုပ်ရှားမှု အဝန်းအဝိုင်းအတွင်းမှ လွတ်မြောက်ရန်အတွက် အစွမ်းကုန်ပင် ကြိုးပမ်းနေရသည်။ အားထုတ်နေရသည်။

ပြည်သာယာစစ်ဆင်ရေးအတွင်း၌ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် ရေကိုပင်ဝအောင်မသောက်ရချေ။ ပုံစံခွက်ဖြင့်သာ သောက်ကြရ၏။

ရေမချိုးကြရသည်မှာလည်း တလပင်ကျော်နေပြီဖြစ်၏။ တဦးနှင့်တဦးကပ်လျက်ပင် ထိုင်၍မရတော့ပေ။ အနံ့အသက်များမှာ လူတိုင်း၏ကိုယ်မှစူးစူးရှရှပင် ထွက်နေတော့၏။ ထမင်းကိုလည်း ဝအောင်မစားရ။ ဆန်နို့ဆီတဘူးလျှင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော် (၄)ဦးမျှ၍ စားကြရ၏။ ယင်းဆန်ကိုပင် ပုံစံရသည့်ရေဖြင့် ဆန်ပြုတ်ပြုတ်ရ၏။ ငှက်ပျောအူများနှင့် ဆူးပုတ်ကြီးများပါ ထည့်၍ ရောမွှေကြရ၏။ သို့ဖြင့် ဗိုက်ပြည့်အောင် စားကြရလေသည်။

× × ×

၁၉၆၈-ခုနှစ်၊မတ်လ(၁၆) ရက်နေ့တွင် ဖြစ်လေသည်။

ရဲဘော်-ရဲဘော်မများသည် အထူးပင်ပျော်ရွှင်နေကြ၏။ လန်းဆန်းနေကြ၏။ နှင်းဆန်းပန်းသို့ လန်းနေကြလေသည်။

တောင်ညိုချောင်းဖျား၏ ရေသည် ကြည်လင်၏။ စိမ်းလဲ့လဲ့ ဖြစ်၏။ ကျောက်စက်ရေသို့ပင် ဖြစ်နေ၏။ အေးမြ၍နေ၏။ တောင်ညို ချောင်းသည် ပဲခူးရိုးမတွင် အဖျားခံထား၏။ ထို့ကြောင့် သစ်ကြီး ဝါးကြီးများပေါ၏။ ပျဉ်းကတိုးပင်များ၊ကျွန်းပင်များ၊မျောက်ချောပင်ဖြူဖြူရှည်ရှည်များ၊ ထောက်ကြံ့ပင်များ၊ ကြက်သောင်းဝါးရုံကြီးများ၊ မျှင်ဝါးရုံကြီးများဖြင့် ပိတ်ဆီးထား၏။ ယင်းတို့၏ အောက်မှတောင်ညိုချောင်းသည် စမ်းချောင်းလေးကဲ့သို့ ပင်တသွင်သွင် စီးဆင်း၍ နေလေတော့သည်။

ရဲဘော်-ရဲဘော်မတို့သည်တောင်ညိုချောင်းကိုတွေ့လျှင် တွေ့ချင်းပင် ပြေး၍ ဆင်းကြ၏။ ရေကိုအငမ်းမရ သောက်ကြ၏။ တား၍ဆီး၍ပင် မရတော့ချေ။ အချို့မှာမူ ကျောပိုးအိတ်များကိုပင် ဖြုတ်၍မချနိုင်တော့၊ ချောင်းထဲသို့ ထိုင်ချလိုက်ကြ၏။ သောက်လည်းသောက် ချိုးလည်းချိုးနေကြလေတော့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်သည်တောင်ညိုချောင်းဖျား၏ အရှေ့ လက်တက်ဖြစ်သော ကြံ့ကလေးမြောင်နှင့် ငှက်ပျောမြောင်တို့၏ ကြားတွင် ရှိသော ကြားကြောတွင် စခန်းချလိုက်၏။ ယင်းကြားကြောသည် ပဲခူးရိုးမနှင့် တဆက်တစပ်တည်းပင်ဖြစ်၏။ ရိုးမနှင့်မူ(၂)မိုင်ခန့်သာ ကွာဝေးလေသည်။

ထို့ပြင် သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့၏အစပ် ပဲခူးရိုးမခြေတွင်တည်ရှိသောကျဲတဲကြီးရွာ(ကရင်အမျိုးသားရွာ)နှင့်လည်း (၂)မိုင်ခန့်သာဝေးကွာ၏။ ယင်း ကရင်အမျိုးသားရွာကလေးမှာ ချောင်ကြသဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၏ ထာဝရပုန်းအောင်းရာ ဝပ်ကျင်းဖြစ်၏။ အကြပ်အတည်း တွေ့လေတိုင်းပင် ယင်းဝပ်ကျင်း၌ ဝပ်၍သာ နေခဲ့၏။ အထူးလျှို့ဝှက်၍ နေထိုင်ခဲ့ကြ၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယခုအခါတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် ကျွဲတပ် ဒြီးရွာမှ ပင် စပါးအသင့်အတင့်ကို ရရှိပြီဖြစ်၏။ ထို့ကြောင့် ယင်းစပါးများ ငှက် ပျောမြောင်အနီးသို့ သယ်ယူ၍ ဝါးမောင်းများဖြင့် ထောင်းကြရ၏။ တတ်ကြ ရ၏။ တခါတရံတွင် သခင်သန်းထွန်းကိုယ်တိုင်ပင် စပါးထမ်းထွက်၏ ယခုမူ ရဲဘော်တဦးလျှင် ဆန်နို့ဆီတဘူးစီပင်စားနေကြရပြီဖြစ်၏။ ယာဖုံးဆို ဘာင်း များမှရေတ်သီးများကိုလည်း စားရတော့၏။ထို့ပြင် ဆင်ခရမ်းချဉ်သီ ပြားနှင့် သပွတ်သီးများကိုပင်စားနေရပြီဖြစ်၏။တခါတရံတွင်ခရမ်းသီး၊မြေပုံသီးများကို ပင်ဆွတ်ခူး၍ရရှိ၏။ အထူးသဖြင့်နတ်ငှက်ပျောဟုခေါ်သော "ရင်းဘုငှက်ပျော" ကိုပင် ဆင်ခရမ်းသီးချက်နှင့်တို့၍မြုပ်၍ စားသောက်ရပြီဖြစ်၏၊ အလွန် ချင်အရ သာ ထူးကဲလှ၏။ ချောင်းကလေးများ၊ မြောင်းကလေးများအတွင်းမှ ကျောက် ပုဇွန်လေးများကို ဖမ်း၍လည်း ဆားနှင့်ထောင်း၍ ငပိထောင်းအဖြစ် စားကြရ ၏။ ယင်းကို တောင်ယာ ဆန်ထမင်းနှင့် စားရသော အရသာမှာ ပို၍ပ ထူးထူး ခြားခြား ရှိနေလေတော့သည်။

ထို့ပြင် ပဲခူးရိုးမအရှေ့ခြမ်းဌာနရှိသော တောင်ငူခရိုင်မှလည်း ဆေး များ နှင့် အဝတ်အထည်အချို့ကို ပို့ပေးလိုက်၏။ ဆေးရွက်ကြီး လည်း ပါ၏။ ရဲဘော်-ရဲဘော်မများသည် ဆေးငတ် နေသည်မှာ ကြာပြီဖြစ်၏။ ဆေးလိပ် သောက်ရန်အတွက်လည်း ငမ်းငမ်းတက်ဖြစ်နေကြ၏။ ဟပ်ဟပ်ပင်ငတ်နေကြ ၏။ ဆေးရွက်ကြီးများနှင့် ခအောင်းရိုးကို ဆေးရိုးထုကာ ရောစပ်ပြီး ဝက်ဖက် များနှင့် လိပ်၍ သောက်ကြ၏။ စက္ကူအစုတ်များနှင့်လည်းအလိပ်ကလေးများ ကို လိပ်၍သောက်ကြရ၏။

ယင်းဆေးလိပ်ကလေးများကို "ပွတ်ချွန်း"ဟု ခေါ်ဝေါ်ကြလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင်"ပွတ်ချွန်းလေး" များ၏ မီးခိုးများသည် ထိုမှဤမှပင် တလိပ်လိပ်တက်၍ နေလေတော့သည်။

သခင်သန်းထွန်းသည် ရဲဘော်-ရဲဘော်မများ၏ လှုပ်ရှားမှုများကို ကြည့်၍ အားရနေ၏။ ကျေနပ်နေ၏။ ရဲဘော်-ရဲဘော်မများကလည်း ဥက္ကဋ္ဌကြီးကို ကြည့်၍ တက်ကြွနေသည်။ ဝမ်းမြောက်နေကြသည်။

ဥက္ကဋ္ဌကြီး သခင်သန်းထွန်းသည် ကာကီလက်ရှည်အင်္ကျီကို ဝတ်ထား၏၊ အင်္ကျီလက်ကိုမူ လက်ရှည်အတိုင်းပင် ချ၍ဝတ်ထား၏။ ခေါက်၍မထား ပေ။ ကာကီအင်္ကျီမှာ ဟောင်းလွန်းနေ၏။ ကျောပြင်တပြင်လုံးကိုအစိမ်းရောင်အဝတ် ဟောင်းဖြင့်ဖာ၍ ဖာထေးထား၏။ ဂုတ်နှင့်လက်တို့တွင်လည်း ဖာ၍ချုပ်မှ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထားရ၏။ ဥက္ကဋ္ဌကြီး၏အင်္ကျီသည် ချုပ်ရိုးတရာ၊ အဖာတရာ ပေါင်းစုံနှင့်ပင် ဖြစ်နေတော့၏။ စပ်အင်္ကျီဖြစ်နေ၏။ လုံချည်မှာမူ အဖြူနှင့် အမဲကွက်စိပ်ဖြစ်၏။ တပတ်နွမ်းပင် ဖြစ်လေသည်။

သခင်သန်းထွန်းသည် အနားမနေချေ။ ရဲဘော်များ ရဲဘော်မများနေထိုင်ရာများသို့သာသွား၍ အားပေးစကားများ ပြော၍သာနေသည်။

"ဘယ်နှယ်လဲ စားလို့ကောင်းကြရဲ့လား။ တို့အခြေအနေတွေကတော့ ပိုပိုပြီး ကောင်းလာတော့မှာကွ"

ဤသို့ပြောလေ့ရှိ၏။ သခင်သန်းထွန်းသည် စကားပြောလျှင် ရှေ့သွားအစုံကို သွားချင်းစေ့၍ အံသွားများကိုကြိတ်ကာပြော၏။ ဤသည်မှာသခင်သန်းထွန်း၏ အလေ့အထဖြစ်၏။ အကျင့်ပင်ဖြစ်၏။ ပါးစပ်ကိုဟ၍စကားမပြောချေ။ ရှေ့သွားအစုံကို တင်းတင်းစေ့၍သာ ပြောလေ့ရှိ၏။

ဇမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် တည်ငြိမ်၍နေ၏။ အစားအတွက်လည်းမပူရ၊ ရေအတွက်လည်း မစိုးရိမ်ရတော့ချေ။

ထို့ပြင် အသားများများကို စားရရေးအတွက် အမဲပစ်စီမံကိန်းတခုကို ရေးဆွဲကြ၏၊ စီစဉ်ကြ၏။ ယင်းစီမံကိန်းကို ဦးဆောင်ရေးဆွဲ၍ အကောင်အထည်ဖော်သူမှာ ဗဟိုကင်းတပ်မှူး ဗိုလ်တင်မောင်(ခ)လှဟန်(ခ)သိန်းထွန်းဖြစ်၏။ ဗိုလ်တင်မောင်သည် လက်ဖြောင့်တပ်သားမျ ားကို ရွေးချယ်၍ အမဲပစ်ထွက်ကြလေသည်။

ဗိုလ်တင်မောင်နှင့်အဖွဲ့သည် ပဲခူးရိုးမကို ဖြတ်ကျော်၍ တောင်ငူခရိုင်အတွင်း၌ပင် အမဲကိုပစ်ကြ၏။ အမဲကြီးများဖြစ်၏။ အထူးသဖြင့် တောဆင်များနှင့် ပြောင်ကြီးများကို ပစ်ခတ်ကြသည်။

ပထမဦးဆုံးတွင်မူ တောဆင်တကောင်ကိုရ၏။ ထို့နောက်ပြောင်ကြီး(၈) ကောင်ကို ဆက်တိုက်ပင်ရတော့၏။ ယင်းအသားများကိုညှင်း၍နေလည်းလှမ်း၏။ ကြပ်လည်းတိုက်ထား၏။ ရေနှင့်အထပ်ထပ်ပြုတ်၍လည်း အမဲမှုန့် များလုပ်ကြ၏။ ထို့နောက် ရဲဘော်တဦးစီအား ရိက္ခာခြောက်များအဖြစ် ဝေငှ၍ပေးထားသည်။ အရေးကြုံက စားသုံးရန်အတွက်ဖြစ်လေသည်။

ဗဟိုစခန်းမှ ရဲဘော်များသည် အမဲကြီးများကို ရလျှင် ညအိပ်ညနေသွား၍ ဖျက်ကြရ၏။ ထမ်းကြရ၏။ တပျော်တပါးပင်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တခါတလေတွင် သခင်ဇင်၊ သခင်ချစ်၊ ဗိုလ်ဇေယျနှင့် ရဲဘော်မြတ်ပိုင် အသားများကို လိုက်၍ နှေချင်းပြန်ထမ်းကြလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းသည် စည်စည်ကားကားဖြစ်နေ၏။ ပျော်ရွှင်၍နေကြ၏။မြူးတူး၍နေကြ၏။ ပျော်ရွှင်မြူးတူးနေကြသည်။

"မေ်ာစီတုံး ကမ္ဘာမှာ ဒို့ခေါင်းဆောင်။ မော်စီတုံး ဗမာမှာ ဒို့ခေါင်းဆောင်" သီချင်းသံသည်သာဗဟိုစခန်းတွင်လွှမ်း၍ လာပြန်တော့သည်။

ကြို့မဲ့ကြေးနန်းကျောင်း၊ဆေးကျောင်းတို့မှ တပ်နီလူငယ်များကလည်း(မှန်ကန်သော နိုင်ငံရေးကို စိုက်ထူမည်။ အဟောင်းမှန်သမျှကို တော်လှန်မည်။စည်းစည်းလုံးလုံးစည်းကမ်းလိုက်နာမည်။ ကိုယ်ကျိုးစွန့်ပြီး ရန်တကာကို သုတ်သင်မည်)ဟူသော "အမိဌာနိ၄ချက်" သီချင်းကို ဆူညံစွာ အော်ဟစ်သီဆိုကြသည်မှာလည်း တတောလုံးပင်ဟိန်းနေတော့သည်။

အမိဌာန် (၄) ချက်သီချင်း

ကျောင်းဘဝတာမယ်- ပြောင်းလဲကာရယ် - ဟောင်းသမျှတွေကို တော်လှန်မယ်၊ နိုင်ငံရေးမှန်ကန် - ဇွဲလုံ့လသန်သန် - စိုက်ထူပါရမယ်။

(ကျောင်းဘဝတာမယ်-ပြောင်းလဲကာရယ်-ဟောင်းသမျှတွေကိုတော်လှန်မယ်၊ စည်းလုံးမှုခိုင်ခိုင်၊ စည်းကမ်းပိုင်ပိုင် လိုက်နာကျင့်သုံးမယ်)၂။

ကိုယ်ကျိုး....ပယ်လှန်ကာ၊ လူငယ်များ ရှေ့ကတက်ခဲ့တယ်၊ (တပ်နီတော်လူငယ်)၂၊ ရန်တကာအပေါင်းကိုသုတ်သင်မယ်-ပါတီတွင်းမှာ သန့်စင်စေရမယ်....r

တပ်နီအမျိုးသမီးလေးများသည် တရုပ်သီချင်းများကိုပင် သီဆိုနေကြ၏။ ကျူးရင့်နေကြ၏။ ပီကင်းရေဒီယိုနှင့်အတူ လိုက်၍ပင် သီဆိုနေကြလေသည်။ တခါတရံ၌ဗဟိုစခန်းတွင် ကြားမြင်နေရသည်မှာ "ပီကင်းမြို့လယ်ခေါင်သို့ ရောက်နေပလား"ဟူ၍ပင် ထင်ရောင်မိသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် ပါတီကော်မီတီ(၆)ဦးရှိသည်။

ယင်းတို့မှာ-....

(၁) ရဲဘော်ဥာဏ်ကျော်(ခ)ညိုအောင်(ပီကင်းပြန်) အတွင်းရေးမှူး

(၂) ဗိုလ်တင်မောင်(ခ)လှဟန်(ခ)သိန်းထွန်း တပ်မှူး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃) ရဲဘော်မျိုးတင့်(ခ)ကြည်အောင် (ပီကင်းပြန်)၊ ဗဟိုမှာ့က်စ်လီနင်ဝါဒကျောင်းတာဝန်ခံ

(၄) ရဲဘော်သက်(ခ)ဦးခင်(ခ)အေးမောင် ထောက်ပံ့ရေးမှူး

(၅) ရဲဘော်တင်ထွေး(ခ)မောင်ညို (ပီကင်းပြန်) ဗဟိုဌာနချုပ်ရုံး

(၆) ရဲဘော်ချစ်ဝေ(ခ) အေးလွင်(ခ)ဂျိုကာ ဗဟိုကြိုးမဲ့ကြေးနန်းဌာနတာဝန်ခံတို့ဖြစ်ကြသည်။

င်းဗဟိုဌာနချုပ်စခန်းတခုလုံးအား တပ်ခွဲပုံစံဖြင့် ဖွဲ့စည်းထား၏။ တပ်စု ၄ ကို ဖွဲ့စည်းထား၏။ တပ်ဖွဲ့တခုလုံး၏"တပ်မှူးကြီး"မှာ သခင်သန်းထွန်း င်ဖြ ၏။ သခင်သန်းထွန်းသည် ဗဟိုဌာနချုပ်၏ နေ့စဉ်လှုပ်ရှားမှုအားလုံးကို ဘိုဂ က်ပင် အုပ်ချုပ်ကွပ်ကဲ၍ အမိန့်ပေးလေသည်။

က်တွေ့အားဖြင့်မူ"တပ်မှူးကြီး"သခင်သန်းထွန်းအား တာဝန်ခံ၍ အ ကား အထည် ဖော်ရသူမှာ ဗဟိုစခန်း ပါတီကော်မီတီနှင့် ဗဟိုစခန်းလုံခြုံရေး မှူး ဘ်တင်မောင်(ခ)လှဟန်(ခ)သိန်းထွန်းပင်ဖြစ်၏။ထို့ပြင် ဗိုလ်တင်မောင် သည် ာပ်စု(၁)၏ တပ်စုမှူးလည်းဖြစ်၏။ နိုင်ငံရေးမှူးမှာ ရဲဘော်ဥာဏ်ကျော် (ခ) ုအောင်(ပီကင်းပြန်)ဖြစ်သည်။

င်းတပ်စု(၁)သည် ဗဟိုဌာနချုပ်၏ လုံခြုံရေးကို တာဝန်ခံရသောတပ်စု င်ဖြ ၏။ တပ်စိတ်(၄)စိတ်ပါဝင်သည်။

ပ်စိတ်(၁)၏ တပ်စိတ်မှူးမှာ ရဲဘော်သောင်းစိန်(ခ)ညိုထွန်းဖြစ်သည်။

ပ်စိတ်(၂)၏ တပ်စိတ်မှူးမှာ ရဲဘော်ငွေသိန်းဖြစ်သည်။

ပ်စိတ်(၃)၏ တပ်စိတ်မှူးမှာ ရဲဘော်သန်းဝင်းဖြစ်သည်။

ပ်စိတ်(၄)၏ တပ်စိတ်မှူးမှာ ရဲဘော်မြင့်နိုင်ဖြစ်သည်။

ပ်စု(၂)မှာမူ ဗဟိုရုံးအဖွဲ့၏ တပ်စုပင်ဖြစ်၏။ ဗဟိုဆေးဌာန၊ နိုင်ငံရေး ဦးဆေ ာင်အဖွဲ့ဝင်များ၊ ဗဟိုကော်မီတီများ၊ တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒ ကျေ ်းသားများပါဝင်၏။ နိုင်ငံရေးမှူးနှင့် တပ်မှူးမှာရဲဘော်ညို(ပီကင်းပြန်) င်ဖြ ၏။ တပ်စိတ်(၄)စိတ်ပါဝင်သည်။

ပ်စု(၂)တပ်စိတ်(၁)၏ တပ်စိတ်မှူးမှာ ဗိုလ်ခင်ညို (မြစ်ဝကျွန်းပေါ ဘိုင ဖြစ်၏။ တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသားအချို့ပါဝင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၏။ တော်လှန်သော ဗဟိုကော်မီတီသခင်ပု(ခ)ဦးထွန်းဝေနှင့် ဗဟိုကော်မီတီ ရဲဘော်မြ(ခ)ဦးတင်ဦးတို့လည်းပါဝင်ကြသည်။

တပ်စိတ်(၂)၏ တပ်စိတ်မှူးမှာ တပ်စု(၂)၏ နိုင်ငံရေးမှူးနှင့် တပ်မှူးဖြစ်သော ရဲဘော်ညို(ပီကင်းပြန်)ပင်ဖြစ်၏။ သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များပါဝင်ကြ၏။ ရဲဘော်အောင်ကြီး၊ ဗိုလ်ဇေယျ တို့လည်းပါဝင်ကြသည်။

တပ်စိတ်(၃)၏ တပ်စိတ်မှူးမှာ ရဲဘော်သိန်းဟန်(ခ)အောင်လေးဖြစ်၏။ ဗဟိုရုံးအဖွဲ့နှင့် ဗဟိုဆေးအဖွဲ့တို့ပါဝင်သည်။

တပ်စိတ်(၄)၏ တပ်စိတ်မှူးမှာ ဗိုလ်ဘုန်းကျော်ဖြစ်၏။ ပဲခူးရိုးမတိုင်း ကော်မီတီများပါဝင်သည်။

တပ်စု(၃)မှာမူ ဗဟိုကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးတပ်ဖွဲ့ဖြစ်၏။ တပ်မှူးမှာ ရဲဘော်အေးလွင်(ခ)ချစ်ဝေ(ခ)တင့်ဆွေ(ခ)ဂျိုကာဖြစ်၏။ ဤတပ်စုတွင် အသံဖမ်းရေဒီယိုစက်များနှင့် နိုင်ငံခြားဆက်သွယ်သည့် ကြိုးမဲ့ကြေးနန်းစက်တလုံးနှင့် လက်လှည့်အားသွင်းစက်တလုံးပါရှိသည်။ အလေးဆုံးစက်များပါသည့် တပ်စုပင်ဖြစ်သည်။

တပ်စု(၃)တွင် တပ်စိတ်နှစ်စိတ်ပါဝင်၏။ တပ်စိတ်(၁)၏ တပ်စိတ်မှူးမှာ ရဲဘော်ရဲညွန့်(ခ)မောင်ညွန့်ဖြစ်သည်။

တပ်စိတ်(၂)၏တပ်စိတ်မှူးမှာရဲဘော်ဝင်းမောင်(ခ)သစ်လွင်(ခ)မြင့်မောင် ဖြစ်၏။ ရဲဘော်ဝင်းမောင်သည် ဗဟိုကြိုးမဲ့ကြေးနန်းသင်တန်းကျောင်း၏ နည်းပြဆရာဖြစ်သည်။

တပ်စု(၄)၏ နိုင်ငံရေးမှူးမှာ ရဲဘော်မျိုးတင့်(ခ)ကြည်အောင်ဖြစ်၏။တပ်မှူးမှာ ဟံသာဝတီခရိုင် အတွင်းရေးမှူး ရဲဘော်ဘုန်းမြင့်ဖြစ်၏။တတိယပတ် ဗဟို မာ့က်စ်လီနင်ဝါဒကျောင်းသားများကို စုစည်း၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။

တပ်စု(၄)တွင် တပ်စိတ်နှစ်စိတ်ကို ဖွဲ့စည်းထား၏။ တပ်စိတ်(၁)၏ တပ်စိတ်မှူးမှာ ရဲဘော်ခင်မောင်(သရက်ခရိုင်)ဖြစ်သည်။

တပ်စိတ်(၂)၏ တပ်စိတ်မှူးမှာ ဗိုလ်အောင်မင်း(ပဲခူးခရိုင်)ဖြစ်သည်။

ဤသို့ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် တပ်ဖွဲ့အသွင်ကိုဖွဲ့စည်းလျက် လှုပ်ရှား၏။ စခန်းချ၏။ တစုတဖွဲ့တည်းပင်ဖြစ်၏။ အမိန့်ကိုလည်း သခင်သန်းထွန်း၏ အမိန့်တမိန့်တည်းအောက်၌သာ လိုက်နာကြရလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင် ဗဟိုဌာနချုပ်တွင် တာဝန်ယူနေကြရသော ရဲဘော် ရဲဘော်မများသည် စစ်ဆင်ရေးအခြေအနေနှင့် ကာလ အပိုင်း အခြားအလိုက်ပင် နာမည်ပြောင်းကြရ၏။ လျှို့ဝှက်ရေးနှင့် လုံခြုံရေးကို ကျင့်သုံးခြင်းဖြစ်၏။ ထို့ကြောင့် တလအတွင်းတွင်ပင် ရဲဘော်တဦးလျှင် နာမည်(၃)ကြိမ်တိုင်ပြောင်းလဲကြရသည်များရှိခဲ့၏။ နာမည်ပြောင်းရလွန်း၍ မိမိနာမည်များပင် မှတ်မိခြင်းမရှိတော့ပေ။

ပဲခူးရိုးမ တောင်ညိုချောင်းဖျားတွင် စခန်းချထားသော ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစခန်းသည် လှုပ်လှုပ်ရှားရှားဖြစ်နေကြ၏။ အထူးပင်တက်ကြွနေကြ၏၊ ပျော်ရွှင်နေကြသည်။

တရုပ်ပြည်ပီကင်းရေဒီယိုကလည်း "အနာဂါတ်ကိုဗမာပြည်ကွန်မြူနစ်ပါတီကသာ ပိုင်တယ်" ဟူ၍အသံလွှင့်၍ပေးနေသည်။ ကြွေးကြော်၍ လည်းနေသည်။

ဗဟိုဌာနချုပ်စခန်းတွင်ရှိသော ရေဒီယိုများသည် ပီကင်းရေဒီယိုကိုသာဖွင့်ကြရ၏။ ပီကင်းရေဒီယိုသည်သာ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အကြွင်းမဲ့နှင့်တခုတည်းသော ခေါင်းဆောင်မှုအဖြစ် ခံယူရ၏။ လိုက်နာရ၏။ ပီကင်းရေဒီယိုကို တက်တက်ကြွကြွ နားမထောင်သော ရဲဘော်သည် ပြန်လည်ပြင်ဆင်ရေးဝါဒ၏ ရေခံမြေခံဖြစ်သည်ဟူ၍လည်းကောင်း၊ ဖောက်ပြန်ရေးသမားတို့၏သားကောင်ဖြစ်မည်ဟူ၍လည်းကောင်း လှုံ့ဆော်ကြ၏။ ပညာပေးကြ၏။

> "အနာဂတ်ဟာ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းခေါင်းဆောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကသာ ပိုင်တယ်၊ ဗမာပြည်သူလူထုဟာ ဗမာ့သမိုင်းကိုဖန်တီးသူများဖြစ်တဲ့အတိုင်း ပြည်သူလူထုအကျိုးကိုယ်စားပြုတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ မုချ အောင်ပွဲရမှာဖြစ်တယ်။"

ဤသို့လည်း ပီကင်းရေဒီယိုမှ လှုံ့ဆော်၍ ဒအားပေးနေလေသည်။

ထို့ပြင် ပီကင်းရေဒီယိုသည် ဗမာပြည်ကွန်မြူနစ်ပါတီအား တိုက်ရိုက်ညွှန်ကြားနေ၏။ ဆန္ဒပြုသည့် ကြွေးကြော်သံများကိုလည်း နေ့ညမဟူပင် အစီအစဉ်ဖြင့် အသံလွှင့်၍နေလေသည်။

> "နိုင်ငံရေး အာဏာဟာ သေနတ်ပြောင်းဝကသာ ပေါ်ထွက်နိုင်တယ်၊ ဒါကြောင့် ဘယ်လိုအခြေအနေမျိုးအောက်မှာပဲဖြစ်ဖြစ် ဗမာပြည်ကွန်မြူနစ်ပါတီဟာ....
>
> - လက်နက်စွဲကိုင်ပြီး နိုင်ငံရေးအာဏာကို အရယူကြလော့။
> - လက်နက်စွဲကိုင်ပြီး နေဝင်းစစ်အစိုးရကို ဖြုတ်ချကြလော့။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်မှာလည်း ပီကင်းရေဒီယိုအသံလွှင့်ဌာနမှ အသံလွှင့်ပေးနေသော ကြွေးကြော်သံများပင်ဖြစ်သည်။

ဆက်လက်၍လည်း ပီကင်းရေဒီယိုသည် ဤသို့ဆန္ဒပြုလျက် ကြွေးကြော် နေပေသည်။

"– ဗမာပြည်ကွန်မြူနစ်ပါတီ အစွန့်ရှည်ပါစေ။
– ဥက္ကဋ္ဌကြီးသခင်သန်းထွန်း ကျန်းမာပါစေ။
– ဥက္ကဋ္ဌကြီးမော် သက်တော်ရာကျော် ရှည်ပါစေ။
သက်တော်ရှည်ပါစေ-။ သက်တော်ရှည်ပါစေ-"

ဥက္ကဋ္ဌကြီး သခင်သန်းထွန်း၏ ကုပ်ပစ်အနီးတွင် ရဲဘော်- ရဲဘော်မများ သည် ပီကင်းရေဒီယိုကိုနားထောင်နေကြ၏။ သခင်သန်းထွန်းသည် အလွန်ပင် ရွှင်ပြနေ၏။ ပြုံး၍ပင်နေ၏။ ပီတိဖြာနေ၏။ဥက္ကဋ္ဌကြီးသခင်သန်းထွန်း၏အပြုံး သည် "အောင်ပွဲသရဖူ"ကိုဆောင်းနေသည့် အပြုံးပင်ဖြစ်လေသည်။

ပီကင်းရေဒီယိုကိုနားထောင်နေကြသော ရဲဘော်-ရဲဘော်မအပေါင်းသည် ပီကင်းရေဒီယို၏ကြွေးကြော်သံများနှင့် သခင်သန်းထွန်း၏ ပီတိပြုံးကိုတွေ့မြင် ကြားသိနေရ၍ ဥက္ကဋ္ဌကြီး သခင်သန်းထွန်း၏အပေါ်းတွင် ပို၍ပို၍ ရိုကျိုးသော အမူအရာများဖြင့် သခင်သန်းထွန်းအားကြည့်၍နေကြလေသည်။

ပဲခူးရိုးမ၏ တောင်ညိုချောင်းဖျားတွင် ပီကင်းရေဒီယို၏ အသံလွှင့်ချက် များသည်သာ လွှမ်း၍ပဲ့တင်ထပ်၍နေလေတော့သည်။

ယင်းကား ဗမာပြည် ကွန်မြူနစ်ပါတီ၏ တော်လှန်သော ဗဟိုစခန်းပင် တည်း။

တော်လှန်သော ဗဟိုစခန်းတွင် တော်လှန်သော တပ်နီ လူငယ်နှင့် တပ်နီ အမျိုးသမီးများသည် တော်လှန်သောကြွေးကြော်သံများကို တရုပ် ဘာသာ ဖြင့်ပင် ကြွေးကြော်အော်ဟစ်၍ မြူးတူးလျက်နေကြလေတော့သည်။

"ဝူမင့်အီးတင့်ယောက်စင်းလိ။"
"မောင်ကျူ့ရှိစ်-ဝေါမင်းရှင်ကြိုး-ဗွေ့ဟု'ဗွေ့ဟု'တဲ့ဟု'ထိုက်ယန်"

× × ×

(မှတ်ချက်။ ။ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင် တရုပ်ဘာ သာဖြင့် ကြွေးကြော် နေကြသော ကြွေးကြော်သံ များ ၏ အဓိပ္ပါယ်မှာ....

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ငါတို့ မုချနိုင်ရမည်"
"ဥက္ကဋ္ဌကြီး မော်ဟာငါတို့အသဲနှလုံးထဲကအနီရဲတကာ့အနီရဲဆုံးနေမင်းနီကြီး ဖြစ်တယ်"ဟူ၍ ဖြစ်ပါသည်။ စာရေးသူ။)

၂။ တပ်မ(၇၇)

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် ပဲခူးရိုးမ၏ တောင်ညိုချောင်းဖျားတွင်စခန်းချ၍ထားသော်လည်း နောက်ကျောကား မလုံ ဖြစ်နေသည်။

တပ်မ(၇၇)၏"**ပြည်သာယာစစ်ဆင်ရေး**" စစ်ကြောင်း များသည် ပြည်ခရိုင်အတွင်းတွင် ပိုက်စိတ်တိုက်၍လှုပ်ရှားနေလေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်သည် "**ရန်သူ့ ထိုးစစ်ကို- ငါတို့ ထိုးစစ်ဖြင့် ချေမှုန်းရမည်**" ဟူသော မော်စီတုံး၏ပြည်သူ့စစ်ရေးဆိုင်ရာ လမ်းညွှန်ကို ဗမာပြည်လက်နက်ကိုင် တော်လှန်ရေးအတွက် တခုတည်းသော လမ်းညွှန်အတွေးအခေါ်အဖြစ် ချမှတ်ထားခဲ့ပြီးဖြစ်၏။ သို့ရာတွင် တပ်မ(၇၇) ကိုမူ ရင်ဆိုင်ရန် မဝံ့ ဖြစ်နေသည်။

ထို့ကြောင့် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် တပ်မ(၇၇) ကို ဦးတည်ရင်ဆိုင်နိုင်ရန်အတွက် အဖက်ဖက်မှ ပြင်ဆင်၍လှုံ့ဆော်နေရသည်။

တပ်မ(၇၇)၏စစ်ဆင်ရေးများ အောက်တွင် ဗမာပြည် ကွန်မြူနစ်ပါတီသည် အကျအဆုံးများစွာရှိခဲ့၏။ ပြည်ခရိုင်နှင့်သာယာဝတီခရိုင်တို့တွင် အကျအဆုံးများမှာ မကြုံဘူးအောင်ဖြစ်ခဲ့၏။ ပြည်ခရိုင်ကော်မီတီနှင့် ပေါင်းတည်မြို့နယ်အတွင်းရေးမှူး ရဲဘော်ဘိုအေး(ခ)အေးဘိုမှာ ၁၉၆၇-ခုနှစ် ဇွန်လ (၂၅)ရက်နေ့တွင် ပြည်ခရိုင်ပေါင်းတည်မြို့နယ် ငပေါ်ရွာအနီးတွင် ကျဆုံးခဲ့၏။ ရဲဘော်ဘိုအေးသည် ဗမာပြည် ကွန်မြူနစ်ပါတီဝင် အဖြစ်ဖြင့် နှစ်ပေါင်း(၂၃)နှစ်ကျော်ပင် တာဝန်ထမ်းဆောင်ခဲ့၏။ ပြည်ခရိုင် ပေါက်ခေါင်းမြို့ဇာတိဖြစ်၏။ တလျှောက်လုံးပင် ပြည်ခရိုင်ကော်မီတီနှင့်မြေယာဌာနတာဝန်ခံအဖြစ်တာဝန်ယူခဲ့၏။ ၁၉၆၃-ခုနှစ် ဩဂုတ်လအတွင်းတွင် ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ပေါက်ခေါင်းမြို့သို့ ဗဟိုဌာနချုပ်၏ အထူးတာဝန်ပေးအပ်ခြင်းကိုခံခဲ့ရသူဖြစ်၏။ ၁၉၆၅-ခုနှစ်တွင် ဗဟိုဌာနချုပ်၌ ဖွင့်လှစ်သော ပထမပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသို့ တက်ရောက်ခဲ့သည်။

၁၉၆၈-ခုနှစ် ဇန်နဝါရီလ(၁)ရက်နေ့တွင်မူ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်ဆေးမှူးနှင့် ဗဟို ဆေးကျောင်း၏ တပ်မှူးဖြစ်သော ရဲဘော် အောင်မြင့်(ခ)ခင်လေးသည် ကျဆုံးခဲ့၏။ ရဲဘော်အောင်မြင့်သည် ဗမာပြည် ကွန်မြူနစ်ပါတီဝင် အဖြစ်ဖြင့် နှစ်ပေါင်း(၂၀)ကျော်ပင် တာဝန်ယူခဲ့၏။ မှော်ဘီခရိုင် ဇာတိဖြစ်၏၊ ၁၉၅၁-ခုနှစ်တွင် ဗမာပြည် ကွန်မြူနစ်ပါတီ ပြည်သူ့တပ်မတော် တပ်မကြီး(၁)တပ်မဟာ(၂)၏ဆေးမှူး ဗိုလ်ကြီးအဖြစ် တာဝန်ယူခဲ့၏။ ၁၉၅၁-ခုနှစ်မှစ၍ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၏ ဆေးမှူးတာဝန်ကို တလျှောက်လုံးပင်ယူခဲ့၏။ ၁၉၆၂-ခုနှစ် အောက်တိုဘာလတွင် သခင်သန်းထွန်း၏ နှစ်မအငယ်ဆုံးဖြစ်သော ရဲဘော်မမြဝင်း(ခ) မစိမ်းချိုနှင့် လက်ထပ်ခဲ့၏။ ၁၉၆၆-ခုနှစ်တွင် ဗဟိုဌာနချုပ်၌ ဖွင့်လှစ်သော ဒုတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ခရိုင် ကပ်မိန်အချိုးသင်းခေါင်းဆောင်ဖြစ်သော ရဲဘော် မစောရီ(ခ)မစိန်အေး(ခ)မရင်ရင်(ခ)မခင်ရီ (ရဲဘော်ငွေး၏ ဇနီး)မှာလည်း ၁၉၆၈-ခုနှစ် မတ်လ(၂၅)ရက်နေ့တွင် ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ဒလမဲတွင် ကျဆုံးခဲ့၏။ ရဲဘော်မစောရီသည် ဗမာပြည်ကွန်မြူနစ်ပါတီဝင် အဖြစ်ဖြင့် နှစ်ပေါင်း(၂၂)ကျော်ပင် တာဝန်ထမ်းဆောင်ခဲ့၏။ ပဲခူးခရိုင် ရေစကြို ဇာတိဖြစ်၏။ ရဲဘော်မစောရီသည် ၁၉၄၆-ခုနှစ်တွင်ဗမာပြည်ကွန်မြူနစ်ပါတီ နှင့် အလံနီကွန်မြူနစ်ပါတီအကွဲတွင် ဗမာပြည် ကွန်မြူနစ်ပါတီသို့ ပါဝင်ခဲ့၏။ မန္တလေးခရိုင်ကော်မီတီဖြစ်ခဲ့၏။ ၁၉၄၇-ခုနှစ်တွင် ရဲဘော်ငွေးနှင့် လက်ထပ်ခဲ့၏။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ဒီမိုကရေစီအမျိုးသမီးသမဂ္ဂ၌ ဗဟိုအလုပ်အမှုဆောင်ဖြစ်ခဲ့၏။ ၁၉၆၆-ခုနှစ်တွင် ဗဟိုဌာနချုပ်၌ဖွင့်လှစ်သော ဒုတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသို့ တက်ရောက်ခဲ့၏။ ၁၉၆၇-ခုနှစ် ဇွန်လတွင် မိမိ၏ခင်ပွန်းသည် ရဲဘော်ငွေးအား ပြန်လည်ပြုပြင်ရေးသမားအဖြစ် သုတ်သင်ရန်အတွက် ကောင်းဆို၍ ထောက်ခံခဲ့သူဖြစ်သည်။

ထို့ပြင် ပြည်ခရိုင် ကော်မီတီနှင့် ပြည်ခရိုင် ယာယီတပ်မှူးဖြစ်သော ဗိုလ်သန်းနောင်(ခ)ရဲဘော်ဗိုးဘင့်သည်လည်း ၁၉၆၈-ခုနှစ် ဧပြီလ(၁)ရက်နေ့တွင် ပြည်ခရိုင် ပေါင်းတည်မြို့နယ်ရွှေလေးဒေသ ယုတ်ဆိုင်ရွာအနီးတွင် ကျဆုံးခဲ့၏။ ဗိုလ်သန်းနောင်သည် ဗမာပြည် ကွန်မြူနစ်ပါတီဝင်အဖြစ်ဖြင့် နှစ်ပေါင်း(၂၀)ကျော်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်၏။ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဇာတိဖြစ်၏။ ၁၉၅၁-ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်သူ့တပ်မတော် ဗဟိုစစ်ဦးစီးဌာနချုပ် နိုင်ငံရေးဌာန၌တာဝန်ယူခဲ့၏။ လက်နှိပ်စက်နှင့် လက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရေးတိုကျောင်းဆရာဖြစ်၏။ ၁၉၆၃-ခုနှစ်၊ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲကာလ၌ ပြည်ခရိုင်ပေါက်ခေါင်းမြို့နယ် လက်ကြီးရွာတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အထူးဆက်သွယ်ရေးတာဝန်ခံအဖြစ်ဖြင့် တာဝန် ပေးအပ်ခြင်းကို ခံခဲ့ရ၏။ ၁၉၆၅-ခုနှစ် ဗဟိုဌာနချုပ်၌ဖွင့်လှစ်သော ပထမပတ် ဗဟို မာ့က်စ်လီနင် ဝါဒကျောင်းသို့ တက်ရောက်ခဲ့သည်။

ဤသို့ ပြည်ခရိုင်ကော်မီတီ အများစုသည် ကျဆုံးခဲ့ရပြီး အလူးအလဲခံခဲ့ရ၏။ အထူးသဖြင့် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၏ လုံခြုံရေးနှင့် တည်ရှိရေးကိုပင် အချိန်နှင့်အမျှ ခြိမ်းခြောက်လျက်ရှိ၏။

ထို့ကြောင့်ပင် သခင်သန်းထွန်းနှင့် ဗဟိုဌာနချုပ်သည် တပ်မ(၇၇)၏ စစ်ဆင်ရေးဆိုင်ရာ နည်းပရိယာယ်များနှင့်ပတ်သက်သည့် ဒေသအသီးသီး၏ ထင်မြင်ချက်များနှင့် အကဲဖြတ်ချက်များကိုပေးပို့ရန် ညွှန်ကြားလိုက်၏။ အထူးသဖြင့် ၁၉၆၆-ခုနှစ်တွင် မြစ်ဝကျွန်းပေါ်တိုင်း၌ "ဆင်မင်းစစ်ဆင်ရေး" ကို တိုက်ရိုက်ဦးစီးသည့်တပ်မ (၇၇)၏ စစ်ဆင်ရေးဆိုင်ရာ နည်းပရိယာယ်များကို လေ့လာကြ၏။ ဆန်းစစ်ကြ၏။ ထို့ပြင် မြစ်ဝကျွန်းပေါ်တိုင်း၏ ထင်မြင်ချက်များနှင့် အကဲဖြတ်ချက်များကိုလည်း ပို့ပေးစေခဲ့လေသည်။

> "တပ်မ(၇၇)ဟာ အလွန်စုစည်းတဲ့တပ်ဖြစ်တယ်။ ကျွန်တော်တို့ သတိပေါ့လို့ မဖြစ်ဘူး။ သူ့ရဲ့စစ်ဆင်ရေးနည်းပရိယာယ်ကလဲ အကွက်စေ့တာကို တွေ့ရတယ်။ အပင်ပန်းအဆင်းရဲလဲခံနိုင်တယ်။ သတင်းမတိကျပဲနဲ့ မတိုက်ဘူး။ သတင်းရလို့ လိုက်ပြီဆိုရင်လဲ ဒုံရင်းအသိုက်ထိအောင် လိုက်ပြီး တိုက်လေ့ရှိတယ်။ ငါးပွက်ရာ ငါးစာချတဲ့သဘော၊ တို့ကနန်းဆိတ်ကနန်းမလုပ်ဘူး၊ သတင်းကိုတော့ မရရအောင်ယူတယ်။ စုဆောင်းတတ်တယ်။

ဤသည်မှာ တပ်မ(၇၇)၏ စစ်ဆင်ရေးဆိုင်ရာ နည်းပရိယာယ်တို့နှင့် ပတ်သက်၍ မြစ်ဝကျွန်းပေါ်တိုင်း စစ်ရေးတာဝန်ခံ ဗိုလ်အောင်ဖေနှင့် တိုင်းကော်မီတီအတွင်းရေးမှူး ရဲဘော်စိုးသန်းတို့၏ အကဲဖြတ်ချက်နှင့်ထင်မြင်ချက်များပင် ဖြစ်လေသည်။

သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင် အဖွဲ့သည် တပ်မ (၇၇)၏ အရှိန်သြဇာကို လောလောဆယ်တွင် စစ်ရေးအရ တိုက်ခိုက်ခြင်း မပြုနိုင်သည့်တိုင်အောင် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်ရန်နှင့် စိတ်ဓာတ်အရ အပေါ်စီးရနေစေရန်အတွက် အစွမ်းကုန် ကြိုးပမ်းကြသည်။

> "ရန်သူ့ထိုးစစ်တွေဟာ မကောင်းတာမဟုတ်ဘူး ကောင်းတာဖြစ်တယ်၊ ရန်သူ့ထိုးစစ်ဆိုတာ ငါတို့အားကြီးဖို့ အခွင့်အလမ်းကောင်းဖြစ်တယ်။
>
> ရန်သူရဲ့တပ်မကြီးတွေကို ငါတို့ရဲ့ ထောက်ပံ့ရေးဌာနလို့ သဘောထားရမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမှတ် (၇၇) ခြေမြန်တပ်မမှ ဦးစီးသော
ပြည်သာယာစစ်ဆင်ရေး။

၁၁-၁၂-၆၇



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရန်သူ့တပ်မကြီးတွေဆိုတာ တံဆိပ်ပြောင်းထားတဲ့ ငါတို့ရဲ့ ငယ်နိုင်တွေဖြစ်တယ်။ အမြဲတမ်းနိုင်ခဲ့တာချည်းပဲ။

၁၉၆၆-ခုနှစ် ဇူလိုင်နဲ့ ဩဂုတ်လတုန်းက တပ်မ (၇၇) က ပါတီဗဟိုကို ထိုးတယ်။ ငါတို့က မင်းတုံးကို သိမ်းလိုက်တော့ တပ်မ (၇၇) ရဲ့ ထိုးစစ်ဟာ ပျက်သွားရတယ်။

အခုဆိုရင် နေဝင်းရဲ့ အိမ်နဲ့ နှစ်မိုင်လောက်ဝေးတဲ့ နေရာမှာ တိုက်ပွဲတွေဖြစ်နေတယ်။ ဒါတွေကို တပ်မ (၇၇) ကလဲ ကာကွယ်နိုင်မှာ မဟုတ်တော့ဘူး။"

ဤသို့သခင်သန်းထွန်းသည် တပ်မ (၇၇) နှင့်ပတ်သက်၍ ပြောဆိုခဲ့သည်။

ထို့ပြင် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် ဗိုလ်ထွန်းငြိမ်း၊ ရဲဘော်စိုးဝင်း (ခ) ရဲဘော်ငွေးအောင်တို့သည် "ဗမာပြည်ကွန်မြူနစ်ပါတီ ပြည်ခရိုင်ပါတီကော်မီတီ၏ ရန်သူ့ထိုးစစ်ကို ထိုးစစ်ဖြင့် ပြန်လှန်ရိုက်ချိုးရေးစီမံကိန်း" ကိုရေးဆွဲကြလေသည်။

ယင်းသို့ရေးဆွဲရာတွင် "တိုက်ခိုက်ရေးဂွင် ရွေးချယ်ရေး" အပိုင်းတွင် ဤသို့ဖော်ပြထားလေသည်။

"ငါတို့အဓိကဦးတည်တိုက်ခိုက်ရမည့် ရန်သူသည် တပ်မ (၇၇) ဖြစ်သည်။ ငါတို့၏ တိုက်ခိုက်ရေးဂွင်သည် လက်ရှိအခြေအနေအ ရပေါက်ခေါင်း ကားလမ်းတောင်ဘက်ခြမ်းဖြစ်သည်။"

(မှတ်ချက်။ ။"တိုက်ခိုက်ရေးဂွင် ရွေးချယ်ရေး" စီမံကိန်း ဗိုကင်းပြန် စိုးဝင်း (ခ) ငွေးအောင်၏ လက်ရေးစာတမ်းမူရင်းမှ ဖြစ်ပါသည်။ စာရေးသူ။)

ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်သည် စစ်ရေးအရအဓိကဦးတည်တိုက်ရာရန်သူမှာတပ်မ (၇၇) ပင်ဖြစ်သည်ဟု အလေးအနက် ညွှန်ကြားထားလေသည်။

ထို့နောက်တွင် သခင်သန်းထွန်းသည် ပါတီတွင်းမှရဲဘော်များအား တပ်မ (၇၇)နှင့်ပတ်သက်၍ မုန်းတီးစိတ်များ၊ ရွံရှာစိတ်များ သွင်းပေးပြီး တိုက်ခိုက်ရေး၊ ချေမှုန်းရေးစိတ်ဓာတ်များ တဖွားဖွား ပေါ်လာစေရန် ရည်ရွယ်လျက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နည်းပေါင်းစုံဖြင့် လှုံ့ဆော်၍နေ၏။ အလေးအနက် ပညာပေးရေး ကိုလည်း မပြတ်ပြုလုပ်နေလေသည်။

"အမျိုးသမီးတွေဟာ ယောကျ်ားတွေထက် ပိုးပြီးသွေးစုတ်ခံရ။ ဖိနှိပ်ခံရတယ်၊

ယောကျ်ားတွေသွေးစုတ်ခံရတယ်။ အသတ်ခံရတယ်။ မိန်းမတွေလဲ သွေးစုတ်ခံရတယ်၊ အသတ်ခံရတယ်။ မိန်းမတွေက တခုခုအမြဲပိုတယ်။ အဲဒါကတော့ မိန်းမတွေက နေ့ဝင်းရဲ့ မုဒိမ်းကျင့် ခံရတာဖြစ်တယ်။

တခုတော့ရှိတယ်။ အခုတော့အထူးအဆန်းတွေလာရပြီ။ တပ်မ (၇၇) ဆိုတဲ့ အကောင်တွေရဲ့ ထူးခြားချက်ပဲ။ တခြားအရပ်တွေတော့ မသိဘူး။ ကျွန်တော်တို့အရပ်မှာတော့ ကြားရတယ်။ မြစ်ကြွန်းပေါ်က အောင်ခစ်သည့် ထိုးစစ်မှာ (အခု ပအိုဝ်ဖက်မှာ ထိုးနေတယ်) တပ်မ (၇၇) ကကောင်တွေဟာ အမျိုးသမီးတွေကိုသာ မုဒိမ်းကျင့်တာမဟုတ်ဘူး။ ယောကျ်ားတွေကိုပါ မုဒိမ်းကျင့်တယ်လို့သိရတယ်။ အခုဆိုရင် ပေါက်ခေါင်းဖက်မှာလဲ တပ်မ (၇၇) ကကောင်တွေက ယောကျ်ားတွေပါ မုဒိမ်းကျင့်သတဲ့။ ဒါကတော့ ရန်သူတပ်တွေရဲ့ နောက်ဆုံးထူးခြားချက်ပေါ့ဗျာ။

ယောကျ်ားပြောရင်တော့ မုဒိမ်းကျင့်ခံရတယ်ဆိုတာ မိန်းမတွေပဲ။

(တပ်မ–၇၇ နှင့်ပတ်သက်၍ သခင်သန်းထွန်း၏ ရှင်းလင်းချက်မိန့်ခွန်းမှရင်းမှ)

ဤသည်မှာ တပ်မ (၇၇)နှင့်ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုချုပ်တွင် သခင်သန်းထွန်း၏ ရှင်းလင်းချက် မိန့်ခွန်းပေးဖြင့်သည်။

ထို့နောက်တွင် ယင်းမိန့်ခွန်းနှင့် ပတ်သက်၍ ဂယက်အမျိုးမျိုးပေါ် ရိုက်ခတ်လျက်ရှိ၏။ "ဒါလောက်တောင်တော့ မပြောသင့်ဘူး ထင်တယ်။ မမှန်တာကိုလုပ်ကြံပြောရင် ပါတီကိုပဲ ပြန်ထိမှာပဲ။ အထူးသဖြင့် ဗဟိုကော်မီတီဥက္ကဋ္ဌအနေနဲ့ ဒါမျိုးတွေကို ဖန်တီးပြီးမပြောသင့်ဘူး။ သခင်သန်းထွန်းဟာ သူထင်ရင်တမျိုး၊ မထင်ရင်မထင်သလိုတမျိုး အလွန်အကျွံ ပြောတတ်လွန်းလို့ ခက်နေတယ်၊ သည့်စည်ဖြင့် ဝန်းတွင်း၌ သူ့ဝါမျိုး ငါတပုံအစုံစုံကို တိုးတိုးတိတ်တိတ်ပြောဆိုနေကြ၏။ဝေဖန်နေကြ၏။ တရားဝင် ထုတ်ဖော်၍မူ မည်သူတဦးတယောက်မျှ တင်ပြခြင်းငှာ မဝံ့ကြချေ။

ယင်းသို့သော အခြေအနေကို သခင်သန်းထွန်းသည် သိရှိနေပြီဖြစ်သည်။ ထို့ကြောင့် သခင်သန်းထွန်းသည် ပစ္စည်းမဲ့လူတန်းစား၏ ရပ်တည်မှု အမြင်နည်းနာအရပေါ်၍သို့ပင် အဆုံးအဖြတ် ပြုလိုက်လေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ရန်သူနဲ့ ပတ်သက်လာရင် ငါတို့ပြောတာဆိုတာ, လုပ်တာကိုင်တာ တွေဟာဘယ်တော့မှကိုလွန်တယ် ကျူံတယ်, ပိုတယ်များတယ်ဆိုတာမရှိ ဘူး။

ဒါကြောင့်တပ်မ (၇၇)ဟာ ယောက်ျားတွေတင်မကဘူး၊တရွာလုံး ကို မှုဒိမ်းကျင့်တယ်လို့ပဲ ပြောပြော။ တမြို့လုံး,တခရိုင်လုံး၊ နောက်ဆုံး တပြည်လုံးကိုတောင် မုဒိမ်းကျင့်တယ်လို့ ပြောပြော မှန်တယ်။ တရား တယ်။ မှားကို မမှားဘူး။

ဒီမှာငါတို့အဖို့အရေးအကြီးဆုံးကတော့ တပ်မ(၇၇)ကို ချေမှုန်း ဖို့ပဲ။ ဒီကနေပြီးတော့ ဗမာတပြည်လုံးကို အာဏာသိမ်းဘို့ပဲ။"

× × ×

၃။ မိုလ်ဧယျကျဆုံးခြင်း။

၁၇၂၉-ခုနှစ်၊ မဟာသင်္ကြန်အခါတော်ဖြစ်လေသည်။

၁၉၆၇-ခုနှစ်၊ ဧပြီလ (၁၅) ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်စခန်းတွင် တော်လှန်သော တပ်နီလူ ငယ်လေးများနှင့် တပ်နီအမျိုးသမီးလေးများသည် တဦးကိုတဦး တဖွဲ့ကိုတဖွဲ့ သင်္ကြန်ရေဖြင့် ပက်ဖြန်းကာ ကစား၍ နေကြ၏။ အချို့မှာပြဇာတ်ကပြရန် အတွက် ဇာတ်တိုက်နေကြ၏။ အမူအရာကိုလေ့ကျင့်နေကြ၏။ သီချင်းတက်သူ ကတက်နေကြသည်။

အချို့ကလည်း ကြက်သောင်းဝါးကြီးများကို အဆစ်ပိတ် အပိုင်းလေး များ ဖြတ်ထားပြီး ယင်းဝါးအပိုင်းထိပ်များကို အဝတ်များဖြင့် တင်းတင်း ပိတ်စီးကာ ဗုံအဖြစ်တီးနေကြသည်။

ယင်း ဝါး ဆစ် ဗုံ လေး များ မှ အ သံ ကား ထွက်၏။ အသံမှာကား ဗုံသံ မဟုတ် ပတ်သံမဟုတ်ချေ။သို့သော်လည်းကြားရသူအပေါင်းအားစိတ်လှုပ်ရှား စေ၏။ ဝမ်းသာခြင်းလည်းဖြစ်မိ၏။ ရင်၌မှုဟာ၍လည်းနေ၏။ စိတ်များတွင် အချုပ်အထိန်းများဖြင့် တထင့်ထင့်ခံစားနေကြရပေသည်။

အချို့ကလည်း ယင်းဝါးဆစ်ကြီးသေး ၂-ခုကို မြေတွင်တလှည့်စီ ဆောင့် ခြင်းဖြင့် ဗုံသံကိုထွက်စေ၏။ ယင်းအသံကိုမူ တကြောကျော်လောက် အဝေး ကြီးကပင်ကြားရသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တော်လှန်သော တပ်နီလူငယ်များနှင့် တပ်နီအမျိုးသမီးများသည် တဦးကို တဦး နောက်လိုက်ပြောင်လိုက်၊ ရယ်ပက်လိုက်ဖြင့် ပျော်ရွှင်နေကြသည်။မြူးတူး နေကြသည်။

နေ့လည်နေမွန်းတည့် အချိန်တွင်ဖြစ်၏။ နေသည်ခေါင်းပေါ်သို့ ထိုးနေ၏။ အပူဆုံးအချိန်ပင်ဖြစ်၏။ ယင်းသို့နေ၏ အပူဆုံးအချိန်နှင့် ဗဟိုဌာနချုပ်စခန်း ၏အဆူဆုံးအချိန်သည် ချိန်ကိုက်ဖြစ်၍ နေလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် "**တော်လှန်သောမဟာနှစ်သစ်ကူးပွဲတော်**" ဆိုသည်ကို တခမ်းတနား ကျင်းပနေ၏။ အခမ်းအနားမှူးမှာ ရဲဘော်ညာဏ်ကျော်(ခ)ညိုအောင် (ပီကင်းပြန်)ဖြစ်သည်။

အခမ်းအနားမှူး ရဲဘော်ညိုအောင်သည် "**တော်လှန်သောမဟာနှစ်သစ်ကူးပွဲတော်**"အခမ်းအနားကို စတင်၍ ဆင်နွှဲပြီဖြစ်ကြောင်းကို ကျေညာ လိုက်၏။ ထို့နောက်တွင် အခမ်းအနားအစီအစဉ်ကိုလည်းကျေညာလိုက်သည်။

ယင်းတော်လှန်သော မဟာနှစ်သစ်ကူးပွဲတော်သို့ သခင်သန်းထွန်းနှင့်အတူ တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်တို့လည်း တက်ရောက်၍ အားပေး နေ၏။ တော်လှန်သော ဗဟိုကော်မီတီများဖြစ်သော ရဲဘော် အောင်ကြီးနှင့် သခင်ပုတို့သည်လည်း တက်ရောက်၍နေကြ၏။ ဗိုလ်ဇေယျ၊ ရဲဘော်မြတို့မှာမူ ရဲဘော်များကြားတွင် ဝင်ရောက်၍ ထိုင်နေလေသည်။

အခမ်းအနားမှူး၏ ကျေညာချက်နှင့်အတူ သခင်သန်းထွန်းသည်လက်ခုတ် သြဘာများကိုတီး၍ အားပေးနေ၏။ သခင်သန်းထွန်း၏ အပါးတွင် ရဲဘော် အောင်ကြီးနှင့် သခင်ချစ်တို့သည်လည်း တပူးကပ်ကပ်ဖြင့် ရှိနေကြသည်။

"ကနေ့ဟာ ဗမာလူမျိုးတွေအတွက် မင်္ဂလာရှိတဲ့ နေ့ထူး နေ့မြတ် ဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ဒီနေ့ကို အခု ဆင်နွှဲနေတာဟာ ရိုးရာအရ ဆင်နွှဲနေတာမဟုတ်ဘူး။ ရိုးရာကို ချေဖျက်ပြီးတော့ တော်လှန်တဲ့တိုက်ပွဲကိုဆင်နွှဲနေတာဖြစ်တယ်။ ဒါကိုပဲ တော်လှန်တဲ့ မဟာ နှစ်သစ်ကူးပွဲတော်အဖြစ်နဲ့ ဆင်နွှဲနေတာဖြစ်တယ်။ ဖက်ဆစ်နေဝင်းကို အပြုတ်တိုက်ပြီးတော့ အာဏာသိမ်းဖို့ကို တဆင့်တိုး လုံးပမ်းဖို့နဲ့ ပါတီ တွင်းက ၅၅ ငြိမ်းချမ်းရေးသမားတွေကို ချေမှုန်း သုတ်သင်ဖို့အတွက် ပိုင်းဖြတ်ချက်ရှိရှိနဲ့ ဒီတော်လှန်တဲ့မဟာနှစ်သစ်ကူးပွဲတော်မှာ စုစည်း ကြဖို့ဖြစ်တယ်။ အောင်ပွဲအသစ်အသစ်တွေကို တိုးပွားကြဖို့ ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီအခမ်းအနားမှာ ရဲဘော်တိုင်းအတက်ကြွဆုံး ပါဝင်ကြဖို့တောင်း ဆိုလိုတယ်။

ဒီမှာ တက်တက်ကြွကြွ ပါဝင်သလား။ မပါဝင်ဘူးလား ဆိုတာ ၅၅-ငြိမ်းချမ်းရေးသမားဟုတ်သလား။ မဟုတ်ဘူးလားဆိုတာကို ဖော် ပြမှာ ဖြစ်တယ်။

ဒါကြောင့်မို့ ရဲဘော်တို့ဟာ မကြာခင်မှာ အာဏာသိမ်းမဲ့ ဗမာ ပြည်ကွန်မြူနစ်ပါတီရဲ့ တပ်သားကောင်းတွေအဖြစ်နဲ့ အတက်ကြွဆုံး ပါဝင်ကြဖို့လိုပါတယ်။"

ပဲခူးခရိုင်အတွင်းရေးမှူး ရဲဘော်ဝင်းအောင်က ဤသို့ တင်ပြတောင်းဆို နေသည်။

ထို့နောက်တွင် တပ်နီလူငယ်လေးများသည် "တော်လှန်ရေးလမ်းအတိုင်း ရှေ့သို့ချီ"သီချင်းကို အော်၍ သီဆိုနေကြတော့သည်။

"ညီညီညာညာ ရင်ကော့ချီ
ဇာနည်ရဲစိတ်ရဲမာန်ကြွစေ
တော်လှန်တပ်ကြီး-ဥက္ကဋ္ဌကြီးမော် ဦးစီးသည်
ဘေးရန်အလီလီနှိမ်နင်းမည်
ချီချီ ချီ ရှေ့သို့ချီ
တော်လှန်ရေး အရှိန်တားမရနိုင်သည်။"

ထို့နောက်တွင် ဗဟိုကင်းတပ်နှင့် တပ်နီလူငယ်တို့ ပူးပေါင်း၍ "**တော်လှန် သောဒေါက်တာရေချမ်း**"အမည်ဖြင့် ပြဇာတ်ကို တင်ဆက်ကြလေသည်။

ဇာတ်လမ်းကားဤသို့တည်း....

"တော်လှန်သော ဒေါက်တာရေချမ်းသည် ဖောင်းပွ၍ ပွနေသော ဝမ်း ဗိုက်ကြီးကို ခွဲစိပ်ဖြတ်တောက်၍ ပစ်နေ၏။ ယင်းဗိုက်ကြီးအတွင်း၌ ရှိနေသောအ ရာတို့မှာ ၅၅-ငြိမ်းချမ်းရေးလမ်းစဉ်ဖြစ်၏။ ထိုဝမ်းဗိုက်ကြီးအား မညှာမတာ ရက်ရက်စက်စက်ဖြင့် ခွဲစိပ်ဖြတ်တောက်ပစ်သည့်ခေါ်မှာ ၆၄-စစ်နိုင်ရေး၊ အာ ဏာသိမ်းရေးလမ်းစဉ်ပင်ဖြစ်၏။ အလွန်ထက်သော ဓားဖြစ်၏။ ထို့နောက်တွင် တော်လှန်သော ဒေါက်တာရေချမ်းဆိုသည်မှာ မဟာမော်စီတုံးအတွေးအခေါ် နှင့် ဥက္ကဋ္ဌကြီးသခင် သန်းထွန်း၏ ခေါင်းဆောင်မှုပင် ဖြစ်သည်ဟု ကျေညာ လိုက်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက်ဆုံးတွင် တော်လှန်သော ဒေါက်တာရေချမ်းသည် မိုက်ဖောင်းမိုက်ပူများကို ဆက်လက်၍ ခွဲစိပ်ဖြတ်တောက်ပစ်ဦးမည်ဖြစ်ကြောင်း ဓားကြီးကိုပြ၍ ကျေညာလိုက်လေသည်။''

ဤပြဇာတ်တွင် သရုပ်ဆောင်သူများသည် အမူအရာများကို အမျိုးမျိုးပြုလုပ်၍ ကပြတင်ဆက်သွားကြသည်။

တော်လှန်သော ဒေါက်တာရေချမ်းပြဇာတ်အား ဤသို့ကြွေးကြော်သံများ ဟစ်ကြွေး၍ အဆုံးသတ်လိုက်လေတော့သည်။

– ''မြန်မြင်ရေးလှုပ်ရှားမှု နိဂုံးချုပ်ပြီ။ ဒို့များညီညီတိုက်ကြခိုက်ကြ။

– ရဲ-၅-ရဲကို ဆုပ်ကိုင်ပါ။ တို့များသူငါ သတိသတိ။

– ဥက္ကဋ္ဌကြီးရဲ့အချိန်းအချက်ကို တို့များသူငါဖြစ်အောင်လုပ်ကြ။

– ဥက္ကဋ္ဌကြီး သခင်သန်းထွန်း ကျန်းမာရန် တို့များ ရည်သန် စိတ်စွဲ–စိတ်စွဲ။

– ဥက္ကဋ္ဌကြီးမော် ကျန်းမာရန် တို့များရည်သန် စိတ်စွဲ–စိတ်စွဲ။''

ထို့နောက်တွင် လက်ခုတ်သြဘာသံများသည် ဆက်တိုက်ပင် ပေါ်ထွက်နေ၏။ သခင်သန်းထွန်းသည်လည်း လက်ခုတ်လက်ဝါးကို တီးလျက် ပြုံးရွှင်၍ နေလေသည်။

တော်လှန်သော မဟာနှစ်သစ်ကူး ပွဲတော်ကိုကား ဆက်လက်၍ဆင်နွှဲနေကြလေသည်။

အစီအစဉ်အရ မုန့်ကျွဲသဲကိုကျွေးရန်အတွက် ပြင်ဆင်နေကြသည်။

မုန့်ကျွဲသဲလုပ်ရန်အတွက် တလကျော်မှစ၍ ပြင်ဆင်ရ၏။ စီစဉ်ရ၏။ တောင်ငူခရိုင်မှ ထန်းလျက်ကိုမှာယူ၍ စုဆောင်းရ၏။ မုန့်ကျွဲသဲလုပ်တတ်သူ မရှိချေ။ နောက်ဆုံးတွင် သာယာဝတီခရိုင်မှ ရန်ကုန်မြို့သို့ ဆက်သွားလွတ်ရန် အတွက် ဗဟိုဌာနချုပ်သို့ခေါ်ထားသော မသိန်းကြည်(ရဲဘော်တင်ညွန့်၏ဇနီး)ကဦးစီး၍ ပြုလုပ်၏။ မုန့်ကျွဲသဲကားဖြစ်လာပါ၏။ သို့သော်အတုံးအခဲဖြစ်မလာ။ ပြော့ပြဲပြဲဖြစ်၍ စား၍မကောင်းပေ။ ဆန်ကိုအပုပ်ခံလုပ်သဖြင့် ချဉ်စုတ်စုတ် ဖြစ်နေသည်။

ထို့ကြောင့် မုန့်ကျွဲသဲမှာလည်း ''တော်လှန်သော မုန့်ကျွဲသဲ''ပင် ဖြစ်နေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းမုန့်ကျွဲသဲများကို ငှက်ပျောဖက်များတွင် ထည့်၍ ရဲဘော်တဦးစီအား ကျွေး၏။ တဦးလျှင်လက်သီးဆုတ်ခန့် တပုံစီရကြ၏။ အချို့ရဲဘော်များသည် မစားကြ။ ချဥ်စုတ်စုတ်၊ ငံကြွက်ကြွက် အရသာကြောင့်ဖြစ်သည်။

သို့ရာတွင် ဗိုလ်ဇေယျမှာမူ စား၍မကုန်သည့် ရဲဘော်များထံမှ မုန့်ကျွဲသဲ များကိုလိုက်၍ပင် တောင်းကာ စားနေသည်။

"ကျုပ်ကတော့- ချဥ်ချဥ်တူးတူးစားမှာပဲ။ စားလို့ဖြစ်ရင်ပြီးတာပဲ။ ဗိုက်ပြည့်ဖို့ပဲ အရေးကြီးတယ်။ ခင်ဗျားတို့မကုန်တာတွေကို ကျနော့် ကိုသာ ပေးကြပါ။ ကျနော်အကုန်စားမယ်။"

ဗိုလ်ဇေယျသည် ပြောပြောဆိုဆိုပင် စားနေ၏။ ပလုပ်ပလောင်းပင် စား နေ၏။ ရဲဘော်အချို့ကလည်း စားမကုန်သည့် မုန့်များကို ဗိုလ်ဇေယျအား လာ ပေးကြ၏။ ဗိုလ်ဇေယျသည်စားရင်းပင် လည်ချောင်းမှ နင်၍နင်၍ နေသဖြင့် ရေနှင့်မျှောချနေလေသည်။

ကြွေးကြော်သံများ၊ သီချင်းသံများကား ရပ်၍မသွားချေ။ တဦးပြီးတဦး၊ တဖွဲ့ပြီးတဖွဲ့ အငုလိုက် အဖွဲ့လိုက်ပင် ကခုန်၍ပင် နေကြ၏။ ပြဇာတ်များကို လည်း တဇာတ်ပြီးတဇာတ် ခင်းကျင်းလျက်ပြသနေကြလေသည်။

ပဲခူးရိုးမ၏ တောင်ညိုချောင်းဖျား၌ ကြွေးကြော်သံများ၊သီချင်းသံများ၊ လက်ခုတ်သံများ၊ ရယ်မောသံများဖြင့်သာ လွှမ်းမိုး၍နေတော့၏။ တတော တတောင်လုံးပင် ပျော်လွင့်၍နေလေတော့သည်။

တော်လှန်သော ဗဟိုစခန်းတွင် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့၏ တော်လှန်သော မဟာနှစ်သစ်ကူးပွဲတော်ကြီးသည် ညဥ့်သန်းခေါင်ကျော်တွင် အဆုံးသတ်လိုက်လေတော့သည်။ သို့သော် တော်လှန်သော မင်းသားလက်သစ် များကား အရှိန်မသေကြချေ။ သံကုန်ဟစ်၍ ဟဲကြဆဲပင်ရှိသေး၏။ တော် လှန်သော သကြြန်သံချပ်များကိုလည်း တတဲနှင့်တတဲ တတပ်နှင့်တတပ် အပြိုင် ပင် ဆက်လက်ဟစ်ကြွေးနေကြသည်မှာ တညလုံးပင် ဖြစ်သည်။

× × ×

၁၉၆၈-ခုနှစ် ဧပြီလ(၁၆)ရက်နေ့တွင်ဖြစ်သည်။

တော်လှန်သော မဟာနှစ်သစ်ကူးပွဲတော်၌ အစွမ်းကုန် ပျော်ပွဲ ဆင်ခဲ့ကြ သော ရဲဘော်-ရဲဘော်မများမှာ အိပ်မောကျ၍ နေကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သို့ရာတွင် နံနက်လင်းလျှင် ရဲဘော်များအားဆန်ခေါက်ဆွဲကျွေးရန်အတွက် မသိန်းကြည်နှင့်အဖွဲ့မှာမူ ခေါက်ဆွဲဟင်းကို နံနက်(၃)နာရီမှ စတင်၍ချက်ပြုတ်နေကြ၏။ စခန်းအောက်ရှိ ပိန်းစိုက်မြောင်ရေစမ်းဘေးတွင် ချက်ပြုတ်၍နေကြသည်။ နံနက် (၅) နာရီခန့်တွင် ချက်ပြုတ်ပြီးစီးကြ၍ ရဲဘော်များကို ကျွေးမွေးရန်အတွက် အားလုံးအသင့်ပြင်ဆင်ခဲ့ပြီးနောက် စခန်းရှိရာ တောင်ကြောပေါ်သို့ အားလုံးပင်ပြန်၍တက်ခဲ့ကြသည်။

အရှေ့ဘက်ဦးနှင့်အတူ တောကြက်-တောငှက်တို့ သည်လည်း အိပ်တန်းဆင်းကြပြီဖြစ်သည်။

တဖက်ကြောမှ အောင်လောင်ငှက်အုပ်ကလည်း တဂွမ်းဂွမ်းဖြင့်အော်မြည်လျက် အရှေ့ဦး၏ ဆိတ်ငြိမ်ခြင်းကို ဖြိုခွင်းလိုက်သည်။

အချိန်သည်လက်ကြား မမြင့်တမြင် မှုံမှုံ ဝါးဝါးပင်ဖြစ်နေသည်။ နံနက်(၅)နာရီမိနစ်(၂၀)ခန့်တွင်ဖြစ်၏။ ထိုအချိန်တွင် တောင်ငူ ခရိုင် ကော်မီတီ ရဲဘော်လှကျော်သည် ရေကြည်ကြည်ကို ခပ်နိုင်ရန်အတွက် ပိန်းစိုက်မြောင်အတွင်းသို့ ဝါးကျည်တောက်ကိုထမ်းကာ ဆင်းနေ၏။

ပိန်းစိုက်ချောင်းအတွင်းမှ''ဒိုင်း''ဟူသော သေနတ်သံတချက်သည် ရုတ်တရက်စတင်၍ ပေါ်ထွက်လာ၏။ ထို့နောက်တွင် သေနတ်သံများသည် ဆက်တိုက်ပင် ပေါ်ထွက်လာတော့၏။ မိုးသီးမိုးပေါက်များ ကဲ့သို့ပင် ဖြစ်နေတော့၏။ ''ရှဲကနဲ-ရှဲကနဲ''အသံထွက်နေ၏။ သစ်ပင် သစ်ရွက်များ သည် လည်း ''ဖွာကနဲ-ဖွာကနဲ''ပင် ပြတ်လျက်ကျကုန်၏။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် အလစ်တွင် ဝင်ရောက်၍ တိုက်ခိုက်ခြင်းကိုခံလိုက်ရပြီဖြစ်သည်။

ဗဟိုဌာနချုပ်စခန်း၏ အလယ်ဗဟိုနေရာကို ခါးမှပိုင်း၍ သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များ၊ ဗဟိုကော်မီတီ အဖွဲ့ဝင်များ၏ တဲအုံကနားများကို အဓိကပစ်ကွင်းထား၍ ပစ်ခတ်နေကြ၏။သဲသဲမဲမဲပင် ပစ်ခတ်နေကြသည်။ သေနတ်သံများကား တချက်ခြင်းမှ အဆက်မပြတ်ဒလစပ်ပင်ထွက်ပေါ်လာသည်။

ထိုအချိန်တွင် ဗိုလ်ဇေယျသည် တဲအပြင်တွင် ရောက်နေ၏။ ချက်ခြင်း မိမိခါးမှ ပစ္စတိုကိုထုတ်၍ပစ်ခတ်မည်အပြုတွင် ထိုနေရာ၌ပင် ကျည်သင့်ကာလဲကျသွားလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မီတီအဖွဲ့ဝင်နှင့်ဗဟိုစစ်ကော်မီတီအဖွဲ့ဝင် ဗဟိုစစ်ဦးစီးဌာနချုပ်မှူးဗိုလ်ဇေယျ ကျဆုံးသွားခြင်းပင်ဖြစ်သည်။

ဗဟိုတပ်ဖွဲ့ကြီးသည် တောင်တကွဲ၊ အနောက်တကွဲ နှစ်ကွဲ·ကွဲ၍ သွားတော့၏။ အနောက်ဖက်အစုသို့ကြိုးမဲ့ကြေးနန်းကျောင်းသားများ၊ ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသားများ၊ ကျောင်းဆရာများ ပါသွား၏။ တောင်ဖက်အစုတွင် ဥက္ကဋ္ဌသခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးအမှုဆောင်လူကြီးများ၊ ရုံးအဖွဲ့ဝင်များ၊ သခင်ပု၊ ရဲဘော်အောင်ကြီး၊ ရဲဘော်မြစသူတို့ ပါဝင်ကြ၏။ ဗိုလ်တင်မောင် ဦးစီးသောလက်နက်ကိုင် တပ်စိတ်တစိတ်က ဆုတ်ခွာနေသော သခင်သန်းထွန်းတို့အစုလွတ်မြောက်ရေးအတွက် အစွမ်းကုန် ခုခံပစ်ပေးနေ၏။

သခင်သန်းထွန်းမှာ ပြူးတူးပြဲတဲနှင့် လက်လွတ် ထွက်ပြေးလာ၏။ စခန်းအပြင်သို့ရောက်သည့်တိုင်အောင် ဟိုသွားရနိုး၊ ဒီသွားရနိုးဖြစ်နေ၏။ ကြောက်လန့်သော အမူအရာမှာ အထင်းသားပေါ်နေ၏။ နောက်ကြောနားမှသေနတ်သံများ တဒိုင်းဒိုင်းထပ်မံပေါ်လာလျှင် သခင်သန်းထွန်းမှာ အပြေးကလေး သုတ်ခြေတင်လိုက်၏။ မြောင်ကြပ်ကလေးတခုကို ဖြတ်ပြီးနောက် ကျောဆွယ်တခုပေါ်အရောက်တွင် ရဲဘော်မြတို့နှင့် စုမိသည်။

"ဘယ်ကိုသွားရမလဲ- ရိုးဒီဖက်မှာပဲ ကပ်နေမလား" ဟု ရဲဘော်မြက မေးလိုက်သည်။

"မဖြစ်ဘူး ရိုးမအရှေ့ဖက်ကိုအမြန်ဆုံးကျော်ချပါ" ဟုပင် သခင်သန်းထွန်းသည် ရင်ပတ်ကို ဘယ်လက်ဖြင့်ဖိလျက်ပြောလိုက်သည်။

သခင်သန်းထွန်း၏ကိုယ်တွင် အဝါနှင့်အမဲဖောက်ထားသည့် ကွက်စိတ် လုံချည်အကြမ်းကိုသာ ဝတ်ဆင်ထား၏။ လုံချည်မှာဒူးအထက်ပင် ရောက်နေ၏။ အင်္ကျီမှာမူ ကာကီအင်္ကျီလက်ရှည်တပတ်နွမ်းပင်ဖြစ်သည်။

သခင်သန်းထွန်း၌ ကျောပိုးအိတ်လည်း ပါမလာတော့ပေ။ ကိုယ်လွတ်ထွက်ပြေးခဲ့ရခြင်းဖြစ်၏။ ဦးထုတ်ပင်မပါတော့။ ခါးပတ်နှင့်အတူ ချိတ်ထားသော ပစ္စတိုသေနတ်နှင့်ဘေးလွယ်အိတ်လေးတလုံးသာ ပါ၏။ ထို့ပြင် ဝေါ်ရခါး ဓားကောက်သည်လည်း ခါးတွင်ကပ်၍ပါခဲ့သည်။ တခြား ပစ္စည်းများကိုကား ပစ်ထားခဲ့ရသည်။

(မှတ်ချက်။ ။သခင်သန်းထွန်းကိုင်ဆောင်နေသော ဝေါ်ရခါးဓားကောက်မှာ ၁၉၆၆-ခုနှစ်တွင် တောင်ငူခရိုင်တပ်က "သပြေတန်း" တိုက်ပွဲမှရရှိသည့် ဓားကောက်ဖြစ်သည်။ ယင်းဓားကောက်ကိုတောင်ငူခရိုင် တပ်မှ သခင်သန်းထွန်းအတွက် "လက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဆောင်နီ''အဖြစ်ပေးပို့ခဲ့သည်။ သခင်သန်းထွန်း ကိုယ်တိုင် အမြွက်တနိုးကိုင်ဆောင်သော ဓားကောက်ဖြစ်ပါသည်။

စာရေးသူ။)

ထို့နောက်တွင် သခင်သန်းထွန်းနှင့်အဖွဲ့သည် ပဲခူးရိုးမကြီးကိုဖြတ်ကျော်လိုက်ကြ၏။ တောင်ငူခရိုင်အတွင်းသို့ ရောက်သွားတော့၏။ ဖြူးချောင်း၏လက်တက်ဖြစ်သော ကျောက်ကြီးချောင်းတွင်ခေတ္တအနားယူပြီး တောင်ငူ ခရိုင် ဖြူးချောင်းအောက်ပိုင်းသို့ဦးတည်၍ထွက်ခွာလာခဲ့ကြ၏။ တညလုံးပင် မအိပ်မနားခရီးပြင်း ချီတက်ခဲ့ရတော့သည်။

၁၉၆၈-ခုနှစ် ဧပြီလ(၁၈)ရက်နေ့တွင် ဖြူးချောင်း ကမ်းပါးတွင် ရှိသော ဖိုးမူရွာ(ကရင်အမျိုးသားများ နေထိုင်ရာရွာ)၏ အနီးမှ ခွက်ပေါက်မြောင်သို့ ရောက်ရှိပြီး ယာယီစခန်းချလိုက်ကြသည်။

ထိုအချိန်တွင်အစုကွဲသွားသောရဲဘော်များနှင့်ပြန်လည်၍စုစည်းနိုင်ရန်လည်း စီစဉ်၍နေရတော့သည်။

(မှတ်ချက်။ ။ခွက်ပေါက်မြောင်သည် ၁၉၆၂-ခုနှစ်တွင် ဗဟိုကော်မီတီ အစည်းအဝေးကျင်းပရာ စခန်းဟောင်းနေရာဖြစ်ပါသည်။

စာရေးသူ။)

၁၉၆၈-ခုနှစ် ဧပြီလ(၂၂)ရက်နေ့တွင်မူ အနောက်သို့ ကွဲသွားကြသော ရဲဘော်များသည်လည်း ခွက်ပေါက်မြောင်တွင် ပြန်လည်၍ စုစည်း မိကြလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းသည် တစုတပေါင်းတည်း ပေါင်းမိလာသော ရဲဘော်များကို တဦးစီပင်ဝမ်းသာအားရဖြင့်ဖက်လဲတကင်း ပွေ့ဖက်၍ သီးကြိုနှုတ်ဆက်နေသည်။

ထို့နောက်တွင် ဂုဏ်ပြုအားပေးသည့်နှုတ်ခွန်းဆက်မိန့်ခွန်းကိုလည်း ဤသို့ ပြောကြားလေသည်။

"ရန်သူရဲ့ အလယ်ဝင်ရောက်အတိုက်ခံရတဲ့အခါမှာ လူစုဘွေ အကွဲကွဲဖြစ်ပြီးတော့ အခုလိုပြန်လည်ဆုံစည်းရတာဟာ ဝမ်းအသာဆုံးပဲဖြစ်ရတယ်။ ခံစားရတယ်။

ဒီတိုက်ပွဲမှာ ရဲဘော်ကိုလ်ဇေယျာဟာ ကျဆုံးသွားတယ်။ ရဲဘော်ရန်အောင်နဲ့ ရဲဘော် လှကျော်တို့လဲ ဒဏ်ရာရခဲ့ကြတယ်။ ရဲဘော် လှကျော်ကတော့ ပြန်ပြီး ပေါင်းမိတယ်။ ရဲဘော် ရန်အောင်ကတော့ ဒဏ်ရာနဲ့ ကွဲကျန်ခဲ့တယ်။ ပြန်မပေါင်းမိဘူး။

ဗိုလ်ဇေယျနှင့် မိသားစု

အား ဘိုရဲ့ အကျအဆုံးဖြစ်တာတွေဟာ ဆုံးရှုံးမှုမဟုတ်ဘူး၊ ဟာကယ်က ရန်သူရဲ့ ဆုံးရှုံးမှုဟာ ငါတို့ထက်အဆ ဓတန် ပိုကြီးနေတယ်။ တပြည်လုံးမှာ ရန်သူဟာ အဆုံးကြီး အရှုံးကြီးတွေ ဖြစ်နေတယ်။

ဒါကြောင့် ဘိုဟာ ကျဆုံးသွားကြတဲ့ ရဲဘော်တွေအတွက် အား ယားဟာ ငိုတပူကျတာမဖြစ်ရဘူး။

ပြည်ခရိုင်မှာ ရဲဘော်ဘိုအေးတို့၊ ဗိုလ်သန်းနောင်တို့၊ ရဲဘော်အောင်မြင့်တို့ လဲ ကျဆုံးသွားကြတယ်။ ဒါတွေနဲ့ ပတ်သက်လို့ တော်လှန်ရေးအကောင်း မြင်ကို ငုံကိုသုံးကြရမယ်။ မေးမြန်ကြရမယ်။ အဲဒီရဲဘော်တွေ တိုက်ပွဲတွေမှာ ကျ ဆုံးတာဟာ ကောင်းသလား၊ မကောင်းဘူးလားလို့မေးရင် ကျဆုံးတာဟာ ကောင်းတယ်လို့ပဲ ဖြေရမယ်။

ဗိုလ်ဇေယျကျဆုံးသွားတာနဲ့ ပတ်သက်လို့လဲ အဲဒီအတိုင်းပဲ။ဗိုလ်ဇေ ယျဆုံးတာဟာ ကောင်းသလား၊ မကောင်းဘူးလား။ ဒါကို ဒီလိုဖြေရမယ်။ ဗိုလ်ဇေယျ ကျဆုံးတာဟာ ကောင်းတယ် သိပ်ကိုကောင်းတယ်”။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၂၀

တိုက်တိုင်းအောင် (၂)

၁။ တိုက်တိုင်းအောင် တပ်ခွဲ(၂)ဖွဲ့စည်းခြင်း။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုကော်မီတီ
ဗဟို စစ် ကော် မရှင်

တိုက်တိုင်းအောင် တပ်ခွဲ(၂)ပါတီ ကော်မီတီ
ဖွဲ့စည်းခြင်း

၁။ အောက်ပါရဲဘော်များပါဝင်သော တိုက်တိုင်းအောင်တပ်ခွဲ(၂) ပါတီကော်မီတီကို ဖွဲ့စည်းလိုက်သည်။

(၁) ရဲဘော် ဗိုလ်တင်မောင် (အတွင်းရေးမှူး)
(၂) ရဲဘော် သာဦး။
(၃) ရဲဘော်သောင်း။
(၄) ရဲဘော် စိန်ဝင်း။
(၅) ရဲဘော် သောင်းစိန်။
(၆) ရဲဘော် ဗိုလ်တိုက်အောင်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

(၁) [illegible]
(၂) [illegible]
(၃) [illegible]
(၄) [illegible]
(၅) [illegible]
(၆) [illegible]

၂။ [illegible]

၃။ [illegible]

၄။ [illegible]

၅။ [illegible]

-၂-

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၂။ ရဲဘော် ဗိုလ်တင်မောင်အနေနှင့် တပ်ခွဲ (၂) ပါတီ ကော်မီတီ အတွင်းရေးမှူးနှင့် နိုင်ငံရေးတာဝန်ကို ထမ်းဆောင်ရန်။

— ရဲဘော်သာဦးအနေနှင့် တိုက်တိုင်းအောင် တပ်ခွဲ (၂) တပ်ခွဲမှူး အဖြစ် တာဝန်ထမ်းဆောင်ရန်။

— ရဲဘော်ခသောင်းအနေနှင့်တိုက်တိုင်းအောင်တပ်ခွဲ (၂) ဒုတပ်ခွဲမှူး တာဝန်ကိုထမ်းဆောင်ရန်ဖြစ်သည်။

၃။ တိုက်တိုင်းအောင်တပ်ခွဲ(၂)၏ တာဝန်မှာ ပြည်သာယာ ဝန်ဆင် ရေးလုပ်နေသော ရန်သူ့ ထိုးစစ်တပ်များကိုတဆင့်တိုး၍ ချေမှုန်း ရန်ဖြစ်သည်။

၄။ တိုက်တိုင်းအောင်တပ်ခွဲ(၂) လှုပ်ရှားရမည့် ဒေသမှာ ကြို့ပင်အိုင်၊ သပန်းချောင်းသမ်း မြောက်ဖက် ပြည်ခရိုင်တခုလုံးပါဝင်သည်။

၅။ တိုက်တိုင်းအောင်တပ်ခွဲ(၂)ပါတီ ကော်မီတီအနေနှင့် ပြည်ခရိုင် ပါတီကော်မီတီအပါအဝင် ဒေသပါတီအဖွဲ့အစည်းများကို ညွှန် ကြားနိုင်ခွင့်ရှိသည်။

၆။ တိုက်တိုင်းအောင်တပ်ခွဲ(၂)ပါတီကော်မီတီသည် မိမိ၏လုပ်ငန်း အောင်မြင်ရေးအတွက် သင့်လျော်သော ရဲဘော်များနှင့် ပူးတွဲ ဆောင်ရွက်ခွင့်ရှိသည်။

သန်းထွန်း
ဥက္ကဋ္ဌ
ဗဟိုစစ်ကော်မရှင်
ဗဟိုကော်မီတီ
ဗမာပြည်ကွန်မြူနစ်ပါတီ။

ရက်စွဲ ၁၉၆၇–ခုနှစ် ဇွန်လ(၁)ရက်။

မိတ္တူ။

၁။ ပဲခူးရိုးမတိုင်း ကော်မီတီ။
၂။ ဗဟိုစခန်းကော်မီတီ။
၃။ ပြည်ခရိုင်ကော်မီတီ။
၄။ တောင်ငူခရိုင် တပ်ပါတီကော်မီတီ။
၅။ တိုက်တိုင်းအောင်တပ်ခွဲ(၁)ပါတီ ကော်မီတီ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မရှင်နှင့် ဗဟိုကော်မီတီ ဥက္ကဋ္ဌ သခင်သန်းထွန်း၏ တိုက်တိုင်းအောင်တပ်ခွဲ (၂) ဖွဲ့စည်း ကြောင်းကို ထုတ်ပြန်လိုက်သည့် အမိန့်ပင်ဖြစ်သည်။

(မှတ်ချက်။ ။ ဗမာပြည်ကွန်မြူနစ်ပါတီ၌ ဗဟိုစစ်ကော်မီတီဟူ၍သတ်မှတ်ခဲ့သည်။ သို့ရာတွင် တရုပ်ပြည်ကွန်မြူနစ်ပါတီ၌မူ ဗဟိုစစ်ကော်မရှင်ဟူ၍သာ သတ်မှတ်ထားကြောင်း သိရ၍ တရုပ်ပြည်ကွန်မြူနစ်ပါတီနှင့်ပုံစံတူညီစေရန်အတွက် ဗဟိုစစ်ကော်မရှင်အမည်ကိုပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်ပါသည်။ စာရေးသူ)။

ယင်းသို့ ဗဟိုစစ်ကော်မရှင်နှင့် ဗဟိုကော်မီတီ ဥက္ကဋ္ဌ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် တိုက်တိုင်းအောင် တပ်ခွဲ(၂)ဖွဲ့စည်းလိုက်ကြောင်းကို ထုတ်ပြန်လိုက်သည့်အမိန့်နှင့် အတူပင် တိုက်တိုင်းအောင် တပ်ခွဲ(၂)၏ ဖွဲ့စည်းပုံကိုလည်း ထုတ်ပြန်လိုက်လေသည်။

တိုက်တိုင်းအောင်တပ်ခွဲ(၂)ကို ဖွဲ့စည်းရာတွင် အဖွဲ့အစည်း (၃)ဖွဲ့ကို အခြေခံ၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ယင်းတို့မှာ—

(၁) ဗဟိုကင်းတပ်ဖွဲ့။

(၂) တောင်ငူခရိုင် လက်နက်ကိုင်တပ်ဖွဲ့။

(၃) ပြည်ခရိုင် လက်နက်ကိုင်တပ်ဖွဲ့ စသည်....တို့ဖြစ်သည်။

တိုက်တိုင်းအောင်တပ်ခွဲ(၂)တွင် လူအင်အား(၁၀၇)ယောက်ပါဝင်၏။ ထိုအထဲတွင် အမျိုးသမီးလေး (၁၀)ဦးပါဝင်၏။ ယင်းတို့မှာ အသက် ၁၄-နှစ်နှင့် ၁၈-နှစ်ကြားတွင်သာ ရှိကြသည်။

ယင်းတပ်ခွဲ(၂)၌ တပ်စု(၃)စုကိုလည်း ဖွဲ့စည်းလိုက်သည်။

တပ်စု(၁)၏ တပ်စုမှူးမှာ ဗိုလ်တိုက်အောင်ဖြစ်၏၊ တောင်ငူခရိုင် လက်နက်ကိုင်တပ်ဖွဲ့မှ ဖြစ်သည်။

တပ်စု(၂)၏ တပ်စုမှူးမှာ ရဲဘော်ညိုထွန်းဖြစ်၏။ ဗဟိုကင်းတပ်ဖွဲ့လက်နက်ကိုင်တပ်ဖွဲ့မှဖြစ်သည်။

တပ်စု(၃)၏ တပ်စုမှူးမှာရဲဘော်မောင်တိုးဖြစ်၏။ ပြည်ခရိုင်လက်နက်ကိုင်တပ်ဖွဲ့မှဖြစ်သည်။

တိုက်တိုင်းအောင်တပ်ခွဲ(၂)၏ လက်နက်အင်အားမှာလက်နက်မျိုးစုံ (၇၂) လက်ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းတို့မှာ —

(၁) ဘရင်းဂန်း .... (၇)လက်။
(၂) ကာဘိုင် .... (၅)လက်။
(၃) ဂျီ ၃- .... (၅)လက်။
(၄) စတင်း .... (၁၁)လက်။
(၅) ၂-လက်မမော်တာ .... (၂)လက်။
(၆) ခြောက်လုံးပြူး .... (၂)လက်။
(၇) ရိုင်ဖယ် .... (၄၀) လက်....စသည်တို့ ဖြစ်သည်။

× × ×

၁၉၆၀-ခုနှစ် ဇွန်လ (၁) ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် တောင်ငူခရိုင် ရိုးမအခြေခံဒေသ လွယ်ဘီးရွာ၏ တဖက်ကမ်း ဖထောလောမြောင်၏အနီးတွင် စခန်းချ၍ ထားလေသည်။

ယင်းစခန်းတွင် တောင်ငူခရိုင်မှ ရောက်ရှိနေသော တောင်ငူခရိုင် လက်နက်ကိုင်တပ်၊ ဗဟိုကင်းတပ်နှင့် တတိယပတ် ဗဟို မာ့က်စ်လီနင်ဝါဒကျောင်းသားများ၊ ဗဟိုစခန်းမှ တပ်နီလူငယ်များ၊ တပ်နီအမျိုးသမီးများ အစုံအညီပင် တစုတစည်းတည်း စုဝေး၍ နေကြသည်။

တိုက်တိုင်းအောင်(၂)ဖွဲ့စည်းမှုကို ဖထောလောမြောင်ဖျားတွင် အခြေချထားသော ရိုးမစခန်းတွင် ပြုလုပ်သည်။ ပီကင်းပြန် ရဲဘော် စိုးဝင်းအား သခင်သန်းထွန်းက ဗဟိုကိုယ်စားလှယ်အဖြစ် တာဝန်ပေး၍ တိုက်တိုင်းအောင်(၂)ကို ဖွဲ့စည်းစေသည်။ ရဲဘော်စိုးဝင်းနှင့်အတူ ရဲဘော်ဘုန်းကျော်၊ ရဲဘော်မြ၊ ရဲဘော်ထွန်းကြိုင်၊ ရဲဘော်လှကြည် (ပဲခူးရိုးမတိုင်း ကော်မီတီဝင်) တို့ကလည်း လိုက်ပါကူညီကြရသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီဥက္ကဋ္ဌသခင်သန်းထွန်း၏ တိုက်တိုင်းအောင်တပ်ခွဲ(၂) ပါတီကော်မီတီနှင့် ပါတီဝင်တပ်သားများသို့ တိုက်ရိုက်ပေးစာကို ဖတ်ကြား၍ နှုတ်ခွန်းဆက် မိန့်ခွန်းကို သခင်သန်းထွန်းသည် ပြောကြား နေလေသည်။

--

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ကျွန်တော်တို့ဒီကနေ့ ပြည်ခရိုင် စစ်မြေပြင်ကိုသွားမဲ့ ဗဟိုကင်းတပ်က ရဲဘော်တွေကို နှုတ်ဆက်ချီးကျူးဂုဏ်ပြုတဲ့ အခမ်းအနား ကျင်းပတာ ဖြစ်တယ်။ ဗဟိုကင်းတပ်က ရဲဘော်တွေရော၊ပြည်ခရိုင်ကရဲဘော်တွေရော၊နောက်တောင်ငူခရိုင်က ရဲဘော်တွေရော၊ ဒီတပ်ဖွဲ့ သုံးခုကိုပေါင်းပြီးတော့ တပ်ခွဲတခုအနေနဲ့ ဖွဲ့စည်းမှာဖြစ်တယ်။ ဒီဖွဲ့စည်းမဲ့တပ်ခွဲကို တိုက်တိုင်းအောင်တပ်ခွဲ (၂) လို့ နာမည်ပေးတယ်။

ဒီလိုကျွန်တော်တို့ နာမည်ပေးတာဟာ အကြောင်းရှိတယ်။ အကြောင်း သုံးခုရှိတယ်။

နံပါတ် (၁) အကြောင်းက တိုက်တိုင်းအောင် ဆိုတာဟာ အခုခေတ် မာ့က်စ်ဝါဒ၊ လီနင်ဝါဒမှာ အထွဋ်အထိပ်ဖြစ်တဲ့ မော်စီတုံးအတွေးအခေါ်ဖြစ်တယ်။ ကျွန်တော်တို့ ပြည်သူ့တပ်မတော်ဟာ မော်စီတုံး အတွေးအခေါ်ကို ဦးထိပ်ပန်ထားတာဖြစ်တယ်။ ဒါကြောင့် ခုစစ်မြေပြင်မှာ သွားရောက်တိုက်ခိုက်မဲ့တပ်ဟာ တိုက်တိုင်းအောင်ဆိုတဲ့နာမည်ကို ခံယူထိုက်တယ်။ ဒါဟာ ပထမဦးဆုံးအကြောင်းနဲ့ အရင်းခံအကျဆုံး အကြောင်းဖြစ်တယ်။

ဒုတိယအကြောင်းကတော့ ကမ္ဘာ့ပစ္စည်းမဲ့ ခေါင်းဆောင်ကြီး ကမ္ဘာ့တော်လှန်တဲ့ ပြည်သူတွေရဲ့ ခေါင်းဆောင်ကြီးဖြစ်တဲ့ ရဲဘော် မော်စီတုံးက အခုလိုသင်ကြားတာရှိတယ်။ တရုတ်ပြည် တော်လှန်စစ်မှာ ရန်သူက ကျွန်တော်တို့ရဲ့ တပ်တွေကို ဝိုင်းပတ်ချေမှုန်းဖို့အစဉ်သဖြင့်လုပ်တယ်။ ကျွန်တော် တို့နဲ့ ပြည်သူ့တော်လှန်ရေးတပ်တွေကလဲ ရန်သူတပ်တွေကို ပြန်လှန်ပြီးတော့ ဝိုင်းပတ်ချေမှုန်းဖို့အစဉ်သဖြင့် လုပ်ရတယ်။ ဒါကြောင့် ရန်သူရဲ့ ဝိုင်းပတ်ချေမှုန်းရေးကို ကိုယ့်ဖက်က ပြန်လှန်ဝိုင်းပတ်ချေမှုန်းရေးဟာ တရုတ်ပြည် တော်လှန်စစ်ရဲ့ ဖြစ်ပေါ်တိုးတက်မှုတရားဖြစ်တယ်လို့ သင်ကြားတယ်။"

(သခင်သန်းထွန်း၏ မိန့်ခွန်း တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒ ကျောင်းသား ပဲခူးခရိုင်မှ မိုလ်အောင်ထူး၏ လက်ရေးမူရင်းမှတ်တမ်းမှ)

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မရှင်နှင့် ဗဟိုကော်မီတီဥက္ကဋ္ဌသခင်သန်းထွန်းသည် ပြည်သာယာ စစ်မြေပြင်သို့ သွားကြမည့် တိုက်တိုင်းအောင် တပ်ခွဲ(၂)ရဲဘော်များအား နှုတ်ခွန်းဆက်မိန့်ခွန်းကိုပြောကြား၍နေလေသည်။

သခင်သန်းထွန်းသည် နှုတ်ခွန်းဆက် စစ်ထွက်မိန့်ခွန်းကို မတ်တတ်ရပ်၍ ပြောကြားနေ၏။ ခေါင်းခါခါ လည်ခါခါဖြင့် ပြောနေ၏။ အမူအရာမှာ လေးလေးမှန်မှန်ပင်ဖြစ်၏။ ဒေါနှင့်မာန်နှင့်မဟုတ်ချေ။ တည်တည်ငြိမ်ငြိမ်ပင် ဖြစ်၏။ သခင်သန်းထွန်း၏နောက်ကျောတွင် ရဲဘော်အောင်ကြီးနှင့်သခင်ချော် တို့သည် ထိုင်လျက်ရှိကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လက်နက်ကိုင်တပ်ဖွဲ့ဝင်တို့သည် သခင်သန်းထွန်း၏ မိန့်ခွန်းကို အလေးဂရုပြု၍ နားထောင်နေကြ၏။ အထူးအာရုံစိုက်၍လည်း နေကြလေသည်။

"....ဒီအခြေအနေမှာ ပစ္စည်းမဲ့လူတန်းစားပါတီရှေ့ဆောင်တဲ့ တော်လှန်တဲ့ ပြည်သူတွေအဖို့ ပထမဦးဆုံးနဲ့ အရေးကြီးဆုံး လုပ်ရမဲ့အလုပ်ဟာ ရန်သူစစ်တပ်ကိုတဆင့်တိုး ချေမှုန်းရေးဖြစ်တယ်။

ပြည်ခရိုင်အတွင်းမှာ တဆင့်တိုးပြီး ထိုးစစ်လုပ်လာတဲ့ နေဝင်းရဲ့စစ်တပ်ကို တဆင့်တိုးပြီး ချေမှုန်းပစ်ဖို့ ရဲဘော်တို့ တိုက်တိုင်းအောင်တပ်ခွဲ (၂) ကိုအထူးတာဝန်ပေးလိုက်တယ်။

ရန်သူကိုတဆင့်တိုးပြီး ချေမှုန်းတဲ့တာဝန်ကို ထမ်းဆောင်နိုင်ဖို့ တိုက်တိုင်းအောင်တပ်ခွဲ (၂) ပါတီအတွင်းမှာ တပ်တွင်းမှာ ရန်သူရဲ့ထိုးစစ်ကို ငါတို့ရဲ့ထိုးစစ်နဲ့ ချေမှုန်းရေး တော်လှန်စစ်အတွေးအခေါ်ကို အပြည့်အဝ စိုက်ထူရမယ်။ သေရဲ တိုက်ရဲ အနိုင်ယူရဲတဲ့ စိတ်ဓာတ်ကို အပြည့်အဝစိုက်ထူရမယ်။ မသေရဲ မတိုက်ရဲ အနိုင်မယူရဲတဲ့ အရှုံးပေး အညံ့ခံ လက်နက်ချ အတွေးအခေါ်တွေကို လုံးဝဥဿုံ ချေမှုန်းပစ်ရမယ်။ **ပါတီတပ်အဆင့်နေရာ အသီးသီးမှာ အသွင်အမျိုးမျိုးနဲ့ ပေါ်ပေါက်နိုင်တဲ့ ထွက်ပြေးရေး၊ တိမ်းရှောင်ရေး၊ စစ်ပြေးအတွေးအခေါ်၊ မချေမှုန်းရေး အတွေးအခေါ်တွေကို တိုက်ခိုက်ချေမှုန်းပစ်ရမယ်။**

အနောက်ဖက်ကို ပြေးရမယ်၊ အနောက်ဖက်မှာ ထမင်းဝဝ စားရမယ်၊ အစားကောင်းကောင်းစားရမယ်ဆိုတဲ့ **ရေကြည်ရာမြက်နုရာ အတွေးအခေါ်**တွေကို တိုက်ထုတ်ပစ်ရမယ်။

သရက်ခရိုင်ဖက်သွားရမယ်၊ တောင်ငူမှာ တမိုးခိုရမယ်ဆိုတဲ့ထွက်ပြေးရေး တိမ်းရှောင်ရေး အတွေးအခေါ်တွေကို တိုက်ထုတ်ပစ်ရမယ်။

ရန်သူကို ချေမှုန်းလို့မဖြစ်ဘူး၊ တပ်မရှိဘူး၊ တပ်ရှိမှရန်သူကို ချေမှုန်းလို့ဖြစ်မယ်ဆိုတဲ့ ကြောက်ချီးပါတဲ့သဘောတရားတွေကို ချေမှုန်းပစ်ရမယ်။

ရန်သူထိုးစစ်ဖြစ်နေချိန်မှာ ရန်သူ ချေမှုန်းရေးကို အားမထုတ်ပဲ၊ သေနတ်သံမကြားရတဲ့ဆီမှာ တည်ဆောက်ရေးတွေအေးအေး လုပ်မယ်ဆိုတဲ့ စစ်ပြေးအယူအဆတွေကို ချေမှုန်းပစ်ရမယ်။

ရန်သူထိုးစစ်ဝင်လာတဲ့အခါမှာ သာလွန်တဲ့အင်အားကို စုစည်းပြီး ရန်သူကို ချေမှုန်းပစ်ရမယ်၊ ရန်သူထိုးစစ်မရှိတဲ့အခါမှာ တပ်တွေဖြန့်ခွဲပြီး လူထုစည်းရုံးရေး လုပ်ရမယ်လို့ ရဲဘော် မော်စီတုံးက သင်ကြားတယ်။ ရဲဘော် မော်စီတုံးရဲ့ သင်ကြားချက်နဲ့ ဆန့်ကျင်ပြီး ရန်သူ့ထိုးစစ်ပြင်းထန်နေချိန်မှာ လူထုစည်းရုံးဖို့ ပြည်သူ့အုတ်မြစ်ချဖို့ဆိုပြီး တပ်တွေ ဖြန့်ခွဲပစ်တာ မှားကြောင်း၊ လွန်ခဲ့တဲ့ ဆယ်လကျော်လက်တွေ့ကပြခဲ့ပြီ။ ငါတို့တပ်အားတွေ အစိတ်စိတ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမှာမှာဖြစ်ကုန်ပြီ။ ရန်သူက ငါတို့ကို အုပ်ကွဲသင်းကွဲတွေအဖြစ် အလွယ်တကူ ချေမှုန်းနိုင်ခဲ့ကြောင်း လွန်ခဲ့တဲ့ဆယ်လ လက်တွေ့က ပြခဲ့ပြီ။

ဒါကြောင့် ရန်သူထိုးစစ်ဖြစ်နေချိန်မှာ ရန်သူကိုချေမှုန်းနိုင်အောင်ပြည်သူ့စစ်ပွဲအုတ်မြစ်ချရေး ကြွေးကြော်ပြီး မိမိတပ်အားတွေ ဖြန့်ကြဲအောင် လုပ်ပစ်ချင်တဲ့ အတွေးအခေါ်တွေ လမ်းညွှန်တွေကို သုတ်သင်ချေမှုန်းပစ်ရမယ်။

ရန်သူထိုးစစ်ဖြစ်နေချိန်မှာရန်သူစစ်တပ်ကို ချေမှုန်းဖို့အားမထုတ်ပဲ ကျေးရွာရှိ အထောက်တော် သုတ်သင်ရေးလောက်ကိုသာ လုံးပမ်းအားထုတ်ချင်တဲ့ တလွဲဆံပင်ကောင်းတဲ့အတွေးအခေါ်တွေ၊ ချေမှုန်းရေးလမ်းကြောင်းကို လမ်းမှားအောင် လွှဲပြောင်းပစ်တဲ့ အတွေးအခေါ်တွေကိုသုတ်သင်ချေမှုန်းပစ်ရမယ်။

ရန်သူ့ထိုးစစ်ပြင်းထန်လာတဲ့အခြေအနေမှာ ငါတို့ဖက်မှာ အခက်အခဲတွေရှိလာတဲ့အခြေအနေမှာ အသွင်အမျိုးမျိုးနဲ့ပေါ်ပေါက်လာဘတ်တဲ့ ရန်သူကိုမချေမှုန်းရေးအတွေးအခေါ်တွေ၊ စစ်ပြေးအတွေးအခေါ်တွေ၊ မသေခဲ့မတိုက်ရဲ အနိုင်မယူရဲတဲ့ အတွေးအခေါ်တွေကို တိုက်ထုတ်ပစ်ရမယ်။ သုတ်သင်ချေမှုန်းပစ်ရမယ်။ သေရဲတိုက်ရဲအနိုင်ယူရဲတဲ့အတွေးအခေါ်တွေကိုအခိုင်အမာစိုက်ထူပေးရမယ်။

ရန်သူထိုးစစ်မရှိတဲ့အခါမှာ အာပေါင်အာရင်း သန်သန်နဲ့ ကျယ်ကျယ်လောင်လောင် အော်လားဟစ်လားနဲ့ သူ့ရဲကောင်းကြီးဟန်ဆောင်ပြီး ထိုးစစ်ဖြစ်လာတဲ့အခါမှာ မဟုတ်မဟတ် သဘောတရားတွေထူထောင်ပြီး စစ်မြေပြင်က ထွက်ပြေးချင်တဲ့အတွေးအခေါ်တွေကို တိုက်ထုတ်ချေမှုန်းပစ်ရမယ်။

မသေရဲ မတိုက်ရဲ အနိုင်မယူရဲတဲ့အတွေးအခေါ် ရန်သူကို ချေမှုန်းရေးအတွေးအခေါ်၊ ဘေးကင်းရန်ကင်း နေရာကို ထွက်ပြေးချင်တဲ့ အတွေးအခေါ်၊ အမျိုးမျိုးသော စစ်ပြေး အတွေးအခေါ် တွေဟာ ဘယ်နေရာကပေါ်ပေါ်၊ ဘယ်ပုံသဏ္ဍာန်နဲ့ ပေါ်ပေါ်၊ ဘယ်လောက်ကြီးတဲ့ခေါင်းဆောင်၊ ဒါမှမဟုတ် ဘယ်လောက်ကြီးတဲ့တပ်ဖွဲ့ကြီးဆီကလာတာပဲဖြစ်ဖြစ် ရဲဘော်တို့အနေနဲ့ ပါတီအကျိုး တပ်မတော်အကျိုး ပြည်သူလူထုအကျိုးကို ဦးထိပ်ပန်ပြီး အဲဒီလို အတွေးအခေါ်တွေကို ရက်ရက်စက်စက် တိုက်ခိုက်ချေမှုန်းသုတ်သင်ပစ်ကြရမယ်။

ဒါဟာအောင်ပွဲရဲ့ တခုတည်းသောအာမခံချက် ဖြစ်တယ်။"

ဤသို့ဖြင့် သခင်သန်းထွန်းသည် တိုက်တိုင်းအောင် တပ်ခွဲ (၂) ဖွဲ့စည်းရခြင်း၏ အဓိကနှင့်အခြေခံတာဝန်ကိုဖော်ထုတ်လိုက်၏။ တနည်းအားဖြင့်အလိုမကျတော့သော မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးကိုဦးတည်ထိုးနှက်ရန်အတွက် အချိန်မှီစစ်ပြင်ဆင်လိုက်ခြင်း ဖြစ်သည်။ လက်နက်ကိုင် ဘပ်ဖွဲ့ကိုစံနစ်ကျသော အစီအစဉ်များဖြင့် စုစည်းလိုက်ခြင်းဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက်ဆုံးတွင် သခင်သန်းထွန်းသည် အံသွားမျ ကို ကြိတ်၍ထား၏။ နဖူးကျောကြီးများသည်လည်း ထောင်၍ထောင်၍လာ၏။ ညာဖက်လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ ဦးခေါင်းအထက်သို့မြှောက်လျက် ဤသို့ ကြေးကြော်လိုက်လေသည်။

- ရန်သူကို အမြန်ဆုံးချေမှုန်းကြ။ ရန်သူကိုရဲရဲကြီးချေမှုန်းကြ။
- ပါတီတရပ်လုံးရော တပြည်လုံးကတော်လှန်တဲ့ပြည်သူတွေဟာရော ရဲဘော်တို့နဲ့အတူရှိတယ်။
- အောင်ပွဲဟာ သေရဲ တိုက်ရဲ အနိုင်ယူရဲသူတို့အတွက်ဖြစ်တယ်။

(တိုက်တိုင်းအောင်တပ်ခွဲ(၂)သို့ ပေးစာနှင့်ပတ်သက် ၍သခင်သန်းထွန်း၏ ပြင်လင်းချက်မိန့်ခွန်းမှုရင်းမှ)

ဥက္ကဋ္ဌ သခင်သန်းထွန်းမှ တိုက်တိုင်းအောင်(၂)သို့ ပေးစာမူရင်း



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂)။ တော်လှန်သော တိုက်တိုင်းအောင်တပ်ခွဲ(၂)။

ပဲခူးရိုးမ မြရာပင်ကျောကြီး၏ အနောက်ဆွယ်တွင် အခြေစိုက်ထားသော ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည်ကြေးကြော်သံများဖြင့်လွှမ်းလျက် သာနေတော့သည်။

စစ်ထွက်ချိန်နီးတွင် အောင်စည်ဟိန်း၍ နေခြင်းပင်ဖြစ်သည်။

တိုက်တိုင်းအောင်တပ်ခွဲ(၂)အား ဒေသအသီးသီးနှင့် တိုင်းအသီးသီး၏ ကိုယ်စားလှယ်များကလည်း ချီးကျူးဂုဏ်ပြုလျက် နှုတ်ခွန်းဆက် မိန့်ခွန်းများကို ပြောကြားနေကြလေသည်။

ထို့နောက်တွင် တိုက်တိုင်းအောင် တပ်ခွဲ(၂)၏ နိုင်ငံရေးမှူးနှင့် တပ်ခွဲ ပါတီကော်မီတီအတွင်းရေးမှူးဖြစ်သော ဗိုလ်တင်မောင်(ခ) လှဟန်(ခ)သိန်းထွန်းသည်ဤသို့ပင် အဓိဋ္ဌာန်ပြုလေသည်။

"(၁) ကျွန်တော့်အနေနဲ့ ပါတီဥက္ကဋ္ဌကြီးနဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့၊ စခန်းကော်မီတီ၊ စခန်းလူထု၊ ဒေသအသီးသီးမှ ခေါင်းဆောင်များရဲ့ မှာကြားချက်ဖြစ်တဲ့ ပထမဆုံး ချေမှုန်းရေးမှာ တပ်စုလိုက်ချေမှုန်းရေးအတွက် ကြိုးပမ်း အားထုတ်သွားရန် မှာကြားချက်ကို အကောင်အထည် ဖော်သွားမယ်။ ဒီမှာကြားချက်ဟာ လုံးဝဖြစ်နိုင်တယ်လို့ ယုံကြည်တယ်။

ဒီအတွေးအခေါ်နဲ့ ဆန့်ကျင်တဲ့ အတွေးအခေါ်မှန်သမျှ ဆန့်ကျင်တိုက်ခိုက်သွားမယ်။

(၉) ကျွန်တော်ဟာ ပြည်ခရိုင် အာဏာနီ သူရဲကောင်းတွေရဲ့လမ်းအတိုင်း မမှိတ်မသုံ ချီတက်သွားမယ်ဆိုတာကိုပါတီဥက္ကဋ္ဌကြီးနှင့် နိုင်ငံရေးဦးဆောင်အဖွဲ့၊ စခန်းကော်မီတီ၊ စခန်းလူထု ဒေသခေါင်းဆောင်များကို အလေးအနက်ကတိပြုပါတယ်။

အလေးနိုဖြင့်
စစ်နိုင်ရေး အာဏာသိမ်းရေးသို့
သိန်းထွန်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တိုက်တိုင်းဆောင် (၂)

- ဖောက်ပြန်တဲ့ နေ့ဝင်းစစ်အစိုးရ မုချကျဆုံးရမည်။
- ပြည်သာယာတိုးစေ်မှုချကျဆုံးရမည်း
- ပြန်လည်ပြင်ဆင်ရေးဝါဒမှုချကျဆုံးရမည်။
- ဥက္ကဋ္ဌကြီး သခင်သန်းထွန်းကျန်းမာပါစေ။
- မာ့က်စ်သီနင်ဝါဒ ... အောင်မြင်ပါစေ
- ဗမာပြည်ကွန်မြူနစ် ... ရှည်
- ပြည်သူ့ဒီမိုကရေစီ ... ရမည်။
- ပြည်သာယာဆိုးဝါဒ ... ။

ဗိုလ်တင်မောင် ... ကော်ရေး ...



တိုက်တိုင်းဆောင် (၂) နိုင်ငံရေးမှူး ဗိုလ်တင်မောင်၏ အမိန့်ပြန်ချက် မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်တင်မောင်သည် အတက်ကြွဆုံးဖြစ်နေ၏။ ရှေ့တန်းအရောက်ဆုံးလည်းဖြစ်၏။ ဗိုလ်တင်မောင်သည် ၁၉၄၆ ခုနှစ်တွင်"လယ်ဝေးသူပုန်"မှတောင်၍ တောခိုခဲ့သူဖြစ်၏။ ၁၉၄၉ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကင်းတပ်သို့ ရောက်ခဲ့သည်။

ဗိုလ်တင်မောင်သည် တောင်ငူခရိုင် အုတ်တွင်းမြို့နယ် လက်စွတ်ကျွရွာသားဖြစ်၏။ အသက်(၄၅)နှစ်ခန့်ရှိပြီဖြစ်၏။ ဆက်ဆန်ရေးတွင် အလွန်မောက်မာသူဖြစ်၏။ လက်တွေ့သက်သက် ဝါဒသမားဖြစ်ပြီး ဂိုဏ်းဂဏလည်းကြီးသူဖြစ်၏။ ပညာတတ်များကို အလွန်မုန်းတီး၍ ရှုံ့ရှာသူဖြစ်သည်။

ဗိုလ်တင်မောင်သည် သခင်သန်းထွန်းကိုမူ အလွန်လေးစား၏။ ကြည်ညို၏။ကိုးကွယ်၍ပင်နေ၏။ ဗိုလ်တင်မောင်တွင် သခင်သန်းထွန်းမှတပါး အခြားခေါင်းဆောင်ဟူ၍ မရှိခဲ့ချေ။ နောက်ပိုင်းတွင် ပီကင်းပြန်ရဲဘော်အောင်ကြီးကိုလည်းကိုးကွယ်ခဲ့၏။ သခင်သန်းထွန်းလည်း ဗိုလ်တင်မောင်ကိုသာအစစစိတ်ချ၏။ ယုံကြည်၏။ ထို့ကြောင့်ပင် ၁၉၄၉ ခုနှစ်တွင် ဗမာ့တပ်မတော်မှ တောခိုသွားသော ဗမာ့တပ်မတော်၏ အရာရှိများဖြစ်သည့် ဗိုလ်ရဲမြင့်၊ ဗိုလ်လှမြင့်၊ ဗိုလ်ကျော်ကျော်တို့အား သခင်သန်းထွန်းနှင့်သခင်ဘသိန်းတင်တို့သည်"တော်လှန်ရေး၏ သစ္စာဖောက်များ"အဖြစ်ဖြင့် သေဒဏ်ပေးလိုက်သောအခါတွင် ဗိုလ်တင်မောင်(ခ)သိန်းထွန်းကိုယ်တိုင်ပင် မသေမချင်းသတ်ခဲ့ရသူဖြစ်၏။ ထို့ကြောင့် သခင်သန်းထွန်းသည်ဗိုလ်တင်မောင်အား "လူမသိသောသူရဲကောင်း" ဖြစ်သည်ဟုပင် ထုတ်ဖော်၍အသိအမှတ်ပြုခဲ့လေသည်။

တိုက်တိုင်းအောင်တပ်ခွဲ (၂) သည် ဆက်လက်၍ပင် အမိဋ္ဌာန် ပြုနေကြသည်။ ဆူ၍,ညံ၍ပင်နေလေသည်။

တိုက်တိုင်းအောင်တပ်ခွဲ(၂)နှင့်တပ်မှူး၊ ဒုတပ်မှူးနှင့်တပ်စုမှူးများ၊တပ်စိတ်မှူးများသည်အစီအစဉ်အတိုင်းပင်ဥက္ကဋ္ဌကြီးသခင်သန်းထွန်းနှင့် တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့အား အလေးနီများပြုလျက် သစ္စာအဓိဋ္ဌာန်များကို ပြုခဲ့ကြလေသည်။

ထိုနောက်တွင် တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းသို့ တက်ရောက်ရန်ရောက်ရှိနေသော မြစ်ဖျားဒေသတိုင်း အတွင်းရေးမှူးနှင့် ဗဟိုကော်မီတီ အဖွဲ့ဝင်ဖြစ်သော ဗိုလ်မျိုးမြင့် (အသားမဲ) (ခ) ချစ်ခိုင် (ခ) မြင့်အောင်(ခ) အောင်သည် "တော်လှန်သောကဗျာ" တပုဒ်ကို ရေးစပ်လိုက်ပြီးနောက် တိုက်တိုင်းအောင်တပ်ခွဲ (၂)သို့ အလေးနီဖြင့် ဂုဏ်ပြုလိုက်၏။ ယင်းကဗျာကို "လက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဆောင်နိကဗျာ"အဖြစ်ဖြင့်လည်းပေးအပ်လိုက်၏။ယင်း"လက်ဆောင်နိကဗျာ" ၏အမည်မှာ"တိုက်တိုင်းအောင်သည်တိုက်တိုင်းအောင်မည်"ဟူ၍ဖြစ်လေသည်။

"တိုက်တိုင်းအောင်သည် တိုက်တိုင်းအောင်မည်"

၁။ တိုက်တိုင်းအောင် (၁)၊ ယခု (၂) ဖွဲ့
အသစ်တည်ဆောက်၊ ပြောင်မြောက်အောင်ပွဲ
ရမှာပဲဟု၊ စွဲမြဲစိတ်နှော်
ဒို့ရည်မျှော်၏။

၂။ တိုက်တိုင်းအောင်သား၊ ရဲဘော်များတို့
သင့်အားယုံကြည်၊ ဒို့ပါတီမှ
ရောင်နီလုပ်ငန်း၊ ရည်ရွယ်ပန်းကို
ဆွတ်မြန်းထပ်ထပ်၊ သက်အပ်စွန့်စား
ထမ်းဆောင်သွားလိမ့်၊ မြေသိမ့်သိမ့်တုန်
အထက်ဘုံပါ၊ သွက်သွက်ခါမျှ
ဖြစ်ရဘိသို့။

၃။ ရန်သူ့ထိုးစစ်၊ ချေမှုန်းပစ်ရန်
သုံးရှစ်လုပ်ဟန်၊ အမိဌာန်ပြု
မှန်မှန်လိုက်နာ၊ သေချာစွာဖြင့်
သူငါကြိုးစား၊ အားထုတ်သွားဘို့
ငါတို့ချစ်ကြ၊ ဥက္ကဋ္ဌ၏၊
မြွက်ဟစကား၊ ထမ်းရွက်သွားလော့။

၄။ အရင်းအနှီး၊ သက်ပေးပြီးမှ
အောင်သီးအမြန်၊ ရမည်မှန်ဟု
ဧကန်မုချ၊ ညွှန်ခါပြ၏။

၅။ သေရဲ,တိုက်ရဲ၊ နိုင်ယူရဲဘို့
ဒို့ဥက္ကဋ္ဌ၊ ဩဝါဒကို
တိကျလိုက်ရေး၊ ဦးမလေးမှန်
ဒို့ရန်ဒို့တိုက်၊ အောင်လံစိုက်စို့။

၆။ မော်၏အတွေး၊ နိုင်ငံရေးကို
အလေးအနက်၊ ဦးထိပ်ထက်မှာ
တသက်တာပဲ၊ အစဉ်မြဲပင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အသဲထဲ၌၊ ငွေ့မြူပိုခါ၊
တိုက်ခိုက်ချီဆောင်၊ တိုက်တိုင်းအောင်သည်၊
တိုက်တိုင်းအောင်မည်ဖြစ်သတည်း။

(တိုက်တိုင်းအောင်ရဲဘော်များသို့ တော်လှန်ရေးလက်ဆောင်)

အောင်

၉-၆-၆၈။

ဗဟိုကော်မီတီ ဗိုလ်မျိုးမြင့် (ခ) အောင်၏ လက်ရေးမူ



ဗိုလ်မျိုးမြင့်၏ တော်လှန်သောကဗျာမူရင်း

ဤသည်မှာ တိုက်တိုင်းအောင် တပ်ခွဲ (၂) အတွက် ဗိုလ်မျိုးမြင့် (ခ) အောင်၏ "တော်လှန်သော လက်ဆောင်နီ"ပင်ဖြစ်သည်။

ထိုသို့ပင်တတိယပတ် ဗဟိုမှာက်စ်လီနင်ဝါဒကျောင်းသို့တက်ရောက်ရန်ရောက်ရှိနေသော မြစ်ဝကျွန်းပေါ်တိုင်း တိုင်းကော်မီတီ ရဲဘော်ဝင်းမောင်ကလည်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

“တိုက်တိုင်းအောင်စာစဉ်”ကို ချက်ခြင်းပင်ထုတ်ဝေလိုက်၏။ ယင်းစာစဉ်ကိုပင် “ပြည်သူ့တပ်မတော် ဗဟိုစစ်ဦးစီးဌာနချုပ် နိုင်ငံရေးဌာနမှ ထုတ်ဝေသည်” ဟူ၍ ဖော်ပြလိုက်သည်။ ဤစာစဉ်တွင် မဟာမော်စီတုံး၏ ဩဝါဒ များနှင့် တော်လှန်သော ဥက္ကဋ္ဌကြီးသခင်သန်းထွန်း၏ ဩဝါဒများကို တဆင့်ကူးယူ၍ ဖော်ပြထားခြင်းဖြစ်လေသည်။

“အောင်ပွဲသည်၊ သေရဲ၊ တိုက်ရဲ၊ အနိုင်ယူရဲသူတို့အတွက်ဖြစ်သည်။”

တိုက်တိုင်းအောင်စာစဉ်

အတွဲ-၂။ အမှတ်-၁။

(ပြည်သူ့တပ်မတော်ဗဟိုစစ်ဦးစီးဌာနချုပ်၊ နိုင်ငံရေးဌာနမှ ထုတ်ဝေသည်။)



ရဲဘော်ဝင်းမောင်ရေးဆွဲသော တိုက်တိုင်းအောင်စာစဉ်

နောက်ဆုံးတွင်မူ ဗမာပြည်ကွန်မြူနစ်ပါတီ တော်လှန်သော ဗဟိုစခန်းမှ တော်လှန်သော တပ်နီလူငယ်နှင့် တပ်နီအမျိုးသမီးများသည် “တော်လှန်တဲ့မှာ ကြားချက်”ဟူသော သီချင်းကို သံပြိုင်ဟစ်ကြွေးကြလေတော့သည်။

"ရဲဘော်တွေ-ရဲဘော်တွေ မော်စီတုံးအတွေးအခေါ်ဆွဲကိုင်လေ။
ရဲဘော်တွေ-ရဲဘော်တွေ ရန်တကာကို အနိုင်တိုက်ကြဖို့-အထက်ဆုံးလက်နက်ပေ။
ရဲဘော်တွေ-ရဲဘော်တွေ ရဲသုံးရဲစိုက်ထူလေ။
ရဲဘော်တွေ-ရဲဘော်တွေ ရန်သူ့ထိုးစစ်ကို ထိုးစစ်နည်းနဲ့ရိုက်ချိုးကြစို့လေ။
ရဲဘော်တွေ-ရဲဘော်တွေ ရန်/ငါမှဉ်းပြတ်အောင်ဖြတ်ပါလေ။
ရဲဘော်တွေ-ရဲဘော်တွေ နေရာတကာပြန်ပြင်ရေးကို ချေမှုန်းကြဖို့လေ။"

အချို့သတ်တွင်ကား တခဲနက်ပင် ဤသို့ကြွေးကြော်လိုက်ကြ လေတော့သည်။

တော်လှန်သောတိုက်တိုင်းအောင်ဖြစ်ပါစေ။
တော်လှန်သောတိုက်တိုင်းအောင်ဖြစ်ပါစေ။

× × ×

၃။ တိုက်တိုင်းအောင်(၂)၏ပွဲဦးထွက်အောင်ပွဲ

၁၉၆၈-ခုနှစ် ဇွန်လ(၂၀)ရက်နေ့တွင်ဖြစ်သည်။

တိုက်တိုင်းအောင်တပ်ခွဲ(၂)သည် သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့၏ နယ်စပ် တောင်ညိုချောင်းဖျား ကျွဲတဲကြီးရွာအရှေ့ဘက် တနာရီခွဲခန့် ခရီးအကွာတွင် စခန်းချ၍ထားသည်။

ထိုအချိန်တွင် တိုက်တိုင်းအောင်တပ်ခွဲ(၂)၏ ပါတီကော်မီတီသည် ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မီတီ ဥက္ကဋ္ဌ သခင်သန်းထွန်း၏"တိုက်တိုင်းအောင်တပ်ခွဲ(၂)သို့ ပေးစာနှင့် ပြည်ခရိုင်ပါတီ ကော်မီတီသို့ ပေးစာ" နှစ်စောင်ကို ဦးစီး၍လေ့လာလျက်နေကြသည်။

ယင်းပေးစာ နှစ်စောင်ကို လေ့လာရာတွင် "ဥက္ကဋ္ဌကြီးသခင်သန်းထွန်း၏ ဩဝါဒကို အသက်ပါပါ လေ့လာသည့် လှုပ်ရှားမှု"အဖြစ်ဖြင့် လေ့လာခဲ့ကြခြင်းဖြစ်၏။ တနည်းအားဖြင့် "တိုင်ထူလိုက်ရင် အရိပ်ပေါ်သလို လေ့လာနည်း"ကို ကျင့်သုံးခြင်းပင်ဖြစ်လေသည်။

ဤလှုပ်ရှားမှုကြီးတွင် ပါဝင်ကြသော ရဲဘော်၊ ရဲဘော်မများအပေါင်းသည် အထူးပင်တက်ကြွနေကြ၏။ နက်နက်ရှိုင်းရှိုင်း နားလည်ခံယူ၍လည်း နိုးကြားနေကြ၏။ အံ့ကြွနေကြ၏။ အထူးသဖြင့် ဥက္ကဋ္ဌကြီး သခင်သန်းထွန်း၏

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မဟာလမ်းညွှန်ချက်နှင့် တခုတည်းသော တာဝန်ဖြစ်သည့်“ထိုးစစ်ကို ထိုးစစ်နဲ့ ချေမှုန်းဖို့နဲ့ ပါတီတွင်းက ခနရှင်ကိုယ်စားလှယ်ကို ဆွဲထုတ်ကြ၊ ချေမှုန်းကြ”ဆိုသည်ကို လက်တွေ့ အကောင်အထည် ဖော်ကြရန်အတွက် အလွန်ပင် စိတ်အားထက်သန်၍နေကြ၏။ အမျိုးသမီးများမှာမူ အပြတ်သားဆုံးဖြစ်၏။ အရဲရင့်ဆုံးဖြစ်၏။ ပစ္စည်းမဲ့တပ်သားကောင်းများ ပီသကြလေသည်။

အချိန်ကား ညီအစ်ကို မသိတသိ အချိန်တွင်ဖြစ်၏။ မှတ်သုန်လေသည်တိုက်ခတ်နေ၏။ ကောင်းကင်၌ မိုးသားတိမ်လိပ်တို့သည် လိပ်၍လိပ်၍ စု၍စု၍နေကြ၏။ မိုးမှောင်ကျလုအံ့ဆဲဆဲဖြစ်နေလေသည်။

တိုက်တိုင်းအောင်တပ်ခွဲ(၂)ပါတီကော်မီတီနှင့် နိုင်ငံရေးမှူး ဗိုလ်တင်မောင် (ခ)သိန်းထွန်းသည် ပါတီကော်မီတီနှင့် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းကြားနေ၏။ ပါတီကော်မီတီအဖွဲ့ဝင်တို့သည်လည်း အပြန်အလှန်ပင် ဆွေးနွေးညှိနှိုင်း၍နေကြသည်။

ထိုအကြောင်းမှာ ပြည်ခရိုင် လက်နက်ကိုင်တပ်ဖွဲ့၏ တပ်မှူးနှင့် လက်ရှိတိုက်တိုင်းအောင်တပ်ခွဲ(၂) တပ်စု(၂) တပ်စုမှူးဖြစ်သော ရဲဘော်မောင်တိုးအားပြန်ပြင်ရေးသမားအဖြစ် အရေးယူရန်ဖြစ်၏။ ထို့ပြင် ရဲဘော်မောင်တိုးအားဖမ်းဆီးရန်လည်း ဆုံးဖြတ်လိုက်ကြသည်။

၁၉၆၇-ခုနှစ် ဇွန်လ(၂၉)ရက်နေ့ညရဲ့ သူငယ်အိပ်ဆိတ်အချိန်တွင်ဖြစ်၏။ ပတ်ဝန်းကျင်တခုလုံးသည် ပိတ်ပိတ်သားမှောင်၍ နေလေသည်။

တိုက်တိုင်းအောင်တပ်ခွဲ(၂)၏ နိုင်ငံရေးမှူး ဗိုလ်တင်မောင်နှင့် တပ်မှူးရဲဘော်သာဦးတို့ ခေါင်းဆောင်သောတပ်ဖွဲ့သည် ရဲဘော်မောင်တိုးအား အလစ်တွင် ဝိုင်းဝန်း၍ ဖမ်းဆီးချုပ်နှောင်လိုက်ကြလေသည်၊

ရဲဘော်မောင်တိုးသည် ဘုမသိဘမသိဖြစ်နေ၏။ “ခင်ဗျားတို့ဘယ်လိုလုပ်ကြတာလဲ”ဟူ၍ပင် မေးနေတော့သည်။

ထို့နောက် ချက်ခြင်းပင် တိုက်တိုင်းအောင်တပ်ခွဲ(၂)ပါတီကော်မီတီသည် တိုက်ပွဲ ဦးစီးကော်မီတီကို ဖွဲ့စည်းပြီးကြောင်း ကျေညာလိုက်လေတော့သည်။

တပ်ခွဲပါတီကော်မီတီ တိုက်တိုင်းအောင်တပ်ခွဲ(၂)
“တိုက်ပွဲဦးစီးကော်မီတီဖွဲ့စည်းခြင်း”

တိုက်တိုင်းအောင်တပ်ခွဲ(၂)ပါတီနှင့် တပ်မတော်အတွင်းမှလောက်ကောင်ဖြစ်သည့် သစ္စာဖောက် တိုးအား စွဲချက်တင် တိုက်ပွဲဆင်ရန်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အတွက် တိုက်ပွဲဦးစီးကော်မီတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်။

(၁) ရဲဘော်သာဦး သဘာပတိ။
(၂) ရဲဘော်စောမြင့် အတွင်းရေးမှူး။
(၃) ရဲဘော်ဗိုလ်သိန်းထွန်း (အဖွဲ့ဝင်)
(၄) ရဲဘော်ဗိုလ်စိန်ဝင်း (॥)
(၅) ရဲဘော်ဗိုလ်သောင်း (॥)
(၆) ရဲဘော်ဗိုလ်တိုက်အောင် (॥)
(၇) ရဲဘော်လှနွယ် (॥)

ဤကော်မီတီသည် တိုက်ပွဲအစမှ အဆုံးအဖြတ်ကျသည်အထိ ကြီးကြပ်သွားမည်။ စီရင်ဆုံးဖြတ်သွားမည့် အမြင့်ဆုံး အာဏာပိုင်အဖွဲ့လည်းဖြစ်သည်။

၁၉၆၇-ခုနှစ် ဇွန်လ(၂၉)ရက်နေ့။
၁၃၃၀-ခုနှစ် ဝါဆိုလဆန်း(၅)ရက်။

× × ×

၁၉၆၇-ခုနှစ်၊ ဇွန်လ(၃၀)ရက်နေ့ နံနက်ဆွမ်းခံပြန်အချိန်တွင်ဖြစ်သည်။

တိုက်တိုင်းအောင်တပ်ခွဲ(၂)၏ တိုက်ပွဲဦးစီးကော်မီတီသည် "ပြန်ပြင်ရေးသမားသစ္စာဖောက် ငတိုးအား စွဲချက်တင် လူထုတိုက်ပွဲ"ကို ဖွင့်လှစ်လိုက်လေသည်။

တိုက်ပွဲဦးစီးကော်မီတီသည် ရဲဘော် မောင်တိုးအား တိုက်ရိုက်စွဲချက်တင်နိုင်ရန်အတွက် အမျိုးသမီးတပ်ဖွဲ့အား အဓိကတာဝန်ပေးလိုက်သည်။

အမျိုးသမီးတပ်ဖွဲ့ဝင်တို့သည် အထူးပင်တက်ကြွ၍ ဖင်တကြွကြွဖြစ်နေကြ၏။ တလှုပ်လှုပ်တရွရွပင်ဖြစ်နေကြ၏။ သူ့အရင်တင်မည်၊ ငါအရင်တင်မည်ဟု ပင်လုနေကြလေသည်။

ပထမဦးဆုံးသော စွဲချက်တင်ရသူမှာရဲဘော် မသန်းအေးဖြစ်သည်။

"ဟဲ့ ငတိုး နင်ဟာ ပြန်ပြင်ရေးသမားဖြစ်တယ်။ နင်ငါတို့ကိုမုဒိမ်းကျင့်ဖို့လုပ်ခဲ့တယ်။ နောက်ပြီးတော့ ဦးလှကြည်ကို ဖြုတ်ချရမယ်လို့လဲ ပြောတယ်။ ခေါင်းဆောင်တွေကို စစ်မတိုက်ရဲဘူးလို့လဲပြောတယ်။

[illegible] ပေါက်ကလေးတွေပေးပြီး [illegible] ခဲ့တယ်။ ငါကနင်ပေးတာကို ရိုးရိုးသား [illegible] နဲ့ပေးတာလို့ထင်ခဲ့တာ အခုမှ ငါသိတာက နင်ဟာ ငါ့ကို မုဒိမ်းကျင့်ချင်လို့ပဲမဟုတ်လားဟဲ့။

နင်ဟာ ဟင်းသီး ဟင်းရွက်သွားခူးခူး၊ ပဒပ်ဥသွားတူးတူး၊ အမျိုးသမီးတွေကိုပဲ ခေါ်သွားတာပဲ။ ဒါလဲငါတို့ကို စော်ကားချင်လို့ပဲ မဟုတ်လား။

ဒါတွေကြောင့်မို့ နင်ဟာ ပြန်ပြင်ရေးသစ္စာဖောက်ပဲ။ နင့်ကိုသတ်ပစ်ရမယ်"။

ထိုအချိန်တွင် ရဲဘော်မောင်တိုးအား ဝါးရုံတွင်ကပ်၍ ကြိုးများဖြင့်လက်ပြန်ကြိုးတုတ်၍ထား၏။ ခါးကိုလည်းကြိုးနှင့်ချည်၍ ထားသည်။ လှုပ်၍ရှား၍ပင်မရချေ။

ထို့နောက် ရဲဘော်မမြထွန်းက ဆက်လက်၍စွဲချက်တင်လေသည်။

"ခွေးကောင်တိုး နင်ဟာ ငါ့ကိုမုဒိမ်း ၃ ခါတောင်ကျင့်ခဲ့တယ်။ နင်ဟာ တန်ပြန်တော်လှန်ရေးသမားပဲ။ နေဝင်းနောက်လိုက်ခွေးပဲ။

နင်ဟာ ငါ့ကို ဆင်မီးလက်စွပ်တို့၊ အင်္ကျီတို့၊ စားစရာတို့ကို ပေးပြီး စည်းရုံးခဲ့တယ်။ အဲ့ဒါငါ့ကို မုဒိမ်းကျင့်ချင်လို့ပဲမဟုတ်လားဟဲ့။

နောက်ပြီးတော့ နင်ဟာ နင့်သေနတ်ကို နင်မထမ်းပဲနဲ့ ဒို့ကိုအထမ်းခိုင်းခဲ့တယ်မဟုတ်လား ခွေးကြီးရဲ့။

အဲဒါတွေကို ငါဖွင့်ပြောနေတာ ဥက္ကဋ္ဌကြီးရဲ့ (၄) မျိုးကောင်းတပ်သားဖြစ်အောင် ကျိုးစားဖို့အတွက် ဖွင့်ထုတ်နေတာဖြစ်တယ်။

နင့်ကို ငါကိုယ်တိုင် မသေမချင်းသတ်ပစ်မယ်"။

ရဲဘော်မမြထွန်းသည် ငိုကြီးချက်မဖြင့် စွဲချက်တင်နေ၏။ ခုန်၍ပေါက်၍လည်းနေ၏။ "တိုးကို အခုသတ်မယ်၊ အခုသတ်မယ်"ဟုဆိုကာ ရဲဘော်မောင်တိုးအား ကြိုးနှင့်ချည်တုတ်ထားရာသို့ ပြေးသွားတော့သည်။

ထိုအချိန်တွင် ရဲဘော်၊ ရဲဘော်မများသည် အားလုံးပင် ပေါက်ကွဲကုန်တော့၏။ ထိန်းမနိုင်သိမ်းမရဖြစ်နေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"တိုးကိုသတ်ပစ်၊ သတ်ပစ်"ဟူ၍ ကြွေးကြော်နေကြသည်။ အချို့သော အမျိုးသမီးများမှာ ထမီကျွတ်နေသည်ကိုပင် အမှတ်မရတော့ချေ။ ကုန်း၍ကုန်း၍ ဟစ်အော် တောင်းဆိုနေလေသည်။

ယင်းသို့ဖြင့် မအုန်းရီ၊ မနီ၊ မယ်မြ၊ မသန်းခင်၊ မကြည်ဝင်း၊ မလှမြင့်၊ မတိုး စသည် စသည်တို့လည်း ဒေါကြီးမာန်ကြီးများဖြင့် ထမီကိုစွန်တောင်ဆွဲလျက် ရဲဘော်မောင်တိုးအား ချက်ခြင်းသုတ်သင်ပစ်ရန် တောင်းဆိုနေကြလေသည်။

ထို့နောက်တွင် တပ်စိတ်လိုက် ကိုယ်စားလှယ်များသည်လည်း ဆက်လက်၍ စွဲချက်တင်ကာ ရဲဘော်မောင်တိုးအား သတ်ပစ်ရန်အတွက် တောင်းဆိုနေကြလေသည်။

နောက်ဆုံးတွင် တိုက်ပွဲဦးစီးကော်မီတီသည် ရဲဘော်မောင်တိုးနှင့်ပတ်သက်၍ ဤသို့ပင် စီရင်ချက်ချလိုက်လေတော့သည်။

တိုက်ပွဲဦးစီးကော်မီတီ
တိုက်တိုင်းအောင်တပ်ခွဲ(၂)

လူထုစွဲချက်တင် တိုက်ပွဲဆင်သည့်တိုက်တိုင်းအောင်တပ်ခွဲ(၂)တပ်ခွဲ အစည်းအဝေးကြီးမှတပ်ကေဒါများ၊တပ်မတော်သားများနှင့် လူငယ် အမျိုးသမီးများ၏ စွဲချက်တင်ကြသည့်အပေါ် တိုက်ပွဲဦးစီးကော်မီတီ အနေနှင့် ကြားနာပြီးနောက် တရားခံတိုးနှင့်ပတ်သက်၍ အောက်ပါအတိုင်းစီရင်ချက်ချလိုက်သည်။

တရားခံတိုးသည်

(၁) ပါတီဖျက်ဆီးရေးသမားဖြစ်သည်။
(၂) ပါတီတွင်း တပ်တွင်း ဂိုဏ်းခွဲရေးသမားဖြစ်သည်။
(၃) တော်လှန်ရေး ဖျက်ဆီးရေးသမားဖြစ်သည်။
(၄) တော်လှန်ရေး အားသစ်များဖြစ်သည့် တော်လှန်တက်ကြွသည့်အမျိုးသမီးတွေကို ဖျက်ဆီးနေသူဖြစ်သည်။
(၅) လူမှုရေးအရ အမျိုးသမီးတွေကို ကောက်ကျစ်စဉ်းလဲစွာ ယုတ်ယုတ်မာမာကျင့်ကြံစော်ကားသူဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤကောက်ချက်များအရ ၎င်းတို့သည် နိုင်ငံရေးအရရော၊ လူမှုရေးအရပါ ဖောက်ပြန်သည့် ပြန်လည်ပြင်ဆင်ရေး တန်ပြန်တော်လှန်ရေးသမားတယောက်ဖြစ်ကြောင်းထင်ရှားသည်။

သို့အတွက် ပြန်လည်ပြင်ဆင်ရေး၊ တန်ပြန်တော်လှန်ရေးသမား ၎င်းတို့အား တိုက်တိုင်းအောင်တပ်ခွဲ(၂) တပ်ခွဲဦးစီး ကော်မီတီခုံရုံးမှ သေဒဏ်အမိန့်ချမှတ်လိုက်သည်။

တိုက်ပွဲဦးစီးကော်မီတီ
တိုက်တိုင်းအောင်တပ်ခွဲ(၂)

၁၉၆၀-ခု ဇွန်လ(၃၀)ရက်။
၁၃၃၀-ခု ဝါဆိုလဆန်း(၆)ရက်။

(မှတ်ချက်။ ။ရဲဘော်မောင်တိုးအားသေဒဏ်စီရင်ချက်ရေးသူမှာ ပြည်ခရိုင်ကော်မီတီနှင့် တိုက်တိုင်းအောင်(၂) တပ်ခွဲမှူး ဆလိုင်းသာဦးဖြစ်ပါသည်။ စာရေးသူ။)

ဤသို့ ရဲဘော်မောင်တိုးအား သေဒဏ်စီရင်ချက်ကို တိုက်ပွဲဦးစီးကော်မီတီမှချမှတ်လိုက်ပြီးနောက် ရဲဘော်မယ်မြ ခေါင်းဆောင်သော အမျိုးသမီးတပ်ဖွဲ့အား တာဝန်ပေးလိုက်သည်။

တပ်နီအမျိုးသမီးများသည် ရဲဘော်မောင်တိုးအား အတင်းဆွဲထုတ်ခဲ့ကြပြီး အထိုင်ခိုင်းလိုက်၏။ထို့နောက်တွင်ရဲဘော်မယ်မြကပင်စတင်၍ရဲဘော်မောင်တိုး၏ဦးခေါင်းအား ဝါးရင်းတုတ်ဖြင့်တအားရိုက်လိုက်၏။ ရဲဘော်မောင်တိုးသည် ချက်ခြင်းလဲ၍ မသွားသေးချေ။ ထိုအချိန်တွင် မမြထွန်း၊ မအေးသန်းတို့သည် ရဲဘော်မောင်တိုး၏ ဦးခေါင်းကိုပင် ဝါးရင်းတုတ်များဖြင့် ဆက်၍ဆက်၍ ရိုက်နှက်သောကြောင့် မြေကြီးပေါ်သို့လဲကျသွားတော့သည်။

ထိုအခါတွင် ချက်ခြင်းပင် ရဲဘော်မယ်မြသည် ရဲဘော် မောင်တိုး၏ လည်ပင်းအား ဒါးမြှောင်ဖြင့် လှီးဖြတ်လိုက်တော့၏။ လည်ချောင်းသွေးများသည် လည်း ဘေးသို့ ပန်း၍ ထွက်လာတော့သည်။

ရဲဘော်မယ်မြ ခေါင်းဆောင်သော တပ်နီအမျိုးသမီးများသည် ရဲဘော်မောင်တိုး၏ လည်ချောင်းမှ ပန်း၍ပန်း၍ ထွက်လာနေသော လည်ချောင်းသွေးများဖြင့် သူ့ထက်ငါ အလုအယက်ပင် ခြေဆေး၍ နေကြလေတော့သည်။

ဤသည်မှာ တော်လှန်သော တိုက်တိုင်းအောင်တပ်ခွဲ(၂)၏ "ပွဲဦးထွက်အောင်ပွဲ"ပင်တည်း။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်သလိုင်းသာဥိုး၏လက်ရေးမူ



တိုက်တိုင်းအောင် (၂) တိုက်ခွဲဦးစီးကော်မီတီခုရုံးမှ ရဲဘော်မောင်တိုးနှင့် ပတ်သက်သော သေဒဏ်အမိန့်ပြန့်တမ်း

၂၁

ဗဟိုစခန်းမှ ငရဲခန်းများ

ဗိုလ်ထွန်းငြိမ်း ချေမှုန်းရေး

"နိုင်ငံရေး ဦးဆောင်အဖွဲ့

ဇွန်လ ၃-ရက်နေ့က ရဲဘော်ညှိပေးစာကိုရရှိပါသည်။ ဒါအတွက် အထူးစိတ်အားထက်သန်စွာ ပြန်ကြားပါသည်။

ကျွန်မအတွက် ပါတီကို ပိုအလုပ်အကျေးပြုနိုင်ရန် အလေးအနက် စဉ်းစားရာမှာ အောက်ပါအတိုင်းတွေ့ရှိပါသည်။

ကျွန်မတို့တည်ဆောက်ရေးကို အခက်အခဲတွေ ကြားက မရောက် ရောက်အောင် ချီတက်ခဲ့ပါသည်။ ဒါရဲ့ အကြောင်းရင်းက ပါတီ တွင်းမှာ ဖြစ်ပေါ်နေတဲ့လက်ျာအချောင်သမားဝါဒဖြစ်တဲ့ ပြန်ပြင်ရေး ရဲ့ ဆိုးကျိုးဟာ ဘယ်ပုံလိုက်စားခံရတယ်လို့ နားမလည်ခင်ကတောင် ကျွန်မတို့ တော်လှန်ရေးရဲဘော်တွေဟာ တည်ဆောက်ရေး မလုပ်ရင် အောင်ပွဲရအောင်ချီတက်နိုင်ဖို့ ခက်တယ်လို့နားလည်နိုင်ခဲ့ပါတယ်။

ကနေ့ ကျွန်မဘဝနဲ့အတူ ပြည်သူတွေ လွတ်မြောက်ဖို့ လက်နက် ကိုင် တော်လှန်ရေးလမ်းတခုထဲကလွဲရင် တခြားလမ်းမရှိဘူး။ သမိုင်းကို နိဂုံးချုပ်သင်္ခန်းစာထုတ်ခြင်းအားဖြင့်လဲ ပစ္စည်းမဲ့ အရည် အသွေး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လျှောကျနေရင် ပခုံးထက်က တာဝန်ကို ကျေပွန်အောင် မထမ်းနိုင်ရုံ မက သမိုင်းကဖယ်ရှားခံရမှာ မုချဖြစ်ဘာမြင်လာတယ်။

ဒီအပေါ်မှာ ကျွန်မရဲ့ရုပ်ကလဲ တော်လှန်ရေးသက် (၂၀) သာ ပြောရတယ်။ ကျွန်မသမိုင်းဟာ များစွာဆိုးဝါးခဲ့တယ်။ ဗိုဇကမမှန် ရှင်းလင်းပြတ်သားတဲ့ ရည်ရွယ်ချက်လဲမချမှတ်နိုင်။ ဒါကြောင့်လဲနိုင်ငံ ရေးအတွေးအခေါ် ချတ်ခြုံကျရာက လူမှုရေးပြဿနာ အမြောက် အ မြားကို ကျူးလွန်ပြီး ပါတီကို ဆိုးကျိုးတွေပေးခဲ့တာဖြစ်ခဲ့တယ်။

ပါတီတာဝန်ထမ်းဆောင်ရာမှာလဲ ခေါင်းဆောင်မှု တာဝန်ကို ရဲရဲ ခေါင်းမဆောင်ရဲခဲ့ဘူး။ မှားတာသိပြီးတိုက်တာတောင် ရဲရဲမတိုက်ဖူး ခဲ့ဘူး။ ဒါတွေဟာ လက်တွေ့''ခေါင်းဆောင်မှုစိုက်ထူရေးတိုက်ပွဲ'' စဉ် တင်ပြီး ဖြတ်သန်းတော့ပိုထင်ရှားနေတယ်။ ဒါကြောင့် ကနေ့ဆိုပါတီ ကေဒါတယောက်အနေနဲ့ အရင်းခံဘဝလှည့်ရင်း ခေါင်းဆောင်မှုကိုပါ တပါတည်း စိုက်ထူနေရတာဖြစ်တယ်။

ဒီအရင်းခံလှည့်ပြောင်းမှုမခိုင်ခန့်ရင် သမိုင်းတာဝန် ထမ်းဆောင် နိုင်ဖို့ရော ကေဒါဘဝနဲ့ခေါင်းဆောင်မှု တာဝန်ထမ်းရွက်ဖို့ အတွက်ပါ မုချအခက်အခဲကြီးလိမ့်မယ်လို့ ယုံကြည်တယ်။

ပါတီကေဒါဆိုတာ လေဒဏ် မိုးဒဏ်မုန်တိုင်းဒဏ်ခံပြီး ''စံ''ရှိရှိရွေ ကတက်နိုင်ဖို့ဆိုရင် အရင်းခံ လှည့်ပြောင်းမှုကို တင်းတင်း ကြပ်ကြပ် လှည့်ပြောင်းမွေးမြူပြီး ဓလေ့တရပ်ဖြစ်မလာရင် ''ရဲရဲခေါင်းဆောင်၊ ရဲရဲတိုက်ပွဲဆင်၊ ရဲရဲအောင်ပွဲလုယူရဲတဲ့''ပါတီက အားကိုးနိုင်တဲ့ ကေ ဒါ ဖြစ်ကိုမဖြစ်နိုင်ဘူး။ ဒါကိုပါတီနဲ့တခါမှမခွဲတဲ့ ကျွန်မရဲ့တော်လှန် သက် ၂၀-မှာ သခ်ဏ်းစာ ခိုင်ခန့်စွာထုတ်ပြီးပါပြီ။

ကျွန်မပါတီကိုအကောင်းဆုံးအလုပ်အကျွေးပြုနိုင်ရေးဟာ တဖက် က ကနေ့ရှိနေတဲ့ခေါင်းဆောင်မှု စိုက်ထူလေ့ကျင့်နေရတဲ့ ပြဿနာက တဖက်၊ တဖက်ကလူထုထင်မြင်ချက်ဖြစ်တဲ့ ကျွန်မတို့ တပ်ထုကလဲ ဒီ လောက် ဆိုးဝါးခဲ့တဲ့ဘဝကို မုချစီးခြား လှည့်ပြောင်းပြီး ဒါကိုခိုင်ခန့် စေကာ ဒီပြဿနာကလဲ အသက်ရှိတဲ့ခေါင်းဆောင်မှုစိုက်ထူမှုလဲဖြစ်၊ အရင်းခံလှည့်ပြောင်းတာလဲဖြစ်လို့ အလွန်အခြေခိုင် အာမခံချက်ရှိတဲ့ ပြဿနာလို့ထင်မြင်ကြတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီအပေါ်မှာ စီမံကိန်းရှိရှိ တည်ဆောက် လေ့ကျင့် မွေးမြူသွားဖို့ အတွက်ရှိနေတဲ့ကာသင်ဆောက်မှုကိုပဲ အဆုံးသတ်တည်ဆောက်သွားမည့် အကြောင်း ယတိပြတ်ပိုင်းဖြတ်ပြန့်ကြားပါသည်

အလေးနီဖြင့်
ညွန့်ညွန့်

မညွန့်ညွန့်၏ လက်ရေးမူ



နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ပြန်ကြားချက်မူရင်း

ဤသည်မှာ ၁၉၆၇-ခုနှစ် ဇွန်လ-၂၃ ရက်တွင် နိုင်ငံရေးဦးဆောင်အဖွဲ့သို့ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့၏ ပါတီကော်မီတီဖြစ်သော ရဲဘော်မညွန့်ညွန့်(ခ)ဒေါ်ထူး၏ ပြန်ကြားချက်ဖြစ်သည်။

ရဲဘော်မညွန့်ညွန့်သည် သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒ ကျောင်းသို့ တက်ရောက်ရန် ဗဟိုဌာနချုပ်ရုံးအုပ် ရဲဘော်ညို(ပီကင်းပြန်)၏ ညွှန်ကြားချက်ကို ပြန်ကြားလိုက်ခြင်းဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ဖြင့် ရဲဘော်မည္ကန့်ညွှန့်သည် "တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ တတိယပတ် ဗဟိုမှာ့က်စ်လီနင်ဝါဒကျောင်းကို တက်ရောက်သင်ကြားခြင်းထက် ဗိုလ်ထွန်းငြိမ်း၏ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး၌ လက်တွေ့လေ့လာခြင်းသည် ပို၍အကျိုးရှိသည်"ဟု ဖော်ပြလိုက်လေသည်။

ရဲဘော်မည္ကန့်ညွှန့်၏ ပြန်ကြားချက်သည် သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၌ အထူးပင် လှုပ်ရှားသွားလေသည်။ **"ဒီစာဟာ ဗိုလ်ထွန်းငြိမ်းက တော်လှန်တဲ့ ပါတီဗဟိုပေါ် စိန်ခေါ်လိုက်တာပဲ။ မီးနီအချက်ပြလိုက်တာပဲ"**ဟု သခင်သန်းထွန်းတို့က အလေးအနက် ကောက်ချက်ချလိုက်သည်။

အမှန်စင်စစ်အားဖြင့် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ဗိုလ်ထွန်းငြိမ်းနှင့်ပတ်သက်၍ အထူးထောက်လှမ်းလေ့လာရေးအဖွဲ့များကိုဖွဲ့ပြီး ထောက်လှမ်း လေ့လာခဲ့သည်မှာ ကြာပြီဖြစ်၏။ ယင်းအချက်အလက်များပေါ် မူတည်၍ သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် စံနစ်ကျသော အစီအစဉ်များနှင့် ခြေလှမ်းများကို ပြင်ဆင်ချမှတ်ပြီးဖြစ်လေသည်။

ထိုသို့ စီစဉ်ခြင်း၏ ပထမအဆင့်မှာ ၁၉၆၇-ခုနှစ် ဇွန်လ(၁)ရက်နေ့တွင်ဖြစ်၏။ ယင်းမှာ ပြည်ခရိုင်·ပါတီကော်မီတီသို့ ဥက္ကဋ္ဌသခင်သန်းထွန်း၏ ပေးစာဖြစ်၏။ ထို့ပြင် တိုက်တိုင်းအောင်တပ်ခွဲ(၂)ဖွဲ့စည်းခြင်းနှင့် ပတ်သက်သော သခင်သန်းထွန်း၏မိန့်ခွန်းနှင့် ပေးစာတို့လည်းဖြစ်သည်။

ထိုအချိန်တွင် သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သို့ ဗိုလ်ထွန်းငြိမ်းနှင့် ပတ်သက်၍ လျှို့ဝှက်အစီရင်ခံစာများ လျှို့ဝှက်တင်ပြချက်များမှာ အဆက်မပြတ်ပင် ရောက်ရှိ၍နေလေသည်။

× × ×

၁၉၆၇-ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင်ဖြစ်သည်။

အချိန်မှာ ညနေစောင်းနေပြီဖြစ်၏။ မိုးမှာ အုံ့အုံ့ဆိုင်းဆိုင်းဖြစ်နေသည်။

"ကိုညိုစိမ့်တို့ ပြန်ရောက်ပြီ"ဟု ကင်းအဖွဲ့မှ အော်၍ ပြောလိုက်သည့်အသံသည်၊ စခန်းတွင်းသို့ ပျံ့သွား၏။ ချက်ခြင်းပင် ဗဟိုစခန်းသည် လှုပ်ရှားသွားတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ညိုစိမ့်သည်မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးတပ်ဖွဲ့သို့ရဲဘော် မညွန့်ညွန့်အား ခေါ်ယူရန်အတွက် ခရီးထွက်ခဲ့ရာမှ ပြန်လာခဲ့ခြင်းဖြစ်၏၊ ရဲဘော်ညိုစိမ့်သည် သခင်သန်းထွန်း၏ တိုက်ရိုက်ညွှန်ကြားချက်အရ ခရီးသွား ခဲ့ခြင်းဖြစ်သည်။

သခင်သန်းထွန်းသည် ရဲဘော်ညိုစိမ့်၏ အသံကိုကြားလိုက်ရသဖြင့် မိမိတဲ အတွင်းမှ အပြေးလေးထွက်လာ၏၊ တလှုပ်လှုပ်ဘရှားရှားဖြစ်နေ၏။ သခင် သန်းထွန်း၏ မျက်လုံးအဝိုင်းသည်လည်း ဝင့်လျက်ဝင့်လျက် ထိုမှဤမှကြည့်နေ ၏။ ရှာဖွေနေ၏၊ ရှေ့သို့လည်းကြည့်နေ၏။ နောက်သို့လည်း အာရုံစိုက်နေ၏။ ဘေးသို့သည်း ဝဲခေါင်းသျက်ကြည့်နေ၏။သို့သော်လည်း မညွန့်ညွန့်ကိုကား မ တွေ့ရ မမြင်ရချေ၊ သခင်သန်းထွန်းသည် သက်မကို ဖြည်းညှင်းစွာချလိုက် သည်

သခင်သန်းထွန်းသည် မညွန့်ညွန့်အား မြှော်လင့်ခြင်းကြီးစွာဖြင့် စောင့် မျှော်နေခဲ့၏၊ ယခုတွင် မြှော်လင့်ချက်သည် အချီးနှီးသာဖြစ်တော့သည်။

ထိုအချိန်တွင် သခင်သန်းထွန်းသည် ဗိုလ်မင်းလွင်နှင့် ရဲဘော်ဘသန်း(ခ) သိန်းထွန်း၊ ရဲဘော်ထွန်းကျော်(ခ)မောင်ခိုးဝင်းတို့ကိုလည်း တွေ့မြင်လိုက်ရ ၏။ ချက်ခြင်းပင် အလွန်အံ့အားသင့်၍ နေတော့သည်။

ရဲဘော်ညိုစိမ့်သည် သခင်သန်းထွန်း၏ အနီးသို့လာ၍ အခြေအနေကိုချုပ် ၍ အစီရင်ခံလိုက်၏။ သခင်သန်းထွန်း၏ မျက်နှာမှာ တင်းမာ၍ နေလေသည်။

ဗိုလ်မင်းလွင်နှင့်ရဲဘော်ဘသန်း၊ ရဲဘော်ထွန်းကျော်တို့သည် ဗိုလ်ထွန်းငြိမ်း ၏တာဝန်ပေးချက်အရဗဟိုဝန်းသို့လာရောက်ကြခြင်းဖြစ်၏။ ယင်းရဲဘော်(၃) ဦးသည် ဗိုလ်ထွန်းငြိမ်း၏ အထူးအားထားရသော ကျောရိုး(၃)ဦးဖြစ်သည်။ ထို့ကြောင့်လည်း ဗိုလ်ထွန်းငြိမ်းသည် အစစအရာရာတွင် ဝိတ်ချသဖြင့် ဗဟိုသို့ စေလွှတ်လိုက်ခြင်းဖြစ်၏။ယင်းတို့အား မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေး တပ်ဖွဲ့၏ ကိုယ်စားလှယ်များအဖြစ်ဖြင့်တာဝန်ပေးလိုက်ခြင်းဖြစ်သည်။

ယင်းတို့၏အဓိကတာဝန်မှာ မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေး အခြေ အနေများနှင့်ပတ်သက်၍ ဗဟိုသို့ တင်ပြအစီရင်ခံရန်ဖြစ်၏။ အထူးသဖြင့် လျှို ဝှက်သော သီးခြားတာဝန်မှာမူ သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် တော် လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ လှုပ်ရှားမှုများကိုပါတဆင့်တိုး၍ လေ့လာ ရန်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ဖြင့် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့သည် ဗဟိုဌာနချုပ်သို့ရောက်ရှိလျက်နေကြခြင်းဖြစ်သည်။

သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တို့သည် တည်ဆောက်ရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်းကိုမပြုချေ။ သို့သော်လည်းတဦးချင်းကိုခွဲ၍ဆွေးနွေးခြင်း၊ လေ့လာခြင်း၊ စုံစမ်းခြင်းတို့ကိုမူပြုကြ၏။ တစေ့တစောင်းလည်းအကဲခတ်၍ နေကြလေသည်။

သခင်သန်းထွန်းနှင့်ရဲဘော်အောင်ကြီးတို့သည် ဗိုလ်ထွန်းငြိမ်းတို့၏ကိုယ်စားလှယ်အဖွဲ့ဝင်(၃) ဦးတွင် ဗိုလ်မင်းလွင်အားအဓိကထား၍ချဉ်းကပ်ဆွေးနွေးကြ၏။ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့ ကိုယ်တိုင်ပင် သီးခြားခေါ်ယူဆွေးနွေးကြ၏။ ထို့ပြင်ဗဟိုဌာနချုပ်တွင် တာဝန်ယူသော ဗိုလ်မင်းလွင်၏ဇနီး မစန်းမှ တဆင့်လည်း ချဉ်းကပ်စေခဲ့၏။ မစန်းကလည်း ဗိုလ်မင်းလွင်၏ အလှည့် အပြောင်းအတွက်အာမခံလိုက်လေသည်။

ထို့နောက် ဗိုလ်မင်းလွင်ကိုလည်း သီးခြားတဲတလုံးစီစဉ်ပေးလျက် မစန်းနှင့် အတူတကွနေရာချ၍ပေးထား၏။ ရဲဘော်ထွန်းကျော်နှင့် ရဲဘော်ဘသန်းတို့ကိုမူ သီးခြားနေရာပေးထားလိုက်လေသည်။

× × ×

၁၉၆၈-ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့တွင်ဖြစ်သည်။

သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့်တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တို့သည် ဗိုလ်ထွန်းငြိမ်း၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး ကြလေသည်။

ယင်းဆွေးနွေးပွဲတွင် တည်ဆောက်ရေး ကိုယ်စားလှယ်အဖွဲ့မှ မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးတပ်ဖွဲ့၏ ပါတီကော်မီတီအတွင်းရေးမှူးဖြစ်သော ဗိုလ်မင်းလွင်သည် သခင်သန်းထွန်းနှင့် တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့၏ ရှေ့မှောက်တွင် —

"ကျွန်တော့်အနေနဲ့ တော်လှန်တဲ့ပါတီဗဟိုကို အကြွင်းမဲ့လက်နက်ချပါပြီ" ဟုဆို၍ တင်ပြလိုက်၏။ ထို့နောက်တွင် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့၌ ဗိုလ်ထွန်းငြိမ်းနှင့် ယင်း၏ကျောရိုးများသည် ဗဟိုကော်မီတီ ဥက္ကဋ္ဌ ဆန့်ကျင်ရေး၊ တော်လှန်သောဗဟိုဆန့်ကျင်ရေး၊ ရဲဘော်အောင်ကြီးနှင့် တရပ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြန် ဆန့်ကျင်ရေးများကို အစီအစဉ်ဖြင့် ပြုလုပ်အကောင်အထည် ဖော်လျက် ရှိကြောင်းကို သဘောပေါက်ခဲ့ကြ၍ ဝန်ခံလိုက်လေတော့သည်။

ထို့ကြောင့် ၁၉၆၈-ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့တွင်မူ တည်ဆောက်ရေး ကိုယ်စားလှယ်အဖွဲ့အား ဗိုလ်ထွန်းငြိမ်း၏ တည်ဆောက်ရေးစခန်းသို့ ပြန်ခွင့်မပြုတော့ကြောင်းကို ပြောကြား၍တားဆီးပိတ်ပင်လိုက်သည်။

တချိန်တည်းတွင် ရဲဘော်ထွန်းကျော် (ခ) မောင်စိုးဝင်းနှင့် ရဲဘော်ဘသန်း (ခ) သိန်းထွန်းတို့ကိုလည်း ဗဟိုဌာနချုပ်စခန်းတွင် အကျယ်ချုပ်ဖြင့် နေထိုင်လုပ်ရှားရန် ညွှန်ကြားလိုက်လေသည်။

ချက်ခြင်းပင် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တို့သည် ဗိုလ်ထွန်းငြိမ်းအား ချေမှုန်းရန်အတွက်ဆုံးဖြတ်လိုက်ကြ၏။ ထို့ကြောင့် စနစ်ကျသော အစီအစဉ်ရှိသော ပိရိသော အထူးလျှို့ဝှက်သော စီမံကိန်းကိုရေးဆွဲ၍ ချမှတ်လိုက်လေသည်။

(၁) (က) ဗိုလ်ထွန်းငြိမ်းအားအချိုသတ်၍ ဗဟိုဌာနချုပ်သို့ မလာလာအောင်ခေါ်ရန်။

(ခ) ဗိုလ်ထွန်းငြိမ်းထံသို့ သခင်သန်းထွန်းကိုယ်တိုင်ပင် အလွန်ပြောပြောင်းသောသဘောထားဖြင့်စာရေးရန်။

(ဂ) ဗိုလ်ထွန်းငြိမ်းထံသို့ စာရေးရာတွင် ဗိုလ်ထွန်းငြိမ်းအား လတ်တလော အရေးတကြီးပြဿနာများကို ဆွေးနွေးရန်နှင့် ဗဟိုစခန်း (၁၀)ရက်အတွင်း ပြောင်းရွှေ့ဖို့အစီအစဉ်ရှိကြောင်းကိုဖော်ပြ၍ ထိုရက်မတိုင်မီအတွင်း ဗဟိုသို့ အရောက်လာရေးကို ဖော်ပြရန်။

(၂) မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးတပ်ဖွဲ့သို့ တိုက်ရိုက်ပေးစာကိုလည်း သခင်သန်းထွန်း ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ပေးရန်။

ယင်းပေးစာတွင် ဖော်ပြရန်တို့မှာ—

(က) ဗဟိုကိုအကြွင်းမဲ့နာခံရေးစိတ်ဓာတ်မွေးမြူရေး။

(ခ) ပြန်လည်ပြင်ဆင်ရေးသမား စိုးသန်း တိုက်ပွဲ အောင်မြင်ချက်များ။

(ဂ) မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးကို ဗဟိုအနီးပတ်ဝန်းကျင်တွင် ဗဟိုမှတိုက်ရိုက်တည်ဆောက်ပေးရန်

စသည်တို့ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဥက္ကဋ္ဌ သခင်သန်းထွန်းမှ ဗိုလ်ထွန်းငြိမ်းသို့ ပေးစာမူရင်း

ထို့နောက်တွင် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် အထူးလျှို့ဝှက်သော"ကော်မရှင်"ကို ဖွဲ့စည်းလိုက်၏။ ယင်းကော်မရှင်မှာ "မြစ်ကျွန်းပေါ်တိုင်း တည်ဆောက်ရေး စုံစမ်းရေး ကော်မရှင်"ဟူ၍ ဖြစ်သည်။

သို့သော်လည်း ယင်းကော်မရှင်၏အမည်ကို လျှို့ဝှက်၍သာ ထား၏။ တည်ဆောက်ရေးအဖွဲ့အား ကြိုဆိုသည့် ကြိုဆိုရေး အဖွဲ့အဖြစ်ဖြင့်သာ လှုပ်ရှားစေလေသည်။

ယင်းအဖွဲ့၏ခေါင်းဆောင်မှာ ရဲဘော်စိုးဝင်း(ခ)ငွေးအောင်ဖြစ်၏။ ပီကင်းပြန်ဖြစ်သည်။ အဖွဲ့ဝင်(၅)ဦးပါဝင်သည်။

(၁) ရဲဘော် စိုးဝင်း(ခ)ငွေးအောင် (ပီကင်းပြန်)။
(၂) ရဲဘော်ဘုန်းမြင့် (ဟသ်ာတခရိုင်)။
(၃) ရဲဘော် မောင်မောင်ကြည် (။)။
(၄) ရဲဘော် ငွေသိမ်း (မြစ်ကျွန်းပေါ်တိုင်းတပ်)။
(၅) ရဲဘော်စိုးမြင့် (ဟသ်ာတခရိုင်)။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၆) ရဲဘော် အုန်းမြင့် (ပုသိမ်ခရိုင်)။
(၇) ရဲဘော် ဝင်းအောင် (ပဲခူးခရိုင်)။
တို့ဖြစ်ကြသည်။

× × ×

၁၉၆၇-ခုနှစ်၊ ဇူလိုင်လ(၂၅)ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် သခင်သန်းထွန်းနှင့်တော်လှန်သောနိုင်ငံရေး ဦးဆောင်အဖွဲ့သည် အရေးကြီးသော လက်ရွေးစင် ကေဒါများအစည်းအဝေးကို ကျင်းပလေသည်။

"မကြာခင်မှာ ထွန်းငြိမ်းရောက်လာတော့မယ်။ ဒါကြောင့် တိုက်ပွဲအတွက် ပြင်ဆင်ထားဖို့လိုတယ်။ မိမိတို့ရဲ့အတွေးအခေါ်ကိုလဲ ပြင်ဆင်ထားဖို့လိုတယ်။

ဒါဟာအတွေးအခေါ်နှစ်ရပ် လမ်းစဉ်နှစ်ရပ်တိုက်ပွဲဖြစ်တယ်။

ဒီတိုက်ပွဲမှာ ပြဿနာတွေအနေနဲ့ စဉ်းစားထားဖို့ကတော့—

(၁) မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးတပ်ဖွဲ့ကို ထွန်းငြိမ်းရဲ့ အဆိပ်အတောက်တွေကို ထုတ်ပစ်ပြီး အသစ်တဖန် ပြန်လည် တည်ဆောက်ဖို့။

(၂) ထွန်းငြိမ်းဟာ ပြဿနာလိုက်ပိုင်းပြီးဖော်ပြတာမဟုတ်ဘူး။ လမ်းစဉ်တစ်ခုကို ဖော်ပြတာဖြစ်တယ်။

ဒီနေ့အခြေအနေမှာ မြစ်ဝကျွန်းပေါ် တည်ဆောက်ရေးကို ဒီအတိုင်းလွှတ်ထားလို့မဖြစ်တော့ဘူး။ တနေ့တခြားပိုပြီးတော့ အန္တရာယ်ဟာ ကြီးလာနေပြီဖြစ်တယ်။

ဒါကြောင့် အမြန်ဆုံးလက်ဦးမှုရှိရှိနဲ့ ရှင်းပစ်ရမယ်။

မြစ်ဝကျွန်းပေါ် တိုင်းတည်ဆောက်ရေးတပ်ဖွဲ့ကိုတိုက်တိုင်းအောင်တပ်နဲ့ တွဲထားပြီး တိုက်ရင်းတည်ဆောက်၊ တည်ဆောက်ရင်းတိုက်ဖို့အတွက် စီစဉ်ထားခဲ့တယ်။ ဒါပေမဲ့ အကြောင်း အမျိုးမျိုးကြောင့် တိုက်တိုင်းအောင်တပ်ဖွဲ့နဲ့ ခွဲပြီးတည်ဆောက်ဖို့သဘောတူလိုက်ရတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီလို ခဲ့ပြီးတည်ဆောက်ကတည်းက အစိုးရင်ခံဝဘဲ့ဖို့ တောင်းခဲ့ပေမဲ့ မပေးခဲ့ဘူး။အစိုးရင်မခံဘူး။

ပြီးတော့ ညွန့်ညွန့်ကို ဗဟိုက ခေါ်တယ်။ ဒါပေမဲ့ ထွန်းငြိမ်းဟာ ညွန့်ညွန့်ကို လှည့်ဖြားထားပြီး သူ့ တည်ဆောက်ရေးမှာပဲ တက်စေခဲ့တယ်။ ဒါဟာ ညွန့်ညွန့် တဦးတယောက်ကိစ္စအဖြစ် သဘောထားလို့ မဖြစ်ဘူး။ ထွန်းငြိမ်းအနေနဲ့ ဗဟိုကို မိမိတဦးထဲ ဆန့်ကျင်ရုံတင်မက ဘူး။ သူ့ တည်ဆောက်ရေးမှာ ထက်ရောက် နေတဲ့ သူတွေ အားလုံး ပါတီ ဗဟိုကိုဆန့်ကျင်လာအောင် ချည်နှယ်ချက်နဲ့ လုပ်တာ ဖြစ်တယ်။

ထွန်းငြိမ်းအနေနဲ့က ပိန့်ပိန့်ကို တိုက်ခဲ့တာဟာ အရင်းခံကတော့ ဗဟိုကို ဆန့်ကျင်နိုင်ဖို့အတွက် ဖြစ်တယ်။

ထွန်းငြိမ်းဟာ သဘောတရားတွေကို အချောင်းလိုက်ရွတ်ဖတ်တာ ပဲရှိတယ်။ လက်တွေ့အတွေ့အကြုံကျတော့ ဘာမှကိုမရှိဘူး။

သူလုပ်ခဲ့တာတွေအားလုံးဟာ တော်လှန်တဲ့ ဗဟိုကို ငါနာခံချင်မှ နာခံမယ်။ ငါ့သဘောနဲ့ငါ လုပ်သွားမယ်ဆိုတဲ့ ငါတကောကောပြီး လုပ်နေတာပဲဖြစ်တယ်။

ညွန့်ညွန့်ဟာ ဗဟိုကိုလာချင်တဲ့ဆန္ဒ အလွန်ကိုပြင်းပြခဲ့တယ်။ ဒါ ပေမဲ့ အတွေးအခေါ်အရ အဖျက်ဆီးခံခဲ့ရတယ်။

ညွန့်ညွန့်ဟာ မုဒိမ်းအကျင့်ခံရတဲ့ အပျိုမလေးလို ဖြစ်နေတယ်။

အတွေးအခေါ်လမ်းညွှန်မှုအသစ်တွေနဲ့ ပြန်လုပ်ရမယ်။

ပါတီဗဟိုရဲ့ တိုက်ရိုက်ခေါင်းဆောင်မှုအောက်မှာ မြစ်ဝကျွန်းပေါ် ရဲဘော်တွေအားလုံးရဲ့ အတွေးအခေါ်အားလုံးကို ပြန်ပြီးတော့ တည့် မတ်ပေးရဦးမယ်။

ထွန်းငြိမ်းဟာ ဗဟို ဆန့်ကျင်တဲ့ ပက်ကနေရပ်ပြီး တည်ဆောက်ခဲ့ တာဖြစ်တယ်။ အဲ့ဒီရပ်တည်ချက်နဲ့ တည်ဆောက်ခဲ့တဲ့ တပ်မျိုးဟာလဲ ဘယ်လိုတပ်မျိုး ဖြစ်လာမလဲ။ ဒါကြောင့် တည်ဆောက်ရေးဆိုတာ တော်လှန်တဲ့ ပါတီနဲ့ တော်လှန်စစ်ကိုလုံးဝအကျိုးမပြုနိုင်ဘူး။ မှန်ကန် တဲ့ အတွေးအခေါ်အရ တည်ဆောက်မှသာအကျိုးပြုမှာဖြစ်တယ်။

နောက်ပြီးတော့ ထွန်းငြိမ်းဟာ ကျေးလက် လူတန်းစား လမ်းစဉ် ကိုလဲဆန့်ကျင်ခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီမှာ ထွန်းမြင့်မြင်းရဲ့ ထူးခြားချက်တွေဟာ ရှိနေတယ်။

ဒါဟာ ပြန်လည် ပြင်ဆင်ရေးတိုက်ပွဲသမိုင်းရဲ့ အဆက်ဖြစ်နေတယ် ဆိုတာကိုတွေ့ရတယ်။

ထွန်းမြင့်မြင်းဟာ....

(၁) ခေတ်အမှီဆုံးပြန်လည်ပြင်ဆင်ရေးသမားဖြစ်တယ်။

(၂) အရေးအကြီးဆုံးနေရာမှာ အရေးအကြီးဆုံးအချိန်မှာ ပေါ် ပေါက်လာတာဖြစ်တယ်။

(၃) ပြန်လည်ပြင်ဆင်ရေးကို တိုက်ချင်သူတွေနဲ့ တော်လှန်ချင်တဲ့ သူတွေကို လှည့်စားထားတာဖြစ်တယ်။

(၄) လက်နက်ကိုင်တပ်ကို ကိုင်ထားတယ်။

(၅) ပါတီဗဟိုဖက်ကို ဦးလှည့်ထားတယ်။

(၆) စိန့်ပိန့်တို့နဲ့တောင် မတူဘူး။ ပါတီဗဟိုကိုအကြမ်းဖက်ချင် တယ်။

ဒါတွေကြောင့် ထွန်းမြင့်မြင်းကို လုံးဝချေမှုန်းပစ်ရမယ်။

အခုပါတီ ဗဟိုက အဆိပ်အန်ဆေးကျွေးနေတာဖြစ်တယ်။ အကုန် ဖွင့်ချဖို့၊ အကုန်အန်ချဖို့၊ အဆိပ်တွေသူများကိုလဲ ဖွင့်ချဖို့၊ ကိုယ်ကိုလဲ ဖွင့်ချဖို့။

သူများကကိုယ့်ကိုဖွင့်ချလာရင်လဲ ဒေါသကို ပြန်မတုန့်ပြန်ပဲ၊ ထွန်းမြင့်မြင်းကို ဦးတည်တိုက်ဖို့။

အလုပ်အကျွေးပြုသူများကလဲ တိုက်ခိုက်သူ ချေမှုန်းသူ ဖြစ်လာ အောင် ပြောင်းပြန်လှန်ပစ်ဖို့။

အပြတ်သားဆုံး အလုပ်အကျွေးပြုသူ၊ အပြတ်သားဆုံး တိုက်ခိုက် ချေမှုန်းသူဖြစ်ရမယ်။။

တော်လှန်ရေးကိုအကောင်းဆုံးအလုပ်အကျွေးပြုကြဖို့လိုတယ်။

အနှစ်(၃၀)ပြောက် ပါတီနေ့ကို သမိုင်းဝင်အောင်ပွဲနဲ့ကြိုဆိုဖို့လို တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မြစ်ဝကျွန်းပေါ်တပ်ကို ထွန်းငြိမ်းဟာ သူ့တပ်ဖြစ်လာအောင် လုပ်ခဲ့တယ်။ ဒါကိုပြောင်းပြန်လှန်ပစ်ဖို့လိုပြီ။

ပါတီဗဟိုကိုချေမှုန်းဖို့ မုန်တိုင်းစစ်ဆင်ဖို့လုပ်တဲ့ ထွန်းငြိမ်းကို ပါတီဗဟိုခေါင်းဆောင်မှုကို နာခံတဲ့အားနဲ့ ချေမှုန်းပစ်ရမယ်။

ထွန်းငြိမ်း၊ ထွန်းငြိမ်းဝါဒနဲ့ထွန်းငြိမ်းဂိုဏ်းကိုအပြီးတိုင်ချေမှုန်းကြ။

ဒါဟာ ပါတီရဲ့ အနှစ်(၃၀)မြောက်နေ့ကို ကြိုဆိုတဲ့ သမိုင်းဝင်အောင်ပွဲတခုဖြစ်လိမ့်မယ်။"

(ဗဟိုစခန်းတွင်ရှိသော လက်ရွေးစင် ကေဒါများအား ဗိုလ်ထွန်းငြိမ်း ချေမှုန်းရေးနှင့်ပတ်သက်၍ သခင်သန်းထွန်း၏ လှုံ့ဆော်ချက် မိန့်ခွန်းမှ)

ဤသည်မှာ ဗိုလ်ထွန်းငြိမ်းချေမှုန်းရေးနှင့်ပတ်သက်၍ သခင်သန်းထွန်း၏ တပ်လှန့်နှိုးသံပင်ဖြစ်လေသည်။

ထိုအချိန်တွင် ရဲဘော်ထွန်းကျော်(ခ)မောင်စိုးဝင်းနှင့်ရဲဘော် ဘသန်း(ခ) မောင်သိန်းထွန်းတို့ကိုလည်း သခင်သန်းထွန်း၏ မိန့်ခွန်းအား တက်ရောက်၍ နားထောင်စေလေသည်။

ထို့နောက်တွင် ရဲဘော်ထွန်းကျော်(ခ)မောင်စိုးဝင်းနှင့် ရဲဘော် ဘသန်း (ခ)မောင်သိန်းထွန်းတို့အား ဗိုလ်ထွန်းငြိမ်း၏ကျောရိုးများအဖြစ်ဖြင့် ပါဝင် လှုပ်ရှားခဲ့ရပုံများကို ဆန်းစစ်တင်ပြရန်စေခိုင်း၏။ အထူး သဖြင့် ဗိုလ်ထွန်း ငြိမ်းအား ထိုးနှက်တိုက်ခိုက်ဖွင့်ချပြီး တော်လှန်ရေးနှင့်တော်လှန်သော ပါတီ ဗဟိုကို အစွမ်းကုန်အကျိုးပြုရန်တိုက်တွန်း အားပေးလေသည်။

× × ×

၁၉၆၈-ခုနှစ် ဇူလိုင်လ (၂၉)ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင် သခင်သန်းထွန်း၊ ရဲဘော် အောင်ကြီးနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်တို့ကိုယ်တိုင် ဦး စီးသော လှုပ်ရှားမှုကို ပြုလုပ်၏။ ယင်းလှုပ်ရှားမှုမှာ "ထွန်းငြိမ်းရဲ့ ပါတီ ဆန့်ကျင်ရေး၊ တန်ပြန်တော်လှန်ရေး၊ လုပ်ရပ်များကိုဆန်းစစ်တိုက်ခိုက်ရေးလှုပ် ရှားမှုကြီး"ပင်ဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းလှုပ်ရှားမှုကြီးတွင် ဗိုလ်ထွန်းငြိမ်း၏ လုပ်ဆောင်ချက် အားလုံးကို ဆန့်ကျင်တိုက်ခိုက်၍ ဗိုလ်ထွန်းငြိမ်းအား အမျိုးမျိုးသော စွဲချက်များကိုတင်၍ ဖွင့်ချတိုက်ခိုက်၍ နေကြလေသည်။

ဗိုလ်ထွန်းငြိမ်း ဆန့်ကျင်ရေး ကြွေးကြော်သံများသည် ဆူညံ၍နေသည်။ လွှမ်း၍နေသည်။

ထိုအခါန်တွင် ဗိုလ်ထွန်းငြိမ်းနှင့် တည်ဆောက်ရေးတပ်ဖွဲ့အား သွားတော့က် ခေါ်ဆောင်သော ရဲဘော်ဗိုးဝင်း(ခ)ငွေးအောင် ခေါင်းဆောင်သည့်အဖွဲ့သည် အလုပ်ပြောင်းပြောင်းသော နည်းနာနှင့် နည်းပရိယာယ်ကို အသုံးပြု၍ ဗိုလ်ထွန်းငြိမ်းနှင့် ဆွေးနွေးကြ၏။ ဗိုလ်ထွန်းငြိမ်းအားလည်း အခင်ဆုံး အမင်ဆုံး အလေးအနက်ဆုံး ဆက်ဆံကြ၏၊ နေရာပေးကြ၏။ "ခင်ဗျားကိုတော့ အဖိုးကြီးတွေက သိပ်ချစ်ခင်နေကြတယ်။ ခင်ဗျားနဲ့ အရှည်စီမံကိန်း ကိစ္စတွေသဲ ဆွေးနွေးချင်တယ်လို့ မှာလိုက်တယ်"ဟူ၍ ပြောကြ၏။ တင်ပြကြ၏။ နောက်ဆုံးတွင် ဗိုလ်ထွန်းငြိမ်းနှင့် တည်ဆောက်ရေးတပ်ဖွဲ့သည် "အဖိုးကြီးများနဲ့ အရှည်စီမံကိန်းကိစ္စတွေ ဆွေးနွေးရန်အတွက်"ဗဟိုဌာနချုပ်ရှိရာ မြောက်ဖက်သို့ ဦးတည်၍ ထွက်ခွာခဲ့ကြလေသည်။

ဗိုလ်ထွန်းငြိမ်းတို့သည် ရဲဘော်ဘင်ယာန်(ခ)သာခမောင်(ခ) အောင်သိန်းနိုင်(ဗိုလ်ရန်အောင်၏ညီ)နှင့်မင်းဝင်းသိန်း(ခ)ဝင်းအောင်တို့ကိုမူတည်ဆောက်ရေးတပ်ဖွဲ့မှ နာသေးသော ဖျားနာသူများကို စောင့်ရှောက်လာရန်အတွက်ပဲခူးရိုးမတိုင်းပေါ် [illegible] ခေါင်းသို့ [illegible]သည်။

ရဲဘော်ဗိုးဝင်း(ခ) ငွေးအောင်သည် ဗိုလ်ထွန်းငြိမ်းနှင့် တည်ဆောက်ရေးတပ်ဖွဲ့အား [illegible](၂)ရက်နေ့တွင် [illegible] ခေါ်ထုတ်ခွာလာနေပြီ ဖြစ်ကြောင်းကို [illegible] အသေးစိတ် [illegible]တင်၍ အကြောင်းကြားလိုက်၏။ ရဲဘော်ဗိုးဝင်း(ခ)ငွေးအောင်တို့သည် ဗိုလ်ထွန်းငြိမ်းနှင့် တည်ဆောက်ရေးတပ်ဖွဲ့၏ လမ်းခရီး ရွေ့လျားမှု အခြေအနေများကိုလည်း ကြိုတင်၍ [illegible] သတင်းပို့နေလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ် [illegible] လှုပ်ရှား၍နေ၏၊ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် [illegible]သွားလိုက် ဒီသွားလိုက်ဖြင့် [illegible] အစည်းအဝေးများ [illegible]ကြ၏၊ [illegible] သခင်ဇင်တို့သည်လည်း နေမရ၊ထိုင်မရ၊ ဖင်တကြွကြွဖြစ်နေကြတော့သည်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တော်လှန်သော ဗဟိုစခန်းပါတီကော်မီတီများဖြစ်သော ရဲဘော်သက်နှင့် ရဲဘော်ညိုအောင်(ပီကင်းပြန်)တို့ကိုလည်း အသေးစိတ် အစီအစဉ်များနှင့် စီမံကိန်းကို ဆွေးနွေးထားပြီးဖြစ်၏။ ညွှန်ကြားထား၏။ ထို့ကြောင့် ရဲဘော်ညိုအောင်(ပီကင်းပြန်)တို့သည်လည်း အစစပင်စီစဉ်၍ ပြင်ဆင်ထားပြီးဖြစ်ကြလေသည်။

နောက်ဆုံးတွင် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့သည် ပါတီကော်မီတီများနှင့် တွေ့ဆုံ၍ ဗိုလ်ထွန်းငြိမ်းအား ဖမ်းဆီးရေးအတွက်အသေးစိတ် အစီအစဉ်များကို ချမှတ်၍ဆုံးဖြတ်လိုက်ကြသည်။

ဤအချိန်တွင် ဗိုလ်ထွန်းငြိမ်း၏ ကိုယ်စားလှယ်များအဖြစ်ဖြင့် ဗဟိုစခန်းတွင် အကျယ်ချုပ်နှင့် နေထိုင်နေရသော ရဲဘော်ထွန်းကျော်(ခ)မောင်စိုးဝင်းနှင့် ရဲဘော်ဘသန်း(ခ)မောင်သိန်းထွန်းတို့သည်လည်း "တန်ပြန်တော်လှန်ရေးသမား ပြန်ပြင်ရေးသမား ထွန်းငြိမ်း ချေမှုန်းရေးလှုပ်ရှားမှု"တွင် ဗိုလ်ထွန်းငြိမ်းအား အပြင်းအထန်ပင် စွဲချက်တင်၍ နေကြလေသည်။

> "အကောက်ကျစ်ဆုံး တန်ပြန်တော်လှန်ရေးသမား ပြန်လည်ပြင်ဆင်ရေးသမား ထွန်းငြိမ်းတိုက်ပွဲစွဲချက်"ဟူသောခေါင်းစဉ်ဖြင့် ရဲဘော်ထွန်းကျော်(ခ)ကျော်ထွန်း (ခ)အောင်ခိုင်(ခ)စိုးဝင်း (လူထုဦးလှ ဒေါ်အမာသား) သည် အလွန်တက်ကြွသော အမူအရာဖြင့် ဗိုလ်ထွန်းငြိမ်းအား စွဲချက်တင်၍နေသည်။ ဖွင့်ချတိုက်ခိုက်၍နေသည်။

သခင်သန်းထွန်းသည် ရဲဘော်ထွန်းကျော်၏ စွဲချက်များကို အာရုံစိုက်၍ နားထောင်နေ၏။ မှတ်စုတွင် ရေးမှတ်၍နေ၏။ တခါတခါတွင် ရဲဘော်ထွန်းကျော်၏ မျက်နှာကို စူးစူးစိုက်စိုက်ပင်ကြည့်လိုက်၏။ သခင်သန်းထွန်းသည် အားရရွှင်လန်းနေလေသည်။

ရဲဘော်ထွန်းကျော်သည် အားရပါးရပင် ဗိုလ်ထွန်းငြိမ်းအား စွဲချက်တင်၍နေလေသည်။

ထိုအချိန်တွင် ရဲဘော်များသည် ကြွေးကြော်သံများကိုလည်း ထ၍ထ၍ တဦးပြီးတဦး ဟစ်ကြွေး၍ ရဲဘော်ထွန်းကျော်အား ထောက်ခံ၍ နေကြလေတော့သည်။

"ထွန်းငြိမ်းကိုသတ်ပစ်-သတ်ပစ်"
ကြွေးကြော်သံများကား ဆူညံ၍နေလေသည်။

ရဲဘော်ထွန်းကျော်(ခ) မောင်စိုးဝင်း၏ လက်ရေးမူ



ရဲဘော်ထွန်းကျော်၏ ခိုလှုံထွန်းငြိမ်းအား စွဲချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းကျော်သည် ဗိုလ်ထွန်းငြိမ်းအား စွဲချက်တင်ရာတွင် အချိန်(၃) နာရီကျော် ကြာသော်လည်း စွဲချက်တင်၍ မပြီးချေ။ နောက်ဆုံးတွင် "အစီရင်ခံ ပြုချက်"ကိုသာ ဖတ်ကြားလိုက်လေသည်။

"အစီရင်ခံပြုချက်"

ကျွန်တော်ဟာ တချိန်ကဆိုရင် ကြီးမြတ်တဲ့ ဂုဏ်ပြောင်တဲ့ ဗမာ ပြည်ကွန်မြူနစ်ပါတီရဲ့ ပါတီဝင်တဦးဖြစ်ခဲ့ပါတယ်။ တချိန်ကဆိုရင် ပွဲတိုင်းအောင်တဲ့ တိုက်တိုင်းအောင်တပ်ရဲ့ တပ်မတော်သားတဦးလဲ ဖြစ်ခဲ့ပါတယ်။ တော်လှန်တဲ့ပါတီ ဗဟိုဌာနချုပ်စခန်းက ရဲဘော်တဦး လဲဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ အဲ့ဒီလိုဂုဏ်ပုဒ်တွေအားလုံး ကိုစွန့်လွှတ်ပြီး ပါတီဆန့်ကျင်ရေး ဗဟိုဆန့်ကျင်ရေး တန်ပြန်တော် လှန်ရေး ထွန်းငြိမ်းဂိုဏ်းထဲမှာ ပါခဲ့ပါတယ်။ ရိုးရိုးပါရုံမက ထွန်းငြိမ်းရဲ့ အားကိုးရဆုံးကျောရိုးတဦးဖြစ်ခဲ့ပါတယ်။ ဒီပါတီဆန့်ကျင်ရေး၊တော် လှန်ရေးဆန့်ကျင်ရေး၊တန်ပြန်တော်လှန်ရေးဂိုဏ်းထဲမှာကျွန်တော်ပါဝင် ခဲ့တာဟာ အချိန်အားဖြင့်ဆိုရင်တော့ (၅)လကျော်ကျော်ပဲ ကြာပါ တယ်။ဒါပေမဲ့ ဒီအချိန်တိုအတွင်းမှာကျွန်တော်ဟာ အကြီးဆုံးအမှား တွေ အဆိုးဝါးဆုံး ပြစ်မှုတွေကျူးလွန်ခဲ့ပါတယ်။ ပါတီနဲ့တပ်မတော်နဲ့ တော်လှန်ရေးကိုအကြီးအကျယ်ဖျက်ဆီးခဲ့ပါတယ်။ကျွန်တော့် တသက် တာမှာဘယ်တော့မှ ဖျက်လို့မရတော့တဲ့ အမဲကွက် စွန်းခဲ့တယ်။ ဘယ် တော့မှ ဆပ်မကုန်နိုင်တဲ့ သမိုင်းကြွေး ပါတီနဲ့တော်လှန်ရေးအပေါ်မှာ တင်ခဲ့ပါတယ်။

ကျွန်တော်ရဲ့ပါတီဂုဏ်ပုဒ်ဟာလျှော့ကျပျက်စီးခဲ့ရတယ်။ကျွန်တော်ရဲ့ အမွန်မြတ်ဆုံး ပါတီဝင်ဘဝဟာ ဆုံးရှုံးခဲ့ရတယ်။ ဂုဏ်ရောင်ပြောင်တဲ့ တိုက်တိုင်းအောင်ရဲ့ တပ်မတော်သားဘဝကို ဆုံးခဲ့ရတယ်။ ကျွန်တော့် ကြောင့် ဗဟိုစခန်းရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းခဲ့ရတယ်။

ဒါပေမဲ့ ပါတီဟာကျွန်တော့်ကို အချိန်မီ ကယ်တင်ခဲ့တယ်။ ဥက္ကဋ္ဌ ကြီးနဲ့တကွ တော်လှန်တဲ့နိုင်ငံရေး ဦးဆောင်အဖွဲ့၊ တော်လှန်တဲ့ ဗဟို ကော်မီတီ၊ တော်လှန်တဲ့ ခေါင်းဆောင်ကေဒါတွေ ပါတီဝင် တပ်မ တော်သား လူငယ်အမျိုးသမီးတွေက လမ်းမှန်ပြခဲ့ကြတယ်။

သဘောထားကြီးစွာနဲ့ပဲ ပါတီပေါ်လစီအရ ကူညီ ခဲ့ကြတယ်။ ကျွန်တော့်အနေနဲ့ဆိုရင် ပါတီနဲ့လူထုရဲ့ ကူညီမှုအောက်မှာ မိမိအမှား

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တွေတနေ့တခြားပိုမြင်လာပါပြီ။ ဒီလိုမြင်လာတာနဲ့အမျှ ကျွန်တော့်ကို ဒီဘဝဆိုးပို့ခဲ့တဲ့ ပြန်ပြင်ရေးဝါဒနဲ့ ပြန်ပြင်ရေးသမား ထွန်းငြိမ်းကို ပို ပြီးနာကျည်းလာတယ်။ပါတီနဲ့တော်လှန်ရေးခဲ့ရန်သူသာမကကျွန်တော့် ဘဝရဲ့ရန်သူဆိုတာလဲမြင်ခဲ့ပြီ။ဒါကြောင့် ကျွန်တော်ဟာကျွန်တော့်အ မှားတွေအားလုံး ပါတီပုံအပ်ပြီး ပါတီကပေးတဲ့အပြစ်လဲ ခံယူပါမယ်။ သေဒဏ်ခံထိုက်ပါတယ်။ ပါတီကသက်ညှာရင်တော့ လွတ်ပါမယ်။

တန်ပြန်တော်လှန်ရေးသမား ထွန်းငြိမ်းနဲ့သူ့ဂိုဏ်းကို တိုက်သွားမှာ ဖြစ်တယ်။ ဒီတိုက်ပွဲထဲမှာ လက်တွေ့ စမ်းသပ်ခံသွားမှာ ဖြစ်တယ်။ ထွန်းငြိမ်းတပ်ရောက်လာနေပြီဆိုတာသိရလို့ ဝမ်းသာအားရ ဖြစ်နေ မိတယ်။ ဘာလို့လဲဆိုတော့ ရန်သူနဲ့မြန်မြန် တိုက်ရတော့မှာမို့ ကျွန် တော့်ရပ်တည်မှုကို စမ်းသပ်ခံရတော့မှာမို့ ပါတီဥက္ကဋ္ဌကြီးနဲ့ ပါတီ ဗဟိုဖက်ကရပ်ပြီး ထွန်းငြိမ်းကို တိုက်ရတော့မှာမို့ဖြစ်ပါတယ်။ ထွန်း ငြိမ်းနဲ့ပတ်သက်ရင် ဖြုတ်-ထုတ်-သတ်ပဲ လုပ်ရမှာပဲ။ မြန်မြန် လုပ်နိုင် လေ ပါတီအတွက် ကောင်းလေပဲ။ တရက်တနာရီကြာလေ တရက်တ နာရီဆိုးလေပဲ။ ဘာလို့လဲဆိုတော့ နေဝင်းဟာ အပြင်းအထန်ထိုးနေ ချိန် ပြန်ပြင်ရေးနဲ့လဲ သေကြေချနေရချိန်မှာ ပဲခူးရိုးမဒေသတခုလုံးကို ပျက်စီးအောင်လုပ်နေတယ်။ ဒီပဲခူးရိုးမဟာ အရေး အကြီးဆုံးဒေသ အရေးအကြီးဆုံးဌာနနဲ့ ဥက္ကဋ္ဌကြီးကို ဗဟိုကိုလုပ်ကြဲဖို့ လုပ်တာပဲ ဖြစ် တယ်။ ဒါဟာသိပ်ကို ဖောက်ပြန်တယ်။ ဒီမှာထွန်းငြိမ်းဂိုဏ်းနဲ့ ပတ် သက်ရင်လဲ အတတ်နိုင်ဆုံး စည်းရုံးဖို့ ပါတီကို တိုက်တွန်း လိုပါတယ်။ စည်းရုံးလို့မရသူမှန်သမျှကိုတော့ တတပ်လုံးပင်ဖြစ်ပါစေ၊ဗဟိုကေဒါ များ အပါအဝင်ပဲ အားလုံးကို ချေမှုန်းပစ်ရန်လိုပါတယ်။ မိမိကိုလဲ ဤတိုက်ပွဲမှာ အသေခံရှာပ်သားအဖြစ် ရွေးချယ်ဖို့နဲ့ ပါဝင်ခွင့် ပေးဖို့ ကို တင်ပြအပ်ပါတယ်။ ပါတီအတွက် အသက်ပေးရတာဟာ ပြန်ပြင် ရေးအတွက် အသက်ရှင်နေရတာထက် မနှိုင်းယှဉ်သာအောင် မြတ်ပါ တယ်။ ဒီတိုက်ပွဲပြီးလို့ အသက်မသေရင်လဲ အသက်သေသည် အထိ လက်နက်ကိုင်တိုက်ပွဲ၊ လူတန်းစားတိုက်ပွဲ၊ ပြန်ပြင်ရေးတိုက်ပွဲ စစ်မျက် နှာသုံးရပ်မှာ ပါတီကိုအလုပ်အကျွေးပြုသွားပါမယ်။ ပါတီဥက္ကဋ္ဌကြီး နဲ့ တော်လှန်ရေးဗဟိုဖက်က ရပ်တည်သွားပါမယ်။

ထို့နောက်တွင် ရဲဘော်ဘသန်း(ခ)သိန်းထွန်းကလည်း "အလွန် ကောက် ကျစ်စဉ်းလဲတဲ့ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ ပြည်သူ့တပ်မ တော်ဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေး ခေါင်းမာပြန်လည် ပြင်ဆင်ရေး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ရဲဘော်ထွန်းစကျော်၏ အဓိဋ္ဌာန်ပြုချက်မူရင်း

သမား ထွန်းငြိမ်းအပေါ်စွဲချက်”ဟူသော ခေါင်းစဉ်ဖြင့် စွဲချက်တင်၍ နေလေသည်။

ရဲဘော်ဘသန်း၏စွဲချက်သည်လည်း နှစ်နာရီခွဲကျော်သော်လည်း အဆုံး မသတ်သေးချေ။

နောက်ဆုံးတွင် ရဲဘော်ဘသန်းသည် လက်သီးလက်မောင်းကိုတန်း၍ စွဲချက် ကို တင်ပြီးနောက် ဤသို့တောင်းဆိုသွားလေသည်။

“ထွန်းငြိမ်းဟာ စိန်-ပိန် ပိုင်တို့ကို ချေမှုန်းပြီးနောက်၊ သန်းမြိုင်ကို ချေမှုန်းပြီးနောက်၊ပြန်ပြင်ရေးဝါဒလမ်းစဉ်ကို အသက်ပြန်သွင်းသူ ဖြစ်တယ်။ တော်လှန်တဲ့ပစ္စည်းမဲ့ပါတီရဲ့ အသဲနှစ်လုံးထဲက ဝင်ရောက် ဖျက်ဆီးခဲ့သူဖြစ်တယ်။ မြစ်ဝကျွန်းပေါ်ရဲ့ ပြန်ပြင်ရေးအစိက ကိုယ် စားလှယ် စိုးသန်း ချေမှုန်းရေးကို ဖျက်ဆီးခဲ့သူဖြစ်တယ်။

ပါတီဗဟိုကိုယ်စားလှယ်အဖွဲ့အား အမျိုးမျိုး နှောင့်ရှက်ခြင်း၊ လှုပ်ငန်းများ ဟန့်တားခြင်း၊ ဖမ်းဆီးဖို့လုပ်ခြင်း၊ ချေမှုန်းဖို့ လုပ်ခြင်းများ ဟာ ထွန်းငြိမ်းရဲ့ ဗဟိုဆန့်ကျင်ရေး စင်ပြိုင်ဗဟို လုပ်ရပ်များ ဖြစ် တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက်ဆုံးပါတီဗဟိုကို တိုက်ခိုက်ဖို့ တပ်နဲ့လာခဲ့သူဖြစ်တယ်။ ဗဟိုမှာ အာဏာသိမ်းဖို့ တော်လှန်တဲ့ဥက္ကဋ္ဌကြီးနဲ့ တကွ ဗဟိုခေါင်းဆောင်ကေဒါများ၊ တပ်မတော်သားများ၊ လူငယ်အမျိုးသမီးများကို သတ်ဖို့လာတာဖြစ်တယ်။ ချေမှုန်းဖို့လာတာဖြစ်တယ်။ သေနတ်ဟာ ပါတီဗဟိုနဲ့ ဥက္ကဋ္ဌကြီးဖက်ကိုလှည့်ပြီး လာတာဖြစ်တယ်။ ဒါဟာ မာ့က်စ်လီနင်ဝါဒ မော်စီတုံး အတွေးအခေါ်ကို လုံးဝချေမှုန်းဖို့ ကြိုးမြွတ်တဲ့ ကျွန်တော်တို့ပါတီကို လုံးဝချေမှုန်းဖို့ဖြစ်ပါတယ်။

ဒါကြောင့် ထွန်းငြိမ်းဟာ အကောက်ကျစ်ဆုံး ပြန်ပြင်ရေးသမား တန်ပြန်တော်လှန်ရေးသမား၊ ပါတီဖျက်ဆီးရေးသမား၊ တပ်ဖျက်ဆီးရေးသမား၊ ဥက္ကဋ္ဌဆန့်ကျင်ရေးသမား ဖြစ်ပါတယ်။ ဒါကြောင့် ဒီကောင်ကို ပါတီရဲ့လမ်းစဉ်အတိုင်း ပြန်ပြင်ရေး ချေမှုန်းရေး ပေါ်လစီအတိုင်း ဖြုတ်-ထုတ်-သတ် ပါလို့ တောင်းဆိုပါတယ်။

ထွန်းငြိမ်းကို တနေ့ တရက် တနာရီ တမိနစ် တစက္ကန့်ထားရင် ပါတီနဲ့ တော်လှန်ရေးအတွက် အလွန်အန္တရာယ် ရှိပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ပါတီနဲ့ပြည်သူ့ခုံရုံး သဘာပတိကို တောင်းဆိုလိုတာက၊ ထွန်းငြိမ်းကိုကျွန်တော်ကိုယ်တိုင် သတ်ပါရစေ၊ သတ်ခွင့်ပေးပါခင်ဗျား။

နောက်ဆုံးကြိုးမြွတ်တဲ့ပါတီနဲ့ပြည်သူ့ခုံရုံး သဘာပတိကို အလေးအနက် တောင်းဆိုပါတယ်။ ပြန်ပြင်ရေးသမား၊ တန်ပြန် တော်လှန်ရေးသမား၊ ပါတီဖျက်ဆီးရေးသမား၊ တပ်ဖျက်ဆီးရေးသမား၊ ဥက္ကဋ္ဌဆန့်ကျင်ရေးသမား ထွန်းငြိမ်းကို....

– အမြန်ဆုံးသေဒဏ်ပေးပါ။
– အမြန်ဆုံးသေဒဏ်ပေးပါ။
– အမြန်ဆုံးသတ်ပစ်ပါ။

ဤသို့ ရဲဘော်ဘသန်းသည် ဗိုလ်ထွန်းငြိမ်းအား ချက်ခြင်း သေဒဏ်ပေးရန်အတွက် အော်ဟစ်၍ တောင်းဆိုလိုက်လေသည်။

သခင်သန်းထွန်းသည် ရှေ့ဆုံးမှ လက်ခုတ်တီး၍ နေလေသည်။

ကြေးကြော်သံများကား မစဲတော့ချေ။

× × ×

ရဲဘော် ဘသန်း(ခ) သိန်းထွန်း၏ လက်ရေးမှု

[illegible]

ရဲဘော်ဘသန်း၏ ဗိုလ်ထွန်းငြိမ်းအား စွဲချက်မှုရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၇-ခုနှစ် ဩဂုတ်လ(၃)ရက်နေ့တွင်ဖြစ်သည်။

သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တို့သည် ပါတီကော်မီတီများနှင့် ဗိုလ်ထွန်းငြိမ်းတို့ကို ဆီးကြိုဖမ်းဆီးရေးအတွက် အသေးစိတ်ပင် ဆွေးနွေးနေကြ၏။ တာဝန်များကိုလည်း ခန့်ခွဲနေကြလေသည်။

ထို့နောက်တွင်အစီအစဉ်အတိုင်းပင်စံနစ်တကျကြိုတင်ပြင်ဆင်၍ လေ့ကျင့်နေကြတော့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် အထူးပင် လှုပ်ရှားနေ၏။ စုစုဝေးဝေးဖြင့် လေ့ကျင့်နေကြ၏။ အလွန်ပင် သွက်လက် တက်ကြွနေကြသည်။ စိတ်စောနေကြသည်။ ရင်တဖိုဖိုလည်းဖြစ်နေကြလေသည်။

> "ထွန်းငြိမ်းကို ချေမှုန်းရေးဟာ ပါတီရဲ့သမိုင်းမှာ ဆက်ထုံးဖြစ်တယ်။ ဗမာပြည် တော်လှန်ရေး အောင်ပွဲရဲ့ အာမခံချက်လဲဖြစ်တယ်"။

ဤသို့ သခင်သန်းထွန်း၏ဩဝါဒသည် ရဲဘော်၊ ရဲဘော်မများ၏ အသဲနှလုံးတွင် စွဲမြဲ၍သာ နေလေတော့သည်။

× × ×

၁၉၆၇-ခုနှစ် ဩဂုတ်လ(၆)ရက်နေ့တွင်ဖြစ်သည်။

ဗိုလ်ထွန်းငြိမ်းခေါင်းဆောင်သော မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟို၏စခန်းထောက်သို့ ရောက်ရှိ၍ လာကြလေတော့သည်။

> (မှတ်ချက်။ ။စခန်းထောက်သည် ဗဟိုစခန်းနှင့် တနာရီခန့်ဝေးသော တောင်ကျော စင်းချောင်း အရှေ့ကမ်းတွင်ဖြစ်ပါသည်
> စာရေးသူ။)

ထိုအချိန်တွင် သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့က တိုက်ရိုက် တာဝန်ပေးအပ်လိုက်သော "ကြိုဆိုရေးအဖွဲ့" ခေါင်းဆောင် ရဲဘော်သက်နှင့်အဖွဲ့သည်လည်း စခန်းထောက်အဝင် လမ်းခုလပ်မှသွားရောက်၍ ဗိုလ်ထွန်းငြိမ်းတို့အား ခရီးဦးကြိုပြုလျက်နေကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်သက်သည် ဗိုလ်ထွန်းငြိမ်းတို့အား ဗဟို၏ ကြိုဆိုရေးအဖွဲ့အဖြစ်ဖြင့် လာရောက်ကြိုဆိုကြောင်းကိုတင်ပြ၏။ အထူးဖော်ရွေစွာလည်းဆက်ဆန်၏။ ရှေးဟောင်းနောက်ဖြစ်များကိုလည်းပြော၍ရယ်ရယ်မောမောပင်နေကြ၏။ တဝါးဝါးတဟားဟားပင်ဖြစ်နေသည်။ ဗိုလ်ထွန်းငြိမ်းကလည်းအားရပါးရပင်ပြော၍ ရယ်မောနေ၏။ တဟီးဟီးတဟဲဟဲပင်ဖြစ်နေသည်။

ဗဟိုစခန်းထောက်သည် ရယ်သံမောသံနှုတ်ခွန်းဆက်သံတို့ဖြင့် ပျော်ရွှင်သာယာ၍ နေလေသည်။

ရဲဘော်သက်နှင့် ကြိုဆိုရေးအဖွဲ့သည် နေရာထိုင်ခင်းများကို ချထားပေး၏။ အစားအသောက်များကိုလည်း တည်ခင်းပေး၏။ အဝတ်အထည်များကိုလည်း လိုလေသေးမရှိအောင် ထုတ်ဝေပေး၏။ အလွန်ပင် ညှော်ဝတ်ကျွေ်နွ်၍ နေကြလေသည်။

ထိုအခါတွင် ဗိုလ်ထွန်းငြိမ်းနှင့် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့ဝင်တို့သည် တပြုံးပြုံးဖြစ်နေကြ၏။ မည္ပန့်ညှန့်နှင့် အမျိုးသမီးများသည် "မော်စီတုံးဗမာမှာဒို့ခေါင်းဆောင်ဟူသောသီချင်းကိုပင်" သီဆို၍နေကြသည်။

× × ×

၁၉၆၈-ခုနှစ် ဩဂုတ်လ(၇)ရက်နေ့တွင်ဖြစ်သည်။

ပဲခူးရိုးမ ဝါခေါင်လ၏ မိုးသည် စွေ၍ပင်နေ၏။ သဲသဲမဲမဲမစဲပဲရွာနေ၏။ စင်းချောင်း စုပါးရိုးချောင်း ညောင်ချောင်းမြောင်များတွင် ရေများသည် ဒလဟောစီးဆင်းနေသည်။

ဗိုလ်ထွန်းငြိမ်းနှင့် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့၏ ပါတီကော်မီတီများသည် ဗဟိုခေါင်းဆောင်များနှင့် ဆွေးနွေးညှိနှိုင်းရန်အတွက် ဗဟိုစခန်းသို့ ခရီးထွက်ခဲ့ကြ၏။ လမ်းပြမှာ ဗဟိုကြိုဆိုရေးအဖွဲ့မှ ရဲဘော်များဖြစ်၏။ ဗဟိုစခန်းနှင့်မူ တနာရီခရီးသာ ကွာလေသည်။

ဗဟိုကြိုဆိုရေးအဖွဲ့နှင့် ခေါင်းဆောင်ရဲဘော်သက်တို့မှာမူ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့ဘွင် နေခဲ့ကြ၏။ ဗဟိုစခန်းသို့လိုက်မလာခဲ့ချေ။

ဗိုလ်ထွန်းငြိမ်းနှင့်အဖွဲ့သည် ခရီးစတင်၍ ထွက် လာ နေပြီ ဖြစ်ကြောင်းနှင့် မည်သူတို့ပါလာသည် စသည်တို့ကို ရဲဘော်သက်သည် ဖြတ်လမ်းမှအထူးဆက်သားလွှတ်၍ ဗဟိုသို့ အစီရင်ခံလိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင် ဗိုလ်ထွန်းငြိမ်းနှင့်အဖွဲ့၏ လမ်းပြအဖြစ် ရွေ့လာရသော ရဲဘော်များကလည်း အချက်ပေး၍ အဆင့်ဆင့် သတင်းပို့လျက်နေကြသည်။

ဗိုလ်ထွန်းငြိမ်းနှင့်အတူ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့၏ ပါတီကော်မီတီများသည်လည်း အစုံအညီပင် လိုက်ပါခဲ့ကြသည်။

ယင်းသူတို့မှာ –

(၁) ရဲဘော်မည္ဒန်ညွန့်
(၂) ရဲဘော်ဗိုလ်ရွှေ
(၃) ရဲဘော်စိုးအောင်
(၄) ရဲဘော်ကြည်ထွန်း
(၅) ရဲဘော်လှငွေ....တို့ဖြစ်ကြသည်။

ဗဟိုစခန်းပါတီကော်မီတီသည် အစီအစဉ်အတိုင်းပင် ကြိုတင်၍ ပြင်ဆင်ထားပြီးဖြစ်သည်။ အသင့်ဖြစ်၍နေလေသည်။

ဗဟိုစခန်း၏ ပထမကင်းနှင့် ဒုတိယကင်းအကြားတွင် တောင်ကျော ကော့ညွှတ်လေးတခုရှိ၏။ ယင်းကော့ညွှတ်၏ ဘေးတဖက်တချက်တွင် လက်နက်ကိုင်တပ်စုဘာစုကို လျှို့ဝှက်၍ ချထားလိုက်၏။ ကင်းပုန်းချထား လိုက် ခြင်း ပင်ဖြစ်သည်။

ဗိုလ်ထွန်းငြိမ်းအား ဖမ်းဆီးရန်အတွက် အထူးတာဝန် အဖြစ်ဖြင့် ရဲဘော် (၄)ဦးကို သတ်မှတ်ထားခဲ့၏။ ယင်းတို့တွင် ဗိုလ်အောင်မင်းလည်းပါ၏။ ဗိုလ်အောင်မင်းမှာ ဗဟိုစခန်းတွင် အရပ်အရှည်ဆုံးဖြစ်၍ ဗိုလ်ထွန်းငြိမ်းအား နပမ်းလုံးနိုင်ရန်ဖြစ်၏။ ထို့ပြင် ရဲဘော်အောင်မြကိုလည်းထည့်ထား၏။ ရဲဘော်အောင်မြမှာမူ ဗိုလ်ထွန်းငြိမ်းအား ဆီးကြိုပြီး ဖက်လဲတကင်း လက်ဆွဲနှုတ်ဆက်၍ ဖက်ထားရန်ဖြစ်သည်။

အထူးသဖြင့် ရဲဘော်အောင်မြ (ခ) မောင်လုံးသည် ဗိုလ်ထွန်းငြိမ်းနှင့် အလွန်ရင်းနှီးသူဖြစ်၏။ မြင်းခြံသားလည်းဖြစ်ပြီး ဗိုလ်ထွန်းငြိမ်း၏တပည့် အရင်းလည်းဖြစ်၏။ ရဲဘော်အောင်မြသည် တရုပ်ပြည်သို့ ရောက်ရှိနေခဲ့ပြီး တရုပ်ပြည်တွင် ဗိုလ်ထွန်းငြိမ်း၏သင်တန်းတွင် တက်ရောက် ခဲ့ရသူလည်း ဖြစ်၏။ ၁၉၆၇-ခုနှစ်နှောက်ပိုင်းတွင် တရုပ်ပြည်ကွန်မြူနစ်ပါတီမှ အထူး အစီအစဉ်များနှင့် ရဲဘော်အောင်မြနှင့် ရဲဘော်(၂)ဦးအား တရုပ်မြန်မာ နယ်ခြားမှ ရှမ်းပြည်သို့ စေလွှတ်ခဲ့၏။ ရှမ်းပြည်မှတဆင့်၁၉၆၈-ခုနှစ် ဇူလိုင်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သို့ ရောက်ရှိနေသူဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ကြောင့် ဗိုလ်ထွန်းငြိမ်းသည် ရဲဘော်အောင်မြကို တွေ့ရလျှင် အထူးဝမ်းသာ၍ ယုံကြည်စိတ်ချမည်ဖြစ်သည်။

ထို့နောက်တွင် ရဲဘော်အောင်မြနှင့်အတူ ရဲဘော် ဉာဏ်ကျော် (ခ) ညိုအောင်(ပီကင်းပြန်)နှင့် ရဲဘော်ထွန်းရှိန် (မြင်းခြံ)တို့ကိုပါ တွဲဖက်၍ ထားလေသည်။

ထို့အတူ ရဲဘော်မညွန့်ညွန့်ကိုလည်း ဗဟိုတွင်ရှိနေကြသော မခင်တင့်၊မခင်ဝင်းနှင့် မခင်ပုတို့က ဆီးကြိုနှုတ်ဆက်၍ ဖက်ထားရန်ဖြစ်၏။ အခြားသောရဲဘော်များကိုလည်း ထိုသို့ပင် စနစ်တကျဖြင့် ဖမ်းဆီးကြရန် သတ်မှတ် ထားလေသည်။

ယင်းသို့သတ်မှတ်ပြီးနောက် ဗိုလ်ထွန်းငြိမ်းအား မည်သည့်နည်းနှင့်မျှလွတ်ထွက်မသွားရန်အတွက် အမိန့်ပေးထား၏။ အကယ်၍သေနတ်နှင့် ပစ်ခတ်၍ဖမ်းဆီးရလျှင်လည်း ပေါင်ကိုသာ ပစ်ချိုးရန်ဖြစ်၏။ အသက်ကိုလည်း တခါတည်း အပြီးထွက်မသွားစေရန် အထူးဂရုစိုက်ရမည်ဟူသော ထပ်ဆင့်အမိန့်ကိုလည်း သခင်သန်းထွန်းက ပေးထားသည်။

လက်တွေ့ဖမ်းဆီးရမည့် ရဲဘော်များသည် သေနတ်ကိုကိုင်စွဲခွင့်မရချေ။ သံသယ ကင်းရှင်းစေလို၍ဖြစ်၏။ သို့ရာတွင် ဗိုလ်အောင်မင်းကိုမူ ကာဘိုင်ကိုအသင့်မောင်းတင်၍ ထားစေလေသည်။

အချိန်ကား ညနေ(၃)နာရီတွင်ဖြစ်သည်။

မိုးသည်တဖွဲဖွဲရွာ၍နေလေသည်။

ဗိုလ်ထွန်းငြိမ်းနှင့်အဖွဲ့သည် ဗဟိုစခန်းသို့ စတင်၍ ဝင်ရောက်လာကြပြီဖြစ်သည်။

ရှေးဦးစွာပင် ပထမကင်းတပ်ဖွဲ့ကို တွေ့၏။ ကင်းရဲဘော်များသည် ဝမ်းသာပျော်ရွှင်သောအမူအရာများဖြင့် ဗိုလ်ထွန်းငြိမ်းအား ဆီးကြို၍ နှုတ်ဆက်နေကြလေသည်။

"ဗိုလ်မှူး နေကောင်းရဲ့လား"

"အေး-နေကောင်းတယ်ဟေ့။"

"မင်းတို့အဒေါ်လဲ နောက်မှာပါတယ်ဟေ့" ဟု ပြန်လည်၍ နှုတ်ခွန်းဆက်ကာ လမ်းအတိုင်း ဆက်လက်၍ လျှောက်လာခဲ့သည်။

ဗဟိုကင်းတပ်အဖွဲ့ဝင်များ

(ဝဲမှ ယာ) အောင်ခိုး၊ ဖြူကြီး(ခ)တင်စရှ၊ စောင်ဖြိုင်၊ မင်းဆိန်၊

ဘော်အောင်မြသည် ဝမ်းသာအားရဖြင့် "ဗျို့ ဗိုလ်မှူး"ဟု ဆိုကာ၊ဗိုလ် ထွန်းငြ မ်းဆီပြေးသွား၏။ ဗိုလ်ထွန်းငြိမ်းကလည်း အလွန်ပင်ဝမ်းသာအားရဖြစ် ကာ"ဟေ့ကောင်"ဟုဆိုကာ တဦးနှင့်တဦးပြေး၍ ဖက်လိုက် ကြလေသည်။ ို့အချိန်တွင်"ရဲကြီးရေ"ဟူသော အော်ဟစ်သံသည် ဟိန်း၍ သွားတော့ သ ။

က်ခြင်းပင် ဗိုလ်အောင်မင်းနှင့်အဖွဲ့သည် ဗိုလ်ထွန်းငြိမ်းအား ဝိုင်း၍ချုပ် နှော ကြ၏။ သေနတ်ကိုဖြုတ်၍ ကြိုးနှင့်လက်ပြန်ကြိုးတုပ်လိုက်ကြလေတော့ သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ထွန်းငြိမ်းသည် အလွန်ပင်အံ့ဩသွား၏။ အထိတ်တလန့်လည်း ဖြစ်၍ နေသည်။

"ဟ-ဟာ၊ ဘာလဲ-ဘာလုပ်ကြတာလဲ"ဟု ဗိုလ်ထွန်းငြိမ်းသည် ထစ် ထစ် ငေါ့ငေါ့ဖြင့် မေးနေသည်။

"ဒါပဲလေ· မြင်တဲ့အတိုင်းပဲပေါ့။"

ရဲဘော် ညိုအောင်က ဖြေလိုက်သည်။

"ရဲကြီးရေ"ဟူသော အော်ဟစ်သံသည် ဗိုလ်ထွန်းငြိမ်းနှင့် တည်ဆောက် ရေးပါတီကော်မီတီအဖွဲ့ဝင်တို့အား ချိန်ကိုက်ဖမ်းဆီးရန်အတွက် "ချက်" ပေး သည့်"စကားဝှက်"ပင်ဖြစ်သည်။

တချိန်တည်းတွင် ရဲဘော်မညွန့်ညွန့်နှင့် တည်ဆောက်ရေး ပါတီ ကော်မီတီ များကိုလည်း ဖမ်းဆီး၍ ကြိုးများဖြင့် ချည်နှောင်လိုက်ကြလေသည်။

ရဲဘော်မညွန့်ညွန့်သည် အလွန်ပင်ဒေါသထွက်နေ၏။ ချည်ထားသည့် ကြိုး ကိုဆွဲ၍ရုန်းနေ၏။ အသားများလည်း တုန်နေ၏။ နီထွေးသော နှုတ်ခမ်းလွှာ သည်ပင် တဆတ်ဆတ်တုန်လျက်နေလေသည်။

"ဟေ့-နင်တို့အကြံက ဒါပဲလား။"

"ဒီလို လုပ်တမ်းလား။"

"ဒါဟာ ရန်သူ့အကြိုက် လုပ်တာပဲ။ အခုသတ်လိုက်။"

ရဲဘော် မညွန့်ညွန့်သည် ခုန်ပေါက်လျက်အော်ဟစ်နေ၏။ ရုန်းကန်နေ၏။ အင်္ကျီပင်စုတ်သွား၏။ ထမိမှာမူ ခါးပတ် ပတ်ထား၍မြဲနေ၏။ သို့ရာတွင် ဒူး ဆစ်အထက်ထိ ရောက်နေသည်။

ထိုသို့ရဲဘော်မညွန့်ညွန့်သည် အော်ရင်းဟစ်ရင်း ရုန်းရင်းကန်ရင်းဖြင့်၊ ဗိုလ် ထွန်းငြိမ်းအပေါ်သို့ကပ်သွား၏။ ဗိုလ်ထွန်းငြိမ်းကို မြင်ရ တွေ့ရ၍ ယူကြုံးမရ လည်းဖြစ်နေ၏။ အသံနှလုံးတွင်နာကျင်၍ပင် လာတော့သည်။

"ဟေ့-ငါ့ကိုလဲ ဗိုလ်မှူးနဲ့တကျင်းထဲ မြှုပ်လိုက်။ ဗိုလ်မှူးနဲ့ တကျင်းထဲပဲ အတူတူအသေခံမယ်။"

ရဲဘော် မညွန့်ညွန့်သည် "ဗိုလ်မှူးနဲ့တကျင်းထဲ အမြှုပ်ခံမယ်" ဟူ၍သာ ထပ်ကာထပ်ကာ အော်ဟစ်နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မိုးသည် ဖွဲရာမှ သဲ၍လာတော့သည်။

ဗိုလ်အောင်မင်းနှင့် ရဲဘော်ညိုအောင်တို့သည် ဖမ်းဆီးရမိထားသူများကို ကြိုးများဖြင့်တုတ်၍ ဗဟိုကော်မီတီဥက္ကဋ္ဌသခင်သန်းထွန်းထံသို့ ခေါ်လာခဲ့၏။ ဗိုလ်ထွန်းငြိမ်းကိုမူ ကြိုတင်၍ ဆောက်လုပ်ထားသော အချုပ်အတွင်းသို့ ထည့်သွင်းလိုက်လေသည်။

ရဲဘော် မညွန့်ညွန့်သည် သခင်သန်းထွန်း၏ ရှေ့မှောက်သို့ရောက်လျှင်ရောက်ခြင်းပင် "ဗဟိုကိုလာရတဲ့အကျိုး ဆုလာဘ်က ဒါပဲကိုး"ဟု ပြောလိုက်၏။

"ဗဟိုကို လာရမယ်ဆိုလို့ ဝမ်းသာအားရနဲ့ လာခဲ့တာ အခုတော့ကြိုးတုတ်ကြီးနဲ့ ဥက္ကဋ္ဌကြီးကိုတွေ့ရတာဝမ်းနည်းတယ်။"

ဟု ဟစ်အော်ရင်းပင် ရဲဘော် မညွန့်ညွန့်၏ မျက်လုံးအစုံမှမျက်ရည်တို့သည် တလိမ့်လိမ့်ကျလာ၏။ ထိုအချိန်တွင် မျက်ရည်ပေါက်နှင့် မိုးရည်ပေါက် တို့မှာ မညွန့်ညွန့်၏ ပါးပြင်သို့ သွယ်ဆင်း၍နေလေတော့သည်။

× × ×

တပ်နီလူငယ်များနှင့် တပ်နီအမျိုးသမီးများသည် သူ့ထက် ငါပင် ကြွေးကြော်သံများ အော်ဟစ်၍နေကြလေတော့သည်။

အောင်ပြီ....အောင်ပြီဟေ့....

- ပါတီဖျက်ဆီးရေးသမား ထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်။
- တန်ပြန်တော်လှန်ရေးသမား ထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်။
- ပြန်ပြင်ရေးသမားထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်။
- တဏှာရူး ထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်။
- အာဏာရူးထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်။
- စစ်ပြေးထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်။

ယင်းကြွေးကြော်သံများဖြင့် ဗဟိုစခန်းအတွင်းတွင် လှည့်လည်၍ အော်ဟစ်ကြွေးကြော်နေကြ၏။ ဗိုလ်ထွန်းငြိမ်း၏ အချုပ်ခန်း ရှေ့သို့လည်း သွားရောက်စုဝေး၍ ကြွေးကြော်နေကြလေသည်။

ထိုအချိန်တွင် ဗိုလ်ထွန်းငြိမ်းသည် အစောင့် ရဲဘော် အား ဆေးတန်သောက်လိုကြောင်းကိုပြောလိုက်၏။ ဗိုလ်ထွန်းငြိမ်းသည်ဆေးလိပ်အလွန်ကြိုက်သူဖြစ်၏။ ဆေးတန်ကိုလည်း တယုတယဖြင့် ကိုင်ဆောင်တတ်သူဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အစောင့်ရဲဘော်သည် ဗိုလ်ထွန်းငြိမ်းထံမှ သိမ်းယူထားသောဆေးတန်တွင် ဆေးထည့်၍မီးညှိကာ ဗိုလ်ထွန်းငြိမ်း၏ပါးစောင်တွင် ထည့်၍ ပေးလိုက်သည်။

ထိုစဉ်တွင် တပ်နီလူငယ်နှင့် တပ်နီအမျိုးသမီးများသည် "အခွင့်ထူးခံ ထွန်းငြိမ်းကို ဆေးတန်မပေးနဲ့ ဆေးမတိုက်နဲ့"ဟူ၍ အော်ဟစ်ကာ တပ်နီအမျိုးသမီးလေးတဦးသည် ဗိုလ်ထွန်းငြိမ်းထံမှ ဆေးတန်ကို လုယူရန် ဗိုလ်ထွန်းငြိမ်းအနားသို့ ပြေးလာ၏။ ဗိုလ်ထွန်းငြိမ်းသည် ကလေးငယ်ပမာ ဆေးတန်ကိုမိမိရင်အုပ်နှင့် မေးအောက်၌ ကပ်ထားလျက် အစွမ်းကုန် ကာကွယ်၍နေသည်။

ထိုအခါ ဗိုလ်ထွန်းငြိမ်း၏ အနီးတွင်ရှိသော ပီကင်းပြန် ရဲဘော်အောင်မြသည် ဗိုလ်ထွန်းငြိမ်း၏ မေးအောက်မှ ဆေးတန်ကို အတင်းဆွဲ၍ ယူလိုက်၏။ ဗိုလ်ထွန်းငြိမ်း၏ ပါးပြင်ကိုလည်း လက်ဝါးဖြင့် တအားကုန်ဖြန်းကနဲရိုက်လိုက်သည်။

တပ်နီလူငယ်များနှင့် တပ်နီအမျိုးသမီးများသည်....

"ရိုက်ဟေ့-သတ်ဟေ့"ဟူ၍ ကြွေးကြော်ပေးနေကြလေသည်။

ထိုအချိန်တွင် သခင်သန်းထွန်းသည် ရဲဘော်မည္ကန့်ညွန့်တို့အား ကြိုးတုတ်များကို ဖြေလိုက်စေ၏။ ထို့နောက် ပါတီဗဟို၏ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးအပေါ် ထားရှိသည့် သဘောထားများကို ဆွေးနွေး၏။ ည(၁၀) နာရီတိုင်အောင်ပင် ဆွေးနွေးခဲ့၏။ မပြီးပြတ်သဖြင့် နောက်နေ့တွင် ဆက်လက်ဆွေးနွေးရန်အတွက် ရပ်နားလိုက်လေသည်။

၁၉၆၈ - ခုနှစ် ဩဂုတ်လ(၈)ရက်နေ့တွင် ဗဟိုစခန်း ပါတီကော်မီတီရဲဘော်သက်သည် ဗိုလ်ထွန်းငြိမ်းထံသို့ ဖောင်တိန်နှင့် စာရွက်ယူလာပြီး ဗိုလ်ထွန်းငြိမ်း၏ လက်ရေးဖြင့် စာရေး၍ လက်မှတ်ရေးထိုးစေလေသည်။

> "ရဲဘော်ဘိုးသာ၊ရဲဘော်ခင်ဝင်း၊ ရဲဘော်တင်မြင့်၊ ရဲဘော်မျိုးမြင့် ရဲဘော်လှဝင်း။
>
> အခုဗဟိုနဲ့ ဆွေးနွေးညှိနှိုင်းနေတယ်။ နားလည်မှုတွေလဲ အများကြီးရတယ်။ တဖက်ကလဲ ဆက်လက်ပြီး ညှိနှိုင်းရဦးမှာတွေရှိသေးတယ်၊အဲ့ဒါကို အထောက်အကူဖြစ်စေဖို့နဲ့ အခြေအနေတွေကို အပြည့်အစုံ တင်ပြ ဆွေးနွေးနိုင်အောင် ခင်ဗျားတို့ (၅) ယောက် အခုတခါတည်း ကျနော့်ဆီကို လာခဲ့ကြပါ။
>
> ကျော်သာ"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တချိန်တည်းတွင် ရဲဘော်သက်သည် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့ဝင်တို့အနေနှင့် ဗဟိုအပေါ်သို့ ပိုမို၍ ယုံကြည် စိတ်ချစေရန်အတွက်လည်း ဤသို့ စီစဉ်လိုက်လေသည်။

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့တွင် ရဲဘော်ထွန်းသောင်းနှင့် ရဲဘော်နွဲတို့သည် ဗိုလ်ထွန်းငြိမ်းအား တလျှောက်လုံး ဆန့်ကျင်ခဲ့သူများဖြစ်၏။ ယင်းရဲဘော်နှစ်ဦးအား တည်ဆောက်ရေးတပ်ဖွဲ့ဝင်တို့သည် အလွန်ပင်မုန်းတီးခဲ့ကြ၏။ သေဒဏ် ပေးထိုက်ကြောင်းကိုပင် ဗဟိုသို့တင်ပြခဲ့ဘူးသည်။

ထို့ကြောင့်ပင် ယခုလောလောဆယ်ဆယ်တွင် ယင်းရဲဘော်နှစ်ဦးအား ဗဟို၏ ညွှန်ကြားချက်ဖြင့် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးစခန်းတွင် ဖမ်းဆီးလိုက်လျှင် ဗိုလ်ထွန်းငြိမ်းနှင့် ဗဟိုတို့ ညှိနှိုင်းဆွေးနွေးမှု၏ အောင်မြင်မှုအဖြစ်ဖြင့် မုချပင် ယုံကြည်လာကြမည်ဖြစ်သည်။

သို့ဖြစ်၍ ရဲဘော်သက်သည် ရဲဘော်ထွန်းသောင်းနှင့် ရဲဘော်နွဲတို့အား ဗဟို၏ ညွှန်ကြားချက်ကို ရေးသား၍ ဖမ်းဆီးခဲ့ရန်ဖြစ်သည်။

ရဲဘော်သက်သည် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးစခန်းသို့ ရောက်လျှင် ဗိုလ်ထွန်းငြိမ်း၏စာကို ရဲဘော်ဘိုးသာ(ခ)ကျော်ခင်နှင့် ရဲဘော်ခင်ဝင်း(ခ)စိုးမြင့်တို့မှတဆင့် ပေးလိုက်၏။ ရဲဘော်ထွန်းသောင်းနှင့် ရဲဘော်နွဲတို့အား ဖမ်းဆီးရေးနှင့် ပတ်သက်၍ ဗဟို၏ ညွှန်ကြားချက်ကိုလည်း ဆွေးနွေးပြပြီးနောက် ရဲဘော်ထွန်းသောင်းနှင့် ရဲဘော်နွဲတို့အား ဖမ်းဆီး၍ ကြိုးများဖြင့်တုတ်နှောင်၍ ခေါ်ဆောင်သွားကြ၏။ ရဲဘော်ထွန်းသောင်းနှင့် ရဲဘော်နွဲတို့အား စခန်းအပြင်သို့ရောက်သောအခါ အကျိုးအကြောင်းကိုရှင်းပြ၍ ကြိုးတုတ်များကို ဖြေလိုက်၏။ ထို့နောက် တောင်ငူခရိုင် နောက်တန်းစခန်း "တောပု" သို့ သွားရောက်နေထိုင်ရန် ယာယီပို့ထားလိုက်လေသည်။

ယင်းသို့ဖမ်းဆီးလိုက်သဖြင့် တည်ဆောက်ရေးမှ ရဲဘော်များသည် အလွန်ပင်ဝမ်းမြောက်ဝမ်းသာဖြစ်၍ နေကြသည်။

ထို့ကြောင့်တည်ဆောက်ရေးစခန်းတွင်ရှိနေကြသော ဗိုလ်ထွန်းငြိမ်း၏ကျောရိုးများနှင့် တည်ဆောက်ရေးအဖွဲ့ဝင်တို့သည် ဗဟိုအပေါ်တွင်အထူးပင်စိတ်ချယုံကြည်၍ သွားကြ၏။ ဗိုလ်ထွန်းငြိမ်း၏ လက်ရေးနှင့် လက်မှတ်ကို တွေ့ရ၍လည်း လုံးဝပင်သံသယမဖြစ်ကြတော့ချေ။

ရဲဘော် ဘိုးသာတို့(၅)ဦးသည် ရဲဘော်သက်နှင့်အတူ ဗိုလ်ထွန်းငြိမ်းရှိရာသို့ လိုက်ပါလာခဲ့ကြ၏။ ထိုရဲဘော်များသည် အတွေးကိုယ်စီဖြင့် လာခဲ့ကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးတပ်ဖွဲ့ ပါတီခွဲကော်မတီ၏ ဆုံးဖြတ်ချက်

ဗမာပြည် ကွန်မြူနစ် ပါတီ
မြစ်ဝကျွန်းပေါ် တပ်တည်ဆောက်ရေး ပါတီခွဲ ကော်မတီ

ဆုံး ဖြတ် ချက်။

၁။ ။ ဥက္ကဋ္ဌအမှုပြုကော်မတီနှင့် နိုင်ငံရေးဦးဆောင်အဖွဲ့မှ မြစ်ဝကျွန်းပေါ်တပ်တည်ဆောက်ရေးတပ်ဖွဲ့ပါတီကော်မတီနှင့်ရဲဘော်-ရဲဘော်များသို့ ပေးစာကိုလုံးဝထောက်ခံသည်။

၂။ ။ ထို့နည်းတူ ပါတီနည်းကျ မြစ်ဝကျွန်းပေါ်တည်ဆောက်ရေးတပ်ဖွဲ့အတွင်းပြဿနာအားလုံးတို့၊ ပါတီဝင်များလုံးဝတာဝန်ခံဖြေရှင်းပေးမည်ဖြစ်ကြောင်းသည့်အတိုင်း၊ ပါတီဝင်တို့နှင့် အတူ ရဲတပ်တည်ဆောက်ဖြေရှင်းသွားမည်။

၃။ ။ မိမိတို့တပ်ဖွဲ့သည် အစစ်အမှန်ရန်သူတို့နှင့်ထ ရှည်ကြာစွာ ရင်ဆိုင်တော်လှန်၍၊ ပါတီဝင်အချက်ရှိတက်ကြ၊ တည်ဆောက်ရေးတာဝန်တို့ထမ်းဆောင်သွားမည်ဖြစ်၊ မူလထထ အရင်းခံ စိတ်ဓါတ်ရှိခဲ့သည်။ ထို့နောက်ထက်ကြီးမားရေးအားအသီးရှိသည့်အတိုင်း၊ ရင်ဆိုင်တော်လှန်၍၊ ပါတီဝင်တို့မှတည်ဆောက်ပေး မှုကိုပြီးဆုံးအောင် စိတ်ထားသွားမည်။

၄။ ။ မိမိတို့တပ်ဖွဲ့သည်ကြီးမားသည့်ရည်မှန်းချက်ဖြစ်သော၊ ပါတီအတိုး-တော်လှန်ရေးအကျိုးစီးပွားအတွက်၊ ဝင်တို့မှတာဝန်စတည်ဆောက်ပေးမှုကို၊ မှော်လင့်ချက်ကြီးမှာ ဦးတည်ချက်ထား ကြိုးပမ်းရသော်လည်း၊ ပါတီရင်ခွင်မှ- ပါတီတာဝန်တိုအတွဲသုံးစားပြု- သဖြင့် ခိုက်စိရမှုအရ၊ တပ်ထဲအရည်အသွေးအစဉ်အထိုင်ထောင်းများကို၊ ထိပါးရက်စီး ဖြင်းဖိနှိပ်ရသည်။ ၎င်းလက်တို့အပြန်အသုံးသလဝ၍၊ ပါတီ၏ ရင်ခွင်တွင် မူလ မျှော်မှန်းထားချက်ကို၊ ထပ်လက်အထောင်အတည်ထွက်သွားမည်ဖြစ်သည်။

၅။ ။ ထုတ်ပယ်သော ထွန်းဦးဝင်း- မိတ္တတပ်ထ စုလုံးနှင့်ဝတိုတို၊ ထိပ်တည်တိုက်ပွဲဆင်နွှဲသော လုပ်ရပ်ဖြင့်၊ ရက်စီးပိုရမှုအတွက်၊ ပါတီဝင်တို့မှ ဖိနှိပ်အောင်မှုအားထုတ်တွင်၊ ယုတ်မာသေ ပါတီ ရက်စီးရေး-တော်လှန်ရေး-ပြန်လည်ပြင်ဆင်ရေးသမား-ထွန်းဦးဝင်းတို တပ်ဖွဲ့ခဲ့ရသုံးတန်းမှ ရေမှန်းသွားမည်။

- ပြန်ထည်ပြင်ဆင်ရေးဝါဒကို-တိုက်ဖိုက်ရမှန်းကြ။
- မိတ်စ်ဝါဒ-လီနင်ဝါဒ-မော်စီတုံးအတွေးအခေါ်အထိုက်တော်ကြီးကို-မြင့်မြင့်မားမား ထွန်းထူကြ။
- ပါတီ၏စစ်နိုင်ငံရေးအကြံအစီ စ်ရေးလမ်းစဉ်အတိုင်း - ခိုင်ခိုင်မြဲမြဲလိုက်ကြ။
- ရန်သူ၏ထိုးစစ်ကိုဖိတ္တု၏ထိုးစစ်နှင့် ရမှန်းရေးနိုင်ငံတော်လှန်စစ်လမ်း၏စဉ်အတိုင်း - ခိုင်ခိုင်မြဲမြဲလိုက်ကြ။
- အရာရာမှာ ပထမဦးစွာ လူထုတန်းစား နိုင်ငံရေးလှုံ့ဆော်မှုအောင်-လုပ်ကြ။
- ပါတီ၏အတွင်းရေးကိုက်ညီမှုမြဲမြဲဆောင်မှုတိုတပ်ကို-တည်ဆောက်ကြ။
- ပါတီအပိုင်ကိုအခိုင်အမာတို့၊ ပါတီ ဖျက်ဆီးရေး-တော်လှန်ရေး ဖျက်ဆီးရေး-တန်ပြန်တော်လှန်ရေး-ပြန်လည်ပြင်ဆင်ရေး ထွန်းဦးဝင်းကို- ချေမှုန်းကြ။
- တော်လှန်တဲ့ပါတီဝင်တိုက်-တိုင်းရင်းကြ။

(၁) [illegible]   (၂) [illegible]

(၃) [illegible]   (၄) [illegible]

(၅) [illegible]

၁၉၆၀-ခုနှစ် ဩဂုတ်လ (၈) ရက်။ [illegible]

လက်မှတ်ထိုးထားသူများမှာ (၁) မညွန့်ညွန့်၊ (၂) ကြည်ထွန်း၊ (၃) ခိုးအောင်၊ (၄) လှငွေ၊ (၅) မောင်ရွှေတို့ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပထမကင်းသို့မရောက်မီ လမ်းခုလတ်တွင်ဖြစ်၏။ အသင့်စီစဉ် ထားသော ရဲဘော်များသည် ဗိုလ်ထွန်းငြိမ်းတို့အား ဖမ်းဆီးသကဲ့သို့ အလစ်အငိုက်တွင် ဖမ်းဆီးလိုက်ကြလေသည်။

ရဲဘော်ဘိုးသာ၊ ရဲဘော်ခင်ဝင်းတို့ (၅) ဦးအား လက်ပြန်ကြိုးများတုပ် နှောင်၍ ဗဟိုစခန်း၌ ကြိုတင်၍ ဆောက်လုပ်ထားသော အချုပ်ထဲသို့ ခေါ် ဆောင်ခဲ့ကြလေသည်။

× × ×

၁၉၆၈-ခုနှစ် ဩဂုတ်လ(၉)ရက်နေ့တွင်ဖြစ်သည်။

ရဲဘော် မညွန့်ညွန့်နှင့် တည်ဆောက်ရေးပါတီ ကော်မီတီအဖွဲ့ဝင်တို့သည် ဥက္ကဋ္ဌကြီးနှင့်ရဲဘော်အောင်ကြီးတို့၏ အလေးအနက်လမ်းညွှန်ချက်နှင့်ရှင်းလင်း ချက်အရ"မိမိတို့သည် ပါတီဗဟိုနှင့်အတူ ရပ်တည် ဖြေရှင်းသွားမည်" ဟူ၍ လည်းကောင်း၊ "ယုတ်မာသော ပြန်လည်ပြင်ဆင်ရေးသမား ထွန်းငြိမ်းကိုတပ်ဖွဲ့ ၏ ငွေဆုံးတန်းမှ ချေမှုန်းသွားမည်"ဟူ၍လည်းကောင်း၊ ပါတီခွဲ ကော်မီတီ၏ ဆုံးဖြတ်ချက်ကို ချမှတ်လိုက်ကြ၏။ ကိုယ်တိုင်လက်မှတ်များ ရေးထိုး၍ လည်း၊ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းထံသို့ တင်ပြလိုက်ကြလေတော့သည်။

× × ×

၁၉၆၈-ခုနှစ် ဩဂုတ်လ(၁၀)ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင်ရှိသော လက်နက်ကိုင်တပ်ဖွဲ့ သည် လက်နက်ကိုယ်စီကိုင်ဆောင်လျက်အသင့်ပင် ဖြစ်နေကြသည်။

ဗဟိုကော်မီတီ ဥက္ကဋ္ဌ သခင်သန်းထွန်း၏ အမိန့်ကို စောင့်ဆိုင်းနေကြခြင်း ဖြစ်သည်။

ဗဟိုဌာနချုပ်သည် ငြိမ်သက်လျက်နေ၏။ ဆူ၍ညံ၍မနေတော့ချေ။ အသင့် အနေအထားတွင် ရှိနေသည်။

ဤသည်မှာ ဗိုလ်ထွန်းငြိမ်းကို အပြီးသတ် ချေမှုန်းနိုင်ရန်အတွက် အဆုံး အဖြတ်အောင်ပွဲကို ရယူရန်ဖြစ်၏။ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့အား လက်နက်သိမ်းရန်အတွက်ပင်ဖြစ်သည်။

ထို့ကြောင့် သခင်သန်းထွန်း၊ ရဲဘော် အောင်ကြီးနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သည် စံနစ်ကျသော အစီအစဉ်များကိုရေးဆွဲ၍ ချမှတ်နေကြလေသည်။

နောက်ဆုံးတွင် မြစ်ဝကျွန်းပေါ် တိုင်းတည်ဆောက်ရေးတပ်ဖွဲ့အား လက်နက်သိမ်းရေးအတွက် ယင်း၏ ပါတီခွဲကော်မီတီအား တာဝန်ပေးလိုက်လေသည်။

ထို့ပြင် ဗဟိုလုံခြုံရေးတပ်ဖွဲ့သည် တည်ဆောက်ရေးတပ်ဖွဲ့၏ ပတ်ဝန်းကျင်တွင် စံနစ်တကျ နေရာယူထားရန်လည်း ညွှန်ကြားထားပြီးဖြစ်၏။ အကယ်၍ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့သည် တစုံတရာ ခုခံလာလျှင် တိုက်ခိုက် ချေမှုန်းပစ်ရန်အတွက် ဗဟိုလုံခြုံရေးတပ်ဖွဲ့အား အမိန့်ပေးထားပြီး ဖြစ်လေသည်။

ဗဟိုလုံခြုံရေးတပ်တွင် တောင်ငူ ခရိုင်တပ်၊ အုတ်တွင်းမြို့နယ် တပ်များမှ ရဲဘော် ခင်မောင်သန်း၊ ရဲဘော်စိုးမောင်၊ရဲဘော်အောင်ဆင့်တို့ခေါင်းဆောင်သော တပ်အင်အားကိုလည်း ထပ်မံဖြည့်တင်းထားလိုက်သည်။

ထို့နောက်တွင် ဗဟိုကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းသည် **"မြစ်ဝကျွန်းပေါ်တပ် တည်ဆောက်ရေးပါတီခွဲကော်မီတီ ရဲဘော်များနဲ့ ရဲဘော် ရဲဘော်မအားလုံးသို့"** ခေါင်းစဉ်တတ်ထားသော တိုက်ရိုက်ပေးစာကိုလည်း ပေးလိုက်သည်။

ရဲဘော်မညွန့်ညွန့်နှင့် တည်ဆောက်ရေးပါတီခွဲကော်မီတီသည် သခင် သန်းထွန်း၏ပေးစာကို ယူဆောင်၍ မြစ်ဝကျွန်းပေါ် တိုင်းတည်ဆောက်ရေးတပ်ဖွဲ့သို့ လာခဲ့ကြ၏။ ဗဟိုစခန်းမှတပ်အချို့လည်းပါလာခဲ့သည်။

တည်ဆောက်ရေးတပ်ဖွဲ့မှ ရဲဘော် ရဲဘော်မများသည် ရဲဘော် မညွန့်ညွန့်တို့ကို မြင်တွေ့လိုက်ရသည်နှင့်တပြိုင်နက် ပြေး၍လာကြ၏။ ရဲဘော်မများသည် ရဲဘော်မညွန့်ညွန့်အား ဆီးကြို၍ ဖက်ရမ်းနေကြသည်။

"အောင်ခဲ့တယ်မဟုတ်လား" ဟူ၍လည်းမေးနေကြ၏။ ဝိုင်းဝိုင်းလည်၍ နေတော့သည်။

ရဲဘော် မညွန့်ညွန့်နှင့် ပါတီခွဲကော်မီတီ အဖွဲ့ဝင်တို့သည် စုဝေးလာသော ရဲဘော်၊ ရဲဘော်မများအား အခြေအနေများကို ရှင်းပြမည်ဟုပြောလိုက်၏။ အဖွဲ့လိုက်၊ အစုလိုက်ကိုသီးခြားနေရာများ ယူစေလိုက်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဥက္ကဋ္ဌ သခင်သန်းထွန်းမှ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတစ်ဖွဲ့ ရဲဘော်များသို့ ပေးစာမူရင်း။

ထို့နောက်သခင်သန်းထွန်း၏ပေးစာများကိုဖတ်ပြလိုက်၏။ ရဲဘော်၊ ရဲဘော်မများသည် အလွန်ပင် အံ့အားသင့်သွားကြ၏။ ရဲဘော်မစိုးစိုးကမူ "ဗိုလ်မှူးပြန်ပြင်ရေးသမားဆိုတာမဟုတ်ဘူး" ဟုဆိုကာ ယူကြုံးမရဖြစ်ပြီး ငိုနေသည်။ ရဲဘော်မညွန့်ညွန့်နှင့် တည်ဆောက်ရေးပါတီခွဲကော်မီတီကလည်း အကြောင်းအမျိုးမျိုးပြ၍ ရှင်းလင်းကြ၏။ ရဲဘော်ဘသန်း (ခ) သိန်းထွန်းကလည်း ဗိုလ်ထွန်းငြိမ်းအပေါ်စွဲချက်များကိုဘင်ပြ၍ ရှင်းလင်းပြနေသည်။

ထိုအချိန်တွင် ရဲဘော်သက်၊ ရဲဘော်စိုးဝင်း (ခ) ငွေးအောင် (ပီကင်းပြန်) ရဲဘော်ဘုန်းမြင့် (ဟသ်ာတ.)တို့ ခေါင်းဆောင်သော အဖွဲ့သည် မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးတပ်ဖွဲ့မှလက်နက်များကို သိမ်းဆီးလိုက်ကြသည်။

ဤအရေးအခင်းမှာ ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်အတွက် အလွန်ကြီးမားသော အောင်မြင်ချက်ကြီးပင်ဖြစ်လေသည်။

ထို့ကြောင့် သခင်သန်းထွန်းသည် "ဩဂုတ်လ၊၇-၀-၉-၁၀ရက်" အရေးအခင်းနှင့်ပတ်သက်၍ "ဗမာပြည်တော်လှန်ရေးကို သိမ့်သိမ့်တုန်စေသော၊ ထို-၄-ရက်"ဟူ၍ ဖော်ထုတ်ခဲ့သည်။ မှတ်တမ်းတင်ခဲ့သည်။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၈-ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့တွင် ဖြစ်သည်။

မြစ်ဝကျွန်းပေါ် တိုင်းတည်ဆောက်ရေး ပါတီခွဲကော်မီတီနှင့် ရဲဘော်-ရဲဘော်မများသည်ဗဟိုဌာနချုပ်မှ ကြိုတင်၍ပေးထားသော ကြွေးကြော်သံများကိုဟစ်အော်လျက် ဗဟိုစခန်းသို့ဝင်ခဲ့ကြသည်။

* တန်ပြန်တော်လှန်ရေးသမားထွန်းငြိမ်းကို (သတ်ပစ်)၂။
* ပါတီရဲ့ဂုဏ်ရောင်ပြောင်တဲ့သမိုင်းကိုဖျက်ဆီးတဲ့ထွန်းငြိမ်းကို (သတ်ပစ်)၂။
* ပြည်သူ့တပ်မတော်ကိုဖျက်ဆီးတဲ့ထွန်းငြိမ်းကို (သတ်ပစ်)၂။
* အကြီးဆုံးဂိုဏ်းခွဲရေးသမားထွန်းငြိမ်းကို (သတ်ပစ်)၂။
* ထွန်းငြိမ်းရဲ့စင်မြိုင်ဗဟိုဝါဒကို (ချေမှုန်းပစ်)၂။
* ပြည်ခရိုင်ကိုဖျက်ဆီးတဲ့ထွန်းငြိမ်းကို (သတ်ပစ်)၂။
* ပါတီသစ္စာဖောက်ထွန်းငြိမ်းကို (သတ်ပစ်)၂။
* ကမ္ဘာ့ပစ္စည်းမဲ့ခေါင်းဆောင်ကြီးဥက္ကဋ္ဌကြီးမော်
(သက်တော်ရာကျော်ရှည်ပါစေ)၂။
* ဥက္ကဋ္ဌကြီးသခင်သန်းထွန်း (ကျန်းမာပါစေ)၂။

ဗိုလ်ထွန်းငြိမ်းအား သတ်ပစ်ရန် ကြွေးကြော်တောင်းဆိုနေကြသော ဗဟိုကင်းတပ်အဖွဲ့ဝင်များ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗဟိုစခန်း၌ရှိကြသော တပ်နီလူငယ်နှင့် တပ်နီအမျိုးသမီး များကလည်း၊ အထက်ပါကြွေးကြော်သံများဖြင့် တည်ဆောက်ရေးတပ်ဖွဲ့ဝင်တို့အား ခရီးဦးကြိုပြုလျက်နေကြသည်။

သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် တော်လှန်သောနိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တို့ကလည်း ခရီးဦးကြိုပြုနေကြသည်။ ရွှင်ရွှင်ပြုံးပြုံးဖြစ်နေကြသည်။

"သစ္စာဖောက်ထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်" ဟူသော ကြွေးကြော်သံများသည် ပို၍ကျယ်လောင်နေသည်။

ဗိုလ်ထွန်းငြိမ်းသည် မျက်လုံးလေးပေကလပ်ပေကလပ်လုပ်၍ ကြွေးကြော်နေသူများကိုကြည့်နေ၏။ မည္သူ့ညွှန် ကိုယ်တိုင် ခေါင်းဆောင်၍ ရှေ့တန်းမှ ကြွေးကြော်နေသည်ကိုငေးစိုက်ကြည့်လျက်၊ အလွန်ပင်စိတ်မချမ်းမသာ ဖြစ်နေသည်။ ရင်နင့်၍နေပုံရသည်။

ဗိုလ်ထွန်းငြိမ်းသည် အချုပ်ခန်းအတွင်းတွင် ဦးခေါင်းကို အောက်သို့စိုက်လျက်ထိုင်နေသည်။

ယင်းအချုပ်ခန်းမှာ ဗိုလ်ထွန်းငြိမ်းအတွက် အထူးဆောက်လုပ်ထားခြင်းဖြစ်၏။ တင်းဝါးအရင်းသားများနှင့် စေ့နေအောင်ခင်းထား၏။ ကြပ်နေ၏။ အကာအရံများကိုလည်းတင်းဝါးအရင်းသားများနှင့်ပင် စိတ်စိတ် ကာရံထား၏။ အပေါ်တွင်လည်း တင်းဝါးအရင်းများကိုပင် စီ၍ထား၏။ ကိုးထောင်ပြည့် ကျားဆိုးကိုလှောင်ချိုင့်အတွင်း၌ လှောင်ထားသည်နှင့် တူနေလေသည်။

အချိန်ကား လယ်ထွန်ပြုတ်ချိန်တွင်ဖြစ်သည်။

ပဲခူးရိုးမ၏မိုးသည် မဆင်ပဲသဲလာနေတော့သည်။

သခင်သန်းထွန်းသည် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့အား မိုးရေအောက်တွင်ပင် မိန့်ခွန်းပြောနေသည်။

"ရဲဘော်တို့ မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေး တပ်ဖွဲ့ဝင်တွေဟာ ဗဟိုဌာနချုပ်ကို လာရောက်ကြတဲ့အတွက် ရဲဘော်တို့အားလုံးကို ဗဟိုဌာနချုပ်အနေနဲ့ ချီးကျူးဂုဏ်ပြုလိုတယ်။

အခုဆိုရင် ရဲဘော်တို့ဟာ ပါတီသစ္စာဖောက်ပြန်လည်ပြင်ဆင်ရေးသမား ထွန်းငြိမ်းရဲ့လောင်းရိပ်အောက်က လွတ်မြောက်အောင် ရုန်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထွက်နိုင်ခဲ့ကြပြီဖြစ်တယ်။ ဒါဟာ ပါတီနဲ့ တော်လှန်ရေး အတွက် အောင်ပွဲကြီးဖြစ်တယ်။

ကနေ့ပြန်လည်ပြင်ဆင်ရေးသမား ထွန်းငြိမ်းကို ဖမ်းမိနိုင်ခဲ့တာဟာ ရဲဘော်တို့ရဲ့အကူအညီနဲ့ အစွမ်းကြောင့်ဖြစ်တယ်။

ရဲဘော်တို့ဟာ ထွန်းငြိမ်းရဲ့ သစ္စာဖောက်လုပ်ရပ်တွေကို ပြတ်ပြတ်သားသားကုန်စင်အောင် ဖွင့်ချကြလိမ့်မယ်လို့လဲ ယုံကြည်ပြီးဖြစ်တယ်။

ဒီနေ့ဟာ ပါတီတရပ်လုံးနဲ့ ရဲဘော်တို့ အတွက် အပျော်ရွှင်ဆုံး အောင်ပွဲနေ့ဖြစ်တယ်။

တော်လှန်တဲ့ပါတီနဲ့ တော်လှန်တဲ့ဗဟိုဟာ ရဲဘော်တို့နဲ့အတူတကွ ရှိနေတယ်။"

ဤသို့ပင် သခင်သန်းထွန်းသည် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့ဝင်တို့အား ချီးကျူးဂုဏ်ပြုလျက်နေလေသည်။

နောက်ဆုံးတွင် ရဲဘော်မညွန့်ညွန့်သည် ရွှေတန်းသို့ထွက်ပြီးကြွေးကြော်သံများကိုအော်ဟစ်၍ နေ၏။ ရဲဘော်-ရဲဘော်မများသည်လည်း ရဲဘော် မညွန့်ညွန့်နှင့်အတူ တခဲနက်ပင်ဟစ်ကြွေး၍နေကြလေတော့သည်။

- ဗဟိုဆန့်ကျင်တဲ့ ထွန်းငြိမ်းကို (သတ်ပစ်) ၂။
- တို့ ဥက္ကဋ္ဌကြီးကိုဆန့်ကျင်တဲ့ထွန်းငြိမ်းကို (သတ်ပစ်) ၂။
- ဥက္ကဋ္ဌကြီး သခင်သန်းထွန်း (ကျန်းမာပါစေ) ၂။

× × ×

၁၉၆၈-ခုနှစ် ဩဂုတ်လ(၁၄)ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည် ကွန်မြူနစ်ပါတီ(၂၉)နှစ်မြောက် ပါတီနေ့၏ အကြိုနေ့တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့ ဥက္ကဋ္ဌ သခင်သန်းထွန်းတို့သည် ဗိုလ်ထွန်းငြိမ်းနှင့်ပတ်သက်၍ ဤသို့ ဆုံးဖြတ်ချက် ချလိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည် ကွန်မြူနစ်ပါတီ
ဗဟိုကော်မီတီ

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီနိုင်ငံရေး ဦးဆောင်အဖွဲ့၏ ၁၄-၈-၆၈ ရက် ဆုံးဖြတ်ချက်

၁။ ထွန်းငြိမ်းသည် ပါတီ ဗဟိုဆန့်ကျင်ရေးသမား၊ ပါတီ ဖျက်ဆီးရေးသမား၊ တော်လှန်ရေးဖျက်ဆီးရေးသမား၊ တန်ပြန်တော်လှန်ရေး ပြန်လည်ပြင်ဆင်ရေးသမားဖြစ်သည်။ သို့အတွက်ကြောင့် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး ဗဟို ကိုယ်စားလှယ် တာဝန်ခံအဖြစ်မှ ၉-၈-၆၈ ရက်က ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟို ကော်မီတီနိုင်ငံရေးဦးဆောင်အဖွဲ့က ဖယ်ရှားခဲ့သည်။

၂။ ပါတီဗဟိုကိုဆန့်ကျင်ရေး၊ ပါတီဆန့်ကျင်ရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေးသမား ဖြစ်သဖြင့် ထွန်းငြိမ်းအား ဗမာပြည် ကွန်မြူနစ်ပါတီဝင်အဖြစ်မှ ထုတ်ပစ်လိုက်သည်။

၃။ ထွန်းငြိမ်းသည် ပါတီဆန့်ကျင်သော တော်လှန်ရေး ဖျက်ဆီးသော အန္တစ်သာရအားဖြင့် ပစ္စည်းမဲ့အာဏာရှင်စနစ်ဖြစ်သော တော်လှန်သော ပြည်သူ့အာဏာကိုဖြိုဖျက်သော ပြည်သူ့ တပ်မတော်ကို ဖြိုဖျက်သော ပစ္စည်းမဲ့ လူတန်းစား ဗဟိုဌာနချုပ်ကို တိုက်ခိုက်ချေမှုန်းရန်လုပ်ကြံသော ပြစ်မှုများကြောင့်ပြည်သူ့တော်လှန်ရေး ဥပဒေအရ အရေးယူရမည်။

ပြည်သူ့တော်လှန်ရေးဥပဒေအရ ထွန်းငြိမ်းအား လိုအပ်သလို အရေးယူရန် အောက်ပါအားဖြင့်ပိုင်အဖွဲ့များ ကို ဖွဲ့စည်းလိုက်သည်။

(၁) စုံစမ်းစစ်ဆေးရေးအဖွဲ့

၁။ ရဲဘော်သခင်ချစ် (အဖွဲ့-ဥက္ကဋ္ဌ)
၂။ ,, ခင်ကြီး (အဖွဲ့-အတွင်းရေးမှူး)
၃။ ,, ရှိန်
၄။ ,, ဘုန်းကျော်
၅။ ,, လှကြည်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၆။ ။ ဦးလွင်
၇။ ။ အောင်မင်း(တပ်ကိုယ်စား)
၈။ ။ ကျော်သန်း(တပ်နီလူငယ်)
၉။ ။ မအေးမြင့် (အမျိုးသမီး)

ဤအဖွဲ့၏ တာဝန်မှာ ထွန်းငြိမ်းနှင့်အခြားလိုအပ်သူများကို စုံစမ်းစစ်ဆေး၍ ထွန်းငြိမ်းအားစွဲချက်တင်ရန်ဖြစ်သည်။

(၂) လူထုတိုက်ပွဲဦးစီးကော်မီတီ

၁။ ရဲဘော်သခင်ပု (အဖွဲ့-ဥက္ကဋ္ဌ)
၂။ ။ ညိုအောင် (အတွင်းရေးမှူး)
၃။ ။ ကြည်အောင် (ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းဆရာ)
၄။ ။ ညို (ဗဟိုရုံးအုပ်)
၅။ ။ တင့်ဆွေ (ကြေးနန်းတာဝန်ခံ)
၆။ ။ စိုးဝင်း (ဗဟိုမာ့က်စ်လီနင်ဝါဒ ကျောင်းဆရာ)
၇။ ။ သက်
၈။ ။ ဝင်းအောင်
၉။ ။ ဘုန်းမြင့်
၁၀။ ။ မောင်မောင်ကြည်
၁၁။ ။ ထွန်းရှိန်
၁၂။ ။ အောင်မြ
၁၃။ ။ ငွေသိန်း (ကင်းတပ်)
၁၄။ ။ မဲ့ညွန့် (တပ်နီလူငယ်)
၁၅။ ။ မခင်သန်း (အမျိုးသမီး)

ဤအဖွဲ့၏ တာဝန်မှာ လူထုကိုစည်းရုံး၍ ထွန်းငြိမ်းအားစွဲချက်တင်ရန်၊ တိုက်ပွဲဆင်ရန်ဖြစ်သည်။

(၃) သဘာပတိအဖွဲ့

၁။ ရဲဘော်သခင်ဇင် (အဖွဲ့-ဥက္ကဋ္ဌ)
၂။ ။ သခင်ချစ် (အဖွဲ့-အတွင်းရေးမှူး)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၃။ ရဲဘော် သခင်ပု

၄။ ။ အောင်ကြီး

(မှတ်ချက်။ ။ရဲဘော် သခင်ဇင်မလာမီ ရဲဘော်သခင်ချစ်က ရဲဘော်သခင် ဇင်၏ ကိုယ်စား သဘာပတိအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် ဖြစ်သည်။ စာရေးသူ)

ဤအဖွဲ့၏တာဝန်မှာ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့်လူထုတိုက်ပွဲ ဦးစီး ကော်မီတီ၏ စည်းရုံးမှုအရ တင်ပြလာသော စွဲချက်များကို ကြားနာ ပြီးနောက် ထွန်းငြိမ်းအားလိုအပ်သလို စီရင်ဆုံးဖြတ်ရန်ဖြစ်သည်။

သဘာပတိအဖွဲ့၏ စီရင်ဆုံးဖြတ်ချက်သည် နောက်ဆုံး ဖြစ်သည်။

ဥက္ကဋ္ဌ
ဗဟိုကော်မီတီ
ဗမာပြည်ကွန်မြူနစ်ပါတီ။

၁၃၃၀-ခု ဝါခေါင်လဆုတ် ၆ ရက်။
၁၉၆၄-ခု ဩဂုတ်လ (၁၄)ရက်။

သခင်သန်းထွန်း၏လက်ရေးမှု။



ဗိုလ်ထွန်းငြိမ်းချေမှုန်းရေးအစီအစဉ်နှင့် ပတ်သက်သော နိုင်ငံရေးဦးဆောင် အဖွဲ့၏ ဆုံးဖြတ်ချက်။

ဤသည်မှာ ဗိုလ်ထွန်းငြိမ်းနှင့်ပတ်သက်၍ သခင်သန်းထွန်း ရဲဘော်အောင် ကြီးနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့၏ နောက်ဆုံး ဆုံးဖြတ်ချက် ပင် ဖြစ်လေသည်။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၇-ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ (၂၈) နှစ်မြောက် ပါတီနေ့ဖြစ်သည်။

သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ (၂၈) နှစ် မြောက် နေ့ ပါတီနေ့အခမ်းအနားတွင် မိန့်ခွန်း၏နိဒါန်းကို ဤသို့ပြောကြားလေသည်။

“ဒီနေ့ဟာ ဂုဏ်ရောင်ပြောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ (၂၈) နှစ် မြောက် ပါတီနေ့ဖြစ်တယ်။

ဒီနှစ်မှာ အထူးခြားဆုံးကတော့ ပါတီသစ္စာဖောက်ထွန်းငြိမ်းကို ချေမှုန်း ရေးတိုက်ပွဲဆင်နေတဲ့ အခြေအနေမှာ ကျင်းပနေတာဖြစ်တယ်။ ဒါကိုကအလွန် ထူးခြား မွန်မြတ်တာဖြစ်တယ်။

အခုဒီနေ့မှာပဲ လာမဲ့အနှစ်(၃၀)မြောက်ပါတီနေ့ကို သမိုင်းဝင်အောင်ပွဲ ကြီးနဲ့ ကြိုဆိုဖို့အတွက် ပိုင်းဖြတ်ချက်တွေနဲ့ အဓိဋ္ဌာန်တွေ ပြုကြဖို့လိုတယ်။

ပြန်လည်ပြင်ဆင်ရေးသမား ထွန်းငြိမ်းကို ချေမှုန်းရေးဟာ အနှစ်(၃၀) မြောက်ပါတီနေ့ကို သမိုင်းဝင်အောင်ပွဲတွေနဲ့ ကြိုဆိုနိုင်ဖို့အတွက် အစပြုချက် ဖြစ်တယ်ဆိုတာကို လေးနက်ကြဖို့လိုတယ်။

ပြန်လည်ပြင်ဆင်ရေးသမားတွေဖြစ်တဲ့ ငွေး ဘတင်နဲ့ ရန်အောင်တို့ကို သုတ်သင်နိုင်ခဲ့တဲ့အတွက် ပါတီဟာသမိုင်းဝင်အောင်ပွဲတွေကို ရခဲ့ပြီးဖြစ်တယ်။

ဆက်လက်ပြီး အစွမ်းကုန် ချေမှုန်းဖို့လိုတယ်၊ ရှေ့မှာလဲ ပါတီတွင်းက ပြန် လည် ပြင်ဆင်ရေးသမားတွေကို များများ ချေမှုန်းနိုင်လေ အောင်ပွဲ တွေဟာ များများရလေပဲဆိုတာ လက်တွေ့ကပြခဲ့ပြီ ဖြစ်တယ်။

ဒီမှာ တခုအထူးသတိပြုထားကြဖို့လိုတာကတော့ ဗဟို ဆေးကျောင်းက ထွန်းရှိန်ဟာလဲ သစ္စာဖောက် ထွန်းငြိမ်းနဲ့ ကြံဖော်ကြံဖက်ဖြစ်တယ်။ ဆက်လက် ပြီး ချေမှုန်းဖို့ လုပ်ရမယ်။ တကယ်ကထွန်းငြိမ်းနဲ့ထွန်းရှိန်ဟာ ဂိုဏ်းဖြစ်တယ်။

အခုဒီနေ့တော့ ထွန်းငြိမ်းနဲ့ပတ်သက်တဲ့ ချေမှုန်းရေးတိုက်ပွဲကိုပဲ အဓိက ထားပြီး ပြောသွားမှာဖြစ်တယ်။”

ထို့နောက်တွင် သခင်သန်းထွန်းသည် “ပြန်လည်ပြင်ဆင်ရေးသမားနဲ့ တန် ပြန် တော်လှန်ရေးသမား ထွန်း ငြိမ်းကို ချေမှုန်းရေးလုပ်တာဟာ မဟာမော်စီ တုံး အတွေးအခေါ်ကို ဗမာပြည်အခြေအနေအရ၊ အနိုင်အမာ ကျင့်သုံးတာ ဖြစ်တယ်” ဟု အလေးအနက် ဖော်ထုတ်သျှက် မော်စီတုံးဝါဒများကို အ ကျယ်တဝင့်ပင် ကိုးကား၍ ပြောကြားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက်ဆုံးတွင် သခင်သန်းထွန်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ (၂၈) နှစ်မြောက် ပါတီနေ့မိန့်ခွန်းကို ဤသို့ကြွေးကြော်၍ နိဂုံးချုပ်လိုက်လေသည်။

"– ပါတီဗဟိုကို ချေမှုန်းဖို့ မှန်တိုင်းစစ်ဆင်ဖို့လုပ်တဲ့ ထွန်းငြိမ်းကို ပါတီဗဟို ခေါင်းဆောင်မှုကို နာခံတဲ့ တော်လှန်တဲ့ ရဲဘော်တွေရဲ့အားနဲ့ ချေမှုန်း ပစ်ရမယ်။

– ဒါဟာ အနှစ်သုံးဆယ်နေ့ကို ကြိုဆိုတဲ့ သမိုင်းဝင် အောင်ပွဲဘာခုဖြစ်လိမ့် မယ်။

– ထွန်းငြိမ်း ထွန်းငြိမ်းဝါဒနဲ့ ထွန်းငြိမ်းဂိုဏ်းကို အပြီးတိုင် ချေမှုန်းကြ။"

သခင်သန်းထွန်း၏မိန့်ခွန်းအပြီးတွင် ရဲဘော်ထွန်းကျော်(ခ)မောင်စိုးဝင်း (လူထုဦးလှဒေါ်အမာသား)သည် အစည်းအဝေး၏ ရှေ့ဆုံးတန်းမှနေ၍ ကြွေး ကြော်သံများကို အလိုက်အသဲလိုက်ပင် ကြွေးကြော်၍ နေလေသည်။

– ပါတီသစ္စာဖောက်ထွန်းငြိမ်းကို သတ်ပစ်–သတ်ပစ်။

– မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးကို ဖျက်ဆီးတဲ့ ထွန်းငြိမ်းကို သတ်ပစ်–သတ်ပစ်။

– ဥက္ကဋ္ဌကြီးသခင်သန်းထွန်း ကျန်းမာပါစေ။ ကျန်းမာပါစေ။

× × ×

၁၉၆၇-ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့တွင်ဖြစ်သည်။

"ထွန်းငြိမ်းချေမှုန်းရေး စုံစမ်းစစ်ဆေးရေးအဖွဲ့" ၏ ဥက္ကဋ္ဌသခင်ချစ်သည် ဗိုလ်ထွန်းငြိမ်းနှင့် ဗိုလ်ထွန်းငြိမ်း၏ ဂိုဏ်းသားများ ကျောရိုးများကို စစ်ဆေး ရေးအတွက် အစီအစဉ်နှင့် လမ်းညွှန်ချက်တရပ်ကို ချမှတ်လိုက်လေသည်။

ဖော်ထုတ်စစ်ဆေးရမည့်အချက်များ

(၁) ထွန်းငြိမ်းနှင့် ထွန်းငြိမ်းဂိုဏ်းသားများရဲ့လုပ်ရပ်များ။

– (ဥပမာ) ပါတီလမ်းစဉ်ကို ဆန့်ကျင်သည့်လုပ်ရပ် ပါတီဥက္ကဋ္ဌ ပါတီဗဟိုကိုဆန့်ကျင်ပြောဆိုလုပ်ကိုင်ခဲ့တဲ့ လုပ်ရပ်များ။

(၂) ထွန်းငြိမ်းရဲ့အကြံအစည်များ။

– (ဥပမာ) မြစ်ဝကျွန်းပေါ်သွားရေး၊ မြင်းခြံသွားရေး၊ ဗဟိုကို လုပ်ကြံရေး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃) ထွန်းငြိမ်းဂိုဏ်းတွင်ပါဝင်သူများ။ ဖွဲ့စည်းမှုပါဝင်မှုနဲ့ အဆက်အသွယ်များ။

(၄) ထွန်းငြိမ်းတပ်ဖွဲ့တွင်း နိုင်ငံရေး၊စည်းရုံးရေး၊ လူမှုရေး၊ပျက်စီးယိုယွင်းမှုများ။

စစ်ဆေးရန်လူများ

(၁) အဓိက ထွန်းငြိမ်း။

(၂) ထွန်းငြိမ်းဂိုဏ်းသားများ ထွန်းကျော်၊ ဘသန်း၊ ကျော်ရင်၊ တင်ဟန်နဲ့ ယခုဖမ်းထားသူများ ခင်ဝင်း၊ မျိုးမြင့်၊ တင်မြင့်။

(၃) ထွန်းငြိမ်းကျောရိုးများ ညွန့်ညွန့်၊ လှငွေ၊ ကြည်ထွန်း၊ ဗိုလ်ရွှေ ရဲဘော်စောထွန်း၊ မောင်သောင်း၊ မသောင်း၊ စိုးဝင်း၊ သက်မောင်၊ မြကြီး၊ အောင်ဆင့်၊ မသန်းစိန်၊ မနီ၊ထွန်းငြိမ်းရုံးသားလူယုံများ၊ မြသောင်း၊ သန်းလွင်၊ထွန်းဝ၊လှစိန်။

(၄) ထွန်းငြိမ်း ဆန့်ကျင်သူများ ရဲဘော် ဟွန်း သောင်း၊ ကိုနွဲ့ မစန်းမြင့်၊ ချင်းဦးစီးမှ ရဲဘော်အချို့။

ပေါ်လစီအပ်ခြင်း

မစစ်ဆေးမီ စစ်ဆေးမည့် ရဲဘော်အမျိုးအစား (၄) မျိုးအား၊ အမျိုးအစားလိုက်ခွဲခြား၍ ပေါ်လစီအပ်ရန်။

(၁) ထွန်းငြိမ်းနဲ့ပတ်သက်လျှင် ထွန်းငြိမ်းဟာ ပါတီဗဟိုဆန့်ကျင်ရေးသမား၊ ပါတီဖျက်ဆီးရေးသမား၊ တော်လှန်ရေးဖျက်ဆီးရေးသမား၊ တန်ပြန်တော်လှန်ရေး ပြန်လည်ပြင်ဆင်ရေးသမား ဖြစ်တယ်။

–ပြည်ခရိုင်တပ်၊ တိုက်တိုင်းအောင်(၁)၊မြစ်ဝကျွန်းပေါ် ရဲဘော်များကို ဖျက်ဆီးခဲ့သူဖြစ်တယ်။

–ထွန်းငြိမ်းဟာ ပါတီရဲ့ ပြန်လည်ပြင်ဆင်ရေး တိုက်ခိုက်ရေး ပေါ်လစီအရ ဖြုတ်-ထုတ်-သတ် ခံရသင့်တယ်။

–ပါတီရဲ့ ပေါ်လစီက ကိုယ့်လုပ်ရပ်တွေကိုဖော်မယ်၊ပြောင့်ချက်ပေးမယ်။ ပါတီကိုပုံအပ်မယ်ဆိုရင် သက်ညှာစွာ စဉ်းစားမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

- ဒါအလေးအနက် စဉ်းစားပြီး သူ့လုပ်ရပ်၊ သူ့အကြံအစည်၊ သူ့ဂိုဏ်းသား၊ အဆက်အသွယ်၊ သူ့တပ်ဖွဲ့တွင်း ပျက်စီးယိုယွင်းမှုတွေကို ဖော်ဖို့ ဖြောင့်ချက်ပေးဖို့ ပါတီကိုပုံအပ်ဖို့တောင်းဆိုတယ်။

– ဒါနောက် သူ့ကို မေးခွန်းတွေမေးမယ်။ အဲ့ဒီအပေါ်မှာ သူ့ကိုဖြေခိုင်းမယ်။

(၂) ထွန်းငြိမ်းဂိုဏ်းသားတွေနဲ့ ပတ်သက်ရင် ထွန်းငြိမ်းရဲ့ ပါတီဆန့်ကျင်တဲ့ ပါတီနဲ့ တော်လှန်ရေးဖျက်ဆီးတဲ့ အလုပ်တွေမှာ သူတို့ဟာ အသိရှိစွာ တက်ကြွစွာ ကိုယ်ထိလက်ရောက် လုပ်ခဲ့သူတွေဖြစ်တယ်။

– ဒါကြောင့် ထွန်းငြိမ်းနဲ့ လုံးဝထပ်တူမဟုတ်တောင် ထွန်းငြိမ်းနီးနီး အပြစ်ကြီးသူတွေဖြစ်တယ်။ ထွန်းငြိမ်းဂိုဏ်းထဲပါခဲ့သူတွေဖြစ်တယ်။

– သူတို့ဟာလဲ ဖြုတ်-ထုတ်-သတ်အထိ လုပ်သင့်သူတွေပဲ။ ဒါပေမဲ့ သူတို့ကို ထွန်းငြိမ်းနဲ့ထပ်တူ ငါတို့သဘောမထား။

– သူတို့ဟာ ထွန်းငြိမ်းနဲ့ လမ်းခွဲနိုင်အောင် ငါတို့ကူညီခဲ့။ လွတ်ဖို့ဆိုရင် ထွန်းငြိမ်းရဲ့ လုပ်ရပ် အကြံအစည်၊ ဂိုဏ်းသား အဆက်အသွယ်၊ ဖျက်ဆီးမှုတွေကို လုံးဝကုန်စင်အောင် ဖော်ထုတ် ဖွင့်ချဖို့ ပါတီကို ပုံအပ်ဖို့လိုဘယ်။ ထွန်းငြိမ်းဂိုဏ်းသားဟုတ်မဟုတ် ဆိုတာ ဒီတိုက်ပွဲထဲမှာနေပြီး ခွဲခြားလာမှာ ဖြစ်တယ်ဆိုတာရှင်းပြပြီး အချက်အလက်များရအောင် စစ်မေးရန်။

ထွန်းငြိမ်းရော၊ ထွန်းငြိမ်းဂိုဏ်းသားများပါ စစ်ဆေးရာတွင် အားနည်းချက်များစင်သလိုစစ်ရန်။

(၃) ထွန်းငြိမ်းကြောရိုးများနဲ့ ပတ်သက်လို့ စစ်ရာမှာ ဥက္ကဋ္ဌရဲ့ရှင်းပြထားတဲ့အတိုင်း သူတို့အပေါ်မှာ ပါတီရဲ့ မပြောင်းလဲတဲ့ သဘောထား

– သူတို့ဟာ ပါတီဗဟိုလာစဉ် ထွန်းငြိမ်းရဲ့ လုပ်ကြံမှုခံရ။

– သူတို့ဟာ ထွန်းငြိမ်းရဲ့ အကြံအစည် များများတက်ကြွစွာပါခဲ့။

- သူတို့ဟာ တပ်သားထုအပေါ် ထွန်းငြိမ်းရဲ့ အလုပ်တွေမကျေကျေအောင်လုပ်ခဲ့။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

- ဒီရာဇဝင်ကြွေးကို ပြန်ဆပ်ဖို့ ထွန်းငြိမ်းရဲ့ လုပ်ရပ်မှန်သမျှ ကို ကိုယ်တိုင်ပါဝင်ခဲ့ဘာတွေပါ အကုန်အစင် ဖော်ထုတ်ဖွင့်ချဖို့။
- အထူးသဖြင့် ထွန်းငြိမ်းရဲ့ ပြောဆို လုပ်ဆောင် ချက် တွေ ရဲ့ နောက်မှာ သူ့ရဲ့ရည်ရွယ်ချက်အကြံအစည်များကို ဖော်ထုတ်ဖို့။

(၄) ထွန်းငြိမ်းဆန့်ကျင်နေတဲ့ ရဲဘော်များကိုလဲ ထွန်းငြိမ်းချေမှုန်း ရေးအတွက် အချက်အလက်များ ပြည့်စုံစွာရအောင် ဖော်ထုတ် စစ်ဆေးရန်။

- အထက်ပါ ၄-မျိုး ၄-ခုကို ပေါ်လစီအပ်ရာတွင် အမျိုးတူ များစုရုံဖြစ်စေ၊သီးခြားဖြစ်စေ အပ်ရန် စစ်ဆေးရာ၌ အခါက အားဖြင့် သီးခြားတဦးစီစစ်ရန် လိုအပ်လျှင် စုရုံဖြစ်စေ စစ်ဆေး ရန်။

အခြားလိုအပ်သူများ။ ။စစ်ဆေးရာ၌ အထက်ပါ ၄-မျိုးအပြင် အ ခြား လိုအပ်သူများကိုလည်း ထပ်မံစစ်ဆေးရန်လိုအပ်က ခေါ်ယူစစ် ဆေးရန် စစ်ဆေးရမည့်ရက် စုစု ၂၅-ရက်အတွင်က လူများပြီးအောင်စစ် ရန်(၁၆-ရက်၊ ၁၇-ရက်)အသေးစိတ် ထွန်းငြိမ်းစစ်ရန် ၁၆-၈-နံနက် ၁၀-နာရီ။

- အဖွဲ့ဝင်အားလုံးခုစစ်ရန်။
- အခြားလူများ(၁)ဂိုဏ်းသား (၂)ကျောရိုး(၃) ဆန့်ကျင်ဖက် များ၃-ဖွဲ့ခွဲစစ်ရန်။

(၁) အဖွဲ့-ချစ်၊ လွင်၊ ကျော်သန်း။
(၂) ။ ဘုန်းကျော်၊ လုံကြည်၊မအေးမြင့်။၊
(၃) ။ ရှိန်၊ ခင်ကြီး၊ အောင်မင်း။

ရဲဘော်ထွန်းငြိမ်းသည် တောင်ကုန်းကလေးထိပ်ရှိ၊ အစောင့်အကြပ်များ အပြည့်ချထားသော တောတွင်းအချုပ်ထောင်တွင်းတွင် ထိပ်တုံးခပ်လျက်သား လှဲလျောင်းလျက်ရှိ၏။ တထောင်ဆစ် ၂ ခုကိုလည်း နောက်ကျောမှနေ၍ ကြိုး ဖြင့်တုတ်နှောင်ထားသည်။

ယင်းအချုပ်ထောင်သို့ စုံစမ်းစစ်ဆေး ရေးအဖွဲ့ဝင်များရောက်ရှိနေကြပြီဖြစ် ၏။ ယင်းအဖွဲ့တွင် သခင်ချစ်၊ ရဲဘော်ခင်ကြီး၊ ရဲဘော်ရှိန်၊ ရဲဘော်ဘုန်းကျော်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ထွန်းငြိမ်းရိုက်အား စစ်ဆေးရေးအတွက် လမ်းညွှန်ပေါ်လစီ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်လှကြည်၊ ရဲဘော်လွင်၊ ရဲဘော်အောင်မင်း(တပ်ကိုယ်စား)ရဲဘော် ကျော်သန်း(တပ်နီလူငယ်ကိုယ်စား) မအေးမြင့် (တပ်နီအမျိုးသမီးကိုယ်စား) တို့ ပါဝင်ကြ၏။ အဖွဲ့ဥက္ကဋ္ဌမှာ သခင်ချစ်ဖြစ်ပြီး၊ အတွင်းရေးမှူးမှာ ရဲဘော် ခင်ကြီးဖြစ်၏။

ဤအဖွဲ့၏ တာဝန်မှာ ဗိုလ်ထွန်းငြိမ်းနှင့် အခြားလိုအပ်သူများကို စုံစမ်းစစ် ဆေး၍ ထွန်းငြိမ်းအား စွဲချက်တင်ရန်ဖြစ်သည်။

စုံစမ်းစစ်ဆေး လုပ်ခြင်း၏ ရည်ရွယ်ချက်မှာ ဗိုလ်ထွန်းငြိမ်းအား ပါတီဗဟို ဆန့်ကျင်ရေးသမား၊ ပါတီဖျက်သိမ်းရေးသမား၊ တော်လှန်ရေးဖျက်ဆီးရေးသ မား၊ တန်ပြန်တော်လှန်ရေးသမား၊ ပြန်လည်ပြင်ဆင်ရေးသမားအဖြစ် လုပ်ရပ် များကို ရှာဖွေပြီး ဖော်ထုတ်ရန်သာဖြစ်၏။

"အခုချိန်ကစပြီးတော့၊ စစ်ဆေးပါတော့မယ်"။

စုံစမ်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌသခင်ချစ်သည် ကြေညာလိုက်လေသည်။

ထို့နောက်တွင် သခင်ချစ်ကိုယ်တိုင် ခေါင်းဆောင်၍ ဗိုလ်ထွန်းငြိမ်းအား စစ်ဆေးနေလေသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဗိုလ်ထွန်းငြိမ်းအား မိမိတို့စစ်ဆေးလိုသည့်အ ချက်များကိုသာ ဖော်ထုတ်၍ မေးမြန်းကြ၏။ "ဟုတ်သလား။မဟုတ်ဘူးလား" ဟူ၍သာ ဖြေဆိုစေလေသည်။

"— ပြည်ခရိုင်ကို ဖျက်ဆီးခဲ့သလား။
— တိုက်တိုင်းအောင်ကို ဖျက်ဆီးခဲ့သလား။
— ပါတီဗဟိုကို လုပ်ကြံဖို့ ဘာတွေစီစဉ်သလဲ။
— တရုပ်ပြည်မှာတုန်းက သန်းမြိုင်နဲ့ ဘယ်လိုဆက်ဆန်ခဲ့လဲ။
— တရုပ်ပြည်က ဗမာပြည်ပြန်ခါနီးမှာ မင်းကိုသန်းမြိုင်က လျှို ဝှက်ပြီး ဘာတွေ မှာလိုက်သလဲ။"

ဗိုလ်ထွန်းငြိမ်း၏မျက်နှာသည် နီရဲ၍နေ၏။ တခါတခါတွင် အံကို ကြိတ် ထား၏။ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တို့သည် တဦးပြီးတဦးမေးမြန်းနေကြသည်။

"ခင်ဗျားတို့ မေးတာတွေ ဘာတခုမှမဟုတ်ဘူးဗျ"

"ကျုပ်ဘယ်တော့မှ ပါတီကို သစ္စာမဖောက်ဖူးပါဘူးဗျာ။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ထွန်းငြိမ်းသည် အသံကုန်အော်၍ ဖြေကြားလိုက်လေသည်။

"ဟေ့ကောင် လူပါးဝလိုက်တာ ကောင်းကောင်းဖြေတာမဟုတ်ဘူး"။

ရဲဘော်စိုးဝင်း(ခ)ဌေးအောင်(ပီကင်းပြန်)သည် အော်ငေါက်၍ဟန့်တားလိုက်လေသည်။

"ခေါင်းမာတဲ့ ပြန်ပြင်ရေးသမားထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်" တပ်နီအမျိုးသမီးများက ခပ်လှမ်းလှမ်းမှနေ၍ အော်ဟစ်တောင်းဆိုနေကြလေသည်။

ထိုအခါတွင် ဗိုလ်ထွန်းငြိမ်းသည် ဦးခေါင်းကို အောက်သို့ပို၍ စိုက်လိုက်သည်။

"ခင်ဗျားတို့မေးတာတွေက မဟုတ်ပါဘူးဗျာ။ ဆန်းစစ်တာ လေ့လာတာတွေတော့ လုပ်ကြပါအုံးဗျာ"။

ဗိုလ်ထွန်းငြိမ်း၏အသံသည် တိုးနေ၏။ တုန်နေ၏။ ယဲ့ယဲ့ပင် ဖြစ်နေသည်။

ယင်းသို့ပြောလျက်ပင် ဗိုလ်ထွန်းငြိမ်း၏ မျက်လုံးအစုံမှ မျက်ရည်တို့သည် တပေါက်ချင်းတပေါက်ချင်း စီးကျနေ၏။ ရှိုက်သံမထွက်စေရန်ပင် ထိန်းသိမ်းနေရ၏။ လက်ပြန်ကြိုးကို တင်းကြပ်စွာ တုတ်နှောင်ထားသဖြင့် မျက်ရည်တို့ကို သုတ်၍မရချေ။ ခေါင်းကြီးကိုသာ ဘယ်ညာပင် သွက်သွက်ခါ ရမ်းလျက်ပါးပြင်မှ မျက်ရည်များကို လွင့်စင်စေလေသည်။

"ပိတ္တာမျက်ရည်မြေမကျရဘူး။ နွားကြီးငိုနေတယ်ဟေ့။ သနားစရာမဟုတ်ဘူး။ ကျင်းထဲကို ပို့လိုက်"။

တော်လှန်သောတပ်နီလူငယ် မောင်ရွှေကြီးသည် ခပ်လှမ်းလှမ်းမှထ၍ ဟစ်အော်လိုက်၏။ ထို့နောက်တွင် ရဲဘော် ရဲဘော်မများသည်လည်း ခပ်လှမ်းလှမ်း တဲတလုံးမှ အသံကုန်အော်ဟစ်နေကြသည်။ "သစ္စာဖောက်ထွန်းငြိမ်းကို ငါတို့ကိုယ်တိုင်သတ်မယ်။အခုသတ်မယ်"။

× × ×

၁၉၆၀-ခုနှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့တွင်ဖြစ်သည်။

"ထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်းချေမှုန်းရေး စွဲချက်တင် လူထုတိုက်ပွဲကြီး"ကို ဆင်နွှဲရန်အတွက် အသင့် ပြင်ဆင်နေကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

- စိန်–ငပိန် နောက်လိုက် ငြိမ်းရှိန်ဂိုဏ်းကို ချေမှုန်းကြ။
- သန်းမြိုင်နောက်လိုက် ခွေးထွန်းငြိမ်းကို ချေမှုန်းကြ။
- သာဓိနွထွန်းငြိမ်းကို ချေမှုန်းကြ။
- ပြန်ပြင်ရေးသမား ငြိမ်းရှိန်ဂိုဏ်းကို ချေမှုန်းကြ။

ဤသို့ နံရံကပ် စာတမ်းများ စာလုံးကြီးများသည် နေ ရာ အ နှံ့တွင် ကပ်ထားကြ၏။ ရေးထားကြ၏။ နံရံကပ်စာတမ်းများနှင့်သာ ပြည့်နှက်နေလေသည်။

ယင်းသို့ ငြိမ်းရှိန်ဂိုဏ်းချေမှုန်းရေး စွဲချက်တင် လူထုတိုက်ပွဲကို ဆင်နွှဲရန် စီမံကိန်းရေးဆွဲနေစဉ်ပင် ဗိုလ်ထွန်းငြိမ်း၏ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး အလုပ်အဖွဲ့ဝင်များကိုလည်း "ဗိုလ်ထွန်းငြိမ်း၏ဂိုဏ်းသားများ" ဖြစ်သည်ဟု သတ်မှတ်ကာ ချက်ခြင်းပင် ဖမ်းဆီးချုပ်နှောင်လိုက်လေသည်။

ယင်းသို့ ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူများမှာ....

(၁) ရဲဘော်ထွန်းကျော်(ခ)မောင်စိုးဝင်း (လူထုဦးလှ ဒေါ်အမာ သား)

(၂) ရဲဘော်ဘသန်း(ခ)မောင်သိန်းထွန်း။

(၃) ရဲဘော်ဘိုးသာ(ခ)မောင်ကျော်ခင်။

(၄) ရဲဘော်ခင်ဝင်း(ခ)မောင်စိုးမြင့်....တို့ ဖြစ်ကြသည်။

အမှန်စင်စစ်အားဖြင့် ငြိမ်းရှိန်ဂိုဏ်းသားများအဖြစ်ဖြင့် သတ်မှတ်ခံထား ရသူများတွင် ရဲဘော်တင်ဟန် (ခ) သာမောင် (ခ) အောင်သိန်းနိုင် (ဗိုလ်ရန်အောင်၏တူ)လည်း ပါဝင်လေသည်။

သို့သော်လည်း ရဲဘော်တင်ဟန်(ခ)အောင်သိန်းနိုင်သည် ယခုအခါတွင် မရှိတော့ချေ။

× × ×

၁၉၆၈-ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့ညတွင်ဖြစ်သည်။

ဝါခေါင်လပြည့်ကျော်တရက်နေ့ လ,သည် ထွက်ပြူနေပြီဖြစ်၏။ လင်းလင်းထင်းထင်းကားမရှိချေ။ မိုးတိမ်မိုးရိပ်များကြောင့် မှောင်ရီ သန်း၍ပင်နေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည်ကွန်မြူနစ်ပါတီ ပဲခူးရိုးမတိုင်း၏နောက်တန်းရုံးသည် ပဲခူးခရိုင် ပန္တနော်ကုန်းမြို့နယ် တုံးခန်းချောင်း၏ လက်တက်ဖြစ်သော ရေအေးမြောင်ဖျား တွင် စခန်းချထားလေသည်။

ရဲဘော်သာမောင်(ခ)တင်ဟန်(ခ)အောင်သိန်းနိုင်နှင့် ရဲဘော်ဝင်းအောင် (ခ)မင်းဝင်းထိန်(ခ)မင်းတင်နိုင်တို့သည် မိုးပုန်း၊ ချင်းလယ်ရွာမှ အုန်းသီး များကိုထမ်း၍ တိုင်းစခန်းသို့ ပြန်လာခဲ့ကြသည်။

(မှတ်ချက်။ ။မင်းဝင်းထိန်သည် ဦးထွန်းငွေ-ဒေါ်မာဟုတ်တို့၏ သား ဖြစ် သည်။ ကျိုက္ကမီခရိုင် ကျုံကဒတ် ရွာတွင် မွေးဖွား ခဲ့သည်။ အသက်မှာ (၂၅)နှစ်ရှိပြီ ဖြစ်သည်။ ၁၉၆၀-ခုနှစ် တွင် (၁၀)တန်းအောင်၍ မော်လမြိုင် ဥပစာ ကောလိပ်တွင် ဆက်လက် ပညာသင်ကြားခဲ့သည်။ ၁၉၆၁-ခုနှစ် နောက် ပိုင်းမှစ၍ မော်လမြိုင်ဥပစာ ကောလိပ်တွင် ကျောင်းသား ညီညွတ်ရေး တပ်ဦးခေါင်းဆောင် အဖြစ် လှုပ်ရှားခဲ့သည်။ ထို့နောက်တွင် မြေအောက်ဗမာပြည် ကွန်မြူနစ် ပါတီနှင့် ဆက်သွယ်ခဲ့ပြီး ၁၉၆၇-ခုနှစ်တွင် ဗမာပြည် ကွန်မြူနစ်ပါတီ ပဲခူးရိုးမသို့ တောခိုခဲ့သူဖြစ်ပါသည်။ စာရေးသူ။)

"အခု တင်ဟန်တို့ရွာက ရောက်ရောက်ခြင်းပဲ အလစ်ဖမ်းပြီး ချက်ခြင်းချေ မှုန်းပစ်ရမယ်။

တင်ဟန်ကိုတော့ ဘာကိုမှအမေးအစမ်းမလုပ်ရတော့ဘူး။

ဝင်းထိန်ကိုတော့ တင်ဟန် ဘာတွေလုပ်နေတယ်ဆိုတာ စစ်ဆေးရအုံးမယ်။

ဒီကိစ္စကို အမြန်ဆုံး ဆောင်ရွက်ရမယ်လို့ ဦးအောင်ဖြိုး(သခင်သန်းထွန်း) ဦးခိုင်(ရဲဘော် အောင်ကြီး)နဲ့ ဦးသက်တို့က အပြီးအပြတ် တာဝန်ပေးလိုက် တယ်။

ဗဟို ဆေးကျောင်းက လက်ရွေးစင် အဖွဲ့တဖွဲ့ကိုတောင် ထည့်ပေးလိုက် တယ်။"

ပဲခူးရိုးမတိုင်းနောက်တန်းတိုင်းရုံး၏ ကလာပ်စည်းအတွင်းရေးမှူးဖြစ်သော ရဲဘော်တင်စိုး(ခ)မောင်ညိုသည် နောက်တန်းရုံးကလာပ်စည်းဝင်တို့အား ရှင်း လင်းပြနေ၏။ ချက်ခြင်းစီစဉ်ရန်လည်း ညွှန်ကြားနေလေသည်။

"မင်းဝင်းထိန်ကတော့ ဘယ်လိုပတ်သက်လို့လဲဗျာ။ အချောင်ခံရသလို ဖြစ် နေတယ်"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ပင် ကလာပ်စည်းအဖွဲ့ဝင်ဖြစ်သော ဗိုလ်အောင်လှိုင်သည် မင်းဝင်းထိန်နှင့်ပတ်သက်သော ထင်မြင်ချက်ကိုပြောလိုက်သည်။

"အိုး....ဒီကောင်ကလဲ တင်ဟန်နဲ့ တတွဲဖြစ်နေတာပဲ။ ဒီကောင် ကတော့ ဘာမှတော့ မဟုတ်ဘူးဆိုပြီး အဘိုးကြီးတွေကပြောတယ်။ ဒါပေမဲ့ ဒီကောင်ကလဲ အချုပ်ထဲကဝန်ခံချက်လက်မှတ်ရေးထိုးပြီးထွက်လာသူဖြစ်တယ်။ ဒါဟာ တနည်းတလမ်းနဲ့ လက်နက်ချလာတာပဲ။နေရှင်ပေါက်စ ပညာတတ်တယောက် ဖြစ်နေတော့ အရှည်မှာအန္တရာယ် အများကြီး ထပ်ပေးနိုင်တယ်။ အဲ့ဒီတော့ မထူးဘူး။ ဝင်းထိန် ကို ထိန်းထားနိုင်ရင် ထိန်းထား။ မသားနိုင်ရင် တင်ဟန်နဲ့ တခါထဲသာ ချပစ်လိုက်ဖို့ အမိန့်ပေးလိုက်တယ်။ အထူးသဖြင့်ကတော့ ဝင်းထိန်ကို ချပစ်လိုက်တယ်ဆိုတာတော့ ဘယ်သူ့ကိုမှ အသိမပေးရဘူး။ **အထူးလျှို့ဝှက်ထားရမယ်လို့လဲ မှာလိုက်တယ်။"**

ရဲဘော်တင်စိုးသည် သခင်သန်းထွန်းနှင့် ရဲဘော်သက်(ခ) ဦးအေးမောင်တို့၏အမိန့်နှင့်ညွှန်ကြားချက်ကိုဆပ်၍ ရှင်းပြလိုက်၏။ အသေးစိတ် အစီအစဉ်များကို ဆုံးဖြတ်လိုက်ကြလေသည်။

ရဲဘော်တင်ဟန်နှင့်မင်းဝင်းထိန်တို့ကား ယင်းကိစ္စများကို မည်သို့မျှ မသိရှိကြ။ မူလအတိုင်းပင်ဟုယူဆနေကြ၏။

"မော်စီတုံးအတွေးအခေါ်နေရောင်ခြည်လိုထွန်းပြောင် ကမ္ဘာပြည်သူတွေ အလင်းရောင် ပေးဆောင် မော်စီတုံး အတွေးအခေါ် မြဲမြဲ တို့ ကိုင်ဆောင်" ဟူသော "တိုက်တိုင်းအောင်"သီချင်းကို သီဆိုယင်း စခန်းတွင်းသို့ဝင်လာခဲ့ကြလေသည်။

"ဗျို့ကိုတင်စိုးကြီး ပြန်ရောက်နေပြီလား။ နေကောင်းရဲ့လား။ အတော်ပဲ ခင်ဗျားကို အုန်းသီးကျွေးရမယ်။"

မင်းဝင်းထိန်သည် ရဲဘော်တင်စိုးအား ဝမ်းသာအားရပင် နှုတ်ဆက်နေ၏။

ထို့နောက်တွင် ရွာမှပါလာသည့်အုန်းသီးများကိုတဲတွင်ထားခဲ့ပြီး ရေချိုးဆိပ်သို့ဆင်းခဲ့ကြသည်။

"ဟေ့ကောင်တွေ မလှုပ်ကြနဲ့"

ရဲဘော်တင်စိုးနှင့်အဖွဲ့သည် သေနတ်များနှင့် အသင့်ချိန်ရွယ်ထားလိုက်ကြ၏။ တပ်နီလူငယ်များကလည်း ဝိုင်းဝန်း၍ထားလိုက်ကြသည်။

"ဘယ်လိုဖြစ်တာလဲဗျာ- မလှုပ်နဲ့ဆို မလှုပ်ပါဘူးဗျာ။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ဝင်းထိန်က ပြောနေ၏။ မျက်လုံးလေး ပေကလပ်ပေကလပ်လုပ်နေ၏။ ဒူးကိုညွတ်၍ ထိုင်ချလိုက်သည်။

"ကျွန်တော်တို့ကို ဘယ်လိုလုပ်မလို့လဲဗျာ။"

ရဲဘော်တင်ဟန်ကလည်း မေးနေ၏။ ဒူးနှစ်ဖက်သည်လည်း တုန်၍နေလေသည်။

ရဲဘော်တင်စိုးနှင့်တပ်နီလူငယ်တို့သည် ရဲဘော်တင်ဟန်နှင့် ရဲဘော်ဝင်းထိန်တို့အား ကြိုးများဖြင့် အထပ်ထပ်တုပ်နှောင်လိုက်ကြတော့သည်။

ထို့နောက်ချက်ခြင်းပင် ရဲဘော်တင်ဟန်အား ရဲဘော် သန်းမောင်(ခ) ပေါ်ထူးခေါင်းဆောင်သော တပ်နီလူငယ်တို့သည် စခန်း၏တောင်ဘက် ကိုက်နှစ်ရာခန့်ကွာသော တောင်ယာကုန်းပေါ်သို့ အတင်းဆွဲ၍ခေါ်ခဲ့၏။ နွားရိုင်းကဲ့သို့ ဆွဲခေါ်ခဲ့၏။ ကြိုးကိုဆွဲခဲ့သူမှာ ရှမ်းမောင်ရွှေဖြစ်သည်။

"ကျွန်တော့်ကို သတ်ကြတော့မလို့လားဗျာ" ရဲဘော်တင်ဟန်၏ မျက်လုံးမှ မျက်ရည်တို့သည် စီးကျ၍နေသည်။

ရဲဘော်တင်ဟန် (ခ) သာမောင်
(ခ) အောင်သိန်းနိုင်

တောင်ယာကုန်းထိပ်သို့ ရောက်လျှင် ရောက်ချင်းပင် ရဲဘော် ဖိုးချစ်(ခ)ဦးသာအေးသည် ရဲဘော်တင်ဟန်၏ လည်ပင်းအား ဝါးခုတ်သည့်ဓားမြဖြင့် ပိုင်းလိုက်၏။ ရဲဘော်စိုးသန်းနှင့် ရဲဘော်တင်ဝင်းတို့ကလည်းအသင့်ပါလာသောဝါးရင်းတုတ်များဖြင့် တအားလွှဲ၍လွှဲ၍ ရိုက်သတ်နေကြသည်။

ရဲဘော်တင်ဟန်၏ ပါးစပ်မှလည်း တအင်းအင်းဖြင့်အော်ရင်း မချိမဆံ့ ခံစားနေရ၏။ တောင်ယာထိပ်တွင် တလူးလူးတလိမ့်လိမ့်ဖြစ်လျက် အသက်ထွက်၍သွားတော့သည်။

ရဲဘော်မင်းဝင်းထိန်သည် ရဲဘော်တင်ဟန်အား ခုတ်ထစ်နေသည်ကို ကြားနေရ၏။ အလွန်ပင်ခြောက်ခြားနေ၏။ ခြေသုတ်မ်းပင်မှန်အောင် မလျှောက်နိုင်တော့ချေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

''ကျွန်တော့်ကို မသတ်ကြပါနဲ့ ခင်ဗျာ။ ချမ်းသာပေးကြပါခင်ဗျာ။ ကျွန်တော့်ကို ခေါင်းဆောင်ကြီးတွေဆီကိုပို့ပေးပါခင်ဗျာ။ ကျွန်တော်ဘာမှ မသိပါဘူးခင်ဗျာ။''

ရဲဘော်မင်းဝင်းထိန်သည် အသံကိုပင် ပီသအောင် မပြောနိုင်တော့ချေ။ တကိုယ်လုံးပင် တုန်တုန်ချိချိဖြစ်နေသည်။

"ဟေ့ကောင်-ခွေးမသား ဘာတွေပြောနေတာလဲ လိုက်ခဲ့။"

ရဲဘော်သန်းမောင်(ခ)ပေါ်ထူးသည် ရဲဘော် မင်းဝင်းထိန်အား အော်ငေါက်၍ ကြိုးကိုတင်းတင်းဆွဲလျက် တောင်ယာထိပ်သို့ပင် အတင်းဆွဲခဲ့၏။ မြေကြီးပေါ်မှပင် ဒရွတ်တိုက်၍ဆွဲယူခဲ့သည်။

တောင်ယာထိပ်အနီးတွင်ပင် ရဲဘော်သန်းမောင်သည် ရဲဘော် မင်းဝင်းထိန်၏နောက်ကျောအား ဓားမြှောင်နှင့်တအားထိုးစိုက်လိုက်သည်။

''အောင့်မလေးဗျ- အောင့်မလေးဗျ''

မင်းဝင်းထိန်(ခ) ဝင်းအောင်

ရဲဘော်မင်းဝင်းထိန်သည်ရှေ့သို့မှောက်လျက်ကျသွားတော့၏။ လူးလိမ့် နေ၏။ အသားများသည် ဆတ်ဆတ် တုန်၍နေတော့သည်။

ထိုအချိန်တွင် တပ်နီလူငယ်လေးများကလည်း ဝါးရင်းတုတ်များဖြင့် ရဲဘော်မင်းဝင်းထိန်၏ကျောပြင်အားဖြတ်၍ ရိုက်သတ်နေကြသည်။

ရှမ်းမောင်ရွှေသည် ဝါးခုတ် ဓားမကို စုံကိုင်လျက် ရဲဘော် မင်းဝင်း ထိန် ၏ လည်ပင်းအား တအားခုတ်ပိုင်းလိုက်၏။ ဦးခေါင်းနှင့်ကိုယ်ခန္ဓာမှာ တကွဲတခြားဖြစ်သွားတော့သည်။

နောက်ဆုံးတွင်မူ ဦးခေါင်းမရှိတော့သော ရဲဘော်မင်းဝင်းထိန်၏ ကိုယ်ခန္ဓာသည် တွန့်လိမ်၍ပင် လှုပ်ရှားနေသေး၏။ အတန်ငယ်ကြာမှပင် တဖြေးဖြေးငြိမ်သက်သွားလေတော့သည်။

× × ×

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တွင်ကား၊ ငြိမ်း ရှိန်ဂိုဏ်းချေမှုန်းရေးစွဲချက်တလူထုတိုက်ပွဲကို ဆက်လက်၍ဆင်နွှဲနေကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအချိန်တွင်ပင် သခင်သန်းထွန်း၊ ရဲဘော်အောင်ကြီးနှင့် ရဲဘော်သက်တို့သည်၊ ရဲဘော်ဘင်ဟန် (ခ) သာမောင်နှင့် မင်းဝင်းထိန် (ခ) ဝင်းအောင်တို့အား "လုံခြုံသည့်နေရာကို ပို့ထားလိုက်ဘယ်" ဟူ၍သာ လိမ်ညာ၍ ပြောထားလေသည်။

ရဲဘော်တင်ဟန် (ခ) သာမောင်ကိုမူ ဗိုလ်ထွန်းငြိမ်း၏ ဂိုဏ်းသား (၅) ဦးတွင် ထည့်သွင်းလျက်စွဲချက်တင်ရန် စီစဉ်နေသည်။

ရဲဘော်မင်းဝင်းထိန်အကြောင်းကိုမူ "အထူးလျှို့ဝှက်" အဖြစ်ဖြင့် တင်းကြပ်စွာ ပိတ်ပင်ထားလေသည်။

ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းချေမှုန်းရေးစွဲချက်တင်လူထုတိုက်ပွဲ၏ ခန်းမဆောင်ကြီးသည် ထယ်ဝါခန့်ညားလျက် ရှိလေသည်။

ယင်းခန်းမဆောင်ကြီးသည် "မြရာပင်" ကျော၏ အနောက်ဖက် ရေဆင်းရှိ သွယ်တန်းနေသော တောင်ကျောတွင် အလျားလိုက်ပင်တည်ဆောက်ထား၏။ ရင်ကွဲတဲကြီးဖြစ်၏။ တဲ၏အလယ်တွင် လူသွားလမ်းကျယ်ရှိ၏။ ခန်းမဆောင်၏ အရှေ့ဘက်ဘွင် ပြည်သူ့တော်လှန်ရေးဘရားခံ သဘာပတိအဖွဲ့ဝင်များ နေရာယူရန်စင်မြင့်ရှိ၏။ ယင်းနှင့်ကပ်လျက်ရှိသောစင်မြင့်မှာ မိန့်ခွန်းများပြောရန်နှင့် စွဲချက်များတင်ရန်ဖြစ်သည်။

ခန်းမဆောင်၏ ထိပ်နဖူးစီးတွင် "ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်း ချေမှုန်းရေးစွဲချက်တင်လူထုတိုက်ပွဲ" ဟူ၍ ကဗျည်းရေးထိုးထား၏။ အနီစာလုံးများဖြင့် ရေးထိုးထား၏။ ယင်းနဖူးစီး၏ အောက်တွင်မူ မာ့က်စ်၊ အိန်ဂဲလ်၊ လီနင်၊ စတာလင်၊ မော်စီတုံးတို့၏ ပုံကြီးများကို ချိတ်ဆွဲထားသည်။

> (မှတ်ချက်။ မောက်စ်၊ အိန်ဂဲလ်၊ လီနင်၊ စတာလင်၊ မော်စီတုံး တို့၏ ပုံကားချပ်ကြီးများမှာ တရုပ်ပြည် ကွန်မြူနစ်ပါတီမှ ဗမာပြည် ကွန်မြူနစ်ပါတီသို့ ပေးပို့ခဲ့သည့်ပုံများဖြစ်ပါသည်။ တရုပ်ပိုးများဖြင့် ရက်လုပ်၍ ပုံဖော်ထားခြင်းဖြစ်ပါသည်။
>
> စာရေးသူ။)

ထို့ပြင် ခန်းမဆောင်အတွင်း၌လည်း နံရံကပ်ကြွေးကြော်သံများကို ချိတ်ဆွဲထားလေသည်။

* ကြီးမြတ်တဲ့ဗမာပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။
* မဟာမော်စီတုံးအတွေးအခေါ် အဓွန့်ရှည်ပါစေ။
* ကြီးမြတ်တဲ့ဥက္ကဋ္ဌကြီးမော် သက်တော်ရှည်ပါစေ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

* ဥက္ကဋ္ဌကြီး သခင်သန်းထွန်း သက်တော်ရှည်ပါစေ။
* လေးမျိုးကောင်းတပ်သားများဖြစ်အောင် လေ့ကျင့်မွေးမြူကြ။
* ဓနရှင်ကိုယ်စားလှယ်ထွန်းငြိမ်းရဲ့စစ်ရေးလမ်းစဉ်ကို ချေမှုန်းပစ်ကြ။
* ပြန်လည်ပြင်ဆင်ရေးသမားထွန်းငြိမ်းကို စွဲချက်တင်ကြ၊ ဖွင့်ချကြ။
* ပြည်သူ့တပ်မတော်ကိုဖျက်ဆီးတဲ့ထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်။

မိုလ်ထွန်းငြိမ်းအား စွဲချက်တင်ရန်အတွက် ရဲဘော်၊ ရဲဘော်မများသည် သတ်မှတ်ပေးထားသည့် ကြွေးကြော်သံများကို ဟစ်အော်၍ ခန်းမဆောင်သို့ အစီအစဉ်အတိုင်း ဝင်ရောက်လာကြသည်။

အချိန်မှာ နံနက်-၇း ၃၀ နာရီတွင်ဖြစ်သည်။

ဗဟိုကော်မတီ ဥက္ကဋ္ဌ သခင်သန်းထွန်းသည်လည်း ရောက်နှင့်နေပြီဖြစ်၏။ စွဲချက်တင်လူထုတိုက်ပွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့သည်လည်း အစုံအညီပင်ရောက်ရှိနေကြပြီဖြစ်သည်။

"ရဲဘော်တို့ကို အရေးတကြီးပြောချင်တယ်-

မကြာခင်မှာ သစ္စာ ဖောက် ထွန်း ငြိမ်း ကို ထုတ် လာ တော့ မယ်။ ထွန်းငြိမ်းဟာ ငါတို့လက်ထဲမှာဖမ်းမိထားတဲ့ တရားခံဖြစ်တယ်။ ငါတို့ လုပ်ချင်သလို လုပ်လို့ရနေတယ်။ ရိုက်ရင်လဲဖြစ်တယ်။ သတ်ရင်လဲဖြစ် တယ်။ အချိန်မရွေးပဲ ဘာလုပ်လုပ်ရတယ်။

ရန်သူကို သတ်ချင် ဖြတ်ချင်တာဟာ လုံးဝတရားတယ်။ ထွန်းငြိမ်း အပေါ် ရဲဘော်တွေရဲ့ဒေါသကိုလဲ ပါတီက အသိအမှတ်ပြုတယ်။ ဂုဏ် ပြုတယ်။

ဒါပေမဲ့ အချိန်မရောက်ခင်မှာ သစ္စာဖောက်ကို အသက်မသေစေ ရဘူး။သူ့ကိုစိတ်ဓာတ်အရအစွမ်းကုန်ညှဉ်းဆဲပြီးမှသတ်ဖို့လိုတယ်။လူကို သတ်ရတာဟာလွယ်တယ်။ ချက်ခြင်းသေသွားမှာပဲ။

ငါတို့ရန်အောင်တုန်းက သင်ခန်းစာရခဲ့ပြီးဖြစ်ဘယ်။ ရန်အောင်ကို မသေခင်မှာ ရန်အောင်ရဲ့စိတ်ဓာတ်ကို အစွမ်းကုန်မညှဉ်းဆဲလိုက်ရဘူး။ အခုထွန်းငြိမ်းတို့ကိုတော့စိတ်ဓာတ်အရအစွမ်းကုန်ညှဉ်းဆဲပြီးမှ သတ်ဖို့ လိုတယ်။

ဒါကို အကြွင်းမဲ့လိုက်နာမလား။ မလိုက်နာဘူးလားရဲဘော် တို့"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်းသည် ရဲဘော်-ရဲဘော်မများအား လှမ်း၍ မေးလိုက်လေသည်။

"လိုက်နာမယ်၊ လိုက်နာမယ်။"

တခဲနက်ပင် ဖြေကြားလိုက်ကြလေသည်။

ထိုအချိန်တွင် ဗဟိုသုံ့ခြွေရေးတပ်ဖွဲ့မှ ဗိုလ်အောင်မင်း ခေါင်းဆောင်သော လက်နက်ကိုင်တပ်ဖွဲ့သည် ဗိုလ်ထွန်းငြိမ်းအား ကြိုးနှင့်ဆွဲ၍ထုတ်လာကြသည်။

ဗိုလ်ထွန်းငြိမ်းသည် ခန်းမဆောင်၏အနီးသို့ တဖြည်းဖြည်း ရောက်လာ၏။ ရဲဘော်-ရဲဘော်မများသည် အတင်း ခုန်ပေါက်၍ ကြွေးကြော်သံများကို ဟစ်အော်နေကြသည်။

ဗိုလ်ထွန်းငြိမ်းအား လက်ပြန်ကြိုးတုပ်ထား၏။ ခြေကျင်းဝတ် တခုနှင့် တခုကိုလည်းတွဲ၍ ချည်နှောင်ထား၏။ ထူးခတ်ထားခြင်းပင်ဖြစ်သည်။ ခါးကိုလည်းသိုင်း၍ ချည်ထား၏။ ခါးမှကြိုးစကို ရှေ့မှရဲဘော်ကဆွဲ၏။ လက်ပြန်ကြိုးတုပ်ထားသော ကြိုးစကိုလည်း နောက်မှရဲဘော်ကဆွဲ၏။ ခြေကျင်းဝတ်ကို တုပ်ထားသော ကြိုးစကိုမူ ဘေးမှရဲဘော်ကဆွဲ၏။ ထို့ကြောင့်ဗိုလ်ထွန်းငြိမ်း၏ခန္ဓာကိုယ်တခုလုံးမှာ ကြိုးများနှင့် အထပ်ထပ် ရစ်ပတ်လျက် နေလေတော့သည်။ ရုပ်သေးထဲကကြိုးဆွဲသည့်အရုပ်နှင့်မခြားတော့ချေ။

ဗိုလ်ထွန်းငြိမ်းသည် ခြေလှမ်းကို မနိုင့်တနိုင် လှမ်းလျက်လာနေ၏။ လမ်းကို ခက်ခက်ခဲခဲပင်လျှောက်နေရ၏။ ဗိုလ်ထွန်းငြိမ်း၏ နဖူး၌ ချွေးသီးချွေးပေါက်ကြီးများသည် တပေါက်ပေါက်ပင်ကျနေတော့၏။ ဗိုလ်ထွန်းငြိမ်းသည် စွဲချက်တင်မည့်ခန်းမဆောင်အတွင်းသို့ စတင်၍ဝင်ရောက်နေပြီဖြစ်သည်။

"ဟေ့ နွားကြီး- ဟေ့ နွားကြီး"

"ပိတ္တာကြီးဟေ့- ပိတ္တာကြီး။"

"ငပိန်ကြီး- ငစိန်ကြီးဟေ့။"

အမျိုးမျိုးပင် အော်ဟစ်နေကြ၏။ ဗိုလ်ထွန်းငြိမ်း၏အနီးသို့ကပ်၍ ခြေနှင့်ဆောင့်၍ဆောင့်၍လည်း ကန်နေကြ၏။ ဘယ်ပြန် ညာပြန်ပင် ကန်ကြောက်နေကြသည်။

"ရဲဘော်တို့-မသေစေနဲ့အုန်းဟေ့- သေအောင်မလုပ်ကြနဲ့"

"ရဲဘော်တို့ ဥက္ကဋ္ဌကြီးစကားကို နားမထောင်ကြဘူးလား။"

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

ရဲဘော် ညို့အောင်(ပီကင်းပြန်)သည် အော်၍တားဆီးနေလေသည်။

ဗိုလ်ထွန်းငြိမ်း၏မျက်နှာပြင်တခုလုံးတွင်လည်း တံတွေးများနှင့် ပြည့်နှက်နေ၏။ ကိုယ်ခန္ဓာတခုလုံးတွင်လည်း တံတွေးများနှင့် ပေကျံ၍ ခနဘော့၏။ စိုရွှဲ၍နေ၏။ ဗိုလ်ထွန်းငြိမ်းသည် ပါးပြင်တွင်ကပ်နေသော တံတွေးများကိုမူ ဦးခေါင်းကို သွက်သွက် ရမ်း၍ ခါချနေလေသည်။

ရဲဘော်ညို့အောင် (ပီကင်းပြန်) သည် ဗိုလ်ထွန်းငြိမ်းအနီးသို့ ပြေးကပ်လိုက်၏။ ချက်ခြင်းပင်ဗိုလ်ထွန်းငြိမ်း၏ဦးခေါင်းပေါ်သို့နီးနှင့်ရက်သားသော ခမောက်ချွန်ချွန်ကိုဆောင်းပေးလိုက်၏။ ယင်းခမောက်၏ အချွန်ထိပ်ပိုင်းတွင် လူဦးခေါင်းအခွံနှင့် လက်ဖျံရိုး နှစ်ချောင်းကို ကြက်ခြေခတ်သားသည့်ပုံကို ရေးဆွဲထား၏။ ထိုပုံ၏အောက်တွင် “ ၅၅ သမား၊ ဗဟိုဆန့်ကျင်ရေးသမား ထွန်းငြိမ်း ” ဟူသော ကဗျည်းကိုရေးထိုးထားလေသည်။

ထို့ပြင် ဗိုလ်ထွန်းငြိမ်း၏ရင်ပတ်တွင်လည်း၊

“ဗဟိုဆန့်ကျင်ရေး....

တန်ပြန်တော်လှန်ရေး။

သစ္စာဖောက်ဂိုဏ်းထိပ်သီးထွန်းငြိမ်း”ဟူသော စာတမ်းကို နီးဖျာလေးပေါ်တွင်ရေး၍ ကြိုးနှင့်ဖောက်ပြီး လည်ပင်းတွင်ဆွဲချိတ်ထားလိုက်လေသည်။

ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်း ချေမှုန်းရေး
စွဲချက်တင်လူထုတိုက်ပွဲ။
ပြည်သူ့တော်လှန်ရေးတရားခုံ သဘာပတိအဖွဲ့ ဥက္ကဋ္ဌမိန့်ခွန်း။

ရဲဘော်တို့....

ဒီနေ့မှာ ပါတီဗဟိုဆန့်ကျင်တဲ့၊ ပါတီနဲ့ တပ်မတော်ကိုဖျက်ဆီးတဲ့၊ တော်လှန်ရေးကိုဖျက်ဆီးတဲ့၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေး သမား ထွန်းငြိမ်းကိုစွဲချက်တင်တိုက်ပွဲဆင်တဲ့၊ တိုက်ပွဲစတင်ဖို့ဖြစ်တယ်။

ငါတို့ပါတီ တပ်မတော်နဲ့ပြည်သူတွေရဲ့ရန်သူ ထွန်းငြိမ်းကို အဖော်ဖက်ကဝန်းဝိုင်းပြီး၊အနီးကပ်တိုက်ခိုက်ချေမှုန်းဖို့ ဖြစ်တယ်။

ပါတီရဲ့အနှစ် (၃၀) ဖြစ်ပေါ် တိုးတက်လာတဲ့ သမိုင်းကိုကြည့်ရင် ပါတီဟာ အချောင်သမားဝါဒ အမျိုးမျိုးနဲ့ ဂိုဏ်းအုပ်စုအမျိုးမျိုးကို တိုက်ခိုက်ချေမှုန်းရင်း ဖြစ်ပေါ်တိုးတက်လာတဲ့သမိုင်းဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မြစ်ဝကျွန်းပေါ်တိုင်းကော်မီတီ ရဲဘော်ဝင်းမောင်ရေးဆွဲသော
ဗိုလ်ထွန်းငြိမ်း၏ဘဝသရုပ်ဖော်ကာတွန်း

အနှစ် (၃၀) အတွင်းမှာအောင်ဆန်း၊လက်ျာ၊ဂျပန်ဖက်ဆစ်နဲ့ ပူးပေါင်းရေးအုပ်စု၊ အင်္ဂလိပ်နယ်ချဲ့နဲ့စေ့စပ်ပြီး လွတ်လပ်ရေးယူဖို့ ငြိမ်းချမ်းစွာဖြစ်ပေါ်ရေးဘရောက်ဝါဒကို ကိုယ်စားပြုတဲ့ သိန်းဖေဝါဒနဲ့ သိန်းဖေဂိုဏ်း၊ ပါတီဖြိုခွဲဖျက်ဆီးတဲ့ သခင်စိုးအလင်္ကာဂိုဏ်း၊ ၄၇၊ တော်လှန်စစ်ကို ဆန့်ကျင်တဲ့သိန်းတန်၊ အောင်မင်းဂိုဏ်း၊၄၈၊ တော်လှန်ရေးနဲ့ ရေရှည်ပြည်သူ့စစ်ပွဲကိုဆန့်ကျင်တဲ့ သံဒိုင်ဝါဒ၊ ၂-နှစ်အတွင်းစစ်နိုင်ရေးနဲ့ ၅၁ ခုနှစ် ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရ၊ သန်းမြိုင်၊ ငွေး၊ လမ်းစဉ်၊ ၅၅-ပြန် လည်ပြင်ဆင် ရေး ဝါဒ ၅၅-၅၆ မှာ ပေါ်တဲ့ အောင်သူ၊ စိန်ဝင်းဂိုဏ်း၊၅၅-၅၇မှာပေါ်တဲ့ ချမ်းအေး၊ ညွန့်အောင်၊ တင်မြ၊ ရဲထွဋ်၊ လက်နက်ချရေးဂိုဏ်း၊ ၅၅-ပြန်လည်ပြင်ဆင်ရေး လမ်းစဉ်ကို ကိုယ်စားပြုတဲ့ သန်းမြိုင်၊ စိန်၊ ပိန်ဂိုဏ်း၊ ပြန်လည်ပြင်ဆင်ရေးစစ်ရေးလမ်းစဉ်ကို ဖော်ထုတ်တဲ့ ရန်အောင်စတဲ့ အချောင်သမားဝါဒအမျိုးမျိုး၊ဂိုဏ်းအုပ်စုအမျိုးမျိုးကို ဆန့်ကျင်တိုက်ခိုက် ချေမှုန်းပစ်ပြီး ပါတီဟာဖြစ်ပေါ်တိုးတက်ကြီးထွားလာတာဖြစ်တယ်။

အထူးသဖြင့် ပါတီအနှစ် (၃၀) သမိုင်းဟာ လက်ျာ အချောင်သမားဝါဒဖြစ်တဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒ ဂိုဏ်းအုပ်စု အမျိုးမျိုးကို ဆန့်ကျင်တိုက်ခိုက်ချေမှုန်းပစ်တဲ့ သမိုင်းဖြစ်တယ်။

ပါတီရဲ့အနှစ် (၃၀) သမိုင်းက သင်ခန်းစာပေးတာက....

ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီဟာ ကိုယ့်ရဲ့ပါတီထဲက အချောင်သမားဝါဒ အမျိုးမျိုးအပေါ်မှာ အထူးသဖြင့် လက်ျာ အချောင်သမားဝါဒဖြစ်တဲ့ ပြန်လည်ပြင်ဆင်ရေး ဝါဒအပေါ်မှာ ပြတ်ပြတ်သားသားမတိုက်ရင် ကိုယ့်ပါတီထဲမှာ နည်းအမျိုးမျိုးနဲ့ ခိုးဝင်ရောက်နေတဲ့ဓနရှင်ကိုယ်စားလှယ် စစ်ပြေးတွေ၊ လက်နက်ချ အညံ့ခံရေးသမားတွေ၊ တန်ပြန်တော်လှန်ရေး ပြန်လည်ပြင်ဆင်ရေး သမားတွေကို ချေမှုန်းမပစ်ရင်၊ အင်အားကြီးထွားမှာလဲမဟုတ်ဘူး။ စည်းလုံးညီညွတ်မှာလဲမဟုတ်ဘူး။ တော်လှန်ရေးစစ်ကို အနိုင်တိုက်နိုင်မှာလဲမဟုတ်ဘူး။ တော်လှန်ရေးကို ဆုံးခန်းတိုင် ခေါင်းဆောင်နိုင်မှာလဲ မဟုတ်ဘူး ဆိုတာပဲ။

ဒီဂိုဏ်းအုပ်စုတွေကို ငါတို့က ကုန်စင်အောင် ချေမှုန်းမပစ်ရင်၊ဒီသစ္စာဖောက်တွေဟာ ရန်သူနဲ့ပေါင်းပြီး ပါတီနဲ့ပြည်သူတွေကို ဆန့်

ကျင်တိုက်ပြီး ဘော်လုန်ရေးကို ဖျက်ဆီးကြဘယ်ဆိုတာ အထင်အရှား ပဲမြင်နိုင်တယ်။

ဒီဂိုဏ်းအုပ်စုတွေကို ဖော်ထုတ်ပြီးပြည်သူ့ခုံရုံးမှာ စွဲချက်တင်တိုက် ပွဲဝင်ပြီး၊ချေမှုန်း ပစ်နိုင်တာနဲ့အမျှ အောင်ပွဲတွေ ရခဲ့တာလဲ အထင် အရှားပဲ။

ဒါကြောင့် ပြန်ပြင်ရေးသမားတွေကို တဂိုဏ်းပြီးတဂိုဏ်းဖော်ထုတ် တိုက်ခိုက်နိုင်တာဟာ၊ မကောင်းတဲ့ လက္ခဏာမဟုတ်ဘူး၊ ကောင်းတဲ့ လက္ခဏာပဲ။ ရဲဘော် တယောက်က ဒါဟာ ပါတီကို တည် ဆောက် နေတာပဲ။ တပ်ကိုတည်ဆောက်နေတာပဲလို့ပြောလာတယ်။အဲဒါအင်မ တန် မှန်တယ်။

ထွန်းငြိမ်းဝါဒဟာ ပါတီဗဟိုကို လက်နက်နဲ့ ဆန့်ကျင် ပုန်ကန် ခြားနားတာဖြစ်တယ်။ သူ့ရဲ့တန်ပြန်တော်လှန်ရေး ပြန်လည် ပြင် ဆင်ရေးဝါဒကို စစ်ရေးမှာအဓိက ဖော်ပြဘယ်။ ဒါပေမဲ့ နိုင်ငံရေး၊ မြေယာစည်းရုံးရေးစတဲ့ စင်ပြိုင်တစုံဖြစ်တယ်။ ထွန်းငြိမ်း ဝါဒဟာ သန်းမြိုင်၊ စိန်၊ ပိန်၊ ပိုင် ပြန်လည်ပြင်ဆင်ရေးဝါဒရဲ့ အဆက်ပဲ။ ဒါ ပေမဲ့ ထွန်းငြိမ်းဟာ သူ့ရဲ့ပြန်လည်ပြင်ဆင်ရေးဝါဒကို မော်စီတုံး အ တွေးအခေါ်နဲ့ အရေခြုံရာမှာ၊ သူ့ရဲ့ နောင်တော်ကြီးတွေထက် သာ တယ်။ ဒါသာမကဘူး။ ထွန်းငြိမ်းဟာ လက်နက်ကိုင်တပ်ဖွဲ့ကို ချုပ်ကိုင် ပြီး၊ စစ်တပ်နဲ့ ပါတီဗဟိုကို ပုန်ကန်ခြားနားဘာဖြစ်တယ်။ ဒီနေရာမှာ သန်းမြိုင်၊ စိန်-ပိန် ပိုင်-တို့နဲ့ ခြားနားတယ်။ သူကတဆင့်မြင့်တယ်။

ထွန်းငြိမ်းဟာ မြစ်ဝကျွန်းပေါ်၊ တိုက်တိုင်းအောင် တပ်ဖွဲ့တွေမှာ သာမက၊ အခြားတပ်ဖွဲ့တွေမှာလဲ သူ့အဆိပ်တွေ သွင်းထားတာ၊ သူ့ အဆက်အသွယ်တွေ သွင်းထားတာရှိတယ်။ ဒါကြောင့် ထွန်းငြိမ်းဝါ ဒဟာ ဗဟိုအဝန်းအဝိုင်းထဲမှာသာ မဟုတ်ဘူး၊ ဗဟိုအဝန်းအဝိုင်းမှာ ပေါ်ပေမဲ့ တပြည်လုံး လက္ခဏာ ဆောင်တယ်။

ဒါကြောင့် ထွန်းငြိမ်းဝါဒ၊ ထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်း ချေမှုန်းရေး တိုက်ပွဲဟာ ဒီတနေရာ ဒီတပွဲနဲ့ မပြီးဘူး။ တိုက်ပွဲစဉ်ကြီးဖြစ်တယ်။ ဒီ တပွဲနဲ့ အဆုံးသတ်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ဒီတိုက်ပွဲဟာ ထွန်းငြိမ်း ဝါဒ၊ ထွန်းငြိမ်းထွန်းရှိန်ဂိုဏ်း တိုက်ခိုက်ချေမှုန်းရေးတိုက်ပွဲမှာ ပထမ ပွဲဦးထွက် တိုက်ပွဲဖြစ်တယ်။ ဒါကြောင့်ဒီတိုက်ပွဲဟာ ပိုင်နိုင်ဖို့လိုတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထွန်းငြိမ်းဝါဒကို ကုန်ကုန် စင်စင် ပြတ်ပြတ်သားသား တိုက်နိုင်ဖို့ လိုတယ်။ ဒီတိုက်ပွဲမှာ ထွန်းငြိမ်းဝါဒကို ပါဝင်တိုက်ခိုက် ရတာဟာ ပါတီကို တည်ဆောက်တာပဲ။ တပ်မတော်ကို တည်ဆောက်တာပဲ။ တော်လှန်ရေးနဲ့ ပြည်သူကို အကောင်းဆုံး အလုပ်အကျွေးပြုတာပဲ။ ဒီတိုက်ပွဲမှာ ပါဝင်ရတာ တိုက်ခိုက်ရတာ အင်မတန် ဂုဏ်ယူရမှာဖြစ်တယ်။

ဒီတိုက်ပွဲမှာတွေဝေရင်၊တွန့်ဆုတ်ရင်၊ ခြွင်းချန်ထားရင်၊ ပါတီ တပ်မတော်နဲ့ ပြည်သူကို အလုပ်အကျွေးမပြုပဲ၊ရန်သူကိုအားပေးတာဖြစ်မှာပဲ။ ဒါကြောင့် ပြည်သူ့ခုံရုံးမှာ အကုန်အစင် စွဲချက်တင် တိုက်ပွဲဝင်ကြ ဘို့ တိုက်တွန်းလိုတယ်။

ဒီတိုက်ပွဲဟာ ပထမပွဲဦးထွက် တိုက်ပွဲဖြစ်တဲ့အတိုင်း ပြင်းထန်တယ်။ ခက်ခဲတယ်။ ဒီတိုက်ပွဲကိုတိုက်ဖို့ ရဲရမယ်။ ပြတ်သားရမယ်၊ စည်းလုံးရမယ်။ စည်းကမ်းရှိရမယ်။ တိုက်ပွဲအတွင်းမှာ ဥက္ကဋ္ဌရဲ့လမ်းညွှန် ချက်ကို ဦးထိပ်ထားနိုင်ဖို့လိုတယ်။ တိုက်ပွဲသဘာပတိအဖွဲ့နဲ့ ဦးစီးကော်မီတီရဲ့အမိန့်ကို တသွေမတိမ်း လိုက်နာဖို့လိုမယ်။

ရန်သူဟာ ငါတို့ခြေခမှာက်ကို ရောက်လာပြီ။ ရန်သူရဲ့ ဖောက်ပြန်ယုတ်မာတဲ့အလုပ်တွေကို ခါးခါးသီးသီး မုန်းတီးကြ။ရန်သူကို အကြင်နာကင်းမဲ့စွာ စွဲချက်တင်ကြ။ ရန်သူကိုလှစ်ဖွင့်ထိုးပြီး တဟုန်ထိုးတိုက်ခိုက်ဖို့ အသင့်ပြင်ကြ၊ ရန်သူကို ရဲရဲကြီး တိုက်ခိုက်ချေမှုန်းကြ။

ဤသို့ဖြင့် ပြည်သူ့ တော်လှန်ရေးတရားခုံ သဘာပတိအဖွဲ့ ယာယီဥက္ကဋ္ဌ သခင်ချစ်သည် "ထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်းချေမှုန်းရေးစွဲချက်တင် လူထုတိုက်ပွဲ" ကို ဖွင့်လှစ်လိုက်လေတော့သည်။

* တို့ဥက္ကဋ္ဌကြီးကိုစော်ကားတဲ့ ထွန်းငြိမ်းကို သတ်ပစ်-သတ်ပစ်။
* တိုက်တိုင်းအောင်ကို ဖျက်ဆီးတဲ့ထွန်းငြိမ်းကို သတ်ပစ်-သတ်ပစ်။
* ပြန်ပြင်ရေးသမား ထွန်းငြိမ်းကို သတ်ပစ်-သတ်ပစ်။

ကြွေးကြော်သံများသည် ရပ်နားခြင်းမရှိချေ။ ဆက်လက်၍သာ ကြွေးကြော်နေကြလေသည်။

ထို့နောက်တွင် ဗိုလ်ထွန်းငြိမ်းအားစွဲချက်တင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စွဲချက်ကို ယင်းအဖွဲ့၏ကိုယ်စားရဲဘော်ခင်ကြီး(ခ)ရဲဘော်ရွှေညို(ပီကင်းပြန်) က ဖတ်ကြား၍ စွဲချက်တင်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ချစ်၏ လက်ရေးမှု

ပြည်သူ့တော်လှန်ရေး ခုံသဘာပတိအဖွဲ့ဥက္ကဋ္ဌမိန့်ခွန်းမူရင်း

(မှတ်ချက်။ ။ယင်းစွဲချက်မှာ သခင်ချစ်ကိုယ်တိုင် စုဆောင်း၍ ရေးသားတားသော စွဲချက်ဖြစ်ပါသည်။ စာရေးသူ။)

"ပါတီဗဟိုဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေးသမား-
ထွန်းငြိမ်းအား စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စွဲချက်။

နိဒါန်း

ပါတီ တပ်မတော်နဲ့ လူ့ဥယ်အမျိုးသမီးစတဲ့ တော်လှန်တဲ့ လူထုရဲ့ တာဝန်ပေးချက်အရ စုံစမ်းစစ်ဆေးရေးအဖွဲ့ဟာ-

— ထွန်းငြိမ်း ၁ ယောက်
— ထွန်းငြိမ်းဂိုဏ်းသား ၄ ယောက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

–ထွန်းငြိမ်းကျောရိုးဖြစ်ခဲ့သူ	၁၉	ယောက်
–ထွန်းငြိမ်းဆန့်ကျင်ခဲ့သူ	၆	ယောက်
–အခြားရဲဘော်	၂	ယောက်
စုစုပေါင်း	၃၂	ယောက်ကို

စစ်ဆေးခဲ့တယ်။

အဲ့ဒီထဲမှာ အမျိုးသမီး(၆)ယောက် အမျိုးသား(၂၆)ယောက် ဖြစ်တယ်။ ထွန်းငြိမ်းရဲ့ တည်ဆောက်ရေးတပ်ဖွဲ့ တပ်စိတ်တိုင်းက ရဲဘော်များပါ ပါတယ်။ ပါတီကော်မီတီဟောင်း (၅)ယောက်လဲ ပါတယ်။

စုံစမ်းစစ်ဆေးရေးအဖွဲ့ဟာ တည်ဆောက်ရေး တပ်ဖွဲ့တရပ်လုံး လူ (၆၀)ရဲ့တပ်စိတ်လိုက်စွဲချက်တင်တဲ့ တိုက်ပွဲတိုင်းမှာလဲ တက်ရောက်ပြီး ရဲဘော်တိုင်းရဲ့ စွဲချက်များကို လေ့လာခဲ့တယ်။ ဒီအပြင်ထွန်းငြိမ်းကိုယ်တိုင် ဟောပြောချက်များ ပို့ချချက်များပါတဲ့၊ထွန်းငြိမ်းရဲ့ မှတ်စုမှတ်တမ်းစာအုပ်များ ထွန်းငြိမ်းပို့ချချက်များကို မှတ်သား လိုက်ရေးထားတဲ့ အတိကျဆုံးမှတ်စု မှတ်တမ်းများကိုလဲ ဖတ်ရှုစစ်ဆေးလေ့လာခဲ့ပါတယ်။

ဒီလိုလေ့လာစစ်ဆေးပြီးတဲ့အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့က ထွန်းငြိမ်းဟာ....

(၁) ပါတီဥက္ကဋ္ဌနဲ့ ပါတီဗဟိုကို ဆန့်ကျင်ပြီး စင်ပြိုင်ဗဟို လုပ်နေတာ။
(၂) ပါတီလမ်းစဉ်ကို ဆန့်ကျင်ပြီး စင်ပြိုင်လမ်းစဉ်ထူထောင်တာ။
(၃) ပါတီနဲ့ တပ်မတော်ကို ဖျက်ဆီးတာ။
(၄) တော်လှန်စစ် ဖျက်ဆီးတာ။ တော်လှန်တဲ့ သမိုင်းကိုချေဖျက်ပစ်တာ။
(၅) ဂိုဏ်းခွဲတာ။
(၆) အာဏာရှူး၊ အခွင့်ထူးခံ၊ အမျိုးသမီးတွေဖျက်ဆီးတဲ့ တဏှာရူးဖြစ်တာ။
(၇) တန်ပြန်တော်လှန်ရေး ပြန်လည် ပြင်ဆင်ရေးသမားဖြစ်တာတွေကို အခိုင်အမာတွေ့ရှိရပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီအချက်တွေနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေး အဖွဲ့ဟာ ထွန်းငြိမ်းကို နှစ်ကြိမ်စစ်ဆေးခဲ့တယ်။ နှစ်ကြိမ်လုံးမှာ အဖွဲ့ဝင်အားလုံးပါဝင်ပြီး၊ အထက်က ဖော်ပြခဲ့တဲ့အချက်(၇)ချက်ထဲက ထွန်းငြိမ်းပြောခဲ့တာ၊ လုပ်ခဲ့တာတွေကို အသေးစိတ် တခုချင်းမေးပါတယ်။

ပထမအကြိမ် စစ်ဆေးတဲ့အခါ၊ ထွန်းငြိမ်းဟာ မေးတဲ့မေးခွန်း၊ မေးတဲ့ပြဿနာကို တိုက်ရိုက်မဖြေပဲ၊ ဖြစ်စဉ်ကို ရှင်းပါရစေဆိုပြီး အကျယ်တဝင့်ပြောဖို့ကြိုးစားတယ်။ သူရဲ့ပါတီဆန့်ကျင်ရေး ရပ်တည်မှုနဲ့ ပါတီလမ်းစဉ်ကို တိုက်ခိုက်ဖို့ သူ့လမ်းစဉ်ကို ကာကွယ်ဖို့ကြိုးစားတယ်။

အခိုင်အမာ တချက်ချင်းကို ယတိပြတ်မေးတော့ အချက်တိုင်းကို ဘူးကွယ်တယ်။ အချို့အချက်တွေကို လှီးလွှဲပြောတယ်။ တဖက်သတ်စကားနဲ့ ကောက်ချက်မချဖို့၊ အဖက်ဖက်က လေ့လာဖို့၊ သူ့ကိုလုပ်ကြံဖို့မသမာသူတွေတပ်ဖွဲ့ထဲမှာ ရှိပါတယ်ဆိုတာနဲ့ ပြန်လှန်ထိုးနှက်တယ်။

ဒုတိယအကြိမ် စစ်ဆေးတဲ့အခါမှာလဲ၊ ရှိပြောရင်သူနဲ့ ပတ်သက်တဲ့စွဲချက်အားလုံးကိုပဲ ငြင်းပယ်တယ်။ သူမငြင်းကွယ်နိုင်တဲ့အချက်တွေမှာ သူရဲ့လမ်းစဉ်ဆိုင်ရာ ပြဿနာတချို့မှာဆိုရင်၊ ပါတီနဲ့ သူ ကွဲလွဲတာကိုပြောပြီး ဒါပါတီတွင်းမှာ ဖြေရှင်းဖို့အတွေးအခေါ်ဆိုင်ရာ ပြဿနာဖြစ်တဲ့ ပုံမျိုးနဲ့ ရင်ဆိုင်တယ်။

ဒုတိယအကြိမ် စစ်ဆေးပြီးတဲ့နောက်မှာ လူထုရဲ့ တပ်စိတ်လိုက်စွဲချက်တင် တိုက်ပွဲဝင်တာတွေ ကြွေးကြော်သံတွေကို သူသိလာပြီးတဲ့နောက်မှာ ထွန်းငြိမ်းဟာ သူ့ကိုထိန်းသိမ်းထားတဲ့ ရဲဘော်အချို့ကတဆင့်(၄)ကြိမ်တင်ပြတာတွေလုပ်လာတယ်။

အဲ့ဒီတင်ပြချက်တွေကိုကြည့်ရင် သူဟာ ဂိုဏ်းခွဲတာ၊ အမျိုးသမီးတွေဖျက်ဆီးတာ၊ တန်ပြန်တော်လှန်ရေး လုပ်တာတွေဆိုတာ မဟုတ်ပါဘူး။ လုပ်လဲမလုပ်ပါဘူး။ ဆိုပြီးငြင်းမြဲငြင်းတယ်။ အခြားစွဲချက်တွေကိုလဲ ရဲဘော်ထွန်းလှိုင်ကိစ္စနဲ့ ညွှန်ညွှန့်ကိစ္စနှစ်ခုမှာသာ သူလက်တွေ့ကျူးလွန်ပါတယ်။ တည်ဆောက်ရေးမှာ ဦးတည်ချက်လွဲတာနဲ့ ဗဟိုဆန့်ကျင်တာကတော့ အတွေးအခေါ် ပိုင်းကျူးလွန်ချက်ဖြစ်ပါတယ်လို့တင်ပြတယ်။ သူတင်ပြချက်တွေမှာ သူဟာ ခေါင်းမာစွာပင် သူ့ရပ်တည်ချက်အတိုင်း ရပ်တည်ပြီး ပါတီခေါင်းဆောင်မှုနဲ့ ပါတီပေါ်လစီကိုပင် ထိုးနှက်ဖို့ ကြိုးပမ်းတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စုံစမ်းစစ်ဆေးရေးအဖွဲ့ဟာ သူ့ကို ထပ်မံစစ်ဆေးတာ မလုပ်တော့ပါ။ အခြားသက်သေခံတွေကို ထပ်မံစစ်ဆေးပြီး ရရှိတဲ့အခိုင်အမာအချက်အလက်များပေါ်မှာ အခြေခံပြီး အောက်ပါစွဲချက်ကို ပြည်သူ့တော်လှန်ရေးခုံရုံးမှာ စွဲချက်အဖြစ် တင်သွင်းပါမယ်။

× × ×

"ပါတီဗဟိုဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေး ဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေးသမား ထွန်းငြိမ်းအား စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စွဲချက်။

၁။ ထွန်းငြိမ်းဟာ ဥက္ကဋ္ဌသခင်သန်းထွန်း အမှူးပြုတဲ့ ပါတီဗဟိုကို လက်နက်ကိုင် ပုန်ကန်ခြားနားပြီး စင်ပြိုင်ဗဟိုထူထောင်သူ ဖြစ်တယ်။

၂။ ထွန်းငြိမ်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးလမ်းစဉ်ကို ဆန့်ကျင်ပြီး ခနရှင်လူတန်းစား ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်နဲ့ စင်ပြိုင်လမ်းစဉ် ထူထောင်သူဖြစ်တယ်။

၃။ ထွန်းငြိမ်းဟာ ပါတီနဲ့ တပ်မတော်ကို ဖျက်ဆီးသူဖြစ်တယ်။

၄။ ထွန်းငြိမ်းဟာ တော်လှန်စစ်ကိုဖျက်ဆီးတဲ့သူ တော်လှန်တဲ့သမိုင်းကို ချေဖျက်တဲ့သူဖြစ်တယ်။

၅။ ထွန်းငြိမ်းဟာ အကြီးဆုံးဂိုဏ်းခွဲရေးသမားဖြစ်တယ်။

၆။ ထွန်းငြိမ်းဟာ အာဏာရှူးအခွင့်ထူးခံအမျိုးသမီးတွေ ဖျက်ဆီးတဲ့ တဏှာရူးဖြစ်တယ်။

၇။ ထွန်းငြိမ်းဟာ အကြမ်းဖက်တန်ပြန်တော်လှန်ရေး ပြန်လည် ပြင်ဆင်ရေးသမားဖြစ်တယ်။

၁။ ထွန်းငြိမ်းဟာ ဥက္ကဋ္ဌသခင်သန်းထွန်းအမှူးပြုတဲ့ ပါတီဗဟိုကိုလက်နက်ကိုင် ပုန်ကန်ခြားနားပြီး စင်ပြိုင်ဗဟိုထူထောင်သူဖြစ်ကြောင်း၊ သူ့ရဲ့ အောက်ပါလုပ်ရပ်တွေ ပြောဆိုချက်တွေအရ စွဲချက်တင်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(က) "တော်လှန်တဲ့ဗဟိုတော်မီတီ ဆိုတာမရှိဘူး။ ဥက္ကဋ္ဌကအစ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တွေလဲ အရင်းခံ အလှည့်အပြောင်း ဘယ်သူမှ မလုပ်ရသေးဘူး"လို့ ထွန်းငြိမ်းဟာ သူ့ကိုယ်တိုင်ရော၊ သူ့ဂိုဏ်းသားတွေကတဆင့်ရော တပ်ဖွဲ့တခုလုံးကို ပြောခဲ့တယ်။

ဒါဟာ တော်လှန်တဲ့ ပါတီဗဟိုမရှိဘူး။ တော်လှန်တဲ့ပါတီ ဗဟိုကို အသိအမှတ်မပြုဘူးဆိုတာပဲ။ ဧပြီလ (၂၇) ရက်နေ့ နောက်ပိုင်းမှာ ဥက္ကဋ္ဌနဲ့ တော်လှန်တဲ့ဗဟိုနဲ့ တော်လှန်တဲ့ဗဟိုကော်မီတီကိုအသိအမှတ်မပြုတာဟာ ပါတီဗဟိုကို ပုန်ကန်ခြားနားတာပဲဖြစ်တယ်။

လက်တွေ့မှာ သူ့ရဲ့တည်ဆောက်ရေး တပ်ဖွဲ့ရဲ့ သေနတ်ပြောင်းဝကို ပါတီဗဟိုဖက် လှည့်စေတာအရ၊ ထွန်းငြိမ်းဟာ လက်နက်ကိုင် တပ်ဖွဲ့နဲ့ ပါတီဗဟိုကို ပုန်ကန်ခြားနားပြီး၊စင်ပြိုင်ဗဟိုထူထောင်သူဖြစ်တယ်းဆိုတာ ထင်ရှားပါတယ်။

(ခ) ပါတီဗဟိုမှာဗဟိုကော်မီတီတွေ၊ကျောင်းဆရာတွေ၊ကျောင်းလာတက်တဲ့ တိုင်း၊ ခရိုင်ကော်မီတီတွေ၊ တပ်မတော်သား လူငယ်အမျိုးသမီးတွေဟာ အရင်းခံ အလှည့်အပြောင်းမလုပ်ရသေးတဲ့ ပြန်လည်ပြင်ဆင်ရေး ထုကြီးဖြစ်တယ်။ ဥက္ကဋ္ဌဟာ ပြန်လည်ပြင်ဆင်ရေးသမားတွေကြားမှာ လေးဖက်တွားလိုက်နေတာ လို့ ထွန်းငြိမ်းဟာ သူကိုယ်တိုင်ရော၊ သူ့ဂိုဏ်းသားတွေကတဆင့်ရော၊ တပ်ဖွဲ့တခုလုံးကို ပြောခဲ့တယ်။

ဒါဟာ ပါတီဥက္ကဋ္ဌနဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ပါ၊ဗဟိုဌာနချုပ်ကရဲဘော်တွေဟာ၊ ပြန်လည်ပြင်ဆင်ရေးသမားတွေ၊ပါတီဗဟိုကိုပြန်လည်ပြင်ဆင်ရေးဗဟိုလို့မြင်အောင် သူ့တပ်ဖွဲ့ကို လှုံ့ဆော်ထားတာ ဖြစ်တယ်။

ဒါကြောင့်လဲ သူ့တပ်ဖွဲ့ကို ပါတီဥက္ကဋ္ဌက ပါတီဗဟိုကိုနာခံမလား။ ပြန်လည်ပြင်ဆင်ရေးဗဟိုကို နာခံမလားလို့ ပေးစာမှာ အတိအလင်းမေးတဲ့အခါ၊ပါတီဗဟိုမှားတယ်၊ ထွန်းငြိမ်းမှမှန်တယ်ဆိုပြီး ရေမအမျှားစုကြီးက ထွန်းငြိမ်းသွေးထိုးပေးချက်အရ ပြောကြတာဖြစ်တယ်။

ဒါအရလဲ ထွန်းငြိမ်းဟာ စင်ပြိုင်ဗဟိုထူထောင်တာ ထင်ရှားတယ်။

(ဂ) "၂-နှစ်အတွင်းစစ်နိုင်ရေးလမ်းစဉ်ချတာလဲသူပဲ။သခင်သန်းပြိုင်တို့ ကိုဌေးတို့က ဆောင်းပါးရေးတာသာဖြစ်တယ်။အခုလဲ လုပ်ပြန်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြီ။ လက်ဝဲကနေ လကျာကို ကင်းမြီးကောက်ထောင်လိမ့်မယ်"" ဦးပိန်ကြီးက မိုးကုတ်ဆုံးဖြတ်ချက်တို့ ၂-ချက်နဲ့ ဝင်ရေးတို့နဲ့တိုက်တော့ဥက္ကဋ္ဌနဲ့ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တွေ မိနေတာပေါ့" "စိန်ပိန်ကို တိုက်တာဟာ ဥက္ကဋ္ဌဟာ ကိုယ်ကျိုးအတွက် လုပ်တာ"လို့ ထွန်းငြိမ်းနဲ့ ထွန်းငြိမ်းဂိုဏ်းသားတွေဟာ သူ့တပ်ဖွဲ့ထဲမှာ ပြောဆိုခဲ့တယ်။

ဒါဟာပါတီဥက္ကဋ္ဌကို ပြန်လည်ပြင်ဆင်ရေးသမားလို့ပြောပြီး၊ ပြန်လည် ပြင်ဆင်ရေးသမား သန်းမြိုင်၊ ငွေး၊ ဘတင်တို့ကို ချီးကျူး ကာကွယ်တာဖြစ်တယ်။

လက်တွေ့မှာ ရန်အောင်ကမျိုးစေ့ချခဲ့တဲ့၊ တင်ဟန်ကို ဂိုဏ်းသားအဖြစ်မွေးကာ၊ တော်လှန်တဲ့ရဲဘော် မောင်ခိုင်ကို သူ့ဂိုဏ်းသားအဖြစ်မွေးဖို့၊ ဖျက်ဆီးဖို့၊ ကြိုးပမ်းတာတွေလုပ်ခဲ့တယ်။ ဒါတွေအရထွန်းငြိမ်းဟာ သန်းမြိုင်၊ စိန်-ပိန် ပိုင်တို့ရဲ့ပြန်လည်ပြင်ဆင်ရေးဌာနချုပ်အသစ်ဖွင့်ဖို့ ကြိုးပမ်းတာ ဖြစ်ကြောင်း ထင်ရှားပါတယ်။

(ဃ) အလှည့်အပြောင်းကာလမှာ အသေလိုက်နာတာကို အားမပေးရဘူး၊ ကျွန်ကေဒါ မဖြစ်ရဘူးဆိုပြီး ထွန်းငြိမ်းဟာ ပစ္စည်းမဲ့လူတန်းစားဌာနချုပ်ဖြစ်တဲ့ ဥက္ကဋ္ဌသခင်သန်းထွန်းအမှူးပြုတဲ့ ပါတီဗဟိုကို အကြွင်းမဲ့ နာခံရေးဆိုတဲ့၊ ပါဘီအသိစိတ်ဓာတ်ကို သူ့တပ်ဖွဲ့ထဲမှာပျက်စီးအောင် လုပ်ထားတယ်။

ဒါဟာ သူတိုင်းရိုးမှာဟောပြောချက်မိန့်ခွန်းနဲ့ ရဲဘော်အမြောက်အမြားရဲ့ ထွက်ဆိုချက်များအရ အထင်အရှားသိရတယ်။

လက်တွေ့မှာ ရဲဘော်ညွန့်ညွန့်က ပါတီဗဟိုကျောင်းတက်ဖို့ ခေါ်တာကို မလိုက်ဖို့ယတိပြတ်ပိုင်းဖြတ်လိုက်ပြီဆိုတဲ့ဟာ၊ ရဲဘော် ထွန်းရှိန်က ရဲဘော်ဘုန်းမြင့်တို့ထံ အသေမလိုက်နာဖို့ ရေးတဲ့စာတွေအရ ထွန်းငြိမ်းဟာ ဗဟိုကို အာခံဖို့ သူ့တပ်ဖွဲ့ကို အတွေးအခေါ်အရရော၊ လက်တွေ့အရရော လုပ်ဆောင်ထားတယ်ဆိုတာ ထင်ရှားပါတယ်။

(င) ထွန်းငြိမ်းဟာ ပါတီဗဟိုရဲ့ ဆုံးဖြတ်ချက်၊ ညွှန်ကြားချက်၊ ပါတီဥက္ကဋ္ဌရဲ့ပြောဆိုချက်၊ စာစောင် စာတမ်းတွေကို ဗဟိုရဲ့စိတ်ဓာတ်အတိုင်း ဗဟိုကို ကိုယ်စားပြုပြီးချပြတာ ပညာပေးတာ မလုပ်ပဲ ဆန့်ကျင်ပြီး သူထင်ရာသူလုပ်နေသူဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတီဗဟိုက ညွှန်ကြားတဲ့ ရဲဘော် ဗိုလ်ဇေယျ ကျဆုံးတာနဲ့ပတ်သက်တဲ့ ညွှန်ကြားချက်ကို ချက်ခြင်းချမပြပဲ ထိန်ချန်ထားတယ်။ အတန်ကြာမှချပြတော့လဲ သူကိုယ်တိုင်ဘာမှမလုပ်ပဲ ကော်မီတီကတဆင့် ဝတ်ကြေတန်းကြေချပြခဲ့တယ်။ ဘေးမှာညွှန်ကြားချက်ကို ဆန့်ကျင်ပြီးတောင် ပြောသေးတယ်။

ဥက္ကဋ္ဌရဲ့ အနှစ်(၂၀) တော်လှန်ရေးနေ့မိန့်ခွန်းကို၊ သူနဲ့တစုံကွဲနေကြောင်းသိအောင် မိန့်ခွန်းထဲက ကောက်ချက်တချို့ကို သူ့ကျောရိုးတွေကိုသာ ချပြခဲ့တယ်။ ချပြတာမှာလဲ ဗဟိုကိုပြန်တိုက်ဖို့ ပြင်ဆင်ခိုင်းတာသာဖြစ်တယ်။

ပြည်ခရိုင်ပေးစာနဲ့ တိုက်တိုင်းအောင်(၂)ပေးစာနှစ်ခုကို စည်းရုံးရေး သဘောအရအောက်ခြေကို ချပြခဲ့တယ်။ ဒါပေမဲ့ ဒီစာတမ်းတွေချပြပြီးတာနဲ့တပြိုင်နက်၊ဒီစာပါ စိတ်ဓါတ်နဲ့ဆန့်ကျင်တဲ့ ထွန်းငြိမ်းသဘောထားတွေကိုချပြတဲ့အပြင်၊ပါတီဗဟိုနဲ့ ပါတီဥက္ကဋ္ဌကို ဆန့်ကျင်တိုက်ခိုက်တာတွေကို ပြောင်အတိအလင်းလုပ်ခဲ့တယ်။

ဒါတွေအရ ထွန်းငြိမ်းဟာ ပါတီဗဟိုကို အံတုသူ၊ပုန်ကန်ခြားနားသူဖြစ်ကြောင်း ထင်ရှားပါတယ်။

(စ) သူဟောပြောတဲ့ စစ်ရေးဟောပြောချက်ကလွဲရင်၊ ကျောင်းဟောပြောချက်တွေမှာ ၅၅-တွေအများကြီးပါတယ်။ ကျောင်းတော်ကြီးက သဘောတရား၊ အချောင်းလိုက်ပေးတာ၊ ကျောင်းတော်ကြီးအကြောင်း သိချင်ရင် သူတို့မေးပေါ့လို့ (ဘသန်း၊ ထွန်းကျော်၊ ဘိုးသာတို့ကို လက်ညိုးထိုးပြ) ထွန်းငြိမ်းဟာ ဗဟို မာ့က်စ်လီနင် ဝါဒကျောင်းကိုပြန်လည်ပြင်ဆင်ရေးကျောင်း၊ လက်တွေ့မရှိတဲ့ကျောင်းလို့ ပုတ်ခပ်ပြီး၊ သူ့ရဲ့တည်ဆောက်ရေးကျောင်းကို မာ့က်စ်လီနင်မော်စီတုံးကျောင်း၊ သဘောတရားနဲ့လက်တွေ့ပေါင်းစပ်တဲ့ကျောင်းလို့ အမွှန်းတင်ခဲ့တယ်။ တကယ်ကတော့ သူဟာ တည်ဆောက်ရေး ကျောင်းမှာ မာ့က်စ်လီနင်ဝါဒမော်စီတုံးအတွေးအခေါ်နဲ့ ဗမာပြည် တော်လှန်ရေးလက်တွေ့ပေါင်းစပ်ထားတဲ့ပါတီရဲ့ လမ်းစဉ်ကိုဆန့်ကျင်ပြီး ပါတီဗဟိုကို ဦးတည်တိုက်ဖို့ သင်ခဲ့တာဖြစ်တယ်။

ဒါဟာ ပါတီဗဟိုနဲ့ စင်ပြိုင်ကျောင်းထောင်တာပဲဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ဆ) တရုပ်ပြန်တိုင်းကို အထင်မကြီးနဲ့ ဆိုပြီး ထွန်းငြိမ်းဟာပါတီဗဟိုနဲ့ ရပ်တည်တဲ့ တရုပ်ပြန်ရဲဘော်တိုင်းကို အမျိုးမျိုးပုတ်ခပ်တယ်။

ဒါဟာ ပါတီဗဟိုကိုဆန့်ကျင်တာပဲဖြစ်တယ်။

(ဇ) ထွန်းငြိမ်းဟာ ပါတီဗဟိုက အလေးထားပြုစုမွေးမြူနေတဲ့၊ ပါတီဗဟိုနဲ့ ရပ်တည်နေကြတဲ့၊လူငယ်နဲ့အမျိုးသမီးတွေကိုလဲ "မျက်ကန်းနောက်လိုက်တွေ ဗိုင်းအာနေကြမှာပေါ့"လို့ အမျိုးမျိုး ပုတ်ခပ်တယ်။

ဒါဟာ ပါတီဗဟိုကို ဆန့်ကျင်တာ ဖြစ်တယ်။ ရန်သူ နေဝင်းရဲ့သဘောထားအတိုင်း၊ စိန်-ပိန်တို့အတိုင်းအားသစ်တွေပေါ်မှာသဘောထားတာဖြစ်တယ်။

(ဈ) ပြည်ခရိုင်ပေးစာနဲ့ တိုက်တိုင်းအောင်(၂)ပေးစာတွေ ရပြီးတဲ့နောက်မှာ၊ ထွန်းငြိမ်းဟာ ဥက္ကဋ္ဌနဲ့ ပါတီဗဟိုကို ဆန့်ကျင်ရေးကို အတိအလင်းလုပ်ခဲ့တယ်။

"လမ်းစဉ်နှစ်ရပ်အတွေးအခေါ်နှစ်ရပ်တိုက်ပွဲမှာသွေးကျနိုင်တယ်။ သတ္တိရှိတဲ့ လူထွက်။ လူကိုခွေးသတ်မခံနိုင်ဘူး။ ခါးခါးချင်း၊ လှံလှံချင်းပဲ။ ဘော်လန်ဒီယာလိုချင်တယ်"လို့ လှုံ့ဆော်ပြီး ပါတီဗဟိုကို နိုင်ငံရေးအရ တိုက်ရတိုက်ရ၊ စစ်ရေးအရ တိုက်ရတိုက်ရ၊ အသင့် ဖြစ်အောင် အတွေးအခေါ်အရလဲ ပြင်ခဲ့တယ်။ လက်တွေ့အရလဲ အခိုင်အမာ စည်းရုံးခဲ့တယ်။ ပါတီဗဟိုက ဒို့ကို ထောက်ပံ့တော့မှာ မဟုတ်ဘူး။ ဒို့တည်ဆောက်ရေးကြီးပြီးအောင် ဒို့ငွေရှာရမယ်ဆိုပြီး ရဲဘော်ရဲဘော်မတွေဆီက ရှိစုမဲ့စု ရွှေငွေတွေကိုစုတယ်။ ဒါဟာ ပါတီ ဆန့်ကျင်ဖို့ အခိုင်အမာ ပြင်ဆင်တာပဲ။ ဒါတင်မကဘူး။ တပ်ကို ပြောက်ကျားစစ်နဲ့ သေနတ်ပစ်တဲ့ အတတ်ပညာအရင် လေ့လာရမယ်ဆိုပြီး ကျောရိုးနဲ့ ကော်မီတီ အစည်းအဝေးမှာ ဦးတည်ချက်ပေးပြီး ပြင်ခဲ့တယ်။

ဒါအရ ထွန်းငြိမ်းဟာ ပါတီဗဟိုကို လက်နက်နဲ့ ပုန်ကန်ခြားနားခဲ့တယ်ဆိုတာ ထင်ရှားတယ်။

ဒီလို ထွန်းငြိမ်းဟာ (က)ပါတီဗဟိုကို ပုန်ကန်ခြားနားတာ(ခ) ပါတီဗဟိုကို ပြန်လည်ပြင်ဆင်ရေး ဗဟိုလို့ စွပ်စွဲတာ(ဂ)သန်းမြို့၊ စိန်၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပိန်၊ပိုင်တို့ရဲ့ ပြန်လည်ပြင်ဆင်ရေးဌာနချုပ်သစ်ဖွဲ့ဖို့ ကြိုးပမ်းတာ(ဿ) ပါတီ ဗဟိုကို အကြွင်းမဲ့ မနာခံပဲ အာခံတာ(င)ပါတီဗဟိုရဲ့ညွှန်ကြားချက် ဆုံးဖြတ်ချက်တွေကို ဆန့်ကျင်လုပ်တာ(စ)ငင်ပြိုင်ကျောင်းထောင်တာ(ဆ)ပါတီ ဗဟိုနဲ့ ရပ်တည်ဘဲတရပ်ပြန်တိုင်းကို ဆန့်ကျင်တာ(ဇ)လူငယ်အမျိုးသမီးတွေကို ဆန့်ကျင်တာ(ဈ)ပါတီဗဟိုကိုလက်နက်နဲ့ ပုန်ကန်ခြားနားဖို့ ပြင်ဆင်လုပ်ကိုင်တာတွေအရ....

ထွန်းငြိမ်းဟာ ဥက္ကဋ္ဌသခင်သန်းထွန်း အမှူးပြုတဲ့ ပါတီဗဟိုကို လက်နက်ကိုင် ပုန်ကန်ခြားနားပြီး ငင်ပြိုင်ဗဟိုထူထောင်သူ ဖြစ်ခဲ့ကြောင်း စွဲချက်တင်ပါတယ်။

၂။ ထွန်းငြိမ်းဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပစ္စည်းမဲ့ လူတန်းစားတော်လှန်ရေးလမ်းစဉ်ကို ဆန့်ကျင်ပြီး မနရှင်လူတန်းစားပြန်လည်ပြင်ဆင်ရေးလမ်းစဉ်နဲ့ ငင်ပြိုင်လမ်းစဉ် ထူထောင်သူဖြစ်ကြောင်း သူ့ရဲ့လုပ်ရပ်တွေ၊ ပြောဆိုချက်တွေ၊ ရေးသားချက်တွေအရစွဲချက်တင်ပါမယ်။

ထွန်းငြိမ်းရဲ့ ပြန်လည်ပြင်ဆင်ရေးငင်ပြိုင်လမ်းစဉ်ဟာ အဓိကပြောမယ်ဆိုရင် စစ်ရေးဖက်မှာ ပေါ်ပြတယ်။

ထွန်းငြိမ်းရဲ့ စစ်ရေးလမ်းစဉ်ဟာ သူရဲ့နိုင်ငံရေးလမ်းစဉ်ရဲ့အဆက်ဖြစ်ပါတယ်။ ဒါကြောင့် ထွန်းငြိမ်းရဲ့ နိုင်ငံရေးကို ပထမစွဲချက်တင်ပါမယ်။

(၁) ထွန်းငြိမ်းဟာပါတီဗဟိုရဲ့အခြေခံလုပ်ငန်းစဉ်ကို ဆန့်ကျင်တယ်။

(က) ထွန်းငြိမ်းဟာ သူရဲ့ပို့ချချက်တွေမှာ ဗမာ့လူ့အဖွဲ့စည်းဟာ လုံးဝ လွတ်လပ်ရေးမရှိဘူးဆိုတာကိုသာပို့ချတယ်။ ဒီလိုပို့ချတာဟာ သူ့မှာ ရည်ရွယ်ချက်ရှိတယ်။ အဲ့ဒါကတော့ သူ့ဆရာစိန်-ပိန်တို့ရဲ့အတိုင်း ယနေ့လူ့အဖွဲ့အစည်းမှာ နယ်ချဲ့စံနစ်၊ ပဒေသရာဇ်စံနစ်ဆိုတဲ့ အခြေခံပဋိပက္ခကြီးနှစ်ခုပဲရှိတယ်။ အဓိကရန်သူကြီးနှစ်ဦးပဲရှိတယ်ဆိုပြီး ရန်သူကြီးသုံးဦးမှာမှ အဓိက အကျဆုံးဖြစ်တဲ့ ဗြူရိုကရက်အရင်းရှင်ဆိုတဲ့ အာဏာရနေတဲ့ အုပ်စိုးတဲ့လူတန်းစားကို ဖုံးကွယ်ဖို့ပဲဖြစ်တယ်။ အဓိကရန်သူ နေဝင်းကို ဖုံးကွယ်ဖို့ပဲဖြစ်ဘယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ခ) ထွန်းငြိမ်းက "လူတန်းစားတိုက်ပွဲနဲ့ လက်နက်ကိုင်တိုက်ပွဲ ပေါင်းစပ်ရမယ်။ ခြေနှစ်ချောင်းနဲ့ လမ်းလျှောက်ရမယ်"လို့ သူရဲ့ နိုင်ငံရေး၊ စစ်ရေးသဘောထားကို အမြဲဖော်ထုတ်ခဲ့တယ်။ သူဆိုလိုတာက ကျေးလက်လူတန်းစားတိုက်ပွဲကိုအဓိကထားပြီး လက်နက်ကိုင်တိုက်ပွဲနဲ့ ပေါင်းစပ်ရေးပဲ။ ဒါဟာလက်နက်ကိုင်တိုက်ပွဲနဲ့ ငြိမ်းချမ်းရေးတိုက်ပွဲ ပေါင်းစပ်ရေးဆိုတဲ့ ၅၅ လမ်းစဉ်အတိုင်းပဲ။ ဒါဟာ ဗမာပြည် တော်လှန်ရေးမှာ လက်နက်ကိုင်တိုက်ပွဲဟာ အဓိကတိုက်ပွဲသဏ္ဌာန်ဆိုတဲ့ အခြေခံလုပ်ငန်းစဉ်ကို ဆန့်ကျင်ပြီး၊ လူတန်းစားတိုက်ပွဲ အဓိကလို့ ဆိုလိုတာဖြစ်တယ်။ ငပိန်ရဲ့ မြေဝေရေးအဓိက၊ စစ်ရေးအဓိကမဟုတ်ဘူးဆိုတာနဲ့ အတူတူဖြစ်တယ်။

(ဂ) ထွန်းငြိမ်းဟာ သေနင်္ဂဗျူဟာ တာဝန်ကြီးသုံးရပ်ဆိုပြီး၊ ၁။ တပ်တည်ဆောက်ရေး ၂။ ပြည်သူ့စစ်ပွဲ အုတ်မြစ်ချရေး ၃။ အရင်းခံအလှည့်အပြောင်းဆိုပြီး ဖော်ထုတ်ခဲ့တယ်။ ဒါဟာပါတီဗဟိုကချထားတဲ့ ၁။ လက်နက်ကိုင်တိုက်ပွဲ ၂။ အာဏာနိုင်ထူထောင်ရေးလှုပ်ရှားမှု ၃။ ပြန်လည် ပြင်ဆင်ရေး တိုက်ပွဲဆိုတဲ့ တိုက်ပွဲကြီးသုံးရပ်ကို စင်ပြိုင်လုပ်တာလဲဖြစ်တယ်။

ဒါဟာ ပါတီဗဟိုရဲ့စစ်ရေးကို ဗဟိုပြုလယ်သမားကိုအခြေခံ၊ လူမျိုးစုတွေနဲ့မဟာမိတ်ဖွဲ့၊ တပ်ပေါင်းစုကိုတိုးချဲ့၊ ပါတီ တည်ဆောက်ရေးဟာ သော့ချက် ဆိုတဲ့ ပါတီရဲ့ လုပ်ငန်း တာဝန်ကြီး (၅) ချက်ကို အစားထိုးတာလဲဖြစ်တယ်။ ဒီတာဝန်ကြီး (၅)ရပ်မှာ အဓိက ဖြစ်တဲ့ စစ်ရေးဗဟိုပြုရမယ်ဆိုတာကို စစ်မဘိုက်တဲ့ တည်ဆောက်ရေးနဲ့ အစားထိုး တာလဲဖြစ်တယ်။

ဒါတွေအရ ထွန်းငြိမ်းဟာ ပါတီရဲ့ အခြေခံ လုပ်ငန်းစဉ်ကို ဆန့်ကျင်သူဖြစ်တယ်။ အတိအကျဆိုရင် အဓိကရန်သူနေဝင်းကို လက်နက်ကိုင်တိုက်ပွဲနဲ့ ချေမှုန်းပစ်ရမယ်ဆိုတာကိုဆန့်ကျင်တာဖြစ်တယ်။

(၂) ထွန်းငြိမ်းဟာ ပါတီရဲ့ ကျေးလက် လူ တန်း စား လမ်း စဉ် ကို ဆန့်ကျင်တယ်။

ထွန်းငြိမ်းဟာဆင်းရဲကိုအခြေခံ၊ အလတ်ကိုမဟာမိတ်ဖွဲ့၊ ချမ်းသာကိုကြားထား၊ မြေရှင်မြေယာအရင်းရှင်ကိုဦးတည်တိုက်-ဆိုတဲ့ ပါတီရဲ့ ကျေးလက် လူတန်းစား လမ်းစဉ်ကို လိုက်နာ ကျင့်သုံးတာ၊ ပို့ချတာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မလုပ်ပဲ၊ ချမ်းသာကို ဦးတည်တိုက်ဖို့ အလတ်အထက်လွှာဟာ မိဘပြည်သူမဟုတ်ဆိုတဲ့ သူ့စင်ပြိုင်လမ်းစဉ်ကိုပို့ချပြီးလက်တွေ့လဲအကောင်အထည်ဖော်ခဲ့တယ်။

ဒါဟာ အဓိကရန်သူ မြေရှင်၊ မြေယာအရင်းရှင် လူတန်းစားကို ဖျောက်ပစ်တာ ဖြစ်တယ်။ ဒါဟာ ဒီနေ့ အကြီးဆုံးမြေရှင်၊ အကြီးဆုံး အတိုးကြီးစား၊ အကြီးဆုံးအမြတ်ကြီးစားဖြစ်တဲ့ နေဝင်းဆိုတဲ့ အဓိကရန်သူတိုက်ရေးကို လမ်းလွှဲပစ်တာဖြစ်တယ်။ လက်တွေ့မှာ နေဝင်းစစ်တပ်ကိုမတိုက်ပဲ နေဝင်းဒေါက်တိုင်ရှင်းရေးနဲ့ အစားထိုးတာဖြစ်တယ်။ ဒါဟာအလုပ်သမား လယ်သမား မဟာမိတ်ဖွဲ့ရေးကို ဖြိုခွဲတာဖြစ်တယ်။ အလုပ်သမားလူတန်းစားရဲ့ ခေါင်းဆောင်မှုကို စွန့်ပစ်တာလဲဖြစ်တယ်။ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကိုဖျက်ဆီးတာလဲဖြစ်တယ်။

(၃) ထွန်းငြိမ်းဟာပါတီရဲ့စစ်ရေးလမ်းစဉ်ကို ဆန့်ကျင်တိုက်ခိုက်ပြီး၊ သူရဲ့ပြန်လည်ပြင်ဆင်ရေး စစ်ရေးလမ်းစဉ်ကို စင်ပြိုင်ထူထောင်တယ်။ လက်တွေ့ ပါတီရဲ့ စစ်ရေးစီမံကိန်းတွေကို ဖျက်ဆီးတယ်။

(က) "ရန်သူ့ထိုးစစ်ကို ထိုးစစ်နဲ့ချေမှုန်းကြ" ဒါဟာ ဗမာပြည်တော်လှန်စစ်ရဲ့ ဖြစ်ပေါ်တိုးတက်မှုတရားအဖြစ်၊ ပါတီဥက္ကဋ္ဌက စစ်ရေးလမ်းစဉ် ချမှတ်ခဲ့တယ်။ ဒါကို ထွန်းငြိမ်းက "ထိုးစစ်ကို ထိုးစစ်စိတ်ဓာတ်နဲ့ ရင်ဆိုင်ရေးဆိုပြီး ချေမှုန်းရေး မပါတဲ့ သူ့ရဲ့စစ်ရေးလမ်းစဉ်နဲ့ အစားထိုးလိုက်တယ်။

ထိုးစစ်ဆင်လာတဲ့ ရန်သူကို ချေမှုန်းရေး တိုက်ခိုက်ရေး မဟုတ်ပဲ၊ ထွန်းငြိမ်းက "ယနေ့လို ခံစစ်ကာလမှာ အင်အားထိန်းသိမ်းဖို့ အရေးကြီးတယ်။ သေွးမကျဖို့လိုတယ်။ ဆုတ်စစ်ဟာ အရေးကြီးတယ်"-လို့ စင်ပြိုင်ဖော်ထုတ်ခဲ့တယ်။

ဒါဟာ ၅၅ စစ်ရေးလမ်းစဉ် စစ်ပြေးဝါဒကို ပြန်အသက်သွင်းတာ ဖြစ်တယ်။

(ခ) ရန်သူ့စစ်တပ်ကိုချေမှုန်း၊ ဖောက်ပြန်တဲ့ အာဏာကို ဖြိုချ၊ အာဏာနိုကိုထူထောင်၊ ဒါဟာပေါက်ခေါင်းလမ်း ဖြစ်တယ်။ ဒါဟာ ပစ္စည်းမဲ့လူတန်းစားခေါင်းဆောင်ပြီး၊ဆင်းရဲကိုအခြေခံကာ အလတ်ကို မဟာမိတ်ဖွဲ့တဲ့ အခြေခံစခန်း တည်ဆောက်ရေး လမ်း ဖြစ်တယ် လို့ ပါတီက ချမှတ်ခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထွန်းငြိမ်းက ပေါက်ခေါင်းလမ်းဆိုတာ လူတန်းစား တိုက်ပွဲလုပ်၊ ရန်သူ့ဒေါက်တိုင် ဂွင်လုံးကျွတ်ရှင်း၊ ပြောက်ကျား ပစ် ပြီး အခြေခံ စခန်း ထူထောင်တာ ပေါက်ခေါင်းလမ်း ဖြစ်တယ်လို့ ပေါက်ခေါင်း လမ်းကို သရုပ်ဖျက်ခဲ့တယ်။ လက်တွေ့မှာ ဒီအတိုင်း ထွန်းငြိမ်းလုပ်ပြီး ပေါက်ခေါင်းလမ်းကိုဖျက်ခဲ့တယ်။ အခြေခံစခန်းတွေ ဖျက်ခဲ့တယ်။

(ဂ) သေနင်္ဗျူဟာအရ ခံစစ်ကာလပင်ဖြစ်လင့်ကစား၊ တိုက်ပွဲစဉ် အရ၊ တိုက်ပွဲအရထိုးစစ်ဆင်ရမယ်။ ပြောက်ကျားစစ်ရဲ့ အခြေခံ လမ်း ညွှန်ဟာ ထိုးစစ်ဖြစ်ရမယ်ဆိုတဲ့ ပါတီရဲ့ စစ်ရေး လမ်းစဉ်အစား ခံစစ် ဟာ အရေးကြီးတယ်။ ဆုတ်စစ်ဟာ အင်မတန် အရေးကြီးတယ်လို့ ထွန်းငြိမ်းကသင်ကြားပြီး တပ်မတော်သားတွေရဲ့ ထိုးစစ် စိတ်ဓာတ်ကို ဖျက်ဆီးခဲ့တယ်။

(ဃ) ရန်သူထိုးစစ်လုပ်နေတဲ့ကာလမှာ၊ ထိုးစစ်ဆင်လာတဲ့ရန်သူကို ချေမှုန်းဖို့ ကိုယ့်အင်အားတွေကို စုစည်းပြီး၊ စစ်ဆင်ရေး လုပ်ရမယ် ဆိုတဲ့ ပါတီရဲ့စစ်ရေးညွှန်ကြားချက်တွေကိုဆန့်ကျင်ပြီး၊ ထွန်းငြိမ်းဟာ ရန်သူထိုးစစ်ဝင်နေတဲ့အချိန်မှာ၊ တပ်တွေဖြန့်ခွဲပြီး၊ စည်းရုံးရေးလုပ်ဖို့၊ ဒေါက်တိုင်ရှင်းဖို့ ဖြန့်ခွဲခဲ့တယ်။ ငါတို့တပ်တွေကို သင်းကွဲဖြစ်အောင် လုပ်ခဲ့တယ်။ ရန်သူက တဖွဲ့ချင်း ချေမှုန်းခံရအောင်လုပ်ခဲ့တယ်။ လက် တွေ့လဲချေမှုန်းခံရတယ်။

(င) တိုက်ရင်းတည်ဆောက်၊ တည်ဆောက်ရင်းတိုက် စစ်ပညာကို စစ်မြေပြင်မှာ သင်ကြားရမယ်။ ရန်သူ့ ထိုးစစ်ဟာ ငါတို့အတွက် ကျောင်းကြီးဖြစ်ရမယ်ဆိုတဲ့ပါတီရဲ့ တည်ဆောက်ရေး လမ်းကြောင်း ကိုဆန့်ကျင်ပြီး၊ ထွန်းငြိမ်းဟာတည်ဆောက်ရေးကိုသေနတ်သံမကြားတဲ့ နေရာမှာ၊ ဆန်ပေါပေါ ရေပေါပေါနေရာမှာ လုပ်ရမယ်၊ တည်ဆောက် ရေးလုံးဝမပြီးဆုံးပဲ အသုံးချလို့မရဘူးဆိုပြီး စင်ပြိုင်တည်ဆောက်ရေး လမ်းကို ထူထောင်ခဲ့တယ်။ လက်တွေ့မှာ တပ်ကို မတည်ဆောက်ပဲ တပ်ကိုဖျက်ဆီးခဲ့တယ်။

(စ) ထွန်းငြိမ်းဟာ ပါတီဗဟိုရဲ့ စစ်ရေး လမ်းစဉ်ကိုဆန့်ကျင်ပြီး စင်ပြိုင်စစ်ရေးလမ်းစဉ်ကိုထူထောင်ရာမှာ လက်တွေ့အရပါတီရဲ့စစ်ရေး စီမံကိန်းကို ဖျက်ဆီးခဲ့တယ်။

ရန်သူရဲ့မော်နိုင်စစ်ဆင်ရေး၊ ပြည်သာယာစစ်ဆင်ရေးမှာ ရန်သူ့ ထိုးစစ်ကိုထိုးစစ်နဲ့ချေမှုန်းဖို့ မိမိရဲ့အင်အားစုတွေကို တိုက်တိုင်းအောင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၁)မှာစုစည်းပြီး၊ ရန်သူကို ချေမှုန်းတိုက်ခိုက်ဖို့ ထွန်းငြိမ်းကိုတာဝန် ပေးခဲ့တယ်။ မြစ်ဝကျွန်းပေါ်က တပ်ကိုလဲထပ်မံဖြည့်ပြီး၊ တိုက်တိုင်း အောင်(၁)နဲ့တွဲပြီး၊ တိုက်ရင်းတည်ဆောက်၊ တည်ဆောက်ရင်းတိုက်ဖို့ တာဝန်ပေးခဲ့တယ်။

ထွန်းငြိမ်းဟာ ပါတီဗဟိုရဲ့ညွှန်ကြားချက်အတိုင်း မလုပ်ပဲ တောင် ညိုအထက်ပိုင်း၊အလယ်ပိုင်း၊ အောက်ပိုင်း၊ စိန်သိန်း၊ဇံညို-ဘုအုပ်စုစတဲ့ ဒေသအများခွဲပြီး တပ်တွေကိုဖြန့်ပြီး၊ပြည်သူ့စစ်အုတ်မြစ်ချရေးကိုလုပ် ခိုင်းခဲ့တယ်။ ရန်သူ့စစ်တပ်ကို စုစည်းချေမှုန်းရေးမလုပ်ပဲ၊ တပ်ဖြန့်ပြီး ရန်သူ့ဒေါက်တိုင်ရှင်းရေးနဲ့ အစားထိုးခဲ့တယ်။ ဒါကြောင့်လဲ ငါတို့ရဲ့ တပ်ဖွဲ့ငယ်တချို့ဟာ ရန်သူရဲ့တိုက်ခိုက်ချေမှုန်းတာ ခံခဲ့ရတယ်။ ရန်သူ ထိုးစစ်ကို ချေမှုန်းဖို့ တာစူလို့မရအောင်ဖြစ်ခဲ့ရတယ်။ ရန်သူ့ ထိုးစစ် ဟာသက်ဆိုးရှည်ရတယ်။

ဒီအခြေအနေမှာ ထွန်းငြိမ်းဟာ စစ်မြေပြင်က ထွက်ပြေးခဲ့တယ်။ ပါတီရဲ့ ရန်သူ့ထိုးစစ်ကို ထိုးစစ်နဲ့ ချေမှုန်းရေး စီမံကိန်းကိုဖျက်ဆီး ခဲ့တယ်။

ထွန်းငြိမ်းဟာ ရန်သူကိုကြောက်တဲ့၊ကိုယ့်ပါတီ၊ကိုယ့်တပ်၊ ကိုယ့် လူထုအားကို မယုံတဲ့ ၅၅ ပြန်လည် ပြင်ဆင်ရေး စစ်ရေး လမ်းစဉ်ကို ပြန်အသက်သွင်းသူ ဖြစ်တယ်။ စစ်မြေပြင်က ထွက်ပြေးသူ ဖြစ်တယ်။ ပါတီရဲ့ စစ်ရေးစီမံကိန်းကို ဖျက်ဆီးသူဖြစ်တယ်။ နေဝင်းရဲ့ ပါတီ ဗဟိုကို ချေမှုန်းဖို့လုပ်တဲ့ စစ်ဆင်ရေးကို အတွင်းက နေပြီး ကူညီတဲ့ စစ်ရာဇဝတ်ကောင်ဖြစ်တယ်။

ထွန်းငြိမ်းရဲ့စင်ပြိုင်လမ်းစဉ်ဟာ နိုင်ငံရေး၊ မြေယာ၊ စစ်ရေးအဖက် ဖက်မှာ အဓိကရန်သူ ဗြူရိုကရက် မနရှင်နေဝင်းကိုဖျောက်ပစ်တယ်။ အဓိက တိုက်ပွဲသဏ္ဌာန်ဖြစ်တဲ့ လက်နက်ကိုင်တိုက်ပွဲကို မှေးမှိန်အောင် လုပ်ပစ်တယ်။အဓိကအလုပ်ဖြစ်တဲ့ရန်သူ့စစ်တပ်ချေမှုန်းရေးကိုဖျက်ဆီး တယ်။

ဒါဟာ ၅၅ ပြန်လည်ပြင်ဆင်ရေးလမ်းစဉ်ကို အသွင်သစ်နဲ့အသက် သွင်းတာဖြစ်တယ်။ ဒါကြောင့် ထွန်းငြိမ်းဟာ ပြန်လည်ပြင်ဆင်ရေး စင်ပြိုင်လမ်းစဉ် ထူထောင်သူဖြစ်ကြောင်းစွဲချက်တင်ပါကယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၃။ ထွန်းငြိမ်းဟာပါတီနဲ့တပ်မတော်ကိုဖျက်ဆီးသူဖြစ်တယ်။

ထွန်းငြိမ်းဟာ တိုက်တိုင်းအောင် (၁) ပါတီနဲ့တပ်၊ ပဲခူးရိုးမတိုင်းတပ်၊ ပြည်ခရိုင်ပါတီနဲ့တပ်၊ သာယာဝတီခရိုင်ပါတီနဲ့တပ်၊ တောင်ငူခရိုင်ပါတီနဲ့တပ်၊ မြစ်ဝကျွန်းပေါ်ပါတီနဲ့တပ်၊ ဆေးကျောင်းပါတီနဲ့တပ်ကို ဖျက်ဆီးခဲ့တယ်။

(က) ဒီလိုဖျက်ဆီးရာမှာရန်သူချေမှုန်းရေးစိတ်ဓာတ်နဲ့ထိုးစစ်စိတ်ဓာတ်ကို ပထမဖျက်ဆီးပစ်တယ်။ "လူတချို့ဟာ ချေမှုန်းရေးနဲ့ ထိုးစစ်စကားနှစ်လုံးပဲသိတယ်။ မြို့ကျတိုက်ပွဲဟာ ကြက်ကန်းဆန်အိုးတိုးတာ" လို့ထွန်းငြိမ်းဟာချေမှုန်းရေးတိုက်ပွဲတွေကိုသရော်ပြီး၊ တပ်ထဲမှာရဲဘော်တွေရဲ့ ချေမှုန်းရေးစိတ်ဓာတ်၊ ထိုးစစ်စိတ်ဓာတ်ကို ဖျက်ဆီးခဲ့တယ်။

(ခ) ပါတီဥက္ကဋ္ဌက "သေရဲ၊ တိုက်ရဲ၊ အနိုင်ယူရဲရမယ်" ဆိုပြီး ပါတီနဲ့တပ် တည်ဆောက်ရေးအတွက်၊ ရဲသုံးရဲဖော်ထုတ်တာကို ထွန်းငြိမ်းက "သေရဲတာတခုထဲနဲ့အောင်ပွဲခံမယ်ဆိုရင် အောင်ပွဲခံတာကြာလှပြီ" ဆိုပြီး သရော်ခဲ့တယ်။ ဒါတင်မကသေးဘူး။ သူက တိုက်ပွဲ ဆင်ရဲရမယ်။ခေါင်းဆောင်ရဲရမယ်။အောင်ပွဲလုယူရဲရမယ်ဆိုပြီး ထွန်းငြိမ်းရဲ့ ပါတီဗဟို ဆန့်ကျင်ဖို့ ရဲသုံးရန်နဲ့အစားထိုးခဲ့တယ်။

ဒါဟာ ပါတီနဲ့တပ်ရဲ့ ၄၀-စိတ်ဓာတ်။ ၆၄-လမ်းစဉ် စိတ်ဓာတ်ကို ဖျက်ဆီးပစ်တာဖြစ်တယ်။

(ဂ) ပါတီ ဥက္ကဋ္ဌက ၁။ နိုင်ငံရေးကောင်းရမယ်။ ၂။ ဇွဲသတ္တိကောင်းရမယ်။ ၃။ စည်းရုံးရေးစည်းကမ်းကောင်းရမယ်။ ၄။ စည်းလုံးမှုကောင်းရမယ်။ ရန်သူကိုချေမှုန်းဖို့ လေးမျိုးကောင်းတပ်သားဖြစ်ရမယ်လို့ ဖော်ထုတ်ခဲ့တယ်။ ဒါကို ထွန်းငြိမ်းကတမျိုးကောင်းပဲ လုပ်ပါအုန်းဆိုပြီး သရော်ခဲ့တယ်။

ဒါသာမကဘူး။ သူ့တပ်မှာ တပ်သားကောင်းဖြစ်ဖို့ စံ သုံးခုကို ဖော်ထုတ်ခဲ့တယ်။ ၁။ အထက်ရဲ့ မှန်ကန်တဲ့အမိန့်ကိုသာ နာခံရမယ်။ ၂။ ရဲရင့်တဲ့ ရှေ့ပြေးတပ်သားဖြစ်ရမယ်။ ၃။ ကိုယ်ကျိုးမငဲ့ပဲ အခြားသူများကို အကူအညီပေးရမယ်။

ဒါကိုကြည့်ရင် သူ့ရဲ့တပ်သားကောင်းစံဟာ ပါတီဗဟိုကိုဆန့်ကျင်ဖို့ လူမိုက်မွေးတာဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ဃ) ထွန်းငြိမ်းရဲ့တပ်တည်ဆောက်ရေး၊ ပါတီတည်ဆောက်ရေးဟာ တပ်မှာ ပစ္စည်းမဲ့လူတန်းစားရဲ့ နိုင်ငံရေး လွှမ်းမိုးရေး၊ ပါတီရဲ့ တိုက်ရိုက်နဲ့အကြွင်းမဲ့ခေါင်းဆောင်မှု ထူထောင်ရေးမဟုတ်ပဲ၊ ထွန်းငြိမ်းဝါဒ၊ ထွန်းငြိမ်းလမ်းစဉ်လွှမ်းမိုးရေး၊ ထွန်းငြိမ်း ခေါင်းဆောင်မှု အကြွင်းမဲ့ထူထောင်ရေးဖြစ်တယ်။

တပ်ပါတီ ကော်မီတီတွေ၊ ဒေသပါတီ ကော်မီတီတွေက ခေါင်းဆောင်လို့ မရအောင်လုပ်တာ ထွန်းငြိမ်းရဲ့ ခါးပိုက်ဆောင်တပ် ဖြစ်အောင်လုပ်ခဲ့တာတွေဟာ တပ်တိုင်းမှာ အထင်အရှားတွေ့ရတယ်။

ဒါကြောင့် ထွန်းငြိမ်းဟာ ပါတီနဲ့တပ်ကို ဖျက်ဆီးတဲ့သူ ဖြစ်ကြောင်း စွဲချက်တင်ပါတယ်။

၄။ ထွန်းငြိမ်းဟာ တော်လှန်စစ်ကို ဖျက်ဆီးတဲ့သူ။ တော်လှန်တဲ့ သမိုင်းကို ချေဖျက်တဲ့သူဖြစ်တယ်။

(က) ဥက္ကဌကစပြီး အရင်းခံ အလှည့်အပြောင်းလုပ်ရမယ်ဆိုပြီး ထွန်းငြိမ်းကပြောတယ်။ ဒါဟာဥက္ကဌကအစ တပါတီလုံး တော်လှန်ရေးသမားမဟုတ်ဘူး။ ပါတီဟာလဲ တော်လှန်တဲ့ပါတီ မဟုတ်ဘူးလို့ ဆိုတာဖြစ်တယ်။

"အခုမှ တော်လှန်ရေးစလုပ်ရတယ်"လို့ ထွန်းငြိမ်း တည်ဆောက်ရေးခံယူရပြီးပြောတဲ့လူကိုမှ ထွန်းငြိမ်းကကျေနပ်တယ်။ ဒါဟာ ပါတီဗဟိုကို ဦးတည်ပြီးပါတီတခုလုံးနဲ့ပါတီရဲ့တော်လှန်တဲ့ သမိုင်းတခုလုံးကို ဖျက်ဆီးပစ်တာဖြစ်တယ်။ ပါတီရဲ့သမိုင်းဟာ အမှားသမိုင်းလို့ ရန်သူတွေက ပြောတဲ့အတိုင်း ပါတီကိုစော်ကားတာ ဖျက်ဆီးတာဖြစ်တယ်။

(ခ) "အနှစ် ၂၀-ဆိုးကျိုးတွေ" "အခုမှ ပြည်သူ့စစ် အုတ်မြစ်ချရတယ်"လို့ ထွန်းငြိမ်းကပြောတယ်။

ဒါဟာ ၄၇-ခုနှစ်ကစလုပ်ခဲ့တဲ့ တော်လှန်စစ်ဟာပြည်သူ့စစ်မဟုတ်ဘူး။ သောင်းကျန်းတာလို့ ပြောတာပဲဖြစ်တယ်။

ဒါဟာအနှစ် ၂၀-တော်လှန်စစ်သမိုင်းကို ဖျက်ဆီးတာ ဖြစ်တယ်၊ ဒါသာမကဘူး။ ကနေ့ရန်သူကိုချေမှုန်းတိုက်ခိုက်နေတဲ့ တော်လှန်စစ်ကိုလဲ ဖျက်ဆီးတာဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ဂ) ထွန်းငြိမ်းဟာ တပ်မတော်သား ရဲဘော်တွေကို ရစရာမရှိအောင် စီစစ်ခိုင်း။ ဒါကို စာရင်းဇယားတွေ လုပ်ခိုင်းပြီး။ အဆိုးမြင်အောင် တပ်မတော်ကိုတပ်ဟောင်းလို့မြင်အောင်ဖန်တီးခဲ့တယ်။ သူနဲ့ သူ့ဂိုဏ်းသားတွေက ထွန်းငြိမ်းမတည်ဆောက်ရသေးတဲ့ တပ်မှန်သမျှကို တပ်ဟောင်းဖြစ်ကြောင်း ဖော်ထုတ်ကြတယ်။

ဒါဟာ ၄၀-ခုနှစ်ကစပြီး ပါတီခေါင်းဆောင်မှုနဲ့ ရန်သူကို တော်လှန်တိုက်ခိုက်ခဲ့တဲ့ အမျိုးအစားသစ် ဖြစ်တဲ့ ပြည်သူ့ တပ်မတော်ရဲ့ သမိုင်းကိုဖျက်ဆီးပစ်တာဖြစ်တယ်။

(ဃ) ပါတီနဲ့တပ်မတော်သား ရဲဘော်တိုင်းရဲ့ အတိတ်သမိုင်း တလျှောက်လုံးမှာလဲ ကောင်းတာတွေလုပ်ခဲ့တာ ဘာမှမရှိဘူးဆိုပြီး၊ အဆိုးမြင်အောင်စီစစ်ခိုင်းပြီး၊ ထွန်းငြိမ်းကို နာခံအောင် ကျွန်စိတ်ပေါက်အောင် ထွန်းငြိမ်းဟာ အစီအစဉ်ရှိရှိလုပ်ခဲ့တယ်။

ဒါကြောင့် ထွန်းငြိမ်းဟာ ပါတီတပ်မတော်နဲ့ရဲဘော်တွေရဲ့ တော်လှန်တဲ့သမိုင်းကိုဖျက်ဆီးပစ်သူ။ လက်ရှိဆင်နွှဲနေတဲ့တော်လှန်စစ်ကို ဖျက်ဆီးပစ်တဲ့သူဖြစ်ကြောင်း စွဲချက်တင်ပါတယ်။

၅။ ထွန်းငြိမ်းဟာအကြီးဆုံးဂိုဏ်းခွဲရေးသမားဖြစ်တယ်

(က) ဥက္ကဋ္ဌကအစ တိုင်း-ခရိုင်-မြို့နယ်၊ နဲ့ တပ်ရဲ့ခေါင်းဆောင်ကေဒါတွေအားလုံးဘယ်သူမှအရင်းခံအလှည့်ပြောင်း မလုပ်ရသေးဘူး။ ကြီးလေ ခက်လေ၊ ခက်လေကြီးလေပဲလို့ ထွန်းငြိမ်းကပြောတယ်။

လက်တွေ့မှာလဲထွန်းငြိမ်းရောက်ရာဒေသတပ်မှာတော်လှန်တဲ့ အစဉ်အလာခေါင်းဆောင်တွေရဲ့ အားနည်းချက်အချို့ကိုယူပြီးထိုးနှက်တိုက်ခိုက်ခဲ့တယ်။ မြစ်ဝကျွန်းပေါ် တပ်မှာဆိုရင် ခေါင်းဆောင်မှုစိုက်ထူရေးဆိုပြီး၊လှုပ်ရှားမှုလုပ်ပြီး၊ သူ့မနာခံတဲ့အစဉ်အလာ ခေါင်းဆောင်တွေကို ဖယ်ရှားပစ်တယ်။

ဒါဟာခေါင်းဆောင်မှုကို ဖျက်ဆီးတာဖြစ်တယ်။ ခေါင်းဆောင်နဲ့အောက်ခြေညီညွတ်ရေးကို ဖျက်ဆီးတာလဲဖြစ်တယ်။ ကေဒါ၊ တပ်မတော်နဲ့ လူငယ်အမျိုးသမီးသုံးဦးပေါင်းညီညွတ်ရေးကိုဖျက်ဆီးတာဖြစ်တယ်။ ဂိုဏ်းခွဲတာဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ခ) ထွန်းငြိမ်းဟာ နှစ်ပေါင်းများစွာ တော်လှန်ခဲ့မှာကြံ့ကြံ့ခိုင် ရပ်တည်တိုက်ပွဲဝင်ခဲ့တဲ့ ရဲဘော်တွေရဲ့ အကောင်းပိုင်းကို အဓိက မထားပဲ၊ အားနည်းချက်တွေကိုထိုးနှက်တိုက်ခိုက်ပြီး၊ ကေဒါအဟောင်းနဲ့ အသစ် ညီညွတ်ရေးကိုလဲဖျက်ဆီးခဲ့တယ်။

(ဂ) ပါတီခေါင်းဆောင်တွေဟာအရင်းခံမလှည့်ပြောင်းရသေးဘူး။ တပ်ကသာလှည့်ပြောင်းတာဆိုပြီး၊ ထွန်းငြိမ်းဟာ သူတပ်တည်ဆောက်တဲ့နေရာတိုင်းမှာ တပ်နဲ့ပါတီကိုလည်းသွေးခွဲခဲ့တယ်။

(ဃ) ထွန်းငြိမ်းဟာ ဓနရှင်ပေါက်စပညာတတ်တွေကိုသူ့ရဲ့ဖောက်ပြန်တဲ့လုပ်ငန်းတွေလုပ်ဖို့ အခြေခံခဲ့တယ်။ ဓနရှင်ပေါက်စ ပညာတတ်တွေကို အလုပ်သမား လယ်သမား ဘဝခံယူဖို့၊ တပ်ထဲမှာအောက်ခြေကပါဝင်ပြီး တိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူဖို့၊ ပါတီရဲ့သဘောထားကို ဆန့်ကျင်ပြီး ထွန်းငြိမ်းဟာ ပညာတတ်တွေကို သူ့ရဲ့အလုပ်အဖွဲ့အဖြစ် တည်ဆောက်ရေးမှာ တာဝန်ပေးခဲ့တယ်။ ကေဒါနှစ်ရပ်ပေါင်းစပ်ရေးကို ဖျက်ဆီးခဲ့တယ်။

(င) "ပတ်ကညောတွေ သွေးပျက်နေပြီ" လို့ ထွန်းငြိမ်းဟာ တိုက်တိုင်းအောင်တပ်ထဲက ကရင်အမျိုးသား တပ်မတော်သားတွေနဲ့ အခြားရဲဘော်တွေကြားမှာ ညီညွတ်စည်းလုံးမှုပျက်အောင်လုပ်ခဲ့တယ်။ မြစ်ဝကျွန်းပေါ်တပ်မှာလဲ ချင်းအမျိုးသားရဲဘော်တွေကိုဖိနှိပ်ပြီးစည်းလုံးညီညွတ်ရေးကို ပျက်အောင်လုပ်ခဲ့တယ်။ ပါတီရဲ့ လူမျိုးစုံ ချစ်ကြည်သွေးစည်းရေးစိတ်ဓာတ်ကို ဖျက်ဆီးခဲ့တယ်။

(စ) ထွန်းငြိမ်းဟာသူရောက်ရာမှာ ကျောရိုးဆိုပြီး ရဲဘော်အချို့ကိုမွေးပြီး ထွန်းငြိမ်းဝါဒ ထွန်းငြိမ်းလမ်းစဉ်ကို အသေလိုက်နာမဲ့ ထွန်းငြိမ်းဂိုဏ်းသားအဖြစ်မွေးခဲ့တယ်။ ကျောရိုးမထိနဲ့ မီးပွင့်သွားမယ်၊ ဆိုပြီး ထွန်းငြိမ်းက ကျောရိုးဆိုတဲ့ စစ်စုံထောက်ဂိုဏ်းထောင်ပြီး တပ်တွင်း ပါတီတွင်းစည်းလုံးညီညွတ်မှုကိုဖျက်ခဲ့တယ်။

(ဆ) ထွန်းငြိမ်းဟာ တပ်ဖွဲ့ တခုနဲ့တခု၊ တပ်စိတ် တစိတ်နဲ့တစိတ် ရဲဘော်တယောက်နဲ့တယောက်အကြား ပဋိပက္ခတွေ အားနည်းချက်တွေကိုချက်ယူပြီး ဂိုဏ်းကွဲအောင်ရောက်တဲ့နေရာတိုင်းမှာ လုပ်ခဲ့တယ်။

ဒီလုပ်ရပ်တွေအရ ထွန်းငြိမ်းဟာပါတီနဲ့တပ်မတော်အတွင်း ဂိုဏ်းကွဲအောင်လုပ်တဲ့ အကြီးဆုံး ဂိုဏ်းခွဲရေးသမားဖြစ်ကြောင်းစွဲချက်တင်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၆။ ထွန်းငြိမ်းဟာ အာဏာရူး အခွင့်ထူးခံ အမျိုးသမီးတွေ ဖျက်ဆီးတဲ့ တဏှာရူးဖြစ်တယ်။

(က) ထွန်းငြိမ်းကို ပါတီဗဟိုက ဗဟိုမာ့က်စ်လီနင်ဝါဒ ကျောင်းဆရာအဖြစ်တာဝန်ပေးခဲ့တယ်။ တပ်တည်ဆောက်ရေး တာဝန်တွေကိုလဲပေးခဲ့တယ်။ တိုက်တိုင်းအောင် (၁) တပ်ရဲ့တပ်မှူးအဖြစ်လဲ ပေးခဲ့တယ်။ ဒါ့သာမကဘူး ဗဟိုကော်မီတီရွေးရင်စဉ်းစားဖို့ လူစာရင်းမှာ သူ့ကို နံပါတ် (၁) အဖြစ် တင်ပြထားခဲ့တယ်။

ဒါပေမဲ့ ထွန်းငြိမ်းဟာ သူ့မှာ ဘာအာဏာမှမရှိဘူး။ သူ့ကိုနှိမ်ထားတယ်။ အာဏာတောင်းရမယ်လို့ ပါတီနဲ့ တပ်မတော်ထဲမှာ အမြဲလှုံ့ဆော်တယ်။

ဒါက သူဟာစစ်တပ်အာဏာကို အရယူပြီးနောက်၊ ပါတီအာဏာကိုပါ အပိုင်စီးဖို့အကြံကြီးတဲ့၊ အကြံပက်စက်တဲ့အာဏာရူးဖြစ်ကြောင်း ထင်ရှားပါတယ်။

(ခ) ထွန်းငြိမ်းဟာ ပါတီဗဟိုရဲ့ပါတီနဲ့ တပ်မတော်မှာ စစ်ကွန်မြူနစ်ဝါဒကျင့်သုံးရေး၊ တူလေးတူကျင့်သုံးရေးကို ဘယ်အခါမှမလိုက်နာပဲ အခွင့်ထူးခံသမားဖြစ်တယ်။ အိုးလေးစံနစ် ကိုယ်ရံ ရဲဘော် အခိုင်းအစေထားပြီး၊သူတပါးလုပ်အားသွေးစုတ်သူဖြစ်တယ်။ ပါတီနဲ့တပ်မတော်စည်းကမ်းကိုဖောက်ပြီး၊အမြဲအရက်သောက်တဲ့၊ အရက်သမားလဲဖြစ်တယ်။

(ဂ) ထွန်းငြိမ်းဟာ ဗမာပြည်မှာ မယားကြီးနဲ့ သားသမီးများ ကျန်ခဲ့တယ်။ တရုပ်ပြည်မှာ မိန်းမယူတယ်။ ဗမာပြည်ပြန်ရောက်တော့ နောက်ထပ်မိန်းမယူဖို့ ကြိုးပမ်းပြန်တယ်။ ဇနီးသယ် တရုပ်အမျိုးသမီးပေါ်မှာလဲ သစ္စာမဲ့တယ်။

ထွန်းငြိမ်းဟာ ယနေ့ပါတီနဲ့ တပ်မတော်ထဲမှာ အားသစ်အဖြစ်အမြောက်အမြား ပါဝင်လာတဲ့အမျိုးသမီးတွေကို တာဝန်ခံ တပ်မှူးအနေနဲ့ ထိမ်းသိမ်းစောင့်ရှောက်ရမဲ့အစား၊ သူကိုယ်တိုင်ကလဲ ဖျက်ဆီးဖို့ကြိုးစားတယ်။ သူ့ဂိုဏ်းသားတွေရဲ့ ဖျက်ဆီးတာကိုလဲ အားပေးခဲ့တယ်။ သူ့ဂိုဏ်းသားတွေက အမျိုးသမီတွေကိုဖြားယောင်းဖျက်ဆီးတာကိုလဲ၊ရဲဘော်တွေက အကြိမ်ကြိမ်တိုင်းကြားတာကို သူဟာတာဝန်ခံဖြစ်လျက်အရေးယူမဆောင်ရွက်ဘူး။

ထွန်းငြိမ်းဟာ အမျိုးသမီးကေဒါမွေးမြူရာမှာ ယုဇ်မာညစ်ပတ်တဲ့ ကာမရာဂထိုးဆွတဲ့နည်းလမ်းမျိုးစုံနဲ့ ဖိ-မ သက်ဆံရေး ရှုပ်ထွေးအောင် သူနဲ့သူ့ အလုပ်အဖွဲ့ဝင်တွေက လုပ်တယ်။

ဒါကြောင့် ထွန်းငြိမ်းဟာ အားသစ်အမျိုးသမီးတွေကို ဖျက်ဆီးသူဖြစ်တယ်။ တဏှာရူးဖြစ်တယ်။

ဒါတွေအရ ထွန်းငြိမ်းဟာအာဏာရူး အခွင့်ထူးခံ၊အမျိုးသမီးတွေကို ဖျက်ဆီးတဲ့တဏှာရူးဖြစ်ကြောင်း စွဲချက်တင်ပါတယ်။

၇။ ထွန်းငြိမ်းဟာ အကြမ်းဖက်တန်ပြန်တော်လှန်ရေး ပြန်လည် ပြင်ဆင်ရေးသမားဖြစ်တယ်။

(က) "ထွန်းငြိမ်းဟာ ပါတီတွင်းတိုက်ပွဲလို တဖက်ကပြောပြီး တဖက်က သွေးကျမယ်။ အရင်းအနှီးပေးရမယ်။ ခေါးခေါးချင်း လှုံလှုံချင်း လူကိုခွေးသတ်မခံနိုင်ဘူး။ တပ်နှင့်ငါနဲ့ ကွဲရင် ငါ့ခေါင်းပြတ်မယ်။ ရန်သူတွေများနေပြီ။ သေနတ်နှစ်လက်- လက်နှစ် ဖက်နဲ့ကိုင်ရမယ်"လို့သူ့တပ်ဖွဲ့ကိုလှုံ့ဆော်ပြီး ပါတီဗဟိုကိုအကြမ်းဖက်ဖို့ အတွေးအခေါ် ထူထောင်ခဲ့တယ်။

(ခ) ထွန်းငြိမ်းဟာ သူ့ဖက်က မရပ်၊ ပါတီဗဟိုဖက်က ရပ်တဲ့ ပြည်သူ့တပ်မတော်တပ်ဖွဲ့တခုဖြစ်တဲ့ မြို့နယ်ကော်မီတီ တပ်မှူးလဲဖြစ်တဲ့ ရဲဘော်ထွန်းလှိုင်ရဲ့တပ်ဖွဲ့ကို အောင်လင်းနဲ့တိုင်ပင်ပြီး သူ့တပ်နဲ့ လက်နက်သိမ်းခဲ့တယ်။

ဒါသာမကဘူး။ ထွန်းလှိုင်ဟာ လမ်းဆုံးရောက်နေပြီ။ လက်နက်ချမယ့်အထိ ပြောထားပြီး၊ရဲဘော် ထွန်းလှိုင်ကို သတ်ပစ်တဲ့အထိလုပ်ဖို့ လမ်းညွှန်ထားတယ်။

ဒါဟာထွန်းငြိမ်းကစပြီး ပါတီ ဗဟိုကို အကြမ်းဖက်လိုက်တာဖြစ်တယ်။

(ဂ) ထွန်းငြိမ်းဟာ သူ့တပ်ဖွဲ့ ထဲမှာ ပါတီ ဗဟိုဖက်က ရပ်တဲ့ ရဲဘော် ထွန်းသောင်းနဲ့ ရဲဘော်နဲ့တို့ကို သတ်ပစ်ဖို့အထိ နည်းအမျိုးမျိုးနဲ့ကြိုးပမ်းတယ်။

(ဃ) ထွန်းငြိမ်းဟာ ပါတီ ဗဟို ကိုယ်စားလှယ်အဖွဲ့ကို အကြမ်းဖက်အောင် တပ်ဖွဲ့ထဲမှာလှုံ့ဆော်ထားပြီး လက်နက်သိမ်းဖို့အထိ ကြိုးပမ်းတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(င) ထွန်းငြိမ်းဟာ သူ့ကိုပါတီဗဟိုက တစုံတရာ အရေးယူရင် တခုခုလုပ်ရင် ပါတီ ဗဟိုကို လက်နက်နဲ့ အကြမ်းဖက်ပြီး သူ့ဖက်က ရပ်ဖို့ တပ်ဖွဲ့ကို ပြင်ဆင်တာ၊ လက်ရွေးစင်တပ်သားတွေမွေးတာ၊ရန်သူ ကို အကြောင်းပြပြီး အစစအသင့်ဖြစ်အောင်စီစဉ်ခဲ့တယ်။

(စ) ထွန်းငြိမ်းဟာ ပါတီဗဟိုနဲ့ နိုင်ငံရေးအရပဲဖြစ်ဖြစ်၊ စစ်ရေး အရပဲဖြစ်ဖြစ်၊ တိုက်ရတဲ့ တိုက်ပွဲမှာ အရေးနိမ့်ရင် ဆုတ်ခွာဖို့ ပြေးဖို့ စုစည်းဖို့နေရာ ဆုတ်ခွာဖို့ ဒေသတွေ ကိုလဲ ရှာထားပြီးဖြစ်တာ တွေ့ ရတယ်။

ဒါတွေအရ ထွန်းငြိမ်းဟာ အကြမ်းဖက်တန်ပြန်တော်လှန်ရေး ပြန် လည်ပြင်ဆင်ရေးသမားဖြစ်ကြောင်း စွဲချက်တင်ပါတယ်။

× × ×

ထွန်းငြိမ်းဟာ ဒီလို....

(၁) ပါတီဗဟိုကို လက်နက်ကိုင်ပုန်ကန်ခြားနားတဲ့ စင်ပြိုင် ဗဟိုထူထောင်တဲ့ကောင်။

(၂) ပါတီရဲ့တော်လှန်ရေးလမ်းစဉ်ကို ဆန့်ကျင်ပြီး ပြန်လည် ပြင်ဆင်ရေး စင်ပြိုင်လမ်းစဉ်ထူထောင်တဲ့ကောင်။

(၃) ပါတီနဲ့တပ်မတော်ကို ဖျက်ဆီးတဲ့ကောင်။

(၄) တော်လှန်စစ်ကို ဖျက်ဆီးတဲ့ တော်လှန်တဲ့သမိုင်းကိုချေ ဖျက်ပစ်တဲ့ကောင်။

(၅) အကြီးဆုံးဂိုဏ်းခွဲတဲ့ကောင်။

(၆) အာဏာရူး အခွင့်ထူးခံ အမျိုးသမီးတွေ ဖျက်ဆီးတဲ့ တဏှာရူး။

(၇) အကြမ်းဖက် တန်ပြန် တော်လှန်ရေး ပြန်လည်ပြင်ဆင် ရေးသမားဖြစ်တာကြောင့်....

ထွန်းငြိမ်းကို မသေမချင်းသတ်ဖို့ ပြည်သူ့ခုံရုံးက အပြစ်ပေးရန် ပါတီဝင်တွေ၊ တပ်မတော်သားတွေ၊ တော်လှန်တဲ့လူငယ် အမျိုးသမီး တွေ၊ တော်လှန်တဲ့ ပြည်သူတွေရဲ့ကိုယ်စား စွဲချက်တင်ပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ချစ်၏ လက်ရေးမူ



ဗိုလ်ထွန်းငြိမ်းအား စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ခွဲချက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော် ခင်ကြီးသည် ပြောင်နေသော မိမိ၏ ဦးခေါင်းထိပ်ပြောင်ကြီးကို ပွတ်လိုက်၏။ ထို့နောက်တွင် လက်သီးလက်မောင်းကိုတန်း၍ ဗိုလ်ထွန်းငြိမ်းအား အမြန်ဆုံးသတ်ပစ်ရန်ကြွေးကြော်လိုက်လေသည်။

ထိုအချိန်တွင် အသင့်ကြိုတင်စီစဉ်ထားသော တပ်နီ လူငယ်လေးများသည် ဗိုလ်ထွန်းငြိမ်းအားကပ်၍ ချည်ထားသော ဝါးအချုပ်ခန်းအနီးသို့ တိုးဝှေ့သွားကြပြီးနောက် သံပြောင်သံချပ်များကို အမူအရာ များနှင့် ဟစ်အော်နေကြ၏။ တပ်နီလူငယ်များသည် ဗိုလ်ထွန်းငြိမ်း၏မေးစေ့ကိုကိုင်လိုက်၊ ပါးကိုတို့လိုက်လုပ်နေ၏။ နောက်ကျောကိုလည်းခြေထောက်များနှင့် ကန်ကြောက်နေကြ၏။ မထိတထိနှင့်ကလိ၍နေကြလေသည်။

"စွဲချက်တင်တိုက်ပွဲဝင်ရဲဘော် အပေါင်းတို့လေး ...ဟေး၊ ထွန်းငြိမ်း ထွန်းရှိန် ဂိုဏ်းကို ချေမှုန်းဖို့အသင့်ဖြစ်ကြပြီလားဟေ့....အေး။အေးဆိုရင်- အဲမဖြစ်စေနဲ့နော်- စိန်လိုက်ဟေ့....။

ငပိန်- ငစိန်- သေန်းမြိုင်- ငပိုင်ဂိုဏ်း၊ ထွန်းငြိမ်း ငမိုက်ရိုင်း- ဒိုင်း။

ပက်ပက်စက်စက်နင်ကြဲ ခံနိုင်မှာတဲ့လား ထွန်းငြိမ်းရာ- ဟဲ့ကောင်ရာ- ထွန်းရှိန်ပါ ၂-ယောက်သား မိုက်ကန်းလှချီလား ဝါး-။

ပြန်လည်ပြင်ရေး- နင့်ရွေးတဲ့ နင့်မသား၊ နင့်ဝါဒပါ၊ ထာဝစဉ် ပျက်ပြုန်းအောင်၊ပျက်ပြုန်းအောင်-ဆိတ်သုဉ်းအောင်ချေမှုန်းမယ်ကွဲ့လေး....

(၁) (ထွန်းငြိမ်းကြီး) ၂ မိုက်လုံးထွားတဲ့ ထွန်းငြိမ်းကြီး။
(၂) (ထွန်းငြိမ်းကြီး) ၂ အာဏာရူးတဲ့ ထွန်းငြိမ်းကြီး။
(၃) (ထွန်းငြိမ်းကြီး) ၂ နေဝင်း ကိုယ်စားလှယ် ထွန်းငြိမ်းကြီး။
(၄) ထွန်းငြိမ်း-ထွန်းရှိန် ဒွေး ၂-ဖော် တဆင့် ပြောင်းသနော်= ထွန်းငြိမ်း- ဖေငြိမ်း။
(၅) ထွန်းငြိမ်းကြီးက ဗိုလ်ကျော်သာ၊ ဖေငြိမ်းကပါ- ဗိုလ်ကျော်သူတဲ့။
(၆) ကျော်သာ ကျော်သူ- ဖအေတူ သန်းမြိုင်တဲ့ဗျို။
(၇) ပြည်တော်ပြန်တဲ့ သား ၂-မှာ သန်းမြိုင်ခေါင်ခါ တိုး တိုး- တိုး-တိုး။
(၈) သစ္စာဖောက်ဂိုဏ်း အကောက်ကြံ၊ တန်ပြန် တော်လှန်-ပါတီ ဖျက်ဖို့။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၉) ထွန်းငြိမ်း ဝါဒ- ဘိဓမ္မာ အဓိကမပါ- ဒွန်တွဲ ၂-ခု။
(၁၀) ယုတ်မာလှတဲ့ စိတ်ပညာ အဘိဓမ္မာ- အောင်မင်းခေါင်ဂိုဏ်း။
(၁၁) လုံးဝမလွတ်လပ်- သူ့လေသံ ၃-ဦးရန်ကို ၂-ဦးလုပ်ဖို့။
(၁၂) အဆိုးမြင်ရေး သူ့အလို- တော်လှန်စစ်ကို ဖျက်ဆီးဖို့ပဲ။
(၁၃) စစ်ရေးမှာတော့- ရှင်းသဗျာ- ခေတ်ပြားဟောင်းဟာ ၅၅-ပဲ။
(၁၄) စစ်ပြေးထွန်းငြိမ်းတရားဟာ-ဆုတ်စစ်ဆိုတာအရေးကြီးဆုံးတဲ့။
(၁၅) မဆလနဲ့ ထွန်းငြိမ်းဟာ- မြေယာလမ်းစဉ် တထပ်ထဲဗျ။
(၁၆) သုတေသန ပြုသတဲ့ဗျာ- စစ်ရေးမြေယာ နေဝင်း အကြိုက်။
(၁၇) ပါတီဗဟို ဆန့်ကျင်တာ- တည်ဆောက်ရေးမှာ ထွန်းငြိမ်း တရား။
(၁၈) ထွန်းငြိမ်းဝါဒ ဖြန့်ရာမှာ- ထွန်းရှိန်တဲ့ဗျာ ထွန်းရှိန်ကိုယ်ခွဲ။
(၁၉) တော်လှန်ရေးရဲ့ ဗဟိုပြုရာ-အခြေခံစခန်းမှာဖျက်တဲ့ထွန်းငြိမ်း။
(၂၀) ထွန်းငြိမ်းနေဝင်း ၂-ဖက်ညှပ်ခါ- အတွင်းရော အပြင်ပါ ဖျက်ဆီးဖို့ပဲ။
(၂၁) သာယာဝတီနဲ့ ပြည်ခရိုင်မှာ- ဖျက်ဆီးဖို့ရာ စခန်းတဲ့ဗျို့။
(၂၂) တောင်ငူခရိုင်လဲ သူဂိုဟ်မွှေ- တော်သေးရဲ့လေ တစုံမဟုတ်လို့။
(၂၃) နဘဲကုန်းစိတ်ဓာတ် ဖျက်ဆီးကာ- တိုက်တိုင်းအောင်မှာ ထွန်းငြိမ်း လက်ချက်။
(၂၄) မြစ်ဝကျွန်းပေါ် တပ်တော့ဗျာ- သူ့စိတ်ကြိုက်သာဖျက်တော့ သဗျို့။
(၂၅) ဒို့တပ်ဖျက်တဲ့ ထွန်းငြိမ်းကို- သတ်ဖို့ရာဆို ကျုပ်တို့လွှဲလိုက်။
(၂၆) ထွန်းရှိန်ကလဲ ဆေးကျောင်းမှာ တပြိုင်ထဲဖျက်တာ- ဒင်းတို့ ဂိုဏ်းပဲ။
(၂၇) ထွန်းငြိမ်း၊ ထွန်းရှိန် ဂိုဏ်းယုတ်မာ-ချေမှုန်းဖို့ရာ ဒို့တာဝန်ပဲ။
(၂၈) ကိုယ်ကျိုးရမက်ကြီးရာမှာ- အာဏာရူးတာ ၂-ယောက်မရှိ။
(၂၉) တပါတီလုံးသူ့ပဲကြံ- အရင်းခံလှဲ့ရန် လိုသေးသတဲ့။
(၃၀) ဗမာပြည်လင်ပြောင် သူတဲ့ဗျာ- ထွန်းငြိမ်းကြီးဟာ အရှက် မရှိဘူး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃၁) မော်စီတိုးထက် ထူးချွန်ကာ· သူတွေ့ထားတာရှိသေးဆိုပဲ။

(၃၂) ဗိုလ်မှူးခေါ်တဲ့အရသာ· ရာထူးရှူးတာ ထင်ရှားသဗျို့။

(၃၃) စင်ပြိုင်ဗဟို ထူထောင်တာ· သူ့ကျောင်း တော်ဟာ– နိုးတူး ဆိုပဲ။

(၃၄) သာဓိန္ဓိဂိုဏ်း အတုယူ· ယုတ်မာပုံမှ မပြောချင်ဘူး။

(၃၅) သူ့တပည့်ကျော် တေင်ဟန်· ခွေးကျင့်ခွေးကြံ လူယုတ်မာပဲ။

(၃၆) တဏှာရူး ထွန်းငြိမ်း လူယုတ်မာ· တင်ဟန်ကိုပါ သတ်ပစ် သတ်ပစ်။

(၃၇) အခွင့်ထူးခံပြီး ဇိမ်ခံတာ· အိုးကလေးစံနစ်မှာ ရှာမှရှားဗျာ့။

(၃၈) ကောက်ညှင်းကျည်ထောက်· ပြောင်းဖူးပါ ခိုးဖှက်စားတာ စုံလို့ စုံလို့။

(၃၉) ပျားရည်ဗူးလေး ပေးစမ်းပါ· အချုပ်ထဲမှာ မျက်ရည်ခံထိုး။

(၄၀) သေခါနီးမို့ရိက္ခာယူ–အပင်းလျှိုသူ· သူခိုး–သူခိုး။

(၄၁) ပါတီဖျက်မဲ့ ဂိုဏ်းဂဏမှာ· ပညာစုံတာ ထွန်းငြိမ်း၊ ဖေငြိမ်း။

(၄၂) သူ့တပည့်မခံတဲ့ ကေဒါတွေ· ကုတ်ဖြံတာလေ ဩဇာအကုန်ချ။

(၄၃) မောင်တိုး၊ သန်းအေး၊တင်ဟန်လို· လူယုတ်မာကို မြှောက်စား သဗျ။

(၄၄) လက်ဝဲလေနဲ့ မှိုင်းတိုက်တာ·ထွန်းငြိမ်းလကျာအချောင်သမား။

(၄၅) စိုးသန်းတိုက်ရေး အလံထူ· တချက်ခုတ်မှ ၃·ချက်ပြတ်ဖို့။

(၄၆) သူ့ပြန်ပြင်ရေးဖုံးကွယ်ရန်·စိုးသန်းတိုက်ဟန်တနည်းလှည့်စား။

(၄၇) စိုးသန်းတိုက်ရေး သူလှုံ့ဆော်· မြစ်ဝကျွန်းပေါ် အပိုင်စီးဖို့။

(၄၈) စိုးသန်းတိုက်ရေး ကြွေးကြော်ကာ· ဗဟိုကိုပါ ဦးလှည့်ပေးဖို့။

(၄၉) ကိုးပါးနီးကပ် အတုယူကာ· အသေခံပါ သွေးထိုးသတဲ့။

(၅၀) သေဖော်ညှိဖို့ သွေးထိုးကာ·ဘော်လံဒီယာ စုသေးဆိုပဲ။

(၅၁) မြစ်ဝကျွန်းပေါ် ပြေးရ ကောင်းလား၊ တနင်္သာရီ ပြေးရ ကောင်းလား။

(၅၂) မသုံးလုံးကို ပြေးရကောင်းလား၊ ရခိုင်၊ ချင်းတောင် ပြေးရ ကောင်းလား။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၅၃) ပါတီအံ့တု မိုက်မဲတာ-ထွန်းငြိမ်းခမြာ- ပြေးလို့မလွတ်။
(၅၄) ပိုးစုံးကြူးက လ,ကိုပြိုင်-ဒီကမ္ဘာမှာ နိုင်နိုင်ရိုးလား။
(၅၅) ခွေးလေးခုန်လို့ ဖုံမထ-ထွန်းငြိမ်းမှတ်ထားဟ။
(၅၆) ထွန်းငြိမ်း၊ ထွန်းရှိန် ဂိုဏ်းယုတ်မာ (ချေမှုန်းပစ်)၂။
(၅၇) ထွန်းငြိမ်းဝါဒ မျိုးပြုတ်အောင် (ချေမှုန်းပစ်)၂။
(၅၈) စိန်-ပိန်-မြိုင်-ပိုင်-ငြိမ်း-ရှိန် (ချေမှုန်းပစ်)၂။
(၅၉) ထွန်းငြိမ်းသတ်ဖို့ လူရွေးသော် -မြစ်ဝကျွန်းပေါ် ဦးစား ပေးဗျို။
(၆၀) ကင်းတပ်စိတ်က ရဲဘော်ရာ-တောင်းပန် မယ်ဗျာ သတ်ခွင့် ပေးဖို့။
(၆၁) တပ်နီလူငယ် ရဲဘော်ရာ-တောင်းပန်မယ်ဗျာ သတ်ခွင့်ပေးဖို့။
(၆၂) ဒို့ပါတီ အစွန်နဲ့ရှည်-နှစ်အသခွေ် တည်မြဲစေသား။
(၆၃) ကမ္ဘာ့ခေါင်းဆောင်ကြီး ဥက္ကဋ္ဌမော်-သက်တော်ရာကျော်ရှည် ပါစေသား။
(၆၄) ဒို့ဥက္ကဋ္ဌကြီး သက်ရာကျော် - ရှည်ပါစေသော် ကျုပ်တို့ဆု တောင်း။
(၆၅) ၃-ဦးပေါင်းလို့တော်လှန်တာ-လူထုကေဒါတပ်မတော်သား။
(၆၆) ဒို့ တော်လှန်ရေး အောင်ရမယ်-မုချအောင်မယ်-အောင်မယ် မုချ။

သီချင်း

စစ်အာဏာ တဏှာရှူး (အခွင့်ထူးခံတဲ့ထွန်းငြိမ်းပါပဲဟယ် ၂)မိုက်မဲတဲ့ ငထွန်းရှိန်ရယ် မိုက်ပြစ်ကွယ်ခံစမ်း။

(မပြေးလမ်းပိတ်ဖို့တာဝန်ယူမယ်)၂ဒို့ဆော်မယ် လက်သံပြောင်စမ်း။

သံပြောင်

(ဗိုလ်မှူးဆို) ၂ အလွန်ကြိုက်သတဲ့ဗျို။
(ဗိုလ်မှူးဆို) ၂ နားဝင်စိမ့်သတဲ့ဗျို။
တန်ပြန်ဂိုဏ်းကိုဖွဲ့ဟဲ့။

လက်ဝဲလေသံဟိန်း....အိမ်း။
မိုက်ဖော်ဆိုးဖက်မွေး....အေး။
သာဓိန္ဒလိုဆိုး-အိုး။
(အလိုဗျာ) ၂ ထွန်းငြိမ်းပါတဲ့....လေး၊
လမင်းကိုမကြေချမ်း။
ပြိုင်ချင်စမ်းလို့ ခွေးလိုဟောင်။
(ဝိုးဝါး) ၃ (ဝါဝိုး) ၃။
နေမင်းကိုမကြေချမ်း။
ပြိုင်ချင်စမ်းလို့ ခွေးလိုဟောင်
(ဝိုးဝါး)၃ (ဝါးဝိုး) ၃။
အူသံတွေ-ဟော။
ဟောင်သံတွေ-ဟော။
အလို ဗျို
ငြိမ်းရှိန်ဂိုဏ်းဆိုက....လေး။
(အောင်မင်းခေါင်) ၂ အစွန်း ၂ ဖက်ပြောင်
အရှင်ရရ-အသေရရ။
လက်သစ်သာဓိန္ဒ။
စုတ်စုတ်ပဲ့ပဲ့ပြော....ဟော။
မိုးပွင့်နဲ့ကမွေး....အေး။
ဘေးတိုက်ဆွေးနွေးပွဲ....အဲ။
တင်ဟန်က စားဖား....အား။
(အလို-ဗျို) ၂
ကြုံဘူးပေါင်ဗျာ့....လေး။
ဟိုတွေးကာ-ဒီတွေးကာ။
ထွန်းငြိမ်းခေါင်းထဲမှာ။
အရက်ပုလင်းစမ်း-အဟမ်း။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သန်းမြှိုင်ကယ်ပါအုံး....ဝုံး
ထွန်းရှိန်ကယ်လေမလား....ဝါး
မ-သုံးလုံးကိုပြေး....ဝေး
မြစ်ဝကျွန်းပေါ်ရပြေး....ဝေး
တနင်္သာရီပြေး....ဝေး
ရခိုင်ချင်းတောင်ပြေး....ဝေး
(အလို-မျို) ၂
အချုပ်ထဲမှာတဲ့လေး........။

× × ×

၁၉၆၀-ခုနှစ် ဩဂုတ်လ(၂၉)ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစခန်းတွင် ဗိုလ်ထွန်းငြိမ်းအား စွဲချက်တင်သည့် လူထုလိုက်ပွဲကို ဆက်လက်၍ ဆင်နွဲနေလေသည်။

ဗိုလ်ထွန်းငြိမ်းအား ကြိုးအထပ်ထပ်နှင့်ပင် ချည်နှောင်၍ထား၏။ မလှုပ်သာမရှားသာအောင် ဝါးအချုပ်နံရံတွင် ပူးကပ်လျက် တုပ်ချည်လျက်ထားလေသည်။

"ဟဲ့ ထွန်းငြိမ်း နင့်ကိုငါတို့က တကဲ့ကွန်မြူနစ်ကြီးလို့ထင်ခဲ့တယ်။ တကယ်က နင်ဟာ ကွန်မြူနစ် အနံ့အသက်တောင်မရှိတဲ့ ပြန်ပြင်ရေးသမားသစ္စာဖောက်ဖြစ်တယ်။

အစားကောင်းဆိုရင် နင်ချည်းပဲစားတယ်။ လူမမာတွေတောင် မညှာဘူး။ အခွင့်ထူးခံတယ်။

အမျိုးသမီးတွေနဲ့ ဆက်ဆံရာမှာ နင်ကစပြီး ကလေး ကလား ဆက်ဆံတယ်။ ယုတ်ယုတ်ကန်းကန်း ကြံစည်ခဲ့တယ်။ဖျက်ဆီးခဲ့တယ်။ နင့်အလုပ်အဖွဲ့က ကောင်တွေကလဲ နင့်လိုပဲ သူ့အတွဲတွေနဲ့သူဖျက်ဆီးခဲ့ကြတယ်။

နင့်ဂိုဏ်းသား တင်ဟန်ကလဲ မနီကိုဖျက်ဆီးခဲ့တယ်။ နင်တို့ရဲ့အရင်းခံ အလှည့်အပြောင်းဆိုတာဟာ ဒါပဲလား။

ရဲဘော်သုတ်၏ လက်ရေးမူ



ဗဟိုကော်မီတီ ရဲဘော်သုတ်၏ ဗိုလ်ထွန်းငြိမ်းချမှန်းရေး
သံချပ်-သံပြောင်းများ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထွန်းငြိမ်းနင်ဟာ မညွန့်ညွန့်နဲ့ အချိန်မတော်ညသန်း ခေါင်အထိ တတွဲတွဲနဲ့နေခဲ့ကြတယ်။ မညွန့်ညွန့်နဲ့ အမျိုးသမီးတွေရဲ့ တဲပေါ်က ဘယ်တော့မှမဆင်းဘူး။ ဟဲ့ထွန်းငြိမ်း နင်မှတ်မိသေးလား။ တနေ့မှာ နင်ရေချိုးပြီး အင်္ကျီမဝတ်ပဲ မညွန့်ညွန့်အိပ်ရာပေါ်မှာထိုင်နေတယ်။ နင်ဟာ မျက်နှာပေါက်ဆိုးဆိုးနဲ့ မှုန်ကုတ်နေတယ်၊ ရဲဘော်တွေက ဗိုလ်မှူးအင်္ကျီဝတ်ပါလား။ အအေးမိနေမယ်ဆိုပြီးပြောကြတယ်။ ဒါပေမဲ့ နင်ဟာ မတုန်မလှုပ်လုပ်နေတယ်။မညွန့်ညွန့်က သူ့အင်္ကျီဝတ်မလားဆိုပြီးပေးလိုက်တော့မှ နင်ဟာသဘောကျပြီးတော့ ကောက်ဝတ်လိုက်တယ်။နောက်ပြီးတော့မညွန့်ညွန့်နဲ့ ရဲဘော်မတွေကို အချိန်တော်တော်မတော်တော်ခေါ်ပြီး အနင်းခိုင်းတယ်။ အနှိပ်ခိုင်းတယ်။ ဒီလိုနည်း နဲ့ နင်ဟာဇိမ်ခံတယ်။ ပြီးတော့ နင်ဟာ အမျိုးသမီးတွေရှေ့မှာ မလုံ့တလုံနဲ့ထိုင်ပြပြီးဆွပေးတယ်မဟုတ်လား။ ဟဲ့ထွန်းငြိမ်းရဲ့"။

ရဲဘော်မစန်းမြင့်သည် ဒေါ်ကြီးမာန်ကြီးနှင့် ဗိုလ်ထွန်းငြိမ်းအား လက်ညှိုးငေါက်ငေါက်ထိုး၍ စွဲချက်တင်နေသည်။

"- အမျိုးသမီးတွေကို ဖျက်ဆီးတဲ့ ထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်
- တင်ဟန်ကို သတ်ပစ်၊ သတ်ပစ်။
- ထွန်းကျော်ကို သတ်ပစ်၊ သတ်ပစ်။
- ဘသန်း၊ ဘိုးသာကို သတ်ပစ်၊ သတ်ပစ်။
- ခင်ဝင်းကို သတ်ပစ်၊ သတ်ပစ်။"

ဤသို့ဖြင့် တပ်နီအမျိုးသမီးများသည် အသံကုန်ဟစ်အော် ကြွေးကြော်နေကြသည်။

ထိုအချိန်တွင် သခင်သန်းထွန်းမှာ စိတ်လှုပ်ရှားလာပုံရသည်။ ထို့ကြောင့် ကြားဖြတ်၍ ချက်ကျကျ ကြွေးကြော်ရန်အတွက် ကြွေးကြော်သံများကို ကိုယ်တိုင် ကဗျာကရာ ကောက်ရေးပြီး အနီးရှိမအေးမြင့်ထံသို့ အသာထိုး၍ ပေးလိုက်လေသည်။

မအေးမြင့်သည် ချက်ခြင်း မတ်တတ်ရပ်လိုက်ပြီး သခင်သန်းထွန်းရေးပေးသော ကြွေးကြော်သံများကို တအားကုန်ဟစ်၍ တိုင်လိုက်၏။ မအေးမြင့်နှင့်အတူ ရဲဘော်၊ ရဲဘော်မများကလည်း မရပ်မနားပင် ကြွေးကြော်နေကြလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"- ရဲဘော် မညွန့်ညွန့်ရဲ့ အသရေကို ဖျက်ဆီးတဲ့ ထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်။

- ရဲဘော်မနီကို ဖျက်ဆီးတဲ့တင်ဟန်ကို သတ်ပစ်၊ သတ်ပစ်။



သခင်သန်းထွန်းမှ တစ်နီအမျိုးသမီး မအေးမြင့်အားရေးပေးသော ကြေးကြော်သံလက်ရေးမူ

ထို့နောက် မစန်းမြင့်သည် ဆက်လက်၍ စွဲချက်တင်နေလေသည်။

နင်ဟာ အရုပ်ဆိုးသလောက်လဲ လှချင်တယ်။ မနက်မိုးလင်းတာနဲ့ ခေါင်းကို ကျော့နေအောင်ဖီးတယ်။ မိုးပွင့်တွေကိုလဲ မျက်နှာမှာ ဖွေးနေအောင်လူးထားတယ်။

ဟဲ့ထွန်းငြိမ်း နင်ဟာ အာဏာရူးလဲဖြစ်တယ်။ တဏှာရူးလဲဖြစ်တယ်။

ဒါတွေကြောင့် နင့်ကိုငါကိုယ်တိုင် မသေမချင်းသတ်မယ် ဟဲ့ထွန်းငြိမ်းရဲ့"။

(ရဲဘော်မစန်းမြင့်၏ စွဲချက်မှုရင်းမှ)

ကြေးကြော်သံများသည် ပို၍ ပို၍သာ ကျယ်လောင်နေလေသည်။

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့မှ ရဲဘော်မြကြီးသည် ဆက်လက်၍ စွဲချက်တင်လေသည်။

"ဟော့ ကောင်ထွန်းငြိမ်း မင်းကိုငါစွဲချက်တင်မယ်။

မင်းဟာ ဇိမ်ခံချင်တဲ့ ဇိမ်သမားဖြစ်တယ်။ စားစရာတွေရရင် မင်းတယောက်ထဲပဲ တိတ်တိတ်စားတယ်။ အမျိုးသမီးကိစ္စတွေကို ငါစွဲချက်တင်မယ်။ ကိုနွံနဲ့ ကိုထွန်းသောင်းက ညွှန့်ညွှန့်နဲ့ ထွန်းငြိမ်းတော့ ဖြစ်နေကြပြီဆိုတာကို ပြောကြတယ်။ အဲ့လိုပြောတာကို ငါကြားရတယ်။ အဲ့ဒီတုန်းကစပြီး မင်းတို့ကို ငါသတိထားကြည့်ခဲ့တယ်။စခန်းချတိုင်း ချတိုင်း မင်းဟာ အမျိုးသမီးတွေကို မင်းအနားမှာ ထားခဲ့တယ်။တနေ့ညကျတော့တောင်ကျောတခုအပေါ်မှာရေဒီယိုကိုအလယ်မှာထားပြီးတော့ မင်းနဲ့ ညွှန့်ညွှန့်ဟာ တဖက်စီထိုင်နေကြတယ်။ ငါက ဘယ်သူတွေလဲလို့ လှမ်းမေးလိုက်တော့ ညွှန့်ညွှန့်ကပဲ ပြန်ပြောတယ်။ မင်းက ဘာမှပြန်မပြောဘူး။

နောက်တော့ မင်းဟာ ညွှန့်ညွှန့်အင်္ကျီကိုဝတ်၊ ညွှန့်ညွှန့်ကိုပဲဆေးထိုးခိုင်း၊ ညွှန့်ညွှန့်ဖျော်ပေးတဲ့ ကော်ဖီမှ သောက်တော့တယ်။ ညွှန့်ညွှန့်ဆိုညွှန့်ညွှန့်အနားမှာချည်းပဲ မင်းဟာနေတော့တာပဲ"။

ထိုအခါတွင် ရဲဘော်မညွှန့်ညွှန့်သည် ရုတ်ခြည်းပင် မတ်တတ်ရပ်လိုက်ပြီးနောက် ဗိုလ်ထွန်းငြိမ်း၏ မျက်နှာအား လက်ညှိုးနှင့်ထိုးလျက် အော်ဟစ်ရန်တွေ့လိုက်တော့သည်။

"ဟဲ့ တဏှာရူးထွန်းငြိမ်းနွားကြီးရဲ့ ငါကတော့ နင့်ကိုခေါင်းဆောင်ဆိုပြီး လေးစားခဲ့တယ်။ နင်ကတော့ ငါ့ကိုအကျောကြီးနဲ့ ပေါ့ဟုတ်လား။ ခွေးကောင် ခွေးမျိုးရဲ့ ငါကိုယ်တိုင် နင့်ကိုသတ်မယ်"။

ရဲဘော် မညွှန့်ညွှန့်၏ မျက်နှာသည် နီရဲနေ၏။ မျက်လုံးအစုံတွင် ဒေါသမျက်ရည်များပင် ကျနေတော့သည်။

ရဲဘော်မြကြီးသည် ဗိုလ်ထွန်းငြိမ်းအား စူးစူးစိုက်စိုက်ကြည့်လျက် ဆက်လက်၍ စွဲချက်တင်နေသည်။

"ပြီးတော့ ည(၁၁)နာရီလောက်မှာ တင်ဟန်နဲ့ မနီကလဲ ပူးလိုက်ကပ်လိုက်ထိုင်နေကြတယ်။ ငါက မသင်္ကာလို့ အတင်းသွား ပြီးတော့မင်းဘယ်သူလဲလို့ မေးလိုက်တယ် "ကျမ"လို့ မနီက တိုးတိုးလေးဖြေလိုက်တယ်။ ငါကထွန်းငြိမ်းကို တင်ပြတယ်။ ထွန်းငြိမ်းက ဂရုမစိုက်ဘူး။မင်းတို့ဟာအသိရှိရှိနဲ့ အမျိုးသမီးတွေကို ဖျက်ဆီးတဲ့ ကောင်တွေဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နောက်ဆုံးငါစွဲချက်တင်မယ်။ ထွန်းငြိမ်း မင်းကောင်းကောင်းနား ထောင်။

ပါတီကိုဖျက်ဆီးတာတို့ ဥက္ကဋ္ဌကြီးကို လုပ်ကြံဖို့လုပ်တာ မြစ်ဝကျွန်း ပေါ်တပ်ကို ဖျက်ဆီးခဲ့တာဟာ ခေါင်းဆောင် ထွန်းငြိမ်းနဲ့သူ့ ဂိုဏ်းသား တွေဖြစ်တယ်။

မင်းတို့ကို ငါကိုယ်တိုင်သတ်မယ်။"

ရဲဘော်မြကြီး၏စွဲချက်မှ

အမျိုးသမီးတွေကို ဖျက်ဆီးတဲ့ ထွန်းငြိမ်းနဲ့ သူ့ဂိုဏ်းသားတွေကို သတ်မလား မသတ်ဘူးလား။ ရဲဘော်တို့....

ရဲဘော်မစန်းမြင့်သည် မျက်နှာကို စူစူ အောင့်အောင့်ကြီးလုပ်၍ ကြွေး ကြော်တောင်းဆိုလိုက်လေသည်။

ထို့နောက်တွင် ရဲဘော်မညွန့်ညွန့်သည် ဗိုလ်ထွန်းငြိမ်းအား စွဲချက်တင်ရန် မတ်တတ်ရပ်လိုက်၏။ အကျီလက်ကို အပေါ်သို့ မတင်လိုက်သည်။

"ပါတီဗဟိုဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊ တော်လှန်ခရီး ဖျက် ဆီးရေး၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေးသမား ထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်း ချေမှုန်းရေးတိုက်ပွဲ၊ ဂိုဏ်းခေါင်းဆောင် ထွန်းငြိမ်းအား စွဲချက်

နင့်ကိုစွဲချက်မတင်ခင် ငါဘယ်သူလဲ ငါ့အစီအစဉ်ဘာလဲ နင့်ကို သိစေအုံးမယ်။

ငါ့အစဉ်အလာ ငါ့သမိုင်းဟာ တော်လှန်ရေး ၂၀-မှာ ပါတီနဲ့အ တူ မခွဲမခွာရှင်သန်ခဲ့တာ ဖြစ်တယ်။ ပါတီကပေးအပ်တဲ့တာဝန်ကိုမနား မနေ ငါထမ်းဆောင်ရင်းက ငါ့ခင်ပွန်းဟာ ၆၅-ခုနှစ်မှာ ကျဆုံး ခဲ့ တယ်။ ဒါပေမဲ့ ပါတီနဲ့ ပါတီဥက္ကဋ္ဌကြီးက ငါ့ကိုတော်လှန်ရေးကို အ သက်ထက်ဆုံး ဆင်နွှဲနိုင်ဖို့အတွက် ဆက်ပညာပေးပြီး ဘက် ချိတက် စေခဲ့တယ်။

ငါ့ခင်ပွန်းဟာ ပါတီနဲ့အတူ ငါ့ကိုအဆက်မပြတ် ပညာပေး ရှေ့ ဆောင်ရင်း အာဇာနည်တို့၏ သွားရာလမ်းအတိုင်း သွေးနဲ့ လမ်းခင်း ခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတီနဲ့ ဥက္ကဋ္ဌကြီး ဆော်ဩချက်အတိုင်း ငါဟာသွေးခင်းတဲ့လမ်းကိုပဲ ဆက်ချီတက်ခဲ့တာဖြစ်တယ်။ ဒီလိုပါတီကို အသက်နဲ့ကိုယ် မြဲသမျှ မခွဲခဲ့တဲ့ငါဟာ ပါတီဗဟိုနဲ့ ပါတီဥက္ကဋ္ဌအပေါ်မှာလဲ ယုံကြည်ချက်အပြည့် မျှော်လင့်ချက်အပြည့်နဲ့ အားထားရာ နာခံရာလဲ ဖြစ်ခဲ့တယ်။ ပါတီဗဟိုကို ချီတက်ဖို့တာဝန်ကျထဲက ဘယ် အခက်အခဲနဲ့ ဘယ်အတားအဆီးကြောင့်မှ စိတ်အားမလျှော့ပဲဆက်တိုက် အကောင်းဆုံး လိုက်ပါမှုဖြစ်အောင် ကြိုးပမ်းခဲ့တယ်။

ပါတီဗဟိုနဲ့ ပါတီဥက္ကဋ္ဌအတွက်လဲ အောင်ပွဲတွေ လက်ဆောင်ပေးနိုင်အောင် လမ်းခရီးမှာ အကြိမ်ကြိမ်ကြိုးပမ်းခဲ့သေးတယ်။

ဒီလိုပါတီဥက္ကဋ္ဌနဲ့ ပါတီဗဟိုအပေါ် အမြဲနာခံပြီး မျှော်လင့် ယုံကြည်ချက်အပြည့် ထားရှိခဲ့တဲ့ငါ့ကို နင့်တန်ပြန်တော်လှန်ရေး တပ်ထဲမှာ အမာခံအဖြစ် ၇/လနဲ့ ၉/ရက်အတွင်းမှာ ဖျက်သိမ်းခံရတာဟာ ငါသေသွားသည့်တိုင်အောင် မကြေအေးနိုင်တဲ့ ငါ့အနာကြည်းဆုံးဖြစ်ရပ်ဖြစ်တယ်။

နောက်ဆုံး ဩဂုတ်လ ၇-ရက်နေ့ဟာ ငါမျှော်လင့် အားထားဆုံး အယုံကြည်ဆုံး၊ နာခံဆုံး ဥက္ကဋ္ဌကြီးကိုတွေ့ရရင် သေပျော်ပါပြီ ဆိုတဲ့ ငါဟာ ဥက္ကဋ္ဌကြီးကို တကယ်တွေ့ရတဲ့အခါမှာ စိတ်မချမ်းသာဆုံး ဖြစ်ခဲ့ရတယ်။

ဥက္ကဋ္ဌကြီးနဲ့ တွေ့ပြီးရင်တော့ ဥက္ကဋ္ဌကြီးမျက်မှောက်မှာ အကောင်းဆုံး ပါတီကို အလုပ်အကျွေးပြုရင်း သေပါစေ။ သေရကျိုးနပ်တယ်လို့ မူလကရည်မှန်းချက်ဟာ ခုတော့ ဆန့်ကျင်ပြီး နင်နဲ့ ပါလာရလို့ နင့်အဆိပ်သင့်နေလို့ ဥက္ကဋ္ဌကြီးရှေ့မှောက်မှာ ကြိုးတုပ်ရက်နဲ့ ငေးရတာဟာ အလွန်စိတ်မချမ်းသာရတာပဲ။

ဒါတွေဟာ နင့်အဆိပ်တွေကြောင့်ဖြစ်ခဲ့ရတာ နင့်ကြောင့် ပေါ်ပေါက်လာတာမို့ တရားခံ နင်သာဖြစ်တယ်။

ဒါတင်မကဘူး။ ပါတီဗဟိုအဝန်းအဝိုင်းတခုလုံးကိုပါ ငါဟာစော်ကားခဲ့မိတယ်။

ဒီပြစ်မှုအားလုံးဟာ တရားခံနင့်ကြောင့်ဖြစ်လို့ ငါကိုယ်တိုင်မသုတ်သင်ရပဲ ဘယ်တော့မှမကြေအေးနိုင်ဘူး။

နင့်ကို ငါ့လက်နဲ့ ငါကိုယ်တိုင် သုတ်သင်ဂလဲ့စားချေမယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခန်း(၁)

မြစ်ဝကျွန်းပေါ်ကတပ်ဟာ ပါတီဗဟိုက တည်ဆောက်ဖို့ ခေါ်လို့ ရောက်လာတော့ တပ်ကိုနှင်လာပြီး လက်ခံခဲ့တယ်။ ငါနဲ့အတူ တပ်ကြီးတခုလုံးက နှင်-တရုပ်ပြည်ပြန်ဖြစ်ပြီး တည်ဆောက်ရေးတာဝန်ခံလို့ လဲသိရတော့ ပါတီဗဟိုကို အကြွင်းမဲ့ ယုံကြည်ခဲ့တဲ့တပ်နဲ့ ငါဟာ နှင့်ကို လုံးဝယုံကြည်ခဲ့တယ်။ တပ်ကိုလဲပုံအပ်ခဲ့တယ်။

ဒါပေမဲ့ နှင်ဘာလုပ်ခဲ့သလဲ ပါတီဗဟိုကို ဆန့်ကျင်ဖို့ တပ်ကိုဖျက်ဆီးပစ်လိုက်တယ်။

စိန်-ပိန်-ပိုင် ဖြိုလှဲပြီးနောက် လက်သစ် ပြန်ပြင်ရေးသမားတွေဟာ ပုံစံသစ်နဲ့ပေါ်လာတယ်။

ဒါပေမဲ့ ကနေ့ပါတီရဲ့ လမ်းညွှန်ဖြစ်တဲ့ မော်စီတိုး အတွေးအခေါ်နဲ့ ပြန်လည်ပြုပြင်ဆင်ရေးသမားအကြား အရင်းခံခြားနားတဲ့"စံ" ရှိတယ်။

ဒါကတော့ ပါတီဗဟိုအပေါ် နာခံသလား၊ပါတီဗဟိုကိုဆန့်ကျင်သလားဆိုတာ ကနေ့အရေးအကြီးဆုံး"စံ"ဖြစ်တယ်။

ဒီစံကိုထပ်စိတ်ရင်....

၁။ ပါတီဥက္ကဋ္ဌကို ဆန့်ကျင်သလား၊ နာခံသလား။

၂။ တရုပ်ပြည်ပြန်တွေအပေါ် ဘယ်လိုသဘောထားသလဲ။

၃။ မာ့က်စ်လီနင် ကျောင်းအပေါ် ဘယ်လို သဘောထားသလဲ။

၄။ လူငယ်အမျိုးသမီးအားသစ်တွေအပေါ် ဘယ်လိုသဘောထားသလဲ။

ဒါတွေဟာ ကနေ့အရေးကြီးဆုံး"စံ"တွေဖြစ်တယ်။

ဒါတွေ ဘာ့ကြောင့်"စံ"ဖြစ်ရသလဲ ငါဆက်ရှင်းပြမယ်။ မသေခင်နားထောင်။

၁။ ပါတီဥက္ကဋ္ဌကို ဆန့်ကျင်တာဟာ လူပုဂ္ဂိုလ်သက်သက်ကို ဆန့်ကျင်နေတာမဟုတ်ဘူး။ ဒါရဲ့အဓိပ္ပာယ်က တော်လှန်စစ်သက်တန်း ၂၀-မှာ ပါတီဥက္ကဋ္ဌဟာ တော်လှန်စစ်ကို ဦးစီးရှေ့ဆောင်နေတာဖြစ်တယ်။ ဒါကြောင့် ဥက္ကဋ္ဌကို ဆန့်ကျင်တာဟာ ဥက္ကဋ္ဌကိုယ်စားပြုတဲ့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တော်လှန်စစ်ကို ဆန့်ကျင်တာ ဉက္ကဋ္ဌကိုယ်စားပြုတဲ့ တော်လှန်ရေးလမ်းစဉ်ကို ဆန့်ကျင်တာဖြစ်တယ်။

ပါတီရဲ့ အနှစ် ၃၀-သမိုင်းမှာ ဉက္ကဋ္ဌကြီးကို ဆန့်ကျင်သူတွေဟာ ဖောက်ပြန်ယုတ်မာတဲ့ ပါတီတွင်း သစ္စာဖောက်တွေနဲ့ ပါတီတွင်းပြန်လည် ပြင်ဆင်ရေးသမားတွေ၊ ပစ္စည်းမဲ့လူတန်းစားရဲ့ ရန်သူတွေကသာ ဆန့်ကျင်ကြတာပဲ။

၂။ တရုပ်ပြည်ပြန် ရဲဘော်တွေအပေါ် သဘောထား

ဒီရဲဘော်တွေဟာ တရုပ်ပြည် ပါတီရဲ့ လေ့ကျင့် မွေးမြူပေးထားသူများဖြစ်တယ်။

မော်စီတုံးအတွေးအခေါ်ကို ကိုယ်စားပြုသူတွေဖြစ်တယ်။

နင့်လို လူယုတ်မာ သစ္စာဖောက်ကလွဲရင် ကျန်ရဲဘော်တွေဟာ မော်စီတုံး အတွေးအခေါ်အပေါ် သစ္စာရှိကြသူတွေဖြစ်တယ်။ သူတို့ကို ကနေ့ပါတီဗဟိုဟာ ကျောရိုးပြုရသူတွေဖြစ်တယ်။

ဒါကို ဆန့်ကျင်တာလဲ မာ့က်စ်လီနင်ဝါဒနဲ့ မော်စီတုံး အတွေးအခေါ်ကို ဆန့်ကျင်တာ ဖြစ်တယ်။ တော်လှန်ရေးကို ဆန့်ကျင်တာဖြစ်တယ်။

၃။ မာ့က်စ်လီနင်ကျောင်းပေါ်သဘောထား

ဒီကျောင်းက မာ့က်စ်လီနင်ဝါဒနဲ့ မော်စီတုံး အတွေးအခေါ်ကို ပါတီမှာ ဖြန့်ဖြူးတည်ဆောက်နေတာဖြစ်တယ်။ ဒါကို ဆန့်ကျင်တာလဲ ဒီတရားတွေကို ဆန့်ကျင်တာ ဒီတရားကို လမ်းညွှန်ပြုနေတဲ့ ပါတီကို ဆန့်ကျင်တာ ပါတီနဲ့ တော်လှန်ရေးကို ဆန့်ကျင်တာဖြစ်တယ်။

၄။ တပ်နီလူငယ်နဲ့ အမျိုးသမီးပေါ် သဘောထား

တော်လှန်ရေးကို ဆုံးခန်းတိုင် အဆက်မပြတ် ဆင်နွှဲဖို့ တော်လှန်ရေးကို အမွေဆက်ခံမဲ့ ပါတီရဲ့အားသစ်တွေဖြစ်တယ်။ ဒါကိုဆန့်ကျင်တာလဲ မာ့က်စ်လီနင်ဝါဒနဲ့ မော်စီတုံး အတွေးအခေါ်ကို ဆန့်ကျင်တာ တော်လှန်ရေးနဲ့ ပါတီကို ဆန့်ကျင်တာပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါတွေဟာ မော်စီတုံး အတွေး အခေါ်နဲ့ ပြန်လည် ပြင်ဆင်ရေး ခြားတဲ့"စ"ဖြစ်တယ်။

ဒီ(၄)ခုကို ချုပ်ရင် ပါတီဗဟိုပေါ် သဘောထားဖြစ်တယ်။

ခု-နှင် မြစ်ဝကျွန်းပေါ်တပ်ကို လက်ခံထားတဲ့-၇ လနဲ့-၉ ရက် (၂၀-၁၂-၆၇ မှ၊ ၇-၀-၆၀)အတွင်းမှာ ဒီမြစ်ဝကျွန်းပေါ်တပ်ဟာ နှင်ဘယ်လိုလုပ်ခဲ့လို့ နောက်ဆုံး ပါတီဗဟိုကို သေနတ်ပြောင်းလှည့်ရတဲ့ ဘဝ ရောက်ရကြောင်းကို ငါ-လုပ်နည်းနဲ့တကွ နှင်ပေးတဲ့ပညာရေး ပိုင်း ဒီလုပ်ရပ်ကြောင့်တပ်ရဲ့အသိဖြစ်စဉ် ငါရဲ့အသိဖြစ်စဉ်ကိုအဆင့်ဆင့် ခွဲပြီး စွဲချက်တင်မယ်။

နှင်လုပ်ခဲ့တဲ့ ဒီ ၇-လကျော်ဟာ ဒီတပ်ကို ပင်ကိုယ် အရည်အသွေး ပျောက်ပြီး ပင်ကိုယ်နဲ့ လုံးဝဆန့်ကျင်တဲ့ တန်ပြန်တော်လှန်ရေးသမား ဘဝ ကျရောက်ခဲ့ရအောင် နှင်ဖျက်ဆီးခဲ့တာဖြစ်တယ်။

ဒါကြောင့် ဒီပျက်စီးခဲ့ရမှု အားလုံး နှင့်မှာလုံးဝ တာဝန်ရှိတယ်။

နှင်တရားခံပဲ။ ဒါကြောင့် နှင်ဟာပါတီဖျက်ဆီးရေးသမား၊ တော်လှန်ရေးဖျက်ဆီးရေးသမား၊ တန်ပြန် တော်လှန်ရေးသမား၊ ပြန်လည် ပြင်ဆင်ရေး ဂိုဏ်းချုပ်ဖြစ်တယ်။

အခန်း (၂)

တပ်ကိုမိတ်ဆက်တဲ့ နှင့်ပေါ်လစီတစုံ

ပါတီဗဟိုရဲ့ စစ်အနိုင်တိုက်ရေး၊ အာဏာသိမ်းရေး လမ်းစဉ်နဲ့ ဆန့်ကျင်တဲ့ **ပြည်သူ့စစ်ပွဲ အုတ်မြစ်ချရေးပေါ်လစီ**။

နှင်တပ်ကို ၂၄-၁၂-၆၀ မှာ စတွေ့ပြီး ၂၀-၁၂- ၆၀မှာ သေနင်္ဗျူဟာ တာဝန်(၃)ရပ်ဟာ မော်နိုင်ထိုးစစ်ကို နှိမ်ချစွာလေ့လာအကဲဖြတ် ချက်မှ ပေါ်ထွက်ခဲ့တာဆိုပြီး တပ်ကိုစတင်ခဲ့တယ်။

ဒီပေါ်လစီဟာ ပါတီဗဟိုက စစ်ရေးလမ်းစဉ်နဲ့ လုံးဝ ခြားနား တယ်။

ပါတီရဲ့ စစ်နိုင်ရေး၊ အာဏာသိမ်းရေးအတွက် စစ်ရေးဗဟိုပြု၊ရန် သူ့ထိုးစစ်ကို ငါ့တို့ထိုးစစ်နဲ့ ရိုက်ချိုးရေး၊ ဒါတွေနဲ့ဆန့်ကျင်ပြီး....

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁။ တည်ဆောက်ပြီးတပ်ရော မတည်ဆောက်ရသေးတဲ့ တပ်ပါ တည်ဆောက်ရမယ်။

၂။ လူတန်းစားတိုက်ပွဲနဲ့ လက်နက်ကိုင်တိုက်ပွဲ နီးနီး ကပ်ကပ် ပေါင်းစပ်ပြီးခြေနှစ်ချောင်းနဲ့လမ်းလျှောက်ရမယ်။အာဏာနိ တည်ဆောက်ပြီး အသိရှိစွာ ပြည်သူတွေကိုလက်နက်တပ်ဆင် ရမယ်။

၃။ အထက်ပါတာဝန်တွေ ထမ်းဆောင်ဖို့ အရင်းခံ အလှည့် အ ပြောင်း လုပ်ရမယ်။

နင်ပေးတဲ့ ဒီတာဝန် ၃-ရပ်က ပထမဆုံးနဲ့ အဓိကဖြေရှင်းရမှာက ဘာလဲ။

ပြည်သူ့စစ်ပွဲအုတ်မြစ်မချပဲ တော်လှန်ရေး အောင်ပွဲ မရနိုင်ဆိုတဲ့ ဒီပို့ချချက်ဟာ တော်လှန်စစ်ကို လုံးဝဆန့်ကျင်ထားတာဖြစ်တယ်။

ဗမာပြည်မှာ ၄၀-ခုနှစ်ကသာ တနှစ်ထဲပြည်သူ့စစ်ပွဲလုပ်ခဲ့တယ်။ ၂-နှစ်အတွင်းစစ်နိုင်ရေးက ဒီအုတ်မြစ်ကိုနင်းချေဖျက်ပစ်လိုက်ပြီ။ ခုတ ပြည်လုံးမှာ ပေါက်ခေါင်းနဲ့ကွေ့ကြီး ၂-စက်ထဲပဲ။ဒီအုတ်မြစ်ချခဲ့ရသေး တယ်။ နင်ဒီလို ထပ်ရှင်းပြ ပညာပေးခဲ့တယ်။

၆၄-လမ်းစဉ်ကျပြီးနောက် ဒီမြစ်ဝကျွန်းပေါ် တပ်ဟာ ပင်ကိုယ် ကထက် ပိုအောင်ပွဲခံနိုင်ဖို့ ဗဟိုက တည်ဆောက်ရေးကို လာခဲ့တာပဲ။ ပါတီက ခေါင်းဆောင်ဆင်နွှဲနေတဲ့ တော်လှန်စစ်ကိုတဆင့်တိုး အောင် ပွဲခံဖို့ ရည်ရွယ်ချက်နဲ့ လာခဲ့တဲ့တပ် ဖြစ်တယ်။

ဒီတပ်ကို တော်လှန်စစ်အပေါ် ယုံကြည်မှု ပျက်စေတာ။

- ပါတီအပေါ် ယုံကြည်မှုပျက်စေခဲ့တာပဲ။ ဒါပါတီဗဟိုရဲ့ လမ်းစဉ်ဆန့်ကျင်တဲ့ ပါတီဖျက်ဆီးရေး၊ တော်လှန် စစ် ဖျက်ဆီးရေးလုပ်ရပ်တွေဖြစ်တယ်။
- ဒါဟာ ပါတီက အနှစ် ၂၀-လုံးလုံး စွဲစွဲမြဲမြဲလိုက်ခဲ့တဲ့ စစ် နိုင်ရေး၊ အာဏာသိမ်းရေး လမ်းစဉ်ကို နင်ဖျက်ဆီးတာ ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နှင့် ပြည်သူ့စစ်အုတ်မြစ်ချရေးဆိုတာကို လုံးဝ ချေမှုန်းပစ်ရမယ်။

တပါတည်း ပါတီနဲ့ တော်လှန်ရေး ဖျက်ဆီးတဲ့ နှင့်ကို နှင်ဖျက်ဆီးပစ်ခဲ့တဲ့ ငါတို့တပ်က လည်လှီးပြီး လက်စားချေမှာဖြစ်တယ်။

အခဏ်း (၃)

တပ်ကို နှင့်ပညာရေးခဏ်း ၆-ဆင့်လှုပ်ရှားတယ်

ပထမဆုံး ဘဝဟာစ်တိုင်အဆင့်

နှင်တပ်ကို ပါတီနဲ့ တော်လှန်စစ်အပေါ် ယုံကြည်ချက်နဲစေမဲ့၊ နှင့်ပြည်သူ့စစ်ပွဲအုတ်မြစ်ချပေါ်လစီနဲ့ အုတ်မြစ်ချခဲ့တယ်။

ခု-ဘဝဟာစ်တိုင်မှာ ဆက်ပြီး နှင်လွတ်လပ်ရေး ပြဿနာ တင်လာတယ်။

အနှစ် ၂၀-လုံးလုံး ချစ်လိုက်ရတဲ့တိုင်းပြည်။ ဘာကို ချစ်မိတာမှန်း မသိဘူး။

ခု-ဗမာပြည်ဟာ အတုအယောင် လွတ်လပ်တာ။ လုံးဝ လွတ်လပ်တာမဟုတ်ဘူးလို့ နှင်ပြောခဲ့တယ်။

"လူတန်းစား လွတ်မြောက်ရေးဖက်ကြည့်ရင် ပစ္စည်းမဲ့လူတန်းစားအာဏာမရသမျှ ပစ္စည်းမဲ့လူတန်းစားနဲ့ ပြည်သူတွေရဲ့လွတ်မြောက်ရေးဟာ မရနိုင်ဘူးဆိုတာ ရှင်းနေတဲ့ပြဿနာပဲ။"

"ပြဿနာက ဒီလူတန်းစားလွတ်မြောက်ဖို့အတွက် ဒီနေ့ဗမာပြည်မှာ ဘယ်လူမှုစံနစ်နဲ့ ဘယ်ရန်သူတွေကို ဦးတည်တိုက်ခိုက် ချေမှုန်းရမလဲဆိုတာကို ဘဝဟာစ်တိုင်က ဖြေရှင်းပေးဖို့ ဖြစ်တယ်။"

"ဒါပေမဲ့ နှင်-ဗမာပြည်လူမှုစံနစ်နဲ့ပတ်သက်ပြီး ကိုလိုနီလိုလို ရှုပ်ထွေးအောင် လုပ်ပစ်ခဲ့တယ်။ ဒါက ရည်ရွယ်ချက်ရှိတယ်။ အရင်း၅၅-ပြန်ပြင်ရေးသမားတွေလိုပဲ။ အဓိကရန်သူကိုဖျောက်ပစ်ဖို့ ဖြစ်တယ်။"

နှင်ပြောတဲ့ လုံးဝမလွတ်လပ်ဘူးဆိုတာ ကိုလိုနီပေါ့။ ဒါကြောင့် နယ်ချဲ့ဟာအဓိကရန်သူလား။ ပဒေသရာဇ်စံနစ်လား။ ရန်သူက နှစ်ဦးလား။ ရှုပ်ထွေးနေတာပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တပါတည်း စံနစ်သုံးခု၊ရန်သူသုံးဦး၊ အဓိက နေဝင်း ဦးတည်တိုက်ရမဲ့ လူ့အဖွဲ့အစည်းရဲ့ တကဲ့ရုပ်နဲ့ တကဲ့ဦးတည်တိုက်ရမဲ့ ရန်သူကို နင်ဖျောက်ချင်လို့ ဒီအကွက်ဆင်တာပဲ။

ဘဝဟာစ်တိုင်ဆိုတာ တပ်တည်ဆောက်ရေးမှာ အင်မတန်အရေးကြီးတဲ့ ရန်/ငါ ပြတ်ပြတ်တားတာပဲ။

နင့်လက်ထက်ကျကာမှ နယ်ချဲ့လား။ ကျေးလက် နေဝင်းလား၊ မရှင်းတော့ပဲ ရှုပ်ကုန်တယ်။ စပြီးအုတ်မြစ်ချထဲက ပါတီဗဟိုနဲ့ ပါတီလမ်းစဉ် ဆန့်ကျင်ရေးအုတ်မြစ်ချခဲ့တာဖြစ်တယ်။

ပါတီဗဟိုဟာ ပါတီသက် ၂၉-နှစ်မှာ တော်လှန်စစ် ၂၀-ကာလကို ဖြတ်ပြီးမှ ဒီကြိုးပမ်းချက်က ရရှိခဲ့တာဖြစ်တယ်။

ပါတီဗဟိုဟာ ဒီဘဝဟာစ်တိုင်ကို ဗမာပြည် အရင်းကျမ်းအဖြစ်နဲ့ ဒီတော်လှန်စစ်အတွင်းက ကြိုးပမ်းရရှိခဲ့တာဖြစ်တယ်။ ဒါကို မဖြတ်ပဲ မာ့က်စ်လီနင်ဝါဒ မော်စီတုံး အတွေးအခေါ် လေ့လာမှု မအောင်မြင်နိုင်ဘူး။

ဒါဖြတ်ပြီးမှ လူတန်းစားစာနာစိတ်တွေနဲ့ တဆင့်တိုး စည်းလုံးလာကြဟာဖြစ်တယ်။

ဒါကို နင်သရုပ်ဖျက်ဆန့်ကျင်ပြီး၊ ပါတီ ဗဟို ဆန့်ကျင်ရေး အုတ်မြစ်သာချခဲ့တဲ့ ဗဟိုဆန့်ကျင်ရေးသမား၊ ပါတီဖျက်ဆီးရေးသမား၊ တော်လှန်ရေးဖျက်ဆီးရေးသမား၊ တန်ပြန် တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေးဂိုဏ်းခေါင်းဆောင်ဖြစ်တယ်။

ဒါကြောင့် နင့်ကိုပါတီ၊တော်လှန်ရေးနဲ့ပြည်သူလူထုကြီးရဲ့အရေးကြီးဆုံး ရန်သူအဖြစ် လုံးဝသုတ်သင်သွားရမယ်။

အခဏ်း (၄)

လှုပ်ရှားမှု ဒုတိယအဆင့်
ပါတီရဲ့ကေဒါပေါ်လစီနဲ့ဆန့်ကျင်တဲ့တပ်တွင်းပါတီ
ခေါင်းဆောင်မှုဖျက်ဆီးတဲ့ လှုပ်ရှားမှု

ဘဝဟာစ်တိုင်မှာ ရန်/ငါ ပြတ်ပြတ်တားရမှာကို နင်ရှုပ်ထွေးစေခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခု ပါတီတွင်း မှားယွင်းတဲ့ အတွေးအခေါ်နဲ့ တိုက်ပွဲကျတော့ ရန်ဖက်လို တိုက်တယ်။

ပါတီမှာ ကေဒါပေါ် သဘောထားပေါ်လစီရှိတယ်။

ကေဒါဆိုတာ ပါတီပေါ်လစီကိုကိုင်ပြီး အကောင်အထည် ဖော်ရတဲ့သူတွေဖြစ်တယ်။ ကနေ့လို ပါတီတွင်းက ပြန်ပြင်ရေး တိုက်ပွဲမှာ၊ ပေါ်လစီချတဲ့ ပြန်ပြင်ရေးသမားနဲ့ ပေါ်လစီကို ကျင့်သုံးရတဲ့ ပါတီကေဒါဟာ ရန်/ငါခွဲရာမှာ ကေဒါက ငါထဲကပဲ။

ဒီမှာတော့ အသိရှိစွာနဲ့ လုပ်တဲ့ ပြဿနာနဲ့ ရိုးရိုးလုပ်တဲ့ ပြဿနာ တော့ထပ်ခွဲတယ်။

ဒါကြောင့် အများစုကြီးဖြစ်တဲ့ ကေဒါဟာ ဖော်လှန်တဲ့ ကေဒါတွေဖြစ်ဖို့ ရန်/ငါတားရာမှာ ငါမှာထည့်ထားတာပဲ။ ဒါ ပါတီရဲ့ ကေဒါပေါ်လစီပဲ။

နင်ကတော့တပ်တွင်းပါတီကော်မီတီ(၇)ယောက်ရှိတာတယောက် မကျန်ထိုးနှက်ပြီး ပါတီခေါင်းဆောင်မှုကို တပ်တွင်းမှာ အာဏာသိမ်း ခဲ့တာပဲ။

နိဂုံးချုပ်တော့ ၅၅-ကို အောင်ပွဲခံလိုက်တယ်။ ပိန်-ပိန်အောင်ပွဲရဲ့ အဆက်ဆိုတဲ့ အချက်တွေက ပါတီကော်မီတီ (၇)ယောက်စလုံး ရန် ဖက် ပြန်လည်ပြင်ဆင်ရေးသမားတွေ လုပ်ပစ်ခဲ့တာပဲ။

နင်လုပ်ခဲ့တဲ့ ဒီလှုပ်ရှားမှုကို ဘာဟန်ဆောင် နာမည်တွေ တပ်တပ် တကဲ့အနှစ်ကတော့ တပ်ကိုဖျက်၊ တပ်တွင်းပါတီကိုဖျက်၊ တပ်မှာ ဩဇာရှိသူကို တပ်နဲ့ခွဲ၊ လက်နက်ပါ ထပ်ဖြုတ်ပြီး နင့်အာဏာသိမ်းခဲ့ တာပဲ။

အတိအကျကတော့ နိုင်ငံရေးအရ ကိုယ့်အားအပေါ် ကျင့်သုံးရမဲ့ ပါတီဗဟိုရဲ့ပေါ်လစီကို ဆန့်ကျင်တာပဲ။ လူသတ်ပိုက်ဖွဲ့တာပဲ။ ရန် ဖက်လိုဖြေရှင်းတာပဲ။

တပ်ကိုစတွေ့ကထဲက ပါတီဗဟိုဆန့်ကျင်ရေး လေထသွင်းထားပြီး တဖက်က ခါးပိုက်ဆောင်တပ်၊ တလက်ကိုင်တပ်၊ တန်ပြန် တော်လှန် ရေးတပ်ဖြစ်အောင် အာဏာသိမ်းလိုက်တဲ့ ပါတီဆန့်ကျင်ရေး၊ ပါတီ ဖျက်ဆီးရေး အကြီးဆုံးအန္တရာယ်ကောင်ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီပြစ်ချက်ကြောင့် နင့်ကိုခွေးရူးကမ်းတက်ခွင့်မရအောင် ရေထဲမှာ အသေရိုက်သတ်သလို မုချချေမှုန်းသုတ်သင်ပစ်ရမယ်။ နင့် ဝါဒကိုလဲ နင်နဲ့အတူ ချေမှုန်းပစ်ရမယ်။

အခန်း (၅)

လှုပ်ရှားမှု တတိယ အဆင့်

ပါတီဗဟိုရဲ့ ကျေးလက်လူတန်းစားလမ်းစဉ်နဲ့ ဆန့်ကျင်တဲ့နင့်လမ်းစဉ်

ဒီအဆင့်မှာ ရန်/ငါရောပစ်ခဲ့တယ်။

ဘဝဟာစ်တိုင်မှာ နေဝင်းဖုံးခဲ့တယ်။ ပါတီတွင်း တိုက်ပွဲကို ရန်ဖက် လို တိုက်ခဲ့တယ်။

ခုအဆင့်မှာ နင်ဘာဆက်လုပ်သလဲ။

ချမ်းသာဟာ အဟောင်းက သူရပ်တည်နိုင်ဖို့ ရန်သူနဲ့ပေါင်းတဲ့ လူ မှုအခြေခံရှိတယ်။ ချမ်းသာအသစ်က အခြေခံစခန်းရဲ့ ရောင်နီ အာဏာ ထဲက သစ္စာဖောက်ပြီး လူတန်းစား ပြောင်းတာမို့ နှစ်ဦးစလုံး... ကျေးလက်နေဝင်းဖြစ်တယ်။

စစ် သူကြီး လလသာသန္နဲ့အထောက်တော် ၃-ခုထပ်နေရင် ပစ်... မမှားဘူးလို့ အမိက မြေရှင်ကိုဖျောက်ထားပြီး ကြွားထားတဲ့ ချမ်းသာ ကို ဦးတည်တိုက်ထားတယ်။

အခြေခံရမဲ့ ကိုယ့်အားဖြစ်တဲ့ ဆင်းရဲကျတော့ ထပ်ပြီး ဖြိုခွဲပစ် လိုက်တယ်။ ဆင်းရဲ ၂-လွှာ၊ အလပ် ၃-လွှာ ကြွယ်ဝအလတ်က ချမ်း သာ ကိုယ်စားလှယ် သတိပြု ဆိုတာတွေဟာဆင်းရဲနဲ့ အလတ်ခိုင်မြဲတဲ့ မဟာမိတ်ဖွဲ့ဖို့မှာ အင်အားပြိုကွဲစေပြီး ဆင်းရဲ ခေါင်းဆောင်မှုကို အလတ်က သံသယရှိစေရုံမက အလုပ်သမား လူတန်းစားရဲ့ ခေါင်း ဆောင်မှုကိုပါ လျော့ကျအောင် လုပ်ခဲ့တာပဲ။

ဒါကြောင့်နင့်လမ်းစဉ်ဟာ ရန်သူကို ရန်သူလို့မမြင်စေပဲ ငါ့ကိုလဲ ခွဲစိတ်ပြီးအားကိုခွဲပစ်တဲ့ ပါတီဗဟိုလမ်းစဉ်နဲ့ဆန့်ကျင်ဖက်လမ်းစဉ်ပဲ။

ဒါကိုချုပ်ရင် ပါတီဗဟိုဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊ တော် လှန်စစ်ဖျက်ဆီးရေး၊ တန်ပြန် တော်လှန်ရေး၊ ပြန်လည် ပြင်ဆင်ရေး လမ်းစဉ်ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီလမ်းစဉ်ဟာ နင်သုတေသနပြုပြီးဖြစ်လို့ နင့်ကို အထူးသုတေသန လုပ်ငန်းဆက်လုပ်ဖို့ မြေကျင်းထဲမှာ တာဝန်ပေးမှာဖြစ်တယ်။

အခန်း (၆)

ဗတိုကို ဆန့်ကျင်ဖို့ ပြန်ပြင်ရေးတိုက်ပွဲလှုပ်ရှားမှုအတု

မြစ်ဝကျွန်းပေါ်က ရဲဘော်တွေဟာ ပြန်လည်ပြင်ဆင်ရေးသမား စိုးသန်းလက်အောက်မှာ ရှည်ကြာစွာ ကျရောက် နေခဲ့ရတဲ့ အတွက် ပြန်လည်ပြင်ဆင်ရေးလဲ အထက်မြက်ဆုံး တိုက်လိုကြတယ်။ တော်လှန်ရေးကိုလဲ ဆုံးခန်းတိုင်လုပ်လိုကြတယ်။

ဒါကြောင့်လဲ စိုးသန်းကို အပြတ်သားဆုံး တိုက်ဖို့ ကြိုးစားကြတယ်။

မြစ်ဝကျွန်းပေါ်က စိုးသန်းဟာ အလွန်ခကောက်ကျစ်တဲ့ပြန်ပြင်ရေးသမားကြီးဖြစ်တယ်။

သူက ၅၅-လဲ ဆန့်ကျင်တယ်ဆိုတယ်။ ၆၄-လဲ ထောက်ခံတယ်ဆိုတယ်။ စိန်-ပိန် တိုက်ပွဲလဲ ထောက်ခံတယ်ဆိုတယ်။

ဒါပေမဲ့ စစ်နိုင်ရေး အာဏာသိမ်းရေးဖြစ်တဲ့ ၆၄-လမ်းစဉ်ရဲ့ စစ်ရေးဆုံးဖြတ်ချက်တွေကျတော့ လုံးဝဆန့်ကျင်ခဲ့တာ။ ၅၅-အောက်မှာ စိန်-ပိန်နဲ့ ဆက်သွယ်ရေးကောင်းခဲ့တယ်။ အဆက်မပြတ်အောင် ကြိုးပမ်းခဲ့တယ်။ ကနေ့ပါတီဗဟိုကိုတော့ ဆန့်ကျင်ပြီး ပါတီဗဟိုနဲ့ ဆက်သွယ်မှု ပြတ်အောင်လုပ်ခဲ့တာ၊ ဥက္ကဋ္ဌ ဆန့်ကျင်တာ၊ မာက်စ်လီနင်ကျောင်းဆန့်ကျင်တာတွေကလဲ တခြားဗဟိုဆန့်ကျင်ရေး "စ"တွေနဲ့ တိုင်းရင်၊ ပြန်လည်ပြင်ဆင်ရေးဆိုတာ ပြေးလို့မလွတ်ဘူး။

နင်ကမြစ်ဝကျွန်းပေါ်ကပြန်လည်ပြင်ဆင်ရေးတိုက်ဖို့ဟာ အနာကို ဆွပေးသလို လူပုဂ္ဂိုလ်အရ မုန်းတီးစေခဲ့တယ်။ ဒီလိုမုန်းတီးစေပြီး တိုက်ပွဲသွင်းခဲ့ပေမဲ့ စိုးသန်းရဲ့ စစ်မတိုက်ရေး၊ ထွက်ပြေးရေး၊ ဗဟိုစင်ပြိုင်ထောင်ရေး၊ မာက်စ်လီနင်ကျောင်း ဆန့်ကျင်ရေးတွေကျတော့ နင်ကျင့်သုံးတယ်။ စိုးသန်းနေရာ နင်ဝင်ယူတယ်။

နင်လုပ်တဲ့ အဓိပ္ပာယ်က စိုးသန်းတိုက်ရေးအော်ပြီး အကြံယုတ်နဲ့ စိုးသန်းဝါဒအတိုင်းလုပ်ဖို့ တပ်ကို ဆက်ခေါင်းဆောင်ခွင့်ရဖို့ စိုးသန်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တိုက်ရေး အသံလွှင့်ပြီး ဒီတပ်နဲ့ ဗဟိုဆန့်ကျင်ရေးလုပ်ဖို့ စင်ပြိုင်ထောင်ဖို့ဖြစ်တယ်။

မြစ်ဝကျွန်းပေါ်သွားရရင်လဲ တဗိုလ်တမင်းနဲ့ စင်ပြိုင်ထောင်၊ ဗဟိုဆန့်ကျင်မယ်။

တကယ်လို့ မသွားရသေးရင်နဲ့ မသွားရရင်လဲ ဗဟိုဆန့်ကျင်တိုက်ဖို့ နှင်တပ်ကို ကိုင်ထားတာဖြစ်တယ်။

ဒီတပ်ကို ဦးခိုင်နဲ့ မခွဲခင်လောက်မှာ ပါတီဗဟိုဆန့်ကျင်ရေးတွေ မသိမသာ သွယ်ဝိုက်သွင်းခဲ့ပေမဲ့၊ ဦးခိုင်နောက်ခိုင်းသွားတဲ့ ကလာမှာ၊ ဘရင်းကိစ္စအကြောင်းပြုပြီး ဦးခိုင်ဆန့်ကျင်ရေး ပြောင်လုပ်လာခဲ့တယ်။ ဦးခိုင်ဆန့်ကျင်တာ ပါတီဗဟိုဆန့်ကျင်တာဖြစ်တယ်။ တရုပ်ပြည်ပြန် ရဲဘော်တွေ ဆန့်ကျင်တာဖြစ်တယ်။ ပါတီဗဟိုကို စစ်ရေးလမ်းစဉ်အပေါ် ဆန့်ကျင်တာဖြစ်တယ်။ဒီကာလတုန်းက ဥက္ကဋ္ဌကြီးကိုတော့ လမ်းစဉ်တွေမှာသာ ဆန့်ကျင်ပြီး ပြောင်မပေါ်သေးဘူး။

ပြန်လည်ပြင်ဆင်ရေးတိုက်ပွဲကျတော့မှ ပြောင်တိုက်ရိုက် စိုးသန်းကို ကာကွယ်နေတယ်။ စိုးသန်းနဲ့ အတူတူဖြစ်တဲ့ဥက္ကဋ္ဌကြီး။ ဒါကြောင့် မြစ်ဝကျွန်းပေါ် ကံကြမ္မာဖြစ်တဲ့ စိုးသန်းတိုက်ဖို့ ဥက္ကဋ္ဌကိုပဲ တိုက်ပွဲဆင်ရမယ်လို့ တပ်ကိုပညာပေးပြီး ဥက္ကဋ္ဌကိုတိုက်ဖို့ ဦးတည်ပေးခဲ့တယ်။

ရဲဘော်မြကြီးသည် ဝုန်းကနဲထိုင်ရာမှ ရုတ်တရက်ထလျက်၊ ဗိုလ်ထွန်းငြိမ်းအား လက်ညှိုးထိုးပြီး "ဟေ့ကောင် ထွန်းငြိမ်း ဥက္ကဋ္ဌဟာ 'ပြန်ပြင်ရေးသမားတွေကြားမှာ လေးဖက်တွားနေတယ်"လို့ မင်းပြောတယ်မဟုတ်လား။ မင်းငြင်းလို့မရဘူးကွ။

နောက်ပြီးတော့ မင်းပြောတာရှိသေးတယ်။ ဥက္ကဋ္ဌကပြန်ပြင်ရေးတိုက်တယ်ဆိုပြီး တကယ့်ပြန်ပြင်ရေးတော့မတိုက်ဘူး၊ ဘယ်သူကတကယ်တန်း ပြန်ပြင်ရေးတိုက်တယ်ဆိုတာ ဥက္ကဋ္ဌနဲ့နှစ်မ ပေးတန်းလောင်းချင်တယ်လို့လဲ မင်းပြောခဲ့တာ မှတ်မိသေးရဲ့လားကွ။ ငြင်းချင်သေးလား"။

ထိုအချိန်တွင် ရဲဘော်များသည် ဗိုလ်ထွန်းငြိမ်းအား သတ်ပစ်ရန်အတွက် တောင်းဆိုသော ကြွေးကြော်သံများကို အော်ဟစ်နေကြလေသည်။

ရဲဘော် မညွန့်ညွန့်က ဆက်လက်၍ စွဲချက်တင်နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ဒါကြောင့် မြစ်ဝကျွန်းပေါ်က စိုးသန်းတိုက်ဖို့ အလံဟာ ညာထားတဲ့ အတုဖြစ်တယ်။ တကယ်က ဗဟိုဆန့်ကျင်ရေး ပြင်ဆင်မှုသာ ဖြစ်တယ်။ ဒါတွေဟာ အထင်အရှားဖြစ်နေပြီ။

ဒါကြောင့် ကလိန်ဖြိုဗဟိုဆန့်ကျင်ရေးသမား။ နင့်ကို သေဒဏ်လှလှကြီးပေးရမယ်။ ဒီသေဒဏ်နဲ့အတူ၊ နင့်ကိုငါကိုယ်တိုင် သုတ်သင်လက်စားချေမယ်။

အခန်း(၇)

ပါတီဗဟိုဆန့်ကျင်ရေးသမိုင်းကို ချေဖျက်ရေးဖြစ်တဲ့ နင်ရဲ့ အရင်းခံအလှည့်အပြောင်း

နင့်စကားအရ "ရှေ့ရေးပိုင်း"အဆင့်မှာ လူတိုင်း အရင်းခံ အလှည့်အပြောင်းဆိုပြီး တဦးစီ စိစစ်ရတယ်။ စိစစ်ရာမှာလဲ တော်လှန်ရေးလုပ်ခဲ့သမျှ တော်လှန်ရေးအကျိုး၊ ပါတီအကျိုးကိုယုတ်စေခဲ့တာသာ ဖြစ်ကြောင်း ညှစ်ထုတ်စိစစ်ရတယ်။

ဒီနည်းနဲ့ တပ်တခုလုံးဟာ နင်နဲ့တွေ့မှ တော်လှန်ရေးစလုပ်ရတာ ဖြစ်တယ်။

နင်ကကယ်တင်ရှင်ဖြစ်တယ်လို့ နင်လုပ်ကြံခဲ့တာပဲ။

ဒါက လူတဦးစီရဲ့ တော်လှန်စစ်သမိုင်းကိုလဲဖျက်၊ ပါတီတရပ်လုံးရဲ့ တော်လှန်စစ်သမိုင်းကိုပါ ဖျက်ဆီးခဲ့တာဖြစ်တယ်။

ငါဟာ-၄၀ ထဲကပါတီနဲ့ မခွဲပဲ တော်လှန်စစ်ထဲမှာ ရှိခဲ့တယ်။ နင့်အလှည့်အပြောင်းက တခုမှ ရစရာမရှိတဲ့ဘဝ၊ ပါတီနဲ့ တော်လှန်ရေးကို ဆိုးကျိုး ဖြစ်စေတဲ့ဘဝလို့ စိစစ်ခဲ့ရတယ်။ ရွာက သမဂ္ဂဝင်တဦးက ငါ့ကလေးတွေအတွက် ငွေ ရတာကိုယူသုံးတယ်။ ပေးတော့ ဝက်သားပေးတယ်။ အဲ့ဒါ ၃၇ ကျပ် မူလကထက် ပိုရတယ်လို့ပြောတော့ ဒါဟာ အရင်းရှင် လမ်းလျှောက်ခဲ့တာ မဟုတ်ရင် ဘာလဲဆိုပြီး နင်-နိဂုံးချုပ်တယ်။ ငါ့အတွက်ငါ့တသက်တာမှာ အဖိုးမဖြတ်နိုင်တဲ့ တော်လှန်စစ်သမိုင်းကို နင်က နင်းချေ ဖျက်ဆီးပစ်လိုက်တယ်။

"၅၅-ဘွက်ဖြတ်၊ ဘွက်ပေမယ်၊ မုချ လှည့်ပြောင်း ဆေးကြောရမယ်။ မဆေးတဲ့လူဟာ တော်လှန်ရေးထဲမှာ အချိန်ပဲ လိုတော့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မကြာခင်မှာ တော်လှန်ရေးကို မုချကျော့ခိုင်းမှာပဲလို့ နင်ပြောခဲ့တယ်။ ဒါ့ရဲလှည့်ကွက်က ပါတီနဲ့ဘယ်တော့မှ မခွဲခဲ့သူတွေကို ပါတီနဲ့ တော်လှန်ရေးအပေါ် ယုံကြည်မှုလျော့နဲစေပြီး မျှော်လင့်ချက် ရော့စေတဲ့၊ စိတ်ပျက်စိတ်နာစေတဲ့ လမ်းကိုဖောက်ပေးတာပဲ။

ပါတီသက်တန်း (၂၉) နှစ် လုံးလုံးနဲ့ တော်လှန်စစ်သက်တန်း (၂၀)ဟာ ဗမာပြည်တော်လှန်စစ်ကို ဒီပါတီဥက္ကဋ္ဌ ဦးစီး ရှေ့ဆောင်နေတာ သမိုင်းမှာအသင်အား ရှားပဲ။ ဒါကို ကမ္ဘာကလဲ အသိအမှတ် ပြုပြီး သားပဲ။

ဒီအခြေအနေကို နင် ဖျက်ဆီး ချေမှုန်းနိုင်ဖို့ ဒီတပ်ကိုနင်ဟာ စမ်းသပ်ကွက်တင်တာပဲ။

ဒီအဆင့်ဟာ နင့်ရဲ့ပါတီဗဟိုဆန့်ကျင်ရေး၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေးဝါဒရဲ့အရင်းခံအကျဆုံး၊ အရေးအကြီးဆုံး အမြင့်ဆုံးအဆင့်ဖြစ်တယ်။

ဒီတပ်ကိုစာရင်းနဲ့ချုပ်ပြီး တပ်ဟောင်း ဖြစ်ခဲ့တယ်လို့သက်သေထူနိုင်ဖို့ နင်လုပ်ကြံခဲ့တာပဲ။

ဒီအဆင့်သာဖြတ်မိရင်ရဲဘော်တိုင်းအဖို့ ၅၅-အဟောင်းကိုကြောက်လွန်း၊ ရွံရှာလွန်းလို့ လှည့်မကြည့်ချင်တဲ့အထိ နောက်ကြောင်း သမိုင်းကို ချေဖျက်လိုက်ပြီးဖြစ်တယ်။

ဒါကြောင့်လဲ နောက်ပိုင်းမှာ သွင်းသမျှ အဆိပ်တွေ ကောင်းကောင်းကြီးဝင်ခဲ့တာပဲ။ ဒီအခြေအနေ နင်သိတယ်။ "စမ်းချင်တဲ့ စစ်မျက်နှာစမ်း၊ အသင့်ဖြစ်ပြီ"လို့နင်ကြိမ်းနိုင်ခဲ့တာပဲ။

ပါတီဥက္ကဋ္ဌကစပြီး တပါတီလုံး လှည့်ရမယ် ဆိုတဲ့စကားဟာ နင်လှည့်ရမယ်ဆိုတာ မပါရင်မက ဥက္ကဋ္ဌကြီးပါ မလှည့်ရင် ပါတီအတွက်၊ တော်လှန်ရေး အတွက် အလားအလာ မရှိဘူးလို့ နင် ပြော နေ တာ ဖြစ်တယ်။

ဒါ ပါတီဗဟိုကိုဆန့်ကျင်ရေး၊ ပါတီဥက္ကဋ္ဌ [illegible] ရေး၊ ပါတီဖျက်ဆီးတဲ့၊ တော်လှန်ရေးဖျက်ဆီးတဲ့ [illegible] ရေး၊ ပြန်လည်ပြင်ဆင်ရေး [illegible] ပဲ။ ဒါကြောင့် နင့် [illegible] ရင်းခံအလှည့်အပြောင်းဆိုတာရော၊ **နင့်ကိုပါတပါတည်းမြေမြှုပ်သ** [illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အခန်း (၈)

နောက်ဆုံးအဆင့်ဖြစ်တဲ့ တန်ပြန်တော်လှန်ရေးတပ်အဖြစ် ဖျက်ဆီးခဲ့တဲ့ တပ်တည်ဆောက်ရေးပိုင်း

ကနေ့ အခြေအနေမှာ ပါတီရဲ့ စစ်ရေးလမ်းစဉ်ဖြစ်တဲ့ ထိုးစစ်ကို ထိုးစစ်နဲ့ ချေမှုန်းရေးဟာ အရေးအကြီးဆုံးလမ်းစဉ်ဖြစ်တယ်။

ဒါပေမဲ့ ဒို့တပ်ကိုနင်က တပ်ကို ထိုးစစ်တို့ ချေမှုန်းစစ်တို့ အသံကို မကြားချင်အောင်ကိုဖျက်ဆီးခဲ့တယ်။

ဒါဟာဗဟိုရဲ့စစ်ရေးလမ်းစဉ်ကိုဆန့်ကျင်ပြီး၊ နင်တပ်ကိုဖျက်ခဲ့တာပဲ။ ရုပ်အခြေအနေမရှိပဲ ရန်သူကို မချေမှုန်းနိုင်လို့ နင်ကတလျှောက်လုံးပြောခဲ့တယ်။

ဝမရှိပဲ ဝိမလုပ်နဲ့ဆိုတဲ့စကားဟာ ကနေ့ လူမှုအဆောက်အအုံ တခုလုံးကိုရော၊ အာဏာရလူတန်းစားရဲ့ ရောက်နေတဲ့လက္ခဏာနဲ့ တော်လှန်စစ် ၂၀-မှာရောက်နေတဲ့ အခြေအနေ တရပ်လုံးကို နင်ဟာ ချေမှုန်းဖျောက်ဖျက်ပစ်လိုက်တာပဲ။ ဒါ နင့် နိုင်ငံရေး၊စစ်ရေးလမ်းစဉ် တစုပဲ။

၅၅-နဲ့အနှစ်သာရတူနေတာပဲ။

ဒီအဆင့်ဟာ နင့်လက်စွမ်းအပြဆုံးဖြစ်တယ်။

ပါတီဥက္ကဋ္ဌရဲ့အနှစ် (၂၀) မြောက် တော်လှန်ရေးနေ့ မိန့်ခွန်းကိုလဲ ထွန်းကျော်နဲ့ဘိုးသာက အရေးကြီးတာလေးတွေရွေးပြီး ကောက်နုတ်ကူးလာခဲ့တယ်။

ပြည်ပါတီနဲ့တိုက်တိုင်း အောင် (၂)ကို ဥက္ကဋ္ဌ ပေးစာလဲရောက်တယ်။

ရဲဘော်ဝင်းမြင့် စာကလဲရောက်တယ်။ ငါလဲ ကျောင်းခေါ်တယ်။

ဒီအချက်အလက်တွေအားလုံးက နင့်ကိုထိုးဆွလိုက်သလိုဖြစ်တာပဲ။

ဒီအချိန်ကစပြီးနင်ဟာ"တပ်တည်ဆောက်ရေးပိုင်း"လို့အမည် တပ်လိုက်တယ်။

ဒါပေမဲ့ ပါတီရဲ့ တိုက်ရိုက်နဲ့ အကြွင်းမဲ့ ခေါင်းဆောင်တဲ့တပ်လို့ စကားကိုလုံးဝမသုံး။ ဒီဟောပြောချက်ကိုလဲကောက် မကိုင် နိုင်ပဲ နင် အတင်းပါတီဗဟိုကိုဆန့်ကျင်ရေးတွေပဲလုပ်ခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်လင်ပြောင်ရဲ့ "လိုတာအရင်ရှင်း" "ပစ်ကွင်းရှိစွာမြားပစ်" ဆိုပြီး ဥက္ကဋ္ဌမော်ရဲ့ စစ်တရားတွေနဲ့ ပြောက်ကျားစစ်ပွဲ သေနင်္ဗျူဟာကို ပေးခဲ့တယ်။

ဒီအခဏ်းမှာ အဓိက က ခံစစ်၊ ဆုတ်စစ်၊ချေစစ်၊ဒီကပြောက်ကျား တိုက်ပွဲစစ်ဆင်ရေးတွေပေးခဲ့တယ်။ ပြေးတာ သပ်သပ်ကတော့၊ ငါ့ဒေသမှာငါနဲ့ပါတီဝင်တဦးနဲ့နှစ်ယောက်ဦးစီးပြီးရန်သူ လေးဖက် လေးတန်မှာ တနာရီခရီးပဲဝေးအောင် ကင်းပုတ်ရှိတဲ့ ကြားမှာ အမျိုးသမီး တပ်နဲ့ခြေကုတ်ယူပြီး ရန်သူကိုနှောင့်ရှက်ထိုးနှက်ခဲ့တာပဲ။ဘာမှ မဖြစ်အောင်နေနိုင်ခဲ့လို့ အပြေးကောင်းလို့ နှင်သင်တာခံမရခင်ထဲက အဲ့ဒီ ဂွင်ထဲမှာ အန္တရာယ်ကင်းခဲ့တာပေါ့။

ခု-နှင့်မှာတော့ ရန်သူကိုတဆင့်တိုးချေမှုန်းလိုကြလို့ လာခဲ့ပါတယ်။ ပြေးတာပဲ သင်နေတယ်။တော်လှန်စစ်၊ ချေမှုန်းစစ်စကား ယောင်မှားတောင်ပြောဖော်မရခဲ့ဘူး။

ဒီဥက္ကဋ္ဌမော်ရဲ့ တရားကို လေ့လာစေခဲ့တာဟာ ပေါ်ပေါက်နေတဲ့ ပြဿနာရှင်းဖို့၊ ပြည်နဲ့ တိုက်တိုင်းအောင် ပေးစာရောက်မှ နှင်ဦးတည် ချမှတ်ပေးခဲ့တာပဲ။ဒါဟာ ဗဟိုရဲ့စိတ်ဓာတ်နဲ့လမ်းညွှန်လမ်းစဉ်တွေကို နှင့်တပ်ကြီးက ဆန့်ကျင်လာအောင် ပြင်ဆင်မှု လုပ်ခဲ့တာဖြစ်တယ်။

ဥက္ကဋ္ဌမော်က စစ်ရေးစစ်ရာကို စစ်မြေပြင်မှာ သင်ရမယ်လို့ ပြောတယ်။

ငါတို့ဥက္ကဋ္ဌကြီးကလဲ တိုက်ရင်းတည်ဆောက်ရမယ်လို့ပြောတာပဲ။

နှင်က ဒါအားလုံးဆန့်ကျင်ပြီး ဥက္ကဋ္ဌမော်တရားလဲ ဆန့်ကျင်ရုံမက စင်ပြိုင်လမ်းစဉ်ပါချပြီး ပါတီဗဟိုကိုဆန့်ကျင်ခဲ့တယ်။

တပ်တည်ဆောက်ရေးဟောပြောချက် (၂) ကိုလဲ ပြန်လည်ပြင်ဆင်ရေး အတွေးအခေါ်တွေမရှင်းဘူး။ဒါကြောင့် တာဝန်မခံဘူး။ မလေ့လာနဲ့လို့နှင်ပြောခဲ့တယ်။ စာအုပ်ကိုလဲဖယ်ထားခဲ့တယ်။

ဒါဟာ ဥက္ကဋ္ဌကြီးရဲ့ဟောပြောချက်ဖြစ်ပြီး"တော်လှန်စစ်တံခွန်လွှင့်ထူကြ" စာတမ်းဖြစ်တယ်။ ဒီစာတမ်းက တော်လှန်စစ်အတွေးအခေါ်နဲ့ ထိုးစစ်ကိုထိုးစစ်နဲ့ရိုက်ချိုးဖို့ အတွေးအခေါ်ပြင်ပေးတဲ့ စာတမ်းဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီစာတမ်းကိုဖယ်ခဲ့တာဟာ နင့်ရဲ့ပြန်ပြင်ရေးတရားတွေကို အခုအခံမရှိဝင်နိုင်စေဖို့အတွက် နင်ပြောင်ဖယ်ထားခဲ့တာဖြစ်တယ်။

ဒါကြောင့် တပ်ဟာပင်ကိုယ်က နင်နဲ့တွေ့ခါနီးထိ ချေမှုန်းရေးစိုင်းပတ်ချေမှုန်းရေးတွေကို သိပ်မျှော်မှန်းလာခဲ့ရာက၊ ခုနောက်ဆုံး အဆင့်ကျတော့ ပြောင်းပြန်ဖြစ်ရတာ ချေမှုန်းရေးမကြားချင်တဲ့ ပြည်သူ့စစ်ပွဲအုတ်မြစ်ချရေးမလုပ်ရင် ဘာလုပ်လုပ်မအောင်မြင်နိုင် ဆိုတဲ့အဆိပ်တွေဝင်ပြီး ဒါတွေ ပျက်ကွက်အောင်ကာ ဝန်ရှိဟဲ့ ပါတီဗဟိုဖက်ကို သေနင်လှည့်တဲ့ တန်ပြန်တော်လှန်ရေးတပ်ဘဝရောက်ခဲ့ရတာပဲ။

ဒါတင်မကဘူး။ နင်ကလိန်ကျ ကောက်ကျစ်စွာနဲ့ ပါတီဗဟိုနဲ့ အနီးကပ်ပူးသတ်နိုင်ဖို့အတွက် လုပ်ကြံခဲ့သေးတယ်။

ပါတီဥက္ကဋ္ဌက ယီလီစန်နဲ့ ငမ်မင်းနင်က ဥက္ကဋ္ဌ မော်နေရာကနေပြီး နင်ပြောခဲ့သေးတယ် "ဥက္ကဋ္ဌမော်ဟာ ဖြောက်ကျားစစ်ပွဲက သေနင်ဗျူဟာအရောင်မြောက်နေပါတယ်လို့ စစ်မြေပြင်မှာ အကြိမ်ကြိမ်တင်ပြမှုကို ဝမ်မင်နဲ့ ယီလီစန်က ဆွဲဆုတ်တယ်"။

"ထိုးစစ်ကိုသုံးပြီးနဲ့ ... ပါလေ စကာရိုက်ချိုး"လို့ပဲ အော်တတ်တယ်။ "စစ်ကို ဦးမစီးကင်သူ ... ေဘးပြုလမ်းစဉ်လောက်မှတစုံမရှိဘူး"ဆိုတဲ့ တိုက်ရိုက်စော်ကားဆန့်ကျင်မှုတွေကို အကြိမ်ကြိမ်လုပ်ခဲ့တာပဲ။

နင့်ရဲ့ နိုင်ငံရေး စင်ရေးသမ်းစဉ်ကိုချုပ်ရင်....

နေ့ဝင်းမတိုက်ရေး၊ ရန်သူစင်တပ်မချေမှုန်းရေး၊ မြေရှင်မတိုက်ရေး၊ ပါတီဗဟိုကို လက်နက်ကိုင်တိုက်ရေးဖြစ်တယ်။

ပါတီဥက္ကဋ္ဌကို ပါတီကိုနဲ့ အတူ ဗမာပြည်ပါတီသက် ပခက်တွင် လောက်ထဲက နယ်ချဲ့သမားနဲ့ ဖောက်ပြန်ရေးသမားတွေဟာ ချေမှုန်ဖျက်ဆီးဖို့ကြိုးစားနေတာပဲ။

အာဏာရမနေရှင်လူဘန်းအားကောင်း တလျှောက်လုံး ပါတီကိုနယ်ချဲ့အကူအညီနဲ့ မနားမနေအကြိမ်ကြိမ် ဆက်တိုက်ကြိုးပမ်းနေတာပဲ။

ဒီပြင်းထန်တဲ့ တိုက်ပွဲကြားက ပါတီဟာ ကနေ့သက်တမ်း (၃၀) မှာ တော်လှန်ရေးသက်တမ်း (၂၀) နဲ့ ဂုဏ်ရောင်ပြောင် ရင့်ကြက်ခဲ့တာပဲ ပါတီရဲ့အယူဝါဒ အထိပ်ဖြစ်တဲ့ ပါတီဥက္ကဋ္ဌကြီးက တလျှောက်လုံး ဦးစီးရှေ့ဆောင်နေတာ အထင်ရှားပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတီဥက္ကဋ္ဌနဲ့ ပါတီတရပ်လုံးဟာ ကြမ်းတမ်းခက်ခဲတဲ့ ပြင်းထန်တဲ့ တိုက်ပွဲတွေကို ရေရှည်အဆက်မပြတ်ဆင်နွှဲပြီးအောင်ပွဲတပွဲပြီးတပွဲခံရင်း၊ ပိုတောက်ပြောင်လာနေတာပဲ။

ပါတီထဲမှာပေါ်ခဲ့တဲ့ အချောင်သမားအသီးသီးနဲ့ ပြန်လည်ပြင်ဆင်ရေးသမား ခေါင်းမာတွေ မတတ်နိုင်ခဲ့တဲ့ အလုပ်ဖြစ်ပြီး ဘယ်နယ်ချဲ့ ဘယ်အုပ်စိုးသူကမှ မဘာတ်နိုင်တဲ့ပါတီရှဦးခေါင်းနဲ့ ပါတီရဲ့ အသဲနှလုံးကို အနီးကပ်ချေမှုန်းဖို့ နှင်ယုတ်မာစွာ ကြံစည်တာဖြစ်တယ်။

ဒီတပ်တည်ဆောက်ရေး တခုလုံးကိုချုပ်ရင် ရေတိုအတွက်ရော၊ ရေရှည်အတွက်ပါ ပါတီနဲ့တော်လှန်ရေးအတွက် အလွန်အန္တရာယ်ကြီးမားတာကို ထင်ရှားစွာ ဘွားဘွားပေါ်နေတယ်။

ပါတီမှာအန္တရာယ်အကြီးဆုံး ပါတီဗဟိုဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊တော်လှန်ရေးဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေးဂိုဏ်းခေါင်းဆောင်ဟာ နှင်ဖြစ်တယ်။

ဒါကြောင့်ဂိုဏ်းခေါင်းဆောင်နှင့်ကိုလယ်လှီးပြီးအဆိပ်ကိုနှင့်သွေးနဲ့ ဂလဲ့စားချေမယ်။

အခဏ်း (၉)

ပါတီဗဟိုရဲ့ မာ့က်စ်လီနင်ကျောင်းကိုဆန့်ကျင်ပြီး စင်ပြိုင်ကျောင်းထောင်ထားတယ်

နှင့်ကိုတပ်တည်ဆောက်ရေး တာဝန်ပေးတာကဗဟိုရဲ့ ပေါ်လစီနဲ့ ဗဟိုရဲ့ စိတ်ဓာတ်ကို အကောင်အထည် ဖော်ဖို့ဖြစ်တယ်။

ဒါပေမဲ့ နှင် ဒို့တပ်နဲ့တွေ့ဘော့ ဘာလုပ်သလဲ။

ပထမဆုံး"ဗိုလ်လွှင်"နဲ့ မိတ်ဆက်ပေးတယ်။ တတပ်လုံးက ဗိုလ်လွှင်ဟာ"မာ့က်စ်လီနင်ကျောင်းတော်ကြီးကို လက်တွေ့မပါလို့ ချိုးဖောက်ထွက်ခဲ့ရတာ ဘက်စုံတဲ့ တပ်တည်ဆောက်ရေးကို လိုက်လာခဲ့တာ"လို့ သိထားကြတယ်။

ဒီကာလမှာ မြစ်ဝကျွန်းပေါ်ကပြန်လည်ပြင်ဆင်ရေးသမားစိုးသန်းကိုချိုးဖောက်ခဲ့တယ်။ ချိုးဖောက်ပြီး ဗဟိုကိုလာခဲ့ဘာပဲ၊ ဒါမှန်တယ်။ ပြန်ပြင်ရေးဆိုရင် တော်လှန်ရမှာပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခုနင်က ဗိုလ်လွင်ချိုးဖောက်တယ်ဆိုတာကို တပ်မှာမိတ်ဆက်ပေးတော့ တပ်က ချိုးဖောက်မှုကို ရှောထွေးကုန်တယ်။

ဒီနည်းနဲ့ နင်က တော်လှန်တဲ့ဗဟိုကိုပုန်ကန်ချိုးဖောက်ရေး အဆိပ်တွေသွင်းပေးခဲ့တယ်။

ဆက်ပြီး နင့်ဗဟိုကော်မီတီ(၄)ယောက်ဖြစ်တဲ့ ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်တို့ကိုလဲ မယုံရင်မေးကြည့်လို့ ခဏခဏသက်သေထူခဲ့တယ်။

ဒါတွေဟာ ပါတီဗဟိုက မာ့က်စ်လီနင်ကျောင်းကို နင်ဆန့်ကျင်နေတာပဲ။

ပါတီတွင်းက ပြန်လည် ပြင်ဆင်ရေးမှန်သမျှကလဲ မာ့က်စ်လီနင်ကျောင်းကို ဆန့်ကျင်ကြတာချည်းပဲ။ ခနရှင်လူတန်းစားကလဲအလားတူပဲ။ အုပ်စိုးတဲ့နေဝင်းက ပါတီဗဟိုကို တနှစ်ထက်တနှစ် တိုးချေမှုန်းနေတာပါတီဗဟိုက မာ့က်စ်လီနင်ဝါဒနဲ့ မော်စီတုံးအတွေးအခေါ်ကို ပါတီတရပ်လုံးကို တနှစ်ထက်တနှစ် ပိုဖြန့်ဖြူးနိုင်လို့ဖြစ်တယ်။

ဒါကိုနင်က ရန်သူကအပြင်က မော်နိုင်ထိုးစစ်နဲ့ ချတော့၊နင်ကအတွင်းက ပြည်သူ့စစ်ပွဲ အုတ်မြစ်ဆိုတာနဲ့ တပ်တွေဖျက်ဆီးပြီး၊ ရန်သူ့ထံ ပါတီကိုခြေလက်တုပ်ပြီး ပို့တာမဟုတ်လား။

ကောက်ကျစ်တဲ့ မြစ်ဝကျွန်းပေါ်က ပြန်ပြင်ရေး စိုးသန်းကလဲ မာ့က်စ်လီနင်ဝါဒနဲ့ မော်စီတုံး အတွေး အခေါ်ပေးသယောင်ပြုပြီး မြစ်ဝကျွန်းပေါ်ပါတီထုကို ကလိန်ကျပြီး၊စင်ပြိုင် ကျောင်းထောင်ခဲ့တယ်။ နင်ကလဲတပ်တည်ဆောက်ရေးအမည်ခံပြီး စိုးသန်းကို တိုက်ပြတာဟာ နင့်ဇာတိရုပ်ကို ဖုံးဖို့နဲ့ နင်ဆက်တည်တံ့ဖို့ ခေါင်းဆောင်ခွင့်ရဖို့ဖြစ်တယ်။

ဒါပေမဲ့ ကနေ့ပါတီမှာရှိတဲ့ မော်စီတုံး အတွေးအခေါ်က နင့်ကို ဖွင့်ချတိုက်ခိုက်ပြီး ဇာတိရုပ်ကိုဖော်လိုက်ပြီ။ မုချ နင်- နင့်ဂိုဏ်းနဲ့ နင့်ဝါဒကိုပါ အဆက်မပြတ်သုတ်သင် အောင်ပွဲဆင်မှာဖြစ်တယ်။

ငါ့ကိုကျောင်းတက်ဖို့ခေါ်တဲ့ကိစ္စမှာ နင်- ငါ့ကို မလွှတ်တာဟာ နင့်တည်ဆောက်ရေးလမ်းကြောင်းပွင့်ကျမှာ စိုးလို့ဖြစ်တယ်။

ကျောင်းမတက်ရေးကိုပါတီကော်မီတီကို ရိုက်သွင်းခဲ့ပြီး တပ်ထဲမှာ အကျချခဲ့တယ်။ ဂိုဏ်းသားတွေကလဲ အတင်းဆွဲခေါ်ခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီကျောင်းမတက်ရေးတခုလုံးဟာ နှင့်အကြံ လုံးလုံးဖြစ်တယ်။

ကျောင်းကိစ္စပေါ်တဲ့ ဇွန်လ(၂၀)က နောက်ဆုံး ဩဂုတ်လ(၇) ရက်အထိ ကျောင်းပြဿနာ အကြောင်းပြုပြီး ဗဟိုနဲ့ ဗဟို ဥက္ကဋ္ဌ ကြီးအပေါ် သွေးခွဲခဲ့တယ်။

ကိုပါနိုကပ်စ်ဟာ စကြာ၀ဋ္ဌာစံနစ်ရှင်းပြလို့ သတ်ခံရတယ်။ ရှမ့် လုပ်။ဆီးယိုစားနေရမယ်လို့ ခနခနဆော်ဩခဲ့တယ်။ ဒီနည်းနဲ့ ပါတီ ဗဟိုကိုဆန့်ကျင်လာအောင်တွန်းတင်ပေးတယ်။

နှင့်ကိစ္စကို ငါ့ကိစ္စလုပ်ပြီး ဓားခုတ်ရာလက်ထိုးခံခိုင်းတယ်။

ဒါကြောင့် ဗဟိုမှာက်စ်လီနင် ကျောင်း ဆန့်ကျင်ရေးသမား၊ ကျောင်းစင်ပြိုင်ထောင်တဲ့ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီး ရေးသမား၊ ပြန်လည် ပြင်ဆင်ရေးဂိုဏ်းခေါင်းဆောင်ဖြစ်တယ်။

ဒီဖြစ်ချက်တွေက သေဒဏ်မှလွဲရင် တခြားမရှိဘူး။

မညွန့်ညွန့်သည် စွဲချက်တင်ရင်း စီးကျလာသော ချွေးများကို မျက်နှာသုတ် ပုဝါဖြင့် သုတ်လိုက်သည်။ ဘေးတင်ချထားသော ရေဗူးကို ဖွင့်ကာ တ ဂျိုက်မော့ချလိုက်လေသည်။

အခန်း (၁၀)
မင်းမဲ့နဲ့ ပြန်လည်ပြင်ဆင်ရေးတစုံ

နင်ဟာ ခေါင်းဆောင်မှု စိုက်ထူရေးဆိုတဲ့ တပ်တွင်း ပါတီဖျက်၊ တပ်ကိုဖျက်တဲ့အပြင် တပ်တွင်းမှာ လူမိုက်မွေးပြီး လူသတ်ဂိုဏ်းဖွဲ့ခဲ့ တာပဲ။

ဦးခိုင်နဲ့ခွဲတဲ့ မတ်လနောက်ပိုင်းမှာ ဗဟိုဆန့်ကျင်ရေး ခပ်သွက် သွက် ခပ်ရဲရဲပေးခဲ့တယ်။

ဦးခိုင်ကို ဦးတည်ပြီး ဦးခိုင်ကာကွယ်တဲ့ ဥက္ကဋ္ဌဆိုတာပါလာပြီး ပြန်ပြင်ရေးတိုက်ပွဲကျတော့ စိုးသန်းကို ဥက္ကဋ္ဌ ကာကွယ် ထားတယ်။ စိုးသန်းတိုက်ချင်ရင် ဥက္ကဋ္ဌကိုတိုက်လို့ ပြောင်တင်လာခဲ့တယ်။

ဒါဟာ ပါတီရဲ့ ဒီမိုကရေစီနဲ့ ဗဟိုချုပ်ကိုင်မှုကို ဆန့်ကျင်တဲ့မင်း မဲ့ဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သာမန် စည်းလွတ် ကမ်းလွတ်မဟုတ်ဘူး။ ကနေ့ ပြန်လည်ပြင်ဆင်ရေးနဲ့ မော်စီတုံး အတွေးအခေါ် အရင်းခံ ခြားနားတဲ့ စံဟာ ပါတီဗဟိုပေါ် သဘောထားပဲ။

တခုချင်းစီ ထပ်ခွဲရင် ပါတီဥက္ကဋ္ဌ၊ ပါတီဗဟိုရဲ့ မာ့က်စ်လီနင်ကျောင်း၊ ပါတီမှာရှိတဲ့ တရုပ်ပြည်ပြန် ရဲဘော်တွေ၊ ပါတီရဲ့ တပ်နီလူငယ်နဲ့ အမျိုးသမီးတွေအပေါ် သဘောထားပဲ။

နင်ဟာ ပါတီဗဟိုနဲ့ ပါတီဥက္ကဋ္ဌ ပါတီဗဟိုက ရဲဘော်တွေကို အကောင်းမပြောခဲ့ပေမဲ့ ပြန်လည်ပြင်ဆင်ရေးသမား စိန်၊ ပိန်၊ သန်းမြိုင်၊ ငပိုင်တို့ရဲ့ ပါတီအပေါ် ကောက်ကျစ်မှုကျတော့ လုံးဝမိတ်ဆက်မပေးဘူး။ စကားထဲလဲ ထည့်မပြောခဲ့ဘူး။ ကနေ့-ပါတီသမိုင်းမှာ ပေါ်ခဲ့တဲ့ ပါတီကိုဖျက်သူတွေကို တော်လှန်ရေး ရဲဘော်တိုင်း သိသင့်တယ်။ ပညာပေးထားသင့်တယ်။ နင်ကတော့ ပါတီဗဟိုကိုပဲ မမောနိုင်အောင် ဆန့်ကျင်ထိုးနှက်စကား နေ့တိုင်းပြောနေတာပဲ။ ဒါကလဲ နင်ပြန်ပြင်ရေးမျိုးဆက် ဂိုဏ်းခေါင်းဆောင်ဆိုတာ ရှင်းနေတယ်။

တရုပ်ပြည်ပြန် ရဲဘော်တွေအပေါ် တယောက်မှကို နင်အကောင်းမပြောခဲ့ပေမဲ့ နင်နဲ့မျိုးတူ ဖေငြိမ်းကျတော့ နင်အမြဲအကောင်းပြောခဲ့တယ်။

ဖေငြိမ်းဟာ ဆေးကျောင်းမှာ တည်ဆောက်ရေး တာဝန်ယူနေရတာ နင်နဲ့ စိတ်တူ ကိုယ်တူဆိုတာ နင်ပြောပြလို့ တပ်က အားလုံးသိတယ်။ ငါလဲသိတယ်။

ခု-ဖေငြိမ်းလဲ နင့်ဝါဒ နင့်ပေါ်လစီကို ဆေးကျောင်းမှာ အကျချခဲ့သူဖြစ်ပြီး၊ နင့်ဂိုဏ်းဝင်ဖြစ်တယ်ဆိုတာ ဘွားဘွားပေါ်နေပြီ။

ရောက်လေရာမှာ နင်ဟာ ဒေသပါတီကို ခေါင်းဆောင်မှုချ၊ နင်က ခေါင်းဆောင်မှုရအောင် လုပ်ခဲ့တယ်။ တပ်တွင်းမှာလဲ အထက်နဲ့ အောက် ပါတီကော်မီတီနဲ့တပ် တပ်တစိတ်ချင်း တစိတ်အတွင်းမှာ အချင်းချင်းကို နည်းမျိုးစုံနဲ့ သွေးထိုး ဂိုဏ်းခွဲပြီးမှ နင့်ကို ကိုးကွယ်ဆည်းကပ် စေခဲ့တယ်။

ဗဟိုအဝန်းအဝိုင်းနဲ့လဲ တပ်ကိုတိုက်ပေးခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီတပ်ကို စနစ်တကျပါတီတွင်း တိုက်ပွဲအလေ့အထကို ပညာမပေး ရုံမက နင်ကိုယ်တိုင် စံပြဘာရမ်းဘတာ မင်းမဲ့ပြုမှုတွေဟာ တပ်ကို ဗဟို ဆန့်ကျင်ရေး အဆိပ်ဝင်စေခဲ့တယ်။

ဒီမင်းမဲ့မှုဟာ ကနေ့ပါတီဗဟိုကို နာခံသလား၊ ဆန့်ကျင်သလား၊ စံအတွက်အရေးကြီးပြီ။ အန္တရာယ်ကြီးတဲ့ ပြဿနာဖြစ်တယ်။ စိန်·ပိန် မြိုင်၊ ပိုင် ဖြိုလဲပြီးနောက်၊ နောက်ဆုံးပေါ် အရမ်းကာဆုံး၊ အတင့်ရဲ ဆုံး ပြန်ပြင်ရေးတစ်ဖြစ်တယ်။

ပါတီဗဟိုနဲ့ ပါတီဥက္ကဋ္ဌကို အမြောက်အမြား စော်ကားဆန့်ကျင် မှုတွေထဲက အထင်ရှားဆုံးပြဿနာတချို့ရှိတယ်။

"ဥက္ကဋ္ဌဟာ စိန်·ပိန်တိုက်ပွဲတုန်းက နိုင်ငံရေးဦးဆောင်အဖွဲ့နဲ့အတူ ရှေ့ကမထွက်ဘူး။ အဲဒီဧပြီလ·၂၇ ရက်တုန်းက နိုင်ငံရေးဦးဆောင်အဖွဲ့ ကို ကယ်ခဲ့ရတာဖြစ်တယ်"

"ခုလဲ အနားက ဗဟိုကော်မီတီတွေကို မလှည့်နိုင်းဘူး။ စိုးသန်းကို လဲကာကွယ်ထားတယ်"။

"ဒီတခါတော့ မင်းဆိုးမင်းညစ်လက်မှာ ကျန်ရစ်ခဲ့· မကယ်တော့ ဘူး"။

"မတ်လတုန်းက ဥက္ကဋ္ဌကို ခင်ဗျားလဲ အတွေးအခေါ်ပြင်ထားလို့ အားမနာတမ်း ခပ်တင်းတင်းပြောခဲ့တယ်"။

မညွန့်ညွန့်သည် စကားပြောရင်း ဥက္ကဋ္ဌဖက်သို့ ခတ်ပြုံးပြုံးကလေးပင် လှည့်၍လည်း ကြည့်လိုက်သေးသည်။

ပြီးလျှင် ဗိုလ်ထွန်းငြိမ်းဖက်သို့ တင်းမာသော မျက်နှာထားဖြင့် လှည့်ကာ ကြည့်လိုက်သည်။

ဒီစကားအားလုံးဟာ နင်ကလွဲရင် ဗိုလ်မထားတဲ့ နင့်မင်းမဲ့ အ တွေး အခေါ်နဲ့ လုပ်ဟန်တွေပဲ။ ဒါဟာ တဖက်က ပါတီရဲ့လမ်းစဉ် နဲ့ စင်ပြိုင်ချပြီး တဖက်က လူပုဂ္ဂိုလ်ကို မင်းမဲ့ဆန်နေတဲ့ နင့်ပြန်ပြင် ရေးတစ်ဖြစ်တယ်။

ဒါကြောင့် နင့်အဆိပ်ဝင်တဲ့ ဒီတပ်ဟာ ပါတီဗဟိုဖက်ကို သေနတ် ပြောင်းလှည့် ပါတီဗဟိုအပေါ် မင်းမဲ့ခဲ့တာပဲ။ ဒါဟာ ပါတီနဲ့တော်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လှုန်ရေးကို ဖျက်ဆီးခဲ့တာပဲ။ ဒါဟာပစ္စည်းမဲ့အာဏာရှင် စံနစ်ကိုလဲ ဖျက်ဆီးပစ်တာပဲ။ ဒါကြောင့် ဒါတွေဟာ ပြန်လည်ပြင်ဆင်ရေး တစုံ ဖြစ်တယ်။

နင့်တစုံနဲ့ ဖျက်ဆီးခံရတဲ့တပ်က ပြန်ပြီးဂုဏ်ရောင်ပြောင်စေဖို့ အတွက် နင့်ကိုဒီတပ်က သုတ်သင်လက်စား ချေမှာဖြစ်တယ်။

အခဏ်း (၁၁)

ပါတီဗဟိုအပေါ် အမြဲနာခံတဲ့တပ်ကို တန်ပြန်တော်လှန်ရေး တပ်ဘဝ ရောက်စေခဲ့တယ်

မြစ်ဝကျွန်းပေါ်တပ်ဟာ တော်လှန်စစ်အတွင်းမှာ ကြီးထွားခဲ့တာ ဖြစ်တယ်။

ဒီတပ်ဟာ ရန်သူကို ချေမှုန်းတိုက်ခိုက်ရာမှာ ခံစစ်နဲ့ ထိုးစစ် အတွေ့ အကြုံရှိခဲ့တဲ့ တပ်ဖြစ်တယ်။

၅၇-မှာ တပ်စုချေမှုန်းရေးအထိ အောင်ပွဲခံခဲ့ဘူးပြီး ၆၄-ဒီဖက်မှာ တပ်စိတ်ချေမှုန်းရေးတွေ များစွာလုပ်ခဲ့တဲ့တပ်ဖြစ်တယ်။ ဘန်ကာစီး တိုက်ပွဲတွေလဲ အောင်ပွဲရခဲ့တဲ့ တပ်ဖြစ်တယ်။

ဗဟိုရဲ့စစ်ရေးလမ်းစဉ်ကို ဆန့်ကျင်ဖို့၊ ဥက္ကဋ္ဌမော်ရဲ့ ၆-စောင်တွဲ က နင်လိုချင်တဲ့စာပိုဒ်တွေ ကောက်နှုတ်ပညာပေးခဲ့တယ်။ ပြည်ခရိုင် ပေးစာမှာ အဓိကနင့်စစ်ပြေးအတွေးအခေါ်ကို တိုက်ထားတာပဲ။ဒါကို နင်ကတပ်ကြီးကို ပြောခဲ့ရပြီဆိုပြီး ဗဟိုဆန့်ကျင်ဖို့ တွန်းတင်ခဲ့တာပဲ။

"ပြန်ပြင်ရေးမတိုက်နိုင်သူနှစ်မပေးကြေး" "လူကိုခွေးသတ်မခံဘူး" "ဥက္ကဋ္ဌပြန်ပြင်ရေးကြား လေးဖက်တွားနေတယ်" "ဦးခိုင်က မတ်လ ၂၄-ရက်မှာသွားတယ်။ နှုတ်ခမ်းချင်းပွတ်လို့ ၂၀-ရက်မှာ ဒီမိန့်ခွန်း ထွက်တာ" "လေထုကြီးရင်" "ဥက္ကဋ္ဌဟာ ပါတာပဲ။ ခုတခါ မကာယ် နိုင်ဘူး"ဒီစကားတွေဟာ တပ်တခုလုံးက လူတိုင်း ကြားနေအောင် ဂဏ္ဍာမငြိမ် ပြောနေတာဖြစ်တယ်။

တပ်ကို"အမှန်တရားအပေါ် သစ္စာရှိဖို့ ဥက္ကဋ္ဌ မော်အပေါ် သစ္စာ ရှိဖို့၊မှန်တာပြောရင် သွေးကျနိုင်တယ်။ အတွေးအခေါ်နှစ်ရပ် လမ်း စဉ်နှစ်ရပ် တိုက်ပွဲ သွေးကျနိုင်တယ်။ပါတီတွင်းတိုက်ပွဲ"နဲ့ပြောခဲ့တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တိုက်ပွဲကိုတိုက်ရဲရုံနဲ့မရ။ တိုက်တတ်ဖို့ လိုတယ်ဆိုပြီးအမြဲလှုံ့ဆော်နေတယ်။

တဖက်ကလဲ ကင်းထောက်လွှတ်လိုက်တယ်။

ဒီကြားထဲမှာ အထူးမြို့နယ်က ရဲဘော်ထွန်းလှိုင်ဟာ "ဒီတပ်ဖွဲ့ကြီးတော့ ချေမှုန်းခံရမဲ့တပ်ကြီးဆိုပြီး ပါတီဗဟိုဖက်က ရပ်တာကိုအတင်းလက်နက်သိမ်းတယ်။ တပ်ကိုအသုံးချလက်နက်သိမ်းရုံမက သတ်ဖို့လဲလုပ်တယ်။ ဒီမှာတပ်နဲ့ငါက စိတ်မချရရင် သတ်မယ်ဆိုတော့ နှင်ကလူလိမ္မာလုပ်ပြီး ဆွဲထားတယ်။

တကယ်က ငါ့ကိုမြှောက်ပေးခဲ့တာပဲ။ "မြစ်ဝကျွန်းပေါ်က စိုးသန်း တိုက်ပွဲသိသွားပြီး၊ လက်နက်သာချရင် ပါသွားရော့"လို့ ပြောလို့ ငါက သတ်မယ်ပြောခဲ့တာပဲ။ တကယ်သတ်ချင်တာကနှင်ပဲ။နှင့်ကိစ္စကို ငါ့ကိစ္စလုပ်ပြီးမှ နှင့်ကငါ့လက်ကိုဓားခုတ်ရာမှာ သွင်းခဲ့တာပဲ။

ရဲဘော်ထွန်းသောင်းနဲ့ ရဲဘော်နွဲ့ကိစ္စမှာလဲ နှင့်ကိုမနာခံလို့ သတ်ဖို့ နှင်လုပ်တာပဲ။

ကင်းစောင့်မခိုင်းဘူး။ ဗဟိုကိုယ်စားလှယ်မှာ ဗဟိုလုံခြုံရေးအတွက် အာမ မခံနိုင်ဆိုပြီး အကြပ်ကိုင် သတ်ခွင့်တင်ခဲ့တာပဲ။

ဒီမှာလဲ တပ်နဲ့ငါဟာ နှင့်အသုံးချခံရတာပဲ။

ဒါတွေအားလုံးဟာ နှင့်ပြဿနာကို ငါ့ပြဿနာ လုပ်ခဲ့တာပဲ။

တပ်တခုလုံးရော ငါဟာ နှင့်အသုံးချခံရတာသာဖြစ်တယ်။ ဒီအားလုံးအပြစ်တွေရဲ့ တရားခံနှင်ဖြစ်တယ်။

ဗဟိုကိုမထွက်ခင်နဲ့ ချီတက်လာတဲ့တလမ်းလုံးမှာ ကိုယ်စားလှယ်အဖွဲ့ကို ရန်လုပ်ခဲ့တယ်။ ဩဂုတ်လ ၇-၈-၉-၁၀ ဒီ ၄-ရက်ဟာ နှင့်အဆိပ်အမွှန်ဆုံး နောက်ဆုံးရက်ဖြစ်တယ်။

တော်လှန်ရေးနဲ့ တန်ပြန်တော်လှန်ရေးရဲ့တိုက်ပွဲ အပြင်းဆုံးရက်နဲ့ တော်လှန်ရေးက အနိုင်ရတဲ့ ရက်ဖြစ်တယ်။

ပင်ကိုယ်က ဗဟိုအပေါ် နာခံတဲ့တပ်၊ ဗဟိုအပေါ် ယုံကြည်ချက်အပြည့်ရှိတဲ့တပ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီတပ်ဟာ ဗဟိုရှေ့မှောက်မှာ တကယ်ရောက်လာတော့ ဗဟိုဖက်သေနတ်ပြောင်းလှဲ့ထားပဲ့ တန်ပြန်တော်လှန်ရေးတပ်ဘဝနဲ့ ဗဟိုကို စော်ကားကျူးလွန်မိခဲ့တယ်။

ဒီလိုဖြစ်ရအောင် အသိပ်တွေ နှင်းသွင်းခဲ့တာဖြစ်တယ်။

တပ်ထဲမှာဝင်နေတဲ့ နှင့်အဆိပ်တွေကို နှင့်လည်ချောင်းသွေးနဲ့ဆေးကြောဂလဲ့စားချေမှ ကြေနိုင်မှာဖြစ်တယ်။

မညှန့်ညွှန့်သည့် ဒေါသဖြစ်သွန်း၍ စကားပြောရင်း ဘွေ့ဆွေ့ပင်ခုန်ပျေက် ရှိနေပေသည်။

အခန်း (၁၂)

ဥက္ကဋ္ဌကြီးကိုတွေ့ဘူးရင် သေရော့်ပါပြီဆိုတဲ့ အမျိုးသမီးတပ်ကိုလဲ နှင်ဟာ အနိုင်ယည့်တပ်ဖြစ်အောင် ဖျက်ခဲ့တယ်

ဒီတပ်ဟာ မျိုးဆက်(၁၁)ယောက်ပါတယ်။

ပါတီဟာ အမျိုးသမီးကေဒါနဲ့ မျိုးဆက်တွေကို အနာဂတ်မှာ အာမခံချက်ရှိဖို့သတ္တက် အားသာစ်တွေအဖြစ်နဲ့ လေ့ကျင့်မွေးမြူ နေတာဖြစ်တယ်။

အများစုကြီးဟာ ရှန်သွူ့ဆင်မင်း ထိုးစစ်အတွင်းက ပေါက်ဖွားခဲ့တာဖြစ်တယ်။

ဒီအားတွေကို လက်နက်ကိုင်တိုက်ပွဲထဲမှာ လေ့ကျင့်မွေးမြူဖို့ တပ်တည်ဆောက်ရေးကို ထဲ့လိုက်တာဖြစ်တယ်။

မြစ်ဝကျွန်းပေါ်တပ်မှာ အထူးအခက်အခဲတွေ ရင်ဆိုင်ကျော်လွှားပြီး နှစ်တဝက်လောက်ကြာမှ ရည်မှန်းချက်ကို ရောက်ခဲ့ရတာပဲ။

နှင့်ကိုပါတီဗဟိုကယုံပြီး ဒီတပ်ကိုတာဝန်ပေးခဲ့ပေမဲ့ နှင်ကဒီတပ်ကို နှင့်အလုပ်အကျွေးပြုတပ်၊ နှင့်ရဲ့တန်ပြန် တော်လှန်ရေးတပ်ဖြစ်အောင် ဖျက်ဆီးပစ်ခဲ့တယ်။

“အမျိုးသမီးကေဒါလေ့ကျင့်မှု စမ်းသပ်ကွင်းပဲ ရဲမှုပါ”လို့ ပြောပြောနေတဲ့ နှင့်စကားကြောင့် ဒို့တတပ်လုံးဟာ နောက်မကျရအောင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမှိုက်ပိုက်ခဲ့တယ်။ ဒို့မောင်ဘွားများနဲ့ လက်နက်ကိုင် တိုက်ပွဲထဲမှာ လေ့ကျင့်မယ်လို့ ပိုင်းဖြတ်ကြပြီးသားတွေပဲ။

လမ်းမှာ တိုက်ကွက်ပြင်၊ ဆေးရုံသိမ်း၊ လူထုတိုက်ပွဲတွေမှာလဲ အစွမ်းကုန် ပါခဲ့ကြတယ်။

ပါခဲ့တဲ့ အခါတိုင်းကတော့ ပါတီဘယ်ိုိနဲ့ ပါတီဥက္ကဋ္ဌကြီးကို မျက်နှာပန်းလှလှ အောင်ပွဲပေးချင်လွန်းလို့ ဖြစ်တယ်။

မတ်လ မတိုင်ခင်က ဥက္ကဋ္ဌကြီး ပေးစာရတော့ ရဲဘော်မတွေနဲ့ ရဲဘော်တွေဟာ ဥက္ကဋ္ဌကြီးနဲ့ မဝေးတဲ့ နေရာမှာမို့ ဒို့ပြီးရင်မှချ တွေ့ရတော့မယ်။ တွေ့ရင် ဒို့လိုက်ပါမှုကောင်းတာကို ဥက္ကဋ္ဌကြီးကို ပြနိုင်အောင်မှုပြီး ကြိုးစားကြတာပဲ။

ဒီတပ်ကို နှင်တယ်လို့ဖျက်ခဲ့သလဲ။

တင်ကိုသီးခြား ဘာပြဿနာမှ မဖြေရှင်းခဲ့ဘူး။ နှင့်ရဲ့မယားတရှူး ခေါင်းဆောင်မှုအောက်မှာ အပိုးခံတပ်တနေ့ ကျရောက်ခဲ့တယ်။

တပ်တွင်းဆက်ဆန်ရေး ပြဿနာခက်လာတော့ နှင့်ကို တင်ပြတယ်။

နှင်ဘာပြောသလဲမှတ်မိသလား "ခင်ဗျားနိုင်ငံရေးတန်းတွေ လုပ်ပိုင်ခွင့်ကို မနှောင့်ယှက်နဲ့။

သူ့ရှိုးကျ ဒုန်းမဲ့ကြီးနဲ့မလုပ်နဲ့။အပေါင်းနဲ့မကြည့်နဲ့။ ကြက်မကြီးလိုမအုပ်နဲ့"ဆိုပြီး ငါ့ကို ပန်းနဲ့ပေါက်ခဲ့သယ်။

နှင်းပါတယ်။ နှင့်မျက်စေ့ရှေ့မှာ နှင့်ညာလက်ရုံး ဒုတိယ သာဓိန္ဒတင်ဟန်ဟာ အမျိုးသမီးတပ်ဖွဲ့မှာ ဘာလုပ်ခဲ့သလဲ။ တပ်ထဲမှာ အငယ်ဆုံးနဲ့ အတန်းအစားမှန်တဲ့ရဲဘော်မနိုက်ကိုစော်ကားဖျက်ဆီးခဲ့တယ်။ ရဲဘော်မလေးနိန်နဲ့ ရဲဘော်မနိုက်ကို ကျောရိုးဆိုပြီး တပ်နဲ့ သွေးခွဲပြီး နှင်ဖျက်ဘယ်။

ရဲဘော် ၂ ယောက်က တပ်နဲ့ကွဲသွားတော့ နှင်က အိမ်ထောင်ရေးရှုပ်ထွေး ယဉ်ကျေးမှုတွေကို ဓနရှင်လောကအကြောင်း မိတ်ဆက်ပညာပေးတာလိုလို့ အတွေးအခေါ် ပျက်အောင် လုပ်ခဲ့တယ်။

ရဲဘော်မတွေဟာ စံနှစ်၃-ဦးအောက်တုံးကလဲ အလှူးအလိမ့် ဖိနှိပ်သွေးစုတ်မှုခံရပြီး နှင့်တည်ဆောက်ရေးကာလမှာလဲနှင်ကအကြည်ညိုခံ။

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

နဝတအစည်းအဝေး အစည်းအဝေးပြီးဆုံးပြီး ရဲဘော်မတွေကို နင်အလုပ် အဖွဲ့ခိုင်ခဲ့ လူယုံတော်မှာ ပေါ်မှာက လူတွေအတွဲလိုက်တွဲပြီး ပြောင်လှောင် တာတွေပါ လုပ်လာခဲ့တယ်။ ဦးရဲဘော်မ ၂-ယောက်က တပ်လဲ မတိုး ချင်၊ နင်ပိုလိုလဲ မခံနိုင်နဲ့ အကြီးအကျယ်တပ်မှာ စည်းလုံးမှု ပျက်လာ တယ်။ပင်ကိုယ်ကကြံ့ခိုင်ဘက်သမျှတွေတောင် ယိုင်နဲ့ခဲ့တယ်။

နောက်တော့ ငါ့အပေါ်အဝင် တတပ်လုံးဟာ နင့်ကို ပုဂ္ဂိုလ်ကိုးကွယ် မှုထိပ်ရောက်လာပြီး နင်းနှိပ်ပေးတာတွေပါ ပြုစုခဲ့ရတယ်။ ဒါနင်ဖျက် ဆီးခဲ့တာဖြစ်တယ်။ နင်ဟာ အမျိုးသမီးတွေကို ဘယ်လိုသဘောထား သလဲ။ပါတီက ချမှတ်တဲ့ ရည်ရွယ်ချက်နဲ့ ဆန့်ကျင်ပြီး ၁၅ တုန်း က လိပ်အမှုသာပြင်ဘက်သလို နင်လဲအတူတူမြင်ခဲ့တယ်။ ခွေးလို စား၊ အိပ်ပေးရနိုင်တာလောက်ပဲဆိုတဲ့၊ နင့်ခေါင်းဆောင်မှုကြောင့် ဒီတပ် ဟာ နင့်သက်ယံမှာ ဂုဏ်သရေဖျက်ခဲ့ရတယ်။ စော်ကားခံခဲ့ရတယ်။

လက်ခံဦးမှာနဲ့ဒေသမှာ ရှုံးသူကို ဖဲ့ရဲဘောက် တိုက်လိုပါတယ်ဆို တဲ့တပ်ဟာ နောက်ဆုံး ဘေးမှခေါင်းဆောင်တဲ့ ဒီတည်ဆောက်ရေး ဟာ ကောင်မလေးခေါင် ဂိုဏ်းဝသာင်နေတာပဲဖြစ်ခဲ့တယ်။ အနိုပ်သယ် တပ်ဖြစ်ခဲ့ရတယ်။

ပေါင်းချုပ်သက်မိတည်းအားဖြင့်တွဲတလျှောက်ကြည့်ရင် နင်ဟာ....

(၁) ပေါ်ဆန့်ကျင်တဲ့ ပေါ်ပြူပ်လမ်းစဉ်၊ စင်ပြိုင်ဗဟိုထောင်ပြီး ပါတီနဲ့ တော်လှန်ရေးကို ဖျက်ဆီးခဲ့တယ်။

(၂) တပ်ကိုပဲ ပေါ်ဆန့်ကျင်တဲ့ တန်ပြန် တော်လှန်ရေးတပ်ဖြစ် အောင် နင်လုပ်ခဲ့တယ်။ ပါတီဗဟိုကို လက်နက်နဲ့တိုက်ဖို့ နင်လုပ်ခဲ့တယ်။

(၃) အမျိုးသမီးတပ်ကိုလဲ နင့်အလုပ်အကျွေးပြု တပ်ဖြစ်အောင် လုပ်ခဲ့တယ်။ ပါတီနဲ့မတူပဲ ခေါင်းမင်းခေါင် သာဝိန္ဒ ဂိုဏ်းဖြစ်အောင်လုပ်ခဲ့တယ်။

(၄) ငါဟာ အခုပါတီနဲ့ ပါတီဥက္ကဋ္ဌကို ယုံကြည်အားကိုးခဲ့ရာ က နောက်ဆုံး ပါတီဗဟိုဆန့်ကျင်ရေးဖြစ်ခဲ့တာ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီအချက်တွေကြောင့်

နင်ဟာ – ၆၄/သမားမဟုတ်ဘူး။ ·၅၅ သမားဖြစ်တယ်။

နင်ဟာ – မော်အတွေးအခေါ်ကို ကိုယ်စားမပြုဘူး။ ပြန်လည်ပြင်ဆင်ရေး အမွေဆက်ခံသူဖြစ်တယ်။

နင်ဟာ – စိုးသန်းတိုက်သူမဟုတ်ဘူး။ စိုးသန်းလက်သစ်ဖြစ်တယ်။

နင်ဟာ – တော်လှန်ရေးသမားမဟုတ်ဘူး။တန်ပြန်တော်လှန်ရေးသမား ဖြစ်တယ်။

နင်ဟာ – ပါတီတည်ဆောက်သူ မဟုတ်ဘူး။ ပါတီ ဖျက်ဆီးသူပဲဖြစ်တယ်။

နင်ဟာ – တပ်တည်ဆောက်သူမဟုတ်ဘူး။ တပ်ဖျက်ဆီးသူပဲဖြစ်တယ်။

နင်ဟာ – ပါတီဗဟိုဖက်က မရပ်ဘူး။ ပါတီဗဟိုကို ဆန့်ကျင် စင်ပြိုင်ထောင်သူဖြစ်တယ်။

ဒါကြောင့် – ပါတီဗဟိုဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊ တော်လှန်စစ်ဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေး၊ ဂိုဏ်းခေါင်းဆောင်ဖြစ်ကြောင်း၊ သံမဏိကိုးကားချက်များနဲ့ စွဲချက်တင်လိုက်တယ်။

တောင်းဆိုချက်

အထက်ပါ ပြစ်ချက်တွေဟာ အလွန်ကြီးလေးတဲ့အတွက် သေဒဏ်ပေးပါ။

တပါထည်း သုတ်သင်တဲ့အခါမှာ ကျွန်မတို့ဟာ အမျိုးသမီးထုဘဝနဲ့ အလွန်နှစ်နာခဲ့ရပါတယ်။

ဒါကြောင့် ကာယကံမြောက် လက်စားချေသင့်ပါတယ်။ကိုယ်တိုင်လည်လှီးပြီး ခြေဆေးခွင့်ပေးပါလို့ လူထုတိုက်ပွဲ ခုံသဘာပတိဥက္ကဋ္ဌကို တောင်းဆိုပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဓိဋ္ဌာန်

အသက်နဲ့ကိုယ်မြဲသမျှ ကာလပတ်လုံး ပါတီနဲ့ တော်လှန်ရေးအတွက် ဥက္ကဋ္ဌအမှူးပြုတဲ့ ပါတီဗဟိုနဲ့အတူ ရပ်တည်သွားမယ်။

ဘယ်ကာလမှာ ဘယ်သဏ္ဍာန်နဲ့ပေါ်တဲ့ ပါတီဗဟိုဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေးသမားများကိုမဆို အသက်နဲ့လဲ ရှင်းလင်း သုတ်သင်သွားမယ်။

သန္နိဋ္ဌာန်အတိုင်းရပ်တည်ပြီး...

အသက်စွန့်ရမှာမကြောက်၊ အခက်အခဲဖယ်ရှားပြီး အောင်ပွဲအရယူသွားပါမည်။

(ပုံ)ဆွန်းဆွန်း
၂၉-၈-၆၈
၁၇၀၀

ရဲဘော်မညွန့်ညွန့်သည် ဗိုလ်ထွန်းငြိမ်းအား စွဲချက်တင်ရင်းပင် နာကြည်းလွန်း၍ ဒေါသထွက်သည်ဟုဆိုကာ ဆွေ့ဆွေ့ခုန်နေ၏။ ဗိုလ်ထွန်းငြိမ်း၏မျက်နှာအား လက်ညှိုးနှင့်ထိုးလျက် နောက်ဆုံးစွဲချက်ကိုတင်သွားလေသည်။

(မှတ်ချက်။ ။ရဲဘော်မညွန့်ညွန့်သည် ဗိုလ်ထွန်းငြိမ်းအပေါ်သို့ တင်သည့် စွဲချက်ကို သခင်သန်းထွန်းနှင့် နှစ်ဦးချင်း သီးခြားဆွေးနွေး၍ တင်ခြင်းဖြစ်သည်။ မညွန့်ညွန့်၏ စွဲချက်ကို ရေးသားနိုင်ရန် အတွက် သခင်သန်းထွန်းသည် မညွန့်ညွန့်၏တဲသို့ ညဉ့်နက် သန်းခေါင်ကျော်အထိ သွားရောက်ပြီး စိစစ်ပေးခဲ့၏။ ပြုပြင်၍ ပင် ရေးသားပေးခဲ့သည်။ စာရေးသူ။)

- အမျိုးသမီးတွေကို ဖျက်ဆီးတဲ့ သာဓိန္နထွန်းငြိမ်းကို သတ်ပစ်-သတ်ပစ်။
- တို့အားသစ်တွေကို ဖျက်ဆီးတဲ့ အောင်မင်းခေါင် ဂိုဏ်း ခေါင်း ဆောင် ထွန်းငြိမ်းကို သတ်ပစ်-သတ်ပစ်။

ကြွေးကြော်သံများသည် ပတ်ဝန်းကျင်တခုလုံးတွင် ပွဲတင်ထပ်၍ နေလေတော့သည်။

ထို့နောက် မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးတပ်ဖွဲ့မှ ရဲဘော်-ရဲဘော်မများသည် မြစ်ဝကျွန်းပေါ်တိုင်းကော်မီတီ ရဲဘော်ဝင်းမောင်စီစဉ်ပေးသော သံပြောင်များကိုအော်ဟစ်၍ ဟန်အမူအရာများနှင့် ကခုန်လျက် နေကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

– (ဗိုလ်မှူးဆို) ၂ • အလွန်ကြိုက်သတဲ့ဗျို။
– (ဗိုလ်မှူးဆို) ၂ • နဝင်ဆိမ့်သတဲ့ဗျို။
– တန်ပြန်ဂိုဏ်းကိုဖွဲ့ • ဟဲ့။
– လက်ဝဲလေသံဟိန်း • အိမ်း။
– မိုက်ဖော်ဆိုးဖက်မွေး • အေး။
– သာဓိန္ဒလိုဆိုး • အိုး။
– (အလိုဗျို) ၂ ....ထွန်းငြိမ်းပါတဲ့လေး....။

လက်ခုတ်သံများနှင့်အတူ ရဲဘော်သန်းမောင်၏ ဝါးပုလွေ သံကလေး ကလည်း တတီတီနှင့်နှောလျက်နေလေတော့သည်။

– လမင်းကိုမကြေချမ်း • ပြိုင်ချင်စမ်းတဲ့ခွေးလိုဟောင်
– (ဝိုးဝေါင်) ၃ • (ဝိုးဝေါင်) ၃
– အူသံတွေ.... (ဟေ)
– ဟောင်သံတွေ.... (ဟေ)
– (အလိုဗျို)... ငြိမ်း-ရှိန် ဂိုဏ်းဆိုကလေး....။
– (အောင်မင်းခေါင်) ၂ • အစွန်းနှစ်ဖက်ပြောင်
– အရှင်ရရ/အသေရရ • လက်သစ်သာဓိန္ဒ
– စုတ်စုတ်ပွဲပွဲပြော • (ဟော)
– မိုးပွင့်နဲ့ကမွေး • (အေး)
– ဘေးတိုက်ဆွေးနွေးပွဲ • (အဲ)
– တင်ဟန်က စားဖား • (အား)
× (အလိုဗျို) ၂.... ကြုံဘူးပေါင်ဗျလေး....

× × ×

– ဟိုတွေးကာ-ဒီတွေးကာ- ထွန်းငြိမ်းခေါင်းထဲမှာ
– အရက်ပုလင်းစမ်း • အဟမ်း
– သန်းမြိုင်ကယ်ပါအုံး • (ဝူး)
– ထွန်းရှိန်ကယ်လေမလား (ဝါး)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

— မသုံးလုံးကိုပြေး · (ဝေး)
— မြစ်ဝကျွန်းပေါ်ပြေး · (ဝေး)
— တနင်္သာရီပြေး · (ဝေး)
— ရခိုင်-ချင်းတောင်ပြေး · (ဝေး)
—(အလိုဗျို)၂ · အချုပ်ထဲမှာတဲ့လေး။"

လက်ခုတ်သံ၊ ရယ်မောသံ၊ ပြောင်လှောင်သံများမှာ တဝေါဝေါ၊တဝါးဝါး ပင် ဖြစ်နေကြလေတော့သည်။

ဗိုလ်ထွန်းငြိမ်းသည် ဦးခေါင်းကို အောက်သို့သာ ငုံ့ထား၏။ မော်၍ပင် မကြည့်ချေ။ ဇက်ကျိုးဘိသို့ဖြစ်နေလေသည်။

"ဟေ့ခွေးကြီး ထွန်းငြိမ်း ဒို့ကို မော်ကြည့်ပါအုံးဟဲ့။"

တပ်နီအမျိုးသမီးလေး အမြင့်(ခ)မစန်းဝင်းသည် အော်၍ပြောလိုက်သည်။

ဗိုလ်ထွန်းငြိမ်းသည် ဦးခေါင်းကိုမမော့ချင်ပါပဲ မတတ်သာ၍ ဖြည်းညှင်းစွာ မော့လိုက်ရသည်။

ဗိုလ်ထွန်းငြိမ်း၏ ပါးပြင်တွင် မျက်ရည်များသည် စီးကျ၍နေလေသည်။

"ဟေ့-နွားကြီး ငိုပြီဟေ့"လက်ခုတ်သံများနှင့်အတူ ဝိုင်းအော်လိုက်သည့်အသံမှာ နားကွဲမတတ်ဆူညံသွားပေတော့သည်။

× × ×

၁၉၆၈-ခုနှစ် ဩဂုတ်လ(၃၀)ရက်နေ့တွင်ဖြစ်သည်။

အောင်လောင်ငှက်များသည် အိပ်တန်းဆင်း၍ အစုလိုက် အသုတ်လိုက် အစာရှာထွက်နေကြပြီဖြစ်၏။ မိုးမှာစင်စင်လင်း၍ နေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစခန်း၌ အထူးပင်လှုပ်ရှားနေလေသည်။

ရဲဘော်မညွန့်ညွန့်သည် ခားမြှောင်ကိုသွေးနေ၏။ ခားမြှောင်မှာ ဝင်းလက်နေ၏။ ထက်နေပြီဖြစ်၏။ ရဲဘော် မဒေါင်းနှင့် အမျိုးသမီးတပ်စိတ်မှူး ရဲဘော်မဝင်းတို့သည် တင်းဝါးအရင်းပိုင်းများကိုရွေး၍ခုတ်နေကြ၏။ စိတ်ကြိုက် ရအောင် ရွေး၍ခုတ်နေကြသည်။

ဗဟိုစခန်းသည် ကြွေးကြော်သံများ၊ အော်ဟစ်သံများ၊ ခားမှုတ်သံများဖြင့် ဆူညံ၍နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တပ်နီအမျိုးသမီးများသည် ပစ္စည်းမဲ့လူတန်းစား၏လူတန်းစား ရပ်တည်မှုကိုပြသခွင့်ရကြတော့မည်ဖြစ်၍ ဝမ်းသာနေကြ၏။ ပျော်ရွှင်နေကြ၏။တက်ကြွမြူးတူး၍ပင်နေကြ၏။ ခုန်သူကခုန်၊ ပေါက်သူကပေါက်၊ ကသူကဖြစ်နေကြ၏။ ရဲဘော်သန်းမောင်၏ ပုလွေသံနှင့် မဒွေးကြည်၏အကသည် လှုပ်ရှားမှုကို အားဖြည့်၍ ပေးနေလေသည်။

"ထွန်းငြိမ်း၊ ထွန်းရှိန် ဂိုဏ်း ချေမှုန်းရေးခွဲချက်တင်လူထုတိုက်ပွဲ"၏ နောက်ဆုံးနေ့နှင့် နောက်ဆုံးအချိန်ကိုဆုံးဖြတ်လိုက်ပြီဖြစ်လေသည်။

ကြေးကြော်သံများကား တခဲနက်ပေါ်ထွက်၍လာ၏။ သိမ့်သိမ့်ပင်တုန်လာတော့သည်။

ဗိုလ်ထွန်းငြိမ်းအား အချုပ်တွင်းမှ အတင်းပင် ဆွဲထုတ်လာကြ၏။ ဗိုလ်ထွန်းငြိမ်း၏ ခန္ဓာကိုယ်သည် ပိန်ခြိုးနေ၏။ မျက်လုံးများသည်လည်း ဟောက်ပက်ပက်ဖြစ်နေ၏။ ဗိုလ်ထွန်းငြိမ်းသည် အစာမစားသည်မှာ ကြာပြီဖြစ်၏။ စား၍လည်းမရဖြစ်နေ၏။ ထို့ကြောင့် ယဲ့ယဲ့ပင်ဖြစ်နေလေသည်။

ဗိုလ်အောင်မင်း ခေါင်းဆောင်သော လုံခြုံရေးတပ်ဖွဲ့သည် ဗိုလ်ထွန်းငြိမ်းအား လက်ပြန်ကြိုးကို တင်းတင်းတုပ်ထားပြီး ခါးတွင်ချည်ထားသော ကြိုးနှင့်ထပ်၍တုပ်လိုက်၏။ ခြေကျင်းဝတ်၏တဖက်တချက်တွင်လည်း ထူးခပ်သလိုချည်နှောင်ထား၏။ လှုပ်ရှား၍မရပေ။ လုံခြုံရေးတပ်ဖွဲ့မှ ရဲဘော်များသည် ဗိုလ်ထွန်းငြိမ်းအား မြေကြီးပေါ်မှဒရွတ်ဆွဲ၍ ခေါ်လာခဲ့ကြသည်။

ဗိုလ်ထွန်းငြိမ်းသည် အစိမ်းကိုအမဲကွက်နှင့် ဖောက်ရက်ထားသည့် ကချင်လုံချည် ကွက်ကြဲကြီးကိုဝတ်ထား၏။ လုံချည်မှာ ဒူးအထက်သို့ ရောက်နေ၏။ အင်္ကျီမှာမူ ကာကီအင်္ကျီလက်ရှည်ဖြစ်၏။ အင်္ကျီမှာစုတ်ပြဲ၍နေလေသည်။

ဗိုလ်ထွန်းငြိမ်းသည် စာချောက်ရုပ်ကြီးကဲ့သို့ဖြစ်နေလေသည်။

ထိုအချိန်တွင်တပ်နီလူငယ်များနှင့် တပ်နီအမျိုးသမီးများသည် ဗိုလ်ထွန်းငြိမ်းအား လေးဖက်လေးတန်မှ ဝိုင်းထားလျက် ကြေးကြော်သံများကို အော်ဟစ်နေကြ၏။ အချို့မှာလက်သီးနှင့်အတင်းဝင်၍ထိုး၏။ အချို့သော တပ်နီအမျိုးသမီးလေးများမှာမူ ဗိုလ်ထွန်းငြိမ်း၏ ဗိုက်ခေါက်ကြီး အား တအားလိမ်၍ပင်ဆွဲနေကြသည်။

"ဟဲ့ ထွန်းငြိမ်း ငစိန်-ငပိန်ကြီးရဲ့။ ခွေးမျိုးကြီးဟဲ့။ ခွေးလို ကျင့်တဲ့ အကောင်ကို သတ်ရမယ်ဟဲ့။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့အမျိုးမျိုးပင် ဆဲဆိုကြိမ်းမောင်းနေကြ၏။ "ရန်သူ့မျက်နှာကို တံတွေးနဲ့ထွေးရတာဟာ ပိုပြီးတော်လှန်ရေးကျတာဖြစ်တယ်။ လက်စားခြေရတာဖြစ်တယ်"ဟုဆိုကာ ဗိုလ်ထွန်းငြိမ်း၏မျက်နှာအား တံတွေးများနှင့် ထွေးနေကြ၏။ ဝိုင်း၍ထွေးကြ၏။ ဗိုလ်ထွန်းငြိမ်း၏မျက်နှာပြင်၌မူ တံတွေးများနှင့်ပင် ပြည့်နှက်လျက်နေတော့၏။ ဗိုလ်ထွန်းငြိမ်းသည်မျက်လုံးများကို စုံမှိတ်၍ထားလေသည်။

ကြွေးကြော်သံများသည် အဆက်မပြတ်ပင် ပေါ်ထွက်နေသည်။

သခင်သန်းထွန်းသည် ပြည်သူ့တော်လှန်ရေး တရားခံ သဘာပတိအဖွဲ့၏ ဘေး၌ သီးသန့်ဆောက်လုပ်ပေးထားသော ထိုင်ခုံတွင် နေရာယူထား၏၊ ဆေးတန်ကိုမူ အားပါးတရ ဖွာရှိုက်လျက်ရှိသည်။ လှိုင်းတွန့်ထနေသော ဆံပင်ကို သပ်သပ်ယပ်ယပ်ပင် ဖီးထား၏။ အင်္ကျီမှာ ကြိုးပြာလက်ရှည်အဖြူဖြစ်ပြီး လုံချည်မှာမူ ရဲဘော်မည္ထွန်းညွန့်ကအမှတ်တရပေးထားသည့် ကြည်ပြာရောင်ကွက်တုံးမာဆရိုက်ပင်ဖြစ်သည်။ အနီခံပေါ်တွင်အနက်ရောင်ဖြင့် ဖောက်လျက်ယက်ထားသော ကွက်ထောက်လည်စီးကိုလည်း ခပ်လျော့လျော့ပင် ပတ်ထားလေသည်။ သခင်သန်းထွန်း၏ဝတ်ဆင်ထားမှုက သူ၏စိတ်သာယာကြည်လင်နေပုံကို အထင်းသားဖော်ပြလျက်ရှိ၏။

အချိန်ကား လယ်ထွန်ဖြုတ်ချိန်တွင်ဖြစ်လေသည်။

ပြည်သူ့တော်လှန်ရေးတရားခံ သဘာပတိအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သောသခင်ဇင်သည် မတ်တတ်ရပ်လိုက်၏၊ တပ်ထားသော မျက်မှန်ကို အပေါ်သို့ မ,တင်၍ နေထားတကျ တပ်ဆင်လိုက်သည်။

ထို့နောက်တွင် ပြည်သူ့တော်လှန်ရေးတရားခံ သဘာပတိအဖွဲ့၏ ဆုံးဖြတ်ချက်ကိုဖတ်ကြားလေသည်။

"ပြည်သူ့တော်လှန်ရေးတရားခံသဘာပတိအဖွဲ့ဆုံးဖြတ်ချက်"

ပြည်သူ့တော်လှန်ရေးတရားခံသဘာပတိအဖွဲ့သည် ထွန်းငြိမ်း၊ ထွန်းရှိန်၊ ပါတီဗဟိုဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေး ဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေး ဂိုဏ်းနှင့် ပတ်သက်၍ ထွန်းငြိမ်းအပေါ် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စွဲချက်နှင့်မြင်းခြံခရိုင်၊ သာယာဝတီခရိုင် ပါတီနှင့်တပ်၊ပြည်ခရိုင်ပါတီနှင့်တပ်၊တောင်ငူခရိုင် ပါတီနှင့်တပ်၊ ပဲခူးရိုးမတိုင်း ပါတီနှင့်တပ်၊ တိုက်တိုင်းအောင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၁)ပါတီနှင့်တပ်၊ ဗဟိုဆေးကျောင်းပါတီနှင့်တပ်၊ မြစ်ဝကျွန်းပေါ် တည်ဆောက်ရေးပါတီနှင့်တပ်များမှ ကိုယ်စားလှယ် (၂၀)၏ စွဲချက်များကို ကြားနာခဲ့သည်။ ထွန်းငြိမ်းအခြေခံခဲ့သော အထူးမြို့နယ်တပ်နှင့် ပါတီမှပေးပို့သောစွဲချက်များနှင့် ထွန်းငြိမ်းအခြေခံကာဖျက်ဆီးခဲ့သော မိုးပုန်းကျေးရွာလူထု၏ စွဲချက်များကိုပါ ရရှိလေ့လာခဲ့သည်။ ကိုယ်စားလှယ်(နှစ်ဆယ်)၏စွဲချက်များနှင့်အထူးမြို့နယ်နှင့် မိုးပုန်းရွာလူထုစွဲချက်များက စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စွဲချက် မှန်ကန်ကြောင်းအခိုင်အမာ ထပ်မံထောက်ခံထားသည်ကိုတွေ့ရသည်။ အဆိုပါစွဲချက်များအရ ထွန်းငြိမ်းသည်....

(၁) ဥက္ကဋ္ဌသခင်သန်းထွန်း အမှူးပြုသော ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်ကို လက်နက်ကိုင် ပုန်ကန်ခြားနားပြီး စင်ပြိုင်ဗဟိုထူထောင်ကြောင်း ထင်ရှားသည်။

(၂) ထွန်းငြိမ်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပစ္စည်းမဲ့ လူတန်းစား တော်လှန်ရေးလမ်းစဉ်ကို ဆန့်ကျင်ပြီး ဓနရှင်လူတန်းစား ပြန်လည် ပြင်ဆင်ရေး လမ်းစဉ်နှင့် စင်ပြိုင်လမ်းစဉ်ထူထောင်ကြောင်းထင်ရှားသည်။

(၃) ထွန်းငြိမ်းသည် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်သူ့တပ်မတော်တပ်ဖွဲ့များဖြစ်သော ပြည်ခရိုင်ပါတီနှင့်တပ်၊ သာယာဝတီခရိုင်ပါတီနှင့်တပ်၊ တောင်ငူခရိုင်ပါတီနှင့်တပ်၊ ပဲခူးရိုးမတိုင်းတပ်၊ တိုက်တိုင်းအောင်(၁)တပ်နှင့်ပါတီ၊ မြစ်ဝကျွန်းပေါ်တည်ဆောက်ရေးတပ်နှင့် ပါတီ၊ ဆေးကျောင်းပါတီနှင့် တပ်၊ အထူးမြို့နယ်ပါတီနှင့်တပ်၊ ကျေးရွာတို့ကို ဖျက်ဆီးခဲ့ကြောင်းထင်ရှားသည်။

(၄) ထွန်းငြိမ်းသည်ပြည်သူတို့၏ တော်လှန်ရေးသမိုင်းကို ချေဖျက်၍ လက်ရှိပြည်သူလူထုဆင်နွှဲနေသော တော်လှန်စစ်ကို ဖျက်ဆီးကြောင်း ထင်ရှားသည်။

(၅) ထွန်းငြိမ်းသည် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်သူ့တပ်မတော်အတွင်း၌ အကြီးဆုံးဂိုဏ်းခွဲရေးသမား ဖြစ်ကြောင်းထင်ရှားသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၆) ထွန်းငြိမ်းသည် ပါတီနှင့် ပြည်သူ့တပ်မတော်၏ စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်၍ သူတပါး၏ လုပ်အားအပေါ် သွေးစုတ်သည့် အခွင့်ထူးခံဖြစ်ကြောင်း ထင်ရှားသည်။

(၇) ထွန်းငြိမ်းသည် နေဝင်း၏ ဖိနှိပ်မှုကြောင့် စံနစ်ကြီး(၃)ခု-ရန် သူကြီး(၃)ဦးကို ကိုယ်စားပြုနေသော နေဝင်းစစ်အာဏာရှင် အစိုးရကို တိုက်ခိုက်ရန် ပါတီနှင့် တပ်မတော်အတွင်းသို့ ဝင် ရောက်လာသော တော်လှန်သော အမျိုးသမီးများအား ဖျက် ဆီးသည့် တဏှာရူးဖြစ်ကြောင်း ထင်ရှားသည်။

(၈) ထွန်းငြိမ်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်ကို အ ကြမ်းဖက်လုပ်ကြံ၍ ပါတီအာဏာ စစ်တပ်အာဏာကို လုယူရန် လုပ်ကြံသော အကြမ်းဖက်တန်ပြန် တော်လှန်ရေး၊ ပြန်လည် ပြင်ဆင်ရေးသမားဖြစ်ကြောင်းထင်ရှားသည်။

ထို့ကြောင့် ထွန်းငြိမ်းအား ပြည်သူ့တော်လှန်ရေး ခုံသဘာပတိ အဖွဲ့မှ သေဒဏ်ပေးလိုက်သည်။

ထွန်းငြိမ်းအား သေဒဏ်ပေးရေးတာဝန်ကို ထွန်းငြိမ်း၏ ဖိနှိပ်မှု ဖျက်ဆီးမှုကို အများဆုံးခံရသော မြစ်ဝကျွန်းပေါ်မှတည်ဆောက်ရေး တပ်ဖွဲ့၏ အမျိုးသမီးတပ်ဖွဲ့အား လွှဲအပ်လိုက်သည်။

တာဝန်လွှဲအပ်ခြင်းခံရသောတပ်ဖွဲ့သည်၊ ယနေ့ ၁၉၆၈-ခုဩဂုတ် လ(၃၀)ရက်နေ့၊ နေ့လည်(၁၂)နာရီအတွင်း ပေးအပ်သောတာဝန် ကို ပြီးဆုံးအောင်ဆောင်ရွက်ရမည်။

ပြည်သူ့တော်လှန်ရေးတရားခုံအဖွဲ့

ဥက္ကဋ္ဌ	....	သခင်ဇင်
အတွင်းရေးမှူး	....	သခင်ချစ်
အဖွဲ့ဝင်	....	သခင်ပု
အဖွဲ့ဝင်	....	ရဲဘော်အောင်ကြီး

၁၃၃၀-ခု တော်သလင်းလဆန်း(၈)ရက်။
၁၉၆၈-ခု ဩဂုတ်လ(၃၀) ရက်။
၁၁.၁၅ နာရီ အချိန်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ချစ်၏ လက်ရေးမူ



ဗိုလ်ထွန်းငြိမ်းအပေါ် နောက်ဆုံးစီရင်ချက်မှုရှင်း

(မှတ်ချက်။ ။ပြည်သူ့တော်လှန်ရေးတရား ခုံသဘာပတိအဖွဲ့ ဆုံးဖြတ်ချက်ကို သခင်ချစ်ရေးထားခြင်းဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကိုပင် သခင်ဇင်က ဖတ်ကြားသွားခြင်းဖြစ်ပါသည်၊ စာရေးသူ။)

– သာဓိန္နထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်။
– ဥက္ကဋ္ဌကြီး လုပ်ကြံမဲ့ ထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်။
– ပြန်ပြင်ရေးသမား ထွန်းငြိမ်းကို သတ်ပစ်၊ သတ်ပစ်။
– ထွန်းငြိမ်းဂိုဏ်းသားတွေကို သတ်ပစ်၊ သတ်ပစ်။
– ဥက္ကဋ္ဌကြီး သခင်သန်းထွန်း ကျန်းမာပါစေ။

ကြွေးကြော်သံများသည် တောသံ တောင်သံတို့ဖြင့် ဟိန်းနေ၏။ ပဲ့တင်ထပ်နေ၏။

ဗိုလ်ထွန်းငြိမ်း၏ မျက်လုံးအစုံ၌ မျက်ရည်တို့သည် ပြည့်နှက်နေ၏။ ပါးပြင်သို့ပင် စီးကျ၍နေလေသည်။

ထိုအချိန်တွင် ရဲဘော်ညီအောင်(ခ)ညာဏ်ကျော်သည် ချက်ခြင်းပင် ဗိုလ်ထွန်းငြိမ်း၏ ပါးစပ်အား မျက်နှာသုတ်ပုဝါနှင့် ပိတ်ဆို့လိုက်၏။ မျက်နှာသုတ်ပဝါဖြင့် ပါးစပ်ကို တင်းတင်းစည်းထားလိုက်လေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ညီအောင်သည် ဗိုလ်ထွန်းငြိမ်းကိုယ်ခန္ဓာ၌ ချည်နှောင်ထားသော ကြိုးများခိုင်မခိုင် မြဲမမြဲကိုလည်း စစ်ဆေးနေသည်။

ရဲဘော် မညွန့်ညွန့်ခေါင်းဆောင်သော အမျိုးသမီးများသည် တကြွကြွတ ရှရှဖြစ်နေ၏။ ဝါးရင်းတုတ်များကို အသင့်ပင်ကိုင်ထားကြ၏။ ဝါးရင်းတုတ်များကို ရမ်း၍နေကြ၏။ တယောက်တချောင်းပင်ဖြစ်သည်။

ဗိုလ်ထွန်းငြိမ်းသည် လူပ်လီလူပ်လဲ့ ယဲ့ယဲ့နှင့်ကြိုးဆွဲရာသို့ လိုက်ပါနေရ၏။ လေးဖက်လေးတန်မှ ကြိုးစများကိုဆွဲလျက် အသင့်တူးပြီးသားကျင်းရှိရာသို့ အတင်းဆွဲခေါ်ခဲ့ကြ၏။ ဗဟိုစခန်း၏ မြောက်ဖက်ကျော၌တွင် ကျင်းကိုတူးထားပြီးဖြစ်သည်။

ဗိုလ်ထွန်းငြိမ်းအား ကျွဲရိုင်း၊ နွားရိုင်းများကဲ့သို့ ကြိုးနှင့် အတင်းဒရွတ်တိုက်၍ ဆွဲနေကြသူများမှာ ရဲဘော်သက်၊ ရဲဘော်ညီအောင်၊ ရဲဘော်ထွန်းရှိန် (မြင်းခြံ)နှင့် ရဲဘော်ငွေသိန်းတို့ဖြစ်ကြသည်။

"ဟေ့ကောင်ကြီး မြန်မြန်လာ"

ရဲဘော်သက်က အော်ငေါက်၍ ကြိုးစကို အတင်းဆောင့်၍ ဆွဲလိုက်သည်။

ပြည်သူ့တော်လှန်ရေးတရား ခံသဘာပတိအဖွဲ့မှ အထူးတာဝန်ပေးခံရသည့် ရဲဘော် မညွန့်ညွန့်ခေါင်းဆောင်သော တပ်နီအမျိုးသမီး(၁၂)ယောက်သည်။ ကြွေးကြော်သံများကို ဟစ်အော်၍ ကပ်လျက်လိုက်လာကြသည်။

တုတ်များ၊ ဓားများကို ဝင့်၍ဝင့်၍ ကြွေးကြော်နေကြလေသည်။

အထူးတာဝန်ပေးခံရသော အမျိုးသမီး(၁၂)ဦးသည် ထမိများကို ဒူးဆစ်အထိ မ တင်၍ဝတ်ထားကြ၏။ အစီအစဉ်အတိုင်း လိုက်ပါခဲ့ကြသည်။

(၁) မညွန့်ညွန့်၊	(၇) မဝင်း၊
(၂) မကြည်ဝင်း၊	(၈) မသန်းစိန်၊
(၃) မငွေးကြည်၊	(၉) မနီ၊
(၄) မစန်းမြင့်၊	(၁၀) မလှဝင်း၊
(၅) စိုးစိုး၊	(၁၁) မသီ၊
(၆) မဒေါင်း၊	(၁၂) မကြည်မြင့်....တို့ ဖြစ်ကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ထွန်းငြိမ်းသည် တဖြည်းဖြည်းလျှောက်လာရင်း ကျင်းနားသို့ ရောက်လာ၏။ ထိုအခါတွင် ဗဟိုလုံခြုံရေးတပ်ဖွဲ့မှ ရဲဘော်စိုးမောင်သည် ရုတ်တရက် ဗိုလ်ထွန်းငြိမ်း၏ လည်ပင်းကို နောက်မှကြိုးနှင့် ရစ်ပတ်၍ ဆောင့်ဆွဲလိုက်၏။ ဗိုလ်ထွန်းငြိမ်းသည် ကျင်းနှင့် ငါးတောင်ခန့်အကွာတွင် မှောက်ခုံလဲ၍ ကျသွားလေတော့၏။ ဗိုလ်ထွန်းငြိမ်း၏မျက်နှာသည် သစ်မြစ်ဆုံကြီးနှင့် ရိုက်မိတော့၏။ ရဲဘော်သက်သည် ဗိုလ်ထွန်းငြိမ်း၏လည်ပင်းမှကြိုးများကို သစ်မြစ်ဆုံနှင့် ထပ်၍ ပတ်ပြီး ချည်လိုက်သည်။

ထိုအချိန်တွင် မညွန့်ညွန့်သည် "ခွေးကောင်သေပေတော့"ဟု ဆိုအော်လျက် ဗိုလ်ထွန်းငြိမ်း၏ ဦးခေါင်းအား ဝါးရင်းတုတ်နှင့် တအားလွှဲ၍ ရိုက်လိုက်၏။ "အင့်" ဟူ၍အသံတချက်သာ ထွက်လာ၏။ ခြေလက်တို့မှာ ဆန့်ငင်ဆန့်ငင်ဖြစ်နေ၏။ ထို့နောက် ကျန်အမျိုးသမီးများကလည်း တချက်စီပင် ဝါးရင်းတုတ်များနှင့် တအားကုန်လွှဲ၍ ရိုက်နေကြလေသည်။

ဗိုလ်ထွန်းငြိမ်းသည် ဖုတ်လိုက်ဖုတ်လိုက်ဖြစ်ကာ-လူးလွန့်နေလေတော့သည်။

သခင်သန်းထွန်း၏နှစ်မ၊ မမြဝင်းသည် အူယားဖားယား ပြေးလာ၏။ ထို့နောက် အမျိုးသမီးတဦးထံမှ ဝါးရင်းတုတ်ကို အတင်းဆွဲယူလိုက်ပြီး လူးလွန့်နေသော ဗိုလ်ထွန်းငြိမ်းအား ဆက်ကာဆက်ကာ ရိုက်နှက် နေလေသည်။

ကင်းမြန် ဗိုလ်ထွန်းငြိမ်း

ထိုစဉ်တွင် မညွန့်ညွန့်သည် ဗိုလ်ထွန်းငြိမ်းအားအတင်းဆွဲ၍ ပက်လက်လှန်လိုက်၏။ ထို့နောက် ဗိုလ်ထွန်းငြိမ်း၏ အိတ်ထဲမှ ဆံပင်ရှည်ကြီးကိုဆွဲလျက် ဗိုလ်ထွန်းငြိမ်း၏ လည်ချောင်းကို ဓားမြှောင်နှင့်လှီးဖြတ်လိုက်၏။ လည်ချောင်းသွေးတို့သည် ရုတ်တရက်ပန်း၍ ထွက်လာတော့သည်။

မညွန့်ညွန့်သည် ဗိုလ်ထွန်းငြိမ်း၏ လည်ချောင်းမှ ပထမဦးဆုံးပန်း၍ ထွက်လာသော သွေးများကို လက်ခုတ်နှင့်ခံ၍ သောက်ဆေးလိုက်၏။ မညွန့်ညွန့်ကဲ့သို့ပင် ကျန်အမျိုးသမီးများကလည်း ဗိုလ်ထွန်းငြိမ်း၏ လည်ချောင်းသွေးများနှင့်ခြေသလုံး။ ရဲရဲနီ၍ နေကြလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက် ရဲဘော်မညွန့်ညွန့်သည် ဗိုလ်ထွန်းငြိမ်း၏ရင်ကို ဓားဖြင့် ခွဲလိုက်၏။ ထို့နောက် ခွဲစိတ်မှုဆိုင်ရာဆေးသုတေသနပြုသည်ဟုဆိုကာ ဗိုလ်ထွန်းငြိမ်း၏အသဲနှင့် နှလုံးတို့ကိုသည်း အပြင်သို့လှီးထုတ်လိုက်၏။ဗိုလ်ထွန်းငြိမ်း၏နှလုံးသည် ဆတ်ဆတ်တုန်ပင် လှုပ်၍နေလေသည်။

ရဲဘော် မညွန့်ညွန့်

နောက် ဆုံး တွင် ရဲဘော်မညွန့်ညွန့်နှင့်တပ်နီ အမျိုးသမီး များ သည် ဗိုလ်ထွန်း ငြိမ်း၏ နှလုံး သွေးဖြင့် ခြေဆေးလျက် ''အောင် ပြီ၊ အောင် ပြီ၊ ဒို့အောင်ပြီ''ဟူ၍အစွမ်းကုန် ကြွေးကြော် အော်ဟစ်လျက် ဗဟိုစခန်းသို့ ပျော်ရွှင် မြူးတူးစွာပင် ဝင်ခဲ့ကြလေသည်။

ဥက္ကဋ္ဌကြီး သခင်သန်း ထွန်း သည် ဗဟို စခန်း အဝင်ဝ၌ တဦးတည်း စောင့်ကြိုလျက် သွေးလူးလာသည့် မညွန့်ညွန့် ခေါင်းဆောင်သောတပ်နီအမျိုးသမီးများအား တဦးစီကို လက်ဆွဲနှုတ်ဆက်၍ ဆင်းကြိုလျက် ဂုဏ်ပြုနေလေတော့သည်။

× × ×

၂။ တက္ကသိုလ်ကျောင်းသား(၆)ဦး ချေမှုန်းရေး

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ

ဘသန်း၊ ထွန်းကျော်၊ ကျော်ရင်၊ တင်ဟန်၊ ခင်ဝင်းတို့နှင့် ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ နိုင်ငံရေး ဦးဆောင်အဖွဲ့၏ ၃၁-၀-၆၀ ရက် ဆုံးဖြတ်ချက်

၁။ (၁) ဘသန်း၊

(၂) ထွန်းကျော်၊

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃) ကျော်ရင်၊
(၄) တင်ဟန်၊
(၅) ခင်ဝင်း....

တို့သည် ပါတီဗဟိုဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေး၊ ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းသားများဖြစ်သည်။

ငင်းတို့သည် ထွန်းငြိမ်းဝါဒ၊ ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းလုပ်ငန်းများကို အသိရှိရှိ အကောင်အထည်ဖော်သည်သာမက၊ ထွန်းငြိမ်းနှင့်အတူ ပေါ်လစီများ ချမှတ်ရာတွင် ပါဝင်ခဲ့သူများဖြစ်သည်။

၂။ ဘသန်း၊ ထွန်းကျော်၊ ကျော်ရင်၊ တင်ဟန်တို့အား ပါတီမှရင်း၊ တပ်မတော်မှရင်း၊ ထုတ်ပစ်လိုက်သည်။

ခင်ဝင်းကို တပ်မတော်မှထုတ်ပစ်လိုက်သည်။

၃။ ဘသန်း၊ ထွန်းကျော်၊ ကျော်ရင်၊ တင်ဟန်၊ ခင်ဝင်း တို့အား ပြည်သူ့တော်လှန်ရေးဥပဒေအရ အရေးယူစစ်ဆေး အပြစ်ပေးရန်အတွက် ထွန်းငြိမ်းအတွက် ဖွဲ့စည်းထားသော ပြည်သူ့တော်လှန်ရေး တရားခုံရုံး သဘာပတိအဖွဲ့အား တာဝန်လွှဲအပ်လိုက်သည်။

ဘသန်း၊ ထွန်းကျော်၊ ကျော်ရင်၊ တင်ဟန်၊ ခင်ဝင်းတို့အား စုံစမ်းစစ်ဆေးစွဲချက်တင်ရန်အတွက် ထွန်းငြိမ်းအတွက် ဖွဲ့စည်းထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့အား တာဝန်လွှဲလိုက်သည်။

ဘသန်း၊ ထွန်းကျော်၊ ကျော်ရင်၊ တင်ဟန်၊ ခင်ဝင်းတို့အား လူထုတိုက်ပွဲဆင် စွဲချက်တင်ရေးကို ဦးစီးရွှေဆောင်ရန် လူထုတိုက်ပွဲ ဦးစီးကော်မီတီအား တာဝန်လွှဲလိုက်သည်။

ပြည်သူ့တော်လှန်ရေး တရားခုံရုံး သဘာပတိအဖွဲ့၏ အဆုံးအဖြတ်သည်နောက်ဆုံးဖြစ်သည်။

ဗဟို
ဗဟိုကော်မီတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

၁၃၃၀-ခု၊ တော်သလင်းလဆန်း (၉) ရက်။
၁၉၆၈-ခု၊ ဩဂုတ်လ (၃၁) ရက်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဦးကဥ္စ သခင်သန်းထွန်း၏ လက်ရေးမူ



မတောနိုတက္ကသိုလ်ကျောင်းသား ၅-ဦးနှင့်ပတ်သက်သော နိုင်ငံရေး ဦးဆောင်အဖွဲ့၏ ၃၁-၈-၆၈ နေ့ ဆုံးဖြတ်ချက်

(မှတ်ချက်။ ။ သခင်သန်းထွန်းသည် ဘိုးသာအား"ကျော်ရင်"ဟူ၍သာရေးခဲ့သည်။ ကျော်ရင်မှာကျော်ခင်ပင်ဖြစ်ပါသည်။ စာရေးသူ။)

× × ×

၁၉၆၈-ခုနှစ်၊ ဩဂုတ်လ တရက်နေ့တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုစခန်းတွင် တပ်နီလူငယ်များနှင့် တပ်နီအမျိုးသမီးများသည် ထိုမှဤမှ ပြေးလွှားလှုပ်ရှား၍ နေကြသည်။

ဗဟိုလုံခြုံရေးကင်းဘပ်ဖွဲ့သည်လည်း လက်နက်များကို အသင့် ကိုင်ဆောင်လျက် လှည့်လည်သွားလာနေကြသည်။

ဗိုလ်ထွန်းငြိမ်း၏ ဂိုဏ်းသားများအဖြစ် သတ်မှတ်ခြင်းခံထားရသော ရဲဘော်ဘသန်း၊ ရဲဘော်ထွန်းကျော်၊ ရဲဘော်ဘိုးသာနှင့် ရဲဘော်ခင်ဝင်းတို့ကိုလည်း အထူးပြင်ဆင်ဆောက်လုပ်ထားသော ဗိုလ်ထွန်းငြိမ်း၏ အချုပ်ခန်းတွင်းသို့ ရွှေ့ပြောင်း၍ ချုပ်နှောင်ထားလိုက်၏။ အချုပ်ခန်းအတွင်းတွင်ပင် အခန်းကိုထပ်မံကန့်၍ ထိပ်တုံးများနှင့် ခတ်၍ထားလိုက်၏။ ထိပ်တုံးများကိုမှ ပျဉ်းကတိုးသားများနှင့် ပြုလုပ်ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီဥက္ကဋ္ဌ သခင် သန်း ထွန်း သည် "ဘသန်း၊ ထွန်းကျော်၊ ကျော်ရင်၊ တင်ဟန်၊ ခင်ဝင်းတို့နှင့်ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ နိုင်ငံရေးဦးဆောင်အဖွဲ့၏ ၃၁-၈-၆၈ ရက်ဆုံးဖြတ်ချက်"ကို လက်မှတ်ရေးထိုး၍အတည်ပြုလိုက်လေသည်။

တချိန်တည်းတွင် "ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ နိုင်ငံရေး ဦးဆောင်အဖွဲ့၏ ထွန်းရှိန်(ဖေငြိမ်း)နှင့် ပတ်သက်သည့် ၃၁-၈-၆၈ ရက်ဆုံးဖြတ်ချက်"ကိုလည်း သခင်သန်းထွန်းသည် လက်မှတ်ရေးထိုး၍ အတည် ပြုလိုက်လေတော့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ နိုင်ငံရေးဦးဆောင်အဖွဲ့၏
ထွန်းရှိန်(ဖေငြိမ်း)နှင့် ပတ်သက်သည့် ၃၁-၈-၆၈ ရက်
ဆုံးဖြတ်ချက်

၁။ ထွန်းရှိန်သည် ပါတီဗဟိုကိုဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေး ပြန်လည် ပြင်ဆင်ရေး ထွန်းငြိမ်းထွန်းရှိန်ဂိုဏ်းတွင် ထွန်းငြိမ်းနှင့်အတူ ပါတီဖောက်ပြန်ဖျက် ဂိုဏ်း ခေါင်းဆောင် တယောက်ဖြစ်သည်။

ထွန်းရှိန်အား ပြည်သူ့တော်လှန်ရေးဥပဒေအရ အရေးယူအပြစ်ပေးရန်အတွက် ဗဟိုဆေးကျောင်းသို့ ဗဟိုအာဏာပိုင် ကိုယ်စားလှယ်အဖွဲ့အား စေလွှတ်မည်ဟု ၁၄-၈-၆၈ ရက်က ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

၂။ ယင်းဆုံးဖြတ်ချက်နှင့်အညီ အောက်ပါ အာဏာပိုင် အဖွဲ့အစည်းများကို ဖွဲ့စည်းပြီး ဗဟိုဆေးကျောင်းသို့ စေလွှတ်လိုက်သည်။

(၁) ပြည်သူ့တော်လှန်ရေးခုံရုံးသဘာပတိအဖွဲ့

၁။ ရဲဘော်သခင်ဇင် -- (အဖွဲ့ ဥက္ကဋ္ဌ)

၂။ ရဲဘော်သခင်ပု

၃။ ရဲဘော်ညိုအောင် — (အဖွဲ့အတွင်းရေးမှူး)

ဤအဖွဲ့၏တာဝန်မှာစုံစမ်းစစ်ဆေးရေးအဖွဲ့ကတင်ပြသော စွဲဆိုချက်၊ လူထုတိုက်ပွဲ ဦးစီးကော်မီတီ၏ စည်းရုံးရေးအရ တင်ပြသော စွဲဆိုချက်များကို ကြားနာပြီးနောက် ထွန်းရှိန်(ဖေငြိမ်း)အား လိုအပ်သလို စီရင် ဆုံးဖြတ်ရန်ဖြစ်သည်။

သဘာပတိအဖွဲ့၏ စီရင်ဆုံးဖြတ်ချက်သည် နောက်ဆုံးဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) စုံစမ်းစစ်ဆေးရေးအဖွဲ့

၁။ ရဲဘော်ညိုအောင် (အဖွဲ့ ဥက္ကဋ္ဌ)

၂။ ရဲဘော်ရှိန် (အဖွဲ့ အတွင်းရေးမှူး)

၃။ ရဲဘော်လှကြည်

၄။ ရဲဘော်အောင်မြ

ဤအဖွဲ့၏တာဝန်မှာ ထွန်းရှိန်နှင့် အခြားလိုအပ်သူများကို စုံစမ်းစစ်ဆေး၍ ထွန်းရှိန်အား စွဲချက်တင်ရန်ဖြစ်သည်။

ဤအဖွဲ့က အထူးပြု စုံစမ်းရမည့်အချက်မှာ....

— ထွန်းရှိန်းနဲ့ ထွန်းငြိမ်းဆက်သွယ်မှုများ၊ပူးပေါင်းကြံစည်မှုများ၊ ထွန်းငြိမ်း၏ သီးခြားကြံစည်မှုများ အစီအစဉ်များ။

— အခြားသော ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းဝင်များနှင့် ဆက်သွယ်မှုများ၊ ညွှန်ကြားမှုများ ဖြစ်သည်။

သဘာပတိအဖွဲ့၏ သဘောတူညီချက်ကိုယူကာ ဤအဖွဲ့ အစည်းကို လိုအပ်သည့်သူများနှင့် တိုးချဲ့ဖွဲ့စည်းနိုင်သည်။

(၃) လူထုတိုက်ပွဲဦးစီးကော်မီတီ

၁။ ရဲဘော်သခင်ပု (အဖွဲ့ ဥက္ကဋ္ဌ)

၂။ ရဲဘော်စိုးကြည် (အဖွဲ့ အတွင်းရေးမှူး)

၃။ ရဲဘော်ရှိန်

၄။ ရဲဘော်အောင်မြ

ဗဟိုဆေးကျောင်းတွင် လက်ရှိဖွဲ့စည်းထားသော လူထုတိုက်ပွဲဦးစီး ကော်မီတီသည် ယခုပါတီဗဟိုက ဖွဲ့စည်းလိုက်သော လူထုတိုက်ပွဲဦးစီး ကော်မီတီတွင် အဖွဲ့ဝင်များအဖြစ် အကြုံးဝင်သွားရမည်။

ဤအဖွဲ့၏ တာဝန်မှာ လူထုကို စည်းရုံး၍ ထွန်းရှိန်အားတိုက်ပွဲဆင် ရန်ဖြစ်သည်။

၃။ ဗဟိုဆေးကျောင်းတွင် ထွန်းရှိန်ပို့ချခဲ့သော နိုင်ငံရေးတခုလုံး သည် ထွန်းငြိမ်းဝါဒအတိုင်း လုံးဝဥဿုံဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထွန်းရှိန်ပို့ချခဲ့သော ထွန်းငြိမ်းဝါဒကို တခုမကျန် အမြစ်မှလှန်ပစ်ရမည်။ လုံးဝဥဿုံချေမှုန်းပစ်ရမည်။

ဗဟိုဆေးကျောင်းကို ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးအရ ပြန်လည်တည်ဆောက်ပေးရမည်။

ထွန်းရှိန်ပို့ချခဲ့သော ထွန်းငြိမ်းဝါဒကို လေ့လာပြီး မည်ကဲ့သို့ချေမှုန်းပစ်ရမည်၊ ပစ္စည်းမဲ့ နိုင်ငံရေးအရ မည်ကဲ့သို့ ပြည်လည်တည်ဆောက်ရမည်ကို အစီရင်ခံ တင်ပြရန် ရဲဘော်ရှိန်အား သီးခြားတာဝန်ပေးလိုက်သည်။

သန်းထွန်း
ဥက္ကဋ္ဌ
ဗဟိုကော်မီတီ
ဗမာပြည်ကွန်မြူနစ်ပါတီ။

၁၃၃၀-ခု တော်သလင်းလဆန်း(၉)ရက်။
၁၉၆၈-ခု ဩဂုတ်လ (၃၁)ရက်။

ဤသို့ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီ ဥက္ကဋ္ဌ သခင်သန်းထွန်းသည် ဗဟိုဆေးကျောင်း တာဝန်ခံဖြစ်သော ရဲဘော်ထွန်းရှိန်အား အမြန်ဆုံးသုတ်သင်ချေမှုန်းရန်အတွက် "ပြည်သူ့တော်လှန်ရေးခုံရုံးသဘာပတိအဖွဲ့"ကိုဖွဲ့စည်းလိုက်ကြောင်းကိုလည်း ထုတ်ပြန်ကြေညာလိုက်လေသည်။

ယင်းဆုံးဖြတ်ချက်အရ ပြည်သူ့တော်လှန်ရေးခုံရုံး သဘာပတိအဖွဲ့ဥက္ကဋ္ဌ သခင်ဇင် ခေါင်းဆောင်သောအဖွဲ့သည် ဗဟိုဆေးကျောင်းသို့ ခရီးစတင်၍ထွက်ခဲ့ကြလေသည်။

× × ×

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစခန်း၏ အချုပ်ခန်းရှေ့တွင် တပ်နီလူငယ်များနှင့် တပ်နီအမျိုးသမီးများသည် ကြွေးကြော်သံများကို အော်ဟစ်လျက်နေကြ၏။ အဆက်မပြတ်ပင် ကြွေးကြော်နေကြလေသည်။

* ထွန်းငြိမ်းရဲ့ ကြံရာကြံဇာက် ဂိုဏ်းသားတွေကို (သတ်ပစ်) ၂။
* ဂိုဏ်းခွဲရေးပါရဂူထွန်းကျော်ကို (သတ်ပစ်) ၂။
* ထွန်းကျော်ရဲ့ ကျောင်းသားတပ်ဦးဝါဒကို (ချေမှုန်းပစ်) ၂။
* ငြိမ်း-ရှိန်ဂိုဏ်းရဲ့ နိုင်ငံရေးမှူးကြီး ဘိုးသာကို (သတ်ပစ်) ၂။
* ငြိမ်း-ရှိန်ဂိုဏ်းရဲ့ လူမိုက်ဗိုလ်ကြီးဘိုးသာကို (သတ်ပစ်) ၂။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

* ငြိမ်း-ရှိန်ဂိုဏ်းရဲ့ ဝန်ကြီးချုပ်ဘာသန်းကို (သတ်ပစ်) ၂။
* တော်လှန်တဲ့အမျိုးသမီးတွေကိုဖျက်ဆီးတဲ့တင်ဟန်ကို (သတ်ပစ်) ၂။
* ငြိမ်း-ရှိန်ဂိုဏ်းရဲ့ လက်နက်ကိုင်လူမိုက်မိုလ်ခင်ဝင်းကို (သတ်ပစ်) ၂။

တော်လှန်သောတပ်နီလူငယ်အချို့သည် အချုပ်ခန်းကို ခံနှင့်ပစ်နေကြသည်။

အချုပ်ခန်းအတွင်း၌မူ ရန်ကုန် တက္ကသိုလ် ကျောင်းသား တပ်ဦး ခေါင်းဆောင်(၄)ဦးသည် ထိပ်တုံးနှင့် ခတ်ထားခြင်းကို ခံနေရ၏။ လက်နှင့်ခါးတို့ကိုလည်း နိုင်လွန်ကြိုးများနှင့် ချည်နှောင်ထားသည်။

ထိုအချိန်တွင် တော်လှန်သော ဗဟိုစခန်းကော်မီတီ၏ ညွှန်ကြားချက်အရ ရန်ကုန်တက္ကသိုလ်ကျောင်းသား တပ်ဦးခေါင်းဆောင်(၄)ဦးသည် မိမိတို့အတွက် စီရင်ချက်ကို မိမိတို့ကိုယ်တိုင် ချမှတ်ရန်အတွက် ဖြောင့်ချက်ကို ရေးနေရ၏။ အလွန်ဘင်းကြပ်သော အစောင့်အရှောက်များအောက်တွင် ရေးသားနေကြရခြင်းဖြစ်သည်။

"....၆၇-ခုနှစ်မှာဆိုရင် အခြားပါတီဝင် သိမ်းသွင်းရမဲ့ ရဲဘော်တွေရှိပေမဲ့ကျွန်တော့်ကို ဦးစားပေးပြီး "စ"ပြ သိမ်းသွင်းရေးအဖြစ် ဗဟိုစခန်း တော်လှန်တဲ့ ရဲဘော်အားလုံးကို ထောက်ခံပြီး ပါတီဝင် သိမ်းသွင်းခဲ့တယ်။ ၆၇-မှာဆိုရင် ရန်သူ့ဒေသပြန်တာဝန်ပေးရေးဆိုတဲ့ စဉ်းစားချက် ဖျက်ပြီး၊ ကျွန်တော့်ကို အကောင်းဆုံး လေ့ကျင့်မွေးမြူဖို့ ကွန်မြူနစ်ကောင်း၊ ရာသက်ပန် တော်လှန်ရေးသမားကောင်း ဖြစ်ဖို့ တိုက်တိုင်းအောင်တပ်ကို တာဝန်ပေးပြီး လေ့ကျင့် မွေးမြူစေခဲ့တယ်။ ပါတီဗဟိုက ဒီလိုဘက်ပေါင်းစုံက ဂရုစိုက်ခဲ့တယ်။ ပါတီဝင်သိမ်းသွင်းတုန်းကဆိုရင် ကြီးမြတ်တဲ့ ပါတီဥက္ကဋ္ဌ ကိုယ်တိုင် လက်ဆွဲ နှုတ်ဆက်ပြီး ကျွန်တော့်ပါတီဝင်သိမ်းသွင်းရေးမှာ ကြိုဆိုနှုတ်ဆက်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ဒီနေ့မှာ ဥက္ကဋ္ဌကြီးကို အမျိုးမျိုးဆန့်ကျင်ရုံမက၊ ပြန်သတ်ဖို့ဂိုဏ်းထဲမှာ ရှေ့တန်းက ပါတဲ့အထိ ရောက်ခဲ့တယ်။ ပါတီဟာ ကျွန်တော့်ကို ပိုးမွေးသလို မွေးခဲ့ပေမဲ့ ကျွန်တော်က ခွေးလိုကျင့်ခဲ့တာပဲ၊ ဗဟိုဆန့်ကျင်ရေး၊ တန်ပြန်တော်လှန်ရေးဂိုဏ်းထဲမှာ အမာခံကျော်ရိုးအဖြစ်ပါတဲ့ဘာ ရောက်ခဲ့တယ်။

ထွန်းငြိမ်းရဲ ပါတီဖျက်ဆီးရေး၊ တပ်ဖျက်ဆီးရေး လုပ်ငန်းတွေမှာ တက်တက်ကြွကြွ ပါဝင်ခဲ့တာဖြစ်တယ်။ တိုက်တိုင်းအောင် တပ်ဖျက်ဆီးရာမှာပါခဲ့တယ်။ မြစ်ဝကျွန်းပေါ်တပ် ဖျက်ဆီးရာမှာ ပါခဲ့တယ်။ အထူးမြို့နယ်ကို ဖျက်ဆီးရာမှာ ပါခဲ့တယ်။ ကျွန်တော့်တဦးအဖို့ဆိုရင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်တော်ဟာ ပါတီဝင်တဦး၊ ဗဟိုစုံခန်းက ရဲဘော်တဦးဆိုတဲ့ အမြင် အရ ရဲဘော်တွေက ယုံကြည်တာ၊အားကိုးတာကို အလွဲသုံးစားလုပ်ပြီး ဖျက်ဆီးခဲ့တာဖြစ်တယ်။

ပါတီဗဟိုအပေါ် ယုံကြည်မှု၊ မာ့က်စ်လီနင်ဝါဒကို အလွန်လိုလား မှုတို့ကို အလွဲသုံးစားလုပ်ပြီး ဖျက်ဆီးခဲ့တာဖြစ်တယ်။ ကျွန်တော့်အဖို့ ပြောရင်ပါတီဗဟိုကို ဆန့်ကျင်တဲ့ အချိန်ကစပြီး ကျွန်တော့်ရဲ့ ပါတီ လက္ခဏာဟာ လျော့ကျပျက်စီးခဲ့ပြီး၊ အမှန်မြတ်ဆုံး ပါတီဝင်ဘဝဟာ လဲ ပျက်စီးသွားခဲ့ပြီးဖြစ်တယ်။ လူသာအသက်ရှင်နေပေမဲ့ နိုင်ငံရေး သက်ကတော့ သေဆုံးခဲ့ပြီ။

ကျွန်တော်လုပ်ခဲ့တဲ့ အမှားရဲ့အပြစ်ဟာဆိုရင်လဲ အကြီးမားဆုံးပဲ ဖြစ်တယ်။ သေဒဏ်ပေးရမဲ့ အပြစ်ပဲဖြစ်တယ်။ ဒါတောင်မှ နောက်ဆုံး အချိန်အထိ ပါတီဟာ ကယ်တင်ခဲ့တယ်။ လမ်းမှန်ရောက်အောင် ကယ် တင်ခဲ့တယ်။ ကျင်းထဲခုန်ချနေတဲ့ ကျွန်တော့်ကို အတင်းဆွဲတင်ခဲ့တယ်။ ဒါကြောင့်လဲ ဒီနေ့ ကျွန်တော့်အမှား အလွန်စည်းခဲ့ပြီး ပါတီဗဟိုဖက် က ရပ်နိုင်ခဲ့တာ၊ ပြန်ပြင်ရေး ထွန်းငြိမ်းနဲ့ ထွန်းငြိမ်းဝါဒကို တိုက်နိုင် တာဖြစ်တယ်။

ကျွန်တော့်အနေနဲ့ ကျွန်တော်လုပ်ခဲ့တဲ့ အမှားကို၊ လေးလေးနက် နက် မြင်ပါပြီ၊ ဒါကြောင့် ဒီအမှားအတွက်သမိုင်းကြွေးဆပ်ဖို့ စိတ်ဆုံး ဖြတ်ချက် ချပြီးသာဖြစ်တယ်။ **ကျွန်တော့် အပြစ်အတွက် သေဒဏ် ပေးမယ်ဆိုလဲ ကျွန်တော်ဟာ ပါတီအတွက် ခံယူသွားမယ်။** ပါတီက သက်ညှာမယ်ဆိုရင်သေသည်အထိ သမိုင်းအမဲစက်ကို ပေးဆပ်သွား မယ်။ပါတီနဲ့ တော်လှန်ရေးကို အကြီးအကျယ်ဖျက်ဆီးခဲ့တဲ့ ကျွန်တော့် ရဲ့ ကောင်းမွန်မှုတွေအားလုံး ချေဖျက်ခဲ့တဲ့ ပြန်ပြင်ရေးဝါဒနဲ့၊ပြန်ပြင် ရေးသမားကို သေသည်အထိ ပါတီနဲ့ ရပ်တည်ပြီး တိုက်သွားမှာ တယ်။ ပါတီနဲ့ ဥက္ကဋ္ဌကြီးနဲ့ ရပ်တည်သွားမှာဖြစ်တယ်။ ပြန်ပြင် ဝါဒနဲ့ ပြန်ပြင်ရေးသမားတွေကို တိုက်သွားမယ်။"

ဗိုလ်ထွန်းကျော်(ခ)အောင်ခိုင်(ခ) မောင်စိုးဝင်း(လူထုဦးလှ-ဒေါ်အမာ သား)သည် "ကျွန်တော့်အပြစ်အတွက် သေဒဏ်ပေးမယ်ဆိုလဲ ကျွန်တော်ဟာ ပါတီအတွက် ခံယူသွားမယ်" ဟူ၍ ဟိုဗကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းနှင့် ခေါင်းဆောင်သော နိုင်ငံရေးဦးဆောင်အဖွဲ့သို့ မိမိကိုယ်ကို စိစစ်ချက်နှင့် နောက်ဆုံး ဆုံးဖြတ်ချက် စာတမ်းရှည်ကြီးတစောင်ကို ဤသို့ရေးသား၍ တင်ပြခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းကျော်၏ လက်ရေးမူ



ရဲဘော်ထွန်းကျော်၏ ပါတီကမိတီအား သေဒဏ်ပေးရန် တောင်းဆိုချက်

ရဲဘော်ဘသန်း(ခ)သိန်းထွန်းကလည်း ဗဟိုကော်မီတီ ဥက္ကဋ္ဌ သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေး ဦးဆောင်အဖွဲ့သို့ "ကျွန်တော်နဲ့ ထိုက်တန်တဲ့ အပြစ်ဒဏ်ဟာ၊သေဒဏ်ပဲဖြစ်ပါတယ်။သေဒဏ်ပေးလဲ ခံယူသွားပါမယ်"ဟူသော မိမိကိုယ်ကို နောက်ဆုံး စီရင်ချက်ချထားသည့် စိစစ်ချက် စာတမ်းရှည်ကြီးတစောင်ကို တင်ပြလိုက်၏။ ယင်းတင်ပြချက်သည် စာမျက်နှာ(၄၀)ကျော်ရှိလေသည်။

"ကျွန်တော်ဟာ ပါတီဖျက်ဆီးရေး၊ တပ်ဖျက်ဆီးရေး၊ ဗဟိုဆန့်ကျင်ရေး၊ တန်ပြန်တော်လှန်ရေး၊ ပြန်ပြင်ရေးသမား ထွန်းငြိမ်းဂိုဏ်းထဲ ပါဝင်ခဲ့ပါတယ်။ ကျွန်တော် ၄-လအတွင်းမှာ ပါတီဖျက်ဆီးခဲ့တဲ့ တပ်ဖျက်ဆီးခဲ့တဲ့. ဗဟိုဆန့်ကျင်ခဲ့တဲ့ လုပ်ရပ်တွေကို အလွန်ကြီးမားစွာ ပါဝင်ခဲ့တယ်။ ကျွန်တော်တို့ လက်ရှိ ၄-ယောက်မှာကို ကျွန်တော်ဟာ အဖောက်ပြန်ဆုံးထွန်းငြိမ်းကို အကောင်းဆုံးအလုပ်အကျွေးပြုပြီး သူ့လမ်းစဉ်ပေါ်လစီကို အကောင်အထည် အပေါ်ဆုံးကောင်လို့ ခံယူပါတယ်။ဒါဟာ ဗဟိုအဆန့်ကျင်ဆုံးပဲဖြစ်ပါတယ်။ ဒီအတွက်ကျွန်တော်ဟာပါတီဝင်တယောက်နဲ့ထိုက်တန်တဲ့လူတယောက်မဟုတ်တော့ဟု ခံယူ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပါတယ်။ ဒီပြစ်ဒဏ်နဲ့ ထိုက်တန်တဲ့အပြစ်ဒဏ်ဟာ သေဒဏ်ပဲ ဖြစ်ပါတယ်။ သေဒဏ်ပေးလဲ ခံယူသွားပါမယ်။

ကြီးမြတ်တဲ့ပါတီအနေနဲ့ သေဒဏ်မှ သက်ညှာပါရန် ခွင့်လွှတ်ပါရန် ကြီးမြတ်တဲ့ပါတီအား ပန်ကြားအပ်ပါတယ်။ ဒီပြစ်ဒဏ်မှ ခွင့်လွှတ်ပါက ကျွန်တော်ဟာ တသက်ပတ်လုံး ဥက္ကဋ္ဌကြီးဦးဆောင်တဲ့ တော်လှန်ရေး ပစ္စည်းမဲ့ဗဟိုဖက်က ထာဝစဉ်ရပ်တည်ပြီး ပစ္စည်းမဲ့ အရေးတော်ပုံအတွက် အသက်ပေးတိုက်ခိုက်သွားပါမယ်လို့ နောက်ဆုံးကတိပြုပါတယ်။ ကျွန်တော့်ကိုယ်မှာရှိတဲ့ ပြန်ပြင်ရေး အတွေး အခေါ်တွေ အကုန်အစင် အပြတ်သားဆုံး တိုက်ခိုက်ချေမှုန်းပြီး ဓနရှင်လူတန်းစား မြေရှင်လူတန်းစားနဲ့ စည်းပြတ်ပြတ်တားပြီး ပစ္စည်းမဲ့လူတန်းစား ရပ်တည်မှုကို ကြံ့ခိုင်စွာနေရာယူပြီး ပါတီ ပြည်သူနဲ့ ပစ္စည်းမဲ့ အာဏာရှင်စနစ်အတွက် အသက်ပေး တိုက်ခိုက်သွားမယ်။ ပစ္စည်းမဲ့ တပ်သားကောင်းတယောက်ဖြစ်အောင် တိုက်ပွဲသုံးရပ်ထဲမှာ တသက်ပတ်လုံး လေ့ကျင့်မွေးမြူသွားပါမယ်လို့ နောက်ဆုံး သန္နိဋ္ဌာန် ပြုပါတယ်လို့ အလေးအနက် တင်ပြအပ်ပါတယ်။

ရဲဘော်ဘသန်း (ခ) သိန်းထွန်း၏ လက်ရေးမူ



ရဲဘော်ဘသန်း၏ ပါတီက ဝိဝိအား သေဒဏ်ပေးရန် တောင်းဆိုချက်

(မှတ်ချက်၊ ။ ရဲဘော်ဘသန်းသည် အကြောယောင်ရောဂါ ဖြစ်နေသည်။ လက်ျာဘက်လက်မှာ မသန်စွမ်းပါ၊ သို့ပါ၍ လက်ဝဲဖက်နှင့် စာရေးကျင့်ရင်းရေးနေပါသည်။ စာရေးသူ။)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ဘိုးသာ(ခ)ကျော်ခင်ကလည်း ဤသို့ပင် မိမိကိုယ်ကို စိစစ်၍ စီရင်ချက်ကို ချလိုက်လေသည်။

ကျွန်တော်ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေဟာ ကြီးလေးတဲ့ ပြစ်မှုတွေဖြစ်ပါတယ်။ ပါတီနဲ့ တော်လှန်ရေးကို ကြီးစွာ အန္တရာယ်ပေးတဲ့ ထွန်းငြိမ်းရဲ့ ပြန်လည်ပြင်ဆင်ရေး တန်ပြန်တော်လှန်ရေး ဂိုဏ်းထဲ ပါဝင်ပြီး အန္တရာယ်ပေးခဲ့ပါတယ်။

ဒီပြစ်မှုတွေဟာ ကျွန်တော့်အဖို့ ကြီးမားဆုံး ကျူးလွန်ခဲ့တဲ့ ပြစ်မှုလဲ ဖြစ်ပါတယ်။

ဒီပြစ်မှုတွေအရ ကျွန်တော့်ကိုပါတီက သေဒဏ်ပေးထိုက်ပါတယ်။

ရဲဘော်ဘိုးသာ (ခ) ကျော်ရင် (ခ) ကျော်ခင်၏ လက်ရေးမူ



ရဲဘော်ဘိုးသာ၏ ခံယူချက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွန်တော့်တသက်မှာ ပါတီနဲ့တော်လှန်ရေးကို ဆန့်ကျင်ခဲ့ဘူး၊ အန္တရာယ်ပေးခဲ့ဘူးခြင်း၊ ယခင်က တကြိမ်မှ မရှိခဲ့ဘူးပါ။ပါတီဥက္ကဋ္ဌနှင့် ဆန့်ကျင်ပြီး ဖြစ်လာတဲ့တိုက်ပွဲတွေမှာ ကျွန်တော်ဟာ ပါတီနှင့် ဥက္ကဋ္ဌ ဖက်က ရပ်တည်ခဲ့သူဖြစ်ပါတယ်။ ယခုဘကြိမ်တွင် ပါတီနှင့်ပါတီ ဥက္ကဋ္ဌကို ဆန့်ကျင်ပြီး ကျူးလွန်ခဲ့သော ပြစ်မှုများကို သက်ညှာစွာ စဉ်းစားပြီး သေဒဏ်ကလွတ်ဖို့ ပန်ကြားပါတယ်။ ကျွန်တော့်၏ ကြီးလေးသောအမှားကိုမြင်လာပြီး ထွန်းငြိမ်းနဲ့လုံးဝစည်းခြားကာ ဥက္ကဋ္ဌ သခင်သန်းထွန်း ခေါင်းဆောင်တဲ့ တော်လှန်တဲ့ ဗဟိုဌာနချုပ်ဖက်က အစဉ်ရပ်တည် တိုက်ပွဲဝင်သွားပါမယ်။

•

သန္နိဋ္ဌာန်ပြုချက်

(၁) ပြန်လည်ပြင်ဆင်ရေး တန်ပြန်တော်လှန်ရေး သမား ထွန်းငြိမ်းနဲ့ လုံးဝစည်းခြားပြီး ဥက္ကဋ္ဌခေါင်းဆောင်တဲ့ တော်လှန်တဲ့ ဗဟိုကော်မီတီနဲ့အတူရပ်တည်ပြီး ပြန်လည်ပြင်ဆင်ရေး တန်ပြန်တော်လှန်ရေး ထွန်းငြိမ်းနဲ့ ထွန်းငြိမ်း အယူဝါဒ လမ်းစဉ် အတွေး အခေါ်ကို ရှေ့ဆုံးတန်းက ချေမှုန်းသွားမယ်။ ရှေ့မှာ အသွင်အမျိုးမျိုးနဲ့ပေါ်ပေါက်လာမဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒကို ချေမှုန်း တိုက်ခိုက်သွားပါမယ်။

(၂) ဥက္ကဋ္ဌဆော်ဩတဲ့ ထိုးစစ်ကို ထိုးစစ်နဲ့ ရိုက်ချိုးရေးလမ်းညွှန် စိတ်ဓာတ်အရ၊ ရန်သူ့ထိုးစစ်တွေကို အသက်ပေး ချေမှုန်းပြီးအကောင် အထည်ဖော်သွားပါမယ်။

(၃) လက်တွေ့စစ်မြေပြင်အတွင်းမှာ ကျွန်တော့်ရဲ့အားနဲ့ချက်တွေကို ပြုပြင်ပြီး ကွန်မြူနစ်ကောင်း စစ်ကေဒါကောင်း တယောက် ဖြစ်အောင် လေ့ကျင့်မွေးမြူသွားပါမယ်။

(၄) ရှေ့မှာ ဒီလိုအမှားမျိုးနဲ့ အခြားသော အမှားများ မကျူးလွန်ရစေဖို့ ဥက္ကဋ္ဌ သခင်သန်းထွန်း ခေါင်းဆောင်တဲ့ ပစ္စည်းမဲ့လူတန်းစားတော်လှန်တဲ့ ဗဟိုဌာနချုပ်ကို အကြွင်းမဲ့နာခံသွားဖို့သန္နိဋ္ဌာန်ပြုပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လမ်းစဉ်၊ ထွန်းငြိမ်းပေါ်လစီတွေကို ချမှတ်ရာမှာရော၊ အကောင်အထည်ဖော်ရာမှာရော၊ ဝါဒ၊ လမ်းစဉ်၊ ပေါ်လစီ ချမှတ်သူတွေ ဖြစ်တယ်။ ထွန်းငြိမ်းတပ်ဖွဲ့ထဲမှာ အာဏာပိုင်တွေဖြစ်တယ်။ ကြံရာပါတွေဖြစ်တယ်။

ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်တို့ဟာ ပါတီအနေနဲ့ ဆိုရင် သာမန်ပါတီဝင်တွေဖြစ်တယ်။ ပါတီဝင်ဖြစ်တာပင် မကြာသေးဘူး။ တပ်မတော်မှာဆိုရင် တပ်သားအဖြစ်နဲ့ တာဝန်ယူဖို့ စခါစ ဖြစ်တယ်။ ခင်ဝင်းဆိုရင် ပါတီဝင်တောင် မဖြစ်သေးဘူး။

ဒါပေမဲ့ သူတို့(၄)ယောက်ဟာ ထွန်းငြိမ်းရဲ့ တည်ဆောက်ရေးတပ်ဖွဲ့မှာ တိုက်တိုင်းအောင်နဲ့ခဲ့ကတည်းက ထွန်းငြိမ်းတည်ဆောက်ရေးတပ်ဖွဲ့မှာထွန်းငြိမ်းရဲ့ အလုပ်အဖွဲ့ဝင် တွေ ဖြစ်လာတယ်။ တည်ဆောက်ရေး ကျောင်းသားတွေမဟုတ်၊ ကျောင်းဆရာတွေဖြစ်တယ်။ သူတို့ဟာ ထွန်းငြိမ်းရဲ့အောက်မှာ....

(၁) ဘသန်း - တပ်ဖွဲ့တခုလုံးရဲ့ အထွေထွေ အုပ်ချုပ်ရေးမှူးနဲ့ ပြင်ပဆက်သွယ်ရေးတာဝန်ခံ။

(၂) ထွန်းကျော် - တပ်ဖွဲ့တခုလုံးရဲ့ ဝါဒဖြန့်ချိရေး၊ ပညာရေးတာဝန်ခံလဲဖြစ်၊ အထူးမြို့နယ်အတွက် တာဝန်ခံနိုင်ငံရေးမှူး။

(၃) ဘိုးသာ - တပ်ရဲ့နိုင်ငံရေးမှူး။

(၄) တင်ဟန် - ဆေးဌာနတာဝန်ခံ၊ ကေဒါတပ်ဖွဲ့နဲ့ အမျိုးသမီးတပ်ဖွဲ့ နိုင်ငံရေးမှူးစတဲ့ ဌာနတာဝန်ခံတွေဖြစ်တယ်။ထွန်းငြိမ်းတပ်ဖွဲ့မှာ အာဏာပိုင်တွေ ဖြစ်တယ်။

ခင်ဝင်းဟာ ပထမပိုင်းမှာ အလုပ်အဖွဲ့ထဲမပါခဲ့ပေမဲ့ တပ်စိတ်(၃)ရဲ့ အာဏာပိုင်ဖြစ်တယ်။ ပါတီဗဟိုကို ပြောင်အတိအလင်းထွန်းငြိမ်းဆန့်ကျင်လာကဲ့အခါမှာ အလုပ်အဖွဲ့ဝင်တွေရဲ့တာဝန်ကို ထမ်းဆောင်တဲ့ ထွန်းငြိမ်းရဲ့ အတိုင်ပင်ခံနဲ့ တပ်ဖွဲ့တခုလုံးရဲ့ တာဝန်ခံ အာဏာပိုင်ဖြစ်လာတယ်။

ထွန်းငြိမ်းရဲ့ ပါတီဗဟိုဆန့်ကျင်ရေး၊ ပါတီ၊ တပ်မတော်နဲ့ တော်လှန်ရေးဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေးဝါဒလမ်းစဉ်ပေါ်လစီတွေချမှတ်ရာမှာ ထွန်းငြိမ်းနဲ့ ဒီဂိုဏ်းသားတွေဟာ ပထမဝိုင်းပင်ဆွေးနွေးပြီးမှ ချမှတ်ကြတာဖြစ်ကြောင်း ရဲဘော်အား

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လုံးရဲ့စွဲချက် သက်သေခံချက်နဲ့ သူတို့ရဲ့ကိုယ်တိုင် ပြောဆိုချက်တွေအရ ထင်ရှားတယ်။

အချို့ပြဿနာတွေမှာ ထွန်းငြိမ်းဂိုဏ်းသားတွေဟာ ဆရာ့ထက်ပင် တပည့်က လက်စောင်းထက်ကြတယ်။ တပ်ဟောင်း တပ်သစ်ပြဿနာမှာ ထွန်းငြိမ်းရဲ့ဂိုဏ်းသားတွေဟာ ထွန်းငြိမ်းထက်ပင် ပြောင်ပြောင် ထုတ်ကြ၊ တိုက်ခိုက်ကြတယ်။ သူတို့က ပြည်သူ့တပ်မတော် တပ်ဖွဲ့ထဲမှာ မလိုလားအပ်တဲ့ အစိတ်အပိုင်းတွေက လူထုဆန့်ကျင်ရေးလုပ်တဲ့ စာရင်းဇယားတွေကို စုဆောင်းပြီး တပ်ဟောင်းဖြစ်ကြောင်း အခိုင်အမာ ထူထောင်ဖို့ လုံးပမ်းကြတယ်။

ဒီဂိုဏ်းသားတွေဟာ ပါတီဝင်တွေဖြစ်ပေမဲ့ ထွန်းငြိမ်းက အစ သူတို့ဟာ ပါတီကလာပ်စည်းမှာလဲမပါကြဘူး။ ပါတီကော်မီတီမှာလဲမပါကြဘူး။ ဒါပေမဲ့ ထွန်းငြိမ်းနဲ့ ဒီဂိုဏ်းသားတွေဟာ ပါတီကော်မီတီတွေရော ပါတီဝင်တွေကိုပါ အမိန့်ပေးညွှန်ကြားတဲ့ အာဏာပိုင်တွေ ဖြစ်တယ်။ တပ်ဖွဲ့အနေနဲ့ကြည့်ရင်လဲ တပ်ရဲ့ပါတီကော်မီတီ၊ တပ်ရဲ့ တာဝန်ခံတွေမဟုတ်ကြဘူး။ ဒါပေမဲ့ သူတို့ဟာတပ်ကိုအမိန့်ပေးညွှန်ကြားတဲ့ အာဏာပိုင်တွေဖြစ်တယ်။

ထွန်းငြိမ်းခဏ ဗဟိုလာနေစဉ်က ဘသန်းဟာ တာဝန်ခံပြီး တပ်ဖွဲ့ကို လင်ပြောင်ရဲ့ ပြည်သူ့စစ်ပွဲ အခွန့်ရှည်ပါစေ စာတမ်းကို ပို့ချသင်ကြားတယ်။ ခင်ဝင်းက ကူညီတယ်။ တပ်ချီတက် လှုပ်ရှားတဲ့အခါ ထွန်းငြိမ်းကိုယ်စား ဘသန်းရှိရင် ဘသန်းကတပ်မှူးအဖြစ် မိန့်ခွန်းပြောတာ၊အမိန့်ပေးတာလုပ်တယ်။ ဘသန်းမရှိရင် ဘိုးသာက လုပ်တယ်။ အထူးမြို့နယ်တည်ဆောက်ရေးဆိုရင် ထွန်းကျော်က ထွန်းငြိမ်း ကိုယ်စား တာဝန်ခံလုပ်ရတယ်။

"ဒီလူတွေဟာငယ်ပေမဲ့ တပြည်လုံး ကျောင်းသား ခေါင်းဆောင်တွေဖြစ်တယ်။ ပါတီပြန်ဖွဲ့စည်းရင် သူတို့ကိစ္စကို စဉ်းစားရမယ်။ သူတို့ဟာ ဗဟိုကော်မီတီ အရည်အချင်းရှိတဲ့သူတွေဖြစ်တယ်"လို့ ထွန်းငြိမ်းကိုယ်တိုင်က သူ့ရဲ့ဂိုဏ်းသားတွေနဲ့ပတ်သက်ပြီး တပ်ဖွဲ့ထဲမှာ ဒီလို ပညာပေးပြီး ရာထားထားပြီး ဖြစ်တယ်။

ဒါကြောင့် ဒီဂိုဏ်းသားတွေဟာ ပါတီဗဟိုနဲ့စင်ပြိုင်၊ထွန်းငြိမ်းပါတီရဲ့ ဗဟိုကော်မီတီတွေ၊ နိုင်ငံရေးအမှုဆောင်တွေဖြစ်ကြောင်း ထွန်းငြိမ်းရဲ့ကြံရာပါဂိုဏ်းသားတွေဖြစ်ကြောင်း စွဲချက်တင်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ဘိုးသာ (ခ) ကျော်ရင် (ခ) ကျော်ခင်၏ လက်ရေးမှု

[illegible]

ရဲဘော်ဘိုးသာ၏ သန္နိဋ္ဌာန်ပြုချက်

ညပင် ဆက်လက်၍ ရဲဘော်ခင်ဝင်း(ခ)မောင်စိုးမြင့်ကလည်း၊ ဗဟိုကော် ကျင့်သခင်သန်းထွန်းနှင့် တော်လှန်သော ... ရေးဦးဆောင်အဖွဲ့သို့ မိ ... ကို စိစစ်၍ စီရင်ချက်ကို ချမှတ်ရလေသည်။

"ကျွန်တော်ဟာ ပြန်ပြင်ရေးသမား တန်ပြန်တော်လှန်ရေးသမား ပါတီဆန့်ကျင်ရေးသမား၊ တပ်ဖျက်ဆီးရေးသမား၊ ထွန်းငြိမ်းရဲ့နောက် လိုက်ခွေးတယောက်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်ဟာ ထွန်းငြိမ်းရဲ့ကောက် ကျစ်ယုတ်မာစွာ ဖျက်ဆီးမှု၊ ထွန်းငြိမ်းရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထွန်းငြိမ်းရဲ့ အဆိပ်သင့်ပြီး ကျွန်တော်ကိုယ်တိုင် ပါတီဆန့်ကျင်ရေး၊ ပြန်ပြင်ရေး၊ တန်ပြန်တော်လှန်ရေးသမားတယောက်ဖြစ်ခဲ့ရတာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ အသိမဲ့စွာနဲ့ သူများရဲ့ နောက်လိုက်အဖြစ်နဲ့ ဒီလိုယုတ်ညံ့တဲ့ ဘဝကို ရောက်လာရတာဖြစ်ပါတယ်။

ကျွန်တော်ရဲ့ လုပ်ခဲ့တဲ့ အလုပ်တွေ၊ ကျွန်တော်ရဲ့ အတွေးအခေါ်တွေဟာ ပါတီ၊ တပ်၊ ပြည်သူအတွက် အလွန်အန္တရာယ်ကြီးမားတယ်ဆိုတာကို အခုရပ်တည်မှုနဲ့ ကောင်းစွာမြင်ပါပြီ။ကျွန်တော်လုပ်ခဲ့တဲ့အလုပ်တွေနဲ့ အတွေးအခေါ်တွေဟာ ပါတီဖျက်သိမ်းရေး၊ တော်လှန်စစ်ဖျက်ဆီးရေးအထိဖြစ်ခဲ့တယ်ဆိုတာကို ကောင်းစွာမြင်ရပါပြီ။ ဒါကြောင့်ကျွန်တော့်ရဲ့ အပြစ်ဟာ အင်မတန်ကြီးမားပါတယ်။ ပါတီအနေနဲ့ ကျွန်တော်နဲ့ သင့်တော်တဲ့အပြစ်ကိုပေးပါ။ သေဒဏ်ပေးသင့်တဲ့ပြစ်မှုဖြစ်ပါတတ်။ပါတီက သေဒဏ်ပေးခဲ့ရင်လဲ ကျွန်တော်ဟာ ပါတီရဲ့ ပေးတဲ့အပြစ်ကို ခံယူပါမယ်။

အကယ်၍ ပါတီရဲ့ ကြီးမြတ်တဲ့သဘောထားအရ သေဒဏ်မှ ကင်းလွတ်ခွင့်ပြုမယ်ဆိုရင် ကျွန်တော်ဟာ ကြီးမြတ်တဲ့ပါတီအတွက် ကျွန်တော်ရဲ့ အသက်ကိုပုံအပ်ပြီး ပါတီအကျိုး၊ ပြည်သူ့အကျိုးအတွက် ကျွန်တော့်အသက်ကို ပေးအပ်ပြီး ကျရာဒေသ၊ ပေးရာတာဝန်ကို အသက်နဲ့လဲပြီး ထမ်းဆောင်သွားမှာဖြစ်ပါတယ်။

ရဲဘော်ခင်ဝင်း(ခ)မောင်စိုးမြင့်သည် ဟင်္သာတခရိုင် ဇလွန်မြို့တွင် ဦးထွန်းရွှေနှင့် ဒေါ်လွန်းမေတို့မှ ၁၉၃၀-ခု နှစ် ဖေဖော်ဝါရီလ (၁၂)ရက်တွင်မွေးဖွားခဲ့ပါသည်။

၁၉၆၀-ခုနှစ်တွင်(၁၀)တန်းအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့ပါသည်။

၁၉၆၁-၆၂-ခု နှစ်တွင် ပြည်ကျောင်းဆောင် သဟာယနှင့် စာဖတ်အသင်း၏အမှုဆောင်ဖြစ်ပြီး တပ်ဦးကောင်စီဝင်ဖြစ်ခဲ့သည်။ ထို့နောက်တွင် မော်လမြိုင်ကောလိပ်ပေါင်းစုံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။

၁၉၆၂-၆၃ ခုနှစ်တွင် သဟာယနှင့် စာဖတ်အသင်းအဖွဲ့ချုပ်နှင့် ကျောင်းသားအခွင့်အရေး ကာကွယ်မှု ကော်မီတီ အမှုဆောင် တာဝန်များကိုယူခဲ့သည်။

၁၉၆၄-ခုနှစ်တွင် လုပ်သားကောလိပ်တွင် ဝိဇ္ဇာတန်း နောက်ဆုံးနှစ်၌ တက်ရောက်ခဲ့သည်။ ဆ-စ-တ-က၏ စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းသို့တက်ရောက်ခဲ့ပြီး ကုန်သွယ်ရေးဌာနတွင်လည်း စာရင်းစစ်လုပ်ကိုင်ခဲ့ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

[illegible]

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ရဲဘော်ခင်ဝင်း၏ နိုင်ငံရေးဦးဆောင်အဖွဲ့ထံ တင်ပြတောင်းဆိုချက်

ရဲဘော်ခင်ဝင်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ရန်ကုန်မြေအောက် လုပ်ငန်းများကို ဗမာပြည်ကွန်မြူနစ်ပါတီမြေအောက်တာဝန်ခံ သခင်ချစ်၏ ညွှန်ကြားချက်များအရ အတက်ကြွဆုံး တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

× × ×

သည်မှာ ရန်ကုန်တက္ကသိုလ်ကျောင်းသားတပ်ဦး ခေါင်းဆောင်များနှင့် ...လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ် ခေါင်းဆောင်များ၏ ...ယ်ကို စိစစ်ချက်များနှင့် စီရင်ချက်များပင်ဖြစ်လေသည်။

...င်းသို့ မိမိတို့ကိုယ်ကို အသေးအနက် စိစစ်ဝန်ခံပြီး၊ စီရင်ချက်များချမှတ် ...င် ပါတီအနေနှင့် သက်ညှာစွာ စဉ်းစားမည်ဟု သခင်သန်းထွန်း၊ ရဲဘော် ...အောင်ကြီးနှင့် သခင်ချစ်တို့ကပြောသဖြင့် အသေးအနက်ဝန်ခံစိစစ်ပြီး စီရင် ...ချက်များကို ချမှတ်ခဲ့ကြခြင်းဖြစ်၏။ တဦးလျှင် စိစစ်ဝန်ခံချက်နှင့် စီရင်ချက် ကို စာမျက်(၅၀)ကျော်ပင်ရေးသား၍ တင်ပြခဲ့ကြလေသည်။

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

[illegible]လှန်သော တပ်နီလူငယ်များနှင့် တပ်နီအမျိုးသမီး
"[illegible]းငြိမ်းဂိုဏ်းသားတွေကိုသဘ်ပစ်၊ သတ်ပစ်"ဟူသော တောင်းဆို
[illegible]ကြွးကြော်သံများသည် တနေ့တခြားပင် ကျယ်လောင်၍လာ

[illegible] ကြော်သအောင်နေကြသော ဗဟိုကင်းတစ်အဖွဲ့ဝင်များ

[illegible]နှန်း[illegible] ရဲဘော်ဘိုးသာနှင့်
[illegible]နေကြ၏။ တုန်တုန်ချိချိဖြစ်နေကြ၏။ ထမင်း
[illegible]၍လည်း မပျော်နိုင်ကြတော့ပေ။ မိမိ
[illegible]မနှင့် စောင့်မျှော်၍ နေကြရလေသည်။

[illegible]နှန်းကျော်[illegible]ကို ပိုင်းဖြတ်ပြီးဟန်တူ၏။ တမှိုင်မှိုင်ဖြစ်၍
နှမ[illegible]ချုပ်နှန်းရှေ့[illegible]ကြွးကြော်တောင်းဆိုနေသူများကို စူးစူးစိုက်စိုက်
ပ[illegible]နေလေသည်။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၇-ခုနှစ် စက်တင်ဘာလ(၁၁)ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီဥက္ကဋ္ဌသခင်သန်းထွန်းသည် "ငြိမ်းရှိန်ဂိုဏ်းချေမှုန်းရေးစီမံကိန်း"ကို အသေးစိတ်ပင် ရေးဆွဲ၍ ထုတ်ပြန်လိုက်လေသည်။

ပါတီဗဟိုဆန့်ကျင်ရေး
ပါတီဖျက်ဆီးရေး၊ တော်လှန်ရေး ဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေး
ပြန်လည်ပြင်ဆင်ရေး၊ ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းချေမှုန်းရေး
စွဲချက်တင်လူထုတိုက်ပွဲ

× × ×

ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းသား ဘသန်း၊ ထွန်းကျော်၊ ကျော်ရင်၊
တင်ဟန်၊ ခင်ဝင်းတို့အား ပြည်သူ့တော်လှန်ရေးတရားခုံရုံး
စွဲချက်တင်လူထုတိုက်ပွဲစီမံကိန်း

၁။ စက်တင်ဘာလ(၁၂)ရက်နေ့စမည်။

(၁) ပြည်သူ့ တော်လှန်ရေးတရားခုံရုံး၊ သဘာပတိအဖွဲ့ဥက္ကဋ္ဌ စွဲချက်တင်လူထုတိုက်ပွဲဖွင့်မိန့်ခွန်း။

(၂) စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ ကိုယ်စားလှယ်က ဘသန်း၊ ထွန်းကျော်၊ ကျော်ရင်၊တင်ဟန်၊ခင်ဝင်း တို့အား စွဲချက်တင်မည်။

(၃) ဗဟိုကိုယ်စားလှယ်အဖွဲ့ ကိုယ်စား ရဲဘော်ငွေသိမ်းက စွဲချက်တင်မည်။

(၄) ဗဟိုစခန်း ပါတီ ကိုယ်စား ရဲဘော် ရဲညွန့်က စွဲချက်တင်မည်။

(၅) ဗဟိုစခန်း ပါတီကိုယ်စား ရဲဘော်မြင့်မောင်က စွဲချက်တင်မည်။

(၆) မြစ်ဝကျွန်းပေါ်တိုင်း၊ တပ်ဖွဲ့ကိုယ်စားလှယ် များက စွဲချက်တင်မည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁။ ရဲဘော်မင်းလွင်
၂။ ရဲဘော်ကြီးမောင်
၃။ ရဲဘော်စိုး
၄။ ရဲဘော်စိုးဝင်း
၅။ ရဲဘော်ရဲအောင်
၆။ ရဲဘော်သောင်း
၇။ ရဲဘော်ကြည်ထွန်း
၈။ ရဲဘော်မညွန့်ညွန့်
၉။ ရဲဘော်နွဲ
၁၀။ ရဲဘော်အေးငွေ
၁၁။ ရဲဘော်မျိုးမြင့်
၁၂။ ရဲဘော်မြသောင်း
၁၃။ ရဲဘော်တင်မြင့်
၁၄။ ရဲဘော်စောထွန်း
၁၅။ ရဲဘော်ဘသောင်း
၁၆။ ရဲဘော်စိုးစိုး

၂။ ပြည်သူ့တော်လှန်ရေးတရားခုံရုံး သဘာပတိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေညာမည်။

၃။ စက်တင်ဘာ (၁၂) (၁၃) (၁၄) ရက်နေ့များတွင် လူထုတိုက်ပွဲဆင်သွားမည်။

၄။ တိုက်ပွဲအချိန်ဇယား။

နံနက်ပိုင်း....၀၇း၃၀ မှ ၁၁း၃၀ အထိ။
၁၁း၃၀ မှ ၁၂း၃၀ အထိ အနားယူရန်။

ညနေပိုင်း....၁၂း၃၀ မှ ၁၅း၃၀ အထိ။

၅။ ရဲဘော်၊ ပါတီဝင်၊ တပ်မတော်သား လူငယ်၊ အမျိုးသမီးအားလုံးသည် ပြည်သူ့တော်လှန်ရေး တရားခုံရုံးသဘာပတိအဖွဲ့နှင့် လူ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပုံနှိပ်ပြဲ ဦးစီးကော်မီတီ [illegible]
ပြုမူကြရန် အလေးအနက် [illegible]

ထွန်းငြိမ်း [illegible]
ဥက္ကဋ္ဌချုပ် [illegible]

၁၉၆၈-ခု၊ စက်တင်ဘာလ (၁၁) ရက်

သခင်သန်းထွန်း၏ လက်

[illegible]

မြည်သူ့တော်လှန်ရေးတရားခုရုံး စွဲချက်တင် [illegible] ကိုပြူစီမံ [illegible]

(မှတ်ချက်။ ။အထက်ပါသခင်သန်းထွန်း၏ [illegible]
ဟူ၍ ဖြည့်စွက်ရေး [illegible]
မူရင်းပင် ဖြစ်ပါသည်၊ [illegible]

ဤသည်မှာ ထွန်းငြိမ်း၊ထွန်းရှိန်ဂိုဏ်း သေမှု [illegible]
ဦးစီးကော်မီတီ” အတွက် သခင်သန်းထွန်းကိုယ် [illegible]
ဖြစ်သည်။

× ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၀-ခုနှစ်၊ စက်တင်ဘာလ (၁၂)ရက်နေ့တွင် ဖြစ်သည်။

ဘော်သလင်းလ၏နေသည် တဖြည်းဖြည်းပူ၍လာသည်။ "မြရာပင်ကျော"၏ အင်ပ်သည့် မိုးလျက်ရှိသောကြောင့်သာ နေ၏အပူရှိန်ကို အသင့်အတင့် အကာ အကွယ်ပြုနိုင်ခြင်းဖြစ်သည်။

ဗဟိုစခန်း၌ "ငြိမ်း-ရှိန်ဂိုဏ်းချေမှုန်းရေး စွဲချက်တင်လူထုတိုက်ပွဲ"ကို စတင်၍ ကျင်းပနေပြီဖြစ်လေသည်။

ဗဟိုစခန်းမှ တပ်နီလူငယ်များသည် အိုးစည်ဝိုင်းကိုဖွဲ့၍ ကခုန်ရန်အတွက် တာဘူနေကြသည်။

ထို့နောက် အိုးစည်ဝိုင်းမှ "ဝိုင်းနှိုးဆင့်ခေါ်သံ" ကိုဟစ်အော်လိုက်လေသည်။

"တော်လှန်တဲ့ သုံးဦးပေါင်းညီညွတ်ရေးရဲ့ဘော်အပေါင်းတို့လေး.... (ဟေး....)

သစ္စာဖောက် ငြိမ်း-ရှိန်ဂိုဏ်းကို ဖြိုဖျက်လာလိုက်တာ၊ ဒင်းတို့ရဲ့ ဂိုဏ်းချုပ်ကြီးတော့ အပြီးတိုင် သုတ်သင်လိုက်နိုင်ပြီ မဟုတ်လား... ရဲဘော်တို့ (အောင်ပဟေ့....)

အေး-ထွန်းငြိမ်းကိုသာမက၊ ထွန်းငြိမ်းဝါဒကိုပါ တစမကျန်၊ကုန် စင်အောင် တိုက်ဖျက်ဖို့က၊ လိုသေး တယ်မဟုတ် လား (တိုက်ရဦးမယ် ဟေ့-)

ကဲဒီလိုဆိုရင် ဒို့ပါတီတော်င် မြင့်မိုရ်ကို လှဲဖြိုရန် အကြံရိုင်းပါတဲ့ ငြိမ်း-ရှိန်ဂိုဏ်း ကြံရာပါ ဘသန်း၊ ထွန်းကျော် ဗာလနံ သာဗိန္ဒ တင် ဟန်တို့နဲ့အတူ ပါတီကိုရန်မူသူ၊ ခင်ဝင်းခေါ် ခါချဥ်ကောင် ငမိုက် သားဟာရာကို တိုက်သွားရန် အောင်သံကြွေးလိုက်မယ်။ ကဲ-ရဲဘော်တို့ သွေးညီလိုက်စမ်း (မောင်ရို့....ဝါး)

ကချေနှံရှိ၍ အော်၍ ဟစ်၍ နေကြလေသည်။

အခမ်းအနားကိုလည်း ဗိုလ်ထွန်းငြိမ်းအား စွဲချက်တင်စဉ်ကကဲ့သို့ပင် ပြင် ဆင်ထား၏။ ခေါင်းစီးတွင် "ထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်းချေမှုန်းရေး စွဲချက်တင် လူထုတိုက်ပွဲ"ဟူ၍ ကဗျည်းထိုးထား၏၊ တူတံဇင်အလံနီကြီး၏ အပေါ်တွင် ကာလ်မတ်၊ အိန်ဂယ်၊ လီနင်၊ စတာလင် မော်စီတုံးတို့၏ ပုံကားချပ် ကြီးများကို ချိတ်ဆွဲထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(မှတ်ချက်။ ။ ယခုဆွဲချိတ်ထားသော တူတံဇင်အလံနီကြီးနှင့် ပုံကားချပ်ကြီးတို့မှာ ၁၉၆၇-ခုနှစ်၊ မတ်လတွင်ပြုလုပ်သော ဗမာပြည်တပြည်လုံး၏ စံပြပါတီဝင် သိမ်းသွင်းရေး လှုပ်ရှားမှု၏ စံပြပါတီဝင်ဖြစ်သော ရဲဘော်ထွန်းကျော် (ခ) မောင်စိုးဝင်း (လူထုဦးလှ ဒေါ်အမာသား) အား စံပြပါတီဝင်အဖြစ်သိမ်းသွင်းစဉ်က အသုံးပြုခဲ့သော အလံနီကြီးနှင့် ပုံကားချပ်ကြီးများပင်ဖြစ်ပါသည်။ စာရေးသူ။)

ရဲဘော်ထွန်းကျော်၊ ရဲဘော်ဘသန်း၊ ရဲဘော်ဘိုးသာနှင့် ရဲဘော်ခင်ဝင်းတို့အား၊ အချုပ်ခန်းအတွင်းမှ ဆွဲထုတ်၍လာခဲ့လေသည်။

ဘေးပတ်ဝန်းကျင်တွင် မောင်းပြန်သေနတ်များကို အသင့်ကိုင်ဆောင်ထားသော ကင်းများကို ချထား၏။ ထို့ပြင်-အပြင်သို့ ထုတ်လာသော အခါတွင်၊ နောက်ပြန်ကြိုးများ တုပ်ထား၏။ ခြေချင်းဝတ်များတွင်လည်း ဆင်များကို ထူးခတ်သကဲ့သို့ ကြိုးကွင်းကြီးများနှင့် ချည်နှောင်ထား၏၊ ခြေလှမ်းကို မှန်မှန်ပင် လှမ်း၍မရချေ။ တုန့်၍တုန့်၍ သွားနေရ၏။ အားလုံးကိုလည်း ကြိုးများနှင့် တွဲထားပြီး ကြိုးစများကို ကိုင်လျက်ဆွဲထုတ်ခဲ့လေသည်။

ထိုရဲဘော်(၄)ဦးသည် ခန်းမဆောင်သို့ ရောက်ခါနီးတွင် နှီးခမောက်အချွန်ကြီးများကို ဗိုလ်ထွန်းငြိမ်းကို စွပ်ပေးသကဲ့သို့ စွပ်လိုက်၏။ ခမောက်ထိပ်တွင် "ထွန်းငြိမ်းဂိုဏ်းသား" ဟူ၍ ရေးထား၏။ ထို့ပြင် ဦးခေါင်းခွံနှင့် လက်ဖျန်ရိုးနှစ်ချောင်းကို ကြက်ခြေခတ်ထားသော ပုံကိုလည်းဆွဲထား၏။ ရင်ပတ်တွင်မူ "၅၅ သမား" ဟူ၍ ရေးထားလေသည်။

ရဲဘော်ထွန်းကျော်တို့(၄)ဦးသည် ခန်းမဆောင်အတွင်းသို့ ဝင်လျှင်ဝင်ခြင်းပင် တပ်နီအမျိုးသမီးများသည် အနီးသို့ဝိုင်းအုံကပ်လာကြပြီး "ခွေးမျိုးတွေဟဲ့-မုဒိမ်းကောင်တွေဟဲ့" ဆိုကာ မျက်နှာများကို တံတွေးများနှင့် ဝိုင်း၍ထွေးကြ၏။ လဘက်ရည်ကြမ်းသောက်သော ဝါးခွက်များနှင့် လှမ်း၍ပေါက်ကြ၏။ ရဲဘော်ထွန်းကျော်တို့သည် ရှောင်မရ ရှားမရကြချေ။ မျက်နှာပြင်များတွင် တံတွေးများနှင့်သာ ပြည့်နှက်၍နေလေသည်။

ရဲဘော်တင်ဟန်(ခ)သာမောင်(ခ)အောင်သိန်းနိုင်ကိုမူ ကြိုတင်၍ သတ်ဖြတ်ပြီး နေပြီဖြစ်သဖြင့် "သစ္စာဖောက်တင်ဟန်" ဟူ၍ အမည်ကို ရေးသားလျက် လူကိုယ်စား ဝါးလုံးတိုင်နှင့် စိုက်ထူ၍ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းချေမှုန်းရေး
စွဲချက်တင်လူထုတိုက်ပွဲ

× × ×

ပြည်သူ့တော်လှန်ရေးတရားခုံ၊ သဘာပတိအဖွဲ့ဥက္ကဋ္ဌမိန့်ခွန်း

၁၂-၉-၆၀ နေ့
၀း၃၀ အချိန်၊

ရဲဘော်တို့ —

ဒီနေ့မှာ ပါတီဗဟိုဆန့်ကျင်တဲ့၊ ပါတီနဲ့တပ်မတော်ကို ဖျက်ဆီးတဲ့၊ တော်လှန်ရေးကို ဖျက်ဆီးတဲ့၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေး၊ ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းသားတွေဖြစ်တဲ့ ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်၊ ခင်ဝင်းတို့ကို စွဲချက်တင်တိုက်ပွဲဆင်ဖို့ဖြစ်တယ်။

ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းဟာ ဘယ်လိုဂိုဏ်းလဲ။

ပစ္စည်းမဲ့လူတန်းစားရဲ့ တပ်ဖွဲ့ထဲကို ခိုးဝင်လာတဲ့ ဓနရှင်လူတန်းစားသူလျှိုတွေ ကိုယ်စားလှယ်တွေဟာ နှစ်အတော်ကြာကထဲက ကြိုတင်စိုင်းပြင်းပြီး ဥက္ကဋ္ဌသခင်သန်းထွန်းအမှူးပြုတဲ့ ပါတီဗဟိုကို လက်နက်နဲ့ အကြမ်းဖက်လုပ်ကြံပြီး ပါတီအာဏာ တပ်မတော်ရဲ့အာဏာကိုလုယူဖို့ကြိုးပမ်းတဲ့ တန်ပြန်တော်လှန်ရေး ပြန်လည်ပြင်ဆင်ရေးဂိုဏ်းကြီးဖြစ်တယ်။

ဒါကြောင့် ဒီဂိုဏ်းသားတွေဟာ ပါတီ တပ်မတော်နဲ့ ပြည်သူတွေရဲ့ကမ္ဘာမကြေရန်သူတွေဖြစ်တယ်။

ဒီရန်သူတွေကို ရန်ဖက်နည်းနဲ့ ဖြေရှင်းရမယ်။ သူတို့အပေါ်မှာ ပစ္စည်းမဲ့လူတန်းစားဟာအာဏာရှင်စံနစ် ကျင့်သုံးရမယ်။ ဂိုဏ်းတခုလုံးကို ချေမှုန်းပစ်ရမယ်။

ရဲဘော်တို့ ငါတို့ဟာ ဒီဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ထွန်းငြိမ်းကို ချေမှုန်းသတ်ပစ်လိုက်ကြပြီ။

ဒါပေမဲ့ ထွန်းငြိမ်းဝါဒနဲ့ ထွန်းငြိမ်း၊ထွန်းရှိန်ဂိုဏ်းတခုလုံးကိုချေမှုန်းပစ်ဖို့ ကြီးမားတဲ့ တာဝန်ဟာ ငါတို့အားလုံးမှာ ကျန်ရှိနေသေးတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထွန်းငြိမ်းဝါဒဟာ ပါတီဗဟိုကို လက်နက်နဲ့ ဆန့်ကျင်ပုန်ကန်ခြားနားတာဖြစ်တယ်။ သူရဲ့ တန်ပြန်တော်လှန်ရေး ပြန်လည်ပြင်ဆင်ရေးဝါဒကို စစ်ရေးမှာ အဓိကဖော်ပြတယ်။ သူ့ရဲ့စစ်ရေးလမ်းစဉ်ဟာ ရန်သူကိုကြောက်တဲ့ ကိုယ့်ပါတီ၊ ကိုယ့်တပ်၊ ကိုယ့်လူထုအားကို မယုံတဲ့ ၅၅-ပြန်လည် ပြင်ဆင်ရေးစစ်ပြေးလမ်းစဉ်ဖြစ်တယ်။

ထွန်းငြိမ်းဝါဒဟာ အဓိက စစ်ရေးဖက်မှာ ဖော်ပြပေမဲ့ နိုင်ငံရေး၊ မြေယာ၊ စစ်ရေး၊ စည်းရုံးရေးစတဲ့ စင်ပြိုင် လမ်းစဉ်တစုံဖြစ်တယ်။ ထွန်းငြိမ်းဝါဒဟာ သန်းမြိုင်၊ စိန်၊ ပိန်၊ ပိုင် - ပြန်လည် ပြင်ဆင်ရေးဝါဒရဲ့ အဆက်ဖြစ်တယ်။ ဒါပေမဲ့ ထွန်းငြိမ်းဝါဒဟာ သူရဲ့ပြန်လည် ပြင်ဆင်ရေးဝါဒကို မော်စီတုံး အတွေး အခေါ်နဲ့ အရေခြုံရာမှာ သူ့ရဲ့နောင်တော်တွေထက်သာတယ်။

ထွန်းငြိမ်းဝါဒဟာ အသွင်ကလက်ဝဲလေသံနဲ့ ကျယ်ကျယ် လောင်လောင်အော်တယ်။ တကယ်အနှစ်သာရကတော့ ရန်သူကိုမတိုက်ရေး၊ မချေမှုန်းရေး၊ စစ်ပြေး၊ လကျ်ာအချောင်သမားဝါဒဖြစ်တယ်၊ နောက်ဆုံးမှာတော့ ပါတီဗဟိုကို လက်နက်နဲ့ အကြမ်းဖက် ပုန်ကန်ခြားနားတဲ့ တန်ပြန်တော်လှန်ရေးအဖြစ်နဲ့ အဆုံးသတ်တယ်။

ထွန်းငြိမ်းဝါဒဟာ ပါတီထဲ တပ်ထဲမှာ ခနရှင်ပေါက်စ ပညာတတ်ကလာသူတွေအပေါ်မှာ အခြေခံတယ်။

ပညာတတ် လူငယ်တွေနဲ့ ပတ်သက်လို့ တော်လှန်ရေးသမားဟုတ်မဟုတ်ဆိုတဲ့ စံအဖြစ် ဥက္ကဋ္ဌမော်က ဒီလိုသင်ကြားခဲ့တယ်။

"အလုပ်သမား လယ်သမားထုကြီးနဲ့ ပူးပေါင်းချင်စိတ်လဲရှိတယ်၊ ကာယကံမြောက်လဲ ပူးပေါင်းတယ်ဆိုရင် သူဟာ တော်လှန်ရေးသမားပဲ၊ ဒီလိုမဟုတ်ရင်တော့ မတော်လှန်တဲ့လူ၊ ဒါမှမဟုတ် တန်ပြန်တော်လှန်ရေးသမားပဲ၊ တကယ်လို့ ဒီနေ့မှာ သူဟာ အလုပ်သမား လယ်သမားထုနဲ့ ပူးပေါင်းနေရင် ဒီနေ့အဖို့ သူဟာ တော်လှန်ရေးသမားပဲ၊ မနက်ဖြန်မှာ မပူးပေါင်းတော့ရင် ဒါမှမဟုတ် လူထုကို ဖိနှိပ်ညှဉ်းပန်းတဲ့ အထိဖြစ်လာရင် သူဟာ မတော်လှန်တဲ့လူပဲ၊ ဒါမှမဟုတ် တန်ပြန်တော်လှန်ရေးသမားပဲ။"

ဗမာပြည် တော်လှန်ရေးမှာကြည့်ရင် ပညာတတ်တွေ ကျောင်းသား အမြောက်အမြားတွေဟာ ပါတီရဲ့ ခေါင်းဆောင်မှုအရ အ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လုပ်သမား လယ်သမားထုကြီးနဲ့ ဒိုးတူဘောင်ဖက် ပူးပေါင်းပြီး အလုပ်သမား လယ်သမားတွေကို အလုပ်အကျွေးပြုကြတယ်။ တော်လှန်ရေးသမားတွေ အဖြစ် တပ်မတော်သားတွေအဖြစ် ပါတီရဲ့ သားကောင်းတွေအဖြစ် အသက်ကိုပေးလှူသွားကြတာ တာဝန်ထမ်းဆောင်နေကြတာ အများအပြားပဲဖြစ်တယ်။ အခြားတဖက်မှာလဲ တော်လှန်ရေးကို စွန့်ခွာသွားကြသူတွေ၊ တန်ပြန် တော်လှန်ရေးသမားဖြစ်သွားသူတွေလဲ ရှိခဲ့တယ်။

ဓနရှင်ပေါက်စ ပညာတတ်တွေဟာ လုပ်သားပြည်သူမဟုတ်တဲ့ အိမ်ထောင်ကဆင်းသက်ခဲ့တာ၊ ဓနရှင်ပညာပေးမှုကမြန်ပြီး၊ ဓနရှင် ကမ္ဘာ့အမြင်ကို ခံယူလာကြတာ၊ ဓနရှင်အဝန်းအဝိုင်းက လာကြတာကြောင့် သူတို့မှာ တွေဝေမှု၊ ယိမ်းယိုင်မှု၊ မကြံ့ခိုင်မှုစတဲ့ အားနည်းချက်တွေရှိတဲ့အပြင် သူတို့ထဲက အချို့အစိတ်အပိုင်းတွေဟာ ဓနရှင် လူတန်းစားကိုပင် အလုပ်အကျွေးပြုလိုကြတယ်။ သူတို့ကိုယ်တိုင် ဓနရှင်ဖြစ်ချင်ကြတယ်။

ဒါကြောင့် ထွန်းငြိမ်းဝါဒဟာ သူရဲ့ လူမှုရေးအခြေခံအဖြစ်နဲ့ တပ်ထဲ၊ ပါတီထဲမှာ ဓနရှင်ပေါက်စ ပညာတတ်လာသူတွေကို အခြေပြုတာပဲဖြစ်တယ်။

ဒါပေမဲ့ ပါတီရဲ့ မှန်ကန်တဲ့ ခေါင်းဆောင်မှုအရ၊ ဓနရှင်ပေါက်စ ပညာတတ် ကျောင်းသားအမြောက်အမြားကို ထွန်းငြိမ်းဝါဒက ဖျက်ဆီးသိမ်းသွင်းလို့ မရခဲ့ဘူး။ အနဲစု ဓနရှင်ပညာတတ်တွေကိုသာ ထွန်းငြိမ်း၊ ထွန်းရှိန် ဂိုဏ်းသားအဖြစ် သိမ်းသွင်းနိုင်ခဲ့တယ်။

ငါတို့ဟာ ထွန်းငြိမ်းဝါဒကို ပါတီ၊ တပ်မတော်နဲ့ ပြည်သူတွေထဲမှာသာမက၊ အလုပ်သမား၊ လယ်သမားနဲ့ ဓနရှင်ပေါက်စ လူတန်းစားတွေထဲမှာပြည်သူတရပ်လုံးထဲမှာ ကုန်စင်အောင် တိုက်ဖျက်ပစ်ဖို့လိုတယ်။ မျိုးစေ့မကျန်အောင်တိုက်ဖျက်ပစ်ဖို့လိုတယ်။

ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းကို ချေမှုန်းရေး လူထုတိုက်ပွဲ ဆင်တာဟာ အဓိကအားဖြင့် ထွန်းငြိမ်းဝါဒကို ချေမှုန်းရေးဖြစ်တယ်။

တချိန်ထဲမှာ၊ ထွန်းငြိမ်းရော၊ ထွန်းငြိမ်းဂိုဏ်းသားတွေကိုပါ ကုန်စင်အောင်ချေမှုန်းပစ်ဖို့လိုတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထွန်းငြိမ်းဝါဒကို ဖော်ထုတ်တိုက်ခိုက်ရင်း၊ ထွန်းငြိမ်းဝါဒ၊ ထွန်းငြိမ်းလမ်းစဉ်၊ ထွန်းငြိမ်းပေါ်လစီတွေကို အသေဆုပ်ကိုင်ထားတဲ့ တဦးကိုတဦးကာကွယ်ကြတဲ့ ဂိုဏ်းဖွဲ့ပြီး ပါတီဗဟိုကို လက်နက်နဲ့ ပုန်ကန်ခြားနားတဲ့ဒီဂိုဏ်းသားတွေကို ဖော်ထုတ်နိုင်ခဲ့တာ ဖြစ်တယ်။

လူထုရဲ့တိုက်ပွဲထဲက ဒီဂိုဏ်းသားတွေကိုဖော်ထုတ်နိုင်ခဲ့တာဖြစ်တယ်။

ဒါဟာ၊ ပါတီ၊ တပ်မတော်နဲ့ တော်လှန်ရေးအဖို့ ကြီးမားတဲ့ အောင်မြင်ချက်ပဲ၊ ပါတီ၊ တပ်မတော်နဲ့ ပြည်သူတွေဟာ ဘယ်လောက် ရင့်ကြက်တယ်။ ဘယ်လောက် တော်လှန်ရေး အတွေ့အကြုံ ကြွယ်ဝတယ်။ ဘယ်လောက် တော်လှန်တယ်ဆိုတာ ပြတာပဲ၊ တော်လှန်တဲ့ ပြည်သူလူထုကြီးဟာ ပြန်လည်ပြင်ဆင်ရေးဝါဒကို လက်မခံကြဘူးဆိုတဲ့ ဥက္ကဋ္ဌမော်ရဲ့ သင်ကြားချက် မှန်တာကိုပြတာပဲ။ ဒါဟာမာ့က်စ်လီနင်ဝါဒ မော်စီတုံး အတွေးအခေါ်ရဲ့ အောင်ပွဲပဲ။

ဒီလူထုတိုက်ပွဲမှာ ထွန်းငြိမ်းဝါဒနဲ့၊ ထွန်းငြိမ်း ဂိုဏ်းသားတွေကို တဆင့်တိုးပြီး နက်နက်ရှိုင်းရှိုင်းဖွင့်ချတိုက်ခိုက်ဖို့လိုတယ်။

ထွန်းငြိမ်းဝါဒနဲ့၊ ထွန်းငြိမ်း - ထွန်းရှိန်ဂိုဏ်းသားတွေ ချေမှုန်းရေး တိုက်ပွဲ၊ ပါတီ၊ တပ်မတော်တခုလုံးထဲမှာ သားစဉ်မြေးဆက် ပြန်လည်ပြင်ဆင်ရေးဝါဒခေါင်းမထောင်ရေး၊ မစိုးမိုးရေး တိုက်ပွဲဖြစ်တယ်။

ဒီတိုက်ပွဲဟာ ဒီတပွဲနဲ့ မပြီးသေးဘူး။ ဆက်တိုက်ဆက်ပြီး ဆင်နွှဲရမှာလဲဖြစ်တယ်။

ရဲဘော်တို့

ထွန်းငြိမ်းဝါဒ၊ ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းဟာ ပါတီထဲ တပ်ထဲမှာ ကြွင်းကျန်နေရင် နေဝင်းကို ငါတို့ အနိုင်တိုက်နိုင်မှာမဟုတ်ဘူး။ ပြည်သူတွေကို အလုပ်အကျွေး ပြုနိုင်မှာ မဟုတ်ဘူး။ တော်လှန်ရေးကို အောင်ပွဲထိ ခေါ်ယူနိုင်မှာမဟုတ်ဘူး။

ထွန်းငြိမ်းဝါဒနဲ့၊ ထွန်းငြိမ်းဂိုဏ်းဟာ ပါတီနဲ့ တပ်မတော်ထဲမှာ လွှမ်းမိုးသွားရင်၊ အနိုင်ရသွားရင် ပါတီနဲ့ တပ်မတော်သားတွေ၊ လူငယ် အမျိုးသမီးတွေ၊ အားသစ်တွေကို ဘယ်လောက် ရက်ရက်စက်စက် ချေမှုန်းမယ်၊ သတ်မယ်၊ ဖျက်ဆီးမယ်ဆိုတာ ရဲဘော်တို့ကိုယ်တိုင် ခံခဲ့ရတာတွေက အထင်အရှားပဲ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါဟာငါတို့ပါတီနဲ့ တပ်မတော်ကိုတည်ဆောက်နေတာဖြစ်တယ်။ ဒါကြောင့် ရန်သူကို ရဲရဲကြီး တိုက်ခိုက်ချေမှုန်းကြ၊ စွဲချက်တင် တိုက်ပွဲဝင်ကြ။"

(ပြည်သူ့တော်လှန်ရေးတရားခုံ၊ သဘာပတိအဖွဲ့ဥက္ကဋ္ဌ သခင်ချစ်၏ မိန့်ခွန်းမှ)

* ဗဟိုဆန့်ကျင်ရေး ပဲ့ကိုင်ဆရာ- ဘသန်း၊ဘိုးသာ၊ သတ်ပစ်-သတ်ပစ်။
* သိမ့်သိမ့်တုံတဲ့လေးရက်မှာ- ဦးစီးခဲ့တာ ဘိုးသာ၊ခင်ဝင်း။
* တော်လှန်တဲ့ ကျောင်းသားရဲ့ဘော်တွေ- ရန်သူ့လက်အပ်သလေ ခင်ဝင်း၊ ခင်ဝင်း။
* ထွန်းငြိမ်းဒါလောက်ရူးနိုင်အောင်- သိုင်းဝိုင်းပို့ဆောင်ဂိုဏ်းသား ငါးယောက်။
* သူတို့ဂိုဏ်းချုပ်အောင်မင်းခေါင်- ဘုရားလိုဖြစ်အောင်ဝိုင်းပင့်ချီးကျူး။
* ပါတီပြန်လှန်မရ- ဘသန်းမှတ်ထားဟ။
* တောင်မြင့်မိုရ်မြိုမရ- ဘိုးသာမှတ်ထားဟ။
* နေမင်းရောင်ဟောင်မရ- ထွန်းကျော်မှတ်ထားဟ။
* ကြယ်နီသွားတားမရ- တင်ဟန်မှတ်ထားဟ။
* ခွေးလေးခုံဖုံမထ- ခင်ဝင်းမှတ်ထားဟ။"

စွဲချက်တင်လူထုတိုက်ပွဲ ခန်းမ၌၊ ရဲဘော်၊ ရဲဘော်မများသည် သံချပ်များ ကြွေးကြော်သံများကို အော်ဟစ်ကြွေးကြော်နေကြလေသည်။

ထို့နောက်တွင် "ထွန်းငြိမ်း၊ထွန်းရှိန်ဂိုဏ်း ချေမှုန်းရေး စွဲချက်တင် လူထုတိုက်ပွဲ"တွင် စုံစမ်းစစ်ဆေးရေးကော်မရှင်၏စွဲချက်ကို ရဲဘော်ခင်ကြီး(ခ)ရွှေညို က ဖတ်ကြား၍ တင်လေသည်။

ထွန်းငြိမ်း၊ထွန်းရှိန်ဂိုဏ်း ချေမှုန်းရေးလူထုတိုက်ပွဲ
ထွန်းငြိမ်း၊ထွန်းရှိန် ဂိုဏ်းသားများဖြစ်တဲ့
ဘသန်း၊ထွန်းကျော်၊ဘိုးသာ၊တင်ဟန်၊ခင်ဝင်းတို့အပေါ်
စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စွဲချက်။

ဒါကို-ခိုင်မာတဲ့ ဖြစ်ရပ်တွေနဲ့ထွန်းငြိမ်း၊ထွန်းရှိန်ဂိုဏ်းရဲ့လက္ခဏာ ချက်တွေကို ဖော်ထုတ်စွဲချက်တင်မယ်။

(၁) ထွန်းငြိမ်း၊ထွန်းရှိန်နဲ့ ဂိုဏ်းသားတွေဖြစ်တဲ့ ဘသန်း၊ ထွန်း ကျော်၊ ဘိုးသာ၊ တင်ဟန်၊ ခင်ဝင်းတို့ဟာ ထွန်းငြိမ်းဝါဒ၊ထွန်းငြိမ်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) ထွန်းငြိမ်းထွန်းရှိန်ဂိုဏ်းသားတွေဖြစ်တဲ့ ဘသန်း၊ထွန်းကျော် ဘိုးသာ၊ တင်ဟန်၊ ခင်ဝင်းတို့ဟာ ပါတီဆန့်ကျင်ရေး၊ ပါတီတပ်မတော်နဲ့ တော်လှန်ရေး ဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေး၊ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းတွေလုပ်တာမှာ မသိနားမလည်လို့လုပ်တာ မဟုတ် အသိရှိရှိနဲ့ လုပ်တာဖြစ်တယ်။

ဒီဂိုဏ်းသား(၅)ယောက်လုံးဟာ ပါတီဗဟိုကလေ့ကျင့်မွေးမြူတည်ဆောက်ပေးတာကို ခံခဲ့ရတဲ့သူတွေဖြစ်တယ်။ ပထမ (၃) ယောက်ဟာ ဗဟိုမှာကဲစိလီနင်ကျောင်းဆင်းဖြစ်တယ်။ ပထမ(၄) ယောက်ဟာ ဆိုရင် ပါတီဗဟိုက လေ့ကျင့်ပေးတဲ့ သင်တန်းနဲ့ ဗဟိုလှုပ်ရှားမှုအမျိုးမျိုးထဲမှာ ပါခဲ့ပြီးသူတွေလဲ ဖြစ်တယ်။ ခင်ဝင်းဆိုရင်လဲ ဗဟိုက အစီအစဉ်နဲ့ ပေးတဲ့သင်တန်းနဲ့ တပ်တည်ဆောက်ရေး လှုပ်ရှား မှုတွေမှာ ပါဝင်ဘူးသူဖြစ်တယ်။

ဒါသာမကဘူး၊စိန်၊ပိန် ပြန်လည်ပြင်ဆင်ရေးတိုက်ပွဲမှာ ပါဝင်ခဲ့ကြတယ်။ သမိုင်းဝင်မြေ ၂၇-နေ့ ဆုံးဖြတ်ချက်ဟာ ပါတီထဲမှာတော်လှန်ရေးဖြစ်တယ်။တော်လှန်တဲ့ ပါတီဗဟိုကို ဝိုင်းရံရမယ် ဆိုတာကို သူတို့သိပြီးဖြစ်တယ်။

ဒါသာမကဘူး၊နေရှင်ပေါက်စ ပညာတတ်တွေကို တပ်ထဲမှာ လေ့ကျင့်မွေးမြူရေးနဲ့ပတ်သက်တဲ့ ကေဒါပေါ်လစီကို သူတို့ပါ ပါဝင်ပြီး ပါတီဗဟိုက ချထားတာ သူတို့အသိဖြစ်တယ်။

အဲ့ဒီပေါ်လစီအရ သူတို့(၅) ယောက်လုံးဟာ တိုက်တိုင်းအောင် (၁)တပ်ထဲမှာ တပ်သားအဖြစ်နဲ့ တာဝန်ပေးထားတာဖြစ်တယ်။

တိုက်တိုင်းအောင်(၁)ဟာ ပါတီတော်လှန်ရေးနဲ့ ပြည်သူတရပ်လုံးရဲ့ အကျိုးစီးပွားအတွက် ရန်သူရဲ့ထိုးစစ်ကို ထိုးစစ်နဲ့ ရိုက်ချိုးဖို့ ဘယ်လောက်တာဝန်ကြီးလေးတယ်။အထူးသဖြင့် ပါတီဗဟိုကို ချေမှုန်းဖို့ ကြိုးပမ်းနေတဲ့ ထိုးစစ်ကို ရိုက်ချိုးရေးဖြစ်လို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ပါတီဥက္ကဋ္ဌကိုယ်တိုင် အကြိမ်ကြိမ် ပညာပေးပြီး တာဝန်ကို လွှဲအပ်လိုက်တာဖြစ်တယ်။ တိုက်တိုင်းအောင် (၁) တာဝန်ယူ ဖို့တောင်းဆိုကြတဲ့ရဲဘော် ရဲဘော်အမြောက်အမြားထဲက သူတို့ကို အထူးအခွင့်အရေးပေးလိုက်တာဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါပေမဲ့ သူတို့ဟာ ပါတီဥက္ကဋ္ဌ ပါတီဗဟိုနဲ့ ဗဟိုစစ်ကော်မရှင်က တာဝန်ပေးအပ်တဲ့ အဲ့ဒီစစ်မြေပြင်က အသိရှိရှိနဲ့ ထွက်ပြေးကြတယ်။ စစ်ပြေးတွေဖြစ်တယ်။

(ဃ) ထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်းနဲ့ ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်၊ ခင်ဝင်းဂိုဏ်းသားတွေရဲ့ လုပ်ရပ်တွေဟာ ရုတ်တရက် ရှောင် တခင်ဖြစ်လာတာတွေမဟုတ်ဘူး။ မြို့ပေါ်ကျောင်းသား လှုပ်ရှားမှု ကာလမှာရော တော်လှန်ရေးထဲရောက်တဲ့ ၄-၅ နှစ်ကာလမှာရော တလျှောက်လုံးဖြစ်ခဲ့တာဖြစ်တယ်။

(က) ဒီဂိုဏ်းသား (၅)ယောက်လုံးဟာ မြို့ပေါ်မှာ ကျောင်း သားလှုပ်ရှားမှုထဲမှာပါဝင်ခဲ့ဘူးပေမဲ့ သူတို့ဟာပါတီရဲ့ ခေါင်းဆောင် မှုကိုခံယူပြီး တော်လှန်တဲ့ ကျောင်းသားလှုပ်ရှားမှုကို ရှေ့တန်းက ရှုတ် ရှုတ်ချွံချွံ တိုက်ပွဲဝင်ခဲ့သူတွေမဟုတ်ဘူး။

သူတို့ဟာ မကြာမကြာတွေဝေသူတွေဖြစ်တယ်။ ရန်သူနဲ့ စေ့စပ် သူတွေဖြစ်တယ်။ တိုက်ပွဲပြင်းထန်လာချင် တိုက်ပွဲရှောင်သူတွေ ထွက် ပြေးသူတွေဖြစ်တယ်။ ဒါသာမကဘူး၊ ကျောင်းသားလှုပ်ရှားမှုကို ရှေ့ တန်းမှ ရှုတ်ရှုတ်ချွံချွံ ရှေ့ဆောင်တိုက်နေတဲ့ ကျောင်းသားပါတီစိတ် ခေါင်းဆောင် ရဲဘော်မြမောင်တို့ကို ဂိုဏ်းခွဲပြီး ဆန့်ကျင်ဖက်လုပ်ခဲ့သူ တွေဖြစ်တယ်။ တကယ်ကပါတီကို ဆန့်ကျင်သူတွေဖြစ်တယ်။

(ခ) တော်လှန်ရေးထဲရောက်ပြီးနောက် သူတို့ရဲ့ဂိုဏ်းချုပ်ကြီး တဦးဖြစ်တဲ့ ထွန်းရှိန်နဲ့ သူတို့ဟာ ၆၄-ခုနှစ် ကျောင်းသား အစည်းအ ဝေးမှာ ကျောင်းသားရဲ့ အနှစ်(၄၀)သမိုင်းဆိုတာကိုပြုစုပြီး ကျောင်း သားရဲ့အကောင်းကို ရှေ့ဆုံးတန်းကို ဖော်ထုတ်ဖို့လုပ်ကြတယ်။ ဒီအချိန် ဟာ ပါတီနဲ့တော်လှန်တဲ့ ကျောင်းသားထုအပါအဝင် ပြည်သူတွေ ထဲမှာ(၂၅)နှစ် ပါတီသမိုင်းကို လေ့လာပညာပေးတဲ့အချိန်ဖြစ်တယ်။ ဒါကို စင်ပြိုင်ယှဉ်ပြိုင်ပြီး ပညာပေးဖို့ လုပ်ကြတာဖြစ်တယ်။

ဒီအချိန်ထဲက ထွန်းရှိန်၊ထွန်းကျော်တို့ကတော့ ပါတီဗဟိုကိုနောက် ကျောက ဓားနဲ့ထိုးဖို့ လုံးပမ်းကြတယ်။

(ဂ) ၆၇-ခုနှစ်မှာ စိန်ပီါန်ပြန်လည်ပြင်ဆင်ရေး တိုက်ပွဲဟာအလွန် ပြင်းထန်နေတဲ့အချိန်ဖြစ်တယ်။ တိုက်ပွဲအမြင့်မားဆုံး ဒီအချိန်မှာ ထွန်း ရှိန်နဲ့ ထွန်းကျော်၊တင်ဟန်တို့ဟာ တပ်သစ်တပ်ဟောင်းပြဿနာကို ဖော်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထုတ်ပြီး ပြန်လည် ပြင်ဆင်ရေး တိုက်နေတဲ့တပ်ဖွဲ့ထဲမှာ ကွဲပြားကုန်အောင် လုပ်ခဲ့တယ်။ ပြည်သူ့တပ်မတော်ကိုဖျက်ဆီးဖို့ကြိုးစားတယ်။ ဒါသာမကဘူး၊ အဲ့ဒီအချိန်မှာပဲ စခန်းကော်မီတီ ရဲဘော်နှစ်ဦးက စိန်၊ပိန် တိုက်ပွဲတိုက်နေစဉ် ထွန်းရှိန်နဲ့ သူ့ဂိုဏ်းသားတွေဟာ(၅)မျိုးဆန့်ကျင်ရေး လှုပ်ရှားမှုဆိုတာ လုပ်ပြီး၊ စိန်၊ပိန် တိုက်ပွဲမှာ တိုက်ပွဲဝင်နေတဲ့ ရဲဘော်ညိုအောင်နဲ့ ရဲဘော်တင်မောင် ကော်မီတီ နှစ်ဦးကို ထိုးနှက်ပြီး စိန်၊ပိန်တိုက်ပွဲ လမ်းကြောင်းကို ပြောင်းဖို့ ကြိုးစားခဲ့ကြတယ်။

(ဃ) ဒါသာမကဘူး၊ လောလောဆယ်မှာ မော်နိုင်စစ်ဆင်ရေးမှာ ရန်သူ့ထိုးစစ်ကို ထိုးစစ်နဲ့ ရိုက်ချိုးဖို့ တိုက်တိုင်းအောင်(၁)ထဲမှာသူတို့ကို တာဝန်ပေးတဲ့ အစပိုင်းမှာလဲထွန်းကျော်နဲ့ ဘိုးသာတို့ဟာ အခြားကျောင်းသားလူငယ်တချို့ကိုပါ ဆွဲဆောင်ပြီး တိုက်တိုင်းအောင်ပါတီ ကော်မီတီကို ပြန်လည်ပြင်ဆင်ရေးသမားတွေ ဖြစ်တယ်ဆိုပြီးလှုံ့ဆော်တိုက်ခိုက်တာတွေ လုပ်ခဲ့ကြတယ်။

ဒါတွေကိုကြည့်ရင်၊ ထွန်းငြိမ်း၊ထွန်းရှိန်ဂိုဏ်းရဲ့ ဒီဂိုဏ်းသားတွေဟာ ပါတီကို ဆန့်ကျင်ဖို့၊ ပါတီ၊တပ်နဲ့ တော်လှန်ရေးကို ဖျက်ဆီးဖို့ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေးလုပ်တာ၊ ရှောင်တခင် မဟုတ်ဘူး။ သူတို့ရဲ့ သက်တန်းတလျှောက်လုံးမှာ လုပ်ခဲ့တာ ဖြစ်ကြောင်း စွဲချက်တင်တယ်။

(၅) ဒီဂိုဏ်းသားတွေဟာ ပါတီကို ဆန့်ကျင်တာ၊ပါတီတပ်မတော်နဲ့ တော်လှန်ရေးဖျက်ဆီးတာ၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေး အလုပ်တွေကို တလျှောက်လုံး လုပ်ခဲ့တာဟာ သူတို့ရဲ့လူတန်းစား လက္ခဏာနဲ့ သူတို့ရဲ့ နိုင်ငံရေးကြောင့် ဖြစ်တယ်။

ဗမာပြည် တော်လှန်ရေးကို အလုပ်သမားလူတန်းစားက ခေါင်းဆောင်ရမယ်။ အလုပ်သမားလူတန်းစားက ခေါင်းဆောင်တယ်ဆိုတာဟာ၊အလုပ်သမားလူတန်းစားရဲ့ တပ်ဦးဗမာပြည် ကွန်မြူနစ်ပါတီက ခေါင်းဆောင်တာဘဲ။ ဗမာပြည်ကွန်မြူနစ်ပါတီက ခေါင်းဆောင်တယ်ဆိုတာလဲ၊ ပါတီဗဟိုက ခေါင်းဆောင်တာ ဖြစ်တယ်။ ပါတီဗဟိုဆိုတာမှာလဲ၊ ဥက္ကဋ္ဌ သခင်သန်းထွန်းက အမှူးပြုတာဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကြောင့်လဲ ဗမာပြည်မှာ နယ်ချဲ့သမား၊ မြေရှင် လူတန်းစားနဲ့ အာဏာရ ဖြူရိုကရက် မနရှင်လူတန်းစား အစိုးရတိုင်းဟာပါတီဥက္ကဌ သခင်သန်းထွန်းနဲ့ ဗမာပြည် ကွန်မြူနစ်ပါတီကို အစဉ်မပြတ် နည်းမျိုးစုံနဲ့ ထိုးနှက် တိုက်ခိုက်ကြတာဖြစ်တယ်။

ဒီဂိုဏ်းသားတွေကလဲ ပါတီဥက္ကဌကို၊ ပါတီဗဟိုကို အရူးအမူးနဲ့ ဆန့်ကျင်တိုက်ခိုက်ကြတယ်။ ဒါဟာ၊ သူတို့ ရပ်တည်မှုကို ပြတာဖြစ်တယ်။ သူတို့ဟာ ပစ္စည်းမဲ့ လူတန်းစားနဲ့ ပြည်သူတွေဖက်ကမဟုတ်ပဲ၊ မနရှင်လူတန်းစားနဲ့ ဖောက်ပြန်ရေးသမားတွေဖက်က နေဝင်းဖက်က ဖြစ်တယ်။

ဒီလိုလုပ်တာဟာလဲ သူတို့ရဲ့ လူတန်းစား လက္ခဏာနဲ့၊ သူတို့ရဲ့နိုင်ငံရေးကြောင့်ဖြစ်တယ်။

(၁) ဘသန်း မိဘဟာ မြေရှင်၊ သူတို့ရဲ့ အိမ်ထောင်စု၊ ဗြူရိုကရက် အရာရှိ အိမ်ထောင်စုဖြစ်တယ်။ သူ့အစ်မဟာဝတ်လုံအရာရှိကြီး ဖြစ်တယ်။ သူကိုယ်တိုင် မနရှင် ပညာတတ်ဖြစ်တယ်။

(၂) ထွန်းကျော် မိဘဟာ မနရှင်၊ သူတို့ရဲ့ အိမ်ထောင်စုဟာ မနရှင်အိမ်ထောင်ဖြစ်တယ်။ သူကိုယ်တိုင် မနရှင်ပညာတတ် ဖြစ်တယ်။ သူ့အမေကတော့ ပါတီနဲ့နီးစပ်သူဖြစ်တယ်။ ပါတီဖက်ကရပ်တယ်။ သူ့အဖေ ကတော့ဖောက်ပြန်တယ်။

(၃) ဘိုးသာ မိဘဟာမြေရှင်၊ သူတို့ရဲ့ အိမ် ထောင်စုဟာ၊ ဗြူရိုကရက်ခစ်ဗိုလ်အိမ်ထောင်စုဖြစ်တယ်။ သူ့အစ်ကိုဟာ ဒု-ဗိုလ်မှူးကြီး ဖြစ်တယ်။ သူကိုယ်တိုင် မနရှင် ပညာတတ်ဖြစ်တယ်။

(၄) တင်ဟန် မိဘ၊ သူ့အမေက စိန်ပွဲစား၊ မြို့အထက်လွှာ အိမ်ထောင်စုဖြစ်တယ်။ သူကိုယ်တိုင် မနရှင်ပညာတတ် ဖြစ်တယ်။

(၅) ခင်ဝင်းမိဘ၊ အင်္ဂလိပ် နယ်ချဲ့ရဲ့ ကုမ္ပဏီ စတီးဘရားသားကုမ္ပဏီရဲ့ ဝင်းပိုင်စာရေးကြီး မြို့အထက်လွှာ အိမ်ထောင်စုဖြစ်တယ်။

သူတို့ရဲ့ မိဘတွေဟာ မြေရှင်မနရှင်တွေ ဖြစ်ပြီး၊ သူတို့ ကိုယ် ဟာ မနရှင် ပညာတတ်တွေဖြစ်တယ်။ မနရှင်ပညာရေးကို နှစ်ပေါင်းများစွာ ခံယူခဲ့ပြီး၊ မနရှင်ကမ္ဘာ့အမြင်ရှိတဲ့သူတွေဖြစ်တယ်။ မနရှင်ဥပဒေဘောင် အတွင်း ပြုပြင်ရေးသမားတွေ ဖြစ်တယ်။ ဒီဂိုဏ်းသားတွေဟာမြို့ပေါ်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မှာ ကျောင်းသားဘဝ၊ ကျောင်းသားလှုပ်ရှားမှုမှာ တစုံတရာ ပါဝင်ဘူးပေမဲ့ တကယ်ထိထိရောက်ရောက် ပါဝင်ခဲ့တာမဟုတ်ဘူး။ မှန်ကန်တဲ့ ရည်ရွယ်ချက်နဲ့ ပါခဲ့တာမဟုတ်ဘူး။

နိုင်ငံရေးနှင့် ပတ်သက်ရင်လဲ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးဆိုတဲ့ နိုင်ငံရေးအောက်မှာ သူတို့ဟာ တက်တက်ကြွကြွ ပါလာကြတာဖြစ်တယ်။

ဒါကြောင့်· သူတို့ဟာ အကြမ်းဖက်တော်လှန်ရေး (ဝါ) ရေရှည်ပြည်သူ့စစ်ပွဲ ဆင်နွဲရမယ်ဆိုတဲ့ ပစ္စည်းမဲ့တော်လှန်ရေးတရားကိုလက်ခံယုံကြည်ကြသူတွေ မဟုတ်ဘူး။

သူတို့လက်နက်ကိုင် တော်လှန်ရေးထဲ ပါလာတာဟာ၊ စေ့စပ်ရေးပျက်ပြီး ရန်သူက သိမ်းကျုံးဖမ်းတဲ့အချိန်မှာ မလွဲမရှောင်သာလို့လာကြတာ။ လာတဲ့အခါမှာလဲငြိမ်းချမ်းရေးပြန်ဖြစ်အုံးမယ်လို့မြော်လင့်တာ။ တချို့ကလဲ၊ တော်လှန်ရေး ရေတိုနဲ့ အောင်မယ် ထင်တာတွေအရ ပါလာတာ။ ပါတီဖျက်ဆီးဖို့ပါလာတာဖြစ်တယ်။ သူတို့ဟာ တော်လှန်ရေး လှေကြုံစီးသမားတွေ ဖြစ်တယ်။

သူတို့ရဲ့ လူတန်းစား အခြေခံနဲ့၊သူတို့ရဲ့၊ ဒဲ့ဒီနိုင်ငံရေးကြောင့် သူတို့ဟာ နေဝင်းစစ်တပ်ကို ချေမှုန်းတိုက်ခိုက်တာကို မလိုလားကြဘူး။ အင်မတန်စိုးရိမ်ကြတယ်။ ဒါဟာ ဓနရှင်လူတန်းစား အာဏာရှင်စံနစ်ကို ထူထောင်ရေး၊ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုံးအတွေးအခေါ်ရဲ့ အနှစ်သာရကို ဆန့်ကျင်တာ ဖြစ်တယ်။

သူတို့ဟာ၊ ပစ္စည်းမဲ့ လူတန်းစားနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုနဲ့သာ ပစ္စည်းမဲ့ တော်လှန်ရေးကို ဆင်နွဲပြီး၊ ပစ္စည်းမဲ့ အာဏာရှင်စံနစ်ကို ထူထောင်နိုင်မယ်ဆိုတဲ့ ပစ္စည်းမဲ့လူတန်းစားပါတီရဲ့ အခန်းကိုလဲ ဆန့်ကျင်သူတွေ ဖြစ်တယ်။

ဒါကြောင့် ဒီဂိုဏ်းသားတွေဟာ၊ မာ့က်စ်လီနင်ဝါဒ မော်စီတုံး အတွေးအခေါ်ရဲ့ အခြေခံတရားသုံးပါးလုံးကို ဆန့်ကျင်တဲ့ ပြန်လည်ပြင်ဆင်ရေးသမားတွေသာ ဖြစ်ကြောင်း၊ ဓနရှင်လူတန်းစား ကိုယ်စားလှယ်တွေ ဖြစ်ကြောင်း စွဲချက်တင်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) ဘသန်း၊ထွန်းကျော်၊ဘိုးသာ၊တင်ဟန်၊ခင်ဝင်းဆိုတဲ့ ဒီဂိုဏ်းသား(၅)ယောက်လုံးဟာ တော်လှန်စစ်ကို ဖျက်ဆီးတဲ့ တော်လှန်တဲ့သမိုင်းကို ဖျက်တဲ့ ထွန်းငြိမ်း၊ထွန်းရှိန် ဂိုဏ်းရဲ့ မိုက်ဖော်ဆိုးဖက်တွေဖြစ်ကြောင်း စွဲချက်တင်တယ်။

ထွန်းငြိမ်း၊ထွန်းရှိန်ဂိုဏ်းရဲ့ အခုမှ ပြည်သူ့စစ်အုတ်မြစ်ချရေး ဆိုပြီး တော်လှန်စစ် အနှစ် ၂၀-သမိုင်းကို ချေဖျက်ပစ်တာ။

အရင်းခံ အလှည့်အပြောင်းဆိုပြီး တော်လှန်တဲ့သမိုင်း၊ ပါတီသမိုင်း တခုလုံးကို ဖျက်ဆီးပစ်တာ။

တပ်သစ်၊တပ်ဟောင်းဆိုပြီး ပြည်သူ့တပ်မတော်သမိုင်းကို ဖျက်ဆီးပစ်တာ။

ဒီဖောက်ပြန်လှတဲ့အလုပ်တွေမှာ ဒီဂိုဏ်းသားတွေဟာ အင်မတန် တက်ကြွပြီး ထွန်းငြိမ်းထက်ပင် ပိုမိုပြောင်ကျစွာ ဖော်ထုတ် ကြတယ်။ လက်တွေ့အကောင်အထည်ပေါ်အောင် ကြိုးပမ်းကြတယ်။အထူးသဖြင့် ပြည်သူ့တပ်မတော်ကို တပ်ဟောင်း(၀၁) ရန်သူ့တပ်နဲ့ အတူတူ မုဒိမ်းတပ်၊ ခေါးပြတပ်ဖြစ်အောင် သရုပ်ဖျက်ရာမှာ ဒီဂိုဏ်းသားတွေဟာ အင်မတန် တက်ကြွစွာ လုပ်ကြတယ်။ ဦးနုရဲ့ လူထုအောင်သံအတိုင်း ပြည်သူ့တပ်မတော် လာဖျက်ဆီးတဲ့ ခနရှင်လူတန်းစား သူလျှိုတွေဖြစ်တယ်။ ဒါဟာရန်သူကို အကောင်းဆုံးအလုပ်အကျွေးပြုတာ၊ တော်လှန်ရေးကို ယုတ်မာစွာ ဖျက်ဆီးတာဖြစ်တယ်။

ဒါကြောင့် ဒီဂိုဏ်းသား (၅) ယောက်လုံးဟာ တော်လှန်စစ်ကို ဖျက်ဆီးတဲ့၊ တော်လှန်တဲ့သမိုင်းကို ဖျက်ဆီးတဲ့ ထွန်းငြိမ်း၊ထွန်းရှိန်ဂိုဏ်းသားတွေ ဖြစ်ကြောင်း စွဲချက်တင်တယ်။

(၅) ဘသန်း၊ထွန်းကျော်၊ဘိုးသာ၊တင်ဟန်၊ခင်ဝင်းဆိုတဲ့ ဒီဂိုဏ်းသား (၅)ယောက်လုံးဟာ အကြီးဆုံး ဂိုဏ်းခွဲရေး သမားတွေ ဖြစ်ကြောင်း စွဲချက်တင်တယ်။

ဒီဂိုဏ်းသား(၅)ယောက်ဟာ ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းရဲ့ ဂိုဏ်းခွဲရေး လုပ်ငန်းမှာ အတက်ကြွဆုံး ရှေ့တန်းက အကောင်အထည်ဖော်သူတွေ ဖြစ်တယ်။

ဒီဂိုဏ်းသားတွေဟာ ခေါင်းဆောင်မှု စိုက်ထူရေးဆိုပြီးခေါင်းဆောင် ကေဒါတွေနဲ့ တပ်မတော်၊ လူငယ်၊အမျိုးသမီး သုံးဦးပေါင်း ညီညွတ်ရေးကို ဖျက်ဆီးခဲ့တယ်။ တပ်သားဟောင်းနဲ့ တပ်သားသစ် ညီညွတ်ရေးကို ဖျက်ဆီးတယ်။ တပ်နဲ့ပါတီကို သွေးခွဲတယ်။ ဓနရှင်ပေါက်စ ပညာတတ်တွေနဲ့ အလုပ်သမား၊ လယ်သမား ကေဒါနှစ်ရပ် ပေါင်းစပ်ရေးကို ဖျက်ဆီးတယ်။ လူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေးကို ဖျက်ဆီးတယ်။ ကျောရိုးဆိုပြီး၊စစ်စုံထောက်မွေးပြီး၊တပ်တွင်း ပါတီညီညွတ်ရေးကို ဖျက်ဆီးတယ်။

ဒါကြောင့် ဒီဂိုဏ်းသား(၅)ယောက်လုံးဟာ အကြီးဆုံး ဂိုဏ်းခွဲရေးသမားတွေဖြစ်ကြောင်း စွဲချက်တင်တယ်။

(၆) ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်၊ ခင်ဝင်းဆိုတဲ့ ဒီဂိုဏ်းသား(၅)ယောက်လုံးဟာ အာဏာရူးအခွင့်ထူးခံ အမျိုးသမီးတွေကို ဖျက်ဆီးတဲ့ တဏှာရူးတွေဖြစ်ကြောင်း စွဲချက်တင်တယ်။

ဒီဂိုဏ်းသား(၅)ယောက်လုံးဟာ သူတို့ကိုတိုက်တိုင်းအောင်တပ်မှာ တပ်သားသွားလုပ်ဖို့ ပါတီဗဟိုက ပေးတဲ့တာဝန်ကို သူတို့ကို နှိမ်တာ သူတို့ကိုသေအောင်လုပ်တာလို့ သဘောထားခဲ့ကြတယ်။

"သူတို့ဟာ တပြည်လုံးခေါင်းဆောင်တွေဖြစ်တယ်။ ပါတီ ပြန်ဖွဲ့ရင် သူတို့ကိုစဉ်းစားရမယ်။ သူတို့ဟာဗဟိုကော်မီတီ အရည်အချင်းရှိတဲ့ သူတွေဖြစ်တယ်"ဆိုတဲ့ ထွန်းငြိမ်းရဲ့သဘောထားကို သူတို့အလွန်သဘောကျတယ်။ စိုးသန်းကသူတို့ကို နိုင်ငံရေးမှူး ရာထားတာ၊ တာဝန်ခံကြီးတွေအဖြစ် ရာထားတာကို အလွန်နှစ်သက်ကြတယ်။

လက်တွေ့မှာ ထွန်းငြိမ်းတပ်ဖွဲ့မှာ သူတို့ဟာ တပ်သားမဟုတ်၊တပ်မှူးတွေဖြစ်နေတာ။တပည့်မဟုတ်၊ဆရာကြီးတွေဖြစ် နေတာ။ ငယ်သားမဟုတ်၊ ခေါင်းဆောင်ကြီးတွေ ဖြစ်နေတာကို အလွန် သဘောကျပြီး ထွန်းငြိမ်းဝါဒ ထွန်းငြိမ်းလမ်းစဉ်ပေါ်လစီကို သူတို့အကောင်အထည်ဖော်ကြတာဖြစ်တယ်။

ဒါကြောင့် ဒီဂိုဏ်းသားတွေဟာ အာဏာရူးတွေဖြစ်တယ်။

ဒီဂိုဏ်းသား(၅)ယောက်ဟာ ထွန်းငြိမ်း အခွင့်ထူးခံဖို့ ဆေးဌာန တာဝန်ခံက ထောက်ခံစာရေး၊ အထွေထွေအုပ်ချုပ်ရေးမှူးက ဝယ်ခြမ်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပေး၊ တပ်သားတာဝန်ခံက ခွဲဝေပေး၊ ဝါဒဖြန့်သူက ဝါဒဖြန့်ပေးပြီး ထွန်းငြိမ်းအခွင့်ထူးခံနိုင်အောင် အမျိုးမျိုးဖန်တီးပေးကြတယ်။တချိန်ထဲမှာ ထွန်းငြိမ်းရဲ့ရတဲ့ အခွင့်အရေးကို သူတို့လဲ ဝေစုခံကြတယ်။ ဒါကြောင့် ဒီဂိုဏ်းသားတွေဟာ အခွင့်ထူးခံတွေလဲဖြစ်တယ်။

ထွန်းငြိမ်းထွန်းရှိန် ဂိုဏ်းသားတွေဟာ ဂိုဏ်းဝင်ဖြစ်တာနဲ့ အမျိုးသမီးတွေနဲ့ ဆက်ဆံရေးမှာ အခွင့်ထူးရကြတယ်။ ခေါ်ချင်တဲ့အချိန်၊ ခေါ်ချင်တဲ့နေရာခေါ်ပြီး တိုင်ပင်ဆွေးနွေးခွင့်ကို ရရှိကြတယ်။

အမျိုးသမီးတွေကို ဖျက်ဆီးဖို့ အခွင့်အရေးတွေကို ရရှိကြတယ်။ သူတို့ဖျက်ဆီးတာကိုလဲ အချင်းချင်းဝိုင်းပြီး ကာကွယ်ကြတယ်။ ဒါကြောင့် ဒီဂိုဏ်းသားတွေဟာ အားသစ်အမျိုးသမီးတွေကို ဖျက်ဆီးတဲ့ တရားခံတွေဖြစ်ကြတယ်။

ဒါတွေအရ ဒီဂိုဏ်းသား(၅)ယောက်လုံးဟာ အာဏာရှူး အခွင့်ထူးခံ အမျိုးသမီးတွေကိုဖျက်ဆီးတဲ့ တရားခံတွေဖြစ်ကြောင်း စွဲချက်တင်တယ်။

(၇) ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်၊ ခင်ဝင်းဆိုတဲ့ ဒီဂိုဏ်းသား(၅)ယောက်လုံးဟာ အကြမ်းဖက်တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ရေးသမား ထွန်းငြိမ်း ထွန်းရှိန် ဂိုဏ်းသားတွေဖြစ်တယ်။

ဒီဂိုဏ်းသား(၅)ယောက်လုံးဟာ အတွေးအခေါ်နှစ်ရပ် လမ်းစဉ်နှစ်ရပ်တိုက်ပွဲမှာသွေးကျမယ်။ထွန်းငြိမ်းအတွက် အသက်ပေးပြီးတိုက်ဖို့ သန္နိဋ္ဌာန်ချဖို့ သူတို့ကိုယ်တိုင်လဲ သန္နိဋ္ဌာန်ချ၊တပ်ဖွဲ့တခုလုံးကိုလဲ သန္နိဋ္ဌာန်ချအောင် လုံးပမ်းကြတယ်။

ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်၊ ခင်ဝင်းတို့ကို စုံစမ်းစစ်ဆေးရေးကော်မရှင်က စစ်ဆေးတဲ့အခါ သူတို့ဟာ သွားတိုက်ဆေးလိုညှစ်မှ တစတစ အနည်းငယ်စီ ထွက်တယ်။ လူထုတိုက်ပွဲမှာ လူထုက ဖော်ထုတ်လာတဲ့အခါ သူတို့လဲ တစစီတစစီ ဖော်ထုတ် လာကြတယ်။ ဖော်ထုတ်လိုက်ရင် အဖိုးကြီးတော့ ဒုက္ခပဲဆိုပြီး သူတို့ချင်းညှိပြီး ထွန်းငြိမ်းကို ကာကွယ်ကြတယ်။

နောက်ဆုံးထိ ဒီဂိုဏ်းသား(၅)ယောက်လုံးဟာ သူတို့ရဲ့ အကြံအစည်တွေကို အကုန်မဖော်ထုတ်ဘူး။ သူတို့ဂိုဏ်းဝင်တွေ အဆက်အသွယ်တွေကို မဖော်ထုတ်ကြဘူး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒါကြောင့်ဒီဂိုဏ်းသား(၅)ယောက်လုံးဟာ ပါတီကိုသစ္စာမရှိဘူး။ ထွန်းငြိမ်းကိုသာ သစ္စာရှိတယ်။ ပစ္စည်းမဲ့လူတန်းစားကိုအလုပ်အကျွေး မပြုဘူး။ ခနရှင်လူတန်းစားကို အလုပ်အကျွေးပြုတယ်။ ခေါင်းမာတဲ့ လက်နက်ကိုင် တန်ပြန်တော်လှန်ရေး၊ ပြန်လည် ပြင်ဆင်ရေးသမားတွေ ဖြစ်တယ်။

ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်၊ခင်ဝင်းဆိုတဲ့ ထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်းသား(၅)ယောက်လုံးဟာ ထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်းရဲ့....

(၁) ပါတီဗဟိုကို လက်နက်ကိုင်ပုန်ကန်ခြားနားတဲ့ စင်ပြိုင် ဗဟိုထူထောင်တဲ့ ဂိုဏ်းသားတွေဖြစ်တယ်။

(၂) ပါတီရဲတော်လှန်ရေးလမ်းစဉ်ကို ဆန့်ကျင်ပြီး ပြန်လည် ပြင်ဆင်ရေး စင်ပြိုင် လမ်းစဉ် ထူထောင်တဲ့ ဂိုဏ်းသား တွေဖြစ်တယ်။

(၃) ပါတီနဲ့ တပ်မတော်ကို ဖျက်ဆီးတဲ့ဂိုဏ်းသားတွေ ဖြစ် တယ်။

(၄) တော်လှန်စစ်ကို ဖျက်ဆီးတဲ့၊ တော်လှန်တဲ့ သမိုင်းကို ဖျက်ဆီးတဲ့ဂိုဏ်းသားတွေဖြစ်တယ်။

(၅) အကြီးဆုံးဂိုဏ်းခွဲတဲ့ ဂိုဏ်းသားတွေဖြစ်တယ်။

(၆) အာဏာရူး၊ အခွင့်ထူးခံ အမျိုးသမီးတွေ ဖျက်ဆီးတဲ့ တဏှာရူးဂိုဏ်းသားတွေဖြစ်တယ်။

(၇) အကြမ်းဖက်တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင် ရေးဂိုဏ်းသားတွေဖြစ်တယ်။

ဒါကြောင့်....

ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်၊ ခင်ဝင်းဆိုတဲ့ ထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်းသား (၅) ယောက်လုံးကို မသေမချင်းသတ်ဖို့၊ ပြည်သူ့ ခုံရုံးက အပြစ်ပေးပါရန် ပါတီဝင်တွေ၊ တပ်မတော်သားတွေ၊ တော် လှန်တဲ့လူငယ်အမျိုးသမီးတွေ၊ တော်လှန်တဲ့ ပြည်သူတွေရဲ့ ကိုယ်စား ကျဆုံးသွားတဲ့အာဇာနည်တွေရဲ့ ကိုယ်စားစွဲချက်တင်တယ်။

(သခင်ချစ်ရေးသားသော ငြိမ်း-ရှိန် ဂိုဏ်းသားများအပေါ် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စွဲချက်မှုရင်းမှ-)

ရဲဘော်ခင်ကြီးသည် သခင်ချစ်ရေးပေးသောစွဲချက်ကိုဖတ်ကြားပြီး၊ နောက်ဆုံးတွင် ရဲဘော်ထွန်းကျော်၊ ရဲဘော် ဘသန်း၊ ရဲဘော်ဘိုးသာ နှင့် ရဲဘော်ခင်ဝင်း တို့အား မသေမချင်း သတ်ရန်ကို အလေး အနက် တောင်းဆိုသွားလေတော့သည်။

ထိုအခါတွင် တပ်နီ လူငယ်များသည် သံချပ်များကို အော်ဟစ်၍ နေကြသည်။

* အတွင်းဝန်ချုပ်ဘသန်းဟာ- ပေါ်လစီမှာအပိုင်ဆုံးပဲ။
* အလံနီပေါက်စထွန်းကျော်ဟာ- မင်းမဲ့ဂိုဏ်းမှာ ခြေအသွက်ဆုံး။
* တပ်ကိုကိုင်ဖို့အားကိုးတာ- ဗိုလ်စုတ်ဘိုးသာနိုင်ငံရေးမှူး။
* ပန်ကာထိပ်သီးတင်ဟန်ဟာ- ထွန်းငြိမ်းလိုရာသုံးတဲ့လက်ရုံး။
* နောက်တိုးခွဲတဲ့ဗဟိုကော်မီတီ- လက်စောင်းထက်သည်ရမ်းတဲ့ခင်ဝင်း။
* သိက္ခာချလို့နှိမ်ရာမှာ- ဘသန်းမောက်မာ နံပါတ် ၁ မျိုး။
* ထွန်းငြိမ်းဝါဒဖြန့်ရာမှာ- ထွန်းကျော်ဆိုတာ အတက်ကြွဆုံး။

ဤသို့ ကြွေးကြော် အော်ဟစ် ပြီးနောက် မြစ်ဝ ကျွန်းပေါ် တိုင်း ကော်မီတီ ရဲဘော်ဝင်းမောင်စပ်ဆိုပေးသော ဗုံထောက်သံကို အသံနေ အသံထားနှင့် သီဆို၍ နေကြလေသည်။

("ခါချဉ်ကောင် မာန်ကြီးလို့- တောင်ကြီးကိုတဲ့ ဖြိုမယ်ကြံ-ခါးက မသန်) (ပါတီများအံ့တုရန်-ဆင်ကြံကြံလေအား) သန်း၊ ကျော်၊ ဝင်း၊ သာ၊ ဟန်၊ ရှိန် တွေ သန်း၊ ကျော်၊ ဝင်း၊ သာ၊ ဟန်၊ ရှိန်တွေ-ဇီဝိန်ချွေတိုက်ဖျက်စို့လား...."

"အချင်းချင်းလဲမကယ်နိုင်-အချုပ်ထဲမှာမှိုင်။
ကြိုးတုပ်ကြီးနဲ့နေ၁-(အော)၊ ဦးထုပ်ကြီးနဲ့လား (ဝါး)။
ခြေထောက်မှာလဲကြိုး-(အိုး) ရင်ပတ်မှာလဲဘာကြီးလဲ (အဲ)
အလိုမျှ-တန်ပြန်ဂိုဏ်းဝင်တဲ့....လေး ..."

ရဲဘော်ထွန်းကျော်တို့သည် မလှုပ်မရှား ထိုင်နေကြရ၏။ လှုပ်ရှား၍လည်း မရချေ။ ကြိုးများနှင့်အထပ်ထပ်တုပ်နှောင်ထား၏။ တခါတခါတွင် မျက်နှာ အား တံတွေးနှင့် အထွေးခံရသည့်အတွက် ရဲဘော်ထွန်းကျော်သည် ခံပြင်း နေ ဟန်ရှိ၏။ မျက်နှာသည်နီရဲသွားနေသည်။

စွဲချက်များကိုမူ တယောက်ပြီးတယောက်ဆက်လက်၍တင်နေကြလေသည်။

ရဲဘော် ထွန်းကျော်သည် စွဲချက် များကို နားထောင်ရင်း နာကျည်းလာ ဟန်ရှိ၏။ နဖူးမှ ချွေး ပေါက်ကြီး များသည် တပေါက်ချင်း စီးကျနေ၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စွဲချက် တင်နေသူကိုလည်း စူးစူးစိုက်စိုက်ပင် ကြည့်နေ၏။ သခင် သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့၏ မျက်နှာများကိုလည်း မျက်တောင် မခတ် ပင်စူးစူး စိုက်စိုက်ကြည့်နေသည်။

ကြွေးကြော်သံများကားမစဲချေ။အဆက်မပြတ်ပင်ပေါ်ထွက်နေလေသည်။

ရဲဘော်ထွန်းကျော်သည် စွဲချက်များကို နားထောင်နေရာမှ ဦးခေါင်းသည် ရှေ့သို့စိုက်ကျသွားတော့၏။ မူးမေ့၍နေ၏။ သတိလည်း လစ်နေ၏။ မျက်မှန် ကျွတ်၍သွားတော့၏။ ဇောချွေးများလည်းပြန်နေလေသည်။

ရဲဘော်သက်က အော်၍ပြောနေသည်။

တိုင်းကော်မီတီ ရဲဘော်သက်

"ပြန်ပြင်ရေး သမားကို သူ့အလိုလို မသေစေနဲ့ဟေ့။ တို့သတ်မှသေစေရမယ်။ စွဲချက်တွေ မပြီးမချင်း နားထောင်ခိုင်းရအုံးမယ်။ အမြန် ဆေးထိုးပါ"။

ထိုအချိန်တွင် စွဲချက်တင် လူထုတိုက်ပွဲကို ခေတ္တရပ်ဆိုင်းထားလိုက်သည်။

ရဲဘော်ထွန်းကျော်အား သတိပြန်၍ ရစေရန်နှင့် သက်သာစေရန်အတွက် "ကာဒမိုက်" ထိုးဆေးကို ထိုးပေးနေ၏။အခြား လိုအပ်သည့် ဆေးများကိုလည်းတိုက်ကျွေးနေလေသည်။

ယင်းသို့ ရဲဘော်ထွန်းကျော်အား ဂရုတစိုက် ဆေးကု ပေးနေစဉ်တွင် သခင်သန်းထွန်းက ဤသို့ပြောလိုက်လေသည်။

"ဒီအချိန်မှာ သူ့အလိုလို သေသွားရင် ငါတို့အဖို့ အကျိုးမရှိဘူး။
ငါတို့ကိုယ်တိုင် သတ်မှ သေတာဟာ၊ ငါတို့အတွက် အကျိုးရှိတာပဲ"

× × ×

၁၉၆၈-ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်နေ့တွင် ဖြစ်သည်။

စွဲချက်တင် လူထုတိုက်ပွဲ၏ နောက်ဆုံးနေ့ပင်ဖြစ်သည်။

ထို့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစခန်းတွင် အထူးပင်လှုပ်ရှားနေကြသည်။

ဗဟိုလုံခြုံရေး ကင်းတပ်ဖွဲ့၏ တပ်မှူး ဗိုလ်အောင်မင်းသည် ဗဟိုစခန်းအတွင်းတွင် လက်နက်ကိုင် ကင်းအဖွဲ့များကို ဟိုတဖွဲ့၊ဒီတဖွဲ့ ဖြန့်ခွဲ၍ချထားသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တော်လှန်သော တပ်နီလူငယ်များကလည်း အိုးစည်သီချင်းများကို သီဆို၍ ကခုန်နေကြသည်။

"ဆော်ရမည်၊ မုချနှင်ရမည်၊ မုချဆော်ရမည်၊ ငြိမ်း-ရှိန် ဂိုဏ်းကိုနော် ဗျာ၊ တိုက်ခိုက်ကာ ချေမှုန်းပါလို့-တန်ပြန်တော်လှန်ရေး ဂိုဏ်းဝင်တွေ ကိုဖြင့် (သတ်မယ်၊ ဖြတ်မယ်)၂ ဗဟိုကင်းတပ်တွေ ဝိုင်းရံကာ-သတ်ဖို့ ရာလဲ တောင်းဆိုပါတယ်....။"

လက်ခုတ်သံ ဩဘာသံများသည် ဆူညံ၍ နေလေသည်။

တော်သလင်းလ၏နေသည် မွန်းတည့်နေပြီ ဖြစ်သည်။

မြစ်ဝကျွန်းပေါ်တိုင်း၊ တည်ဆောက်ရေးတပ်ဖွဲ့မှ တပ်နီအမျိုးသမီးငလေး ရဲဘော်မစိုးစိုးသည် စွဲချက်တင် လူထုတိုက်ပွဲ၏ နောက်ဆုံးစွဲချက်ကို တင်နေလေသည်။

"လူထုတရားခုံရုံးရှေ့မှာ ဗဟိုဆန့်ကျင်ရေးသမား၊ တန်ပြန်တော်လှန်ရေးသမား၊ ထွန်းငြိမ်း-ထွန်းရှိန်ဂိုဏ်းကို ဖွင့်ချတိုက်ခိုက် စွဲချက်တင် သွားမယ်။"

ဘသန်း၊ ထွန်းကျော်၊ တင်ဟန် ဘိုးသာ၊ ခင်ဝင်း နင်တို့ကို ငါ စွဲချက်တင်မယ်။

ဟဲ့-အကောင်ငွေ၊ နင်တို့ဟာ ဗဟိုဆန့်ကျင်ရေးသမား၊ ဥက္ကဋ္ဌ လုပ်ကြံရေး သမား၊ ပါတီဖျက်ဆီးရေးသမား၊တပ်ဖျက်ဆီးရေးသမား၊ တန်ပြန် တော်လှန်ရေး သမားတွေ ဖြစ်တယ်။ နင်တို့တဂိုဏ်းလုံးဟာ ဒို့မြစ်ဝကျွန်းပေါ်ကရဲဘော်တွေကို ဖျက်ဆီးတာကို ရဲဘော်တွေ တင် သွားတာ ငါအကြွင်းမဲ့ထောက်ခံတယ်။ ငါတပ်မတင်တော့ဘူး။ငါအ ခုစွဲချက်တင်မှာက ငါတို့မျိုးဆက်တွေကို နင်တို့ဂိုဏ်းလုံး ဖျက်ဆီးပုံ တွေကို ငါအမှန်တရားကို ပါတီဗဟိုရဲ့ အသိပညာပေးမှု ေ[illegible] မြင်လာပြီ၊ ဒါကြောင့် နင်တို့ရဲ့ ယုတ်မာကောက်ကျစ်တာတွေကို [illegible] ဗဟိုဖက်က ရပ်တည်ပြီး ဖွင့်ချ စွဲချက်တင်သွားမယ်။

(၂)

(၁) ဟေ့-ဘသန်း၊ နင်တို့ပြန်ပြင်ရေးကျောင်းမှာ ပြန်[illegible]ရေးကို အယောင်ပြပြီး တိုက်တုန်းက နင်မှတ်မိလား၊ပြန်ပြင်ရေး[illegible]ကြောင်း ဟောပြောချက်ပေးတဲ့နေ့မှာပဲ၊ ငါဟာအလွန်ပဲဝမ်းသာ[illegible]။ အဲ့ဒီမိ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တယ်။ အဲ့ဒီတာက ပါတီတွင်းရဲ့ အဓိက အန္တရာယ်ဟာ ပြန်လည်ပြင်ဆင်ရေးဖြစ်တာကြောင့်ပဲ၊ဝမ်းသာတာက ပါတီတရပ်လုံးနဲ့ ဒို့မိသားစုရဲ့ သာယာတဲ့ အိမ်ထောင်ရေး ဖျက်ဆီးခံရတာနဲ့ ဒို့မျိုးဆက်တွေရဲ့ ခံစားခဲ့ရတဲ့ ဒုက္ခဘဝရဲ့ တရားခံကိုတွေ့တာကြောင့် တိုက်ရတော့မှာမို့ ငါဟာ အလွန်ပဲ ဝမ်းသာတယ်။ အဲ့ဒီညမှာပဲ နင်ရောက်လာပြီး၊ ငါနဲ့ မကြည်မြင့်ကို "ပါတီတွင်းရဲ့အဓိက အန္တရာယ်ဟာ ပြန်လည် ပြင်ဆင်ရေးဖြစ်တယ်။ အပြင်ရန်တိုက်ဖို့ဆိုရင် အတွင်းရန်ကို အရင်တိုက်ရမယ်။ ဒါကြောင့် ကိုယ့်ခေါင်းထဲမှာရှိတဲ့ ပြန်ပြင်ရေးအတွေးအခေါ်ကို ရှာရမယ်"လို့ ပြောတယ်။ ငါတို့ကလည်း ပြန်ပြင်ရေးကို မုန်းတာကြောင့် တကြောင်း။ နင်တို့အဆိပ်မိနေတော့ ငါ့ခေါင်းထဲမှာရှိတဲ့ ပြန်လည်ပြင်ဆင်ရေး အတွေးအခေါ်ကို ရှာရတယ်။ ငါဟာ စိုးသန်းတိုက်ပွဲ အတွက် အလေးမထားမိဘူး။ ဒါဟာဆိုရင် နင်တို့ဟာ အသိရှိရှိနဲ့ လမ်းလွဲလိုက်တာ ဖြစ်တယ်။ နင်တို့ဟာ နင်တို့ပထွေး ထွန်းရှိန်လုပ်နည်း လုပ်တာဖြစ်တယ်၊ ထွန်းရှိန်ကလည်း ဇေိန်-ပင်ိန်တိုက်ပွဲတုန်းက ရဲဘော်တွေကို ကိုယ့်အတွေးအခေါ် စိစစ်ခိုင်းတယ်။ နင်တို့ဟာ နင်တို့ပထွေးတွေကို မနာအောင် ထိုးနှက်ချက်ပြေးအောင် နင်တို့ဦးတည်ထားတဲ့ ဗဟိုဆန့်ကျင်ရေးဖက်ကို မရောက်မှာစိုးလို့ဖြစ်တယ်။ တကယ်က နင်တို့ဟာ စိုးသန်းတိုက်ပွဲကို အရေခြုံပြီး ဗဟိုဆန့်ကျင်ရေး လုပ်ခိုင်းတာဖြစ်တယ်။ နင်တို့ဟာ စိုးသန်းရဲ့လမ်းကိုရှောက်ပြီး စိုးသန်းရဲ့ ကိုယ်ခံ့တွေဖြစ်တယ်လို့ ငါစွဲချက်တင်တယ်။

(၂) ဟော့-ဘာသန်း၊ နင့်ပဲထပ်တင်ရဦးမယ်။ ငါကမျိုးဆက်အခန်းကတင်မယ်ဆိုတော့၊ နင်ကငါ့ကိုတော့ ဘာမှမပြောဘူး။ ဒါပေမဲ့ စောင်းပြီးပြောတယ် "ပြန်ပြင်ရေးတိုက်ရင်အပြတ်တိုက်ရမယ်။ ထိရုံတို့ရုံနဲ့မရဘူး။ ထိရုံတို့ရုံနဲ့ဆိုရင်ကိုယ့်ကိုပြန်ကိုက်မယ်လို့ပြောတယ်" ဒီစကားဟာအပေါ်ယံကြည့်ရင်တော့မှန်တယ်။တကယ်ကလဲထိရုံတို့ရုံနဲ့ မရဘူး။ နင်တို့ကိုလဲလွတ်ပေးရင် နင်တို့ငါတို့ကို ပြန်တိုက်မှာပဲ။ ဒါကြောင့် အပြတ်တိုက်ရမယ်။ တကယ်ကနင်တို့ကို ရဲဘော် ကိုစိုးကလာပြောတယ်။ ငါ့ကိုမျိုးဆက်အခန်းကတင်ရင် ကောင်းမယ်လို့ ပြောတော့ နင်က "ရောက်နေတဲ့အဆင့် နိမ့်သွားရင် ခင်ဗျားတာဝန်ခံမလားလို့ ပြောတယ်"ကိုစိုးက ဘာတာဝန်ခံမှမဟုတ်တော့ ကျုပ်နဲ့ဘာဆိုင်လို့ တာဝန်ခံရမှာလဲလို့ ပြောခဲ့တယ်။ တကယ်က နင်တို့ဟာ ငါ့ကို အသိရှိရှိနဲ့ တားမြစ်တာဖြစ်တယ်။ ငါဟာအဲဒီတုန်းကဆိုရင် ပါတီတွင်းက အဓိက

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အန္တရာယ်လို့ သိရတဲ့အတွက်ရော၊ ငါတို့လိုမတိုက်လိုက်ရတဲ့ ဂုဏ်ရောင် ပြောင်စွာ ကျဆုံးသွားတဲ့ ဖေဖေနဲ့ ရဲဘော်တွေရဲ့ ကိုယ်စား၊ နောက် တချက်က ငါတို့မျိုးဆက်တွေနဲ့ နောက်ပိုင်းရဲဘော်မတွေကိုပါတီတွင်း က ဝန်ထုပ်ဝန်ပိုးလို သဘောထားပြီး ဓနရှင်အသိုင်းအဝိုင်းကို ကန် ထုတ်ခံရတယ်။ ငါတို့ရဲ့ ရဲဘော်မတွေဟာ သူတို့ဘဝရပ်တည် နိုင် ရေး အတွက် ပျက်စီးသွားကြတယ်။ ငါတို့မျိုးဆက်တွေဟာလဲ ဒီအတိုင်း ပဲ။ ခုအထိ ဘယ်အခြေအနေတွေရောက်နေတယ်ဆိုတာ မပြောနိုင်ဘူး။ ငါဟာအဲဒီရဲဘော်မတွေရဲ့ ကိုယ်စားတင်မှာဖြစ်တယ်။ ငါဟာအဲဒီတုန်း က အတော်ပဲခံစားချက်ပြင်းပြီး ပေါက်ကွဲတယ်။ နင်တို့ဒါကိုသိတယ်။ ဒါကြောင့်တားပစ်တယ်။ နင်တို့တည်ဆောက်ရေးမှာ ငါတို့ မျိုးဆက် အခန်းဟာမရှိဘူး၊ ပျောက်နေတယ်။ဒို့မျိုးဆက်တွေကို အသိရှိရှိမွေးမြူ ဖို့မလုပ်ဘူး။ မနီကို ကျောရိုးလုပ်တာလဲ နင်တို့ဟာ ချမ်းသာ ဦးတည် တိုက်ရေး ပြဿနာကို တင်ချင်လို့ဖြစ်တယ်။ နင်တို့ဟာပြန်လည် ပြင် ဆင်ရေးသမားလား၊ မာ့က်စ်လီနင်ဝါဒ မော်စီတုံးအတွေးအခေါ်ကိုင် စွဲသူလားဆိုတာ ဒီအချက်တချက်ကလဲပြတယ်။ ပြန်လည် ပြင်ဆင်ရေး သမားတွေဟာ ငါတို့မျိုးဆက်တွေကို ဘယ်တော့မှအားမကိုးဘူး၊ ရှုပ် တယ်လို့မြင်တယ်။ မျိုးဆက်ပေါ်သဘောထားဟာ တော်လှန်စစ်ပေါ် သဘောထားဖြစ်တယ်။ တော်လှန်ရေးကို ဆုံးခန်းတိုင် တိုက်မလား မတိုက်ဘူးလားဆိုတာ မျိုးဆက်တွေကို စံနစ်တကျ မွေးမြူသလား၊ မမွေးမြူဘူးလားဖြစ်တယ်။ ဥက္ကဋ္ဌမော်ကရော ဒို့ဥက္ကဋ္ဌကပါ မျိုးဆက် တွေကို စံနစ်တကျ လေ့ကျင့်မွေးမြူပေးတယ်။ အနာဂတ်ဟာ ဒို့သာ ပိုင်တယ်။ ဒါကြောင့် ဒို့လူငယ်တပ်နီတွေဟာ ပြန်လည်ပြင်ဆင်ရေးကို ရှေ့တန်းက တိုက်ခဲ့တယ်။ ဒါတွေကို နင်တို့သိတယ်။ အသိရှိရှိနဲ့ကို တား ပစ်တာဖြစ်တယ်။ နင်တို့ဟာ ဒို့လူငယ်တွေကို အားမကိုးတဲ့အပြင် မာ့က်စ်လီနင်ဝါဒ မော်စီတုံးအတွေးအခေါ်ကို ဆန့်ကျင်အောင်၊ ပါတီ ဗဟိုကိုဆန့်ကျင်အောင် နင်တို့ဟာ ငါ့ကိုဖျက်ဆီးတာဖြစ်တယ်။

နင်တို့ရဲ့ "ရှေ့ရေး"ဆိုတဲ့ နာမည်တပ်ထားတဲ့ လှုပ်ရှားမှုမှာ ဆိုရင်၊ ပါတီထဲဝင်တဲ့ ဂိတ်ဟာ အရေးကြီးတယ်။ ဒါကြောင့် ပါတီထဲဝင်တဲ့ ဂိတ်ကို အလေးထားရမယ်လို့ပြောတယ်။ ငါဟာကျဆုံးသွားတဲ့ ငါရဲ့ ဖေဖေရဲဘော်စိုးလေးရဲ့ လမ်းကို ဆက်လျှောက်ဖို့၊ ရန်သူကို သွေးစာ ရင်း ရှင်းဖို့ လိုက်လာတယ်။ ဒါကိုနင်တို့က လက်မခံဘူး။ ပုဂ္ဂိုလ်စွဲနဲ့ ဝင်ရတာပါလို့ စိစစ်ရတယ်။ နင်တို့ပေါ်လစီက သူကြီး မကျေနပ်လို့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဝင်တာမှ အကောင်းဆုံးဆိုတော့ ပုဂ္ဂိုလ်စွဲနဲ့ ဝင်တာလို့ စိစစ်တယ်။ ငါဟာပါတီထဲကို ဖျက်ဆီးရအောင် မလာပေမဲ့ နင်တို့ တည်ဆောက်ရေးရဲ့ ရှေ့ရေးစိစစ်ရေးလုပ်ရှားမှုကျတော့ အဖျက်သမားလုံးလုံးဖြစ်ပြီး ငါဟာ ဖေဖေလျှောက်တဲ့လမ်းကို မလျှောက်ပဲ လိုက်ဖျက်နေတာပါလို့ စိစစ်ရတယ်။ ငါဟာ အဲ့ဒီ စိစစ်ရေးလုပ်ပြီးတော့ ရှင်လန်းတက်ကြွမှု မရှိတဲ့အပြင် ပိုပြီးရှုက်တယ်။ သိမ်ငယ်တယ်။ ငါ့အခန်းဘာမှမရှိပါလား၊ ဆိုင်းဘုတ်တပ်ရုံသက်သက်ပါလားဆိုပြီး ဒေါသထွက်ပြီး ရှက်တယ်။ နင်တို့ဟာ ရှင်လန်းမှုမရှိရင်အကုန်ဖွင့်မချလို့လို့ပြောတော့ ငါဟာနင်တို့ ရှေ့မှာဟန်ဆောင်ပြီး ပျော်ပျော်ရွှင်ရွှင်နေရတယ်။ ငါဟာ ဖေဖေခင်တဲ့ ရဲဘော်တွေဆိုရင် ငါဟာစကားမပြောရဲအောင်ဖြစ်တယ်။ ငါဟာ ငါ့နံမယ်တောင်ပြောင်းပစ်ချင်တယ်။ ဒါဟာဆိုရင် နင်တို့ရဲ့ "ကွန်မြူနစ်ကောင်း၊ရာသက်ပန်တော်လှန်ရေးသမားကောင်းဖြင်ဖို့ဆိုရင်ရပ်တည်မှု၊ အတွေးအခေါ်၊ လုပ်ဟန်အရ" စိစစ်ရမယ်လို့ ပေါ်လစီ အပ်သားတဲ့ ရှေ့ရေးလှုပ်ရှားမှုရဲ့ ရလာဒ်တွေပဲဖြစ်တယ်ဟဲ့ အကောင်းတွေရဲ့။

ငါဒီနေ့ စဉ်းစားပြီးပြီ။ ငါတော်လှန်ရေးထဲဝင်တဲ့ ငါ့ရဲ့စိတ်ကူးစံဟာ မှန်မြတ်တယ်။ ရည်မှန်းချက်ဟာလဲမှန်ကန်တယ်။ ဖေဖေဟာသူ့ရဲ့ ကောင်းပီသစွာ ကျဆုံး သွားတာ ဖြစ်တယ်။ ပါတီနဲ့ ပြည် သူ တွေ အတွက် ကိုယ်ကျိုး မဖက်၊ အဆုံးတိုင် တိုက်ခိုက် တော်လှန်တဲ့ လမ်းအတိုင်း ဆက်လက်ပြီး လိုက်ဖို့ဖြစ်တယ်။ နင်တို့ဟာ ငါ့ရဲ့မှန်မြတ်တဲ့ စိတ်ကူးစံနဲ့ မှန်ကန်တဲ့ ရည်ရွယ်ချက် တွေကို ဖျက်ဆီးလိုက်တာ ဖြစ်တယ်။ နင်တို့ဟာ ကျဆုံးသွားတဲ့ ရဲဘော်တွေရဲ့ သမိုင်းနဲ့ ငါတို့မျိုးဆက်အားသစ်တွေရဲ့ တော်လှန်တဲ့သမိုင်းကိုပါဖျက်ဆီးလိုက်တာ ဖြစ်တယ်။ ငါ့ကို တော်လှန်ရေးကို မယုံကြည်အောင် ဖျက်ဆီးတာ ဖြစ်တယ်။ နင်တို့ဘယ်လောက်ပဲဖျက်ဖျက် ကြီးမြတ်တဲ့ ပါတီဗဟိုရဲ့ ခေါင်းဆောင်မှုအောက်မှာ တော်လှန်တဲ့ လမ်းအတိုင်း ဆက်လျှောက်မယ်လို့ နင်တို့ကို ပြောလိုက်ချင်တယ်။

(၄) နင်တို့ဟာ ငါ့ကို တပ်နီ လူငယ်တွေပေါ် မျှော်လင့်ချက် မရှိအောင်၊ ယုံကြည်ချက်မရှိအောင် လုပ်တာတွေကို ငါထပ်ပြီး စွဲချက်တင်မယ်။

ဟော့-တင်ဟန်၊ နင့်ကို ငါထပ်ပြီးစွဲချက်တင်နေတယ်။ နင်က ငါ့ကို ဗဟိုကိုရောက်ရင် ဒို့တတွေ အခွဲခံရမယ်။ ရှိပြီးအညွှောင့်အတက်တော့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အကျိုးမခံနဲ့။ ရောက်လေရာမှာ ထပေါက်စေရမယ်။ တပ်နီ လူငယ်ထဲ မပါနဲ့။ ရှောက်မရှုပ်နဲ့လို့ ပြောတယ်။ ငါကမေးတယ်။ တပ်နီလူငယ်တွေဆိုတာ ဘယ်အခန်းက ပါသလဲလို့ မေးတော့၊ နင်ဘာပြောခဲ့သလဲ၊ ဥက္ကဋ္ဌကလဲခက်တယ်။ တပ်နီလူငယ်တွေကို ဘေးထားပြီး မြှောက်ပေးနေတယ်။ ပေါက်ကရရှောက်လုပ်နေကြတယ်။ ဒီကောင်တွေဟာ ဟိုနေရာသူတို့ပါ၊ ဒီနေရာ သူတို့ပါနဲ့ ရှောက်ရှုပ်နေကြတယ်လို့ နင်ပြောခဲ့တယ်။ ငါဟာအဲ့ဒီတုန်းကတပ်နီလူငယ်တွေ ယုံကြည်ချက်မကျတော့ပဲ ငါလဲ တပ်နီလူငယ်ထဲကိုမပါတော့ဘူးလို့ ပိုင်းဖြတ်လိုက်တယ်။ ဒီစကားဟာဆိုရင် ပြန်လည် ပြင်ဆင်ရေး သမားတိုင်း သုံးနေကျ စကားဖြစ်တယ်။ တင်ဟန်၊ ငပိန်၊ ငစိန်၊ ငပိုင်တို့ဟာ လူငယ်တွေကို နှိမ်တယ်။ လူငယ်တွေဟာ ရှုပ်တယ်လို့ ပြောတယ်။ တင်ဟန်နင်ကလဲ လာပြန်ပြီ။ တပ်နီလူငယ်တွေဟာ၊ ပြန်ပြင်ရေးကို တိုက်တာမှာ ရှေ့တန်းက ပါခဲ့တယ်။ တရုပ်ပြည် မဟာပစ္စည်းမဲ့ယဉ်ကျေးမှု တော်လှန်ရေးမှာ ကြည့်ကြည့်၊ ဗမာပြည် အတွေ့အကြုံအရ ငစိန်၊ ငပိန်၊ ငပိုင် တိုက်ပွဲ မှာပဲ ကြည့်ကြည့်၊ တပ်နီ လူငယ်တွေဟာ ရှေ့တန်းက ပါခဲ့တယ်။ ဒါကို တင်ဟန် နင်တို့သိတယ်။ ဒါကြောင့် ငါ့ကိုတပ်နီလူငယ်ထဲကို မပါခိုင်းတာဖြစ်တယ်။ ငါဒီနေ့ အမှန်တရားကို သိလာတဲ့ နေ့မှာ ငါ့ကို တပ်နီလူငယ်ထဲ မပါဝင်ခိုင်းတာဟာလဲ နင်တို့ဟာ တန်ပြန် တော်လှန်ရေးသမားတွေ ဖြစ်ကြောင်း အခိုင်အမာ သက်သေပြနိုင်တဲ့ အချက်တချက်ဖြစ်တယ်လို့ ငါစွဲချက်တင်တယ် ဟဲ့-အကောင်တွေရဲ့။

(၅) နင်တို့ တဂိုဏ်းလုံးဟာ ငါ့ကို နိုင်ငံရေးဖက်မှာ အတွေးအခေါ်ကို ဖျက်ဆီးတာကို စွဲချက်တင်ပြီးတဲ့နောက်မှာ လူမှုရေးမှာ အတွေးအခေါ်တင်မက လူကိုပါ ဖျက်ဆီးဖို့ လုပ်တာတွေကို ငါစွဲချက်တင်မယ်။

နင်တို တဂိုဏ်းလုံးဟာ ငါတို့ ရဲဘော်မ-မျိုးဆက်တွေကို လင်ယူသားမွေးလောက်သာ သဘောထားကြတယ်။ တင်ဟန် နင်ဟာ မနီကို အတွေးအခေါ်တင်မက လူကိုပါအပိုင်စီးဖို့ ကြိုးစားခဲ့တယ်။ ဒါတင်မကဘူး၊ထွန်းငြိမ်းဆိုရင်၊ရဲဘော်မညွန့်ညွန့်ကိုအပိုင်စီးဖို့ကြိုးစားခဲ့တယ်။

တင်ဟန် နင်ဟာငါတို့တပ်စိတ်ကိုလာရင် နိုင်ငံရေးအကြောင်းပြောတာနည်းတယ်။ ဓနရှင်အသိုင်းအဝိုင်းရဲ့ အကြောင်းကိုပဲ ပြောတယ်။ ရုပ်ရှင်တွေအကြောင်း၊ နင်ပွေခဲ့ပုံတွေ၊ အမျိုးသမီးတွေ အကြောင်းပဲ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ငါ့ကိုပြောခဲ့တယ်။ ဘသန်း၊ နင်လဲ အဲ့သလိုပဲ၊ လူ့ အဖွဲ့ အစည်း ဟောင်းအကြောင်းပြောရရင် အာဘောင် အာရင်း သန်သန်နဲ့ ပြောခဲ့တယ်။ နင်ဟာ ငါလမ်းလျှောက်ပုံ၊ စကားပြောပုံ၊ ရီပုံတွေကို ရဲဘော်တွေကိုလုပ်ပြတယ်။ ငါ့ရှေ့မှာလဲလုပ်ပြခဲ့ကြတယ်။ တင်ဟန်၊ နင်တဏှာကြီးပုံကို ငါစွဲချက်တင်မယ်။ ပို သိ သာ အောင် ပြောရရင် ဆန်စတိုကို သွားပို့တုန်းက နင်ကပြန်အလာ ငါကအသွား ငါ့ရှေ့ရပ်ပြီး ငါ့လက်နှစ်ဘက်ကို ဆွဲမဲ့ပုံနဲ့ (ဒန့်စ်)ကတယ်။ ငါဟာအတော်ပဲရှက်ခဲ့ရတယ်။ ငါလဲနင့်ရှေ့ရပ်မနေတော့ပဲပြေးခဲ့တယ်။ တင်ဟန်၊ အနောက်တိုင်း ယဉ်ကျေးမှုဖြစ်တဲ့(ဒန့်စ်)အကဟာ အရင်းရှင်၊မြေရှင် ရန်သူလူတန်းစားတွေရဲ့ လူစိတ်ပျောက်နေတဲ့ တိရစ္ဆာန်ယဉ်ကျေးမှုဖြစ်တယ်။ နင်က ဘာပြုလို့ ငါ့ကို ဒီလိုလုပ်တာလဲ။ နင်ရဲ့ ရပ်တည်မှု၊ အတွေးအခေါ်ဟာ ပြတယ်။ နင်ဟာပစ္စည်းမဲ့ ပါတီထဲခိုးဝင်နေတဲ့ မြေရှင်ကိုယ်စားလှယ်၊ တိရစ္ဆာန်ဖြစ်တယ်ဆိုတာ ပြတာဖြစ်တယ်။ နောက်တချက်ကငါရေချိုးပြန်အလာမှာ ဘယ်သူမှမရှိလို့ စိတ်ချစွာပဲ အင်္ကျီဝတ်တယ်။ ဝတ်မပြီး သေးဘူး ငါရဲ့မှန်ထဲမှာ နင့်မျက်နှာဟာ စပ်ဖြဲဖြဲနဲ့ ပေါ်နေတယ်။ ငါဟာ အတော်ပဲလန့်သွားတယ်။ နင့်ကို ကြည့်လိုက်တော့၊ ငါ့ကို ခြင်ထောင်တန်းပေါ်မေးတင်ပြီး၊ ငါ့ကိုစိမ်ပြေနပြေကြည့်နေတယ်။ဦး ဘယ်တုန်းကရောက်သလဲလို့ မေးတော့၊ ငါရောက်နေတာ နင်ဘယ်မြင်မလဲ၊ တဲကမှောင်ပြီး ငါက ကျောပိုးအိပ်တွေကြားထဲဝင်အိပ်နေတာကိုး လို့ ပြောတယ်။ ငါကနင့်ကိုပြန်ခိုင်းတော့၊ ကောင်မလေးကဖြင့် လက်မလောက်ရှိသေးတယ်၊ ရှက်တာနဲ့ ကြောက်တာနဲ့ လို့ ဆိုပြီး မာန်တယ်။ ငါလဲ မရတဲ့အဆုံး တခြားထွက်သွားရတယ်။ တကယ်ကနင်ဟာ လူတွေသာ မရှိရင်၊ မရောက်လာရင် ငါ့ကိုဘယ်လိုလုပ်မယ်ဆိုတာ မစဉ်းစားဝံ့ဘူး။ နင်တို့ဟာ အောင်မင်းခေါင် ဂိုဏ်းသားတွေဖြစ်တယ်။

ထွန်းကျော်၊ နင်ကတော့ ငါ့ကို အတော်လေး ခင်တယ်။ ငါကလဲ လေးစားတယ်။ ဒါပေမဲ့ နင်တို့ဟာ တကြိတ်ထဲ တဉာဏ်ထဲသမားတွေဖြစ်တယ်။ ငါဒီနေ့သိလာပြီ။ တင်ဟန်ကနင်နဲ့ငါနဲ့ ကိုပြောင်ခံရတယ်။ ရဲဘော် ဝင်းမြင့် စာထဲမှာ ငါ့နံမယ် ပါလာတော့၊ တင်ဟန်၊ နင်က ငါ့ကိုတော်တော်ပွေတယ်။နင့်နံမယ်ဘာလို့ပါရသလဲ၊ အောင်ခိုင်သိရင် မာန်လိမ့်မယ် လို့ ပြောတယ်။ငါကလဲဘာမှန်းမသိတော့ နင်ကငါ့တပ်စိတ်မှာ တခါက ကူညီဘူးတော့ အဲဒါကြောင့်များလား မာန်မှာလား၊ နင်ကလဲ ငါ့ကိုဆက်ဆံရေးတွေ သတိထားမှ ခဏခဏ သတိပေးတော့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ငါကလဲ အဲဒါကြောင့်ထင်ပြီး "ရှင်းရင် ရပါတယ်"လို့ ပြောလိုက်မိတယ်။ တင်ဟန်၊ နင်က ငါ့ကို "အေးပါနင်တို့ချင်းတော့သိမှာပေါ့" လို့ပြောပြီး ပြန်သွားတယ်။ ငါဟာ နင့်စကား ကို စဉ်းစားတယ်။ ဒါပေမဲ့ အဲ့ဒီတုန်းကနားမလည်ခဲ့ဘူး။ငါဒီနေ့ နားလည်ပြီ၊ထွန်းကျော်၊ အရင်တုန်းကနင့်အကြောင်း မသိခင်ကနင့်ကို ငါ အားကိုးတယ်၊ လေးစားတယ်။ ဒါပေမဲ့ နင်ဟာ ငါ့ကိုနိုင်ငံရေးအရဖျက်ဆီးရုံတင်မကဘူး။ လူမှုရေးအရဖျက်ဆီးဖို့ပါကြိုးစားတယ်။ သကြန်တုန်းက ငါ့ကိုနင်ဟာ သဲကြီးမဲကြီးနဲ့ ရေလောင်း၊မျက်နှာတွေ လိုက်ပြီး အိုးမဲ သုတ်တယ်။ တင်ဟန်ရော ဘသန်းပါ ဒီလိုပဲ။ နင်တို့ဟာ လူမြင်မကောင်းအောင်ကို ပိုင်စိုးပိုင်နင်းလုပ်တယ်။ ထွန်းကျော်၊ နင်ဟာ မိုးပုန်းပြည်သူတွေစခန်းတွင်းလာတုန်းကညွှန်ခံဖို့ ငါ့ကိုသီချင်းတိုက်တယ်။အဲ့ဒီတုန်းက နင်ဟာ ငါ့အနားမှာ ပိုင်စိုးပိုင်နင်းနဲ့ကပ်နေခဲ့တယ်။ ရွှေရေး စိစစ်ရေးတုန်းက ဆိုရင် ငါ ထမင်း စားနေတုန်း ဘသန်းရော၊ ဘိုးသာက တဖက်စီထိုင်တယ်။ နင်က ငါ့နောက်ရောက်လာပြီး ကပ်ပြီး မတ်တတ်ရပ်နေတယ်။ နင့်ရင်ခွင် ထဲမှာ ငါက ထိုင်နေရသလို ဖြစ်နေတယ်။ နင်ဟာ ငါ့ကို လက်နှစ်ဖက်က ဘေးမှာ ထောက် ထား သေး တယ်။ ငါဟာအဲ့ဒါကြောင့် နင်ရင်ခွင်ထဲက ငါထပြီးထမင်းမဝပေမဲ့ ထွက်ခဲ့တယ်။ နင်ဟာ ငါ့ကို အစီအစဉ်ရှိရှိ ဖျက်ဆီးတာ ဖြစ်တယ်။ နင်ဟာ ငါတို့နဲ့ နဘဲကုန်းစခန်းမှာ တွေ့တော့ တိုက်တိုင်းအောင်က ရဲဘော်တွေကို နင်က ငါတို့တပ်စိတ်ထဲမှာ ငါ့ကိုချစ်စရာလေးလို့ပြောတယ်။ နင်ဟာနောက်ပိုင်းဗဟိုရဲ့ အမိန့်ကို မနာခံပဲ ငါတို့တပ် တည်ဆောက်ရေးကို လိုက်လာပြီး ငါတို့တပ်ကို ဖျက်ဆီးတယ်။ နောက် ပိုင်း ငါ လေ့လာရေး တာဝန် ကျတော့ တပ် စိတ် မှာ နင်က လာပြီး ကူတယ်။ နောက် နင်ဟာ ငါ့ကို နင့်တလက်ကိုင် ဖြစ်အောင်၊ နင့်ကို ခင်အောင်၊ ရင်းနှီးအောင်၊ တိုင်ပင် လာ အောင်၊ အားကိုး လာအောင်၊ လေးစား လာအောင် အမျိုးမျိုး လုပ်ခဲ့တယ်။ ဦးလှမောင်တို့ဆိုရင် နင်ဟာ နင့်ကို ယုံလာအောင် ငါ့ကိုဆုံးမပါ။ ဆက်ဆံရေးမှာ တခြား ရဲဘော်တွေနဲ့ ဆက်ဆံရင် ထိန်းသိမ်းဖို့လို့ ဆွေးနွေးပါလို့ ပြောခိုင်းတယ် မဟုတ်လား။ ဦးလှမောင်ဟာ ငါ့ကိုအကုန်ပြန်ပြောတယ်၊ နင်ဟာ ငါ့ကို ပါတီနည်းအရ စည်းရုံးပြီး နင့်ဖက်ပါလာရင် လူမှုရေးအရ ဖျက် ဆီး ဖို့ ကြိုးစားခဲ့တယ်။ ငါဟာ နင်တို့အပေါ် ယုံကြည်လေးစားခဲ့ပေမဲ့ နင်တို့သမိုင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကိုသိတဲ့အခါမှာ ငါကိုယ်တိုင်နင့်ကိုသတ်မယ်။နင်သေဖို့သာပြင်ပေတော့ ထွန်းကျော်။

ဒီပြဿနာအားလုံးဟာ နင်တို့ဂိုဏ်းသားတွေဟာငါ့ကိုဖျက်ဆီးတာ ဖြစ်တယ်။ အသိရှိရှိ လုပ်တာ ဖြစ်တယ်။ ငါဟာ ပါတီမှာ မွေးပေမဲ့ နင်တို့ပထွေး ၅၅ ပြန်လည်ပြင်ဆင်ရေး သမား တွေ ကြောင့် ဓနရှင် အသိုင်းအဝိုင်းမှာ နှစ်အတော်ကြာကြာ ကျင်လည်ခဲ့ရတာ ဖြစ်တယ်။ ဒါကို နင်တို့ အားလုံး သိတယ်။ ဒါကြောင့် နင်တို့ဟာ ငါ့ကို ဓနရှင် အတွေးအခေါ် သွတ်သွင်းဖို့ဆိုရင် ငါရဲ့ မျိုးဆက် အခန်းကို ဖျက်ဆီး ဖို့ဆိုရင် ငါ့ရှေ့မှာ ဓနရှင် အသိုင်းအဝိုင်းရဲ့ ဆက်ဆံပုံနဲ့ ဆက်ဆံပြီး ဓနရှင်အတွေးအခေါ်ကို ပြန်ပြီးသွတ်သွင်းပေးခဲ့တယ်။ နင်တို့အပေါ် လူမှုရေးအရ စိတ်ဝင်စားလာအောင် လုပ်တယ်။ ငါတို့ကိုသာ ဗဟိုက အချိန်မှီမကယ်နိုင်ရင်၊ နင်တို့ဆီမှာ "အောင်မင်းခေါင်" ဇာတ်ခင်းနေ တော့မယ်၊ ဟဲ့အကောင်တွေ။

ထိုအချိန်တွင် ရဲဘော်မညွန့်ညွန့်သည် ရုတ်တရက်ထိုင်ရာမှထပြီး အော်ဟစ်၍ စွဲချက်တင်လိုက်သည်။

"ဟဲ့အကောင်တွေရဲ့၊ နင်တို့ကတော့ ငါတို့ကို မိန်းမပျက်တွေ စု ထားသလို ဆက်ဆံစော်ကားခဲ့ကြတယ်။

တင်ဟန်က မနီ၊ ဘသန်းက မသန်းစိန်၊ ထွန်းကျော်က စိုးစိုး၊ ဘိုး သာကမကြည်မြင့်၊ ခင်ဝင်းကမပု၊ ငါ့ကိုကျတော့ နင်တို့အမေလင်ကြီး ကိုရာထားပြီး ဝိုင်းလုပ်ကြံ နေခဲ့ကြတယ် မဟုတ်လား။ ဟဲ့- နင်တို့ကို ငါတို့ကိုယ်တိုင်လည်လှီးမယ်ဟဲ့ ခွေးကောင် တွေရဲ့...."

ရဲဘော်မညွန့်ညွန့်သည် ဒေါသ ကြီးလွန်း၍ ထမီကိုပင် စွန်တောင် ဆွဲ၍ အော်ဟစ်နေလေသည်။

ထို့နောက် ရဲဘော် မစိုးစိုးက ဆက်လက်၍ စွဲချက်တင်လေသည်။

"ဒို့အမျိုးသမီးတွေဟာ ဓနရှင် လူ့အဖွဲ့အစည်း အဟောင်း မှာလဲ ရန်သူလူတန်းစားရဲ့ စော်ကား ဖျက်ဆီး ဖိနှိပ်မှုကို ခံ ရ တယ်။ ငါ တယောက်ချင်း အရ ဆိုရင် ငါဟာ ပါတီရဲ့ မျိုးဆက် တယောက်၊ ဒါပေမဲ့ ပါတီတွင်းက ၅၅ ပြန်ပြင်ရေးကမောင်းထုတ်၊ ဓနရှင်အသိုင်း အဝိုင်းက အတွေးအခေါ်အရ၊ ဓနရှင် အတွေးအခေါ် သွတ်သွင်းပြီး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဖျက်ဆီးလှတ်တယ်။ မိခင်ပါတီ ပြန်ရောက်လို့ ပစ္စည်းမဲ့ဘဝ ခံယူဖို့ မွေးမြူမယ်ကြံသေးတယ်၊ နင်တို့တည်ဆောက်ရေးက မနရှင်လုပ်နည်း လုပ်ဟန်၊ အတွေးအခေါ်၊ နိုင်ငံရေး အရ ဖျက်ဆီးရုံ မက လူပါ အပိုင်စီးဖို့ကြံစည်လာတယ်။ နင်တို့တတွေဟာ ပစ္စည်းမဲ့ တပ်မတော် ထဲကို ခိုးဝင်လာတဲ့ မနရှင်ကိုယ်စားလှယ် တန်ပြန် တော်လှန်ရေးသမား တွေဖြစ်တယ်လို့ ငါစွဲချက်တင်တယ်။

နင်တို့တည်ဆောက်ရေးမှာ ငါ့ကို ဗဟိုဆန့်ကျင်ရေး သမားဖြစ် အောင်၊ ဥက္ကဋ္ဌကိုမယုံကြည်အောင် လုပ်ရုံတင်မက၊ ငါ့ရဲ့တော်လှန်တဲ့ စိတ်၊ တိုက်ခိုက်ချင်တဲ့စိတ်ကိုပါဖျက်ဆီးခံလိုက်ရရုံမက၊ ပါတီရဲ့သမိုင်း၊ တော်လှန်စစ်ရဲ့သမိုင်းကိုပါ ဖျက်ဆီးခံလိုက်ရပြီး ငါကိုယ်တိုင်လဲ မယုံ ကြည် မလေးစား ဖြစ်ခဲ့ရတယ်။ ငါရဲ့ ပင်ရင်း စိတ်ဓာတ်ဟာ ပါတီ ဥက္ကဋ္ဌနဲ့တွေ့ရင် သေပျော်ပါပြီလို့ဆိုပြီး ဗဟိုကို လာခဲ့တယ်။ ဒါပေမဲ့ ပါတီဗဟိုနဲ့ တွေ့တော့ ငါဟာ ပါတီဗဟိုကို ရန်ဖက်လို ဆက်ဆံပြီး သေနတ်ပြောင်းဝလှည့်တဲ့အထိ ငါ့အခြေအနေဆိုးခဲ့ရတယ်။ဒီတော်လှန် တဲ့ရဲဘော်တွေကို လိုက်သတ်နေတဲ့၊ ပါတီကိုလိုက်သတ်နေတဲ့ ရန်သူကို တောင်မှပြန်ပြီးမတိုက်ချင်တဲ့အထိ တော်လှန်စိတ်ခေါင်းပါးရတာဟာ နင်တို့အဆိပ်တွေကြောင့်ဖြစ်တယ်။ နင်တို့ တတွေဟာငါတို့မြစ်ဝကျွန်း ပေါ်တပ်ကို ဖျက်ဆီးပြီး ငါတယောက်ချင်းအရပါ ဖျက်ဆီးတာ ဖြစ် တယ်။ ပါတီက မျိုးဆက်တွေကို စံနစ်တကျနဲ့ လေ့ကျင့်မွေးမြူပေးပြီး မာ့က်စ်လီနင်ဝါဒ၊ မော်စီတုံးအတွေးအခေါ် လက်နက် တပ်ဆင်ပေး တာဟာ တော်လှန်ရေးရဲ့အနီရောင်ဘယ်တော့မှမပြောင်းရေးအတွက် အာမခံချက်ဖြစ်တယ်ဆိုတာကို နင်တို့သိတယ်။ သိရက်နဲ့ဖျက်ဆီးတာ ဖြစ်တယ်။ ဒါကြောင့်နင်တို့ကိုသတ်ရမယ်။

ငါဟာ နင်တို့ရဲ့ သမိုင်းကိုမသိခင်မှာ လေးစား ယုံကြည်ခဲ့ ပေမဲ့ ဒီနေ့နင်တို့သမိုင်းကိုသိပြီ။ နင်တို့ဟာ ပစ္စည်းမဲ့ တပ်မတော်တွင်းမှာ ခိုးဝင်နေတဲ့မနရှင်ကိုယ်စားလှယ် နေဝင်းရဲ့ နောက်လိုက်ခွေးတွေ ဖြစ် တယ်။ နင်တို့ဟာ ပါတီဗဟိုကို သမိုင်းစဉ် တလျှောက်လုံး ဆန့်ကျင် ခဲ့တာဖြစ်တယ်။ နင်တို့ တဂိုဏ်းလုံးဟာ ဒို့မြစ်ဝကျွန်းပေါ်တပ် တခု လုံးကို မင်းမဲ့တွေဖြစ်အောင်၊ တန်ပြန်တော်လှန်ရေးသမားတွေ ဖြစ် အောင်ဖျက်ဆီးလိုက်တာဖြစ်တယ်။ ဟော့-ခင်ဝင်း၊ နင့်ကိုဒို့တော်လှန် တဲ့ကျောင်းသားတွေ နင့်ကြောင့် ကျဆုံးရတဲ့အတွက် အဲ့ဒီ ကျောင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သားတွေအတွက် နင့်ကို သွေးစာရင်းရှင်းရမယ်။ ဒို့တတပ်လုံး ဗဟို ဆန့်ကျင်ရေး၊ ဥက္ကဋ္ဌကို မယုံကြည်အောင် တန်ပြန် တော်လှန် ရေး သမားတွေဖြစ်အောင်နင်တို့လုပ်ခဲ့တယ်။ ဒါကြောင့် နင်တို့ရဲ့ဖောက် ပြန်တဲ့ အဆိပ်တွေစင်ဖို့ဆိုရင် နင်တို့ရဲ့ လည်ချောင်းသွေးနဲ့ ခြေဆေး မှ စင်မှာဖြစ်တယ်။ ဒါကြောင့်နင်တို့ကို သတ်ရမယ်။

(၄)

လူထုခုံရုံးသို့ ကျမတောင်းဆိုပါတယ်။ ဒီအကောင်တွေဟာ ဗဟို ဆန့်ကျင်ရေး၊ ဥက္ကဋ္ဌလုပ်ကြံရေး၊ တန်ပြန် တော်လှန်ရေး သမားတွေ ဖြစ်ကြောင်း ကျမခုတင်ခဲ့တဲ့ အချက်အလက် တွေကလဲ ထင်ရှားနေပါ တယ်။ ဒီအကောင် တွေဟာ ထွန်းငြိမ်းရဲ့ ဝါဒကို အကောင်းဆုံး အကောင်အထည်ဖော်ရုံမက သူတို့ကိုယ်တိုင် ပေါ်လစီချသူတွေ ဖြစ် တယ်။ မာ့က်စ်လီနင်ဝါဒ မော်စီတုံး အတွေးအခေါ်ဖြစ်တဲ့ ပါတီဗဟို ကိုဆန့်ကျင်ဖျက်ဆီးပြီး ပြန်ပြင်ရေးဗဟိုစင်ပြိုင်ထူထောင်တဲ့ စင်ပြိုင်ဗဟို ဝါဒသမားတွေဖြစ်တယ်။ ဒီအကောင်တွေဟာ ပစ္စည်းမဲ့ပါတီထဲခိုးဝင် လာတဲ့ တန်ပြန်တော်လှန်ရေးသမားတွေဖြစ်တယ်။ ဒီအကောင်တွေကို လူ့အဖွဲ့အစည်းမှာ ဆက်လက် ထားမယ်ဆိုရင် အဖိနှိပ်ခံ ပြည်သူတရပ် လုံးနဲ့ ပစ္စည်းမဲ့ပါတီအတွက် ဆက်လက်ပြီး အန္တရာယ် ရှိနေဦးမှာ ဖြစ် တယ်။ ဒီအကောင်တွေဟာ မလှည့်ပြောင်း နိုင်ပါဘူး။ လှည့်ပြောင်း ရင်လဲ သဏ္ဍာန်အရသာ ဖြစ်ပါမယ်။ ဒီကောင်တွေရဲ့ ဖောက်ပြန်တဲ့ ဝါဒဟာ သွေးထဲမှာကို ဝင်နေတာဖြစ်တယ်။ ဒီကောင်တွေကို ဆက် ထားမယ်ဆိုရင် ပစ္စည်းမဲ့ရဲ့ အသဲနှလုံး ဖြစ်တဲ့ မာ့က်စ်လီနင်ဝါဒ၊ မော်စီတုံး အတွေး အခေါ်ကို ဆန့် ကျင် ဖျက် ဆီး ခံ ရရုံတင် မက ဥက္ကဋ္ဌကြီးနဲ့တကွတော်လှန်တဲ့ရဲဘော်တွေကို ဆက်ပြီးလုပ်ကြံသတ်ဖြတ် နိုင်ပါတယ်။ဒါကြောင့် ဒီအကောင်(၅)ကောင်စလုံးကို သတ်ပစ်ပါလို့ ဥက္ကဋ္ဌကြီးနဲ့တကွ လူထုခုံသဘာပတိအဖွဲ့သို့တောင်းဆိုပါတယ်။

အလေးနီဖြင့်

မျိုးဆက်လူငယ်

ရဲဘော်နိုးနိုး

ဗမာပြည်ကွန်မြူနစ်ပါတီ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စိုးစိုး၏ လက်ရေးမူ



စိုးစိုး၏ ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်၊ ခင်ဝင်းတို့အပေါ် ခွဲချက်မူရင်း

ရဲဘော်မစိုးစိုးသည် အမှုအရာမျိုးစုံနှင့် စွဲချက်တင်နေ၏။ မှဲ့ကာရွှဲ့ကာ လည်း လုပ်ပြ၏။ ရဲဘော်ထွန်းကျော်မှာမူ မျက်နှာကိုအောက်သို့သာ စိုက်ထား လေသည်။

ရဲဘော်စိုးစိုး၊စွဲချက်တင်ပြီး သော အခါတွင် ကြွေးကြော်သံ များ သည် ဟိန်း၍ထွက်လာ၏။ တောင်းဆိုချက်များသည်လည်း အထူးပင်ကျယ်လောင် နေသည်။

"(ခွေးစုတ်ကလေး ခုနစ်ကောင်၊ မာန်ခေါင်တင်းပါလို့-ဗန်နေဝန်းကိုတဲ့ ခံပြင်းစွာဟောင်တဲ့ပုံလို-ဩော်....သူရိန်မင်းကိုတဲ့ စစ်ခင်းပုံလို-ရန်ပြုပုံလို)၂"

ထိုအချိန်တွင် တပ်နီလူငယ်လေး မောင်သန်းမြင့်သည် ကွေးနေအောင်ကချ နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက်တွင် ပြည်သူ့တော်လှန်ရေး တရားခုံရုံး သဘာပတိအဖွဲ့ ဥက္ကဋ္ဌ သခင်ချစ်သည် ပြည်သူ့တော်လှန်ရေး တရားခုံရုံး သဘာပတိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ဖတ်ကြားလိုက်လေသည်။

ပါတီဗဟိုဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေးဖျက်သိမ်းရေး၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေး၊ ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းချေမှုန်းရေး၊ စွဲချက်တင်လူထုတိုက်ပွဲ၊ ပြည်သူ့တော်လှန်ရေးတရားခုံရုံး သဘာပတိအဖွဲ့ဆုံးဖြတ်ချက်

၁။ ပြည်သူ့တော်လှန်ရေး တရားခုံရုံး သဘာပတိအဖွဲ့သည် ပါတီဗဟိုဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေး ဖျက်ဆီးရေး၊ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေး၊ ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းသားများ ဖြစ်သော ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်၊ ခင်ဝင်းတို့အပေါ် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စွဲချက်နှင့် ပါတီဗဟိုကိုယ်စားလှယ်အဖွဲ့၊ ဗဟိုစခန်း ပါတီကိုယ်စားလှယ်၊ မြဝတီကျွန်းပေါ်တိုင်း တပ်ဖွဲ့ကိုယ်စားလှယ်၊ တိုက်တိုင်းအောင်တပ်ဖွဲ့ ကိုယ်စားလှယ် (၂၀)၏ စွဲချက်များကို ကြားနာခဲ့သည်။

တိုက်တိုင်းအောင်(၁)နှင့် ဗဟိုဆေးကျောင်း၊ ထွန်းငြိမ်း၊ထွန်းရှိန်ဂိုဏ်းသားများ အခြေခံဖျက်ဆီးခဲ့သော အထူးမြို့နယ်တို့မှ ပေးပို့သော အစီရင်ခံစာများကိုလည်း ရရှိလေ့လာခဲ့သည်။

ကိုယ်စားလှယ်များ၏ စွဲဆိုချက်နှင့် အစီရင်ခံစာများက စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ထွန်းငြိမ်း၊ထွန်းရှိန် ဂိုဏ်းသား (၅)ယောက် အပေါ် စွဲဆိုချက်များ မှန်ကြောင်း အခိုင်အမာ ထပ်မံထောက်ခံထားသည်ကိုတွေ့ရသည်။

အဆိုပါစွဲချက်များအရ....

ဘသန်း၊ထွန်းကျော်၊ဘိုးသာ၊တင်ဟန်၊ခင်ဝင်းတို့သည်....

(၁) ဥက္ကဋ္ဌ သခင်သန်းထွန်း အမှူးပြုသော ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်ကို လက်နက်ကိုင် ပုန်ကန်ခြားနားပြီး၊ စင်ပြိုင်ဗဟိုထူထောင်ရာတွင် ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်း၏ မိုက်ဖော်ဆိုးဖက်များ ဖြစ်ကြောင်း ထင်ရှားသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) ဗမာပြည် ကွန်မြူနစ်ပါတီ၏ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေး လမ်းစဉ်ကို ဆန့်ကျင်ပြီး ဓနရှင်လူတန်းစား ပြန်လည် ပြင်ဆင်ရေးလမ်းစဉ်ထူထောင်ရာ၌ထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်း၏ ဝါဒလမ်းစဉ် ပေါလစီ ချမှတ်ရာ အကောင်အထည်ဖော်ရာတွင် ပါဝင်သူ မိုက်ဖော် ဆိုးဖက်များဖြစ်ကြောင်း ထင်ရှားသည်။

(၃) ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ပြည်သူ့ တပ်မတော် တပ်ဖွဲ့များဖြစ်သော ပြည်ခရိုင်ပါတီနှင့်တပ်၊ သာယာဝတီခရိုင် ပါတီနှင့်တပ်၊ တောင်ငူခရိုင် ပါတီနှင့်တပ်၊ ပဲခူးရိုးမတိုင်းတပ်၊ တိုက်တိုင်းအောင်(၁)တပ်နှင့် ပါတီ၊ မြစ်ဝကျွန်းပေါ် တည်ဆောက်ရေးတပ်နှင့် ပါတီ၊ အထူးမြို့နယ်ပါတီ၊ တပ်နှင့် ကျေးရွာတို့ကို ဖျက်ဆီးရာတွင် ထွန်းငြိမ်း၊ထွန်းရှိန်ဂိုဏ်း၏ မိုက်ဖော် ဆိုးဖက်များ ဖြစ်ကြောင်း ထင်ရှားသည်။

(၄) တော်လှန်စစ်ကို ဖျက်ဆီးသည့် ပြည်သူတို့၏ တော်လှန်ရေးသမိုင်းကို ချေဖျက်သည့် ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်း၏ မိုက်ဖော်ဆိုးဖက်များဖြစ်ကြောင်း ထင်ရှားသည်။

(၅) ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်သူ့တပ်မတော် အတွင်း၌ အကြီးဆုံးဂိုဏ်းခွဲရေး လုပ်သော ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းသားများ ဖြစ်ကြောင်း ထင်ရှားသည်။

(၆) ပါတီနှင့် တပ်မတော်၏ စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်၍ သူတပါး၏ လုပ်အားအပေါ် သွေးစုတ်အခွင့်ထူးခံသည့် ထွန်းငြိမ်း၊ ထွန်းရှိန် ဂိုဏ်းသားများ ဖြစ်ကြောင်း ထင်ရှားသည်။

(၇) နေဝင်း၏ ဖိနှိပ်မှုကြောင့် စံနစ်ကြီး သုံးခု၊ ရန်သူကြီး သုံးဦးကို၊ ကိုယ်စားပြုသော နေဝင်း စစ်အာဏာရှင် အစိုးရကို တော်လှန်တိုက်ခိုက်ရန် ပါတီနှင့် တပ်မတော် အတွင်းသို့ ဝင်ရောက်လာသောတော်လှန်သောအမျိုးသမီးများအား၊ နည်းအမျိုးမျိုးဖြင့် ဖျက်ဆီးကြသည့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းသား တကျော့ ရှူးမျှား ဖြစ်ကြောင်း ထင်ရှားသည်။

(၈) ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်ကိုအကြမ်းဖက်လုပ်ကြံ၍ ပါတီအာဏာ၊ တပ်မတော်အာဏာကို လုယူရန် လုပ်ကြံသော အကြမ်းဖက် တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေး၊ ထွန်းငြိမ်း၊ ထွန်းရှိန် ဂိုဏ်းသားများဖြစ်ကြောင်း ထင်ရှားသည်။

၂။ (၁) ဘသန်း၊ထွန်းကျော်၊ဘိုးသာ၊တင်ဟန်၊ခင်ဝင်းတို့သည် အထက်ပါ ပါတီဗဟို ဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊တော်လှန်ရေး ဖျက်ဆီးရေး၊တန်ပြန်တော်လှန်ရေး ပြန်လည်ပြင်ဆင်ရေးပြစ်မှုကြီးများကို ကျူးလွန်ရာတွင် ထွန်းငြိမ်းဝါဒလမ်းစဉ် ပေါ်လစီချမှတ်ရာ အကောင်အထည်ဖော်ရာ၌ ပါဝင်ချမှတ် လုပ်ကိုင်သူများဖြစ်ကြောင်း။ အာဏာပိုင်များဖြစ်ကြောင်း ကြံရာပါများဖြစ်ကြောင်း အခိုင်အမာ သိရသည်။

(၂) ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊တင်ဟန်၊ ခင်ဝင်း၊ တို့သည်ဤမျှကြီးမားသော ပြစ်မှုကြီးများကို ကျူးလွန်ရာတွင်မသိနားမလည်၍ လုပ်ခြင်းမဟုတ်။ အသိရှိရှိနှင့် လုပ်ကိုင်ခြင်း ဖြစ်ကြောင်း အခိုင်အမာသိရသည်။

(၃) ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်၊ ခင်ဝင်းတို့သည် ဤပြစ်မှုကြီးများကို ကျူးလွန်ရာတွင် ပါတီကို ဂလဲ့စားချေရေး၊ ပါတီအာဏာ၊ တပ်မတော်အာဏာကို လုယူရေးဟူသော ဖောက်ပြန်သော ရည်ရွယ်ချက်နှင့် လုပ်ကိုင်ကြောင်း အခိုင်အမာသိရသည်။

(၄) ဘသန်း၊ ထွန်းကျော်၊ဘိုးသာ၊တင်ဟန်၊ ခင်ဝင်းတို့သည် ဤပြစ်မှုကြီး များ ကို ကျူး လွန် ခြင်း သည်၊ ရှောင်တခင်ပြုလုပ်ခြင်းမဟုတ်ချေ။ နှစ်အတော်ကြာက ပင် တစတစပြုလုပ်ခဲ့ပြီး လက်နက်ကိုင်ကာ တန်ပြန်တော်လှန်ရေးဖြင့် အဆုံးသတ် လုပ်ကြံခြင်းဖြစ်ကြောင်း အခိုင်အမာ သိရသည်။

facebook@ Nyisay Myanmar Ebook Creator

http://www.nyisay.com

(၅) ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တန်ဟန်၊ ခင်ဝင်းတို့သည် ဤပြစ်မှုကြီးများကို ကျူးလွန်ခြင်းသည် ၎င်းတို့၏ ဖောက်ပြန်သော မနုရှင်ပညာတတ် လူတန်းစားဗိုဇ နှင့် ဖောက်ပြန်သော မနုရှင်လူတန်းစား နိုင်ငံရေးအရ မနုရှင်လူတန်းစားကို၊ အလုပ် အကျွေး ပြုခြင်း ဖြစ်ကြောင်း သူတို့သည် မနုရှင်လူတန်းစား ကိုယ်စားလှယ် မနုရှင်လူတန်းစားသူလျှိုများ ဖြစ်ကြောင်းအခိုင်အမာ သိရသည်။

ထို့ကြောင့်——

ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်၊ ခင်ဝင်းတို့အား ပြည်သူ့တော်လှန်ရေးခုံရုံး သဘာပတိအဖွဲ့မှ သေဒဏ်ပေးလိုက်သည်။

ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်၊ခင်ဝင်းတို့အား သေဒဏ်ပေးရေးတာဝန်ကို သူတို့ပိန့်ပ်မှု ဖျက်ဆီးမှုအများဆုံး ခံခဲ့ရသော မြစ်ဝကျွန်းပေါ်တည်ဆောက်ရေးတပ်ဖွဲ့ ဗဟိုစခန်းမှ လူငယ်အမျိုးသမီးနှင့် တပ်မတော်သားများနှင့် တိုက်တိုင်းအောင်(၁) မှ ကိုယ်စားလှယ်တို့အား လွှဲအပ်လိုက်သည်။

တာဝန်အပ်နှင်းခြင်းခံရသောတပ်ဖွဲ့များသည် ၁၉၆၈-ခုနှစ် စက်တင်ဘာလ(၁၄)ရက်နေ့ညနေ ၂-နာရီခွဲအတွင်း ပေးအပ်သောတာဝန်ကိုပြီးဆုံးအောင် ဆောင်ရွက်ရမည်။

ပြည်သူ့တော်လှန်ရေးခုံရုံးအဖွဲ့
(၁) သခင်ချစ်။
(၂) ရဲဘော်အောင်ကြီး။

၁၃၃၀-ခုနှစ်၊ တော်သလင်းလဆုတ်(၈)ရက်။
၁၉၆၈-ခုနှစ်၊ စက်တင်ဘာလ(၁၄)ရက်။
၁၃း ၃၀-နာရီ။

× × ×

''ခွေးမျိုးတွေကိုသတ်မယ်-အခုသတ်မယ်''ဟူသော အော်ဟစ် သံများသည် ဆူညံ၍နေလေသည်။

ချက်ခြင်းပင် တပ်နီလူငယ်များနှင့် တပ်နီအမျိုးသမီးများသည် ရဲဘော်ထွန်းကျော်တို့ (၄)ဦးရှိရာသို့ ပြေးသွားကြ၏။ မျက်နှာများကို တံတွေးများနှင့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထွေးနေကြ၏။ ပါးစပ်မှလည်းအော်နေကြ၏။ ခြေထောက်နှင့် ကန်သူကန်နေ၏။ ပါးရိုက်သူက ဝင်ရိုက်နေ၏။ ရဲဘော်ထွန်းကျော်တို့ (၄)ဦးသည် လုပ်သမျှ ပြုသမျှကို မလှုပ်မယှက်ပင် ခံနေကြရလေသည်။

မျက်လုံးအစုံတို့မှ မျက်ရည်များမှာမူ စီးကျ၍နေလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစခန်း၏ တောင်ဘက်တွင် ရှိသော ကျောက်ဂူ ဗဟိုလုံခြုံရေးတပ်ဖွဲ့နှင့် တပ်နီလူငယ်များသည် ကျင်းများကိုကြိုတင်၍ တူးထားပြီးဖြစ်သည်။ ထို့ပြင် တင်းဝါးအရင်းများကိုလည်း ကြိုတင်၍ခုတ်ပေး ထားရ၏။ ဓားမြှောင်များကိုလည်း ကြိုတင်၍ သွေးထားကြလေသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုစခန်းတွင် ဆဲသံ၊အော်သံ၊ ကြိမ်းသံ၊မောင်းသံများ၊ ကြွေးကြော်သံများသည် ပို၍ပို၍ ဆူညံနေ၏။ ပွက်လောပင်ရိုက်၍ နေလေသည်။

ရဲဘော်သက်သည် ရဲဘော်ထွန်းကျော်တို့ (၄)ဦးအား တာဝန်သတ်မှတ်ပေးထားသည့် အမျိုးသမီးအဖွဲ့များလက်သို့ ကြိုးစများကို ပေး၍ အပ်နေလေသည်။

ဗဟိုလုံခြုံရေးတပ်ဖွဲ့မှ ရဲဘော်များကမူ ကြိုးစများကိုကိုင်၍ ကျင်းသို့ အရောက်ပို့ပေးရသည့် တာဝန်ကို ယူကြရသည်။

ပထမဦးဆုံးအားဖြင့်၊ရဲဘော်ဘသန်း(ခ)မောင်သိန်းထွန်းအား ချည်တုပ်ထားသော ကြိုးစများကို ဆွဲ၍အတင်းဆွဲခေါ်ခဲ့သည်။

ယင်းအဖွဲ့၏ တာဝန်ခံမှာရဲဘော်မညွန့်ညွန့်ဖြစ်၏။မသန်းစိန်၊မနီ၊မငွေးကြည်တို့ ပါဝင်သည်။

မညွန့်ညွန့် ခေါင်းဆောင်သော အမျိုးသမီးများသည် ဝါးရင်းတုတ်များကို မြှောက်၍မြှောက်၍ ကြွေးကြော်သံများကို အော်ဟစ်လျက် ရဲဘော်ဘသန်း၏ နောက်မှ ကပ်လျက်လိုက်ခဲ့ကြသည်။

ရဲဘော်ဘသန်းသည် တွန့်တွန့်ဆုတ်ဆုတ် ဖြစ်နေ၏။ ထိုအခါတွင်မညွန့်ညွန့်က "ဟေ့ ခွေးကောင်၊ ကောင်းကောင်းသွား၊ ဒီနေရာမှာရိုက်သတ်ပစ်ရမလား" ဟု အော်ဟစ်၍ဝါးရင်းတုတ်နှင့် ရဲဘော်ဘသန်း၏ ဦးခေါင်းကိုရွယ်လိုက်သည်။

ရဲဘော်ဘသန်းအတွက် တူးထားသည့် ကျင်းအနီးတွင် သစ်ပင်နှစ်ပင်သည် ကပ်၍ပေါက်နေ၏။ ဦးခေါင်းတလုံးကို သွင်းနိုင်၏။ ထို့ကြောင့် ထိုသစ်ပင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နှစ်ပင်၏ အကြားတွင် ရဲဘော်ဘသန်း၏ ဦးခေါင်းအား သွင်းလိုက်၏။ ရဲဘော်ဘသန်း၏ လက်နှစ်ဖက်ကိုလည်း သစ်ပင်တပင်စီတွင်ဆွဲ၍ ချည်နှောင် လိုက်၏။ ခြေသောက်နှစ်ဖက်ကိုလည်း သစ်ပင်နှစ်ပင်နှင့် ကပ်လျက်ပင် တုတ်နှောင်ထားလိုက်၏။ ရဲဘော်ဘသန်းသည် မည်သို့မျှမပြောချေ။ မျက်လုံးလေးများမှာ ပြူးကျယ်ကျယ် ဖြစ်နေသည်။

ဂျတ်တာရက်ပင် ရဲဘော်မညွန့်ညွန့်သည် ရဲဘော်ဘသန်း၏ ဦးခေါင်းအား ဝါးရ[illegible]တုတ်နှင့်တအားလွှဲ၍ ရိုက်လိုက်၏။ ချက်ခြင်းဖွေးကနဲဖြစ်သွားပြီး သွေးများ[illegible]၍ထွက်[illegible]၏။ ထို့နောက် မသန်းစိန်[illegible]မမြေးကြည်တို့ကလည်း အသင့်ကိုင်ဆောင်ထားသော ဝါးရင်းတုတ်များနှင့် ဆင့်၍ဆင့်၍ရိုက်နှက်ကြလေသည်။

ရဲဘော်ဘသန်း၏ဇက်သည် ကျိုးကျသွားတော့သည်။ ရဲဘော်ဘသန်း၏ ဦးကျောက်များသည် မြေကြီးပေါ်တွင် ပြန့်ကျဲလျက်နေတော့သည်။

နောက်ဆုံးတွင် မညွန့်ညွန့်သည် ရဲဘော်ဘသန်းအား တုပ်နှောင်ထားသော ကြိုးများကို ဓားနှင့်ဖြတ်လိုက်ပြီး ရဲဘော်ဘသန်းအား ပက်လက် လှန်လိုက်ကြ၏။ မညွန့်ညွန့်သည် ရဲဘော် ဘသန်း၏ လည်ပင်းမှ လည်စေ့အောက်နားတွင် ကပ်၍ ဓားမြှောင်နှင့် လှီးဖြတ်လိုက်၏။ လည်ချောင်းသွေးများသည် ပန်း၍ထွက်လာ၏။ ယင်းသို့ပန်း၍ထွက်လာသော လည်ချောင်းသွေးများကို လက်ဝါးများနှင့်ခံ၍ ခြေဆေး၏။ ထို့နောက် ရဲဘော်ဘသန်း၏ရင်ကို ဓားမြှောင်နှင့် ခွဲလိုက်၏။ နှလုံးသွေးကိုလည်း ဖောက်ထုတ် လိုက်၏။ သွေးများမှာ ဒလဟော ထွက်လာနေ၏။ နှလုံးသွေးများနှင့်ပင် ထပ်မံ၍ ခြေဆေးနေကြသည်။

ရဲဘော်ဘသန်း

မညွန့်ညွန့်တို့သည် ''အောင်ပြီ-အောင်ပြီ''ဟု ကြွေးကြော်နေကြလေသည်။

ဒုတိယ ဆွဲထုတ်ခံရသူမှာ ရဲဘော်ထွန်းကျော်(ခ)အောင်ခိုင်(ခ) မောင်စိုးဝင်း (လှူထုဦးလှ-ဒေါ်အမာသား)ဖြစ်သည်။

ရဲဘော်ထွန်းကျော်သည် ပါးကိုလက်ဝါးနှင့် အကြိမ်ကြိမ်အရိုက်ခံထားရသဖြင့် မျက်မှန်မှာ မရှိတော့ပေ။ ပါးနှစ်ဖက်မှာ ဖူးယောင်နေ၏။ မျက်လုံးတို့မှာလည်း ယောင်အမ်း၍ မို့မောက်နေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအချိန်တွင် ပဲခူးရိုးမတိုင်း စစ်ရေးတာဝန်ခံ ဗိုလ်ဘုန်းကျော်သည် ယက်ကန်ယက်ကန်ဖြင့် ပါသွားသော ရဲဘော်ထွန်းကျော်၏ နောက်သို့ ပြေးလိုက်သွားပြီး၊ ရဲဘော်ထွန်းကျော်၏ဂုတ်ကို တအားဆွဲလိုက်၏။

ရဲဘော် ဗိုလ်ဘုန်းကျော်

“ဟေ့ကောင်- ငါ့ကိုမင်းက ပြန်ပြင်ရေးသမားပြောခဲ့တာ မှတ်မိသေးသလား။ ငါ့စိတ်ဓာတ်ကိုညှင်းဆဲခဲ့တာကော မှတ်မိရဲ့လား”ဟု ဆိုကာ ရဲဘော်ထွန်းကျော်၏ မျက်နှာအား လက်သီးနှင့်ထိုး၊ လက်ဝါးနှင့်ရိုက်၍နေလေသည်။

ရဲဘော် ထွန်းကျော်မှာမူ ခေါင်းလေးကို ငုံ့၍သာ ခံနေလေသည်။

ဤအဖွဲ့၏ ခေါင်းဆောင်မှာ မကြည်ဝင်းဖြစ်၏။ မကြည်ဝင်းသည် ဗဟိုစခန်းမှ တပ်နီအမျိုးသမီးဖြစ်၏။ ဤအဖွဲ့တွင် တာဝန်ပေးအပ်ခြင်း ခံရသူများမှာ အများအားဖြင့် ဗဟိုစခန်းမှ တပ်နီအမျိုးသမီးများဖြစ်ကြ၏။ မခင်ဝင်း၊ မအေးရီ (ပြည်ခရိုင်)၊ မယဉ်ကြည် (သာယာဝတီခရိုင်)၊ မဝင်းမြင့်(ခ)အမြင့်(တောင်ငူခရိုင်)မဒေါင်းယဉ်တို့ ပါဝင်သည်။

မကြည်ဝင်းတို့သည် ကြွေးကြော်သံများကို ဟစ်အော်၍ နေကြ၏။ “ဟဲ့ ခွေးကောင် ဘိနပ်ချွတ်ခဲ့”မယဉ်ကြည်က ပြောလိုက်၏။ ရဲဘော်ထွန်းကျော်သည် ဘိနပ်ကို ချွတ်ခဲ့ရသည်။

ရဲဘော်ထွန်းကျော်သည် ကျင်းအနီးသို့ရောက်သောအခါ မတ်တတ်ရပ်နေရာမှ ပဆစ်တုပ်လျက် ထိုင်ချလိုက်၏။ **“ဘယ်လိုသတ်ချင်သလဲ၊ ခေါင်းမော့ရမလား။ ငုံ့ပေးရမလား”**ဟု မေးလိုက်ပြီး၊ လည်တိုင်ကို မော့၍ပေးလိုက်သည်။

“အောင်မယ်လူပါးဝလိုက်တာ-တို့သတ်ချင်သလို သတ်မှာပေါ့”ဟု ရဲဘော်မခင်ဝင်းသည် ပြောပြောဆိုဆိုပင် လက်တွင်အသင့် ကိုင်ဆောင်ထားသော ဝါးရင်းတုတ်နှင့် ရဲဘော်ထွန်းကျော်၏ လည်မျိုအားတအားလွှဲ၍ ရိုက်ချလိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းကျော်၏ ပါးစပ်မှ "ဂူး၊ဂူး၊ဂူး"အသံထွက်၍နေ၏။ မကြည်ဝင်းက ဦးခေါင်းကို ထပ်၍ရိုက်လိုက်၏။ မအေးရီကလည်း ရိုက်၏။ မယဉ်ကြည်ကလည်းရိုက်၏။ တယောက်ပြီးတယောက်ပင် ရိုက်နှက်နေကြသည်။

ရဲဘော်ထွန်းကျော်၏ ဦးခေါင်းမှ သွေးတို့သည် မြေကြီးပေါ်သို့ စီးကျ၍နေတော့သည်။

ရဲဘော်ထွန်းကျော်

မယဉ်ကြည်နှင့် အမြင့်တို့က "ဒို့-ထွန်းကျော်ရဲ့ လည်ချောင်းသွေးနဲ့ ခြေဆေးရအောင်ဟေ့"ဟုဆိုကာရဲဘော်ထွန်းကျော်၏လည်ချောင်းကို ဓားမြှောင်နှင့် လှီးဖြတ်လိုက်၏။ လည်ချောင်း သွေးတို့မှာ ရဲရဲနီလျက်ပန်း၍ ထွက်လာ၏။ ပန်းထွက် လာသော လည် ချောင်း သွေးများကို ခြေထောက်နှင့် ခံလျက်၊ တယောက် ပြီး တယောက်ပင်လည်ချောင်းသွေးနှင့် ခြေဆေး၍နေကြလေတော့သည်။

ထို့နောက်တွင်"အောင်ပြီ-အောင်ပြီ" ဟူ၍ ကြွေးကြော်နေကြသည်။

တတိယ ဆွဲထုတ်ခြင်းခံရသူမှာ ရဲဘော်ဘိုးသာ(ခ)မောင်ကျော်ခင် ဖြစ်၏။ ဤအဖွဲ့၏ တပ်နီအမျိုးသမီးခေါင်းဆောင်မှာ မကြည်မြင့်ဖြစ်၏။ အဖွဲ့ဝင်တို့မှာ စိုးစိုး၊ဒေါ်ဒေါင်း၊မလှဝင်းတို့ ဖြစ်ကြသည်။

မကြည်မြင့်တို့အဖွဲ့သည် ရဲဘော်ဘသန်းနှင့် ရဲဘော်ထွန်းကျော်တို့၏ လည်ချောင်းသွေးများနှင့် ခြေဆေးနေကြသည်ကို မြင်နေကြရသည်။

ရဲဘော်ဘိုးသာသည် ရင်ကိုကော့လျက် မျက်နှာကိုတင်းပြီးလျှင်"နင်တို့ ငါ့ကို ဘာနဲ့သတ်မလဲ သေနတ်နဲ့သတ်မလား ဒါးနဲ့သတ်မလား ဒုတ်နဲ့ သတ်မလား၊ ကြိုက်တာနဲ့သတ်ကြဟေ့"ဟူ၍အသံပြတ်ပြတ်ဖြင့် အော်ပြောလိုက်၏။

မကြည်မြင့်က"ဟဲ့ ဘိုးသာနင်ကရခိုင်လူမိုက်ကြီးလားဟဲ့" ဟုဆိုကာရဲဘော်ဘိုးသာ၏ဦးခေါင်းအား၊ဝါးရင်းတုတ်နှင့်ရိုက်လိုက်၏။ ခွမ်းကနဲ အသံထွက်သွား၏။သွေးများလည်း ဖြာလျက်ထွက်၍လာတော့၏။ စိုးစိုးကမူ ရဲဘော်ဘိုးသာ၏

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ကျော်ခင်

နောက်ကျောအား ခေါင်းမြှ နှင့်ထိုးခိုက်လိုက်၏။ ရဲဘော်ဘိုးသာသည် အင်း၊အင်း အင်း”ဟူ၍ ညည်းနေ၏၊ မပြီမဆန့် ခံစားနေရ၏။ လိုက်ရှိနေ၏။ ချက်ခြင်းပင် ဒေါ်ခေါင်းသည် ဆုပ်သည့် ဓားမနှင့် ရဲဘော်ဘိုးသာ၏ လည်ပင်းအား ခုတ်ပိုင်းလိုက်တော့၏။ ပြုတ်၍ မသွားချေ။ စိုးခိုးကမူ ဓားမြှ ပြင် ဖြတ်နေ၏။ သွေးများမှာ ဒလဟောင်းဆင်း၍နေပေတော့သည်။

ထိုအခါတွင်၊ ရဲဘော် မကြည်မြင့်က “သခ္ခာဖောက် ညှော်ချောင်းသွားနဲ့ ဖြေဆေးကြ”ဟု ဆိုလိုက်၏။ ခြေဆေးနေကြ၏၊ ရဲဘော်ဘိုးသာ၏ ကိုယ်နှင့်ဦးခေါင်းတို့မှာ တကွဲတပြားစီဖြစ်၍ နေလေတော့သည်။

နောက်ဆုံးဆွဲထုတ်၍လာသူမှာ ရဲဘော်ခင်ဝင်း (ခ)မောင်စိုးမြင့် (ဇလွန်) ဖြစ်၏။ ယင်းအဖွဲ့၏ခေါင်းဆောင်မှာ မပုဖြစ်၏။ ယင်း၊ မသိတို့လည်း ပါဝင်ကြသည်။

ရဲဘော်ခင်ဝင်းအား အတင်းဆွဲ၍ထုတ်ခဲ့ကြ၏။ ရဲဘော်ခင်ဝင်းသည်၊ သခင်သန်းထွန်းအား စိမ်းစိမ်းဝါးဝါး ကြည့်လျက် “အော - ဥက္ကဋ္ဌကြီးဆိုတာ ဒါလား ခင်ဗျားတို့သမိုင်းကိုတော့ ဆက်ပြီး လေ့လာကြဦးပေါ့ဗျာ”ဟု ပြောလိုက်၏။ “ဟေ့ကောင် မပြောနဲ့ မပြောနဲ့” ဟု ဆိုကာ ရဲဘော်သက်သည် ရဲဘော်ခင်ဝင်း၏ပါးစပ်အား အတင်းလိုက်၍ အပိတ်ခိုင်းလိုက်သည်။

ကျင်းအနီးသို့ ရောက်သော အခါတွင် ရဲဘော် ခင်ဝင်းအား၊ တွန်းလှဲလိုက်ကြ၏။ ထိုအခါ၌ ခြေထောက်ပုစ၍ ဦးခေါင်း၊ ဦးခေါင်းမှခြေထောက်စသည်စသည်ဖြင့် ရိုက်သတ်နေကြ၏။ ငါးဖယ်ဟောသကဲ့သို့ ရိုက်နေကြသည်။

ရဲဘော်ခင်ဝင်းသည် မြေကြီးပေါ်တွင် လူးလိမ့်နေရင်း၊ မှောက်လျက် ဖြစ်နေ၏။

ရဲဘော်ခင်ဝင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ခူး၊ ခူး၊ ခူး" မြည်နေ၏။ မဝင်းသည် ရဲဘော်ခင်ဝင်း၏ လည်ချောင်းအား ဓါးမြှောင်နှင့်ထိုးစိုက်လိုက်၏။ ဓားမြှောင်ကို နှုတ်လိုက်သောအခါတွင် လည်ချောင်းသွေးများသည် ချက်ခြင်းပင် ဒလဟောထွက်လာ၏။ ထွက်၍လာသော လည်ချောင်းသွေးများကို ခြေနှင့်ဆေး၍ နေကြလေသည်။

ထို့နောက်တွင် သွေးပေနေသော လက်များကို ဝှေ့ရမ်းလျက်"အောင်ပြီ-အောင်ပြီ၊ တို့အောင်ပြီ"ဟုကြွေးကြော်၍လာခဲ့ကြသည်။

ဗဟိုစခန်းရောက်ခါနီးတွင် မညွန့်ညွန့်ဦးဆောင်သောတပ်နီအမျိုးသမီးများသည် တစုတစည်းတည်းစုလျက် စောင့်ဆိုင်းနေကြ၏။နောက်ဆုံးတွင် ပြန်လည်၍ စုစည်းမိသောအခါတွင် "အောင်ပြီ၊ အောင်ပြီ၊ တို့အောင်ပြီ"ဟုဆိုကာ၊က ခုန်လျက် ဗဟိုစခန်းသို့ ဝင်ခဲ့ကြလေသည်။

ဗဟိုစခန်းထိပ်သို့ရောက်သောအခါတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းသည် ရဲဘော်မညွန့်ညွန့်နှင့် တပ်နီ အမျိုးသမီးများ အား တဦးစီကို လက်ဆွဲ၍ခရီးဦးကြိုပြုနေ၏။ အူလှိုက်အသဲလှိုက်ပင် ဂုဏ်ပြုနေလေသည်။

သခင်သန်းထွန်း၏မျက်နှာတွင် အတိုင်းမသိသောပီတိ၊ ဖော်မပြနိုင်သော ဝမ်းသာမှု၊ အကြည်နူးဆုံးသော ခံစားရချက်တို့ကို စုစည်းဖော်ပြလျက် အထူး ပင် ပေါ်လွင်၍နေလေသည်။

တပ်နီအမျိုးသမီးများသည် လည်ချောင်းသွေးများနှင့်ပေကျံလျက် ရဲရဲနီသည့် သွေးလူးထားသောလက်များကို မြှောက်လျက်၊ မြှောက်လျက်ဝေ့လျက် ဝေ့လျက်"အောင်ပြီ၊ အောင်ပြီ၊ တို့အောင်ပြီ"ဟုတခဲနက်ပင် ကြွေးကြော်လျက်နေကြလေသည်။

နောက်ဆုံးကြွေးကြော်သံကား တောအနှံ့တောင်အနှံ့ပင် ပဲ့တင်ထပ်၍နေလေတော့သည်။

"ဥက္ကဋ္ဌကြီးသခင်သန်းထွန်း သက်တော်ရာကျော်ရှည်ပါစေ၊ ရာကျော်ရှည်ပါစေ။ အောင်ပြီ၊ အောင်ပြီ၊ တို့အောင်ပြီ"

x x x

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၃။ ထွန်းရှိန်ချေမှုန်းရေး

အခုဆိုရင် ထွန်းငြိမ်းကိုသုတ်သင်ပြီးခဲ့ပြီ။

ထွန်းငြိမ်းဂိုဏ်း ဗဟိုခေါင်းဆောင် ငါးကောင်(ဘသန်း၊ ထွန်းကျော်၊ ဘိုးသာ၊ တင်ဟန်၊ ခင်ဝင်း) တို့ကိုလဲသုတ်သင်ပြီးခဲ့ပြီ။

ထွန်းငြိမ်းဂိုဏ်းတွဲဖက် ခေါင်းဆောင်(ထွန်းရှိန်)(ခေါ်)(ဖေငြိမ်း) ကိုလဲချေမှုန်းနေပြီ။

ငါတို့ရဲ့ပါတီတွင်း၊ တပ်မတော်တွင်းမှ ကျန်ရှိနေ သေးတဲ့ ထွန်းငြိမ်းဝါဒ နဲ့ ထွန်းငြိမ်း- ထွန်းရှိန် ဂိုဏ်းကို ဆက်လက် ချေမှုန်း ရအုံးမယ်။

ရဲဘော်တို့ တိုက်တိုင်းအောင်(၂) တပ်ခွဲဟာ တိုက်တိုင်းအောင် တပ်ခွဲ (၂) ပေးစာနဲ့ ပြည်ခရိုင် ပေးစာဆိုတဲ့ အုတ်မြစ်ပေါ်မှာ တည်ဆောက်ထားတာဖြစ်တယ်။

ဒီပေးစာ နှစ်စောင်ဟာ အနှစ်သဘောအရ ထွန်းငြိမ်းဝါဒ ကို တိုက်ခိုက်ထားတာဖြစ်တယ်။

အခု အခါမှာ ထွန်းငြိမ်း၊ ထွန်းငြိမ်း ဝါဒနဲ့၊ ထွန်းငြိမ်း ဂိုဏ်းကို အတိအလင်း တိုက်ရိုက်ပြတ်ပြတ်သားသား ပွင့်ချတိုက်ခိုက်နိုင်ပြီ။

ထွန်းငြိမ်းဝါဒကို ချေမှုန်းနိုင်သလောက် ရန်သူစစ်တပ်ကို ချေမှုန်းနိုင်မှာဖြစ်တယ်။

* ထွန်းငြိမ်းဝါဒနဲ့ ထွန်းငြိမ်းဂိုဏ်းကို တဆင့်တိုးပြီး တိုက်ခိုက်ချေမှုန်းကြ။
* ရန်သူကိုအမြန်ဆုံးချေမှုန်းကြ။ အများဆုံးချေမှုန်းကြ။
* ပါတီတရပ်လုံးရော၊ တပြည်လုံးက တော်လှန်တဲ့ ပြည်သူတွေဟာရော၊ ရဲဘော်တို့နဲ့အတူရှိတယ်။
* အောင်ပွဲဟာ သေရဲ၊တိုက်ရဲ၊ အနိုင်ယူရဲသူတို့အတွက် ဖြစ်တယ်။

သန်းထွန်း
ဥက္ကဋ္ဌ
ဗဟိုကော်မီတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

၁၃၃၀ ခု၊ တော်သလင်းလဆုတ် (၉)ရက်။
၁၉၆၈ ခု၊ စက်တင်ဘာလ (၁၅) ရက်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တိုက်တိုင်းအောင် (၂သို့) ပေးစာ

ဥက္ကဋ္ဌ သခင်သန်းထွန်း၏ လက်မှတ်ဖြင့် တိုက်တိုင်းအောင်၊ ဗိုလ်ကော်မီတီနှင့် ပါတီဝင်များ၊ တပ်မတော်သားများသို့ ပေးစာမူရင်း

ဤသည်မှာ [illegible] (၂)သို့ သခင်သန်းထွန်း၏ တိုက်ရိုက် ပေးစာဖြစ်၏။ [illegible] ရဲဘော်ထွန်းကျော်၊ ရဲဘော်ဘသန်း၊ ရဲဘော် ဘိုးသာ၊ ရဲဘော် [illegible] တို့အား သတ်သင် ပြီးကြောင်းကို လည်း အကြောင်းကြား[illegible]၊ ကချိန်တည်းတွင် ရဲဘော် ထွန်းရှိန် (ခ) ရဲဘော်ဖေငြိမ်းကိုလည်း [illegible] နေပြီ ဖြစ်ကြောင်းကိုပါ အကြောင်း ကြားလိုက်လေသည်။

× × ×

၁၉၆၈-ခုနှစ် စက်တင်ဘာလ (၁၅) ရက်နေ့တွင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ [illegible]ဆေးကျောင်းသည် တောင်ငူခရိုင် ဖြူးမြို့နယ် "မြရာပင်ကျော"၏ အနောက်စောင်းတွင်ရှိသော ဖြူးချောင်း၏ လက်တက်ဖြစ်သည့် မြောင်ရှည်မြောင်တွင်ဖွင့်လှစ်ထားလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အချိန်မှာ လယ်ထွန်ဖြုတ်ချိန်တွင်ဖြစ်လေသည်။

ဗဟိုဆေးကျောင်းမှ ရဲဘော်၊ ရဲဘော်မ များသည် တလှုပ်လှုပ် တရွရွဖြစ်နေကြ၏။ တကြွကြွ ဖြစ်နေကြ၏။ အဖွဲ့လိုက် အစုလိုက်ဝိုင်းဖွဲ့၍ နေကြလေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုဌာနချုပ်မှ အာဏာပိုင်ကိုယ်စားလှယ် အဖွဲ့ဝင်တို့သည် အဖွဲ့လိုက်အစုလိုက်ဖွဲ့စည်းထားသောရဲဘော်၊ရဲဘော်မများအားနောက်ဆုံး ညွှန်ကြားချက် များကို ပေးနေကြ၏။ စွဲချက်များကို ပြင်ဆင်၍ ပေးနေကြသည်။

စွဲချက်တင်လူထုတိုက်ပွဲ အခမ်းအနားကိုလည်း ပြင်ဆင်ထားကြ၏။ မှွမ်းမံထားကြ၏။ နပူးစည်းတွင် "ပြန်ပြင်ရေးသစ္စာဖောက်ထွန်းငြိမ်း၊ ထွန်းရှိန်ဂိုဏ်းချေမှုန်းရေး" ဟူ၍ ရေးဆွဲထား၏။ နံရံကပ်ကြွေးကြော်သံများကိုလည်း နေရာအနှံ့ ပင်ဆွဲချိတ်ထားကြသည်။

* ပြန်ပြင်ရေးထွန်းရှိန်ကိုသတ်ပစ်။
* ပါတီကိုအံတုတဲ့ထွန်းရှိန်ကိုသတ်ပစ်။
* အမျိုးသမီးတွေကိုဖျက်ဆီးတဲ့ ထွန်းရှိန်ကိုသတ်ပစ်။
* နေဝင်းနောက်လိုက်ခွေး ထွန်းရှိန်ကိုသတ်ပစ်။
* တို့ဥက္ကဋ္ဌကြီးကို အံတုတဲ့ထွန်းရှိန်ကိုသတ်ပစ်။
* မြေရှင်သား ထွန်းရှိန်ကိုသတ်ပစ်။
* ဥက္ကဋ္ဌကြီးသခင်သန်းထွန်း-သက်တော်ရှည်ပါစေ။
* အကြီး မြတ် ဆုံး ခေါင်းဆောင်ကြီး ဥက္ကဋ္ဌကြီး မော်စီတုံး- သက်တော် ရှည်ပါစေ-ရှည်ပါစေ။

နံရံကပ် ကြွေးကြော်သံများကို စွဲချက်တင် လူထုတိုက်ပွဲ ဦးစီးကော်မီတီမှ သတ်မှတ်ပေးခြင်းဖြစ်၏။ ယင်း နံရံကပ် ကြွေးကြော်သံများကိုပင် အော်ဟစ်ကြရသည်။

စွဲချက်တင်လူထုတိုက်ပွဲဆင်မည့် ခန်းမဆောင်တွင် ရဲဘော်၊ ရဲဘော်မများသည် အစုံအညီပင် စုဝေး၍ ရောက်ရှိနေကြပြီဖြစ်သည်။

ဗဟိုဆေးကျောင်း ကင်းတပ်ဖွဲ့သည် ရဲဘော် ထွန်းရှိန်အား အချုပ်ခန်းမှ ဆွဲထုတ် လာကြ၏။ ရဲဘော်ထွန်းရှိန်၏ ဦးခေါင်းတွင် နှီးကို ယက်ထားသည့် ဦးထုပ်ချွန်ကြီးကို ဆောင်းထား၏။ဦးထုပ်ထိပ်တွင် ဦးခေါင်းခွံနှင့် လက်ဖျံရိုး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နှစ်ချောင်း ကြက်ခြေခတ်ထားသည့်ပုံကို ရေးဆွဲထား၏။ လည်ပင်း တွင်မူ "မြန်ပြင်ရေး ၅၅ သမား၊ ပါတီသစ္စာဖောက်"ဟူ၍ ဆွဲချိတ်ထားလေသည်။

ရဲဘော်ထွန်းရှိန်ကို လက်ပြန်ကြိုးတုပ်ထား၏။ လည်ပင်းကိုလည်း ကြိုးနှင့် ကွင်းလျော တတ်ထား၏။ ခြေထောက် နှစ်ချောင်းကိုလည်း ဆင်ကဲ့သို့ထူးခတ်ထား၏။ ရဲဘော်ထွန်းရှိန်အားအတင်းဆွဲ၍ခေါ်လာသည်။

ရဲဘော်ထွန်းရှိန်သည် ဒယီးဒယိုင်ဖြင့် ပါလာလေသည်။

* သစ္စာဖောက်ထွန်းရှိန်ကိုသတ်ပစ်-သတ်ပစ်။
* အမျိုးသမီးတွေကိုဖျက်ဆီးတဲ့ထွန်းရှိန်ကို သတ်ပစ်-သတ်ပစ်။
* ဂိုဏ်းခွဲရေးသမားထွန်းရှိန်ကို သတ်ပစ်-သတ်ပစ်။

ဤသို့ ရဲဘော်၊ ရဲဘော်မများသည် အော်ဟစ်လျက် ကြွေးကြော်နေကြသည်။

ရဲဘော်ထွန်းရှိန်၏ မျက်လုံးများသည် အတွင်းသို့နက်၍ ဝင်နေ၏။ ဟောက်ပက်ပက်ဖြစ်နေ၏။ သို့ရာတွင် မျက်လုံးများသည် ဝင်းဝင်းတောက်၍ နေသည်။

ရဲဘော် မမြဝင်း (သခင်သန်းထွန်း၏နှစ်မ)သည် တပ်နီအမျိုးသမီးများနှင့် အတူ ရဲဘော်ထွန်းရှိန်၏ အနီးသို့ အပြေးကပ်လာပြီး"ဟဲ့ခွေးကောင်၊ လူယုတ်မာ၊ ငါ့ယောကျ်ားကို သတ်တာ နင်ဟဲ့"ဟု ဆိုကာ ရဲဘော်ထွန်းရှိန်၏ ပါးကို တအားလွှဲလျက်ရိုက်နေ၏။ ထို့နောက်တံတွေးနှင့်လည်း ထွေးနေ၏။ မမြဝင်းနှင့်အတူပင် ရဲဘော်မများသည် ရဲဘော် ထွန်းရှိန်၏ မျက်နှာပြင် တခုလုံးအား တံတွေးများနှင့် ဝိုင်း၍ထွေးနေကြသည်။

ရဲဘော် ထွန်းရှိန်သည် ဦးခေါင်းကို သွက်သွက်ခါပင် လှုပ်ရမ်းလျက် နေလေသည်။

ပြည်သူ့တော်လှန်ရေးတရားခုံ၊ သဘာပတိအဖွဲ့ဥက္ကဋ္ဌ၏ တရားခုံရုံးဖွင့် မိန့်ခွန်း

ရဲဘော်တို့....။

၁။ ဒီပြည်သူ့တော်လှန်ရေး တရားခုံဟာ ပါတီဗဟို ဆန့်ကျင်ရေး၊ တော်လှန်ရေး ဖျက်ဆီးရေး၊တန်ပြန်တော်လှန်ရေး၊ ပြန်လည် ပြင်ဆင်ရေး၊ ထွန်းငြိမ်း ထွန်းရှိန် ဂိုဏ်းရဲ့ဂိုဏ်းချုပ် ထွန်းငြိမ်းနဲ့အတူ ကြံဖော်ကြံဖက်ဖြစ်တဲ့ ဂိုဏ်းခေါင်းဆောင်တဦးဖြစ်တဲ့ ဖေငြိမ်း (ခ)ထွန်းရှိန်ကို

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ပြည်သူ့ တော်လှန်ရေး တရားဥပဒေအရ အရေးယူ အပြစ်ပေးဖို့ဖြစ်တယ်။

ဒီသစ္စာဖောက်ထွန်းရှိန်ကို ဗဟိုဆေးကျောင်းပါတီ ကလာပ်စည်းက ၁၉၆၈-ခုနှစ် ဩဂုတ်လ (၃၁) ရက်နေ့မှာ တော်လှန်တဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့ရဲ့ ဩဂုတ်လ (၁၇) ရက်နေ့ ဆုံးဖြတ်ချက် အရ တာဝန်အသီးသီးမှဖြုတ်၊ ပါတီမှ ထုတ်ပစ်ခဲ့ပြီးဖြစ်တယ်။ ဗဟိုဆေးကျောင်းပါတီ ကလာပ်စည်းရဲ့ ဒီအရေးယူ ဆောင်ရွက်မှုကို ဗဟိုပါတီကခန့်အပ်လိုက်တဲ့ ကျနော်တို့အာဏာပိုင်အဖွဲ့ အနေနဲ့ကလဲ စက်တင်ဘာလ (၃) ရက်နေ့မှာ အတည်ပြုခဲ့တယ်။

ကျနော်တို့ရဲ့ခုံသဘာပတိအဖွဲ့ဟာ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ တင်ပြတဲ့စွဲချက်၊ လူထုတိုက်ပွဲကော်မီတီရဲ့ စည်းရုံးမှုအရတင်ပြတဲ့ စွဲချက်များတို့ကို ကြားနာပြီး ပြန်လည်ပြင်ဆင်ရေးသမားထွန်းရှိန်အား ထိုက်တန်တဲ့ အပြစ်ဒဏ်ကို စီရင်ဆုံးဖြတ်မှာဖြစ်တယ်။

ထွန်းရှိန်ဟာ ထွန်းငြိမ်းရဲ့ ကြံဖော်ကြံဖက်ဖြစ်ပြီး ထွန်းငြိမ်းဝါဒကို အကောင်အထည် ဖော်ရေးအတွက် အတက်ကြွဆုံး ရှေ့ဆောင်ရှေ့ရွက်ပြုတဲ့၊ ကိုယ်တိုင်လဲအကောင်အထည်ဖော်တဲ့ ဒီဂိုဏ်းရဲ့ တွဲဖက် ခေါင်းဆောင်ဖြစ်တယ်။ ဒီဂိုဏ်းရဲ့ ခေါင်းချုပ် ကတော့ ထွန်းငြိမ်း ဖြစ်တယ်။

ဒီထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်းကို ချေမှုန်းတဲ့ တိုက် ပွဲဟာ ဒီ ခေါင်းဆောင်နှစ်ဦးကို ချေမှုန်းပစ်ရုံနဲ့ မပြီးသေးပါဘူး။ ကျန်ရှိ နေ သေး တဲ့ ဂိုဏ်းသားတွေကို ချေမှုန်းပစ်ရုံနဲ့လဲ မပြီးသေးပါဘူး။ ဒီဂိုဏ်းရဲ့ ဝါဒ တနည်းကတော့ ထွန်းငြိမ်းဝါဒကိုအဓိကချေမှုန်းပစ်ရဦးမယ်။

၃။ ၂၉-နှစ်မြောက် ပါတီနေ့မိန့်ခွန်းလဲဖြစ်၊ ထွန်းငြိမ်းနဲ့ထွန်းရှိန်ဂိုဏ်းကိုချေမှုန်းတဲ့ တိုက်ပွဲ စတင်တဲ့နေ့ အဖွင့် မိန့်ခွန်းလဲဖြစ်တဲ့ဒီမှာ ပါတီဥက္ကဋ္ဌက "ထွန်းငြိမ်းဝါဒဆိုတာ တသီးတခြား ပေါ်ပေါက်လာတာမဟုတ်။ ပါတီထဲပေါ်ပေါက်လာခဲ့တဲ့ ပြန်လည် ပြင်ဆင်ရေးဂိုဏ်းအသီးသီးရဲ့အယူအဆတွေကို စုစည်းပြီး အသွင်တမျိုးနဲ့ အခြေအနေ သစ်မှာဖော်ပြလာတာဖြစ်တယ်။ ထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်းဟာ စိန်-ပိန်ရဲ့ အဆက်ဖြစ်တယ်"လို့ညွှန်ပြထားတယ်။

ဒီလိုဆိုရင် စိန်-ပိန်ဂိုဏ်းကို ချေမှုန်းရေးတိုက်ပွဲ ဆင်စဉ်က သူတို့ပါဝင်ခဲ့တာတွေအပေါ် ဘယ်လိုနားလည်ရမလဲလို့မေးစရာရှိလာပါတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

စိန်-ပိန်တို့ဟာ ပါတီဝင်ရော၊ တပ်မတော်သား ထု ပြည်သူလူထု ရှေ့မှောက်မှာ ပြည်သူ့ တရားခံတွေဖြစ်နေကြပြီ။ စိန်-ပိန်တို့ကို သူတို့အမျိုးမျိုးကယ်ခဲ့ကြပေမဲ့၊ ရဖို့မလွယ်ဘူးဆိုတာ သူတို့ကောင်းကောင်းကြီးသိကြတယ်။ ဒီ အခြေအနေမှာ စိန်-ပိန်တို့ရဲ့ ၅၅ ပြန်လည် ပြင်ဆင်ရေး လမ်းစဉ်ကို အသွင်တမျိုးနဲ့ ဆက်သက် အကောင်အထည် ဖော်ရေး ဖြို့ချခံလိုက်ရတဲ့ ပြန်လည် ပြင်ဆင်ရေး ဌာနချုပ် ဟောင်း နေရာမှာ ပြန်လည် ပြင်ဆင်ရေး ဌာနချုပ် အသစ် ထူထောင်ရေးကိုသာ သူတို့ရဲ့ အဓိကတာဝန် ဖြစ်လာကြောင်း သူတို့ ကောင်းစွာနားလည်ကြတယ်။ ဒါကြောင့် စိန်-ပိန်ဂိုဏ်းကိုချေမှုန်းရေးတိုက်ပွဲမှာ ဟန့်ပြုပြီး၊ ပါတီထဲမှာ ဆက်လက်ဦးဆောင်နိုင်ရေး၊ ပါတီအာဏာ တပ်မတော်အာဏာများကို လက်ဝယ်ထားရှိနိုင်ရေးတို့အတွက် ကြိုးစားခြင်းသာဖြစ်တယ်။ တနည်းအားဖြင့်ပါတီဖျက်ဆီးနိုင်ရေး၊ တော်လှန်ရေး ဖျက်ဆီးနိုင်ရေးအတွက် နိုင်ငံရေးအရင်းအနှီးစုဆောင်းခြင်းသာဖြစ်တယ်။

စိန်-ပိန်တို့ကို စွဲချက်တင် တိုက်ပွဲမဆင်မီ၊ ထွန်းရှိန်ရဲ့ လှုပ်ရှားမှုကိုလည်းကြည့်ပါဦး။

ပါတီဟာ ၆၇ ခု၊ ဧပြီလ (၂၇)ရက်နေ့မှာ စိန်-ပိန်-ခက် တို့ ထံက အာဏာသိမ်းပြီး သူတို့ကို အထွေထွေ ထိုးစစ် စတင် ဆင်နွှဲ လိုက်ပေမဲ့ ထွန်းရှိန်ကတော့ စလိုက်ပြီဖြစ်တဲ့ ဒီသေရေးရှင်ရေး တိုက်ပွဲကို အဆုံးအထိဆက်တိုက်ဆင်နွှဲသွားရမဲ့အစား၊ ဒီအရေးကြီးတိုက်ပွဲကို ဘေးချိတ်ပြီး စခန်းပါတီကော်မီတီထဲက တော်လှန်တဲ့ပါတီ ကော်မီတီဝင်ရဲဘော်ဗိုလ်တင်မောင်ကို ဦးတည်တိုက်ကြဖို့ အမျိုးမျိုး ဖန်တီး လာခဲ့တယ်။ ဒါဟာ ဧပြီ (၂၇) ဆုံးဖြတ်ချက်ကို လက်မခံနိုင်ကြောင်း၊ လက်တွေ့ပြပြီး စိန်-ပိန်-ခက်တို့ကို ကယ်ဖို့ကြိုးစားတာပဲ။

ဘခက်ကိုအကဲမလှလို့ ကြိုးတုပ်ဖို့၊ ရဲဘော်တွေကကြိုးစားတဲ့အခါမှာ လဲထွန်းရှိန်ဟာစခန်းပါတီကော်မီတီအတွင်းရေးမှူးဆိုတဲ့အခွင့်အာဏာကိုသုံးပြီး အတင်း တားခဲ့တယ်။ ဒါဟာ ဘခက် လွတ်မြောက် အောင် သူစီစဉ်လိုက်တာပဲ။ ဘခက်ကို-ထွန်းရှိန်လွှတ်လိုက်တာဖြစ်တယ်။

ဒါသာမကသေး။ စိန်-ပိန်တို့ကို စွဲချက်တင် တိုက်ပွဲဆင်တော့မှာမို့ စိန်-ပိန်တို့ကို ကြိုးတုပ်ဖို့ သဘာပတိအဖွဲ့နဲ့ တိုက်ပွဲ ဦးစီး ကော်မီတီက ဆုံးဖြတ်လိုက်ပေမဲ့ တာဝန်ရှိတဲ့ ထွန်းရှိန်ဟာ ကြိုးမတုပ်ပဲ ထားခဲ့ဘယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သန်းခေါင်ကျော်မှ သဘာပတိအဖွဲ့က သိလို့ အတင်းအကြပ် လုပ်ပြီး ကြိုးတုပ်ခိုင်းခဲ့ရတယ်။ စိန်-ပိန်တို့ မရှိတဲ့နောက်ကော သူတို့ဘာလုပ်ကြ သလဲ။

- ပါတီဥက္ကဋ္ဌနဲ့ ပါတီဗဟို ဆန့်ကျင်ပြီး စင်ပြိုင်ဗဟို ထောင်တယ်။
- ပါတီ လမ်းစဉ်ကို ဆန့်ကျင်ပြီး စင်ပြိုင်လမ်းစဉ် ထူထောင်တယ်။
- ပါတီနဲ့ တော်လှန် ရေး ကို အဖက်ဖက်က အမူးအရူး ဖျက်ဆီး တော့တာပဲ။

၄။ ပါတီထဲမနရှင်ကိုယ်စားလှယ်တွေဖြစ်ကြတဲ့ ပြန်လည်ပြင်ဆင် ရေးဂိုဏ်းသားတွေဟာခုလိုတဂိုဏ်းပြီးတဂိုဏ်း ဆက်တိုက် ပေါ်ပေါက် လာတာကို ဘယ်လိုနားလည်မလဲလို့ မေးစရာလဲ ရှိပြန်သေးတယ်။

လူတန်းစားတိုက်ပွဲ တရားအရ လူတန်းစားတိုက်ပွဲ ပြင်းထန်လာရင် ပါတီထဲမှာ မနရှင် ကိုယ်စားလှယ်တွေဟာ ပေါ်ပေါက်လာပြီး မနရှင် လူတန်းစားက ပစ္စည်းမဲ့ လူတန်းစားကို အတွင်းအပြင်ညှပ်ပြီးတိုက်ကြ တယ်လို့ မော်စီတုံး အတွေးအခေါ်က ကျနော်တို့ကို သင်ကြားထား ပါတယ်။

ကနေ့ ပါတီဟာရန်သူကြီး ၃ ဦးနဲ့ အဓိကအားဖြင့်ရိုက်ရက်အရင်း ရှင် နေဝင်းစစ်အာဏာရှင်နဲ့ အပြင်းအထန်တိုက်ပွဲဆင်နေရတဲ့ကာလ ဖြစ်တယ်။ တိုက်ပွဲဟာလဲ တနေ့တခြား ပြင်းထန်မြင့်မားလာနေတယ်။ ဒါကြောင့်မို့လဲ ၆၇ ခုနှစ်မှာ စိန် ပိန်ဂိုဏ်း ပေါ်လာပြီး ၆၈ခုနှစ်မှာ ထွန်းငြိမ်း-ထွန်းရှိန်ဂိုဏ်း ပေါ်ပေါက် လာတာပဲ ဖြစ်တယ်။ အပြင်က နေဝင်းက ပါတီကို တပ်မကြီးများနဲ့ အရူးအမူး တိုက်ခိုက်သလို ပါတီ တွင်းရှိသူ့ ကိုယ်စားလှယ် ပြန်လည် ပြင်ဆင်ရေးသမားတွေက တဗိုလ် ဆင်း တဗိုလ်တက် စံနစ်နဲ့ ပါတီကို တိုက်ကြတာပဲဖြစ်တယ်။

ဒါဟာ မကောင်းတာ မဟုတ်ပါဘူး။ ကောင်းပါတယ်။ အလွန် ကောင်းပါတယ်။ ပါတီရဲ့သမိုင်းဟာ ပြန်လည်ပြင်ဆင်ရေး ဝါဒအပေါ် တပွဲပြီးတပွဲ အောင်ပွဲရတာ ဖြစ်ပေါ်တိုးတက် ကြီးထွားလာတဲ့သမိုင်း ဖြစ်ပါတယ်။ ဒါကြောင့် စိန်-ပိန်ဂိုဏ်းအပေါ် ၆၇/ခုနှစ်ပြေီလမှာ အဆုံးအဖြတ်ပေးတဲ့ အောင်ပွဲရပြီး ဇွန်လမှာ သူတို့ကို ချေမှုန်းပစ်လိုက် တယ်။ ဒီလိုစိန်-ပိန်တို့ကို ချေမှုန်းပြီး မကြာမီ ဒီဇင်ဘာလမှာ ဦးပိုင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ခေါ် ရန်အောင်ကို ဆက်ပြီးချေမှုန်းပစ်ရပြန်တယ်။ ၆၈/၁ နှစ်ဆန်းရောက်တော့ထွန်းငြိမ်း-ထွန်းရှိန်ဂိုဏ်းပေါ်ပေါက်လာပြန်တယ်။ဒီဂိုဏ်းကိုလဲအရေးယူလာနိုင်တယ်။

ဒါတွေဟာပါတီရဲ့ ဖြစ်ပေါ် တိုးတက် ကြီးထွားလာမှုရဲ့ အရှိန်မြင့်မားလာမှုကိုပြတာပဲ။ ပါတီရဲ့အားကြီးမှု၊ ရင့်ကျက်မှု၊ စည်းလုံးမှုကို ပြတာပဲ။ ဒါဟာစစ်နိုင်ရေး၊ အာဏာသိမ်းရေး ပန်းတိုင်နဲ့ နီးသထက်နီးလာတာကိုညွှန်ပြတာပဲဖြစ်ပါတယ်။အောင်ပွဲအတွက် အာမခံချက်လဲဖြစ်ပါတယ်။

၅။ ဒါကြောင့် ဂိုဏ်းချုပ် ထွန်းငြိမ်းကို သေဒဏ်ပေး ချေမှုန်းပစ်ပြီးဖြစ်ပေမဲ့ ခု ထွန်းရှိန်ကို စွဲချက်တင် တိုက်ပွဲဆင်ပြီး အရေးယူအပြစ်ပေးမှာဖြစ်ပေမဲ့ ထွန်းငြိမ်း-ထွန်းရှိန်ဂိုဏ်း ချေမှုန်းရေး တိုက်ပွဲကတော့ မပြီးဆုံးသေးပါဘူး။ထွန်းငြိမ်းဝါဒကိုဆက်လက် ချေမှုန်းပစ်ရပါဦးမယ်။

နောက်ပြီး ထွန်းငြိမ်း ထွန်းရှိန်တို့ဟာ စိန်-ပိန်တို့လို ၅၅ကိုဖြောင့်မကိုင်ပဲ ၆၄ အလံကိုလွှင့်ထူ၊ မော်စီတုံးအတွေးအခေါ် ဝတ်ရုံကိုခြုံပြီး ၆၄ ကိုဆန့်ကျင်၊ ၅၅ ကို အကောင်အထည် ဖော်နေ တာကြောင့် အလွန်ကောက်ကျစ်တယ်လို့ မြင်ဖို့လိုတယ်။ ထွန်းငြိမ်းရဲ့ ကြံဖော်ကြံဖက်ဖြစ်တဲ့ တွဲဖက်ခေါင်းဆောင်ထွန်းရှိန်ဆိုရင် ထွန်းငြိမ်းထက်ကောက်ကျစ်ပါသေးတယ်။ ဥပမာတချို့ကိုပြောပြလိုပါတယ်။

- ထွန်းရှိန်ဟာ ပါတီဗဟိုနဲ့ ပါတီဥက္ကဋ္ဌကြီး ပတ်လည်မှာ ဝိုင်းရံကြဆိုတဲ့ ကြွေးကြော်သံ အောက်မှာ ပါတီဗဟိုနဲ့ ပါတီဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်မှုကိုဖယ်ပြီး၊ ထွန်းငြိမ်းရဲ့ဝါဒ၊ ထွန်းငြိမ်းရဲ့ လမ်းညွှန်မှု ကိုသာ အကောင်အထည် ဖော်တာကိုပဲကြည့်ပါ။
- ဒါသာမက ပါတီဗဟိုက ထွန်းငြိမ်းကို အရေးယူတော့မယ် လို့လဲသိရော ထွန်းရှိန်က ထွန်းငြိမ်းကို အရေးယူဖို့နဲ့ မိမိအနေနဲ့လဲ ထွန်းငြိမ်းကိုတိုက်ခိုက်မယ်ဆိုပြီးပါတီဗဟိုကို တင်ပြလာတာကို လဲကြည့်ပါဦး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

- သူ့ရဲ့ ပါတီဗဟိုကို ပေးတဲ့ ဩဂုတ်လ(၁၃) ရက်နေ့ ပေးစာမှာခုလိုဖော်ပြထားပါတယ်။ "ခုဗဟိုက ထွန်းငြိမ်းကိုခေါင်းမာသစ္စာဖောက်အုပ်စုကို အရင်ဖမ်း၊ လက်နက်ဖြုတ်လိုက်ပြီဆိုတဲ့ သတင်းကြားရလို့ အထူးပဲ အားရမိပါတယ်" ဆိုတဲ့ အလွန်ကောက်ကျစ်တဲ့ ထွန်းရှိန်ပါပဲ။
- ဒါကြောင့် ဒီတိုက်ပွဲမှာ ချောင်ကြို ချောင်ကြားပါ မကျန် ပြတ်ပြတ်သားသား အကုန်အစင် စွဲချက် တင် ဖွင့်ချတိုက်ခိုက်နိုင်ဖို့လိုပါတယ်။
- ဒါဟာပါတီနဲ့ တပ်မတော်ကို မော်စီတုံး အတွေးအခေါ်အရ တည်ဆောက်တာပဲ။ တော်လှန်ရေးနဲ့ ပြည်သူတို့ကိုအကောင်းဆုံးအလုပ်အကျွေးပြုတာပဲဖြစ်ပါတယ်။

ထွန်းရှိန်ကို စွဲချက်တင် တိုက်ပွဲဆင်တယ် ဆိုတာ ထွန်းရှိန် တည်ဆောက်ပေးထားတဲ့ အတွေးအခေါ် အယူအဆတွေကို ပြန်လှန်ပစ်တာပဲဖြစ်တယ်။

ဒါကြောင့်ထွန်းရှိန်ကို ပိုင်ပိုင်နိုင်နိုင်အသက်ပါပါ စွဲချက်တင်တိုက်ပွဲဆင်နိုင်လေ၊ ထွန်းရှိန်ရဲ့အတွေးအခေါ်အယူအဆတွေကိုပြန်လှန်နေလေပဲဖြစ်ပါတယ်။နောက်ပြီးရဲဘော်တွေအနေနဲ့ထွန်းငြိမ်း ထွန်းရှိန်တို့ကို စွဲချက်တင် တိုက်ပွဲဆင်တဲ့အခါမှာထွန်းငြိမ်း၊ထွန်းရှိန်တို့ရဲ့ကျောရိုးအဖြစ်ခံခဲ့ရတဲ့ ရဲဘော်များကိုလဲ ထိပါးနိုင်ပါတယ်။ ဒါဟာ မရှောင်မလွှဲသာဖြစ်ပြီး မှန်လဲမှန်ဖို့လဲလိုအပ်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ထွန်းငြိမ်း ထွန်းရှိန်တို့ရဲ့ ဝါဒလမ်းစဉ် လုပ်ရပ်တွေကို ကုန်စင် အောင်ရော၊ သူတို့ရဲ့ ကျောရိုးဖြစ်ခဲ့ရတဲ့ ရဲဘော်တွေ အနေနဲ့ ကျောရိုး ဘဝမှ တကဲ့လွတ်အောင်ရော၊ ဒီလိုတိုက်ပွဲဆင်နိုင်မှ ရနိုင်မှာမို့ ဖြစ်ပါတယ်။ ကျောရိုး အဖြစ်ခံခဲ့ရတဲ့ ရဲဘော်တွေ အနေနဲ့ အဲ့ဒီအတိုင်း နားလည်ဖို့လိုပါတယ်။

ရဲဘော်တို့....။

အခုအချိန်(၁၉၆၈·ခုနှစ် စက်တင်ဘာလ ၁၅ ရက်နံနက်(၈)နာရီ (၂၅)မိနစ်) ကစပြီး ပြည်သူ့တရားခုံ၊ ထွန်းရှိန်အား အရေးယူအပြစ်ပေးဖို့ ပြည်သူ့တော်လှန်ရေးတရားခုံကို ဖွင့်လှစ်လိုက်ပါပြီ။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်တို့....

တိုက်ပွဲဦးစီးကော်မီတီက စီစဉ်ထားတဲ့အတိုင်း ပါတီဗဟို ဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေး၊ တော်လှန်ရေး ဖျက်ဆီးရေး၊ တန်ပြန် တော်လှန်ရေး၊ ပြန်လည် ပြင်ဆင်ရေးသမား ထွန်းရှိန်အား စွဲချက်တင်ကြ။ ရဲရဲကြီးတိုက်ပွဲဝင် ချေမှုန်းပစ်ကြ။

ထွန်းငြိမ်း ထွန်းရှိန်တို့ရဲ့ ဩဇာကိုပါတီတွင်းရော၊ ပြည်သူတွင်းပါ တစွေးသားမှ မကျန်အောင်ချေမှုန်းပစ်ကြ။

ဤသို့ဖြင့် ပြည်သူ့တော်လှန်ရေးတရားခုံ သဘာပတိအဖွဲ့ ဥက္ကဋ္ဌဖြစ်သော သခင်ဇင်က ပြည်သူ့တော်လှန်ရေးတရားခုံဖွင့် မိန့်ခွန်းကို ပြောကြား၍ဖွင့်လှစ်လိုက်လေသည်။

သခင်ဇင်၏ မိန့်ခွန်းအဆုံးမသတ်မီပင် ကြွေးကြော်သံများနှင့် လက်ခုပ်သံများသည် အဆက်မပြတ်ပေါ်ထွက်၍ လာလေသည်။

ထို့နောက်တွင် ''ထွန်းရှိန်ချေမှုန်းရေး စွဲချက်တင်လူထုတိုက်ပွဲ''၌ ရဲဘော် ထွန်းရှိန်အား စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့၏ စွဲချက်ကို ရဲဘော်ရှိန်(ခ) ထွန်းလှ(ပီကင်းပြန်)က တင်လေသည်။

ရဲဘော်ရှိန်

(မှတ်ချက်။ ။ရဲဘော်ရှိန်(ခ) စောလွင် (ခ)ထွန်းလှ(ခ) ဂူမင်း (ပီကင်းပြန်) သည် မြင်းခြံခရိုင်မှဖြစ်သည်။

၁၉၅၃-ခုနှစ် ဧပြီလတွင် တရုတ်ပြည်သို့ ဒုတိယအသုတ်အဖြစ်သခင်ဘသိန်းတင်နှင့်အတူ သွားခဲ့သည်။ ၁၉၆၃-ခုနှစ် ဇူလိုင်လတွင် ဗမာပြည်သို့ ပြန်ရောက်လာခဲ့သည်။ ယခု အခါတွင် ကွန်မြူနစ်နစ်ပါတီ၊ ဗဟိုဌာနချုပ်၊မော်ကစ်လီနင်ဝါဒ၊ ဗဟိုနိုင်ငံရေး ကျောင်းတွင် နိုင်ငံရေးဘောဂဗေဒ ဘာသာရပ် သင်တန်း ဆရာ ဖြစ်သည်။ စာရေးသူ။)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"စုံစမ်းစစ်ရေးအဖွဲ့မှတ်ချက်"

စုံစမ်းစစ်ရေးအဖွဲ့ရဲ့တာဝန်ဟာ ထွန်းရှိန်နဲ့ အခြားလိုအပ်သူများကို စုံစမ်းစစ်ဆေးပြီး ထွန်းရှိန်ကို စွဲချက်တင်ရန်ဖြစ်တယ်။

(၁) ထွန်းရှိန်ကိုနှစ်ကြိမ်စစ်ဆေးခဲ့တယ်။ စစ်ဆေးချက်နဲ့ထွက်ဆိုချက်များကို ခုံသဘာပတိအဖွဲ့ကို ပူးတွဲ တင်ပြထားတယ်။

(၂) ထွန်းရှိန်ရဲ့ ကျောရိုးဆိုသူ (၇)ဦးကို စစ်ဆေးခဲ့တယ်။

(၃) ထွန်းရှိန်ကိုဆန့်ကျင်ခဲ့သူ၊ ထွန်းရှိန်ရဲ့ဖိနှိပ်မှု၊ ခံခဲ့ရသူလူထုကိုယ်စားလှယ်(၂၀)ဦးဆီက စုံစမ်းလေ့လာခဲ့တယ်။

တပ်စိတ်လိုက် ရဲဘော်တွေရဲ့ စွဲချက်ကိုလဲ တဆင့်လေ့လာခဲ့တယ်။

ဒါအပြင် ထွန်းရှိန်ရဲ့ မှတ်တမ်းမှတ်စုများ၊ ဟောပြောချက်များ၊ ပေးစာများကို စစ်ဆေးလေ့လာခဲ့တယ်။ ခုလိုထွန်းရှိန်ရဲ့လက်ရှိအခြေအနေကို အဓိကထားပြီး စုံစမ်းလေ့လာရုံမကပဲ၊ ထွန်းရှိန်ရဲ့အတိတ်က အခြေအနေကိုလဲ ပေါင်းစပ်လေ့လာခဲ့တယ်။

ထွန်းရှိန်ကို စစ်ဆေးတဲ့အခါမှာ သူဟာ အရေးကြီးတဲ့မေးခွန်းမှန်သမျှကို ပြောင်ငြင်းတယ်။ ငြင်းမရရင် ပစပ်ပိတ်နေတယ်။ အဖြေမပေးဘူး။

ဒါဟာ ခေါင်းမာမာနဲ့ခုခံနေတာပဲ။

ခုလို တတ်နိုင်သမျှဘက်စုံအောင် စုံစမ်းလေ့လာပြီးတဲ့ နောက်မှာ ထွန်းရှိန်ဟာ....

(၁) ဥက္ကဋ္ဌသခင်သန်းထွန်း အမှူးပြုတဲ့ ဗဟိုဌာနချုပ်ကို ပုန်ကန်ခြားနားပြီးစင်ပြိုင်ဗဟိုထူထောင်သူဖြစ်ကြောင်း။

(၂) ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပစ္စည်းမဲ့လူတန်းစားတော်လှန်ရေးလမ်းစဉ်ကို ဆန့်ကျင်ပြီး အရင်းရှင်လူတန်းစား ပြန်ပြင်ရေးလမ်းစဉ်နဲ့ စင်ပြိုင်လမ်းစဉ် ထူထောင်သူဖြစ်ကြောင်း။

(၃) ပါတီဗဟိုရဲ့ အစိတ်အပိုင်း တခုနဲ့ ပြည်သူ့ တပ်မတော်ရဲ့ တပ်ဖွဲ့တဖွဲ့ဖြစ်တဲ့ ဗဟိုဆေးကျောင်းပါတီနဲ့ တပ်မတော်ကိုဖျက်ဆီးသူဖြစ်ကြောင်း။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) ဗမာပြည်သူ လူထုရဲ့ တော်လှန်ရေး သမိုင်းကို ချေဖျက်ရုံမက လက်ရှိဆင်နွှဲနေတဲ့ ပြည်သူ့တော်လှန်ရေး စစ်ပွဲကိုလဲ ဖျက်ဆီးသူဖြစ်ကြောင်း။

(၅) ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ပြည်သူ့တပ်မတော် အတွင်းမှာ အကောက်ကျစ်ဆုံး ဂိုဏ်းခွဲသူဖြစ်ကြောင်း။

(၆) ကိုယ်ကျိုးရမက်ကြီးသူ အာဏာရူး၊တဏှာရူးဖြစ်ကြောင်း။

(၇) ပါတီဗဟိုဌာနချုပ်ကို အကြမ်းဖက်လုပ်ကြံ၊ တန်ပြန်တော်လှန်ရေးသမား၊ ပြန်ပြင်ရေးသမားဖြစ်ကြောင်း။

(၈) ပြည်တွင်းပြည်ပ တန်ပြန်တော်လှန်ရေး၊ ပြန်ပြင်ရေးဂိုဏ်း အသီးသီးရဲ့ မျိုးဆက် ဖြစ်ကြောင်း တို့ကို ခိုင်ခိုင် လုံလုံ ကောက်ချက်ရခဲ့ပါတယ်။

ဒီကောက်ချက်တွေ မှန်ကန်ကြောင်းကိုအရေးကြီးတဲ့အချက်အလက် အချို့နဲ့ ထင်သောသပြီး ထွန်းရှိန်ကို စွဲချက်တင်မယ်။

(၁) ဗဟိုဆေးကျောင်းဟာ တော်လှန်စစ်ကို အလုပ်အကျွေးပြုမဲ့ နီလဲနီ၊ ချွန်လဲချွန်တဲ့ ဆေးကေဒါတွေ မွေးမြူပေးရမယ်လို့ ပါတီဗဟိုက လမ်းညွှန်ပေးခဲ့တယ်။ ထွန်းရှိန်ဟာ ဆေးကျောင်းရောက်ရောက်ခြင်း အဲဒီလမ်းညွှန်မှုကို ဖျက်ဆီးခဲ့တယ်။ "ပဲခူးရိုးမတိုင်းရဲ့ အမာခံကျောင်းသား ကေဒါတွေမွေးမြူရေး" ဆိုတဲ့ စကားလုံးနဲ့ ပါတီဗဟိုရဲ့ လမ်းညွှန်မှုကို ဖုံးကွယ်ပစ်ခဲ့တယ်။ လက်တွေ့က ထွန်းငြိမ်း၊ထွန်းရှိန်ဂိုဏ်းအတွက်အမာခံ ကျောင်းသားတွေ မွေးပေးခဲ့တယ်။ သူမွေးတဲ့ ကျောင်းသားတွေဟာ နီလဲမနီ၊ ချွန်လဲမချွန်ဘူး။ ဗဟိုဆန့်ကျင်ရေး၊ ပါတီဖျက်ဆီးရေးလမ်းကို ရှောက်အောင် မွေးပေးခဲ့ပါတယ်။ သူကဗဟိုအာဏာသိမ်းဖို့ ကြိုးစားသလို သူ့ကျောင်းသားတွေကလဲ ခရိုင်တွေမှာ အာဏာသိမ်းဖို့ ကြိုးစားအောင် လုပ်ပေးခဲ့ပါတယ်။

ဆေးကျောင်းကာလတလျှောက်လုံးမှာ ထွန်းရှိန်ဟာဗဟိုရဲ့စာတမ်းတွေ၊ ဥက္ကဋ္ဌ မိန့်ခွန်းတွေကို အကောင်အထည် မဖော်ရုံမက အောက်ခြေကိုတောင် ချမပြခဲ့ဘူး။ ဥက္ကဋ္ဌရဲ့ ထိုးစစ်ကိုထိုးစစ်နဲ့ချေမှုန်းရေးဆိုတဲ့ မိန့်ခွန်းကို သူ့ကျောင်းသားတဦးကိုသာ ဖတ်ခွင့်ပေးခဲ့တယ်။ ဗဟိုရဲ့ စစ်ရေးပေါ်လစီ ဆွေးနွေးနေတာကို ရပ်ပစ်ပြီး ထွန်းငြိမ်းရဲ့ ပြည်ခရိုင် အလှည့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အပြောင်းဆိုတဲ့ မိန့်ခွန်းကို ဆွေးနွေးဖို့ ခိုင်းတယ်။ သူတို့လိုချင်တဲ့ စိတ်ဓာတ် မရရအောင် ဆွေးနွေးဖို့ ခိုင်းတယ်။

ပါတီဗဟိုက ထုတ်တဲ့ ပညာရေးစာတမ်းတွေကို ဂျောင်ထိုးထားတယ်။ ပါတီအသိ မြှင့်တင်ရေး လှုပ်ရှားမှုမှာ သူ့ဆရာငွေးရဲ့ ဟောပြောချက်ကိုဆက်ပြီး သုံးခဲ့တယ်။ ဒါကြောင့်၁၉၆၇-ခုနှစ်အထိ ဆေးကျောင်းမှာ ငွေးရဲ့ ဟောပြောချက် ရှိနေရုံမက၊ ငွေး ကိုးကားခဲ့တဲ့ လျူရှောချီရဲ့ နာမည်ဟာလဲ ဆေးကျောင်းသားတွေရဲ့ မှတ်စုထဲမှာ ခေါင်းဆောင်ကြီးတဦးအဖြစ် ရှိနေတုန်းပဲ။

ပါတီဗဟိုကထုတ်တဲ့ တော်လှန်ရေးသမားတိုင်း နီလဲနီ၊ချွန်လဲချွန်ရမယ်ဆိုတဲ့ စာတမ်းကို ချမပြတဲ့အပြင် ဆန့်ကျင်ပြီး ဖျက်ဆီးခဲ့တယ်။ နီတယ်ဆိုတာဟာ ပစ္စည်းမဲ့နိုင်ငံရေးကိုအလုပ်အကျွေးပြုတာ၊တော်လှန်စစ်ကို အလုပ်အကျွေးပြုတာ၊ ပါတီခေါင်းဆောင်မှုခံယူတာဆိုတဲ့ပါတီဗဟိုရဲ့ အမိပ္ပါယ်ဖွင့်ချက်ကို သူရဲ့ပြန်ပြင်ရေး လမ်းစဉ်နဲ့ ရောမွှေပြီး ဖျက်ဆီးခဲ့တယ်။ နီတယ်ဆိုတာ တော်လှန်စစ်ကို အလုပ်အကျွေးပြုတာ၊ ကျေးလက်လူတန်းစား တိုက်ပွဲဆင်ပြီး အထောက်တော်ရှင်း ပြည်သူ့စစ်ပွဲအုတ်မြစ်ချတာလို့ ထွန်းရှိန်က အမိပ္ပါယ်ဖွင့်ခဲ့တယ်။ ဒီအတိုင်းပဲ ဆေးကျောင်းသားတွေကို ထွင်ပေးခဲ့တယ်။

ထွန်းရှိန်ဟာ ကောက်ကျစ်စွာနဲ့ ထွန်းငြိမ်းဝါဒကို လုံးဝဥဿုံ အကောင်အထည်ဖော်တယ်။ဉက္ကဌရဲ့ ရဲ ၃-ရဲကိုထွန်းငြိမ်းရဲ့ ရဲ ၃-ရဲနဲ့ ရောမွှေပြီး ချပြတယ်။အဓိကထွန်းငြိမ်းရဲ့ ရဲ ၃-ရဲကို နာခံဖို့တောင်းဆိုတာပဲ၊ ဉက္ကဌရဲ့ လေးမျိုးကောင်း ကေဒါဖြစ်အောင် ပြည်ခရိုင် အရင်းခံ အလှည့်အပြောင်းကို အမှီလိုက်ကြလို့ ဉက္ကဌနာမည်ကို အကာအကွယ်ယူပြီး အဓိကဟာ ထွန်းငြိမ်းရဲ့ အရင်းခံအလှည့်အပြောင်းကိုအမှီလိုက်ဖို့ ဆော်ဩတာပဲ။

ဗဟိုက ရန်သူ့သတင်းရလို့ ဆေးကျောင်းရွှေ့ဖို့ညွှန်ကြားတာကို မလိုက်နာပဲဆန့်ကျင်ခဲ့တယ်။ ဒါကြောင့်ဆေးကျောင်းအတိုက်ခံရတယ်။ အတိုက်ခံရတာဟာ ရဲဘော်အောင်မြင့် လူတန်းစား အခြေခံမမှန်လို့ဆိုပြီး ကျဆုံးသူကို အပြစ်ပုံချတယ်။ ဗဟိုကမေးရင် ဒီအတိုင်းပြောရမယ်လို့ ရဲဘော်တွေကို သင်ထားတယ်။ ဗဟိုကို ညာဖို့ဆန့်ကျင်ဖို့ပြင်ထားတယ်။ အတိုက်ခံရလို့ ဗဟိုက ဝေဖန်တာကိုလဲ မခံယူတဲ့အပြင် အခဲမကျေဖြစ်ခဲ့တယ်။ ဗဟိုက ဒို့ကို အဆိုးမြင်နေတာပဲ၊ ဒီလိုအဆိုးမြင်နေ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရင် သူတို့ဖာသာ လာလုပ်ပါလားဆိုတဲ့ မကျေချမ်းတဲ့စကားတွေ ပြော ခဲ့တယ်။

ထွန်းရှိန်ဟာ သူ့ဆေးကျောင်း သူတည်ဆောက်ရေးက ဗဟိုက တည်ဆောက်ရေးထက် ကောင်းကြောင်း၊ သူ့ကျောရိုးတွေကို ပြောပြ တယ်။ ဥက္ကဋ္ဌရင်ခွင်မှာ မွေးမြူထားတဲ့ ရဲဘော်မတွေဟာ သူမွေးမြူ ထားတဲ့ ရဲဘော်မတွေလောက် မတော်ကြောင်း ကြွားဝါပြောခဲ့တယ်။ ဒီလိုနဲ့သူဟာပါတီဗဟိုနဲ့ ဥက္ကဋ္ဌကို ပြိုင်ဆိုင်အာခံခဲ့တယ်။ စင်ပြိုင်ဗဟို၊ စင်ပြိုင်ကျောင်းလုပ်ခဲ့တယ်။

ဒီအချက်တွေကြောင့် ထွန်းရှိန်ဟာ ဥက္ကဋ္ဌသခင်သန်းထွန်း အမှူးပြု တဲ့ ဗဟိုဌာနချုပ်ကို ပုန်ကန်ခြားနားပြီး စင်ပြိုင် ဗဟိုထူထောင်သူဖြစ် ကြောင်း စွဲချက်တင်တယ်။

(၂) ထွန်းရှိန်ရဲ့နိုင်ငံရေးလမ်းစဉ်ဟာ ထွန်းငြိမ်းရဲ့နိုင်ငံရေးလမ်း စဉ်နဲ့အတူတူပဲ ထွန်းငြိမ်းလို "လုံးဝမလွတ်လပ်ဘူး"လို့ ပြောင်မအော် ဘူး။ ဘေးမှာကောက်ကျစ်စွာနဲ့ တီးတိုးပြောတယ်။ ဗမာပြည်လူ့အ ဖွဲ့အစည်းဟာ၊ ကိုလိုနီ-ကိုလိုနီတပိုင်း တိုင်းပြည်ဖြစ်တယ်လို့ ဟောပြော ခဲ့တယ်။ ဒါဟာပါတီရဲ့အခြေခံလုပ်ငန်းစဉ်ကို ဆန့်ကျင်တာဖြစ်တယ်။ အခြေခံလုပ်ငန်းစဉ်မှာ ဗမာ့လူ့အဖွဲ့အစည်းဟာ ကိုလိုနီတပိုင်း ပဒေ သရာဇ်တပိုင်း တိုင်းပြည်ဖြစ်တယ်လို့ သတ်မှတ်ပြီးဖြစ်တယ်။ ထွန်းရှိန် က ကိုလိုနီ-ကိုလိုနီတပိုင်းလို့ သတ်မှတ်တဲ့ ရည်ရွယ်ချက်ဟာ ထွန်းငြိမ်း နဲ့အတူတူပဲ။ ကိုလိုနီ-ကိုလိုနီတပိုင်းဘဝမှာ ဗြူရိုကရက် အရင်းရှင် လူ တန်းစားမရှိနိုင်ဘူး။ တိုက်ရမဲ့ရန်သူ ၂-ဦးပဲရှိတယ်။ နေဝင်းကို မတိုက် ရဘူးဆိုတဲ့ ရည်ရွယ်ချက်ပဲ။

လယ်ယာအလုပ်သမားနဲ့ ဆင်းရဲကို အခြေခံ။ အလတ် တန်းစား၊ လယ်သမားကို မဟာမိတ်ဖွဲ့။ချမ်းသာကိုကြားထား။ မြေရှင်နဲ့ မြေယာ အရင်းရှင်ကို ဦးတည်တိုက်ဆိုတဲ့ပါတီရဲ့ ကျေးလက်လူတန်းစားလမ်းစဉ် ကို ထွန်းရှိန်ဟာဆန့်ကျင်တယ်။ "ချောင်လည်အလတ်ဟာ မိဘပြည် သူမဟုတ် ချမ်းသာဟာ နေဝင်းလေး၊ နေဝင်းကြီးကိုတိုက်ချင်ရင် နေ ဝင်းလေးကို အရင်တိုက်ရမယ်"ဆိုတဲ့ ထွန်းငြိမ်းလမ်းစဉ်နဲ့ အစားထိုး ခဲ့တယ်။ ထွန်းငြိမ်းလမ်းစဉ်အတိုင်း စမ်းသပ်ခဲ့တယ်။ အိမ်ခြေ (၅၃) အိမ်ရှိတဲ့ ရွာတရွာမှာ မိုခိုရမဲ့အိမ်(၆)အိမ်ပဲ ရှိတော့တယ်။ ကျန်အိမ် တွေဟာ တိုက်ရမဲ့အိမ်တွေနဲ့ မယုံကြည်ရတဲ့အိမ်တွေ ဖြစ်ကုန်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သူတို့ရဲ့ ဖောက်ပြန်တဲ့လမ်းစဉ်ကြောင့် လယ်သမားလူထုဟာ ထိတ်လန့်ကုန်တယ်။ ရဲဘော်တွေလဲ ရွာထဲဝင်ရင် တည်းခိုရာ အိမ်မရှိတော့ဘူး။ အလတ်နဲ့ ဆင်းရဲတွေလဲ တဦးနဲ့တဦး သံသယဖြစ်ကုန်တယ်။ ပါတီဗဟိုရဲ့ ကျေးလက်လူတန်းစားလမ်းစဉ်ဟာ ကျေးလက်လူဦးရေရဲ့ ရာနှုန်း ၉၀/ကျော် လူထုကိုသိမ်းသွင်းပြီး ရာနှုန်း ၅/လောက်ကို ကြားထား ရာနှုန်း ၅/လောက်ကို ဦးတည်တိုက်ရေးဖြစ်တယ်။ ထွန်းရှိန်တို့ရဲ့ ကျေးလက် လူတန်းစား လမ်းစဉ်ဟာရာနှုန်းတဆယ်လောက်သာ အသုံးပြုပြီး ရာနှုန်းကိုးဆယ်ကျော် လူထုကို ဆန့်ကျင်ဖြစ်တယ်။ အလွန် ဖောက်ပြန်တဲ့ တန်ပြန်တော်လှန်ရေး လမ်းစဉ်ဖြစ်တယ်။

ထွန်းရှိန်ဟာ စစ်ရေးလမ်းစဉ်မှာလဲ ထွန်းငြိမ်းနဲ့ အတူတူပဲ။ ဒါပေမဲ့ သူက ဗဟိုနဲ့ နီးနေတော့ ပိုပြီးကောက်ကျစ်စွာ အကောင်အထည်ဖော်ရတယ်။ ထွန်းငြိမ်းရဲ့ "ထိုးစစ်ကို ထိုးစစ်စိတ်ဓာတ်နဲ့ ရင်ဆိုင်ကြ" ဆိုတာကို ဥက္ကဋ္ဌစကားလုံးတွေနဲ့ ရောမွှေပြီး ထိုးစစ်ကို ထိုးစစ်စိတ်ဓာတ်နဲ့ ရင်ဆိုင်ကြ၊ ရိုက်ချိုးကြ၊ ချေမှုန်းကြလို့ဆော်ဩတယ်။ စစ်ရေးတိုက်ပွဲနဲ့ ကျေးလက်လူတန်းစားတိုက်ပွဲ တိုက်ခိုက်ရေးနဲ့ တည်ဆောက်ရေး စုစည်းရေးနဲ့ ဖြန့်ခွဲရေးဆိုတာတွေမှာလဲ ဘယ်အချိန် ဘယ်ဟာအဓိကဆိုတာ ထွန်းရှိန်လဲမခွဲခြားဘူး "တဖက်စီဆွဲမနေကြပါနဲ့" ဆိုပြီးလက်တွေ့က ထွန်းငြိမ်းစစ်ရေးလမ်းစဉ်ကို ထောက်ခံတယ်။

ထွန်းရှိန်ရဲ့ စည်းရုံးရေး လမ်းစဉ်လဲ၊ ထွန်းငြိမ်းနဲ့အတူတူပဲ။ မေပြီ (၂၇)ရက် ဆုံးဖြတ်ချက်နောက်ပိုင်းမှာ တော်လှန်တဲ့ဗဟို တော်လှန်တဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့ တော်လှန်တဲ့ ဗဟိုကော်မီတီ ပေါ်ပေါက်လာပြီဆိုတာ လက်မခံဘူး။ "ပြန်ပြင်ရေးဗဟိုဆိုရင် မနာခံရဘူး" ပြန်ပြင်ရေးအယက်ကလာတယ်လို့ ဝါဒဖြန့်ပြီး ဗဟိုကိုမနာခံရေး၊ ထွန်းရှိန်ကို နာခံရေးသာ သွင်းပေးတယ်။ သူ့ မနာခံသူဆိုရင်၊ ဝိုင်းပယ်တယ်။ ထိုးနှက်တယ်။ သူ့နာခံသူတွေဆိုရင် မြှောက်စားတယ်။ ခြုံလိုက်ရင် ထွန်းရှိန်ဟာ နိုင်ငံရေး၊ မြေယာသစ်ရေး၊ စည်းရုံးရေးစတဲ့ လမ်းစဉ်တခုလုံးမှာ ပါတီဗဟိုရဲ့ လမ်းစဉ်ကို ဆန့်ကျင်တယ်။

ဒါကြောင့် ထွန်းရှိန်ဟာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပစ္စည်းမဲ့လူတန်းစား တော်လှန်ရေးလမ်းစဉ်ကို ဆန့်ကျင်ပြီး အရင်းရှင်လူတန်းစား ပြန်ပြင်ရေးလမ်းစဉ်နဲ့ စင်ပြိုင်လမ်းစဉ် ထူထောင်သူဖြစ်ကြောင်း ဝွဲချက်တင်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၃) ဗဟိုဆေးကျောင်းမှာ ထွန်းရှိန်တာဝန် ယူနေတဲ့နေ့ကစပြီး ဗဟိုဆေးကျောင်း ပါတီနဲ့ တပ်ကို ဖျက်ဆီးခဲ့တယ်။ ပါတီဗဟိုက ခန့်အပ်တဲ့ ပါတီကော်မီတီကို လုံးဝအသိအမှတ်မပြုဘူး။ သူ့ကျောရိုးတစုသုံးပြီးထင်ရာစိုင်းခဲ့တယ်။ ပါတီကော်မီတီနေရာမှာသူ့အမာခံကျောရိုးတစုနဲ့ အစားထိုးခဲ့တယ်။ ဒီနည်းနဲ့ ပါတီကော်မီတီကို ဖျက်သိမ်းခဲ့တယ်။ ပါတီကလာပ်စည်းနေရာမှာ သူ့အခံကျောရိုးတွေနဲ့ အစားထိုးခဲ့တယ်။ ကလာပ်စည်းကိုဖျက်ခဲ့တယ်။ ဒါကြောင့် ပါတီ ကလာပ်စည်းကိုဖျက်ခဲ့တယ်။ဒါကြောင့်ပါတီကော်မီတီဝင်တွေဟာ ထွန်းရှိန်ရဲ့ အမာခံကျောရိုးတွေ အခံကျောရိုးတွေလောက် နိုင်ငံရေးအာဏာ မရကြဘူး။ဒီနည်းနဲ့ ထွန်းရှိန်ဟာ၊ပါတီဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းကိုနင်းချေပစ်တယ်။ ဗဟိုရဲ့အမိကအစိတ်အပိုင်းတခုဖြစ်တဲ့ ဆေးကျောင်းမှာ အာဏာသိမ်းခဲ့တယ်။

ထွန်းရှိန်ဟာ ဗဟိုဆေးကျောင်းသားတွေကို သူ့ပြန်ပြင်ရေးအဆိပ်တွေ နက်နက်ရှိုင်းရှိုင်း သွင်းခဲ့တယ်။ အတော်လဲ ဖျက်ဆီးနိုင်ခဲ့တယ်။ ဒါကြောင့်-ငါနို့ရေးကျသွားပြီ။ မချွန်လဲ ကိစ္စမရှိဘူး။ အာမခံနိုင်ပြီ။ "ဆေးကျောင်းဖျက်လိုက်ရရင်လဲ နိုင်ငံရေးအရ အောင်မြင်တယ်"လို့ သူက ကြွားဝါခဲ့တယ်။ သူ့နို့ရေးကျသွားပြီဆိုတာဟာ သူ့ရဲ့ပြန်ပြင်ရေး လမ်းစဉ်ကြီး ကျသွားပြီလို့ ဆိုလိုတာပဲ၊ အမှန်ပဲထွန်းရှိန်ရဲ့အဆိပ်သင့်ခဲ့ရတဲ့ ရဲဘော်တော်တော်များများဟာ ပြန်ရင်လဲ ဆေးမကုဘူး။ စစ်လဲမတိုက်ဘူး။ ဒေသခေါင်းဆောင်တွေ ခေါင်းကို လှည့်ရမယ်။ ခေါင်းလှည့်မရရင်၊လည်ပင်းလှည့်ပစ်မယ်ဆိုတဲ့ ပါတီဆန့်ကျင်ရေး၊တန်ပြန်တော်လှန်ရေး အတွေးအခေါ်တွေ ဝင်ခဲ့ကြတယ်။

ထွန်းရှိန်ဟာ သူ့ရဲ့ "ပြည်သူ့ကျန်းမာရေးလမ်းကြောင်း"ဆိုတာသွင်းပြီး ဆေးပညာက တော်လှန်စစ်ကို အလုပ်အကျွေးပြုရမယ် ဆိုတဲ့ ဗဟိုလမ်းညွှန်ကို ဆန့်ကျင်တယ်။ ၅၅-လမ်းစဉ်အောက်တုန်းကလို၊ ရွာတွေဝင်ဆေးကု၊ ဆေးမှူးတွေ စီးပွားရှာပျက်စီးကုန်မဲ့လမ်းကြောင်းကို ပို့ပေးခဲ့တယ်။

ဒီအချက်တွေကြောင့် ထွန်းရှိန်ဟာ ပါတီဗဟိုရဲ့ အစိတ် အပိုင်းတခုနဲ့ ပြည်သူ့တပ်မတော်ရဲ့ တပ်မှူးဖွဲ့ဖြစ်တဲ့ ဗဟိုဆေးကျောင်း၊ ပါတီနဲ့ တပ်မတော်ကိုဖျက်ဆီးသူဖြစ်ကြောင်းစွဲချက်တင်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) ထွန်းရှိန်ဟာ ပါတီသမိုင်း တော်လှန်ရေးသမိုင်းကို ဖျက်ဆီးသူ ဖြစ်တယ်။ သူလုပ်လိုက်မှ တော်လှန်ရေးဖြစ်လာတယ်။သူတည်ဆောက် လိုက်မှ ပါတီပေါ်လာတယ်ဆိုတဲ့ အယူအဆတွေကိုအမြဲဝါဒဖြန့်တယ်။ ဆေးကျောင်းသားတွေဟာ "ထွန်းရှိန်နဲ့ မတွေ့ခင်တုန်းကဆိုရင်၊ တနေ့ တရက်မှ တော်လှန်ရေးသမား မဖြစ်ရပါဘူး။ လူဆိုးလူမိုက် ဘဝမှာ သာနစ်မွန်းခဲ့ရပါတယ်။ ထွန်းရှိန်နဲ့ တွေ့ပြီး ထွန်းရှိန်တည်ဆောက်ပေး လိုက်မှပဲ တော်လှန်ရေးသမား ဖြစ်ရပါတယ်လို့၊ ကိုယ့်ကိုယ်ကို စိစစ်ကြ ရတယ်။ပါတီဝင်တွေဆိုရင်လဲ ထွန်းရှိန်နဲ့ မတွေ့ခင်တုန်းက၊တကျပ်တန် ပါတီဝင်တွေပါ။ထွန်းရှိန်နဲ့ တွေ့ပြီး ထွန်းရှိန်တည်ဆောက်ပေးလိုက်မှ ပါတီဝင် ဖြစ်လာရတော့တယ်"လို့ စိစစ်ကြရတယ်။ ဒါဟာ 'ထွန်းရှိန်ရဲ့ အကြပ်ကိုင်မှုကြောင့် စိစစ်ကြရတာဖြစ်တယ်။

တဦးစီကို အဲ့လို လူဆိုးလူမိုက်အဖြစ် စိစစ်အောင် လုပ်ပြီးတဲ့ နောက်မှာ အရင်က ပြည်သူ့တပ်မတော်ဟာ "ဓားပြတပ်၊ မုဒိမ်းတပ်၊ တပ်ဟောင်းကြီးလို့ မြင်လာအောင် လုပ်ခဲ့တယ်၊ အရင်က ပါတီဟာလဲ အခြားလမ်းလျှောက်ခဲ့တဲ့" ဖောက်ပြန်တဲ့ ပါတီကြီးလို့ မြင်လာအောင် လုပ်ခဲ့တယ်။ ဒီနည်းနဲ့ ပါတီရဲ့ ဂုဏ်ရောင်ပြောင်တဲ့ အနှစ်(၃၀)နီးပါး သမိုင်းကို နင်းချေပစ်တယ်။ပြည်သူ့တပ်မတော်ရဲ့ ဂုဏ်ရောင်ပြောင်တဲ့ အနှစ် (၂၀)ကျော် လက်နက်ကိုင် တိုက်ပွဲသမိုင်းကို နင်းချေပစ်တယ်။

ဒါတင်မကဘူး၊ "လက်ရှိအချိန်မှာ ပေါက်ခေါင်းနဲ့ ငွေ့ကြီးမှာပဲ ပြည်သူ့စစ်ပွဲ အုတ်မြစ်ချရသေးတယ်။ ကျန်နေရာတွေ မချရသေးဘူး" ဆိုတဲ့ ထွန်းငြိမ်းဝါဒကိုလဲ ထွန်းရှိန်ဟာတက်တက်ကြွကြွဖြန့်ချိခဲ့တယ်။ ဒီနည်းနဲ့ တပြည်လုံးမှာ ရဲရဲတောက် ဆင်နွှဲနေတဲ့ ပြည်သူ့တော်လှန် ရေး စစ်ပွဲရဲ့ အခန်းကို ပယ်ဖျက်ခဲ့တယ်။

ဒါကြောင့် ထွန်းရှိန်ဟာ ဗမာပြည်သူလူထုရဲ့ တော်လှန်ရေးသမိုင်း ကို ချေဖျက်ရုံမက လက်ရှိဆင်နွှဲတဲ့ ပြည်သူ့တော်လှန်ရေး စစ်ပွဲကိုလဲ ဖျက်ဆီးသူဖြစ်ကြောင်း စွဲချက်တင်တယ်။

(၅) ထွန်းရှိန်ဟာ ရောက်ရာနေရာမှာ ဂိုဏ်းခွဲသူဖြစ်တယ်။အထက် နဲ့အောက်၊ ခေါင်းဆောင်နဲ့ နောက်လိုက်၊ ကေဒါဟောင်းနဲ့ ကေဒါ သစ်၊ ပါတီနဲ့တပ်၊ ပါတီနဲ့လူထုတို့လူထုအကြား သွေးကွဲအောင် လုပ်သူ ဖြစ်တယ်။ "အကုန်သံသယ ရှိရေး၊ အကုန်ချေဖျက်ရေး၊ အကုန်ဖြုတ် ရေး"ဆိုတဲ့ သူ့ဆရာ လျူရှောက်ချီရဲ့ ဖောက်ပြန်ရေး ပေါ်လစီအတိုင်း လုပ်ခဲ့တယ်။ ဗဟိုကအစစ လှည့်ပြောင်းရသေးဘူး။ နိုင်ငံရေးဦးဆောင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အဖွဲ့ဝင်တွေလဲ စိစစ်ရဦးမယ်ဆိုတဲ့ ပြောဆိုချက်တွေ ဥက္ကဋ္ဌ ဗဟိုအပေါ် သံသယဝင်အောင် လုပ်တယ်။ အဆင့်ဆင့် ကော်မီတီဝင်တွေနဲ့ တကွ နောက်ဆုံးပါတီဝင်တွေ၊ တပ်မတော်သား လူငယ်အမျိုးသမီးတွေအထိ သိက္ခာချတယ်။ ရဲဘော်တွေရဲ့ ချတ်ယွင်းချက်ကိုသာဖိပြောပြီး ကောင်းမှုမှန်သမျှ ချေဖျက်ပစ်တယ်။ ခေါင်းဆောင်မှုမှန်သမျှဖြုတ်ချရေး၊ ကေဒါဟောင်းမှန်သမျှ ဖယ်ထုတ်ပစ်ရေးဆိုတဲ့ အာဘော်ဖန်တီးပေးတယ်။ သူတို့ကလဲ့လိုတော်လှန်တဲ့ ကေဒါမရှိဘူး။ တော်လှန်တဲ့ ခေါင်းဆောင်မရှိဘူးလို့ မြင်အောင် ယုတ်မာစွာဝါဒဖြန့်ကြတယ်။ သူ့ကိုယ်ကျိုးအတွက် လူငယ်အမျိုးသမီးတွေကိုအသုံးချဖို့ကြိုးစားခဲ့တယ်။ စိန့်ပိန် တိုက်ပွဲအတွင်းမှာဆိုရင် ကျောင်းသားလူငယ် ခေါင်းဆောင်နေရာရဖို့ လူငယ်တွေက တိုက်ပွဲ ဆင်ပေးဖို့အထိ လှုံ့ဆော်ခဲ့တယ်။

ဆေးကျောင်းရောက်တော့လဲ အစဉ်အလာ ခေါင်းဆောင်မှန်သမျှကို ဆန့်ကျင်ဖို့အတွက် လူငယ်တွေကိုသွေးတိုးပေးခဲ့တယ်။ ဥက္ကဋ္ဌကြီးလဲဖျားနေတယ်။ လူငယ်မျိုးဆက်တဦးလဲဖျားနေတယ်။ ဆေးတလုံးထဲ ရှိနေရင် ဘယ်သူ့ ထိုးမလဲလို့ လူငယ်တဦးကို မေးတယ်။ အဲ့ဒီလူငယ်က ဥက္ကဋ္ဌကြီးထိုးပေးရမှာပေါ့လို့ ဖြေတယ်။ ထွန်းရှိန်က မဟုတ်ဘူး။ မင်းစိစစ်အုံး။ ဥက္ကဋ္ဌကြီးက အသက်ကြီးပြီ။ တက်လမ်းမရှိဘူး။ မင်းတို့လူငယ်တွေက ဥက္ကဋ္ဌကြီး မော်ပြောသလိုပဲ။ မနက်ခင်းရှစ်နာရီ ကိုးနာရီ ထွက်နေတဲ့ နေမင်းလိုပဲ၊ တက်လမ်းအများကြီးရှိတယ်လို့ ယုတ်ယုတ်မာမာပြောခဲ့တယ်။ ထွန်းရှိန်ဟာ သွေးခွဲတဲ့ နေရာမှာ ဥက္ကဋ္ဌကြီးနဲ့ လူငယ်တွေကိုတောင် အဲ့လို ယုတ်ယုတ်မာမာ သွေးခွဲခဲ့တယ်။

ချုပ်လိုက်ရင် ထွန်းရှိန်ဟာ တော်လှန်တဲ့ ကေဒါတွေ၊ တော်လှန်တဲ့တပ်မတော်သားတွေ၊ တော်လှန်တဲ့ လူထု (လူငယ်အမျိုးသမီး)တွေရဲ့ သုံးဦးပေါင်း ညီညွတ်ရေးကိုဖျက်ဆီးသူဖြစ်တယ်။

ဒါကြောင့် ထွန်းရှိန်ဟာ ဗမာပြည် ကွန်မြူနစ် ပါတီနဲ့ ပြည်သူ့တပ်မတော် အတွင်းမှာ အကောက်ကျစ်ဆုံး ဂိုဏ်းခွဲသူ ဖြစ်ကြောင်း စွဲချက်တင်တယ်။

(၆) ထွန်းရှိန်ဟာ ကိုယ်ကျိုးရမက်ကြီးသူ၊ အာဏာရူး၊ တဏှာရူး ဖြစ်တယ်။နိုင်ငံရေးနယ်ထဲရောက်တဲ့နေ့ကစပြီး သူသေမဲ့နေ့အထိ၊ သူနေရာရဖို့၊ထင်ပေါ်ဖို့ကျိုးစားသူဖြစ်တယ်။နည်းအမျိုးမျိုးသုံးပြီး၊ သူနေရာ

ရဖို့ကျိုးစားတယ်။ ဒါကြောင့်လဲ သူဟာ ကော်မီတီနေရာတခုခု၊ခေါင်းဆောင်နေရာတခုခုကို တလျှောက်လုံး ချိတ်ထားနိုင်ခဲ့တယ်။ ဒါပေမဲ့ အာဏာရှူးဆိုတော့ ဘယ်လို အာဏာပေးပေး၊ မရောင့်ရဲနိုင်ဘူး။ သူ့ကိုယ်သူ ဗမာပြည်ရဲ့ ခေါင်းဆောင်ကြီး လောက်အထင်ရောက်တယ်။ ၆၆ ခုတုန်းက သူ့ရဲ့ကျောင်းသား တပ်ဦး ဝါဒသွင်းပြီး စင်ပြိုင်ဗဟိုလမ်းစဉ်တင်ခဲ့တယ်။ ပါတီဗဟိုနဲ့ ဥက္ကဋ္ဌကြီးကို ပခုံးချင်း ယှဉ်ခဲ့တယ်။ ဒါတင် မကဘူး။ သူ့ကိုသူကမ္ဘာ့ခေါင်းဆောင်ကြီးလောက်လဲအထင်ရောက်တယ်။ အခိုင်အမာပြောရရင် ကမ္ဘာပြည်သူတို့ရဲ့ခေါင်းဆောင်ကြီး ရဲဘော်မော်စီတုံးကိုတောင်၊ လက်ဝဲ တရားသေ သမားလို့၊သူက ယူဆခဲ့တယ်။ သူ့လောက် မာ့က်စ်ဝါဒ နားမလည် ဘူးလို့ ယူဆခဲ့တယ်။ဒါကြောင့် သူဟာ လက်ရှိဗဟိုကော်မီတီတွေ ဖြုတ်၊ထုတ်၊သတ်ပြီး ဗဟို ကော်မီတီနေရာ သူတက်ယူမယ်ဆိုတဲ့ ရည်မှန်းချက် တင်မကဘူး။ ဥက္ကဋ္ဌကို ရှင်းပစ်ဖို့ ကြိုးစားသူဖြစ်တယ်။ နောက်တဆင့် ဆိုရင် ကမ္ဘာပြည်သူတွေရဲ့၊ ခေါင်းဆောင်ကြီး ရဲဘော်မော်စီတုံးကိုပါ အံတုမှာဖြစ်တယ်။

ထွန်းရှိန်ဟာ တဏှာရူးလဲဖြစ်တယ်။ သူတဏှာရူးတာက သွယ်ဝိုက်တယ်။ အရင်းရှင်ဆန်တယ်။ ဥရောပပြန်ပြင်ရေးနိုင်ငံတွေမှာ ဂျပိုးထိုးပြီး အရင်းရှင် ယဉ်ကျေးမှုတွေလဲလိုက်စားခဲ့တယ်။ အရင်းရှင်ယဉ်ကျေးမှုရဲ့ ထုံးစံအတိုင်း ဖို/မဆက်ဆံရေးကို ကစား စရာလို သဘော ထားတယ်။ချက်ကိုစလိုဗေးကီးယားမှာရည်းစားထားတယ်။ကျူးလွန်တယ်။ နောက်တနိုင်ငံသွားရင်၊အဲ့ဒီရည်းစားကိုပစ်ခဲ့ဘယ်။နောက်တယောက်မှားတယ်။ တရုပ်ပြည်မှာလဲ အိမ်ထောင်ရှိသူအမျိုးသမီးတဦးကို၊မရိုးမသားကြံစည်ခဲ့တယ်။ရင်ပေါ်တင်ပေါ်တာရှက်စရာမဟုတ်ဘူး။အသားချင်းထိတာမဆန်းဘူး။ဒါတွေကိုရှက်ကြောက်နေတာဟာ၊ပဒေသရာဇ်အတွေးအခေါ် ရှိလို့ဆိုပြီး၊ တရုပ်ပြည်ကထဲက ဝါဒဖြန့်တယ်။ ခုဆေးကျောင်းမှာလဲ ဒီအရင်းရှင်ယဉ်ကျေးမှုတွေသွင်းပြီး လူငယ်အမျိုးသမီးတွေကို အတွေးအခေါ်အရ ဖျက်ဆီးခဲ့တယ်။ထမိချွတ်ပြီးဘောင်းဘီနဲ့ ရေကူးပါလား၊ စွပ်ကျယ်အင်္ကျီဝတ်ပါလားလို့ ပြောပြီး အရင်းရှင်ယဉ်ကျေးမှုတွေသွင်းပေးတယ်။ ရဲဘော်-ရဲဘော်မတွေကိုတွဲပေးချင်သလို တွဲပေးပြီး သမုတ်တယ်။ ဒါဟာ ရဲဘော်တွေကို ထိုးနှက်တာဖြစ်တယ်။ ရဲဘော်တွေ အိမ်ထောင်ရေး သာယာ လို စိတ် တွေ၊ ဝင် လာအောင် လမ်းခင်းပေးပြီးဖျက်ဆီးတာလဲဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒီအချက်တွေကြောင့် ထွန်းရှိန်ဟာ ကိုယ်ကျိုး ရမက်ကြီးသူ အာဏာရူး၊ တဏှာရူးဖြစ်ကြောင်းစွဲချက်တင်တယ်။

(၇) ထွန်းရှိန်ဟာ ထွန်းငြိမ်းရဲ့ အကြမ်းဖက် တန်ပြန်တော်လှန်ရေးလုပ်ကြံမှုမှာ တက်တက်ကြွကြွ ပါဝင် ခေါင်းဆောင်သူ ဖြစ်တယ်။

ဗမာပြည်ပြန်ရင် ခေါင်းဆောင်တွေဖြုတ်ချမှတော်လှန်ရေးအောင်မယ်။ ဒါကြောင့် ခေါင်းဆောင်တွေ ဖြုတ်ရမယ်လို့ ထွန်းငြိမ်းနဲ့ ထွန်းရှိန်တို့ဟာ နိုင်ငံခြားထဲက ကြံစည်ခဲ့တယ်။သန်းမြိုင်ကလဲလျှို့ဝှက်မှာကြားလိုက်တယ်။ ပြန်လာတော့လဲ ဒီအာဏာလုပ်ကြံရေးအစီအစဉ်အရ လက်နက်ကိုင်တပ်တွေမှာ သူနေရာရဖို့ သူတို့ကြိုးစားလာကြတယ်။ သန်းမြိုင်၊ ဌေး၊ ဂိုရှယ်တို့ကို အရေးယူပြီးတဲ့နောက်မှာဆိုရင်သူတို့ဟာ သူတို့ဆရာတွေအတွက် ကလဲ့စားချေဖို့၊ ပါတီကို အကြမ်းဖက် လုပ်ကြံဖို့ အမူးအရူး စိုင်းပြင်းခဲ့ကြတယ်။ ထွန်းငြိမ်းဟာ ပဲခူးရိုးမတိုင်းကရှိသမျှတပ်ကို သူ့တလက်ကိုင်လုပ်ဖို့ ကြိုးစားခဲ့တယ်။ ရသမျှ လူ၊ လက်နက်၊ ငွေ စတာတွေကိုစုဆောင်းခဲ့ဘယ်။ ထွန်းရှိန်ဟာလဲဆေးကျောင်းမှာအာဏာသိမ်းပြီး ပဲခူး ရိုးမတိုင်းရှိ ခရိုင် အသီးသီး ရဲဘော် တွေကို သူ့ လက်ကိုင်တုတ်တွေ ဖြစ်အောင် မွေးခဲ့တယ်။ အာဏာ လုပ်ကြံမှုအတွက် လူအား၊ လက်နက်အား၊ ရွှေ-ငွေ ရသမျှ စုဆောင်း ခဲ့တယ်။ သူတပါးအပ်ထားတဲ့ ရွှေ-ငွေတွေကို ပျောက်ပြီလို့ ပြောပြီး ဝှက်ထားတယ်။

အာဏာ လုပ်ကြံဖို့ အာွက် ဦးဆုံး အတွေးအခေါ်အရပြင်ပေးခဲ့တယ်။

ပြန်ပြင်ရေးသမားတွေ ဖြုတ်-လုတ်-သတ်ခိုရင် ဥက္ကဋ္ဌရော ဘယ့်နှယ်လုပ်မလဲ။ ပြန်ပြင်ရေးအထက်ကလာတယ်။ကြီးလေခက်လေပဲ။ ၅၅ဗဟိုကော်မီတီတွေ အားလုံး ဖြုတ်-ထုတ်-သတ်လုပ်ရမယ်စတဲ့ ဂရူးရှုးတိုးစကားတိတ်တိတ်တမျိုး၊ ပြောင်တမျိုးပြောင်ပြောခဲ့တယ်။ဒါဟာဥက္ကဋ္ဌအပါဗဟိုကော်မီတီတစုံလုံးကိုလုပ်ကြံသတ်ဖြတ်ဖို့ အတွေးအခေါ်အရပြင်ဆင်ပေးတာဖြစ်တယ်။ဒါကြောင့်လဲ ထွန်းငြိမ်းကျောရိုးတွေကိုပါတီဗဟိုကို သေနတ်ပြောင်း လှည့်တဲ့အသိကိုယ်ထိလက်ရောက် မဖြစ်ပေမဲ့လိုအပ်ရင် ဥက္ကဋ္ဌကအစ ခေါင်းဆောင်အားလုံးကို ချရမှာပဲလို့ ထွန်းရှိန်ကျောရိုးတွေဟာ အတွေးအခေါ်အရ ပြင်ဆင်ပြီးဖြစ်တယ်။ ဗဟို

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကိုမချရလဲ ပြန်ရင် ခရိုင်ခေါင်းဆောင်တွေ ချဖို့ ဆိုတဲ့ အတွေးအခေါ် တွေရှိနေကြတယ်။

ထွန်းငြိမ်း-ထွန်းရှိန်ဂိုဏ်းဟာ ဗဟိုကော်မီတီနဲ့ ခရိုင်ကော်မီတီဟာ အလှည့်အပြောင်းမှာ ၄င်းဆက်လို့ ကြေးကြော်ပြီး လက်တွေ့အရလက်ရှိ ဗဟိုကော်မီတီရော ခရိုင်ကော်မီတီအထိ အဆင့်မြင့် ကေဒါတွေရော၊ သုတ်သင်ပစ်ဖို့ ကြံစည်ကြတယ်။ ထွန်းငြိမ်း ထွန်းရှိန်တို့က ဗဟိုခေါင်း ခေါင်းဆောင်တွေ လုပ်သလို သူတို့ကျောရိုးတွေက ခရိုင်ခေါင်းဆောင် တွေ၊ တပ်မှူးတွေ လုပ်ဖို့ ဆိုတဲ့ အကြံအစည်ရှိကြတယ်။

သူတို့ရဲ့ အာဏာ လုပ်ကြံမှုအတွက် ထွန်းရှိန်ဟာထွန်းငြိမ်းနဲ့အမြဲ ဆက်သွယ်ခဲ့တယ်။ ဗဟိုက သူ့ကိုဆေးကျောင်း လွှတ်လိုက်တယ်။ သူက ဦးဆုံး ထွန်းငြိမ်းဆီသွားတယ်။ ထွန်းငြိမ်းကိုလဲ ဆေးကျောင်း လာဖို့ ဖိတ်တယ်။ တလျှောက်လုံး အမြဲတွဲ အမြဲအကြံထုတ်ကြတယ်။ လူချင်း မတွေ့ရရင် စာချင်းဆက်ကြတယ်။ နောက်ဆုံး ထွန်းငြိမ်းပြဿနာပေါ် ပြီး သူနဲ့ထွန်းငြိမ်းမဆက်ဖို့ ဗဟိုကမှာတာတောင်မှ သူလာဆက်ဖို့ ကြိုးစားတယ်။ တခါမှ ဆန့်ထမ်းမလိုက်ဘူးဘဲနဲ့ ဆန်ထမ်း လိုက်ချင် တယ်၊ အပြင်သွားချင်တယ်လို့ အကြောင်းပြပြီး ထွန်းငြိမ်းနဲ့ တွေ့ဖို့ ကြိုးစားတယ်။

ထွန်းငြိမ်းရဲ့တန်ပြန်တော်လှန်ရေး လုပ်ကြံမှုပေါ်နေချိန်မှာ ထွန်း ရှိန် သေနပ်စစ်တာ ကင်းစစ်တာတွေလုပ်တယ်။ ချုပ်လိုက်ရင် ထွန်းငြိမ်း ထွန်းရှိန်တန်ပြန်တော်လှန်ရေး ဂိုဏ်းဟာ အာဏာ လုပ်ကြံဖို့ အတွက် စောစွာကတည်းက ပြင်ဆင်ခဲ့တယ်။ နောက်ဆုံးအထိလဲ ပြင်ဆင် ကြ တယ်။

ဒီအချက်တွေကြောင့် ထွန်းရှိန်ဟာ ပါတီဗဟိုဌာနချုပ်ကို အကြမ်း ဖက် လုပ်ကြံမဲ့ တန်ပြန်တော်လှန်ရေးသမား ပြန်ပြင်ရေး သမား ဖြစ် ကြောင်း စွဲချက်တင်တယ်။

(ဂ) ထွန်းရှိန်-ခုလို တန်ပြန်တော်လှန်ရေးသမား ပြန်ပြင်ရေးသ မား ဖြစ်လာရတာဟာ ရှောင်တခင်မဟုတ်ဘူး။ နက်ရှိုင်းတဲ့ လူမှုရေး ဇစ်မြစ်နှင့်သမိုင်းဇစ်မြစ်ရှိတယ်။ သူဟာမြေရှင် အင်းသူကြီးနဲ့ ပြူရိုက ရက် အရာရှိအသိုင်းအဝိုင်းက ပေါက်ဖွားလာသူဖြစ်တယ်။ သွေးစုတ် တဲ့ လူတန်းစားက လာသူဖြစ်တယ်။ သူကိုယ်တိုင်ဟာ အရင်းရှင်ပညာ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တတ်တဦးဖြစ်တယ်။ သူ့ရဲ့အရင်းရှင် ကမ္ဘာ့အမြင်နဲ့ ပစ္စည်းမဲ့ လူတန်းစား ကမ္ဘာ့အမြင်ကို အစားထိုးဖို့ တလျှောက်လုံး ကျိုးစားခဲ့တယ်။ တော်လှန်ရေးကွေ့ တခုကိုရောက်တိုင်း ထွန်းရှိန်ဟာ သူ့ဇာတိ ရုပ် ကို မဖုံးနိုင်ခဲ့ဘူး။

၅၇-ခုမှာ တရုပ်ပြည်ရောက် ဗမာပြည်ကွန်မြူနစ်ပါတီတွင်း ပေါ် ပေါက်တဲ့ ပါတီဆန့်ကျင်ရေး လက်ျာဂိုဏ်းသားတွေကို ကာကွယ်ဖို့ သက်ညှာဖို့ ထွန်းရှိန်ဟာ ကြိုးစားခဲ့တယ်။

၅၉-ခုမှာ ပါတီဆန့်ကျင်ရေး တန်ပြန်တော်လှန်ရေးဖြစ်တဲ့ သန်းမြိုင် ဂိုဏ်းထကြွလာချိန်မှာလဲ ထွန်းရှိန်ဟာ သန်းမြိုင်ရဲ့ တပည့်ရင်းအဖြစ် ပါခဲ့တယ်။

၆၆-ခုမှာ ငွေး-ဂိုရှယ်တို့က အာဏာသုံးမျိုး သဘောတရားတင်ပြီး ပါတီကိုတိုက်နေချိန်မှာ ထွန်းရှိန်ကလဲ ကျောင်းသားတပ်ဦးဝါဒ တင်ပြီး ဗဟိုကို အံတုခဲ့တယ်။

၆၇-ခု၊ ငွေး-ဂိုရှယ်တို့ကိုတိုက်တဲ့ တိုက်ပွဲမှာလဲ ထွန်းရှိန်ဟာ ငွေး-ဂိုရှယ်တို့ကို ကာကွယ်ဖို့ သက်ညှာဖို့ ကျိုးစားခဲ့တယ်။

၆၈-ခုကျတော့ ထွန်းငြိမ်းရဲ့ တန်ပြန်တော်လှန်ရေးလုပ်ကြံမှုမှာမိုက် ဖော် ဆိုးဖက် တွဲဖက်ခေါင်းဆောင်အဖြစ်ပြောင်ပေါ်ထွက်လာတယ်။

ဒါကြောင့် ထွန်းရှိန်ဟာ တီးတိုး၊ ခရုးရှော့ ဖ်လျူရှောက်ချီ၊ သန်းမြိုင်၊ ဂိုရှယ်၊ ရန်အောင်စတဲ့ ပြည်တွင်း-ပြည်ပ တန်ပြန် တော်လှန်ရေး၊ ပြန်ပြင်ရေးဂိုဏ်းအသီးသီးရဲ့ မျိုးဆက်ဖြစ်ကြောင်း စွဲချက်တင်တယ်။

ချုပ်လိုက်ရင် ထွန်းရှိန်ဟာ....

(၁) ဥက္ကဋ္ဌသခင်သန်းထွန်းအမှူးပြုတဲ့ ဗဟိုဌာနချုပ်ကို ပုန်ကန်ခြားနားပြီး စင်ပြိုင်ဗဟို ထူထောင်သူဖြစ်တယ်။

(၂) ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ ပစ္စည်းမဲ့ လူတန်းစား တော်လှန်ရေးလမ်းစဉ်ကို ဆန့်ကျင်ပြီး အရင်းရှင်လူတန်းစားပြန်ပြင်ရေး လမ်းစဉ်နဲ့ စင်ပြိုင်လမ်းစဉ်ထူထောင်သူဖြစ်တယ်။

(၃) ပါတီဗဟိုရဲ့အစိတ်အပိုင်းတခုနဲ့ ပြည်သူ့တပ်မတော်ရဲ့ တပ်ဖွဲ့ တဖွဲ့ဖြစ်တဲ့ ဗဟိုဆေးကျောင်း ပါတီနဲ့ တပ်မတော်ကို ဖျက်ဆီးသူဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၄) ဗမာပြည်သူလူထုရဲ့ တော်လှန်ရေး သမိုင်းကို ချေဖျက်ရုံ မက လက်ရှိဆင်နွှဲနေတဲ့ ပြည်သူ့တော်လှန်ရေးစစ်ပွဲကိုလဲ ဖျက်ဆီးသူ ဖြစ်တယ်။

(၅) ဗမာပြည် ကွန်မြူနစ် ပါတီနဲ့ ပြည်သူ့တပ်မတော် အတွင်းမှာ အကောက်ကျစ်ဆုံး ဂိုဏ်းခွဲသူဖြစ်တယ်။

(၆) ကိုယ်ကျိုးရမက်ကြီးသူ အာဏာရူး၊ တဏှာရူး ဖြစ်တယ်။

(၇) ပါတီ ဗဟိုဌာနချုပ်ကိုအကြမ်းဖက် လုပ်ကြံမဲ့တန်ပြန်တော်လှန်ရေးသမား၊ ပြန်ပြင်ရေးသမားဖြစ်တယ်။

(၈) ပြည်တွင်း-ပြည်ပ တန်ပြန် တော်လှန်ရေး၊ ပြန်ပြင်ရေးဂိုဏ်း အသီးသီးရဲ့ မျိုးဆက်ဖြစ်တယ်။

ဒီလို ပြစ်မှု ပေါင်းစုံနေတဲ့ ထွန်းရှိန်ကို မသေ မချင်း သေဒဏ် ပေးဖို့ စုံစမ်းစစ်ဆေးရေး အဖွဲ့က အနိုင်နိုင်ငံနဲ့ ဗမာပြည်မှ တော်လှန်သော ပြည်သူများ၊ တော်လှန်သော ကေဒါများ၊ တော်လှန်သော တပ်မတော်သားများ၊ တော်လှန်သော လူငယ်အမျိုးသမီးများ ကိုယ်စား ပြည်သူ့ခုံရုံး သဘာပတိအဖွဲ့ကိုတင်ပြတောင်းဆိုအပ်ပါတယ်။

၁၉၆၈-၃ စက်တင်ဘာလ (၁၅) ရက်။ စုံစမ်းစစ်ဆေးရေးအဖွဲ့

ရဲဘော်ထွန်းရှိန်သည် မျက်စေ့သူငယ် ဖြစ်နေ၏။ သခင်ဇင်၏ မျက်နှာကို လည်း ကြည့်နေ၏။ ရဲဘော်ရှိန်ကိုလည်း စူးစိုက်ကြည့်နေပြန်၏။ တခဲနက် ကြွေး ကြော်နေကြသော ရဲဘော်-ရဲဘော်မများကိုလည်းငေးကြည့်နေ၏။ ဂဏာမငြိမ် ဖြစ်နေသည်။ ဆောက်တည်ရာမရဖြစ်နေသည်။

နောက်ဆုံးတွင် "တရုပ်ပြည်မှာရှိတဲ့ ထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်းရဲ့ လှုပ်ရှား မှုတွေနဲ့ ဆက်စပ်ပြီး စွဲချက်" ဟူသော ခေါင်းစဉ်ဖြင့် ရဲဘော်အောင်မြက ရဲဘော်ထွန်းရှိန်အား စွဲချက်တင်လေသည်။

"တရုပ်ပြည်မှာရှိတဲ့ ထွန်းငြိမ်း ထွန်းရှိန်ဂိုဏ်းရဲ့ လှုပ်ရှားမှုတွေနဲ့ ဆက်စပ်ပြီးတော့ စွဲချက်တင်မှာ ဖြစ်တယ်။

ကျုန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ကမ္ဘာမှာကို ထိပ်ဆုံး ကရောက်နေတဲ့ပါတီဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကနေ့ ကမ္ဘာတခုလုံးမှာ မှော်ကစ်လီနင် ဝါဒ စစ်စစ် ပါတီဆိုလို့ (၃)ပါတီပဲ ရှိတယ်။ ကြီးမြတ်တဲ့ တရုပ်ပြည် ကွန်မြူနစ်ပါတီကလဲ ဒီအတိုင်းပဲသတ်မှတ်ထားကြောင်းကို ပြောလိုက်တယ်။

အဲ့ဒီ ပါတီ(၃)ပါတီကတော့ အေ-ဘီ-စီ(A-B-C)ပဲ ဖြစ်တယ်။ အယ်လ်ဘေးနီးယား၊ ဗမာပြည်၊ တရုပ်ပြည်တို့ဖြစ်တယ်။

ဒီအခြေ အနေမှာ အဝေးရောက် ပါတီတွင်း မှာလဲ ပြန်ပြင်ရေး သမားတွေပေါ်ခဲ့တယ်။ အဝေးရောက်ပါတီမှာ ပြန်ပြင်ရေး ထိပ်သီးက တော့ သန်းမြိုင်ဆိုတဲ့ အကောင်ပဲဖြစ်တယ်။

သန်းမြိုင်ဟာ ဝန္ရှင်အမျိုးသားရေး ဝါဒသမားဖြစ်တယ်။ တရုပ်ပြည်ကွန်မြူနစ်ပါတီကို ဆန့်ကျင်ပြီးတော့ဆိုဗီယက်နောက်လိုက် သစ္စာဖောက်အကောင်ဖြစ်တယ်။

သန်းမြိုင်ကို အနိုင်နိုင်ငံမှာရှိတဲ့ နယ်ချဲ့တွေနဲ့ ပြန်ပြင်ရေး သမားတွေကလဲအလွန်ကြိုက်ကြတယ်။ သခင်နုရဲ့တပ မခင်နှင်းယုကလဲ ကြိုက်တယ်။

မောင်ခကိုက နေပြီးတော့ လက်နက်ချဖို့ ကြိုးစားခဲ့တယ်။ ဒါဟာ မအောင်မြင်ခဲ့ဘူး။ စေ့စပ်ရေး ပျက်ပြီးတဲ့ နောက်မှာ တရုပ်ပြည်က နေပြီး နေဝင်းထံကို သွားရေးတယ်။ ပြန်လာဖို့ သဘောတူရင် ရေဒီယိုက တဆင့်အကြောင်းကြားပို့ ပါတယ်။ နောက်ပြန်လာ၊ လက်နက်ချပြီး နေဝင်းနဲ့ပေါင်းပြီကြီးစားခဲ့တယ်။

သန်းမြိုင်ရဲ့ ခြေလှမ်းအာကို တရုပ်ပြည်ပါတီက ကြိုသိပြီး အဲဒီတုန်း ကပမ်းဆီးပြီးထောင်ချထားခဲ့တယ်။

သန်းမြိုင်မှာ သစ္စာဖောက်ဖို့ တစုရှိတယ်။ အကုန်စစ်ရမယ် ဆိုပြီး သန်းမြိုင်ကို အမျိုးမျိုးစစ်ဆေးခဲ့တယ်။

သန်းမြိုင်ဟာ နေထိုင် မှုမှာ အလွန် ပျက်စီး ခဲ့တယ်။ သန်းမြိုင် အကြိုက်ဆုံးက (၃) မျိုးရှိတယ်။ မိန်းမ၊ ငွေ၊ အရက်ဖြစ်တယ်။ အဲဒါ တွေသာရရင် ဘာမဆိုလုပ်တယ်။

ရေဒီယိုတွေ ကင်မရာတေ ဝယ်ပြီး အမြတ် ယူပြီး ရဲ ဘော် တွေ ကို ရောင်းတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အမျိုးသမီးတွေရဲ့ (Blue Picture.) (ဓာတ်ပုံပြာ) တွေကိုအမြဲ တမ်းသိမ်းထားတယ်။ အမြဲတမ်းကြည့်တယ်။

နောက်အကြောင်းကတော့ ထွန်းရှိန်အကြောင်းပဲ။

ထွန်းရှိန်ဟာ ဘယ်တုန်းကမှ မာက်စ်လီနင် ဝါဒသမား တယောက် မဟုတ်ခဲ့ဘူး။ ပစ္စည်းမဲ့တော်လှန်ရေးသမားမဟုတ်ဘူး။ ဓနရှင် နိုင်ငံရေး စားဖားဖြစ်တယ်။

၅၇-ခုနှစ်မှာ ပီကင်းကျောင်းကိုရောက်လာခဲ့တယ်။ အတန်း(၆)မှာ တက်ရတယ်။

ထွန်းရှိန်ဟာ မြေရှင် အရာရှိဆိုး အိမ်ထောင်စု အင်းသူကြီးအသိုင်း အဝိုင်းကနေပြီး မွေးဖွားလာသူဖြစ်တယ်။ နောက် မန္တလေးတက္ကသိုလ် ရောက်တယ်။

ကျောင်းသားလှုပ်ရှားမှုထဲကနေပြီးပါတီဝင်ဖြစ်လာတယ်။ နောက် တော့ အိန္ဒိယကို ကျောင်းသား ကိုယ်စားလှယ် အဖြစ်နဲ့ လွှတ်လိုက် တယ်။

ထွန်းရှိန်ဟာ ဗမာပြည်ဘယ်တိုက်ပွဲမှာမှ ပါတဲ့အကောင်မဟုတ်ဘူး။ ကျောင်းသားလှုပ်ရှားမှုမှာလဲ ထင်ပေါ်တဲ့နေရာယူဖို့ပဲ အမြဲတမ်း ကြိုး စားခဲ့တယ်။

ပြည်လုံးဆိုင်ရာကျောင်းသားလှုပ်ရှားမှု၊ ကမ္ဘာ့ကျောင်းသား လှုပ် ရှားမှုတွေမှာ ပါတီနာမည်ကိုရောင်းစားပြီး နေရာယူခဲ့တယ်။

လူထုလှုပ်ရှားမှုဆိုလို့ ဘာတခုမှမပါခဲ့ဘူး။

ဥရောပကိုပါတီက ကျောင်းသားလှုပ်ရှားမှုမှာ ပါဝင်စေဖို့အတွက်ပဲ လွှတ်ခဲ့တယ်။ ဘာသာဗေဒပိုင်မှုမဟုတ်ဘူး။

နောက် တော့ ထွန်းရှိန်ဟာ တိုင်းပြည် အသီးသီးက ပြန်ပြင်ရေး သမားတွေနဲ့ဟာ မိုက်ဖော်ဆိုးဖက်ဖြစ်လာတယ်။ အရှေ့ဂျာမဏီ၊ ဟန်ဂေ ရီ၊ ပိုလန်၊ ချက် တိုင်းပြည်တွေကို လှည့်ပတ် နေပြီးတော့ အတော့ကို အရိုးရင့်နေတဲ့ ပြန်ပြင်ရေးသမားဖြစ်တယ်။

ထွန်းရှိန်နဲ့ အတူ အလုပ် လုပ်နေတဲ့ သူတွေဟာ တော်လှန်တဲ့သူ တွေ မဟုတ်ဘူး။ ပြန်ပြင်ရေးသမားတွေချည်းပဲဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထွန်းရှိန်ဟာ ဆိုဗီယက်ထက်စောတဲ့ တီတိုးအုပ်စုရဲ့ တပည့်လဲဖြစ်ခဲ့တယ်။ ၅၆·ခုနှစ်ဟန်ဂေရီအရေးမှာ သူဟာ နယ်ချဲ့နဲ့ တီတိုးအကြိုက်ပြောတာက ဟန်ဂေရီဆူပူမှုဟာ ရုရှားအသုံးမကျလို့ လို့ပြောခဲ့တယ်။ ဟန်ဂေရီပါတီရဲ့ လက်ဝဲအမှားလို့လဲ ပြောခဲ့တယ်။

အဲ့ဒီမှာ တပ်နီတော်ဝင်တာမှားတယ်လို့လဲပြောခဲ့တယ်။

အဲ့ဒါတွေကို တရုပ်ပြည်မှာ မာ့က်စ်လီနင်ဝါဒကျောင်းကို တက်နေရင်း ကျောင်းကနေပြီး အော်ခဲ့တာဖြစ်တယ်။

ထွန်းရှိန်ဟာ ၅၇·ခုနှစ်မှာ ကျောင်းကိုရောက်ပြီးတော့လေ့လာရေးနောက်ကျသူတွေအတွက် အတန်းတတန်းဖွင့်ခဲ့တယ်။

အဲဒီအချိန်မှာ အဝေးရောက်ပါတီထဲမှာ လကျ်ာဂိုဏ်းတဂိုဏ်း ပေါ်ခဲ့တယ်။ ထွန်းရှိန်တို့ကလဲ နောက်ကျသူတွေနဲ့ အတူအဲ့ဒီဂိုဏ်းမှာပါခဲ့ကြတယ်။

အဲ့ဒီမှာ ထွန်းငြိမ်းဟာ ပထမဗိုလ်၊ ထွန်းရှိန်ဟာ ဒုတိယဗိုလ်ဖြစ်တယ်။ သုံးယောက်ဟာ လကျ်ာဂိုဏ်းသားတွေ ဖြစ်တယ်။ အဲ့ဒီ သုံးယောက်ကိုလဲ မနှစ်ကပဲ အရေးယူခဲ့တယ်။

တရုပ်ပြည်မှာလဲ အဝေးရောက်ပါတီထဲက လကျ်ာဂိုဏ်းသား ၆၀ ရာခိုင်နှုန်းကိုလဲ သတ်ပြီးပြီဖြစ်တယ်။

လကျ်ာဂိုဏ်းကို သခင်ဘသိန်းတင် ခေါင်းဆောင်မှု အောက်မှာ နဲ့ လူထုရဲ့ဖိအားအောက်မှာ သန်းမြိုင် (ကျောင်းအုပ်)နဲ့ ထွန်းငြိမ်း၊ ထွန်းရှိန်တို့က မတတ်သာလို့ တိုက်ဖို့ သဘောတူခဲ့ကြတယ်။ အဲလိုသဘောတူလာပြီးတဲ့နောက်မှာ ဟန်ဆောင်ပြီး ရှေ့တန်းက ထွက်တိုက်လာခဲ့ကြတယ်။ တိုက်ပွဲကလဲ ပြင်းထန်လာခဲ့တယ်။ အညာတာကင်းမဲ့တဲ့ တိုက်ပွဲဟာ ချေမှုန်းခံရတော့မယ့်အခြေကို ရောက်တော့ ဓားထမ်းပြီးကာကွယ်ခဲ့ကြတယ်။

အဲ့ဒီအခါမှာ သန်းမြိုင်က လကျ်ာဂိုဏ်း ပေါ်လာတာဟာ လက်ဝဲတရားသေကြောင့်ဖြစ်တယ်။ အဓိကတာဝန်ရှိသူတွေဟာ လက်ဝဲတရားသေ သမားတွေ ဖြစ်တယ် လို့လဲ ထွန်းငြိမ်း ထွန်းရှိန်တို့ကပါ ရောပြီးအော်ခဲ့ကြတယ်။”

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်ထွန်းမောင်၏ လက်ရေးမူ



ပိကင်းမြို့ ရဲဘော်ထောင်မြ၏ အဝေးရောက်ပါတီတွင်း အခြေအနေ အစီရင်ခံချက်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်အောင်မြသည် ရဲဘော် ထွန်းရှိန်အား ဒေါ်ကြီးမာန်ကြီးနှင့် စွဲချက်တင်၍ နေလေသည်။

• သန်းမြိုင်နောက်လိုက်ခွေးထွန်းရှိန်ကို-သတ်ပစ်၊သတ်ပစ်။

ဤသို့ဖြင့် စွဲချက်တင်လူထုတိုက်ပွဲ၌ ကြွေးကြော်သံများသည် အဆက်မပြတ်ပင် ပေါ်ထွက်လာတော့သည်။

ရဲဘော်၊ ရဲဘော်မများသည် ရဲဘော်ထွန်းရှိန်အား အမျိုးမျိုးပင် ဆဲရေးတိုင်းထွာနေကြ၏။ ကြိမ်းမောင်းနေကြ၏။

ရဲဘော်ထွန်းရှိန်၏မျက်လုံးတို့သည် ပြူး၍ထွက်နေ၏။ အသံကုန်ကြွေးကြော်နေသူများကို စူးစိုက်၍ကြည့်နေလေသည်။

ရဲဘော်၊ ရဲဘော်မများသည် ရဲဘော်အောင်မြ၏စွဲချက်အား အလွန်ပင်စိတ်ဝင်စားနေ ကြ၏။ အာရုံ စိုက်နေကြ၏။ ရဲဘော် အောင်မြသည် တရုပ်ပြည်မှ နောက်ဆုံးလာသူဖြစ်၍ ဖြစ်လေသည်။

ရဲဘော်အောင်မြ၏ ပြောဆိုချက်များ၊ မိန့်ခွန်းများအား တရုပ်ပြည် ကွန်မြူနစ်ပါတီ၏ ညွှန်ကြားချက်များအဖြစ်ဖြင့် လက်ခံယုံကြည်၍ နေကြလေသည်။

ရဲဘော် အောင်မြသည် ရဲဘော်ထွန်းရှိန်အား သခင် သန်းမြိုင်၏ ဂိုဏ်းဝင် အဖြစ် စွဲချက်တင်၍ နေ၏။ တရုပ်ပြည်တွင်ရှိသော အဝေးရောက် ပါတီတွင်း၏ ပြန်လည်ပြင်ဆင်ရေးဂိုဏ်း၏အန္တယ်များနှင့် အဆက်များဖြစ်ကြောင်းကို အသေးစိတ်ပင်စွဲချက်တင်နေ၏။ ရဲဘော်အောင်မြသည် တခါတရံတွင်တရုပ်စကားများကိုပင်ညှပ်၍ပြောနေသည်။

နောက်ဆုံးတွင် ရဲဘော်အောင်မြသည် ရဲဘော်ထွန်းရှိန်အား မသေမချင်း သတ်ရန် တောင်းဆိုလိုက်လေသည်။

လက်ခုပ်သြဘာသံများသည် တခဲနက်ပင် မြည်ဟီး၍ နေလေတော့သည်။

x x x

၁၉၆၇-ခုနှစ်၊ စက်တင်ဘာလ (၁၇)ရက်နေ့တွင် ဖြစ်သည်။

အချိန်သည် မွန်းတည့်ချိန်နီးပြီဖြစ်၏။ နေသည်မပူချေ၊ မိုးသားများကြောင့် အုံ့မှိုင်းလျက်နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗဟိုဆေးကျောင်းသည် အထူးပင် လှုပ်ရှားနေသည်။

ကြွေးကြော်သံများ၊ အော်ဟစ်သံများကား ပို၍ပို၍ ကျယ်လောင်နေသည်။ သိမ့်သိမ့်တုန်နေသည်။

ရဲဘော်ထွန်းရှိန်သည် ပြည်သူ့တော်လှန်ရေးတရားခုံသဘာပတိအဖွဲ့၏ စီရင်ချက်ကို နောက်ဆုံးနားထောင်ရန်အတွက် ရောက်ရှိနေပြီဖြစ်သည်။

ရဲဘော်ထွန်းရှိန်၏ မျက်နှာပြင်နှင့် ကိုယ်ခန္ဓာတွင် တပ်နီအမျိုးသမီးများ၏ တံတွေးများနှင့် ပြည့်နှက်နေ၏။ ရဲဘော်ထွန်းရှိန်၏ ဦးခေါင်းတွင်မူ ရဲဘော်ထွန်းရှိန် အချုပ်ခန်းထဲတွင် အသုံးပြုသည့် ကျင်ကြီးကျင်ငယ်စွန့်သော နီးပလုံးလေးကို အတင်းစွပ်၍ ပေးထား၏။ ထို့ကြောင့် ရဲဘော်ထွန်းရှိန်ကိုယ်ခန္ဓာမှာ ပို၍ပင် နံစော်နေသည်။

ရဲဘော်ထွန်းရှိန်၏ မုတ်ဆိတ်မွေးများသည် ၆-လက်မပင်ကျော်နေပြီဖြစ်၏။ ပန်းပွားကဲ့သို့ သွယ်ကျနေ၏။ အချို့မှာဖြူနေ၏။ အချို့မှာ နီကြင်ကြင်ပင် ဖြစ်နေ၏။ အညိုရောင်လည်းပါ၏။ ရောင်စုံပင်ဖြစ်သည်။

"ပြည်သူ့တော်လှန်ရေး တရားခုံသဘာပတိအဖွဲ့၏ စီရင်ချက်"ဟု ဆိုကာ ပြည်သူ့တော်လှန်ရေး တရားခုံသဘာပတိအဖွဲ့၏ ဥက္ကဋ္ဌသခင်ဇင်သည်စီရင်ချက်ကို စတင်၍ဖတ်ကြားလိုက်သည်။

ထိုသို့ သခင်ဇင်သည် စီရင်ချက်၏ ခေါင်းစဉ်ကို ဖတ်ကြားပြီးနောက် မိမိ၏ ထိုးထိုးထောင်နေသော နှုတ်ခမ်းမွေးကို ဘယ်ဖက်လက်ဖြင့် ပွတ်သပ်လျက် စီရင်ချက်ကို ဆက်လက်၍ ဖတ်ကြားနေလေသည်။

ပြည်သူ့တော်လှန်ရေးတရားခုံရုံး သဘာပတိအဖွဲ့၏ စီရင်ချက်

(၁) ထွန်းငြိမ်း၊ ထွန်းရှိန် ပြန်လည်ပြင်ဆင်ရေးဂိုဏ်းတွင် ဂိုဏ်းချုပ် ထွန်းငြိမ်းနှင့်အတူ ကြံဖော်ကြံဖက် တွဲဖက်ခေါင်းဆောင်ဖြစ်သည့် ဖေငြိမ်း(ခ)ထွန်းရှိန်အား စုံစမ်းစစ်ဆေးရေး အဖွဲ့နှင့် ရဲဘော်(၃၀)က၆၈-ခုနှစ် စက်တင်ဘာလ(၁၅)ရက်နေ့မှ(၁၇) ရက်နေ့အထိ သုံးရက်တိုင်တိုင် ပြည်သူ့တော်လှန်ရေး တရားခုံရုံးသို့ စွဲချက်တင်ခဲ့ကြသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိ၏စွဲချက်များတန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေးသမားထွန်းရှိန်၏ သဘောထား

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နှင့် လုပ်ရပ်များကို ဘက်ပေါင်းစုံမှပေါ်လွင်အောင်ဖော်ထုတ် ထားပေသည်။

(၂) စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ရဲဘော် (၃၀)၏ စွဲချက်များ အရ ထွန်းရှိန်သည်....

(၁) ဥက္ကဋ္ဌသခင်သန်းထွန်းအမှူးပြုသည့် ပါတီဗဟိုဌာနချုပ် ကို ထွန်းငြိမ်းနှင့်အတူ ပုန်ကန်ခြားနားပြီး စင်ပြိုင်ဗဟို ထူထောင်သူဖြစ်ကြောင်း။

(၂) ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပစ္စည်းမဲ့ တော်လှန်ရေးနှင့် လူတန်းစားလမ်းစဉ်ကိုထွန်းငြိမ်းနှင့်အတူ ဆန့်ကျင်ပြီး ခနရှင်လူတန်းစား လမ်းစဉ်နှင့် စင်ပြိုင်လမ်းစဉ် ထူ ထောင်သူဖြစ်ကြောင်း။

(၃) ဗမာပြည် ကွန်မြူနစ်ပါတီ ပါတီခွဲနှင့် ပြည်သူ့ တပ်မ တော် တပ်ဖွဲ့တဖွဲ့ဖြစ်သော ဗဟိုဆေးကျောင်း ပါတီ နှင့် တပ်မတော်ကို ဖျက်ဆီးသူဖြစ်ကြောင်း။

(၄) ပြည်သူလူထု၏တော်လှန်ရေးသမိုင်းကို ချေဖျက်ရုံမက လက်ရှိဆင်နွှဲနေသော ပြည်သူ့တော်လှန်ရေး စစ်ကို ဖျက်ဆီးသူ ဖြစ်ကြောင်း။

(၅) ဗမာပြည် ကွန်မြူနစ်ပါတီနှင့် တပ်မတော်နှင့် ပြည်သူ့ တပ်မတော်အတွင်း အကြီးဆုံးဂိုဏ်းခွဲရေးသမား တဦး ဖြစ်ကြောင်း။

(၆) ပါတီနှင့် တပ်မတော်၏ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သူ၊အခြားသူများ၏ လုပ်အားအပေါ် သွေး စုတ်သူ၊ အာဏာရှူး အခွင့်ထူးခံ အမျိုးသမီးများကို ဖျက်ဆီးသည့် တဏှာရူးဖြစ်ကြောင်း။

(၇) ပါတီဗဟိုဌာနချုပ်ကို ထွန်းငြိမ်းနှင့်အတူ အကြမ်းဖက် လုပ်ကြံမည့် တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင် ရေးသမား ဖြစ်ကြောင်း။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(ဂ) ပြည်တွင်းပြည်ပ တန်ပြန်တော်လှန်ရေး၊ ပြန်လည်ပြင်ဆင်ရေးဂိုဏ်းအသီးသီး၏ မျိုးဆက်ဖြစ်ကြောင်း။

— ပြည်သူ့ တော်လှန်ရေး ခုံသဘာပတိအဖွဲ့က၊ စွဲမြဲစွာယုံကြည်ပေသည်။

ထို့ကြောင့်- ပေငြိမ်း(ခ) ထွန်းရှိန်အား၊ ဤပြည်သူ့ တော်လှန်ရေးတရားခုံသဘာပတိအဖွဲ့က သေဒဏ်အပြစ်ပေးလိုက်သည်။

(၃) ထွန်းရှိန်အားပေးသည့် ဤသေဒဏ်ကို လက်တွေ့ အကောင်အထည်ဖော်ရန် အမျိုးသမီးများကို ဦးစားပေးသည့်မှု ထွန်းငြိမ်း-ထွန်းရှိန်ဂိုဏ်းကြောင့် ထိခိုက်နစ်နာ ဆုံးရှုံးမှု အရှိဆုံးသူများတွင် ထွန်းငြိမ်း-ထွန်းရှိန် ဂိုဏ်း ဖိနှိပ်မှုကို အခံရဆုံး သူများနှင့် ထွန်းငြိမ်း-ထွန်းရှိန်ဂိုဏ်း၏ အတွေး အခေါ် အရ၊ နိုင်ငံရေးအရ ဖျက်ဆီးမှုကို အခံရဆုံးသူများအား အခွင့်အရေး ပေးမှုများအရ တာဝန်ပေးရမည်ဟု သဘာပတိအဖွဲ့ကယူဆသည်။ ထို့ကြောင့် ဤတာဝန်ကို ထမ်းဆောင်ရမည့်သူများအား အထက်ပါ မှုများအရ ရွေးချယ်ရန် တိုက်ပွဲ ဦးစီး ကော်မီတီအား တာဝန်လွှဲအပ်လိုက်သည်။

တာဝန်အပ်နှင်းခြင်းခံရသူများသည် ထွန်းရှိန်အား ယနေ့ ၁၉၆၀-ခု စက်တင်ဘာလ (၁၇)ရက်နေ့၊ ၁၃၃၀-ခု တော်သလင်းလဆုတ်(၁၁)ရက်၊ မွန်းလွဲ(၁)နာရီအတွင်း အပြီးတိုင် သုတ်သင်ပစ်ရမည်ဖြစ်ကြောင်း၊ ဤပြည်သူ့ တော်လှန်ရေး ခုံသဘာပတိအဖွဲ့က စီရင်ချက်ချမှတ်လိုက်သည်။

ပြည်သူ့တော်လှန်ရေး ခုံသဘာပတိအဖွဲ့
(ပုံ) သခင်ဇင် (ဥက္ကဋ္ဌ)
(ပုံ) ရဲဘော်ညိုအောင် (အတွင်းရေးမှူး)
(ပုံ) သခင်ပု (အဖွဲ့ဝင်)

၁၃၃၀-ခု တော်သလင်းလဆုတ် (၁၁) ရက်။
၁၉၆၀-ခု စက်တင်ဘာလ (၁၇) ရက်။
နေ့လည်-၁၁း၃၀ နာရီ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်အောင်မြသည် စိရင်ချက်မဆုံးမီပင် ရဲဘော်ထွန်းရှိန်၏ ပါးစပ်အား အဝတ်နှင့် အဝမ့်ပိတ်ဆို့လိုက်သည်။ကြိုးနှင့် စည်းထားလိုက်သည်။ ထို့ကြောင့် ရဲဘော်ထွန်းရှိန်သည် ဝူးဝူးဝါးဝါးပင်ဖြစ်နေသည်။

ဗိုကင်းမြန် ရဲဘော်ဥာဏ်ကျော်
(ခ) ညိုအောင်

(မှတ်ချက်။ ။ရဲဘော်ဥာဏ်ကျော် (ခ) ဝင်းဖေ (ခ) ညိုအောင် (ခ) လင်ရွှေကွေ့သည် မြင်းခြံခရိုင် စက်ထိန်းရွာမှဖြစ်သည်။

၁၉၅၁-ခု၊ တရုပ်ပြည်သို့ ပထမအသုတ်တွင် ကင်းတပ်သားအဖြစ်ပါသွားခဲ့သည်။ ၁၉၆၃-ခုနှစ် စက်တင်ဘာလတွင်သခင်ဘသိန်းတင်နှင့်အတူ ဗမာပြည်သို့ ပြန်ရောက်ခဲ့သည်။ရဲဘော်ဌေး၊ ရဲဘော်ဂိုရှယ်၊ ဗိုလ်ရန်အောင်၊ ဗိုလ်ထွန်းငြိမ်း၊ ရဲဘော်ထွန်းရှိန်တို့အား သတ်ဖြတ်ရာတွင် အရေးကြီးသောခေါင်းဆောင်သူတဦးဖြစ်သည်။

စာရေးသူ။)

ကြွေးကြော်သံများကား ပွက်လောပင်ရိုက်နေ၏။ အချို့မှာမူ လက်ခေါက်များပင် တရှီရှီဖြင့်မှုတ်၍နေကြသည်။

ရဲဘော်ထွန်းရှိန်သည် ဦးခေါင်း ငိုက်စိုက် ကျ၍ သွားလေ တော့သည်။ အသက်ရှူသံ များလည်း တရှူးရှူး ဖြစ်နေသည်။ ရင်အုံ မှာမူ မို့မောက်လျက်တက်လာတော့သည်။

ရဲဘော်အောင်မြ ခေါင်းဆောင်သော ကင်းတပ်စိတ်သည် ရဲဘော်ထွန်းရှိန်အား လက်သီးနှင့်ဝိုင်း၍ထိုးကြသည်။ ထို့နောက်တွင် ဗဟို ဆေးကျောင်း၏ တောင်ဘက်၌ အသင့်တူးထားသည့်ကျင်းသို့ အတင်းဆွဲ၍ မေါ်ဆောင် ခဲ့၏။ ဒရွတ်တိုက်၍ ဆွဲခေါ်ခဲ့ကြသည်။

ရဲဘော်မမြဝင်း (သခင်သန်းထွန်း၏နှစ်မ) ခေါင်းဆောင်သောတပ်နီအမျိုးသမီးများသည် ရဲဘော်ထွန်းရှိန်၏ နောက်နားမှကပ်၍ ကြွေးကြော်သံများကို အော်ဟစ်လျက်လိုက်လာကြသည်။

ရဲဘော်ထွန်းရှိန်အား တလမ်းလုံးပင် တံတွေးနှင့် ထွေးလာကြသည်။

ရဲဘော်မမြဝင်းနှင့်အတူ အထူးတာဝန်ပေးခံရသော တပ်နီ အမျိုးသမီးများမှာ(၇)ဦးဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းတပ်နီအမျိုးသမီးအဖွဲ့၏ တာဝန်ခံမှာ ပဲခူးခရိုင်ကော်မီတီဗိုလ်စိုးကြည် ဖြစ်သည်။

(၁) မမြဝင်း (သခင်သန်းထွန်း၏နှစ်မ)
(၂) မနီ (ပြည်ခရိုင်)
(၃) မခင် (ပဲခူးရိုးမ)
(၄) မအေးရီ
(၅) မလေးမြင့် (သာယာဝတီခရိုင်)
(၆) မကြည်အောင် (ချင်းဦးစီးအဖွဲ့)
(၇) မမြရှင် (သရက်ခရိုင်)တို့ဖြစ်ကြသည်။

တပ်နီအမျိုးသမီးများသည် ဝါးရင်းတုတ်များကို အသင့်ကိုင်ဆောင်ထားကြ၏။ ဓားမြှောင်များကိုလည်း ကိုင်ဆောင်ထားကြ၏။ ရဲဘော်မမြဝင်းမှာမူ ဓားလွတ်တဖက် ဝါးရင်းတုတ်တဖက်ကို အသင့်ပင်ကိုင်ဆောင်ထားလေသည်။

ဗိုလ်ချုပ်ကြီး ရဲဘော်သန်းထွန်း
(ခ) ဗပဒြိမ်း

ရဲဘော်ထွန်းရှိန်၏ တကိုယ်လုံးတွင်လည်း အပွန်းအပဲ့များနှင့်သာဖြစ်နေ၏။ အတင်းဒရွတ်ဆွဲခေါ်ခဲ့၍ဖြစ်သည်။

ရဲဘော်ထွန်းရှိန်အား ကျင်းအနီးသို့ ရောက်လျှင်ရောက်ချင်းပင် ရဲဘော်မမြဝင်းသည်- "ဟဲ့ ခွေးမျိုး-သစ္စာဖောက်သေပေတော့"ဟုအော်လျက် ရဲဘော်ထွန်းရှိန်၏ လည်မြိုအားဝါးရင်းတုတ်နှင့် တအားလွှဲ၍ ရိုက်လိုက်၏။ရဲဘော်ထွန်းရှိန်သည် မြေကြီးပေါ်သို့ အရုပ်ကြိုးပြတ်သည့်အလားလဲကျသွားတော့၏။ ကျန် အမျိုးသမီးများကလည်း ဝင်ရောက်၍ ရိုက်နှက်ကြကုန်သည်။

ရဲဘော်ထွန်းရှိန်သည် မချိမဆန့် ဖြစ်လျက် လူး၍ လူးလွန့်နေသည်။

ထိုအချိန်တွင် ဘေးမှနေ၍ လိုက်လံကြည့်ရှုနေကြသော တပ်နီ အမျိုးသမီးများကလည်း ကြွေးကြော်သံများကို အော်ဟစ်၍အားပေးနေကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်မမြဝင်းသည် မြေကြီးပေါ်တွင် လူးလွန့်နေသော ရဲဘော်ထွန်းရှိန်၏ မှတ်ဆိတ်မွေးများကို စု၍ ဆွဲဆုပ်လိုက်၏။ အံကိုလည်း တအားကြိတ်လိုက်၏။ ထို့နောက်အသင့်ကိုင်ထားသောဓားမြှောင်နှင့်လည်ချောင်းကိုလှီးဖြတ်လိုက်၏။ ရဲဘော်ထွန်းရှိန်၏ လည်ချောင်းသွေးများသည် ဒလဟောပင် ပန်းထွက်လာသည်။

ရဲဘော် မမြဝင်း

ရဲဘော်မမြဝင်းသည် ချက်ခြင်းပင် ပန်းထွက်လာသော ရဲဘော်ထွန်းရှိန်၏ လည်ချောင်းသွေးများဖြင့် မိမိ၏ ခြေထောက်နှစ်ချောင်းကို ပယ်ပယ်နယ်နယ်ပင်ဆေး၍ နေလေသည်။

ထို့နောက်တွင်တပ်နီအမျိုးသမီးများကလည်း တယောက်ပြီးတယောက်ပင်ရဲဘော်ထွန်းရှိန်၏ လည်ချောင်းသွေးများနှင့် ခြေဆေး၍ နေကြသည်။

တပ်နီအမျိုးသမီးတို့၏ ကြွေးကြော်သံ များကား ထိုတောထိုတောင်၊ ထိုမြောင်ထိုချောင်းတဝှမ်းလုံးကိုပင် ပဲ့တင်ထပ်၍ထပ်၍ သွားနေတော့သည်။

"အောင်ပြီ၊အောင်ပြီ၊ တို့အောင်ပြီ"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၂၂

ဗဟိုစခန်းဒုတိယအကြိမ်အတိုက်ခံရခြင်း

၁။ အောင်ပွဲခံလျက်ရှိသော ဗဟိုစခန်း

သခင်သန်းထွန်းနှင့် ပီကင်းပြန်တို့အာဏာသိမ်းထားသော တော်လှန်သော ပါတီဗဟိုစခန်းသည် အောင်ပွဲများကို တခုပြီးတခု ခံယူလျက်ရှိသည်။

ဗိုလ်ထွန်းငြိမ်းကို ၃-ရက် ကြာမျှ စွဲချက်တင် တိုက်ပွဲဆင်ပြီး နောက် ၃၀-၇-၆၇-နေ့တွင် ချေမှုန်းသုတ်သင်ပစ်လိုက်ကြသည်။

သခင်ဇင် ခေါင်းဆောင်သော အာဏာပိုင် အဖွဲ့သည် ရဲဘော်ထွန်းရှိန်ကို ခြေမှုန်းသုတ်သင်ရန် အတွက် ၁-၉-၆၇-ရက်နေ့မှ စတင်၍ ဗဟိုဆေးကျောင်းသို့ ခရီးထွက်ခွာခဲ့ကြသည်။ (ရဲဘော်ထွန်းရှိန်ကို ၁၇-၉-၆၇ နေ့တွင် ချေမှုန်း သုတ်သင်ပစ်လိုက်ကြသည်။)

ထွန်းငြိမ်းဂိုဏ်းဝင်ဟု ဆိုကာ ကျောင်းသား ခေါင်းဆောင် (ရဲဘော် ထွန်းကျော်၊ ရဲဘော်ဘသန်း၊ ရဲဘော်ဘိုးသာ၊ ရဲဘော်ခင်ဝင်း)တို့၄-ဦးကို ၁၄-၉-၆၇-နေ့တွင် အစုလိုက် အပြုံလိုက်ပင် ချေမှုန်း သုတ်သင် ပစ်လိုက်ကြသည်။ (ရဲဘော်တင်ဟန်နှင့် မင်းဝင်းထိန်တို့ကိုမူ ၉-၇-၆၉ ရက်နေ့ကပင် တိတ်တဆိတ် လုပ်ကြံသတ်ဖြတ်ပစ်ခဲ့ကြသည်။)

ယင်းသို့ ရဲဘော် ထွန်းငြိမ်း၊ ရဲဘော် ထွန်းရှိန် နှင့် တကွ ကျောင်း သား ခေါင်းဆောင်များကို ချေမှုန်းသုတ်သင်ခဲ့ခြင်းကိုပင် ပါတီတရပ်လုံး၊ တော်လှန်

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရေးတခုလုံး၏ သမိုင်းဝင်အောင်ပွဲဖြစ်သည်။ မြစ်ဝကျွန်းပေါ်တိုင်းတပ်အတွက်လည်း၊အောင်ပွဲဖြစ်သည်ဟု သခင်သန်းထွန်းက ကြွေးကြော် လိုက် လေသည်။

ဗိုလ်ထွန်းငြိမ်းအား မြှုပ်နှံသည့်နေရာ

"ထွန်းငြိမ်းကို သုတ်သင်ပြီးခဲ့ပြီ။ ဒါဟာ ပါတီတခုလုံး တော်လှန်ရေးတခုလုံးအတွက် အောင်ပွဲဖြစ်တယ်။ (သမိုင်းဝင်)
မြစ်ဝကျွန်းပေါ်တပ်အတွက်လဲအောင်ပွဲဖြစ်တယ်။

ဗိုလ်ထွန်းငြိမ်းကိုသုတ်သင်ပြီးနောက် သခင်သန်းထွန်း၏ ကျေညာချက်မူရင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ပြင် သခင်သန်းထွန်းက ထွန်းငြိမ်းဝါဒနှင့် ထွန်းငြိမ်း-ထွန်းရှိန်ဂိုဏ်းဟု ဆိုကာ ယင်းနှင့်ပတ်သက်၍ ဤသို့ကောက်ချက်ချလိုက်လေသည်။

" စိန်-ပိန်ဂိုဏ်းကို ချေမှုန်းပြီးတဲ့နောက် ပါတီထဲမှာဓနရှင်လူတန်းစား ဗဟိုဌာနချုပ် အသစ်ထူထောင်ဖို့ ကြိုးစားတဲ့ ထွန်းငြိမ်း-ထွန်းရှိန် ဂိုဏ်းဟာ အခိုင်အမာ ပေါ်လာတာဖြစ်တယ်။ ဓနရှင်လူတန်းစားအနေနဲ့ ချေမှုန်းခံရတဲ့အပေါ် ပိုမကြေချမ်းဖြစ်ပြီး၊ အရင်တုန်းကနဲ့မတူတဲ့ပုံစံနဲ့ အသစ်ပေါ်လာပြန်တယ်။ သူ့ရဲ့လက္ခဏာမှာတဖက်က ကောက်ကျစ်တဲ့ လက္ခဏာ ဖြစ်ပြီးနောက် တဖက်ကတော့ အကြမ်းဖက်တဲ့ လက္ခဏာဖြစ်တယ်။ ထွန်းငြိမ်း-ထွန်းရှိန် ဂိုဏ်းမှာ ဒီနှစ်ခုစလုံး တပါတည်း ပါတယ်။ ဒါဟာ ကျဆုံးနေတဲ့ ဓနရှင်လူတန်းစားရဲ့ ဖြစ်စဉ်တရားပဲ။"

(သခင်သန်းထွန်း၏ နိဂုံးချုပ်မိန့်ခွန်းမှ-)

ထို့နောက် သခင်သန်းထွန်းက တိုက်ပွဲအတွက်ရရှိခဲ့သောတရား ဆိုသည်ကို အောက်ပါအတိုင်း ထပ်ဆင့်ဖော်ထုတ်လိုက်ပြန်သည်။

"ထွန်းငြိမ်းဂိုဏ်းတိုက်ပွဲဟာနာကျည်းမှု၊ ပင်ပန်းမှုနဲ့ လုံးပမ်းတိုက်ခိုက်ပြီး ဖြတ်သန်းခဲ့ရတာ ဖြစ်တယ်။ ဒီတိုက်ပွဲ ထဲက ကျွန်တော် တို့ရဲ့အသိရေချိန်ဟာ တဆင့်ခုန်တက်လာတယ်လို့ပြောနိုင်တယ်။ အရင်ကလို "ပါတီအသိ"ဆိုတဲ့ ယေဘုယျအသိနဲ့ မလုံလောက်တော့ဘူး။ "ပါတီဗဟိုနဲ့ပတ်သက်တဲ့ အသိ" အထိ မြှင့်ယူရမယ်ဆိုတာ ဒီတိုက်ပွဲထဲကရရှိခဲ့တဲ့တရားဖြစ်တယ်။ ကျွန်တော်တို့ပါတီရဲ့ အတွေးအခေါ်နဲ့ လမ်းစဉ်မှာ တဆင့်တိုးတောက်ပြောင်လာတယ်။ ခုန်တက်လာတယ်"။

(သခင်သန်းထွန်း၏ငြိမ်း-ရှိန်ဂိုဏ်းချေမှုန်းရေးနိဂုံးချုပ်မိန့်ခွန်းမှ-)

သခင်သန်းထွန်းက ပါတီအသိ ဆိုသည်နှင့်ပတ်သက်၍ တဆင့်တက်ရရှိပုံကို ဤသို့ ကောက်ချက် ချလိုက် ပြီးနောက် မြစ်ဝကျွန်းပေါ် တည်ဆောက်ရေးတပ်ဖွဲ့နှင့် ပတ်သက်၍လည်း တဆင့်တက် မှတ်တမ်း တင်လိုက်လေသည်။

"ထွန်းငြိမ်းဂိုဏ်း ချေမှုန်းရေး တိုက်ပွဲမှာ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့ဟာ အဓိကအခန်းကပါခဲ့တယ်။ ထွန်းငြိမ်းရဲ့ အဆိပ်အတောက် တွေကို ထွန်းငြိမ်းရဲ့ လည်ချောင်း သွေးနဲ့ ဆေးကြောပစ်ခဲ့ကြတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လူတန်းစားတိုက်ပွဲဆိုတာဟာ သွေးထွက်တဲ့တိုက်ပွဲပဲ။ အခုထွန်းငြိမ်း တိုက်ပွဲမှာ ကျွန်တော်တို့ဖက်က သွေးမကျခဲ့ပဲ၊ ထွန်းငြိမ်းသာ သွေး ကျစေပြီး ကျွန်တော်တို့ အောင်ပွဲခံရတာဖြစ်တယ်"။

(အထက်ပါသခင်သန်းထွန်း၏ နိဂုံးချုပ်မိန့်ခွန်းမှ-)

ထွန်းငြိမ်း-ထွန်းရှိန်ဂိုဏ်း ချေမှုန်းရေးတိုက်ပွဲများတွင် သခင်သန်းထွန်းနှင့် ပီကင်းပြန်တို့သည် အောင်ပွဲများ တပွဲပြီးတပွဲရနေကြောင်း ဖော်ထုတ်ပြီးအရေး ကြီးသော ရှေ့တိုက်ပွဲအတွက်လမ်းညွှန်များကိုလည်းဆက်လက် ချမှတ်လိုက်လေ သည်။

"ထွန်းငြိမ်းတို့ကို လူအနေနဲ့ ချေမှုန်းပြီးပေမဲ့ ထွန်းငြိမ်း ဝါဒကို ဆက်ပြီးချေမှုန်းရဦးမယ်။ ထွန်းငြိမ်းဝါဒကို ကုန်စင်အောင်မတိုက် နိုင်ရင် ထွန်းငြိမ်းလက်သစ်တွေထပ်ပေါ်လာနိုင်တယ်။

ထွန်းငြိမ်းဝါဒကို တိုက်ပွဲဆင်ရာမှာ မြစ်ဝကျွန်းပေါ်တိုင်း တည် ဆောက်ရေးတပ်ဖွဲ့သာမက ပါတီတရပ်လုံးမှာပါ တိုက်ပွဲ ဆင်ရ မှာ ဖြစ်တယ်။ပါတီတရပ်လုံးမှာ ထွန်းငြိမ်းဝါဒကို ဖော်ထုတ် တိုက်ပွဲဆင် ပြီး ချေမှုန်းပစ်ရမယ်။

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့အနေနဲ့ ဆိုရင် လက် ငင်း အရရော၊ ရေရှည် အတွက်ပါ အရေးကြီးတဲ့၊ တိုက်ရိုက် ဖြစ်တဲ့ ပြန်လည်ပြင်ဆင်ရေးသမား စိုးသန်းကို ဆက်လက်တိုက်ပွဲဆင်သွားဖို့ဟာ အရေး ကြီးတယ်။ ဒီအတွက်လဲ အဖက်ဖက် က ကြိုးပမ်း သွားကြဖို့ လိုတယ်။"

(အထက်ပါသခင်သန်းထွန်း၏ နိဂုံးချုပ်မိန့်ခွန်းမှ-)

သခင်သန်းထွန်းသည် ထွန်းငြိမ်းဂိုဏ်းချေမှုန်းရေး တိုက်ပွဲ နိဂုံးချုပ်၍ ပေး လိုက်ပြီး ရှေ့လုပ်ရမည့် အဓိကလုပ်ငန်းများနှင့် ညွှန်ကြားချက် များကိုလည်း ဤသို့ပင် အခိုင်အမာချမှတ်လိုက်လေသည်။

"(၁) စိုးသန်းသည် ပဲခူးခရိုင်ဖက်သို့ ရောက်နေပြီ။ ၎င်းကိုချေမှုန်းရန် မြစ်ဝကျွန်းပေါ်တည်ဆောက်ရေးတပ်ဖွဲ့ကို အဓိက အားအဖြစ် မဏ္ဍိုင်ပြုရန်၊ ထိုအတွက် စတင်လှုံ့ဆော်ခြင်း၊ စွဲချက်များပြင် ဆင်ခြင်းကို ပြုလုပ်ရန်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

(၂) စိုးသန်းအား စွဲချက်တင်ရန် အတွက် ကိုသန်းဝင်း၊ ကိုကြည်အောင်၊ ကိုသက်တို့က သခင်သန်းထွန်း၊ သခင်ချစ်၊ ရဲဘော်အောင်ကြီး၊ သခင်ပုတို့ခေါင်းဆောင်မှုဖြင့် အခိုင်အမာအချက်အလက်များရှာဖွေပြင်ဆင်ရန်။

(၃) တိုက်တိုင်းအောင် (၂) တပ်ဖွဲ့ကို ပြန်လည်စုစည်း ထိန်းသိမ်းရန်အတွက် ဗိုလ်ဘုန်းကျော်နှင့် ဗိုလ်ထွန်းတင် တို့ကို ဗိုလ်တင်မောင်နှင့်အတူ ပြည်ခရိုင်ဖက်သို့ အမြန်စေလွှတ်ရန်။

(၄) တိုက်တိုင်းအောင်(၁) တပ်ဖွဲ့တွင် ထွန်းငြိမ်းဝါဒ ချေမှုန်းရန် ယင်းဂိုဏ်းဝင် ဗိုလ်တင်ရှိန်နှင့် အချို့ဂိုဏ်းသား ကျောရိုးများကို ချေမှုန်း ရှင်းလင်းပစ်ရန် အတွက် ရိုးမအရှေ့ရှိ မိုး ပုန်း၊ ချင်းလယ်ဖက်တွင် နေရာရိက္ခာတို့ကိုဗိုလ်အောင်လှိုင်က ပြင်ဆင်စေပြီးတိုက်တိုင်းအောင်(၁)တပ်ဖွဲ့ကို ဗဟိုမှအဖွဲ့တဖွဲ့ (ရဲဘော်စောအောင်ရွှေအကူအညီဖြင့်)စေလွှတ်၍ခေါ်ယူရန်။

(၅) တောင်ငူခရိုင် တည်ဆောက်ရေးကို ကူညီရန်အတွက် ဦးရွှေညို၊ ဦးထွန်းကြိုင်တို့ကို စေလွှတ်ရန်။

(၆) ပဲခူးခရိုင် တည်ဆောက်ရေးတွင် ထွန်းငြိမ်းဝါဒ (စောအောင်၊ ဘကျော်တို့၏ ထိုးစစ်ကို ထိုးစစ်နဲ့ချေမှုန်းရေးအတွက် ခံစစ်ကို ပြင်ဆင် ဟူသော အယူအဆ) ကို ချေမှုန်းရေးအတွက် ခရိုင်ကော်မီတီကိုခေါ်ယူပြီး စီစဉ်လုပ်ဆောင်ရန်။

(၇) မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့ကို ဗဟိုကရင်ခွင်ပိုက်၍ တိုက်ရိုက်တည်ဆောက်ပေးသွားရန်။

(၈) တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒ နိုင်ငံရေးကျောင်းကို ယင်းလှုပ်ရှားမှုများအပြီးတွင်ဆက်လက်ဖွင့်သွားရန်။

(၉) ငြိမ်း-ရှိန်ဂိုဏ်း ချေမှုန်းရေးအောင်ပွဲကို ၃-၄ရက်အတွင်း ဆင်နွှဲရန်။ ယင်း အောင်ပွဲ အတွက် နွားပေါ်ရေး၊ ပြဇာတ်အခမ်းအနားများအတွက်ကြိုတင်ပြင်ဆင်ရေး....”ဟူ၍ဖြစ်လေသည်။

ယင်းလုပ်ငန်းအစီအစဉ်အတိုင်း ဆက်လက်ခန့်ခွဲ လုပ်ဆောင်ရင်း အောင်ပွဲအတွက် ပြင်ဆင်နေကြလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်ဘုန်းကျော်နှင့် ဗိုလ်ထွန်းတင်တို့ ခေါင်းဆောင်သော အဖွဲ့သည် ဗိုလ်တင်မောင်နှင့်အတူ တိုက်တိုင်းအောင်(၂)ကိုပြန်လည် စုစည်းရန်အတွက် စက်တင်ဘာလ ၁၆-ရက်နေ့တွင် စတင်ခရီးထွက်ခွာသွားကြသည်။

ဦးလေးသိန်း(ခ) "ဟုတ်ကဲ့"ကိုကြည်၊ ရဲဘော်ဝင်းညွန့် နှင့်ရဲဘော်ညိုစိမ့်တို့ (၃)ဦးပါသော နွားပေါ်ရေးအဖွဲ့ကလည်း (၁၇-၉-၆၈)နေ့ နံနက် စောစောကတည်းက ခရိုင်စခန်းမှတဆင့် အောက်ကွင်းရှိ ရှမ်းစုရွာ ဖက်သို့ ဆင်းသွားကြလေသည်။ နွား၊ ဝက်များကို ဝယ်၍ ပေါ်ရန်ဖြစ်သည်။

ငြိမ်း-ရှိန်ဂိုဏ်း ချေမှုန်းရေး အောင်ပွဲ ဆင်နွှဲရန်အတွက် ပြဇာတ်တိုက်သူကတိုက်၊ သီချင်းတက်သူကလည်းတက်နေကြလေသည်။

မြစ်ဝကျွန်းပေါ်တည်ဆောက်ရေးစခန်းဆီမှ ရဲဘော်သန်းမောင် ဖွဲ့နွဲ၍ မှုတ်နေသော ဝါးပုလွေသံသာကလေးမှာ တတီတီ တတာတာနှင့်ဗဟို စခန်းကပင် အတိုင်းသားကြားနေရသည်။ ယင်းပုလွေသံနှင့်အတူ....

"(ပက်ပက်စက်စက် နင်ကြံ ခံနိုင်မှာတဲ့လား) ၂ ထွန်းငြိမ်းရာ ဟဲ့ ကောင်ရာ၊ ထွန်းရှိန်ပါနှစ်ယောက်သား-မိုက်ကန်းလှချီလား....ဝါး"

ဆိုသော ဟာစ်ကြေးလိုက်သည့်သံပြိုင်ကလည်း ဗဟိုစခန်းသားများက အတိုင်းသားကြားနေရပြီး တဝါးဝါးနှင့် ချက်ကျကျလိုက်၍ဟာစ်အော်၍ပင်နေကြလေသည်။

စခန်းနှစ်ခုမှာ တခေါ်သာသာ ကွာလှမ်းသော်လည်း သီချင်းသံ၊ တီးမှုတ်သံများကား တဆက်တည်း တစပ်တည်းတပြိုင်တည်း ဟာစ်ကြေး၍ပင် ပျော်မြူးနေကြ၏။

မိုးကား- ဝါဆို-ဝါခေါင် ပြီးပြီ တောင်ပေါ်၌ပင် ဝါးလုံးထိုး စီးကျသည် အထိ ရေပါပါရွာသွန်းလျက်ရှိ၏။ ဗဟိုစခန်းရုံးတပ်စု၊ အမျိုးသမီး တပ်စိတ်မှ မခင်တင့်၊ မဒေါ်ငွေ့ယဉ် တို့ကလည်း မိုးတွေ တဖြိုးဖြိုး ရွာသွန်း နေသည့်ကြားက သူ တို့၏ တဲ တန်းလျား ပေါ်တွင် ကွေးနေ အောင် က လျက်ရှိ၏။ မကြည်ဝင်း၊ မတင်ကြည်တို့ကလည်း လက်ခုပ်များ ချက်ကျကျ တီးလျက်စည်းလိုက်နေကြ၏။

မခင်တင့်၏ အောင်ပွဲသီချင်းသံသည် တခါတခါတွင် မိုးသံလေသံကြားမှပင် စူးစူးရှရှပေါ်ထွက်လာ၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"စစ်အာဏာ တဏှာရှူး- အခွင့်ထူးခံတဲ့ ထွန်းငြိမ်းပါဟယ်- အခွင့်ထူးခံတဲ့ ထွန်းငြိမ်းပါဟယ်....၊ မိုက်မဲတဲ့ ငထွန်းရှိန်ရယ်- မိုက်ပြစ်ကွယ် ခံစမ်း....၊ မပြေးလမ်းပွိဖို့တိုတာဝန်ယူမယ်....မပြေးလမ်းပွိဖို့ တို့တာဝန်ယူမယ်။ ဒို့ဆော်မယ်လက်သံပြောင်စမ်း...."

မခင်တင့်၏ သီချင်းသံ ဆုံးသည်နှင့် လက်ခုပ်စက်သမား ရဲဘော် ဘိုးခင်နှင့် ဘိုးငွေးတို့ကလည်းသံပြောင်ကို အတိုင်အဖောက် ကုန်း၍ဟစ်နေကြသည်။

"လမင်းကိုမကြေချမ်း ပြိုင်ချင်စမ်းလို့ ခွေးလိုဟောင်....
(ဝိုးဝေါင်)ဝ.........(ဝေါင်ဝို့)ဝ

- နေမင်းကို မကြေချမ်း ပြိုင်ချင်စမ်းလို့ခွေးလိုဟောင်....
(ဝိုးဝေါင်)ဝ.........(ဝေါင်ဝို့)ဝ

—အူသံတွေ.... ဟေ

—ဟောင်သံတွေ.... ဟေ

အလိုဗျာ....ငြိမ်းရှိန်ဂိုဏ်းဆိုကလေး...."

ဗိုလ်အောင်မင်း ဦးစီးသော ကင်းတပ်စုမှ တပ်သားများကလည်း တစခန်းထ၍ ဟစ်ကြွေးလိုက်သည်မှာ တတောလုံး ဟိန်းမတတ်ဖြစ်၏။

"ဟိုတွေးကာ ဒီတွေးကာ-ထွန်းငြိမ်းခေါင်းထဲမှာ....
အရက်ပုလင်းစမ်း.... အဟမ်း။

သန်းမြိုင်ကယ်ပါအုံး....ဝိုး
ထွန်းရှိန်ကယ်လေးမလား....ဝါး
မသုံးလုံးကိုပြေး....ဝေး
မြစ်ဝကျွန်းပေါ်ပြေး....ဝေး
တနင်္သာရီကိုပြေး....ဝေး
ရခိုင်ချင်းတောင်ပြေး....ဝေး
အလို-ဗျို-အလာ....မှို
မြေကြီးထဲမှာတဲ့လေး....။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သီချင်းသံများသံပြောင်းများသံချပ်သံများသည် နှစ်စခန်းတစခန်းပမာတသံ တည်း ဆူဆူညံညံထွက်ပေါ်နေ၏။ တတောလုံးတတောင်လုံးပင် ဆူညံလျက်ရှိ၏။ "မြရာပင်ကျော"အနောက်ဘက်စောင်းရှိ စပါးရိုးမြောင်ဝှမ်းတခုလုံးတွင်မူ ငြိမ်းရှိန်ဂိုဏ်းချေမှုန်းရေး အောင်ပွဲတေးသံများဖြင့်သာ ပဲ့တင်ထပ်လျက်ရှိ၏။ စက်တင်ဘာလ(၁၇)ရက်နေ့ ညသန်းခေါင်ကျော်အထိပင်ဖြစ်သည်။

စက်တင်ဘာလ(၁၈)ရက်နေ့နံနက်ပိုင်းတွင်ဖြစ်သည်။ရဲဘော်သက်က စခန်း နှစ်ခုလုံးမှ တပ်စုမှူးများနှင့် ဆွေးနွေးလျက်ရှိ၏။ နောက်နေ့နံနက်တွင် မြရာပင် ကျော၏ အရှေ့စောင်းရှိ (ညောင်ထောက်ပင်) လမ်းခွဲနားမှ စတိုတွင် ဆန်အ တင်း(၄၀)ခန့်ကို တနေ့တည်းနှင့် အပြီးသယ်ကြရန်ဖြစ်သည်။ ငြိမ်းရှိန်ဂိုဏ်း ချေမှုန်းရေး အောင်ပွဲဆင်ရန်အတွက် တပတ်စာမျှသောဆန်ကို သယ်ယူ ထား ရန်လည်းတကယ်ပင်လိုအပ်သည်မှန်၏။လူတကိုယ်ဆန်တခွဲသယ်ပါက လူ၅၀-ဆို လျှင် ဆန်(၂၅)တင်းပါ နိုင်မည်ဖြစ်သည်။ လူ ၅၀-နှင့် နံနက်တခေါက် ည တခေါက် ၂-ခါပြန်ဆွဲလျှင် ဆန်အတင်း(၄၀)ကို သာသာကလေး ကုန်နိုင် မည်မှာ သေချာသည်။ ထို့ကြောင့် နောက်နေ့နံနက်စောတွင်အောင်ပွဲအတွက် ဆန်အတင်း(၄၀)ကို ဆင်းသယ်ရန် ဆုံးဖြတ်လိုက်ကြ၏။



ပါတီဥက္ကဋ္ဌ သခင်သန်းထွန်း နောက်ဆုံးနေသွားသည့်တဲ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုနေ့ညနေပိုင်းတွင် သခင်သန်းထွန်းကလည်း တပ်စုမှူးများ တပ်စိတ်မှူးများနှင့် အစဉ်အလာတပ်မှူးများကို သူ၏တဲတွင် စုဝေးစေလျက် ဆွေး နွေးလျက်ရှိ၏။ ယင်းဆွေးနွေးပွဲမှာ သခင်သန်းထွန်းကိုယ်တိုင် ခေါင်းဆောင်သော ဗဟိုစခန်းလုံခြုံရေး ဆွေးနွေးပွဲဖြစ်သည်။ လုံခြုံရေးနှင့်ပတ်သက်၍ သခင်သန်းထွန်းက အလေးထား ပြောဆိုနေသည်။

"ဗဟိုလုံခြုံရေးကိုတော့ သတိပေါ့လို့မဖြစ်ဘူး။ ဂရုစိုက်ရမယ်။ ဒါပေမဲ့ ကျုပ်တို့ သတင်းကို ရန်သူကတော့ ဒီနေ့အထိ မသိသေးဘူး။ သတင်းထူးလဲမရှိသေးပါဘူး"

—ဟု အစချီ၍ ကြိုးမဲ့ကြေးနန်းကြားဖြတ်သတင်းများ အောက်ချေမှ ပေးပို့သော အစီရင်ခံစာများကိုပါ အခိုင်အမာ အချက်အလက်များကို ကိုးကားလျက် အခြေအနေကို ရှင်းပြလိုက်သည်။

"ရန်သူက တကယ်လို့လာတိုက်ရင်လဲချေမှုန်းရေးစိတ်ဓာတ်ထိုးစစ်ကို ထိုးစစ်နဲ့ရိုက်ချိုးရမယ်ဆိုတဲ့စိတ်ဓာတ် တတပ်လုံးကိုပေးထားရမယ်။ လှုံ့ဆော်ထားရမယ်။ ခံစစ်ရှင်နဲ့ ပြန်လှန်ဝိုင်းပတ် တိုက်နိုင်ဖို့ အခိုင်အမာ ပြင်ဆင်ထားရမယ်"

—ဟုအလေးထားပြောကြားလိုက်၏။ယင်းဆွေးနွေးပွဲမှအခြေအနေဘက်ပေါင်းစုံကို ဆွေးနွေးညှိနှိုင်းကြပြီးနောက် ဗဟိုလုံခြုံရေးစည်းကမ်းနှင့် လတ်တလောအစီအစဉ်များကို ရေးဆွဲချမှတ်လိုက်ကြလေသည်။

ဆွေးနွေးပွဲပြီးသည့်အချိန်မှာ မှောင်ရီသန်းနေပြီဖြစ်၏။ တောငှက် တောကြက်များပင် အိပ်တန်းတက်ကုန်ကြလေပြီဖြစ်သည်။ တတောလုံးကား တိတ်ဆိတ်လျက်ရှိနေပြီဖြစ်သည်။

ယင်းတိတ်ဆိတ်ခြင်းကိုမူ သခင်သန်းထွန်းတဲမှစူးစူးရှရှ ထွက်ပေါ်လာသော ပီကင်းရေဒီယို၏သီချင်းသံ ခပ်ညြညြက ဖြိုခွင်းလိုက်တော့သည်။

(အောင်တံခွန်လွှင့်ထူမည် ဒို့သတ္တိတွေ ရဲရဲနီ တော်လှန်စစ်ပွဲ နွှဲခဲ့သည်။ လူထုအားကိုတကယ်တန်းမှီခိုမည်။)၂ (သေနတ်ကို ဆွဲတက်ခဲ့သည်။အလံမလှဲနိုင်အောင်ပဲ့နဲ့တိုက်ရမည်)၂ ရန်သူ့တပ်ကို အပြုတ်ချေမှုန်းမည် ဒို့အင်အားကိုစုစည်းကာတိုက်မည်။ထိုးစစ်နည်းနဲ့အောင်ပွဲခံမည်။ ရန်သူတွေကိုလက်စတုံးအောင် ဒို့ချေမှုန်းရမည်)

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၂။ စက်တင်ဘာလ(၁၉)ရက်။

၁၉၆၈-ခုနှစ် စက်တင်ဘာလ (၁၉)ရက်နေ့၏ အရုဏ်ဦးသည် ခါတိုင်းနေ့များနှင့်မတူချေ။ ကြည်လင်နေ၏။အရှေ့ဖက် မြရာပင်ကျောထိပ်မှမိုးထိသစ်ပင်ကြီးများနှင့် ဝါးရုံကြီးများ၏ အကြိုအကြားတို့မှ နေရောင်ခြည်သည်မီးမောင်းကြီးများပမာ ထိုးဖောက်လျက် ထွက်လာ၍ နေတော့သည်။

မိုးလည်းမရွာ လေလည်းမတိုက် နေသာခိုက်ဖြစ်နေ၏။ထို့ကြောင့်ကြက်တူရွေးများသည် အုပ်လိုက်သင်းလိုက်ပင် လူးလာပျံသန်းနေကြ၏။ ကျွီကျွီ ရွှီရွှီဖြင့် တီတီတာတာ အော်မြည်လျက်ရှိကြ၏။ မြူးတူးနေကြ၏။ မျက်ကွင်းဖြူမျောက်အုပ်ကလည်း သစ်ပင်တပင်မှတပင်သို့ ဟိုပင်ဒီပင်ကူးလျက် မြူးတူးနေကြ၏။ တဝုံးဝုံးတဖြုံးဖြုံးနှင့် ဆူညံလျက် နေလေသည်။

တော်လှန်သော ဗဟိုစခန်းတွင်လည်း သူ့တာဝန်နှင့်သူ တာဝန်ခွဲဝေနေကြ၏။လှုပ်ရှားနေကြ၏။ သမိုင်းဝင်အောင်ပွဲဆင်နွှဲရေးအတွက် တလှုပ်လှုပ် တရွရွနှင့် အလုပ်ရှုပ်လျက်နေကြသည်။

ထိုအချိန်တွင် ကျန်းမာရေးကောင်းပြီး တောင့်တင်းသန်မာသော ရဲဘော် (၅၀)ပါဝင်သည့် ဆန်သယ်အဖွဲ့သည် ဘောင်းဘီတိုကိုယ်စီနှင့် လုံချည်များကိုခါးတွင်စည်းလျက် ခပ်စောစောကပင် မြရာပင်ကျော အရှေ့ဖက်သို့ ခရီးထွက်ခဲ့ကြပြီဖြစ်သည်။

ဗဟိုစခန်း၏မြောက်ဖက်ဆုံးတွင်တတိယပတ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်းကျောင်းဆောင်များနှင့် ဆောက်လုပ်ဆဲကျောင်းခန်းမတို့သည်ရှိ၏။ ကျောင်းခန်းမမှာ မပြီးမပြတ်ဖြစ်နေ၏။ ကျောင်းသားအများစုကြီးမှာမူဆန်ထမ်းရာသို့ လိုက်ပါသွားကြရ၏။ဖျားနာနေသူများနှင့်သက်ကြီးရွယ်အိုများသာကျန်ခဲ့၏။ အချို့သော ကျန်းမာရေးကောင်းသည့် ကျောင်းသားများသည် အပြီးမသတ်ရသေးသော ကျောင်းခန်းမကို ဆက်လက်၍ ဆောက်လုပ်နေကြ၏။အမိုး-မိုးသူကမိုး၊ အခင်း-ခင်းသူက ခင်းလျက်နေကြသည်။

ဗဟိုရုံးတပ်စုမှာမူ ဗဟိုကျောင်း၏ တောင်ဘက်တွင်ကပ်၍ နေရာယူထား၏။ ယင်းတပ်စုတွင် တော်လှန်သော ဗဟိုခေါင်းဆောင်ကြီးများနှင့် ဗဟိုရုံးအဖွဲ့ဝင်များ ပါဝင်ကြ၏။ သခင်သန်းထွန်း၏တဲသည် ဗဟိုရုံးတပ်စုအလယ်တွင် အရှေ့ဖက်မှ မြောင်ကလေးကို ကျောပေး၍ ဆောက်ထား၏။ သခင်သန်းထွန်းတဲ၏ မြောက်ဖက်ကပ်လျက်တွင် သခင်ချစ်နှင့် သခင်ဇင်တို့၏ တဲများရှိ၏။ ရဲဘော်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဒုတိယဥက္ကဋ္ဌ သခင်ဇင်နှင့် အတွင်းရေးမှူး သခင်ချစ်ဇနီးဇသာတဲ

အောင်ကြီးတို့၏တဲမှာမူ သခင်သန်းထွန်း၏တဲနှင့် မျက်စောင်းထိုးတွင် ဆောက်လုပ်ထား၏။ စုစုစည်းစည်းပင် နေထိုင်ကြလေသည်။

တပ်နီအမျိုးသမီးများဖြစ်သော မခင်တင့်နှင့် မဒေါင်းယဉ်တို့သည် အဝတ်လျှော်ရန်အတွက် စခန်းမြောက်ဖက်တွင်ရှိသော မြောင်သို့သွားကြ၏။ "ဥက္ကဋ္ဌကြီးမော်ဟာ ငါတို့အသဲထဲကနေမင်းနီကြီး"သီချင်းကိုပြိုင်တူဆိုနေကြ၏။တရုပ်လိုသီဆိုနေကြခြင်းဖြစ်၏။ဗမာသံလည်းမဟုတ်၊တရုပ်သံလည်းမပြည်ချေ။ အော်ရှိဟစ်ရှိသာ သီဆိုနေကြလေသည်။

ဗဟိုစခန်းရိက္ခာမှူးမစန်းမှာမူ အောက်ကွင်းမှ တက်လာမည့် ဦးလေးသိန်းကြီး("ဟုတ်ကဲ့"-ကိုကြည်)ကိုသာ မျှော်နေ၏။ လည်ပင်းတဆန့်ဆန့်ပင်ဖြစ်နေ၏။"ဦးလေးသိန်းကြီး အမဲသားတွေ ပေါ်လာမလား။ ဒါမှမဟုတ် ဝက်သားတွေပဲပါလာမလား။ ဆန်ထုပ်ကြီး နွားပေါ်တင်ပြီး နွားကို အရင်ပဲ ဆွဲလာလေမလား" ဟု တွေးတောနေဟန်ရှိ၏။ မျှော်တော်ဇောနှင့် မောနေရ၏။ သမိုင်းဝင်အောင်ပွဲအတွက် အထူးချက်ပြုတ်ကျွေးမွေးရန် စောင့်ဆိုင်းနေခြင်းဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗဟိုစခန်း၏ ဆေးခန်းတွင် အလှည့်ကျ ဆေးတာဝန် ထမ်းဆောင်နေသူမှာ ဦးဘချစ်လှ (ထားဝယ်ခရိုင် ကော်မီတီ)ဖြစ်၏။ ဦးဘချစ်လှသည်ဆေးခန်းပတ်ဝန်းကျင်၏ သန့်ရှင်းရေးအတွက် ဂရုတစိုက်ပင် ရှင်းလင်းနေသည်။

ဗဟိုကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးတပ်စုမှ ရဲဘော် အများစု မှာလည်း ဆန်ထမ်းသွားနေကြရသည်။ တာဝန်ခံရဲဘော်ချစ်ဝေ(ခ)အေးလွင်နှင့်အဖွဲ့သာ လျှင် ကျန်ခဲ့သည်။

ဗဟိုကော်မီတီ ရဲဘော်အောင်ကြီး၏တဲ

ဗဟိုစခန်း၏ တောင်ဘက်ဆုံး ကျောဆုံတွင်မူ ဗဟိုလုံခြုံရေး ကင်းတပ်စုမှ တာဝန်ယူထား၏။ ယင်းကင်းတပ်မှ အချို့မှာလည်း ဆန်ထမ်းသွားနေကြရ၏။ ကျန်ခဲ့သော ရဲဘော်များကလည်း ရှေ့တန်းသို့ ဆန်ထမ်းသွားသည့် ရဲဘော်များရှိနေ၍ လုံခြုံစိတ်ချရသည်ဟုဆိုကာ မြောင်ကြို မြောင်ကြားသို့ ဆင်း၍ ငါးနိုက်သူကနိုက်၊ ငါးမျှားသူကမျှား၊ ဟင်းရွက်ခူးသူကခူး၊ တောလည်သူကလည်း စသည်ဖြင့် သွားလာနေကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com



ဗဟိုကင်းတစ်သားများနေကြသော တဲများ

ဗဟိုစခန်း၏အရှေ့တောင်ဘက် တခေါ်လောက်သာကွာသော မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးစခန်းတွင်လည်း ရဲဘော်အနည်းစုသာရှိ၏။ ဆန်ထမ်းပါသွားကြ၏။ကျန်ခဲ့သူများမှာသမိုင်းဝင်အောင်ပွဲဆင်နွှဲရေး ခန်းမဆောင်ကိုပြင်ဆင်နေကြ၏။ မွှမ်းမံနေကြ၏။ ထမင်းဟင်းချက်သူတို့ကလည်း ချက်ပြုတ်နေကြ၏။ ရေခတ်သူခတ်၍ ထင်းခွေသူက ခွေလျက်နေကြသည်။

မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့တခုလုံးမှာမူ လက်နက်များကိုအပြုတ်ခံထားကြရ၏။ လက်နက်များမရှိချေ။

မဒညတ ဗဟိုပါတီစိတ် ခေါင်းဆောင် ရဲဘော် ခင်ကြီး (ခ) ရွှေညိုနှင့် ရဲဘော်ထွန်းကြိုင်တို့သည် ကျောပိုးအိတ်များကို ကိုယ်စီ လွယ်လျက် တောင်ငူခရိုင်စခန်းသို့ ခရီးထွက်ခွာသွားကြခါစဖြစ်သည်။

အချိန်မှာ နံနက် (၉)နာရီပင် ထိုးလုနေပြီဖြစ်သည်။

သခင်သန်းထွန်းနှင့် သခင်ချစ်တို့သည် ဗဟိုစခန်း ပါ[illegible] ဝင်များနှင့် မြစ်ကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့မှ [illegible]ပုပ်အဖွဲ့ဝင်တို့

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

နှင့် ဆွေးနွေးနေ၏။ သခင်သန်းထွန်း၏တဲပေါ်၌ပင်ဆွေးနွေးနေကြ၏။ ရဲဘော် အောင်ကြီးမှာမူ ဆေးပြင်းလိပ်ကို တဖွာပြီးတဖွာ မှုတ်ထုတ်လျက် သခင်သန်း ထွန်း၏ တဲရှေ့တွင် ခေါက်တုန့် ခေါက်ပြန် လမ်းလျှောက်လျက် ဆွေးနွေးပွဲကို တက်ရောက်နေလေသည်။

ပဲခူးရိုးမ နှောင်းမိုး၏ ရာသီဥတုသည် သာယာနေလေသည်။

မုတ်သုန်လေသည် ဖြည်းညှင်းစွာ ပင်တိုက်ခတ်လျက်နေလေသည်။

"ဒိုင်း"ဟူသော သေနတ်သံတချက်သည် မုတ်သုန်လေ၏ မိုးသက်လေအေး နှင့်အတူ ရုတ်တရက် ထွက်ပေါ်လာလေတော့သည်။

ယင်းသေနတ်သံသည် ဗဟိုမဉ္ဇက်စ် လီနင်ဝါဒကျောင်း၏အရှေ့ဖက် မြောင် ထဲမှ မျှော်လင့်ခြင်း မရှိပဲ ထွက်ပေါ်လာခြင်းဖြစ်သည်။



ဗဟိုကော်မီတီ သခင်ပုနေသောတဲ

ထို့နောက်တွင်ချက်ချင်းပင်ဒိုင်း-ဒိုင်း-ဒိုင်း၊ဒက်-ဒက်-ဒက်အသံများကား ဆူ ညံ၍ လာတော့၏။ကာဘိုင်သေနတ်သံများ၊ဂျီသရီး သေနတ်သံများ၊မောင်းပြန် သေနတ်သံများသည် ဆက်တိုက်ပင် ထွက်ပေါ်လာလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရှိနေပြီဖြစ်သည်။

ပါ ကျောင်း တောင်ဘက်သို့ စတင်ပစ်ခတ်ပြီးသည်နှင့် ... အရှေ့ဖက်ချောက်ထဲမှ သခင် ... မရပ်မနားပင် ပစ်ခတ်နေ၏။ ... သစ်ရွက်များမှာ တကနဲ့တကနဲပင် ပြတ်၍ ... ည် သစ်ပင်ကြီးများကို တိုက်ရိုက် ထိမှန်ပျက် ... ကန် ... ကန် ဖွာကျ၍နေသည်။

... ဒုတိယအကြိမ်ထပ်မံ၍ အနီး ... တိုက်ခိုက်ခြင်းကို ခံနေရပြန်ပြီဖြစ်လေသည်။

... လီနန်ပါဒကျောင်းမှ ရဲဘော် ဦးဘိုဆိုင် ...) သည် ... ကျဆုံး သွား ... ဗိုလ်စိန်လွင်(မြစ်ဖျားဒေသ ... (မြစ်ဖျားဒေသတိုင်း) နှင့် ရဲဘော်သန်းဖေ(သရက်



၁၉၆၈ ခုနှစ်တွင် တရုတ်ပြည်မှ လျှို့ဝှက်ရောက်ရှိလာသောလက်ရှိနှင့်
အောင်သန်း နေသောတဲ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

င်ဖယ်သေနတ်ကိုယ်စီဖြင့် ခုခံနေကြ၏၊ သို့သေ လ ၎
၍တော့ချေ။ထိုအထဲမှဗိုလ်စောပေတာဦးတည်းသာလွတ်မြ
ရဲဘော်ထွန်းရှိန်နှင့် ရဲဘော် သန်းဖေတို့မှာမူ ထိုနေရာ၌
တော့သည်။

က်စ်လီနင်ဝါဒကျောင်း၏ ရိက္ခာရုံမှ ရဲဘော်ဘမြင့်(က
ရဲဘော် ခင်မောင် (သရက်ခရိုင်) တို့မှာလည်း ကျဆုံးသွား



၁၃ ၂တ် ဗဟိုမာ့က်စ်လီနင်ဝါဒကျောင်း ခန်းမဆောင်နေရာ

ဗဟိုမာ့က်စ် လီနင်ဝါဒကျောင်းမှ ရဲဘော်လှမြင့် (ခ) ရဲ
းသား) သည်လည်း ဗဟိုကျောင်းသင်တန်း ခန်းမ၏
မုံးနေစဉ်ပင် ကျဆုံးသွားခဲ့သည်။

သခင် ချစ်သည်သခင်သန်းထွန်းတဲ၌ဆွေးနွေးနေရာမှမြေ
ရှိသော မိမိတဲသို့အတင်းပြေးလာပြီး ပါသမျှပစ္စည်းများ
ခါးပတ်ကိုသာ အနိုင်နိုင်ဆွဲယူနိုင်တော့၏။ကျောပိုးအိတ်နှင့်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အရေးကြီးသော စာရွက်စာတန်းများကိုမျှ မယူနိုင်တော့ပေ။ လူ ...င် ပင် ကုပ်ကုပ်ကပ်ကပ်နှင့် လက်လှတ်ထွက်ပြေးခဲ့ရသည်။



ဗဟိုရုံးအုပ် ဝီကင်းပြန် မောင်ညိုနေသောတဲ

သခင်သန်းထွန်း၏ တဲတွင် ဆွေးနွေးနေကြသော ရဲဘော်သက် (ပဲခူး‌ျုိးမ တိုင်း) ရဲဘော်စိုးဝင်း(ပီကင်းပြန်)နှင့် အခြားသော ဆွေးနွေးပွဲသို့ တက်ရောက် နေသူများမှာမူ အလွန်ပင် လျင်မြန်ဖျတ်လပ်ကြ၏။ ကိုယ်လွတ်လက်လွတ်ပင် ထွက်ပြေးကြ၏။ အရိပ်အယောင်ပင် မမြင်ရ၊ မတွေ့ရတော့ပေ။

ရဲဘော်အောင်ကြီးသည်လည်း ကာဘိုင်သေနတ်ကိုသာအရဆွဲပြီး သနေ... ဘက် ချောက်ထဲသို့ တအားခုန်ဆင်း၍ပြေးတော့၏။ ကျည်ဆံကား တတော... ပါ၍မလာခဲ့ချေ။ အားလုံးပင်ထွက်ကျ ကျန်ခဲ့သည်။

ဥက္ကဋ္ဌကြီး သခင် သန်းထွန်းနှင့် တော်လှန်သောဗဟိုအား အသ... ကာကွယ်မည်ဟု အဓိဋ္ဌာန် ပြုထားကြသော တော်လှန်သော တပ်... များနှင့် တပ်နီအမျိုးသမီးများမှာ မိမိတို့ ကိုင်ဆောင်ထားသော ေ...

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်၏ နား,မျက်စိဖြစ်ခဲ့သော ကြိုးမဲ့ကြေးနန်းစက်ကြီးထားရာတဲ

များကိုပင် အောက်သို့ပစ်ချထားခဲ့ကြ၏။ အသီးသီးပင် ကိုယ်လွတ်ရုန်းကာ ထွက်ပြေးကြလေတော့သည်။

အချို့သော တပ်နီအမျိုးသမီးများသည် ကြောက်အားလန့်အားနှင့် ထမီများပင် မဝတ်နိုင်တော့။ ထမီများကိုချွတ်၍ပင် ထွက်ပြေးကြလေသည်။

ဗဟိုကြိုးမဲ့ကြေးနန်းတပ်ဖွဲ့မှ ရဲဘော်များကလည်း "အသက်သာအသတ်ခံမယ်။ဒီစက်ကြီးတော့ အဆုံးမခံဘူး" ဟူသော အမိဋ္ဌာန်များနှင့် ထိန်းသိမ်းလာခဲ့သော ကြိုးမဲ့ကြေးနန်းစက်ကြီးကို ပစ်ထားပြီး ပြေးခဲ့ကြရလေသည်။

(မှတ်ချက်။ ။ယင်းကြိုးမဲ့ကြေးနန်းစက်ကြီးမှာ ၁၉၆၃-ခုနှစ်၊ စေ့စပ် ဆွေးနွေးပွဲကာလတွင် တရုပ်ပြည်ကွန်မြူနစ်ပါတီမှ ဗမာပြည်ကွန်မြူနစ်ပါတီအတွက် အထူးပေးပို့လိုက်ခြင်းဖြစ်ပါသည်။ သခင်ဘသိန်းတင်က ပီကင်းမြို့မှ ယူဆောင်ခဲ့ခြင်းဖြစ်ပါသည်။

တရုပ်ပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည် ကွန်မြူနစ်ပါတီသို့ လမ်းစဉ်၊ ပေါ်လစီများဆိုင်ရာကို ယင်းစက်ကြီးဖြင့်ပင် ပို့ပေးခဲ့ပါသည်၊ စာရေးသူ။)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်းမှာမူ တောင်ပြေးရမလို၊ မြောက်ပြေးရမလိုဖြစ်နေ၏။သခင်သန်းထွန်း၏ အနီးတွင် ရဲဘော်မျိုးတင့် (ပီကင်းပြန်) တဦးတည်း သာလျှင်ရှိနေ၏။ ရဲဘော်မျိုးတင့်သည်လည်းကြောင်၍နေ၏။နောက်မှသခင်သန်းထွန်း၏ကျောပိုးအိတ်ကိုကောက်၍လွယ်ပြီး သခင်သန်းထွန်း၏နောက်သို့ အတင်း လိုက်ပြေးလေသည်။

သခင်သန်းထွန်းသည် ဒလစပ်ပစ်ခတ်နေသော ကျည်ဆံများ အောက်မှပင်ကုန်းလိုက်၊ ဝပ်လိုက်ဖြင့် ပြေးထွက်နေလေသည်။

ထိုစဉ်တွင် တောင်ဘက်ကျောဆုံ၏ ထိပ်၌ရှိသော ရဲဘော်မြင့်နိုင်နှင့် ရဲဘော်ထွန်းအောင်တို့က စက်သေနတ်ကလေးဖြင့် ပစ်ခတ်၍ ခုခံကာကွယ်ပေးနေ၏။ ထို့ကြောင့်သာ သခင်သန်းထွန်းသည် ကျောကွေ့အတိုင်း အနောက်ဘက်သို့ကွေ့၍ ထွက်လိုက်နိုင်သည်။ ကျည်ကွယ်ကိုရသွားတော့သည်။

မောင်းပြန်သေနတ်သံများသည် စပါးရိုးမြောင်ဝှမ်းနှင့် မြရာပင်ကျောတန်းကြီးတလျှောက်တွင် ပဲ့တင်ထပ်လျက်သာနေလေတော့သည်။

သခင်သန်းထွန်းနှင့် ရဲဘော်မျိုးတင့်တို့သည် စခန်းနှင့်မလှမ်းမကမ်း ကျောကွယ်လေးတခုပေါ်တွင် ခေတ္တအမောဖြေ၍ နေကြသည်။

သခင်သန်းထွန်း၏မျက်နှာသည် ငယ်၍နေ၏။ ထိပ်လန့်နေ၏။ လှည့်ကြည့်လှည့်ကြည့်နှင့် နောက်မလုံဖြစ်နေသည်။

"ဟိုမှာ နောက်က လူသံတွေကြားတယ်"ဟု နောက်ကင်းမှ အဆင့်ဆင့်သတင်းပို့လိုက်သည်။

ရဲဘော်အားလုံးသည် လှုပ်လှုပ်ရှားရှားပင်ဖြစ်သွားကြ၏။ နေရာယူသူကယူ၍ ဝပ်သူကဝပ်နေကြသည်။

"ဟုတ်ပါတယ်။ ကိုယ့်လူပါ ဟောဟိုမှာ ရဲဘော်အောင်ဆင့်နဲ့ တူတယ်။ တုတ်ကြီးထောက်လို့ စောင့်ကြည့်စမ်းဟေ့။ ဒဏ်ရာရလာတယ်ထင်တယ်"ဟု ရဲဘော်အောင်ကြီးက တိုးတိုးပြောလိုက်သည်။

ရဲဘော်အောင်ဆင့်မှာ ပေါင်တွင် ကာဘိုင်ကျည်ဖောက်သွားပြီး ဒဏ်ရာရ၍ လာလေသည်။

နောက်ကျောမှ သေနတ်သံများသည်လည်း နီးကပ်၍ လာပြန်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့ကြောင့် ကျောစွယ်အတိုင်း အနောက်ဘက်သို့ ဆက်ထွက် ကြရပြန်သည်။ ရှေ့သို့ အနည်းငယ်လျှောက်မိလျှင်ပင်"ဖောင်း"ဟူသော သေနတ်သံတချက်ကို ရှေ့တည့်တည့်မှ ကြားလိုက်ရသည်။ တတပ်လုံးမှာ တုံ့ကနဲတန့်သွားကြသည်။ ရှေ့ဆုံးကရဲဘော်များက သူတို့အသိဖြင့်သူတို့ပင် ညာဘက် ချောက်ထဲသို့ ထိုး၍ ဆင်းလိုက်ကြတော့သည်။ နောက်ကအားလုံးကလည်း ရှေ့က ရဲဘော်များ ထိုးဆင်းသည့် ချောက်ထဲသို့ လိုက်၍ဆင်းသွားကြတော့သည်။ သေနတ်သံကား ဆက်၍ ထွက်ပေါ်မလာ၊ ထို့ကြောင့် အခြေအနေကို အနည်းငယ်အကဲခတ်ပြီး တဖက်ကျောပေါ်သို့ ကုတ်တက်ကြပြန်သည်။ ယင်းကျောမှာ ပြောင့်ဖြူးသည်၊ ကျောသာလှသည်၊ ထို့ကြောင့် ထိုကျောအတိုင်းပင် တဖြေးဖြေး ဆက်၍ လျှောက်ခဲ့ကြသည်။ ကျော၏ညာဘက်အောက်မှ ရေသံ ကြားရသည်။ ယင်းရေသံကား ညောင်ချောင်းနှင့် စပါးရိုးချောင်းဆုံသောအဝက ရေသံဖြစ်သည်။

ထိုချောင်းဆုံသို့ ရှေ့ကင်းတင်ပြီး ခြေရာဖျောက်၍ ဆင်းလိုက်ကြသည်။ ချောင်းအတွင်းအထက်အောက်ကို ကင်းပုံးဝပ်ပြီး မြောက်ဖက်ကုန်းပေါ်သို့ ဖြတ်၍တက်လိုက်ကြပြန်သည်။

ကျောအတိုင်းအနည်းငယ်လျှောက်မိကြလျှင် တည်ဆောက်ရေးတပ်ဖွဲ့အား လက်နက်ဖြုတ်သည့် စခန်းဟောင်းနေရာသို့ ရောက်တော့သည်။

သေနတ်သံများနှင့်မူ အတန်ငယ်လှမ်း၍ လာခဲ့ပြီဖြစ်၏။ ကွဲနေသည့်ရဲဘော်များကိုလည်း စုနိုင်သမျှ စုစည်းရန် လိုနေ၏။ ထို့ကြောင့်ခေတ္တ နားလိုက်ကြသည်။

"နောက်ကလူသံကြား တယ်"ဟူ၍နောက်ကင်းက သတင်းပို့လာပြန်သည်။

"မိန်းမသံလဲပါတယ်။ မကြည်မြင့်အသံနဲ့တူတယ်။ ဟုတ်ပါတယ်။ အခု စကားပြောလာတဲ့ အသံဟာ မကြည်မြင့်အသံပါ"။

မှန်ပါသည်။ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးစခန်းမှ ရဲဘော် မကြည်မြင့်တို့ရောက်လာကြသည်။

ရဲဘော်မကြည်မြင့်ကို ဥက္ကဋ္ဌသခင်သန်းထွန်းက တိုးတိုးပင်လှမ်း၍ ခေါ်လိုက်သည်။

ရဲဘော်မကြည်မြင့်က ဥက္ကဋ္ဌသခင်သန်းထွန်း အနားသို့ သွားပြီး စိတ်ပျက်လက်ပျက် ခြေပြစ်လက်ပြစ် ထိုင်ချလိုက်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ကျမတို့က စခန်းအနောက်ဘက်ကို ဆုတ်လာကြတယ်။ ပုဂံတွေ အိုးတွေ ရိက္ခာတွေအားလုံး သယ်နိုင်တယ်။

စခန်းမှာ ဘာမှမကျန်ခဲ့ဘူး။

ဒါပေမဲ့ အနောက်ဘက်ကျောဆုံနားကိုရောက်တော့ ရန်သူက ပစ်တော့တာပါပဲ။

ပစ်-ပစ်ခြင်းပဲ ဦးဝင်းအောင်ကြီးတော့ လဲကျသွားတာပဲ။ ရဲဘော်ကိုချစ်တော့အဲဒီမှာ သေနတ်မှန်ပြီးကျန်ခဲ့တယ်။ ကျန်ရဲဘော်ရဲဘော်မတွေအားလုံးကတော့ မြောက်ဖက်ချောက်ထဲ ထိုးဆင်းလိုက်ကြရတယ်။

ရန်သူကလဲနောက်က ထပ်ချပ်မကွာ လိုက်ပစ်နေတော့ ချောက်ထဲမှာပဲ ဝပ်နေလို့ကလဲမရဘူး။ ဒါနဲ့ မြောက်ဖက်ကျောပေါ်ကိုအတင်းလှမ်းပြီးတက်ရတာပဲ။

ကျမတို့နောက်က မမညွန့်၊ စိုးစိုး၊ မသန်းစိန်တို့လဲ ကျောပေါ်ကုပ်တက်နေကြတာပဲ။

ရန်သူကလဲတဖက်ကျောပေါ်ကနေ တဝေါဝေါ ပစ်နေတယ်။

ကျမလှည့်ကြည့်လို့မြင်ခဲ့တာကတော့ မမညွန့်၊ စိုးစိုးနဲ့ မသန်းစိန်တို့တော့ ဝပ်ကျန်ခဲ့တာပဲ။ ဒဏ်ရာရနေခဲ့ကြပြီလို့ထင်တယ်။

နောက်ကလဲ ဒလစပ်ပစ်နေတော့ ကျမတို့လဲ ကိုယ့်ကိုယ်ကိုအလွတ်ရုန်းဘက်ခဲ့ရတယ်။

ရေတော်လိုက်ထာ ရှိရင်တင့်လောက် ပေးကြစမ်းပါအုံး"ဟူ၍ ပြောရင်း ရေဗူးတဗူးကို အတင်းဆွဲယူကာ အငန်းမရသောက်နေလေတော့သည်။

(မှတ်ချက်။ ။၁၉၆၈-ခုနှစ်အတွင်းတွင် ဗမာပြည် ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် ဒုတိယအကြိမ် အလစ်ဝင်ရောက် တိုက်ခိုက်ခြင်းကို ခံရခြင်းဖြစ်သည်။၎င်းဒုတိယအကြိမ် အတိုက်ခံရခြင်းသည် ဗမာပြည် ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင် တိုက်ပွဲအနှစ်(၂၀)အတွင်း၌ အကြီးမားဆုံးသော ဆုံးရှုံးမှုနှင့် အပြင်းထန်ဆုံးသော ထိုးနှက်ချက်ပင် ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤစစ်ဆင်ရေးမှာ **"တေဇစစ်ဆင်ရေး"** ဖြစ်ပါသည်။ အမှတ်(၇၇) ခြေမြန်တပ်မ ဌာနချုပ်မှ တိုက်ရိုက် ဦးစီး၍ အမှတ်(၁၀၅)တပ်ရင်းမှ တိုက်ရိုက်ဝင်ရောက် တိုက်ခိုက်ခြင်း ဖြစ်ပါသည်။ **စာရေးသူ။**)

ထို့နောက်တွင် သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ရဲဘော်၊ ရဲဘော်မများကို ရေတွက်၍ လူစစ်နေကြသည်။

ထိုအချိန်တွင် တိုက်ပွဲအတွင်း၌ ရဲဘော်၊ ရဲဘော်မ (၁၈)ဦးမှာ ကွဲ၍ သွားခဲ့လေသည်။

ရဲဘော်၊ရဲဘော်မ(၁၃)ဦးမှာ ကျဆုံး၍သွားကြလေသည်။

(၁)	ဗိုလ်စိန်လွင်	(မြစ်ဖျားဒေသတိုင်း)
(၂)	ရဲဘော်ထွန်းရှိန်	(မြစ်ဖျားဒေသတိုင်း)
(၃)	ရဲဘော်ဝင်းအောင်	(ပဲခူးခရိုင်)
(၄)	ရဲဘော်ခင်မောင်	(သရက်ခရိုင်)
(၅)	ရဲဘော်ဘိုဆိုင်	(ရေတာရှည်မြို့နယ်)
(၆)	ရဲဘော်လှမြင့်	(မွန်အမျိုးသား)
(၇)	ရဲဘော်ချစ်(ခ)ရဲဘော်ညွန့်ထွေး	(သာယာဝတီခရိုင်)
(၈)	ရဲဘော်သန်းဖေ	(သရက်ခရိုင်)
(၉)	ရဲဘော်ဘမြင့်	(ပြည်ခရိုင်)
(၁၀)	ရဲဘော်သန်းလွင်	(သာယာဝတီခရိုင်)
(၁၁)	ရဲဘော်မညွန့်ညွန့်	(မြစ်ဝကျွန်းပေါ်တိုင်း)
(၁၂)	ရဲဘော်မစိုးစိုး	(မြစ်ဝကျွန်းပေါ်တိုင်း)
(၁၃)	ရဲဘော်မသန်းစိန်	(မြစ်ဝကျွန်းပေါ်တိုင်း)

....တို့ဖြစ်ကြသည်။

ထို့ပြင် လက်နက်ပစ္စည်း ဆုံးရှုံးမှုမှာလည်း အလွန်ပင်များပြားလေသည်။

(က) လက်နက်မျိုးစုံ (၂၂)လက်။

(ခ) တရုပ်ပြည်နှင့် ဆက်သွယ်သည့် ကြိုးမဲ့ကြေးနန်းစက်နှင့် လက်လှည့်အားသွင်းစက်တလုံး။

(ဂ) ရေဒီယိုမျိုးစုံ(၁၄)လုံး။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရွှေငွေများနှင့် ဗဟို၏ အလွန်အရေးကြီးသော စာရွက်စာတမ်းများပါ ဆုံးရှုံးလေသည်၊ .

ဤသို့မကြုံစဘူး များပြားလှသော အကျအဆုံး အထိအခိုက် များကြောင့် ရဲဘော်၊ရဲဘော်မများသည် ငိုင်လျက်၊ မှိုင်လျက်နေကြသည်။

ထမင်းလည်းမစားရ။ ငတ်၍နေကြပြီဖြစ်၏။ ထို့ကြောင့် ခွေတိခွေယိုင်ဖြစ်နေကြသည်။ သခင်သန်းထွန်းသည်လည်း ခပ်ငိုင်ငိုင်၊ ခပ်ယိုင်ယိုင်ဖြစ်နေသည်။ လှုပ်လီလှုပ်လဲ့ဖြင့် ရွှေ့ရှားနေလေသည်။

မောင်းပြန် သေနတ်သံ များကား ဒက်၊ဒက်၊ဒက်၊ဒိုင်း၊ဒိုင်း၊ဒိုင်း တဝေါဝေါဖြင့် မြည်ဟီး၍ လာပြန်လေသည်။

ပို၍ပို၍ပင် နီးလျက်ကပ်လျက် နေလေသည်။

သခင်သန်းထွန်းသည် ဂဏာမငြိမ် ဖြစ်နေ၏။ မျက်လုံးအစုံမှာလည်းဝိုင်း၍နေတော့သည်။

နောက်ဆုံးတွင် သခင်သန်းထွန်းသည် ရှိသမျှအားအင်ကို အစွမ်းကုန် ညှစ်သုတ်လိုက်၏။ ထို့နောက်ဖနောင့်နှင့်တင်ပါး တသားတည်း ဖြစ်စေလျက် အနောက်ဘက်စင်းချောင်းဆီသို့ ဦးတည်၍ ဆက်လက် ဆုတ်ခွာခဲ့လေသည်။

× × ×

၃။ စပါးရိုးစခန်းမှ ကျောက်ချောင်းစခန်းသို့

တပ်မ(၇၇)မှ စစ်ကြောင်းများသည် ဗဟိုစခန်းကို အဖက်ဖက်မှဝိုင်းပတ်ပိတ်ဆို့ရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော် စစ်ကြောင်းတိုင်းသည် အကြောင်းအမျိုးမျိုးကြောင့်သတ်မှတ်ရာသို့သတ်မှတ်သည့်အချိန်အတိုင်း ချိန်ကိုက်မရောက်နိုင်ကြ။

စပါးရိုးချောင်း အောက်ပိုင်းတွင် ယာကွက်တခုရှိနေသည်။

ဗဟိုစခန်းတွင်းမှ ရဲဘော်များကလည်း ကံအား လျော်စွာ ယင်းယာကွက်ဖက်သို့ပင် ဆုတ်မိသွားဖြစ်နေကြသည်။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၁၉၆၈-ခု စက်တင်ဘာလ(၁၉)ရက် နံနက် (၁၀)နာရီခွဲခန့်အချိန်တွင် ဖြစ်သည်။

စင်းချောင်းနှင့် စပါးရိုးချောင်းအကြား ကျောပေါ်သို့ ရောက်လျှင်ပင် သခင်သန်းထွန်းနှင့် စုစည်းမိသမျှ ရဲဘော်များသည် ခေတ္တထိုင်၍ နားလိုက်ကြသည်။

သခင်သန်းထွန်းသည် စစ်သတင်း ထူးတိုင်း စစ်ယူနီဖောင်းကို ဝတ်လေ့ ရှိသည်။ ဆုတ်ခွာလျှင် အရပ်ဝတ်ကို ဝတ်လေ့မရှိ။

ပန်းခေ့ဝိုင်းပတ်ထားသော ကြယ်နီကြေးတံဆိပ်တပ်ဆင်ထားသည့် ကာကီရောင်ဦးထုပ်ကိုဆောင်းလေ့ရှိသည်။ ဦးထုပ်မှာသခင်သန်းထွန်း၏ မျက်နှာ ပုံပန်းနှင့်လိုက်လျောညီစွာပင်ဖြစ်သည်။အုံလည်းကြီးသည်။ဗျက်လည်းကျယ်သည်။ စစ်အင်္ကျီ၊ စစ်ဘောင်းဘီကို ဝတ်ဆင်ပြီး၊ ဘောင်းဘီအနားကို (ပွမနေ စေရန်) ကြိုးဖြင့် စုစည်းချည်နှောင်လိုက်သည်။ ပြီးလျှင် စစ်စလွယ်(ဆင်းမရောင်း)ကို တပ်ဆင်လိုက်သည်။ ဆင်းမရောင်းတွင်ဂေါ်ရခါးဓားကောက်၊ တောင်မြောက် ထည့်သည့်အိတ်၊ ဘေးလွယ်အိတ် စသည်တို့ကို တပ်ဆင်ထားသည်။ အလေးချိန်အားဖြင့် ၅ ပိဿာထက်မနည်း ရှိလေသည်။

ယခုမူ စစ်ယူနီဖောင်းကိုလည်း မဝတ်နိုင်။ စစ်ဦးထုပ်ကိုလည်း ဆွဲယူလာချိန်ပင် မရလိုက်တော့။ ဖျင်ကြမ်းအင်္ကျီလက်ရှည်နှင့်ချည်ကြမ်းလုံချည်ကို ဒူးထိတိုတိုဝတ်လျက် ဆင်းမရောင်းကို အလုအယက်ယူငင်၍သာ ဆုတ်ခွာ ခဲ့ရသည်။ ခါးပတ်တွင်တပ်ထားသောကြိုးက တိုက်ပွဲဖြစ်ခါမှ ပြုတ်သွားသဖြင့် ဘေးအိတ်ကိုလည်း လက်က ဆွဲရသေးသည်။ ဂေါ်ရခါး ဓားကောက် ကမူ ကိုး ယို့ ကားယားဖြင့် ခါးပတ်တွင်ပင် တွဲလဲပါလာခဲ့သည်။

၁၉၆၈-ခု၊ ဧပြီလ (၁၆)ရက်တွင် အတိုက်ခံရပြီး ငါးလခန့် အကြာတွင် ယခုတဖန် ထပ်မံ၍အတိုက်ခံရပြန်သည်။ အကျအဆုံးကလည်း မသေးငယ်လှ၊ ဆုတ်ပြီးရင်းလည်းဆုတ်နေရသဖြင့်သခင်သန်းထွန်းသည်စိတ်ထိခိုက်နေပုံရသည်။ မျက်နှာမှာ မရွှင်လန်းလှ။ ညှိုးနွမ်းလျက်သာနေသည်။ အလွန်ကြီးလှ ကျယ်လှသောမျက်နှာမှာ သေးငယ်နေပုံရသည်။ မျက်လုံးအစုံသည် ယခင်ကလို ပြောင်လက် အရောင်ထွက်နေပုံမရ။ ဖျော့တော့နေသည်။လှုပ်ရှားပုံမှာလည်း ယခင်ကကဲ့သို့ သွက်သွက်လက်လက်မရှိ။ အေးစက်စက်၊ လေးကန်ကန်ပင် ဖြစ်နေသည်။

သခင်သန်းထွန်းမှာ မြေကြီးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ရင်း မြေကြီးကို ဘုတ်ဖြင့် တောင်ခြစ် မြောက်ခြစ်-ခြစ်နေ၏။ အကြံထုတ်နေပုံရသည်။

အမှတ်(၇၇)ခြေမြန်တပ်မနှင့်အမှတ်(၈၈)ခြေမြန်တပ်မမှဦးစီးသော
တောရစစ်ဆင်ရေး။



facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သေနတ်သံများသည် တဖြေးဖြေးနီးကပ်လာသည်။ အချို့ကျည်ဆံများမှာ ရှီကနဲရှီကနဲ ခေါင်းပေါ် ခပ်မြင့်မြင့်ကပင် ဖြတ်သန်း၍သွားနေသည်။

"ကဲ· လူစုံပြီလား။ မစုံသေးရင် ရောက်သလောက်နဲ့ပဲ ဆက်ထွက်တော့။ မစုံသေးတဲ့ ရဲဘော်တွေကို ဒီကတဖွဲ့စောင့်ပြီး အမှတ်(၄) တိုက်နယ်ကိုအရောက်စုပြီးခေါ်ခဲ့"ဟု သခင်သန်းထွန်းက အမိန့်ပေးလိုက်သည်။

ရဲဘော်အားလုံးမှာ ရေလည်းမသောက်ကြရ။ နံနက်စာမှာလည်း ဝေလာဝေး။ လေးလေးကန်ကန်ဖြင့်ပင် မလှုပ်တလှုပ်ခရီးဆက်ကြရပြန်သည်။

ကံဆိုးမသွားရာ မိုးဖိလို့ရွာလေသလားမသိ။ မိုးသည် ညို၍လာပြန်၏။ ပဲနှုံးရိုးမတောသည် ပို၍အုံ့ဆိုင်းလာသည်။ အေး၍အေး၍လာရာမှ စိမ့်၍စိမ့်၍လာသည်။ ညို့ညို့ ဆိုင်းရာမှ တဖွဲဖွဲကျလာတော့သည်။ ဖွဲရာမှ သဲလာပြန်ရာ တောသံဖြင့် တဝေါဝေါပင် ဆူညံ၍နေလေသည်။

ရဲဘော် အားလုံးတွင် မိုးကာဟူ၍ နတ္ထိ။ အဝတ် အထည် ကလည်း လဲစရာဟူ၍ အပိုမရှိကြ။ လမ်းဘေးရှိ ကျွန်းဖက် များကိုသာ အလုအယက်ခူးကြရ၏။ ငှက်ပျောရွက်ကြီးများကို ကိုက်ဖြတ်၍သာ ဆောင်းကြရ၏။

လက်နက်ကိုင် ရဲဘော် အချို့ ရှေ့ဆုံးက ချီတက်ကြရသည်။ ယင်းနောက်ပေါင်တွင် သေနတ်ဒဏ်ရာရခဲ့သော ဗိုလ်အောင်ဆင့်က တုတ်ဖြင့် ထောက်ကာထောက်ကာ တဖြေးဖြေး လျှောက်လိုက်ရသည်။ ခြေဖနှောင့်ကြောတွင်သေနတ်ဒဏ်ရာရလာသော မဒွေးကြည်ကလေးကိုမူ စောင်ဖြင့် ပုခက်လုပ်ပြီး လူလဲဖြင့်ထမ်းလျက် ဆက်လက် လိုက်ကြရသည်။ထို့နောက်မှ သခင်သန်းထွန်းက လေးကန်သော ခြေလှမ်းများဖြင့်လှမ်းလျက်လိုက်ခဲ့သည်။ ကျန်ရဲဘော်များကနောက်မှ စီတန်းလျက် တောင်ကျော လမ်းကလေးအတိုင်း အနောက်စူးစူးသို့ တလှမ်းခြင်း ချီတက်ကြလေသည်။

စခန်းဖက်မှ သေနတ်သံ များကား တချက်ခြင်း ထွက်နေ၏။ တခါတရံ တိုက်ပွဲဖြစ်ဟန်ဖြင့် သေနတ်သံအစုလိုက်ပင် ထွက်လာ၏။ တဒက်ဒက်မှတဝေါဝေါမြည်ဟီးလာ၏။ တောတခုလုံးပဲ့တင်ထပ်မျှဖြစ်၏။ သေနတ်သံများကားနီးသထက်နီးလာသရောင်ပင်ထင်ရ၏။

လေးကန် လှသော ခြေလှမ်းများသည် သွက်လာ၏။ စိုးရိမ် ပူပန်သောမျက်နှာများသည် လူတိုင်းတွင် ပေါ်လွင်နေသည်။

မိုးကား မစဲ၊ သဲသဲမဲမဲပင် ဆက်လျက် ရွာသွန်းလာသဖြင့်တဖက်တွင် စွတ်စိုကုန်ကြပြီး မကောင်းချေ။ အခြားတဖက်တွင်မူ အလွန်ကောင်းသဖြင့် ဝမ်းမင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သာရပေသည်။ လူတရာခန့်မျှ စိတ်နှလုံးလမ်းလျှောက်သော ခြေရာများကို သည်းထန်သော မိုးရေကသာလျှင် တိုက်စားဖျက်ပစ်နိုင်၏။ သို့မှသာ ခြေရာ ပျောက်မည်ဖြစ်သည်။

အချိန်ကား နှောင်း၍ လာပြီ။ မှောင်ရိပ်များပင် သန်းလာချေပြီ။ ပင်ဇင်းရင်ကွဲများပင် နားကွဲမတတ်စူးစူးရှရှအော်ဟစ်နေ၏။ မမျှော်လင့်ပဲ ခွေးဟောင်သံကို ကပ်၍ကြားလိုက်ရ၏။ ယင်းခွေးဟောင်သံကား အမှတ်(၄) တိုက်နယ်မှပင်ဖြစ်၏။

အမှတ်(၄)တိုက်နယ်တွင် ရဲဘော်ထွန်းချစ်၊ ရဲဘော်ဒေါင်း (ကရင်အမျိုးသား)၊ မချစ် (ရဲဘော်ထွန်းချစ်၏ ဇနီး)၊ မမြသောင်း (ရဲဘော်စံတင်၏ ဇနီးနှင့် ကလေးငယ်တဦး)အပြင်-မျက်စေ့စုံကွယ်နေသော မြို့နယ်ကော်မီတီရဲဘော်စံကြည်တို့သာလျှင်ရှိ၏။

စခန်းတွင် ၃-ပင်ပတ်လည် တဲကလေး ၄ လုံး သာလျှင် ရှိ၏။ မိုးကလည်း မစဲ၊သဲသဲမဲမဲသာရွာသွန်းလျက် နေ၏။ ရဲဘော်များကား တဲများ အတွင်း သို့ အထက်အောက်မကျန် ဝင်ရောက်ခိုလှုံကြရ၏။

နံနက်စာကား ယခုတိုင် မစားကြရသေး။ မိုးလုံသွားသဖြင့် တပူအေးရသော်လည်း ဝမ်းဗိုက်က ဗလောင်ဆူလာပြန်၏။ တိုက်နယ်တွင် ရှိသမျှဆန် (၃)တင်းခန့်ကိုအပိုင်စီးလိုက်ပြီးတဦးလျှင်(၃)မတ်နှုန်းဖြင့်အပူတပြင်း ထမင်းချက်ကာအသုတ်လိုက် ကျွေးရတော့သည်။ ဟင်းကား တခြားမရှိ "အိသာ" ပင်ဖြစ်၏။

(မှတ်ချက်။ ။ကရင်စကားဖြင့်"ဆား"ကို"အိသာ"ဟူ၍ ခေါ်ဝေါ်သည်။
စာရေးသူ။)

ညဉ့်ကား နက်လာပြီ ဖြစ်သော်လည်း ထမင်းချက်ကျွေး၍ကား မပြီးသေး။

နံနက်ပိုင်းတိုက်ပွဲဖြစ်စဉ်က ဆန်ထမ်းထွက်ခွာသွားနေသဖြင့် ကွဲနေကြသော ရဲဘော် ၅၀ ခန့်သည် အကျိုးမပေါ်၊ တောင်းဘီတို ကိုယ်စီဝတ်လျက်မမျှော်လင့်ပဲ မိုးရေစိုရွှဲဖြင့်ရောက်ရှိလာကြပြန်သည်။ အများစုသည် မြစ်ဝကျွန်းပေါ် တည်ဆောက်ရေးမှ ရဲဘော်များသာဖြစ်ကြ၏။ မြစ်ဝကျွန်းပေါ်ရဲဘော်များအတွင်း ပြဿနာတခု ပွစိပွစိဖြင့် ဖြစ်လာ၏။

"ဒို့သေနတ်တွေ သိမ်းထားပြီး ရန်သူနဲ့ တကယ် ရင်ဆိုင် ရတော့ အားလုံးပစ်ထားခဲ့လို့ ဆုံးကုန်ပြီ။ လက်နက်လဲရှိ တိုက်အားလဲ ရှိရက်နဲ့ ဒီလိုသာ လက်နက်ဖြုတ်ထားရင် လက်နက်လဲ ထပ်ဆုံးပြီး၊ လူတွေလဲ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထပ်သေကြဦးမှာပဲ။ ဒါကြောင့် လက်နက် ပြန်တပ်ဆင်ပေးဖို့ပြောရမယ်"။

သခင်သန်းထွန်းသည် တဲငယ်တခုပေါ်တွင် လဲလျောင်းနေသည်။ ဘေးတွင် သခင်ချစ်နှင့် သခင်ပု၊ ရဲဘော်အောင်ကြီးတို့လည်းရှိကြသည်။သခင်သန်းထွန်းတွင်ဆေးတန်ပါမလာတော့။ထို့ကြောင့်ဘေးအိတ်တွင်းမှပလပ်စတစ်အိတ်ငယ်ကိုထုတ်၍ အတွင်းကစက္ကူရွက်ငယ်တခုကိုယူပြီးဓါးလိုးဆေးအချို့ဖြင့်ပွတ်ချွန်းလိပ်နေလေသည်။ ပွတ်ချွန်းကို ကျစ်ကျစ်ပါအောင် လက်ဖဝါး (၂) ဖက်ဖြင့် ပွတ်ရင်း တခုခုကို အလေးအနက် စဉ်းစားနေပုံရသည်။ သခင်ချစ်၊ သခင်ပု ရဲဘော်အောင်ကြီးတို့နှင့်လည်း တီးတိုးခေါင်းချင်းရိုက်နေသည်။ ပြီးလျှင် မြစ်ဝကျွန်းပေါ်မှ ရဲဘော်ဘုန်းမြင့်၊ရဲဘော်ကြိုင်၊ ရဲဘော်မြကြီး စသောရဲဘော်တော်တော်များများကိုလည်း စုဝေးခေါ်ယူလိုက်သည်။

"ရဲဘော်တို့ဆီက လက်နက်ဖြုတ်စဉ်ထဲက ကျွန်တော်တို့ ပြောခဲ့တယ်။ လက်နက်ဖြုတ်ထားဟာယာယီပဲ၊ တချိန်မှာ ဒီလက်နက်တွေကို ရဲဘော်တွေကို ပြန်တပ်ဆင်ပေးဖို့ သဘောထားရှိပါတယ်။

အခုလဲ ရဲဘော်တို့ထဲကတိုက်အားကောင်းမဲ့ လှုပ်ရှားမှုကောင်းတဲ့ ရဲဘော်တစိတ်လောက်ကို ဒီညမှာပဲ လက်နက်ပြန်တပ်ဆင်ပေးမယ်။

အခုခဏကြာရင် ကော်မီတီက လက်နက်တစိတ်စာ ပြန်တပ်ဆင်ပေးဖို့ စီစဉ်ပါလိမ့်မယ်"။

...ဟူ၍ သခင်သန်းထွန်းက ဖွင့်ဟပြောကြားလိုက်သည်။

မြစ်ဝကျွန်းပေါ် ရဲဘော်များကား ပြုံးရွှင်လာကြသည်။ လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ မကြာမတင်မှာပင် မြစ်ဝကျွန်းပေါ်မှ ဦးကြိုင်၊ ရဲဘော်မြကြီး စသော တပ်စိတ်တစိတ်မှာ လက်နက်များ ပြန်လည်တပ်ဆင်ပြီးသား ဖြစ်သွားလေသည်။

ညဥ့်ကား နက်သထက် နက်လာပြီ၊ မိုးကလည်းမစဲ တဖွဲဖွဲပင်။ ဝမ်းဝ၍ သွားကြပြီ ဖြစ်သော်လည်း မည်သူမျှ အိပ်စက်၍ မရကြ။ ဖြုတ်ကောင်ကလေးများကား ဆုပ်၍ပက်သည့်ပမာ ပူထူနေအောင် ကိုက်နေ၏။ ဦးခေါင်းနှင့် ခြေသလုံးသားတို့မှာ ဖြုတ်ဒဏ်ကြောင့် ပူနေ၏။ အပိန့်ကြီးများ ထလာကာ ယားယံ၍ပင်လာ၏။ ရှိသမျှ အဝတ်စုပ်များဖြင့် ဖြုတ်ကို ခါထုတ်ကြ၊ ရိုက်ကြရ၏။ တဲရှိသမျှအောက်မှ မီးများထည့်ကာ မီးခိုးကို ထွက်နိုင်သမျှ ထွက်အောင် သာ ထည့်ကြရ၏။ ဝါးစိမ်းမီးခိုးသာလျှင် ဖြုတ်ကိုနိုင်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မည်သူမျှ တရေးပင် မရလိုက်ကြ။ ဖြုတ်ကိုရိုက်ရင်း မီးခိုးတိုက်ရင်းနှင့်ပင်၊ အရုဏ်သည်တက်၍လာပြီဖြစ်၏။ ''တက်ဟော့-တက်ဟော့''ဟု အော်မြည်သော အသံများသည်လည်း စူးစူးရှရှပေါ်ထွက်လာ၏။ယင်းအသံကားတခြားမဟုတ် ချေ။ တောငှက်တမျိုးဖြစ်သော ငှက်ဖြင်း၏ အော်သံပင် ဖြစ်၏။ ယင်းငှက် သည် ညဥ့်သန်းခေါင်ယံ လင်းအားကြီးတွင် ''တက်ဟော့-တက်ဟော့''ဟု အော် လေ့ရှိ၏။

လင်းအရုဏ်ကျင်းလာလျှင်ပင် တပ်မှူးလုပ်သူက ''အားလုံးအသင့်ပြင်''ဟု အမိန့်ပေးလိုက်တော့သည်။

မည်သူ့တွင်မှ အသင့်ပြင်စရာပစ္စည်းအပိုမရှိကြ။ကျောပိုးအိပ်လည်းမရှိကြ။ လဲလျောင်းရာမှ ငုတ်တုတ်ထိုင်လိုက်ကြ၏။လုံချည်၊ ထမီအောက်စအသီးသီးဖြင့် သာ မျက်လုံးအစုံကို သုတ်သင်လိုက်ကြ၏။ လူနာထမ်းရသူများကလည်း ထမ်း စင်များကို အသင့်ပြင်ကြဆင်ကြ၏။

အသင့်သာ ပြင်လိုက်သော်လည်း မည်သည့်အရပ်သို့ ထွက်ခွာရမည်ကိုမသိ။ နိုင်ငံခြားဖြင့် ဆက်သွယ်သော ကြိုးမဲ့ကြေးနန်း စက်ကြီးသည်လည်း ပါမလာ တော့။ ကြားဖြတ်သတင်းဖမ်းယူသော စက်ကလေးများလည်း အစုံအလင်မရှိ တော့။ အားလုံးပင် ဆုံးရှုံးကုန်ပြီဖြစ်၏။ ထို့ကြောင့် ကြားဖြတ်သတင်းလည်း မရနိုင်။တဖက်ရန်သူ၏ လှုပ်ရှားမှုကိုလည်း ယခင်ကကဲ့သို့စက်ဖြင့်ဖမ်းပြီးမခန့်မှန်း နိုင်။ မတွက်ဆနိုင်ဖြစ်တော့သည်။

ဥက္ကဋ္ဌကြီး သခင်သန်းထွန်းအဖို့ မျက်ကန်းပမာ အမှောင်ကျ၍ နေချေပြီ။ မည်သည့်နေရာတွင် တဖက်ရန်သူရှိမရှိမသိနိုင်သဖြင့်၊ မည်သည့်အရပ်သို့ ထွက်ခွာ ရမည်ကိုလည်းမပြောနိုင်ဖြစ်နေ၏။ မျက်နှာမှာ မကြည်မလင်ရှုပ်ထွေးနေပုံရနေ ၏။ပွတ်ချွန်းကိုသာမီးညှိလျက်တဖွာပြီးတဖွာဖွာလျက်ဖွာလျက်မှုတ်ထုတ်နေ၏။

''ရဲဘော်ကြီး- ဒီစခန်းဘေးနား မလှမ်းမကမ်းမှာ တရက်နှစ်ရက်လောက် ဝပ်နေလို့ ရမဲ့ ချောင်ကျတဲ့ နေရာမရှိဘူးလား''ဟု သခင်သန်းထွန်းက ရဲဘော် ထွန်းချစ် (တိုက်နယ်ကော်မီတီ)ကို မေးလိုက်သည်။

''ကျောလမ်းဘေး-ကျောစွယ် ကလေး မျိုးမှာ ဝပ်ခြင်ရင်တော့ ဟိုဖက် ကျောစွယ်ကလေးက ထောင့်ပေါ်တယ်။ ခဏတော့ ခိုလှုံဝပ်လို့ ရနိုင်ပါတယ်''ဟု ရဲဘော်ထွန်းချစ်က အဖြေပေးလိုက်မှသာ သခင်သန်းထွန်း၏ မကြည်မလင်ဖြစ် နေသော မျက်နှာမှာ ပြုံးရောင်သန်း၍လာတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ကဲ ...ရဲဘော်ထွန်းချစ်ကပဲ အဲ့ဒီနေရာကို ရှေ့က လမ်းပြပေတော့" ဟု သခင်သန်းထွန်းက အမိန့်ပေးလိုက်သည်နှင့်အတူ ရဲဘော်အားလုံးမှာ တရွေ့ရွေ့ လှုပ်ရှားလျက် တလှမ်းချင်း ချီတက်ကြလေသည်။

ကျောလမ်းအတိုင်း အနည်းငယ်လျှောက်ပြီး ကျောဆုယ်ကလေးသို့ ဖဲ့ဆင်း မိလျှင်ပင်၊ ရဲဘော်အားလုံးကို အနားယူစေပြီး ယာယီ စခန်းချ၍ ဝပ်လိုက်ကြ တော့၏။

ရဲဘော်အများတကာ့ အများစုကြီးကား၊ ဗန္ဒုကမ္ဗလာမြေကော်ဇောပေါ် တွင်သာ ထိုင်လိုက်ကြရ၏။ ဖက်များ၊ မြက်များကိုခင်းလျက် ခါးဝတ်ပုဆိုးကို သာ မလုံ့တလုံခြုံ၍ ကျစ်ကျစ်ပါအောင်ကွေးပြီး မှေးစက်ကြရတော့သည်။

စက်တင်ဘာလ(၂၀)နေ့တွင်လည်း မည်သည့်အရပ်သို့ ခရီးဆက်ရမည်ကို မသိသေး။ မည်သို့မျှ ဝေခွဲ၍မရလည်းဖြစ်နေ၏။ထို့ကြောင့်၊ ထိုနေ့တွင်လည်း ယင်းနေရာ၌ပင်ရှိသမျှဆန်ကိုသာ ပုံစံစားစေပြီးတညဥ့်အိပ်စက်လိုက်ကြရသည်။

တမိုးသောက်ခဲ့ပြန်ပြီဖြစ်၏။ မည်သည့်အရပ်သို့ ခရီးဆက်ရမည်ကိုမဆုံးဖြတ် နိုင်သေး။ ဥက္ကဋ္ဌကြီးသခင်သန်းထွန်းသည် ပွတ်ချွန်းကိုသာတွင်တွင်ဖွာလျက်နေ ၏။ မျက်မှောင်ကိုကုပ်လျက် တခုခုကိုအာရုံစူးစိုက် စဉ်းစားနေပုံရ၏။ ခါး ပတ်က တောင်မြောက်ကလေးကိုလည်း ထုတ်၍ကြည့်လိုက်၏။ သို့သော် စိတ် တိုင်းကျပုံမရသေး။ ဟိုဟိုဒီဒီကြည့်ပြီး ရဲဘော်မြတ်ရှိရာဖက်သို့လှည့်၍ "ကိုမြ ရေ- ခင်ဗျားမှာ မြေပုံများ ပါလာသေးသလား။ ကျွန်တော့မြေပုံတော့ ဒီတချီ အကုန်လုံး ဆုံးခဲ့ပြီ"ဟု ပြောလိုက်၏။ ရဲဘော်မြကလည်း "ကျွန်တော်လဲ အနှစ် ၂၀-စုခဲ့တဲ့ မြေပုံတွေ ဒီတချီမှကုန်တာပဲ။ တချပ်မှပါမလာတော့ဘူးဗျ"ဟု ပြန် ပြောလိုက်၏။

တောင်မြောက် (ကွန်ပါ့စ်) ကြားဖြတ်သတင်းနှင့် မြေပုံကိုသာ လက်ကိုင် ပြုလျက်ထိုးစစ်များကို တလျှောက်လုံး တိမ်းရှောင်ခဲ့သော သခင်သန်းထွန်းမှာ ယခုအခါတွင်ကြားဖြတ်သတင်းကလည်းမရ၊ မြေပုံကလည်း မရှိသဖြင့် အခက် ကြုံနေ၏။

ယင်းအခြေအနေကြောင့် လက်ရှိနေရာတွင်လည်းကြာကြာနားနေ၍မသင့်။ ထိုးစစ်တပ်များက ခြေရာခံပြီး လိုက်လာလျှင် လွတ်နိုင်မည်မဟုတ်သည်ကို လည်း သခင်သန်းထွန်း ကောင်းစွာအကဲခပ်မိသည်။

ထို့ကြောင့် ထိုနေ့တွင်ပင် တနေရာသို့ မထွက်ခွာလျှင် မဖြစ်တော့။ မလွှဲမ သွေပင် တနေရာသို့ ထွက်ခွာမှ ဖြစ်တော့မည်ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ကိုမြရေ ကျွန်တော်တို့ အခုစပါးရိုးချောင်းဖျားကို မြောက်ဖက်ကကွင်းပြီး မြရာပင်ကျောကို ကျော်ပြီးတော့ အရှေ့ဘက် ဘုန်းကလေးချောင်းခွင်ထဲကို ထိုးချရင် မကောင်းဘူးလား။ ကျွန်တော်ကတော့ အနောက်ဖက် အတွင်းပိုင်းထဲ မဝင်ချင်ဘူး။ အရှေ့ဘက် ကွင်းစကို ဖောက်ထွက်၊ အဲဒီကခရိုင်(ဦးမင်းအောင်)နဲ့ဆက်စပ်ပြီး လှုပ်ရှားနေရင် ဖြစ်မယ်လို့ ထင်တယ်။ ခင်ဗျားသဘောကော ဘယ်လိုရှိသလဲ" ။

–ဟူ၍ သခင်သန်းထွန်းက မေးလိုက်သည်။

"ကောင်းသားပဲ၊ အဲ့ဒီအတိုင်း အရှေ့ဘက်ကွင်းစပ် ဖောက်ထွက်ပြီး ကပ်နေရင် ဖြစ်နိုင်ပါတယ်။ လမ်းကျွမ်းမဲ့ လူကတော့ ရဲဘော်ထွန်းချစ်ပဲ။ သူ့ကိုပဲ ခေါ်သွားရမှာပဲ။"

–ဟုရဲဘော်မြကပြန်၍ ပြောလိုက်၏။ထို့ကြောင့်ခရီးစဉ်အတည်ဖြစ်မြောက်လာတော့သည်။ ယင်းအစီအစဉ်အရပင် တတပ်လုံးကို လှုံ့ဆော်လိုက်သည်။ တပ်စုလိုက် အသင့်ပြင်ပြီးလက်ရှိနေရာမှ စတင်ခရီးထွက်ကြ၏။

ခရီးစတင်ထွက်၍ တခေါ်ကြာသောအခါ တပ်ဦးမှ ရှေ့ဆက်မတက်တော့ပဲ ရပ်တန့်လိုက်ကြသဖြင့် တတပ်လုံး အတန်းလိုက် ရပ်သွားကြရတော့သည်။ ရှေ့ကဘာဖြစ်သလဲဆိုသည်ကို သိလိုဇောဖြင့်သာ အားလုံးအရှေ့သို့ ကဲ၍ ကဲ၍သာ ကြည့်နေကြသည်။

တနေ့လုံး တညလုံး တယောက်တည်းကွဲရစ်ခဲ့ပြီး မူလ စခန်းဟောင်း အနားတွင် ကပ်ကျန်နေခဲ့သော ရဲဘော်မင်းလွင် (မြစ်ဝကျွန်းပေါ်တိုင်း)သည် မိုးများစိုရွှဲလျက်ပုဆိုးပြဲနှင့်ရှိုင်ဖယ်တလက်ကို ဇော်ထမ်းထမ်းကာ ရောက်ရှိလာ၏။

ရဲဘော်မင်းလွင်က "အခုဘယ်ဖက်ထွက်ကြမလဲ၊ စပါးရိုးချောင်းဖျားဖက်ကသွားလို့တော့ဖြစ်မယ်မထင်ဘူး။ အဲ့ဒီဖက်ကို တောင်တက် စစ် ဘိနပ် ရာ တွေ ထပ်နေတာပဲ"ဟု ပြောလိုက်၏။

ရဲဘော်မင်းလွင်မှာ တနေ့လုံးတညလုံး ထမင်းမစားရ။ ဝေ်ပြတ်နေသဖြင့် ကတွတ်သီးမှည့်များကို ခါးပိုက်အတွင်း အပြည့်ခူးလာခဲ့၏။ စကားပြောရင်း တမြုံ့မြုံ့ စားလျက်ရှိ၏။ ဥက္ကဋ္ဌ လက်တွင်းသို့လည်း ကတွတ်သီးမှည့် ၄-၅ လုံးကို လှမ်း၍ ပေးလိုက်သည်။

ဥက္ကဋ္ဌသခင်သန်းထွန်းအဖို့ အကြံအိုက်သွားပြန်သည်။ ကတွတ်သီးမှည့်ကိုဝါးလျက်ရှိ၏။ ခါးကပစ္စတိုအိပ်ကိုလည်း ညာလက်ဖြင့် တင်းတင်းပါအောင် ဆုပ်လိုက်၏။ ညာဘက်ခြေမဖြင့် မြေပြောင်ပြောင်ကို ကုတ်၍ခြစ်၍ တစုံတရာကို

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

လေးနက်စွာ စဉ်းစားနေ၏။ ပြီးလျှင် "ဒီလိုဆိုရင် ဘယ်လိုလုပ်မလဲ၊ မြောက်ဖက်ကကွင်းလို့တော့မဖြစ်ဘူး။ တောင်ဘက်ကကွင်းပြီး အရှေ့ကို ဖောက်ထွက်ရင်ကော"ဟု ရဲဘော်မြကို အပူတပြင်း လှမ်း၍မေးလိုက်သည်။

"ဖြစ်နိုင်ပါတယ်။ တောင်ဘက်ကို ကျွမ်းကျင်တဲ့ လမ်းပြတော့ မရှိဘူး။ ဒါပေမဲ့ မှန်းပြီးဖြတ်ထွက်ရင် ရနိုင်ပါတယ်"ဟု ရဲဘော်မြက ဖြေကြားပြီး ယင်းအစီအစဉ်အတိုင်း အတည်ပြုလိုက်၏။

စောအောင်ရှေ့က ခေါင်းဆောင်လျက် တပ်စုလိုက်တောင်စူးစူးသို့ ဘုဒလင်ချောင်း အနောက်ဘက်ကမ်းရှိ ကျောအတိုင်း စတင် ချီတက်ကြ၏။ ကမ်းပါးတနေရာ၌ရှိသော ကျောစောင်းတွင် ကတွတ်သီးများမှာ ရဲရဲတောက် ဝင်းမှည့်နေ၏။ယင်းနေရာသို့ရောက်လျှင် တရွှေ့ရွှေ့ချီတက်လာသောတပ်ကြီးမှာ အလိုလိုရပ်တန့်သွား၏။ ရဲဘော်၊ရဲဘော်မတိုင်းသည် ကတွတ်သီးများကို အလုအယက်ခူးဆွတ်ကြ၏။ အမှည့်အစိမ်းပင် ရွေးမနေတော့ပဲ၊ အငမ်းမရ တကျွတ်ကျွတ်ဝါးစားလိုက်ကြ၏။ အနည်းငယ် တင်းတိမ်တော့မှ မိမိတို့ဖာသာ တရွေ့ရွေ့ ရှေ့သို့ဆက်လက်ချီတက်ကြလေသည်။

ကျောအတိုင်းကို အတော် လျှောက်ပြီးနောက် ကျော စောင်း ကို သီ၍လျှောက်ရင်း ဘုဒလင်ချောင်း အတွင်းသို့ ဆင်းကြရ ပြန်၏။ ခြေရာဖျောက်ရန်လည်း အရေးကြီး၏။ ခြေရာ ဖျောက်နိုင်သည့် အကောင်းဆုံး နည်းမှာချောင်းအတိုင်း ရေထဲ ကသာ လျှောက်ခြင်းပင် ဖြစ်၏။ သောင်ခုံ ပေါ်သို့ ခြေတဖဝါးမှမချရ။ ထို့ကြောင့် ဘုဒလင်ချောင်းအတိုင်းဆန်လျက် ကွေ့လျက်ကောက်လျက်သာ မရပ်မနား တနေကုန်ချီတက်ခဲ့ကြရ၏။ဆာလောင်လာလျှင်မောလာလျှင် ချီတက်ရင်း သွားရင်းပင်မြောင်ဝကလေးများက စမ်းရေကြည်ကို လက်ခုပ်ဖြင့်ခပ်၍ သောက်ကြရ၏။ ကတွတ်သီးတဆုတ် ရေလက်တခုပ်ဖြင့်ပင် ထိုနေ့အဖို့ ပြီးကြရတော့သည်။

ဘုဒလင် ချောင်းဖျား ဆွတ်ဆွတ်ကို ရောက်လျှင်ပင် ကျက်လျှာခွကလေးမှ အထတ်သို့မော့၍ တက်လိုက်ကြရ၏။ ကျောပေါ်သို့ရောက်ချေပြီ။ ကျောကြီးကားပြန့်ပြူးလှ၏။ ကျယ်ဝန်းလှ၏။ထိုနေ့အဖို့ယင်းကျောပေါ်တွင်ညဥ့်အိပ်ရန် ပိုင်းဖြတ်ပြီး စခန်းချလိုက်၏။ ဘေး ပတ်ဝန်းကျင်ကို ကင်းလှည့်စေ၏။ ပတ်ကင်းများက တဖက်ကျော ပေါ်တွင် စစ်ဘိနပ်ရာများ လပ်လပ် လောလောတွေ့ကြောင်း သတင်းလာပို့ပြန်ရာ ယင်းနေရာတွင် စခန်းချရန်ပင် မလုံမခြုံဖြစ်လာရပြန်၏။ သို့သော်မှောင်စလည်းကျိုးနေပြီဖြစ်၏။ တပ်မှလိုက်ပင် ထမင်းများ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ချက်ပြုတ်နေကြရ၏။ ထို့ကြောင့် တညလုံး သတိနှင့် အနားယူရန်သာ ဆုံးဖြတ်လိုက်တော့သည်။

ညဥ့်ကား မှောင်မဲလှတော့သည်။ စစ်ဘိနပ်ခြေရာများ တွေ့သည် ဟူသော သတင်းကြောင့် မည်သူမှ စိတ်ချ လက်ချအိပ်မပျော်ကြ၊တချွတ်ချွတ်ဖြင့် ဟိုက ထလိုက်ကြ၊ ဒီကလှည့်လိုက်၊ စောင်းလိုက်ကြဖြင့်သာ အချိန်ကို ကုန်လွန်စေခဲ့၏။ တခါတရံတွင်တောင်ကျော တဖက်ထိပ်မှဝါးကျိုးသံများကတဖြောင်းဖြောင်းဖြင့် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ လူလား-တောကောင်လား၊ ဝေခွဲမရ ဖြစ်နေ၏။ လူလည်းမဟုတ်။ တောကောင်လည်းမဟုတ်၊ လေခ၍ ကြွေကျသော ဝါးခြောက်များ ကျိုးကျသံသာ ဖြစ်၏။မြောင်ကြပ်ထဲမှ ပဲခူးရိုးမ ကျောက်ဖားကလေးများ၏ တဂွပ်ဂွပ်၂ နားကွဲမတတ် စူးစူးရှရှ အော်မြည်နေသံမှာ ပဲခူးရိုးမ ညဥ့်များ၏တိတ်ဆိတ် ငြိမ်သက်မှုကို ဖောက်ခွဲလျက်နေ၏။ အိပ်မပျော်ကြပါ။ ဝါးကျိုးသံ၊ ကျောက်ဖားအော်သံတို့ကိုသာ နားစွင့်နေကြ၏။ မြောင်တဖက် စောင်းမှ တလက်လက် စီတန်းလျက် ထွက်ပေါ်လာသော အလင်းရောင်များကလည်း ပဲခူးရိုးမ၏ အမှောင်ထုကို ဖြိုခွင်းလိုက်သကဲ့သို့ ဖြစ်နေ၏။ လေပြေလေရူး သုတ်ဖြူးသဖြင့် ပေါ်ထွက် လာသော သစ်ရွက်သံ များနှင့် ယင်းအလင်းရောင်မီးပွင့်တို့ကြောင့် ရဲဘော်အားလုံး၏ မျက်လုံးအစုံမှာ ပြူးမတတ်စူးစိုက်ကြည့်ကြ၏။ နားကိုလည်းစွင့်ထားကြ၏။ လက်နှိပ် ဓာတ်မီး များလော၊ ချွတ်နင်းတက်လာသော ရန်သူ့ ခြေသံ များလော၊ မဟုတ်ပါပေ။ ပဲခူးရိုးမ၏ ပိုးစုံးကြူးများသည် လက်နှိပ် ဓာတ်မီးရောင်တမျှ ဝင်း တလက်လက် အရောင်ထွက်၍နေလေသည်။

ဥက္ကဋ္ဌ သခင်သန်းထွန်းသည်လည်း တညလုံး အိပ်ပျော်ဟန်မတူ။ ယင်း၏ အိပ်ရာ နေရာမှ ဓာတ်မီးခြစ်သည် တဖြတ်ဖြတ် တလက်လက်ဖြင့် မကြာခဏ မီးပွင့်နေ၏။ ပွတ်ချွန်း၏ မီးမှ ရဲကနဲ ရဲကနဲပေါ်ထွက်နေသည့် အရောင်မှာ ပိုးစုံးကြူးများနှင့် နင်လားငါလားပင်ဖြစ်နေ၏။

သန်းခေါင်ယံမှ သန်းခေါင်ကျော်ခဲ့လေပြီ။ ဟိုနားကရဲဘော်တစုကလည်း တချွတ်ချွတ်၊ ဒီဖက်နားက ရဲဘော်မများကလည်း လေသံကလေးဖြင့် တတွတ်တွတ်စကားသာပြောနေကြ၏။

ပဲခူးရိုးမ၏ တောင်ဆွဲလဲငှက်ငယ်များ၏အသံသည် တြိန်-တြိန်ဖြင့် ဆွဲဆွဲငင်ငင် သာသာယာယာထွက်ပေါ်လာနေပြီဖြစ်၏။ တောငှက် တောကြက်များပင် တွန်လာချေပြီ။ထို့အတူ အရုဏ်ကျင်း၍ရောင်နီပင် လင်းလာပြီဖြစ်၏။တမိုးသောက်ပြန်တော့မည်။ ၂၀-ရက်နေ့ကုန်ဆုံးပြီး ၂၁-ရက်နေ့သို့ပင်ကူးခဲ့ပြီဖြစ်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုအချိန်တွင်တပ်ဖွဲ့တခုလုံးသည်တလှုပ်လှုပ်တရွရွဖြင့်အသက်ဝင်လာကာအသင့်ပြင်လိုက်ကြ၏။ ယုံးစံအတိုင်းပင် လက်ကြားမမြင့်တမြင် အလင်းရောင် ပေါ်လာ လျှင်ပင် ခရီးစတင်ထွက်ကြရပြန်၏။ ယနေ့ကား ပို၍သတိရှိကြရ၏။ အသံမထွက်ကြရ။ ချောင်းပင်ဆိုးခွင့်မရ။ မြက်ပင်များကိုလည်း တပင်မှမနင်းကြရ။ ခြေရာ ခြေကြောင်း အစအနများလုံးဝ ဖျောက်ကြရ၏။ သဲပြောင်ပြောင်မြေပျော့ပျော့ကို မနင်းရ။ ရှောင်ကွင်းကြရ၏။ တယောက်နှင့် တယောက် မနီးမဝေးထပ်ကြပ်မကွာလိုက်ပါကြရ၏။ တကျောကို လျှောက်ပြီးလျှင် တမြောင်ကိုဆင်းရပြန်၏။ မြောင်သို့အဆင်းတွင် မြေပျော့ကိုမရှောင်သာ။ ခြေရာများ ထင်ကုန်တော့သည်။ ချောင်းမှဖဲ့၍ ကုန်းကျောပေါ်သို့အတက်တွင် မရှောင်လွှဲသာပဲ မြေပျော့ကိုနင်းရလျှင်တယောက်ခြေရာကိုတယောက်ထပ်၍နင်းရ၏။ နောက်ဆုံးတပ်စိတ်ကယင်းခြေရာများကို ရေဖြင့်ပက်ဖြန်းကာ ဖျက်ကြရ၏။ လူတရာကျော် ခြေရာများထပ်၍နင်းထားသဖြင့် လက်ဖြင့်ပက်ဖျန်းသောရေမှာ အသင့်အတင့်သာပျက်နိုင်၏။ လုံးဝခြေစလက်စ မပျောက်နိုင်။ သို့သော် သဘာဝ၏အကူအညီကြောင့် “တော်သေးရဲ့”ဟုဆိုရမည်ဖြစ်၏။ မိုးကား သဲသဲမဲမဲရွာသွန်းချလိုက်သဖြင့် ခြေရာလက်ရာဟူသမျှ လုံးဝဥဿုံပျက်ကုန်ပြန်၏။

တကျောသို့တက်ကြရပြန်၏။ အရှေ့စူးစူးသို့သာ တောင်မြောက်ကို ကြည့်၍ဖောက်ထွက်နေခြင်းဖြစ်၏။ကျောကိုအနည်းငယ် လျှောက်မိလျှင် ဆိပ်ချောင်းဖျားဟုခန့်မှန်းရသောနေရာသို့ရောက်လျှင်ပင် ရှေ့ဆုံးကင်းကလက်ကာပြပြီး တတပ်လုံးကို ရပ်တန့်လိုက်စေ၏။ ရှေ့ကရဲဘော်များက နောက်သို့လှည့်ပြီးနှုတ်ခမ်းကိုစု လက်ညှိုးတချောင်းဖြင့် စုနေသော နှုတ်ခမ်းထောင်လျက်ကပ်ခါ အမူအရာလုပ်ပြ၏။ သဘောမှာ “ရပ်ကြ တိတ်တိတ်နေအသံမထွက်စေနဲ့.”ဟူ၍ဖြစ်၏။ ရှေ့ကလူကဒူးညွှတ်သဖြင့် ရောက်ရာအရပ်တွင် ထိုင်ချလိုက်လျှင် နောက်ကလူများကလည်း လိုက်၍ထိုင်ချလိုက်ကြရ၏။ ရှေ့ကထလျှင် ထကြရ၏။ရှေ့လူကခရီးဆက်ထွက်လျှင် နောက်ကလူက ဆက်၍လိုက်ကြရသည်မှာ လုပ်ရိုးလုပ်စဉ်ဖြစ်နေ၏။

ရှေ့ဆုံးကင်းမှသတင်းပို့လာ၏။တဖက်ကျောတွင်ရန်သူများဝါးတွေခုတ်နေကြသည်။ အသံများလည်း ညံလျက်ရှိသည် ထို့ကြောင့်အားလုံးခြေရာဖျောက်အသံလုံးဝမထွက်ပဲ ခပ်သွက်သွက် ချီတက်လာကြရမည်ဟူ၍ဖြစ်၏။

ရဲဘော်အားလုံးပင် ပို၍သတိရှိကြရ၏။ စိုးရိမ်ပူပန်သော အမူအရာများမှာ လူတိုင်း၏မျက်နှာတွင် ပေါ်လွင်လာတော့သည်။ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းနှင့် တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များ၊ ဗဟိုကော်မီတီများ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သည် စိုးရိမ်ပူပန်ပုံမပေါ်စေရန် ကြိုးစား သတိ ထား၍ နေကြ၏။ သို့သော် ခေါင်းဆောင်ကြီးများ၏ တင်းမာသောမျက်နှာအမူအရာအတွင်းမှ ပြူးလျက်သားဖြစ်နေသော မျက်လုံးအစုံတို့သည်သူတို့၏ ကြောက်၍စိုးရိမ်မှုကို အထင်းသား ဖော်ပြနေ၏။

ကျောဆွယ်ကလေးကို လှမ်းတက်လိုက်၍ ကျောထိပ်ကိုရောက်လျှင်ပင် ကန့်လန့်ဖြတ်နေသော ကျောလမ်းတခုကို ဖြတ်ရမည်ဖြစ်၏။ ယင်းကျောလမ်းပေါ်တွင် လတ်လတ်လောလော တောင်တက်စစ်ဘိနပ်များ၏ အသွားအပြန် ခြေရာများကို တွေ့ရသဖြင့် ပို၍သတိရှိကြပြန်၏။ ကျောလမ်း၏ ဟိုဖက်ထိပ် ဒီဖက်ထိပ်တို့တွင် ဝပ်ကင်းများချလိုက်ပြီးတတပ်လုံး ခပ်သွက်သွက်ကလေးဖြတ်ကျော်ချီတက်ကြရပြန်သည်။

ရဲဘော်အားလုံး ယင်းကျောလမ်းကိုဖြတ်ကျော်ပြီး ခပ်လှမ်းလှမ်းတနေရာရောက်မှ ခေတ္တအနားပေးတော့သည်။ အနားပေးလျှင်ပင် ရောက်ရာအရပ်တွင် ထိုင်ချလိုက်ကြ၏။ အချို့ကလည်း မြေကြီးပေါ်တွင်ပင် လှဲအိပ်လိုက်ကြတော့၏။ ယခုမှပင် အသက်ပြင်းပြင်း မရှူနိုင်ရာမှ ခပ်ပြင်းပြင်းကလေး ရှူလာနိုင်တော့သည်။ အသံလုံးဝမထွက်ရာမှ လေသံကလေးများဖြင့် တတွတ်တွတ်ပြောဆိုသံများ ထွက်ပေါ်လာနိုင်တော့သည်။

ယင်းသို့သတိကြီးစွာထားလျက် တကျောလျှောက် တမြောင် ဆင်းဖြင့် မရပ်မနား ချီတက်လာကြရသည်မှာ တနေ့ပင်ကုန်ခဲ့လေပြီ။ မြရာပင်ကျောကြီးကိုလည်း ဖြတ်ကျော်၍မဆုံးသေး။ ရဲဘော်အားလုံးပင် ခြေကုန်လက်ပန်း ကျ၍လာချေပြီ။ ခြေလှမ်းများကလည်း လေးကန်လာကြပြီဖြစ်၏။ ခေတ္တ အနားပေးလိုက်လျှင်ပင် အချို့ကလည်း တောငှက်ပျောပင်များကို ချေဖြင့်နင်းလှဲငှက်ပျောဖတ်များကိုခွာ ငှက်ပျောအူကို အရယူပြီး သူ့ထက်ငါ ဝါးကြကုန်၏။ စားကြကုန်၏။ ဝုန်းဝုန်း ဖြစ်နေကြသည်။

မိုးကားတဖွဲဖွဲရွာလျက်ပင် ဖွဲရာမှသဲလာပြန်၏။ အလင်းရောင် ပျောက်၍ ညဥ့်အမှောင်ပင် သန်း၍ လာနေပြီဖြစ်သည်။

ထိုနေ့အဖို့ ရှေ့ခရီးဆက်နိုင်ရန် အားအင်လည်းမရှိကြတော့ သို့ဖြင့်ထိုညအဖို့ ယင်းနေရာ ကျောဆွယ်ကလေးတွင်ပင် စခန်းချလိုက်ကြရတော့သည်။

တနေကုန်ပြန်ပြီ၊ ညအိပ်ရန်အရေးထက် ညစာစားရေးက ထိပ်တက်လာပြန်သည်။ တတပ်လုံး လူပေါင်း(၁၄၀) ကျော်ရှိသည့် အနက် ဆန်(၂)ပြည်နှင့်သင်း ပဲနို့ဆီ(၄)လုံးခန့်သာရှိတော့သည်။ထို့ကြောင့် ဆန် (၁)ပြည်ကို ပဲ(၄)

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သုံးဖြင့်ရော ကြို ပြုတ်လိုက်ရတော့သည်။ ကြိုရာတွင် မီးပြင်းတိုက်မိသဖြင့်ရင်း၊ အမွှေနည်း၍ရင်း။ အောက်ချေကပ်ပြီး တူးနံ့ပင်ထွက်လာ၏။ ယင်း တူးနံ့ ကလေးကပင် သင်းနေ၏။ တူးနံ့သင်းသဖြင့် ထမင်းပင်ပို၍ဆာလောင်လာကြ လေသည်။

ယင်းဆန်ပြုတ်ကြဲကြဲကိုပင် လူတယောက်မတ်ခွက်တလုံးခန့်ကို မျှတ၍တိုက် လိုက်၏။ ဤမျှဖြင့် မည်သူမျှ မတင်းတိမ်နိုင်ကြ။ ထို့ကြောင့် ငှက်ပျောအူ များကို အကွင်းလိုက်လှီး၍ ဝါးကြ စားကြရ၏။ သို့မှ အနည်းငယ် တည်ငြိမ် သွားကြပုံရ၏။ တပ်ဖွဲ့အားလုံးပင် ငြိမ်သက်သွားကြ၏။ အချို့ကား မြေကြီး ပေါ်၌ လှဲလိုက်သည်နှင့်ပင် တခေါခေါ အိပ်ပျော်၍သွားကြ၏။

ထိုနေ့အဖို့ ဝမ်းတထွာအရေးကား အေးတန်သရွေ့အေးသွားရပြီဖြစ်သော် လည်း နက်ဖန်အရေးကား မအေးနိုင်သေး။ လူတရာကျော်အတွက် ဆန်မှာ တပြည်သာလျှင် ကျန်ရှိတော့၏။ ဘယ်သောင်တင်၍ဘယ်ကမ်း ဆိုက်ရမည်ကို လည်းမခန့်မှန်းနိုင်။ ထို့ကြောင့် ရိက္ခာမှူး ရဲဘော်သက်မှာ အေးကွက်မမြင်၊ ရ တက်ပွေသည့်အမူအရာသာ ပေါ်လွင်နေ၏။ ရဲဘော်သက်ပူပင်သကဲ့သို့ ရဲဘော် တိုင်းကလည်း ပူပင်ကြ၏။ မိမိတို့၏ ဝမ်းရေးဖြစ်၍ ပူပင်ကြသည်မှာ သဘာဝ ကျလှပေသည်။ ဥက္ကဋ္ဌသခင်သန်းထွန်းက ပို၍ပူပင်နေ၏။နောက်နေ့ရိက္ခာအရေး ကို ပို၍ကြောင့်ကျစိုးရိမ်နေကြသည်။

"ကိုမြ မနက်ဖန် ကျွန်တော်တို့ မြရာပင်ကျောရဲ့အရှေ့ဖက်ကို ဆင်း နိုင်ကြပါမလား"ဟု သခင်သန်းထွန်းသည်နဖူးကြောကြီးများကို ရှုံ့၍ ပြောလိုက်သည်။

"ဆင်းနိုင်ပါလိမ့်မယ်။ ဟောဟို အရှေ့ဖက်က မဲမဲတောင်တန်း ကြီးဟာ မြရာပင်ကျောကလွဲလို့ တခြားမဖြစ်နိုင်ပါဘူး"ဟု ရဲဘော်မြ က သခင်သန်းထွန်းအား ဖြေလိုက်သည်။

ဆက်လက်၍ သခင်သန်းထွန်းကပင် "မြရာပင်ကျော အရှေ့ ဖက် ရောက်ရင်ကော ဘယ်ရွာတွေနဲ့ အနီးဆုံးဖြစ်မလဲ။"

"ကျုံပွံမြို့အနောက်က တရုပ်ကုန်း၊ မင်းရဲ၊ ကြပ်ပြင်၊ စီပင်ရွာတွေ နဲ့အနီးဆုံးဖြစ်လိမ့်မယ်ထင်တယ်" ဟု ရဲဘော်မြကဖြေလိုက်သည်။

ထို့နောက်တွင် သခင်သန်းထွန်းသည် တံထွေးကို မြိုချလိုက်ပြီး နောက် "ဒါဖြင့် မနက်ဖန်ကျရင် ရွာတွေနားရောက်ပြီး ထမင်းဝဝစား ကြရတော့မှာပေါ့"။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဤသို့ဥက္ကဋ္ဌနှင့် ရဲဘော်မြတို့ အပြန်အလှန်လှမ်း၍ မေးလိုက်ဖြေလိုက် လုပ်နေသည်များကို ဘေးကရဲဘော်များက နားစွင့်နေကြ၏။ မြရာပင်ကျော့အရှေ့ဘက်ကို နက်ဖန်ဆင်းရတော့မည်။ ဤသို့ဆိုပါက ရွာများနှင့် ဆက်မိတော့မည်။ ရွာနှင့်ဆက်မိက ဆန်ရတော့မည်။သို့မှ ထမင်း၀၀စားရတော့မည်ဟူသော မျှော်လင့်အားထားသည့် အမူအရာ ကြည်လင်ရွှင်လန်းသော လက္ခဏာများမှာ ရဲဘော်ရဲဘော်မတိုင်း၏မျက်နှာများတွင် ပေါ်လွင်လာကြလေသည်။

ဤသို့ဖြင့် ထိုနေ့အဖို့ ပင်ပန်းသမျှအားလုံးကို မေ့ပြစ်လိုက်ကြတော့၏။ ယနေ့(စက်တင်ဘာလ ၂၂-ရက်)၏ ညဥ့်သည် ယမန်နေ့ကကဲ့သို့ပင် ကျောက်ဖားအော်သံ ဝါးချောက်များကြိုးသံ သစ်ခက် သစ်ရွက် လေတိုက်သံတို့ဖြင့် ဆူညံမြဲ ဆူညံနေ၏။ သို့သော် ရဲဘော်များကား ပဲခူးရိုးမညဥ့်၏ အသံများကို မကြားနိုင်ကြတော့။ ထမင်း၀၀စားကြရမည့်အရေးကိုသာ မျှော်တွေးရင်း ခြေပစ်လက်ပစ် မေ့းစက်လိုက်ကြလေတော့သည်။

ဤသို့ဖြင့် စက်တင်ဘာလ (၂၂) ရက်နေ့သည် ကုန်လွန်ခဲ့ပြန်၏။ ထိုးစစ်စစ်ကြောင်းများ ဝိုင်းဝိုင်းလည်နေသည့် ကြားမှပင် သခင်သန်းထွန်းနှင့် ဗဟိုစခန်းတခုလုံးသည်အလွတ်ရုန်းထွက်လျက်နေကြ၏။ သို့သော်အကျအဆုံးကား မသေးငယ်လှ။ တိုင်း-ခရိုင်ခေါင်းဆောင်များနှင့် တန်ဘိုးရှိကေဒါ စုစုပေါင်း (၁၃) ဦး သည် တနေရာ တည်းတွင် စုပြုံ ကျဆုံးခဲ့၏။ ဗဟိုစခန်းတွင် လက်နက်အမျိုးအပြားနှင့် ကြိုးမဲ့ကြေးနန်း စက်များ၊ ရွှေငွေပစ္စည်း အများနှင့် ရုံးပစ္စည်း အားလုံးကို စွန့်လွှတ်၍ ကိုယ်လွတ်ရုန်းထွက်ခဲ့ကြရသည်။

ဗဟိုစခန်း ဒုတိယအကြိမ် အတိုက်ခံရစဥ်က အကျအဆုံးမှာ ပထမအကြိမ် အတိုက်ခံရစဥ်ကအကျအဆုံးထက် အထူးများပြားလှ၏။ လူ-လက်နက်ပစ္စည်းအများကို စွန့်ခွာလျက် ကိုယ်လွတ်ရုန်းထွက်ခဲ့ကြရ၏။ "ရန်သူ့ ထိုးစစ်ကို မိမိထိုးစစ်ဖြင့်ရိုက်ချိုးကြ"ဟု ကြွေးကြော် လှုံ့ဆော် နေစဥ်တွင် မိမိဗဟိုကို ယခုကဲ့သို့ ထိုးစစ်ဆင် ချေမှုန်းခြင်းကို ခံလိုက်ရသဖြင့် သခင်သန်းထွန်းအဖို့ စိုးရိမ်တကြီးဖြစ်နေ၏။ မျက်နှာမှာလည်း ညှိုးငယ်နေ၏။ သောကမီး တောက်နေပုံရ၏။ ထို့ကြောင့် သခင်သန်းထွန်းသည် အခြား ရဲဘော်များ နည်းတူ ထမင်း၀၀ စားရမည့် အရေးကိုသာ မျှော်တွေးပြီး ခြေပစ်လက်ပစ် ဖြစ်နေ၏။ အိပ်ပျော်ပုံမရ။ တလူးလူးတလှိမ့်လှိမ့် တရွှတရွ လှုပ်ရှား၍သာ နေ၏။ မိုးသာ စင်စင်လင်းခဲ့၏။ သခင်သန်းထွန်း၏ မျက်နှာပုံပန်းသည် အနည်းငယ် ကြုံလှီ၍ သွား လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တိတ်ဆိတ် ငြိမ်သက်ခြင်းသည် တညလုံးကို ဖုံးလွှမ်း ရာမှ အောင် လောင် ငှက်ကြီးများ၏ တဂွမ်ဂွမ် ဆူညံသံကြောင့် တတောလုံးဟိန်းသွား၏။ ပဲခူး ရိုးမတွင် အောင်လောင်ငှက်များ၏အော်သံသည် တမိုးသောက်ခြင်း၏လက္ခဏာ ဖြစ်၏။ အရုဏ်ဦး၏ အထိမ်းအမှတ်ပင် ဖြစ်၏။ ဤသို့ဖြင့် ဇူကို တင် ဘာလ (၂၃)ရက် နံနက်ခင်းသို့ တိုင်ခဲ့ပြီဖြစ်သည်။

ဉက္ကာဌ သခင်သန်းထွန်း ဦးစီးသော ဗဟိုတပ်ဖွဲ့ကြီးသည် အစီအစဉ်အတိုင်း ပင် ခရီးဆက်လက်ထွက်ခဲ့ကြ၏။ အရှေ့ဖက်တွင်မြင်ရသော ကျောကော့ကော့ ကျောမော့မော့ကြီးဆီသို့ ရှေ့ရှုချီတက်နေကြ၏။ ချီတက်နှုန်းသည် တနေ့ထက် တနေ့ ကျဆင်းလာ၏။ ရဲဘော်တိုင်း၏ ခြေလှမ်းများသည် မလှမ်းချင်လှမ်းချင် လေးကန်နေကြ၏။ အစာကမဝသဖြင့် ခါးလည်း ချိနေကြ၏။ ၁၅-မိနစ်ခန့် လမ်းလျှောက်ပြီးသည်နှင့်အနားပေးလိုက်ရ၏။ယခင်ကတကြိမ်နားလျှင်၅-မိနစ် သာဖြစ်၏။ယခုမူ၅-မိနစ်ဆိုသောစည်းကမ်းမှာအလိုလိုကျိုးပေါက်ပြီး၁၅-မိနစ် မိနစ် ၂၀-ပင် ကြာအောင်နားကြရတော့သည်။

ဂယိမ်းဂယိုင်နှင့်ပင် ကျောကော့ ကျောမော့ကြီးကို အားယူကာ တက်ကြ ရ၏။ တက်ရင်းတက်ရင်းပင် လေကလေးသည် ပို၍ပို၍အေးလာ၏။ လဟာ ပြင်ကလည်း ပို၍ပို၍ လင်းလာသလို၊ ကျယ်ဝန်းလာသလိုထင်ရ၏။ တဖြည်း ဖြည်းနှင့် ပို၍လင်းလာပြီး လေကလေးက တဖြူးဖြူးပင်တိုက်ခတ်နေ၏။ နောက် ဆုံးတွင် မြရာပင်ကျော၏တောင်ထိပ်သို့ ရောက်ရှိနေကြပြီဖြစ်သည်။

မြရာပင်ကျောထိပ်ကို စီးမိသည်နှင့် ရှုမြင် ကွင်း သည် ကျယ်ဝန်းလာ၏။ အနောက်ဘက်သို့ ကြည့်လိုက်သော် တောင်စွယ် တောင်တန်း ကြီး များသည် တလိပ်လိပ်တက်နေသော ဒီလှိုင်းလုံးကြီးများပမာအစီအရီနှင့်တရိပ်ရိပ် ကြည့် မဆုံးအောင် ကျယ်ဝန်းနေသည်ကို တွေ့ရ၏။ အရှေ့ဖက်သို့ ကြည့်လိုက်လျှင် လည်း အလွန်ဝေးလန်သော အရှေ့စူးစူး၌ ညို့မှိုင်းပြီးမြင့်မားလှသော တောင် တန်းကြီး၏ နောက်ကျောမှ ဖြာထွက် နေသည့် နီနီရဲရဲ နေဝန်း၏ ရောင်ခြည် တန်းကြီးကို မြင်တွေ့နေကြရ၏။ ထိုအချိန်တွင် ရဲဘော်အားလုံးသည် ခေတ္တ ရပ်နားလိုက်ကြ၏။ အရှေ့ရိုးမနှင့် မြရာပင် ကျော၏ အကြား၌ ကျယ်ဝန်းလှ သော အဝှမ်းကြီးကား စစ်တောင်းမြစ်ဝှမ်းကြီးပင် ဖြစ်သည်။ စစ်တောင်းမြစ် ဝှမ်းသည် ကျယ်ပြောလှ၏။ လယ်ကွင်းများ၊ စိုက်ခင်းများနှင့် စိမ်းစိမ်းစိုလျက် ရှိ၏။ ရေပြင်များ၊ အင်းအိုင်များသည်လည်း ထွက်ပြူစ နေမင်း၏ ရောင်ခြည် ဖြင့် ပြိုးပြိုးပြက်ပြက်အရောင်လက်လျက်ရှိ၏။ အစိမ်းရောင် ကွင်းပြင်ကျယ်ကြီး

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တွင် ညို့ညို့ မှိုင်းမှိုင်းသော ရွာများသည်လည်း အစုအစုနှင့် ကြည့်၍ မဆုံးကွင်းတပြင်လုံးပင် ပြည့်နှက်၍နေတော့သည်။

စစ်တောင်းမြစ်ကြီးသည် ကျယ်ဝန်းလှသောကွင်းပြင်၏ အလယ်ကို ဖြတ်၍ မြောက်မှ တောင်သို့ သည် ကွေ့ကာကောက်ကာ စီးဆင်းနေတော့သည်။

ရန်ကုန်-မန္တလေး ကားလမ်းမကြီး၊ ရထားလမ်းမကြီး ၂-သွယ်သည်လည်း ကုက္ကိုပင် တန်းကြီးများနှင့် အုပ်အုပ် ဆိုင်းဆိုင်း တောင်မြောက် တန်းလျက်ရှိ၏။ ကုက္ကိုတန်းနှင့် မျဉ်းပြိုင် ယှဉ်လျက်ကား လောပီတမှ သွယ်တန်းလာသော လျှပ်စစ်ကြိုးလိုင်းကြီးများပင်ဖြစ်သည်။

တောင်ဘက်ယွန်းယွန်းသို့ကြည့်လိုက်သော အခါတွင်လည်း အမြင့်မားဆုံး စက်ခေါင်းတိုင်ကြီးမှ မီးခိုးများ တလူလူ ထွက်နေပြီး သွပ်မိုးများ၊ အုတ်ကြွပ်မိုးများ အစီအရီနှင့် ပြည့်နှက်နေသော မြို့ငယ်ကလေးတခုကိုလည်း တွေ့မြင်၍ နေကြရသည်။

ထိုအခါတွင် ရဲဘော်တဦးက—

"အဲဒါ ဇေယျဝတီမြို့လို့ ခေါ်တယ်။ ခေါင်းတိုင်ကြီးကဇေယျဝတီသကြားစက်ကြီးပေါ့" ဟု ပြောလိုက်သည်။

မြောက်ဖက်ယွန်းယွန်းကို ကြည့်လိုက်သော အခါတွင်မူ နေရောင်နှင့်အတူ ဖြူဖြူဖွေး၍ ရွှေရောင် ဝင်းလက်နေသော စေတီတော်ကြီး တဆူ ကိုလည်း ကြည်ညိုဘွယ်ရာ မြင်တွေ့နေကြရသည်။

ယင်းစေတီတော်ကြီးကား တောင်ငူမြို့မှ ရွှေဆံတော် ဘုရားကြီးပင် ဖြစ်သည်။

ရဲဘော်အားလုံးသည်ရွှင်မြူး၍သာယာကျယ်ပြောလှသောကားလမ်း၊ရထားလမ်း၊ မြစ်ဝှမ်း၊ ကျေးရွာများ၊ မြို့များနှင့် သာယာသော ရှုခင်းများကို ကြည့်၍ ငေးမောလျက်နေကြလေသည်။

ထိုအချိန်တွင် ရဲဘော်မြက....

"ဟောဒီ အရှေ့တည့်တည့် ရထားလမ်းပေါ်က စက်ခေါင်းတိုင်နဲ့မြို့က ကျွဲပွဲမြို့ပဲ။ အဲဒီကျွဲပွဲမြို့ရဲ့အရှေ့ဖက် စစ်တောင်းမြစ်ကမ်းပေါ်က ညို့ညို့ကြီးက မြို့ဆိုးရွာလို့ခေါ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျွဲပွဲမြို့ရဲ့ အနောက်ဘက် တည့်တည့်က ဟောဒီဖက် တောခြေက ရွာတွေက တရုပ်ကုန်း၊ မင်းရဲ၊ ကြပ်ပြင်၊ စီပင်ဆိုတဲ့ ရွာတွေပေါ့။

ကျွန်တော်တို့အခု အဲ့ဒီတောစပ်ကို ဖြတ်ဆင်းကြရမယ်"။

ရဲဘော်မြကလက်ညှိုးတည့်တည့်ဖြင့် ပြောပြနေသည်ကို သခင်သန်းထွန်းသည် စူးစိုက်၍နေ၏။ ရွာများကိုလည်း ကြည့်ရှုနေ၏။ သခင်သန်းထွန်းသည် စိတ်အားတက်ကြွ၍နေလေသည်။

ရဲဘော်များကား ကွင်းကိုတွေ့လိုက်ရသဖြင့် တအားတက်လာကြ၏။ ခရီးဆက်ထွက်လျှင်ပင် သူ့ထက်ငါ ပို၍ပို၍ သွက်လက် လာကြ၏။ အောက်ကွင်းကို ရောက်လိုဇောဖြင့် အဆင်းကလေးများရောက်လျှင် ပြေး၍ပင် ဆင်းနေကြသည်။

ပဲခူးရိုးမ မြရာပင်ကျော၏ အရှေ့စောင်းသည် ဝါးစွပ်လမ်း၊ သစ်ဆွဲလမ်းများနှင့်ရှုပ်ယှက်ခတ်နေ၏။ ယင်းတပ်ဖွဲ့ကြီးသည် ကွင်းစပ်ကိုရောက်လိုဇောဖြင့် မြရာပင်ကျော၏အရှေ့မြောက်စူးစူးတောချောင်သို့သာ ဦးတည်၍ သွားနေကြ၏။ ဝါးစွပ်လမ်းများကို တလမ်းဝင်တလမ်းထွက်ဖြင့် ခပ်သွက်သွက်ပင် ဆင်းနေကြသည်။

ဝါးစွပ်လမ်း၊ သစ်ဆွဲလမ်းဟောင်းကြီးများသည် ရေညှိများပင်တက်နေ၏။ ထို့ကြောင့် အလွန်ချောမွေ့နေ၏။ ချွတ်ချော်ချော်ဖြစ်လွန်းလှ၏။ ရဲဘော်တိုင်း သတိကြီးစွာဖြင့် ချေကိုကုပ်ကာ ထိန်းကာဆင်းကြရ၏။ မည်သို့ပင်ကုပ်ကုပ် မည်သို့ပင် ထိန်းထိန်း တဘိုင်းဘိုင်းလဲကျသံများနှင့်အတူ တဝါးဝါးရယ်မောသံများကလည်း ရှေ့ကပေါ်လာလိုက် နောက်ကပေါ်လာလိုက်ပင်ဖြစ်နေသည်။

အလွန်မတ်စောက်သော "ထိုးကျကြီး" ကို ဆင်းလိုက်ပြီးသည်နှင့် ကုက္ကိုပင်အုပ်ကြီးက မိုးလျက်ရှိသော အရိပ်အဝါသတခုသို့ ရောက်ကြတော့၏။ စမ်းချောင်းငယ်ကလေးကလည်း ကုက္ကိုအုပ်ကြီးအလယ်မှဖြတ်၍စီးဆင်းနေ၏။ ယင်းနေရာတွင် နွားချေးပုံများ ကောက်ရိုးစများ လှည်းဝင်ရိုး အကျိုးအပဲ့များ စသည်တို့ကို တွေ့ရ၍ ထင်းတိုက် ဝါးတိုက်လှည်းစခန်းဖြစ်သည်ကို တွက်ဆကြရ၏။ လှည်းစခန်းတွင်နား၍မသင့်၊လူစိမ်းသူစိမ်းများကိုအတွေ့ခံ၍လည်း မဖြစ်။ ထို့ကြောင့် ချောင်ကျမည်ထင်ရသော မြောက်ဖက် ကျောကကောက လေးပေါ်သို့ဖြတ်၍ တက်လိုက်ကြ၏။ ကျောထိပ်တွင် ဝါးစွပ်ကျော လမ်းငယ်ကလေးရှိ၏။ ဝါးတိုဝါးစများ ဖျာပြီးသား နှီးအချောင်းများသည် ယင်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကျောလမ်းအလယ်တွင် ဟိုနားတပုံ ဒီနားတပုံဖြစ်နေ၏။ ယင်းကျောလမ်းက လေး၏ မြောက်ဖက်အေးထောင့်ဖြစ်မည်ဟု ထင်ရသော ကျောဆွယ်ကလေး အရောက်၌ အရိပ်ကောင်းကောင်း တကွက်တွင် တပ်ဖွဲ့တခုလုံးသည် အနားယူ လိုက်ကြတော့သည်။

ယင်းကျောဆွယ်ကလေး၏ မြောက်ဖက် အနိမ့်ပိုင်းသည် မတ်စောက်လှ ၏။ အောက်ခြေတွင် ကျောက်ဂယက် ကျောက်ခဲများအကြားတွင် တသွင်သွင် စီးဆင်းနေသော ရေသံကိုပင် တဝေါဝေါဖြင့်ကြားနေရသည်။

သခင်သန်းထွန်းသည် ယင်းကျောအလယ်၌ရှိသော ညောင်ပင် မှီပတ်ထား သည့် ယင်းတိုက်ပင်ရင်းတွင် ခြေပစ်လက်ပစ်ပင် ထိုင်ချလိုက်လေသည်။

အချိန်ကား နေ့လည်(၂)နာရီပင်ရှိပြီဖြစ်၏။ ရောက်လိုဇောဖြင့် အပြေး တပိုင်း အောက်ကျင်းတောစပ်သို့ ဆင်းသက်ခဲ့ကြရသဖြင့် ရဲဘော်အားလုံးသည် ခြေပစ်လက်ပစ်ပင်ဖြစ်နေကြ၏။ ယခုအချိန်တိုင်လည်း နံနက်စာအရေးကို မည် သို့မျှ မဖြေရှင်းရသေး။ လက်ကျန်ဆန်ကလည်း တပြည်ခန့်သာ ရှိတော့သည်။

ညကလည်း ထမင်းမစားကြရ။ တမနက် ခင်း လုံးလည်း ဘာမှ မစားရ။ ထို့ပြင် အောက်ကျင်းသို့ ရောက်လို ဇောဖြင့်သာ အပြေးအလွှား ချီတက်ခဲ့ရ သဖြင့် အဆာလွန်ကာ မောဟိုက်သူဟိုက်၊ မူးဝေသူမူးဝေ ဖြစ်နေကြသည်။

ထိုအချိန်၌ ဆန်ရရေးသည် ချက်ခြင်းလုပ်ရမည့်အရေး ဖြစ်လာတော့သည်။

သခင်သန်းထွန်းက ဤအရေးကို ကောင်းစွာနားလည်၏။ ထို့ကြောင့်အစီ အစဉ်နှစ်ခုကို ချက်ခြင်းပင် ကောက်ခါငင်ကာချလိုက်လေသည်။

> "အခုကျွန်တော်တို့လုပ်ဖို့ အလုပ် ၂-ခုရှိတယ်။ တခုက ရွာကိုထွက် ပြီးအဆက်ယူ၊ ဆန်စုဖို့နဲ့နောက်တခုကတော့ ခရိုင်ကိုတဖွဲ့လွှတ်ပြီးဦးမင်း အောင်နဲ့ဆက်ဖို့ဖြစ်တယ်"။

ဟူ၍ သခင်သန်းက ညွှန်ပြလိုက်သည်။ ထို့နောက် သခင်သန်းထွန်းကပင် ဆက်လက်၍ပြောနေသည်။

> "တောင်ငူ ခရိုင် စခန်းကိုတော့ ရဲဘော်မြင့်နိုင်နဲ့ ရဲဘော် ရွှေထွန်း၊ ရဲဘော်သက်ထွန်းတို့ သုံးယောက်က ကွင်းထဲက ဖြတ်ပြီး အရပ်ဝတ်နဲ့ သွားဆက်ရမယ်။
>
> ဆန်ရဖို့အတွက်တော့ ဗိုလ်လွင်ခေါင်းဆောင်ပြီး စောအောင်ရွှေနဲ့ မြစ်ဝကျွန်းပေါ် တည်ဆောက်ရေးက ရဲဘော် သန့်သန့်မာမာ (၁၀) ယောက်လောက်က တောစပ်ကကင်းထောက်ပြီး တရုပ်ကုန်းနဲ့ ဇီးကုန်း

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရွာကို သွားဆက်မှ ဖြစ်မယ်။ ဘယ်သူ့ကို ဆက်ရမယ်ဆိုတာကိုတော့ ကိုမြကစီစဉ်ပေးလိမ့်မယ်။

ဒါကို ခုချက်ခြင်း လွှတ်ပြီး ကျွန်ုပ်လူတွေအားလုံးက ဒီနားမှာပဲ ကင်းတင်ပြီးတော့ဝပ်နေကြတာပေါ့''။

သခင်သန်းထွန်းသည် စကားပြောရင်း မောနေလေသည်။

သခင်သန်းထွန်း၏ ဆစ်အစဉ်အတိုင်းပင် ရဲဘော်မြင့်နိုင်ခေါင်းဆောင်သော ရဲဘော် (၃) ယောက် တဖွဲ့နှင့် ဗိုလ်လွင် ခေါင်းဆောင်သော ကစိတ်ကျော် ကျော်တို့သည် အချို့သောလက်နက်များကို တပ်ဆင်လျက် ရွှေသို့ခရီးစထွက်ခဲ့ကြသည်။ ဆန်ရွာ အဖွဲ့မှာ အဝဝ အဆင်ပြေပါလျှင် ညဥ့်နက်မှ ပြန်ရောက်နိုင်မည်ဖြစ်၏။ ထို့ကြောင့် လျှို့ဝှက် စကားဝှက်ကိုပင် တပါတည်း ပေးလိုက်သည်။

သခင်သန်းထွန်း အမှူးပြုသော ကျွန်တပ်ဖွဲ့တခုလုံးသည် လိုအပ်သည့် ထိပ်နှစ်ထိပ်တွင် ကင်းများတင်လျက် ငြိမ်လျက် ဝပ်၍နေကြ၏။ ပတ်ဝန်းကျင်၏ အသံများကိုလည်း နားစွင့်လျက် အထူးသတိထားလျက်နေကြသည်။

ထိုအချိန်တွင် ခရီးထွက်အဖွဲ့များ ထွက်ခွာသွားပြီး၍ နာရီဝက်ခန့်အကြာတွင် မလှမ်းမကမ်းမှ ခြေသံများ၊ စကားပြောသံ များကို ကြားရကြောင်း ရှေ့ကင်းကသတင်းလာပို့၏။ရဲဘော်အားလုံးပင်သတိနှင့် အသင့်ရှိနေကြရသည်။

ယင်းခြေသံကြားရာသို့ပင် ရဲဘော်အားလုံး မျက်ခေ့နှင့် နားအစုံတို့ကို စွင့်လျက် အာရုံပြုနေကြသည်။

ထိုခြေသံများနှင့်စကားပြောသံတို့မှာ ဗိုလ်လွင်နှင့် ရဲဘော်မြင့်နိုင်တို့ အဖွဲ့များပင်ဖြစ်၏။ ယင်းနှစ်ဖွဲ့စလုံးပင် ညှိုးငယ်သောမျက်နှာများဖြင့် ဥက္ကဋ္ဌအပေါ်သို့ တိုက်ရိုက်ချဉ်းကပ်၍သွားကြသည်။

''ကျွန်တော်တို့ ဒီကထွက်လို့ ၁၀-မိနစ်အကြာမှာ ချောင်းဆုံတခုကို တွေ့တယ်။ ကျောက်ချောင်းဆုံလို့တင်တယ်။ အဲဒီ ချောင်းဆုံဟိုဖက် ကမ်းမှာ မိုးကာတဲတွေ ထိုးထားပြီး အသံကြီးထူလို့။ ရန်သူ့ တပ်ခွဲ တခုလောက် နေရာ ယူထားတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြန်ပြီး သတင်းပို့လာတာပဲ''။

ဟူ၍ ဗိုလ်လွင်က အစီရင်ခံလိုက်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အချိန်ကား ညနေပင် စောင်းနေပြီဖြစ်၏။ ယင်းရဲဘော်များမှာ ခရီးပြန်ထွက်ရန်လည်း အချိန်နှောင်းနေပြီဖြစ်၏။ ထို့ကြောင့် လက်ရှိနေရာမှအနောက်ဘက်အနည်းငယ်ကွာလှမ်းရာသို့ ချက်ခြင်းပင် ရွှေ့လိုက်ရန် ဆုံးဖြတ်လိုက်သည်။

ထိုအချိန်တွင် ဆန် အမြန်ရယူပြီး ထမင်း ဝဝစားရန် အားခဲထားသူများအဖို့ ဆန်ကားမရခဲ့။ ရန်သူ သတင်းထူးသာ ပါခဲ့ပြီး ယနေ့ ထမင်းစားရရေးအတွက် မျှော်လင့်ချက်က ဝေးပြီဖြစ်သည်။ ထို့ကြောင့်ရဲဘော်များသည် ညှိုးငယ်လာကြ၏။ ဖျော့တော့သော အမူအရာများပင် ပေါ်လွင်လျက် လာကြသည်။

မည်သို့ပင်ဖြစ်စေ၊ သေဘေးက မဝေးလှ။ ထို့ကြောင့် စိတ်ခွန်ကိုတင်းနိုင်သမျှ အားအင်ကိုခဲပြီး ဆုံးဖြတ်ချက် အတိုင်း ခရီး ဆက်ကြရ ပြန်သည်။ ခရီးကားမဝေးလှ။ နာရီဝက်ခန့် လျှောက်မိကြလျှင်ပင် ချောင်းကလေး ကို ဖြတ်လျက် ကြက်လျှာကျောကော့ကလေးပေါ်သို့ ခြေရာဖျောက်၍ တက်လိုက်ကြ၏။

အချိန်သည် နွားသွင်းချိန်တွင်ဖြစ်၏။ မိုးသည်တဖွဲဖွဲရွာသွန်း၍လာတော့၏။ ထို့ကြောင့်-ယင်း ချောင်းဘေး၌ရှိသော ကွေ့လယ်ကျောကော့ပေါ်တွင် ထိုနေ့၌ စခန်းချရတော့သည်။

မိုးသည် မစဲချေ။ သဲ၍မဲ၍သာ လာလေသည်။ ထို့ကြောင့်ရှိသမျှ မိုးကာ၊ ငှက်ပျောရွက်များကို ဖုံးကာလျက် ဆာဆာ လောင်လောင်နှင့် ငုတ်တုတ်ပင်ငိုက်၍ နေကြရတော့သည်။

ယင်း စခန်းချရာ ချောင်းကား မင်းရဲချောင်း၏ တောင်ဘက်လက်တက်ဖြစ်သော ကျောက်ချောင်းပင်ဖြစ်လေသည်။

သို့ဖြစ်၍ ယင်း "**ကျောက်ချောင်း**" ကား ဥက္ကဋ္ဌကြီးသခင်သန်းထွန်းအမှူးပြုသော ဗမာပြည်ကွန်မြူနစ်ပါတီဗဟို၏"**ယာယီစခန်း**"ပင်ဖြစ်လေတော့သည်။

× × ×

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၂၃

သခင်သန်းထွန်း၏နောက်ဆုံးနေ့

(၁) သခင်သန်းထွန်း၏နောက်ဆုံးနေ့

ရန်ကုန်မန္တလေး၏ မော်တော်ကားလမ်းနှင့် မီးရထားလမ်းတို့သည် မြရာပင်ကျောနှင့်မျဉ်းပြိုင်ဖြစ်၍ နေလေသည်။

မော်တော်ကားသံများနှင့် မီးရထားခုတ်မောင်းသံတို့သည် မြရာပင်ကျောသို့ပင် ပဲ့တင်ထပ်လျက်နေလေသည်။

× × ×

၁၉၆၈-ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့၏ နံနက်ခင်းတွင် ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် ဖရိုဖရဲအကွဲကွဲဖြစ်လျက် မြရာပင်ကျော၏ အရှေ့စောင်းမှ ကျောက်ချောင်း ကမ်းပါး၌ ခိုအောင်း၍ ဝပ်နေကြလေသည်။

ရဲဘော်-ရဲဘော်မများသည် ကိုယ်လွတ်လက်လွတ် ထွက်ပြေး ခဲ့ရသူများဖြစ်၏။ ထို့ကြောင့် အစာမစားရ၊ ငတ်ခဲ့ကြရ၏။ အားအင်လည်း ကုန်ခမ်းနေကြပြီဖြစ်၏။ ပျော့ခွေနွမ်းလျလျက် ယိုင်ထိုး၍ပင် နေကြသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဆာလောင်မွတ်သိပ်ခြင်းဒဏ်ကိုလည်း မခံနိုင်ဖြစ်နေကြ၏။ အငမ်းမရပင် ဖြစ်နေကြ၏။ တဦးနှင့်တဦးလည်း သည်းခံစိတ် ညှာတာစိတ်လည်း မရှိကြ တော့ချေ။

ဤအခြေအနေတွင် ကျေးရွာလူထုများနှင့်လည်းကောင်း၊ ဒေသပါတီ အဖွဲ့ အစည်းများနှင့်လည်းကောင်း၊ အဆက်မရလျှင် မည်သို့မျှမဖြစ်တော့ချေ။

သို့ဖြစ်၍ သခင်သန်းထွန်းနှင့် ရဲဘော်အောင်ကြီးတို့သည် ချက်ခြင်းပင် အ ဖွဲ့နှစ်ဖွဲ့ကိုခွဲ၍ စေလွှတ်လိုက်လေသည်။

ရဲဘော်မြင့်နိုင်တို့အဖွဲ့သည် တောင်ငူခရိုင်ရုံးနှင့် ဆက်သွယ်ရန်ဖြစ်၏။တပတ် ခန့်ကြာမည်ဖြစ်သည်။

ထို့ပြင် ဗိုလ်လွင်(အောင်သိန်းလွင်)ခေါင်းဆောင်သော အဖွဲ့မှာမူ ကွင်း ပြင်၌ရှိသော ဇီးကုန်းနှင့် တရုပ်ကုန်းရွာများသို့ထွက်၍ ဆန်နှင့်ရိက္ခာများကို ရသည့်နည်းနှင့်ယူရန် တာဝန်ပေးလိုက်၏။ နေ့ချင်းပြန်လာရန်ဖြစ်သည်။

ယင်းသို့အထူးတာဝန်ပေး၍ စေလွှတ်လိုက်သော အဖွဲ့နှစ်ဖွဲ့အား ဆက်သွယ် ရေးအတွက် ပံ့သေစကားဝှက်များကိုလည်းပေးလိုက်၏။ အကယ်၍ လက်ရှိနေ ရာတွင် မရှိတော့လျှင် နတ်ရေတွင်းရွာမှတဆင့် ဆက်သွယ်ရန် ညွှန်ကြား လိုက် လေသည်။

(မှတ်ချက်။ ။နတ်ရေတွင်းရွာသည် ညောင်ခြေထောက်မြို့၏ အနောက် ဘက် ၃-မိုင်ခန့်အကွာ တောခြေ အစပ်တွင် တည်ရှိသည်။ နတ်ရေတွင်းချောင်းကိုအမှီပြု၍နတ်ရေတွင်းရွာဟုခေါ်သည်။ နတ်ရေတွင်းရွာ၏အနောက်ဘက် လယ်တပွဲကျော် တောစပ် တွင် ရာဘာခြံတခြံရှိသည်။ ယင်းရာဘာခြံအား စုရပ်အဖြစ် သတ်မှတ်၍ပေးလိုက်သည်။ ‌စာရေးသူ။)

ထို့နောက်တွင် လုံခြုံမှုအတွက် ပိုမို၍ စိတ်ချရသည့် ချောင်ကျသောနေရာ ကို ရွှေ့ပြောင်းလိုက်ကြသည်။

ယင်းနေရာကား ကျောက်ချောင်းကမ်းပါးပင်ဖြစ်သည်။

ကျောက်ချောင်းသည် မြရာပင်ကျော၏ အရှေ့စူးစူးသို့ စီးဆင်း လာရာမှ တောင်ဘက်ယွန်းယွန်းသို့ ကွေ့ဆင်းသွား၏။ ကိုက် ၅၀၀-ခန့်အကွာတွင် ရေ အယဉ်သည် အရှေ့ဖက်မှလှည့်ပတ်ပြီး အရှေ့မြောက်ဖက်သို့ စီးဆင်းပြန်သ ဖြင့် ချောင်း၏ မြောက်ဖက်ကမ်းတွင် ကွေ့လည်ကြက်လျှာကြီး ဖြစ်တည်နေ

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

၏။ ယင်းကွေ့လည်ကြက်လျှာသည် မြေပြန့်မဟုတ်ချေ။ မတ်စောက်မြင့်မား လျက်ရှိသည်။

ယင်းတောင်ကျောပေါ်တွင် ဝါးရုံများ၊ ပေါက်ပင်များနှင့် ကမလင်းပင် များသာပေါများ၏။ အချိန်မှာလည်း သီတင်းကျွတ်လအတွင်းပင် ရောက်နေပြီ ဖြစ်၏။ ထို့ကြောင့် မျှစ်စို့ မျှစ်နုများလည်း တိုးနေပြီဖြစ်၏။ အချို့သော မျှစ်များမှာ ပျံနေကြပြီဖြစ်၏။ ယင်းမျှစ်ပျံများကိုပင် အရင်းမှကိုင်၍ သွက် သွက်ပါအောင် လှုပ်ခါကြရ၏။ သို့မှအဖျားပိုင်းကလေးများသည် ဆတ်ကနဲ ကျိုးကျလာ၏။ ထိုသို့ကျိုးကျလာသော မျှစ်ပျံမှအဆစ်များကိုပယ်ပြီး အဆစ် တခုနှင့်တခုအကြား နုသောအပိုင်းကို ဓါးဖြင့်ရစ်၍ လှီးယူရ၏။ ထို့နောက် အကွင်းလိုက် ပါးပါးလှီးကာနူးသည်နပ်သည်အထိ ပြုတ်၍စားကြရသည်။

ဤနေ့နံနက်ပိုင်း၌လည်း ဆန်မရှိ၊ ဆားမရှိဖြစ်နေ၏။ ထို့ကြောင့် မျှစ်ပျံ များကို ရဲဘော်များသည်ရသမျှကို ချိုးနေကြရ၏။ လုံခြုံရေးအတွက် အသံမ ထွက်အောင်လည်း ကြိတ်၍ချိုးနေကြရ၏။ ထို့နောက် မျှစ်များကို ရသမျှ စု ဆောင်း၍ ပြုတ်လိုက်သောအခါတွင် ရဲဘော်တဦးလျှင် မျှစ်လက်တဆုပ်စာမျှ ရကြ၏။ ယင်းကိုပင် ရဲဘော်များသည် အာသာငမ်းငမ်း အငမ်းမရစားနေကြ လေသည်။

ထိုအချိန်တွင် သခင်သန်းထွန်းသည်လည်း ဝေစုရထားသော မျှစ်ပြုတ်လက် တဆုတ်စာကို အားပါးတရ စားနေ၏။ မျှစ်ပြုတ်လေးများကို မြုံ့၍ပင်နေ၏။ ထို့နောက်တွင်မှ ရေကိုတဝကြီး သောက်ချလိုက်တော့၏။ စက္ကူစုတ်ဖြင့် ပွတ် ချွန်းတလိပ်ကိုလည်း ကျစ်ကျစ်ပါအောင်ပွတ်ပြီးလျှင် အားရပါးရပင် ရှူရှိုက် လျက်နေလေသည်။

သခင်သန်းထွန်းသည် ခပ်ထွေထွေ ခပ်မှိုင်မှိုင်ပင်ဖြစ်နေလေသည်။

ထိုအချိန်တွင် သခင်သန်းထွန်းသည် လုံခြုံရေးမှူး ဗိုလ်အောင်မင်းကို ခေါ် ယူလိုက်သည်။

"ဒီနေ့လုံခြုံရေးသိပ်အရေးကြီးတယ်။ အခုဒီနေရာက ကားလမ်းနဲ့ရော မြို့ တွေနဲ့ရော သိပ်နီးနေတယ်။ ရန်သူရဲ့ဂွင်ထဲမှာ ရောက်နေတယ်။ ဒါကြောင့် မို့ ရန်သူနဲ့အချိန်မရွေး ရင်ဆိုင်တိုးနိုင်တဲ့အနေအထားဖြစ်နေတယ်။ ဒီ အခြေ အနေမှာ ကင်းတွေကို စနစ်တကျ ချထားပါ"။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗိုလ်အောင်မင်းသည် သခင်သန်းထွန်း၏အမိန့်အရ ကင်းများကို စံနစ်တကျ ပင် ချထားလိုက်၏။ နေရာများကိုလည်း ယူထားလိုက်တော့သည်။

ဗိုလ်အောင်မင်းကိုယ်တိုင် တိုက်ရိုက်ဦးစီးသော လုံခြုံရေးတပ်စုသည် ကျေးရွာ ဆွယ်၏အနိမ့်ပိုင်း၌ရှိသော တောင်ဘက်ထိပ်တွင် လှည့်ပတ်၍နေရာချထားလိုက် ၏။ ယင်းတပ်စု၏ အဓိက အာရုံစိုက်ရသည့်တာဝန်မှာ ကျောက်ချောင်းကိုမျက် နှာမူ၍ စောင့်ကြည့်ရသည်။

ယင်းကာကွယ်ရေးတပ်စု၏ မြောက်ဖက် ၁၅-ကိုက်ခန့် အကွာ ကျေးရွာပေါ် တွင်ပင် ဗဟိုမာ့က်စ်လီနင်ဝါဒ ကျောင်းသားများပါဝင်သော တပ်စုကို နေရာ ယူစေ၏။

ယင်းတပ်စု၏ မြောက်ဖက် ၂၀-ကိုက်ခန့် အကွာ ကျေးရွာကော့ပေါ်တွင်မူ ကြိုးမဲ့ကြေးနန်းနှင့် ဆက်သွယ်ရေးတပ်စုကို နေရာချထားလိုက်၏။

ယင်းကာကွယ်ရေးတပ်စု၏မြောက်ဖက် ၂၅-ကိုက်ခန့် အကွာ၌ရှိသော ကျေးရွာ ပြန့်ကလေးအပေါ်တွင် သခင်သန်းထွန်းနှင့် တော်လှန်သော ခေါင်းဆောင် များ ဗဟိုရုံးလုပ်သားများ၊ ဆေးတပ်သားများကို အစီအရီပင် နေရာချထား လိုက်သည်။

ထိုတပ်စု၏ မြောက်ဖက် ၅၀ ကိုက်ခန့်အကွာ ကျေးရွာဆုံတွင်မူ ရဲဘော်ငွေသိန်း ဦးစီးသော မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့မှ လောလောဆယ် ပြန်လည်၍ လက်နက်တပ်ဆင်ထားသော တပ်စိတ်ပင်ဖြစ်၏။ ယင်း တပ်စိတ် တွင် ရဲဘော်မြကြီးလည်း ပါဝင်လေသည်။

အချိန်ကား မွန်းပင်တည့်လုပြီဖြစ်သည်။ ဗိုလ်လွင်တို့စတင်ခရီး ထွက်ချိန်နှင့် ဆိုလျှင် သူတို့တတွေသည် ရန်သူနေရာယူရာ မင်းရဲကမ်းပါးကို ကျော်လွန်သွား လောက်ပေပြီ။ သေနတ်သံများလည်း ထိုမှာဖက်မှ တချက်မျှမကြားရ။ ထို့ ကြောင့် ဗိုလ်လွင်တို့အတွက်စိတ်အနည်းငယ်အေးရသည်။ ရန်သူ့ကင်းကို လွန်၍ ကွင်းသို့ ရောက်လောက်ပြီ။ ယခုလောက်ဆိုပါက ရွာနှင့်အဆက်ပင်ရပြီး ဆန်၊ ဆီ၊ ဆားနဲ့ မုန့်ပဲ သရေစာများပင် ရနေကြ လောက်ပြီ ထင်ရသည်။ ဗိုလ်လွင် တို့ကတော့ ရွာထဲ ရောက်လို့ထမင်းတွေ ဝလင်အောင် စားနေကြရောပေါ့။ ဆေးလဲ တအားရှူရှိုက်နေတော့မည်။ သူတို့ပြန်လာမှပဲ၊ ဒို့တတွေတော့ထမင်း ဝဝစားပြီး ဆေးကို တအားသောက်ကြရတော့မည် ဟူသော အတွေးရေယာဉ် ကျောတွင် ရဲဘော်တိုင်းပင်မြောနေကြ၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်တင့်ဆန်း (ခ) ဗိုလ်လွင်

(မှတ်ချက်။ အောင်သိန်းလွင် (ခ) ဗိုလ်တင့်ဆန်း (ခ) ဗိုလ်ဟန်ထွန်း (ခ) ဗိုလ်လွင်သည် ဗိုလ်ရန်အောင်၏ ယောက်ဖ၊ အောင် သိန်း နိုင် (ခ) ရဲဘော်တင်ဟန်၏ ဦးလေးဖြစ်သည်။ယင်း၏ပင်ကိုယ်အနေအထားမှာ ရိုးသားသူ၊ ရိုးရိုးကုပ်ကုပ် နေတတ်သူ ဖြစ်သည်။ ယောက်ဖ ဗိုလ်ရန်အောင်၊ တူအရင်း အောင်သိန်းနိုင်၊ ဆရာရင်း ဗိုလ်ထွန်းငြိမ်းနှင့် ကျောင်းသားများအား သတ်ဖြတ်ရာတွင် အတက်ကြွဆုံး အခန်းမှ ပါဝင်ခဲ့သည်။ ဗဟိုစခန်း၏ ကျောရိုးကေဒါဖြစ်သည်။ စာရေးသူ။)

ရဲဘော်၊ ရဲဘော်မအားလုံးသည် ကွင်းသို့ ရိက္ခာများ သွားရောက် ထမ်းနေကြသည့် ဗိုလ်လွင်နှင့်အဖွဲ့၏ အပြန်လမ်းကိုငေးမှိုင်လျက် စောင့်မျှော်နေကြ၏။ သားငယ်-သမီးငယ်တို့သည် မုန့်ပါလာမည့် မိခင်-ဖခင်ကို စောင့်မျှော်ဘိသို့ ဖြစ်နေကြသည်။

သခင်သန်းထွန်းသည်လည်း ရဲဘော်များကဲ့သို့ပင် စောင့်မျှော်နေ၏။ တွေတွေ ငေးငေးပင် ဖြစ်နေသည်။

သခင်သန်းထွန်းသည် မိမိဘေးအိတ်အတွင်းမှ ခွားလှီး ဆေးရွက်ကြီးအိတ်ကို ထုတ်လိုက်ပြီးနောက် ရဲဘော်များ စု၍ ထိုင်နေသော နေရာတွင် ချပေးလိုက်၏။ "ကဲ-မင်းတို့ ဒီဆေးတွေကိုပဲ မျှပြီး သောက်ကြအုံး။ ညနေတော့ ဗိုလ်လွင်တို့နဲ့ ဆေးတွေပါလာမှာပဲ" ဟု ပြောဆိုနေလေသည်။

ယင်းစကားဝိုင်းတို့မှ ပွတ်ချွန်းဆေးလိပ်တို့၏ မီးခိုးများသည် တလူလူ ပျံတက်၍နေလေသည်။

ထိုအချိန်တွင် မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေး တပ်ဖွဲ့မှ ရဲဘော်မြကြီးသည် စစ်ယူနီဖောင်းအစုံအလင်ဝတ်ဆင်လျက် ရိုင်ဖယ်သေနတ်ကို လွယ်ထား၏။ စကားဝိုင်းတွင်ဝင်၍ ထိုင်လိုက်၏။ ပွတ်ချွန်းတလိပ်ကိုလိပ်ပြီး အားရပါးရပင်ဖွာနေသည်။ ထို့နောက် ခေါက်တုန့်ခေါက်ပြန်ပင်လမ်းသလား၍ နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်းသည်လည်း ပွတ်ချွန်းတလိပ်ကို မီးညှိပြီး သောက်နေ၏။ မီးခိုးများကို ရှိုက်၍ရှိုက်၍ မှုတ်ထုတ်နေလေသည်။

"ဒီမှာ-ကိုမြ၊ ဒီနေရာဟာ ဟို-ဂျပန်တော်လှန်ရေးတုန်းကခင်ဗျားတို့ စခန်းကို မေဂျာကရူးနဲ့ ကျွန်တော်တို့ လာတုန်းက စခန်းချတဲ့ နေရာလေး မဟုတ်လား။ ဒီနေရာလေးဟာ တော်တော် သာယာတဲ့ နေရာကလေးပဲဗျ။ အေးအေး ဆေးဆေးနဲ့ အတည်တကျ စခန်းချပြီးနေဖို့ အင်မတန်ကောင်းတဲ့နေရာလေးပဲဗျ"။

သခင်သန်းထွန်းသည် ပါးစပ်မှ မီးခိုးများကိုမှုတ်ထုတ်လျက် ရဲဘော်မြအား ပြောလိုက်လေသည်။

"ဟုတ်တာပေါ့။ ဒါ ကျောက်ချောင်းပဲ။ ဟိုတုန်းက ဒီနားမှာ နာနတ်ရုံတွေတောင်ရှိသေးဘယ်။ ဒီနာနတ်ရုံတွေနားမှာပဲ ခင်ဗျားတို့ ညအိပ်ခဲ့ကြတာပဲလေ"။

ရဲဘော်မြသည် သခင်သန်းထွန်းအား ပြောကြားလိုက်သည်။

"အော-အော၊ ဟုတ်ပြီ-ဟုတ်ပြီ။ ကျွန်တော်တို့ မောမောပန်းပန်းနဲ့ အဲ့ဒီနာနတ်ရုံကို ခေါင်းချပြီး အိပ်ချလိုက်ကြတာ ကျွန်တော်ရော၊ မေဂျာကရူးရောပေါ့ဗျ။ နာနတ်ရုံမှာ ကပ်နေတဲ့ပရွက်ဆိတ်အုံက တညလုံးပဲ၊ ကျနော်တို့ ခေါင်းတွေပါးတွေကို အကိုက်ခံရလို့ ပူထူနေတော့တာပဲ။ အဲ့ဒါ ဒီနေရာကိုး"။

သခင်သန်းထွန်းသည် လက်ညှိုးကို ထိုးလျက်ပြောနေသည်။

သခင်သန်းထွန်း၏ စကားပြောသံသည် ကျယ်လောင်၍ လာလေရာ လုံခြုံရေးမှူးက "တိုးတိုး"ဟု လာရောက် သတိပေးနေ၏။ သခင်သန်းထွန်းကလည်း ယာဖက်လက်ညှိုးလေးကို ထောင်၍ ပါးစပ်ကိုပိတ်ကာ "ရှတ်ရှတ်"ဟု လုပ်ပြနေသည်။

မိုးကြီးသည် သည်းထန်စွာ ရွာချလိုက်၏။ ရဲဘော်များသည် မိမိတို့ နေရာများတွင် မိုးကာစအစုတ်လေးများကို ကာ၍ မိုးခိုနေကြသည်။

အချိန်မှာ ညနေပင်စောင်း၍နေပြီဖြစ်၏။ မိုးသက်လေကြမ်းသည်လည်း ငြိမ်သက်စပြုလာ၏။ ကောင်းကင်သည် ကြည်လင်၍လာ၏။ ကျောက်ချောင်းကမ်းပါးတွင်မူ အုံ့အုံ့ ဆိုင်းဆိုင်း မှိုင်း၍နေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မိုးကလည်း သည်းရာမှ တဖွဲဖွဲဖြစ်လာပြန်သည်။

ထိုအချိန်တွင် မိုးခို နေကြသော ငှက်ကလေးများသည်လည်း ပျံထွက်လာကြ၏။ တီတီတာတာပင် အော်မြည်လျက်နေကြသည်။

မိုးကားစဲလေပြီ။

ရဲဘော်မြကြီးသည် ဟိုသွားလိုက် ဒီသွားလိုက် လုပ်နေ၏။ ဦးထုပ်ကို တင်းတင်း ဆောင်းထား၏။ ဦးထုပ်တွင် စပါးနှံ နှစ်ခက်၏ ကြားတွင် ငါးထောင့်ကြယ်နီ တံဆိပ်ကို တပ်ဆင်ထား၏။ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ပြည်သူ့တပ်မတော်၏ တံဆိပ်ပင်ဖြစ်၏။ ရိုင်ဖယ်သေနတ် တလက်ကိုလည်း ပခုန်းတွင် လွယ်၍ သိုင်းထားသည်။

ထိုအချိန်တွင် သခင်သန်းထွန်းသည် ဗဟိုကော်မီတီအဖွဲ့ဝင် ရဲဘော်မြတို့၏ နေရာဘေးတွင် ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေသည်။

ထို့နောက် သခင်သန်းထွန်းသည် အခင်းကြီး သွားရန်အတွက် ကမ်းပါထစ်သို့ဆင်း၍သွားသည်။

မိုးကောင်းကင်၌ မိုးသားတို့သည် ညို၍ လာပြန်၏။ လျှပ်စီး များလည်း တပြက်ပြက်လက်၍လာနေပြန်သည်။

"ဒိုင်း"ဟူသော သေနတ်သံသည် အောက်ကမ်းပါးစောင်းမှ ရုတ်တရက် ထွက်ပေါ်လာ၏။ ရိုင်ဖယ်သေနတ်သံပင်ဖြစ်၏။ နောက်ထပ်၍လည်းသေနတ်သံ ထွက်ပေါ်မလာချေ။ တချက်တည်းသာ ဖြစ်နေသည်။

အချိန်ကား ညနေ ၅-နာရီ ၁၅-မိနစ်တိတိပင် ရှိနေပြီဖြစ်သည်။

"ရန်သူများလား၊ မိမိကင်းက သေနတ်ထွက်သလား"ဟုသိုလော-သိုလောဖြင့် တွေးတောနေကြသည်။

ရဲဘော်များသည် မည်သို့မျှ မပြောကြ။ အသင့်ဖြစ်နေကြ၏။ သေနတ်သံ ပေါ်ရာဖက်သို့သာ အာရုံစူးစိုက်နေကြလေသည်။

ထိုစဉ်တွင် သခင်သန်းထွန်းသည် ချောက်အတွင်းမှ အပေါ်သို့ ခပ်သုတ်သုတ်တက်လာ၏။ ပြုံးတုံးပြုံတဲဖြစ်နေ၏။ ထိတ်လန့်၍လည်း နေ၏။ ဂေါ်ရခါးခါးကောက်ကိုမူ ညာဘက်လက်တွင်ကိုင်ထား၏။ လုံချည်ကိုလည်း လက်နှစ်ဖက်နှင့်ဖြန့်ကိုင်ပြီး အပြေးကလေးတက်လာနေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော် အားလုံးသည် သခင်သန်းထွန်း တက်လာရာသို့ စူးစိုက်၍ ကြည့်နေကြသည်။

"ဘယ်ဖက်က ပစ်လိုက်တယ်မသိဘူး" ဟု သခင်သန်းထွန်းသည် လေးလေးတွဲ့တွဲ့ ပင်ပြောလိုက်၏။ မျက်နှာမှာမူ ဖြူယော်၍ နေသည်။

ချက်ခြင်းပင် သခင်သန်းထွန်းသည် ထိုး၍ လဲကျ သွားတော့၏။ ရဲဘော်စိုးဝင်းနှင့် ရဲဘော် အောင်ကြီး တို့သည် သခင်သန်းထွန်းအား ပြေး၍ ဆွဲထူကြ၏။ ဖေးမလျက်လည်း ပွေ့ထားလိုက်ကြသည်။

"ဟင်-သွေးတွေပါလား"

ရဲဘော်စိုးဝင်း၏ အာမေဋိတ်သံသည်အလိုအလျောက်ထွက်သွားလေသည်။

သခင်သန်းထွန်းသည် ရဲဘော်စိုးဝင်းနှင့် ရဲဘော်အောင်ကြီးတို့၏ လည်ပင်းများကို တင်းကြပ်စွာ ဖက်ထားလိုက်၏။ သက်မကြီးကိုလည်း ချလိုက်သည်။

"ကျုန်တော်တော့ ထိသွားပြီ"

သခင်သန်းထွန်း၏ အသံသည် တိမ်၍ ဝင်သွားတော့သည်။

သခင်ချစ်တို့သည် ဝိုင်းအုံလာကြ၏။ ဆေးမှူးရဲဘော်လှမောင်လည်းရောက်လာ၏။

သခင်သန်းထွန်းမှာမူ ဆက်လက်၍ စကား မပြောနိုင်တော့ချေ။ ပက်လက်လှန်လျက်နေတော့၏။ အံသွားများကိုမူ တင်းကြပ်စွာပင် ကြိတ်လျက်နေ၏။ သက်ပြင်းရှည်ကြီးများကိုလည်းတဖူးဖူးမှုတ်ထုတ်လျက်နေ၏။မျက်လုံးအစုံသည် ညာဖက်ဒေါင့်သို့ ကပ်လျက် တစုံတရာကိုကြည့်နေ၏။ နှုတ်ခမ်းကို တဖွဖွ တရွရွ ပြင်နေ၏။ စကားပြောနိုင်ရန် အတွက် ကြိုးစားနေ၏။ သို့သော် စကားလုံးများမှာ ထွက်၍မလာတော့ချေ။ ညည်းသံညူသံများသာ အတောမသတ် ထွက်နေတော့၏။ အံသွားများကိုသာ ကြိတ်၍ကြိတ်၍ နေလေတော့သည်။

ဆေးမှူး ရဲဘော် လှမောင်သည် ပင်နီစလင်ထိုးဆေးကို အမြန်စပ်ပြီး သခင်သန်းထွန်း၏ ဘယ်ဖက်ပေါင်ကို လှန်၍ထိုးပေးနေသည်။

သခင်သန်းထွန်း၏ မျက်လုံးအစုံသည် ညာဖက် ဒေါင့်တွင် ကပ်နေ ရာမှ အပေါ်သို့လှန်လိုက်သည်။

သခင်သန်းထွန်း၏ လက်ျာဖက် ရင်အုံမှ ထွက်နေသော နှလုံးသွေးများသည် ရပ်၍မသွားချေ။ ပို၍သာထွက်လာနေတော့၏။ သွေးများသည် ဆူပွက်ထွက်လာပြီး တဖြည်းဖြည်းနှင့် အိုင်ထွန်း၍လာလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရုတ်ချည်းပင် သခင်သန်းထွန်း၏ မျက်လုံးအစုံမှ မျက်ဖြူတို့သည် ပို၍ပို၍ လန်နေတော့၏။ ညည်းညူသံများ သည်လည်း ထွက်၍မလာတော့ချေ။လုံးဝပင် ငြိမ်သက်၍သွားလေတော့သည်။

အချိန်သည် ညနေ ၅-နာရီ ၂၀-မိနစ်ပင် ရှိနေပြီဖြစ်လေသည်။

ဆေးမှူး ရဲဘော်လှမောင်က စိတ်ပျက် လက်ပျက်ဖြင့် ခေါင်းကို ခါလျက် နောက်သို့လှည့်ကာ ထွက်သွားတော့သည်။

ရဲဘော်မများက ထိန်းမနိုင် သိမ်းမရ အော်ဟစ်ငိုကြွေးကြကုန်၏။ သခင်ချစ် ပင်လျှင် တဟီးဟီးဖြင့် မထိန်းနိုင် မသိမ်းနိုင် ငိုချလိုက်တော့သည်။

သခင်သန်းထွန်း၏ အလောင်းသည် ချင်းချင်းနီသော သွေးအိုင်ထဲတွင်ပင် လုံးဝမလှုပ်မယှက် ငြိမ်သက်လျက်ရှိ၏။ သို့သော်သခင်သန်းထွန်း၏ နှလုံးသွေး များကမူ ပန်း၍ပန်း၍သာ ထွက်၍နေလေသည်။

ဤသည်မှာ **သခင်သန်းထွန်း၏ နောက်ဆုံးနေ့များမှ နောက်ဆုံးနေ့**ပင် ဖြစ်လေတော့သည်။

၁၉၆၈-ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့သည် သခင်သန်းထွန်း၏နောက် ဆုံးနေ့ပင်တည်း။

× × ×

၂။ သခင်သန်းထွန်း၏သွေးခင်းသောလမ်းအတိုင်းလိုက်ကြ

သခင်သန်းထွန်းကျဆုံးသွားသောအခါတွင် ဗမာပြည်ကွန်မြူနစ် ပါတီဗဟို ဌာနချုပ်၌ တော်လှန်သော နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် တဦးတည်းသာလျှင် ရှိ၏။ သခင်ချစ်ပင်ဖြစ်၏။ ဒု ဥက္ကဋ္ဌသခင်ဇင်မှာမူရဲဘော်ထွန်းရှိန်အား သတ်ဖြတ် ရာ၌ ဦးစီးရန်အတွက် သခင်ပုနှင့်အတူ ဗဟိုဆေးကျောင်းသို့ ရောက်ရှိ နေလေ သည်။

သခင်သန်းထွန်းသည် ကျဆုံးသွားပြီဖြစ်၏။ ရှေ့ခရီးကိုဦးစီးရန် အတွက် လောလောဆယ်၌ သခင်ချစ်တဦးတည်းသာလျှင်ရှိသည်။

"ဥက္ကဋ္ဌကြီးအလောင်းကို ရန်သူ့လက်ထဲမရောက်ဖို့ သိပ်အရေး ကြီးတယ်။ ရန်သူတပ်တွေနဲ့ ဒီနေရာဟာ သိပ်နီးနေတယ်။ ဘယ်လို လုပ်မလဲ လုပ်ပါအုံး"။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ချစ်သည် ရှိုက်ကြီးတငင် ငိုယိုလျက် ရဲဘော်မြကိုပြောနေ၏။ သခင်ချစ်သည် တရှုံ့ရှုံ့နှင့် ဖြစ်နေသည်။

သခင်ချစ်သည် ပူပန်သောကဖြစ်နေ၏။ စိုးရိမ်တကြီးဖြစ်နေ၏။ ဆောက်တည်ရာပင် မရတော့ချေ။

"ကိုမြ ခင်ဗျားပဲ စဉ်းစားကြည့်ပါအုံး၊ ဒီဒေသမှာ ခင်ဗျားပဲ အကျွမ်းဆုံးပဲ။

အခုအလောင်းကို အရယူဖို့ဆိုရင် ချက်ခြင်းမြန်မြန်ထွက်မှဖြစ်မယ်။ အဲဒါဘယ်ဖက်ကို ထွက်ရင်ကောင်းမလဲ တောင်ဘက် ထွက်မလား၊ မြောက်ဖက်ကိုထွက်မလား ကိုမြကြိုက်သလိုပဲလုပ်ပါ။"

သခင်ချစ်သည် မျက်ရည်များကို သုတ်လျက် ရဲဘော်မြအားထပ်၍ ပြောနေသည်။

"မြောက်ဖက်တော့ထွက်လို့မဖြစ်ဘူး။ ကျွန်တော်တို့သတ်မှတ်ထားတဲ့အတိုင်း တောင်ဘက်က နတ်ရေတွင်းရွာဆီကို ဆုတ်မှဖြစ်မယ်။ အဲ့ဒီရောက်ပြီးမှ ရိက္ခာကိုအရယူပြီးတော့ လွတ်ရာကျွတ်ရာကို ဆက်သွားရမှာပဲ၊ ဒါကို ကိုလှအောင်တို့ကော ဘယ်လိုသဘောရသလဲ။"

ရဲဘော်မြသည် သခင်ချစ်သို့ ပြန်ကြားပြောဆိုလျက် အနီးအနားတွင် ရှိနေသော ရဲဘော်လှအောင်(ခ)ရဲဘော်အောင်ကြီးကိုလည်း မေးလိုက်လေသည်။

ထိုအချိန်တွင် ရဲဘော်အောင်ကြီးနှင့် ပီကင်းပြန်ရဲဘော်များသည် မည်သို့ပြော၍ မည်သို့လုပ်ရမည် ဆုံးဖြတ်ရမည်ကို မသိဖြစ်နေကြ၏။ ခိုကိုးရာမဲ့သို့ ဖြစ်နေကြ၏။ ပြာယိပြာယာ ဖြစ်နေကြ၏။ ခြေမကိုင်မိ လက်မကိုင်မိပင် ဖြစ်နေကြသည်။

သခင်ချစ်သည် ရဲဘော်မြ၏လက်မောင်းကို ဆုပ်ကိုင်လျက် ချက်ခြင်း အဆုံးအဖြတ် ချရန်အတွက် တိုက်တွန်းနေလေသည်။

"အခုအချိန်မရှိတော့ဘူးဗျ။ ကိုမြပဲ အားလုံးစီစဉ်ပါတော့။ ခင်ဗျားပဲ ဆုံးဖြတ်ပါ။ ဒီနေရာက အမြန်ဆုံးထွက်နိုင်ဖို့ပဲ အရေးကြီးတယ်။"

သခင်ချစ်သည် အသက်ရှူသံပင် မမှန်တော့ချေ။

"ကဲ ဒီလိုဆိုရင် အားလုံးအသင့်ပြင်ကြ။ အခုချက်ခြင်းပဲ အလောင်းကို ထမ်းရအောင် အမြန်ဆုံး စီစဉ်ကြဖို့ပဲ။

အခုခရီးဆက်ထွက်မယ်။"

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်မြကပြောလိုက်လေသည်။

ချက်ခြင်းပင် ရဲဘော်သက်တို့သည် သခင်သန်းထွန်း၏အလောင်းကို အညာချည်စောင်ကလေးဖြင့် ရစ်ပတ်လိုက်၏။ ယင်းအပေါ်မှပင် ကြည်ပြာနုရောင် မိုးကာစဖြင့်ထပ်၍ ရစ်ပတ်ထားလိုက်၏။ ထို့ပြင် ဝါးကိုလည်း နှီးနှင့် တချက်တင်းတင်း တုပ်လိုက်၏။ ဝါးနှီးကြောများကိုလိမ်လျက် ထမ်းဝါး လျှိုသွင်းနိုင်ရန်အတွက် အသင့်ပြင်ဆင်ထားလိုက်၏။ ထို့နောက် အလောင်းနှင့် မလှမ်းမကမ်းတွင်ရှိသော ဝါးနက်ရုံမှ အကြီးဆုံး ဝါးလုံးတလုံးကိုရွေးပြီးခုတ်လျက် ထမ်းဝါးကို ပြုလုပ်လိုက်လေသည်။

သခင်သန်းထွန်း၏အလောင်းကို ထမ်း၍ကြည့်ကြ၏။ ခါးနှင့် ခြေထောက်တို့မှာ ဝါးနှင့်ကပ်လျက် ပါလာသော်လည်း ဦးခေါင်းမှာမူ အောက်သို့ကျနေ၏။ တန်းလန်းကြီးဖြစ်နေ၏။ ထို့ကြောင့် ရှမ်းလွယ်အိပ်တလုံးကိုဆွဲထုတ်လိုက်ပြီး ယင်းလွယ်အိပ်စနှင့်ပင် ဦးခေါင်းအောက်မှ သိုင်း၍ထားလိုက်သည်။

ခရီးစတင်ရန်အတွက် အားလုံးပင် အသင့်ဖြစ်နေကြပြီဖြစ်သည်။

ဗိုလ်အောင်မင်းခေါင်းဆောင်သော လုံခြုံရေးတပ်ဖွဲ့သည် ရှေ့ဆုံးမှ စတင်၍ ထွက်ခွာလေသည်။

ယင်းသို့ခရီးတက်ရာတွင် လူသွားလမ်းများအတိုင်း သွားရခြင်းမဟုတ်ချေ။ တောကြီးမျက်မဲအတွင်း၌ လမ်းရှာ၍ သွားနေကြရ၏။ ခက်ခက်ခဲခဲပင် သွားနေကြရ၏။ ခြေရာများကိုလည်း ဖျောက်ရန် ဖျောက်၍သွားနေကြရ၏။ ခြေရာများကိုဖျောက်ရန်မှာ အရေးအကြီးဆုံးဖြစ်လေသည်။

သခင်သန်းထွန်း၏အလောင်းကိုမူ မြစ်ဝကျွန်းပေါ်တိုင်း တည်ဆောက်ရေးတပ်ဖွဲ့မှ သန်မာသောရဲဘော်များက အလှည့်ကျထမ်းကြရ၏။ ရဲဘော် (၄) ယောက်တတွဲပင် ထမ်းကြရသည်။

ထိုနေ့တနေ့လုံးပင် မည်သူမှလည်း ထမင်းမစားကြရ။ မည်သည့် အစာကိုမှ လည်း မစားကြရပေ။ ခါးများမှာမူ ချိလျက်ရှိကြ၏။ ခါးချိချိနှင့်ပင် သခင်သန်းထွန်း၏အလောင်းကို အလှည့်ကျ ထမ်းနေကြရလေသည်။

အချိန်ကား မှောင်၍ပင် လာနေပြီဖြစ်၏။ မိုးမှောင်ကလည်းကျလျက်ရှိ၏။ ညီအစ်ကိုမသိတသိအချိန်သည် တောရိပ်တောင်ရိပ်များကြောင့် ပိတ်ပိတ်သားပင် မှောင်၍ နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်တပ်ဖွဲ့ကြီးသည် ဥက္ကဋ္ဌ သခင်သန်းထွန်း၏ အလောင်းကိုထမ်းလျက်ကွင်းစပ်မှသီ၍တောင်ဘက်စူးစူးသို့ဖြတ်လျက် မရပ်မနားပင် ချီတက်၍ နေကြလေသည်။

ကွင်းစပ်တွင်ရှိသော တောသည်မကြီးချေ။ သစ်ကြီး ဝါးကြီးများ မရှိ၊ တောပြုတ်များ နွယ်ပင်များနှင့်သာ ပိတ်ဆီးကာ ရံလျက်နေ၏။ ခြုံပုတ်များနှင့်သာအတိဖြစ်နေ၏။ ထို့ကြောင့် ခရီးသွားလာချီတက်ရေး၌ အလွန်ပင် အခက်တွေ့နေ၏။ ကိုယ်လွတ်သာဆိုလျှင် တော်သေး၏။ ယခုမူ သခင်သန်းထွန်း၏အလောင်းကိုထမ်းလျက် ငုံ့၍ငုံ့၍ တိုးနေကြရ၏။ ပိတ်ပိတ်သား မှောင်နေသဖြင့်လည်း ရှေ့လူကို နောက်လူကမမြင်ရ။ တဦးခါးကို တဦးက ကိုင်ထားရ၏။ ဆွဲထားရ၏။ မျက်မမြင်များ လမ်းသွားရသည်သို့ ဖြစ်နေကြ၏။ တဦးနှင့် တဦး ပြုတ်သွားလျှင် "ရှူးရှူး၊ ဝူးဝူး" ဖြင့် အသံကိုအုပ်၍ အသံပြုလျက် နေကြရသည်။

ယင်းသို့ဖြင့်ချီတက်လာရာ တောစပ်မှကွင်းသို့ ထွက်လိုက်သော အခါတွင် ကောင်းကင်မှကြယ်ကလေးများ၏ အလင်းရောင်ဖြင့် တဦးကိုတဦး မြင်တွေ့နေကြရပြီဖြစ်သည်။

ရဲဘော်များသည် သခင်သန်းထွန်း၏အလောင်းကိုထမ်းလျက် မှောင်ကြီးမဲမဲတွင် တောတိုးရလွန်းသဖြင့် စိတ်ညစ်လာကြ၏။ ထို့ကြောင့် အလင်းရောင်ရှိသော လယ်ကွင်းထဲသို့ ဖြတ်၍ ထွက်လာခဲ့ကြလေသည်။

ကွင်းပြင်လယ်ကွင်းများမှာ ရေအပြည့်ဖြစ်နေ၏။ သမန်းများနှင့် အတိပြည့်နေ၏။ ထို့ကြောင့် လမ်းသွားလျှင် ဒူးဆစ်အထိပင် မြုပ်၍မြုပ်၍ သွားတော့၏။ ရဲဘော်များသည် ထမင်းကလည်းဆာ ခါးကလည်းနာ ကိုယ်ကလည်းချိ၊ ဒူးကလည်းမခိုင် ဒယိမ်းဒယိုင်ပင်ဖြစ်နေကြ၏။ သို့သော်လည်း မည်သို့မျှမတတ်နိုင်ကြတော့ချေ။ ယိုင်ယိုင်ထိုးထိုး တလှုပ်လှုပ်ဘနဲ့နဲ့နှင့်သာ လမ်းကိုပေါက်အောင်ကြိုးစား၍ လျှောက်နေကြရလေသည်။

ယင်းသို့ စိတန်းလျက် လယ်ကွင်းကျယ်ကြီးများကို ဖြတ်၍ တရွေ့ရွေ့ပင် လျှောက်နေကြ၏။ အလွန်ပင် မောဟိုက်နေကြ၏။ အာခေါင်များပင် ခြောက်ကပ်၍လာကြတော့၏။ သို့သော်လည်း ရပ်နား၍မဖြစ်ပေ။ အရုဏ်မကျင်းမီပင် တောင်ခြေသို့ ပြန်ကပ်ရမည်ဖြစ်၏။ ထို့ကြောင့် မရပ်မနားပင် လမ်းလျှောက်၍နေကြရသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

"ဟေ့-ဟေ့ ရှေ့တည့်တည့်က အသံကဘာသံလဲ တဂျုံးဂျုံးနဲ့ အဲ့ဒါမီးရထားအသံဖြစ်မယ်။ အခု-တို့သွားနေတာတောင်ဘက်မဟုတ်ဘူး၊ အရှေ့ဖက်တည့်တည့်ကြီးကို ရောက်နေပြီ၊ ရပ်ပြီးတော့ မြန်မြန်ပြန်လှည့်ကြ၊ အရှေ့ကိုအမြန်ဆုံးပြောလိုက်"။

ရဲဘော်မြသည် စိုးရိမ်တကြီးနှင့် အဆင့်ဆင့် ရှေ့သို့ ပြောလိုက်၏။ ရဲဘော်များသည်လည်း မီးရထားအသံကို အနီးကပ်၍ ကြားနေရသဖြင့် မျက်လုံးများပင်ကျယ်၍လာကြသည်။

တောင်ဘက်သို့ ဆုတ်ခွာနေသော ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဌာနချုပ်သည် အရှေ့စူးစူး၌ရှိသော တောင်-မြောက်တန်းနေသည့် ရန်ကုန်၊ မန္တလေးမီးရထားလမ်းဆီသို့ ဦးတည်နေတော့၏။ နောက်ထပ် လယ်ကွင်း ၇-ကွက် ၈-ကွက်ခန့် ဖြတ်ကျော်လိုက်လျှင် မီးရထားလမ်းမကြီးကိုပင် ဦးဆိုက်ကြရတော့မည်ဖြစ်သည်။

ထို့ကြောင့် ရဲဘော်အားလုံးသည် ရေးကြီးသုတ်ပြာပင် နောက်သို့ ပြန်၍ လှည့်လာခဲ့ကြရ၏။ အရှေ့မှသည် အနောက်စူးစူးသို့လာခဲ့ကြရပြန်တော့သည်။

ဤသို့ဖြင့် မနေမနား လမ်းလျှောက်၍လာကြရာ သဲသောင်ခုံများ ထွန်းနေသော ချောင်းငယ်တချောင်း၏ ဖြတ်သန်းများ၊ ခုံများကိုဖြတ်၍ ဖြတ်၍ချီတက်နေကြရ၏။ ယင်းချောင်းငယ်အတိုင်းဆန်၍ လျှောက်နေကြရသည်မှာ တနာရီခန့်ပင် ကြာသွားပြီဖြစ်သည်။

အချိန်သည် ညဉ့်သန်းခေါင်ပင် ကျော်နေပြီဖြစ်သည်။

ရဲဘော်များသည် ရှေ့သို့ဆက်လက်၍ ခရီးချီတက်ရန် အားအင်မရှိကြတော့ချေ။ ခြေပစ်လက်ပစ်ဖြစ်နေကြ၏။ ခွေ၍ပင်နေကြတော့၏။ ထို့ကြောင့် ထိုည (စက်တင်ဘာလ ၂၄ ရက်နေ့)၌ ထိုချောင်းကလေး၏ ဘေးတွင်ပင် ခေတ္တရပ်နားလိုက်ကြ၏။ သခင်သန်းထွန်း၏ အလောင်းကိုလည်း ချောင်းနဖူး၌ မိုးရေထဲတွင်ပင်ချ၍ ထားလိုက်ကြသည်။

ထို့နောက်တွင် အနည်းငယ်ကြွင်းကျန်နေသော ဆန်များကိုစု၍ မိုးရေထဲ၌ ရေးကြီးသုတ်ပြာပင် ချက်ပြုတ်ကြ၏။ ရဲဘော်တဦးလျှင် ထမင်းတဆုပ်စီသာ ပုံစံစားကြရ၏။ ထမင်းချက်ပြုတ် စားသောက်ရင်းပင် ညဉ့်သည်နက်လာ၏။ ရဲဘော်များသည် မိုးရေထဲတွင်ပင် ပါလာသမျှ မိုးကာစများကို မိုး၍အနားယူနေကြ၏။ အချို့မှာ ဝါးရုံငယ်များကို ခေါင်းဆိုက်၍ အပန်းဖြေနေကြ၏။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ယင်းသို့ ဟိုလှည့် ဒီခေါင်းနှင့်ပင် တောစပ်မှ ကြက်ဦးတွန်သံကိုပင်ကြား၍လာ လေတော့သည်။

ထိုအချိန်တွင် လုံခြုံရေးမှူးသည် တပ်ဖွဲ့တခုလုံးအား အသင့်ပြင်ဆင်ရန် အ မိန့်ပေးလိုက်၏။ ခြေစခြေနများကိုလည်း ဖျောက်ဖျက်စေပြီးလျှင် ခရီးထွက် ရန် အသင့်ဖြစ်၍နေကြသည်။

"ရဲဘော်တွေလဲ ခရီးက သိပ်ကြမ်း၊ အလောင်းကလဲ တလျှောက် လုံး ထမ်းရဆိုတော့ သိပ်ကို ပင်ပန်းနေကြပြီ၊ တချို့ရဲဘော်တွေကဆို ရင် သိပ်ကိုညည်းနေကြတယ်။ရှေ့ကိုလဲ ခရီးကအဝေးကြီးသွားကြရဦး မယ်။ ဒီတော့ ရှေ့ဆက်ပြီး ထမ်းနေရရင် မလွယ်တော့ဘူး။ သိပ်ကိုပင် ပန်းနေကြမယ်၊ ဒီအနားမှာပဲ ချောင်ကျကျတနေရာမှာ မြှုပ်ထားခဲ့ ရင် ကောင်းမယ်"။

ရဲဘော်မြသည် သခင်ချစ်နှင့် ရဲဘော်အောင်ကြီးတို့အား အခြေအနေကို ရှင်းပြလိုက်သည်။

"ကိုမြပြောတာ ဟုတ်တယ်။ မနက်မိုးလင်းရင် အခြေအနေက ဘယ်လိုဖြစ်လာအုန်းမလဲဆိုတာ မပြောနိုင်ဘူး။ အလောင်းကြီးတငင်မ်း ထမ်း နဲ့စစ်တပ်နဲ့တိုးနေရင် ကျန်ခဲ့လိမ့်မယ်။အဲ့ဒါမှ ပိုပြီးဆိုးလိမ့်မယ်။ အဲ့ဒီတော့ ကိုမြပြောသလိုပဲ ဒီနေ့မနက်စောစောပဲ ချောင်ကျကျနေ ရာတခုကို ကျောပေါ်မှာတက်ကြည့်ပြီးတော့ လျှို့ဝှက်မြှုပ်ထားခဲ့ရင် ကောင်းမယ်"။

သခင်ချစ်သည် ရဲဘော်မြ၏ တင်ပြချက်ကို သဘောတူလိုက်၏။ ရဲဘော် အောင်ကြီးကလည်း ခေါင်းကိုညိမ့်၍ သဘောတူကြောင်းကို ဆန္ဒပေးလိုက်လေ သည်။

ထို့ကြောင့် ရဲဘော်များသည် ခြေရာများကို ဖျောက်၍မတ်စောက်သော ကျောကို ပြန့်လျက်တက်နေကြ၏။ နာရီဝက်ခန့်တက်မိလျှင်ပင် ကျောကော့ ကျောပြန့်ကလေး၏ထိပ်သို့ရောက်တော့၏။ ယင်းကျောကော့၏ အရှေ့ဖက် ဆုံးထိပ်ကျောဆိုတွင် ပဟိုလုံခြုံရေးတပ်စိတ်ကို နေရာချထား၍ပေးလိုက်လေ သည်။

သခင်သန်းထွန်း၏ အလောင်းကိုမူ ယင်းကျော၏ အလယ်ပိုင်း ကော့ညွတ် ကလေးတွင်ချထားလိုက်၏။ မိုးကာစနှင့်ရစ်ပတ်ထားသဖြင့် သခင်သန်းထွန်း၏

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

တကိုယ်လုံးကိုမူ မမြင်ရချေ။ ခြေဖျားများသာလျှင် မိုးကာ အထုပ်၏ အပြင်တွင် ထွက်နေ၏။ သွေးမရှိတော့သဖြင့် ဆွတ်ဆွတ်ဖြူ၍ပင် နေလေသည်။

သခင်သန်းထွန်း၏ အလောင်းဘေးတွင် သခင်ချစ်၊ ရဲဘော်အောင်ကြီးနှင့် ရဲဘော်မျိုးတင့် (ပီကင်းပြန်)၊ ရဲဘော်သက် (ပဲခူးရိုးမ)၊ ရဲဘော်ညို (ပီကင်းပြန်)တို့သည် ခေါင်းချင်းရိုက်လျက် ဆွေးနွေးနေကြသည်။

ထို့နောက်တွင် သခင်ချစ်သည် ရဲဘော် အားလုံးအား စုဝေး စေလိုက်လေသည်။

သခင်သန်းထွန်း၏ အလောင်းကိုလည်း ယင်းကျောကော့၏ မြောက်ဖက်သို့ အနည်းငယ် ရွှေ့လိုက်၏။ ဦးခေါင်းကိုမူ အရှေ့ဖက်သို့ ခေါင်းပြုစေလျက် စံနစ်တကျပင် နေရာချထားလိုက်သည်။

ထို့ပြင် သခင်သန်းထွန်း အလောင်း၏ တောင်ဘက်ဘေးတွင် တပ်နီအမျိုးသမီးများကိုကပ်လျက် နေရာချထား လိုက်၏။ ရဲဘော်များနှင့် တပ်နီ လူငယ်တို့ကိုမူ အတန်း (၄)တန်းကို တန်းစီစေပြီး တပ်နီ အမျိုးသမီးများ၏နောက်ကကပ်လျက် နေရာချထားလိုက်သည်။

သခင်ချစ်သည် သခင်သန်းထွန်းအလောင်း၏ မြောက်ဖက်နားမှ ကပ်လျက် နေရာယူလိုက်လေသည်။

"ဥက္ကဋ္ဌကြီးရဲ့မျက်နှာကို နောက်ဆုံးကြည့်ပါရစေ"ဟု တပ်နီလူငယ်တဦးက တောင်းဆိုလိုက်သည်။

ထိုအချိန်တွင် တပ်နီအမျိုးသမီးများနှင့် ရဲဘော်များကလည်း "ဟုတ်တယ်၊ ကျွန်တော်တို့လဲ ကြည့်ချင်တယ်"ဟူ၍ တပြိုင်နက်ပင်တောင်းဆိုလိုက်ကြသည်။

ထို့ကြောင့် သခင်ချစ်သည် သခင်သန်းထွန်း၏ မျက်နှာကိုဖွင့်လှစ် စေလိုက်သည်။

ထိုစဉ်တွင် ရဲဘော်၊ ရဲဘော်မများ အားလုံးသည် သခင်သန်းထွန်း၏ မျက်နှာအား အလုအယက်ပင် တိုးဝှေ့၍ကြည့်နေကြသည်။

တောက်- ခေါက်သံများသည်လည်း ထိုမှ ဤမှ ပေါ်ထွက်လျက် နေတော့သည်။

သခင်သန်းထွန်းသည် မလှုပ်မယှက်လုံးဝပင် အေးဆေးငြိမ်သက်လျက်ရှိ၏၊ မျက်လုံးအစုံမှာမူ စုံမှိတ်လျက်သား ဖြစ်နေလေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ရဲဘော်၊ ရဲဘော်မ အားလုံးသည် သခင်သန်းထွန်းအား စူးစူးစိုက်စိုက် ငင် ကြည့်နေကြ၏။ မျက်လုံးအစုံတို့၌လည်း နီနီရဲရဲ ဖြစ်နေကြ၏။ မျက်ရည်များနှင့် ပြည့်နှက်နေလေသည်။

သခင်ချစ်မှာမူ ရှိုက်ကြီးတငင် ငိုနေ၏။ ဟီးတိုက်၍ပင် ငိုချနေတော့၏။ နှပ်များကိုညစ်လိုက် မျက်ရည်ကိုသုတ်လိုက် လုပ်နေလေသည်။

"အခု ငါတို့အချစ်မြတ်နိုးဆုံး ဥက္ကဋ္ဌကြီးကို နောက်ဆုံး အလေးပြုတဲ့ အခမ်းအနားကို စပါတော့မယ်"။

ရဲဘော်ညို (ပီကင်းပြန်) သည် အသံ တုန်တုန် ရီရီနှင့်ကျေညာလိုက်သည်။

အခမ်းအနား အစီအစဉ် (၁)အရ၊ ဥက္ကဋ္ဌကြီးကို အလေးပြုရန် ဖြစ်သည်။ အခမ်းအနားမှူးသည် "တို့အချစ်မြတ်နိုးဆုံး ဥက္ကဋ္ဌကြီးကို အလေးပြု"ဟု အသံကိုအုပ်လျက် အမိန့်ပေးလိုက်သည်။

ထိုအခါတွင် ရဲဘော်၊ ရဲဘော်မ အားလုံးသည် တညီ တညာတည်းပင် အလေးနိုပြုလိုက်ကြ၏။ ရှိုက်သံ၊ငိုသံများသည် အလေးနိုပြုနေစဉ်ပင် ထွက်ပေါ်လျက်နေလေသည်။

အခမ်းအနား အစီအစဉ် (၂)အရ၊ သခင်ချစ်က မိန့်ခွန်း ပြောကြားရန် ဖြစ်၏။ နှုတ်မှ တရွရွပြင်နေ၏။ နှာခေါင်းကို ပွလိုက် ပိန်လိုက် ဖြစ်နေ၏။ မျက်မှောင်ကိုလည်း ကြုံ့ထားလိုက်၏။ သခင်ချစ်၏ မျက်လုံးအစုံ၌ မျက်ရည်တို့သည် ဒလဟောပင် ကျဆင်း၍နေလေတော့သည်။

"ရဲဘော်တို့ ငါတို့ရဲ့ အချစ်မြတ်တကာ့ အချစ်မြတ်နိုးဆုံး ဖြစ်တဲ့ ဥက္ကဋ္ဌကြီးဟာ ရန်သူ့လက်ချက်နဲ့ ကျဆုံးသွားခဲ့ရတယ်။ ဒါကြောင့်မို့ ငါတို့မှာ ဖော်မပြနိုင်အောင်ပဲ ယူကြုံးမရ ဖြစ်ကြရတယ်။ ငါတို့ဥက္ကဋ္ဌကြီးဟာ သူကြွေးကြော်ခဲ့တဲ့ အတိုင်းပဲ သူတကယ် လိုက်နာ ကျင့်သုံးသွားခဲ့တယ်။

ငါတို့ဥက္ကဋ္ဌကြီးဟာ ရဲသုံးရဲစိတ်ဓာတ်နဲ့ တကယ်သေရဲတဲ့ တကယ့်အာဇာနည် သူရဲကောင်းကြီးဖြစ်တယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ငါတို့ဟာ ဥက္ကဋ္ဌကြီးလို သူရဲကောင်း အာဇာနည်ပီသဖို့ဆိုရင် ဥက္ကဋ္ဌကြီးကို တကယ်ချစ်မြတ်နိုးတယ်ဆိုရင် ဥက္ကဋ္ဌကြီး ခင်းသွားတဲ့ လမ်းကြောင်းအတိုင်း၊ မမှိတ်မသုံ ရဲရဲကြီး ချီတက်သွားကြဖို့လိုတယ်။ နှစ်ဆတိုး ကြိုးစားကြဖို့လိုတယ်။

ရဲဘော်တို့၊ ငါတို့ဟာ သေရဲ၊ သတ်ရဲ၊ အနိုင်ယူရဲတဲ့ ရဲသုံးရဲစိတ်ဓာတ်ကို ပိုမိုပြီးမွေးမြူသွားကြဖို့ လိုတယ်။

ဒါမှ ဥက္ကဋ္ဌကြီးကို ချစ်မြတ်နိုးရာ ကြမယ်။

နောက်ဆုံးအနေနဲ့ ငါတို့ဟာ ဥက္ကဋ္ဌကြီးရဲ့ တပ်သားကောင်းတွေပီပီ၊ သစ္စာအဓိဋ္ဌာန် (၃)ချက်ကို အလေးအနက် ပြုကြဖို့လိုတယ်။

၁။ ငါတို့ဟာ ဥက္ကဋ္ဌကြီး မရှိပေမဲ့၊ ဥက္ကဋ္ဌကြီး ရှေ့ဆောင် ခဲ့တဲ့ တော်လှန်ရေးကြီးကို ပြီးဆုံးအောင် လုပ်ဆောင် သွားပါမယ်။

၂။ ငါတို့ဟာ ဥက္ကဋ္ဌကြီး ချမှတ်သွားတဲ့ တော်လှန်တဲ့ လမ်းစဉ်အတိုင်း တက်တက်ကြွကြွ ဆက်လက် အကောင်အထည်ဖော်သွားပါမယ်။

၃။ ငါတို့ ဥက္ကဋ္ဌကြီး တည်ဆောက်သွားတဲ့ ပါတီနဲ့ ဘယ်တော့မှ မခွဲမခွာ ရပ်တည်သွားပါမယ်"။

သခင်ချစ်သည် တုန်တုန် ရီရီနှင့်ပင် သစ္စာအဓိဋ္ဌာန်ကို နှုတ်တိုက်ချပေး၍ နေ၏။ ရဲဘော်၊ရဲဘော်မများသည် သတိအနေအထားနှင့် သစ္စာအဓိဋ္ဌာန်များကိုလိုက်၍ ဆိုနေကြသည်။

ယင်းသို့ အဓိဋ္ဌာန်ပြုပြီးနောက် သခင်ချစ်က ဤသို့အမိန့်ပေး လိုက်သည်။

"ရဲဘော်တို့၊ ငါတို့ အချစ်မြတ်တကာ့ အချစ်မြတ်နိုးဆုံး ဖြစ်တဲ့ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းကို နောက်ဆုံး အလေးပြု"။

သခင်ချစ်၏ အသံသည်ဆက်လျက်ထွက်၍ မလာတော့ချေ။ ရှိုက်၍ရှိုက်၍ပင် ငိုနေလေတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထို့နောက်တွင် ရဲဘော်သက်၊ ရဲဘော်ညိုနှင့် ရဲဘော်မျိုးတင့်တို့ သုံးဦးပါ ဝင်သည့် ကော်မီတီတရပ်ကို ဖွဲ့စည်းလိုက်၏။ ယင်းကော်မီတီမှာ "ဥက္ကဋ္ဌကြီး အလောင်း သဂြိုဟ်ရေး ကော်မီတီ" ပင်ဖြစ်၏။ ထို့ပြင် သခင်ချစ်က ယင်း ကော်မီတီတွင် "ပဲခူးရိုးမတိုင်း အတွင်းရေးမှူး ရဲဘော်မြလဲ ပါမှဖြစ်မယ်" ဟု ဆိုကာ ရဲဘော်မြအား ထည့်သွင်းဖွဲ့စည်းလိုက်သည်။

ယင်းကော်မီတီသည် လက်ရွေးစင် တပ်နီလူငယ် တပ်စိတ်တစိတ်နှင့် သခင် သန်းထွန်း၏ အလောင်းကို ထမ်းယူ၍သွားကြ၏။ ထိုစဉ်တွင် ရဲဘော်၊ ရဲဘော်မ များသည် ရှိုက်ကြီးတငင်ပင် ငိုလျက်ကျန်ခဲ့ကြလေသည်။

အလောင်းထမ်း၍ နာရီဝက်ခန့် သွားမိသောအခါတွင် ကျော၏ တောင် ဘက်စောင်းသို့ အနည်းငယ် ဖွဲ့ဝင်ကာ ယင်းကျောစောင်းရှိ ရေစီးကြောင်း ကလေးအတိုင်း အလိုက်သင့်ပင် ကျင်းကိုတူးကြ၏။ ကရင်အမျိုးသားကလေး မော်စီးကို (ခ) ရဲဘော် ကျော်သန်း ခေါင်းဆောင်သော တပ်နီလူငယ်လေး များသည် အတက်ကြွဆုံးပင် တူးကြရ၏။ ကျင်းကို နှစ်တောင်ကျော်ခန့် အ နက်တူးပြီးသည်နှင့် သခင်သန်းထွန်း၏ အလောင်းကို ကျင်းထဲသို့ ဖြည်းညှင်း စွာပင် လျှော၍ချလိုက်သည်။

ရဲဘော်သက်သည် ကျင်းထဲတွင် ချပြီးသော သခင်သန်းထွန်း၏ အလောင်း ကို ပတ်ထားသည့် မိုးကာစကို ဖြေ၍ကြည့်လိုက်၏။ သခင်သန်းထွန်း၏ မျက် နှာသည် အနည်းငယ် ကြုံလှီ၍သွား၏။ ဖြူယော်၍လည်း နေလေသည်။

ထို့ပြင် ရဲဘော်သက်သည် အလောင်း၏ ရင်ပတ်တွင် ရစ်ပတ် ထားသော စောင်ကိုခွာလိုက်၏။ ဒဏ်ရာကို အနီးကပ်မှုကြည့်နေ၏။ ညာဖက်ရင်အုံနို့သီး အောက်မှ လက်တလုံးခန့် အကွာတွင် ကျည်ဆံ ထွက်သွားခြင်းဖြစ်၏။ နောက် ကျောကို လှန်၍ကြည့်လိုက်သောအခါတွင် ဘယ်ဖက်လက်ပြင် အောက်နားတွင် ကပ်လျက် အပေါက်ငယ်တပေါက်ကို တွေ့ရ၏။ ယင်းအပေါက်ငယ်မှာ ကျည် ဆံဝင်သွားသော အပေါက်ပင်ဖြစ်သည်။

သခင်သန်းထွန်းသည် အနီးကပ်မှ ပစ်ခတ်ခြင်းခံရသဖြင့် ကျည်ဆံအပေါက် မှာ ခပ်ကျင်းကျင်းပင်ဖြစ်သည်။

နောက်ဆုံးတွင် ရဲဘော်သက်သည် အလောင်းကို နေထားတကျပြန်ပြင်ပြီး နောက် ဥက္ကဋ္ဌကြီး သခင်သန်းထွန်းအား နောက်ဆုံး အလေးပြုရန် အတွက် အမိန့်ပေးရန် အသင့်ပြင်ဆင်လိုက်လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်သန်းထွန်း

ဗဟိုကော်မီတီဥက္ကဋ္ဌနှင့် ပြည်သူ့တပ်မတော်
ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ

"ငါတို့အချစ်မြတ်တကာ့ အချစ်မြတ်နိုးဆုံးဖြစ်တဲ့ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းကို နောက်ဆုံး၊ အလေးနီ........ပြု...."

ရဲဘော် အားလုံးသည် ကျင်းဝတွင် ဝိုင်း၍ရပ်လျက် အလေးနီ ပြုလိုက်ကြလေသည်။

ထို့နောက်တွင် သခင်သန်းထွန်း၏ အလောင်းကို ကောင်းစွာ ပြန်လည်ထုပ်ပိုးလိုက်ကြပြီးနောက် မြေများကိုဖို့လိုက်ကြတော့သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

အချိန်သည် နံနက် ၉-နာရီ မိနစ် ၂၀-ပင် ရှိနေပြီဖြစ်သည်။

ရဲဘော်သက်တို့သည် သခင်ချစ်တို့ထံသို့ ပြန်လည်ရောက်ရှိပြီး ပေါင်းစည်း မိကြတော့သည်။

နေသည်လည်း မြင့်၍မြင့်၍လာပြီဖြစ်၏။ ကြာကြာနေ၍ မဖြစ်တော့ချေ။ အမြန်ဆုံး ခရီးထွက်ခွာရန်အတွက် အသင့်ပြင်ဆင်နေလေသည်။

"ရဲဘော်တို့- ဥက္ကဋ္ဌကြီးကျဆုံးတဲ့သတင်းကို ပါတီရဲ့ ထိပ်တန်းအကျဆုံး လျှို့ဝှက်ချက်အဖြစ်နဲ့ ထိန်းသိမ်းထားကြရမယ်။ ဒီထိပ်တန်းလျှို့ဝှက်ချက်ကို ပေါက်ကြားအောင်လုပ်သူဟာ ပါတီရဲ့အကြီးဆုံး ပြစ်မှုကို ကျူးလွန်တာပဲဖြစ်တယ်။

ဒါကြောင့် ဒီသတင်းကို ပြင်ပကို ဘယ်လိုနည်းနဲ့မှ မပေါက် ကြားအောင် လုံးဝ လျှို့ဝှက်ထားကြရမယ်။ ဒီအတွက် ရဲဘော်တို့ကို ပါတီအနေနဲ့ လေးလေးနက်နက်တောင်းဆိုတယ်။

မကြာခင်မှာပဲ သခင်ဇင်တို့နဲ့ ပြန်ပြီး ပေါင်းမိမှာဖြစ်တယ်။ ပေါင်းမိတဲ့အခါမှာ ဥက္ကဋ္ဌကြီးကို မေးကြလိမ့်မယ်။ အဲ့လိုမေးရင် ဥက္ကဋ္ဌကြီး ဒဏ်ရာရလို့ တောင်ငူခရိုင်က ဦးမင်းအောင်တို့ဆီမှာ ဆေးကုဖို့ ထားခဲ့တယ်လို့ပဲ ပြောကြရမယ်။

ကျဆုံးသွားပြီဆိုတာကိုတော့ ဘယ်လိုနည်းနဲ့မှကို မပြောကြရဘူး။

ဒါကိုတော့ ရဲဘော်၊ရဲဘော်မအားလုံးပဲ တင်းတင်းကြပ်ကြပ် လိုက်နာကြဖို့ လိုတယ်ဆိုတာကိုပဲ နောက်ဆုံး ပြောချင်တယ်။

ကဲ-အခု ခရီးဆက်ပြီးထွက်ကြမယ်"။

ဤသို့ သခင်ချစ်သည် ခရီးထွက် မိန့်ခွန်းကို ပြောကြားပြီးနောက် ဆက်လက်၍ခရီးထွက်ခဲ့ကြလေတော့သည်။

တော်လှန်သော နိုင်ငံရေး ဦးဆောင် အဖွဲ့ဝင် သခင်ချစ်သည် တငေးငေး တမှိုင်မှိုင်ဖြစ်နေ၏။ မတက်မကြွဖြစ်နေ၏။ တွေဝေ၍သာနေ၏။ မကြာခဏပင် ရှိုက်ကြီးတငင်ငိုကြွေးနေသည်။

သခင်သန်းထွန်း ကျဆုံးစဉ်ကဆိုလျှင် သခင်ချစ်သည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေ၏။ ထို့ကြောင့် မိမိကိုယ်မိမိ သတ်သေရန်ပင်စဉ်းစားခဲ့လေသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ထိုစဉ်က သခင်ချစ်၏အနားတွင်ရှိသောတတိယပတ် ဗဟိုမော်ကွန်းစလီနင်ဝါဒ ကျောင်းသားဗိုလ်အောင်လှိုင်က ပဲခူးရိုးမ နောက်တန်း တိုင်းရုံးတွင် ရှိသော ရဲဘော်တင်စိုးထံသို့ ဤသို့ပင် စာရေးလိုက်သည်။

ရဲဘော်တင်စိုး (တိုင်းရုံး) ၃-၁၁-၆၈

ကျွန်တော်အထူးတာဝန်နဲ့ ရဲဘော်တို့နဲ့တွေ့ဖို့လာခဲ့တယ်။ ထိုးစစ်ဝင် နေလို့ ရဲဘော်တို့နှင့် မတွေ့နိုင်ခဲ့ဘူး။ ကျွန်တော်ပဲနွယ်ကုန်းမြို့နယ်ဖက်ကို ဆင်းသွားဦးမယ်။ အပြန်မှာ တိုင်းရုံးကို ဝင်လာခဲ့ပါမယ်။

၂၄-၉-၆၈ နေ့ကတော့ သမိုင်းမှာ ဆုံးရှုံးမှုကြီးကို ဖြစ်စေတဲ့ နေ့ပဲ။ ဒီနေ့ညနေမှာ ကျွန်တော်တို့ရဲ့အချစ်မြတ်နိုးဆုံး ဖြစ်တဲ့ ဥက္ကဋ္ဌကြီးဟာ မြကြီးရဲ့ လက်ချက်နဲ့ ကျဆုံးခဲ့ရပြီ။ (ဒီသတင်းကိုတော့ လုံးဝလျှို့ဝှက် ထားရမယ်လို့ သခင်ချစ်က ပိတ်ပင်ထားတယ်) မ ပေါက်ကြားစေချင် သေးဘူးဗျ။

ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့အားလုံး ယူကြုံးမရ ဖြစ်ခဲ့ကြရ တယ်။ ဒီမှာ အထိခိုက်ဆုံးတွေ့ရတာကတော့ရဲဘော်ကြီးသခင်ချစ်ပဲဗျ။ ဘယ်လောက်ထိလဲဆိုရင် ၂၇-၈-၆၈နေ့ကကျနော်တို့ငါးဒေါက်ချောင်း ဘေး နားတဲ့ အချိန်မှာ ဆန်ထမ်းပြန်လာတဲ့ ရဲဘော်တွေကို "ဥက္ကဋ္ဌကြီး လုပ်ကြံခံရတဲ့အချိန်မှာ ကျုပ်အပြင် အခြားခေါင်းဆောင် တယောက် ယောက်သာရှိရင်ကျုပ်ကိုယ်ကျုပ်ပစ်သတ်ပြီးသေလိုက်မှာ အမှန်ပဲဗျာ" လို့ပြောတယ်။ အခြားရဲဘော်တွေနဲ့ ကျွန်တော်တို့ဘယ်လောက် ထိခိုက် တယ်ဆိုတာ ခင်ဗျားသိလောက်ပါပြီ။ စိတ် အတော်ထိခိုက်သွားတယ် ဗျာ။

အပြန်မှပဲ ခင်ဗျားတို့ထံဝင်ခဲ့ရင်းအပြည့်အစုံပြောတော့မယ်။

အလေးနှိမြင့်
စအောင်လှိုင်
၃-၁၁
စခန်းယာတဲ

ဗမာပြည်ကွန်မြူနစ်ပါတီတွင် ဗဟိုကော်မီတီဥက္ကဋ္ဌ သခင်သန်းထွန်းမရှိလျှင် တော်လှန်သော နိုင်ငံရေးဦးဆောင် အဖွဲ့ဝင်နှင့်တော်လှန်သော ဗဟိုကော်မီတီ၏

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဒုတိယ ဒု-ဥက္ကဋ္ဌ သခင်ဇင်သာလျှင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ “တော်လှန်သော ဥက္ကဋ္ဌကြီး” အဖြစ်ဖြင့် တာဝန် ထမ်းဆောင် သွားရတော့မည် ဖြစ်လေသည်။

သခင်ဇင်သည် ၁၉၆၂-ခုနှစ် ဇွန်လတွင်ကျင်းပသောဗဟိုကော်မီတီအစည်းအဝေးကတည်းက နိုင်ငံရေးဦးဆောင်အဖွဲ့ဝင် (ပီ-ဘီ)နှင့် ဗဟိုကော်မီတီ(စီ-စီ) တာဝန်တို့မှ နုတ်ထွက်ခွင့်ပြုရန် အလေးအနက်တောင်းဆိုခဲ့သည်။

ထို့နောက်တွင် ဗဟိုကော်မီတီ၏ နိုင်ငံရေး ဦးဆောင်အဖွဲ့သို့သခင်ဇင်သည် “ဝေဖန်ရေးနှင့်မိမိကိုယ်ဝေဖန်ရေး”ဟူသော စာတစောင်ကို ရေးသား၍ တင်ပြခဲ့လေသည်။

“ရဲဘော်သခင်ဇင်၏ဝေဖန်ရေးနှင့် ကိုယ့်ကိုယ်ဝေဖန်ရေး”
(မှတ်ချက်)

ပီဘီအဖွဲ့ပေါ်အမြင်

ပီဘီအများများ မည်မျှမှားမှား၊မည်မျှကြီးမားပြီး ပါတီနှင့် တော်လှန်ရေးကိုမည်မျှဆုံးရှုံးနစ်နာစေသည်ဆိုတာတော့ ရဲဘော်တိုင်း ပြောကြတာ အခြေခံအားဖြင့် သဘောတူ။

ဥက္ကဋ္ဌ၏ ဝေဖန်ချက်မှာလည်း ပါပြီးဖြစ်။

ပီဘီသည် ဗဟိုကော်မီတီက ပေးအပ်သောတာဝန်များကို မည်မျှ မကျေသနည်းဟူမှု သိကြာအတွက် နုတ်ထွက်ဖို့ပင် ကောင်းတော့သည်။

— နိုင်ငံတကာ၏ ကြီးမားသောအကူများလည်း လုံလောက်အောင် ရခဲ့သည်။

— ထမ်းဆောင်ရသည့်ကာလမှာလည်း လုံလောက်ပေသည်။

— ထို့ကြောင့် အားလုံးပြောကြသည့် ဆုံးရှုံးနစ်နာမှုအတွက် ပီဘီတွင် အဓိကတာဝန်ရှိသည်။

— ဤအချက်ကို ဤအစည်းအဝေးကမှတ်တမ်းတင်ထားသင့်ပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

မိမိအပေါ်ခြုံပြီးအကဲဖြတ်မှု

မှောက်မှားသောအယူအဆနှင့် စည်းကမ်းဖောက်မှုများကြောင့်အရေးယူသင့်။

— အယူအဆရေး၊ သဘောတရားရေးဖက်တွင် အလွန် အားနည်းနေသဖြင့် (ပီဘီ)သာမက ဗဟိုကော်မီတီတယောက်နှင့် မဖြစ်သင့်ပါ။

— စည်းကမ်းချိုးဖောက်မှုကြောင့်လည်း (ပီဘီ)(စီစီ) တယောက်နှင့် မတန်ပါ။

— ပါတီဗဟိုကလည်း ဤအတိုင်း မှတ်ချက်ချထားပြီး ဖြစ်ပါသည်။

— မြေယာတာဝန်ခံမပေးသင့်တော့ဟု ရှေ့ပိုင်းတွင် ပြောခဲ့ပြီးဖြစ်၏။

အခြားဗဟိုမှတ်ချက်တခုတွင်လည်း (ပီဘီ)တွင် သဘောတရားရေးအားအနည်းဆုံးဟုဆိုထားသည်။

ကျွန်တော်တာဝန်ယူခဲ့ပုံကိုကြည့်ပါက လွတ်လပ်စွာ ရှေ့ဆောင်နိုင်စွမ်း မရှိသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

၄၉-၅၀ အောက်ဗမာပြည် တာဝန်ခံအဖြစ် တာ ဝန် ယူခဲ့စဉ်က သခင်ချစ်ကိုမှီပြီး တာဝန်ယူခဲ့ရပါသည်။

၅၀-၅၁ ဗဟိုတွင်တာဝန်ယူခဲ့စဉ်ကလည်း ဥက္ကဋ္ဌနှင့်ဒုရဲဥက္ကဋ္ဌ (၂) ဦးကို လုံးဝမှီခဲ့ရပါသည်။

— မဒညတတွင် တာဝန်ယူရာ၌လည်း အစပိုင်း၌ ရဲဘော်ဌေးကို မှီပြီး နောက်ပိုင်းတွင် သခင်တင်ထွန်းကို မှီရပါသည်။

— သဘောတရားရေး လေ့လာမှု၌လည်းအလွန်နိမ့်ကျပါသည်။

—ကိုဘထွန်းပြောသည့်"အင်္ဂလိပ်စာမတတ်ကခေါင်းဆောင်မဖြစ်နိုင်" ဆိုတာ ကြိုက်တာမကြိုက်တာအပထား၊ခုဒီအတိုင်းဖြစ်နေပါသည်။

— တချို့က အင်္ဂလိပ်စာလေ့လာဖို့ တိုက်တွန်းကြပါသည်။ သို့သော် တကိုယ်ကောင်းဆန်ဟု ယုံကြည်သဖြင့် လေ့လာရမှာရှက်ပြီး ဖျက်ခဲ့သည်။

အင်္ဂလိပ်စာမတတ်သည့်အတိုင်း၊ဗဟိုကော်မီတီတဦးရဲ့တာဝန်မကျေတာလည်း လက်တွေ့တော့ဖြစ်နေပါသည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

— ၄၈-ဗဟိုကော်မီတီ အစည်းအဝေးတုန်းက အင်္ဂလိပ်လိုရေးထားတဲ့ အစီရင်ခံစာကို တင်ပြဆွေးနွေးကြသဖြင့် ကျွန်တော် ဘာမှဝင်မဆွေးနွေးရပါ။

— (ပီဘီ)အစည်း အဝေးများ တွင်လည်း အင်္ဂလိပ် စာမတတ်၍ ဝင်ရောက်ဆွေးနွေးရန်မရခဲ့ပါ။

— ယခုအစည်းအဝေးတွင်လည်း ထို့တူဖြစ်ပါသည်။ စာအုပ်တွေနဲ့ ဆွေးနွေးကြသည့်အခါ မြွှာသာလိုက်ခဲ့ရပါသည်။

— ဤသို့ဖြင့် ဆွေးနွေးပွဲများစာအုပ်များကို လန့်လာပါသည်။ စိုးလဲ စိုးရိမ်လာပါသည်။

ချုပ်ပါက —

ပြောခဲ့ပြီးများအရ(စီစီ)(ပီဘီ)တာဝန်မကျေပါ။ဒါကြောင့်(ပီဘီ)က အနည်းဆုံး နှုတ်ထွက်ခွင့်ပြုပါ။

မနိုင်တဲ့ တာဝန်ကို ထမ်းရခြင်းသည် ဘယ်ဖက်က ကြည့်ကြည့် မကောင်းပါ။

— ရဲဘော်ရဲထွန်းကိုကြည့်ပါ။

— ဤသို့ တင်ပြသဖြင့် အကြပ်အတည်းမှာ လုပ်ရက်တယ်ဟု စိတ်တိုကောင်းတိုပါမည်။

— ခွင့်လွှတ်ရန်တောင်းပန်ပါရစေ။

— အနှစ်နှစ်အလလက ဤသို့တင်ရန် (စီစီ) ခေါင်ခဲ့ခြင်းဖြစ်ပါသည်။

ပေးသမျှတာဝန်တော့ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသ၍ ဆောင်ရွက်ပါမည်။

အချိန်ကြောင့် တိုတောင်းတာကို ခွင့်ပြုပါ။

၂၆-၆-၆၂

ဤသည်မှာ ဗမာပြည် ကွန်မြူနစ်ပါတီ တော်လှန်သော ဗဟိုကော်မီတီ၏ "တော်လှန်သော ဥက္ကဋ္ဌကြီး"ဖြစ်သော သခင်ဇင်၏ တင်ပြချက် မူရင်းပင်ဖြစ်သည်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

သခင်ဇင်၏ လက်ရေးမူ



သခင်ဇင်၏ ဝေဖန်ရေးနှင့် မိမိကိုယ်ကိုယ်ဝေဖန်ရေး တင်ပြချက်မူရင်း

ယခုအခါ၌ ၁၉၆၂-ခုနှစ်တွင် တွေ့ကြုံရသော ဗမာပြည် ကွန်မြူနစ်ပါတီ၏ အကြပ်အတည်းနှင့် ၁၉၆၈-ခုနှစ်တွင် တွေ့ကြုံရသော ဗမာပြည် ကွန်မြူနစ်ပါတီ၏ အကြပ်အတည်းတို့သည် နှိုင်းယှဉ်၍ပင် မရပေ။ "တော်လှန်သော ဗဟိုကော်မီတီဥက္ကဋ္ဌကြီး" သခင်သန်းထွန်းကိုယ်တိုင်ပင် ကျဆုံးခဲ့ရပြီးဖြစ်လေသည်။

× × ×

၁၉၆၈-ခုနှစ်၊ အောက်တိုဘာလ (၂)ရက်နေ့တွင် ဖြစ်လေသည်။

တောင်ငူခရိုင် ဖြူးချောင်း၏ တောင်ဘက်ကမ်းမှ လေလံမြောင်ဝ၏ အနီးတွင်ပင် သခင်ချစ်တို့အဖွဲ့နှင့် သခင်ဇင်တို့အဖွဲ့မှာ ပူးပေါင်းမိကြတော့၏။ သခင်

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ဇင်တို့အဖွဲ့မှာမူ ရဲဘော်ထွန်းရှိန်အား သတ်ဖြတ်ပြီးနောက် ဗဟိုဆေးကျောင်း မှခွဲထွက်၍ လာခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဗဟိုအစုနှစ်စုသည် ပြန်လည်၍ပေါင်းစည်းမိလျှင် မိခြင်းပင် အစည်းအဝေးကို ကျင်းပလိုက်လေသည်။

ယင်းအစည်းအဝေး၌ သခင်ဇင်သည် ဤသို့ မိန့်ခွန်းပြောလျက် ကျေညာလိုက်လေတော့သည်။

"ရဲဘော်တို့....

ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းဟာ သစ္စာဖောက် မြကြီးရဲ့လက်ချက်နဲ့ ကျဆုံးသွားရတာဟာ ကျွန်တော်တို့အဖို့ ကြီးမားတဲ့ ဆုံးရှုံးမှုကြီးဖြစ်တယ်။ ကျွန်တော်တို့အဖို့ ဖော်မပြနိုင်တဲ့ ကြေကွဲမှုကြီးလဲ ဖြစ်တယ်။

ဒါပေမဲ့ ကျွန်တော်တို့ဟာ ဒီကြေကွဲမှုကြီးကို အားအဖြစ်ပြောင်းလဲပစ်ကြရမယ်။

ကျွန်တော်တို့ ဥက္ကဋ္ဌကြီးဟာ အလွန်ကို အမျှော် အမြင် ကြီးတဲ့ ခေါင်းဆောင်ကြီးနဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တယ်။ ခေါင်းဆောင်ကြီး မဟာမော်စီတုံးရဲ့ အာဇာနည်တပည့်ကြီးလဲ ဖြစ်တယ်။

ဥက္ကဋ္ဌကြီး သခင်သန်းထွန်းဟာ သူ့ကိုယ်သူ ကျဆုံး နိုင်တယ်လို့ တွက်ခဲ့တယ်။ အကယ်၍ သူကျဆုံးခဲ့ရင် ဥက္ကဋ္ဌ တာဝန်ကို ချက်ချင်း ဆက်လက် ထမ်းဆောင်နိုင်ဖို့ ဒုတိယ ဥက္ကဋ္ဌအဖြစ်ကျွန်တော့်ကိုသူကိုယ်တိုင်ရွေးချယ်ခဲ့တယ်။

အခုတော့ ကျွန်တော်တို့ရဲ့ အချစ်မြတ်နိုးတကာ့ အချစ်မြတ်နိုးဆုံးဖြစ်တဲ့ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းဟာ ကျဆုံးသွားတဲ့ အတွက် ဥက္ကဋ္ဌ တာဝန်ကို ကျွန်တော်ကပဲ ဆက်လက်ထမ်းဆောင်သွားမယ်။

ကျွန်တော်တို့ဟာ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းရဲ့ သွေးခင်းတဲ့ လမ်းကြောင်းအတိုင်းပဲ၊ တသွေမတိမ်း လိုက်သွားမှာဖြစ်တယ်။

ရဲဘော်တို့ အားလုံးဟာလဲ၊ ဇတ်လှန်တဲ့ပါတီဗဟိုကို အစွမ်းကုန် ဝိုင်းရံသွားကြဖို့ လိုတယ်။

facebook@ Nyisay Myanmar Ebook Creator
http://www.nyisay.com

ကနေ့အခြေအနေမှာ ကျွန်တော်တို့ တော်လှန်ရေးဟာ အောင်ပွဲခံဖို့နီးကပ်နေပြီ ဖြစ်တယ်။

ကျွန်တော်တို့ဟာ အောင်ပွဲကို တကယ်တန်း အရယူရဲ့ သလား၊ မယူရဲဘူးလားဆိုတာ အဖြေကို ရဲရဲကြီးပေးဖို့ လိုနေပြီဖြစ်တယ်။

ရဲဘော်တို့ဟာ အောင်ပွဲကို ယူဖို့ဆိုရင်....၊

—ဥက္ကဋ္ဌကြီး သခင်သန်းထွန်းရဲ့....
သွေးခင်းတဲ့ လမ်းကြောင်းအတိုင်းလိုက်ကြ။

—ဥက္ကဋ္ဌကြီး သခင်သန်းထွန်းရဲ့....
သွေးခင်းတဲ့ လမ်းကြောင်းအတိုင်းလိုက်ကြ"။

ရဲဘော်များကား တယောက်မျက်နှာကို တယောက်ကြည့် လိုက်ကြသည်။ ငြိမ်၍သွားကြသည်။ ညှိုးငယ်အားပြေ့စွာနှင့်ပင် အလျှိုအလျှို ထ၍သွားကြလေတော့သည်။

× × ×

NYI SAY
MYANMAR EBOOK CREATOR

အလုပ်သမား + လယ်သမား

လူမျိုးစုများသွေးစည်းရေး

မြရာပင်စာပေ